# ပျိုရှယ်မောင်မယ်
# သိကောင်းဖွယ်

# ပျိုရွယ်မောင်မယ်သိကောင်းဖွယ်

"ယခုအသက်ပျိုစဉ်အခါပင်၊ သင့်ကိုဖန်ဆင်းတော်မူသော
အရှင်ကိုအောက်မေ့လော့"

***Ellen G. White*** ရေးသားပြုစုထားသော

***"Messages to Young People"*** စာအုပ်ကို အငြိမ်းစားသိက္ခာတော်ရဓမ္မဆရာ
ဦးစောမူးလာကျော်က "ပျိုရွယ်မောင်မယ်သိကောင်းဖွယ်" အမည်ဖြင့်
မြန်မာပြန်ဆိုသည်။

## စကားချီး

ရှေးအချိန်ကာလ၌ ယေရုရှလင်မြို့ကြီးကို ပြန်လည်တည်ဆောက်သောအခါ၊ "ပြေး၍ဤလူငယ်ကိုပြောလော့၊" ဟု ကောင်းကင်တမန်တစ်ပါးက အခြားသောကောင်းကင်တမန်တစ်ပါးအား ပြောဆိုသောအသံကို ပုရောဖက်သည် ရူပါရုံ၌ကြားရလေသည်။ သို့ဖြစ်၍ ဤအချိန်အခါများ၌ ခရစ်တော်ဒုတိယကြွလာတော်မူခြင်းနှင့်ဆိုင်သောလှုပ်ရှားခြင်းတွင် လူငယ်ယောကျ်ားနှင့်မိန်းကလေးများတို့အား ဤကမ္ဘာမြေကြီး၏ရာဇဝင်ပြဇာတ်ပြီးဆုံးချိန်တွင် အရေးကြီးသောအပိုင်းကဏ္ဍ၌ လုပ်ကိုင်ဆောင်ရွက်ဖို့ရန် ပေးအပ်ထားသည်။

"ဘုရားသခင်သည် မိမိအားကူညီလုပ်ကိုင်ပေးဖို့ရန် လူငယ်ကိုခန့်ထားတော်မူသည်။" Testimonies for the Church, vol 7, p. 64.

"ကျွန်ုပ်တို့၏လူငယ်အမှုတော်ဆောင်များကို မှန်ကန်စွာလေ့ကျင့်ပေးလိုက်ပါမူ ခရစ်တော်၏အသက်စွန့်ခြင်း၊ ထမြောက်ခြင်းနှင့် မကြာမီကြွရောက်လာမည့် ကယ်တင်ရှင်၏သတင်းစကားကို ကမ္ဘာတစ်ဝန်းလုံးသို့ လျင်မြန်စွာပို့ဆောင်ပေးနိုင်မည်။" Education, p. 271.

ဤလှုပ်ရှားခြင်းနှင့်ဆိုင်သော သတင်းစကားများသည် လူငယ်များထံသို့ ကျွန်ုပ်တို့အမှုတော်ဆောင်ရွက်သည့်အချိန်မှစ၍ ဝိညာဉ်တော်အနာဂတ္တိစကားအားဖြင့် ရောက်ရှိလာခဲ့လေသည်။ ဤဆုကျေးဇူးကို သက်သေခံဖို့ရန် ဘုရားသခင်ရွေးကောက်တော်မူခဲ့သော မစ္စစ်အယ်လင်၊ ဂျီ၊ ဝှိုက်သည် အမှုတော် စ၍ဆောင်ရွက်ချိန်၌ အသက်တစ်ဆယ့်ခုနစ်နှစ်ပင်ရှိသေးသော မိန်းကလေး တစ်ယောက်ဖြစ်သည်။ ကလေးဘဝနှင့်လူငယ်လူရွယ်အချိန်များ၌ မှောင်မိုက်၏ တန်ခိုးများနှင့် မည်ကဲ့သို့တိုက်ခိုက်ရသည်ကို သူမသိသည်။ ခရစ်တော်၌ အောင်မြင်ခြင်းကိုလည်းသိသည်။ သူမထံမှ လူငယ်လူရွယ်များထံသို့သွန်သင် ခြင်း၊ ကိုယ်ချင်းစာနာခြင်း၊ ဆုံးမစကား၊ အားပေးခြင်း သတင်းစကားများသည် တိုက်ရိုက်လာခဲ့သည်။ ဤသတင်းစကားများသည် အစဉ်သဖြင့် လူငယ်တို့၏ စိတ်များကို ခရစ်တော်နှင့်ကိုယ်တော်၏ နူတ်ကပတ်တော်အကြောင်းညွှန်ပြသည်။

မြင့်မြတ်သောခရစ်ယာန်ယောကျ်ားဘဝနှင့်မိန်းမဘဝကို ဆောက်တည်ရာ၌ ဤအရာသာလျှင်ခွန်အားရရှိဖို့ရန် ပင်ရင်းဌာနဖြစ်သည်။ ဆက်ကပ်ပူဇော်ခြင်းစိတ်မျိုးရှိဖို့ရန်ပြုစု၍ ကျွန်ုပ်တို့၏လူငယ်များ၌ သီးခြားထင်ရှားသောစာရိတ္တများကိုပေးခဲ့သည်။

၁၈၉၂ ခုနှင့် ၁၈၉၃ ခုနှစ်၌ သတင်းစကားများကိုပေးခဲ့၍၊ ခရစ်ယာန်နှင့်သက်ဆိုင်သောအလုပ်ကိုလုပ်ကိုင်ဖို့ရန် ကျွန်ုပ်တို့၏လူငယ်များကိုအဖွဲ့ငယ်၊ အစည်းအရုံးများဖွဲ့စည်းပေးရန် အကြံပေးခဲ့သည်။ ဤအကြံပေးချက်များမှ လူငယ်များသာသနာ့ဝန်ထမ်းအဖွဲ့ဟု နာမည်ပေါ်ထွက်လာခဲ့သည်။ ထိုသို့ပေါ်လာပြီးနောက် ကမ္ဘာတစ်ဝန်းလုံးရှိ မြော်လင့်ခြင်းလူငယ်များတို့၏အသက်တာများကို မြှင့်တင်ပေး၍ ပေါင်းစည်းနိုင်သောတန်ခိုးကို ရရှိခဲ့သည်။

ကျွန်ုပ်တို့လူငယ်လူရွယ်များအဖို့ မစ္စစ်ဝှိုက်ကိုယ်တိုင်ရေးသားထားသောအကြောင်းအရာများသည် သူမရေးသားသောစာအုပ်များ၌လည်းကောင်း၊ The Youth’s Instructor မဂ္ဂဇင်း၌လည်းကောင်း၊ အခြားသောစာစောင်များ၌လည်းကောင်း ရိုက်နှိပ်ထုတ်ဝေထားသော်လည်း၊ ကြာရှည်ခံအနေဖြင့်ပြုလုပ်ထားခြင်းမရှိသေးပေ။ ဤဆုံးမသွန်သင်ခြင်းများသည် အဖိုးထိုက်တန်သောအမွေပစ္စည်းများဖြစ်၍ ယနေ့ရှိကြသောလူငယ်တိုင်းတို့၏လက်တွင်ရှိရမည်။ ကမ္ဘာ့ဌာနချုပ်လူငယ်များသာသနာ့ဝန်ထမ်းအဖွဲ့သည် သူမရေးသားခဲ့သောစာအုပ်အားလုံးတို့ကိုစိစစ်၍၊ လူငယ်များနှင့်သူတို့၏ပြဿနာများကို အထောက်အကူအပေးနိုင်ဆုံးစာပေများကို ရွေးချယ်ခဲ့လေသည်။ အကြောင်းအရာတစ်ခုလုံးကို မပျက်အောင်သိသိပ်မထားနိုင်ခဲ့သော်လည်း၊ လိုအပ်သောအကြောင်းအရာနှင့်စပ်ဆိုင်၍ ရေးသားသောသူ၏အာဘော်အတိုင်းဖြစ်စေရန် သတိထား၍ရွေးချယ်ခဲ့လေသည်။ သွန်သင်ပေးရာ၌ မှတ်ခြင်းရရှိနိုင်ရန် စာအုပ်အဖြစ်ထွက်နေသော စာအုပ်များမှကောက်နုတ်ချက်များကိုလည်း ထည့်သွင်းထားသည်။ ထိုသို့သောအကြောင်းအရာများသည် လူငယ်များထံသို့ နှံ့နှံ့စပ်စပ်မရောက်ရှိသေးပေ။

## စကားချီး

ရှာဖွေစုဆောင်း၍ ဤစာအုပ်၌ရေးသားထည့်သွင်းထားသော အကြောင်းအရာများသည် အယ်လင်၊ ဂျီ၊ ဝှိုက်စာပေများကို ပုံနှိပ်ထုတ်ဝေ စောင့်ရှောက်ရသောသူများတို့နှင့်လည်းကောင်း၊ လူငယ်သာသနာ့ဝန်ထမ်း အတွင်းရေးမှူးနှင့်လည်းကောင်း၊ ညှိနှိုင်းခဲ့လေသည်။ ဤစာအုပ်အနေဖြင့် “Southern Publishing Association” ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့သည်။ ဤစာအုပ်၌ရေးသားထားသောအကြောင်းအရာများကို ကျွန်ုပ်တို့၏လူငယ်လူရွယ်များသည် စိတ်ဝင်စား၍ ပုရောဖက်အနာဂတ္တိစကားအားဖြင့် ကျန်ကြွင်းသော အသင်းတော်သို့ ရောက်ရှိလာသောသတင်းစကားများကို သေသေချာချာ လေ့ကျက်နိုင်လိမ့်မည်ဟု မျှော်လင့်သည်။

ဤသတင်းစကားများသည် ကမ္ဘာတစ်ဝန်းလုံးရှိ မြော်လင့်ခြင်းအသင်းသားလူငယ်လူရွယ်များလှုပ်ရှားခြင်း၌ ကြီးကျယ်သောခွန်အားကိုပေး၍၊ စုံလင်သောခရစ်ယာန်စာရိတ္တနှင့် ကျွန်ုပ်တို့၏ကြီးကျယ်သောအလုပ်ကိုပြီးစီးခြင်း၌ အသစ်သောအရှိန်ဖြစ်စေလိမ့်မည်။ ကမ္ဘာတစ်ဝန်းလုံး၌ ခရစ်တော်ဒုတိယ အကြိမ် ကြွလာတော်မူခြင်းသတင်းစကားကို ယခုအချိန်၌ဟောပြောရမည်။

အမ်၊ အီး၊ ခန်း၊ အတွင်းရေးမှူး
လူငယ့်သာသနာ့ဝန်ထမ်း၊ ကမ္ဘာ့အသင်းတော်ဌာနချုပ်

# မာတိကာ


| အခန်း | နိဒါန်း | စာမျက်နှာ |
|---|---|---|
| ၁။ | ထာဝရကာလအဖို့စာရိတ္တကိုဆောက်တည်ခြင်း | ၁၅ |

အပိုင်း ၁ – လူငယ်အဖို့ဘုရားသခင်၏အကြံအစည်

| | | |
|---|---|---|
| ၂။ | လူငယ်ကိုခေါ်ခြင်း | ၂၁ |
| ၃။ | ကိုယ်တော်အားရနှစ်သက်စေဖို့ရန်ရှာကြံခြင်း | ၂၈ |
| ၄။ | အောင်မြင်ခြင်း၏အဆင့်အတန်း | ၃၀ |
| ၅။ | ကျွန်ုပ်တို့၏အခွင့်အရေးများနေ့ | ၃၈ |
| ၆။ | ရောက်ရှိနိုင်သည့်မြင့်သောနေရာများ | ၄၂ |
| ၇။ | အရည်အချင်းနှင့်ပြည့်စုံသောစံချိန်များ | ၄၉ |
| ၈။ | မြင့်သောနေရာများသို့တက်ခြင်း | ၅၄ |
| ၉။ | ဘုရားသခင်နှင့်ဖက်စပ်ပါဝင်ခြင်း | ၅၇ |

အပိုင်း ၂ – အပြစ်နှင့်ဆိုင်ပြိုင်တိုက်လှန်ခြင်း

| | | |
|---|---|---|
| ၁၀။ | အားကြီးသောရန်သူတစ်ဦးဖြစ်သည့် – စာတန် | ၆၂ |
| ၁၁။ | ဆိုင်ပြိုင်တိုက်လှန်ခြင်း၏အခြေအနေ | ၆၆ |
| ၁၂။ | စာတန်၏အထူးကြိုးပမ်းခြင်း | ၇၀ |
| ၁၃။ | စုံစမ်းနှောင့်ယှက်ခြင်းခံရသောကြောင့်အပြစ်ကျူးလွန်ရခြင်းသည် ဆင်ခြင်မဟုတ်ပေ | ၇၇ |
| ၁၄။ | ခိုင်ခံ့သောစိတ်ရှိခြင်း | ၇၉ |
| ၁၅။ | အသက်ဝိညာဉ်ဗိမာန် | ၈၂ |
| ၁၆။ | သင်တို့ကိုယ်ကိုသင်တို့မပိုင် | ၈၆ |

၁၇။ မှန်ကန်သောပြောင်းလဲခြင်း........................................................ ၉၁
၁၈။ အလိုလိုက်စားသောသမီးတစ်ယောက်ကိုအကြံပေးခြင်း ............... ၉၆
၁၉။ ဆိုင်ပြိုင်တိုက်လှန်ခြင်းဖြင့်စာရိတ္တခွန်အားရရှိခြင်း ..................... ၁၀၀
၂၀။ စုံစမ်းနှောင့်ယှက်ခြင်းကိုတားဆီးခြင်း...................................... ၁၀၄
၂၁။ လိမ်လည်ကောက်ကျစ်ခြင်းနှင့်ပြည့်စုံသောအပြစ် ...................... ၁၀၇
၂၂။ ယုံမှားသံသယရှိခြင်းကိုသတိပေးခြင်း...................................... ၁၁၀
၂၃။ အားနည်းသောအချက်တစ်ခု...................................................... ၁၁၈

အပိုင်း ၃ – အောင်မြင်ခြင်းများကိုရခြင်း

၂၄။ ရှေ့သို့နှင့်အထက်သို့...............................................................၁၂၃
၂၅။ စာရိတ္တကိုစုံလင်စေခြင်း ..........................................................၁၂၉
၂၆။ ယုံကြည်ခြင်း၏စစ်ပွဲ.............................................................. ၁၃၃
၂၇။ အောင်မြင်ခြင်းကိုသီးခြားအသုံးချခြင်း...................................... ၁၃၇
၂၈။ မည်ကဲ့သို့သန့်စွမ်းခြင်းရှိရမည်နည်း။ ........................................ ၁၄၀
၂၉။ အောင်မြင်သောအသက်တာ ...................................................... ၁၄၃
၃၀။ အသက်ရှင်သောယုံကြည်ခြင်း .................................................. ၁၄၆
၃၁။ ခရစ်တော်နှင့်ပေါင်းဖက်ခြင်း .................................................. ၁၅၆

အပိုင်း ၄ – အလင်း၌လျှောက်လိုက်ခြင်း

၃၂။ ကျေးဇူးတော်၌ကြီးပွားခြင်း ...................................................... ၁၆၀
၃၃။ လောကနှင့်တူခြင်း.................................................................... ၁၆၇
၃၄။ ခရစ်ယာန်ဗဟုသုတအစစ်အမှန်................................................ ၁၇၄
၃၅။ ကိုယ့်ကိုကိုယ်မှန်ကန်ညီညွတ်အောင်လေ့ကျင့်ခြင်း.................... ၁၇၈
၃၆။ အသက်ရှင်သောဗဟုသုတ ........................................................၁၈၂

၃၇။ အနည်းငယ်သောအမှု၌သစ္စာရှိသောသူ ................................ ၁၉၀
၃၈။ အလင်းအတွက်ချေပရန်တာဝန်ရှိခြင်း.................................. ၁၉၄
၃၉။ အကြံအစည်၌စိတ်အားထက်သန်ခြင်း.................................. ၁၉၆
၄၀။ စိတ်အလိုကိုလေ့ကျင့်ပေးခြင်း ............................................ ၂၀၂
၄၁။ ဘုရားသခင်ရှေ့ဆောင်ခြင်း............................................. ၂၀၉
၄၂။ သန့်ရှင်းသောဝိညာဉ်တော်၏တိတ်ဆိတ်စွာ
ဆောင်ရွက်နေခြင်း......................................................... ၂၁၁
၄၃။ ကိန်းအောင်းတော်မူသောခရစ်တော်....................................... ၂၁၄
၄၄။ မိမိကိုယ်ကိုငြင်းပယ်ခြင်း .................................................. ၂၁၈
၄၅။ ဘုရားသခင်နှစ်ခြိုက်တော်မူသောစာရိတ္တ ................................ ၂၂၀
၄၆။ ခရစ်တော်အထင်အရှားအမြဲနေတော်မူခြင်း ............................. ၂၂၄

အပိုင်း ၅ – အသက်တာအလုပ်အကိုင်အတွက်ပြင်ဆင်ခြင်း

၄၇။ ခရစ်ယာန်ပညာ................................................................ ၂၂၇
၄၈။ မှန်သောပညာ ................................................................ ၂၃၀
၄၉။ ခရစ်ယာန်ပညာကိုလိုအပ်ခြင်း.............................................. ၂၃၃
၅၀။ ထာဝရကာလအဖို့ပညာ..................................................... ၂၃၇
၅၁။ လက်တွေ့လေ့ကျင့်ခြင်း..................................................... ၂၃၈
၅၂။ သစ္စာရှိသောကျောင်းသား .................................................. ၂၄၃
၅၃။ ကျောင်း၏အခွင့်အရေးများ ................................................. ၂၄၆
၅၄။ အမှုတော်ဆောင်ရွက်ဖို့ရန်လေ့ကျင့်ခြင်း..................................... ၂၄၉
၅၅။ တိုးတက်ခြင်းအတွက်ရမ္မက်ရှိခြင်း........................................... ၂၅၃
၅၆။ မှန်သောဉာဏ်အမြော်အမြင် ................................................ ၂၅၄
၅၇။ မြင့်မားသောအဆင့်အတန်းကိုထားခြင်း ................................. ၂၅၈

## အပိုင်း ၆ – အမှုတော်ဆောင်ရွက်ခြင်း


၅၈။ လူငယ်များကိုလုပ်ဆောင်သောသူများအနေဖြင့်ခေါ်ခြင်း............၂၆၄
၅၉။ ဝိညာဉ်အောင်မြင်ခြင်းအတွက်တာဝန် .................................... ၂၆၇
၆၀။ ခရစ်တော်အဖို့သက်သေခံခြင်း............................................ ၂၆၉
၆၁။ ကိုယ်နှင့်စပ်ဆိုင်သောအလုပ်...............................................၂၇၃
၆၂။ ဝိညာဉ်များကိုအောင်သောလူငယ်များ .................................... ၂၇၅
၆၃။ ခြားနားသောအလုပ်အမျိုးအစား၌ဆောင်ရွက်ခြင်း ....................၂၈၁
၆၄။ ကိုယ်ကျိုးရှာခြင်းကင်းသောအလုပ် .......................................၂၈၃
၆၅။ လုံ့လဝီရိယရှိခြင်း၏ဆုလာဘ် ............................................. ၂၈၅
၆၆။ အလုပ်လုပ်ခြင်း၏ဂုဏ်ကျက်သရေ ........................................ ၂၈၉
၆၇။ ရေရှိသောနေရာတိုင်း၌စိုက်ပျိုးခြင်း .......................................၂၉၄
၆၈။ အလုပ်အကိုင်၏လုပ်ငန်းအမျိုးအစားများ............................... ၂၉၇
၆၉။ လက်ခံနိုင်သောအမှုထမ်းဆောင်ခြင်း...................................... ၃၀၆
၇၀။ အမှုတော်ဆောင်ရွက်ခြင်း၌သစ္စာရှိခြင်း.................................. ၃၀၉


## အပိုင်း ၇ – ကျန်းမာခြင်းနှင့်စွမ်းဆောင်နိုင်ခြင်း


၇၁။ အသက်ရှင်လျက်နေခြင်း၏အသိပညာ.................................... ၃၁၅
၇၂။ ကျန်းမာခြင်းကိုကာကွယ်စောင့်ရှောက်ခြင်း............................. ၃၁၈
၇၃။ ကျန်းမာခြင်း၏ရှိသေဖွယ်ရာဖြစ်ခြင်း .......................................၃၂၀
၇၄။ ဘက်စုံသောပညာ...............................................................၃၂၄
၇၅။ ကျန်းမာခြင်းကိုအနစ်နာခံ၍ရရှိသောပညာ ..............................၃၂၅
၇၆။ မြင့်မြတ်ခြင်း၏ဘွဲ့တံဆိပ်.....................................................၃၂၇


## အပိုင်း ၈ – ဘုရားကိုဝတ်ပြုခြင်းအသက်တာ


၇၇။ ဆုတောင်းခြင်းသည်ကျွန်ုပ်တို့၏ရဲတိုက်ဖြစ်ခြင်း...................... ၃၃၄
၇၈။ ဆုတောင်းခြင်း၏တန်ခိုး...................................................... ၃၃၇

၇၉။ ဆုတောင်းနေစဉ်ကျွန်ုပ်တို့၏သဘောထား............................ ၃၄၀
၈၀။ ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်း........................................၃၄၂
၈၁။ သမ္မာကျမ်းစာသင်ကြားခြင်း၏တန်ဖိုး ................................. ၃၄၄
၈၂။ သင့်အဖို့သမ္မာကျမ်းစာကိုရှာဖွေလော့.................................... ၃၅၁
၈၃။ သမ္မာကျမ်းစာသင်ပေးခြင်း၌ကြိုးစားအားထုတ်
ဆောင်ရွက်ခြင်း.........................................................................၃၅၂
၈၄။ သမ္မာကျမ်းစာကိုကြိုးစားအားထုတ်သင်ကြားခြင်း၏
ဆုလာဘ် ................................................................................. ၃၅၆
၈၅။ သမ္မာကျမ်းစာသည်ပညာပေးသောစာအုပ်ဖြစ်ခြင်း .................... ၃၅၈
၈၆။ ရှိသေခြင်း.............................................................................. ၃၆၁
၈၇။ တည်မြဲသောမျှော်လင့်ခြင်းတစ်ရပ် ........................................ ၃၆၅

အပိုင်း ၉ – စာဖတ်ခြင်းနှင့်တေးဂီတ

၈၈။ စာဖတ်ရာ၌ရွေးချယ်ခြင်း...................................................... ၃၆၉
၈၉။ ဖေက်အသင်းသားတို့၏ပုံသက်သေ........................................ ၃၇၄
၉၀။ သင့်မြတ်သောစိတ်ဝိညာဉ်အစာ .............................................. ၃၈၀
၉၁။ သမ္မာကျမ်းစာသည်စိတ်ဝင်စားဖွယ်ရာအကောင်းဆုံးသော
စာအုပ်ဖြစ်ခြင်း........................................................................ ၃၈၆
၉၂။ အသက်ဝိညာဉ်၏လမ်းများကိုကောင်းမွန်စွာ
စောင့်ရှောက်ပါ ....................................................................... ၃၈၉
၉၃။ ခရစ်ယာန်စာရိတ္တကိုတည်ဆောက်ခြင်း .....................................၃၉၂
၉၄။ ယုတ္တိမရှိသောပုံဝတ္ထု၏ဆိုးကျိုး ............................................... ၃၉၆
၉၅။ တေးဂီတ၏အကျိုးကျေးဇူးများ ............................................... ၃၉၇
၉၆။ တေးဂီတကိုသုံးစွဲခြင်းများ...................................................... ၄၀၀
၉၇။ တေးဂီတကိုအလွဲအသုံးပြုခြင်း ................................................ ၄၀၃

## အပိုင်း ၁၀ – ဘဏ္ဍာစိုးရာထူး

၉၈။ ဈွေတာခြင်းသင်ခန်းစာများ ............ ၄၀၇
၉၉။ ဆက်ကပ်လိုသောစိတ်သဘော ............ ၄၁၂
၁၀၀။ ဆယ်ဖို့တစ်ဖို့ ............ ၄၁၄
၁၀၁။ သင်သည်ကိုယ့်ဥစ္စာနှင့်အဦးသီးသောအသီးအနှံရှိသမျှကို
ထာဝရဘုရားအားပူဇော်လော့ ............ ၄၁၇
၁၀၂။ တစ်ဦးစီနှင့်ဆိုင်သောတာဝန်ဝတ္တရား ............ ၄၂၁
၁၀၃။ ပွဲနေ့နှင့်ဆိုင်သောလက်ဆောင်များ ............ ၄၂၄
၁၀၄။ အဝတ်အစား၌ချွေတာခြင်း ............ ၄၂၇
၁၀၅။ ကိုယ့်အလိုရမ္မက်သို့လိုက်ခြင်း ............ ၄၃၁
၁၀၆။ ချွေတာခြင်းနှင့်ကောင်းမှုပြုလိုသောသဘော ............ ၄၃၆

## အပိုင်း ၁၁ – အိမ်ထောင်စုအသက်တာ

၁၀၇။ ခရစ်ယာန်တစ်ယောက်၏အိမ်ထောင်စု ............ ၄၄၂
၁၀၈။ အိမ်ထောင်စုနှင့်ဆိုင်သောဝတ္တရားများ၌သစ္စာရှိခြင်း ............ ၄၄၄
၁၀၉။ အိမ်ထောင်စုဘာသာရေး ............ ၄၄၆
၁၁၀။ အိမ်ထောင်စုသည်လေ့ကျင့်ပေးသော
ကျောင်းတစ်ကျောင်းဖြစ်ခြင်း ............ ၄၄၉
၁၁၁။ မိဘများကိုရိုသေ၍ချစ်ခြင်း ............ ၄၅၂
၁၁၂။ အိမ်ထောင်စု၌ကောင်းချီးမင်္ဂလာရှိခြင်း ............ ၄၅၅
၁၁၃။ အိမ်ထောင်စု၌စာရိတ္တကိုဆောက်တည်ခြင်း ............ ၄၅၈
၁၁၄။ လူငယ်သည်တာဝန်ဝတ္တရားများကိုဆောင်ရွက်ခြင်း ............ ၄၆၃
၁၁၅။ ဝတ်ပြုကိုးကွယ်ရာအချိန် ............ ၄၆၆
၁၁၆။ ဘာသာရေးနှင့်ဆိုင်သောဧည့်ဝတ်ပြုခြင်း ............ ၄၆၇

## အပိုင်း ၁၂ – ဝတ်စားတန်ဆာနှင့်ဆင်ယင်ခြင်း


၁၁၇။ စာရိတ္တကိုဆောက်လုပ်ရာ၌ပါဝင်သောခတ်များ .................. ၄၇၁
၁၁၈။ အဝတ်အစားနှင့်အကျင့်စာရိတ္တ .......................................... ၄၇၆
၁၁၉။ သင့်လျော်သောအဝတ်အစား ............................................. ၄၇၉
၁၂၀။ ဝတ်စားတန်ဆာ၏ဩဇာသက်ရောက်ခြင်း ...........................၄၈၂
၁၂၁။ ရိုးရိုးဝတ်ဆင်ခြင်း ........................................................... ၄၈၄
၁၂၂။ အဝတ်အစားကိုစွဲလမ်းမြတ်နိုးခြင်း...................................... ၄၈၉
၁၂၃။ မှန်ကန်သောဆင်ယင်ခြင်း ................................................. ၄၉၁


## အပိုင်း ၁၃ – ပြန်၍အားသစ်တက်စေခြင်းနှင့်ရွှင်မြူးခြင်း


၁၂၄။ ပြန်၍အားသစ်တက်စေခြင်း၏တန်ဖိုး.................................. ၄၉၆
၁၂၅။ လောကီစည်းစိမ်ကိုနှစ်သက်ခြင်း ........................................ ၅၀၁
၁၂၆။ သညာပေးသောစကားများ ................................................. ၅၀၇
၁၂၇။ လူငယ်များအဖို့ဘေးမကင်းသောပျော်ရွှင်ခြင်းများ ................. ၅၁၀
၁၂၈။ လူငယ်၌မှန်ကန်သောကျင့်ဝတ်များကိုတည်စေခြင်း .............. ၅၁၈
၁၂၉။ အလုပ်အကိုင်၌မသန့်ရှင်းသောဩဇာအာဏာများ
သက်ရောက်ခြင်း ............................................................၅၂၂
၁၃၀။ ဘာသာတရား၌ပျော်ရွှင်မွေ့လျော်ခြင်း ..................................၅၂၄
၁၃၁။ ခရစ်ယာန်နှင့်ဆိုင်သောအားသစ်ဖြည့်ခြင်း............................ ၅၂၇
၁၃၂။ မိတ်ဆုံပွဲများ................................................................ ၅၃၀
၁၃၃။ နေ့အားများကိုမည်ကဲ့သို့ကုန်လွန်စေရမည်နည်း ................... ၅၃၆
၁၃၄။ စာပေနှင့်ဆိုင်သောအသင်းအဖွဲ့များ...................................... ၅၃၉
၁၃၅။ ကခုန်ခြင်း .................................................................... ၅၄၄

## အပိုင်း ၁၄ – အချင်းချင်းပေါင်းသင်းဆက်ဆံခြင်း


၁၃၆။ ကယ်တင်ဖို့ရန်ပေါင်းသင်းဆက်ဆံခြင်း ..... ၅၅၀
၁၃၇။ ခရစ်ယာန်ပေါင်းသင်းဆက်ဆံခြင်းနှင့်ယဉ်ကျေးခြင်း ..... ၅၅၃
၁၃၈။ စီမံဆောင်ရွက်ရန်ကျင့်ဝတ်များ ..... ၅၅၆
၁၃၉။ မိတ်သဟာယဖွဲ့ခြင်း၏အကျိုးသက်ရောက်မှု ..... ၅၆၂
၁၄၀။ ဩဇာရှိခြင်း ..... ၅၆၉
၁၄၁။ အပေါင်းအဖော်များကိုရွေးချယ်ခြင်း ..... ၅၇၂
၁၄၂။ ရွှေပညတ် ..... ၅၇၄
၁၄၃။ မှန်သောယဉ်ကျေးခြင်း ..... ၅၇၆
၁၄၄။ လောကီအပေါင်းအဖော်များကိုငြင်းပယ်ခြင်း ..... ၅၇၉
၁၄၅။ ချီးမွမ်းသည့်စကားပြောဆိုခြင်း ..... ၅၈၂
၁၄၆။ ဂျုံရိုင်းပင်များကိုစိုက်ပျိုးခြင်း ..... ၅၈၇
၁၄၇။ ဘုရားတရားမရှိသောညှော့သည်များ ..... ၅၉၁


## အပိုင်း ၁၅ – ချစ်ကြိုက်ခြင်းနှင့်အိမ်ထောင်ပြုခြင်း


၁၄၈။ မေတ္တာစစ် ..... ၅၉၅
၁၄၉။ မှားယွင်းသောအချစ်ရေးကိစ္စများ ..... ၅၉၈
၁၅၀။ မယုံကြည်သောသူတို့နှင့်စေ့စပ်ကြောင်းလမ်းခြင်း ..... ၆၀၁
၁၅၁။ အကြံဉာဏ်နှင့်လမ်းပြခြင်းကိုလိုအပ်ခြင်း ..... ၆၀၆
၁၅၂။ အချိန်မတိုင်မီမင်္ဂလာဆောင်ခြင်း ..... ၆၁၇
၁၅၃။ ပညာအမြော်အမြင်ရှိသော၊ ပညာအမြော်အမြင်ကင်းမဲ့သောမင်္ဂလာဆောင်ခြင်းများ ..... ၆၁၉
၁၅၄။ မင်္ဂလာဆောင်ခြင်းနှင့်မင်္ဂလာဆောင်ပေးခြင်း ..... ၆၂၃
၁၅၅။ မင်္ဂလာဆောင်ခြင်း၏တာဝန်ဝတ္တရားများ ..... ၆၃၀

၁၅၆။ မင်္ဂလာဆောင်ခြင်း၌ကောင်းမွန်သောဆုံးဖြတ်မှုနှင့်
ကိုယ့်ကိုကိုယ်ချုပ်တည်းခြင်း............................................ ၆၃၁
၁၅၇။ ဣဇာက်၏ပုံသက်သေ........................................................ ၆၃၄

–၀–

## နိဒါန်း
# ထာဝရကာလအဖို့စာရိတ္တကို ဆောက်တည်ခြင်း

ကျွန်ုပ်သည် လူငယ်လူရွယ်များ၌ အလွန်စိတ်ဝင်စားခြင်းရှိပါသည်။ သူတို့သည် စုံလင်သောခရစ်ယာန်စာရိတ္တများရရှိဖို့ရန် ကြိုးစားနေသည်ကို တွေ့မြင်လိုသည်။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရာ၌ လက်ခံနိုင်ဖို့ရန် လိုအပ်သောလေ့ကျင့်မှုကို ဆုတောင်းခြင်းဖြင့် အပတ်တကုတ်ကြိုးစားရှာဖွေနေသည်ကို တွေ့မြင်လိုသည်။ ခရစ်ယာန်၏ဇဟုသုတ၌ မြင့်နေသောနေရာသို့ ရောက်ရှိရန် တစ်ဦးကိုတစ်ဦးမစနေသည်ကို ကျွန်ုပ်တွေ့မြင်လိုသည်။

ကယ်တင်ခြင်းလမ်းကိုသွန်သင်ပေးဖို့ရန် ခရစ်တော်သည် ဆင်းသက်လာတော်မူသည်။ ဤလမ်းကို ကိုယ်တော်သည် အလွန်ထင်ရှားလွယ်ကူစွာ ပြုလုပ်ထားရာ ကလေးငယ်တစ်ယောက်ပင်လျှင် လမ်းလျှောက်သွားနိုင်သည်။ ကိုယ်တော်သည် မိမိ၏တပည့်တော်များအား ကိုယ်တော်ကိုသိရှိဖို့ရန် လျှောက်လိုက်ခိုင်းသည်။ သူတို့သည် နေ့စဉ်နေ့တိုင်း ကိုယ်တော်၏လမ်းပြ တော်မူခြင်းကို လိုက်နာကြသောအခါ၊ ကိုယ်တော်၏ထွက်တော်မူခြင်းသည် နံနက်အချိန်အခါကဲ့သို့ ပြင်ဆင်ခြင်းရှိသည်။

သင်သည် တက်လာသောနေကိုစောင့်ကြည့်နေစဉ် မြေကြီးပေါ်နှင့် ကောင်းကင်၌ နေ့အချိန်ကျရောက်လာသည်ကို တွေ့မြင်ရသည်။ တဖြည်းဖြည်း အရုဏ်တက်ခြင်းသည် တိုးတက်လာ၍ နောက်ဆုံးနေလုံးကြီးပေါ်ထွက်လာသည်။ ယင်းနောက် အလင်းသည်မပြတ်၊ အလင်းရောင်တိုးတက်ကြည်လင်လာခဲ့ရာ၊ နောက်ဆုံးကောင်းမွန်သော မွန်းတည့်အချိန်သို့တိုင် ရောက်ခဲ့လေသည်။ ကိုယ်တော်သည် မိမိသားသမီးတို့၏ခရစ်ယာန်ဇဟုသုတကိုစုံလင်အောင် ပြုလုပ်တော်မူရာ၌ ဘုရားသခင်အလိုရှိတော်မူခြင်းကို ဤပုံပမာသည် အလွန်လှပစွာသရုပ်ဆောင်သည်။ ကိုယ်တော်ရှင်ပို့လိုက်သောအလင်း၌ ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်းလျှောက်လိုက်နေ၍ ကိုယ်တော်အလိုတော်ရှိသည့်အရာတိုင်း

တို့၌ နားထောင်ဖို့ရန်ဆန္ဒရှိပါက၊ ခရစ်တော်ယေရှုဘုရား၌ ပြည့်စုံသော ယောကျ်ားမိန်းမများ ပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူအဖြစ်သို့ ရောက်ကြမည်။

လူငယ်များသည် ခရစ်တော်လျှောက်လိုက်သောလမ်းကို မိမိတို့၏ ရှေ့၌ထားဖို့ရန် အစဉ်လိုအပ်ပေသည်။ ခြေလှမ်းတိုင်းသည် အောင်မြင်ခြင်း ဖြင့်သွားရမည့်လမ်းဖြစ်သည်။ ခရစ်တော်သည် ကမ္ဘာပေါ်သို့ ရှင်ဘုရင်တစ်ပါး အနေဖြင့် နိုင်ငံတို့ကိုအုပ်စိုးရန် ကြွလာတော်မူသည်မဟုတ်။ ကိုယ်တော်သည် နှိမ့်ချသောလူတစ်ယောက်အနေဖြင့်၊ စုံစမ်းခံရခြင်း၊ စုံစမ်းနှောင့်ယှက်ခြင်းကို အောင်မြင်ခြင်း၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုသိရှိဖို့ရန်နှင့် လိုက်လျှောက် အပ်သည့်အတိုင်း ကိုယ်တော်၏နောက်သို့လိုက်လျှောက်ရန်ဖြစ်သည်။ ကိုယ်တော်၏အသက်တာအကြောင်းကို လေ့လာခြင်း၌ ဘုရားသခင်သည် ကိုယ်တော်အားဖြင့် မိမိ၏သားသမီးများအဖို့ မည်မျှပြုလုပ်တော်မူလိမ့်မည် အကြောင်းကို ကျွန်ုပ်တို့သိရှိကြမည်။ ကျွန်ုပ်တို့တွေ့ဆုံရသောစုံစမ်းနှောင့်ယှက် ခြင်းသည် မည်မျှကြီးမားစေကာမူ၊ ကျွန်ုပ်တို့သည် သမ္မာတရားနှင့်အသက်လမ်း ကိုသိရှိဖို့ရန် ခရစ်တော်ကျွန်ုပ်တို့အဖို့ ခံစားခဲ့ရခြင်းများထက် မသာလွန်နိုင် ပေ။ ကိုယ်တော်၏ပုံသက်သေအတိုင်း လိုက်နာခြင်းအသက်တာဖြင့် ကျွန်ုပ် တို့အတွက် ကိုယ်တော်စွန့်တော်မူခြင်းကို အလေးအမြတ်ပြုကြောင်း ပြသကြ ရမည်။

အကန့်အသတ်မရှိသောအဖိုးကိုပေး၍ လူငယ်လူရွယ်ကိုဝယ်ယူခဲ့ပြီ။ ဘုရားသခင်သားတော်၏အသွေးတော်ဖြင့် ဝယ်ယူခဲ့သည်။ ဤစွန့်ခြင်းကို ပြုလုပ်နိုင်ရန် မိမိ၏သားတော်ကိုအခွင့်ပေးသော အဖဘုရား၏စွန့်တော်မူခြင်း ကိုလည်းစဉ်းစားပါ။ မိမိအသက်ကိုလူတို့အဖို့ နေ့စဉ်နေ့တိုင်းယဇ်ပူဇော်ခြင်း ပြုလုပ်နိုင်ဖို့ရန် ခရစ်တော်သည် ကောင်းကင်နိုင်ငံတော်နှင့် ရာဇပလ္လင်ကိုစွန့်ပစ် ၍ ကြွလာတော်မူခြင်း၌ ကိုယ်တော်မည်မျှစွန့်တော်မူခဲ့သည်ကို စဉ်းစားရပေ မည်။ ကိုယ်တော်သည် ကဲ့ရဲ့ခြင်းနှင့်ဆဲဆိုကြိမ်းမောင်းခြင်းတို့ကို ခံတော်မူ သည်။ ကိုယ်တော်သည် ဆိုးညစ်သောသူတို့၏ဆဲရေးတိုင်းထွာစော်ကားခြင်း

များနှင့် ပြောင်လှောင်ကဲ့ရဲ့ခြင်းများကို ခံတော်မူသည်။ ယင်းနောက် ကိုယ်တော်၏ လောကနှင့်ဆိုင်သော အမှုတော်သည် ပြီးဆုံးသွားသောအခါ၊ ကိုယ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ အသေသတ်ခြင်းခံတော်မူသည်။ လက်ဝါးကပ်တိုင် ပေါ်၌ ကိုယ်တော်ရှိစဉ် ခံစားရသောဒုက္ခဆင်းရဲကို စဉ်းစားပါ။ ကိုယ်တော်၏ လက်ဝါးနှင့်ခြေထောက်များကို သံနှင့်ရိုက်ထားသည်။ ကိုယ်တော်သည် ကယ်တင်ခြင်းပေးဖို့ရန်လာသောသူတို့ထံမှ ကဲ့ရဲ့ရယ်မောခြင်းနှင့်ဆဲဆိုခြင်း များ၊ ယင်းနောက် အဖခမည်းတော်၏ မျက်နှာလွှဲခြင်းကိုလည်း ခံရလေသည်။ ခရစ်တော်သည် ဤကဲ့သို့သော အရာများကို ခံစားရခြင်းအားဖြင့် မိမိတို့၏ အသက်တာကို ဘုရားသခင်၏ အသက်တာနှင့် တိုင်းထွာနှိုင်းစာရမည့်လူ အားလုံးအတွက် တတ်နိုင်စရာအကြောင်းဖြစ်လာသည်။

## သစ္စာရှိသောမိတ်ဆွေတစ်ယောက်

ခရစ်တော်သည် အဖခမည်းတော်ထံသို့တက်ကြွသွားတော်မူသောအခါ မိမိ၏တပည့်တော်များကို မစခြင်းကင်းမဲ့သောအခြေအနေ၌ မထားခဲ့ပေ။ ယုံကြည်ခြင်းတရားနှင့်စပ်ဆိုင်၍ ကောင်းမွန်စွာတိုက်လှန်နေသောသူများကို မစရန်၊ ကိုယ်တော်၏ကိုယ်စားလှယ်ဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်၊ ထောက်မကူညီသော ကောင်းကင်ဘုံကောင်းကင်တမန်များကို စေလွှတ်တော်မူခဲ့လေသည်။ သခင်ယေရှုသည် သင့်ကိုမစသောပုဂ္ဂိုလ်ဖြစ်ကြောင်း အစဉ်သတိထားပါ။ သင်၏စာရိတ္တ၏ထူးဆန်းသောအရာများအကြောင်းကို ကိုယ်တော်နားလည်သကဲ့သို့ မည်သူမျှနားမလည်ပေ။ ကိုယ်တော်သည် သင့်ကိုကြည့်ရှုနေသည်။ ကိုယ်တော်လမ်းပြတော်မူသည်ကို သင်အလိုရှိပါက၊ သင့်ပတ်လည်၌ ကောင်းသောဩဇာသက်ရောက်ခြင်းကိုဝန်းရံစေလျက်၊ ကိုယ်တော်၏အလိုဆန္ဒအားလုံးကို သင်သည်ပြီးမြောက်အောင် ပြုလုပ်ပေးနိုင်လိမ့်မည်။

ကျွန်ုပ်တို့သည် ဤအသက်တာ၌ အနာဂတ်အသက်တာအဖို့ ပြင်ဆင်နေကြသည်။ များမကြာမီ ကြီးကျယ်ခမ်းနားသောရှုခင်းကို တွေ့မြင်ရမည်။

ထိုမြင်ကွင်း၌ စုံလင်သောခရစ်ယာန်စာရိတ္တကို ရှာဖွေနေသောဝိညာဉ်တိုင်းတို့သည် ဘုရားသခင်၏မေးမြန်းစစ်ဆေးခြင်းကို ခံရကြမည်။ လိုက်လျှောက်သောသူတို့၌ လုံခြုံခြင်းရှိသည်ဟု သင်သည်ပုံသက်သေပြသလား။ စာရင်းအင်းပြရမည့်အနေဖြင့် သင်သည်ဝိညာဉ်များကို စောင့်မျှော်နေသလား။ ကောင်းကင်သားတို့သည် လူငယ်များတို့၌ စိတ်ဝင်စားခြင်းရှိသည်။ သင်သည် စမ်းသပ်ခြင်းကိုခံနိုင်ဖို့ရန် အလွန်အလိုရှိ၍၊ "သာဓုသစ္စာရှိသောငယ်သားကောင်း၊ သင်သည် အရာရာ၌သစ္စာရှိပြီ။ သင့်ဘုရား၏စည်းစိမ်သို့ဝင်စားလော့" ဟူသောသဘောကြိုက်ညီပြောဆိုသံကို ကြားရမည်။

သူတို့သည် ထာဝရစာရိတ္တများကိုဆောက်လုပ်၍၊ အကောင်းဆုံးလုပ်ကိုင်ပေးဖို့ရန် ဘုရားသခင်အလိုတော်ရှိကြောင်းကို လူငယ်လူရွယ်များသည် သိရှိရပေမည်။ အသက်ကြီး၍ ဗဟုသုတကြွယ်ဝသူများသည် လူငယ်လူရွယ်များကို စောင့်ရှောက်ရမည်။ သူတို့သည် စုံစမ်းနှောင့်ယှက်ခြင်းခံရသောအခါ၊ တစ်ဘက်သို့ခေါ်ယူလျက် သူတို့နှင့်အတူ သူတို့အဖို့ဆုတောင်းပေးရမည်။ ကျွန်ုပ်တို့အဖို့ သခင်ယေရှု၏ကြီးကျယ်သော သက်တော်စွန့်ခြင်းကို ကျွန်ုပ်တို့မှတ်မိဖို့ရန် ဘုရားသခင်အလိုတော်ရှိသည်။ ကျွန်ုပ်တို့ကလည်း ကိုယ်တော်ကြွလာတော်မူ၍ ကယ်တင်ခြင်းပေးမည့်လူတို့၌ စိတ်ဝင်စားခြင်းရှိရမည်။ လူငယ်လူရွယ်သည် သခင်ခရစ်တော်ကိုရှာဖွေပါက၊ သူတို့၏ကြိုးစားခြင်းကို ကိုယ်တော်သည် အကျိုးရှိအောင်ပြုတော်မူမည်။ The Youth's Instructor, November 21, 1911.

–ဝ–

# အပိုင်း ၁

# လူငယ်အဖို့ဘုရားသခင်၏ အကြံအစည်

ဘုရားသခင်၏အမှုတော်သည် ၎င်း၏အခက်အလက်များနှင့် ရှေ့သို့ တိုးတက်သွားနိုင်ရန် ဘုရားသခင်သည် ပျို့ရွှယ်သောအားအင် စိတ်ထက်သန် ခြင်းနှင့်ရဲရင့်ခြင်းသတ္တိကို အလိုရှိတော်မူသည်။ ကိုယ်တော်၏ အလုပ်၌ တိုးတက် ခြင်းရှိနိုင်ဖို့ရန် အကူအညီအတွက် ကိုယ်တော်သည် လူငယ်ကိုရွေးကောက်တော် မူသည်။ ကြည်လင်သောစိတ်နှင့်ကြံစည်၍ ရဲရင့်သောလက်ဖြင့်ပြီးစီးအောင် ဆောင်ရွက်ဖို့ရန်၊ လတ်ဆတ်၍အစွမ်းသတ္တိ ချို့တဲ့ခြင်းကင်းသော အင်အားများလို သည်။ သူတို့၏ငယ်ရွယ်ခြင်းခွန်အား ကို ဘုရားသခင်အားပေးရန် ငယ်ရွယ်သော ယောက်ျားကလေးများနှင့် မိန်းကလေးများကို ခေါ်ဖိတ်လျက်ရှိတော်မူသည်။ သူတို့၏တန်ခိုးများကို အသုံးပြုခြင်းအားဖြင့်လည်းကောင်း၊ ဖျတ်လတ်သောအ ကြံအစည်နှင့် လှုပ်ရှားခြင်းဖြင့်လည်းကောင်း သူတို့သည် ကိုယ်တော်အဖို့ ဘုန်း တော်ကို ယူဆောင်လာ၍၊ အချင်းချင်းအဖို့ ကယ်တင်ခြင်းသို့ပို့ဆောင်နိုင်မည်။

Gospel Workers, p. 67.

# လူငယ်ကိုခေါ်ခြင်း – ၂

လူငယ်များသည် စိတ်အားထက်သန်သောလူကြီးဘဝသို့ ရောက်ရှိဖို့ရန် ဘုရားသခင်အလိုရှိသည်။ ထိုသို့သောလူငယ်များသည် ကိုယ်တော်၏ မြင့်မြတ်သောအမှုတော်အတွက် ပြင်ဆင်ခြင်းရှိ၍ တာဝန်ဝတ္တရားကိုထမ်းဆောင်နိုင်ဖို့ရန် ထိုက်တန်ခြင်းဖြစ်ရမည်။ ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်း၍၊ လူတို့အားကောင်းချီးမင်္ဂလာဖြစ်စေဖို့ရန် ညစ်ညူးသောစိတ်နှင့်ကင်းရှင်း၍ ရဲရင့်သတ္တိရှိခြင်း၊ သူတို့ရှေ့၌ရှိသော ရုန်းကန်ရမည့်အရာကို ယောကျ်ားပီသစွာ တိုက်ခိုက်ဖို့ရန် စိတ်ပိုင်းဖြတ်ထားခြင်းရှိသောလူငယ်များကို ဘုရားသခင်သည် ခေါ်လျက်ရှိသည်။ လူငယ်သည် သမ္မာကျမ်းစာကို သူတို့၏သင်ကြားရာပညာဟုမှတ်ယူ၍ သူတို့၏ပြင်းထန်သောအလိုဆန္ဒများကို ထိန်းသိမ်းပြီးလျှင် သူတို့၏ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်၏စကားကိုနားထောင်ပါက၊ သူတို့သည် ဘုရားသခင်နှင့်ရန်ငြိမ်းလျက်ရှိနေသည်သာမက သူတို့ကိုယ်တိုင် ဂုဏ်အသရေ တိုးတက်ချီးမြှောက်ခြင်းခံနေရသည်ကို တွေ့မြင်ကြမည်။ ကျွန်ုပ်၏ငယ်သော မိတ်ဆွေ၊ ဘုရားသခင်နှုတ်ကပတ်တော်၏သွန်သင်ခြင်းများကို ခံယူခြင်းသည် သင့်အဖို့မကုန်ဆုံးနိုင်သော စိတ်ဝင်စားခြင်းဖြစ်လိမ့်မည်။ အကြောင်းမှာ ထိုဆုံးမသွန်သင်ခြင်းများသည် သင့်အဖို့အဖိုးမဆုံးဖြတ်နိုင်သောအရာပင်ဖြစ်သည်။

သင်၌အမြော်အမြင်ရှိဖို့ရန် ကျွန်ုပ်တောင်းပန်ပါသည်။ ဘုရားသခင်၏ ဝိညာဉ်တော်အုပ်စိုးခြင်းမရှိသည့် ရိုင်းစိုင်းသောအသက်တာဖြင့် နေထိုင်ခြင်း၏ အကျိုးသက်ရောက်ခြင်းကို စဉ်းစားကြည့်ရှုပါလေ။ "အလွဲမယူကြနှင့်၊ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကိုခံတော်မမူ။ လူသည် မျိုးစေ့ကြဲသည် အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည်။ မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူသည် ဇာတိပကတိအားဖြင့် ပုပ်ပျက်ခြင်းအသီးအနှံကို ရိတ်ရလိမ့်မည်။" သင်၏ဝိညာဉ်အတွက်လည်းကောင်း၊ ခရစ်တော်အတွက်လည်းကောင်း၊ သင့်ကို ပျက်စီးခြင်းမှကယ်တင်တော်မူရန် မိမိကိုယ်ကိုပေးသောကိုယ်တော်သည်

သင့်အသက်တာ၏တံခါးဝ၌နေ၍ သင်၏တာဝန်များ၊ သင်၏အခွင့်အရေးများနှင့် သင်တတ်နိုင်သောအရာများကို အသေအချာချိန်တွယ်ခဲ့ပြီ။ ကြီးမြင့်မွန်မြတ်သော အနာဂတ်ကာလကို ဖြည့်စွက်ပေးဖို့ရန် ဘုရားသခင်သည် သင့်ကိုအခွင့်အရေးပေးခဲ့ပြီ။ သင်၏ဇြဝဇာသက်ရောက်ခြင်းသည် ဘုရားသခင်၏သမ္မာတရားအကြောင်းကို ပြောပေမည်။ လူသားတို့ကို ကယ်တင်ခြင်းအလုပ်အကိုင်ကြီး၌ သင်သည် ဘုရားသခင်နှင့်ပူးပေါင်းလုပ်ကိုင်နေသောသူဖြစ်တန်ရာသည်။

## ကြီးမြင့်မွန်မြတ်သောအနာဂတ်ကာလသို့ခေါ်ခြင်း

ကြီးမြင့်မွန်မြတ်သောအနာဂတ်ကာလသို့ ခေါ်ခြင်းခံရသော လူငယ်လူရွယ်သည် ထိုသို့အခေါ်ခံရခြင်းကို အလေးအမြတ်ပြုမည်အကြောင်း၊ သင်၏ခြေလှမ်းများကို စေ့စေ့ဆင်ခြင်လော့။ သင်၏အလုပ်ကိုမြင့်မား၍ သန့်ရှင်းသောအကြံအစည်ဖြင့် အစပြုလော့။ ဘုရားသခင်၏ကျေးဇူးတော်တန်ခိုးအားဖြင့် သင်သည် ဖြောင့်မှန်သောလမ်းမှတိမ်းယိမ်းမသွားရန် စိတ်ပြဋ္ဌာန်းခြင်းရှိရမည်။ သင်သည် မှားယွင်းသောဘက်သို့ အစပြု၍သွားရောက်နေပါကခြေလှမ်းတိုင်းသည် ဘေးအန္တရာယ်နှင့် ကြီးစွာသောဆင်းရဲဒုက္ခဖြင့် ပြည့်ဝနေလိမ့်မည်။ သင်သည် သစ္စာတရားလမ်း၊ လုံခြုံခြင်းနှင့်အောင်မြင်ခြင်းလမ်းမှလမ်းလွဲသွားလိမ့်မည်။ သင်သည် သင်၏သတ္တိစွမ်းရည်ကို သန်စွမ်းခြင်း ရှိအောင်ပြုလုပ်၍ သင်၏ကျင့်ဝတ္တရားနှင့်ဆိုင်သောစွမ်းရည်များသည် ကိုယ်တော်၏တန်ခိုးတော်ဖြင့် ထကြွခြင်းရှိစေရမည်။

ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ခြင်း၌ လူတစ်ယောက်၏အမြင့်ဆုံးသောတန်ခိုးကို တောင်းဆိုသည်။ အများအပြားသောနေရာများ၌ ပညာအရည်အချင်းနှင့်ပြည့်စုံသော လူငယ်လူရွယ်များကို အလျင်တဆောလိုအပ်နေသည်။ ရိတ်သိမ်းဖို့ရန်အသင့်ဖြစ်နေသောလုပ်ခင်းများ၌၊ အလုပ်လုပ်ကိုင်ရာ၌ ယုံကြည်စိတ်ချရသောလူများကို လိုလျက်နေသည်။ သာမန်စွမ်းရည်

သတ္တိရှိသော လူငယ်များပင်ဖြစ်လင့်ကစား၊ ဘုရားသခင်ကို လုံးဝအပ်နှံထား လျက်ရှိခြင်း၊ မကောင်းမှု၊ မသန့်ရှင်းသောအမှုကိစ္စများနှင့် ရှုပ်ထွေးခြင်းမရှိ သောသူတို့သည် အောင်မြင်ခြင်းရှိ၍ ဘုရားသခင်အဖို့ကြီးကျယ်သောအလုပ်ကို ဆောင်ရွက်ပေးနိုင်လိမ့်မည်။ လူငယ်လူရွယ်များသည် သွန်သင်လမ်းပြခြင်း ကိုနားထောင်၍၊ စိတ်တည်ငြိမ်ခြင်းရှိအပ်ပေသည်။

မြောက်မြားစွာသောလူငယ်လူရွယ်တို့သည် ဘုရားသခင်ပေးသော ခွန်အားကို မိုက်မဲခြင်း၊ အပျော်ကြူးခြင်းအားဖြင့် ဖြုန်းတီးပစ်ကြသည်။ ယုတ်ညံ့ သောအကျင့်များကို ပြုကျင့်လိုက်စားသောကြောင့် အများအပြား သောလူငယ် လူရွယ်တို့သည် လူတေလူပေများဖြစ်၍၊ စိတ်၊ ကျင့်ဝတ္တရား ကိုယ်ခန္ဓာတို့၌ ပျက်စီးယိုယွင်းလျက်ရှိကြသည်။ ယင်းသို့သော လူငယ်လူ ရွယ်တို့၏ရာဇဝင် သည် ကျွန်ုပ်ရှေ့၌ပေါ်လာလျက်ရှိသည်။ သူတို့၏ကိုယ် လက်အင်္ဂါအခြေအနေ သည် ပျက်စီးနေ၍ သူတို့အသက်တာ၏အသုံးဝင်ခြင်း သည် များစွာပျက်စီး ယိုယွင်းလျက်ရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ မတရားသော အပျော်အပါးလိုက်စား ခြင်းကြောင့်ဖြစ်သည်။

ပေါ့ပေါ့ဆဆ၊ သတိမမူသော ယနေ့လူငယ်လူရွယ်များတို့၊ သင်တို့ကို အကျွန်ုပ်အကျပ်အတည်း တောင်းပန်လိုသည်မှာ၊ ပြောင်းလဲခြင်းရှိ၍ ဘုရား သခင်နှင့်အတူ လုပ်ဖော်ဆောင်ဖက်များဖြစ်ကြပါကုန်။ အခြားသောသူများကို ကောင်းချီးပေး၍ ကယ်တင်ခြင်းသည် သင့်အသက်တာ၏လေ့ကျက်ရာဖြစ် ပါစေ။ သင်သည် ဘုရားသခင်အထံတော်မှ မစခြင်းကိုရှာဖွေပါက၊ သင်၌ လုပ်ကိုင်နေသော ကိုယ်တော်၏တန်ခိုးတော်သည် ဆန့်ကျင်ဘက်ဖြစ်သော တန်ခိုးများကို အချည်းနှီးဖြစ်စေ၍၊ သင်သည် သမ္မာတရားအားဖြင့် သန့်ရှင်း ခြင်းသို့ရောက်လိမ့်မည်။ ယနေ့လူငယ်လူရွယ်ထု၌ အပြစ်သည် ထိတ်လန့် စရာကောင်းလောက်အောင် ပေါများလျက်ရှိသည်။ သို့သော်လည်း၊ စာတန်၏ တန်ခိုးမှ ဝိညာဉ်များကိုကယ်တင်ဖို့ရန် အလုပ်ကိုတတ်နိုင်သရွေ့လုပ်ဆောင် ပါမည်ဟု သင်၌စိတ်ပြဌာန်းခြင်းရှိပါစေ။

## အလင်းကိုဆောင်သောသူဖြစ်ပါစေ

သင်သည် သွားလေရာရာ၌ အလင်းကိုသယ်ဆောင်သွားပါ။ သင်၌ သန့်မာသောစိတ်ပြဋ္ဌာန်းချက်ရှိကြောင်းပြသပါ။ သင်သည် မဆုံးဖြတ်တတ်သောသူ၊ မကောင်းသောအပေါင်းအဖော်တို့၏သွေးဆောင်ရာသို့ လွယ်ကူစွာပါသွားတတ်သောသူတစ်ယောက်မဟုတ်ကြောင်းကို ပြသပါ။ ဘုရားသခင်၏ဂုဏ်ကို ညှိုးငယ်စေသောသူများ၏အကြံပေးချက်ကို လွယ်ကူစွာသဘောတူခြင်းမပြုပါနှင့်။ ဝိညာဉ်များကို မကောင်းမှုမှကယ်တင်ရန် ပြောင်းလဲပြင်ဆင်ခြင်း၊ ဆုံးမပဲ့ပြင်ယူငင်ခြင်းများကိုပြုလုပ်ပါ။

ဆုတောင်းခြင်းကိုအားကိုးအားထားပြုပါ။ မိမိတို့ကိုယ်ကို ဆန့်ကျင်ဘက်ပြုသောသူတို့အား နှိမ့်ချသိမ်မွေ့ခြင်း၊ စိတ်သဘောနှိမ့်ချခြင်းဖြင့် ဖြားယောင်းသွေးဆောင်ပါ။ မှားယွင်းသောလမ်းမှ ဝိညာဉ်တစ်ခုကိုကယ်တင်၍ ခရစ်တော်၏အလံတော်အောက်၌ထားပါက ကောင်းကင်၌ဝမ်းသာဝမ်းမြောက်ခြင်းရှိမည်။ ပျော်ရွှင်၍ရသောသင်၏သရဖူ၌ ကြယ်တစ်လုံးတပ်ဆင်ထားလိမ့်မည်။ ကယ်တင်ခဲ့သောဝိညာဉ်သည် သူ၏ကောင်းမွန်သောဩဇာသက်ရောက်မှုကြောင့် အခြားသောဝိညာဉ်များကိုလည်း ကယ်တင်ခြင်းအသိတရားသို့ ယူဆောင်လာလိမ့်မည်။ ဤနည်းဖြင့် အလုပ်သည် ဆတက်ထမ်းပိုးတိုးပွားလာ၍ အလုပ်၏အကျယ်အဝန်းကို တရားစီရင်သောနေ့ကသာလျှင် သက်သေခံလိမ့်မည်။

သင်သည် အနည်းအကျဉ်းလောက်သာ လုပ်ကိုင်နိုင်သောကြောင့် ဘုရားသခင်၏အလုပ်ကိုလုပ်ကိုင်ဖို့ရန် နှောင့်နှေးကြန့်ကြာခြင်းမရှိပါနှင့်။ သင်လုပ်ကိုင်နိုင်သောအနည်းငယ်ကို သစ္စာရှိစွာလုပ်ကိုင်ပါ။ အကြောင်းမှာ ဘုရားသခင်သည် သင်၏ကြိုးစားခြင်းနှင့်အတူ လုပ်ကိုင်တော်မူမည်။ သခင်ဘုရား၏ပျော်မွေ့ရာထဲသို့ ဝင်ထိုက်သောသူတစ်ယောက်အနေဖြင့် ကိုယ်တော်သည် သင်၏နာမည်ကို အသက်စာစောင်၌ရေးသားထားလိမ့်မည်။ သို့ဖြစ်၍ လုပ်ဆောင်သောသူများကို စုဆောင်းပေးဖို့ရန် ဘုရားသခင်ထံ၌

စိတ်ထက်သန်စွာ တောင်းဆိုကြစို့။ လယ်စပါးများသည် မှည့်၍ဝင်းဝါလျက် ရှိကြသည်။ ရိတ်သိမ်းဖို့ရန် အလုပ်သည်ကြီးမားလှ၏။ ရိတ်သိမ်းသောသူ များကား နည်းလှပါ၏။

## ကျယ်ပြန့်သောအထင်အမြင်များကိုစွဲလမ်းပါ

လူငယ်တို့၌ ကျယ်ပြန့်သောအထင်အမြင်များရှိရမည်။ ပညာနှင့် ပြည့်စုံသောအကြံအစည်များသည် သူတို့ရရှိသောအခွင့်အရေးများကို လမ်းဖွင့် ပေး၍၊ တမန်တော်တို့ကို ခွန်အားနှင့်အတွင်း၌ နိုးဆော်ခံရခြင်းကိုဖြစ်စေသည်။ ယောဟန်ပြောဆိုသည်မှာ "လူပျိုတို့၊ သင်တို့သည် ခွန်အားနှင့် ပြည့်စုံ၍၊ ဘုရားသခင်၏နှုတ်ကပတ်တော်၌ မှီဝဲဆည်းကပ်သဖြင့် မာရ်နတ်ကိုအောင် သောကြောင့် သင်တို့အားငါရေး၍ပေးလိုက်ခဲ့ပြီ။" မြင့်မားသောအဆင့်အတန်း ကို လူငယ်လူရွယ်တို့ရှေ့၌ထားသည်။ ဘုရားသခင်အဖို့ အစစ်အမှန်အမှုတော် ဆောင်ရွက်ပေးဖို့ရန် သူတို့ကိုကိုယ်တော်သည် ဖိတ်ခေါ်လျက်ရှိသည်။ ခရစ်တော်၏ကျောင်း၌ သင်ကြားခံယူဖို့ရန် နှစ်သက်သောစိတ်သဘောထား မှန်ကန်သည့် လူငယ်လူရွယ်များသည် သခင်အဖို့ ကြီးကျယ်သောအလုပ်ကို လုပ်ကိုင်ပေးနိုင်ကြသည်။ "ယောကျ်ားအစွမ်းသတ္တိနှင့်တကွ ခွန်အားစုံလင် လျက်နေကြလော့" ဟု အမိန့်ပေးခဲ့သော စစ်ဗိုလ်ကြီး၏အမိန့်သံကိုကြားနာ ရမည်။

သင်တို့သည် လူကြီးများဖြစ်၍ ဘုရားသခင်နှင့်အတူနိမ့်ချလျက် လမ်းလျှောက်ရမည်။ ဘုရားသခင်ပေးသောလူကြီးအနေဖြင့် ကိုယ်တော်ရှေ့၌ ထရမည်။ မသန့်ရှင်းခြင်း၊ ဉာဏ်ခေတ်ကို ရှုပ်ထွေးခြင်းဖြစ်စေသော အသွေး အသားတပ်မက်ခြင်းများမှ လွတ်ကင်းခြင်းရှိရမည်။ သင်သည် မှားယွင်းခြင်း နှင့်ဆိုးညစ်ခြင်းကို ရွံရှာမုန်းတီးသောလူကြီးဖြစ်ရမည်။ မှန်ကန်ခြင်းနှင့်ရဲရင့် ခြင်းရှိသောသူ၊ မင်းသားဓမာန္ဒေလ၏သွေးစွန်းနေသောအောင်လံကို မြင့်မားစွာ ကိုင်ထားနိုင်သောသူဖြစ်ရမည်။ သင်၏သခင်အဖို့ အသုံးချသောအခါ သင်၏

အစွမ်းသတ္တိများသည် တိုးတက်လာလိမ့်မည်။ အကန့်အသတ်မရှိသောအဖိုးကို ပေး၍ ဝယ်ယူခဲ့သောအရှင်သည် ထိုလူများကို အဖိုးထိုက်တန်သည်ဟု ထင်မှတ်မည်။ သင်သည် ကြီးကျယ်သောအရာကို မလုပ်ကိုင်နိုင်သောကြောင့် ထိုင်ပြီးလျှင် မည်သည့်အရာကိုမျှမလုပ်ဘဲမနေပါနှင့်။ သင်သည် တွေ့မြင်သမျှသောအလုပ်ကို ခွန်အားစိုက်ထုတ်၍ သေချာစွာလုပ်ကိုင်ပါ။

## နာမည်စရင်းသွင်းရန်ခေါ်ခြင်း

ကိုယ်တော်ရှင်၏အလံတော်အောက်၌ ဝင်ရောက်စာရင်းသွင်းရန် အပျော်ထမ်းစမ္မဆရာများကို ခရစ်တော်သည် ခေါ်လျက်ရှိသည်။ ခရစ်တော်၏ လက်ဝါးကပ်တိုင်အလံတော်ကို ကမ္ဘာကြီးရှေ့၌ သယ်ဆောင်သွားရမည်။ ရဲရဲတောက်သက်သေခံနိုင်သော လူငယ်များ၏မစခြင်းကို အသင်းတော်သည် လိုအပ်နေသည်။ ထိုလူငယ်များသည် သူတို့၏ထက်သန်သောကြိုးပမ်းခြင်းဖြင့် ဘုရားသခင်၏လူများ၌ လေးကန်လျက်ရှိသောခွန်အားများကို လှုံ့ဆော်ပေးနိုင်သည်။ ဤနည်းဖြင့် လောက၌ရှိသော အသင်းတော်၏တန်ခိုးကို တိုးတက်စေနိုင်သည်။ လောကီသဘောဖြစ်သောဒီရေကို တွန်းလှန်တိုက်ခိုက်လိုသော လူငယ်များကိုအလိုရှိသည်။ ၎င်းပြင် လျှပ်ပေါ်ခြင်းနှင့်အပြစ်ဒုစရိုက်သို့ ပထမဦးဆုံးခြေလှမ်း၊ လှမ်းနေသောသူများကို သတိပေးနိုင်သောလူငယ်များကိုလိုသည်။

သို့သော် ပထမဦးဆုံး ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်မည့် လူငယ်လူရွယ်သည် ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်ရန် မိမိတို့ကိုယ်ကို မအပ်ပေးမီ သူ၏ဝိညာဉ်ဗိမာန်၌ မစင်ကြယ်သောအရာအားလုံးတို့ကို ဆေးကြော၍ သူ၏စိတ်နှလုံးထဲ၌ ခရစ်တော်ကိုလက်ခံကိန်းအောင်းစေရမည်။ ထိုနောက် သူတို့သည် သူတို့၏အင်အားကို သူတို့၏ခရစ်ယာန်ကြိုးပမ်းခြင်း၌ ထည့်နိုင်၍ လူများကိုခရစ်တော်နှင့်မိတ်သဟာယဖွဲ့ပေးဖို့ရန် သွေးဆောင်ခြင်းဖြင့် စိတ်ထက်သန်ခြင်းကို ပြသကြလိမ့်မည်။ ကျွန်ုပ်တို့၏လူငယ်လူရွယ်များသည်

ခရစ်တော်၏ခေါ်ဖိတ်ခြင်းကို တုံ့ပြန်ကြမည်လော။ အဖြေမှာ – "ကျွန်ုပ်ဤနေရာ၌ရှိပါသည်။ ကျွန်ုပ်ကိုပို့ပါ။" အသင်လူငယ်၊ ရှေ့သို့တိုးပါ။ ခရစ်တော်နှင့်အတူလုပ်ဆောင်နေသောသူဖြစ်ကြောင်း ပြသပါ။ ကိုယ်တော်ထားခဲ့သောနေရာမှစ၍ အလုပ်ကိုလုပ်ကိုင်ပါ။ ပြီးဆုံးသည့်တိုင်အောင် လုပ်ကိုင်ပါ။ Review and Herald, June 16, 1891.

## စာရိတ္တ၌လိုအပ်သည့်အခြေအမြစ်ဖြစ်သောအရာများ

လူငယ်သည်တပ်မက်ခြင်း၌ နည်းပါးရမည်ဟု ဘုရားသခင်သည် အမိန့်တော်ဆင့်ဆိုခြင်းမပြုပေ။ လူတို့တွင် ထမြောက်အောင်မြင်၍ ဂုဏ်ပြုခြင်းခံရသည့် လူငယ်တစ်ယောက်၏စာရိတ္တအခြေအမြစ်ဖြစ်သောအရာများသည် –သာ၍ကောင်းသောအရာကို ပြုလုပ်လိုခြင်း၌ ချိုးနှိမ်၍မရသောအလိုဆန္ဒ၊ စွဲမြဲခိုင်မာသောစိတ်သဘော၊ အားကြိုးမာန်တက်ကြိုးစားခြင်း၊ မမောပန်းနိုင်သောလုံ့လဝီရိယ – ဤအရည်အချင်းများကို နှိပ်ကွပ်၍မရနိုင်ပေ။ Patriarchs and Prophets, p. 602.

–o–

# ကိုယ်တော်အားရနှစ်သက်စေဖို့ရန် ရှာကြံခြင်း – ၃

ကျွန်ုပ်တို့အသီးအသီးလုပ်ကိုင်ပေးဖို့ရန် ဘုရားသခင်၌ အထူးအလုပ်တစ်ခုရှိသည်။ လောကကြီး၏ဆိုးညစ်ခြင်းများကို တရားရုံးများ၌လည်းကောင်း၊ နေ့စဉ်ထုတ်ဝေသော သတင်းစာများ၌လည်းကောင်း တွေ့မြင်ဖတ်ရှုရသောအခါ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏အနီးသို့ချဉ်းကပ်၍၊ ခရစ်တော်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့၌ထင်ရှားစေရန် အသက်ရှင်သောယုံကြည်ခြင်းဖြင့် ကိုယ်တော်၏ကတိတော်များကို ကိုင်ဆွဲကြစို့။ လောကတွင် ကျွန်ုပ်တို့၌ ဩဇာညောင်းမှုရှိပေမည်။ တန်ခိုးကြီးသောဩဇာညောင်းမှုဖြစ်မည်။ ဘုရားသခင်၏ပြစ်မှုထင်ရှားစေသောတန်ခိုးသည် ကျွန်ုပ်တို့နှင့်အတူရှိပါက အပြစ်၌ရှိသောဝိညာဉ်များကို ပြောင်းလဲခြင်းရရှိရန် ပြုလုပ်ပေးနိုင်လိမ့်မည်။

ဤအလုပ်၌ ကျွန်ုပ်တို့၏ရိုးသားခြင်းသည် များစွာပြီးစီးခြင်းဖြစ်စေလိမ့်မည်။ ကျွန်ုပ်တို့သည် မြင့်သောရာထူးကိုရရှိဖို့ရန် ကြိုးစားအားထုတ်ခြင်းမပြုရ။ သို့မဟုတ် လူတို့၏ချီးမွမ်းခြင်းကိုခံယူရန်မဟုတ်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်သည် အကြီးဆုံးဖြစ်ဖို့ရန်မဟုတ်ပေ။ ဘုရားသခင်၏ဘုန်းတော်ကြီးမြတ်ဖို့ရန်ကိုသာ ကျွန်ုပ်တို့ကြည့်ရမည်။ ဘုရားသခင် ကျွန်ုပ်တို့ကိုပေးအပ်ထားသော အသိဉာဏ်ရှိသမျှဖြင့် ကျွန်ုပ်တို့သည် လုပ်ဆောင်ရမည်။ ဘုရားသခင်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့အပေါ်သို့ကျရောက်၍ မြင့်မြတ်သောဥပမာအတိုင်း ကျွန်ုပ်တို့ကိုပုံသွင်းနိုင်ရန် အလင်းလမ်းကြောင်း၌ ကျွန်ုပ်တို့ရှိရမည်။ ကမ္ဘာ့ရာဇဝင်၏နောက်ဆုံးချိန်၌ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ရန် မိမိတို့ကိုယ်ကိုဆက်ကပ်ထားသောသူတို့အပေါ်သို့ ကောင်းကင်နိုင်ငံတော်သည် အကြွယ်ဝဆုံးသော ကောင်းချီးမင်္ဂလာများကိုချပေးရန် စောင့်ဆိုင်းနေသည်။ ကျွန်ုပ်တို့ကိုစမ်းသပ်စစ်ဆေးမည်။ ညဥ့်အချိန်၌မအိပ်ဘဲ နေရန်ခိုင်းလိမ့်မည်။ ထိုကဲ့သို့သောအချိန်များ၌

ကျွန်ုပ်တို့၏အခွင့်အရေးများကို သိမြင်နိုင်ရန် စိတ်၌လှုံ့ဆော်ခြင်း၊ နားလည်ခြင်းပေးမည့်အကြောင်း ဘုရားသခင် အထံတော်၌ စိတ်ပါစွာဆုတောင်းကြကုန်အံ့။ Review and Herald, April 1, 1909.

–၀–

# အောင်မြင်ခြင်း၏အဆင့်အတန်း – ၄

"ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသဘောသည် ပညာ၏မူလအမြစ်ဖြစ်၏။" အချိန်အခါနှင့်အခြေအနေကိုမရွေးဘဲ မိမိတို့စွမ်းအားရှိသရွေ့ လုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်ကြောင်းကို အများသောကျွန်ုပ်တို့၏လူငယ်လူရွယ်များသည် မသိမြင်ကြပေ။ သူတို့သည် ဘုရားကိုကြောက်ရွံ့ရမှန်းမသိ၊ သူတို့၏အကြံအစည်များသည် ဖြူစင်သန့်ရှင်းခြင်း၊ မြင့်မြတ်ခြင်းမရှိပေ။

ကောင်းကင်တစ်ခုလုံးသည် အကြံအစည်အတိုင်း၊ လှုပ်ရှားခြင်းတိုင်းကိုသိသည်။ သင်၏လှုပ်ရှားခြင်းများကို သင်၏အပေါင်းအဖော်များသည် တွေ့မြင်ကြမည်မဟုတ်။ သို့သော်လည်း ကောင်းကင်တမန်များတို့၏စစ်ဆေး ခြင်း၌အားလုံးတို့သည် ပွင့်လျက်ရှိကြသည်။ မှားယွင်းသောအကျင့်ဓလေ့ တိုင်းကိုအောင်မြင်ဖို့ရန်ကြိုးစားနေ၍ စာတန်၏ဉာဏ်ဆင်ခြင်းများမှ ဝေးစွာနေသောသူတို့ကို မစခြင်းပေးရန် ကောင်းကင်တမန်များကို အခွင့်အာဏာအပ်နှင်းထားသည်။

## သစ္စာရှိသောရိုးဖြောင့်ခြင်း

မကောင်းမှုကလေးများတို့၏အစွမ်းသတ္တိနှင့် စာရိတ္တကိုပုံသွင်းဖို့ရန်မဆီလျော်သောအရာကလေးများတို့၏အစွမ်းသတ္တိကို ခန့်မှန်းသင့်သည်အတိုင်းမခန့်မှန်းကြပေ။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ အကြီးအကျယ်အခမ်းနားဆုံးနှင့် အမြင့်မြတ်ဆုံးသောစည်းကမ်းများကို ဖော်ပြထားလျက်ရှိသည်။ ကောင်းဖို့ရန်ကြိုးစားခြင်း၊ စိတ်နှလုံးကိုအုပ်ထိန်း၍နှိုင်းချိန်ခြင်း၊ မြင့်မားသောအဆင့်အတန်းသို့ရောက်ဖို့ရန် ကျွန်ုပ်တို့၌ရမှတ်ရှိစေရန် လမ်းပြခြင်းများအတွက်ပေးထားသည်။

ယောသပ်၊ ဒံယေလနှင့် သူ၏အပေါင်းအဖော်များရာဇဝင်၌ သမ္မာတရား၏မေတ္တာကြိုးသည် လူငယ်လူရွယ်များကို ဘုရားသခင်၏ပလ္လင်တော်၌မည်ကဲ့သို့ချည်နှောင်ထားနိုင်သည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ သူတို့ကို

သူတို့၏သစ္စာတရားမှ ဖောက်လွဲဖောက်ပြန်ဖြစ်ဖို့ရန် သွေးဆောင်၍မရပေ။ မင်းများတို့၏ချီးမွမ်းဂုဏ်ပြုခြင်းထက် ဘုရားသခင်၏မေတ္တာသက်ဝင်ခြင်းကို ပို၍တန်ဖိုးထားကြသည်။ ဘုရားသခင်သည် သူတို့ကိုချစ်တော်မူ၍ ကွယ်ကာစောင့်ရှောက်တော်မူသည်။ သူတို့၏သစ္စာရှိသော ရိုးဖြောင့်ခြင်းကြောင့်လည်းကောင်း၊ လူတို့၏တန်ခိုးထက် ဘုရားသခင်ကိုဂုဏ်ပြုဖို့ရန် သူတို့၏ဆုံးဖြတ်ချက်ကြောင့်လည်းကောင်း ဘုရားသခင်သည် သူတို့ကိုထူးထူးခြားခြားလူတို့ရှေ့၌ ဂုဏ်ပြုတော်မူသည်။ သူတို့ကို ဗိုလ်ခြေတို့၏အရှင်ဘုရားသခင်သည် ချီးမြှောက်တော်မူသည်။ ကိုယ်တော်၏တန်ခိုးတော်သည် ကောင်းကင်နှင့်မြေပေါ်မြေအောက်ရှိ ကိုယ်တော်၏လက်တော်ဖြင့်လုပ်ကိုင်ခဲ့သော အရာတိုင်းတို့အပေါ်၌ရှိသည်။ ဤလူငယ်လူရွယ်များသည် သူတို့၏မှန်ကန်သောအရောင်အဆင်းကို ပြသဖို့ရန် ရက်ကြောက်ခြင်းမရှိကြပေ။ ရှင်ဘုရင်၏နန်းတော်၌ရှိစေကာမူ၊ သူတို့၏စကားပြောဆိုခြင်း၊ သူတို့၏အကျင့်ဓလေ့များ၊ သူတို့လုပ်ကိုင်သောအရာများတို့၌ သူတို့၏ယုံကြည်ခြင်းကို ကောင်းကင်ဘုံရှင်ဘုရားသခင်၌ရှိကြောင်းကို သက်သေခံကြသည်။ ဘုရားသခင်၏ဂုဏ်အသရေတော်ကို ဆုတ်ယုတ်စေသည့် လောကနှင့်ဆိုင်သောအမိန့်ကို ဦးညွှတ်ရနငြင်းဆန် ကြသည်။ သူတို့သည် ဘုရားသခင်၌သစ္စာရှိကြောင်းဝန်ခံဖို့ ကောင်းကင်မှ ခွန်အားကိုရရှိကြသည်။

ဤမြင့်မြတ်သောလူငယ်လူရွယ်တို့၏ပုံသက်သေအတိုင်း သင်သည် လိုက်လျှောက်နိုင်ရန် ပြင်ဆင်ခြင်းရှိရမည်။ သင်၏အရောင်အဆင်းအတွက် မရှက်ပါနှင့်။ ကိုယ်ပေါ်၌ဝတ်ထားပါ။ လူတို့နှင့်ကောင်းကင်တမန်တို့၏ စိုက်ကြည့်ခြင်းရှေ့၌ ဖြန့်ပြပါ။ မှားယွင်းသောကာယိန္ဒြေသည် သင့်ကို မအုပ်စိုးပါစေနှင့်။ ဤညွှန်ကြားချက်နှင့်ဆန့်ကျင်သော လူပ်ရှားခြင်းလမ်းသို့ လိုက်ရန် ပေးထားသောမှားယွင်းသည့်ပညာသတိသည်လည်း သင့်ကိုမအုပ်စိုးစေပါနှင့်။ သင်ရွေးချယ်သောစကားများဖြင့်လည်းကောင်း၊ လျော်ကန် သင့်မြတ်သောလှုပ်ရှားခြင်းဖြင့်လည်းကောင်း၊ သင်၏စိတ်အားထက်သန်သော ဘုရားတရားရိုသေခြင်းဖြင့်လည်းကောင်း သင်၏ယုံကြည်ခြင်းကို ထိရောက်

စွာဝန်ခံပါ။ သင်၏ဝိညာဉ်ဗိမာန်၌ ခရစ်တော်သည်အုပ်စိုးလျက်နေကြောင်း စိတ်ပြဌာန်းပါ။ ကိုယ်တော်၏အမှုတော်၌ ဆောင်ရွက်နိုင်ရန် သင်၏အစွမ်းသတ္တိများကို ဝှက်မထားဘဲ ကိုယ်တော်၏ခြေတော်ရင်း၌ထားပါ။

## လုံးဝဆက်ကပ်ခြင်း

သင်သည် ပစ္စုပ္ပန်ကာလနှင့် ထာဝစဉ်ကောင်းစားရေးအတွက် မည်သည့်ဘက်၌သင်ရှိသည်ကို လောကကြီးသည်သိရှိနိုင်ရန် မှန်သောဘက်၌ လုံးလုံးနေခြင်းသည် သင့်အဖို့အကောင်းဆုံးဖြစ်သည်။ အများသောသူတို့သည် ဘုရားသခင်၌လုံးဝအပ်နှံခြင်းမရှိကြပေ။ သူတို့၏မတည်ငြိမ်ခြင်းသည် သူတို့အဖို့အားနည်းခြင်းဖြစ်၍ အခြားသူများအဖို့လည်း ဆီးတားနှောင့်နှေးစရာဖြစ်သည်။ မပြီးပြတ်သေးသောကျင့်ဝတ်များသည် ဆက်ကပ်ခြင်းမရှိသောကြောင့် အမှန်ပင်ဖြစ်သည်ကို သူတို့သိသော်လည်း စုံစမ်းနှောင့်ယှက်ခြင်းလှိုင်းတံပိုးသည် ၎င်းတို့ကို တိုက်ခတ်သွားလေသည်။ သူတို့သည် မှားယွင်းသောအရာတိုင်းကိုအောင်မြင်နိုင်ရန် သန့်ရှင်းသောကြိုးစားမှုကိုမပြုကြ။ ခရစ်တော်ထံမှ ရရှိသော ဖြောင့်မတ်ခြင်းကြောင့်၊ ဖြောင့်မတ်သောစာရိတ္တစုံလင်ခြင်းကို ဖြစ်စေသည်။

အသိဉာဏ်နှင့်ပြည့်စုံသောသူတိုင်းတို့ထံမှ မည်သည့်အရာကိုမျှော်လင့်ရအံ့နည်းဟု ကမ္ဘာသည် မေးမြန်းဖို့ရန်အခွင့်အရေးရှိသည်။ အကြင်သူသည် ခိုင်မာ၊ မှန်ကန်ဖြောင့်မှန်သောကျင့်ဝတ်များဖြင့် စုပေါင်းထားသော အသက်ရှင်နေသည့်လူတစ်ယောက်ဖြစ်ပါက သူ၏အပေါင်းအဖော်များအဖို့ အသက်ရှင်သောတန်ခိုးဖြစ်လိမ့်မည်။ ထိုသူသည် အခြားသူများကို သူ၏ခရစ်ယာန် ဘာသာအားဖြင့် ဩဇာညောင်းစေလိမ့်မည်။ အကောင်းဘက်သို့ဖြစ်စေ၊ (သို့မဟုတ်) မကောင်းဘက်သို့ဖြစ်စေ လူတိုင်းတို့၏ဩဇာသက်ရောက်ခြင်းသည် မည်မျှကြီးမားသည်ကို အများသောသူတို့သည် မသိကြပေ။ အကျိုး ကျေးဇူးကို ကောင်းစွာနားမလည်ကြပေ။ သူခံယူထားသည့်ကျင့်ဝတ်များသည် သူ၏စာရိတ္တပေါ်၌ အသက်ရှင်ခြင်း၊ ပုံသွင်းသည့်ဩဇာသက်ရောက်ခြင်းဖြစ်လာ

သည်ကို စာသင်သားတိုင်းနားလည်ရမည်။ အကြင်သူသည် ခရစ်တော်ကို မိမိနှင့်ဆိုင်သောကယ်တင်ရှင်အဖြစ် လက်ခံပါက၊ ယေရှုကိုချစ်မည်။ ခရစ်တော်အသေခံခဲ့သောလူတိုင်းကိုလည်းချစ်မည်။ ခရစ်တော်သည် သူ၏အထဲ၌ ထာဝရအသက်သို့ပို့ဆောင်သော စမ်းရေတွင်းဖြစ်လိမ့်မည်။ ခရစ်တော်၏ အုပ်စိုးခြင်းအောက်သို့ သူသည်ခြွင်းချက်မရှိဘဲ ဝင်ရောက်လိမ့်မည်။

## သင်၏လွတ်လပ်ခြင်းကိုအခိုင်အမာပြုလုပ်ပါ

ဘုရားသခင်ကိုဂုဏ်ပြုရာ၌ နံဘေးမှစုံစမ်းနှောင့်ယှက်ခြင်းများနှင့်စိတ်ဝင်စားခြင်းများသည် သင့်ကိုလမ်းလွဲသွားခြင်းမဖြစ်စေနိုင်ရန် သင့်အသက်တာအဖို့ ဥပဒေဖြစ်ပါစေ။ အကြောင်းမှာ၊ "ဘုရားသခင်၏သားတော်ကိုယုံကြည် သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေ ခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းရှိတော်မူသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။" ရွေးနုတ်ထား ၍၊ ရွေးပိုင်းခွင့်ရှိပြီးလျှင်၊ တန်ဖိုးမဖြတ်နိုင်သောအဖိုးဖြင့် ရွေးယူခဲ့ပြီးဖြစ်၍၊ သင်၏လွတ်လပ်ခြင်းကို အခိုင်အမာပြုလုပ်ရန် ဘုရားသခင်သည် သင့်ကို ခေါ်တော်မူသည်။ ကောင်းကင်နိုင်ငံတော်၏လွတ်လပ်သောနိုင်ငံသားတစ်ယောက် ဖြစ်သည်အားလျော်ညီစွာ ဘုရားသခင်ပေးတော်မူသောတန်ခိုးများကို အသုံးချ လော့။ အပြစ်၏ညှဉ်းပန်းခြင်းအောက်၌ ဆက်လက်နေထိုင်ရန်အကြောင်း မရှိချေ။ ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်၏သစ္စာရှိသော နိုင်ငံသားဖြစ်သည်အားလျော်ညီစွာ သင်၏သစ္စာရှိခြင်းကို ဘုရားသခင်အားပြပါလေ။

ဘုရားသခင်သည် သင့်အားချပေးထားသော အသက်နှင့်ကျေးဇူးတော်သည် သင့်အဖို့ထိုက်တန်သော အဖိုးတန်သည့်ယုံကြည်စိတ်ချစရာဖြစ်ကြောင်း ခရစ်တော်အားဖြင့်ပြသပါ။ သင်သည် မကောင်းသောအရာများ၏ကျေးကျွန်ဖြစ်ရန် ငြင်းပယ်ရမည်။ ခရစ်တော်၏စစ်သားများဖြစ်သည်အားလျော်ညီစွာကျွန်ုပ်တို့သည်

သတိပညာနှင့်ချင့်ချိန်၍ ကိုယ်တော်၏ကယ်တင်ခြင်းစည်းကမ်း ချက်ကို မည်သည့်နည်းနှင့်မဆို လက်ခံရမည်။ မှန်ကန်သောကျင့်ဝတ်များကို နှစ်သက်၍ လုပ်ကိုင်ကြစို့။ မြင့်မြတ်တော်မူသောအရှင်ထံမှ လာသောပညာသည် သင်၏ခြေ၌ အလင်းဖြစ်ရမည်။ သင့်ကိုယ်ကိုသစ္စာရှိပါ။ သင်၏ဘုရားကို လည်းသစ္စာရှိပါ။ လှုပ်ရှားနိုင်သောအရာရှိသမျှသည် လှုပ်ရှားလိမ့်မည်။ သို့သော်လည်း သမ္မာတရား၌အမြစ်စွဲ၍ခိုင်မြဲနေပါက မလှုပ်ရှားနိုင်သော အရာများ၌ သင်သည် တည်နေလိမ့်မည်။ ဘုရားသခင်၏တရားတော်သည် ခိုင်မြဲ၍၊ ပြောင်းလဲနိုင်ခြင်းမရှိ၊ အကြောင်းမှာ ထိုတရားသည် ယေဟောဝါ ဘုရား၏စာရိတ္တကို ဖော်ပြခြင်းဖြစ်သည်။ သို့ဖြစ်၍ စကားအားဖြင့်လည်း ကောင်း၊ သြဇာညောင်းခြင်းအားဖြင့်လည်းကောင်း တရားတော်၏အာဏာ တန်ခိုးကို ဂုဏ်အသရေပျက်စေရန် မပြုလုပ်ပါဟု သင်၏စိတ်၌ ဆုံးဖြတ် ချက်ချထားပါ။

## လုံးဝအပ်နှံခြင်း

ခရစ်တော်၏ဘာသာတရားကိုရရှိထားခြင်းအဓိပ္ပါယ်သည် သင်၌ရှိ သမျှသောအရာများကို လုံးဝဘုရားသခင်ထံ၌ အပ်နှံလိုက်ပြီဟု အဓိပ္ပါယ် သက်ရောက်၍၊ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြခြင်းကို သဘောတူခဲ့ပြီ။ သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးဖြင့် သင့်အားကျင့်ဝတ်တရားနှင့်ဆိုင် သောတန်ခိုးကို ပေးလိမ့်မည်။ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ဖို့ရန် ယခင်အချိန်က သွန်သင်ပေးထားသော စွမ်းရည်သတ္တိများကို ရရှိမည်သာမက၊ ၎င်းတို့၏စွမ်းဆောင်နိုင်ခြင်းသည် များစွာတိုးတက်လာလိမ့်မည်။ စွမ်းအား ရှိသမျှတို့ကို ဘုရားသခင်သို့အပ်နှံခြင်းသည် အသက်တာ၏ပြဿနာများ၌ များစွာလွယ်ကူစေသည်။ သဘာဝစိတ်နှလုံး၏တပ်မက်ခြင်းများနှင့်အတူ ထောင်ချီ၍ရှိသောရန်းကန်ခြင်းများကို အားနည်းစေ၍ ဖြတ်တောက်လိုက် သည်။ ဘာသာတရားသည် မေတ္တာကြိုးဖြစ်၍ လူငယ်လူရွယ်များနှင့်အသက် ကြီးသောသူများတို့၏ဝိညာဉ်များကို ခရစ်တော်၌ချည်နှောင်ထားသည်။

ငင်းမှစိတ်ပါ၍ နားထောင်သောသူတို့ကို မှောင်မိုက်၍ရှုပ်ထွေးသောလမ်းများမှ ဘုရားသခင်၏မြို့တော်သို့ လုံခြုံစွာယူဆောင်လာခဲ့သည်။

သာမန်အစွမ်းသတ္တိသာရှိသော လူငယ်လူရွယ်များလည်းရှိကြသည်။ သို့တစေလည်း မြင့်မား၍စင်ကြယ်သောကျင့်ဝတ်နှင့်ပြည့်စုံသော ဆရာများတို့၏ပညာပေးခြင်း၊ စည်းကမ်းတကျသွန်သင်ခြင်းကြောင့် ဘုရားသခင်၏ အမှုတော်ဆောင်ရွက်ရာ၌ ယုံကြည်စိတ်ချရသော ရာထူးအဆင့်အတန်း၌ လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိကြသည်။ သို့သော်လည်း အချို့သောလူငယ်လူရွယ်များတို့၌ လောကီသံယောဇဉ်တွယ်တာခြင်းများရှိ၍ နှုတ်ကပတ်တော်၌ရှိသော ဘုရားသခင်၏စကားသံကို နားမထောင်သောကြောင့် ဆုံးရှုံးခြင်းနှင့်တွေ့ဆုံရသည်။ သူတို့သည် သူတို့၏ဝိညာဉ်များကို စုံစမ်းနှောင့်ယှက်ခြင်းမှ အကာအကွယ်မပေးကြပေ။ သူတို့၏တာဝန်ကို ခက်ခဲခြင်း၌လုပ်ကိုင်ဖို့ရန် စိတ်ပြဋ္ဌာန်းထားကြသည်။ ထိုသူများသည် လမ်းပြမပါဘဲ ဘေးအန္တရာယ် များပြားသောလမ်းခရီး၌ သွားနေကြသောသူများဖြစ်ကြ၍ ထိခိုက်ခြင်းနှင့်မလွတ်ဘဲ ပျက်စီးခြင်းသို့ဝင်ရောက်သွားသောသူများ ဖြစ်ကြလေသည်။

## သင်၏မွန်မြတ်သောအနာဂတ်ကာလကိုရွေးချယ်ခြင်း

လူတိုင်းမိမိတို့၏မွန်မြတ်သောအနာဂတ်ကာလကို စီရင်ဆုံးဖြတ်နေသောသူများဖြစ်ကြသည်ကို သိစေလိုသည်။ ဤအသက်တာ၌ သင်၏ပျော်မွေ့ခြင်း၊ သင်၏အနာဂတ်အချိန်၊ မသေနိုင်သောအသက်သည် သင်၌သာရှိသည်။ သင်ရွေးချယ်ပါက၊ သင်၌အပေါင်းအဖော်များရှိ၍ သူတို့၏ဩဇာညောင်းမှုသည် သင်၏အကြံအစည်များ၊ သင်၏စကားများနှင့် သင်၏ကျင့်ဝတ်တရားများကို တန်ဖိုးနည်းစေလိမ့်မည်။ ခံတွင်းအရသာနှင့်တပ်မက်ခြင်းများကို သင်သည် ပေါ့ပေါ့ဆဆပြု၍၊ အခွင့်အာဏာကိုမထီမဲ့မြင်ပြုခြင်း၊ ကြမ်းတမ်း သောစကားများပြောဆိုခြင်းဖြင့် သင့်ကိုယ်ကိုအနိမ့်ဆုံးသို့ကျရောက်အောင် ပြုလုပ်နိုင်သည်။ သင်၏ဩဇာညောင်းခြင်းသည်လည်း သူတစ်ပါးသို့ကူးစက်၍

ခရစ်တော်ထံသို့ခေါ်ဆောင်ယူလာနိုင်သောသူများကို သင်သည် ဖျက်ဆီးလျက်နေသောသူဖြစ်လိမ့်မည်။ ခရစ်တော်မှလည်းကောင်း၊ အမှန်မှလည်းကောင်း၊ သန့်ရှင်းခြင်းမှလည်းကောင်း၊ ကောင်းကင်မှလည်းကောင်း သင်သည် အဝေးသို့လမ်းပြနေသောသူဖြစ်ပေမည်။ တရားစီရင်ရာနေ့၌ ပျောက်ဆုံးသော သူများသည် သင့်ကိုလက်ညှိုးထိုး၍၊ "သူ၏ဩဇာသက်ရောက်ခြင်းသာမရှိခဲ့ပါက ကျွန်ုပ်သည်မှောက်မှား၍ ဤဘာသာတရားကို ပြက်ရယ်ပြုလုပ်လိမ့်မည်မဟုတ်။ သူ၌အလင်းရှိသည်။ သူသည် ကောင်းကင်သို့သွားရာလမ်းကိုသိသည်။ ကျွန်ုပ်သည် အသိတရားမရှိသောသူဖြစ်၍၊ မျက်စိကန်းကဲ့သို့ ပျက်စီးရာလမ်းသို့သွားခဲ့သည်" ဟု ပြောဆိုကြမည်။ ထိုကဲ့သို့စွပ်စွဲပြောဆို ခြင်းကို ကျွန်ုပ်တို့သည် မည်သည့်အဖြေကိုပေးကြအံ့နည်း။ လူတိုင်းမိမိတို့သည် ဝိညာဉ်များကို မည်သည့်နေရာသို့ပို့ဆောင်နေသနည်းဟူသောအချက်ကို စဉ်းစားဖို့ရန်အလွန်အရေးကြီးသည်။ ကျွန်ုပ်တို့သည် ထာဝရကမ္ဘာကြီးကို တွေ့မြင်နေရကြသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ဩဇာသက်ရောက်ခြင်း၏ တန်ဖိုးကို သေချာစွာတွက်ချက်ရမည်။ ကျွန်ုပ်တို့သည် ထာဝရကာလကို တွက်ချက်ထားခြင်းမှမပယ်ရ။ ဤလမ်းသည် ဘုရားသခင်၏စိတ်တော်နှင့် တွေ့သောလမ်းဖြစ်သလား ဟူသောမေးခွန်းကို အစဉ်မေးမြန်းနေရမည်။ အလင်းကိုအနည်းငယ်သာရ၍ မှန်ကန်သောအရာအတွက် သက်သေသာဓက မရှိသောသူတို့၏စိတ်၌ ကျွန်ုပ်၏ဩဇာသက်ရောက်ခြင်းသည် အဘယ်သို့ ရှိသနည်း။

## စိတ်နှလုံးကိုစူးစမ်းစစ်ဆေးသောမေးခွန်းများ

လူငယ်လူရွယ်များသည် ကျမ်းစာကိုရှာဖွေ၍၊ ခရစ်တော်သည် အလားတူသောအခြေအနေမျိုး၌ရှိပါက ကိုယ်တော်လုပ်ကိုင်မည့်အရာများကို စဉ်းစား၍လုပ်ကိုင်ကြပါ။ ကောင်းကင်မှပညာရရှိဖို့ရန် ကျွန်ုပ်တို့၏အခွင့်အရေးများသည် ကျွန်ုပ်တို့အပေါ်သို့ ကြီးကျယ်သောတာဝန်ဝတ္တရားများကို တင်ထားလျက်ရှိသည်။ အလွန်စိုးရိမ်ကြောင့်ကြလျက်၊ ကျွန်ုပ်သည် အလင်းထဲ၌လျှောက်လိုက်နေသလားဟု မေးရမည်။ ကျွန်ုပ်ကို ကြီးသောအလင်းပေးထား

သည့်အတိုင်း၊ မှန်သောလမ်းဘက်သို့ ကျွန်ုပ်သည် လမ်းပြနေသလား၊ (သို့မဟုတ်) ကောက်ကွေးသောလမ်းများကို ပြုလုပ်နေသောကြောင့် ချို့တဲ့သောသူတို့ကို လမ်းလွဲသွားစေသလား။

ကျွန်ုပ်တို့သည် သမ္မာတရား၏တန်ဖိုး၊ သန့်ရှင်းခြင်းအာဏာတန်ခိုးကို သိမြင်ခြင်းတို့ဖြင့် ပြည့်ဝနေရမည်။ ကောင်းကင်နိုင်ငံတော်၏ထွန်းတောက်သောရောင်ခြည်များသည် သင်၏သွားရာလမ်းပေါ်၌ ထွန်းလင်းလျက်ရှိသောကြောင့်၊ ချစ်သောလူငယ် သင်သည်ရရှိသောအခွင့်အရေးအားလုံးလောက်ကိုအသုံးပြုပါ။ ကောင်းကင်မှလာသောရောင်ခြည်တိုင်းကို လက်ခံ၍မြတ်နိုးပါ။ သင်၏လမ်းသည် စုံလင်သောနေ့ရောက်သည့်တိုင်အောင် တိုး၍တိုး၍ လင်းလာလိမ့်မည်။ The Youth’s Instructor, February 2, 1893.

–o–

# ကျွန်ုပ်တို့၏အခွင့်အရေးများနေ့ – ၅

လွန်ခဲ့သောအချိန်အခါက ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်သွားခဲ့ကြသော လူတို့၏ဗဟုသုတမှ ယခုအချိန်၌ကျွန်ုပ်တို့သည် သင်ခန်းစာများသင်ကြားဖို့ရန် များစွာရှိသည်။ ဤလူများသည် စာတန်၏စစ်တပ်နှင့်မည်ကဲ့သို့တွေ့ဆုံတိုက်ခိုက်ခဲ့ရသည့်အကြောင်းများကို ကျွန်ုပ်တို့သည် သိသင့်သလောက်သိကြမည်မဟုတ်ပေ။ ဘုရားသခင်၏လက်နက်စုံကို ဝတ်ဆင်ကြခြင်းဖြင့် သူတို့သည် စာတန်၏ပရိယာယ်များကို ခုခံနိုင်ကြသည်။

ဤလူများသည် ရှေးအချိန်၌ မိမိတို့ကိုယ်ကိုဘုရားသခင်အားအပ်နှံ၍ ကိုယ်တော်၏အမှုတော်ကို သစ္စာရှိစွာနှင့် ဆောင်ရွက်ခဲ့ကြသည်။ သူတို့ သည် ကြောက်ရွံ့ခြင်း၊ စိတ်ပျက်ခြင်းများနှင့် ကင်းရှင်းကြသည်။ ဒံယေလ ကဲ့သို့သောသူသည် ဘုရားသခင်အတွက် ရိုသေခြင်းနှင့်စိတ်ထက်သန်ခြင်းများဖြင့် ပြည့်ဝနေသည်။ မြင့်မြတ်သောအကြံအစည်များနှင့် အားကြီးသောဆန္ဒများဖြင့်လည်း ပြည့်ဝလျက်ရှိသေး၏။ ယခုအချိန်၌ အမှုတော်ဆောင်ရွက် နေကြသောသူများကဲ့သို့ အားနည်းခြင်းနှင့်ကူမသူမရှိသောအခြေအနေတွင်ရှိကြသည်။ သို့သော်လည်း သူတို့သည် ဘုရားသခင်၌သာလျှင် လုံးဝအားကိုး ခြင်းရှိကြသည်။ သူတို့၌ဥစ္စာပစ္စည်းရှိကြသည်။ ထိုဥစ္စာပစ္စည်းသည် စိတ်နှလုံးနှင့်ဝိညာဉ်တတ်သိလိမ္မာခြင်းပင်ဖြစ်သည်။ ဤအရာသည် လူတိုင်းတို့၌ရှိကောင်းရှိလိမ့်မည်။ အရာခပ်သိမ်းတို့၌ ဘုရားသခင်ကို ပထမနှင့်နောက်ဆုံး၊အကောင်းဆုံးနေရာ၌ထားသောသူတို့သည် ဤအရာကိုရနိုင်ပေသည်။ ပညာ၊ အသိဉာဏ်၊ သီလနှင့်တန်ခိုးကင်းမဲ့နေသော်လည်း ကျွန်ုပ်တို့သည် ခရစ်တော် မှကျွန်ုပ်တို့ သင်ကြားသင့်သော သင်ခန်းစာများကိုသင်ကြားပါက ယခုဆိုခဲ့ ပြီးသောအရာအားလုံးကို ရရှိကြမည်။

## လိုအပ်နေသောအမှုတော်ဆောင်များအမျိုးအစား

ကုန်လွန်သွားသောအချိန်၌ နေထိုင်ကြသောသူများရရှိဖို့ရန် မလွယ်ကူသောအခွင့်အရေးများနှင့် အကျိုးကျေးဇူးများကို ယခုအချိန်၌ ကျွန်ုပ်တို့သည်

ခံစားလျက်ရှိကြသည်။ ကျွန်ုပ်တို့၌ပိုမိုသောအလင်းရှိသည်။ သစ္စာရှိသော ကင်းစောင့်များတို့သည် ဘုရားသခင်ကို မိမိတို့၏အားထားရာအရှင်အဖြစ် ထားပြီးလျှင် တန်ခိုးကိုကိုယ်တော်ထံမှရရှိ၍ လောကကြီးသို့အလင်းကို ကြည်လင် တောက်ပစွာအလင်းပေးခဲ့သော လုပ်ဆောင်ချက်ကြောင့်ဖြစ်သည်။ လွန်လေ ပြီးသောအချိန်၌ မြင့်မြတ်တန်ဖိုးရှိသောယောကျ်ားနှင့်မိန်းမတို့သည် ဘုရားသခင် သူတို့အားပေးသောအလင်းကို တိုးတက်အောင်ပြုလုပ်ကြသကဲ့သို့ ယခုအချိန် ၌လည်း ကျွန်ုပ်တို့သည် ပိုမို၍ရသောအလင်းကို တိုးတက်အောင်ပြုလုပ်ရမည်။ ခရစ်တော်၏ကျောင်း၌ သူတို့ကိုပေးသောသင်ခန်းစာများကို သင်ယူဖို့ရန် အချိန်ကြာရှည်စွာလုပ်ကိုင်ကြသည်။ သူတို့သည် အချည်းနှီးမလုပ်ဆောင်ကြပေ။ သူတို့၏ကြိုးစားဆောင်ရွက်ခြင်းကြောင့် ဆုလာဘ်ကိုရရှိခဲ့ကြသည်။ သူတို့သည် သူတို့၏ကိုယ်ကို တန်ခိုးအကြီးဆုံးဖြစ်သောတန်ခိုးများဖြင့် ချည်နှောင်ရစ်ပတ်ထားရှိသော်လည်း၊ လိုအပ်နေသောကမ္ဘာကြီးအား သမ္မာတရား၏အနှစ်အရသာကို အောင်မြင်စွာပြသနိုင်ဖို့ရန် ထာဝရကာလတည်သော အဖြစ်မှန်များကို နက်ရှိုင်းမြင့်မားစွာ တွေ့မြင်လိုသောဆန္ဒရှိနေသည်။

ဤကဲ့သို့စာရိတ္တရှိသော အမှုတော်ဆောင်များကို ယခုအချိန်၌ လိုအပ်နေသည်။ ဒံယေလကဲ့သို့သောယောကျ်ားများ ကောင်းကင်နိုင်ငံစာအုပ်များထဲ၌ စာရင်းဝင်သောယောကျ်ားသည် သူတို့၏အစွမ်းများကိုပြုစု၍၊ ဆိုးညစ်ခြင်းနှင့်ပြည့်ဝနေသောလောကကြီးအား ဘုရားသခင်၏နိုင်ငံတော်ကို မည်ကဲ့သို့ ပြသရမည်အကြောင်း ကြိုးစားလုပ်ဆောင်နေသောသူများဖြစ်ကြသည်။ အသိပညာ၌ တိုးတက်ခြင်းသည်လိုအပ်သည်။ ဘုရားသခင်အမှုတော်တိုးတက်ကြီးပွားဖို့ရန် လုပ်ဆောင်သောအခါ အသိပညာသည် ကောင်းဖို့ရန်အတွက် တန်ခိုးဖြစ်သည်။ ကမ္ဘာကြီးသည် စဉ်းစားတတ်၍ အကြံအဖန်ကောင်းသော သူများ၊ စည်းကမ်းရှိသောသူများနှင့် နားလည်ခြင်းနှင့်ခွဲခြားသိမြင်တတ်ခြင်း၌ တိုးတက်နေသောသူများကိုလိုသည်။ ပုံနှိပ်တိုက်သည်လည်း ကမ္ဘာတစ်ဝန်းလုံးရှိ လူမျိုးအသီးသီးတို့ထံသို့ သမ္မာတရားကိုအမြန်ဆုံး၊ အကျိုးအရှိဆုံးနည်းဖြင့် ဖြန့်ဖြူးပေးနိုင်သောနည်းလမ်းကို အကောင်းဆုံးအသုံးချနိုင်မည့် လူများကို လိုနေသည်။

## ကျွန်ုပ်တို့အဖို့အရည်အချင်းပြည့်စုံရာအခြေအမြစ်

အလုပ်လုပ်ကိုင်ဖို့ရန် မကြောက်သောလူငယ်လူရွယ်များ၊ ရိုးသားစွာ လုပ်ကိုင်ပေးနိုင်သော လူငယ်လူရွယ်များကို ကျွန်ုပ်တို့အသုံးချလိုသည်။ ထိုသို့အရည်အချင်းရှိသောလူငယ်လူရွယ်များသည် နေရာတိုင်း၌ အလုပ်ရနိုင်သည်။ အကြောင်းမှာ သူတို့သည် အလုပ်ကိုလုပ်ကိုင်ရာ၌ ဆိုင်းတွခြင်းမရှိ။ သူတို့၌ စိတ်နှင့်ဝိညာဉ်ပါ မြင့်မြတ်ခြင်းရှိကြသည်။ သူတို့သည် အမြင့်တူ၍၊ အောင်မြင်ခြင်းဟုကြွေးကြော်လျက် ရှေ့နှင့်အပေါ်သို့မှန်မှန်ချီတက် သွားကြသည်။ သို့သော်လည်း ပျင်းရိသောသူ၊ ကြောက်တတ်သောသူနှင့် မယုံကြည်သောသူတို့သည် ယုံကြည်ခြင်းကင်း၍ ခရစ်တော်အဖို့ မိမိတို့ ကိုယ်ကိုမငြင်းပယ်သောကြောင့်၊ အမှုမတိုးတက်အောင် တားဆီးခြင်းပြုကြသည်။ ထိုသို့သောလူများအဖို့ အလုပ်မရှိပေ။

ကိုယ်တော်နှင့်အတူ လုပ်ကိုင်လိုသောသူများကိုသာ ဘုရားသခင်သည် ခေါ်ဖိတ်သည်။ ခရစ်တော်နှင့်ဆက်ထားသောအခါ လူ၏သဘာဝစိတ်ဓာတ်သည် သန့်ရှင်းမှန်ကန်ခြင်းရှိသည်။ ခရစ်တော်သည် အရည်အချင်းကိုပေး၍ လူသည် ကောင်းသောအရာအတွက် တန်ခိုးဖြစ်လာသည်။ မှန်ကန်ခြင်းနှင့် ရိုးဖြောင့်ခြင်းသည် ဘုရားသခင်၏ဂုဏ်တော်များဖြစ်၍၊ ဤဂုဏ်တော်များကို ပိုင်ဆိုင်သောသူသည် မထိုးဖောက်နိုင်သောတန်ခိုးကို ပိုင်ဆိုင်သောသူဖြစ်သည်။ Review and Herald, March 10, 1903.

## အတွင်း၌ရှိသောဖြောင့်မတ်ခြင်း

အတွင်း၌ရှိသောဖြောင့်မတ်ခြင်းကို အပြင်ပ၌ရှိသောဖြောင့်မတ်ခြင်းသည် သက်သေခံသည်။ အတွင်း၌ဖြောင့်မတ်ခြင်းရှိသောသူသည် စိတ်ခိုင်မာခြင်း၊ ကိုယ်ချင်းမစာနာတတ်ခြင်းမရှိ၊ သူသည် နေ့စဉ်နေ့တိုင်း ခရစ်တော်၏ ပုံသဏ္ဍာန်၌ကြီးပွား၍၊ ခွန်အားတစ်ခုမှနောက်ခွန်အားတစ်ခုသို့ တိုးတက်ခဲ့လေသည်။

သမ္မာတရားအားဖြင့် သန့်ရှင်းခြင်းရှိသောသူသည် မိမိကိုယ်ကို အုပ်ထိန်းလိမ့်မည်။ ကျေးဇူးတော်သည် ဘုန်းတော်၌ပျောက်ကွယ်သွားသည် တိုင်အောင် ခရစ်တော်၏ခြေရာ၌ လျှောက်လိုက်လိမ့်မည်။ ကျွန်ုပ်တို့ကို ဖြောင့်မှန်ကြောင်း ထင်ရှားစေသောဖြောင့်မတ်ခြင်းသည် မထိုက်တန်ဘဲရသော အရာဖြစ်သည်။ ကျွန်ုပ်တို့ကို သန့်ရှင်းစေသောဖြောင့်မတ်ခြင်းသည် ဝေငှ သောအရာဖြစ်သည်။ ပထမ၌ ကျွန်ုပ်တို့ကို ကောင်းကင်သို့ရောက်ဖို့ရန် ဘွဲ့ဖြစ်၍၊ ဒုတိယ၌ ကျွန်ုပ်တို့ကိုကောင်းကင်သို့ရောက်ရန် ထိုက်တန်စေခဲ့ သည်။ Review and Herald, June 4, 1895.

—o—

# ရောက်ရှိနိုင်သည့်မြင့်သော နေရာများ – ၆

ချစ်သောလူငယ်၊ သင့်အသက်တာ၏ဦးတည်ချက်သည် မည်သည့်အရာဖြစ်သနည်း။ လောကကြီး၌ နာမည်တစ်လုံး၊ ရာထူးရာခံနှင့်နေနိုင်ဖို့ရန်၊ ပညာကိုဆည်းပူးရမည်ဟု သင်၌စိတ်ဆန္ဒဖြစ်နေသလား။ သင်သည် တစ်နေ့သောအခါ သိမှတ်တတ်သော သတ္တိနှင့်ဆိုင်၍ အထွတ်အထိပ်သို့ရောက်ရှိလိမ့်မည်ဖြစ်ကြောင်းကိုလည်းကောင်း၊ သင်သည် တရားဥပဒေပြုစုသည့် အချေအတင်ပြောဆိုသော ကောင်စီများ၌ထိုင်၍ တိုင်းပြည်နိုင်ငံအတွက် ဥပဒေများကိုပြဋ္ဌာန်းခြင်း၌လည်းကောင်း မစလုပ်ကိုင်ပေးရမည့် အလုပ်အကိုင်များအကြောင်းကို စဉ်းစား၍မဖော်ပြဝံ့ဘဲနေသလား။ ဤအရာများကိုတပ်မက်ခြင်း၌ မှားယွင်းခြင်းမရှိပေ။ သင်တို့တစ်ဦးစီ သင်တို့၏မှတ်တိုင်ကို ထားနိုင်ကြသည်။ သင်တို့သည် တော်ရုံတန်ရုံနှင့် စိတ်ကျေနပ်၍မနေသင့်ပေ။ မြင့်မြင့်ကြံ၍၊ ထိုအဆင့်အတန်းသို့ရောက်ဖို့ရန် ဖွဲကောင်းကောင်းဖြင့်လုပ်ကိုင် ပါ။

### ဘာသာတရားသည်အသက်တာ၏အခြေအမြစ်ဖြစ်ခြင်း

ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသဘောသည် မှန်ကန်သောကြီးကျယ်ခြင်းအားလုံးတို့၏အခြေခံဖြစ်သည်။ ရိုးသားဖြောင့်မှန်ခြင်း၊ တိမ်းယိမ်းခြင်းမရှိသော ရိုးသားခြင်းသည် ကျင့်ဝတ်တရားဖြစ်၍ သင်၏အသက်တာနှင့်ဆက်သွယ်နေသောအရာအားလုံးတို့၌ သင်နှင့်အတူပါသွားရမည်။ သင်၏ဘာသာအယူဝါဒကို သင်၏ကျောင်းအသက်တာ၌လည်းကောင်း၊ သင်၏ဘော်ဒါကျောင်းဆောင်တွင်နေစဉ်လည်းကောင်း၊ သင်လုပ်ကိုင်ဆောင်ရွက်လေသမျှတို့၌လည်းကောင်း ယူဆောင်သွားလော့၊ ယခုအချိန်တွင် သင့်အဖို့အရေးအကြီးဆုံးသောမေးခွန်းမှာ – ခရစ်ယာန်၏စာရိတ္တ၌ စင်ကြယ်ခြင်းနှင့်အစွန်းအကွက်မရှိစေရန် မည်ကဲ့သို့သောလေ့လာခြင်းများကိုရွေးချယ်၍စုံလင်ခြင်းဖြစ်စေအံ့နည်း။ ထိုသို့ပြုလုပ်ရာ၌ လောကီနှင့်သက်ဆိုင်သော

တောင်းဆိုခြင်းများနှင့် စိတ်ဝင်စားခြင်းများကိုနှိပ်ကွပ်၍၊ ခရစ်တော်၏ဧဝံဂေလိတရားတော်တွင် မြင့်မားစွာတောင်းဆိုသောအရာများကို ဦးစားပေးရမည်။

သင်၌စွမ်းရည်သတ္တိရှိသရွေ့ကို ယခုအချိန်၌ဆောက်တည်ရန်လိုသည်။ သို့မှသာလျှင် သင်၏ကိုယ်ကို အသင်းအပင်းနှင့်လည်းကောင်း၊ အသက်တာနှင့်လည်းကောင်း ဆက်စပ်ပေး၍ သင့်ကိုဖန်ဆင်းခြင်း၌ ဘုရားသခင်၏အကြံအစည်တော်ကို သင်သည်ဖြည့်တင်းပေးနိုင်လိမ့်မည်။ ခရစ်တော်၏တပည့်တော်များဖြစ်သည့်အားလျော်စွာ လောကီနှင့်ဆိုင်သောအရာများကိုရှာဖွေခြင်း၌ သင့်ကိုပိတ်ပင်ခြင်းမပြုပေ။ သို့သော်လည်း သင်၏ဘာသာအယူဝါဒကို သင်နှင့်အတူယူဆောင်သွားရမည်။ သင်သည် မည်သည့်အလုပ်ကိုမဆို အရည်အချင်းရှိ၍လုပ်ကိုင်သောအခါ၊ ယုံကြည်ချက်ကျင့်ဝတ်ကိုအနစ်နာမခံသရွေ့ အောင်မြင်ခြင်းရှိမည်မဟုတ်ဟူသောအယူအဆကို မည်သည့်အခါမျှ စိတ်ကူးထဲမထည့်ပါနှင့်။

## မြင့်မားသောတာဝန်ဝတ္တရားများ

ဘာသာတရားနှင့်စပ်ဆိုင်သော ကျင့်ဝတ္တရားများနှင့်အလေးညီခြင်းရှိပါက၊ သင်ကြိုက်နှစ်သက်သည့် အမြင့်သို့ရောက်အောင် တက်နိုင်သည်။ ဘုရားသခင်သည် သင့်အဖို့မြင့်မြတ်သောနေရာသို့ ရောက်ရှိနိုင်ဖို့ရန် သတ်မှတ်ထားသောနေရာသို့ သင်ရောက်ရှိနေသည်ကို ကျွန်ုပ်တို့သည် ဝမ်းမြောက်စွာတွေ့မြင်လိုကြသည်။ သခင်ယေရှုသည် အဖိုးထိုက်တန်သောလူငယ်ကို ချစ်တော်မူသည်။ သူတို့သည်ပြုစုထားခြင်း၊ ကြီးပွားခြင်းမရှိသောအစွမ်းသတ္တိများဖြင့် ကြီးပွားလာသည်ကို မနှစ်သက်၊ မတွေ့မြင်လိုပေ။ သူတို့သည် ခိုင်ခံ့သောကျင့်ဝတ်များဖြင့် သန်စွမ်းခြင်းဖြစ်လာ၍ မြင့်မားသောတာဝန်များလုပ်ကိုင်ဆောင်ရွက်ရန် တော်သင့်သောသူများဖြစ်ရမည်။ ဤကဲ့သို့ဖြစ်မြောက်နိုင်ဖို့ရန် စည်းကမ်းတကျ စွမ်းဆောင်လုပ်ကိုင်နိုင်ကြသည်။

သို့သော်လည်း ဘုရားသခင်ပေးထားသောတန်ခိုးများကို မကောင်းမှု

ပလုပ်၍ သူတစ်ပါးကိုဖျက်ဆီးခြင်းဖြင့် ကြီးကျယ်သောပြစ်မှုကျူးလွန်ခြင်းကို မည်သည့်အခါမျှ မလွန်ကျူးပါနှင့်။ အထူးအရည်အချင်းနှင့်ပြည့်စုံသောသူများ ရှိကြရာ ထိုသူများသည် သူတို့၏ခွန်အားသတ္တိကို စာရိတ္တပျက်ပြားခြင်းနှင့် ယိုယွင်းခြင်းဖြစ်စေရန် အနဲ့အပြားလုပ်ကိုင်နေကြသည်။ သို့သော် ထိုမျိုးစေ့များမှ ပေါက်လာသောအပင်များကို သူတို့သည်ရိတ်သိမ်းဖို့ရန် ဝါကြွားကြမည်မဟုတ်ပေ။ အသင်းအဖွဲ့များအဖို့ ကောင်းချီးမင်္ဂလာဖြစ်စေမည့်အစား ဘုရားသခင်ချပေးတော်မူသော ခွန်အားသတ္တိများကိုအသုံးပြုရာ၌ ပူဆွေးခြင်းနှင့်ပျက်စီးခြင်းများကိုပျံ့နှံ့စေပါက ကြောက်မက်ဖွယ်ရာကောင်းသောအရာတစ်ခုပင်ဖြစ်သည်။ ကျွန်ုပ်တို့အား အပ်နှံထားသောအစွမ်းသတ္တိကိုအသုံးမပြုဘဲ လောကကြီးထဲ၌ဝှက်ထားပါက ကြောက်မက်ဖွယ်ရာကောင်းသောအရာတစ်ခုပင်ဖြစ်သည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် အသက်သရဖူကို လွှင့်ပစ်လိုက်ခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆောင်ရွက်ခြင်းကို တောင်းဆိုတော်မူသည်။ လူတိုင်းတို့၌ တာဝန်ဝတ္တရားများထမ်းဆောင်ဖို့ရန်ရှိသည်။ ဤတာဝန်ဝတ္တရားများကို ပြည့်စုံစွာလက်ခံ၍၊ သစ္စာရှိစွာဖြောင့်ဖြောင့်မှန်မှန် လုပ်ကိုင်သောအခါမှသာလျှင် ကျွန်ုပ်တို့သည် အသက်တာ၏ကြီးကျယ်သော အလုပ်ကို ပြည့်စုံစေနိုင်လိမ့်မည်။

## ကိုးကွယ်သည့်ဘာသာ၏ဩဇာသက်ရောက်ခြင်း

"ယခုအသက်ပျိုစဉ်အခါပင်၊ သင့်ကိုဖန်ဆင်းတော်မူသောအရှင်ကို အောက်မေ့လော့" ဟု ပညာရှိဆိုသည်။ သို့သော်လည်း ဘာသာတရားသည် ဝမ်းနည်းသုန်မှုန်ခြင်းဖြစ်စေ၍ သင်၏အောင်မြင်ခြင်းလမ်းကိုပိတ်ဆို့လိမ့်မည် ဟု အနည်းငယ်မျှထင်မြင်ခြင်းမရှိပါနှင့်။ ခရစ်တော်၏ဘာသာတရားသည် အစွမ်းသတ္တိတစ်ခုကိုမျှ ဖျက်ပယ်ခြင်း (သို့မဟုတ်) အားနည်းခြင်းမဖြစ်စေပါ။ သင်သည် မှန်ကန်သောပျော်ရွှင်ခြင်းကိုခံစားဖို့ရန် မည်သည့်နည်းနှင့်မျှ သင့်ကို မစွမ်းဆောင်နိုင်အောင် ဖြစ်စေမည်မဟုတ်။ အသက်တာ၌ သင်၏စိတ်ဝင်စား

ခြင်းကိုလည်း နည်းပါးသွားအောင် ပြုလုပ်ရန်မဟုတ်။ သို့မဟုတ် သင်၏ မိတ်ဆွေများနှင့်အသင်းအဖွဲ့များတို့၏တောင်းဆိုခြင်းကိုလည်း ဂရုမစိုက်ဘဲ နေထိုင်ရန်ပြုလုပ်ခြင်းလည်းမဟုတ်။ ဘာသာတရားသည် အသက်တာကို လျှော်တေအဝတ်ဖြင့် ခြုံလွှမ်းမထားပေ။ ပြင်းစွာသက်မချ၍ ညည်းတွားခြင်း ဖြင့်ဖော်ပြခြင်းမပြုပေ။ မဟုတ်ပေ၊ ဤကဲ့သို့မဟုတ်ပေ။ မည်သူမဆို အရာခပ် သိမ်း၌ ဘုရားကိုပထမနှင့်နောက်ဆုံး အကောင်းဆုံးပြုလုပ်ပါက ကမ္ဘာပေါ်တွင် အပျော်ဆုံးသောလူများဖြစ်လိမ့်မည်။ ပြုံးရယ်ခြင်းနှင့်နေရောင်ခြည်သည် သူတို့ ၏မျက်နှာပုံမှပျောက်ပျက်၍မသွားပေ။ ကိုးကွယ်သည့်ဘာသာသည် လက်ခံ သောသူကို ကြမ်းတမ်းရိုင်းစိုင်းခြင်း၊ မသေသပ်ခြင်း၊ မယဉ်ကျေးခြင်းကို မဖြစ်စေ။ သို့ဖြစ်မည့်အစား လူကိုမြှင့်တင်၍ မြင့်မြတ်စေခြင်း၊ အတွေ့ အကြုံ၌သိမ်မွေ့ခြင်း၊ သူ၏ဆုံးဖြတ်ချက်ကိုသန့်ရှင်းစေ၍၊ ကောင်းကင်တမန် များ၏အသင်းအပင်းနှင့် သခင်ယေရှုသွားရောက်ပြင်ဆင်သောအိမ်အတွက် သူ့ကိုအံဝင်ခွင်ကျဖြစ်စေမည်။

သခင်ယေရှုသည် ပျော်မွေ့ရာစမ်းရေတွင်းဖြစ်သည်ကို ကျွန်ုပ်တို့သည် မျက်ခြည်မပြတ်သင့်ပေ။ လူတို့၌ စိတ်ဆင်းရဲခြင်းရောက်နေသည်ကို ကိုယ်တော် သည် နှစ်သက်ခြင်းမရှိပေ။ အားလုံးတို့သည် ပျော်ရွှင်စွာနေကြသည်ကို တွေ့မြင်လိုသည်။ ခရစ်ယာန်များသည် သူတို့၏လက်တွင်း၌ပျော်ရွှင်ဖို့ရန် အခြေခံများစွာရှိရာ၊ မည်သည့်ပျော်ရွှင်ခြင်းများသည် မှန်ကန်၍ မည်သည့် ပျော်ရွှင်ခြင်းများသည် တရားအတိုင်းမဟုတ်ကြောင်းကို မှားယွင်းခြင်းမရှိဘဲ သေချာစွာပြောဆိုနိုင်သည်။ စိတ်ကိုအချည်းနှီးဖြစ်စေ၍ အသက်ဝိညာဉ်ကို ယုတ်ညံ့ခြင်းမဖြစ်စေနိုင်သော ရွှင်မြူးပျော်ပါးခြင်းများကို သူတို့လိုက်ကြမည်။ ထိုကဲ့သို့သောပျော်ရွှင်ခြင်းများသည် စိတ်ပျက်ခြင်း၊ နောက်မှနောင်တရခြင်း၊ အရိုအသေတန်ခြင်းများကိုမဖျက်ဆီး၊ သို့မဟုတ် အသုံးဝင်ခြင်းကိုလည်း ဆီးတားခြင်းမပြုပေ။ သူတို့သည် သခင်ယေရှုကို သူတို့နှင့်အတူခေါ်ဆောင် သွား၍ ဆုတောင်းသောသဘောမျိုးထားရှိပါက၊ သူတို့၌လုံးဝလုံခြုံခြင်းရှိသည်။

## ကျွန်ုပ်တို့သည်အစွမ်းသတ္တိများ၏ဘဏ္ဍာစိုးဖြစ်ခြင်း

ပျိုရွယ်သောမိတ်ဆွေများတို့၊ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသည် တိုးတက်ခြင်း အားလုံးတို့၏အုတ်မြစ်ခြေရင်း၌ရှိ၍၊ ပညာ၏အစပင်ဖြစ်သည်။ သင်၏ကောင်းကင်ဘုံရှင် အဖဘုရားသည် သင့်ကိုတောင်းဆိုပိုင်ခွင့်ရှိသည်။ သင်၏အသနားခံခြင်း (သို့မဟုတ်) သင်၌အကျိုးခံစားခွင့်မရှိဘဲ ကိုယ်တော်သည်သင့်အားကြွယ်ဝစွာပေးကမ်းတော်မူ၏။ ဤအရာအပြင် ကောင်းကင်တစ်ခုလုံးကို တစ်ခုတည်းသောလက်ဆောင်ပစ္စည်း၌ ပေးကမ်းတော်မူခဲ့၍ ထိုလက်ဆောင်သည် ကိုယ်တော်ချစ်တော်မူသော သားတော်ဖြစ်သည်။ ဤ အဖိုးမဖြတ်နိုင်သောလက်ဆောင်ကို တုံ့ပြန်ရာ၌ သင်၏ဆန္ဒပါသောနားထောင်ခြင်းကို တောင်းဆိုသည်။ သင့်ကိုအဖိုးနှင့်ဝယ်ယူပြီးဖြစ်သောကြောင့်၊ ဘုရားသခင် သားတော်၏အဖိုးထိုက်တန်သောအသွေးဖြင့် ဝယ်ယူတော်မူပြီ။ သို့ဖြစ်၍ သင်ခံစားနေရသောအခွင့်အရေးများကို မှန်ကန်စွာအသုံးပြုဖို့ရန် ကိုယ်တော်အလိုရှိသည်။ သင်၏သိမြင်နားလည်တတ်ခြင်းနှင့် ကျင့်ဝတ်တရား စွမ်းရည်များသည် ဘုရားသခင်ချပေးတော်မူသော ဆုလာဘ်များဖြစ်၍ လိမ္မာစွာတိုးတက်ခြင်းရှိစေဖို့ရန် သင့်အားအပ်နှံထားသော အစွမ်းသတ္တိများဖြစ်သော

ကြောင့်၊ သင်သည်၎င်းတို့ကို လိမ္မာစွာတိုးတက်စေရမည်။ ကောင်းမွန်စွာကြည့်ရှုပြုစုခြင်းမရှိသောကြောင့် ၎ပ်နေခြင်းမရှိစေရ။ သို့မဟုတ် လှုပ်ရှားခြင်းမရှိ၍ ပိန်ကြုံ၊ ချို့တဲ့ခြင်းအခြေအနေ၌ရှိနေဖို့ရန် သင်၌လုပ်ကိုင်ခွင့်မရှိပေ။ သင့်အပေါ်၌ လေးလံစွာရှိနေသော တာဝန်ဝတ္တရားများကို သစ္စာရှိစွာဖြင့် လုပ်ကိုင်မည်၊ မလုပ်ကိုင်မည်ဟူသောအချက်ကို သင်သာလျှင်ဆုံးဖြတ်ခြင်းပြုရပေမည်။ ၎င်းပြင် သင်သည် ကြိုးစား၍လုပ်ကိုင်ရာ၌ အကောင်းဆုံးဖြစ်ဖို့ရန် လုပ်ကိုင်ခြင်းရှိ၊ မရှိကိုလည်း သင်ကိုယ်တိုင်ဆုံးဖြတ်ရမည်။

ကျွန်ုပ်တို့သည် နောက်ဆုံးသောနေ့များတို့၏ဘေးအန္တရာယ်များတွင် အသက်ရှင်နေကြသည်။ ကောင်းကင်တစ်ခုလုံးသည် သင်၏စာရိတ္တများ၌ မည်သည့်ပုံသဏ္ဍာန်မျိုးပြုလုပ်နေသည်ကို စိတ်ဝင်စားနေကြသည်။ တပ်မက်ခြင်းအားဖြင့် ကမ္ဘာပေါ်၌ရှိသော ဖောက်ပြန်ယိုယွင်းခြင်းကို လွတ်မြောက်ခဲ့ပြီးသည်နောက် သင်သည် မြင့်မြတ်သောသဘောကို ယူတင်ဝတ်ဆောင်နိုင်ဖို့ရန် သင့်အဖို့အရာရာစီမံထားလျက်ရှိလေပြီ။ လူသည် မိမိ၏ခွန်အားနည်းနေသောကြိုးစားခြင်းဖြင့် မကောင်းမှု၏တန်ခိုးများကို ရင်ဆိုင်၍အောင်မြင်ဖို့ရန် တစ်ဦးတည်းပစ်ထားခြင်းမခံရပေ။ မစခြင်းသည်

အနီး၌ရှိ၍၊ အလိုရှိ သောအသက်ဝိညာဉ်တိုင်းတို့အား ပေးကမ်းမည်။ ယာကုပ် အိပ်မက်တွင် မြင်ရသောလှေကားပေါ်တွင် ဆင်းချီ၊ တက်ချီပြုလုပ်နေကြသော ဘုရားသခင်၏ ကောင်းကင်တမန်များသည် အမြင့်ဆုံးသောကောင်းကင်သို့ တက်ဖို့ရန်ဆန္ဒ ရှိသော အသက်ဝိညာဉ်တိုင်းကို မစခြင်းပေးလိမ့်မည်။ သူတို့သည် ဘုရားသခင် ၏လူများကို စောင့်ရှောက်နေကြ၍၊ ခြေလှမ်းတိုင်း မည်ကဲ့သို့လှမ်းနေကြ သည်ကို စောင့်ကြည့်နေကြသည်။ တောက်ပသော လမ်းသို့တက်သွားသော သူတို့ကို ဆုလာဘ်များပေးမည်ဖြစ်၍ သူတို့သည် သူတို့သခင်၏ပျော်မွေ့ ရာသို့ ဝင်စားကြလိမ့်မည်။ Fundamentals of Christian Education, pp. 82-86.

## မြင့်သောစံချိန်သို့ရောက်ရှိရန်

လူတို့၏အမြင့်ဆုံးသော အကြံအစည်ထက်သာ၍မြင့်သောနေရာသို့ ကိုယ်တော်၏သားသမီးများရောက်ရှိဖို့ရန်သည် ဘုရားသခင်၏ရည်မှန်းချက်ဖြစ်သည်။ ဘုရားဝတ်၌မွေ့လျော်ခြင်း၊ ဘုရားသခင်နှင့်တူရခြင်းသည် ရောက်ရှိရမည့်ပန်းတိုင်ပင်ဖြစ်သည်။ စာသင်သား၏ရှေ့၌ အစဉ်တိုးတက်နေသောလမ်းသည် ပွင့်လျက်ရှိသည်။ သူ၌ဆုံးခန်းတိုင်ရောက်ရှိနိုင်ဖို့ရန် ရည်ရွယ်ချက်ရှိ၍၊ ကြိုးစား၍ရရှိနိုင်ဖို့ရန် နှုန်းစံရှိသည်။ သန့်ရှင်းမြင့်မြတ်သောအရာအားလုံးပါဝင်လေသည်။ သူသည် မှန်ကန်သော အသိဉာဏ်ဘက်၌ လျင်မြန်စွာတတ်နိုင်သရွေ့ အဘက်ဘက်၌ တိုးတက်ခြင်းရှိလိမ့်မည်။ ကောင်းကင်သည်မြေကြီးထက်သာ၍မြတ်သကဲ့သို့ အရာများကိုရည်မှန်းခြင်း၌ သူ၏ကြိုးစားခြင်းသည် ကိုယ်ကျိုးရှာဖွေခြင်းနှင့် လောကီစိတ်ဝင်စားခြင်းများထက်သာ၍မြင့်လိမ့်မည်။ Education, pp. 18,19.

## ဘုရားသခင်၏ကျေးဇူးတော်လမ်းကြောင်းများ

အသက်ဝိညာဉ်တိုင်းတို့၌ ဘုရားသခင်သည် သူတို့နှင့်ဆက်သွယ်နိုင်သောလမ်းကြောင်း၌ နေထိုင်ဖို့ရန် အခွင့်အရေးများစွာရှိလေသည်။ ထိုသို့နေထိုင်မှသာလျှင် ကိုယ်တော်၏ကျေးဇူးတော်ဘဏ္ဍာဖြစ်သော ခရစ်တော်၏

ရှာဖွေ၍မကုန်ဆုံးနိုင်သော ကြွယ်ဝခြင်းများကို ရရှိနိုင်ကြမည်။ ကျွန်ုပ်တို့သည် လောက၌ ခရစ်တော်၏ကိုယ်စားလှယ်များဖြစ်ကြရာ၊ ကိုယ်တော်၏ဝိညာဉ်တော်နှင့်စာရိတ္တကို လောကကြီး၌ဖော်ပြရန် ကိုယ်တော်သည် အလွန်အလိုရှိတော်မူသည်။ ကယ်တင်ရှင်၏ချစ်ခြင်းမေတ္တာတော်ကို လူသားတို့မှတစ်ဆင့် လောကကြီးအားဖော်ပြဖို့ရန် အလွန်လိုအပ်လျက်ရှိနေသည်။ လူသားတို့၏ စိတ်နှလုံး၌ ပျော်ရွှင်ခြင်းနှင့်ကောင်းချီမင်္ဂလာရရှိစေနိုင်ဖို့ရန် သန့်ရှင်းသောဆီသွန်းလောင်းပေးနိုင်သည့်လမ်းကြောင်းများကို ကောင်းကင်တစ်ခုလုံးသည် စောင့်မျှော်လျက်နေကြသည်။ Christ’s Object Lessons, p. 419.

–o–

# အရည်အချင်းနှင့်ပြည့်စုံသော စံချိန်များ – ၇

လူငယ်ပေါ်၌ အလွန်အရေးကြီးသော တာဝန်ဝတ္တရားများရှိသည်။ အလင်းနှင့်ပညာတိုးတက်နေသော ယခုခေတ်တွင် အသက်ရှင်လျက်ရှိနေကြသော လူငယ်များအပေါ်၌ ဘုရားသခင်သည် များစွာမျှော်လင့်လျက်ရှိတော်မူသည်။ သူတို့သည် ဤအလင်းနှင့်အသိပညာကို ပေးကမ်းဖို့ရန် မျှော်လင့်တော်မူသည်။ အများသောသူတို့၏စိတ်များတွင် မှားယွင်းခြင်းနှင့်အစွဲအလမ်း

ဖြင့် မှောင်မိုက်နေခြင်းကိုပျောက်ကင်းသွားစေဖို့ရန် ဘုရားသခင်သည် သူတို့ကို အသုံးပြုလိုသောဆန္ဒရှိတော်မူသည်။ သူတို့သည် အသိပညာနှင့်ဗဟုသုတဆိုင်ရာ အသေးအနုပ်နှင့်ဘွဲ့အမည်ကိုပါစုသိမ်း၍ မိမိတို့ကိုယ်ကို နည်းနာကျအောင် လေ့ကျင့်ထားရကြမည်။ သူတို့ကိုပေးထားသော အခွင့်အရေးများ နှင့်အခွင့် ကောင်းများကို သူတို့၌တာဝန်ရှိကြောင်း ဘုရားသခင်သည် သတ်မှတ် တော်မူ သည်။ အချိန်အခါတောင်းဆိုသည့်အတိုင်း တစ်နေရာမှနောက်တစ်နေရာသို့ တိုးတက်သွားနိုင်ဖို့ရန် သူတို့ရှေ့၌ရှိသောအလုပ်သည် သူတို့၏ကြိုးစားဆောင် ရွက်လုပ်ကိုင်ပေးခြင်းကို စောင့်မျှော်နေသည်။

လူငယ်တို့သည် သူတို့၏စိတ်နှလုံးများနှင့်စိတ်များကို ဘုရားသခင်၏ အမှုတော်၌ ဆက်ကပ်မည်ဆိုပါက၊ သူတို့သည် မြင့်မားသောအရည်အချင်းနှင့် အသုံးကျခြင်းအဆင်းအတန်းသို့ ရောက်ရှိလိမ့်မည်။ ဤအဆင့်အတန်းသို့ လူငယ်များရောက်ရှိဖို့ရန် ဘုရားသခင်မျှော်လင့်တော်မူသည်။ ဤအဆင့်အတန်း ထက်နိမ့်ကျမည်ဆိုပါက ဘုရားသခင်ပေးထားသောအခွင့်အရေးများကို အသုံးပြု ဖို့ရန် ငြင်းပယ်ခြင်းပင်ဖြစ်လိမ့်မည်။ ဤကဲ့သို့ပြုလုပ်ပါက ဘုရားသခင်ကို သစ္စာဖောက်ခြင်း၊ လူသားတို့အဖို့ အလုပ်လုပ်ကိုင်ပေးဖို့ရန် ပျက်ကွက်ခြင်း ပင်ဖြစ်သည်ဟု ယူဆရပေမည်။

## အမှုတော်ဆောင်ရွက်ဖို့ရန်အရည်အချင်းရှိခြင်း

ဘုရားသခင်အဖို့ လုပ်ဆောင်ပေးသောသူများဖြစ်ဖို့ရန် ကြိုးစားသောသူများ၊ ပေးကမ်းဖို့ရန် စိတ်ထက်သန်စွာဖြင့်ရှာကြံသောသူတို့သည် ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်ဖို့ရန် ဘုရားသခင်အထံတော်မှ အစဉ် အလင်းရရှိနေကြလိမ့်မည်။ လူငယ်ယောကျ်ားကလေးများနှင့် လူငယ်မိန်းကလေး များတို့သည် ဒံယေလကဲ့သို့ သူတို့၏အကျင့်ဓလေ့များ၊ ခံတွင်းအရသာခံခြင်းများနှင့် စိတ်အလိုရမ္မက်များကို ဘုရားသခင်အလိုရှိအပ်သည့်စည်းကမ်းအတိုင်း ထားပါက သူတို့သည် သာ၍မြင့်မားသောအလုပ်ကို လုပ်ကိုင်ဖို့ရန် အရည်အချင်းရှိကြမည်။ သူတို့၏စိတ်တွင်းမှ အသုံးမကျ၍သိမ်ဖျင်းသောအရာများကို ထုတ်ပယ်ပစ်လိုက်ရမည်။ ကိုယ်တော်၏အသားကိုစား၍ အသွေးကို သောက်သောသူတို့သည် ဘုရားသခင်၏သားတော်၌ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်နေကြသောကြောင့် သူတို့၏အသက်တာနှင့်ဗဟုသုတမှ အနှစ်သာရမရှိသော အပျော်အပါးလိုက်စားခြင်းနှင့် နှစ်သက်ဝါသနာပါခြင်းများကို စွန့်ပစ် ကြရမည်။

သူတို့အဖို့ အကျိုးဖြစ်ထွန်းမည့်ပညာများသည် သူတို့၏လက်လှမ်းမီရာ၌ရှိသော်လည်း သူတို့သည် ဘုရားသခင်၏စပျစ်ဥယျာဉ်တစ်နေရာ၌ လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ရန် တော်သင့်သောပညာကို ရရှိလိမ့်မည်မဟုတ်ကြောင်းကို သူတို့နားလည်သင့်ပေသည်။ သူတို့၌လိုအပ်သောအရည်အချင်းများဖြစ်သည့် ဘုရားတရားကြည်ညိုခြင်းနှင့်ဆိုင်သော သိနားလည်ခြင်းမရှိပါက သူတို့သည် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ခြင်းမပြုနိုင်ပေ။ အဖိုးတန်သောစိတ်ကို မြင့်မား၍မြင့်မြတ်သော အကြံအစည်အားဖြင့် ခွန်အားရှိစေဖို့ရန်မပြုလုပ်ဘဲ အပျော်အပါးလိုက်စားခြင်း၊ ပျော်ရွှင်ခြင်းများကိုသာအားပေးနေပါက သူတို့သည် ဘုရားသခင်ပေးထားသောတန်ခိုးများကို ယုတ်ညံ့စေသောကြောင့် သူတို့သည် ဘုရားသခင်ရှေ့တော်၌ အပြစ်ရှိကြ၏။ အကြောင်းမှာ သူတို့သည် သူတို့အားပေးထားသော အစွမ်းသတ္တိများကို လိမ္မာစွာအသုံးမပြုသောကြောင့်ဖြစ်သည်။

သူတို့၏ဝိညာဉ်ရေးနှင့်သက်ဆိုင်ရာ၌ သေးသိမ်နေခြင်းသည် ဘုရားသခင်ကိုပြစ်မှားခြင်းပင်ဖြစ်သည်။ သူတို့သည် သူတို့နှင့်ပေါင်းသင်းသောသူတို့၏စိတ်နှလုံးများကို ညစ်ညူးယိုယွင်းစေသည်။ သူတို့၏စကားများနှင့်လှုပ်ရှားခြင်းအားဖြင့် သူတို့သည် သန့်ရှင်းသောအရာများကို အလေးမပြုရန်အားပေးနေကြသည်။ သူတို့သည် မိမိတို့၏အသက်ဝိညာဉ်ကိုသာ ဘေးအန္တရာယ်သို့ ကျရောက်စေသည်သာမက၊ သူတို့၏ပုံသက်သေသည် သူတို့နှင့်တွေ့ဆုံသောသူအားလုံးတို့ကို အကျိုးယုတ်စေတတ်လေသည်။ သူတို့သည် ခရစ်တော်ကို ကိုယ်စားလှယ်ပြုဖို့ရန် လုံးဝအရည်အချင်းမရှိကြပေ။ အပြစ်၏ကျေးကျွန်များဖြစ်ကြ၍၊ ဂရုမစိုက်ခြင်း၊ အရှမ်းမဲ့လုပ်တတ်ခြင်းနှင့် မိုက်မဲခြင်းရှိ၍ ကိုယ်တော်ထံတော်မှကွဲပြားလွင့်ပါ၍ သွားကြလေသည်။ ကြိုးစားအားထုတ်ခြင်းမရှိသောသူတို့သည် ဘုရားသခင်နှင့်အတူလုပ်ကိုင် ဆောင်ရွက်သောသူများ မဖြစ်နိုင်ကြပေ။ စောင့်ရှောက်ခြင်းမရှိဘဲ မိမိတို့၏ စိတ်ကို မျောသွားစေသောသူများတို့သည် စာတန်ပေးသောအကြံဉာဏ်များနှင့်သူတို့၏စိတ်သည်ပြည့်နေ၍

အခြားသောအသက်ဝိညာဉ်များကိုထောင်ဖမ်းယူ ရန် စာတန်၏စစ်တပ်ထဲ၌ လေ့ကျင့်ပေးခြင်းခံရသည်။ သူတို့သည် ဘာသာ အယူဝါဒကို အပေါ်ယံ လောက်သာပြသ၍ သူတို့တွင် ဘုရားဝတ်၌မွေ့လျော် ခြင်းရှိသည်ဟု ထင်ရ သော်လည်း၊ သူတို့သည် ဘုရားသခင်ကိုချစ်သည်ထက် ကာမဂုဏ်ခံစားခြင်းကို ပို၍ချစ်သောသူများဖြစ်ကြသည်။

## တတ်မြောက်ခြင်းသည်ဘုရားတရားကြည်ညိုခြင်းမဟုတ်

အများသောလူငယ်တို့၌ တတ်မြောက်ခြင်းတစ်မျိုးရှိတတ်ကြသည်။ သူတို့၏အပေါင်းအဖော်များသည် ဤအချက်ကိုအသိအမှတ်ပြု၍ အံ့ဩခြင်း ရှိတတ်ကြသည်။ သို့သော်လည်း ဤအစွမ်းသတ္တိ၌ သန့်ရှင်းခြင်းမရှိပေ။ ၎င်းသည် ဗဟုသုတ၏ကောင်းမြတ်ခြင်းများနှင့် စုံစမ်းနှောင့်ယှက်ခြင်းများဖြင့် ခိုင်မာသန်စွမ်းခြင်းမရှိပေ။ လူအတွက် အကျိုးဖြစ်ထွန်းစေဖို့ရန်လည်းကောင်း၊ ကိုယ်တော်၏နာမတော်ကို ဘုန်းထွန်းတောက်စေဖို့ရန်လည်းကောင်း ဘုရား သခင်သည် အသုံးပြုတော်မမူနိုင်ပေ။ ဘုရားဝတ်၌မွေ့လျော်ခြင်းရှိသည်ဟူသော အမူအရာဖြင့် သူတို့၏တန်ခိုးများနှင့် မှားယွင်းသောပုံစံများကို တည်ဆောက် ခဲ့လေသည်။ မပြောင်းလဲသောမျက်နှာထားပုံသည် သူတို့အဖို့ မှားယွင်းသော လမ်းသို့လိုက်ခြင်း၏ဆင်ခြင်ပင်ဖြစ်သည်။ စာတန်သည် သူတို့ကို သူတို့ အပေါင်းအသင်းများအား သူတို့၏ယုတ္တိမရှိသော ဇဝနဉာဏ်ကောင်းခြင်းဖြင့် ရှင်မြူးစေရန် လမ်းပြလေသည်။ သူတို့လုပ်ကိုင်သမျှတို့၌ တန်ဖိုးမရှိပေ။ အကြောင်းမှာ သူတို့သည် သူတို့ကိုသွေးဆောင်သောသူ၏အုပ်စိုးခြင်းအောက် ၌ရှိကြ၍၊ သူ၏အလုပ်ကိုလုပ်ကိုင်ဖို့ရန် သူတို့၏စာရိတ္တနှင့်လုပ်ပုံကိုင်ပုံများကို ညွှန်ကြားလျက်ရှိနေသည်။

သူတို့၌ခွန်အားသတ္တိရှိကြ၏။ သို့သော်လည်း လေ့ကျင့်ခြင်းမရှိပေ။ သူတို့၌ခံယူပါဝင်နိုင်ခြင်းရှိ၏။ သို့သော်လည်း တိုးတက်ခြင်းမရှိပေ။ အစွမ်းသတ္တိများကို သူတို့အားပေးထား၏။ သို့သော်လည်း သူတို့သည် အလွဲအသုံးပြု၍ မကောင်းမှုအားဖြင့်ယုတ်ညံ့စေပြီးလျှင် အခြားသောသူများကို သူတို့၏နိမ့်ကျသောအခြေအနေသို့ ဆွဲချကြသည်။ ခရစ်တော်သည် မိမိကိုယ်ကို ငြင်းပယ်ခြင်း၊ အနစ်နာခံခြင်း၊ နှိမ့်ချခြင်း၊ အရှက်ကွဲခံစားရခြင်းနှင့် ကဲ့ရဲ့ပြစ်တင်ခံရခြင်းအားဖြင့် သူတို့၏ဝိညာဉ်များအတွက် ရွေးယူခဲ့ပြီ။ သူတို့၏ အသက်ဝိညာဉ်များကို ပျက်စီးသည့်တိုင်အောင် အသုံးပြုဖို့လောက်သာ သဘောရှိသောသူ၏လက်တွင် အပြစ်သားဘဝမှကယ်တင်အံ့သောငှာ ကိုယ်တော်သည် ပြုတော်မူခဲ့ပြီ။ သို့သော်လည်း သူတို့အဖို့ဆောင်ရွက်တော်မူခဲ့သော ကယ်တင်ရှင်၏မေတ္တာတော်ကို သူတို့အဖို့မဟုတ်သကဲ့သို့ပြုလုပ်ကြ၍ ကိုယ်တော်သည် ဝမ်းနည်းစွာဖြင့် သူတို့၏အလုပ်ကို ကြည့်ရှုတော်မူသည်။

ထိုကဲ့သို့သောလူငယ်များသည် ထာဝရဆုံးရှုံးခြင်းနှင့်တွေ့ဆုံရကြ မည်။ တရားသူကြီးထံမှ လူတိုင်းတို့သည် မိမိတို့၏ကိုယ်ကာယအားဖြင့် ကျူးလွန်ခဲ့သည်အတိုင်း ပေးဆပ်ခြင်းကိုခံရသောနေ့၌ သူတို့၏ပျော်ရွှင်ခြင်းနှင့်ကခုန်မြူးထူးခြင်းသည

မည်ကဲ့သို့ပေါ်လွင်နေအံ့နည်း။ သူတို့သည် သူတို့၏ အုတ်မြစ်သို့ သစ်သား၊ ကောက်ရိုးနှင့်ရိုးပြတ်များကို ယူဆောင်ခဲ့ကြ၍၊ သူတို့၏ အသက်တာအလုပ်သည် ပျက်စီးတော့မည့်ဆုံးရှုံးခြင်းတစ်ရပ်ပင် ဖြစ်ပါသည် တကား။

ဘုရားသခင်၏အမှုတော်၌ ပါဝင်ဆောင်ရွက်နေကြသော သူတို့၏ အငန်းအတာသည် မည်မျှကောင်းမွန်ခြင်းရှိသနည်း။ သခင်ယေရှု၏သဘောကြိုက်ညီခြင်းကို ကြည့်ရှု၍နေခြင်း၊ သူတို့၏မှားယွင်းခြင်းများကို နေ့စဉ်စာရင်းစာအုပ်ထဲ၌ရေးသားခြင်း၊ သူတို့၏အမှားများ၊ သူတို့၏ဝမ်းနည်းခြင်းများ၊ စုံစမ်းနှောင့်ယှက်ခြင်းကိုအောင်မြင်ခြင်းများ၊ ခရစ်တော်၌ သူတို့၏ပျော်ရွှင်ခြင်းနှင့်ငြိမ်သက်ခြင်းရှိသော သူတို့၏အခြေအနေသည် တင့်တယ်လှစွာတကား။ ထိုကဲ့သို့သောလူငယ်များသည် သူတို့၏အသက်တာမှတ်တမ်းကို

ရှက်ကြောက်ခြင်း၊ စိတ်ပျက်ခြင်းနှင့်တွေ့ဆုံရကြမည်မဟုတ်။ The Youth's Instructor, June 22, 1899.

## ရွေးချယ်ထားသောကိုယ်စားလှယ်

ကိုယ်တော်၏သစ္စာရှိခြင်းကို ကျွန်ုပ်တို့ဝန်ခံခြင်းသည် ခရစ်တော်ကို လောကကြီးအားဖော်ပြရန် ကျွန်ုပ်တို့သည် ကောင်းကင်မှရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်ဖြစ်သည်။ ရှေးအချိန်က သန့်ရှင်းသောသူများမှတစ်ဆင့် ဖော်ပြထားသော ကိုယ်တော်၏ကျေးဇူးတော်ကို ကျွန်ုပ်တို့သည် အသိအမှတ်ပြုရကြမည်။ သို့သော်လည်း အထိရောက်ဆုံးမှာ ကျွန်ုပ်တို့၏ဗဟုသုတကို သက်သေခံခြင်းပင်ဖြစ်သည်။ မြင့်မြတ်သောတန်ခိုးတစ်ခုအတွက် ကျွန်ုပ်တို့လုပ်ကိုင်ပေးနေခြင်းအားဖြင့် ဘုရားသခင်အဖို့ သက်သေခံများဖြစ်ကြောင်း ဖော်ပြလျက်ရှိကြသည်။ လူတိုင်းတို့၌ အခြားသူများမှထင်ရှားစွာ ကွဲပြားသော အသက်တာရှိကြသည်။ ၎င်းပြင် ဗဟုသုတတွင်လည်း အထူးဂရုပြုလောက်အောင် ခြားနားလျက်ရှိကြသည်။ ကျွန်ုပ်တို့ကိုယ်တိုင် ကိုယ်တော်အား ချီးမွမ်းခြင်းပြုဖို့ရန် ကိုယ်တော်အလိုရှိတော်မူသည်။ Ministry of Healing, p. 100.

–၀–

# မြင့်သောနေရာများသို့တက်ခြင်း – ၈

ခရစ်ယာန်၏စာရိတ္တကို စုံလင်ခြင်းဖြစ်စေဖို့ရန် မှန်ကန်သောနေရာမှကြိုးစားလုပ်ဆောင်ခြင်း လိုအပ်ပေသည်။ စာရိတ္တကိုဆောက်တည်ခြင်းအလုပ်၌ ကြိုးစားအားထုတ်ခြင်းနှင့် ခွန်အားစိုက်ထုတ်ခြင်း၏အရေးကြီးပုံကို ကျွန်ုပ်တို့၏လူငယ်များအပေါ်တွင် ကျွန်ုပ်တို့သည် အထင်အရှားပြသလိုပါသည်။ အဦးကျသောနှစ်အချိန်များမှစ၍ စာရိတ္တ၏ကျင့်ဝတ်များတွင် မာတင်းသောရိုးဖြောင့်ခြင်းကို ထည့်သွင်းဖွဲ့စည်းဖို့လိုအပ်ပေသည်။ သို့ပြုလုပ်ရခြင်းမှာ

လူငယ်သည် အမျိုးသားဘဝနှင့်အမျိုးသမီးဘဝတွင် အမြင့်ဆုံးသောစံနှုန်းသို့ ရောက်ရှိရန်ဖြစ်သည်။ သူတို့ကိုအဖိုးဖြင့်ဝယ်ယူပြီးခဲ့ပြီဟူသောအချက်ကို သူတို့သည် ရှေ့၌အစဉ်ထားရမည်။ ကိုယ်တော်ပိုင်တော်မူသော သူတို့၏ ကိုယ်ခန္ဓာများနှင့် ဝိညာဉ်များအားဖြင့် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေရမည်။

## နေ့စဉ်နေ့တိုင်းတိုးတက်ခြင်း

နေ့စဉ်နေ့တိုင်း တိုးတက်ဖို့ရန်အလုပ်သည် လူငယ်၏အလုပ်ဖြစ်သည်။ ပေတရုပြောဆိုသည်မှာ "ယုံကြည်ခြင်း၌ သီလကိုလည်းကောင်း၊ သီလ၌ပညာကိုလည်းကောင်း၊ ပညာ၌ကာမဂုဏ်ချုပ်တည်းခြင်းကိုလည်းကောင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း၌ သည်းခံခြင်းကိုလည်းကောင်း၊ သည်းခံခြင်း၌ ဘုရားဝတ်ကိုပြု၍မွေ့လျော်ခြင်းကိုလည်းကောင်း၊ ထိုမွေ့လျော်ခြင်း၌ ညီအစ်ကိုစုံမက်ခြင်းကိုလည်းကောင်း၊ ညီအစ်ကိုစုံမက်ခြင်း၌ ချစ်ခြင်းမေတ္တာကိုလည်းကောင်း အလွန်ကြိုးစားအားထုတ်၍ ထပ်ဆင့်ကြလော့။" အကြောင်းမူကား၊ ထိုပါရမီတို့သည် သင်တို့၌ရှိ၍ ကြွယ်ဝလျှင် ငါတို့သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌ မပျင်းရိစေခြင်းငှာလည်းကောင်း၊ အကျိုးမဲ့မဖြစ်စေခြင်းငှာလည်းကောင်း ပြုပြင်တတ်ကြသည်။

ဤအဆက်မပြတ်သောအလုမ်းများကို စိတ်၏မျက်စိရှေ့၌မထားရ။ သင်၏အစပြုသောအချိန်၌ ရေတွက်ခြင်းမပြုရပေ။ သို့သော်လည်း သင်၏မျက်စိကို သခင်ယေရှု၌စူးစိုက်စေ၍၊ ဘုရားသခင်၏ဘုန်းတော်ကိုသာ ကြည့်ရှုတတ်ပါက သင်သည်တိုးတက်ခြင်းရှိလိမ့်မည်။ သင်သည်

သခင်ယေရှု၏ ပြည့်စုံသောအတိုင်းအတာသို့ တစ်နေ့ချင်းမရောက်ရှိနိုင်ပေ။ သင်သည် ဒုက္ခ ဆင်းရဲခြင်းအားလုံးကိုတွေ့မြင်၍ အောင်မြင်ရမည်ဆိုပါက၊ စိတ်ပျက်၍နှစ်မွန်း သွားလိမ့်မည်။ သင်သည်စာတန်ကိုခုခံရမည်။ သင်၏ စိတ်ကို ခရစ်တော်မှ ဝေးကွာစေဖို့ရန် စာတန်သည် နည်းအမျိုးမျိုးကို ရှာကြံ လိမ့်မည်။

## ဆီးတားပိတ်ပင်ခြင်းများကိုတွေ့ဆုံခြင်း

ကျွန်ုပ်တို့သွားရာလမ်း၌ရှိသော ဆီးတားပိတ်ပင်ခြင်းအားလုံးကို ကျွန်ုပ်တို့သည် တစ်ခုစီအောင်မြင်ရမည်။ ကျွန်ုပ်တို့သည် ပထမတစ်ခုကိုအောင်မြင်ပါက နောက်တစ်ခုကိုတွေ့ဆုံရန် သာ၍သန်မာလာကြမည်။ ကြိုးစားသောအခါတိုင်း ရှေ့သို့တိုးတက်ရန် တတ်နိုင်လိမ့်မည်။ သခင်ယေရှုကို ကြည့်ရှုခြင်းအားဖြင့် ကျွန်ုပ်တို့သည် အောင်မြင်သောသူများဖြစ်လာနိုင်သည်။ ကျွန်ုပ်တို့၏မြင်ကွင်းကို ခက်ခဲသောအရာများပေါ်၌စူးစိုက်၍ မှန်ရာကိုတိုက်ခိုက်နေခြင်းမှ တွန့်ဆုတ်သွားသောအခါ၊ ကျွန်ုပ်တို့သည် ခွန်အားနည်းလာ၍ သစ္စာပျက်ခဲ့လေသည်။

တစ်လှမ်းပြီးတစ်လှမ်းသွားခြင်းအားဖြင့် အမြင့်ဆုံးသောတက်လှမ်းကိုတက်ရောက်နိုင်၍ နောက်ဆုံး တောင်ထိပ်များသို့ရောက်ရှိသွားခဲ့သည်။ သင်၏အသက်တာ၌ အလုပ်အကိုင်များဖြင့် လွှမ်းမိုးသွားမည်ကိုမစိုးရိမ်ပါနှင့်။ အကြောင်းမှာ သင်သည် အားလုံးတို့ကိုတစ်ချိန်တည်းတွင် လုပ်ကိုင်ပြီးစီးရမည်မဟုတ်ပေ။ သင်၏ကိုယ်ကာယတည်တံ့မှု၏ခွန်အားသတ္တိအားလုံးတို့သည် နေ့စဉ်နေ့တိုင်းလုပ်ကိုင်ဆောင်ရွက်ရမည့်အလုပ်၌ရှိပါစေ။ အဖိုးထိုက်တန်သော

အခွင့်အရေးတိုင်းကို တိုးတက်အောင်ပြုလုပ်ပါ။ ဘုရားသခင်သည် သင့်အား ပေးကမ်းသောမစခြင်းကို နှစ်သက်ပါ။ တိုးတက်နေသောအဆင့်သို့တက်သွားရာ၌ အလုပ်းတိုင်း၌ တိုးတက်ခြင်းရှိပါစေ။ သင်သည် တစ်နေ့လျှင် တစ်ကြိမ်ကျ အသက်ရှင်နေရမည်ကို သတိပြုပါ။ ဘုရားသခင်သည် သင့်ကို တစ်နေ့ ပေးထားတော်မူ၍ ကောင်းကင်နိုင်ငံတော်၏မှတ်တမ်း၌ သင်သည် အခွင့်အရေးများနှင့် ကြုံကြိုက်သည့်အခွင့်ကောင်းများကို မည်ကဲ့သို့တန်ဖိုးထား ကြောင်း ပြသလိမ့်မည်။ သင့်အား ဘုရားသခင်ပေးကမ်းထားသော နေ့တိုင်းကိုတိုး တက်အောင် ပြုလုပ်နိုင်ပါစေ။ နောက်ဆုံး သင်သည် သခင်ထံတော်မှ၊ "သာဓုသစ္စာရှိသောငယ်သားကောင်း" ဟု မိန့်တော်မူသံကိုကြားရမည်။

The Youth's Instructor, January 5, 1893.

–o–

# ဘုရားသခင်နှင့်ဖက်စပ်ပါဝင်ခြင်း – ၉

သင်၏လက်လှမ်းမီရာ၌ လူတို့လုပ်ကိုင်နိုင်သည်ထက် ပို၍တတ်နိုင်သောအရာများရှိသည်။ "ချစ်သူတို့၊ ယခုတွင် ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှ အဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား ကိုယ်တော်ဖြစ်တော်မူသည်အတိုင်း ငါတို့သည်မြင်ရကြလတ္တံ့။ ထိုသို့မြော်လင့်သောသူမည်သည်ကား၊ ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ ကိုယ့်ကိုကိုယ်သန့်ရှင်းစေတတ်၏။" ယုတ်ညံ့၍တန်ဖိုးမရှိသောအရာမှ မျက်နှာလွှဲသွားဖို့ရန် သင်၏အခွင့်အရေးပင်ဖြစ်သည်။ လူတို့၏ရိုသေခြင်းကိုခံယူ၍ ဘုရားသခင်၏ချစ်မြတ်နိုးခြင်းကိုရရှိဖို့ရန် မြင့်သောအဆင့်အတန်းသို့ရောက်ရှိရမည်။

ခေတ်တိုင်းတို့၌ အသက်ရှင်နေသော လူငယ်ယောကျ်ားလေးများနှင့် လူငယ်မိန်းကလေးများတို့အား ပေးထားသောဘာသာရေးလုပ်ငန်း၌ ကိုယ်တော်၏ သားသမီးများအပေါ်၌ ကိုယ်တော်သည် လေးစားခြင်းရှိကြောင်းကိုပြသသည်။ ကိုယ်တော်သည် သူတို့အား ကိုယ်ပိုင်အုပ်ချုပ်ခြင်းအလုပ်ကိုပေးတော်မူ သည်။ ကယ်တင်တော်မူခြင်းနှင့်မြှင့်တင်ခြင်းအလုပ်အကိုင်ကြီး၌ သူတို့သည် ဘုရားသခင်နှင့်ဆက်ဆံလုပ်ဆောင်သောသူများအနေဖြင့် ဘုရားသခင်သည် သူတို့ကိုခေါ်တော်မူသည်။ ဖခင်သည် မိမိသားတော်ကို သူ၏အလုပ်အကိုင်၌ ဖက်စပ်ပါဝင်ရန် ခေါ်တော်မူသကဲ့သို့ ဘုရားသခင်သည် မိမိ၏သားသမီး များတို့ကို မိမိနှင့်ဖက်စပ်ပါဝင်ရန် ခေါ်တော်မူသည်။ ကျွန်ုပ်တို့ကို ဘုရားသခင် နှင့် လုပ်ဖော်ဆောင်ဖက်ဖြစ်စေတော်မူသည်။ "ကိုယ်တော်သည် အကျွန်ုပ်ကို လောကကြီးသို့စေလွှတ်သည်နည်းတူ အကျွန်ုပ်သည် သူတို့ကို လောကကြီး ထဲသို့ စေလွှတ်ပါသည်" ဟု သခင်ယေရှုမိန့်တော်မူသည်။ သင့်ကို ခရစ်တော်၏ ရန်သူဟု မှတ်တမ်းတင်ထား၍ စာတန်၏ကျွန်တစ်ယောက်ဖြစ်မည့်အစား သင်သည် ဘုရားသခင်၏သားတစ်ယောက်ဖြစ်ဖို့ရန်

ရွေးချယ်မည်မဟုတ် ပါလော။

သူတို့၏နေ့စဉ်အသက်တာ၌ ခရစ်ယာန်၏ကျင့်ဝတ်တရားများ ယူဆောင်လာနိုင်ရန် ငယ်ရွယ်သောယောကျ်ားလေးများနှင့် မိန်းကလေးများ သည် ခရစ်တော်၏ကျေးဇူးတော်ကို သာ၍လိုအပ်ပေသည်။ ခရစ်တော်ကြွလာ တော်မူခြင်းအတွက် ပြင်ဆင်ရခြင်းသည် ခရစ်တော်မှတစ်ဆင့် ပြင်ဆင်ပြုလုပ် ရသောကြောင့် ကျွန်ုပ်တို့၌ အမြင့်ဆုံးသောအရည်အချင်းဖြင့် ပြုကျင့်ရမည် ဖြစ်သည်။ လူငယ်တိုင်းတို့သည် သူတို့၏စာရိတ္တကို လှပသောအဆောက် အအုံတစ်ခုဖြစ်အောင် ပြုလုပ်ဖို့အခွင့်အရေးရှိကြသည်။ သို့သော်လည်း သခင် ယေရှုအနားသို့ နီးကပ်စွာနေဖို့ရန် မုချလိုအပ်ပေသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ခွန်အား၊ အရည်အချင်းပြည့်စုံခြင်းနှင့်တန်ခိုးဖြစ်သည်။ ကျွန်ုပ် တို့ကိုယ်ကိုကျွန်ုပ်တို့သည် တစ်ခဏမျှအားကိုး၍မဖြစ်ပေ။

## သာ၍မြင့်မားခြင်းအဆင့်သို့ရောက်ရှိခြင်း

သင်၏အစွမ်းသတ္တိများသည် မည်မျှပင်ကြီးသည်ဖြစ်စေ၊ ငယ်သည် ဖြစ်စေ၊ သင်၌ရှိသောအရာသည် သင့်ကိုယုံကြည်၍ အပ်နှံထားသောအရာ သာဖြစ်ပေသည်။ ဤနည်းဖြင့် ဘုရားသခင်သည် သင့်ကိုစုံစမ်းနေတော်မူ သည်။ သင့်ကိုယ်ကိုမှန်ကန်ကြောင်းပြသဖို့ရန် သင့်ကိုအခွင့်အရေးပေးနေသည်။

သင်တို့စွမ်းဆောင်နိုင်သော အရာအားလုံးအတွက် ကိုယ်တော်အားကျေးဇူးတင်စရာရှိနေသည်။ သင်၏ကိုယ်ခန္ဓာ၊ စိတ်နှင့်အသက်တန်ခိုးများသည် ကိုယ်တော်ပိုင်ဆိုင်သည်။ ဤတန်ခိုးများကို ကိုယ်တော်အဖို့အသုံးပြုရမည်။ သင်၏အချိန်၊ သင်၏သြဇာတိက္ကမ၊ သင်၏စွမ်းဆောင်နိုင်သောသတ္တိများ၊ သင်၏ကျင်လည်ခြင်း၊ ဤအရာများသင့်ကိုပေးသောအရှင်အား ပြန်လည်ပေးရမည်။ လူတို့ကိုမြှင့်တင်ရန် ဘုရားသခင်၏အကြံအတိုင်း လိုက်နာသောသူသည် သူ့ကိုပေးထားသောဆုလာဘ်များကို အကောင်းဆုံးအသုံးချသောသူဖြစ်သည်။

အောင်မြင်ခြင်း တစ်ခုပြီးနောက်တစ်ခုရရှိသည်တိုင်အောင် သင်အစပြု၍လုပ်ကိုင်သောအလုပ်ကို ကြိုးစား၍လုပ်ကိုင်ပါ။ အကြံအစည်တစ်ခုရှိ ဖို့ရန်သင့်ကိုယ်ကိုပညာပေးပါ။ သင်သည် သာ၍ကောင်းမွန်သောအရာကို ပြီးစီးနိုင်၍ဘုရားသခင်၏ဘုန်းတော်ကို ပြန်၍ထင်ပေါ်စေရန် သင့်ရှေ့၌ အမြင့်ဆုံးစံနှုန်းကိုထားပါ။ The Youth's Instructor, January 25, 1910.

–o–

# အပိုင်း ၂
# အပြစ်နှင့်ဆိုင်ပြိုင်တိုက်လှန်ခြင်း

စာတန်မာရ်နတ်၏တိုက်ခိုက်ခြင်းများကို မရပ်မနားတားဆီးခြင်းသာလျှင် ကျွန်ုပ်တို့အဖို့အောင်မြင်ရန် မျှော်လင့်ခြင်းတစ်ခုသာဖြစ်ကြောင်း ခရစ်တော်၏ပုံသက်သေက ကျွန်ုပ်တို့ကိုပြသည်။ စုံစမ်းနှောင့်ယှက်ခြင်းနှင့်ဆိုင်ပြိုင်တိုက်လှန်ခြင်းတွင် အသက်ဝိညာဉ်တို့၏ရန်သူအပေါ်၌ အနိုင်ရသောကိုယ်တော်သည် လူမျိုးတို့အပေါ်တွင် စာတန်၏တန်ခိုးကြီးပုံကို နားလည်၍ ကျွန်ုပ်တို့အဖို့ သူ့ကိုအောင်မြင်တော်မူသည်။ အောင်မြင်သော

သူတစ်ယောက်ဖြစ်သည်အားလျော်စွာ ကိုယ်တော်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏အောင်မြင်ခြင်းအကျိုးကျေးဇူးကို ပေးကမ်းတော်မူသည်။ ကျွန်ုပ်တို့သည် စာတန်မာရ်နတ်၏စုံစမ်းနှောင့်ယှက်ခြင်းများကို တားဆီးဖို့ရန်ကြိုးပမ်းခြင်း၌ ကျွန်ုပ်တို့၏ခွန်အားနည်းခြင်းကို ကိုယ်တော်၏ခွန်အားနှင့်ပူးပေါင်း၍၊ ကျွန်ုပ်တို့၏အဖိုးမထိုက်တန်ခြင်းများကို ကိုယ်တော်၏ ကုသိုလ်များနှင့် ပူးပေါင်းရမည်။ စုံစမ်းနှောင့်ယှက်ခြင်းခံနေရစဉ် ကိုယ်တော်၏ခံနိုင်ရည်ရှိသောခွန်အားဖြင့် ထောက်ပံ့ထားပါက၊ ကိုယ်တော်၏ တန်ခိုးကြီးတော်မူသောနာမ၌ တားဆီးနိုင်၍ ကိုယ်တော် အောင်မြင်သကဲ့သို့ အောင်မြင်ရမည်။ The Signs of the Times, March 4, 1880.

# အားကြီးသောရန်သူတစ်ဦးဖြစ်သည့် စာတန် – ၁၀

အပြစ်သို့ကျရောက်နေသောသူသည် စာတန်၏တရားဝင်သုံ့ပန်းဖြစ်သည်။ သခင်ခရစ်တော်၏အလုပ်သည် သူ့ကိုရန်သူ၏တန်ခိုးမှကယ်တင်ရန်ဖြစ်သည်။ လူသည် နဂိုအားဖြင့် စာတန်၏အကြံပေးချက်များဘက်သို့ ယိမ်းယိုင်ခြင်းရှိသည်။ အားကြီး၍ အောင်မြင်သောခရစ်တော်သည် သူ့အထဲ၌နေ၍ သူ၏အလိုဆန္ဒများကို ရှေ့ဆောင်နေပြီးလျှင် သူ့ကိုခွန်အားမပေးခဲ့လျှင် သူတစ်ကိုယ်တည်း ဤမျှကြောက်မက်ဖွယ်ကောင်းသောရန်သူကို အောင်မြင်စွာတွန်းလှန်နိုင်လိမ့်မည်မဟုတ်ပေ။ ဘုရားသခင်တစ်ပါးတည်း သာလျှင် စာတန်၏တန်ခိုးကို ကန့်သတ်နိုင်သည်။ သူသည် မြေကြီးပေါ်၌ ခေါက်တုံ့ခေါက်ပြန်သွားလာလျက်ရှိ၍ အပေါ်အောက်လမ်းလျှောက်လျက် ရှိသည်။ သူသည် အချိန်အနည်းငယ်မျှ အလစ်မပေးပေ။ အသက်ဝိညာဉ် များကိုဖျက်ဆီးပစ်ဖို့ရန် အခွင့်အရေးလွတ်သွားမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။ သူ၏ထောင်ချောက်များမှ လွတ်ကင်းရန် ဘုရားသခင်၏သားသမီး များသည် ဤအကြောင်းအရာကို နားလည်ဖို့ရန်အရေးကြီးသည်။

## အသွင်ပြောင်းထားသောစာတန်

ဘုရားသခင်လူတို့၏တစ်ဘက်၌ စာတန်သည် သူ၏နောက်ဆုံးသောလိမ်လည်ခြင်းများကို ပြင်ဆင်လျက်ရှိနေသည်။ စာတန်ဖြစ်ကြောင်းကို သူတို့သည် သိရှိကြမည်မဟုတ်။ ၂ကော ၁၁း၁၄၊ "ဤအမှုသည် အံ့ဩဖွယ်ဖြစ်သည်မဟုတ်၊ စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်ဖြစ်ယောင်ဆောင်တတ်၏။" အချို့လိမ်လည်ခြင်းခံရသော အသက်ဝိညာဉ်များသည် စာတန်မရှိဟုပြောဆိုနေစဉ်၊ သူသည် သူတို့ကိုသုံ့ပန်းအဖြစ်ဖမ်းယူထား၍၊ သူတို့မှတစ်ဆင့် နယ်ချဲ့လျက်ရှိသည်။ သူတို့၏ခွန်အားသည် ခရစ်တော်၌ရှိပါက သူ့အပေါ်တွင် သူတို့၏တန်ခိုးမည်မျှရှိသည်ကို စာတန်သည် ဘုရားသခင်၏လူတို့ထက် ပို၍သိသည်။

သူတို့သည် ခွန်အားကြီးသော အောင်နိုင်သူအထံတော်မှ စိတ်နှိမ့်ချလျက်မစခြင်းကိုတောင်းခံခဲ့လျှင်၊ သမ္မာတရား၌ ခွန်အားအနည်းဆုံးသောယုံကြည်သူများသည် ခရစ်တော်၌မြဲမြဲစွာအားကိုးခြင်းပြုခဲ့လျှင်၊ စာတန်နှင့်သူ၏အပေါင်းအဖော်တို့ကို အောင်မြင်စွာတွန်းလှန်နိုင်ကြမည်။ စာတန်သည် အလွန်ပါးနပ်ခြင်းရှိ၍ သူ၏စုံစမ်းနှောင့်ယှက်ခြင်းများနှင့် အတိအလင်းရဲဝံ့စွာလာရောက်လိမ့်မည်မဟုတ်။ ထိုသို့လာရောက်ပါက လေးကန်နေသောခရစ်ယာန်၏ခွန်အားများသည် ထကြွလာပြီးလျှင် သူသည်သန်စွမ်း၍ ခွန်အားကြီးသောကယ်တင်ရှင်ထံမှ အကူအညီတောင်းခံလိမ့်မည်။ သို့သော်လည်း စာတန်သည် မမြင်နိုင်အောင်ဝင်လာ၍ ရုပ်ဖျက်ထားပြီးလျှင် ဘုရား၌ မွေ့လျော်ယောင်ဆောင်နေသော နားမထောင်သည့်ကလေးများမှ အလုပ်လုပ် ကိုင်လေသည်။ စာတန်၌ရှိသောတန်ခိုးဖြင့် မောပန်းအောင်နှောင့်ယှက်ခြင်း၊ စုံစမ်းခြင်းနှင့်ဘုရားသခင်၏လူတို့ကို လမ်းလွဲသို့လိုက်ရန် ပြုလုပ်လိမ့်မည်။

ကျွန်ုပ်တို့၏အရှင်သခင်ကို မျက်နှာချင်းဆိုင်၍ စုံစမ်းနှောင့်ယှက်

ခြင်းကို ပေးရဲသောသူ၊ ပြောင်လှောင်ကဲ့ရဲ့သောသူ၊ သူ၏လက်ဖြင့် ကိုယ်တော်ကိုချီမ၍၊ ဗိမာန်တော်၏အထွတ်သို့လည်းကောင်း၊ အလွန်မြင့်သောတောင်ထိပ်ပေါ်သို့လည်းကောင်း၊ ယူဆောင်သွားဝံ့သောသူသည် ယခုခေတ်အခါ၌၊ အသက်ရှင်နေသောသူတို့အပေါ်၌ သူ၏တန်ခိုးကို အံ့ဩဖွယ်ကောင်းလောက်အောင် ပြသလိမ့်မည်။ ခေတ်လူများသည် သူတို့၏သခင်ထက် အသိပညာခွန်အား များစွာနိမ့်ကျသောကြောင့် စာတန်၏ပါးနပ်လိမ္မာခြင်းနှင့်ခွန်အားကို သူတို့သည်လုံးဝမသိကြပေ။

သူစေခိုင်းသမျှသောအရာတို့ကို လုပ်ကိုင်ပေးသောသူတို့၏ကိုယ်ခန္ဓာကို သူသည် အံ့ဩဖွယ်ရာကောင်းလောက်အောင် ထိခိုက်စေလိမ့်မည်။ သူ့ကိုဒဏ္ဍာရီပုံကဲ့သို့သဘောထားသည့်အကြောင်းကို စာတန်သည်သူ့ကိုယ်ကိုချီးမြှောက်ပြောဆိုသည်။ သူ့ကိုပေါ့ပေါ့ဆဆပြောဆို၍၊ ယုံတမ်းစကားပုံပြင်ကဲ့သို့လည်းကောင်း (သို့မဟုတ်) တိရစ္ဆာန်တစ်ကောင်အနေဖြင့်လည်းကောင်း ပြောဆိုသောအခါ၊ သူ့စိတ်ကြိုက်ဖြစ်လေသည်။ သူ့ကိုအလွန်နိမ့်ကျသောအခြေအနေ၌ ထင်မြင်ကြရာ၊ သူ၏ပါးနပ်လိမ္မာသောနည်းလမ်းများကိုတွေ့ဆုံဖို့ရန် လုံးဝပြင်ဆင်ခြင်းမရှိခဲ့သောကြောင့် သူသည် အစဉ်လိုလိုပင် အောင်မြင်ခြင်းနှင့်တွေ့ဆုံလေသည်။ သူ၏တန်ခိုးနှင့် လိမ္မာပါးနပ်ခြင်းကိုသိရှိပါက၊ စိတ်ဆန္ဒများသည် ပြင်ဆင်ခြင်းရှိကြ၍၊ အောင်မြင်စွာ ဆီးတားနိုင်ကြပေမည်။

## အသက်ဝိညာဉ်တိုင်း၏စစ်ပွဲ

### မကောင်းသောကောင်းကင်တမန်များသည် ဝိညာဉ်များကိုရရှိဖို့ရန်

ဖက်ပြိုင်ကြိုးစားနေ၍၊ ဘုရားသခင်၏ကောင်းကင်တမန်များသည် သူတို့ကို တားဆီးနေကြသည်ကို ကျွန်ုပ်မြင်ရသည်။ ပြိုင်၍တိုက်ခိုက်ခြင်းသည် ပြင်းထန်ခဲ့သည်။ မကောင်းသောကောင်းကင်တမန်များသည် သူတို့ပတ်လည်၌စုရုံး၍ ပတ်ဝန်းကျင်အရပ်ကို သူတို့၏အဆိပ်သြဇာသက်ရောက်စေပြီးလျှင် သူတို့၏ အာရုံများကို ထိုင်းမှိုင်းစေလေသည်။ သန့်ရှင်းသောကောင်းကင်တမန်များသည် စိတ်အားထက်သန်စွာ အသက်ဝိညာဉ်များကို ကြည့်ရှုနေကြသည်။ စာတန်၏ ဘက်တော်သားများကို မောင်းထုတ်ရန် စောင့်ဆိုင်းနေကြသည်။ သို့သော်လည်း တစ်ဦးတစ်ယောက်စီနှင့်ဆိုင်သော ဆန္ဒကိုမရရှိဘဲ သူတို့၏ စိတ်ကိုအုပ်ချုပ်ဖို့ရန်မှာ ကောင်းသောကောင်းကင်တမန်တို့၏အလုပ်မဟုတ်ပေ။ သူတို့သည် ရန်သူကိုပေးအပ်၍၊ တားဆီးရန်ကြိုးစားခြင်းမရှိပါက၊ ဘုရားသခင်၏ ကောင်းကင်တမန်များသည်

စာတန်၏တပည့်များကိုဟန့်တားထားသည်မှ လွဲ၍ ဘာမျှမပြုလုပ်နိုင်ကြပေ။ သူတို့ကိုဖျက်ဆီးခြင်းမပြုနိုင်ရန်၊ ဒုက္ခရောက် နေသောသူတို့အား အလင်းထပ်မံပေး၍၊ မစခြင်းရရှိဖို့ရန် ကောင်းကင်သို့ ကြည့်ရှုခိုင်းရပေမည်။ မိမိတို့ကိုယ်ကို အနှောင်အဖွဲ့မှလွတ်ကင်းရန် မကြိုးစား သောသူတို့၌ ကျရောက်နေသောအခြေအနေမှလွတ်ကင်းရန် သခင်ယေရှုသည် သန့်ရှင်းသောကောင်းကင်တမန်များကို စေလွှတ်ပေးလိမ့်မည်မဟုတ်ပေ။

အသက်ဝိညာဉ်တစ်ခုဆုံးရှုံးသွားဖို့ရန် စာတန်သည်မြင်ခဲ့လျှင် ထိုအသက်ဝိညာဉ်တစ်ခုကိုတည်တံ့ဖို့ရန် သူသည် တတ်နိုင်သရွေ့ကြိုးစားအားထုတ်လိမ့်မည်။ တစ်ဦးတစ်ယောက်သည် သူ၏ဘေးအန္တရာယ်ကိုတွေ့မြင်၍ နိုးကြားခြင်းရှိလာသောအခါ၊ စိတ်ပူဆွေးခြင်း၊ စိတ်ထက်သန်ခြင်းဖြင့် သခင်ယေရှုထံမှ ခွန်အားရရှိဖို့ရန်မျှော်ကြည့်ပါက၊ စာတန်သည် မိမိ၏သုံ့ပန်းတစ်ယောက် လက်လွတ်သွားမည်ကိုကြောက်ရွံ့၍၊ သူ၏ကောင်းကင်တမန်များကိုခေါ်ပြီးလျှင် ထိုသနားစရာကောင်းသော အသက်ဝိညာဉ်၏နံဘေးပတ်လည်၌ ကာရံထားဖို့ရန်လည်းကောင်း၊ ကောင်းကင်နိုင်ငံမှအလင်းသည် ထိုသူထံသို့မရောက်ဖို့ရန် မှောင်ထုထရံဖြင့်ကာရံစေသည်။ သို့သော်လည်း

ဘေးအန္တရာယ်၌ ကျရောက်နေသောသူသည် ကြိုးစား၍၊ မစကင်းမဲ့ခြင်း၊ ခွန်အားနည်းခြင်းအနေဖြင့် သခင်ခရစ်တော်၏အသွေးတော်ကုသိုလ်များအပေါ်၌ မိမိကိုယ်ကိုထားပါက၊ သခင်ယေရှုသည် ယုံကြည်သောသူ၏စိတ်ထက်သန်စွာ ဆုတောင်းခြင်းကိုနားထောင်၍၊ သူ့ကိုကယ်နုတ်ရန် ခွန်အားနှင့်ပြည့်စုံသော ကောင်းကင်တမန်များကို စေလွှတ်တော်မူမည်။

စာတန်သည် သူနှင့်ပြိုင်ဘက်ဖြစ်သော တန်ခိုးကြီးအရှင်ထံသို့ တောင်းခံခြင်းကို မခံရပ်နိုင်ပေ။ အကြောင်းမှာ သူသည် ခရစ်တော်၏ခွန်အား နှင့်မြင့်မြတ်တော်မူခြင်း၊ ရှေ့တော်၌ကြောက်ရွံ့တုန်လှုပ်နေသည်။ အရှိန်ကြီး သောဆုတောင်းပတ္ထနာအသံကိုကြားသောအခါ၊ စာတန်နှင့် သူ၏ငယ်သား အပေါင်းတို့သည် တုန်လှုပ်ကြသည်။ ကောင်းကင်၏လက်နက်ဝတ်စုံကို ဝတ်ဆင်ထားသောခွန်အားကြီးသည့် ကောင်းကင်တမန်များသည် အားလျော့ နေ၍၊ လိုက်လံတိုက်ခိုက်ခြင်းခံနေရသော အသက်ဝိညာဉ်ထံသို့လာရောက် ပြီးလျှင် အကူအညီပေးသောအခါ၊ စာတန်နှင့်တပည့်များတို့သည် နောက်သို့ ဆုတ်ကြ၍၊ သူတို့၏တိုက်ခိုက်ခြင်းသည် ဆုံးရှုံးပြီဟုနားလည်ကြသည်။

Review and Herald, May 13, 1862.

–o–

# ဆိုင်ပြိုင်တိုက်လှန်ခြင်း၏ အခြေအနေ – ၁၁

လူ၏အလိုဆန္ဒသည် မရမနေလုပ်တတ်ခြင်းရှိ၍၊ အကြံအစည်ရှိ သည့်အတိုင်း အရာခပ်သိမ်း မိမိဘက်သို့ပါအောင် အစဉ်ကြိုးစားဆောင်ရွက် နေတတ်သည်။ ဘုရားသခင်ဘက်နှင့် မှန်သောဘက်၌ရှိပါက ဝိညာဉ်၏အသီး

များသည် အသက်တာ၌ပေါ်၍လာလိမ့်မည်။ ဘုရားသခင်မိန့်ထားတော်မူသည်မှာ၊ "ကောင်းသောအကျင့်ကို ကျင့်သောသူရှိသမျှတို့သည် ဘုန်းအသရေချမ်းသာကို ခံစားရကြပေအံ့။"

အလိုဆန္ဒကိုပုံသွင်းဖို့ရန် စာတန်အားအခွင့်ပေးထားသောအခါ သူ၏အလိုအတိုင်းဖြစ်ဖို့ရန် အသုံးပြုလေသည်။ မယုံကြည်ခြင်း၏နည်းလမ်းကိုလှုံ့ဆော်ပေး၍၊ လူတို့၏စိတ်နှလုံးကို ဘုရားသခင်၏သမ္မာတရားနှင့် ဆန့်ကျင်ဘက်ဖြစ်ဖို့ရန် ဆွပေးလေသည်။ စာတန်သည် မနေမနားကြိုးစားအားထုတ် ၍ လူတို့၏စိတ်နှလုံးကို ဘုရားသခင်အားမုန်းတီးခြင်း၊ ဆန့်ကျင်ဖီလာဖြစ် ဖို့ရန် တိုက်တွန်းခဲ့လေသည်။ ကောင်းကင်မှတည်ထောင်သော အဖွဲ့အစည်း များနှင့် လိုအပ်ခြင်းများတစ်ဘက်၌ ဆန့်ကျင်ဘက်ပြု၍ သန့်ရှင်းသောဝိညာဉ်တော်၏ စီမံပြုလုပ်ခြင်းများကိုလည်း ဆန့်ကျင်ဘက်ပြုလုပ်ခဲ့သည်။ သူသည် သူ၏အလံတော်အောက်၌ မကောင်းသောကိုယ်စားလှယ်များအားလုံးတို့ကို စာရင်းသွင်း၍ သူ၏အုပ်ချုပ်ခြင်းအောက်၌ သူတို့အားလုံးကိုထားပြီးလျှင် စစ်မြေပြင်သို့ခေါ်ဆောင်လာလျက် အဆိုးဖြင့်အကောင်းကို ခုခံတွန်းလှန်လေသည်။

## မကောင်းသောတန်ခိုးများကိုဆန့်ကျင်ဘက်ပြုရန်ခေါ်ခြင်း

စိတ်နှလုံးထဲမှ ဘုရားသခင်ကိုထုတ်ပယ်၍ မစွမ်းမသန်ဖြစ်နေသောသူ၏ပုံသဏ္ဍာန်ထဲသို့ လူ၏သဘောကို ပုံသွင်းပေးခြင်းသည် စာတန်၏အလုပ်ဖြစ်၏။ သူသည် မကောင်းသောဝါသနာရှိခြင်းများ၊ မသန့်ရှင်းသောတပ်မက်မောသောစိတ်များနှင့် အထူးကြီးမြင့်ထင်ပေါ်လိုသောဆန္ဒများရှိဖို့ရန်လှုံ့ဆော်ပေးသည်။ ဤတန်ခိုး၊ ဤဂုဏ်ထူးများ၊ ဤဥစ္စာဓနနှင့် အပြစ်ရှိသောတပ်မက်မောခြင်းများကို သင့်ကိုငါပေးမည်ဟု သူပြောဆိုသည်။ သို့သော်

လည်း သူ၏စည်းကမ်းချက်များမှာ သမာဓိရှိခြင်းကိုပေးအပ်၍ သြတ္တပ္ပစိတ်ကို ထိုင်းမှိုင်းစေခြင်းဖြစ်သည်။ ဤနည်းဖြင့် သူသည် လူ၏အစွမ်းသတ္တိများကို ယုတ်ညံ့စေ၍၊ အပြစ်၌နှောင်ဖွဲ့ထားလျက်ရှိလေသည်။

မကောင်းသောတန်ခိုးများကို ဆန့်ကျင်ဘက်ပြုရန် ဘုရားသခင်သည် လူတို့ကိုခေါ်တော်မူသည်။ "ထိုကြောင့် သင်တို့၏သေတတ်သော ကိုယ်ခန္ဓာ၏တပ်မက်ခြင်းအလိုသို့ လိုက်ရသည်တိုင်အောင်၊ အပြစ်တရားသည် ထိုကိုယ်ခန္ဓာ၌ အစိုးမရစေနှင့်။ သင်တို့၏ကိုယ်အင်္ဂါများကို ဒုစရိုက်လက်နက်ဖြစ်စေ၍၊ အပြစ်တရားအားမဆက်ကြနှင့်။ သေခြင်းမှထမြောက်၍ အသက်ရှင်သော သူကဲ့သို့၊ ဘုရားသခင်အား ကိုယ်ကိုဆက်ကြလော့။"

ခရစ်ယာန်၏အသက်တာသည် စစ်တိုက်ခိုက်နေရခြင်းဖြစ်သည်။ "ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ကြရသည် မဟုတ်။ အထွတ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင် ၌နေသော နတ်ဆိုးတို့နှင့်လည်းကောင်း ဆိုင်ပြိုင်တိုက်လှန်ရကြ၏။" ဖြောင့်မတ်ခြင်းနှင့်မဖြောင့်မတ်ခြင်းတို့ ဆိုင်ပြိုင်တိုက်ခိုက်သောအခါ ဘုရားသခင် မစမှသာလျှင် ကျွန်ုပ်တို့သည် အနိုင်ရရှိနိုင်ကြမည်။ ကန့်သတ်ခြင်းရှိသော ကျွန်ုပ်တို့၏အလိုဆန္ဒသည် ကန့်သတ်ခြင်းမရှိသောအလိုဆန္ဒသို့ ဝန်ခံခြင်းရှိရမည်။ လူသားတို့၏အလိုဆန္ဒသည် မြင့်မြတ်တော်မူသော ပုဂ္ဂိုလ်၏အလို ဆန္ဒနှင့် ပေါင်းစပ်ထားခြင်းရှိရမည်။ ဤကဲ့သို့ပြုမှသာလျှင် သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ထံသို့ အကူအညီရောက်လာ၍၊ ဗအောင်မြင်ခြင်း တိုင်းသည် ဘုရားသခင်ဝယ်ယူပိုင်သောအရာကို ပြန်လည်၍ရယူနိုင်မည်။ ၎င်းအသက်ဝိညာဉ်၌ ကိုယ်တော်၏ပုံသဏ္ဌာန်ကို ပြန်၍တည်စေနိုင်မည်။

## သန့်ရှင်းသောဝိညာဉ်တော်မစခြင်း

သခင်ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လုပ်ဆောင်တော်မူသည်။ အကြောင်းမှာ သန့်ရှင်းသောဝိညာဉ်တော်သည် ကိုယ်တော်၏ ကိုယ်စားလှယ်ဖြစ်သည်။ ၎င်းအားဖြင့် ကိုယ်တော်သည် ဝိညာဉ်နှင့်ဆိုင်သော အသက်ကို အသက်ဝိညာဉ်ထဲသို့ သွင်းတော်မူလိုက်သောအခါ စွမ်းရည်များကို အကောင်းဘက်သို့ လျင်မြန်စွာတိုးတက်စေ၍၊ ကျင့်ဝတ်တရားများကို ညစ်ညူးခြင်းမှကင်းရှင်းစေပြီးလျှင်၊ ကိုယ်တော်၏နိုင်ငံအဖို့ ထိုက်တန်စေသည်။ သခင်ယေရှု၌ ကြီးမားသောကောင်းချီးမင်္ဂလာများပေးရန်ရှိ၍၊ လူတို့ကိုဝေငှ ပေးဖို့ရန် ကြွယ်ဝသောလက်ဆောင်ပဏ္ဏာများရှိသည်။ ကိုယ်တော်သည် အံ့ဩဖွယ်ရာကောင်းသော တိုင်ပင်ဖက်ဖြစ်၍၊ အသိပညာနှင့်ခွန်အားတို့၌ ကန့်သတ်ခြင်းကင်း၏။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ဝိညာဉ်တော်တန်ခိုးကို အသိအမှတ်ပြု၍၊ ပုံသွင်းပေးခြင်းကိုလက်ခံပါက ကျွန်ုပ်တို့သည် ကိုယ်တော် ၌စုံလင်လျက် ရပ်တည်နေကြမည်။ ဤအရာကို မည်မျှစဉ်းစားဆင်ခြင် စရာရှိသနည်း။ “ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏။ သင်တို့သည် ကိုယ်တော်၌ စုံလင်လျက်ရှိကြ၏။” လူသားတို့၏စိတ်နှလုံးကို ဘုရားသခင်၏ဝိညာဉ် တော်၌အပ်ပေး၍

ပုံသွင်းပေးခြင်းမရှိသမျှကာလပတ်လုံး ပျော်ရွှင်ခြင်းကိုသိလိမ့် မည်မဟုတ်ပေ။ ဝိညာဉ်တော်သည် အသစ်ပြုပြင်ထားသောအသက်ဝိညာဉ်ကို ခရစ်တော်၏ ပုံအတိုင်းဖြစ်စေသည်။ ဝိညာဉ်တော်၏ဩဇာတန်ခိုးအားဖြင့် ဘုရားသခင် ကိုရန်ဘက်ပြုခြင်းသည် ယုံကြည်ခြင်းနှင့်ချစ်ခြင်းသို့ ပြောင်းလဲ သွားခဲ့၍၊ မာနထောင်လွှားခြင်းကို နှိမ့်ချခြင်းသို့ရောက်စေသည်။ အသက် ဝိညာဉ်သည် သမ္မာတရား၏လှပခြင်းကိုမြင်၍၊ ခရစ်တော်ကိုစာရိတ္တ၏ အကောင်းဆုံးနှင့် ပြည့်စုံခြင်းဖြင့်ဂုဏ်ပြုသည်။ ဤပြောင်းလဲခြင်းများ ဖြစ်ပျက်နေစဉ်၊ ကောင်း ကင်တမန်များသည် ဘဝင်ကျသောသီချင်းကိုကျူးအေး၍ ဘုရားသခင်နှင့် ခရစ်တော်သည် မြင့်မြတ်ခြင်းရှိသောပုဂ္ဂိုလ်ကဲ့သို့ ပြုပြင် ထားသောအသက် ဝိညာဉ်များအတွက် ဝမ်းမြောက်တော်မူခြင်းရှိတော်မူသည်။

## အောင်မြင်ခြင်း၏အဖိုးအခ

အကောင်းနှင့်အဆိုးစပ်ကြား၌ တိုက်ခိုက်နေသောစစ်သည် ကယ်တင် ရှင်အချိန်၌ကဲ့သို့ အရှိန်လျော့သွားခြင်းမရှိသေးပေ။ ကောင်းကင်သို့သွားသော လမ်းသည်လည်း ယခင်အချိန်ကကဲ့သို့ပင်ဖြစ်၍ ချောမွေ့သွားခြင်းမရှိသေးပေ။ ကျွန်ုပ်တို့၏အပြစ်အားလုံးကို ဖယ်ရှားပစ်ရမည်။ ကျွန်ုပ်တို့၏ဝိညာဉ် ရေးတိုး တက်ခြင်း၌ အဆီးအတားဟူသရွေ့ကို ဖြတ်တောက်ပစ်ရမည်။ လက်ယာလက် နှင့်လက်ယာမျက်စိသည် ကျွန်ုပ်တို့အား အပြစ်ကိုကျူးလွန်ဖို့ရန်ဖြစ်စေ

ပါက၊ ထိုအင်္ဂါများကိုအနစ်နာခံစေရမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသိပညာကိုစွန့်ပစ်၍၊ ကောင်းကင်နိုင်ငံတော်ကို ကလေးကဲ့သို့လက်ခံရန် ဆန္ဒရှိသလား။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းကို စွန့်ပစ်ရန်ဆန္ဒရှိသလား။ ကျွန်ုပ်တို့သည် လူတို့သဘောကြိုက်ညီခြင်းကို အနစ်နာ ခံရန် ဆန္ဒရှိသလား။ ထာဝရအသက်ကို တန်ဖိုးဖြတ်၍မရပေ။ ကျွန်ုပ်တို့ သည် သန့်ရှင်းသောဝိညာဉ်တော်၏ထောက်ပံ့ခြင်းကိုလက်ခံ၍၊

၎င်းနှင့် ပူးပေါင်းလုပ်ကိုင်ကြမည်လား။ ရရှိမည့်အရာနှင့် တန်ဖိုးအချိုးအစားအတိုင်း ဖြစ်ရန် ကြိုးစားဆောင်ရွက်၍ အနစ်နာခံကြရမည်လား။ Review and Herald, February 10, 1903.

–o–

## စာတန်၏အထူးကြိုးပမ်းခြင်း – ၁၂

ကျွန်ုပ်တို့သည် အဘက်ဘက်၌သတိထား၍ စာတန်၏ပရိယာယ် အယုံသွင်းခြင်းများနှင့် ဥာဏ်ဆင်ခြင်းများကို လုံ့လထုတ်၍ ခုခံရမည်အကြောင်း ကျွန်ုပ်တို့ပြခဲ့ပြီ။ စာတန်သည် သူ့ကိုယ်ကို အလင်းကောင်းကင်တမန်တစ်ပါး အနေဖြင့် ပြောင်းလဲလိုက်၍ သံ့ပန်းများထောင်သောင်းများစွာတို့ကို လိမ်လည် လှည့်ဖြားခဲ့လေပြီ။ သူ၏လောကဓာတ်ဥာဏ်ဖြင့် လူတို့၏စိတ်ကိုအကျိုးရှိ အောင် ပြုလုပ်လိုက်ခြင်းသည် ကြောက်ခမန်းလိလိဖြစ်၏။ ဤနေရာ၌ သူသည် ဘုရားသခင်၏အလုပ်တော်ကို ရှုပ်ထွေးစေရန် မြွေကဲ့သို့ မသိမမြင်နိုင်အောင် တွားဝင်ခဲ့လေသည်။ ခရစ်တော်၏နိမိတ်လက္ခဏာများနှင့်အလုပ်များကို လူတို့၏ အလုပ်ကဲ့သို့ပြုလုပ်သည်။

စာတန်သည် ခရစ်ယာန်အယူဝါဒကို ပွင့်ပွင့်လင်းလင်း ရဲဝံ့စွာ တိုက်ခိုက်ခဲ့ပါက၊ ခရစ်ယာန်သည် စိတ်ဆင်းရဲခြင်းနှင့်နာကျင်ခြင်းဖြင့် ကယ်တင်ရှင်၏ခြေတော်ရင်းသို့ ရောက်ရှိလာလိမ့်မည်။ ထိုအခါ သန်စွမ်း၍ ခွန်အားကြီးသောကယ်တင်ရှင်သည် ရဲရင့်သောရန်သူကို ကြောက်ရွံ့ထိတ်လန့်ခြင်းသို့ ရောက်စေလိမ့်မည်။ သို့သော်လည်း စာတန်သည် အလင်းကောင်းကင်တမန်အနေသို့ပြောင်းလဲလျက် စိတ်ချယုံကြည်ရသောလမ်းမှန်မှ လွဲချော်သွားရန် စိတ်ပေါ်တွင်လုပ်ဆောင်လေသည်။ ဤခေတ်အချိန်၌ နေထိုင်ကြသောသူတို့ထံသို့ စာတန်သည် တိုက်ရိုက်လာရောက်ရာ၌ လက္ခဏာများကြည့်၍ ဟောနည်း၊ စိတ်ဝိညာဉ်ဆိုင်ရာပညာနှင့် စိတ်ညို့ခြင်းအတတ် စသောသိပ္ပံ

ပညာများကိုအသုံးပြု၍၊ ပေးထားသောအချိန်ကုန်ဆုံးခါနီး၌ ထိုတန်ခိုးဖြင့် မိမိ၏အလုပ်ကို သီးခြားထင်ရှားပေါ်လွင်စေခဲ့သည်။

ကျွန်ုပ်တို့သည် အချိန်ကုန်ခါနီးသို့ရောက်လာကြသောအခါ၊ လူတို့၏ စိတ်သည် စာတန်မာရ်နတ်၏ပရိယာယ်များဖြင့် လွယ်ကူစွာထိခိုက်တတ်လေသည်။ ခရစ်တော်၏အလုပ်နှင့်ပြသခဲ့သော နိမိတ်လက္ခဏာများသည် ယေဘုယျကျင့်ဝတ္တရားများအပေါ်၌ ရှင်းလင်းပြသရန် လိမ်လည်ခံရသောသူတို့ကို စာတန်သည် ဦးဆောင်လေသည်။ စာတန်သည် ခရစ်တော်၏အလုပ်ကို တုပပြုလုပ်ရန် စိတ်အားထက်သန်၍ သူ၏ကိုယ်ပိုင်တန်ခိုးနှင့်တောင်းဆိုခြင်းများကို တည်ထောင်လိုသည်။ ဤအရာ၌သူသည် ပွင့်ပွင့်လင်းလင်းရဲဝံ့စွာ

မပြုပေ။ သူသည်အလွန်စဉ်းလဲ၏။ အပြစ်တွင်ကျရောက်နေသောသူထံသို့ ချဉ်းကပ်၍ သူ၏အလုပ်ကိုပြီးစီးဖို့ရန် အလင်းရှိသောကောင်းကင်တမန် ပုံသဏ္ဌာန်ကဲ့သို့ လာရောက်လေသည်။

ဆိတ်ငြိမ်သောတောကန္တာရ၌ ခရစ်တော်ထံသို့ စာတန်သည် အလွန်လှပသောယောကျ်ားကလေးတစ်ယောက်အသွင်ဖြင့် လာရောက်လေသည်။ အပြစ်သို့ကျရောက်နေသော ကောင်းကင်တမန်နှင့်မတူဘဲ ရှင်ဘုရင်တစ်ပါးနှင့်တူလေသည်။ သူ၏နှုတ်၌ကျမ်းစာပါလျက် "ကျမ်းစာလာသည်ကား" ဟု စာတန်ပြောဆိုသည်။ ဒုက္ခဆင်းရဲခံနေရသော ကျွန်ုပ်တို့၏ကယ်တင်ရှင် သည် စာတန်ကို ကျမ်းစာနှင့်ပင်တွေ့ဆုံရာ၌ "ကျမ်းစာလာသည်ကား" ဟု ပြန်၍ မိန့်တော်မူသည်။ စာတန်သည် ခွန်အားနည်း၍ ဒုက္ခခံစားနေရသော ခရစ်တော်၏အခြေအနေကို အခွင့်ကောင်းယူ၍ပြောဆိုသည်။ ကိုယ်တော်သည် လူဇာတိသဘောကို ယူတင်တော်မူသည်။

## ကိုယ်ကျိုးနည်းသည့်ယုံကြည်စိတ်ချခြင်း

စာတန်သည် လူတို့၏စိတ်ကိုလှည့်ဖြားဖုံးလွှမ်းစေနိုင်၍ မိမိတို့ကိုယ်တိုင်ကြီးကျယ်ကောင်းမွန်သောအရာများကို လုပ်ကိုင်နိုင်သည်ဟု ထင်မြင်စေနိုင်ခဲ့လျှင်၊ လူတို့သည် မိမိတို့ကိုယ်ကိုအထင်အမြင်ကြီး၍ ဘုရားသခင်အပေါ်၌မှီခိုခြင်းရှိတော့မည်မဟုတ်ပေ။ ကြီးသောတန်ခိုးရှိသည်ဟူ၍လည်း အသိအမှတ်ပြုမည်မဟုတ်။ ကိုယ်တော်သည် ကြီးကျယ်၍ထူးမြတ်သောအရှင်ဖြစ်ပြီး ကိုယ်တော်တောင်းဆိုသော ချီးမြှောက်ခြင်းကိုလည်း ဘုရားသခင်အားပေးမည်မဟုတ်ပေ။ စာတန်၏ရည်ရွယ်ချက်သည် ဤနည်းဖြင့်အောင်မြင်ခဲ့သည်။ စာတန်သည် မိမိကိုယ်ကိုကောင်းကင်၌ ချီးမြှောက်ခဲ့၍၊ ထုတ်ပယ်ခြင်းခံရသကဲ့သို့ အပြစ်၌ကျရောက်နေသောလူသည်

မိမိကိုယ်ကို ထိုနည်းတူ ချီးမြှောက်ရန်လုပ်ခိုင်းသည်။ သူသည် မိမိကိုယ်ကိုချီးမြှောက်၍ခံစားရသကဲ့သို့ လူသည်လည်း မိမိကိုယ်ကိုချီးမြှောက်ပါက ပျက်စီးခြင်းသို့ရောက်မည်ကို စာတန်သည် သေချာစွာသိမြင်သည်။

## ယုံကြည်စိတ်ချခြင်းကိုဖျက်ဆီးခြင်း

စာတန်သည် ခရစ်တော်ကို တောအရပ်၌စုံစမ်းနှောင့်ယှက်ရာတွင် ဆုံးရှုံးခဲ့သည်။ ကယ်တင်တော်မူခြင်းအကြံအစည်သည် ထမြောက်ခဲ့သည်။ ကယ်တင်ခြင်းခံစားဖို့ရန် လူအတွက်ကြီးသောအဖိုးအခကိုပေးခဲ့ပြီ။ ယခုအချိန်၌ စာတန်သည် ခရစ်ယာန်၏မျှော်လင့်ခြင်းအုတ်မြစ်ကိုဖြိုဖျက်ပစ်ရန်ရှာကြံ၍၊ လူတို့၏စိတ်များကို အကျိုးကျေးဇူးမခံစားနိုင်သည့်လမ်းကြောင်းမှ ပြောင်းလဲပေးလိုက်လေသည်။ သို့မဟုတ် ကြီးကျယ်သောစွန့်တော်မူခြင်း၌ ပေးကမ်းသောကယ်တင်ခြင်းကို မရရှိနိုင်ဖို့ရန်ရှာကြံသည်။ သူသည် အပြစ်သို့ကျရောက်နေသောသူကို ပျက်စီးခြင်းသို့ရောက်စေသည့် မတရားသောလှည့်ဖြားခြင်းအမျိုးမျိုးဖြင့်လာ၍ အပြစ်ဖြေလွှတ်ခြင်းမရှိဘဲ အရာခပ်သိမ်းကိုပြုလုပ်နိုင်သည်ဟု ယုံကြည်စေသည်။ လူသည် အသေသတ်ခံ၍ ထမြောက်တော်မူသောကယ်တင်ရှင်ထံ၌ မှီခိုနေရန်မလိုပေ။ လူတို့၏ကိုယ်ပိုင်ကောင်းမှုကုသိုလ်သည် ဘုရားသခင်၏ရှေ့တော်၌ မျက်နှာရနိုင်သည်။ ထိုနောက် လူ၏သမ္မာကျမ်းစာ၌ ယုံကြည်စိတ်ချခြင်းကို စာတန်သည်ဖျက်ဆီးခဲ့သည်။ ဤနေရာ၌ သူသည်အောင်မြင်ခဲ့ပါက၊ သိမြင်သောသူသည် မိမိကိုယ်အပေါ်သို့ အမှတ်အသားပေးခြင်းကြောင့် ဖျက်ဆီးခြင်းခံရသောအခါ၊ စာတန်သည်ဘေးမရှိဘဲ လုံခြုံလျက်ရှိ၏။

မာရ်နတ်သည် ကိုယ်ကာယအားဖြင့် အထင်အရှားမရှိဟု လူတို့၏စိတ်၌စွဲလမ်းစေခြင်းဖြင့် စာတန်သည် မှောက်မှားခြင်းဖြစ်စေသည်။ ဤအချက်ကိုယုံကြည်သောသူတို့သည် တိုက်ခိုက်ရန်မရှိသောစစ်ကို တားဆီးတိုက်ခိုက်ဖို့ရန် အားထုတ်ခြင်းမရှိကြပေ။ မျက်ကန်းနှင့်တူသော ပုထုဇဉ်လူများသည်

နောက်ဆုံး “ဘာဖြစ်ဖြစ်၊ ဖြစ်တာသာပဓာန” ဟူသော ဥဒါန်းစကားကို လက်ခံလိုက်ကြလေသည်။ သူတို့လိုက်နေသောလမ်းကို စည်းကမ်းဖြင့်တိုင်းထွာရန် အသိအမှတ်မပြုကြပေ။ ဘုရားသခင်ကိုဆုတောင်းခြင်းသည် အသုံးမကျ၊ ဟန်ပြခြင်းသာဖြစ်သည်ဟု စာတန်သည် အများသောသူတို့ကို ယုံကြည်စေသည်။ ခရစ်တော်၏နောက်လိုက်များတို့သည် နိုးကြားနေ၍ စာတန်၏စဉ်းလဲခြင်းနှင့်လိမ်လည်ခြင်းကိုတားဆီးနိုင်ဖို့ရန် ဆုတောင်းခြင်းနှင့် ထောက်ချင့်ဆင်ခြင်ခြင်း မည်မျှလိုအပ်နေကြောင်းကို စာတန်သည် ကောင်းမွန်စွာသိသည်။ အသက်ဝိညာဉ်သည် သူ၏တိုက်ခိုက်ခြင်းကိုတားဆီး၍ ခွန်အားကြီးသော

ကိုယ်တော်အား မှီခိုခြင်းမပြုလုပ်နိုင်ရန် စာတန်၏ပရိယာယ်များသည် စိတ်ကို ပြောင်းလွှဲပေးလိမ့်မည်။

ကျွန်ုပ်တို့သည် ဆုတောင်းခြင်းဝတ်ကိုပျက်ကွက်ခဲ့ပါက စာတန်၏ စိတ်ကြိုက်ပင်ဖြစ်ပေမည်။ အကြောင်းမှာ သူ၏အံ့သြဖွယ်ရာကောင်းသော လိမ်လည်ကောက်ကျစ်စဉ်းလဲခြင်းများကို အလွယ်တကူလက်ခံလိမ့်မည်။ သခင်ခရစ်တော်ကို စုံစမ်းနှောင့်ယှက်ခြင်း၌ ဆုံးရှုံးခဲ့သော်လည်း လူသားတို့အား သူ၏ယုတ်မာသောစုံစမ်းနှောင့်ယှက်ခြင်းဖြင့် အနိုင်ယူလိုက်လေသည်။ သူသည် တစ်ခါတစ်ရံ အလွန်ချစ်စရာကောင်းသော လူငယ်တစ်ယောက်အနေဖြင့် (သို့မဟုတ်) လုပသောအရိပ်ဖြင့် လာတတ်လေသည်။ သူသည် ရောဂါဝေဒနာမှ ပျောက်ကင်းစေသောနည်းကိုသုံး၍ လိမ်လည်ခံရသောသူများသည် သူ့ကိုလူမျိုးတို့၏ကျေးဇူးရှင်ဟု ယူဆကိုးကွယ်ကြလေသည်။

## စိတ်ကိုအုပ်စိုးခြင်း

စာတန်၏အုပ်စိုးခြင်းအောက်သို့ ပေးအပ်ခြင်းမရှိပါက စာတန်သည် စိတ်များကိုမအုပ်စိုးနိုင်ကြောင်းကို ကျွန်ုပ်အားပြသခဲ့သည်။ မှန်သောဘက်မှ ထွက်ခွာသွားသောသူတို့သည် ယခုအချိန်၌ ကြီးလေးသောဘေးအန္တရာယ်၌ ရှိနေကြသည်။ သူတို့သည် သူတို့၏ကိုယ်ကို ဘုရားသခင်နှင့်စောင့်ရှောက်နေသော ဘုရားသခင်၏ကောင်းကင်တမန်များမှ ခွဲထွက်လျက်ရှိကြသည်။ စာတန်သည် အသက်ဝိညာဉ်များကိုဖျက်ဆီးဖို့ရန် အစဉ်စောင့်ကြည့်နေသည်ဖြစ်၍ သူ၏လိမ်လည်ကောက်ကျစ်စဉ်းလဲခြင်းများဖြင့်ပြသခဲ့ရာ၊ သူတို့သည် ဘေးအန္တရာယ်ကြီးနှင့်ရင်ဆိုင်နေကြသည်။ သူတို့သည်

မှောင်မိုက်၏တန်ခိုး များကိုတွေ့မြင်၍ ကြိုးစားတားဆီးပြီးလျှင် စာတန်ထောင်ချောက်မှကင်းလွတ် ဖို့ရန် ပြုလုပ်သော်လည်း လွယ်ကူသောအရာမဟုတ်ပေ။ သူတို့သည် စာတန် ပိုင်ဆိုင်သောမြေပေါ်သို့ အရဲစွန့်ပြီးလျှင် သွားရောက်ခဲ့၍ စာတန်သည် သူတို့ကို အရေးဆိုပြီး ခရစ်တော်၏လက်မှ လူတစ်ယောက်ကို ရရှိဖို့ရန် စာတန်သည် သူ၏ခွန်အားရှိသမျှကိုအသုံးပြု၍၊ သူ၏မကောင်းသော တမန်များ၏မစခြင်း ကို ခေါ်ယူလိမ့်မည်။

သူတို့အားစုံစမ်းသွေးဆောင်ဖို့ရန် မာရ်နတ်ကိုသွေးစမ်းသောသူတို့ သည် သူ၏တန်ခိုးမှကင်းလွတ်ဖို့ရန် အလွန်အမင်းကြိုးစားရပေလိမ့်မည်။ သူတို့သည် မိမိတို့ကိုယ်တိုင်ကြိုးစားသောအခါ၊ သူတို့ကိုယ်တိုင်စိတ်နာစေ ခဲ့သော ဘုရားသခင်၏ကောင်းကင်တမန်များသည် သူတို့ကိုလာရောက် ကယ်တင်လိမ့်မည်။ စာတန်နှင့် သူ၏ကောင်းကင်တမန်များသည် သူတို့၏ သားကောင်ကို ဆုံးရှုံးသွားဖို့ရန် အလိုမရှိပေ။ သူတို့သည် သန့်ရှင်းသော ကောင်းကင်တမန်များနှင့်ငြင်းခုံ၍ စစ်တိုက်ကြရာ တိုက်ပွဲသည်အလွန်ပြင်းလေ သည်။ အကယ်၍ မှားယွင်းခဲ့သောသူတို့သည် ဆက်လက်တောင်းပန်ကြ ပြီးလျှင်၊ အလွန်နှိမ့်ချသောစိတ်ဖြင့် သူ၏မှားယွင်းခဲ့ခြင်းများကို ဝန်ခံကြ ပါက ခွန်အားကြီးသောကောင်းကင်တမန်များသည် အနိုင်ရလိမ့်မည်ဖြစ်၍ သူတို့ကိုမကောင်းသော ကောင်းကင်တမန်တို့၏တန်ခိုးမှ ကယ်နုတ်ယူလိမ့် မည်။

## ကန့်လန့်ကာဖွင့်လိုက်ခြင်း

ကန့်လန့်ကာကိုဖွင့်လိုက်ပြီးလျှင် ကျွန်ုပ်တို့အား ဤလောကကြီး၌ တရားဖောက်ပြန်နေခြင်းကို ပြသသောအခါ ကျွန်ုပ်၏စိတ်နှလုံးသည် နာမကျန်း

ဖြစ်လာပြီးလျှင် ကျွန်ုပ်၏ဝိညာဉ်သည် အတွင်း၌အားလျော့သွားခဲ့သည်။ မြေကြီးပေါ်၌ရှိသောသူတို့သည် သူတို့၏အပြစ်ခွက်ဖလားကို ဒုစရိုက်နှင့် ပြည့်ဝစေကြပြီဖြစ်ကြောင်း ကျွန်ုပ်တွေ့မြင်ရသည်။ ဘုရားသခင်၏အမျက်တော်ကိုနှိုးဆော်၍၊ မြေကြီးပေါ်မှအပြစ်သားများအား ပယ်ရှင်းသည်တိုင်အောင် ငြိမ်သက်ခြင်းရှိလိမ့်မည်မဟုတ်ပေ။

စာတန်သည် ခရစ်တော်၏ရန်သူအစစ်အမှန်ဖြစ်သည်။ သူသည် ကောင်းကင်ဘုံနှင့်မြေကြီးပေါ်ရှိ ပုန်ကန်မှုအမျိုးမျိုးတို့တွင် စ၍တီထွင်သူနှင့် ခေါင်းဆောင်ဖြစ်သည်။ သူ၏ဒေါသသည် တိုးတက်လျက်ရှိ၍ သူ၏တန်ခိုးကို ကျွန်ုပ်တို့သတိမထားမိကြပေ။ ကျွန်ုပ်တို့၏မျက်စိများသည် ပွင့်လာ၍၊ မိမိတို့ကိုယ်ကိုလုံခြုံခြင်းရှိပြီဟု စိတ်ချနေသောသူတို့ထဲတွင် ဤသူပုန်ကောင်းကင်တမန်များသည် မည်ကဲ့သို့အလုပ်လုပ်ကိုင်နေကြောင်းကိုတွေ့မြင်ပါက၊ ကျွန်ုပ်တို့၌လုံခြုံခြင်းရှိပြီဟု ထင်မြင်ရန်အကြောင်းမရှိပေ။ အချိန်တိုင်း၌ မကောင်းသောကောင်းကင်တမန်များသည် ကျွန်ုပ်တို့၏ခြေရာနောက်သို့ လိုက်နေကြသည်။ စာတန်အကြံပေးသည့်အတိုင်း လူဆိုးများသည် အဆင်သင့်ရှိကြောင်း ကျွန်ုပ်တို့မျှော်လင့်နိုင်သည်။ သို့သော်လည်း ကျွန်ုပ်တို့၏စိတ်သဘောသည် စာတန်မမြင်နိုင်သောကိုယ်စားလှယ်များမှ စောင့်ရှောက်ထားခြင်းမရှိသောကြောင့် သူတို့သည် ခြေကုတ်အသစ်ကိုရရှိ၍ ကျွန်ုပ်တို့ရှေ့၌ အံ့သြဖွယ်ရာများနှင့်နိမိတ်လက္ခဏာများကို ပြုလုပ်ပြသကြလိမ့်မည်။ ကျွန်ုပ်တို့အောင်မြင်စွာ အသုံးချနိုင်မည့် ဘုရားသခင်၏နှုတ်ကပတ်တော်လက်နက်ဖြင့် ခုခံရန်ပြင်ဆင်ခြင်းရှိကြသလား။

အချို့သောသူများတို့သည် ဤအံ့ဖွယ်ရာကောင်းသောအရာများကို ဘုရားသခင်အထံတော်မှရရှိသည်ဟု ယုံကြည်ကြမည်။ ဖျားနာသောသူတို့

သည် ကျွန်ုပ်တို့ရှေ့၌ သက်သာလာကြသည်။ နိမိတ်လက္ခဏာများကို ကျွန်ုပ်တို့ရှေ့၌ ပြုလုပ်လိမ့်မည်။ စာတန်မာရ်နတ်၏လိမ်လည်သောအံ့ဩဖွယ်ရာများကို ပြည့်ပြည့်စုံစုံပြသလာသောအခါ ကျွန်ုပ်သည် ထိုစုံစမ်းခြင်းများကို ခံနိုင်ဖို့ရန် ပြင်ဆင်ခြင်းရှိသလား။ မြောက်မြားစွာသောအသက်ဝိညာဉ်တို့သည် ကျော့ကွင်း၌မိ၍ ဖမ်းထားခြင်းခံရမည်မဟုတ်လော။ မှားယွင်းခြင်းများ၊ ဘုရားသခင်၏ထင်ရှားသိသာသောကျင့်ဝတ်နှင့် ပညတ်တော်များမှတိမ်းသွား၍ ဒဏ္ဍာရီစကားများကိုလိုက်ခြင်းသည် စာတန်၏အံ့ဩဖွယ်ရာကောင်းသော လိမ်လည်ခြင်းများဖြစ်သည်။ များမကြာမီ ကျွန်ုပ်တို့တိုက်ခိုက်ရမည့်စစ်ပွဲ အတွက်ပြင်ဆင်၍ လက်နက်တပ်ဆင်ရမည်။ ဘုရားသခင်၏နှုတ်ကပတ်တော် ၌ယုံကြည်ခြင်း၊ ဆုတောင်းခြင်းဖြင့် လေ့ကျက်၍လက်တွေ့ပြသခြင်းသည် စာတန်၏တန်ခိုးမှ ကျွန်ုပ်တို့ကိုကာကွယ်ပေးလိမ့်မည်။ ခရစ်တော်၏အသွေး တော်ဖြင့် ကျွန်ုပ်တို့သည် အောင်မြင်သောသူများဖြစ်ကြမည်။ Review and Herald, February 18, 1862.

–o–

# စုံစမ်းနှောင့်ယှက်ခြင်းခံရသောကြောင့် အပြစ်ကျူးလွန်ရခြင်းသည်ဆင်ခြင် မဟုတ်ပေ – ၁၃

သဘာဝ၏တိုက်တွန်းခြင်းမရှိရ။ စိတ်၏ပြုပိုင်ခွင့် (သို့မဟုတ်) စိတ်နှလုံး၏အလိုပါခြင်းမဖြစ်ရ။ ဖြစ်သင့်သည်မှာအချိန်ရှိတိုင်း ဘုရားသခင်၏ ဝိညာဉ်တော်စောင့်ရှောက်ခြင်းအောက်၌ရှိရမည်။ လူအပေါ်၌ ဘုရားသခင် ချပေးတော်မူခြင်းမပြုသော ကောင်းချီးမင်္ဂလာတစ်ခုမျှမရှိ။ လူအပေါ်သို့ကျရောက်ခြင်းမရှိသော စုံစမ်းခြင်းတစ်ခုမျှမရှိ။ သို့သော်လည်း စာတန်ကိုကျွန်ုပ်တို့သည် အခွင့်ပေးလိုက်ပါက သူသည်စုံစမ်းဖို့ရန်လည်းကောင်း၊ နှောင့်ယှက်ဖို့လည်းကောင်း၊ အသက်ဝိညာဉ်ကိုဖျက်ဆီးရန်လည်းကောင်း ပြုလုပ်လိမ့်မည်။ သို့ဖြစ်သောကြောင့် လူတစ်ယောက်၏ဝိညာဉ်ရေးအလင်းသည် မည်မျှပင် ကြီးမားစေကာမူ၊ ဘုရားသခင်၏မေတ္တာသက်ဝင်ခြင်းကောင်းချီးမင်္ဂလာကို မည်မျှပင်ခံစားရစေကာမူ၊ သူသည် အစဉ်သဖြင့်ဘုရားသခင်၏ရှေ့တော်၌ နှိမ့်ချလျက်လျှောက်သွား၍ ကိုယ်တော်ထံ၌ သူ၏အကြံအစည်တိုင်းနှင့်တိုက်တွန်းခြင်းများသည် ကိုယ်တော်၏အုပ်စိုးခြင်းအောက်၌ရှိဖို့ရန် ယုံကြည်ခြင်းဖြင့် တောင်းပန်ပြောဆိုနေရမည်။

ဘုရားဝတ်၌မွေ့လျော်ခြင်းရှိသောသူတို့သည် စိတ်ဝိညာဉ်ကိုစောင့်ရှောက် ကြည့်ရှုရန် တာဝန်များစွာရှိလေသည်။ ၎င်းပြင် ကြီးကျယ်စွာအမျက်ထွက် ခြင်းရှိသောအခါ၌ မိမိကိုယ်ကိုထိန်းချုပ်ထားရန် လေ့ကျင့်ခြင်းရှိရမည်။ မောရှေအပေါ်၌ တင်ထားသောဝန်များသည် အလွန်ကြီးသည်။ မောရှေသည် ပြင်းထန်စွာခံစားရသကဲ့သို့ အနည်းငယ်သာခံစားရကြပေမည်။ သို့တစေလည်း သူအပြစ်သို့ကျရောက်ခြင်း၌ ဤအကြောင်းကြောင့်ဖြစ်သည်ဟု ဆင်ခြင်မပေးပေ။ ဘုရားသခင်သည် မိမိလူမျိုးတို့အဖို့ လုံလောက်စွာစီမံထားတော်မူရာ၊ သူတို့သည် ကိုယ်တော်၏ခွန်အားအပေါ်၌အားကိုးခြင်းရှိလျှင် သူတို့သည် ကံတရားအကြောင်း၏ကစားစရာဖြစ်ကြမည်မဟုတ်ပေ။ အပြင်းထန်ဆုံးသော

စုံစမ်းနှောင့်ယှက်ခြင်းကြောင့် အပြစ်ကျူးလွန်ရသည်ဟု ဆင်ခြင်ပေးစရာ အကြောင်းမရှိပေ။ ကျွန်ုပ်တို့၏အသက်ဝိညာဉ်အပေါ်သို့ မည်မျှပင်ဖိနှိပ်ခြင်း ရှိသော်လည်း အပြစ်ကိုကျူးလွန်ခြင်းသည် ကျွန်ုပ်တို့၏လုပ်ဆောင်မှုသာဖြစ် ပေသည်။ မြေကြီးပေါ်နှင့်ငရဲတွင်ရှိသောမည်သည့်တန်ခိုးမျှ မကောင်းမှုကို လွန်ကျူးရန် အနိုင်ပြုလုပ်၍မရပေ။ စာတန်သည် ကျွန်ုပ်တို့ကို ခွန်အားနည်း သောအချက်များမှ တိုက်ခိုက်သောကြောင့် ကျွန်ုပ်တို့ကိုအောင်မြင်နိုင်စရာ အကြောင်းမရှိပေ။ တိုက်ခိုက်ခြင်းသည် မည်မျှပင်ပြင်းထန်ခြင်း (သို့မဟုတ်) မထင်မှတ်သောအချိန်၌ ရောက်လာစေကာမူ ကျွန်ုပ်တို့အဖို့ကိုယ်တော်သည် မစခြင်းကိုစီမံထားသောကြောင့် ကိုယ်တော်၏ခွန်အား၌ ကျွန်ုပ်တို့သည် အောင်မြင်နိုင်ကြသည်။ Patriarchs and Prophets, p. 421.

–၀–

# ခိုင်ခံ့သောစိတ်ရှိခြင်း – ၁၄

နောက်ဆုံးအောင်မြင်ခြင်းရရှိသောသူတို့သည် သူတို့၏ဘာသာရေး အသက်တာ၌ ကြောက်မက်ဖွယ်ရာကောင်းသော ရှုပ်ထွေးခြင်းနှင့်စုံစမ်းနှောင့်ယှက် ခြင်းခံရကြမည်။ သို့သော်လည်း သူတို့သည် သူတို့၏ယုံကြည်စိတ်ချခြင်းကို

စွန့်မပစ်ရပေ။ အကြောင်းမူကား ဤအရာသည် ခရစ်တော်၏ကျောင်း၌ စည်းကမ်းချက်တစ်ရပ်ပင်ဖြစ်၍၊ အားလုံးသောအချေးအညှော်များကို ရှင်းလင်းပစ်ဖို့ရန်လိုအပ်ပေသည်။ ဘုရားသခင်၏ကျွန်သည် ရန်သူ၏တိုက်ခိုက်ခြင်း၊ စိတ်ဒုက္ခရောက်စေတတ်သော ကဲ့ရဲ့ပြစ်တင်ခြင်းများကို ခံနိုင်ရည်ရှိခြင်းဖြင့် သည်းခံ၍၊ သူ၏လမ်း၌ စာတန်ချထားမည့်အတားအဆီးများကို အောင်မြင်ခြင်းရှိမည်။

ခရစ်တော်၏နောက်လိုက်များတို့သည် ဆုတောင်းခြင်း၊ သမ္မာကျမ်းစာကိုလေ့ကျက်ခြင်းမပြုလုပ်ရန် စာတန်သည် သူတို့၌စိတ်ပျက်ခြင်းဖြစ်စေလိမ့်မည်။ ၎င်းပြင် သူတို့၏မြင်ကွင်းမှ ခရစ်တော်ကိုဖုံးကွယ်နေရန် သူ၏မုန်းတီးဖွယ်ရာကောင်းသောအရိပ်ကို သူတို့၏လမ်း၌ချထားလိမ့်မည်။ ဤနည်းဖြင့် ကိုယ်တော်၏မေတ္တာတော်နှင့် ကောင်းကင်နှင့်ဆိုင်သောအမွေပစ္စည်းများ၏ ဘုန်းအသရေများကို မတွေ့မြင်နိုင်ရန် ပိတ်ပင်ထားလိမ့်မည်။ ဘုရားသခင်၏ သားသမီးများသည် အစဉ်သဖြင့်ယုံမှားခြင်းအောက်၌ ကြောက်ရွံ့တုန်လှုပ်နာကျင်လျက် သွားလာနေသည်ကို စာတန်အလိုရှိသည်။ သွားရာလမ်း၌ တတ်နိုင်သရွေ့ ဝမ်းနည်းခြင်းနှင့်တွေ့ဆုံဖို့ရန် သူသည်ရှာကြံလျက်နေသည်။ သို့သော်လည်း သင်သည် အောက်၌ရှိသောခက်ခဲခြင်းများကိုမကြည့်ရှုဘဲ အပေါ်သို့အစဉ်ကြည့်ရှုနေပါက၊ သွားရသောလမ်းပေါ်၌ အားနည်းဖြစ်မည်မဟုတ်။ များမကြာမီ သခင်ယေရှုသည် သင့်ကိုမစရန် ကိုယ်တော်၏လက်တော်ကိုပေးကမ်းတော်မူမည်။ သင်သည် သင်၏လက်ကို ရိုးသားယုံကြည်စိတ်ချခြင်းနှင့် ကိုယ်တော်အားပေးခြင်းဖြင့် သင့်ကိုကိုယ်တော်သည် လမ်းပြပါစေ။ သင်သည် ကိုးစားတတ်သောအခါ၊ သင်၌မျှော်လင့်ခြင်းရှိလာလိမ့်မည်။

## ဘုရားသခင်၏ခွန်အား၌

သခင်ယေရှုသည် ဤလောက၏အလင်းဖြစ်တော်မူ၏။ သင်သည် သင်၏အသက်တာကို ကိုယ်တော်နှင့်တူအောင် ပြုပြင်လုပ်ကိုင်ရမည်။ သန့်မာ၊ အချိုးအစားကျ၍၊ လှပသောစာရိတ္တရရှိဖို့ရန် သင်သည် ခရစ်တော် ၌မစခြင်းကို ရရှိနိုင်သည်။ ထိုကဲ့သို့သော လူထံမှလာသောအလင်းကို စာတန်သည်မထိ ရောက်စေရန် ပြုလုပ်၍မရပေ။ ကျွန်ုပ်တို့တစ်ဦးစီအတွက် လုပ်ကိုင်ဆောင်ရွက် ဖို့ရန် ဘုရားသခင်၌အလုပ်ရှိသည်။ ကျွန်ုပ်တို့သည် လူတို့၏ ချီးမွမ်းခြင်းနှင့် ကျောသပ်ပေးခြင်းဖြင့် တည်နေဖို့ရန် ဘုရားသခင်သည် စီမံ ထားခြင်းမရှိပေ။ အဓိပ္ပါယ်မှာ အသက်ဝိညာဉ်တိုင်းတို့သည် ဘုရားသခင်၏ ခွန်အား၌ ရပ် တည်ကြရမည်။ ကိုယ်တော်နိုင်ငံတော်၌ အိမ်တစ်ဆောင်ရရှိ ဖို့ရန် ကိုယ်တော် ၏စုံလင်သောစာရိတ္တကို ကျွန်ုပ်တို့အပေါ်သို့တင်၍၊ ကျွန်ုပ် တို့ကိုမြှင့်တင်ရန်၊ မြင့်မြတ်ခြင်းရှိဖို့ရန်နှင့်ခံစားထိုက်ဖို့ရန် ကိုယ်တော်သည် အကောင်းဆုံးဆု လာဘ်ဖြစ်သော တစ်ပါးတည်းသောသားတော်ကို ပေးကမ်း တော်မူသည်။ သခင်ယေရှုသည် ဤလောကကြီးသို့ ဆင်းသက်လာတော်မူ၍၊ ကိုယ်တော် မျှော်မှန်းထားသည့်အသက်တာမျိုးဖြင့် တပည့်တော်များ နေထိုင်နိုင်ရန် ကိုယ်တော်သည် နေထိုင်တော်မူခဲ့လေသည်။ ကျွန်ုပ်တို့သည် ကိုယ်အလိုသို့ လိုက်၍ ဘုရားသခင်၏အံ့ဩဖွယ်ရာကောင်းသောအလုပ်နှင့် ပူးပေါင်းလုပ်ကိုင် ဖို့ရန် ပျင်းရိခြင်းရှိပါက၊ ဤအသက်တာ၌ ကျွန်ုပ်တို့သည် ဆုံးရှုံးခြင်းနှင့် တွေ့ဆုံရမည်။ အနာဂတ်ကာလ၌လည်း မသေနိုင်သော အသက်တာကို ဆုံးရှုံး ကြမည်။

ကျွန်ုပ်တို့အလုပ်လုပ်ကိုင်ဖို့ရန် ဘုရားသခင်သည် ကြံစည်ထားတော် မူသည်။ သို့သော်လည်း မြော်မြင်ရာကင်းမဲ့နေသည့် အခြေအနေမျိုး၌မဟုတ်၊ အလွန်အားကြီးသောယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းဖြင့်ဖြစ်သည်။ ကျွန်ုပ်တို့ သည် ကျမ်းစာများကိုရှာဖွေ၍၊ လောကကြီးအား ဘုရားသခင်သည် အံ့ဩ ဖွယ်ရာကောင်းသော အတ္တနိဝါတတရားဖြင့် သခင်ယေရှုကိုပေးကမ်းတော် မူကြောင်း တွေ့မြင်ရ၍၊ ထိုပုဂ္ဂိုလ်အပေါ်၌

ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ကို ရရှိမည်အကြောင်း သိရသောအခါ ကျွန်ုပ်တို့သည် ဘုန်းအသရေဖြင့်ပြည့်စုံသည့် မပြောပြနိုင်လောက်သော ပျော်ရွှင်ခြင်းဖြင့် ပျော်မြူးရကြမည်။ ပညာအားဖြင့်ရနိုင်သောအရာရှိသမျှ၊ ဘုရားသခင်၏ငွေများကို ကျွန်ုပ်တို့သည် သမ္မာတရားတော်တိုးတက်ခြင်း၌

သာလျှင် အသုံးပြုရမည်။ ကမ္ဘာလောကရှေ့၌ ခရစ်တော်၏လက်ဝါးကပ်တိုင်ကိုချီးမြှောက်ဖို့ရန် မှန်ကန်၍အရေးကြီးသော ဘုရားဝတ်၌မွေ့လျော်ခြင်းသည် အသက်တာနှင့်စာရိတ္တမှ ပြန်၍ထင်ပေါ်နေရမည်။ အသက်ဝိညာဉ်၏တန်ဖိုးသည် လက်ဝါးကပ်တိုင်၏အလင်း၌ ဖော်ပြလျက်ရှိရမည်။ ဝိညာဉ်ရေးနှင့်ဆိုင်သောတန်ခိုးများကိုရရှိဖို့ရန် ကောင်းကင်နိုင်ငံတော်၏မုန့်ကိုစား၍ ကျွန်ုပ်တို့၏စိတ်သဘောများသည်လည်း သမ္မာကျမ်းစာများကို နားလည်ဖို့ရန်ဖွင့်ထား ရမည်/ Review and Herald, April 8, 1890.

–o–

# အသက်ဝိညာဉ်ဗိမာန် – ၁၅

ဘုရားရှင်အလိုအပ်ဆုံးသောအရာများကို သစ္စာရှိစွာနားထောင်ခြင်းသည် လူ၏ခွန်အားသတ္တိများကို မြင့်တင်ပေးခြင်း၊ ကြီးပွားခြင်းနှင့်ခိုင်ခံ့ခြင်းဖြစ်ထွန်းစေရာ၌ အံ့ဩဖွယ်ရာကောင်းလောက်အောင် ဩဇာရှိလေသည်။ ငယ်ရွယ်စဉ်အချိန်၌ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ဖို့ရန် ဆက်ကပ်ထားသောသူများသည် ကောင်းမွန်သောဆုံးဖြတ်ခြင်း၊ ထက်မြက်သောခွဲခြားသိမြင်တတ်ခြင်းနှင့် ပြည့်စုံသောသူများဖြစ်ကြောင်း တွေ့မြင်ရသည်။ အဘယ်အကြောင်းကြောင့် ဤကဲ့သို့မဖြစ်သင့်သနည်း။ ကမ္ဘာလောကကြီးတွင် နာမည်တစ်လုံးနှင့်နေသော ဆရာကြီးနှင့်ဆက်ဆံခြင်းသည် သိနားလည်ခြင်းကို ခိုင်ခံ့စေခြင်း၊ စိတ်သဘောကိုတောက်ပစေခြင်းနှင့် စိတ်နှလုံးကိုစင်ကြယ်စေသည်။ မြင့်တင်ပေးခြင်း၊ ဖော်ရွေစေခြင်းနှင့် လူတစ်ကိုယ်လုံးကို မြင့်မြတ်စေသည်။ "နှုတ်ကပတ်တော်ကိုဖွင့်ပြခြင်းသည် အလင်းကိုပေး၍၊ မလိမ္မာသောသူတို့ကို

လိမ္မာစေတတ်ပါ၏။”

## ဘုရားသခင်၏စုံလင်သည့်စံနမူနာ

လူငယ်များတွင် ဘုရားဝတ်၌မွေ့လျော်သည်ဟု ဝန်ခံသောသူတို့တွင် ဤပြောဆိုသောအချက်ကို ငြင်းခုံသောသူအများစုရှိလေသည်။ သူတို့သည် ပညာအရာ၌ တိုးတက်ခြင်းမရှိ၊ ဝိညာဉ်ရေးဘက်၌လည်း တိုးတက်ခြင်းမရှိပေ။ သူတို့၏ခွန်အားများသည် ကြီးပွားရမည့်အစား သေးသိမ်လျက်ရှိသည်။ သို့သော်လည်း ဆာလံဆရာ၏စကားများသည် အစစ်အမှန်ဖြစ်သောခရစ်ယာန်များအဖို့ မှန်ကန်၏။ အလင်းနှင့်နားလည်ခြင်းကိုပေးသောအရာသည် ဘုရားသခင်၏စကားမဟုတ်ပေ။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စိတ်နှလုံးကိုဖွင့်ပေးလိုက်သော ဘုရားသခင်၏စကားတော်ပင်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်သည် ဇောက်အမှန်ပြောင်းလဲလာသောအခါ၊ ယင်းလူသည် ဘုရားသခင်၏သားတစ်ယောက်ဖြစ်လာ၍ ဘုရားပကတိကိုဆက်ဆံသောသူဖြစ်သည်။ စိတ်နှလုံးသာလျှင် အသစ်ပြန်၍ဖြစ်လာသည်မဟုတ်၊ ပိုင်းခြားသိတတ်သောဉာဏ်သည် ခိုင်ခံ့၍အားပြည့်လာလေသည်။ ပြောင်းလဲခြင်းမရှိမီအချိန်၌ အများသောသူတို့၌ သာမန် (သို့မဟုတ်) နိမ့်ကျသောအစွမ်းသတ္တိရှိသည်ဟု ထင်မြင်ကြသော်လည်း၊ ပြောင်းလဲလာပြီးသည်နောက် လုံးဝပြောင်းလဲသွားဟန်ရှိလေသည်။ ယင်းနောက် သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်မှ သမ္မာတရားများကို မှတ်သားဖွယ်ရာကောင်းလောက်အောင်အနက်ကိုဖော်ပြနိုင်ကြသည်။ အခြားသောသူများကိုလည်း ဤသမ္မာတရားများကို

ပြသကြသည်။ သိမှတ်တတ်သောသတ္တဝါ၌ အထက်တန်းကျသောသူများသည် ဤပုဂ္ဂိုလ်များနှင့်စကားပြောဆိုရခြင်းကို အခွင့်အရေးတစ်မျိုးဟု ယူဆကြသည်။ ဖြောင့်မတ်ခြင်း၏နေရောင်ခြည်သည် သူတို့၏စိတ်ထဲသို့ ၎င်း၏တောက်ပသောရောင်ခြည်များကို ထွန်းလင်းခဲ့ရာ ရှိသမျှသောခွန်အားများကို နိုးကြားလာစေပြီးလျှင် သာ၍သန်မာသောလှုပ်ရှားခြင်းကိုဖြစ်စေသည်။

လူငယ်များသည် သန့်ရှင်းသောဝိညာဉ်တော်၏မစခြင်းဖြင့် ကိုယ်တော်၏စကားတော်ကို စိတ်နှလုံး၌ခံယူ၍ အသက်တာ၌နားထောင်ခြင်းကိုပြသပါက ဘုရားသခင်သည် သူတို့အဖို့ ကြီးကျယ်သောအလုပ်ကို လုပ်ကိုင်ပေး တော်မူမည်။ ပညာအားလုံး၏အရင်းမူလ၊ ကောင်းမွန်ခြင်း၊ သန့်ရှင်းခြင်းနှင့်သမ္မာတရား၏စမ်းရေတွင်းဖြစ်သော မိမိထံသို့သူတို့ကိုဆွဲယူတော်မူရန် အစဉ်ရှာဖွေနေတော်မူသည်။ မြင့်မားသောရည်ရွယ်ချက်များလေးဖြင့် ပြည့်ဝနေသောစိတ်သည် အလိုအလျောက်မြင့်မြတ်ခြင်းဖြစ်လာသည်။

## ညစ်ညူးသောဝတ်ပြုရာအရပ်များ

ဘုရားသခင်၏အစေကိုခံမည်ဟု ဝန်ခံပြောဆိုသော်လည်း အသိပညာနှင့် ဘုရားတရားရှိသေခြင်း၌ တိုးတက်ခြင်းမရှိသောသူတို့သည် နာမည်၌သာခရစ်ယာန်များဖြစ်နေကြသည်။ အသက်ဝိညာဉ်ဗိမာန်သည် ညစ်ညူးသောဝတ်ပြုရာအရပ်များနှင့် ပြည့်ဝနေကြသည်။ သိမ်ဖျင်းသောစာများဖတ်ခြင်း၊ အနှစ်သာရမရှိသောစကားများပြောဆိုခြင်း၊ လောကီနှင့်ဆိုင်သောအပျော်အပါးများသည် စိတ်ကိုလုံးဝအုပ်စိုးနေရာ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ဝင်ရောက်

ဖို့ရန် လမ်းပေါက်မရှိဖြစ်နေသည်။ လောကီဆန်ခြင်း၊ သေးနုပ်သောအရာကို ဂရုစိုက်တတ်သောသဘောနှင့် မာနထောင်လွှားခြင်းသည် အသက်ဝိညာဉ်၌ ခရစ်တော်ရှိရမည့်နေရာတွင်ရှိနေသည်။

## ကာမဂုဏ်ကြူးသောကြောင့်ဂုဏ်အသေရေဆုတ်ယုတ်ခြင်း

မိမိတို့အလိုဆန္ဒပြည့်ဝဖို့ရန် ခံတွင်းအရသာခံခြင်းနှင့် တပ်မက်မောခြင်းကို ရှာဖွေသောသူတို့သည် မည်သည့်အခါမျှ လူကောင်းများ၊ ကြီးမြတ်သောသူများမဟုတ်ကြပေ။ လောက၏ထင်မြင်ယူဆချက်၌ မည်မျှပင်ကြီးမား ခြင်းရှိစေကာမူ၊ ဘုရားသခင်၏ထင်မှတ်ချက်၌ အောက်တန်းကျခြင်း၊ ယုတ်မာခြင်းနှင့်ပုပ်ပျက်ခြင်းရှိ၏။ သူတို့၏အကျင့်သီလခေါင်းပါးခြင်းကို သူတို့၏ မျက်နှာပေါ်၌ ရေးထားလိမ့်မည်ဟု ကောင်းကင်မှအမိန့်တော်ရှိသည်။ သူတို့၏ အကြံအစည်များသည် လောကီနှင့်ဆိုင်၍ မြေကြီးသားများဖြစ်ကြသည်။ သူတို့၏ စကားများသည် သူတို့၏စိတ်အောက်တန်းကျခြင်းကိုဖော်ပြသည်။ သူတို့သည် သူတို့၏စိတ်နှလုံးကို စက်ဆုပ်ဖွယ်ရာဖြင့်ပြည့်ဝစေ၍ ဘုရားသခင်၏ပုံသဏ္ဍာန် ကို ၎င်းမှလုံးဝပယ်ဖျက်ထားလေသည်။ ဆင်ခြင်နိုင်သောအသံသည် နစ်မြုပ် သွား၍ စီရင်ဆုံးဖြတ်ခြင်းသည် မှောက်လှန်လျက်ရှိသည်။ လူ၏တစ်ကိုယ်လုံး အခြေအနေသည် ကာမဂုဏ်ကျူးလွန်လိုက်စားခြင်းဖြင့် ယုတ်ညံ့လျက်ရှိနေ သည်တကား၊ အလိုဆန္ဒကိုစာတန်သို့ပေးအပ်လိုက်သော အခါ၊ လူသည် မည်မျှ မိုက်တွင်းနက်ထဲသို့ ဆင်းသွားနိုင်အံ့နည်း။ သမ္မာတရားသည် သိမြင်နားလည် တတ်သောသူအဖို့ အချည်းနှီးသာဖြစ်၏။ အကြောင်းမှာ စိတ်နှလုံးသည် သန့်ရှင်းသောကျင့်ဝတ်များကို ဆန့်ကျင်ဘက်ပြုသည်။ The Signs of the Times, December 1, 1881.

## စုံစမ်းနှောင့်ယှက်ခြင်း၌မစခြင်း

ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်းအားဖြင့် အားလုံးတို့သည် ဧဝံဂေလိတရားတော်၏ လိုအပ်ခြင်းများကို ပြည့်စုံစေလိမ့်မည်။ မည်သူမျှအပြစ်ကို လွန်ကျူးရန် အတင်းအဓမ္မစေခိုင်းခြင်းမပြုနိုင်ပေ။ ပထမဦးဆုံး သူ့ထံမှသဘော တူညီချက်ကိုယူရမည်။ တပ်မက်ခြင်းသည် ဆင်ခြင်နိုင်ခြင်းကိုမအုပ်စိုးမီ (သို့မဟုတ်) အပြစ်သည် သြတ္တပ္ပစိတ်ကိုမအောင်မြင်မီ အသက်ဝိညာဉ်သည် အပြစ်ကျူးလွန်ခြင်း၏အကြံအစည်ကို သိရှိရမည်။ စုံစမ်းနှောင့်ယှက်ခြင်းသည် မည်မျှပင်ကြီးမားစေကာမူ အပြစ်လွန်ကျူးရခြင်း၏ဆင်ခြင် မည်သည့်အခါမျှ မဖြစ်ရပေ။ “ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကိုကြည့်ရှုတော်မူသည်။ သူတို့ဆုတောင်းခြင်းကိုလည်း နားထောင်တော်မူ၏။” စုံစမ်းခြင်းခံရသော အသက်ဝိညာဉ်၊ ထာဝရဘုရားအထံတော်သို့အော်ဟစ်လော့။ သင်၏ကိုယ်ကို ခိုကိုးရာမဲ့၊ တန်ဖိုးမရှိသကဲ့သို့ သခင်ယေရှု၌ဆည်းကပ်၍၊ ကိုယ်တော်ထံတော်မှ ကတိတော်ကိုတောင်းဆိုလော့၊ ကိုယ်တော်သည် ကြားတော်မူလိမ့်မည်။ နဂိုစိတ်သဘော၏ယိမ်းယိုင်ခြင်းများသည် မည်မျှသန်စွမ်းသည်ကို ကိုယ်တော်သိတော်မူသည်။ စုံစမ်းနှောင့်ယှက်ခြင်းခံရသောအခါတိုင်း

ကိုယ်တော်သည် သင့်ကိုမစတော်မူမည်။

သင်သည် အပြစ်သို့ကျရောက်နေသလား။ သို့ဖြစ်၍ နောက်မကျစေဘဲ ဘုရားသခင်ထံတော်မှ သနားခြင်းကရုဏာတော်နှင့် အပြစ်လွှတ်ခွင့်ကို တောင်းခံပါ။ ကရုဏာတော်ကို ပြစ်သားတို့အားကမ်းလှမ်းထားလျက်ပင် ရှိသေးသည်။ ကျွန်ုပ်တို့လှည့်လည်သွားလေရာတိုင်းတို့၌ ဘုရားသခင်သည် ကျွန်ုပ်တို့အားခေါ်လျက်ရှိနေသည်။ "အိုဖောက်ပြန်သောသူငယ်တို့ ပြန်လာကြလော့။ သင်တို့၏ဖောက်ပြန်ရာများကို ငါပြုပြင်မည်။" Testimonies for the Church, vol. 5, p. 177.

–o–

# သင်တို့ကိုယ်ကိုသင်တို့မပိုင် – ၁၆

တစ်ခါတစ်ရံကျွန်ုပ်တို့သည် ဤကဲ့သို့သောမေးခွန်းကို ကြားရကြသည်။ ကျွန်ုပ်သည် ကျွန်ုပ်စိတ်ကြိုက် မည်သည့်အခါမျှမလုပ်နိုင်ဘူးလား။ ကျွန်ုပ်သွားလိုသောလမ်းကို သွားနိုင်ဖို့ရန် အခွင့်မရှိဘူးလား။ ကျွန်ုပ်ကို ဤကဲ့သို့အစဉ်ချုပ်ချယ်ထားမည်လား။ ကျွန်ုပ်၏အလိုဆန္ဒသဘောအတိုင်း လိုက်၍ မလုပ်နိုင်ဘူးလား။

သင်၏ဇာတိအလိုဆန္ဒအတိုင်း တတ်နိုင်သရွေ့ နည်းအောင်လိုက်နိုင်ခဲ့လျှင် သင့်အဖို့နှင့်အခြားသောသူများအဖို့ သာ၍ကောင်းမွန်လိမ့်မည်။ ဇာတိအလိုဆန္ဒများသည် မှောက်လှန်သွားခဲ့ပြီ၊ သဘာဝတန်ခိုးများကို အလွဲအသုံးချခဲ့ပြီ။ စာတန်သည် လူကိုဘုရားသခင်နှင့်ထိခိုက်စေခဲ့ပြီ။ သူသည် လူ၌ရှိသောဘုရား၏ပုံသဏ္ဌာန်ကို အစဉ်သဖြင့်ဖျက်ဆီးပစ်ရန် လုပ်ဆောင်ခဲ့သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ပြောဆိုသောစကားများနှင့် လှုပ်ရှားခြင်းတို့၌ ဟန့်တားခြင်းရှိရမည်။

## လုံးဝဆက်ကပ်ခြင်း၏အကျိုးသက်ရောက်ခြင်းများ

ဘုရားသခင်၏ကျေးဇူးတော်သည် စိတ်နှလုံးကိုသိမ်းယူသောအခါ အမှားကိုပြုလုပ်တတ်သည့်အမွေခံခဲ့ခြင်းနှင့် ပြုစုပျိုးထောင်ထားသော သဘော အလိုပါတတ်ခြင်းများကို နိုင်နင်းရမည်။ အသက်ဝိညာဉ်၌ အသစ်သော အသက်တာကို အသစ်အုပ်ထိန်းခြင်းအောက်၌အစပြု၍၊ လုပ်ကိုင်ပြီးစီးခြင်း မှန်သမျှကို ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ လုပ်ကိုင်ပြီးစီးရမည်။ ဤအလုပ်သည် လူ၏အတွင်းအပြင် အားလုံးပါဝင်လေသည်။ ကိုယ်တော် သည် ဖြောင့်မတ်ခြင်းတန်ဆာပလာအနေဖြင့် အသုံးပြုနိုင်ရန်၊ ကိုယ်ခန္ဓာ အသက်ဝိညာဉ်နှင့် ဝိညာဉ်တစ်ကိုယ်လုံးကို ဘုရားသခင်အောက်၌ ဝန်ခံခြင်း ရှိရမည်။

ဇာတိသဘောရှိသောလူသည် ဘုရားသခင်၏တရားတော်၏လက် အောက်ခံမဟုတ်ပေ။ သူတို့ကိုယ်တိုင်လည်း မဖြစ်နိုင်ပေ။ သို့သော်လည်း ယုံကြည်ခြင်းအားဖြင့် မိမိအသက်တာကို ခရစ်တော်၏အသက်တာနည်းတူ နေ့စဉ်နေ့တိုင်း အသစ်ပြုပြင်ထားခြင်းရှိရမည်။ သူသည် ဘုရားသခင်၏ ပစ္စည်းအမှန်ဖြစ်ကြောင်းကို နေ့စဉ်နေ့တိုင်းပြသသည်။

ကိုယ်ကာယနှင့်အသက်ဝိညာဉ်သည် ဘုရားသခင်နှင့်သက်ဆိုင်၏။ လောကကြီးကိုကယ်နုတ်ဖို့ရန် မိမိသားတော်ကို ပေးတော်မူသည်။ ဤအ ကြောင်း များကြောင့် ကျွန်ုပ်တို့အား အသစ်သောအသက်တာကို ငှားရမ်း ထားလေ သည်။ စုံလင်သစ္စာရှိသောစာရိတ္တဖြင့်ကြီးပွားဖို့ရန် ကာလအပိုင်း အခြားပေး ထားသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အပြစ်၏ကျွန်ခံရာထဲမှ ရွေးနုတ် တော်မူ၍၊ ကျွန်ုပ်တို့အဖို့ လူသစ်၊ အသက်သစ်နှင့် အမှုတော်ဆောင် ရွက်နိုင်ဖို့ရန် ဖြစ်စေတော်မူသည်။

## ကျွန်ုပ်တို့၏စွမ်းအား၊ အားလုံးသည်ကိုယ်တော်နှင့်ဆိုင်ခြင်း

ကျွန်ုပ်တို့အပေါ်၌ ဘုရားသခင်၏တံဆိပ်တော်ရှိ၏။ ကိုယ်တော် သည် ကျွန်ုပ်တို့ကိုဝယ်ယူတော်မူခဲ့၍၊ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၊ စိတ်နှင့်ကျင့်ဝတ် စွမ်းအားများသည် ကိုယ်တော်ပိုင်ကြောင်း သတိရဖို့ရန် ကိုယ်တော်အလိုရှိသည်။ အချိန်နှင့်သြဇာ၊ ကြံစည်တွေးဆခြင်း၊ ချစ်ခြင်းနှင့်သြတ္တပ္ပစိတ်၊ အားလုံးတို့ကို ဘုရားသခင်ပိုင်ဆိုင်သောကြောင့် ကိုယ်တော်၏အလိုဆန္ဒနှင့် ညီညွတ်စွာအသုံး ပြုရကြမည်။ ၎င်းတို့ကို လောကီ၏ညွှန်ကြားချက်အတိုင်း အသုံးမပြုနိုင်ပေ။ အကြောင်းမှာ လောကသည် ခေါင်းဆောင်တစ်ဦးအောက် ၌ရှိရာ၊ ထိုသူသည် ဘုရားသခင်၏ရန်သူဖြစ်သည်။

အသက်ဝိညာဉ်ကိန်းအောင်းသောအသားသည် ဘုရားသခင်နှင့်ဆိုင် သည်။ အသားမျှင်တိုင်း၊ ကြွက်သားတိုင်းသည် ကိုယ်တော်ပိုင်ဖြစ်သည်။ မည် သည့်နည်းနှင့်မဆို၊ ဤအင်္ဂါများကို ကျွန်ုပ်တို့သည် လျစ်လျူရှုခြင်း(သို့မဟုတ်) အားနည်းစေဖို့ရန် မပြုလုပ်ရပေ။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို ကျန်းမာရေးအ ကောင်းဆုံး အခြေအနေ၌ထားခြင်းဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပေါင်း ဖက်လုပ်ကိုင်ရမည်။ သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်၍၊ ဘုရားသခင်၏ အလိုဆန္ဒအတိုင်း ကိုယ်ခန္ဓာနှင့်ဝိညာဉ်ရေးတန်ခိုးများကို ပုံသွင်းလုပ်ကိုင်နိုင် သော ဗိမာန်တော်တစ်ဆောင်ဖြစ်နိုင်သည်။

စိတ်၌သန့်ရှင်းစင်ကြယ်သော ကျင့်ဝတ်များဖြင့် သိုထားခြင်းရှိရမည်။ သမ္မာတရားကို အသက်ဝိညာဉ်၏ကျောက်ပြားပေါ်၌ အက္ခရာတင်ထားခြင်း ရှိရမည်။ သိမှတ်တတ်ခြင်း၌ နှုတ်ကပတ်တော်၏အဖိုးထိုက်တန်သော သမ္မာ တရားများဖြင့် ပြည့်ဝနေရမည်။ ထိုနောက် လုပသောကျောက်မျက်ရတနာ များကဲ့သို့ ဤသမ္မာတရားများသည် အသက်တာ၌ အလင်းရောင်ထွက်ပေါ် လာလိမ့်မည်။

## အသက်ဝိညာဉ်တစ်ခု၏တန်ဖိုး

မိမိလက်တော်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သော အရာဝတ္ထုပေါ်တွင် ဘုရားသခင်တန်ဖိုးထားခြင်း၊ မိမိသားသမီးတို့အပေါ်၌ချစ်ခြင်းသည် လူတိုင်းကိုကယ်တင်ဖို့ရန် ကိုယ်တော်ပေးကမ်းသော လက်ဆောင်ပဏ္ဏာ၌ ဖော်ပြထားလျက်ရှိသည်။ အာဒံသည် စာတန်၏အုပ်စိုးခြင်းအောက်သို့ ကျရောက်သွားခဲ့သည်။ သူသည် လောကသို့အပြစ်ကိုယူဆောင်လာခဲ့၍ အပြစ်အားဖြင့်သေခြင်းရောက်သည်။ လူကိုကယ်တင်ဖို့ရန် ဘုရားသခင်သည် တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည်။ ကိုယ်တော်သည် ဤအမှုကိုပြုလုပ်တော်မူရာ၌ ဖြောင့်မှန်စေဖို့ရန်ဖြစ်၏။ သို့တစေလည်း ခရစ်တော်ကိုလက်ခံသောသူအားလုံးတို့အဖို့ ဖြောင့်မှန်ရာသို့ရောက်သော အရှင်ဖြစ်တော်မူသည်။ လူသည် မိမိကိုယ်ကို စာတန်သို့ရောင်းချလိုက်သည်။ သို့သော်လည်း သခင်ယေရှုသည် လူမျိုးကိုပြန်၍ဝယ်ယူခဲ့သည်။

သင်တို့ကိုယ်ကိုသင်တို့မပိုင်။ သခင်ယေရှုသည် သင့်ကို မိမိ၏အသွေးတော်ဖြင့် ဝယ်ယူတော်မူပြီ။ သင်၏အစွမ်းသတ္တိများကို မြေကြီးထဲ၌ဝှက်မထားပါနှင့်။ ကိုယ်တော်အဖို့အသုံးချပါ။ သင်သည်

မည်သည့်အလုပ်အကိုင် မျိုး၌ လုပ်ကိုင်နေသည်ဖြစ်စေ၊ ခရစ်တော်ကို ယင်းအလုပ်အကိုင်ထဲသို့ ယူဆောင်ခဲ့ပါ။ သင်သည် သင်၏ကယ်တင်ရှင်ကိုချစ်ခြင်း၌ ယုတ်လျော့နေ ပါက သင်၏အလုပ်အကိုင်ကိုစွန့်ပစ်၍ "ဤနေရာ၌ အကျွန်ုပ်ရှိပါသည် ကယ်တင်ရှင်ဘုရား၊ အကျွန်ုပ်သည် အဘယ်အမှုကို ပြုရပါအံ့နည်း" ဟုပြော ပါ။ ကိုယ်တော်သည် သင့်ကိုကျေးဇူးပြုလိုသောစိတ်နှင့်တကွ နှစ်နှစ်ခြိုက်ခြိုက် လက်ခံ၍ ရက်ရောစွာချစ်တော်မူမည်။ ကိုယ်တော်သည် ကြွယ်ဝစွာချမ်းသာ ပေးမည်။ ကိုယ်တော်သည် ကရုဏာနှင့်ပြည့်စုံ၍ သည်းခံတော်မူသည်။ လူတစ်ဦးတစ်ယောက်မျှ ပျက်စီးဖို့ရန်အလိုမရှိပေ။

ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၌ရှိသမျှသောအရာတို့ကို ကိုယ်တော်ပိုင်တော်မူသည်။ ကျွန်ုပ်တို့သည် စိတ်နှလုံးအားဖြင့်ကိုယ်တော်ချစ်ခင်ရာ၌ အနစ်နာခံရသည်ဟု မယူဆသင့်ပေ။ စိတ်နှလုံးကို ကိုယ်တော်အားဆန္ဒအလျောက်ပေးကမ်းသောအလှူဖြစ်ရမည်။ The Youth's Instructor, November 8, 1900.

## ဆုံးဖြတ်ရန်ခေါ်ခြင်း

စာတန်မာရ်နတ်၏အကြံပေးခြင်းများကို လိုက်နာခြင်းအားဖြင့်ရရှိမည့်အကျိုးကျေးဇူးများကို အချိန်ယူ၍စဉ်းစားနေခြင်း၌ ကျွန်ုပ်တို့အဖို့ဘေးမလွတ်ပေ။ အပြစ်ဟူသည်ကား၊ အပြစ်ကိုကျူးလွန်သော အသက်ဝိညာဉ်တိုင်းတို့အဖို့ ဂုဏ်အသရေပျက်ခြင်းနှင့် ပျက်စီးခြင်းဖြစ်သည်။ သဘောတရား၌

မသိမမြင်စေခြင်းနှင့် လိမ်လည်လှည့်ဖြားခြင်းအခြေအနေ၌ရှိ၍၊ ကျွန်ုပ်တို့ကို စိတ်ကြိုက်လက်ဆောင်များပေးကမ်း၍ သွေးဆောင်လိမ့်မည်။ ကျွန်ုပ်တို့သည် စာတန်၏နယ်ထဲသို့ခြေချမိပါက၊ သူ၏တန်ခိုးမှလွတ်ကင်းဖို့ရန် ကျွန်ုပ်တို့၌ အကာအကွယ်မရှိပေ။ သို့ဖြစ်၍ ကျွန်ုပ်တို့၏အသက်တာ၌ စုံစမ်းနှောင့်ယှက်သောသူ ဝင်ရောက်လာနိုင်မည့်လမ်းများကို ပိတ်ဆို့ထားရပေမည်။ Thoughts from the Mount of Blessing, p. 171.

–o–

## မှန်ကန်သောပြောင်းလဲခြင်း – ၁၇

"သင်တို့အပေါ်မှာ သန့်ရှင်းသောရေကိုဖျန်းသဖြင့် သင်တို့ကိုခပ်သိမ်းသောအညစ်အကြေးမှစ၍၊ ခပ်သိမ်းသောရုပ်တုတို့နှင့် ကင်းစင်စေမည်။ စိတ်နှလုံးသစ်ကိုငါပေးမည်၊ သဘောသစ်ကိုသွင်းထားမည်။ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနုတ်၍ အသားနှလုံးကိုပေးမည်။"

အများသောသူတို့သည် သူတစ်ပါးတို့အား အသစ်သောစိတ်နှလုံးလိုအပ်နေသည်ဟုပြောဆိုရာ၌ သူတို့ကိုယ်တိုင် ဤစကားများ၏အဓိပ္ပါယ်ကို နားမလည်ကြပေ။ လူငယ်များသည် အထူးသဖြင့် "စိတ်နှလုံးသစ်" ဟူသောစကားကို နားမလည်ကြပေ။ မည်ကဲ့သို့အဓိပ္ပါယ်ရှိသည်ကို မသိကြပေ။ သူတို့၏ခံစားမှု၌ အထူးပြောင်းလဲခြင်းကို ကြည့်ရှုကြသည်။ ဤအဖြစ်အပျက်ကို ပြောင်းလဲခြင်းဟု ပြောဆိုသည်။ ဤအမှားကြောင့် လူပေါင်းထောင်ချီ၍ပျက်စီးကြပြီ။ အကြောင်းမှာ "သင်တို့သည် ဒုတိယမွေးခြင်းကိုခံရမည်"

ဟူသောအချက်ကို နားမလည်သောကြောင့်ဖြစ်သည်။

## တွေ့သိခြင်းမဟုတ်ပြောင်းလဲသောအသက်တာတစ်ခုဖြစ်ခြင်း

သူတို့၌တွေ့သိခြင်းဖြစ်သောကြောင့် သူတို့သည် ပြောင်းလဲခြင်းရှိကြပြီဟု လူအပေါင်းတို့၏စိတ်၌ ထင်မြင်စေရန် စာတန်သည် လမ်းပြရှေ့ဆောင်လျက်ရှိသည်။ သို့သော်လည်း သူတို့၏ဇဟုသုတသည် ပြောင်းလဲခြင်းမရှိပေ။ သူတို့၏ပြုမူဆောင်ရွက်ခြင်းများသည် ယခင်အချိန်အခါကဲ့သို့ပင်ဖြစ်သည်။ သူတို့၏အသက်တာသည် ကောင်းသောအသီးကိုမပြပေ။ သူတို့သည် ခဏခဏရှည်လျားသောဆုကို တောင်းခံကြသည်။ ထိုသို့သောအခါ၊ ဤမည်သောအချိန်အခါ၌ သူတို့၏စိတ်၌ခံစားနေရခြင်းများကို အစဉ်ဖော်ပြလျက်ရှိသည်။ သို့သော်လည်း သူတို့သည် အသစ်သောအသက်တာဖြင့် မနေထိုင်ပေ။ သူတို့သည် လိမ်လည်ခြင်းခံခဲ့ရသည်။ သူတို့၏ဇဟုသုတသည် စိတ်၌ခံစားနေရသောအခြေအနေထက် မတက်ခဲ့ပေ။ သူတို့သည် သဲပေါ်၌ဆောက်ထားသောကြောင့် ဒုက္ခဆင်းရဲခြင်းလေတိုက်ခတ်လာသောအခါ သူတို့၏အိမ်သည် ပြိုလဲသွားခဲ့လေသည်။

သနားစရာကောင်းသော အသက်ဝိညာဉ်အများအပြားတို့သည် မှောင်မိုက်ထဲ၌ စမ်းတဝါးဝါးနှင့် အခြားသူများတို့၏ဇဟုသုတ၌ ခံစားရသောအတွေ့အကြုံများကို ရှာဖွေနေကြသည်။ ခရစ်တော်၌ယုံကြည်သောသူသည် မိမိကယ်တင်ခြင်းရရှိဖို့အတွက် ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်းဖြင့်လုပ်ဆောင်ရမည့်အချက်အလက်ကို သူတို့သည် မေ့လျော့နေကြသည်။ ပြစ်ဒဏ်ပေးခြင်းခံရသောအပြစ်သားသည် တစ်စုံတစ်ခုပြုလုပ်ဖို့ရန်ရှိသည်။ သူ၌နောင်တရခြင်းရှိ၍ မှန်ကန်သောယုံကြည်ခြင်းကိုပြသရမည်။

သခင်ယေရှုသည် အသစ်သောစိတ်နှလုံးအကြောင်းကို မိန့်တော်မူသောအခါ စိတ်နှင့်အသက်၊ လူတစ်ကိုယ်လုံးဖြစ်သည်။ စိတ်နှလုံးပြောင်းလဲ

ရမည်ဟု မိန့်တော်မူရာ၌ ချစ်ခင်စုံမက်ခြင်းကို လောကကြီးမှသိမ်းယူလိုက်၍ ခရစ်တော်၌စွဲကပ်နေရမည်ဖြစ်သည်။ စိတ်နှလုံးအသစ်ကိုရရှိခြင်း၌ စိတ်သစ်ကိုရရှိခြင်း၊ အသစ်သောအကြံအစည်များ၊ အသစ်သောလှုပ်ရှားခြင်းများဖြစ်သည်။ အသစ်သောစိတ်နှလုံး၏လက္ခဏာသည် မည်သည့်အရာဖြစ်သနည်း။ ပြောင်းလဲသောအသက်တာဖြစ်သည်။ တစ်ကိုယ်ကောင်းကြံစည်ခြင်းနှင့် မာနထောင်လွှားခြင်း၌ နေ့တိုင်းနာရီတိုင်း သေဆုံးခြင်းရှိသည်။

## အစစ်အမှန်ဘာသာတရား၏လက်တွေ့ဖြစ်ခြင်း

မြင့်မားသောအတတ်ပညာသည် တကယ်တမ်း အမှုတော်ဆောင်ရွက်ခြင်းအတွက် အစားချေးပေးသည်ဟု အချို့သောသူတို့သည်ယူဆ၍ ကြီးသောအမှားကြီးတစ်ခုကို ပြုလုပ်နေကြသည်။ လက်တွေ့မဖြစ်သော ဘာသာတရားသည် အစစ်အမှန်မဟုတ်ပေ။ မှန်ကန်သောပြောင်းလဲခြင်းသည် ကျွန်ုပ်တို့အချင်းချင်းနှင့်ဆက်ဆံရာ၌ တင်းကျပ်သောရိုးသားခြင်းကိုဖြစ်စေသည်။ နေ့စဉ်နေ့တိုင်း လုပ်ကိုင်ရသောအလုပ်၌ ကျွန်ုပ်တို့ကိုသစ္စာရှိစေသည်။

ခရစ်တော်၏နောက်တော်သို့ မှန်ကန်စွာလိုက်သောသူတိုင်းတို့၌ သမ္မာကျမ်းစာ၏ ဘာသာတရားသည် သူ၌ရှိသောအစွမ်းသတ္တိများကို သခင်အတွက်အမှုတော်ဆောင်ရွက်ဖို့ရန် သူ့ကိုအရည်အချင်းနှင့်ပြည့်စုံသောသူဖြစ်စေလိမ့်မည်။

"အားထုတ်ခြင်းအရာမှာပျင်းရိခြင်းမရှိ"

ဤစကားများသည် မှန်ကန်သောခရစ်ယာန်၏အသက်တာ၌ ပြည့်စုံလိမ့်မည်။ သင်လုပ်ကိုင်ဆောင်ရွက်နေသောအလုပ်သည် ပင်ပန်းသောအလုပ်ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သင်လုပ်ကိုင်သောနည်းလမ်းဖြင့် မြင့်မြတ်သောအလုပ်ဖြစ်စေနိုင်သည်။ ဘုရားသခင်ကိုလုပ်ကိုင်ပေးရသကဲ့သို့ ပြုလုပ်ဆောင်ရွက်ပါ။ ရွှင်လန်းဝမ်းမြောက်စွာနှင့် ကောင်းကင်မှမွေးဖွားသော ဂုဏ်ကျက်သရေမျိုးဖြင့်ပြုလုပ်ပါ။ လုပ်ကိုင်ဆောင်ရွက်ခြင်း၌ မြင့်မြတ်သောကျင့်ဝတ်များကိုယူဆောင်လာသောကြောင့် ဘုရားရှေ့တော်၌ လုံးဝလက်ခံနိုင်ခြင်းရှိလေသည်။ မှန်ကန်သောလုပ်ကိုင်ဆောင်ရွက်ခြင်းသည် မြေကြီးပေါ်၌ ဘုရားသခင်၏အနိမ့်ကျဆုံးအစေခံကို ကောင်းကင်ဘုံရှိ ကိုယ်တော်၏အကြီးဆုံးသောအစေခံနှင့် ဆက်သွယ်ပေးသည်။

ဘုရားသခင်၏သားများနှင့်သမီးများ ဖြစ်ကြသည်အားလျော်စွာ ခရစ်ယာန်များသည် ဧဝံဂေလိတရားတော်၌ သတ်မှတ်ထားသည့် မြင့်မားသောပုံစံကို မီအောင်ကြိုးစားရမည်။ သူတို့သည် စုံလင်ခြင်းမရှိသမျှကာလပတ်လုံးကျေနပ်ခြင်းမရှိရ။ အကြောင်းမှာ – "ကောင်းကင်ဘုံ၌ရှိသော သင်တို့၏အဖသည် စုံလင်ခြင်းရှိသည်နည်းတူ သင်တို့၌လည်း စုံလင်ခြင်းရှိလော့" ဟုကိုယ်တော်မိန့်တော်မူသည်။

## သန့်စင်သောအသက်တာ

ဘုရားသခင်၏သန့်ရှင်းသောနှုတ်ကပတ်တော်ကို ကျွန်ုပ်တို့သည်

လေ့ကျက်၍၊ ၎င်း၏သန့်ရှင်းသောကျင့်ဝတ်များကို ကျွန်ုပ်တို့အသက်တာ ထဲသို့ ယူဆောင်ကြစို့။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ရှေ့တော်၌ သိမ်မွေ့ ခြင်းနှင့် နှိမ့်ချခြင်းဖြင့်လျှောက်လိုက်ကြ၍ နေ့စဉ်ကျွန်ုပ်တို့၏အမှားများကို ပြင်ကြစို့။ ကျွန်ုပ်တို့သည် ကိုယ်ကျိုးရှာသောမာနထောင်လွှားခြင်းဖြင့် အသက် ဝိညာဉ်ကို ဘုရားသခင်မှကွဲကွာစေခြင်းငှာမပြုလုပ်ရ။ အထူးကြီးမြတ်ခြင်း ရှိသည်ဟူသော အယူအဆမျိုးကို မြတ်နိုးခြင်းမရှိပါနှင့်။ သင့်ကိုယ်ကိုလည်း သူတစ်ပါးထက် သာ၍ကောင်းသည်ဟု မထင်ပါနှင့်။ "အကြင်သူသည် မိမိ တည်ကြည်လျက်နေသည်ဟု မိမိထင်မှတ်၏။ ထိုသူသည် မလဲခြင်းငှာ သတိပြုစေ။" သင်၏စိတ်အလိုဆန္ဒကို ခရစ်တော်၏အလိုဆန္ဒအောက်သို့ ယူဆောင်ချထားပါက ငြိမ်သက်ခြင်းနှင့်နားနေခြင်းသည် သင့်ထံသို့ရောက်ရှိ လာလိမ့်မည်။ ထိုနောက် စိတ်နလုံးထဲ၌ ခရစ်တော်ကိုချစ်ခြင်းသည် အုပ်စိုးနေ၍ လျှို့ဝှက်ထားသောအရာရှိသမျှတို့ကို ကယ်တင်ရှင်၌ ဖမ်းဆီးချုပ်ထားလိမ့်မည်။ လွယ်လင့်တကူစိတ်မြန်တတ်ခြင်းသည် ခရစ်တော်၏ကျေးဇူးတော်ဆီအားဖြင့် သက်သာရာရ၍ နိုင်နင်းသွားလိမ့်မည်။ အပြစ်အားလုံးတို့ကို ဖြေလွှတ်ခြင်း ရှိပြီဟူသောအသိသည် အဘယ်သူမျှကြံ၍မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းကို ယူဆောင်လာလိမ့်မည်။ ခရစ်ယာန်တို့၏ပြည့်စုံခြင်းကို တားဆီးသောအရာဟူသရွေ့ကို အောင်မြင်ရန်ကြိုးစားအားထုတ်ခြင်းရှိလိမ့် မည်။ စိတ်ဝမ်းကွဲခြင်းသည် ပျောက်သွားလိမ့်မည်။ တစ်ချိန်က ပတ်ဝန်းကျင် ရှိလူများတို့၌ အပြစ်ရှာလိုသောသူသည် မိမိ၏စာရိတ္တ၌ သာ၍ကြီးသော အမှားများရှိနေသည်ကို တွေ့မြင်လိမ့်မည်။

အချို့တို့သည် သမ္မာတရားကိုနားထောင်၍၊ ခရစ်တော်နှင့်ဆန့်ကျင်ဘက်နေထိုင်ကြသည်ကို ထင်ရှားသိမြင်ကြသည်။ သူတို့၌အပြစ်ရှိ၍ ပြစ်ဒဏ်ပေးခြင်းခံရသည်။ သူတို့သည် သူတို့၏ကျူးလွန်ခြင်းများကို နောင်တရကြသည်။ ခရစ်တော်၏ကောင်းမှုများအပေါ်၌အားကိုး၍ ကိုယ်တော်၌မှန်ကန်သောယုံကြည်ခြင်းကို ပြသခြင်းအားဖြင့် သူတို့သည် အပြစ်မှချမ်းသာခွင့်

ရရှိကြသည်။ မကောင်းမှုလုပ်ကိုင်ခြင်းကို သူတို့သည်ရပ်တန့်၍ ကောင်းမွန်စွာပြုလုပ်သောအခါ သူတို့သည်ကျေးဇူးတော်နှင့် ဘုရားသခင်ကိုသိကျွမ်းသောပညာ၌ ကြီးပွားကြသည်။ လောကမှတစ်သီးတခြားနေထိုင်ဖို့ရန် သူတို့သည်အနစ်နာခံရမည့်အကြောင်းကို တွေ့မြင်လာကြ၍၊ ပေးရမည့်တန်ဖိုးကိုတွက်ချက်ပြီးမှ ခရစ်တော်ကိုရရှိဖို့ရန် အားလုံးသောအရာတို့ကိုအရှုံးဟု ကြည့်ရှုကြသည်။ သူတို့သည် ခရစ်တော်၏စစ်တပ်ကြီး၌ နာမည်သွင်းကြပြီ။ သူတို့ရှေ့၌ တိုက်ခိုက်ဖို့ရန်ရှိ၍၊ သူတို့သည် သတ္တိရှိစွာဝမ်းမြောက်စွာဖြင့် တိုက်ပွဲဝင်ကြသည်။ သူတို့၏သဘာဝနှစ်သက်ခြင်းများနှင့် ကိုယ်ကျိုးနှင့်ဆိုင်သောဆန္ဒ များကိုတိုက်ခိုက်၍ မိမိစိတ်အလိုကို ခရစ်တော်၏စိတ်အလိုအောက်၌ လက်အောက်ခံစေသည်။ သူတို့သည်နေ့စဉ် ကိုယ်တော်၏စကားတော်ကို နားထောင်ဖို့ရန်

ကိုယ်တော်၏ကျေးဇူးတော်ကိုရှာဖွေ၍ ခွန်အားနှင့်မစခြင်းကို ရရှိကြသည်။ ဤအရာသည် မှန်ကန်သောပြောင်းလဲခြင်းပင်ဖြစ်သည်။ အသစ် သောစိတ်နှလုံးပေးအပ်ခြင်းခံရသောသူသည် နှိမ့်ချခြင်း၊ ကျေးဇူးတင်သော မှီခိုခြင်းဖြင့် ခရစ်တော်၏မစခြင်းအပေါ်၌ အားထားပြုမိသည်။ ကိုယ်တော်သည် သူ၏အသက်တာ၌ ဖြောင့်မတ်သောအသီးကို ဖော်ပြတော်မူသည်။ တစ်ချိန်ကသူတို့သည် မိမိကိုယ်ကိုချစ်၏။ လောကီ၏ပျော်မွေ့ခြင်းများသည် သူတို့၏စိတ်ကြိုက်ဖြစ်သည်။ ယခုအချိန်၌ သူ၏မိစ္ဆာဘုရားသည်အရာကျ ခဲ့၍ ဘုရားသခင်သာလျှင် တန်ခိုးကြီးအုပ်စိုးရှင်ဖြစ်သည်။ ယခင်အချိန်က သူနှစ်သက်ခဲ့သောအပြစ်များကို ယခုအချိန်၌သူသည် မုန်းတီးသည်။ မြဲမြံခြင်း၊ စိတ်ခိုင်ခံ့ခြင်းဖြင့် သန့်ရှင်းသောလမ်းကို သူသည်လိုက်လျှောက်ခဲ့သည်။ The Youth's Instructor, September 26, 1901.

## စာတန်၏နှောင်ကြိုးများ

ဝတ္တရားဆောင်ရွက်ခြင်း၏နာကျင်ခြင်းများနှင့် အပြစ်၏စည်းစိမ်ပျော်မွေ့ခြင်းများသည် နှောင်ကြိုးများဖြစ်၍ စာတန်သည် သူ၏ကျော့ကွင်း၌ဖမ်းမိသောသူများကို ချည်နှောင်ထားလေသည်။ မှားယွင်းသောအပြုအမူကိုပြုလုပ်မည့်အစား အသေခံဖို့ရန်အဆင်သင့်ရှိသောသူတို့ကိုသာလျှင် သစ္စာရှိလျက် တွေ့မြင်ကြရမည်။ Testimonies for the Church, vol. 5, p. 53.

–၀–

# အလိုလိုက်စားသောသမီးတစ်ယောက်ကို အကြံပေးခြင်း – ၁၈

ကုန်လွန်သွားသောနှစ်တွင် သင်၌ကြောက်မက်ဖွယ်ရာကောင်းသော မှတ်စုရှိခဲ့၍၊ ထိုမှတ်စုသည် ကောင်းကင်ဘုံရှင်နှင့် စင်ကြယ်အပြစ်ကင်းသည့် မရေမတွက်နိုင်သောကောင်းကင်တမန်များရှေ့၌ ဖွင့်ထားလျက်ရှိသည်။ သင်၏ အကြံအစည်များနှင့်လုပ်ရပ်များ အလွန်ပြင်းထန်၍ သန့်ရှင်းခြင်းမရှိသော သင်၏ခံစားခြင်းများသည် သက်ရှိသတ္တဝါတို့၏မြင်ကွင်းမှ ဖုံးကွယ်နေကောင်း နေလိမ့်မည်။ သို့သော်လည်း သင့်အသက်တာ၏အသေးငယ်ဆုံးသော ပြုကျင့်ခြင်းများသည် ဘုရားသခင်တွေ့မြင်တော်မူနိုင်ရန် ကိုယ်တော်ရှေ့တော်၌ ပွင့်လျက်ရှိသည်။ သင်၏အစွန်းအထင်းရှိသောမှတ်စုသည် ကောင်းကင်ဘုံ၌ရှိသည်။ သင်ကျူးလွန်ခဲ့သော ဤအပြစ်သည် ကောင်းကင်ဘုံ၌မှတ်တမ်း တင်ထားလျက်ရှိသည်။

ဘုရားသခင်၏ငြိုငြင်ခြင်းသည် သင့်အပေါ်၌ရှိ၏။ သို့တစေလည်း သင်၌ထိခိုက်ခြင်းမရှိပေ။ သင်သည် သင်၏ပျောက်ဆုံးခြင်းနှင့် မပြီးစီးသော အခြေအနေကိုမသိပေ။ ရံဖန်ရံခါ သင်၌ နောင်တသံဝေဂရခြင်းရှိသည်။ သို့သော်လည်း သင်၏မာနထောင်လွှားခြင်း၊ အအုပ်အချုပ်ကင်းလွတ်ခြင်း စိတ်သည် ဤအရာအထက်သို့တက်ခဲ့၍၊ သင်သည် ဩတ္တပ္ပစိတ်၏အသံကို ပိတ်ဆို့ထားလိုက်သည်။

သင်၌ပျော်ရွှင်ခြင်းမရှိပေ။ သို့တစေလည်း အတားအဆီးမရှိဘဲ သင့်သဘောအတိုင်းလုပ်ကိုင်ဖို့အခွင့်ရပါက သင်သည် ပျော်ရွှင်လိမ့်မည်ဟု သင်ထင်မြင်နေသည်။ သနားစရာကောင်းသောသူငယ်၊ သင်၏အခြေအနေ သည် ဧဒင်ဥယျာဉ်၌ရှိသော ဧဝ၏အဖြစ်မျိုး၌ ရောက်ရှိနေသည်။ သူမသေဆုံး မည်ကိုစိုးရိမ်၍ လက်နှင့်တို့ထိခြင်းမပြုလုပ်ရန် ဘုရားသခင်တားမြစ်ထားသော အပင်၏အသီးကိုသာ သူမစားနိုင်ပါက သူမသည် အလွန်မြင့်မားစွာချီးမြှင့်

ခြင်းခံရလိမ့်မည်ဟု သူမစိတ်၌ထင်မြင်ခဲ့သည်။ သူမသည်စား၍ ဧဒင်ဥယျာဉ်၏ ဘုန်းအသရေအားလုံးတို့ကို ဆုံးရှုံးခဲ့လေသည်။

## စိတ်ကူးယဉ်ခြင်းကိုချုပ်တည်းခြင်း

သင်သည် သင်၏အကြံအစည်များကို ထိန်းသိမ်းထားရပေမည်။ ဤကဲ့သို့ပြုလုပ်ဖို့ရန် မလွယ်ကူပေ။ ကြိုးစား၍ ပြင်းထန်စွာခွန်အားစိုက်ထုတ်ခြင်းမရှိပါက သင်သည် အောင်မြင်ပြီးစီးနိုင်လိမ့်မည်မဟုတ်ပေ။ သို့တစေလည်း ဘုရားသခင်သည် ဤအရာကို သင့်ထံမှအလိုတော်ရှိသည်။ ဤအရာသည် စာရင်းပေးနိုင်သော လူတိုင်းတို့အပေါ်၌ရှိသော ဝတ္တရားဖြစ်သည်။ သင်၏အကြံအစည်များအတွက် သင်သည် ဘုရားသခင်၌တာဝန်ရှိသည်။ သင်သည် အချည်းနှီးသောစိတ်ကူးယဉ်များကိုလိုက်စား၍၊ သင်၏စိတ်ကို မသန့်ရှင်းသောအရာများအပေါ်၌ စွဲလမ်းနေပါက၊ သင်သည် တစ်နည်းအား

ဖြင့် သင်ကြံစည်သည်အတိုင်း လုပ်ကိုင်သကဲ့သို့ ဘုရားသခင်ရှေ့တော်၌ အပြစ်ရှိ၏။ လူပ်ရှားနိုင်ဖို့ရန်တားဆီးထားခြင်းသည် အခွင့်အရေးလိုအပ်နေသောကြောင့်ဖြစ်သည်။

နေ့၊ ည၊ အချိန်ရှိတိုင်း အိပ်မက်မက်နေခြင်းနှင့် လေထဲ၌တိုက်အိမ်ဆောက်နေခြင်းသည် ဆိုးရွား၍၊ အလွန်အမင်း ဘေးအန္တရာယ်များသော အကျင့်ဓလေ့များဖြစ်သည်။ တစ်ကြိမ်တစ်ခါအတည်ပြုလိုက်လျှင် ထိုသို့သော အကျင့်ဓလေ့များကို ပယ်ဖျက်ပစ်ရန်အလွန်ခဲယဉ်းလေသည်။ အကြံအစည်များကိုလည်း စင်ကြယ်သန့်ရှင်းမြင့်မားသော ရည်ရွယ်ချက်များသို့ စူးစိုက်၍မရတော့ပေ။ သင်၏စိတ်ကိုအုပ်ထိန်း၍မရ၊ အကျိုးမရှိပုပ်ပျက်သော အကြံအစည်များဖြင့် သင်၏အသက်ဝိညာဉ်ကို အစွန်းအကွက်မထင်စေလိုပါက၊ သင်သည်သင်၏မျက်စိများ၊ နားများနှင့်အာရုံအားလုံးတို့အပေါ်၌ သစ္စာရှိသောကင်းစောင့်ဖြစ်ရမည်။ ကျေးဇူးတော်တန်ခိုးသာလျှင် ဤအလွန်လိုအပ်သောအလုပ်ကိုပြီးစီးစေနိုင်သည်။ ဤအရာဘက်တွင် သင်၌ခွန်အားနည်းခြင်းရှိ၏။

## တပ်မက်မောခြင်းများနှင့်ချစ်ခင်စုံမက်ခြင်းများကိုနှိပ်ကွပ်ခြင်း

သင်၌စိတ်အလိုသို့လိုက်စားခြင်း၊ သူရသတ္တိနှင့်ရဲဝံ့ခြင်းရှိ၏။ သင်၏စိတ်နှလုံးထဲ၌ ဘုရားသခင်၏ကျေးဇူးတော်အဖို့နေရာမရှိပေ။ ဖြောင့်မတ်ခြင်းတန်ဆာပလာဖြစ်သော ကိုယ်တော်၏ကျေးဇူးတော်ကို သင်သည်ခံစားဖို့ရန် ဘုရားသခင်၏ခွန်အားတစ်ခု၌သာလျှင် ရနိုင်မည်ဖြစ်သည်။ သင်၏အကြံအစည်များကိုသာ ထိန်းချုပ်ထားဖို့ရန် ဘုရားသခင်သည် အလိုတော်ရှိသည်သာမက သင်၏တပ်မက်မောခြင်းနှင့် ချစ်ခင်စုံမက်တတ်ခြင်းကိုလည်း ထိန်းချုပ်ထားဖို့ရန် အလိုတော်ရှိသည်။ သင်၏တင့်တယ်ခြင်းသည် ဤအရာများ၌ သင်ကိုယ်တိုင်အုပ်ထိန်းထားခြင်းအပေါ်၌ အမှီပြုနေသည်။ တပ်မက်မောခြင်းနှင့် ချစ်ခင်စုံမက်ခြင်းများသည် တန်ခိုးကြီးသောကိုယ်စားလှယ်များဖြစ်ကြ

သည်။ အကယ်၍ အလွဲအသုံးပြုခဲ့လျှင်၊ မှားယွင်းသောရည်ရွယ်ချက်ဖြင့် ပြုခဲ့လျှင်၊ အလွဲနေရာချထားခဲ့လျှင်၊ သင့်ကိုပျက်စီးစေဖို့ရန် သူတို့၌တန်ခိုး ရှိ၍၊ ဘုရားမသိမျှော်လင့်ခြင်းမရှိဘဲအလွန်စိတ်ဆင်းရဲသောပျက်စီးခြင်း၌ စွန့်ပစ်ခြင်းခံရမည်။

တပ်မက်ခြင်းများနှင့်ချစ်ခင်စုံမက်ခြင်းများကို စဉ်းစားဆင်ခြင်ခြင်း၊ သြတ္တပ္ပစိတ်နှင့်စာရိတ္တတို့အောက်၌ထားလိုပါက စိတ်ကူးယဉ်အတွေးကို သေချာစွာမရမနေ အုပ်ထိန်းထားရပေမည်။ သင်သည် ဘေးအန္တရာယ်၌ ကျရောက်နေသည်။ အကြောင်းမှာ သင်၏ထာဝစဉ်အကျိုးခံစားခြင်းများကို တပ်မက်စွဲလမ်းခြင်းယဇ်ပလ္လင်၌ သင်သည်ပူဇော်ဖို့ရန် စိုင်းပြင်းလျက်ရှိသည်။ သင်၏တစ်ကိုယ်လုံးကို တပ်မက်စွဲလမ်းခြင်းသည် လုံးလုံးလျားလျား ထိန်းချုပ်ထားလျက်ရှိသည်။ ယင်းသည် မည်သည့်အမျိုးအစားဖြစ်သနည်း။ ယုတ်မာ၍ဖျက်ဆီးသောသဘောပါဝင်သည့် တပ်မက်စွဲလမ်းခြင်းဖြစ်သည်။ ယင်း၏အလိုသို့လိုက်ခြင်းအားဖြင့် သင့်မိဘများတို့၏အသက်တာကို အတိဒုက္ခရောက်စေ၍၊ သင်၏အစ်မ၊ နှမများတို့၌ ဝမ်းနည်းခြင်းနှင့်အရှက်ကွဲခြင်းဖြစ်စေမည်။ သင်၏စာရိတ္တကို အနစ်နာခံ၍ ကောင်းကင်နှင့်ဘုန်းတော်ပြည့်ဝသောမသေနိုင်သည့်အသက်တာကို အဆုံးခံလိုက်ရမည်။ သင်သည် ဤအရာကိုပြုလုပ်ဖို့ရန် အဆင်သင့်ရှိသလား။ သင်ရှိသောနေရာ၌ရပ်နေရန် သင့်ကိုကျွန်ုပ်တောင်းပန်ပါသည်။ ဖွတ်တရွတ်၊ ခေါင်းမာလျက် ရှေ့သို့ခြေလှမ်းတိုး၍ မသွားပါနှင့်။ သင့်ရှေ့၌ စိတ်ဆင်းရဲခြင်းနှင့်သေခြင်းတို့သည်ရှိ၏။ သင်၏တပ်မက်စွဲလမ်းခြင်းနှင့် ချစ်ခင်စုံမက်ခြင်း၌ ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်းမရှိပါက၊ သင်သည် ဧကန်မုချ သင်၏နံဘေးပတ်ဝန်းကျင်၌ရှိသောသူအားလုံးတို့နှင့် နာမည်ပျက်ခြင်းရှိလိမ့်မည်။ သင်၏စာရိတ္တအပေါ်သို့လည်း

ရှက်ဖွယ်ရာအကြောင်းကျရောက်လာ၍ သင်အသက်ရှင်နေသမျှကာလပတ်လုံး တည်ရှိနေလိမ့်မည်။

သင်သည် သင်၏မိဘများ၏စကားကို နားထောင်ခြင်းမရှိ။ မလေးမစားပြုခြင်း၊ ကျေးဇူးမတင်တတ်ခြင်းနှင့် သန့်ရှင်းခြင်းမရှိ။ ဤစိတ်ဆင်းရဲစရာကောင်းသော ထူးခြားသည့်အမူအရာများသည် ပုပ်ပျက်သော အပင်၏အသီးများဖြစ်သည်။ သင်သည်သွက်လွန်း၏။ သင်သည် ယောကျ်ားလူငယ်များကိုချစ်ခင်၍ သူတို့နှင့်စကားပြောဆိုလိုသည်။ "စိတ်နှလုံးအပြည့်ရှိသည်အတိုင်း နှုတ်မြွက်တတ်၏။" အကျင့်ဓလေ့များသည် သင့်ကိုအုပ်ချုပ် ၍ တန်ခိုးကြီးလာကြပြီ။ သင်၏အကြံအစည်များနှင့် စိတ်ဆန္ဒအလိုအတိုင်း ဖြစ်ရန် သင်သည် လိမ်လည်ခြင်းကိုတတ်မြောက်ပြီ။ Testimonies for the Church, vol. 2, pp. 560-562.

–o–

# ဆိုင်ပြိုင်တိုက်လှန်ခြင်းဖြင့်စာရိတ္တ ခွန်အားရရှိခြင်း – ၁၉

ခရစ်တော်၏အသက်တာ ပထမအနှစ်သုံးဆယ်အချိန်၌ မထင်ရှားသောနာဇရက်ရွာ၌ ကုန်လွန်သွားခဲ့လေသည်။ ဤရွာ၌နေထိုင်ကြသောသူတို့သည် သူတို့၏ဆိုးသွမ်းခြင်းအတွက် နာမည်ကြီးခဲ့သည်။ "နာဇရက်ရွာမှ ကောင်းသောအရာတစ်စုံတစ်ခုထွက်နိုင်သလော" ဟု နာသနေလသည် မေးမြန်းခဲ့သည်။ ဓမ္မဆရာများသည် ခရစ်တော်၏ပထမဦးနှစ်များအကြောင်းကို ဖော်ပြခြင်းမပြုသလောက်ပင် ရှိခဲ့လေသည်။ သူ၏မိဘများနှင့်အတူ ယေရုရှလင်မြို့သို့ လိုက်သွားခြင်းအကြောင်းမှလွဲ၍ ကျွန်ုပ်တို့၌ ဤဖော်ပြ ပါအကြောင်းလောက်သာရှိခဲ့သည်။ "သူငယ်သည်လည်းကြီးပွား၍ ပညာဉာဏ် သတ္တိနှင့်ပြည့်စုံ၏။ ဘုရားသခင်၏ကျေးဇူးတော်သည်လည်း သူ့အပေါ်၌တည်၏။"

အားလုံးသောအရာတို့တွင် ခရစ်တော်သည် ပုံသက်သေဖြစ်၏။ ဘုရားသခင်၏စီမံခန့်ခွဲချက်အတိုင်း အသက်နုစဉ်အချိန်၌ နာဇရက်မြို့တွင် နေထိုင်ခဲ့သည်။ ထိုမြို့တွင်နေထိုင်ကြသောသူများသည် စာရိတ္တ၌ပျက်စီးလျက် ရှိကြရာ၊ ကိုယ်တော်သည် အစဉ်စုံစမ်းနှောင့်ယှက်ခြင်းခံစားနေရသည်။ အပြစ်နှင့်ဆိုးသွမ်းခြင်းအလယ်၌ ကိုယ်တော်သည် စင်ကြယ်ခြင်းနှင့်အပြစ်မှကင်းစင်အံ့သောငှာ အစဉ်သတိထား၍ နေထိုင်ရလေသည်။ ခရစ်တော်သည် ဤနေရာကို မိမိကိုယ်တိုင်ရွေးချယ်ခဲ့သည်မဟုတ်။ ကောင်းကင်ဘုံရှင်အဖဘုရားကိုယ်တိုင် သူ့အဖို့ရွေးချယ်တော်မူခဲ့ရာ၊ ထိုနေရာ၌ ကိုယ်တော်၏စာရိတ္တကို အဘက်ဘက်၌ နည်းအမျိုးမျိုးဖြင့် စမ်းသပ်စုံစမ်းရပေမည်။ ကိုယ်တော်၌ စုံလင်သောစာရိတ္တဖြင့်ကြီးပွားနိုင်၍ ကလေးများ၊ လူငယ်များနှင့် လူကြီးအရွယ်များတို့အဖို့ စုံလင်သောပုံသက်သေဖြစ်ဖို့ရန် ကိုယ်တော်၏အစအဦးအသက်တာ၌ ပြင်းထန်သောစုံစမ်းနှောင့်ယှက်ခြင်းများ၊ ဒုက္ခဆင်းရဲခြင်းများနှင့်တိုက်ခိုက်ခြင်းများကိုခံရလေသည်။

ခရစ်ယာန်တစ်ယောက်၏အသက်တာအဖို့ အကြောင်းညီညွတ်ခြင်း မရှိသော

ပတ်ဝန်းကျင်နေရာများ၌ ကလေးများနှင့်လူငယ်များသည် ရုံဖန်ရံခါ နေထိုင်ရကြသည်။ သူတို့သည် လွယ်လင့်တကူ စုံစမ်းနှောင့်ယှက်ခြင်းသို့ ရောက်ကြ၍၊ နေရာထိုင်ခင်းအဆင်မပြေသောကြောင့် အပြစ်သို့ကျရောက်ရ သည်ဟု ဆင်ခြင်ပေးကြသည်။ ခရစ်တော်သည် ဆိတ်ငြိမ်ရာအရပ်သို့သွား ရောက်ရန် ရွေးချယ်တော်မူသည်။ လက်မှုပညာအတတ်ဖြင့် ကိုယ်တော်သည် လုပ်ကိုင်ဆောင်ရွက်လျက်နေသည်။ ကိုယ်တော်သည် စုံစမ်းနှောင့်ယှက်ခြင်း ကို ဖိတ်ခေါ်ခြင်းမပြု။ ဩဇာတန်ခိုးပုပ်ပျက်သောသူတို့နှင့်ပေါင်းသင်းခြင်းမှ ဝေးစွာရှောင်ရှားနေတော်မူသည်။ ကလေးများနှင့်လူငယ်များတို့ လျှောက်လိုက် ဖို့ရန် မလိုအပ်သောလမ်း၌ ကိုယ်တော်သည် ခြေချတော်မူခဲ့ရသည်။ သူ၏ အသက်တာ၌ ပြည့်ဝစုံလင်ခြင်း၊ ပျင်းရိခြင်းတည်းဟူသော ဂုဏ်ပုဒ်များကို မိဘအဖို့သတ်မှတ်ထားခြင်းမရှိပေ။ ကိုယ်တော်၏မိဘများသည် ဆင်းရဲကြ၍၊ နေ့စဉ်အသက်ရှင်ဖို့ရန်အတွက် အလုပ်လုပ်ကိုင်ဆောင်ရွက်ရကြသည်။ သို့ဖြစ်၍ ခရစ်တော်၏အသက်တာသည် ဥစ္စာဓနမရှိခြင်း၊ မိမိကိုယ်ကိုငြင်းပယ် ခြင်း၊ ဆင်းရဲနွမ်းပါးခြင်းနှင့်ရင်ဆိုင်နေရသည်။ ကိုယ်တော်သည် မိဘများ နှင့်အတူ

ကြိုးစားလုပ်ကိုင်ဆောင်ရွက်နေရသည်။

## စင်ကြယ်ခြင်းသည်အခြေအနေအပေါ်၌မှီခိုခြင်းမရှိ

မည်သူမျှ မိမိတို့၏ခရစ်ယာန်စာရိတ္တ၌ စုံလင်ခြင်းရရှိဖို့ရန် ကျွန်ုပ်တို့၏ကယ်တင်ရှင်တွေ့ကြုံခဲ့ရသောအခြေအနေထက် ဆိုးသောအခြေအနေအောက်သို့ကျရောက်စေဖို့ရန် အခေါ်ခံရမည်မဟုတ်ပေ။ အများသောသူတို့၏အသိဉာဏ်၌ ကောင်းသောအရာတစ်စုံတစ်ခုမျှ ထွက်ပေါ်လာခြင်းမရှိသောနာဇရက်မြို့၌ သခင်ခရစ်တော်သည် နှစ်ပေါင်းသုံးဆယ်နေထိုင်ခဲ့သည်ဟူသောအချက်ကြောင့် မိမိတို့သည်လည်း ဘာသာရေးစာရိတ္တ၌ အခြေအနေအရတူအောင်နေထိုင်ရမည်ဟု ထင်မြင်သောလူငယ်များအား ပြစ်တင်ပြောဆိုခြင်းပင်ဖြစ်သည်။ လူငယ်တို့၏ပတ်ဝန်းကျင်သည် သာယာခြင်းမရှိ၊ ဧကန်အမှန်ဆိုးသွမ်းပါက၊ ခရစ်ယာန်စာရိတ္တမစုံလင်ခြင်းသည် ဤအကြောင်းကြောင့်ဖြစ်သည်ဟု အများသောသူတို့သည် ဆင်ခြင်ပေးကြသည်။ အပြစ်တင်ခွင့်နှင့်ကင်းသော အသက်တာဖြင့်နေထိုင်နိုင်ရန် နေရာ၏တင့်တယ်ခြင်း၊ ဥစ္စာခနေ (သို့မဟုတ်) စီးပွားရေးကောင်းမွန်ခြင်းအပေါ်၌ အမှီပြုနေသည်ဟု ပြောဆိုခြင်းကို ခရစ်တော်၏ပုံသက်သေသည် ကိုယ်တော်နောက်လိုက်များ တို့၏အကြံအစည်ကို ပြစ်တင်ပြောဆိုပေလိမ့်မည်။ သူတို့၏သစ္စာရှိခြင်းကြောင့် မည်သည့်နေရာသို့သွား၍ မည်သည့်ရာထူးနှင့်လုပ်ကိုင်ရသော်လည်း၊ ဘုရားသခင်စီမံတော်မူသည့်အတိုင်း

ခေါ်ခြင်းခံရသောအခါ၊ ဂုဏ်ရှိသော အလုပ်ဖြစ်ကြောင်း သခင်ခရစ်တော်သည် သူတို့ကိုသွန်သင်တော်မူသည်။

စင်ကြယ်ခြင်း၊ တည့်တံ့ခြင်းနှင့်ကျင့်ဝတ္တရားတို့၌ မြဲမြံခြင်းသည် ဆင်းရဲဒုက္ခ၊ ခက်ခဲခြင်းများနှင့် ကင်းလွတ်သောအသက်တာအပေါ်၌ မှီခိုခြင်း မရှိကြောင်းကို သခင်ခရစ်တော်၏အသက်တာဖြင့် ပုံသက်သေပြသထားလေသည်။ လူငယ်အများအပြား ညည်းတွားပြောဆိုနေသော စုံစမ်းခြင်းများနှင့် ဒုက္ခဆင်းရဲခြင်းများကို သခင်ခရစ်တော်သည် ညည်းတွားခြင်းမပြုဘဲ ခံစားတော်မူခဲ့လေသည်။ ဤစည်းကမ်းသည် လူငယ်များအထူးလိုအပ်နေသော ဗဟုသုတပင်ဖြစ်သည်။ ဤဗဟုသုတသည် သူတို့၏စာရိတ္တများကို ကြံ့ခိုင်ခြင်းပေး၍၊ ခရစ်တော်ကဲ့သို့ စုံစမ်းနှောင့်ယှက်ခြင်းကိုခုခံဖို့ရန် ဝိညာဉ်၌ သန်စွမ်းခြင်းရှိစေလိမ့်မည်။ သူတို့ကိုလမ်းလွဲသွားစေ၍ သူတို့၏ကျင့်ဝတ်များကို ဖျက်ဆီးသောသူများတို့၏ဩဇာမှခွဲခြားထားသော်လည်း၊ စာတန်၏နည်းပရိယာယ်များဖြင့် သူတို့ကိုအောင်မြင်နိုင်မည်မဟုတ်။ ဘုရားသခင်ကို နေ့စဉ်ဆုတောင်းခြင်းအားဖြင့် သူတို့သည် ဆိုင်ပြိုင်တိုက်လှန်ခြင်းနှင့် အသက်တာ၏ဇကန်အမှန်ဖြစ်သောအရာများကို ကျဉ်းကျပ်စွာထားဖို့ရန် ကိုယ်တော်အထံတော်မှ ဉာဏ်ပညာနှင့်ကျေးဇူးတော်ကိုရရှိ၍ အောင်မြင်ခြင်းနှင့်တွေ့ဆုံရမည်။ သစ္စာရှိ၍ တည်ငြိမ်သောစိတ်ကို နိုးကြားနေခြင်းနှင့်ဆုတောင်းခြင်းအားဖြင့် သာလျှင် လက်မလွှတ်ဘဲထားနိုင်သည်။ ခရစ်တော်၏အသက်တာသည် ကြိုးစားအားထုတ်နေသော ခွန်အားပုံသက်သေဖြစ်သည်။ ဤခွန်အားကို ကဲ့ရဲ့ပြစ်တင်ခြင်း၊ ကျီစယ်ခြင်း၊ ဆင်းရဲဒုက္ခရောက်ခြင်း (သို့မဟုတ်) ခက်ခဲခြင်းများအားဖြင့် ခွန်အားနည်းသွားဖို့ရန်ခွင့်မပြုနိုင်ပေ။

ဤနည်းဖြင့်လူငယ်တို့အဖို့ဖြစ်ရမည်။ သူတို့အပေါ်၌ စုံစမ်းခြင်းများသည် တိုးတက်၍လာသောအခါ၊ ဘုရားသခင်သည် သူတို့ကိုစုံစမ်း၍ သူတို့၏သစ္စာရှိခြင်းကို ထင်ရှားပြသနေကြောင်း သူတို့သိရှိရပေမည်။

စိတ်ပျက်ခြင်းများနှင့်တွေ့ဆုံရသော်လည်း ယင်းအဆင့်အတန်းမျိုး၌ သူတို့၏ စာရိတ္တစုံလင်ခြင်း၊ သမာဓိရှိခြင်းနှင့်တည်ကြည်ခြင်းများကို ထားရှိသောအခါ၊ သူတို့၏ခံနိုင်ရည်တန်ခိုးသည် တိုးတက်လာ၍၊ ဝိညာဉ်ဘက်၌လည်း သန်စွမ်းလာခဲ့သည်။ The Youth’s Instructor, March, 1872.

## အသရေမပျက်မီသေဆုံးခြင်း

အသက်ဝိညာဉ်ကို အပြစ်နှင့်ညစ်ညူးစေမည့်အစား ဆင်းရဲခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်း၊ မိတ်ဆွေများထံမှကွဲကွာနေခြင်း (သို့မဟုတ်) ဒုက္ခကို ရွေးချယ်ပါ။ အသရေပျက်ခြင်း (သို့မဟုတ်) ဘုရားသခင်၏ပညတ်တော်ကို ကျူးလွန်ခြင်းရှေ့၌ သေခြင်းရှိသည်ဟူသောအချက်သည် ခရစ်ယာန်တိုင်းတို့၏

ရှေ့ထားစကားဖြစ်သင့်သည်။ Testimonies for the Church, vol. 5, p. 147.

–ဝ–

# စုံစမ်းနှောင့်ယှက်ခြင်းကို တားဆီးခြင်း – ၂၀

ဘုရားဇာတိပကတိကို ဆက်ဆံရသောသူတို့သည် စုံစမ်းနှောင့်ယှက်ခြင်းသို့ ကျရောက်မည်မဟုတ်ပေ။ ခရစ်ယာန်အသက်တာဖြင့် နေထိုင်သောသူအပေါင်းတို့ကို အောင်မြင်နိုင်ဖို့ရန်၊ ရန်သူသည် ခွန်အားရှိသမျှနှင့်လုပ်ကိုင်လျက်ရှိသည်။ သူတို့သည် အညှံ့ခံလိမ့်မည်ဟူသော မျှော်လင့်ခြင်းဖြင့် မာရ်နတ်သည် သူတို့ထံသို့ စုံစမ်းနှောင့်ယှက်ခြင်းများနှင့် လာရောက်မည်။ ဤနည်းဖြင့်သူတို့ကိုစိတ်ပျက်အောင် ပြုလုပ်နိုင်မည်ဟု မျှော်လင့်သည်။ သို့သော် မြဲတည်ကျောက်ပေါ်၌ မိမိတို့၏ခြေကို မြဲမြံစွာနင်းထားသောသူတို့သည် သူ၏လိမ်လည်လှည့်ဖြားခြင်းနောက်သို့ ပါလိမ့်မည်မဟုတ်ပေ။ ဘုရားသခင်သည် သူတို့၏ဖခင်နှင့် ခရစ်တော်သည် သူတို့၏မစသောသူဖြစ်ကြောင်းကို သူတို့အမှတ်ရကြလိမ့်မည်။ မိမိသည် အောင်မြင်သကဲ့သို့ လောက၌စုံစမ်းနှောင့်ယှက်ခြင်းကို ခံနေရသောလူတိုင်းတို့အား ခွန်အားပေးဖို့ရန် ကယ်တင်ရှင်သည် ဤလောကသို့ကြွလာတော်မူသည်။ ကျွန်ုပ်သည် စုံစမ်းနှောင့်ယှက်ခြင်း၏ တန်ခိုးကိုသိသည်။ လမ်းပေါ်၌ရှိသောဘေးအန္တရာယ်များကို ကျွန်ုပ်သိသည်။ သို့သော်လည်း စုံစမ်းနှောင့်ယှက်ခြင်းကို လုံးပန်းနေကြသောသူတို့အဖို့ လိုအပ်သောအချိန်၌ လုံလောက်သောခွန်အားကိုပေးဖို့ရန် စီမံထားလျက်ရှိသည်ကိုလည်း ကျွန်ုပ်သိသည်။

## မလိုလားအပ်သောစုံစမ်းနှောင့်ယှက်ခြင်းများကိုရှောင်ရှားခြင်း

"ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍၊ သင်တို့မခံနိုင်သောစုံစမ်းနှောင့်ယှက်ခြင်းကို သင်တို့၌ရောက်စိမ့်သောငှာ အခွင့်ပေးတော်မမူ။ သင်တို့သည်းခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ယှက်ခြင်းအရာနှင့်တကွ၊ ထွက်မြောက်သောလမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်။" ကျွန်ုပ်တို့လုပ်ကိုင်ဆောင်ရွက်ဖို့ရန်အပိုင်းလည်းရှိသေး၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်ကို မလိုလားအပ်သောစုံစမ်းနှောင့်ယှက်ခြင်းလမ်းပေါ်၌ မထားအပ်ပေ။ ထာဝရဘုရားမိန့်တော်မူပြန်သည်ကား "သင်တို့သည် ထိုသူတို့အထဲကထွက်၍ အသီးအခြားနေကြလော့......မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကိုငါလက်ခံမည်။ သင်တို့၏အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့်မည်" ဟု အနန္တတန်ခိုးနှင့်ပြည့်စုံသောထာဝရဘုရားမိန့်တော်မူ၏။ အကယ်၍ ပျော်မွေ့ခြင်းရရှိဖို့ရန် လောကီသားများနှင့်ပေါင်းဖော်ခဲ့၍၊ လောကီနှင့်ဆိုင်သော ပြုမူခြင်းများကိုလိုက်စားရာ၌ ကျွန်ုပ်တို့၏စိတ်ဝင်စားခြင်းများကို ယုံကြည်သောသူများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် ကျွန်ုပ်တို့၏ခြေကို အပြစ်သွေးဆောင်ရာ၌ထားကြ၏။ ဤကဲ့သို့ပြုလုပ်သောကြောင့် ကျွန်ုပ်တို့မလဲနိုင်ဖို့ရန် ဘုရားသခင်သည် မည်ကဲ့သို့ ကျွန်ုပ်တို့ကို ထောက်ပံ့နိုင်အံ့နည်း။

လောကီ၏ပုပ်ပျက်ခြင်းဩဇာမှ သင်၏ကိုယ်ကိုဝေးဝေးထားပါ။ ရန်သူများအခိုင်အမာတပ်စွဲထားသော မသွားအပ်သည့်နေရာသို့ မသွားပါနှင့်။

စုံစမ်းနှောင့်ယှက်ခြင်းခံရမည့်နေရာနှင့် လမ်းမှားဘက်သို့ရောက်သွားနိုင်သည့်နေရာသို့ မသွားပါနှင့်။ သို့သော်လည်း သင်၌မယုံကြည်သောသူတို့အဖို့ သတင်းစကားရှိပါက၊ သင်သည် ဘုရားသခင်နှင့်အလွန်နီးကပ်စွာရှိနေ၍ သူတို့ကို အချိန်တန်သောစကားတစ်ခွန်းကို ပြောဆိုနိုင်သည်။ သူတို့ကို

မစခြင်းပေးနိုင်သောအလုပ်ကို သင်သည်လုပ်ကိုင်နိုင်၍ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမြှောက်ရာရောက်မည်။ “အကျွန်ုပ်သည် ဆုမတောင်းပါ” ဟု ခရစ်တော်မိန့်တော်မူရာ၌၊ “ကိုယ်တော်သည် သူတို့ကိုလောကထဲမှ ထုတ်ယူတော်မမူပါနှင့်၊ မကောင်းသောအမှုကိုသာ မပြုလုပ်ရန်တားတော်မူပါ” ဟု တောင်းပါ၏။ Review

and Herald, April 14, 1904.

## တာဝန်ဝတ္တရားသည်စိတ်ဆန္ဒအထက်၌ရှိခြင်း

လူငယ်သည် စာတန်၏အုပ်စိုးခြင်းအောက်မှ ထွက်ခွာဖို့ရန်ကြိုးစားသောအခါ၊ စာတန်သည် သူ၏စုံစမ်းနှောင့်ယှက်ခြင်းများကို နှစ်ဆတိုး၍ လုပ်ဆောင်လိမ့်မည်။ သူတို့၏မသိနားမလည်ခြင်းနှင့် ဗဟုသုတနည်းပါးခြင်းကို အခွင့်ကောင်းယူ၍၊ သူသည်အမှားနှင့်အမှန်ခွဲခြား၍မရအောင် မထင်မရှားထားလိမ့်မည်။ သူသည်မိမိကိုယ်ကို အလင်း၏ကောင်းကင်တမန်ယောင်ဆောင်၍၊ တားမြစ်ထားသောလမ်း၌ ပျော်မွေ့ခြင်းကတိများကိုပေးလိမ့်မည်။ လူငယ်တို့၌အလုပ်ဝတ္တရားအစား စိတ်ဆန္ဒအလိုသို့လိုက်ဖို့ရန် အကျင့်ဓလေ့ရှိခဲ့လျှင်၊ သူတို့သည် စုံစမ်းနှောင့်ယှက်ခြင်းကို တားဆီးရန်ခဲယဉ်းခြင်းနှင့်တွေ့ဆုံကြမည်။ တားမြစ်ထားသော အပျော်အပါးများ၌ တစ်ကြိမ်လိုက်စားခြင်းဖြင့် ဘေးအန္တရာယ်ရှိကြောင်းကို သူတို့မမြင်ကြပေ။ စာတန်မာရ်နတ်၏အကြံပေးခြင်းများသည် စိတ်နှလုံးထဲ၌ကျန်ရှိနေသော အကျင့်သီလခေါင်းပါးခြင်းကို လှုံ့ဆော်၍ ထကြွလာစေလိမ့်မည်။ The Signs of the Times, January 19, 1882.

–o–

# လိမ်လည်ကောက်ကျစ်ခြင်းနှင့် ပြည့်စုံသောအပြစ် – ၂၁

အပြစ်၏လိမ်လည်ကောက်ကျစ်ခြင်းထက် သစ္စာမဲ့သော အခြားအရာ တစ်ခုမျှမရှိပေ။ ဤလောက၏ဘုရားသာလျှင် မှားယွင်းစေ၍ မိုက်မဲစေသည်။ ပျက်စီးခြင်းသို့လမ်းပြသည်။ စာတန်သည်ချက်ချင်း သူ၏စုံစမ်းနှောင့်ယှက် ခြင်းများနှင့် ဝင်ရောက်လာသည်မဟုတ်။ သူသည် ဤစုံစမ်းနှောင့်ယှက်ခြင်း များကို ကောင်းသောအရာများနှင့် ပုံသဏ္ဌာန်တူအောင် အသွင်ပြောင်းထား လေသည်။ သူသည် ပျော်ရွှင်ခြင်းများနှင့်မိုက်မဲခြင်းကို အနည်းငယ်ခန့် ပြုပြင်ရောယှက်ထား၍ ဤအရာများကိုပြုလုပ်ခြင်းဖြင့် ကြီးသောကောင်းကျိုး ကိုရနိုင်သည်ဟု ဆင်ခြင်ပေးစကားပြောဆိုရန် လိမ်လည်ထားသည်။ ဤ အရာသည် လိမ်လည်သောအပိုင်းမှဖြစ်သည်။ စာတန်၏အလွန်ကြောက်မက် ဖွယ်ရာကောင်းသောအတတ်ကို မျက်နှာဖုံးတပ်ထားသည်။ လိမ်လည်ခြင်း ခံရသော အသက်ဝိညာဉ်များသည် ခြေလှမ်းတိုးခဲ့ရာ နောက်တစ်လှမ်းတိုးဖို့ မခဲယဉ်းတော့ပေ။ ရပ်တန့်ကာကွယ်၍ ကောက်ကျစ်စဉ်းလဲသော ရန်သူ၏ ပထမဦးဆုံးအယုံသွင်းခြင်းကို ခုခံမည့်အစား ကိုယ်စိတ်အလိုဆန္ဒအတိုင်း လိုက်လျှောက်ရခြင်းက သာ၍နှစ်သက်ဖွယ်ရာကောင်းပေသည်။ ဤနည်းဖြင့် သူ၏ဝင်ရောက်လာခြင်းများကို ပိတ်ဆို့နိုင်သည်။

မိမိထောင်ထားသောအစာကို အလွယ်တကူယူ၍၊ ပြင်ဆင်ထားသော လမ်း၌ အသက်ဝိညာဉ်များ လျှောက်သွားကြသည်ကို စာတန်သည် ကြည့်ရှု တွေ့မြင်ရသည်။ ဆုတောင်းခြင်းနှင့်ဘာသာရေးဝတ္တရားဟန်ပြခြင်းကိုစွန့်ပစ် ဖို့ရန် စာတန်သည်အလိုမရှိပေ။ အကြောင်းမှာ သူသည်သူတို့ကို သူ၏ အလုပ်အကိုင်၌ ပို၍အသုံးဝင်နိုင်စေသည်။ သူ၏စဉ်းလဲသောဆင်ခြင်နှင့်

လိမ်လည်သောကျော့ကွင်းများကို သူတို့၏ဗဟုသုတနှင့် အတတ်ပညာများဖြင့် ရောယှက်၍၊ သူ၏ကိစ္စကို ဤနည်းဖြင့်အံ့ဩလောက်အောင် တိုးတက်စေသည်။

## မိမိကိုယ်ကိုစစ်ဆေးခြင်း

မိမိကိုယ်ကို စေ့စပ်သေချာစွာစစ်ဆေးရန်လိုသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်အလင်းဖြင့် ကျွန်ုပ်သည် အနာအဆာကင်းလျက်ရှိသလား။ သို့မဟုတ် ကျွန်ုပ်၏စိတ်နှလုံးသည် ပုပ်ပျက်နေသလား။ ကျွန်ုပ်သည် ခရစ်တော်၌ အသစ်ပြုပြင်ထားခြင်းရှိသလား။ သို့မဟုတ် ကျွန်ုပ်၏စိတ်နှလုံးသည် ဇာတိပကတိသဘော၌ပင် ရှိနေသလား။ ပြင်ပ၌ အသစ်သောတန်ဆာဆင်ထားခြင်းရှိသလား။ သင်၏ကိုယ်ကို ဘုရားသခင်၏တရားပလ္လင်တော်၌ ထိန်းထားပါ။ ဘုရားသခင်၏အလင်းတော်ဖြင့် လျှို့ဝှက်ထားသောအပြစ် အနာအဆာ၊ မတရားသောအကျင့်၊ စွန့်ပစ်ခြင်းမရှိသေးသော အစွဲအလမ်းများရှိမရှိကိုကြည့်ရှုပါ။ စာတန်၏လှည့်စားခြင်းနှင့် မှားယွင်းခြင်းမရှိစေရန် ဆုတောင်းပါ။ မကောင်းသောဝိညာဉ်၏နောက်သို့လိုက်၍ သင်၏ဩတ္တပ္ပ စိတ်ကို ငြိမ်သက်စေဖို့ရန် ဘာသာရေးဆိုင်ရာတာဝန်ဝတ္တရားများကို တက်ရောက် ခြင်း၌ လုံ့လထုတ်ပါ။ ယခင်အချိန်က ဆုတောင်းသည်ထက် ပို၍ အထူး ကြိုးစားဆုတောင်းပါ။

နောက်ဆုံးသောနေ့၏နိမိတ်လက္ခဏာအနေဖြင့် တွေ့မြင်ရမည့်အပြစ်များမှာ၊ ခရစ်ယာန်များဖြစ်သည်ဟု ဝန်ခံသောသူများသည် ဘုရားသခင်ကို ချစ်သည်ထက် ကာမဂုဏ်ခံစားခြင်းကို ပို၍နှစ်သက်သောသူများဖြစ်ကြခြင်း ပင်ဖြစ်သည်။ သင်တို့၏အသက်ဝိညာဉ်များကို သစ္စာရှိစွာပြုစုပါ။ သေချာ စေ့စပ်စွာရှာဖွေပါ။ သစ္စာရှိစွာစစ်ဆေးပြီးမှ လူအရေအတွက်မည်မျှ ကောင်းကင်သို့မြော်ချင့်၍ "ယခုဖော်ပြခဲ့သောလူစားမျိုးထဲ၌ ကျွန်ုပ်မပါဝင်ပါ။ ကျွန်ုပ်သည် ဘုရားကိုချစ်သည်ထက် မိမိကိုယ်ကိုပို၍ချစ်သောသူမဟုတ်ပါ" ဟု ပြောဆိုနိုင်အံ့နည်း။ "ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံ

ပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ငါ၏အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဖုံးထားလျက်ရှိ၏။ ငါ၏အသက်ဖြစ်သော ကိုယ်တော်သည်ပေါ်ထွန်းလာသောအခါ ငါသည် ကိုယ်တော်နှင့်အတူ ဘုန်းတော်၌ပေါ်လာမည်" ဟု ဘယ်နစ်ယောက်ပြောဆိုနိုင်ကြမည်နည်း။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်နှင့်ကျေးဇူးတော်–အို၊ အဖိုးထိုက်တန်သောကျေးဇူးတော်၊ ရွှေစင်ထက်သာ၍ အဖိုးထိုက်တန်ပါ၏။ အားလုံးသောအခြားကျင့်ဝတ်များတို့ထက် ဝိညာဉ်ကိုမြှင့်တင်ပေး၍ မြင့်မြတ်ခြင်းဖြစ်စေသည်။ ၎င်းသည် စိတ်နှလုံးနှင့်ချစ်ခြင်းကို ကောင်းကင်သို့တမ်းတစေသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ရှိသောသူတို့သည် လောကီနှင့်ဆိုင်သောအရာတို့ ၌ ဝါကြွားခြင်း၊ အပျော်အပါးလိုက်စားခြင်းနှင့် မိုက်မဲခြင်း၌ရှိစဉ် ကျွန်ုပ်တို့၏ စကားပြောဆိုခြင်းသည် ကောင်းကင်၌ရှိ၍ ကယ်တင်ရှင်ကိုမြော်ဆနေ၏။ အသက်ဝိညာဉ်သည် ဘုရားသခင်၌ ပြစ်လွတ်ခြင်းနှင့်ငြိမ်သက်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့်မှန်ကန်သော သန့်ရှင်းခြင်းကိုရရှိဖို့ရန် လှမ်းယူလျက်ရှိနေသည်။ ဘုရားသခင်နှင့်စကားပြောဆို၍ အထက်အရပ်၌ရှိသောအရာများကို သတိရဆင်ခြင်ပါက အသက်ဝိညာဉ်ကို ခရစ်တော်နှင့်တူသောအခြေအနေသို့

ပြောင်းလဲသွားစေမည်။ Review and Herald, May 11, 1886.

–o–

# ယုံမှားသံသယရှိခြင်းကို သတိပေးခြင်း – ၂၂

ကျွန်ုပ်တို့၏လူငယ်များအတွက် ကျွန်ုပ်၌ ကြီးစွာသောဒုက္ခရောက်ခြင်းဖြစ်နေသည်။ ဘေးအန္တရာယ်ကိုသိသော လူတစ်ယောက်အနေနှင့် သင့်ကိုသတိပေးလိုသည်မှာ၊ သင်သည် သင်ကြားခဲ့ရသော မတောက်တခေါက် လောကဓာတ်ပညာကလေးဖြင့် စာတန်၏ကျော့ကွင်း၌ အမိမခံပါနှင့်။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းမရှိဘဲ ရရှိခဲ့သောအသိပညာအားလုံးထက် စင်ကြယ်၍ နှိမ့်ချသောစိတ်နှလုံးသည် သာ၍ကောင်း၏။

ယနေ့လူငယ်များတို့သည် သူတို့သွားလာသောနေရာတိုင်းတို့၌ ယုံမှားသံသယရှိသောသူများနှင့် ဘုရားတရားမကြည်ညိုသောသူများကို တွေ့ကြုံကြမည်ဖြစ်၍၊ ထိုသို့သောသူတို့အား သူတို့၏မှော်လင့်ခြင်းကို နူးညံ့ခြင်းနှင့်ကြောက်ရွံ့ခြင်းစိတ်ဖြင့် ရှင်းလင်းပြောဆိုနိုင်ရန် လိုအပ်သောအသိတရားဖြင့်တပ်ဆင်ထားခြင်းရှိရမည်။

သောမတ်စ်ပိန်းသည် သေဆုံးသွားခဲ့ပြီးဖြစ်သော်လည်း သူရေးသားခဲ့သောစာများသည် လောကကြီးကို ကျိန်ဆဲလျက်ပင်ရှိသေး၏။ ဘုရားသခင်၏သမ္မာတရားတော်မှန်ကန်ခြင်းကို သံသယရှိသောသူတို့သည် ဤဘုရားတရားမကြည်ညိုသောသူ၏စာပေများကို အသက်နုနယ်သောသူများနှင့် ဗဟုသုတနည်းပါးသော လူငယ်များလက်တွင်းသို့ရောက်စေခြင်းဖြင့် သူတို့၏စိတ်နှလုံးများကို အဆိပ်နှင့်အလားသဏ္ဌာန်တူသော ယုံမှားသံသယရှိခြင်းနယ်ထဲသို့ရောက်စေသည်။ အသက်ဝိညာဉ်များပျက်စီးခြင်းသို့ရောက်ရှိရန် သူ၏လုပ်ငန်း

အကြံကို အကောင်အထည်ဖော်ထုတ်ရာ၌ စာတန်၏သဘောသည် ဆိုးယုတ်သောသူများမှတစ်ဆင့် လုပ်ကိုင်လျက်ရှိသည်။

## မယုံတတ်သောသူတို့နှင့်ပေါင်းသင်းခြင်း၏ဘေးအန္တရာယ်

ကျွန်ုပ်တို့သည် ကာမဂုဏ်ကြူးသောခေတ်အချိန်၌ အသက်ရှင်နေကြ၍ လူကြီးများနှင့်လူငယ်များတို့သည် အပြစ်ကိုကျူးလွန်ရာ၌ ရဲရင့်ခြင်းရှိကြသည်။ ကျွန်ုပ်တို့၏လူငယ်များကို သန့်ရှင်းစွာစောင့်ရှောက်ထားခြင်းမရှိလျှင်၊ မြဲမြံသောကျင့်ဝတ်များဖြင့် တည်ကြည်စေခြင်းမရှိလျှင်၊ သူတို့၏အပေါင်းအဖော်များနှင့်စာပေများကို သတိကြီးစွာဖြင့် ရွေးချယ်ခြင်းမရှိခဲ့လျှင် သူတို့၏အကျင့်စာရိတ္တများသည် သောဒုံမြို့သားများတို့၏အကျင့်စာရိတ္တများကဲ့သို့ ပုပ်ပျက်ခြင်းရှိကြမည်။ လောက၌ရှိသောသူတို့၏အမူအရာသည် အလွန်ဆွဲဆောင်တတ်ခြင်းရှိလိမ့်မည်။ သို့သော်လည်း အကယ်၍ သူတို့သည် ကျမ်းစာနှင့်ဆန့်ကျင့်ဘက်ဖြစ်သောအရာများကို အဆက်မပြတ်ပြောဆိုနေပါက၊ သူတို့သည် ဘေးအန္တရာယ်များသောမိတ်ဆွေများဖြစ်၍၊ သင်၏ယုံကြည်ခြင်းအုတ်မြစ်ကို အစဉ်လျှို့ဝှက်ဖြိုဖျက်ခြင်း၊ ရှေးသမားရိုးကျဖြစ်သော ဧဝံဂေလိတရား၏သြတ္တပ္ပစိတ်ကို ပုပ်ပျက်စေလိမ့်မည်။

လူငယ်များသည် အစဉ်သဖြင့် မယုံတတ်သောသဘောရှိသည့်လူများနှင့် တွေ့ဆုံမိကြ၍၊ ကြောက်မက်ဖွယ်ရာကောင်းလှသော မကောင်းသည့်အရာသည် လူငယ်များအား ပျက်စီးခြင်း၌ ဆုံးခန်းတိုင်အောင်ရောက်စေခဲ့ကြောင်းကို မိဘများသည် အကျိုးအကြောင်းမသိမှတ်ဘဲနေကြသည်။ ဤလူများတို့၏မဟုတ်မမှန်သော စာရိတ္တကိုသိ၍ သူတို့၏လှည့်ဖြားခြင်းကို မခံရဖို့ရန်လည်းကောင်း၊ ဤအတန်းအစားလူမျိုးများနှင့် မိတ်ဆွေမဖွဲ့မိရန် (သို့မဟုတ်) သူတို့၏ပြက်ရယ်ပြုခြင်းနှင့် စဉ်းလဲသောဆင်ခြင်စကားများကို နားမထောင်မိရန်လည်းကောင်း လူငယ်များကို ကြိုးစား၍သွန်သင်ပေးရမည်။ လူငယ် များသည် သူတို့၏မယုံကြည်တတ်ခြင်းကိုသိရှိတွေ့မြင်၍ သူတို့နှင့်ဆက်သွယ် ခြင်းကိုဖြတ်တောက်ပစ်ဖို့ရန် ရဲရင့်ခြင်းမရှိခဲ့လျှင်၊ ပရိယာယ်ဖြင့် သူတို့၏

ကျော့ဖမ်းခြင်းကိုခံရ၍၊ သူတို့ပေါင်းသင်းသောသူတို့ကဲ့သို့ စဉ်းစားခြင်း၊ ပြောဆို ခြင်းများပြုလုပ်ကြလိမ့်မည်။ ဘာသာတရားရေးနှင့် သမ္မာကျမ်းစာ၌ ယုံကြည် ခြင်းကိုပေါ့ပေါ့ဆဆပြောဆိုကြမည်။

## မိမိကိုယ်ကိုအထင်ကြီးခြင်းနှင့်မသိမမြင်ခြင်း

မှားယွင်းခြင်းဖြစ်နေသော လူငယ်၏မျက်စိများသည် ပွင့်သွားမည်ဆိုပါက အသက်ဝိညာဉ်များပျက်စီးခြင်းသို့ရောက်စေခြင်း၌ အောင်မြင်ခြင်းနှင့်တွေ့ဆုံနေသော စာတန်၏အထူးရွှင်မြူးနေခြင်းကိုတွေ့မြင်ရမည်။ ကြံဆနိုင်သောနည်းလမ်းအမျိုးမျိုးကိုအသုံးပြု၍ သူသည် သူ၏စုံစမ်းနှောင့်ယှက်ခြင်းအမျိုးမျိုးဖြင့် ဖမ်းဆီးလိုသောသူကိုရရှိဖို့ရန် ပြုလုပ်လေသည်။ ဤစုံစမ်းနှောင့်ယှက်ခြင်းကို ခံရသောသူတို့သည် ဘုရားသခင်ကိုမရှာဖွေပါက သူသည် အခြားနည်းလမ်းအမျိုးမျိုးကို ကြိုးစားလိမ့်မည်။ သူတို့သည် စာတန်၏ လိမ်လည်ခြင်းများကို မသိမမြင်၍ အထင်ကြီးစိတ်ချနေလိမ့်မည်။ မိမိကိုယ်ကိုအထင်ကြီး၍ သူတို့၏အခြေအနေနှင့် ဘေးအန္တရာယ်ကိုမသိဘဲနေကြမည်။ တစ်ချိန်က သန့်ရှင်းသောသူများအား ပေးခဲ့သောယုံကြည်ခြင်းကို သူတို့သည် မထီမဲ့မြင်ပြုကြမည်။

သိမြင်သောသူတစ်ယောက်အနေနှင့်လည်းကောင်း၊ သူတို့၏သွားရာလမ်း၌ရှိသော ပျက်စီးခြင်းများကို ကျွန်ုပ်အားဘုရားရှင်သည် ဖော်ပြထားသောကြောင့်လည်းကောင်း၊ ကျွန်ုပ်သည် လူငယ်တို့အားပြောဆိုပါသည်။ မိမိကိုယ်ကိုစိတ်ချယုံကြည်ခြင်းသည် သင့်ကိုစာတန်၏ကျော့ကွင်းထဲသို့ ပို့လိုက်လိမ့်မည်။ လူငယ်များသည် ဘုရားသခင်အထံတော်မှ အကြံဉာဏ်တောင်းခံခြင်းမရှိ။ ကိုယ်တော်ကို သူတို့၏ခိုလှုံရာနှင့်ခွန်အားကို ပေးစွမ်းနိုင်သောအရှင်ဟု ပမာဏမပြုကြပေ။ သူတို့သည် အဖွဲ့အစည်းထဲသို့ စိတ်ချ

စွာဝင်ရောက်ကြပြီးလျှင်၊ မှန်ရာကိုအပြည့်အဝရွေးချယ်နိုင်သည်ဟု ယုံကြည်၍ ဘုရားနှင့်ဆိုင်သောနက်နဲရာများကို ဖော်ပြနိုင်သည်ဟု ထင်မြင်ကြသည်။ အကြောင်းမှာ သူတို့၏စဉ်းစားဆင်ခြင်တတ်သောတန်ခိုးများကြောင့် သူတို့ကိုယ်တိုင် အမှန်တရားကိုတွေ့မြင်နိုင်သကဲ့သို့ ယုံကြည်ကြသည်။

အခြားသောသူများထက် မိမိတို့ကိုယ်ကိုစိတ်ချယုံကြည်သောသူတို့အဖို့ ပို၍စိတ်ပူပန်ခြင်းဖြစ်သည်။ အကြောင်းမှာ သူတို့သည် ဘုရားနှင့်လူတို့၏ ရန်သူဖြစ်သော သူထောင်ထားသောပိုက်ကွန်၌ ဧကန်မုချဖမ်းမိလိမ့်မည်။သူတို့၏ရင်းနှီးသောမိတ်ဆွေများအနေဖြင့် ရွေးချယ်ထားသောအပေါင်းအသင်း သည် ယုံမှားသံသယရှိခြင်းနှင့်စွန်းထင်းနေပြီဖြစ်၍၊ သူ၏သံသယရှိသော တဆေးကို ဤအတန်းအစားလူများ၏စိတ်ထဲသို့ သွင်းပေးလိမ့်မည်။ သူတို့၏ အစွမ်းသတ္တိများကို လွန်ကျူးစွာမြှောက်ပင့်ခြင်း၊ သူတို့၏မှတ်ဉာဏ်သာလွန် ထူးကဲခြင်း၊ သူတို့အထဲ၌ မြင့်သောရာထူးကို လိုဘရှိခြင်း၊ သူတို့၏အာရုံစိုက် ခြင်းသည် အောင်မြင်ခြင်းသို့ရောက်နိုင်မည်ဖြစ်သော်လည်း သူတို့အပေါ်သို့ စာရိတ္တနှင့် ဆိုင်သောပျက်စီးခြင်းသည် ကျရောက်လိမ့်မည်။ သူတို့၏အယူအဆ အတိုင်း စိတ်နေမြင့်ခြင်းရှိသောသူတို့သည် အပြစ်ဖြေရာယဇ်၏အသွေးကို မထီမဲ့မြင်ပြု၍ ကျေးဇူးတော်ကိုခံသောသဘောကိုလည်း မရှိမသေပြုကြလိမ့်မည်။

ဥပုသ်နေ့ကိုစောင့်ရှောက်သော မိဘတို့၏သားသမီးများ၌ ကြီးသော အလင်းရှိသည်အားလျော်စွာ သူတို့သည် အလွန်စိုးရိမ်ကြောင့်ကြခြင်းခံရသော သူများဖြစ်ကြမည်။ သူတို့သည် ရှက်ကြောက်ခြင်းအမွေအနှစ်ကိုထားခဲ့၍

လေ၌စိုက်ပျိုးပြီးလျှင် လေပွေ၌ရိတ်သိမ်းကြလိမ့်မည်။ တရားစီရင်ခြင်း၌ ကြီးသောအလင်းကို ပြစ်မှားသောသူတို့သည် ဘုရားသခင်၏ရှေ့တော်နှင့် ကိုယ်တော်၏တန်ခိုးတော်မှပြစ်ဒဏ်ပေး၍ ခွဲခြားထားခြင်းခံရသောသူတို့နှင့် အတူ ရေးမှတ်ထားခြင်းခံရကြမည်။ သူတို့သည် ပျောက်ဆုံးကြလိမ့်မည်။ ပျောက်ဆုံးလိမ့်မည်။ သူတို့ကို ခရစ်တော်၏ကျေးဇူးတော်ကို ပြက်ရယ်ပြု သောသူတို့နှင့်အတူ ရေတွက်ခြင်းကိုပြုမည်။

ကျွန်ုပ်၏သားသမီးများသည် သေခြင်းလမ်းသို့လိုက်လျှောက်မည့် အစား သချိုင်းထဲ၌ရှိဖို့ရန် ကျွန်ုပ်တွေ့မြင်လိုသည်။ ကြောက်မက်ဖွယ်ရာ ကောင်းသောအချက်မှာ ကောင်းကင်ဘုံရှင်အဖဘုရားသခင်ကို တိုက်ခိုက်ရန် ကျွန်ုပ်သည် ကလေးများကိုပြုစုကျွေးမွေးထားသည်။ နောက်ဆုံးနေ့၌ ဖောက်ပြန် သောသူများ ပွားများလာစေရန်ပြုလုပ်နေသည်။ စာတန်၏အလံနက်အောက်၌ ချီတက်ရန်ပြုလုပ်ခဲ့ပြီ။ ဤအချက်သည် ကျွန်ုပ်တို့အဖို့ကြောက်လန့်တုန်လှုပ် စရာဖြစ်နေသည်။

## စာရိတ္တရဲစွမ်းသတ္တိလိုအပ်ခြင်း

ကျွန်ုပ်တို့၏လူငယ်များသည် အဘက်ဘက်၌စုံစမ်းနှောင့်ယှက်ခြင်း များကို တွေ့လိမ့်မည်။ သူတို့သည် သေကျေပျက်စီးတတ်သောသူများပေး သောအရာထက် သာ၍မြင့်သောတန်ခိုး၊ သာ၍မြင့်သောသွန်သင်ခြင်း၌ မှီခို ခြင်းရှိဖို့ရန် သွန်သင်ထားခြင်းရှိကြမည်။ ကျွန်ုပ်တို့၏အရှင်ကို မထီမဲ့မြင်ပြု သောသူများ နေရာတိုင်း၌ရှိရာ ထိုသူများသည် အစဉ်သဖြင့် ခရစ်ယာန် အယူဝါဒကို မရိုမသေမခန့်မညားပြုလုပ်နေကြသည်။ သူတို့သည် ခရစ်ယာန် အယူဝါဒကို ကလေးကစားစရာဟုခေါ်ဆို၍ မသိနားမလည်သောသူများအတွက်

တီထွင်ထားသောဘာသာဟု ပြောဆိုကြသည်။

စာရိတ္တတန်ခိုးမရှိသောသူများသည် သမ္မာတရားကိုချေပပြောဆိုဖို့ရန် ရပ်တည်ခြင်းမပြုနိုင်ကြပေ။ "ဤကဲ့သို့ပြောဆိုစွပ်စွဲခြင်းမရပ်တန့်ပါက၊ သင့်အရှေ့၌ကျွန်ုပ်သည် ဆက်လက်နေဖို့ရန်မဖြစ်နိုင်ပေ။ လောကကြီး၏ရွေးနုတ်ရှင်ဖြစ်တော်မူသော သခင်ယေရှုသည် ကျွန်ုပ်၏ကယ်တင်ရှင်ဖြစ်တော်မူသည်။ ကိုယ်တော်၌ ကျွန်ုပ်၏ထာဝရအသက်သည် ဗဟိုပြုလျက်ရှိနေသည်" ဟု ပြောဆိုဖို့ရန် သူတို့၌ခွန်အားမရှိကြပေ။ ဤနည်းအားဖြင့်သာလျှင် သူတို့၏ ပြောဆိုခြင်းကို ရပ်တန့်နိုင်ပေမည်။ သင်သည် သူတို့နှင့်အငြင်းအခုံပြုပါက သင်နှင့်အချေအတင်ပြောဆိုဖို့ရန် သူတို့၌အချက်အလက်များရှိလိမ့်မည်။ သင်သည် မည်သည့်အရာကိုပင် သူတို့အားပြောဆိုစေကာမူ သူတို့လက်ခံယူမည်မဟုတ်ပေ။ သို့သော်လည်း သင်သည် ခရစ်တော်အဖို့ အသက်ရှင်နေ၍၊ ကောင်းကင်ဘုံရှင်ဘုရားသခင်အား သစ္စာရှိပါက၊ အငြင်းအခုံအားဖြင့် မတတ်သောအရာကို သင်သည် သူတို့အားပြုလုပ်ပေးနိုင်၍၊ သူတို့၏ဩဝါဒများသည် မှားယွင်းကြောင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းတန်ခိုးဖြင့် သူတို့ကို ယုံကြည်စေနိုင်သည်။

ခရစ်တော်၏အသွေးတော်ဖြင့်ဝယ်၍၊ ဘုရားသခင်ဘုန်းတော်ကိုချီးမွမ်းဖို့ရန် အစွမ်းသတ္တိများနှင့်အပ်နှံခြင်းခံရသောသူသည် ပြောင်းလဲ၍ ဧဝံဂေလိတရား၌ သူတို့ထံသို့ကျေးဇူးပြည့်ဝစွာဖြင့် ပို့ပေးသောသတင်းစကားများကို ပြောင်လှောင်ကြသည်။ ခရစ်တော်၏ဘုရားဇာတိကိုငြင်းပယ်ကြသည်။ သူတို့၏ မရေရာသောစဉ်းစားချက်နှင့် အခြေအမြစ်မရှိသော ဆင်ခြင်စကားများကို စိတ်ချယုံကြည်ကြသည်၊ ဤလူများတို့၏အခြေအနေသည် အလွန်ဝမ်းနည်းစရာကောင်းလှ၏။ ဒုက္ခဆင်းရဲခြင်းနှင့်စစ်ဆေးသောအခါ၊ သေခြင်းနှင့်မျက်နှာဆိုင်တွေ့ဆုံသောအခါ၊ သူတို့အမြတ်တနိုးထားသော ဤမှားယွင်းခြင်းများသည် နေရောင်ခြည်အရှေ့၌ နှင်းသည်အရည်ပျော်သွားသကဲ့သို့ ဤအရာများသည်လည်း အရည်ပျော်သွားလိမ့်မည်။

ဘုရားသခင်၏ကရုဏာတော်တောင်းပန်နေခြင်းကို ငြင်းဆိုသော သူ၏ခေါင်းနားဦ၌ရပ်နေခြင်းသည် မည်မျှကြောက်မက်ဖွယ်ရာကောင်းသနည်း။ ဤနေရာ၌ အသက်ဆုံးရှုံးသွားရပြီဟု ပြောဆိုရခြင်းသည် မည်မျှကြောက်မက် ဖွယ်ရာကောင်းသနည်း။ ဤနေရာ၌ တစ်ဦးတစ်ယောက်သည် အမြင့်ဆုံးသောအဆင့်အတန်းသို့ရောက်နိုင်၍၊ မသေနိုင်သောအသက်ကို ရရှိနိုင်သည်။ သို့သော်လည်း သူသည် သူ၏အသက်တာကို စာတန်အားပေးအပ်ခဲ့၍၊ လူတို့၏အကျိုးမရှိသောကျိုးကြောင်းဆင်ခြင်တုံပညာကျော့ကွင်း၌ မိလျက် ရှိသည်။ မကောင်းသောအရာ၏ ကစားစရာအရုပ်ကလေးဖြစ်နေသည်။ ခရစ်ယာန်၏မျှော်လင့်ခြင်းသည် အသက်ဝိညာဉ်၏ကျောက်ဆူးဖြစ်၍၊ ဧကန် အမှန်မြဲမြံခြင်းရှိသည်။ ကျွန်ုပ်တို့၏ရှေ့ပြေးခရစ်တော်သည် စိတ်နှလုံးအတွင်း သို့ ဝင်ရောက်တော်မူသည်။ ကျွန်ုပ်တို့၏အရှေ့၌ရှိသော ကြီးကျယ်သည့် အရေးအခင်းများအတွက် ပြင်ဆင်ပေးဖို့ရန် လူတိုင်းလုပ်ကိုင်ဆောင်ရွက်ရမည့် အလုပ်ရှိသည်။

## မုန်တိုင်းသည်ကျရောက်လျက်ရှိခြင်း

လူငယ်သည် ဘုရားသခင်ကို သာ၍စိတ်ပါစွာရှာဖွေရမည်။ မုန်တိုင်းသည်လာလျက်ရှိသည်။ ဘုရားသခင်နှင့် ယုံကြည်ခြင်း၌လည်းကောင်း၊ ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်၌လည်းကောင်း၊ နောင်တရရှိခြင်းဖြင့် ယင်းတိုက်ခိုက် မည့်အရှိန်ကို ခံနိုင်ဖို့ရန်ပြင်ဆင်ကြစို့။ ဘုရားသခင်သည် ထတော်မူ၍ မြေကြီးကိုကြောက်မက်ဖွယ်ရာကောင်းလောက်အောင် လှုပ်တော်မူမည်။ ကျွန်ုပ်တို့သည် ဘေးဒုက္ခများကို အရပ်ရပ်တိုင်း၌တွေ့မြင်ရမည်။ သင်္ဘောပေါင်းထောင်ချီ၍ ပင်လယ်၌နစ်မြုပ်ကြမည်။ ရေတပ်စုများသည် ရေအောက်သို့နစ်မြုပ်ကြ၍ လူအသက်သန်းပေါင်းများစွာ ဆုံးရှုံးကြမည်။ ရုတ်တရက် မီးလောင်ကျွမ်းလာ၍ လူ၏လုံ့လဝီရိယဖြင့် မီးကိုမငြိမ်းသတ်နိုင်ပေ။ လောက၏နန်းတော်များသည် မီးလျှံ၏ဝါးမျိုခြင်းကိုခံရမည်။

မီးရထားဖြင့် ခရီးသွားခြင်းဘေးအန္တရာယ်သည် ခဏခဏဖြစ်ပေါ်လာလိမ့်မည်။ ရှုပ်ထွေးခြင်း၊ တိုက်ခိုက်မိခြင်း၊ သတိမပေးဘဲ ရုတ်တရက်သေဘေးနှင့်တွေ့ဆုံရခြင်းဘေးသည် ခရီးသွားလာကြသော နေရာကြီးများ၌ဖြစ်ပျက်လိမ့်မည်။ အဆုံးအချိန်သည် အနီးသို့ရောက်လေပြီ။ ပေးထားသောအချိန်သည် ပိတ်လျက်ရှိသည်။ ထာဝရဘုရားကို တွေ့နိုင်သောကာလတွင် ရှာဖွေ၍၊ ကြားနိုင်သောကာလတွင် ကိုယ်တော်အားခေါ်ကြစို့။ "ထာဝရဘုရားကိုရှာကြလော့။ ဖြောင့်မတ်ခြင်းနှင့်စိတ်နှိမ့်ချခြင်းကိုလည်း ရှာကြလော့။ ထာဝရဘုရားအမျက်ထွက်တော်မူသောနေ့၌ သင်တို့သည်ပုန်းရှောင်ရာနေရာကိုတွေ့ကောင်းတွေ့ကြလိမ့်မည်။" The Signs of the Times, April 21,1890.

## နေ့စဉ်နေ့တိုင်းဘုရားသခင်အပေါ်၌မှီခိုနေခြင်း

သင်သည် နံနက်အချိန်အိပ်ရာမှနိုးလာသောအခါ၊ သင်၌အားမရှိခြင်း

ဘုရားသခင်အထံတော်မှ ခွန်အားကိုလိုနေကြောင်း သင်၌ဖြစ်နေသလား။ သင်သည် စိတ်နှိမ့်ချလျက်၊ စိတ်ပါစွာ သင်လိုအပ်နေသောအရာကို ကောင်းကင်ဘုံရှင်အဖဘုရားသခင်အား သိစေသလား။ ထိုသို့ပြုလုပ်ပါက ကောင်းကင်တမန်များသည် သင်၏ဆုတောင်းခြင်းများကို မှတ်သားထားမည်။ အကယ်၍ ဤဆုတောင်းခြင်းများသည် ပရိယာယ်ဆင်သောနှုတ်ခမ်းများမှ ထွက်ရောက်လာခြင်းမရှိလျှင်၊ သင်သည် မသိမမှတ်ဘဲမှားယွင်းခြင်းကိုပြုလုပ်ရန် ဘေးအန္တရာယ်ရှိနေလျှင်၊ အခြားသောသူများသည် အမှားကိုလုပ်ကိုင်ဖို့ရန် သင်၏ဩဇာကိုအသုံးပြုနေလျှင် သင့်ကိုစောင့်ရှောက်သောကောင်းကင် တမန်သည် သင့်နံဘေး၌ရှိ၍ သာလွန်ကောင်းမွန်သောလမ်းသို့လိုက်ဖို့ရန် သင့်ကိုတိုက်တွန်းနှိုးဆော်ပြီးလျှင်၊ သင့်အတွက် စကားများကိုရွေးချယ်ပြီး သင်၏ဆောင်ရွက်ခြင်းများကို ပြုပြင်ပေးလိမ့်မည်။

သင်၌ဘေးအန္တရာယ်မရှိရဟုထင်မြင်၍၊ စုံစမ်းနှောင့်ယှက်ခြင်းကိုတားဆီးရန် မစခြင်းနှင့်ခွန်အားကို သင်သည်တောင်းဆိုခြင်းမပြုပါက၊ သင်သည် ဧကန်အမှန် လမ်းလွဲသို့ရောက်ရှိသွားလိမ့်မည်။ သင်၏တာဝန်ဝတ္တရားပေါ်၌ ပျက်ကွက်ခြင်းကို ကောင်းကင်ဘုံရှိ ဘုရားသခင်၏စာအုပ်၌မှတ်သားထား၍ နောင်စစ်ဆေးသောနေ့တွင် သင်၌လိုအပ်နေခြင်းကို တွေ့မြင်လိမ့်မည်။ Testimonies for the Church, vol. 3, pp. 363,364.

–၀–

# အားနည်းသောအချက်တစ်ခု – ၂၃

အခြားသောသူများသည် မြောက်မြားစွာသောအရာတို့၌ အပြစ်ရှိကြသော်လည်း၊ ကျွန်ုပ်တို့သည် ထိုကဲ့သို့သောအပြစ်များမှ ကင်းရှင်းသောကြောင့် ကျွန်ုပ်တို့ကိုယ်ကို ချီးမြှောက်ခြင်းပြုကြမည်။ သို့သော်လည်း ကျွန်ုပ်တို့တွင် စာရိတ္တ၌ ခွန်အားကြီးသောအချက်တချို့ရှိ၍၊ ခွန်အားနည်းသော အချက်တစ်ချက်သာရှိပါက အပြစ်နှင့်အသက်ဝိညာဉ်ကြား၌ သဘောတူခြင်းရှိနေသေးသည်။ စိတ်နှလုံးသည် ယင်းလုပ်ကိုင်ခြင်း၌ ခွဲခြားထားလျက်ရှိရာ၊ "အချို့သည် ကိုယ့်အဖို့ဖြစ်၍၊ အချို့သည် ကိုယ်တော်ဖို့ဖြစ်သည်" ဟု ပြောဆိုသည်။ ဘုရားသခင်၏သားသည် မိမိကိုယ်တိုင်နှစ်သက်၍ မွေးမြူ ထားသောအပြစ်ကိုရှာဖွေ၍၊ ထိုအပိုင်းကို စိတ်နှလုံးမှလှီးဖြတ်ပစ်ရန် ဘုရားသခင် ကိုအခွင့်ပေးရမည်။ သူသည် ထိုအပြစ်တစ်ခုကို အောင်မြင်ရမည်။ အကြောင်း မှာ ထိုအပြစ်သည် ဘုရားသခင်၏ရှေ့တော်၌ သေးနုပ်သောအရာမဟုတ်ပေ။

တစ်ယောက်သောသူကပြောဆိုသည်မှာ၊ "ကျွန်ုပ်၌ မနာလိုဝန်တိုခြင်း မရှိ၊ သို့သော်လည်း အမျက်ထွက်တတ်၍၊ မရေရာသောစကားမျိုးကိုပြောဆိုတတ်ပါသည်။ သို့သော်လည်း ဤကဲ့သို့အမျက်ထွက်မိသည့်အတွက် ဝမ်းနည်းခြင်းရှိပါသည်။" အခြားတစ်ယောက်ပြောဆိုသည်မှာ၊ "ကျွန်ုပ်၌ ဤအပြစ် ထိုအပြစ်များရှိပါသည်။ သို့သော်လည်း ကျွန်တော်၏အသိမိတ်ဆွေထဲမှ တစ်ယောက်သောသူ၏သိမ်ဖျင်းသောအပြုအမူကို ကျွန်ုပ်ရွံရှာပါသည်။"အချို့ အပြစ်များသည် သေးငယ်၍ ဘေးအန္တရာယ်ပြောပလောက်အောင်မရှိပေ။ သို့သော်လည်း အချို့တို့သည် အလွန်ကြီး၍ဘေးဒုက္ခများစွာရောက်နိုင်သည်ဟု ပြောဆိုရအောင် ဘုရားသခင်သည် အပြစ်များကို အဆင့်အတန်းပြုလုပ်၍ စာရင်းပေးမထားပေ။

သံကြိုးတစ်ချောင်းသည် ခွန်အားအနည်းဆုံးကွင်းဆက်ထက် ပို၍ မခိုင်ပေ။ သို့သော်လည်း အားလုံးကို ခြုံကြည့်လိုက်သောအခါ သံကြိုး

ကောင်းသည်ဟု ကျွန်ုပ်တို့ပြောဆိုကြပေမည်။ သို့တစေလည်း ကွင်းဆက်တစ်ခုသည် အားနည်းနေပါက သံကြိုးကိုအားထား၍မဖြစ်ပေ။ အောင်မြင်ခြင်းအလုပ်သည် ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရောက်သောဝိညာဉ်တိုင်းတို့အဖို့ လေ့လာစရာဖြစ်သည်။ သင်၏နှုတ်ခမ်း၌သည်းမခံနိုင်၍ တုန်လှုပ်နေသောစကားကိုမပြောဆိုဘဲထားရမည်။ သင်၏စာရိတ္တ၌မှန်ကန်စွာ ခန့်မှန်းခြင်းမပြုနိုင်သောထင်မြင်ချက်ကို သင်မှပယ်ရှားရမည်။ အကြောင်းမှာ ထိုအရာသည် သင်၏ဩဇာကို ခွန်အားနည်းပါးစေ၍၊ သူတစ်ပါးရှေ့၌ သင်သည် အရေးပါအရာရောက်သောသူတစ်ယောက် ဖြစ်စေလိမ့်မည်။ သင်သည် မာတုရအသေခံရသောသူတစ်ယောက်ဖြစ်၍ ခရစ်တော်၏ကတိတော်ကိုတောင်းခံဖို့ရန်ရှိသော အကြံအစည်ကိုစွန့်လွှတ်လိုက်ပါ။ "သင့်အဖို့ ငါ၏ကျေးဇူးတော် သည် လုံလောက်ပေသည်။" Review and Herald, August 1, 1893.

## အကြံအစည်ကိုအုပ်ထိန်းခြင်း

သင်သည် စာတန်ပြုစားထားသော မြေပေါ်၌ ခြေမနင်းသင့်ပေ။

ဘုရားသခင်ကိုသစ္စာရှိခြင်း၌ ယိမ်းယိုင်ခြင်းဖြစ်စေဖို့ရန် ခွင့်မပြုပါနှင့်။ ခရစ်တော် အားဖြင့်သင်သည် ပျော်ရွှင်သောသူတစ်ယောက်ဖြစ်သင့်၍ ကိုယ်ကိုကိုယ်ချုပ်တည်းခြင်းရှိရမည်။ သင်၏အကြံအစည်များကိုပင် ဘုရားသခင်၏အလိုတော်အတိုင်း လက်အောက်ခံစေ၍ သင်၏ခံစားမှုများကိုလည်း ဆင်ခြင်တုံတရားနှင့် ဘာသာရေးအုပ်ချုပ်ခြင်းအောက်၌ ထားရမည်။ သင်၏စိတ်ကူးအထင်အမြင်သည် ရန်းရင်းခတ်၍ ထိန်းအုပ်ခြင်းမရှိဘဲ ကိုယ့်စိတ်သဘောအတိုင်းပြုလုပ်ဖို့ရန် သင့်အားပေးထားခြင်းမဟုတ်။ စိတ်အကြံအစည်များသည် မှားယွင်းခဲ့လျှင် ခံစားမှုများ၌လည်း မှားယွင်းလိမ့်မည်။ အကြံအစည်နှင့်ခံစားမှုများပေါင်းစည်း၍ စာရိတ္တဖြစ်လာသည်။ ခရစ်ယာန်များဖြစ်သည်အားလျော်စွာသင်၏အကြံအစည်နှင့်ခံစားမှုများကို ချုပ်တည်းဖို့ရန်အကြောင်း မရှိဟု သင်သည်ဆုံးဖြတ်ထားပါက၊ သင်သည် မကောင်းသောကောင်းကင်တမန်တို့၏သြဇာညောင်းမှုအောက်သို့ ရောက်ရှိသွားပြီးလျှင် သူတို့၏ ခေါ်ဖိတ်ခြင်း၊ သူတို့၏အုပ်ချုပ်ခြင်းကို ခံရပေမည်။ သင်၏ထင်မြင်ချက် နောက်သို့လိုက်၍ သင်၏အကြံအစည်များကို မယုံသင်္ကာရှိခြင်း၊ စိတ်မချခြင်းနှင့်စိတ်မကျေနပ်ဖြစ်ခြင်း လမ်းကြောင်းသို့ရောက်စေပါက သင်သည် အသက်ရှင်

နေသောသူတို့တွင် စိတ်သာယာခြင်းအလျှင်းမရှိသောသူဖြစ်၍ သင်၏ အသက်တာသည် အရှုံးသာဖြစ်လိမ့်မည်။ Testimonies for the Church, vol. 5, p. 130.

–ဝ–

# အပိုင်း ၃

# အောင်မြင်ခြင်းများကိုရခြင်း

မည်သည့်အရာကိုမျှ အာရုံခံစားရခြင်းမရှိသော အသက်ဝိညာဉ် ထက် သာ၍ထင်ရှားစွာ မစခြင်းကင်းနေသောအရာမရှိပေ။ သို့တစေလည်း အရှုံးမရှိပေ။ ၎င်းသည် ကယ်တင်ရှင်၏ကောင်းမှုများပေါ်၌ လုံးဝမှီခို နေရသည်။ သူ့ကို စာတန်အောင်မြင်သွားဖို့ရန် အခွင့်ပေးမည့်အစား ဘုရားသခင်သည် ထိုကဲ့သို့ သောသူတစ်ယောက်ကိုမစရန် ကောင်းကင်၌ ရှိသော ကောင်းကင်တမန်တိုင်းကို စေလွှတ်ပေးတော်မူလိမ့်မည်။ Testimonies for the Church, vol. 7, p. 17.

# ရှေ့သို့နှင့်အထက်သို့ – ၂၄

ခရစ်ယာန်အသက်တာ၏လုပခြင်းကို ကျွန်ုပ်သည် သင့်အားသရုပ်သကန်ပေါ်အောင် ရေးသားဖော်ပြနိုင်ရန်အလိုရှိ၏။ အသက်တာ၏နံနက်အချိန်၌အစပြု၍၊ သဘာဝတရားနှင့် ဘုရားသခင်၏တရားတော်များဖြင့် အုပ်ထိန်းထားရာ၊ ခရစ်ယာန်သည် ရှေ့နှင့်အထက်သို့ တဖြည်းဖြည်းတက်သွားခဲ့၍ အသက်သရဖူနှင့် "လက်ခံရရှိသောသူမှလွဲ၍ မည်သူမျှမသိသော" နာမည်သစ်ရှိသောနေရာ ကောင်းကင်အိမ်တော်သို့ နေ့စဉ်နီးကပ်သွားခဲ့လေသည်။ သူသည် မပြတ်မလပ်ပျော်ရွှင်ခြင်း၊ သန့်ရှင်းခြင်းနှင့်အသုံးကျခြင်း၌ တိုးတက်ကြီးပွားခဲ့လေသည်။ နှစ်စဉ်နှစ်တိုင်း တိုးပွားခြင်းသည် လွန်ခဲ့သောနှစ်ထက် ပိုမိုခဲ့လေသည်။

မြေကြီးမှနေ၍ ကောင်းကင်ဘုံသို့ရောက်သောလှေကားကို တက်ရောက်ဖို့ရန် ဘုရားသခင်သည် လူငယ်အား လှေကားတစ်ခုကိုပေးထားသည်။ ဤလှေကားအထက်၌ ဘုရားသခင်ရှိတော်မူ၍ ကိုယ်တော်၏တောက်ပသော ဘုန်းတော်သည် လှေကားထစ်တိုင်း၌ ကျရောက်လျက်ရှိသည်။ တက်နေသော သူတိုင်းတို့ကို ကိုယ်တော်သည် စောင့်ကြည့်တော်မူလျက်ရှိ၍၊ ဆုပ်ကိုင်လျက်ရှိသောလက်သည် အားလျော့ခြင်း၊ ခြေလှမ်းများမှားယွင်းခြင်းရှိပါက မစကူညီ ခြင်းစေလွှတ်ပေးဖို့ရန်ဖြစ်သည်။ လှေကားကိုကြိုးစား၍တက်သောလူတိုင်း ကောင်းကင်နိုင်ငံတော်မြို့သို့ ဝင်ရောက်နိုင်ဖို့ရန်သေချာကြောင်း ပျော်ရွှင်ဖွယ်ရာကောင်းသော စကားဖြင့်ပြောဆိုပါ။

စာတန်သည် လူငယ်တို့အား စုံစမ်းနှောင့်ယှက်ခြင်းများစွာပေးသည်။

သူသည် သူတို့၏အသက်ဝိညာဉ်များအတွက် အသက်တာကိုလောင်းကစား လျက်ရှိသည်။ သူသည် သူတို့၏ပျက်စီးဖို့ရန်သွေးဆောင်ရာ၌ မစမ်းသပ်ဘဲ ထားခဲ့သောနည်းလမ်းတစ်ခုမျှ မရှိခဲ့ပေ။ သို့သော်လည်း သူတို့သည် စုံစမ်း နှောင့်ယှက်သောသူက တိုက်ခိုက်ရာတွင် ကူညီမစခြင်းကင်းမဲ့သောအခြေအနေ ၌ ဘုရားသခင်သည် သူတို့ကိုမထားခဲ့ပေ။ သူတို့၌ အားလုံးသောတန်ခိုးနှင့် ပြည့်စုံသည့် မစသောအရှင်ရှိသည်။

သူတို့၏ရန်သူထက် သာ၍သန့်စွမ်းသောသူသည် ဤလောက၌ လူဇာတိဖြင့်နေထိုင်စဉ်၊ စာတန်ကိုတွေ့ဆုံ၍၊ အောင်မြင်သောသူဖြစ်၍ ယနေ့ လူငယ်များတွေ့ဆုံနေရသော စုံစမ်းနှောင့်ယှက်ခြင်းဟူသရွေ့ကို ဆီးတားတော် မူခဲ့သည်။ သူသည် သူတို့၏အစ်ကိုကြီးဖြစ်သည်။ သူသည် သူတို့၌အလွန် စိတ်ဝင်စားခြင်းရှိသည်။ ကိုယ်တော်သည် သူတို့အပေါ်၌ အစဉ်ကြည့်ရှုနေ၍၊ ကိုယ်တော်နှစ်သက်ခြင်းရှိဖို့ရန်ကြိုးစားပါက ကိုယ်တော်သည် ဝမ်းမြောက် တော်မူသည်။ သူတို့ဆုတောင်းသောအခါ သူတို့၏ဆုတောင်းခြင်းများထဲ၌ ကိုယ်တော်သည် မိမိ၏ဖြောင့်မတ်ခြင်းနံ့သာပေါင်းကိုရောစပ်၍ ဘုရားသခင် အထံတော်သို့ မွှေးကြိုင်သောပူဇော်သကာအဖြစ် ပူဇော်သည်။ ကိုယ်တော်၏ ခွန်အား၌ လူငယ်များသည် ခက်ခဲခြင်းကို ကောင်းသောလက်ဝါးကပ်တိုင်

စစ်သားများကဲ့သို့ ခံနိုင်ရည်ရှိကြသည်။ ကိုယ်တော်၏ခွန်အားကြီးခြင်းဖြင့် သန်စွမ်းခြင်းရှိလျက် သူတို့ရှေ့၌ရှိသော မြင့်မားသည့်အကြံအစည်များကို ရောက်ရှိနိုင်ဖို့ရန် တက်နိုင်ကြသည်။ ကရာနီကုန်းပေါ်၌ ပြုလုပ်ခဲ့သောစွန့်ခြင်းသည် သူတို့၏အောင်မြင်ခြင်းအဖို့ ဝန်ခံခြင်းပင်ဖြစ်သည်။

## ဆင်ခြင်တုံတရားနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရား

ဘုရားသခင်၏အသင်းတော်သည် ကြီးသောခွက်ဖလားများနှင့်လည်းကောင်း၊ ငယ်သောခွက်ဖလားများဖြင့်လည်းကောင်း တည်ထောင်ထားသည်။ ဘုရားသခင်သည် အကြောင်းယုတ္တိမရှိသောအရာကို တောင်းတော်မမူပေ။

ကြီးသောဖလား၌ ဝင်ဆံ့သောအရာအားလုံး ငယ်သောဖလား၌ဝင်ဆံ့ရမည်ဟု ကိုယ်တော်သည် မျှော်လင့်ခြင်းမရှိပေ။ လူတစ်ယောက်၌ရှိသည်အတိုင်း ပြန်ပေးအပ်ရန်ကြည့်ရှုတော်မူသည်။ သူ၌မရှိသောအရာကိုပေးအပ်ဖို့ရန် အလိုတော်မရှိပေ။ သင်တတ်နိုင်သရွေ့ကြိုးစားပါ။ ဘုရားသခင်သည် သင်၏ အားထုတ်ခြင်းကို လက်ခံတော်မူမည်။ သင်နှင့်အနီးဆုံးရှိနေသည့်တာဝန်ကို လက်ခံ၍ သစ္စာရှိစွာဖြင့်လုပ်ဆောင်ပါ။ သင်၏အလုပ်ကို အရှင်သည်လုံးဝလက်ခံတော်မူမည်။ ငယ်သောအလုပ်အကိုင်များ ပြီးစီးနိုင်ဖို့ရန်စောင့်နေစဉ် ထိုအလုပ်များကို ကျော်လွန်၍ သင်၏စိတ်ဆန္ဒအရ ကြီးသောအလုပ်ကိုမလုပ်ကိုင်ပါနှင့်။

လျှို့ဝှက်စွာဆုတောင်းခြင်းနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့ကျက်ခြင်း၌ သင်သည် မည်မျှပျက်ကွက်နေသည်ကို သတိပြုပါ။ သင်သည် ကောင်းကင်ဘက်သို့ တိုးတက်ခြင်းမရှိဘဲ နှောင့်နှေးစေဖို့ရန်၊ လုပ်ဆောင်နေသောသူအားတိုက်ခိုက်ရန် ဤအရာများသည် သင်၏လက်နက်များဖြစ်သည်။ ဆုတောင်းဖို့ရန်နှင့် ကျမ်းစာဖတ်ဖို့ရန် ပထမအကြိမ်ပျက်ကွက်ခြင်းသည် ဒုတိယအကြိမ်ပျက်ကွက်ဖို့ရန်အတွက် လွယ်ကူသည်။ ဝိညာဉ်တော်ဆွဲဆောင်ခြင်းကို ပထမအကြိမ်တားဆီးခြင်းသည် ဒုတိယအကြိမ်တားဆီးဖို့ရန် ပြင်ဆင်ပေးခြင်းဖြစ်သည်။ ဤနည်းအားဖြင့် စိတ်နှလုံးသည်ခိုင်မာလာ၍၊ သြတ္တပ္ပစိတ်သည် ထုံထိုင်းလာခဲ့လေသည်။

အခြားတစ်ဘက်၌ စုံစမ်းနှောင့်ယှက်ခြင်းကို တားဆီးသောအခါတိုင်း တားဆီးခြင်း၌ ပို၍လွယ်ကူလာသည်။ မိမိကိုယ်ကို ခါတိုင်းငြင်းပယ်ခြင်း သည် ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်း၌ လွယ်ကူလာသည်။ ခါတိုင်းအောင်မြင် ခြင်းသည် အသစ်သောအောင်မြင်ခြင်းကိုရရှိဖို့ရန် လမ်းပြင်ဆင်ပေးသည်။ စုံစမ်းနှောင့်ယှက်ခြင်းခံရသောအခါ၊ တားဆီးသောအခါတိုင်း၊ ကိုယ်ကိုကိုယ် ငြင်းပယ်သောအခါတိုင်း၊ အပြစ်အပေါ်၌ အောင်မြင်သောအခါတိုင်းသည် အစေ့ဖြစ်၍ ထာဝရအသက်အဖို့ စိုက်ပျိုးခြင်းဖြစ်သည်။ ကိုယ်ကျိုးမရှာသော လှုပ်ရှားခြင်းတိုင်းသည် ဝိညာဉ်ရေးနှင့်သက်ဆိုင်ခြင်းကို အားသစ်ပေးသည်။

သာ၍မြင့်မြတ်ခြင်း၊ သာ၍မှန်ကန်ခြင်းမရှိပါက မည်သူမျှ ခရစ်တော်နှင့်တူဖို့ရန် မကြိုးစားနိုင်ပေ။

## ယုံကြည်စိတ်ချခြင်းကိုကြီးပွားစေခြင်း

ဘုရားသခင်သင့်အဖို့ထားသောအကြံအစည်ကို သင်သည်ခွန်အားစိုက်ထုတ်လုပ်ကိုင်နိုင်ခြင်း၌ ဘုရားသခင်သည် အသိအမှတ်ပြုတော်မူလိမ့်မည်။ သင်သည် ဆုံးရှုံးသောအခါ၌လည်းကောင်း၊ အပြစ်သို့ကျရောက်သောအခါ၌လည်းကောင်း၊ သစ္စာဖောက်ခြင်းခံရသောအခါ၌လည်းကောင်း၊ ဆုမတောင်းနိုင်ဟု မဖြစ်ပါစေနှင့်။ သင်သည် ဘုရားသခင်၏ရှေ့တော်သို့ဝင်ရောက်ဖို့ရန်မထိုက်တန်ဟု မထင်ပါနှင့်။ "ချစ်သားတို့၊ သင်တို့သည် ဒုစရိုက်ကိုမပြုစေခြင်းငှာ ဤအရာများကို သင်တို့အားငါရေး၍ပေးလိုက်၏။ တစ်စုံတစ်ယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင်၊ ဖြောင့်မတ်တော်မူသော အရှင်ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ရှိတော်မူ၏။" ကိုယ်တော်သည် လက်တော်ကိုဖြန့်၍ ပျောက်ဆုံးသောသားကို ကြိုဆိုရန်စောင့်နေတော်မူသည်။ ကိုယ်တော်ထံသို့သွား၍၊ သင်၏အမှားများနှင့် ဆုံးရှုံးခြင်းများကိုပြောပြပါ။ အသစ်သောကြိုးစားအားထုတ်ခြင်းအတွက် ခွန်အားပေးဖို့ရန်တောင်းဆိုပါ။ ကိုယ်တော်သည် သင့်ကိုမည်သည့်အခါမျှ စိတ်ပျက်စေမည်မဟုတ်။ သင်၏ယုံကြည်ကိုးစားခြင်းကိုလည်း မတော်မမှန်ပြုလုပ်တော်မူမည်မဟုတ်။

စုံစမ်းခြင်းများသင်၌ကျရောက်လိမ့်မည်။ ဤနည်းအားဖြင့် ဘုရားသခင်သည် သင်၏စာရိတ္တမှကြမ်းတမ်းခြင်းများကို ချောအောင်ပွတ်တိုက်တော်မူမည်။ ညည်းတွားခြင်းမပြုပါနှင့်။ စိတ်မကျေမနပ်ဖြစ်ခြင်းဖြင့် စုံစမ်းနှောင့်ယှက်ခြင်းကို သင်သည်သာ၍ခက်ခဲခြင်းဖြစ်စေသည်။ပျော်ရွှင်စွာဝန်ခံခြင်းဖြင့် ဘုရားသခင်

ကိုဂုဏ်ပြုပါ။ ဖိနှိပ်ခြင်းကိုသည်းခံခြင်းဖြင့်ခံရပ်ပါ။ သင့်အားအမှားတစ်ခုပင် ပြုစေကာမူ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို စိတ်ထဲ၌ထားပါ။ "ကိုယ်လျှာကို မကောင်းသောအရာနှင့်ကင်းစေလော့၊ နှုတ်ခမ်းလည်းမုသားစကားကို မပြော စေနှင့်။ ဒုစရိုက်ကိုလွှဲရှောင်၍ သုစရိုက်ကိုပြုကြလော့၊ သူတစ်ပါးနှင့်အသင့် အတင့်နေခြင်းကိုရှာ၍ မှီအောင်လိုက်လော့။ ထာဝရဘုရားသည် ဖြောင့်မတ် သောသူတို့ကို ကြည့်ရှုတော်မူ၏။ သူတို့အော်ဟစ်သံကိုလည်း နားထောင် တော်မူ၏။"

"အလွန်အမင်းဖြစ်သော ခြေလှမ်းများကိုသတိပြုလော့။ အမှောင်ဆုံး သောနေ့ဖြစ်၍ မနက်ဖြန်တိုင်အောင်စောင့်လော့။ လွန်သွားလိမ့်မည်။" "ငြိမ်ဝပ်စွာနေခြင်း၊ ယုံကြည်ခြင်းဖြင့် ခွန်အားအစွမ်းကိုရကြလိမ့်မည်။" ခရစ်တော်သည် သင်ခံရသောစုံစမ်းနှောင့်ယှက်ခြင်း၏ခွန်အားကိုသိ၍၊ သင်တားဆီးနိုင်သောခွန်အားကိုလည်း သိတော်မူသည်။ ဒုက္ခခံစားနေရသော

သားသမီးတို့အပေါ်၌ ကိုယ်တော်၏လက်တော်သည် သနားကြင်နာခြင်းဖြင့် ဆန့်တန်းလျက်ရှိနေတော်မူသည်။ စုံစမ်းနှောင့်ယှက်ခြင်းခံရ၍ စိတ်ပျက်နေသောသူအား၊ ချစ်သားသင့်အဖို့ငါသည် ဒုက္ခခံ၍အသေသတ်ခြင်းခံခဲ့ပြီ။ သင်သည် ငါ့ကိုယုံကြည်စိတ်ချခြင်းမရှိသလောဟု ကိုယ်တော်မိန့်တော်မူသည်။ "သင်၏နေ့ရက်ကာလဖြစ်သည်အတိုင်း၊ သင့်အစွမ်းသတ္တိဖြစ်လိမ့်မည်။"

"ကိုယ်အမှုအရာကို ထာဝရဘုရား၌အပ်လော့၊ ကိုယ်တော်ကိုကိုးစားလော့။ သို့ပြုလျှင်စီရင်တော်မူမည်။" ကိုယ်တော်သည် သင့်အဖို့ခြောက်သွေ့ရာအရပ်၌ ကြီးသောကျောက်တောင်အရိပ်ဖြစ်လိမ့်မည်။ "ငါ့ထံသို့လာကြလော့၊ ငါသည်ချမ်းသာပေးမည်။" လောကကြီးမှမပေးကမ်းနိုင်၍၊ ပြန်၍မယူနိုင်သောချမ်းသာကိုယူလော့။

ဘုရားသခင်မိန့်တော်မူသည့်အတိုင်း လိုက်နာသောသူတို့ရရှိသောငြိမ်သက်ခြင်းနှင့် ပျော်ရွှင်ခြင်းသည် စကားအားဖြင့်ဖော်ပြနိုင်မည်မဟုတ်ပေ။ စုံစမ်းခြင်းသည် သူ့ကိုနှောင့်ယှက်ခြင်းမပြုနိုင်။ မထီမဲ့မြင်ပြုခြင်းသည် သူ့ကိုစိတ်ဆိုးအောင်မပြုနိုင်ပေ။ ကိုယ်ကိုကိုယ်အသေခံပြီ။ နေ့စဉ်နေ့တိုင်း သူ၏အလုပ်ဝတ္တရားများသည် ပိုမိုလေးလံလာ၍ စုံစမ်းနှောင့်ယှက်ခြင်းသည်လည်းအားကြီးလာမည်။ စစ်ဆေးခြင်းများ ပိုမို၍ပြင်းထန်လာမည်။ သို့သော်လည်းသူသည်မှားယွင်းခြင်းမရှိ။ အကြောင်းမှာ သူလိုအပ်နေခြင်းနှင့် တူညီသောခွန်အားကိုရရှိသည်။ The Youth's Instructor, June 26, 1902.

## အောင်မြင်ခြင်း၏တန်ဖိုး

လူသည် ကောင်းကင်နိုင်ငံတော်ကိုအောင်မြင်ဖို့ရန် သခင်ခရစ်တော်သည် အားလုံးကိုအနစ်နာခံတော်မူသည်။ မပျက်စီးနိုင်သောဘုန်းတော်ကို ရရှိဖို့ရန် ခရစ်တော်အဖို့၊ မိမိအနေဖြင့် မည်သည့်အရာကိုအနစ်နာခံမည်ကို အပြစ်သို့ကျရောက်နေသောသူသည် ပြသဖို့ရန်အချိန်ရောက်နေပြီ။ ကယ်တင်တော်မူခြင်း၏ကြီးမားခြင်းနှင့် တန်ဖိုးအမှန်ကိုသိသောသူတို့သည် မျက်ရည်ကျလျက်စိုက်ပျိုးရသော်လည်း ညည်းညူခြင်းပြုကြမည်မဟုတ်။ တိုက်ခိုက်ခြင်းနှင့်ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းသည် ဤအသက်တာ၌ ခရစ်ယာန်၏ဝေစုဖြစ်သည်။ The Signs of the Times, March 4, 1880.

–o–

# စာရိတ္တကိုစုံလင်စေခြင်း – ၂၅

စာရိတ္တစုံလင်ခြင်းသို့ရောက်ခြင်းသည် လွယ်ကူသောအရာတစ်ခုဖြစ်သည်ဟု ခရစ်တော်သည် ကျွန်ုပ်တို့အား အာမခံပေးတော်မူခြင်းမရှိခဲ့ပေ။ မြင့်မြတ်၍ အဘက်ဘက်၌စုံလင်ခြင်းရှိသောစာရိတ္တသည် အမွေခံ၍ရရှိနိုင်သောအရာမဟုတ်ပေ။ ကျွန်ုပ်တို့ထံသို့ ရတ်တရက်ရှောင်တခင်ရောက်ရှိလာခြင်းလည်းမဟုတ်။ မြင့်မြတ်သောစာရိတ္တကို ခရစ်တော်၏ကောင်းမှုများနှင့်ကျေးဇူးတော်မှနေ၍ လူတစ်ယောက်၏အားစိုက်ထုတ်ခြင်းဖြင့် ရရှိလေသည်။ ဘုရားသခင်သည် အစွမ်းသတ္တိများ၊ စိတ်၏တန်ခိုးများပေးတော်မူ၍၊ကျွန်ုပ်

တို့သည် စာရိတ္တကိုပုံသွင်းကြသည်။ ကိုယ့်ကိုကိုယ်ပြင်းထန်ကျပ်တည်းစွာ တိုက်ခိုက်ခြင်းဖြင့် ပုံသဏ္ဍာန်ဖြစ်အောင်ပြုလုပ်ကြသည်။ အမျိုးအစဉ်အဆက် မှပါလာသော ဗီဇပါခြင်းများကို တိုက်ခိုက်ခြင်းတစ်ခုပြီးနောက်တစ်ခုဖြင့် တိုက်ခိုက်ရမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်ကို သေချာစွာဝေဖန်ရ မည်။ အဆင်မသင့်သော ထူးခြားသည့်အမူအရာကိုမပြုပြင်ဘဲ ကျန်ကြွင်းမနေ စေရပေ။

ကျွန်ုပ်သည် ကျွန်ုပ်၏စာရိတ္တချို့တဲ့ခြင်းများကို ကုသ၍မရပါဟု မည်သူမျှမပြောဆိုစေပါနှင့်။ သင်သည် ဤကဲ့သို့ဆုံးဖြတ်ချက်ချထားပါက၊ သင်သည် ထာဝရအသက်ရရှိဖို့ရန် ဧကန်အမှန်ဆုံးရှုံးသွားလိမ့်မည်။ မတတ်နိုင် ခြင်းသည် သင်၏စိတ်ဆန္ဒ၌ရှိသည်။ သင်၌စိတ်ဆန္ဒမရှိပါက၊ အောင်မြင် မည်မဟုတ်။ ဧကန်အမှန်ခဲယဉ်းခြင်းသည် သန့်ရှင်းခြင်းမရှိသော စိတ်နှလုံး၏ ပုပ်ပျက်ခြင်းမှဖြစ်ပေါ်လာ၍၊ ဘုရားသခင်အုပ်စိုးခြင်းကို ဝန်ခံလိုခြင်းမရှိ သောကြောင့်ဖြစ်သည်။

## သင်၏ရည်ရွယ်ချက်ကိုမြင့်မြင့်ထားခြင်း

အကောင်းဆုံးအလုပ်ကိုပြီးမြောက်ဖို့ရန် ဘုရားသခင်အရည်အချင်း ပေးထားသောသူတို့သည် အနည်းငယ်လောက်သာ ပြီးစီးကြသည်။ အကြောင်း မှာ သူတို့သည် အနည်းငယ်လောက်ကိုသာ ကြိုးစားအားထုတ် ကြသည်။ ထောင်ပေါင်းချီ၍ အသက်တာကိုဖြတ်သွားကြရာ သူတို့၏အသက် ရှင်ရခြင်း၌ တိကျသောရည်ရွယ်ချက်မရှိ၊ ရောက်ရှိဖို့ရန်ရည်မှန်းထားသော

အဆင့်အတန်းလည်းမရှိပေ။ ထိုကဲ့သို့သောသူများသည် သူတို့၏အလုပ် အချိုးအစားအတိုင်း ဆုလာဘ်ကိုရရှိကြမည်။

သင်ကိုယ်တိုင်ထားသောအဆင့်ထက်ကျော်လွန်၍ သင်သည် မည်သည့် အခါမျှမရောက်နိုင်ကြောင်းကို သတိပြုပါ။ သို့ဖြစ်၍ သင်၏ ရည်ရွယ်ချက်ကို မြင့်မြင့်ထား၍၊ ပင်ပန်းစွာကြိုးစားခြင်း၊ ကိုယ်ကိုကိုယ် ငြင်းပယ်ခြင်းနှင့် အနစ်နာခံရခြင်းများရှိသော်ငြားလည်း တထစ်ပြီးနောက်တထစ် တိုးတက်လျက်ရှိသော လှေကားအလျားတစ်ခုလုံးကို တက်သွားပါ။ မည်သည့်အရာမျှ သင့်ကိုနှောင့်နှေးခြင်းမဖြစ်ပါစေနှင့်။ ကံကြမ္မာသည် ၎င်း၏ပိုက်ကွန်ဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မြဲမြဲစွာရက်ထားခြင်းမရှိသောကြောင့် မစခြင်းကင်းမဲ့၍ မသေချာသောအခြေအနေ၌ ရှိနေကြသည်မဟုတ်။ ဆန့်ကျင် ဘက်ဖြစ်နေသောအခြေအနေများသည် ထိုအရာများကိုအောင်မြင်နိုင်ဖို့ရန် ခိုင်မာသောစိတ်ပြဋ္ဌာန်းခြင်းကို ဖန်တီးပေးသင့်သည်။ ကာဆီးနေသောအရာ တစ်ခုကို ဖြိုဖျက်လိုက်ခြင်းဖြင့် ရှေ့သို့တိုးတက်သွားနိုင်ဖို့ရန် သာ၍ကြီးသော စွမ်းရည်နှင့် ရဲရင့်ခြင်းကိုပေးလိမ့်မည်။ မှန်သောဘက်သို့ စိတ်ပြဋ္ဌာန်းခြင်းဖြင့် ချီတက်ပါ။ အခြေအနေသည် သင့်အဖို့မစခြင်းများဖြစ်၍၊ နှောင့်နှေးခြင်းများ မဟုတ်ပေ။

## အကျင့်စာရိတ္တကောင်းမြတ်ခြင်းတိုင်းကိုပြုစုခြင်း

အရှင်၏ဘုန်းတော်ထွန်းတောက်ခြင်းနှင့် အကျင့်စာရိတ္တ၏ကောင်းမြတ်ခြင်းတိုင်းကိုပြုစုဖို့ရန်၊ အထူးကြီးမြင့်ထင်ပေါ်လိုသောစိတ်ရှိလော့။ သင်၏စာရိတ္တကိုဆောက်တည်သောပုံတိုင်း၌ သင်သည် ဘုရားသခင်ကိုနှစ်သက်စေရမည်ဖြစ်သည်။ ဤအချက်ကို သင်ပြုလုပ်နိုင်သည်။ ဧနောက်သည် ဆုတ်ယုတ်နေသောခေတ်၌ နေထိုင်ရသော်လည်း ဘုရားသခင်၏စိတ်တော်နှင့်

တွေ့အောင်နေထိုင်ခဲ့သည်။ ကျွန်ုပ်တို့၏ခေတ်၌လည်း ဧနောက်များ ရှိသည်။ စုံစမ်းနှောင့်ယှက်ခြင်းများဖြင့် ယိုယွင်းခြင်းမရှိသော သစ္စာရှိနိုင်ငံရေး ခေါင်းဆောင်ဖြစ်သောသူ ဒံယေလကဲ့သို့ရပ်တည်ခြင်းရှိပါ။ သင့်ကိုအလွန်ချစ်၍ သင်၏အပြစ်များကို ပယ်ဖျက်ခဲ့သောအရှင်ကို စိတ်ပျက်အောင်မပြုလုပ်ပါနှင့်။ “ငါမရှိလျှင်သင်တို့သည် မည်သည့်အရာကိုမျှမပြုလုပ်နိုင်” ဟု ကိုယ်တော်မိန့်တော်မူသည်။ သင်သည် အမှားများကိုပြုလုပ်မိ၍၊ ဤအမှားများကို တွေ့မြင်ခြင်းရှိပါက သင်သည် ဧကန်မုချအောင်မြင်ခြင်းတစ်ခုကို ရရှိပြီးဖြစ်၍ ထိုအရာများကို သတိပေးအထိမ်းအမှတ်မီးကဲ့သို့ သဘောထား ပါ။ ဤနည်းဖြင့် သင်သည် ရှုံးခြင်းကိုအောင်မြင်ခြင်းသို့ပြောင်းလဲလိုက်၍၊ ရန်သူကိုစိတ်ပျက်စေပြီးလျှင်၊ သင်၏ကယ်တင်ရှင်ကို ဂုဏ်ပြုရာရောက်မည်။

ဘုရားပကတိနှင့်တူအောင် ပုံသွင်းထားသောစာရိတ္တသည် ဤကမ္ဘာမှနောက်ကမ္ဘာသို့ ကျွန်ုပ်တို့ယူသွားနိုင်သော ဘဏ္ဍာတစ်ခုဖြစ်သည်။ ဤကမ္ဘာ၌ ခရစ်တော်၏သွန်သင်ခြင်းအောက်တွင်ရှိသော သူတို့သည် အထက်ကောင်းကင်ဘုံနေစရာအရပ်သို့ ဘုရားပကတိနှင့်ဆိုင်သော ရရှိခြင်းတိုင်းကို ယူဆောင်သွားကြလိမ့်မည်။ ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့သည် အစဉ်တစိုက်တိုးတက်အောင် ပြုလုပ်ကြရမည်။ သို့ဖြစ်၍ ဤအသက်တာ၌ စာရိတ္တကြီးပွားရခြင်းသည် မည်မျှအရေးကြီးသနည်း။

## ကိုယ်တော်၏ဆင့်ဆိုတော်မူချက်များသည် စွမ်းဆောင်နိုင်ခြင်းများဖြစ်သည်

စာရိတ္တ၌စုံလင်ခြင်းသည် တန်ခိုးအင်အားသက်ရောက်ခြင်း၌လည်း စုံလင်ခြင်းသို့ရောက်စေလိမ့်မည်ဖြစ်၍၊ ပြဋ္ဌာန်းထားသောယုံကြည်ခြင်းဖြင့် ရှာကြံသောသူတို့၏ကိုယ်စားလှယ်များနှင့်အတူ ကောင်းကင်ဘုံသားများတို့သည် လုပ်ကိုင်ကြလိမ့်မည်။ ဤအလုပ်မျိုးကို လုပ်ကိုင်ဆောင်ရွက်သောသူတိုင်းတို့အား "ငါသည် သင်၏လက်ယာဘက်၌နေ၍ သင့်ကိုစောင်မနေသည်" ဟု သခင်ယေရှုမိန့်တော်မူသည်။

လူ၏အလိုဆန္ဒသည် ဘုရားသခင်၏အလိုဆန္ဒနှင့်ပူးပေါင်းလိုက်သောအခါ၊ ၎င်းသည် မတိုင်းထွားနိုင်သောတန်ခိုးဖြစ်လာသည်။ ကိုယ်တော်၏အမိန့်တော်ဖြင့် မည်သည့်အရာကိုလုပ်ကိုင်သည်ဖြစ်စေ၊ ကိုယ်တော်၏ခွန်အား၌ ပြီးစီးနိုင်သည်။ ကိုယ်တော်စေခိုင်းသမျှသည် စွမ်းဆောင်နိုင်ခြင်းများဖြစ်သည်။ Christ's Object Lessons, pp. 331-333.

## ကျွန်ုပ်တို့၏အစဉ်မှီခိုရာဖြစ်ခြင်း

ဘုရားသခင်အပေါ်၌ အစဉ်မှီခိုနေရခြင်းကို သိရှိနားလည်ခြင်းမရှိသောသူတို့အား စုံစမ်းနှောင့်ယှက်ခြင်းသည် အောင်မြင်သွားကြလိမ့်မည်။ ကျွန်ုပ်တို့၏ခြေဖြင့်ရပ်နေခြင်းသည် လုံခြုံစိတ်ချရသည်ဟု ထင်မြင်၍ မည်သည့်အခါမျှ ရွေ့သွားလိမ့်မည်မဟုတ်။ ကျွန်ုပ်တို့သည် စိတ်ချစွာပြောဆိုကြမည် မှာ၊ "အကျွန်ုပ်သည် မည်သူ၌ယုံကြည်သည်ကိုသိသည်။ မည်သည့်အရာမျှ ကျွန်ုပ်ကို ဘုရားသခင်နှင့်ကိုယ်တော်၏နှုတ်ကပတ်တော်ကိုယုံကြည်ခြင်းမှ မလှုပ်ရှားနိုင်ပေ။" သို့သော်လည်း စာတန်သည် ကျွန်ုပ်တို့၏မျိုးရိုးဗီဇမှ

ပါလာ၍ ပြုစုထားသော စာရိတ္တ၏ထူးခြားသည့်အရာများကို အခွင့်ကောင်းယူ၍ ကျွန်ုပ်တို့၏လိုအပ်နေခြင်းနှင့် ချွတ်ယွင်းချက်များဖြင့် ကျွန်ုပ်တို့၏ မျက်စိများကို ကန်းစေသည်။ ကျွန်ုပ်တို့၏ခွန်အားနည်းခြင်းကိုသိ၍ သခင်ယေရှုကို မျက်ခြည်မပြတ်ကြည့်ရှုခြင်းအားဖြင့်သာလျှင်၊ ကျွန်ုပ်တို့သည် မြဲမြဲစွာလျှောက်နိုင်ကြမည်။ Desire of Ages, p. 382.

-o-

# ယုံကြည်ခြင်း၏စစ်ပွဲ - ၂၆

အများသောလူငယ်တို့သည် ဘုရားသခင်ကိုအစေခံရာ၌ စွဲမြဲသော ကျင့်ဝတ်မရှိကြပေ။ သူတို့သည် အန္တရာယ်တိုင်းအောက်၌ နစ်မြုပ်၍၊ ခံနိုင်ရည်မရှိကြပေ။ သူတို့သည် ကျေးဇူးတော်၌ကြီးပွားခြင်းမရှိကြပေ။ သူတို့သည် ဘုရားသခင်၏ပညတ်တော်များကို စောင့်ရှောက်ဟန်ရှိကြသော်လည်း၊ ဘုရားသခင်၏ပညတ်တော်အောက်၌ မရှိကြပေ။ ရှိလည်းမရှိနိုင်ပေ။ သူတို့၏ ဇာတိပကတိစိတ်နှလုံးများသည် ပြောင်းလဲခြင်းရှိရမည်။ သူတို့သည် သန့်ရှင်းခြင်း၌ လှပခြင်းကိုတွေ့မြင်ရမည်။ ထိုနောက် သမင်ဒရယ်သည် စမ်းချောင်းငယ်ကိုတောင့်တသကဲ့သို့ သူတို့သည် ထိုအရာကိုတောင့်တခြင်းရှိကြမည်။ ထိုနောက် သူတို့သည် ဘုရားသခင်နှင့် ကိုယ်တော်၏တရားတော်ကိုချစ်ကြမည်။ ခရစ်တော်၏ထမ်းပိုးသည်လွယ်ကူ၍၊ ဝန်ထုပ်သည်ပေါ့လိမ့်မည်။

ချစ်သောလူငယ်၊ သင်၏ခြေလှမ်းများကို ဘုရားသခင်သည် စီမံထားခြင်းရှိခဲ့လျှင်၊ သင်၏လမ်းသည် ပြင်ပ၌အစဉ်ငြိမ်သက်ခြင်းနှင့် ထမြောက်ခြင်းရှိလိမ့်မည်ဟု မျှော်လင့်ခြင်းမရှိပါနှင့်။ ထာဝရနေ့သို့ပို့ဆောင်သောလမ်းသည် ခရီးသွားဖို့ရန်လွယ်ကူခြင်းရှိ၍မဟုတ်ပေ။ တစ်ခါတစ်ရံ မှောင်မိုက်၍

ဆုးငြောင့်များရှိသည်ဟု ထင်မြင်ရသည်။ သို့သော်လည်း သင့်ကိုမကောင်းမှု ဒုစရိုက်မှအကာအကွယ်ပေးရန် ဘုရားသခင်၏ထာဝရလက်တော်ဝန်းရံလျက် ထားသောကတိတော်သည် သင်၌ရှိသည်။ သင်သည် ကိုယ်တော်၌စိတ် အားထက်သန်သော ယုံကြည်ခြင်းရှိဖို့ရန် ကိုယ်တော်သည် အလိုတော်ရှိ၍၊ ကိုယ်တော်၏အရိပ်အောက်တွင်လည်းကောင်း၊ နေရောင်ခြည်၌လည်းကောင်း ကိုးစားဖို့ရန်သင်ကြားစေလိုသည်။

## အသက်ရှင်သောယုံကြည်ခြင်း

ခရစ်တော်၏နောက်တော်သို့ လိုက်သောသူ၏စိတ်နှလုံးထဲ၌ ယုံကြည်ခြင်းကိန်းအောင်းလျက်ရှိရမည်။ ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ ယုံကြည်ခြင်းသည်လက်ဖြစ်၍ ကန့်သတ်ခြင်းမရှိသောမစ ကူညီခြင်းကို ကိုင်ဆွဲသည်။ အသစ်ပြုပြင်ထားသော စိတ်နှလုံးသည် ခရစ်တော်၏စိတ်နှလုံးနှင့် ညီညာစွာခုန်ရန်ပြုလုပ်ပေးသော ကြားနေသည့်အရာဖြစ်သည်။

သူမ၏အသိုက်သို့ရောက်ရှိဖို့ရန် ကြိုးစား၍ပျံသန်းသွားခဲ့ရာ၌ ရွှေလင်းယုန်ငှက်မသည် ခဏခဏမုန်တိုင်းတိုက်ခတ်၍ ကျဉ်းမြောင်းသော တောင်ကြားများထဲသို့ ကျသွားလေသည်။ အလိပ်လိုက်၊ အလိပ်လိုက်၊ မည်းနက်၍စိတ်ဆိုးနေဟန်တူသော တိမ်တိုက်များသည် ငှက်မနှင့်သူမဆောက်ထားသော အသိုက်ရှိရာနေရောင်ခြည်ထွန်းနေသည့် တောင်ထိပ်များကြား၌ ဖြတ်သွားလျက်ရှိသည်။ ခဏတစ်ဖြုတ်အချိန်အတွင်း၌ ငှက်မသည် စိတ်ရှုပ်ထွေးနေဟန်ရှိသည်။ သူမ၏သန်မာသောအတောင်များနှင့် ထူထပ်သောတိမ်များကို နောက်သို့ခတ်ပစ်သကဲ့သို့ပြုလုပ်၍၊ ဤဘက်၊ ဟိုဘက်သို့တစ်ဟုန်တည်း

## စုံစမ်းခံရခြင်းများ၏တန်ဖိုး

အသက်တာ၏စုံစမ်းခြင်းများသည် ဘုရားသခင်၏လုပ်သားများဖြစ်၍ ကျွန်ုပ်တို့၏စာရိတ္တများမှ အညစ်အကြေးများနှင့်ကြမ်းတမ်းခြင်းများကို ဖယ်ရှားပစ်ရန်ဖြစ်သည်။ သူတို့၏ခုတ်ဖြတ်ခြင်း၊ ညှိခြင်း၊ ဆောက်ထွင်းခြင်း၊ပွတ်တိုက်၍ချောမွတ်အောင်လုပ်ခြင်းနှင့် အရောင်တင်ခြင်းသည် ပင်ပန်းသောအလုပ် ဖြစ်သည်။ တိုက်စားနေသောဘီးတိုင်အောင် ဖိနှိပ်ထားဖို့ရန်ခဲယဉ်းသည်။ သို့သော်လည်း ကောင်းကင်နိုင်ငံတော်ဗိမာန်၌ နေရာတကျထည့်ရန် ကျောက်ကိုပြင်ဆင်၍ယူလာရသည်။ သခင်သည်အသုံးချ၍မရ၊ တန်ဖိုးမရှိသောအရာပေါ်၌ သေချာစေ့စပ်စွာ ပြုလုပ်ဆောင်ရွက်တော်မူမည်မဟုတ်ပေ။ ကိုယ်တော် ၏ဖိုးထိုက်တန်ကျောက်များကိုသာ နန်းတော်တစ်ဆောင်၏လိုအပ်သည်အတိုင်း အရောင်တင်ထားလျက်ရှိသည်။ Thoughts from the Mount of Blessing, pp. 23,24.

## တန်ခိုးတော်၏လျှို့ဝှက်သောနေရာ

အမြင့်ဆုံးသောဘုရားသခင်၏လျှို့ဝှက်ရာနေရာ၊ ထာဝရဘုရား၏အရိပ်အောက်၌ လူများသည် ရံဖန်ရံခါပြင်ဆင်ကြသည်။ သူတို့သည် ရာသီအလိုက်နေထိုင်ကြ၍၊ အကျိုးသက်ရောက်ခြင်းကို မြင့်မြတ်သောအလုပ်အကိုင်၌ ပြသကြသည်။ ထိုနောက် သူတို့၏ယုံကြည်ခြင်းသည် ပျက်ပြားသွားခဲ့ ၍၊ ပေါင်းသင်းဆက်ဆံခြင်း၌ ပြတ်တောင်းပြတ်တောင်းဖြစ်ပြီးလျှင် အသက်တာ၏အလုပ်သည် ပျက်စီးခဲ့လေသည်။ သို့သော်လည်း ခရစ်တော်၏အသက်တာသည် အစဉ်မပြတ်ကိုးစားရသောအသက်တာဖြစ်၍၊ အဆက်မပြတ်ပေါင်းသင်းဆက်ဆံခြင်းဖြင့် ထောက်မထားသည်။ ကောင်းကင်ဘုံနှင့်ကမ္ဘာမြေကြီးအဖို့ ကိုယ်တော်၏အလုပ်သည် ပျက်ကွက်ခြင်းမရှိ (သို့မဟုတ်) မှားယွင်းခြင်းမရှိ။

ဘုရားသခင်နှင့်ဆက်စပ်ထားသော ကိုယ်တော်၏လူ့ဇာတိသည် ကောင်းကင်နိုင်ငံတော်၏အားနှင့်ပြည့်ဝသည့်တိုင်အောင်၊ လူတစ်ယောက် အနေဖြင့် ကိုယ်တော်သည် ဘုရားသခင်ပလ္လင်တော်သို့ အသနားခံတော်မူ သည်။ ဘုရားသခင်အထံတော်မှ အသက်ကိုရရှိ၍၊ ကိုယ်တော်သည် လူအား အသက်ပေးတော်မူသည်။ Education, pp. 80,81.

–၀–

# ခရစ်တော်နှင့်ပေါင်းဖက်ခြင်း – ၃၁

အသက်ရှင်သောယုံကြည်ခြင်းဖြင့် ခရစ်တော်နှင့်ပေါင်းဖက်ခြင်းသည် တာရှည်ခဲ့၏။ အခြားသောပေါင်းဖက်ခြင်းများသည် ပျက်စီးကြရမည်။ခရစ်တော်သည် ကျွန်ုပ်တို့ကိုပထမရွေးချယ်တော်မူသည်။ ကျွန်ုပ်တို့၏ကယ်တင် ခြင်းအတွက် မဆုံးဖြတ်နိုင်သောအဖိုးကို ပေးတော်မူသည်။ မှန်ကန်သော ယုံကြည်သူသည် ခရစ်တော်ကို အစစအရာရာတွင် ပထမနှင့်နောက်ဆုံး၊ အကောင်းဆုံးထားသည်။ သို့သော်လည်း ဤကဲ့သို့ပူးပေါင်းခြင်းသည် ကျွန်ုပ်တို့အဖို့ အဖိုးအနည်းအကျဉ်းကျလိမ့်မည်။ မာနထောင်လွှားသောသူတစ်ယောက်က လုံးဝမှီခိုခြင်းခံယူရသော ပေါင်းစပ်ခြင်းဖြစ်သည်။ ဤပေါင်းစပ်ခြင်းကို ပြုလုပ်သောသူတိုင်းတို့သည် ခရစ်တော်၏အပြစ်ဖြေလွှတ်သောသွေးတော်ကို လိုအပ်ကြောင်း ခံစားခြင်းငှာရမည်။ သူတို့၌စိတ်ပြောင်းလဲခြင်းရှိရမည်။ သူတို့၏အလိုဆန္ဒသည် ဘုရားသခင်၏အလိုဆန္ဒအောက်၌ ဝန်ခံခြင်းရှိရ မည်။ အတွင်းအပြင် ခဲရာခဲဆစ်များနှင့်တိုက်ခိုက်ခြင်းရှိလိမ့်မည်။ နာကျင် သောခွဲခွာခြင်းအလုပ်ရှိ၍၊ပူးကပ်ခြင်းအလုပ်လည်းရှိလိမ့်မည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်ပေါင်းစပ်လိုပါက အပြစ်နှင့်တူသောအရာဟူသရွေ့ကို အောင်မြင် ခြင်းရှိရမည်။ ၎င်းတို့မှာ မာနထောင်လွှားခြင်း၊ ကိုယ်ကျိုးရှာဖွေခြင်း၊ မိုက်မဲ ခြင်း၊ လောကီဆန်ခြင်းများဖြစ်သည်။ အများသောသူတို့သည် ခရစ်ယာန် အသက်တာ၌ဝမ်းနည်းဖွယ်ရာကောင်းလောက်အောင် အဘယ်ကြောင့်ခက်ခဲခြင်း နှင့်တွေ့ဆုံရသနည်း။ သူတို့သည် အဘယ်ကြောင့် သဘောပြောင်းတတ်ကြ သနည်း။ အဘယ်ကြောင့် ပြောင်းလဲတတ်သနည်း ဟူသောအကြောင်းတို့ မှာ သူတို့သည် သူတို့ကိုယ်ကို ဤမြတ်နိုးလှသောအရာများမှ ခွဲခွာခြင်း မပြုဘဲ ခရစ်တော်၌ သူတို့ကိုယ်ကို နီးကပ်စွာထားလိုသောကြောင့်ဖြစ်သည်။

ခရစ်တော်နှင့်ပေါင်းစပ်ပြီးသည်နောက် စိတ်ပါစွာဆုတောင်းခြင်းနှင့် မောပန်းခြင်းမရှိသော ကြိုးစားအားထုတ်ခြင်းရှိမှသာလျှင် မပျောက်ပျက်ဘဲ

ထားနိုင်လိမ့်မည်။ ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ်တားဆီးရမည်၊ ငြင်းပယ်ခြင်းရှိရမည်၊ အောင်မြင်ခြင်းရှိရမည်၊ ခရစ်တော်၏ကျေးဇူးတော်အားဖြင့် ရဲရင့်ခြင်း၊ ယုံကြည်ခြင်း၊ နိုးကြားနေခြင်းဖြင့် ကျွန်ုပ်တို့သည် အောင်မြင်ခြင်းကိုရရှိနိုင်ကြမည်။ Testimonies for the Church, vol 5, p. 231.

–ဝ–

# အပိုင်း ၄

# အလင်း၌လျှောက်လိုက်ခြင်း

ကယ်တင်ရှင်သည် မိမိအသွေးတော်ဖြင့်ဝယ်ယူခဲ့သောသူအပေါ် ၌ ငုံ့ကြည့်တော်မူလျက် ကြင်နာခြင်း၊ သနားခြင်းဖြင့် "သင်သည်ကျန်းမာ ခင်းသို့ ရောက်လိုသလော" ဟု မေးတော်မူ၏။ သင်သည် ကျန်းမာခြင်း၊ ငြိမ်သက်ခြင်း နှင့်ထလော့ဟု ကိုယ်တော်အမိန့်ရှိသည်။ သင်သည် လုံးဝ ကျန်းမာလာသည့် တိုင်အောင် မစောင့်ပါနှင့်။ ကယ်တင်ရှင်၏စကားကို ယုံကြည်ပါ။ သင်၏ဆန္ဒကို ခရစ်တော်၏နံဘေး၌ထားပါ။ ကိုယ်တော်ကို လုပ်ဆောင်ပေးဖို့ရန် စိတ်ဆန္ဒရှိပါ က၊ ကိုယ်တော်၏စကားအတိုင်းလုပ်ကိုင် လျှင် သင်သည် ခွန်အားကိုရရှိလိမ့်မည်။ မည်သည့်မကောင်းမှုမျိုးကိုမဆို လုပ်ကိုင်ခဲ့သည်ဖြစ်စေ၊ ကိုယ်တော်၏အားကြီး သောမေတ္တာသည် ကြာမြင့် စွာအခွင့်ပြုထားပြီဖြစ်၍ အသက်ဝိညာဉ်နှင့်ကိုယ်ခန္ဓာ နှစ်ခုလုံးကို ချည်နှောင်ထားသည်။ ခရစ်တော်သည် တတ်နိုင်တော်မူ၍ ကယ်တင် ရန် တောင့်တလျက်နေတော်မူသည်။ ပြစ်မှုကျူးလွန်ခြင်း၌ သေဆုံးနေသော ဝိညာဉ်ကို ကိုယ်တော်သည် အသက်ပေးတော်မူမည်။ အားနည်းခြင်း၊ ကြမ္မာဆိုး နှင့် အပြစ်၏သံကြိုးများဖြင့် ဖမ်းချုပ်ထားသောသူများကို ကိုယ်တော်သည် လွှတ်တော်မူမည်။ Ministry of Healing, pp. 84,85.

# ကျေးဇူးတော်၌ကြီးပွားခြင်း – ၃၂

"ကျေးဇူးတော်၌လည်းကောင်း၊ ငါတို့ကိုကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌လည်းကောင်း ကြီးပွားကြလော့။" လူငယ်သည် သခင်ယေရှု၌လည်းကောင်း၊ ဝိညာဉ်ကျေးဇူးတော်နှင့်အသိပညာ၌လည်းကောင်း ကြီးပွားခြင်းသည် သူတို့၏အခွင့်အရေးပင်ဖြစ်သည်။ သမ္မာကျမ်းစာကို စိတ်ဝင်စားစွာရှာဖွေခြင်းဖြင့် သခင်ယေရှု၏အကြောင်း ပိုမို၍ သိရှိလာကြမည်။ ထိုကျမ်းစာ၌ဖော်ပြထားသော သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းလမ်းများကို လိုက်လျှောက်နိုင်ကြသည်။ ကျေးဇူးတော်၌အစဉ်ကြီးပွားနေသောသူများသည် ယုံကြည်ခြင်း၌မြဲမြံ၍ ရှေ့သို့တိုးတက်လိမ့်မည်။

## မြဲမြံခြင်းရှိဖို့ရန်ကြီးပွားခြင်းလိုအပ်သည်

ခရစ်တော်နှင့်အတူ လုပ်ဆောင်သောသူတစ်ယောက်ဖြစ်၍၊ ခရစ်ယာန်၏အဆင့်အတန်း၌ အမြင့်ဆုံးသို့ရောက်ဖို့ရန် အကြံအစည်ရှိသောသူငယ်တိုင်းတို့၏စိတ်ထဲ၌ စိတ်အားကြီးသောဆန္ဒရှိရမည်။ ဘုရားသခင်၏ပလ္လင်တော်ရှေ့၌ အပြစ်ကင်းလျက် ဆက်သခြင်းခံရမည့်အထဲ၌ပါဝင်ဖို့ရန် သူ၌ရည်ရွယ်ချက်ရှိပါက၊ သူသည် အစဉ်တိုးတက်နေလိမ့်မည်။ မြဲမြံခြင်းအလို့ငှာ နည်းလမ်းတစ်လမ်းသည် ဘုရားပကတိအသက်တာ၌ နေ့စဉ်တိုးတက်ဖို့ရန် ဖြစ်သည်။ ယုံမှားခြင်းများ၊ ခဲရာခဲဆစ်များနှင့်တိုက်ခိုက်၍ အောင်မြင်ခဲ့လျှင် ယုံကြည်ခြင်းသည် တိုးပွားလာလိမ့်မည်။ မှန်ကန်သောသန့်စင်စေခြင်းသည် အဆင့်ဆင့်တိုးတက်ခြင်းရှိသည်။ သင်သည် ခရစ်တော်ကိုသိကျွမ်းခြင်းနှင့် ကျေးဇူးတော်၌ကြီးပွားနေပါက၊ ခရစ်တော်၏အသက်တာနှင့်စာရိတ္တကို သာ၍သိကျွမ်းခြင်းရှိဖို့ရန် အခွင့်အရေးတိုင်းကို သင်သည်တိုးတက်အောင် ပြုလုပ်လိမ့်မည်။

သင့်ကယ်တင်ရှင်၏အပြစ်အနာအဆာကင်းသောအသက်တာနှင့် အကန့်အသတ်မရှိသောမေတ္တာတော်ကို သင်သည်ဆင်ခြင်အောက်မေ့၍ ပိုမို သိကျွမ်းလာသောအခါ၊ သခင်ယေရှု၌ယုံကြည်ခြင်းသည် ကြီးပွားလာလိမ့်မည်။ သခင်ယေရှု၏တပည့်တော်ဖြစ်သည်ဟု ဝန်ခံနေစဉ် သင်သည် ကိုယ်တော်အ ထံတော်မှဝေးကွာလျက်နေ၍ ကိုယ်တော်၏သန့်ရှင်းသောဝိညာဉ် တော်အားဖြင့် ကျွေးမွေးထောက်ပံ့ခြင်းမရှိပါက၊ ထိုထက်ပို၍သင်သည် ဘုရားသခင်၏ဂုဏ်ကို ပျက်စေနိုင်သည်မဟုတ်။ သင်သည် ကျေးဇူးတော်၌ ကြီးပွားနေပါက၊ ဘာသာ ရေးဆိုင်ရာစည်းဝေးပွဲများကို တက်ရောက်ဖို့ရန် နှစ်သက်မည်။ ပရိသတ်ရှေ့၌ ခရစ်တော်ကိုချစ်ကြောင်း ဝမ်းမြောက်စွာသက်သေ ခံလိမ့်မည်။ ဘုရားသခင် သည် မိမိ၏ကျေးဇူးတော်ဖြင့်၊ လူငယ်ကိုပညာ သတိရှိစေ၍၊ ကိုယ်တော်သည် ကလေးသူငယ်တို့အား အသိပညာနှင့်ဗဟုသုတ ကိုပေးနိုင်လိမ့်မည်။သူတို့သည် နေ့စဉ်ကျေးဇူးတော်၌ ကြီးပွားနိုင်သည်။ သင်၏ယုံကြည်ခြင်းကို သင်၏ခံစား ခြင်းများဖြင့် တိုင်းထွာ၍မရပေ။

## စိတ်နှလုံးကိုစစ်ဆေးခြင်း

သင်၏စိတ်နှလုံးနှင့်ဘုရားသခင်အား သင်၏နှစ်သက်မြတ်နိုးခြင်း များသည် မည်သည့်အခြေအနေ၌ရှိနေကြောင်းကို သေချာစွာစစ်ဆေးပါ။ ယနေ့နှင့်ဆိုင်သော အဖိုးထိုက်တန်သည့်အချိန်များကို ကျွန်ုပ်သည် ကျွန်ုပ် အဖို့ရှင်မြူးခြင်းရှိစေနိုင်ဖို့ရန် အသုံးပြုနေသလား။ သို့မဟုတ် ကျွန်ုပ်သည် အခြားသောသူများကိုပျော်ရွှင်အောင် ပြုလုပ်နေသလား။ ကျွန်ုပ်နှင့်ဆက်သွယ် လျက်နေသောသူတို့အား ဘုရားသခင်ကိုပို၍ကြည်ညိုရန်နှင့် ထာဝစဉ်တည် သောအရာများကို နှစ်သက်ခြင်းရှိရန် ကျွန်ုပ်သည် မစနေသလား။ ကျွန်ုပ်သည် ကျွန်ုပ်၏ဘာသာတရားကို ကျွန်ုပ်၏အိမ်တွင်းသို့ယူဆောင်လာ၍၊ ထိုနေရာ၌ ခရစ်တော်၏ကျေးဇူးတော်ကို ကျွန်ုပ်၏စကားများ၊ အနေအထိုင်အားဖြင့် ပြသနေသလား။ ကျွန်ုပ်သည် ရိုသေစွာနားထောင်ခြင်းဖြင့်၊ ကျွန်ုပ်၏မိဘ

များကို ဂုဏ်ပြုနေသလား။ ဤနည်းဖြင့် ပဥ္စမပညတ်တော်ကိုစောင့်နေသလား။ ကျွန်ုပ်သည် နေ့စဉ်နေ့တိုင်းလုပ်ကိုင်ရမည့် အတိုအထွာကိစ္စကလေးများကို ဝမ်းမြောက်ဝမ်းသာစွာဖြင့်လက်ခံ၍ သစ္စာရှိစွာဆောင်ရွက်လျက် အခြားသော သူများတို့၏ဝန်ထုပ်များကို ပေါ့စေသလား။ ကျွန်ုပ်၏နှုတ်ခမ်းများကို မကောင်း မှုမှကင်းရှင်းစေ၍ လျှာကိုလည်း၊ ကောက်ကျစ်စဉ်းလဲသောစကား များပြောဆို ခြင်းမှ ပိတ်ပင်ထားသလား။ ထာဝရအသက်သည် ကျွန်ုပ်၏လက်လှမ်းမီရာ၌ ရှိစေခြင်းငှာ မိမိအသက်ကိုစွန့်တော်မူသော ကျွန်ုပ်၏ ကယ်တင်ရှင်ခရစ်တော် ကို ကျွန်ုပ်သည်ဂုဏ်ပြုသလား။

## စောင့်မျှော်၍ဆုတောင်းခြင်း

ချစ်သောလူငယ်၊ ရန်သူ၏မည်သည့်စုံစမ်းနှောင့်ယှက်ခြင်းမျိုးမဆို တားဆီးဖို့ရန် သင့်အားခွန်အားနှင့်ကျေးဇူးတော်ပေးမည်အကြောင်း နေ့၏ အစပြုချိန်၌ သခင်ယေရှုထံသို့ စိတ်အားထက်သန်စွာဆုတောင်းဖို့ရန် ပျက်ကွက် ခြင်းမရှိပါနှင့်။ သင်သည် ယုံကြည်ခြင်းနှင့်နှောင်တသံဝေဂရသော အသက် ဝိညာဉ်အနေဖြင့် စိတ်အားထက်သန်စွာဆုတောင်းခဲ့လျှင်၊ ကိုယ်တော်သည် သင် ၏ဆုတောင်းခြင်းကို နားညောင်းတော်မူလိမ့်မည်။ သို့သော်လည်း သင်သည် စောင့်မျှော်ရမည်။ ဆုလည်းတောင်းခံရမည်။ သခင်ယေရှုမိန့်တော်မူသည်မှာ၊ "တောင်းကြလော့၊ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါး ကိုခေါက်ကြလော့၊ ခေါက်လျှင်ဖွင့်မည်။ တောင်းသောသူမည်သည် ကားရ၏။ ရှာသောသူလည်းတွေ့၏။ ခေါက်သောသူအားလည်း တံခါးကိုဖွင့်၏။သားသည် မုန့်ကိုတောင်းလျှင် မိမိသားအားကျောက်ကိုပေးမည့်သူ၊ ငါးကိုတောင်းလျှင်မြွေ ကိုပေးမည့်သူ တစ်စုံတစ်ယောက်မျှ သင်တို့တွင်ရှိသလော။ သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ့်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည်

ဆုတောင်းသောသူတို့အား ကောင်းသောအရာကို သာ၍ပေးတော်မူမည် မဟုတ်လော။”

ကလေးသူငယ်များနှင့်လူငယ်များသည် သခင်ယေရှုအထံတော်သို့ သူတို့၏ဝန်ထုပ်များ၊ ရှုပ်ထွေးခြင်းများကို ယူဆောင်လာနိုင်ကြသည်။ ကိုယ်တော်သည် သူတို့၏တောင်းပန်ခြင်းကိုလက်ခံ၍ သူတို့လိုအပ်နေသော အရာများကိုပေးတော်မူမည်။ စိတ်ခွန်အားထက်သန်ခြင်းရှိပါ။ စိတ်ပြဋ္ဌာန်းခြင်းရှိပါ။ ဘုရားသခင်၏ကတိတော်ကိုတင်ပြပါ။ ထိုနောက် စိတ်၌ဒွိဟကင်းလျက်ယုံကြည်ပါ။ ဘုရားသခင်သည် အဖြေများကိုမပေးမီ၊ စိတ်၌ အထူးဖြစ်ပေါ်ခံစားရမည့်အရာများကို မစောင့်ပါနှင့်။ သင်သည် ကိုယ်တော်ထံမှတောင်းဆိုသောအရာကိုရပြီဟု မယုံကြည်မီ၊ သင့်အဖို့ ဘုရားသခင်သည် တစ်နည်းတစ်လမ်းအားဖြင့် လုပ်ဆောင်ပေးရမည်ဟု အမှတ်အသားတစ်ခုခုကိုမထားပါနှင့်။ ကိုယ်တော်၏စကားကိုယုံကြည်ပါ။ ကိစ္စတစ်ခုလုံးကို ကိုယ်တော်၏လက်တော်၌ထားပါ။ သင်၏ဆုတောင်းခြင်းကို ဂုဏ်ပြုလိမ့်မည်ဟု လုံးဝယုံကြည်ပါ။ ကောင်းကင်ဘုံရှင်အဖဘုရားသည် သင့်ကောင်းကျိုးအတွက် အချိန်ကိုက်နည်းလမ်းမှန်ဖြင့် အဖြေပေးလိမ့်မည်။ ထိုနောက် သင်ဆုတောင်းသည့်အတိုင်း၊ နေထိုင်လုပ်ကိုင်ပါ။ နှိမ့်ချလျက်လျှောက်သွားပါ။ ရှေ့သို့တိုးတက်သွားပါ။

“ထာဝရအရှင်ဘုရားသခင်သည် နေလည်းဖြစ်တော်မူ၏။ အကွယ်အကာလည်းဖြစ်တော်မူ၏။ ထာဝရဘုရားသည် ကျေးဇူးတော်နှင့်ဘုန်းအသရေကို ပေးတော်မူ၏။ ဖြောင့်မတ်စွာကျင့်သောသူတို့အား ကောင်းသောအရာကို ငြင်းပယ်တော်မမူ” ဆာလံ ၈၄း၁၁။

“ထာဝရဘုရား၏သန့်ရှင်းသူတို့၊ ထာဝရဘုရားကို ကြောက်ရွံ့ကြလော့၊ ကြောက်ရွံ့သောသူတို့၌ ဆင်းရဲခြင်းမရှိရာ၊ ခြင်္သေ့တို့သည် ဆင်းရဲငတ်မွတ်ခြင်းကိုခံရသော်လည်း ထာဝရဘုရားကိုရှာသောသူတို့၌ ကောင်းသောအရာတစ်စုံတစ်ခုမျှမလိုရာ” ဆာလံ ၃၄း၉၊၁၀။

"ကိုယ့်လျှာကိုမကောင်းသောအရာနှင့်ကင်းစေလော့။ နှုတ်ခမ်းလည်း မုသားစကားကိုမပြောစေနှင့်။ ဒုစရိုက်ကိုလွှဲရှောင်၍ သုစရိုက်ကိုပြုလော့။ သူတစ်ပါးနှင့်အသင့်အတင့်နေခြင်းကိုရှာ၍ မီအောင်လိုက်လော့။ ထာဝရဘုရား သည် ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူ၏။ သူတို့အော်ဟစ်သံကိုလည်း နားထောင်တော်မူ၏။ ဒုစရိုက်ကိုပြုသောသူတို့ကား မြေကြီးပေါ်မှာအောက်မေ့ စရာအမှတ်မျှမရှိစေခြင်းငှာ ပယ်ရှင်းမည်အကြောင်း ထာဝရဘုရားသည် မျက်နှာ ထားတော်မူ၏။ ဖြောင့်မတ်သောသူတို့သည် အော်ဟစ်သောအခါ၊ ထာဝရဘုရား သည်နားထောင်၍ သူတို့ကိုခပ်သိမ်းသောဆင်းရဲထဲက ကယ်လွှတ်တော်မူ၏။ ထာဝရဘုရားသည် ကျိုးပဲ့သောစိတ်ရှိသောသူတို့နှင့် နှလုံးကြေကွဲ သောသူတို့ ကို နီးတော်မူ၏။ နောင်တရ၍ စိတ်နှိမ့်ချသောသူတို့ကိုလည်း ကယ်တင်တော် မူ၏" ဆာလံ ၃၄း၁၃–၁၈။

သင်သည် မကောင်းမှုလုပ်ခြင်းကိုရပ်တန့်၍ ကောင်းမွန်စွာပြုလုပ် ပါက၊ ဤနေရာ၌ ကြွယ်ဝများပြားသောကတိတော်များရှိသည်။ ယောသပ်၊ ဒံယေလနှင့်မောရှေကဲ့သို့ သင်၏အသက်တာရည်ရွယ်ချက်ကို မြင့်မြင့်ထားပါ။ ထိုနောက် စာရိတ္တဆောက်တည်ခြင်း၏တန်ဖိုးကိုတွက်ချက်၍ အချိန်နှင့် ထာဝရကာလအဖို့ဆောက်လုပ်ပါ။

ကျွန်ုပ်တို့သည် အားနည်း၍ ဉာဏ်ပညာမရှိကြပေ။ သို့သော်လည်း၊ ဘုရားသခင်မိန့်တော်မူသည်မှာ၊ "သင်တို့တွင် တစ်စုံတစ်ယောက်သောသူ သည် ပညာကိုလိုလျှင်၊ ကဲ့ရဲ့ပြစ်တင်ခြင်းကိုပြုတော်မမူဘဲ၊ ခပ်သိမ်းသောသူ တို့အား စေတနာစိတ်နှင့်ပေးသနားတော်မူသော ဘုရားသခင်ကိုတောင်းစေ၊ တောင်းလျှင် ရလိမ့်မည်" ယာကုပ် ၁း၅။ စေ့စပ်ခြင်းရှိဖို့ရန် သင်ကြားပါ။ ဘုရားသခင်ကို ကိုင်ဆွဲရာ၌ လက်မလွှတ်ပါနှင့်။ ကိုယ်တော်၏အမှုတော် ဆောင်ရွက်ခြင်း၌ ကြိုးစားပါ။ သင်သည် သိုးသငယ်၏အသွေးတော်ဖြင့် အောင်မြင်သောသူဖြစ် လိမ့်မည်။

## ဘုရားသခင်အဖို့အကန့်အသတ်မရှိသောစွမ်းဆောင်နိုင်ခြင်းများ

ဤအလုပ်ကို သင့်အဖို့လုပ်ကိုင်ဆောင်ရွက်ရာ၌၊ သင်နှင့်ပေါင်းသင်းသောသူတို့အပေါ်၌ သင်၏ဩဇာသည် သက်ရောက်လျက်ရှိသည်။ အချိန်အခါလိုက်၍ ပြောဆိုသောစကားသည် အလွန်ကောင်းလှပေစွတကား။ မျှော်လင့်ခြင်း၊ ရဲရင့်ခြင်းနှင့် စိတ်ဆုံးဖြတ်ခြင်းကို မှန်ကန်သောဘက်သို့ပေးပါက အကျင့်စာရိတ္တပျက်စေမည့် အကျင့်ဓလေ့များနောက်သို့ပါသွားမည့်သူအဖို့ မည်မျှခွန်အားရရှိစေလိမ့်မည်နည်း။ ကောင်းသောကျင့်ဝတ်များကိုလိုက်နာ ဆောင်ရွက်ခြင်း၌ သင်၏မြဲမြံသောအကြံအစည်သည် အသက်ဝိညာဉ်များကို မှန်သောဘက်သို့ ဘက်ညီစေရာ၌ ဩဇာသက်ရောက်ခြင်းရှိလိမ့်မည်။

သင်သည် ကောင်းသောအရာကိုပြုလုပ်ခြင်း၌ နယ်နိမိတ်ကန့်သတ်ချက်ရှိမည်မဟုတ်ပေ။ သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင့်အသက်တာ၏စည်းကမ်းဥပဒေအဖြစ်ထား၍၊ သင်၏လှုပ်ရှားခြင်းများကို ယင်း၏ကျင့်ဝတ်များဖြင့် အုပ်ချုပ်ပြီးလျှင်၊ သင်၏တာဝန်ကိုပြည့်စုံစေရာ၌ အခြားသူများအဖို့ ကျိန်ခြင်းမဖြစ်စေဘဲ ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်စေလိမ့်မည်။ သင်၏အားထုတ်ခြင်း၌ အောင်မြင်ခြင်းအကျိုးကို ခံစားရမည်။ သင်သည် သင်၏ကိုယ်ကို ဘုရားသခင်နှင့်ဆက်သွယ်၍ထားသည်။သင်သည် အခြား သူများအဖို့ အလင်းသွားရာလမ်းကြောင်းဖြစ်လာသည်။ ခရစ်တော်နှင့်အတူ လုပ်ကိုင်ဆောင်ရွက်သောသူဖြစ်လာခြင်းဖြင့် သင်၌ဂုဏ်တက်ခဲ့ပြီး ကယ်တင်ရှင် ၏နှုတ်တော်မှ ကောင်းချီးပေးခြင်းခံရသည်ထက် သာ၍မြင့်မားသော ဂုဏ် ကျက်သရေမရှိတော့ပေ။ "သာဓုသစ္စာရှိသောငယ်သားကောင်း၊ သင်၏သခင်၏ ဘုန်းစည်းစိမ်၌ဝင်စားလော့။"

## မိမိကိုယ်ကိုအပ်ပေးခြင်း

ကယ်တင်ရှင်သည် ကွဲပြားနေသောဆောင်ရွက်ခြင်းကို လက်ခံမည် မဟုတ်ပေ။ ဘုရားသခင်၏အမှုတော်ဆောင်သည် နေ့စဉ်နေ့တိုင်း မိမိကိုယ်ကို

အပ်ပေးခြင်း၏အဓိပ္ပါယ်ကို သင်ကြားရမည်။ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လေ့ကျက်ရမည်။ အဓိပ္ပါယ်ကိုသင်ကြား၍၊ ကျင့်ဝတ်များကို နားထောင်ရမည်။ ဤနည်းဖြင့် သူသည် ခရစ်ယာန်၏အကောင်းဆုံး အဆင့်အတန်းကို ရောက်ရှိရမည်။ နေ့စဉ်နေ့တိုင်း ဘုရားသခင်သည် သူနှင့် လုပ်ကိုင်တော်မူ၍ နောက်ဆုံးစစ်ဆေးခံရမည့်အချိန်အတွက် စာရိတ္တကိုစုံလင် အောင် ပြုလုပ်တော်မူလျက်ရှိသည်။ နေ့စဉ်နေ့တိုင်း ယုံကြည်သောသူသည် လူတို့နှင့်ကောင်းကင်တမန်တို့ရှေ့၌ အမွန်မြတ်ဆုံးသောစမ်းသပ်ကြည့်ရှုခြင်းကို လုပ်ကိုင်နေ၍ ဧဝံဂေလိတရားသည် အပြစ်သို့ကျရောက်သောလူတို့အား မည်ကဲ့သို့ပြုလုပ်နိုင်ကြောင်း ပြသသည်။ Gospel Workers, p. 113.

–၀–

# လောကနှင့်တူခြင်း – ၃၃

ကျဉ်းသောလမ်း၌ လျှောက်သွားကြသောသူများသည် ခရီးလမ်းဆုံး၌ သူတို့တွေ့ဆုံကြမည့်ပျော်မွေ့ခြင်းများနှင့် ဝမ်းမြောက်ခြင်းအကြောင်းကို ပြောဆိုကြသည်။ သူတို့၏မျက်နှာပုံသည် မကြာမကြာ ဝမ်းနည်းလျက်ရှိသည်။ သို့တစေလည်း မကြာမကြာ သန့်ရှင်းစင်ကြယ်သော ဝမ်းမြောက်ခြင်းဖြင့် ရောင်ခြည်ထွက်လျက်ရှိသည်။ သူတို့သည် ကျယ်သောလမ်း၌ရှိသော သူတို့ ဝတ်ဆင်သကဲ့သို့ ဝတ်ဆင်ခြင်းမပြု။ သူတို့ကဲ့သို့စကားမပြော၊ သူတို့ကဲ့သို့ မပြုမူကြပေ။ သူတို့ကိုပုံစံပေးထားပြီး ဆင်းရဲဒုက္ခကိုလည်းကောင်း၊ ပူဆွေးခြင်းကိုလည်းကောင်း တွေ့ကြုံရသောလူသားသည် လူတို့အဖို့လမ်းကို ဖွင့်ပေး၍ မိမိကိုယ်တိုင် ထိုလမ်းသို့လျှောက်လိုက်ခဲ့လေသည်။ ကိုယ်တော်၏ နောက်လိုက်များသည် ကိုယ်တော်၏ခြေတော်ရာကိုတွေ့မြင်၍ နှစ်သိမ့်ခြင်း၊ဝမ်းမြောက်ခြင်းရှိကြသည်။ ကိုယ်တော်သည် လုံခြုံစွာသွားတော်မူခဲ့သည်။ ထိုနည်းတူစွာ သူတို့သည် ကိုယ်တော်၏ခြေရာတော်အတိုင်း လိုက်ပါသွားနိုင်ကြမည်။

## ကျယ်သောလမ်း

ကျယ်သောလမ်း၌ရှိသောသူများသည် သူတို့၏ကိုယ်ရေးကိုယ်တာ၊ သူတို့၏အဝတ်အစားများနှင့်ပျော်မွေ့ခြင်းများဖြင့် အလုပ်ရှုပ်နေကြသည်။ သူတို့သည် လွတ်လပ်စွာပျော်ရွှင်ခြင်း၊ ပျော်ပွဲလုပ်ခြင်းများကို လိုက်စားကြ၍ ခရီးလမ်း၏အဆုံးကိုလည်းကောင်း၊ လမ်းဆုံး၌ရှိသောပျက်စီးခြင်းကိုလည်းကောင်း မစဉ်းစားမိကြပေ။ သူတို့သည် နေ့စဉ်နေ့တိုင်း ပျက်စီးခြင်းနားသို့ နီးကပ်လျက်ရှိကြသည်။ သို့တစေလည်း၊ သူတို့သည် မိုက်ရူးရဲအနေဖြင့်၊ ရှေ့သို့လျင်မြန်စွာ တိုးတက်သွားနေကြသည်။ ဤမြင်ကွင်းသည် ကျွန်ုပ်တို့အဖို့ ကြောက်မက်ဖွယ်ရာကောင်းလှ၏။

ကြောက်မြားစွာသောသူတို့သည်၊ ဤကျယ်သောလမ်းပေါ်၌ ခရီးသွားလျက်ရှိကြရာ၊ သူတို့၏နဖူးပေါ်၌ "လောက၌သေပြီ" ဟု ရေးသားထားသည်ကို ကျွန်ုပ်တွေ့မြင်ရသည်။ "အားလုံးသောအရာတို့၏အဆုံးသည် ရောက်လျက်ရှိပြီ။ သင်တို့သည် အသင့်ပြင်ဆင်ခြင်းရှိကြလော့။ သူတို့သည် သူတို့၏နံဘေး၌ရှိကြသော လျှပ်ပေါ်သည့်သူတို့နှင့် တစ်ပုံစံတည်းဖြစ်ကြသည်။ ထူးခြားချက်မှာ၊ သူတို့မျက်နှာများ၌ ဝမ်းနည်းခြင်းရောင်ခြည်သန်းနေသည်ကို ကျွန်ုပ်တွေ့မြင်ရသည်။ သူတို့ပြောဆိုသောစကားများသည် သူတို့နံဘေး၌ ရှိသောသူများကဲ့သို့ ပျော်ရွှင်၊ စဉ်းစားဆင်ခြင်ခြင်းမရှိသော အခြေအနေ၌ ရှိသည်။ သို့သော်လည်း၊ သူတို့သည် ရံဖန်ရံခါ သူတို့၏ဝတ်စားတန်ဆာ များပေါ်၌ရှိသော စာတန်းများကိုညွှန်ပြ၍၊ အခြားသောသူများကိုလည်း သူတို့ ကဲ့သို့ဖြစ်ဖို့ရန် ပြောဆိုကြသည်။ သူတို့သည် ကျယ်သောလမ်း၌ရှိနေကြ သည်။ သို့တစေလည်း ကျဉ်းသောလမ်းပေါ်၌ ခရီးသွားနေသောသူအရေအတွက် ထဲ၌ပါဝင်သည်ဟု ပြောဆိုကြသည်။ သူတို့၏ပတ်ဝန်းကျင်၌ရှိသောသူတို့က "ကျွန်ုပ်တို့တွင် ခြားနားခြင်း မရှိဟု ပြောဆိုကြသည်။ ကျွန်ုပ်တို့သည် အတူတူ ပင်ဖြစ်သည်။ အဝတ်အစား ဆင်ယင်ခြင်း၊ စကားပြောဆိုခြင်းနှင့်လုပ်ကိုင်ခြင်း၌ ထပ်တူထပ်မျှပင်ဖြစ်သည်။"

ဥပုသ်စောင့်ရှောက်နေသည်ဟု ဝန်ခံသောသူအချို့တို့သည် လောကနှင့်တူနေကြောင်းကို ကျွန်ုပ်အားပြသပါသည်။ သူတို့ဝန်ခံသောအရာအတွက် ဂုဏ်ကျက်သရေပျက်စေ၍၊ ဘုရားသခင်အမှုတော်အတွက်လည်း ရှက်စရာကောင်းကြောင်းကို ကျွန်ုပ်တွေ့မြင်ရသည်။ သူတို့သည် သူတို့၏အတိအလင်း ဝန်ခံချက်ကို လိမ်လည်သောသူများဖြစ်ကြသည်။ သူတို့ကိုယ်ကိုလောကနှင့် မတူဟု သူတို့ထင်မြင်ကြသည်။ သို့သော်လည်း သူတို့၏ဝတ်စားဆင်ယင်ခြင်း၊ သူတို့၏စကားပြောဆိုခြင်း၊ လှုပ်ရှားခြင်းများသည် ထိုသူတို့နှင့်ခွဲခြား၍မရပေ။ သူတို့၏သနားစရာကောင်း၍ အမြဲမတည်သောခန္ဓာကိုယ်ကို တန်ဆာဆင်ကြသည်ကို ကျွန်ုပ်တွေ့မြင်ရသည်။ ဘုရားသခင်၏လက်တော်သည် အချိန်မရွေးသူတို့ကိုတို့တော်မူသောအခါ သူတို့သည် ကိုယ်၏

ဒုက္ခ၊ စိတ်၏ဒုက္ခဖြင့် အိပ်ရာပေါ်၌လဲနေကြမည်။ နောက်ဆုံး သူတို့၏ ပြောင်းလဲရမည့်အချိန်သို့ရောက်လာသောအခါ အမြဲမတည်သောကိုယ်၏ဒုက္ခ၊ စိတ်၏ဒုက္ခသည် သူတို့၏ခန္ဓာကိုယ်အရိုးစုကို ကိုင်လှုပ်၍မေးမြန်းခြင်းခံရမည့်မေးခွန်းမှာ၊ "ငါသည်သေဖို့ရန်အဆင့်သင့်ရှိပြီလား။ တရားစီရင်ခြင်းခံဖို့ရန်၊ ဘုရားသခင်၏ရှေ့တော်၌ပေါ်လာဖို့ရန် ပြင်ဆင်ခြင်းရှိပြီလား" ဟူသောမေးခွန်းပင်ဖြစ်သည်။

သူတို့၏ကိုယ်ခန္ဓာကိုတန်ဆာဆင်ယင်ခြင်း၌ မည်ကဲ့သို့ခံစားခြင်းရှိကြောင်းကို မေးကြည့်ပါ။ ဘုရားသခင်၏ရှေ့တော်၌ပေါ်လာဖို့ရန် မည်သည့်ပြင်ဆင်ခြင်းမျိုးပြုရမည့်အကြောင်းကို သူတို့သိမြင်တတ်ခြင်းရှိခဲ့လျှင်လည်းကောင်း၊ သူတို့သည် အတိတ်ကာလကိုပြန်၍နေထိုင်နိုင်ဖို့ရန် အခွင့်ရရှိခဲ့လျှင်လည်းကောင်း၊ သူတို့သည် သူတို့၏အသက်တာ၏အမှားများကိုပြင်ဆင်၍ လောကီ၏မိုက်မဲခြင်းများကိုရှောင်ရှားခြင်း၊ လောကီ၏အချည်းနှီးဖြစ်ခြင်း၊ ဝါကြွားခြင်းများကိုပယ်ရှားပြီးလျှင် သူတို့ပတ်ဝန်းကျင်၌ နေထိုင်ကြသောသူတို့အား ပုံသက်သေဖြစ်စေမည်ဟု သူတို့သည် သင့်ကိုပြောဆိုကြမည်။ သူတို့သည် ဘုရားသခင်၏ဘုန်းတော်ထွန်းတောက်ဖို့ရန် နေထိုင်ကြမည်။

မိမိကိုယ်ကိုငြင်းပယ်၍ နှိမ့်ချသောအသက်တာနှင့်နေထိုင်ဖို့ရန် အဘယ်ကြောင့်ခဲယဉ်းသနည်း။ အကြောင်းမှာ ခရစ်ယာန်ဟုခေါ်ဆိုသောသူများသည် ကမ္ဘာကြီးကိုမစွန့်ပစ်နိုင်ကြပေ။ ကျွန်ုပ်တို့သည် သေဆုံးပြီးမှ အနေရချောင်ချိသည်။ သို့သော်လည်း အများသောသူတို့သည် အီဂျစ်ပြည်၏ကြက်သွန်ဖြူနှင့်ကြက်သွန်နီများကို တောင့်တနေကြသည်။ သူတို့၌ အဝတ်အစားဝတ်ဆင်ရန် သဘောအလိုရှိကြ၍ လောက၌ရှိသောသူများကဲ့သို့ ပြုမူလိုကြသည်။ ကောင်းကင်ဘုံသို့လည်း တက်လိုကြသည်။ ထိုကဲ့သို့သောသူများသည် အခြားလမ်းဖြင့်တက်ကြသည်။ သူတို့သည် ဖြောင့်၍ကျဉ်းမြောင်းသောလမ်းဖြင့်မဝင်ကြပေ။

ထိုကဲ့သို့သောသူများ၌ ဆင်ခြေပေးစရာမရှိပေ။ အများသောသူတို့သည် ဩဇာတန်ခိုးရရှိဖို့ရန် လောကီဆန်ဆန်ဝတ်ဆင်ကြသည်။ သူတို့သည်

ဤနေရာ၌ အကျိုးပျက်စီး၍ ဝမ်းနည်းဖွယ်ရာကောင်းသောအမှားကို ပြုလုပ်ကြသည်။ သူတို့၌မှန်ကန်၍ ကယ်ဆယ်နိုင်သောသြဇာရှိပါက၊ သူတို့၏ယုံကြည်ခြင်းကို ဝန်ခံသည့်အတိုင်း နေထိုင်ကြပါစေ။ သူတို့၏ယုံကြည်ခြင်းကို ဖြောင့်မတ်သောအလုပ်များဖြင့် ပြကြပါစေ။ ခရစ်ယာန်နှင့်လောကခြားနားခြင်း၌ ကြီးကျယ်ကြောင်းပြုလုပ်ကြပါစေ။ ပြောဆိုသောစကားများ၊ ဝတ်ဆင်ခြင်းများနှင့် လှုပ်ရှားခြင်းများသည် ဘုရားသခင်အကြောင်းပြောပြဖို့သင့်ကြောင်း ကျွန်ုပ်တွေ့မြင်သည်။ ထိုနောက် သန့်ရှင်းသောသြဇာညောင်းမှုသည် အားလုံးတို့အပေါ်သို့သက်ရောက်၍၊ သူတို့သည် သခင်ယေရှုနှင့်ရှိကြပြီဖြစ်ကြောင်း အသိဥာဏ်ရရှိကြလိမ့်မည်။ ကျွန်ုပ်တို့ယုံကြည်ဝန်ခံသောသမ္မာတရား၌ သန့်ရှင်းသောသြဇာသက်ရောက်ခြင်းရှိ၍ ခရစ်တော်ကြွလာတော်မူခြင်း၏ယုံကြည်ခြင်းသည် ယောကျ်ား (သို့မဟုတ်) မိန်းမတို့၏စာရိတ္တကို ထိခိုက်ခြင်းရှိသည်။ သမ္မာတရားအစား သူတို့သြဇာညောင်းမှုကို ပြောပြဖို့ရန်အလိုရှိပါက၊ အသက်တာ၌နေပြပါ။ ဤနည်းဖြင့် နှိမ့်ချသောပုံစံတော်ကိုအတုယူကြသည်။

## သခင်ယေရှုကြွလာတော်မူဖို့အတွက်ပြင်ဆင်ခြင်း

ဘုရားသခင်သည် မာနထောင်လွှားခြင်းကို မုန်းတီးတော်မူ၍ မာနထောင်လွှားသောသူအားလုံးတို့နှင့် ဆိုးညစ်စွာပြုလုပ်သောသူအားလုံးတို့သည် ကောက်ရိုးပြတ်ဖြစ်၍၊ မီးလောင်ကျွမ်းသောနေ့ရက်ရောက်လိမ့်မည်။ တတိယကောင်းကင်တမန်၏သတင်းစကားကိုယုံကြည်သည်ဟု ဝန်ခံသောသူတို့၏စိတ်နှလုံး၌ ၎င်းသတင်းစကားသည် ဖောင်းကြွသောတဆေးကဲ့သို့ ပြုလုပ်ဖို့ရန်ရှိ၏။ သူတို့၏မာနထောင်လွှားခြင်း၊ ကိုယ်ကျိုးရှာဖွေခြင်း၊ တပ်မက်မောခြင်းနှင့် လောကကိုချစ်ခြင်းများကို ဆေးကြောပစ်လိမ့်မည်။

သခင်ယေရှုသည် ကြွလာတော်မူလိမ့်မည်။ လောကီပုံသဏ္ဍာန်ကိုဆောင်သောလူတစ်စုကို ကိုယ်တော်သည် တွေ့မြင်တော်မူလိမ့်မည်လား။

မိမိအဖို့သန့်စင်အောင်ပြုလုပ်ထားသော မိမိ၏လူများဖြစ်သည်ဟု ကိုယ်တော်သည် အသိအမှတ်ပြုမည်လား။ အသိအမှတ်ပြုမည်မဟုတ်ပေ။ စင်ကြယ်၍ သန့်ရှင်းသောသူများကိုသာလျှင် ကိုယ်တော်၏လူအဖြစ် အသိအမှတ်ပြုတော်မူမည်။ သန့်စင်အောင်ဆေးကြောပြီး၍ ဒုက္ခခံစားရခြင်းအားဖြင့် ဖြူစင်ခြင်းသို့ရောက်သောသူတို့သည် သူတို့ကိုယ်ကိုခွဲခြားထား၍၊ လောက၏အစွန်းအကွက်မရှိလျှင်၊ ကိုယ်တော်၏လူများအဖြစ် ပိုင်ဆိုင်တော်မူလိမ့်မည်။

နူးညံ့သိမ်မွေ့၍၊ နှိမ့်ချသောသခင်ယေရှုကိုယုံကြည်သည်ဟု ဝန်ခံကြသော ကိုယ်တော်၏တပည့်တော်များသည် မယုံကြည်သောသူများနှင့် နာမည်မှလွဲ၍၊ ထင်ရှားခြားနားချက်များကို မတွေ့မြင်ရဘဲ၊ ဘုရားသခင်၏လူများသည် လောကနှင့်တူနေခြင်း၏ကြောက်မက်ဖွယ်ရာအချက်ကို ကျွန်ုပ်သည် တွေ့မြင်ရသောအခါ၊ ကျွန်ုပ်၏အသက်ဝိညာဉ်၌ စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခကြီးကျယ်စွာရောက်ရှိခဲ့ပါသည်။ သခင်ယေရှုကို ဒဏ်ရာရရှိစေ၍ အများသူတို့ရှေ့၌အရှက်ခွဲခံရသည်ကို ကျွန်ုပ်တွေ့မြင်ရသည်။ ကောင်းကင်တမန်သည် ဘုရားသခင်ကိုယုံကြည်သောသူများ လောကကိုချစ်၍၊ ၎င်း၏သဘောမျိုးကိုဆက်ဆံနေခြင်းကို မြင်ရသောအခါ၊ ဝမ်းနည်းစွာဖြင့်ပြောဆိုသည်မှာ၊ "အဆက်ဖြတ်၍လွတ်လော့၊ အဆက်ဖြတ်၍လွတ်လော့၊ သို့မဟုတ် ကိုယ်တော်သည် သင့်ကိုမြို့အပြင်၌ ဖာရိရှဲနှင့်မယုံကြည်သောသူတို့နှင့်အတူ သင်နှင့်သင့်အပိုင်းကို ချထားလိမ့်မည်။ သင်၏ယုံကြည်ခြင်းသည် သင့်အားပို၍ ကိုယ်ဒုက္ခ၊ စိတ်ဒုက္ခရောက်စေလိမ့်မည်။ သင်ခံရမည့်ပြစ်ဒဏ်သည် သာ၍ကြီးလိမ့်မည်။ အကြောင်းမူကား၊ သင်သည် ကိုယ်တော်၏အလိုဆန္ဒကို သိသော်လည်း လျှောက်လိုက်ခြင်းမရှိပေ။"

တတိယကောင်းကင်တမန်၏သတင်းစကားကို ယုံကြည်ဝန်ခံသောသူတို့သည် ပေါ့ပေါ့ဆဆ၊ ပြောင်လှောင်၊ အမှုမထားခြင်းဖြင့် ဘုရားသခင်၏အမှုတော်ကို နစ်နာစေကြသည်။ ဤမကောင်းမှုသည် ကျွန်ုပ်တို့အားလုံးတို့တွင်ရှိနေကြောင်း ကျွန်ုပ်အားပြသပါသည်။ ဘုရားသခင်၏ရှေ့တော်၌နှိမ့်ချခြင်းရှိသင့်ကြောင်းကို ကျွန်ုပ်တွေ့မြင်ရသည်။ ဣသရေလလူမျိုးတို့၏ဘုရားသည်

အဝတ်ကိုမဟုတ်၊ စိတ်နှလုံးကိုဆုတ်ဖြဲခြင်းပြုသင့်သည်။ ကလေးကဲ့သို့ရိုးသား ခြင်းတွေ့မြင်ရခဲ၏။ ဘုရားသခင်နှစ်သက်တော်မူခြင်းမရှိသည်ထက် လူတို့၏ ချီးမွမ်းခံရခြင်းကို ပို၍ဂရုစိုက်ကြသည်။

ကောင်းကင်တမန်ကပြောဆိုသည်မှာ၊ "ကိုယ်၏စိတ်နှလုံးကိုစီရင်လော့။ သို့မဟုတ် ကိုယ်တော်သည် တရားစီရင်ခြင်းဖြင့် သင့်ထံသို့လာ ရောက်တော်မူ၍ သင်၏ချည်မျှင်ကဲ့သို့ ကျိုးပဲ့လွယ်သောအသက်တာကို ဖြတ်တောက်သော ကြောင့် သင်သည် သင်္ချိုင်း၌အမိုးအကာမရှိလဲလျောင်းနေ၍ တရားစီရင်ခြင်းအ တွက် ပြင်ဆင်ခြင်းမရှိဘဲနေလိမ့်မည်။ သို့မဟုတ် သင်၏ အိပ်ရာကို သင်္ချိုင်း၌ မခင်းထားပါက၊ ဘုရားသခင်နှင့်လျင်မြန်စွာငြိမ်းချမ်းရေး ကိုမပြုလုပ်၊လောကမှ သင့်ကိုယ်ကိုဖြတ်တောက်ခြင်းမပြုခဲ့လျှင်၊ သင်၏ စိတ်နှလုံးသည် ပို၍မာကျော လာပြီးနောက်၊ မှားယွင်းရာဘက်သို့ ယိမ်းယိုင် လျက်နေလိမ့်မည်။ တည်မြဲ သောမျှော်လင့်ခြင်း၌ အတည်တကျဖြစ်ဖို့ သင်၏ အမှားကို အချိန်လွန်မှတွေ့ မြင်လိမ့်မည်။ Testimonies for the Church, vol 1, pp. 127-134.

## မည်သည့်အကျိုးကျေးဇူးရှိသနည်း

ခရစ်တော်သည် လူတိုင်းတို့အား စဉ်းစားဆင်ခြင်ရန်ခေါ်တော်မူ သည်။ ရိုးသားသောတွက်ချက်ခြင်းကိုပြုပါ။ ချိန်ခွင်တစ်ဘက်၌ ထာဝစဉ် ဘဏ္ဍာဖြစ် သော သခင်ယေရှု၊ အသက်တာ၊ သမ္မာတရား၊ ကောင်းကင်ဘုံ၊ အသက်ဝိ ညာဉ်များ၊ ကယ်တင်ခြင်းရသောကြောင့် ခရစ်တော်၏ဝမ်းမြောက် ခြင်းများ ကိုထည့်ပါ။ ချိန်ခွင်၏နောက်တစ်ဘက်၌ လောကကပေးနိုင်သော ဆွဲဆောင်မှု ဟူသမျှကို ထည့်ထားပါ။ နောက်ချိန်ခွင်တစ်ခု၏တစ်ဘက်၌ သင်ကိုယ်တိုင် ဆုံးရှုံးသော သင်၏အသက်ဝိညာဉ်၊ ကယ်တင်ခြင်းရရှိဖို့ရန် သင်ကိုယ်တိုင် မစခြင်းပေးနိုင်သော်လည်း မပေးခဲ့၍ပျောက်ဆုံးသောဝိညာဉ် များထည့်ထား၍ နောက်တစ်ဘက်၌ ဘုရားသခင်၏အသက်တာနှင့် တိုင်းထွာ

နိုင်သောသင့်အသက်တာနှင့် သူတို့အသက်တာကိုလည်းထည့်ထားပါ။ အချိန်နှင့် ထာဝရကာလအဖို့ ချိန်တွယ်ကြည့်ပါ။ သင်သည် ဤကဲ့သို့လုပ်ကိုင်နေစဉ်၊ သခင်ယေရှုမိန့်တော်မူသည်မှာ “လူသည် ဤစကြဝဠာကိုအကြွင်းမဲ့အုပ်စိုးရသော်လည်း မိမိအသက်ဝိညာဉ်ဆုံးရှုံးလျှင် အဘယ်အကျိုးကျေးဇူးရှိသနည်း။’

ကျွန်ုပ်တို့သည် လောကအစား ကောင်းကင်နိုင်ငံတော်ကိုရွေးချယ်ဖို့ရန် ဘုရားသခင်အလိုဆန္ဒရှိတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ရှေ့၌ ကောင်းကင်နိုင်ငံနှင့်ဆိုင်သော ရင်းနှီးခြင်းပြုလုပ်နိုင်သောလမ်းများကို ဖွင့်ထားသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အမြင့်မားဆုံးသောရည်ရွယ်ချက်များကို အားပေးတော်မူ၍၊ ကျွန်ုပ်တို့၏လက်ရွေးစင်ဘဏ္ဍာများကို လုံခြုံမှုပေးတော်မူမည်။ “လူသည် ရွှေစင်ထက်အဖိုးထိုက်မည်အကြောင်း၊ ဆင်းရဲသားသည် ဩဖိရရွှေကျောက်ထက် အဖိုးထိုက်မည်အကြောင်းငါပြုမည်” ဟု ကိုယ်တော်မိန့်တော်မူသည်။ ဥစ္စာဘဏ္ဍာများကို ပိုးရွဖျက်ဆီး၍၊ သံချေးသည် စားသွားသောအခါ၊ ခရစ်တော်၏နောက်လိုက်များသည် သူတို့၏ကောင်းကင်ဘဏ္ဍာ၌ ဝမ်းမြောက်နိုင်ကြသည်။ ၎င်းဘဏ္ဍာများသည် မပျက်စီးနိုင်ပေ။
Christ’s Object Lessons, p. 374.

–o–

# ခရစ်ယာန်ဗဟုသုတအစစ်အမှန် – ၃၄

လူငယ်၌ လုံးဝပြောင်းလဲခြင်းနှင့်၊ လုံးလုံးလျားလျား သဘောပြောင်းခြင်းမရှိပါက သူတို့သည် ကောင်းကင်ဘုံအဖို့ စိတ်ပျက်စရာဖြစ်မည်ကို ကျွန်ုပ်တွေ့မြင်ရသည်။ ဘာသာတရားနှင့် သမ္မာတရားကိုယုံကြည်ပါသည်ဟု လက်ခံသောလူငယ်များထဲမှ မှန်ကန်သောပြောင်းလဲခြင်းရှိသည့် လူငယ်များ အရေအတွက်အားလုံး၏ထက်ဝက်မျှမရှိကြောင်းကို ကျွန်ုပ်အားပြသခဲ့သည်။ သူတို့၌ပြောင်းလဲခြင်းရှိပါက၊ သူတို့သည် ဘုရားသခင်၏ဘုန်းတော်၌အသီးများကိုသီးမည်။ အများသောသူတို့၌ မှန်ကန်သောအုတ်မြစ်မရှိ။ ထင်မြင်သောမျှော်လင့်ခြင်းအပေါ်၌ မှီခိုအားထားနေကြသည်။ စမ်းရေတွင်းသည် ဆေးကြောခြင်းမရှိ၊ သို့ဖြစ်၍ ထိုစမ်းရေတွင်းမှစီးဆင်းရသောစမ်းရေသည် ကြည်လင်ခြင်းမရှိပေ။ စမ်းရေတွင်းကိုဆေးကြောပါ။ စမ်းချောင်းများသည် ကြည်လင်နေလိမ့်မည်။

သင်၏စိတ်နှလုံးသည် မှန်ကန်ပါက၊ သင်၏စကားများ၊ သင်၏အဝတ်အစားများ သင်၏လှုပ်ရှားခြင်းများသည် မှန်ကန်ခြင်းရှိလိမ့်မည်။ မှန်ကန်သောဘုရားဝတ်၌မွေ့လျော်ခြင်းသည် ချို့တဲ့လျက်ရှိသည်။ သတိမရှိ၊ သိမ်ဖျင်း၍ ဆုတောင်းခြင်းမရှိသောသူကို ခရစ်ယာန်တစ်ယောက်ဖြစ်သည်ဟု ဝန်ခံခြင်းဖြင့် ကျွန်ုပ်၏သခင်ကို ကျွန်ုပ်သည် ဂုဏ်အသရေပျက်စေမည်မဟုတ်။ မဟုတ်ပေ၊ ခရစ်ယာန်တစ်ယောက်သည် သူ့ကိုကာရံထားသောအရာများ၊ တပ်မက်မောခြင်းများကို အောင်မြင်သောသူတစ်ယောက်ဖြစ်သည်။ အပြစ်ဖျား၊ ဖျားနာနေသောအသက်ဝိညာဉ်အဖို့ ပျောက်ကင်းစေသောအရာရှိသည်။ ထိုပျောက်ကင်းစေသောဆေးသည် သခင်ယေရှုပင်ဖြစ်သည်။ အဖိုးထိုက်တန်သောကယ်တင်ရှင်၊ ကိုယ်တော်၏ကျေးဇူးတော်သည် ခွန်အားအနည်းဆုံးသောသူအဖို့ လုံလောက်ပေသည်။ အသန်စွမ်းဆုံးသောသူ၌ ကိုယ်တော်၏ကျေးဇူးတော်ရှိရမည်၊ သို့မဟုတ် ပျက်စီးဆုံးရှုံးသွားလိမ့်မည်။

## ကယ်တင်တော်မူသောကျေးဇူးတော်

ဤကျေးဇူးတော်ကို မည်ကဲ့သို့ရရှိနိုင်ကြောင်း ကျွန်ုပ်တွေ့မြင်သည်။ သင်၏လုံခြုံသောအခန်းငယ်ထဲသို့ဝင်၍၊ ထိုနေရာ၌ တစ်ဦးတည်းဘုရားသခင်အားလျှောက်ပါ။ "အိုဘုရားသခင်၊ အကျွန်ုပ်ထဲ၌ စင်ကြယ်သောနှလုံးကို ဖန်ဆင်းတော်မူပါ။ မြဲမြဲတည်ကြည်သောသဘောကို အသစ်ပြုပြင်တော်မူပါ။" စိတ်အားထက်သန်ခြင်းရှိပါ။ ရိုးသားခြင်းရှိပါ။ အရှိန်ကြီးသောပတ္တနာသည် အလွန်တန်ခိုးပါ၏။ ယာကုပ်ကဲ့သို့ ဆုတောင်းခြင်းဖြင့်လုံးပန်းပါ။ ပြင်းစွာနာကျင်ခြင်းရှိပါ။ သခင်ယေရှုသည် ဥယျာဉ်ထဲ၌သွေးကဲ့သို့ချွေးသီးများကျခဲ့သည်။ သင်သည်ကြိုးစားအားထုတ်ရမည်။ သင်၏လုံခြုံသောအခန်းငယ်ထဲမှ သင်သည် ဘုရားသခင်၌သန်စွမ်းခြင်းမရှိမချင်း မထွက်ပါနှင့်၊ ထိုနောက်စောင့်မျှော်ပါ။ သင်သည် တတ်နိုင်သရွေ့ စောင့်မျှော်ဆုတောင်းပြီးနောက်၊ ဤမကောင်းသောတားဆီးခြင်းများကို အောက်၌ထားနိုင်ပါက၊ သင်၌ဘုရားသခင်၏ကျေးဇူးတော်သည် ပေါ်လာနိုင်လိမ့်မည်။

သင့်ကိုသတိပေးခြင်း၌ရပ်စဲရန် ဘုရားသခင်သည် ကျွန်ုပ်ကိုဆီးတားခြင်းမပြုပါစေနှင့်။ ငယ်ရွယ်သောမိတ်ဆွေများတို့၊ ဘုရားသခင်ကို သင်တို့၏စိတ်ရှိသမျှနှင့်ရှာဖွေပါ။ ဖွဲ့နှင့်လာပါ။ ဘုရားသခင်သည် မစခြင်းမပေးပါက သင်သည်ပျက်စီးလိမ့်မည်ဟု ရိုးသားစွာသိမြင်လျှင်၊ သမင်ဒရယ်သည် ချောင်းရေကိုတောင့်တသကဲ့သို့ သင်သည် ကိုယ်တော်၌တောင့်တခြင်းရှိလျှင်၊ ဘုရားသခင်သည် သင့်ကိုလျင်မြန်စွာခွန်အားပေးလိမ့်မည်။ ထိုနောက် သင်၏ငြိမ်သက်ခြင်းသည် အားလုံးသောနားလည်ခြင်းကို ကျော်လွန်သွားလိမ့်မည်။ သင်သည် ကယ်တင်တော်မူခြင်းကိုမျှော်လင့်လျက် ဆုတောင်းရမည်။ အချိန်ယူပါ။ သင်၏ဆုတောင်းခြင်းများ၌ အလျင်တဆောနှင့်ပေါ့လျော့ခြင်းမရှိပါစေနှင့်။ ကိုယ်တော်၏ဝိညာဉ်တော်အသီးများသည် သင်၌ရှိနေ၍ သင်သည် လောက၌အလင်းကဲ့သို့ ထွန်းလင်းခြင်းရှိနိုင်ဖို့ရန်၊ သင့်ကိုကုန်စင်အောင်ပြုပြင်ပြောင်းလဲခြင်းလုပ်ကိုင်ပေးဖို့ ဘုရားသခင်အထံတော်၌ တိုးလျှိုး

တောင်းပန်ပါ။ ဘုရားသခင်၏အမှုတော်အဖို့ နှောင့်နှေးခြင်း (သို့မဟုတ်) ကျိန်ခြင်းမဖြစ်ပါစေနှင့်။ သင်သည် ကူညီမစခြင်းဖြစ်နိုင်သည်။ ကောင်းချီး မင်္ဂလာတစ်ခုဖြစ်နိုင်သည်။ သင်သည် ကယ်တင်ခြင်းကို ပြည့်စုံစွာမခံစား နိုင်ဟု စာတန်သည်သင့်အားပြောသလား။ သူ့ကိုမယုံကြည်ပါနှင့်။

## ပထမခြေလှမ်းများ

ဘုရားသခင်၏နက်ရှိုင်းသော ဝိညာဉ်တော်လှုပ်ရှားခြင်းများကိုခံစားဖို့ရန် ခရစ်ယာန်တိုင်းတို့၏အခွင့်အရေးဖြစ်သည်။ ချိုသာသော ကောင်းကင်ဘုံ၏ ငြိမ်သက်ခြင်းသည် စိတ်၌ပြည့်ဝနေ၍၊ သင်သည် ဘုရားသခင်နှင့်ကောင်းကင် ဘုံအပေါ်၌ ဘဝင်ကျ၍နေလိမ့်မည်။ သင်သည် ကိုယ်တော်၏ဘုန်းတော်နှင့် ကြွယ်ဝသော ကိုယ်တော်၏နှုတ်ကပတ်တော်ကတိတော်များ၌ နှစ်သက် ရောင့်ရဲ ခြင်းရှိလိမ့်မည်။ သို့သော်လည်း သင်သည် ခရစ်ယာန်သွားရမည့် လမ်းကို အစပြုနေကြောင်းကို ပထမသိရမည်။ ထာဝရအသက်တာနှင့်ဆိုင် သောလမ်း၌ ပထမခြေလှမ်းများချနေကြောင်းကို သိမြင်နားလည်ပါ။ လိမ်လည် လှည့်ဖြား ခြင်းမခံပါနှင့်။ ဘာသာတရားသည် မည်ကဲ့သို့သောအရာဖြစ်ကြောင်းကို အများ သောသင်တို့သည် နားမလည်ကြပေ။ သင်တို့၌စိတ်ထကြွခြင်း၊ စိတ်လှုပ်ရှား ခြင်းရှိကြ၏။ သို့သော်လည်း အပြစ်သည်မည်မျှကြီးကြောင်းကို သင်တို့မတွေ့ မြင်ဖူးကြပေ။ သင်၏မရေရာသောအခြေအနေကို သင်သည် တစ်ခါမျှမသိရှိခဲ့ ပေ။ ခါးသီးစွာနောင်တရခြင်းဖြင့် မကောင်းသောလမ်းများမှလည်း စွန့်ပစ် ထွက်ခွာခြင်းမရှိခဲ့ပေ။ သင်သည် လောကကိုစွန့်ပစ်ခြင်း တစ်ခါမျှမရှိခဲ့ပေ။ လောက၏ပျော်မွေ့ခြင်းများကို သင်သည် နှစ်သက်လျက် ပင်ရှိသေး၏။ လောကနှင့်ဆိုင်သောအကြောင်းအရာများကို သင်သည်ပြောဆို လိုသည်။ သို့သော်လည်း ဘုရားသခင်၏သမ္မာတရားအကြောင်းကို သင့်အား ပြောပြ သောအခါ၊ သင်၌ပြောဆိုစရာ ဘာမျှမရှိပေ။ မည်သည့်အကြောင်းကြောင့် ဤမျှတိတ်ဆိတ်နေသနည်း။ လောကနှင့်ဆိုင်သောအရာများ၌ စကား

ကြွယ်၍၊ သင်နှင့်စပ်ဆိုင်သောအကြောင်းအရာ၌ အဘယ်ကြောင့်အသံမထွက်ဘဲနေရသနည်း။ သင်၏အသက်ဝိညာဉ် တစ်ကိုယ်လုံးနှင့်ဆိုင်သောအကြောင်းအရာဖြစ်သည်။ ဘုရားသခင်၏သမ္မာတရားသည် သင်၌ကိန်းအောင်းခြင်းမရှိပေ။ Testimonies for the Church, vol 1, pp. 158,159.

## ဘုရားသခင်၏ကောင်းချီးမင်္ဂလာအတွက်လမ်းဖွင့်ပေးခြင်း

ဘုရားသခင်သည် မိမိ၏ဝိညာဉ်တော်ကို အားလျော့နွမ်းနယ်နေသည့်အသင်းတော်နှင့် နှောင်တသံဝေဂမရှိသော ပရိသတ်တို့အပေါ်သို့ သွန်းလောင်းချပေးနိုင်ဖို့ရန် ဘုရားသခင်၏လူများသည် အတားအဆီးဟူသရွေ့ကိုဖယ်ရှား၍ လမ်းရှင်းပေးသည့်အရာထက် စာတန်ကြောက်ရွံ့သောအရာတစ်စုံတစ်ခုမျှမရှိပေ။ စာတန်သည် မိမိသဘောအတိုင်း လုပ်ကိုင်ရမည်ဆိုပါက အချိန်ကုန်ဆုံးသည့်တိုင်အောင် ကြီးသောနိုးကြားခြင်းဖြစ်စေ၊ ငယ်သောနိုးကြားခြင်းဖြစ်စေ၊ မည်သည့်အခါမျှရှိရမည်မဟုတ်ပေ။ သို့သော်လည်း ကျွန်ုပ်တို့သည် သူ၏အကြံအစည်များကို မသိမြင်ဘဲမရှိကြပေ။ သူ၏တန်ခိုးကိုတားဆီးဖို့ရန်လုပ်နိုင်၏။ ဘုရားသခင်၏ဝိညာဉ်တော်အတွက် လမ်းကိုပြင်ဆင်ပေးလိုက်ပါက၊ ကောင်းချီးမင်္ဂလာသည် ဆင်းသက်လာလိမ့်မည်။ မြေကြီးပေါ်သို့ မိုးရေတစ်စက်မျှမကျစေဖို့ရန် ကောင်းကင်ဘုံ၏ပြတင်းပေါက်များကို စာတန်သည်မပိတ်နိုင်သကဲ့သို့၊ ဘုရားသခင်၏လူများအပေါ်သို့ ကောင်းချီးမိုးရွာချခြင်းမဖြစ်စေဖို့ရန် စာတန်သည် နှောင့်နှေးအောင်မပြုလုပ်နိုင်ပေ။ ဆိုးညစ်သောလူများနှင့် မာရ်နတ်သည် ဘုရားသခင်၏အမှုတော်ကိုနှောင့်နှေးအောင်မပြုလုပ်နိုင်သကဲ့သို့၊ ကိုယ်တော်၏လူတို့နှင့် ကိုယ်တော်အတူရှိတော်မူခြင်းကိုလည်း ပိတ်ပင်၍မရပေ။ ကိုယ်တော်၏လူများသည် နှောင်တသံဝေဂရသောစိတ်ဖြင့်၊ အပြစ်များကိုဝန်ချတောင်းပန်၍စွန့်ပစ်ပါက၊ ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်ထံမှကတိတော်များကို တောင်းဆိုနိုင်ကြသည်။
Review and Herald, March 22, 1887.

—o—

# ကိုယ်ကိုကိုယ်မှန်ကန်ညီညွတ်အောင် လေ့ကျင့်ခြင်း – ၃၅

“စိတ်ရှည်သောသူသည် ခွန်အားကြီးသောသူထက်လည်းကောင်း၊ မိမိစိတ်ကိုချုပ်တည်းသောသူသည် မြို့ကိုတိုက်ယူသောသူထက်လည်းကောင်း သာ၍ကောင်း၏။” လူသည် ခွန်အားအကြီးဆုံးသောရန်သူကို တွေ့ဆုံဖို့ရန်ရှိသည်။ သူသည် မိမိကိုယ်ကိုအောင်မြင်ပြီ။

ခရစ်ယာန်တစ်ယောက်၏အမြင့်ဆုံးသော မြင့်မြတ်ခြင်းသာဓကသည် မိမိကိုယ်ကိုချုပ်တည်းခြင်းပင်ဖြစ်သည်။ ကြမ်းကြုတ်စွာပြုခြင်း၏မုန်တိုင်းအောက်၌ မလှုပ်ရှားဘဲနေနိုင်သောသူသည် ဘုရားသခင်၏သူရဲကောင်းတစ်ယောက်ဖြစ်သည်။

ဝိညာဉ်ကိုအုပ်စိုးခြင်းသည် ကိုယ်ကိုကိုယ်စည်းကမ်းတကျထားရှိခြင်းပင်ဖြစ်သည်။ မကောင်းမှုကိုတားဆီးခြင်း၊ ပြောဆိုသောစကားတိုင်း၊ အပြုအမူတိုင်းကို ဘုရားသခင်၏ကြီးကျယ်သော ဖြောင့်မတ်ခြင်းအဆင့်အတန်းဖြင့် နည်းကျအောင်ပြုပြင်ပေးခြင်းဖြစ်သည်။ မိမိစိတ်ဝိညာဉ်ကိုအုပ်စိုးဖို့ရန် တတ်မြောက်သောသူသည် ကျွန်ုပ်တို့နေ့စဉ်နေ့တိုင်း တွေ့ဆုံနေရသော မထီမဲ့မြင်ပြုခြင်းများ၊ တွန်းလှန်ခြင်းများ၊ နှောင့်ယှက်ခြင်းများအပေါ်၌ရှိနေ၍၊ ဤအရာများသည် သူ၏စိတ်ဝိညာဉ်ကို စိတ်ညှိုးငယ်ခြင်းဖြစ်စေလိမ့်မည် မဟုတ်ပေ။

ဘုရားသခင်၏ကျေးဇူးတော်နှင့်အုပ်ထိန်းထား၍ ဘုရင်ကဲ့သို့တန်ခိုးကြီးသော သန့်စင်ခြင်းသဘောဉာဏ်ဖြင့် လူတို့၏အသက်တာကို စီမံအုပ်ချုပ်ထားခြင်းသည် ဘုရားသခင်၏အကြံအစည်ပင်ဖြစ်သည်။ မိမိ၏စိတ်ဝိညာဉ်ကိုအုပ်စိုးသောသူသည် ဤတန်ခိုးကိုရရှိထားသောသူဖြစ်သည်။

## မိမိကိုယ်ကိုအုပ်ထိန်းခြင်း၏တန်ခိုး

ကလေးဘဝနှင့်လူငယ်အရွယ်အချိန်၌ အကျင့်စာရိတ္တသည် အလွန်စွဲမှတ်တတ်ခြင်းရှိသောအချိန်ဖြစ်သည်။ ထိုအချိန်၌ မိမိကိုယ်ကိုအုပ်ထိန်းခြင်းတန်ခိုးကိုရရှိရမည်။ နေရင်းအိမ်နှင့်အိမ်ထောင်စားပွဲ၌ ဩဇာလွှမ်းမိုးခြင်းကိုကြိုးပမ်းကြ၍၊ ထိုသို့ကြိုးပမ်းခြင်း၏အကျိုးသက်ရောက်ခြင်းသည် ထာဝရကာလကဲ့သို့ပင် တည်မြဲသည်။ အသက်နုပျိုစဉ်အချိန်၌ ဆောက်တည်ခဲ့သောအကျင့်ဓလေ့များသည် သဘာဝမှချပေးသောအရာထက်လွန်ကဲ၍၊ အသက်တာ၏စစ်ပွဲ၌ ၎င်းအရာများသည် လူ၏အောင်မြင်ခြင်း (သို့မဟုတ်) ဆုံးရှုံးခြင်းကို အဆုံးအဖြတ်ပေးလိမ့်မည်။

ပြောဆိုပုံပြောဆိုနည်း၌ လူကြီးလူငယ်မရွေး၊ အလျင်တဆောပြောဆိုခြင်းထက် ပေါ့ပေါ့ဆဆပြောဆိုဖို့ရန် ပို၍သွက်လက်ခြင်းရှိကြသည်။ "ကျွန်တော်အမှုမဲ့အမှတ်မဲ့ပြောဆိုမိပါတယ်။ ကျွန်တော်ပြောဆိုလိုက်တဲ့အတိုင်းမဟုတ်ပါဘူး" ဟု ဆင်ခြေပေးလျှင် လုံလောက်ပေပြီဟု သူတို့ထင်မြင်ကြသည်။ သို့သော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်သည် ၎င်းကိုပေါ့ဆစွာမယူဆပေ။ သမ္မာကျမ်းစာ၌ဖော်ပြထားသည်မှာ "သတိမရှိဘဲ စကားများသောသူရှိလျှင်၊ ထိုသူ၌ မျှော်လင့်စရာအခွင့်ရှိသည်ထက်၊ မိုက်သောသူ၌ သာ၍မျှော်လင့်စရာအခွင့်ရှိ၏။ ကိုယ်စိတ်ကိုမချုပ်တည်းနိုင်သောသူသည် မြို့ရိုးပြိုပျက်၍ ဟင်းလင်းရှိသောမြို့နှင့်တူ၏။"

အသက်တာ၏နှောင့်ယှက်ခြင်းများ၊ ပြင်းထန်သောစိတ်ဒုက္ခရောက်ခြင်း၊ နာကျင်စေခြင်းများသည် အုပ်ထိန်းခြင်းမရှိသော စိတ်သဘောကြောင့်ဖြစ်သည်။ ရုတ်တရက်စိတ်မြန်အမျက်ထွက်လွယ်၍ အမှတ်မဲ့ပြောဆိုလိုက်သောစကားများသည် မကောင်းမှုကိုကျရောက်စေလျက် တစ်သက်လုံးနောင်တရခြင်းကို ပြန်၍အဖတ်မဆယ်နိုင်တော့ပေ။ မစခြင်းနှင့်ရောဂါကင်းငြိမ်းခြင်းကိုပေးနိုင်မည့်အစား၊ ကြမ်းတမ်းစိတ်မြန်စွာပြောဆိုလိုက်သော စကားများကြောင့်စိတ်နှလုံးကြေကွဲသောသူများ၊ စိမ်းကားသွားသောမိတ်ဆွေများနှင့် ပျက်စီးသွားသောအသက်များ မည်မျှရှိသနည်း။

တစ်ခါတစ်ရံ၊ ပင်ပန်းစွာလုပ်ကိုင်ရသောကြောင့် မိမိကိုယ်ကိုချုပ်တည်းခြင်းစိတ်ပျောက်ပျက်သွားတတ်သည်။ သို့သော်လည်း ဘုရားသခင်သည်လျင်မြန်၍ ရှုပ်ထွေးသောလှုပ်ရှားခြင်းများပြုလုပ်ဖို့ရန် မည်သည့်အခါမျှ အတင်းအကျပ် ခိုင်းတော်မမူပေ။ သူတို့အပေါ်သို့ ကရုဏာနှင့်ပြည့်စုံတော်မူသောကောင်းကင် ဘုံရှင်အဖဘုရားသခင် တင်တော်မမူသောဝန်ထုပ်များကို အများသောသူတို့ သည် မိမိတို့အဖို့စုသိမ်းကြသည်။ ကိုယ်တော်သည် သူတို့အားစေခိုင်းတော် မူခြင်းမပြုသောအလုပ်တာဝန်များဖြင့် တစ်ဦးကိုတစ်ဦး အရမ်းမဲ့လိုက်နေကြ သည်။ ကျွန်ုပ်တို့သည် မြောက်မြားစွာသောတာဝန်များကိုယူ၍ပင်ပန်းနွမ်းနယ် ခြင်းရှိကြပြီးလျှင် စိတ်နှလုံးမောပန်းခြင်း၊ ဦးနှောက်မောပန်းခြင်း၊ စိတ်မာန် ထွက်၍စိတ်ဆိုးခြင်း၊ အော်ဟစ်ငေါက်ငမ်းခြင်းပြုကြသောအခါ၊ ကိုယ်တော်၏ နာမတော်ကို ဘုန်းတော်ထင်ရှားအောင်မပြုပဲ ကိုယ်တော်သည်ကျွန်ုပ်တို့အား သိမှတ်စေလိုသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ပေးသောတာဝန်ဝတ္တရား များကိုသာ ထမ်းဆောင်၍၊ ကိုယ်တော်၌ကိုးစားခြင်းရှိရမည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးများကို စင်ကြယ်၊ နှစ်သက်ဖွယ်ဖြစ်စေ၍ ကိုယ်ချင်းစာနာမှုရှိရမည်။

## စိတ်ဝိညာဉ်ကိုအုပ်စိုးခြင်း

တိတ်ဆိတ်စွာနေခြင်း၌ အံ့သြဖွယ်ရာကောင်းသောတန်ခိုးရှိသည်။ သည်းမခံနိုင်သောစကားများကို သင့်အားပြောဆိုသောအခါ၊ ပြန်၍ကလဲ့စားမချေပါနှင့်။ စိတ်ဆိုးနေသောသူတစ်ယောက်ကို စကားများအားဖြင့် ပြန်၍ချေပပြောဆိုခြင်းသည် အများအားဖြင့် ကျာပွတ်ကဲ့သို့ဖြစ်၍ စိတ်ကိုဒေါသအိုးသဖွယ် ပေါက်ကွဲစေသည်။ သို့သော်လည်း စိတ်ဆိုးခြင်းကို တိတ်ဆိတ်စွာနေခြင်းဖြင့်ရင်ဆိုင်ပါက လျင်မြန်စွာငြိမ်သက်သွားလေသည်။ ခရစ်ယာန်သည်မိမိ၏လျှာကိုချုပ်တည်းထား၍၊ ကြမ်းတမ်းသည်းမခံနိုင်သောစကားများကိုမပြောဆိုဖို့ရန် မြဲမြံစွာစိတ်ပိုင်းဖြတ်ထားခြင်းရှိရမည်။ လျှာကိုချုပ်တည်းထားခြင်းဖြင့် သူဖြတ်ကျော်သွားရမည့် သည်းခံခြင်းနှင့်ဆိုင်သောစုံစမ်းခြင်းတိုင်းတို့၌ အောင်မြင်ခြင်းကိုတွေ့ဆုံလိမ့်မည်။

မိမိ၏ခွန်အားဖြင့် လူသည် မိမိ၏စိတ်ဝိညာဉ်ကိုအုပ်စိုး၍မရပေ။ သို့သော်လည်း ခရစ်တော်အားဖြင့် သူသည် မိမိကိုယ်ကိုအုပ်ချုပ်နိုင်မည်။ ကိုယ်တော်၏ခွန်အားဖြင့် သူ၏အကြံအစည်နှင့်စကားများကို ဘုရားသခင်၏ အလိုတော်အောက်၌ ထားနိုင်လိမ့်မည်။ သခင်ခရစ်တော်၏ဘာသာတရား သည် စိတ်၌လှုပ်ရှားခြင်းများကို ဆင်ခြင်တုံတရားအောက်၌ထား၍၊ လျှာကို လည်း စည်းကမ်းတကျဖြစ်စေနိုင်သည်။ ၎င်း၏သြဇာသက်ရောက်ခြင်းအောက် ၌ သူ၏လျင်မြန်သောစိတ်ဆိုးတတ်ခြင်းကို နှိပ်ကွပ်ထား၍၊ စိတ်နှလုံးသည် သည်းခံခြင်း၊ သိမ်မွေ့ခြင်းဖြင့်ပြည့်ဝနေသည်။

ကောင်းကင်နှင့်မြေကြီးပေါ်၌ရှိသော တန်ခိုးအားလုံးကိုပိုင်သောအရှင် ကို မြဲမြဲစွာကိုင်ဆွဲထားလော့။ သင်သည် မကြာမကြာ သည်းခံခြင်းနှင့် တည်ကြည်ခြင်းကိုဖော်ပြဖို့ရန် ပျက်ကွက်ခဲ့သော်လည်း၊ အားထုတ်ခြင်းကို မစွန့်လွှတ်ပါနှင့်။ အမျက်ထွက်ရန် အကြောင်းရှိခဲ့လျှင်၊ ဤအချိန်၌သည်းခံ ဖို့ရန် သာ၍မြဲမြဲစွာပြဌာန်းခြင်းပြုပါ။ မြင့်မြတ်တော်မူသောအရှင်၏လူပုံ သက်သေကို မျက်ခြည်မပြတ်ပါစေနှင့်။ Review and Herald, October 31, 1907.

## အပြစ်ကျူးလွန်ဖို့ရန်ဆင်ခြေမဟုတ်

စုံစမ်းနှောင့်ယှက်သောသူ၏လုပ်ဆောင်ခြင်းကြောင့် မှားယွင်းချက် တစ်ခုရှိခဲ့သည်ဟု ဆင်ခြေပေးစရာအကြောင်းမရှိပေ။ သူတို့၏စာရိတ္တ၌ ချွတ်ယွင်းချက်ရှိနေ၍၊ ခရစ်တော်၏နောက်လိုက်များသည် ဆင်ခြေအမျိုးမျိုး ပေးနေကြောင်းကို စာတန်ကြားသောအခါ၊ သူ၌အလွန်ဝမ်းမြောက်ခြင်းရှိသည်။ ဤဆင်ခြေများသည် သူတို့ကိုအပြစ်သို့ကျရောက်စေသည်။ အပြစ်ကျူးလွန် ခြင်း၌ ဆင်ခြေမရှိပေ။ သန့်ရှင်းသောစိတ်သဘော၊ ခရစ်တော်နှင့်တူသော အသက်တာကို နောင်တရသောသူတိုင်း၊ ယုံကြည်သောဘုရားသခင်၏သား သမီးတိုင်း ချဉ်းကပ်ဝင်ရောက်ရရှိနိုင်ကြသည်။ Desire of Ages, p. 311.

–ဝ–

ဘုရားသခင်သည် ခရစ်တော်ကိုလက်ဆောင်အဖြစ် ပေးကမ်းတော်မူခြင်း၌ ကျွန်ုပ်တို့ကိုကိုယ်တော်နှင့်ဆက်သွယ်ပေးမည့်အကြောင်း ပြသဖို့ရန် အသက်နှင့်ဘုန်းတော်၏အရှင်သည် မိမိ၏ဘုရားဇာတိကို လူဇာတိဖြင့်ခြုံထားတော်မူသည်။ ဘုရားနှင့်ဆက်သွယ်ထားခြင်းမရှိပါက မည်သူမျှဝမ်းသာခြင်းရှိကြမည်မဟုတ်ပေ။ အပြစ်သို့ကျရောက်နေသောသူ နားလည်ရမည်မှာ၊ ကိုယ်တော်၏မေတ္တာတော်သည် နောင်တရသောအပြစ်သားကိုပိုက်ပွေ့၍ ဘုရားသခင်၏အပြစ်ကင်းသော သိုးသငယ်၏ကုသိုလ်များအားဖြင့် ပြောင်းလဲခြင်းသို့မရောက်မီတိုင်အောင် ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင်အဖသည် စိတ်ကျေနပ်ခြင်းရှိလိမ့်မည်မဟုတ်ပေ။

ကောင်းကင်နှင့်ဆိုင်သော ကောင်းကင်သားအားလုံးတို့၏အလုပ်သည် ဤနေရာအထိ လုပ်ကိုင်ဖို့ရန်ဖြစ်သည်။ သူတို့၏ဗိုလ်ချုပ်ကြီး၏အမိန့်အောက်၌ သူတို့သည်အပြစ်ကျူးလွန်၍၊ မိမိတို့ကိုယ်ကို ကောင်းကင်ဘုံရှင်အဖဘုရားထံမှ ခွဲခွာထွက်သွားခဲ့သောသူတို့ကို ပြန်၍သိမ်းယူခြင်းအလုပ်ကို လုပ်ဆောင်ရကြမည်။ အံ့သြဖွယ်ရာကောင်းသော ကျေးဇူးတော်နှင့် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် လောကကြီးအားဖော်ပြထားလျက်ရှိနေဖို့ရန် အကြံအစည်တစ်ခုကိုစီမံထားရှိပြီ။ ဤဘုန်းတော်နှင့်ပြည့်စုံသောကယ်တင်တော်မူခြင်းအကြံအစည်သည် ကမ္ဘာတစ်ခုလုံးကို ကယ်တင်ရန်စီမံထားခြင်း၌ ကျယ်ပြန့်လုံလောက်ခြင်းရှိ၏။ အပြစ်ကိုဖြေလွှတ်ခြင်းနှင့် ခရစ်တော်၏ဖြောင့်မတ်တော်မူခြင်းကို ပေးကမ်းခြင်းဖြင့် အပြစ်သားနှင့်အပြစ်သို့ကျရောက်လျက်ရှိသောလူသည် သခင်ယေရှု၌စုံလင်ခြင်းရှိဖို့ရန် ပြုလုပ်ပေးခြင်းဖြစ်သည်။

## လက်ဝါးကပ်တိုင်၏တန်ခိုး

ကိုယ်တော်၏လူဇာတိလက်သည် လူမျိုးကိုပတ်ဝိုင်းနိုင်ရန် ခရစ်တော်သည် လူဇာတိကိုယူဆောင်တော်မူသည်။ ထိုအချိန်၌ ဘုရားပကတိတော်

လက်တော်သည် ဘုရားသခင်၏ပလ္လင်တော်ကို ကိုင်ဆွဲတော်မူသည်။ကိုယ်တော်သည် မိမိ၏လက်ဝါးကပ်တိုင်ကို ကောင်းကင်နှင့်မြေကြီးစပ်ကြားအလယ်ဗဟို၌ စိုက်ထူ၍၊ "ငါသည်လည်း မြေကြီးနှင့်ခွာ၍၊ မြှောက်ထားခြင်းကိုခံရလျှင်၊ လူအပေါင်းတို့ကို ငါထံသို့ငါဆွဲမည်" ဟု မိန့်တော်မူ၏။ လက်ဝါးကပ်တိုင်သည် ဆွဲငင်နိုင်သောအလယ်ဗဟိုနေရာဖြစ်ရပေမည်။

လက်ဝါးကပ်တိုင်သည် လူအားလုံးတို့ကိုစကားပြောဆို၍ အပြစ်ပြုလုပ်ထားသော ချိုင့်ဝှမ်းတစ်ဖက်၌ရှိသော အပြစ်သားများကို ဘုရားနှင့်ပေါင်းစည်းမိရန် ဆွဲဆောင်ယူလာခြင်းဖြစ်သည်။ လက်ဝါးကပ်တိုင်၌ရှိသောတန်ခိုးသာလျှင် လူကိုခိုင်ခံ့သောအပြစ်၏အစည်းအရုံးမှ ခွဲခြားထားနိုင်သည်။ အပြစ်သားကိုကယ်တင်ဖို့ရန် ခရစ်တော်သည် မိမိကိုယ်ကိုစွန့်တော်မူသည်။ အပြစ်ဖြေလွှတ်ခြင်းခံရသောသူများ၊ သခင်ယေရှုကိုချစ်သောသူများသည် ကိုယ်တော်နှင့်အတူ ပေါင်းစပ်ကြလိမ့်မည်။ သူတို့သည် ခရစ်တော်၏ထမ်းပိုးကို ထမ်းကြလိမ့်မည်။ ဤထမ်းပိုးသည် သူတို့ကိုဆီးတားခြင်းမဖြစ်စေရ။ သူတို့၏ဘာသာရေးအသက်တာကိုလည်း စိတ်ကျေနပ်ခြင်းမပေးသောလုပ်ဆောင်ခြင်းမျိုး မဖြစ်စေရ။ မဟုတ်ပေ၊ ခရစ်တော်၏ထမ်းပိုးသည် ပျော်ရွှင်ခြင်းနှင့်ချမ်းသာသုခကိုပေးသော ခရစ်ယာန်အသက်တာဖြစ်လာရမည်။ မိမိ၏တစ်ပါးတည်းသောသားတော်ကို ဤလောကအဖို့အသေခံခြင်း၌ ဘုရားသခင်သည် မည်မျှကျေးဇူးပြုတော်မူခဲ့သည်ကို ခရစ်ယာန်သည် ဝမ်းမြောက်စွာအာရုံပြုရမည်ဖြစ်သည်။ "သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရရှိဖို့ရန်ဖြစ်သည်။"

## ခရစ်တော်၌သစ္စာရှိခြင်း

ဓမောန္ဓေလမင်းသား၏သွေးစွန်းနေသောအလံတော်အောက်၌ ရပ်နေကြသောသူများသည် ခရစ်တော်၏တပ်မတော်၌ သစ္စာရှိသောစစ်သားများဖြစ်ကြရမည်။ သူတို့သည် မည်သည့်အခါမျှ သစ္စာပျက်သောသူ၊ ဖောက်ပြန်

သောသူများမဖြစ်ရပေ။ အများသောလူငယ်များသည်၊ အသက်၏မင်းသား ဖြစ်သော သခင်ယေရှုနှင့်အတူ ရပ်တည်ကြရန် အလိုအလျောက်တာဝန်ယူ ကြလိမ့်မည်။ သို့သော်လည်း သူတို့သည် ကိုယ်တော်နှင့်အတူ ဆက်လက်၍ ရပ်တည်ကြပါက သူတို့၏ဗိုလ်ချုပ်ကြီးဖြစ်သောသခင်ယေရှုကို အစဉ်ကြည့်ရှု၍၊ အမိန့်တော်ခံယူရမည်။ သူတို့သည် စာတန်၏အစည်းအရုံးထဲ၌ပါဝင်၍၊ သူ့ဘက်မှနေ၍ဆင်နွှဲပေးနေချိန်၌ သူတို့သည် ခရစ်တော်၏စစ်သားများ မဖြစ်နိုင်ပေ။ အကြောင်းမူကား သူတို့သည် ခရစ်တော်၏ရန်သူများဖြစ်နေ လိမ့်မည်။ သူတို့အားယုံကြည်အပ်နှံထားသော ဘုရားဝတ်နှင့်ဆိုင်သည့်အရာ များကို သစ္စာဖောက်လိမ့်မည်။ သူတို့သည် စာတန်နှင့်မှန်ကန်သောစစ်သား များစပ်ကြား၌ ကွင်းဆက်များဖြစ်လာကြ၍ ဤအသက်ရှင်နေကြသောလူများ မှတစ်ဆင့် ရန်သူသည် ခရစ်တော်စစ်သားတို့၏စိတ်နှလုံးကို ဆွဲဆောင်ယူရန် အစဉ်လုပ်ကိုင်နေလိမ့်မည်။

ခရစ်တော်၏စစ်သားများဖြစ်သည်ဟု ဝန်ခံသောကျွန်ုပ်၏ချစ်သော လူငယ်များတို့၊ သင်တို့အားကျွန်ုပ်မေးမြန်းလိုသည်မှာ၊ သင်တို့သည် မည်သည့် စစ်ကိုတိုက်ခိုက်ခဲ့ကြပြီနည်း။ သင်တို့သည် မည်သည့်အရာများကို တွေ့ကြုံ ခဲ့သနည်း။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ရှင်းလင်းစွာသင်၏အလုပ်ကို ဖော်ပြသောအခါ၊ သင်၏စိတ်ကြိုက်မဖြစ်သောကြောင့် သင်သည် လုပ်ကိုင် ရန်ငြင်းပယ်ခဲ့သလား။ လောက၏ဆွဲဆောင်ခြင်းသည် သင့်အား ခရစ်တော်၏ အမှုတော်ကိုဆောင်ရွက်ခြင်းမှ ဖြားယောင်းသွေးဆောင်သွားခဲ့ပြီလား။ စာတန် သည် မှန်သည့်လက္ခဏာဟန်ရှိသော ဖြားယောင်းသွေးဆောင်ခြင်းများကို တီထွင်ရန် လုပ်ကိုင်နေသည်။ သေးနုပ်သောအရာကလေးများကို ကျူးလွန် ခြင်းဖြင့် သူသည် သင့်ကိုသခင်ယေရှုထံမှ အဝေးသို့ခေါ်ဆောင်သွားသည်။ ထိုနောက် သင့်ကိုဘုရားထံမှ လုံးဝဖောက်ပြန်သွားစေရန် သာ၍ကြီးသော ဆွဲဆောင်ခြင်းများကိုပြုမည်။

သင်၏အမည်သည် အသင်းတော်၏မှတ်တမ်းစာအုပ်များတွင်ရှိ၍ ဘုရားသခင်၏သားတစ်ယောက်ဖြစ်သည်ဟု သင်ပြောဆိုမည်။ သို့တစေလည်း

သင်၏ပုံသက်သေ၊ သင်၏ဩဇာညောင်းမှုများသည် ခရစ်တော်၏စာရိတ္တကို လွဲမှားဖော်ပြ၍၊ သင်သည် အခြားသောသူများကို ကိုယ်တော်မှဝေးကွာစေသည်။ မိမိ၏အသက်ဝိညာဉ်တစ်ခုလုံးသည် ဘုရားသခင်စေခိုင်းသောအလုပ်ကိုလုပ်ကိုင်ဖို့ရန် စာရင်းမသွင်းရသေးသော ယုံကြည်သည့်သူတစ်ယောက်အဖို့ ပျော်ရွှင်ခြင်းမရှိ၊ ငြိမ်သက်ခြင်း (သို့မဟုတ်) ဝမ်းမြောက်ခြင်းမရှိ။ သူသည် အစဉ်သဖြင့် လောကကြီးကိုအသင်းတော်ထဲသို့ ယူဆောင်လာခဲ့ရာ၌ နောင်တရခြင်းဖြင့်မဟုတ်။ အပြစ်ဖြေလွှတ်ခြင်းနှင့် ဘုရားသခင်၌အပ်ပေးခြင်းဖြင့် မဟုတ်။ လောကကြီးအား ပိုမို၍အပ်ပေးခြင်းနှင့် ခရစ်တော်ဘက်၌နေ၍ စစ်တိုက်ရမည့်အစား၊ စာတန်ဘက်၌ဝင်ရောက်တိုက်ခိုက်နေခြင်းအားဖြင့် ဖြစ်သည်။

## ကိုယ်တွေ့မျက်မြင်အသိပညာလိုအပ်ခြင်း

လက်တွေ့၌လည်းကောင်း၊ ဝိညာဉ်ရေး၌လည်းကောင်း သင့်ကို လောကကြီးနှင့်ချည်နှောင်ထားသော ချည်မျှင်ကိုဖြတ်ပစ်ရန် ကျွန်ုပ်သည် လူငယ်တို့အားပန်ကြားအပ်ပါသည်။ "ထိုကြောင့် ထာဝရဘုရားမိန့်တော်မူပြန်သည်ကား၊ သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြားနေလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကို ငါသည်လက်ခံမည်။ သင်တို့၏အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့်မည်ဟု အနန္တတန်ခိုးနှင့်ပြည့်စုံသော ထာဝရဘုရားမိန့်တော်မူ၏။"

ဤခေါ်ဖိတ်ခြင်းအသံကို ကျွန်ုပ်တို့၏လူငယ်များသည် အလေးဂရုပြုကြမည်လား။ ကျွန်ုပ်တို့၏လူငယ်များသည် သူတို့လူငယ်အချင်းချင်း အပေါင်းအသင်းတို့၏ရှေ့၌ သူတို့၏အသက်တာနှင့်စာရိတ္တ၌ ခရစ်တော်နှင့်တူသောပုံသက်သေကိုပြသဖို့ရန် လိုအပ်ကြောင်းကို သူတို့သည်လုံးဝနားမလည်ကြပေ။ ကျွန်ုပ်တို့၏လူငယ်အများအပြားတို့သည် သမ္မာတရား၏စိတ်ကူးနည်း

လောက်ကိုသာ နားလည်ကြသည်။ သို့သော်လည်း အနည်းငယ်လောက်သော သူတို့သာလျှင် စမ်းသပ်ကြည့်ရှုခြင်း အသိပညာအားဖြင့် လက်တွေ့သမ္မာတရားသည် သူတို့၏လှုပ်ရှားခြင်းအပေါ်၌ မည်ကဲ့သို့ထောက်မခြင်းပေးသည်ကို သိရှိကြသည်။ ကြီးကျယ်သောရိတ်သိမ်းရာလယ်၌ သူတို့အဖို့လုပ်ကိုင်ရန်အလုပ်ရှိသည်ဖြစ်၍၊ ပျို့ရွယ်သောသာသနာပြုဆရာများတို့သည် အဘယ်နေရာ၌လုပ်ကိုင်နေကြသနည်း။ ခရစ်တော်၏ကျောင်း၌ နေ့စဉ်လေ့လာသင်ကြားနေကြသောသူများသည် အဘယ်နေရာ၌ရှိကြသနည်း။ သူတို့သည် ဘွဲ့ရဖို့ရန်ပြင်ဆင်ခြင်းရှိပြီဟု မည်သည့်အခါမျှမထင်မြင်ပါစေနှင့်။ ကောင်းကင်သားများတို့နှင့်အတူတကွ မည်ကဲ့သို့လုပ်ကိုင်ဆောင်ရွက်ရမည်ကို ညွှန်ကြားခြင်းခံယူဖို့ရန် သူတို့သည် ဘုရားသခင်၏တံတိုင်းတော်များ၌ စောင့်ဆိုင်းနေကြပါစေ။ ချစ်သောလူငယ်၊ သင်သည်ကယ်တင်ခြင်းရရှိဖို့ရန် ကျွန်ုပ်အလိုရှိသောကြောင့် ကျွန်ုပ်သည် သင့်အားပြတ်ပြတ်သားသားပြောဆိုပါရစေ။အချိန်ကိုပို၍မဖြုန်းပါနှင့်။ သင်သည် ဘုရားနှင့်ငွေကိုအတူအစေမခံနိုင်။ သင်တို့သည် ခရစ်ယာန်များဖြစ်ကောင်းဖြစ်ကြမည်။ စုံစမ်းနှောင့်ယှက်ခြင်းတွေ့ဆုံရသောအခါ၊ ပြင်းထန်စွာစုံစမ်းခြင်းခံရသောအခါ၊ သင်သည် အများအားဖြင့်အရှုံးပေးလိုက်သည်မဟုတ်လော။

## ခရစ်ယာန်ပေါင်းသင်းဆက်ဆံခြင်း

သင်ကိုယ်တိုင်ဝင်ရောက်ဆင်နွှဲရမည့်တိုက်ခိုက်ခြင်းသည် သင်၏နေ့စဉ်နေ့တိုင်းအသက်တာ၌ တွေ့ရသည်။ စစ်ဆေးခြင်းခံရသောအချိန်၌ သင်သည် သင်၏ဆန္ဒများကိုရေးသားထားသော နှုတ်ကပတ်တော်နံဘေး၌ချထား၍ သခင်ယေရှုအထံတော်၌ စိတ်ထက်သန်စွာဆုတောင်းခြင်းဖြင့် အကြံဉာဏ်တောင်းဆိုမည်မဟုတ်လော။ ဆုတောင်းစည်းဝေးကို ဂရုမစိုက်ဘဲပစ်ထား၍ ကပွဲသို့သွားခြင်း၌ ဘေးဥပဒ်မရှိဟု အများသောသူတို့ပြောဆိုကြသည်။ သို့မဟုတ် ဘုရားသခင်၏အစေခံများသည် ကောင်းကင်မှ

သတင်းစကားကိုပြောဆိုသော စည်းဝေးများသို့မတက်ဘဲနေနိုင်သည်ဟုလည်း ပြောဆိုကြသည်။ ခရစ်တော်သည် မိမိကိုယ်တိုင်ရှိမည်ဟု မိန့်တော်မူသော နေရာ၌သင်ရှိလျှင် လုံခြုံခြင်းရှိမည်မဟုတ်လော။

ခရစ်တော်၏စကားများကို နှစ်သက်သဘောကျသောသူတို့သည် ဆုတောင်းစည်းဝေးကို မျက်နှာလွှဲကြမည်မဟုတ်ပေ။ သို့မဟုတ် ထာဝစဉ် စိတ်ဝင်စားခြင်းများကို သူတို့အားဟောပြောဖို့ရန် ဘုရားသခင်၏စေတမန် စေလွှတ်ခြင်းခံရသောစည်းဝေးပွဲသို့လည်း မတက်ရောက်ဘဲမနေကြပေ။ သခင်ယေရှုမိန့်တော်မူသည်မှာ "သင်တို့တွင် ငါ၏နာမ၌ နှစ်ယောက်၊သုံး ယောက်တို့သည် အတူတကွဆုတောင်းပတ္ထနာပြုကြ၏။ သူတို့တွင် ငါသည် ရှိ၏။" သင်သည် သင်နှစ်သက်သောပျော်ရွှင်ခြင်းကိုရွေးချယ်၍ ကောင်းချီး မင်္ဂလာကိုမခံစားဘဲနေနိုင်သလား။ ဤအရာများ၌ အာရုံခံစားသောကြောင့် သင်၏အသက်တာနှင့်စာရိတ္တာပေါ်၌ ထိရောက်သောဩဇာသက်ရောက်ခြင်း ရှိသည်သာမက၊ သင်၏အပေါင်းအဖော်တို့၏အသက်တာနှင့် စာရိတ္တာပေါ်၌ လည်းရှိသည်။

ခရစ်တော်၏နောက်လိုက်များဖြစ်သည်ဟု ဝန်ခံသောသူတို့တွင် သူတို့၏အပြုအမူနှင့်မှန်ကန်ခြင်းသည် ဤကဲ့သို့ဖြစ်ပါက၊ သူတို့၌ခရစ်တော် ၏စိတ်သဘောရှိ၍၊ ဘုရားသခင်၏အလုပ်တော်ကို လုပ်ကိုင်ကြပေမည်။ မိမိကိုယ်အဖို့လိုက်စားဖို့ရန် သွေးဆောင်ခြင်းကို သူတို့သည်တားဆီး၍၊ သခင်ယေရှုကို ဆိုရှယ်အစည်းအဝေး၌တွေ့မြင်ရသောအခွင့်အရေးထက်ပို၍၊ လောကကြီး၏သိမ်ဖျင်းသောပျော်ပါးခြင်းများကို မနှစ်သက်ကြောင်း သူတို့ ပြသကြမည်။ ထိုနောက် သူတို့သည် အခြားသူများအပေါ်၌ သိသိသာသာ ဩဇာသက်ရောက်ခြင်းရှိ၍၊ သူတို့၏ပုံသက်သေကိုလိုက်ဖို့ရန် ထိုသူများတို့ကို လမ်းပြနိုင်သည်။

အပြုအမူများသည် စကားများထက်ပို၍အသံကျယ်စွာ ပြောဆိုတတ် သည်။ ပျော်ပါးခြင်းကိုနှစ်သက်သောသူများသည် ဘုရားသခင်၏လူစုလူဝေး ထဲ၌ ရရှိမည့်ကြွယ်ဝသောကောင်းချီးမင်္ဂလာများကို မနှစ်သက်ကြပေ။ သူတို့၏

စိတ်နှလုံးများသည် ဘုရားသခင်၏ဝိညာဉ်တော်နှင့်တို့ထိမိမည်ကို မျှော်လင့်သောကြောင့် သူတို့သည် သူတို့၏အပေါင်းအဖော်များကို ဩဇာသက်ရောက်စေနိုင်သည့်အခွင့်အရေးကို နှစ်သက်ခြင်းမရှိကြပေ။ ဤလောကီနှင့်ဆိုင်သောအစည်းအရုံးများသို့ သူတို့နှင့်အတူ မည်သူများသွားကြသနည်း။ စုဝေးသောသူတို့အား ကောင်းချီးပေးရန် သခင်ယေရှုသည် ထိုနေရာ၌မရှိပေ။ ထာဝရစိတ်ဝင်စားခြင်းရှိသောအရာများမဝင်နိုင်ဖို့ရန် စာတန်သည် စိတ်ထဲသို့အခြားအရာမြောက်မြားစွာတို့ကို ယူဆောင်လာလိမ့်မည်။ အမှန်ကိုအမှားနှင့်ရောနှော၍ ရှုပ်ထွေးအောင်ပြုလုပ်ခြင်းသည် စာတန်၏အခွင့်အရေးပင်ဖြစ်သည်။

လောကီနှင့်ဆိုင်သောအစုအဝေးများကို တက်ရောက်ခြင်းဖြင့် စိတ်ကိုထကြွစေသောရွှင်မြူးခြင်းများ၏အရသာကို မြည်းစမ်းမိလာသောအခါ၊ ကျင့်ဝတ္တရားသည် ခွန်အားနည်းလာလေသည်။ အပျော်အပါးကိုကြိုက်နှစ်သက် သောသူများသည် ဘုရား၌မွေ့လျော်ခြင်းပုံသဏ္ဍာန်ကို ပြကြမည်။ သို့သော်လည်း သူတို့၌ဘုရားသခင်နှင့်အရေးကြီးသော ဆက်သွယ်ခြင်းမရှိပေ။ သူတို့၏ ယုံကြည်ခြင်းသည် သေလျက်ရှိ၍ သူတို့၏ဇွဲသည် ဆုတ်ယုတ်သွားခဲ့ပြီ။ ခရစ်တော်မရှိသောအသက်ဝိညာဉ်များကို အချိန်တန်သောစကားပြောဆို၍၊ ကိုယ်တော်အားသူတို့၏စိတ်နှလုံးကိုဆက်ကပ်ရန် တိုက်တွန်းခြင်းအလုပ်၌ တာဝန်မရှိဟုထင်မြင်ယူဆကြသည်။ The Youth’s Instructor, March 30, 1893; April 23, 1912.

## ဘာသာတရားသည်စိတ်ကူးယဉ်ခြင်းမဟုတ်

စင်ကြယ်၍ ညစ်ညူးခြင်းကင်းသောဘာသာတရားသည် စိတ်ကူးယဉ်ခြင်းတစ်မျိုးမဟုတ်ပေ။ ကရုဏာမေတ္တာ၏အလုပ်များကို လုပ်ကိုင်ခြင်းဖြစ်သည်။ ဘာသာတရားသည် ကျန်းမာခြင်းနှင့်ပျော်ရွှင်ခြင်းရရှိဖို့ရန် လိုအပ်သည်။ ၎င်းသည် ညစ်ညူးနေသောအသက်ဝိညာဉ်ဗိမာန်ထဲသို့ဝင်၍၊ ရိုက်တံနှင့်ဝင်ရောက်လာသော ဒုစရိုက်လူများကို ရိုက်ထုတ်ပစ်လေသည်။ ထို့အပြင်

အသက်ဝိညာဉ်ဗိမာန်၌ ပလ္လင်တော်ကိုယူ၍၊ ၎င်းရှိခြင်းအားဖြင့် ဆက်ကပ်ခြင်းပြုပြီးလျှင် စိတ်နှလုံးကိုဖြောင့်မတ်ခြင်းနေရောင်ခြည်၏အလင်းဖြင့် ထွန်းလင်းစေသည်။ အသက်ဝိညာဉ်၏ပြတင်းပေါက်များကို ကောင်းကင်ဘက်သို့ လှည့်ဖွင့်ထား၍၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာနေရောင်ခြည်ကိုဝင်စေသည်။ ယင်းနှင့်အတူ ဆိတ်ငြိမ်ခြင်းနှင့်တည်ကြည်ခြင်းရောက်ရှိလာခဲ့သည်။ ကာယခွန်အား၊ ဉာဏခွန်အားနှင့် ကျင့်ဝတ်ခွန်အားများ တိုးတက်လာစေခဲ့သည်။ အကြောင်းမှာ ကောင်းကင်၏ပတ်ဝန်းကျင်သည် အသက်ရှင်ခြင်း၊ လှုပ်ရှားခြင်းတန်ခိုးအနေဖြင့် အသက်ဝိညာဉ်ကိုဖြစ်စေသည်။ ဘုန်းတော်၏မျှော်လင့်ရာ၊ ခရစ်တော်သည် စိတ်အတွင်း၌ဖြစ်ပေါ်လာသည်။ Review and Herald, October 15, 1901.

–၀–

# အနည်းငယ်သောအမှု၌ သစ္စာရှိသောသူ – ၃၇

"အနည်းငယ်သောအမှု၌ သစ္စာရှိသောသူသည် ကြီးသောအမှု၌လည်း သစ္စာရှိလိမ့်မည်။"

သိတတ်သောစိတ်နှင့် အာရုံပြုခြင်းကို လောက၏စကားဖြင့် "ငယ်သောအရာများ" ဟု နာမည်ပေးထားရာ၊ အသက်တာကို အောင်မြင်ခြင်းပြုလုပ်ပေးသောအရာကလေးများပင်ဖြစ်သည်။ စွန့်ကြဲပေးကမ်းခြင်း၏ သေးငယ်သောကောင်းမှုကုသိုလ်များ၊ မိမိကိုယ်ကိုငြင်းပယ်ခြင်းဖြစ်သည့် သေးငယ်သောအပြုအမူများ၊ မစခြင်းပေးရာ၌ ရိုးရိုးစကားပြောဆိုခြင်းများ၊ သေးငယ်သောအပြစ်များကိုဂရုစိုက်ကြည့်ရှုခြင်း၊ ဤအရာသည် ခရစ်ယာန်ဘာသာဝါဒပင်ဖြစ်သည်။ နေ့စဉ်နေ့တိုင်းခံစားရသော ကောင်းချီးမင်္ဂလာများကြောင့် ကျေးဇူးတင်အသိအမှတ်ပြုခြင်း၊ နေ့စဉ်နေ့တိုင်းရရှိသော အခွင့်ကောင်းများကို လိမ္မာစွာတိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်း၊ ပေးအပ်ထားသောအစွမ်းသတ္တိများကို လုံ့လစိုက်ထုတ်၍ ပြုစုပျိုးထောင်ပေးခြင်း၊ ဤအလုပ်မျိုးကိုလုပ်ကိုင်ဖို့ရန် သခင်ယေရှုခေါ်တော်မူသည်။

အကြင်သူသည် သစ္စာရှိစွာ သေးငယ်သောတာဝန်ဝတ္တရားများကို ဆောင်ရွက်ပါက၊ သာ၍ကြီးသောတာဝန်ဝတ္တရားများကို တောင်းဆိုသောအခါ အဖြေပေးဖို့ရန် ပြင်ဆင်ခြင်းရှိလိမ့်မည်။ နေ့စဉ်နေ့တိုင်း အသက်တာ၌ ကြင်နာ၍ ယဉ်ကျေးသောယောကျ်ားသည် အိမ်ထောင်၌ရက်ရောစွာ၍ သည်းခံခြင်းရှိလိမ့်မည်။ သူ၏အစဉ်မပြတ်ရည်ရွယ်ချက်သည် အိမ်ထောင်ကိုပျော်ရွှင် စေဖို့ရန်လုပ်ကိုင်ပေးမည်။ သခင်သည် သူ့ကိုခေါ်သောအခါ ကိုယ်ကိုကိုယ် ငြင်းပယ်၍ အနစ်နာခံဖို့ရန် ပထမဦးဆုံးလုပ်ကိုင်မည့်သူဖြစ်သည်။

## အလေးညီမျှသောစာရိတ္တ

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဉစ္စာပစ္စည်းကို ဘုရားသခင်၏အမှုတော်အတွက် ပေးကမ်းဖို့ရန် ဆန္ဒရှိကြမည်။ သို့သော်လည်း ကိုယ်တော်အား

ဤကဲ့သို့ပေးကမ်းခြင်း၌ မေတ္တာနှင့်ကျေးဇူးတင်သောစိတ်နှလုံးဖြင့် မပေးကမ်းပါက အရာမရောက်ပေ။ သာသနာပြုဆရာများဖြစ်လိုသောသူများသည် ပထမဦးဆုံး ကိုယ့်တိုင်းပြည်၌ မှန်ကန်သောသာသနာပြုဆရာများဖြစ်ရမည်။ အရှင်၏စပျစ်ဥယျာဉ်၌ အလုပ်လုပ်ကိုင်ဖို့ရန် ဆန္ဒရှိသောသူများသည်၊ ကိုယ်တော်သူတို့အားကြည့်ရှုဖို့ရန် အပ်နှံထားသောစပျစ်ဥယျာဉ်ငယ်ကလေးကို သေချာစွာပြုစုပျိုးထောင်ပေးခြင်းအားဖြင့် မိမိကိုယ်ကို ဤအရာအတွက် ပြင်ဆင်ကြလိမ့်မည်။

"လူသည် မိမိ၏စိတ်၌ထင်မြင်သည်အတိုင်းဖြစ်၏။" မြောက်မြားစွာသောအကြံအစည်များသည် တစ်နေ့တာ၏မရေးရသေးသော ရာဇဝင်ဖြစ်သည်။ ဤအကြံအစည်များသည် စာရိတ္တကိုပုံသွင်းခြင်း၌ များစွာသက်ဆိုင်သည်။ ကျွန်ုပ်တို့၏အကြံအစည်များကို ကြပ်ကြပ်မတ်မတ်စောင့်ထိန်းရမည်။ မသန့်ရှင်းသောအကြံအစည်တစ်ခုသည် အသက်ဝိညာဉ်အပေါ်၌ နက်နဲသောအရာကိုထင်စေသည်။ မကောင်းသောအကြံအစည်သည် စိတ်ပေါ်၌မကောင်းသောအရာကိုထင်စေသည်။ အကြံအစည်များသည် စင်ကြယ်၍သန့်ရှင်းပါက၊ ထိုအရာများကို နှစ်သက်မြတ်နိုးခြင်းဖြင့် လူသည်သာ၍ကောင်းလာသည်။ ယင်းအရာများအားဖြင့် ဝိညာဉ်ရေးလှုပ်ရှားခြင်းသည် လျင်မြန်လာ၍၊ ကောင်းမွန် သောအရာကိုလုပ်ကိုင်ခြင်းခွန်အားသည် တိုးတက်ခဲ့လေသည်။ မြေကြီးကိုစိုစေရာ၌ မိုးရေတစ်စက်သည် နောက်မိုးရေအတွက် လမ်းပြင်ပေးသကဲ့သို့၊ ကောင်းမွန်သောအကြံအစည်တစ်ခုသည် အခြားသောအကြံအစည်တစ်ခုအတွက် လမ်းပြင်ပေးခြင်းဖြစ်သည်။

အရှည်ဆုံးသောခရီးကို တစ်ချိန်လျှင်တစ်လှမ်းကျလျှောက်ခြင်းဖြင့် ပြီးစီးသည်။ တစ်လှမ်းပြီးတစ်လှမ်းသွားခြင်းဖြင့် လမ်းဆုံးသို့ရောက်ခဲ့သည်။ အရှည်ဆုံးသောသံကြိုးသည် သီးခြားကွင်းဆက်များဖြင့် ပေါင်းစပ်ထားသည်။ ကွင်းဆက်တစ်ခု၌အပြစ်ရှိပါက သံကြိုးသည်တန်ဖိုးမရှိပေ။ စာရိတ္တသည်လည်း ဤနည်းအတိုင်းပင်ဖြစ်သည်။ အလေးညီမျှသောစာရိတ္တကို ကောင်းမွန်စွာဆောင်ရွက်ပြီးစီးခဲ့သော အပြုအမူတစ်ခုမှဖြစ်ပေါ်လာခဲ့သည်။ အနာအဆာ

တစ်ခုကို အောင်မြင်နိုင်ရမည့်အစား ပြုစုပေးလိုက်ပါက လူကိုမစုံလင်သော အခြေအနေသို့ရောက်စေ၍၊ သန့်ရှင်းသောမြို့တော်၏တံခါးသည် သူ့အဖို့ ပိတ်လျက်ရှိသည်။ ကောင်းကင်ဘုံသို့ဝင်ရောက်သောသူသည် အစွန်းအကွက်၊ အရေတွန့်ခြင်းကင်းသော စာရိတ္တမျိုးရှိရမည်။ ညစ်ညူးစေတတ်သောအရာ သည် မည်သည့်အခါမျှမဝင်နိုင်ပေ။ ကယ်တင်ခြင်းခံရသောလူစုတွင် ချို့တဲ့သောသူ တစ်ဦးတစ်ယောက်ကိုမျှ တွေ့မြင်ရမည်မဟုတ်။

## နေ့စဉ်အသက်တာ၌သစ္စာရှိခြင်း

ဘုရားသခင်၏အမှုတော်တစ်ခုလုံးသည် စုံလင်ခြင်းရှိ၏။ အကြောင်းမှာ မည်မျှပင်သေးနုပ်စေကာမူ၊ အစိတ်အပိုင်းတိုင်းသည် စုံလင်ခြင်းရှိ၏။ ဘုရားသခင်သည် ကမ္ဘာကိုဖန်ဆင်းရာ၌ အလွန်သေချာစေ့စပ်သကဲ့သို့၊ မြက်ပင်၏ သေးငယ်သောအရွက်တစ်ရွက်ကို ပြုပြင်ရာ၌လည်း သတိထား၍ လုပ်ကိုင်တော်မူသည်။ ကောင်းကင်ဘုံ၌ရှိသော ကျွန်ုပ်တို့အဘသည် စုံလင် သကဲ့သို့ ကျွန်ုပ်တို့သည်လည်းစုံလင်လိုပါက၊ ကျွန်ုပ်တို့သည် သေးငယ် သောအရာများ ကိုပြုလုပ်ရာ၌ သစ္စာရှိရမည်။ လုပ်ကိုင်ဖို့ရန် တန်ဖိုးရှိသောအရာကို ကောင်း မွန်စွာလုပ်ကိုင်ဖို့ရန်ထိုက်သည်။ သင်၏အလုပ်အကိုင်သည် မည်သည့်အရာ ပင်ဖြစ်ပါစေ၊ သစ္စာရှိစွာလုပ်ကိုင်ပါ။ အသေးငယ်ဆုံးသော အရာနှင့်စပ်ဆိုင်၍ ပြောဆိုသောအခါ အမှန်ကိုပြောဆိုပါ။ နေ့စဉ်နေ့တိုင်း ချစ်ဖွယ်သောအပြုအမူ များကိုလုပ်ကိုင်၍ ရွှင်မြူးသောစကားများကိုပြောဆိုပါ။ အသက်တာလမ်းတစ် လျှောက်လုံး၌ ပြုံးရွှင်ခြင်းများကိုကြဲဖြန့်ပါ။ သင်သည် ဤကဲ့သို့ပြုလုပ်ပါက ဘုရားသခင်၏သဘောတော်နှစ်သက်ခြင်းသည် သင့်အပေါ် ၌ရှိ၍၊ တစ်နေ့၌ သခင်ခရစ်တော်သည် သင့်အား “သာဓုသစ္စာရှိသောငယ်သား ကောင်း” ဟု ချီးမွမ်းပြောဆိုလိမ့်မည်။

တရားစီရင်ရာနေ့၌၊ နေ့စဉ်နေ့တိုင်းအသက်တာတွင် သစ္စာရှိသော သူများ၊ မိမိတို့လုပ်ကိုင်ရမည့်အလုပ်ကို လျင်မြန်စွာတွေ့မြင်၍ လုပ်ကိုင်သော

သူများ၊ အမြတ်အစွန်းချီးမွမ်းခြင်းကို မကြည့်ရှုသောသူများကြားရမည့်စကား မှာ "ငါ့ခမည်းတော်ထံ ကောင်းချီးမင်္ဂလာကိုခံသောသူတို့ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့။" သူတို့သည် အ ကောင်းဆုံးစကားကိုပြောတတ်သောကြောင့် သခင်ယေရှုသည် ချီးမွမ်းခြင်း မပြု။ သူတို့၏သိမှတ်တတ်သောသတ္တိတန်ခိုး (သို့မဟုတ်) သူတို့ရက်ရော စွာပေးကမ်းသောအလှူငွေများကြောင့် ချီးမွမ်းခြင်းမပြုပေ။ မတွေ့မမြင်ဘဲ နေသောသေးငယ်သည့်အရာကလေးများအတွက် ဆုလာဘ်ရရှိကြသည်။ ကိုယ်တော်ကလည်း "ငါသည်ဆာမွတ်နေသောအခါ၊ သင်တို့သည် စားစရာ ပေးကမ်းကြသည်၊" သင်တို့သည် "ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီ" ဟု ပြန်၍မိန့်တော်မူလတ္တံ့။ The Youth's Instructor, January 17, 1901.

–o–

# အလင်းအတွက်ချေပရန်တာဝန်ရှိခြင်း – ၃၈

လူငယ်ယောကျ်ားကလေးနှင့်မိန်းကလေးများတို့၊ သင်တို့အား ဘုရားသခင်ပေးကမ်းထားသောအလင်းအတွက် ထုချေရှင်းလင်းရန် တာဝန်ရှိသည်။ ဤအလင်းနှင့်သတိပေးခြင်းများကို ဂရုမစိုက်ပါက တရားစီရင်ရာနေ့၌ ဤအရာများသည် သင့်တစ်ဘက်မှထလိမ့်မည်။ သင်၏ဘေးအန္တရာယ်များကို ပွင့်လင်းစွာပြောဆိုခဲ့ပြီ။ သင့်ကိုသတိပေး၍ အဘက်ဘက်မှစောင့်ရှောက်ခဲ့ပြီ၊ သတိပေးခြင်းများဖြင့် ဝန်းရံထားသည်။ ဘုရားသခင်၏အိမ်တော်၌ ကိုယ်တော်၏ကျွန်တို့သည် ဝိညာဉ်တော်အကြောင်းနှင့်စပ်ဆိုင်၍၊ စိတ်နှလုံး၌မှတ်ယူနိုင်သော သမ္မာတရားများဟောပြောခြင်းကို သင်သည်ကြားနာခဲ့ရပြီ။ ဤအရေးကြီးသောပန်ကြားခြင်းများသည် သင်၏စိတ်နှလုံးပေါ်၌ မည်မျှအလေးစီးခဲ့သနည်း။ သင်တို့၏စာရိတ္တများပေါ်၌ မည်သည့်ဩဇာသက်ရောက်ခြင်းရှိခဲ့သနည်း။ ဤပန်ကြားချက်တိုင်း၊ သတိပေးချက်တိုင်းသည် သင်၌တာဝန်ရှိပေသည်။ အကျိုးမဲ့ခြင်း၊ ပေါ့ပျက်ခြင်းနှင့်မာနထောင်လွှားခြင်းအသက်တာမျိုးဖြင့် နေထိုင်သောသူတို့ကို ယင်းအရာများသည် တရားစီရင်ရာနေ့တွင် သူတို့တစ်ဘက်၌ပေါ်လာ၍ တရားစီရင်ခြင်းပြုလိမ့်မည်။

ငယ်ရွယ်သောမိတ်ဆွေများတို့၊ သင်တို့စိုက်ပျိုးသောအရာကို သင်တို့ရိတ်သိမ်းရမည်။ ယခုအချိန်သည် သင်တို့အဖို့စိုက်ပျိုးချိန်ဖြစ်သည်။ သင်တို့ရိတ်သိမ်းသောအရာသည် မည်သည့်အရာဖြစ်လိမ့်မည်နည်း။ သင်သည် မည်သည့်အရာကိုစိုက်ပျိုးနေသနည်း။ သင်ပြောဆိုသောစကားတိုင်း၊ သင်ပြုလုပ်သောအရာတိုင်းသည် သစ်စေ့ဖြစ်၍၊ ကောင်းသောအသီး (သို့မဟုတ်) မကောင်းသောအသီးကိုသီးလိမ့်မည်။ စိုက်ပျိုးသောသူအဖို့ ဝမ်းမြောက်ခြင်း (သို့မဟုတ်) ဝမ်းနည်းခြင်းဖြစ်စေလိမ့်မည်။ စိုက်ပျိုးလိုက်သောအစေ့ကဲ့သို့ အသီးအနှံလည်း ဤအတိုင်းပင်ဖြစ်လိမ့်မည်။ ဘုရားသခင်သည် သင့်အားကြီးသောအလင်းနှင့်အခွင့်အရေးမြောက်မြားစွာ ပေးကမ်းထားသည်။ ဤအလင်းကိုပေးပြီး သင်၏ဘေးအန္တရာယ်များကို သင့်ရှေ့၌ထင်ရှားသိသာအောင်

ပြသပြီးသည်နောက်၊ တာဝန်ဝတ္တရားသည် သင့်ကိစ္စပင်ဖြစ်လေပြီ။ သင့်အား ဘုရားသခင်ပေးကမ်းတော်မူသောအလင်းကို သင်မည်ကဲ့သို့အသုံးချခြင်းကို မှီ၍ ပျော်ရွှင်ခြင်း (သို့မဟုတ်) ပူဆွေးခြင်းကို အဆုံးအဖြတ်ပေးလိမ့်မည်။သင်သည် သင့်အဖို့မွန်မြတ်သောကာလများကို ပုံသွင်းနေသည်။ Testimonies for the Church, vol 3, p. 363.

–o–

# အကြံအစည်၌စိတ်အားထက်သန်ခြင်း – ၃၉

ဟေဗြဲလူငယ်လေးယောက်တို့သည် ဗာဗုလုန်မြို့၌ရှိသော ရှင်ဘုရင်၏ နန်းတော်အဖို့ ပညာသင်ကြားနေကြစဉ်၊ သူတို့ထံမှလိုအပ်သော လုံ့လဝီရိယ အတွက် ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် အစားထိုးခြင်းဖြစ်သည်ဟု မယူဆကြပေ။ သူတို့သည် စာကိုသင်ကြားရာ၌ လုံ့လဝီရိယရှိကြသည်။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် သူတို့၏မွန်မြတ်သောအသက်တာသည် သူတို့ကိုယ်တိုင်ဆန္ဒနှင့် လျှပ်ရှားခြင်းအပေါ်၌မှီနေသည်။ သူတို့သည် သူတို့ တွင်ရှိသောခွန်အားရှိသမျှကို လုပ်ကိုင်ဆောင်ရွက်ခြင်း၌အားသွန်၍၊ သူတို့၏ ခွန်အားဖြင့် စာသင်ကြားခြင်းနှင့်အလုပ်လုပ်ကိုင်ခြင်းဖြင့် သူတို့၏အခွင့်အရေး ကို ယူကြရမည်။

## ဘုရားသခင်နှင့်ပေါင်းစပ်လုပ်ကိုင်ခြင်း

ဤလူငယ်များသည် သူတို့၏ကယ်တင်ခြင်းအတွက်ကြိုးပမ်းနေကြစဉ်၊ ဘုရားသခင်သည် သူတို့အထဲ၌ ကိုယ်တော်၏အလိုဆန္ဒအတိုင်းဖြစ်ဖို့ရန် လုပ်ကိုင်ပေးနေတော်မူသည်။ အောင်မြင်ခြင်း၏စည်းကမ်းချက်များကို ဤနေရာ၌ ဖော်ပြထားသည်။ ဘုရားသခင်၏ကျေးဇူးတော်ကို ကျွန်ုပ်တို့၏ ကိုယ်ပိုင်ပြုလုပ် လိုပါက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပိုင်းကို လုပ်ဆောင်ရမည်။ဘုရားသခင် သည် ကျွန်ုပ်တို့အဖို့ ကျွန်ုပ်တို့၏ဆန္ဒအတိုင်းဖြစ်စေ၊ သို့မဟုတ် လုပ်ကိုင်ရ မည့်အရာ၌ဖြစ်စေ၊ ကိုယ်တော်ကိုယ်တိုင် ဆောင်ရွက်ပေးမည်ဟု ကြံရွယ်ခြင်း မရှိပေ။ ကျွန်ုပ်တို့အထဲ၌ အလိုဆန္ဒရှိ၍ လုပ်ကိုင်စေ နိုင်ဖို့ရန် ကိုယ်တော်၏ ကျေးဇူးတော်ကို ပေးထားသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ကြိုးစားမှုအတွက် အစားထိုးဖို့ရန်မပေးထားပေ။ ပေါင်းဖက်လုပ်ကိုင် ဖို့ရန် ကျွန်ုပ်တို့၏အသက် ဝိညာဉ်များကို ထကြွနိုးကြားစေရမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကယ်တင် ခြင်းအတွက်လုပ်ကိုင်နိုင်ရန် သန့်ရှင်းသောဝိညာဉ်

တော်သည် ကျွန်ုပ်တို့အထဲ၌ လုပ်ကိုင်လျက်ရှိသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဤလက်တွေ့သင်ခန်းစာကို ကျွန်ုပ်တို့အား ကြိုးစား၍သင်ပြနေသည်။ "သင်တို့သည်အလိုရှိစေခြင်းငှာလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှာလည်းကောင်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း။"

ဘုရားသခင်သည် ဒံယေလနှင့်သူ၏အပေါင်းအဖော်သုံးဦးတို့နှင့် ပေါင်းဖက်လုပ်ကိုင်တော်မူသကဲ့သို့ ကိုယ်တော်၏အမှုတော်ကို သစ္စာရှိစွာဖြင့် ကြိုးစားဆောင်ရွက်သောသူတို့နှင့် ပေါင်းဖက်လုပ်ကိုင်တော်မူလိမ့်မည်။ ထက်မြက် သောစိတ်သဘောအရည်အချင်းနှင့် မြင့်မားသောအကျင့်စာရိတ္တများသည် မတော်တဆဖြစ်ပေါ်လာသောအရာများမဟုတ်ပေ။ အောင်မြင်ခြင်းသည် ဘုရားသခင်ချပေးတော်မူသော အခွင့်အရေးများကို အသုံးပြုခြင်းအပေါ်၌ တည်နေသည်။ ပွင့်နေသည့်အသင့်စီမံထားခြင်းများကို ချက်ချင်းတွေ့မြင်၍ စိတ်အားထက်သန်စွာ ဝင်သွားရမည်။ ကျေးဇူးတော်အားဖြင့် အောင်မြင်သောသူများဖြစ်ဖို့ရန်နှင့် သူတို့၏အလုပ်ကိုလုပ်ကိုင်နိုင်၍ ခွန်အားနှင့်အရည်အချင်းရရှိဖို့ရန် ဒံယေလကဲ့သို့ ဘုရားသခင်အပေါ်၌ အမှီပြုခဲ့လျှင်၊ ခွန်အားကြီးသောသူမြောက်မြားစွာရှိကြလိမ့်မည်။

## စိတ်နှလုံးအပြည့်အဝနှင့်ဆောင်ရွက်ခြင်း

လူငယ်များတို့၊ သင်တို့အားကျွန်ုပ်ပြောလိုသည်မှာ၊ သစ္စာရှိကြပါ။ သင်တို့၏အလုပ်ထဲ၌ သင်တို့၏စိတ်နှလုံးရှိပါစေ။ ပျင်းရိသောသူ၊ မရေမရာလုပ်ကိုင်သောသူတို့ကို အတုမခိုးပါနှင့်။ လှုပ်ရှားခြင်းများသည် ခဏခဏဆိုသလို အကျင့်ဓလေ့အထပ်ထပ်မှ စာရိတ္တသည်ဖြစ်လာခဲ့သည်။ အသက်တာ၏ငယ်သောဝတ္တရားများကိုသည်းခံ၍ ဆောင်ရွက်ပါ။ သင်သည် သေးငယ်သောဝတ္တရားများကို သစ္စာရှိစွာဖြင့်ဆောင်ရွက်ခြင်း၏အရေးကြီးခြင်းကို တန်ဖိုး

မထားသမျှကာလပတ်လုံး၊ သင်၏စာရိတ္တဆောက်တည်ခြင်းသည် စိတ်ကျေနပ်စရာရှိလိမ့်မည်မဟုတ်ပေ။ အနန္တတန်ခိုးနှင့်ပြည့်စုံသော ဘုရားသခင်၏ရှေ့တော်၌၊ ဝတ္တရားတိုင်းသည် အရေးကြီးသည်။ ဘုရားသခင်မိန့်တော်မူ သည်မှာ "အနည်းငယ်သောအမှု၌ သစ္စာရှိသောသူသည် ကြီးသောအမှု၌လည်း သစ္စာရှိ၏။" မှန်ကန်သောခရစ်ယာန်၏အသက်တာ၌ အရေးမကြီးသောအရာ ဟူ၍မရှိပေ။

ခရစ်ယာန်ဟု ခေါ်သောသူအများအပြားတို့သည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ကြံစည်လုပ်ဆောင်နေကြသည်။ အလုပ်အကိုင်ကြီးများ သူတို့ထံသို့ရောက်ရှိလာရန် အများသောသူတို့သည် စောင့်မျှော်နေကြသည်။ သူတို့သည် နေ့စဉ်ဘုရားသခင်အားသစ္စာရှိကြောင်းပြသဖို့ရန် အခွင့်အရေးများ ဆုံးရှုံးနေကြသည်။ နေ့စဉ်နေ့တိုင်း အသက်တာ၏သေးငယ်သောဝတ္တရား များကိုစိတ်ရောကိုယ်ပါဆောင်ရွက်ဖို့ရန် ပျက်ကွက်နေကြသည်။ သူတို့အဖို့ ဤအရာများ၌ စိတ်ဝင်စားဟန်မတူပေ။ မိမိတို့၏အထင်အားဖြင့် သူတို့၏ ကြီးကျယ်သောအရည်အချင်းများကိုပြသဖို့ရန်၊ ကြီးကျယ်သောအလုပ်များ လုပ်ကိုင်ဖို့ရန်စောင့်မျှော်နေကြစဉ်၊ ဤနည်းဖြင့် စိတ်၏တောင့်တခြင်းများကို ကျေနပ်နစ်သိမ့်စေ၍ သူတို့၏အသက်တာသည် ကုန်လွန်သွားခဲ့လေသည်။

ကျွန်ုပ်၏ချစ်သောလူငယ်များတို့၊ သင်နှင့်အနီးဆုံးရှိနေသည့်အလုပ်ကိုလုပ်ကိုင်ပါ။ သူ၏လက်လှမ်းမီရာ၌ရှိသော သာမန်နိမ့်ကျသည့်အလုပ်ကိုစိတ်ဝင်စားပါ။ ဤအလုပ်ကို သင်စိတ်ရောကိုယ်ပါဖြင့် လုပ်ကိုင်ပါ။ သင်၏အိမ်၌လုပ်ကိုင်နိုင်သောအရာများအပေါ်၌ သိမြင်နားလည်ခြင်းရှိ၍ လုပ်ကိုင်ဖို့ရန် သင်၏အထင်အမြင်များကို ကြပ်ကြပ်တင်းတင်းပြုပါ။ ဤနည်းဖြင့်သင်သည် သင့်ကိုယ်ကိုသာ၍ကြီးသော အကျိုးရှိသည့်အသုံးဝင်ခြင်းသို့ ထိုက်တန်စေလိမ့်မည်။ ဟေဇကိမင်းအကြောင်းနှင့်စပ်ဆိုင်၍ ရေးသားထားသည်မှာ "ဟေဇကိမင်းကြီးသည် လုပ်ကိုင်လေရာတိုင်း၌ မိမိစိတ်နှလုံးပါ လျက်လုပ်ကိုင်သောကြောင့် တိုးတက်ကြီးပွားလေသည်။"

## စိတ်အာရုံစူးစိုက်ထားခြင်း၏တန်ဖိုး

လက်ငင်းလုပ်ကိုင်နေသောအလုပ်၌ စိတ်အာရုံစူးစိုက်၍ထားနိုင်သော သတ္တိသည် ကြီးသောကောင်းချီးမင်္ဂလာဖြစ်သည်။ ဘုရားကိုကြောက်ရွံ့သော လူငယ်များသည် မိမိတို့၏ဝတ္တရားများကို စဉ်းစားဆင်ခြင်တတ်သောပညာ ဖြင့် ဆောင်ရွက်လုပ်ကိုင်၍ အကြံအစည်များကို မှန်သောလမ်းကြောင်း၌ ထား၍ အကောင်းဆုံးလုပ်ကိုင်ပေးရမည်။ သူတို့သည် လက်ရှိလုပ်ကိုင်နေသော ဝတ္တရား များကိုသိမှတ်၍ စိတ်လေခြင်းကိုအခွင့်မပေးဘဲ ပြီးစီးအောင် လုပ်ကိုင်ဆောင် ရွက်ရမည်။ စိတ်ကိုစည်းကမ်းတကျပြုလုပ်ပေးခြင်းသည် အသက်တာတစ် လျှောက်လုံးအဖို့ မစခြင်းနှင့်အကျိုးကျေးဇူးဖြစ်ထွန်းခြင်းရှိ လိမ့်မည်။ သူတို့ လုပ်ကိုင်သမျှသောအရာများ၌ ထင်မြင်ချက်ကိုထည့်ပေးနိုင် သောသူတို့သည် အမြင်အားဖြင့် အလုပ်သည်မည်မျှပင်သေးငယ်သော်လည်း လောက၌အသုံးကျ လိမ့်မည်။

ချစ်သောလူငယ်၊ စိတ်အားထက်သန်ခြင်းရှိပါ။ လုံ့လဝီရိယရှိပါ။ "သင့်စိတ်၏ခါးပန်းကိုစည်းထားပါ။" သူ၏စိတ်၌ ဘုရားသခင်ကိုသစ္စာရှိ မည်ဟုဆုံးဖြတ်ထားသော သစ္စာရှိဟေဗြဲလူဒံယေလကဲ့သို့ ရပ်တည်ပါ။ သင်၏ မိဘများနှင့်မိတ်ဆွေများကို စိတ်ပျက်အောင်မပြုလုပ်ပါနှင့်။ နောက်သတိရရှိ ဖို့ရန် ပုဂ္ဂိုလ်တစ်ဦးရှိသေး၏။ ထိုပုဂ္ဂိုလ်ကြီးကို စိတ်ပျက်အောင်မလုပ်ပါနှင့်။ သူသည် သင့်ကိုအလွန်ချစ်၍၊ သင်သည် ဘုရားသခင်နှင့်ပေါင်းဖက်လုပ်ကိုင် နိုင်ဖို့ရန် သူ၏အသက်ကို သင့်အဖို့စွန့်တော်မူခဲ့သည်။

## အမြင့်ဆုံးသောရည်ရွယ်ချက်

ဘုရားသခင်ကို ဂုဏ်ပြုလိုသောဆန္ဒသည် ကျွန်ုပ်တို့၏စိတ်သဘော ရင်းခံအားလုံးတွင် ခွန်အားအကြီးဆုံးဖြစ်ရမည်။ ဘုရားသခင်၏ပစ္စည်းများကို မည်ကဲ့သို့လိမ္မာစွာအသုံးချဖို့ရန် ကျွန်ုပ်တို့သည်နားလည်၍၊ ကျွန်ုပ်တို့အဖို့

စီမံထားသောအခွင့်အရေးများနှင့် အခွင့်ကောင်းများကိုတိုးတက်ဖို့ရန် ကြိုးစား၍ လုပ်ကိုင်ဆောင်ရွက်စေသည်။ ကျွန်ုပ်တို့၏ကာယခွန်အားနှင့်စိတ်သဘော ကြည်လင်ခြင်းသည် ကျွန်ုပ်တို့အား သစ္စာရှိသောဘဏ္ဍာစိုးများဖြစ်စေဖို့ရန် ကျွန်ုပ်တို့၏ဦးနှောက်အရိုး၊ ကြွက်သားနှင့်အာရုံကြောများကို အကောင်းဆုံး ကျန်းမာရေးအခြေအနေ၌ထားရန် လမ်းညွှန်ရပေမည်။ လုပ်ကိုင်နိုင်ဖို့ရန်နေရာ ပေးခဲ့လျှင် ကိုယ်ကျိုးရှာဖွေလိုသောစိတ်သည် စိတ်ကိုသိမ်ဖျင်းစေ၍ စိတ်နှလုံးကို မာကျောစေမည်။ အုပ်စိုးဖို့ရန်အခွင့်ပေးပါက ၎င်းသည် ကျင့်ဝတ်တန်ခိုး များကိုဖျက်ဆီးပစ်မည်။ ထိုနောက် စိတ်ပျက်ခြင်းရောက်ရှိလာလိမ့်မည်။

ဒံယေလကိုအောင်မြင်ခြင်းပေးသောဘုရားသခင်သည် မှန်ကန်သောအောင်မြင်ခြင်းကို ယောကျ်ားနှင့်မိန်းမတို့အား ပေးကမ်းတော်မူမည်။ ဒံယေလ၏ စိတ်နှလုံးကိုဖတ်သောသူသည် ကိုယ်တော်၏ကျွန်ရည်ရွယ်ရင်း၌စင်ကြယ်ခြင်း၊ ကိုယ်တော်ကိုဂုဏ်ပြုဖို့ရန် သူ၏ဆုံးဖြတ်ခြင်းကို နှစ်သက်သောသဘောဖြင့်ကြည့်ရှုသည်။ သူတို့၏အသက်တာ၌ ဘုရားသခင်၏အကြံအစည်တော် ကိုပြည့်စုံစေလိုသောသူတို့သည် ခွန်အားစိုက်၍ကြိုးစားကြရမည်။ လုပ်ကိုင် ဖို့ရန် ဘုရားသခင်ပေးသမျှသောအလုပ်ကို စိတ်ထက်သန်စွာဖြင့် ပြီးစီးအောင် ဆောင်ရွက်ရမည်။ The Youth’s Instructor, August 20, 1903.

## တည်မြဲသောဝမ်းမြောက်ခြင်း

ထာဝရအသက်တာသွားရာ မတ်စောက်သောလမ်းတစ်လျှောက်လုံး၌ မောပန်းသောသူတို့အား၊ အားပြည့်ပေးဖို့ရန်၊ ဝမ်းမြောက်ခြင်းစမ်းရေတွင်းများ ရှိသည်။ ပညာလမ်း၌လျှောက်သွားသောသူတို့သည် ဒုက္ခဆင်းရဲခံနေရစဉ်အချိန်၌ အလွန်ဝမ်းမြောက်ခြင်းရှိကြသည်။ အကြောင်းမှာ သူတို့၏အသက်ဝိညာဉ်မြတ်နိုးသောသူသည် သူတို့၏နံဘေး၌မမြင်ရသော်လည်း လမ်းလျှောက်နေသည်။ အထက်သို့တက်သောအလှမ်းတိုင်း ကိုယ်တော်၏လက်တော်ဖြင့် တို့ထိတော်မူကြောင်းကို ထင်ရှားစွာခွဲခြားသိမြင်လာ၍၊ အလှမ်းတိုင်း၌ဘုန်းတော်

ရောင်ခြည်သည် မတွေ့မြင်နိုင်သောပုဂ္ဂိုလ်ထံမှ သူတို့၏လမ်းပေါ်သို့ကျရောက်လျက်ရှိသည်။ သူတို့၏ချီးမွမ်းထောမနာသီချင်းများသည် အထက်ယံသို့ရောက်၍ ပလ္လင်တော်ရှေ့၌ ကောင်းကင်တမန်တို့၏သီချင်းနှင့် ပူးပေါင်းရန်တက်ရောက်သွားခဲ့လေသည်။ Thoughts from the Mount of Blessing, p. 202.

–၀–

## စိတ်အလိုကိုလေ့ကျင့်ပေးခြင်း – ၄၀

စင်ကြယ်သောဘာသာတရားသည် စိတ်အလိုနှင့်သက်ဆိုင်၏။ လူ၏သဘော၌ စိတ်အလိုသည် အုပ်စိုးသောခွန်အားတန်ခိုးဖြစ်၍၊ အခြားသောအစွမ်းသတ္တိများကို အောက်သို့ယူဆောင်ခဲ့သည်။ စိတ်အလိုသည် အရသာ (သို့မဟုတ်) သဘောညွတ်ခြင်းမဟုတ်။ ဆုံးဖြတ်သောခွန်အားတန်ခိုးဖြစ်၍ ဘုရားသခင်၏စကားတော်ကိုနားထောင်နိုင်ရန် လူသားတို့၌လုပ်ဆောင်ခြင်း (သို့မဟုတ်) နားမထောင်ခြင်းသို့ရောက်စေသည်။

### မတည်မငြိမ်ခြင်းနှင့်ယုံမှားခြင်း

သင်သည် သိမြင်နားလည်ခြင်းနှင့်ပြည့်ဝသော လူငယ်တစ်ယောက်ဖြစ်၍၊ သင်၏အသက်တာကို နောက်ဆုံးကောင်းကင်ဘုံနှင့် အံကိုက်ဖြစ်အောင် ပြုလုပ်ဖို့ဆန္ဒရှိသည်။ သင်၏ကျင့်ဝတ်ခွန်အားများ၌ အားနည်းနေခြင်း၊ ယုံမှားခြင်း၌ကျွန်ခံနေရခြင်း၊ အပြစ်၌နစ်မွန်းနေသော သင့်အသက်တာဟောင်း၏ အကျင့်ဓလေ့များနှင့် ထုံးစံများ၏အုပ်စိုးခြင်းခံနေရကြောင်းကို တွေ့မြင်သောကြောင့် သင်သည် ခဏခဏစိတ်ပျက်ခြင်းရှိသည်။ သင်၏ စိတ်လှုပ်ရှားထကြွခြင်းသဘောသည် သင့်ကိုယ်ကိုလည်းကောင်း၊ သင်၏ အကောင်းဆုံးသောစိတ်ပြဋ္ဌာန်းခြင်းများကိုလည်းကောင်း၊ သင်၏အရေးကြီးသော ကတိဝန်ခံချက်များကိုလည်းကောင်း မမှန်မကန်ဖြစ်နေသည်ကို သင်တွေ့မြင် ရသည်။ မည်သည့်အရာမျှ အစစ်အမှန်ဖြစ်ဟန်မတူ။ သင်ကိုယ်တိုင်မတည်ငြိမ်ရှိခြင်းသည် သင့်ကိုကောင်းမွန်စွာပြုစုသောသူတို့၏စေတနာကိုပင် ယုံမှားသံသယဖြစ်စေဖို့ရန် လမ်းခင်းပေးခဲ့သည်။ သင်သည် ယုံမှားသံသယဖြစ်ခြင်း၌ သာ၍လုံးပန်းနေပါက၊ သင့်အဖို့ အရာခပ်သိမ်းတို့သည် သာ၍အစစ်အမှန် မဖြစ်တော့ဘဲ နောက်ဆုံး၌ သင့်အဖို့ခိုင်မာသောနေရာမရှိတော့ဟု ထင်မှတ်ရလေသည်။ သင်၏ကတိထားခြင်းများသည် မမြဲမြံသောဆက်ဆံခြင်းများ

ဖြစ်၍ သင်အမှန်တကယ်ကိုးစားရမည့်လူများကို အစစ်အမှန်မဟုတ်၊ ပေါ့ဆသောစကား၊ အလုပ်ဖြင့်ဆက်ဆံလေသည်။

## စိတ်အလိုကိုပေးအပ်ခြင်းဖြင့်ခွန်အားရရှိခြင်း

စိတ်အလို၏မှန်ကန်သောအစွမ်းသတ္တိကို မသိနားမလည်မချင်း၊ သင်သည် အစဉ်သဖြင့် ဘေးအန္တရာယ်၌ရှိနေလိမ့်မည်။ သင်သည်ယုံကြည်၍ အရာခပ်သိမ်း၌ကတိပေးလိမ့်မည်။ သို့သော်လည်း သင်၏စိတ်အလိုကို ယုံကြည်ခြင်းနှင့်လှုပ်ရှားခြင်း၌ မထားသရွေ့ကာလပတ်လုံး သင်၏ကတိများနှင့် (သို့မဟုတ်) သင်၏ယုံကြည်ခြင်းသည် တန်ဖိုးမရှိပေ။ သင်သည် ယုံကြည်ခြင်းဖြင့်တိုက်လှန်ခြင်းကို သင်၌ရှိသောစိတ်တန်ခိုးအားလုံးဖြင့် တိုက်ခိုက်ပါကအောင်မြင်လိမ့်မည်။ သင်၌ခံစားရခြင်းများ၊ သင်၏ထင်မြင်ခြင်းများ၊ သင်၏စိတ်လှုပ်ရှားခြင်းများကို မယုံကြည်ရပေ။ အကြောင်းမူကား ၎င်းတို့ကိုစိတ်မချရပေ။ အထူးသဖြင့် သင်၏မှောက်မှားသောစိတ်ကူးများ၊ သင်၏မတည်ခဲ့သောကတိများ၏အသိဉာဏ်၊ သင်၏အဆုံးခံလိုက်ရသော ဝန်ခံချက်များသည် သင့်ကိုယ်ကိုယုံကြည်ဖို့ရန်အားနည်းစေ၍၊ အခြားသူများသည်လည်း သင့်အပေါ်၌ယုံကြည်ခြင်းအားနည်းခဲ့လေသည်။

သို့သော်လည်း သင်သည် မြော်မြင်ရာကင်းမဲ့နေဖို့အကြောင်းမရှိရ ပေ။ အရာဟူသရွေ့သည် သင့်အဖို့မှန်ကန်ခြင်း၊ အစစ်အမှန်ဖြစ်ခြင်းမရှိသော် လည်း၊ သင်သည် ယုံကြည်ရန်စိတ်ပိုင်းဖြတ်ခြင်းရှိရမည်။ သင်သည် ဤ ငြူစူခြင်းကင်းမဲ့သောအခြေအနေသို့ ရောက်ရှိလာရခြင်းသည် သင်ကိုယ်တိုင် ပြုလုပ်ခြင်းပင်ဖြစ်ကြောင်း ကျွန်ုပ်သည် သင့်ကိုပြောဆိုဖို့ရန်မလိုပေ။ ဘုရားသခင်နှင့်သင်၏ညီအစ်ကိုများသည် သင်၌ယုံကြည်ခြင်းရှိရန် ပြန်၍ ကြိုးစားရမည်။ သင်၏စိတ်အလိုကို သခင်ယေရှု၏စိတ်အလို၌ ပေးအပ်ရမည်။ သင်သည် ဤကဲ့သို့ပြုလုပ်သောအခါ၊ ဘုရားသခင်သည် ချက်ချင်း သိမ်းယူ၍ သင်၏စိတ်အထဲ၌ စိတ်အလိုအတိုင်း ကိုယ်တော်သည် လုပ်ကိုင်

ပေးလိမ့်မည်။ ထိုနောက် သင်၏သဘောတစ်ခုလုံးသည် ခရစ်တော်၏စိတ်သဘောအုပ်စိုးခြင်းအောက်သို့ ရောက်ရှိလာ၍၊ သင်၏အကြံအစည်များပင် ကိုယ်တော်၏လက်အောက်ခံဖြစ်လိမ့်မည်။

သင်သည် သင်၏စိတ်တိုက်တွန်းခြင်းများ၊ သင်၏စိတ်လှုပ်ရှားထကြွခြင်းများကို သင်ဆန္ဒရှိသည်အတိုင်း အုပ်ချုပ်၍ရမည်မဟုတ်ပေ။ သို့သော်လည်း သင်သည် စိတ်အလိုကိုအုပ်ချုပ်နိုင်၍ သင်၏အသက်တာ တစ်ခုလုံးကို ပြောင်းလဲပစ်နိုင်သည်။ သင်၏စိတ်အလိုကို ခရစ်တော်သို့အပ် ပေးခြင်းဖြင့် သင်၏အသက်တာသည် သခင်ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဖုံးကွယ်ထားခြင်းရှိလိမ့်မည်ဖြစ်၍ အားလုံးသောအထွတ်အာဏာစက်နှင့်တန်ခိုး တို့အထက်၌ရှိသော တန်ခိုးနှင့်မဟာမိတ်ဖွဲ့ထားလိမ့်မည်။ သင့်ကိုမြဲမြဲစွာ ကိုယ်တော်၏ခွန်အား၌ကိုင်စွဲထားနိုင်ရန် သင်သည် ဘုရားသခင်အထံတော်မှ ခွန်အားကိုရရှိလိမ့်မည်။ ထိုနောက် အလင်းသစ်တစ်ခုဖြစ်သည့် အသက်ရှင် သောယုံကြည်ခြင်းအလင်းကို သင်ရရှိလိမ့်မည်။ သို့သော်လည်း သင်၏စိတ် အလိုကို ဘုရားသခင်၏စိတ်အလိုနှင့် ပူးပေါင်းရမည်၊ သင့်ကိုသွေးဆောင်၍ ဖျက်ဆီးပစ်ရန် စာတန်အစဉ်လုပ်ကိုင်နေသော အပေါင်းအဖော်များတို့၏ စိတ်အလိုနှင့်မဟုတ်ပေ။

သင်သည် နောက်မကျစေဘဲ သင့်ကိုယ်ကိုဘုရားသခင်နှင့်မှန်သောတော်စပ်ခြင်း၌ ထားမည်လား။ "ကျွန်ုပ်သည် ကျွန်ုပ်၏စိတ်အလိုကိုသခင်ယေရှုအားပေးမည်။ ယခုပင်ပေးမည်" ဟု သင်ပြောဆိုမည်လား။ ယခုအချိန်မှ စ၍ ဘုရားသခင်ဘက်၌ လုံးဝနေမည်မဟုတ်လော။ ထုံးစံဓလေ့နှင့်ခံတွင်း အရသာခံခြင်း၊ တပ်မက်ခြင်းများကို ဂရုမစိုက်ဘဲနေပါ။ "သင်သည် အသုံးမကျ သောဖာရိရှဲဖြစ်သည်" ဟု စာတန်ပြောဆိုဖို့ရန် အခွင့်မပေးပါနှင့်။ ဤနည်းဖြင့် စာတန်သည် သင့်ကိုစွပ်စွဲ၍၊ စိတ်ပျက်ခြင်းမဖြစ်စေနိုင်ရန် တံခါးကို ပိတ်ထားပါ။ "ကျွန်ုပ်ယုံကြည်မည်၊ ဘုရားသခင်သည် ကျွန်ုပ်၏မစသော အရှင်ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်သည်" ဟု ပြောဆိုပါ။ သင်သည် ဘုရားသခင်၌ အောင်မြင်သည်ကို တွေ့မြင်ရလိမ့်မည်။ စိတ်အလိုကို ဘုရားသခင်

ဘက်၌ မြဲမြဲစွာထားခြင်းအားဖြင့် စိတ်လှုပ်ရှားခြင်းအားလုံးတို့ကို သခင်ယေရှု၏ အလိုတော်အတိုင်း ဖမ်းဆီးချုပ်ထားနိုင်လိမ့်မည်။ ထို့နောက် သင်၏ခြေသည် မာကျောသောကျောက်ပေါ်၌နင်းထားကြောင်း တွေ့မြင်လိမ့်မည်။ ရံဖန်ရံခါ သင်၌ရှိသောစိတ်တန်ခိုးရှိသမျှကိုလိုလိမ့်မည်။ သို့သော်လည်း ဘုရားသခင်သည် သင့်အဖို့လုပ်ကိုင်နေတော်မူသည်။ သင်သည် ပုံသွင်းလုပ်ကိုင်သောနေရာမှ ဂုဏ်ရှိသောခွက်ဖလားအနေဖြင့် ထွက်ပေါ်လာလိမ့်မည်။

## ဘုရားသခင်၏စိတ်အလိုနှင့်လူ၏စိတ်အလိုပေါင်းစည်းခြင်း

ယုံကြည်ခြင်းအကြောင်းပြောဆိုပါ။ ဘုရားသခင်ဘက်၌နေပါ။ ဘုရားသခင်သည် သင့်ကိုမစလိမ့်မည်။ သင်၏ခြေကိုရန်သူဘက်၌မချပါနှင့်။ သင်ကိုယ်တိုင်မလုပ်နိုင်သောအရာကိုသာ ဘုရားသခင်သည် သင့်အဖို့လုပ်ဆောင် ပေးတော်မူလိမ့်မည်။ အကျိုးသက်ရောက်ခြင်း၌ သင်သည် "လေဗနုန်တောင် မှ အာရဇ်ပင်များကဲ့သို့" ဖြစ်လိမ့်မည်။ သင်၏အသက်တာသည် မြင့်မြတ်၍ သင်၏အလုပ်များသည် ဘုရားသခင်၌ပြုလုပ်လိမ့်မည်။ သင်၌တန်ခိုး၊ စိတ် အားထက်သန်ခြင်း၊ ရိုးသားခြင်းရှိ၍ သင့်ကိုဘုရားသခင်၏လက်တော်၌ အရောင်တင်ထားသောတန်ဆာပလာအဖြစ် ပြုလုပ်လိမ့်မည်။

သင်သည် ပျော်မွေ့ခြင်း၏လျှို့ဝှက်ခြင်းနှင့် ဘုရားသခင်၌ဝမ်းမြောက်ခြင်းကိုနားလည်ရန် သမ္မာတရားစမ်းရေတွင်း၌ နေ့စဉ်သောက်ဖို့ရန် လိုအပ်ပေသည်။ သို့သော်လည်း သင်မှတ်မိရမည်မှာ၊ သင်၏စိတ်အလိုသည် သင်၌ လှုပ်ရှားခြင်းအားလုံးတို့၏အကြောင်းရင်းဖြစ်သည်။ ဤအရာသည် သင်၏ စာရိတ္တ၌အလွန်အရေးကြီးသောအကြောင်းတစ်ခုဖြစ်၍၊ လူသည် အပြစ်သို့ ကျရောက်စဉ်အချိန်၌ စာတန်၏အုပ်ချုပ်ခြင်းအောက်သို့ ရောက်ရှိခဲ့သည်။ ထိုအချိန်မှစ၍ စာတန်သည် လူ၌စိတ်အလိုအတိုင်း မိမိသဘောကျလုပ်ကိုင်ဖို့ရန် ပြုလုပ်ခဲ့သည်။ လူအဖို့ လုံးဝပျက်စီးခြင်းနှင့် ဒုက္ခဆင်းရဲကျရောက်ဖို့ပင်ဖြစ်တော့သည်။

မိမိချစ်တော်မူသောသားတော်ကို အပြစ်အသွင်ယဇ်ကောင်ဖြစ်စေဖို့ရန်၊ ဘုရားသခင်စွန့်တော်မူခြင်းဖြင့် ကိုယ်တော်၏အုပ်ချုပ်ခြင်း၏ကျင့်ဝတ်တစ်ချက်ကိုမျှ ကျူးလွန်ခြင်းမရှိဘဲ မိန့်တော်မူနိုင်သည်မှာ၊ "သင့်ကိုယ်ကိုငါ့အားအပ်ပေးလော့။ သင်၏စိတ်အလိုကို ငါ့အားပေးလော့။ စာတန်၏အုပ်ချုပ်ခြင်းအောက်မှယူ၍၊ ငါသည်သိမ်းယူမည်။ ထိုနောက် ငါသည်သင်၌စိတ်အလိုအတိုင်း၊ ငါသဘောကျလုပ်ကိုင်နိုင်မည်။" ကိုယ်တော်သည် သင့်အားခရစ်တော်၏စိတ်ကိုပေးပါက၊ သင်၏စိတ်အလိုသည် ကိုယ်တော်၏စိတ် အလိုဖြစ်လာ၍၊ သင်၏စာရိတ္တသည်လည်း ခရစ်တော်၏စာရိတ္တနှင့်တူရန် ပြောင်းလဲလာလိမ့်မည်။ သင့်အကြံအစည်သည် ဘုရားသခင်၏စိတ်အလိုအတိုင်းလုပ်ကိုင်ပေးဖို့ရန်ဖြစ်သလား။ သင်သည် သမ္မာကျမ်းစာကိုနားထောင်ဖို့ရန်အလိုရှိသလား။ "အကြင်သူသည် ငါ့နောက်သို့လိုက်ဖို့ရန်အလိုရှိ၏။ ထိုသူသည် မိမိကိုယ်ကိုငြင်းပယ်၍၊ မိမိ၏လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်။"

သင်သည် သင်၏အလိုဆန္ဒပြည့်ဝခြင်းကိုငြင်းပယ်၍ ဘုရားသခင်၏စကားတော်ကိုနားထောင်ဖို့ရန် ဆုံးဖြတ်ခြင်းမရှိပါက၊ ခရစ်တော်နောက်တော်သို့လိုက်သည်ဟူသော ပြောဆိုခြင်းသည် အလျှင်းမရှိသောအရာဖြစ်သည်။ သင့်ကို ဘုရားသခင်၏သားတစ်ယောက်ဖြစ်စေခြင်းသည် သင်၏ထူးခြားအာရုံခံနိုင်သောအရာများ၊ သင်၏စိတ်၌ လှုပ်ရှားခြင်းများကြောင့်မဟုတ်၊ ဘုရားသခင်၏အလိုဆန္ဒအတိုင်း လုပ်ကိုင်သောကြောင့်ဖြစ်သည်။ သင်သည် ဘုရားသခင်၏အလိုတော်အတိုင်း ဖြစ်လာလိမ့်မည်ဆိုပါက၊ အသုံးဝင်သောအသက်တာသည် သင့်အရှေ့၌ရှိ၏။ ကောင်းသောအလုပ်များ၏ပုံသက်သေအဖြစ် သင်သည် ဘုရားသခင်ပေးတော်မူသော လူအဖြစ်၌ရပ်တည်နိုင်လိမ့်မည်။ ယင်းနောက် သင်သည် စည်းကမ်းများကိုချိုးဖောက်မည့်အစား စည်းကမ်း ဥပဒေများတည်နေရန် မစခြင်းပေးလိမ့်မည်။ မထီမဲ့မြင်ပြုလုပ်မည့်အစား၊ သင်လုပ်ကိုင်သောအလုပ်အတိုင်း၊ အသက်တာ၏နည်းမကျသောအရာများကို မြှောက်ပေးခြင်းမပြုဘဲ နေသားတကျရှိဖို့ရန် သင်သည်ကူညီထောက်ပံ့ခြင်း ပြုလိမ့်မည်။

ဘုရားသခင်ကိုကြောက်ရွံ့ခြင်းဖြင့် သင့်ကိုပြောဆိုပါ၏။ သင်၏ စိတ်အလိုကို ဘုရားသခင်ဘက်၌ထားရှိပါက၊ သင်သည် မည်ကဲ့သို့သောသူဖြစ် မည်ကို ကျွန်ုပ်သိသည်။ "ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ လုပ်ဆောင် သောသူများဖြစ်ကြသည်။" သင်သည် သင်၏အလုပ်ကို အချိန်နှင့်ထာဝရကာ လအဖို့လုပ်ကိုင်နေသောကြောင့်၊ တရားစီရင်ခြင်း၏စမ်းသပ်ခြင်းကို ရပ်တည် နိုင်လိမ့်မည်။ သင်ကြိုးစားမည်လား။ သင်သည် တစ်ပတ်ပြည့်အောင်ပြန်၍ လှည့်မည်လား။ သင်သည် ခရစ်တော်၏ချစ်ခြင်းနှင့် ကြားဖျန်ဖြေခြင်း အ ကြောင်းရင်းဖြစ်သည်။ သူတို့ကိုပူဆွေးခြင်းနှင့် စိတ်အားလျော့စေမည့်အစား၊ သင်သည် ယခုအချိန်၌ ဘုရားသခင်ကိုအပ်ပေး၍ ကိုယ်တော်၏အမှုတော် ကိုကြည့်ရှုရန် အစောင့်အရှောက်များအဖြစ် ထားသောသူတို့ကိုမစမည်လား။

Testimonies for the Church, vol 5, pp. 513-516.

## အထူးကြိုးပမ်းရန်လိုအပ်ခြင်း

မည်သည့်သဘော်မျှမပျက်စီးဘဲ၊ မုန်တိုင်းနှင့်လှိုင်းတံပိုးကိုသာအောင် စီး၍ ငြိမ်သက်သောဆိပ်ကမ်း၌ကျောက်ချနိုင်ရန် ကျွန်ုပ်တို့သည် ဝီရိယရှိခြင်း နှင့် ဆုတောင်းခြင်းဖြင့် အသုံးပြုပါက ဘုရားသခင်သည် ကြေးငွေများကိုစီမံ ခန့်ခွဲ ထားတော်မူသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဤခန့်ထားခြင်းများ နှင့် အခွင့်အရေးများကို မထီမဲ့မြင်ပြု၍ ဂရုမစိုက်ဘဲနေပါက၊ ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးတစ်ယောက်ကိုမျှ ကယ်တင်ရန်နိမိတ်လက္ခဏာတစ်ခုကို လုပ် ကိုင်တော်မူမည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ယုဒနှင့်စာတန်ကဲ့သို့ ပျောက်ဆုံး ကြလိမ့်မည်။ မကောင်းမှုကိုနှစ်သက်၍၊ အပြစ်ကိုကျူးလွန်နေသော အားနည်း နေသည့်အသက်ဝိညာဉ်များကိုကယ်တင်ဖို့ရန် ဘုရားသခင်သည် နိမိတ်လက္ခဏာ တစ်ခုကို ပြုလုပ်တော်မူလိမ့်မည်ဟု မထင်ပါနှင့်။ သို့မဟုတ် သူတို့၏ အသက် တာများထဲသို့ ဓမ္မတာထက်ထူးကဲသောအရာအချို့သည် ဝင်လာပြီးလျှင်၊ သူတို့ ၏ရှိရင်းအခြေအနေမှ မြင့်မားသောနေရာသို့ပို့ပေး၍၊ ဒုက္ခခံစား

ရခြင်းမရှိ၊ အထူးတိုက်ခိုက်ရန်မလို၊ မိမိကိုယ်ကိုအနစ်နာခံဖို့ရန်လည်းမရှိ၊ အကြောင်းမှာ ဤအခြေအနေမျိုးရရှိဖို့ရန် သူတို့သည် စာတန်၏မြေပေါ်၌ ခြေချထားသောကြောင့်၊ မကောင်းမှုပြုသောသူများတို့နှင့်အတူ ပျက်စီးကြမည်။ သူတို့သည် ရုတ်တရက်ဖျက်ဆီးခြင်းခံရ၍၊ အသက်ချမ်းသာရာမရဖြစ်ကြ မည်။ Testimonies to Ministers, p. 453.

–၀–

# ဘုရားသခင်ရှေ့ဆောင်ခြင်း – ၄၁

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလမ်းပြရန် မိမိအလိုတော်ကိုနည်းလမ်းသုံးခုဖြင့် ဖော်ပြတော်မူသည်။

ဘုရားသခင်သည် မိမိ၏အလိုတော်ကို ကိုယ်တော်၏နှုတ်ကပတ်တော်၊ သန့်ရှင်းသောသမ္မာကျမ်းစာ၌ ဖော်ပြတော်မူသည်။

ကိုယ်တော်၏အသံတော်ကိုလည်း မိမိ၏ကြည့်ရှုစီမံတော်မူခြင်းအလုပ်များ၌ ဖော်ပြတော်မူသည်။ ကျွန်ုပ်တို့၏စိတ်သဘောကျလမ်းသို့လျှောက်လိုက်၍၊ ကျွန်ုပ်တို့၏အသက်ဝိညာဉ်များကို ကိုယ်တော်မှခွဲခွာခြင်းမပြုခဲ့လျှင်၊ ကျွန်ုပ်တို့၏စိတ်အလိုအတိုင်းပြုလုပ်၍၊ သန့်ရှင်းခြင်းမရှိသော စိတ်နှလုံး၏တိုက်တွန်းခြင်းနောက်သို့လိုက်၍ နောက်ဆုံးအာရုံများသည် အလွန်ရှုပ်ထွေးလာလျက် ထာဝရနှင့်ဆိုင်သောအရာများကို မတွေ့မြင်နိုင်တော့ပေ။ ကိုယ်တော်၏အသံကိုလည်း မှတ်မိမည်မဟုတ်။ စာတန်သည် သူ၏အသံကို လုံးဝအသွင်ပြောင်းထားသောကြောင့် ဘုရားသခင်၏အသံဟု လက်ခံကြသည်။

ဘုရားသခင်၏အသံကိုကြားနိုင်သော အခြားနည်းတစ်ခုမှာ သန့်ရှင်းသောဝိညာဉ်တော်၏ပန်ကြားချက်များမှဖြစ်သည်။ စိတ်နှလုံးပေါ်၌ အရာထင်ခြင်းများဖြစ်၍၊ စာရိတ္တမှထွက်ပေါ်လာလိမ့်မည်။

သင်သည် အကြောင်းအရာတစ်ခုခုအပေါ်၌ ယုံမှားသံသယရှိပါက၊ ပထမကျမ်းစာနှင့်တိုင်ပင်ရမည်။ သင်သည် ကေန်အမှန်ယုံကြည်ခြင်းအသက်တာဖြင့် အစပြုခဲ့၍၊ သင့်ကိုယ်ကို ဘုရားသခင်လုံးဝပိုင်ဆိုင်ဖို့ရန် ပေးအပ်ခဲ့၏။ သင်သည် ကောင်းသောအမှုအတွက် သုံးသောတန်ဆာဖြစ်စေဖို့ရန်၊ ကိုယ်တော်၏အကြံအစည်အတိုင်း သင့်ကိုယ်ကို ပုံသွင်းခဲ့သည်။ ကိုယ်တော်၏လက်ထဲ၌ ပျော့ပျောင်းသွားဖို့ရန် သင်၌စိတ်အားထက်သန်သော ဆန္ဒရှိသင့်သည်။ ကိုယ်တော်လမ်းပြသောနေရာတိုင်း လျှောက်လိုက်ရမည်။ ထိုနောက်

ကိုယ်တော်၏ပုံစံအတိုင်းပြုလုပ်ဖို့ရန် သင်သည်ကိုယ်တော်အား ကိုးစားနေစဉ် အချိန်တွင် သင်၏ကယ်တင်ခြင်းအတွက် ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း ဖြင့် သင်သည် ကိုယ်တော်နှင့်ပေါင်းဖက်လုပ်ကိုင်လျက်ရှိသည်။ Testimonies for the Church, vol 5, p. 512.

-၀-

# သန့်ရှင်းသောဝိညာဉ်တော်၏ တိတ်ဆိတ်စွာဆောင်ရွက်နေခြင်း – ၄၂

ခရစ်ယာန်၏အသက်တာသည် အသက်တာဟောင်းကို ပြောင်းလဲထားခြင်း (သို့မဟုတ်) တိုးတက်ကောင်းမွန်အောင်ပြုလုပ်ထားခြင်းမဟုတ်၊ သဘာဝကိုပုံသဏ္ဍာန်ပြောင်းထားခြင်းတစ်ရပ်ဖြစ်သည်။ မိမိကိုယ်နှင့်အပြစ်သည် သေဆုံးခြင်းဖြစ်ပြီးလျှင်၊ အသစ်သောအသက်တာတစ်ခုလုံးလုံးဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ထိရောက်စွာလုပ်ကိုင်ခြင်းအားဖြင့်သာလျှင် ဤပြောင်းလဲခြင်းကို ဖြစ်စေနိုင်သည်။

နိကောဒင်သည် စိတ်ရှုပ်ထွေးလျက်ရှိသည်။ ကိုယ်တော်သည် မိမိမိန့်တော်မူသောအရာ၏အဓိပ္ပါယ်ကို လေဖြင့်နှိုင်းယှဉ်တော်မူသည်။ "လေသည် အလိုရှိတိုင်းသွားလာ၏။ လေ၏အသံကို သင်သည်ကြားရသော်လည်း အဘယ်အရပ်ကဖြစ်သည်၊ အဘယ်အရပ်သို့သွားသည်ကိုမသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူဖြစ်သည်ဟု မိန့်တော်မူ၏။"

လေကိုသစ်ပင်များ၏အကိုင်းအခက်များ၌ကြားရသည်။ အရွက်များ၊ ပန်းပွင့်များပွတ်တိုက်သံကို ကြားရသည်။ သို့တစေလည်း လေကိုမမြင်ရ ပေ။ အဘယ်နေရာကလာ၍ အဘယ်နေရာသို့သွားသည်ကို မည်သူမျှမသိပေ။သန့်ရှင်းသောဝိညာဉ်တော် စိတ်နှလုံးအပေါ်၌လုပ်ဆောင်ခြင်းသည်လည်း ဤနည်းအတိုင်းပင်ဖြစ်သည်။ လေလှုပ်ရှားသွားလာခြင်းကို မဖော်ပြနိုင်သကဲ့သို့၊ ၎င်းအကြောင်းကိုလည်း ပို၍ဖော်ပြခြင်းမပြုနိုင်ပေ။ လူတစ်ယောက်သည် ပြောင်းလဲခြင်းအကြောင်းနှင့်စပ်ဆိုင်၍၊ ဖြစ်ပျက်သောအခြေအနေ၊ တိကျသော အချိန်၊ နာရီ၊ နေရာကိုပြောပြဖို့ရန် တတ်နိုင်စွမ်းရှိမည်မဟုတ်ပေ။ သို့သော်လည်း ဤကဲ့သို့ အသေးစိတ်မသိခြင်းကြောင့် ပြောင်းလဲခြင်းမရှိဟု မပြောဆိုနိုင်ပေ။ လေကဲ့သို့မတွေ့မြင်နိုင်သောကိုယ်စားလှယ်ဖြင့်၊ ခရစ်တော်သည် စိတ်နှလုံးအပေါ်၌ အစဉ်လုပ်ဆောင်လျက်ရှိနေသည်။ မတော်တဆရရှိသောသူမသိ

မမှတ်ဘဲ၊ တရွေ့ရွေ့စွဲမှတ်ခြင်းများဖြစ်လာရာ အသက်ဝိညာဉ်ကို ခရစ်တော် ထံသို့ ဆွဲယူခဲ့လေသည်။ ဤအရာများကို ကိုယ်တော်ရှင်အား အာရုံပြုခြင်းဖြင့် ရရှိပေလိမ့်မည်။ ကျမ်းစာဖတ်ခြင်း (သို့မဟုတ်) အသက်ရှင်သော တရားဟော ဆရာ၏ဟောပြောခြင်းကို ကြားနာရသောကြောင့်ဖြစ်သည်။ ရုတ်တရက်ချက် ချင်း ဝိညာဉ်တော်သည် တိုက်ရိုက်ပန်ကြားခြင်းဖြင့်လာသောအခါ၊ အသက်ဝိ ညာဉ်သည်ဝမ်းမြောက်စွာ ၎င်းကိုယ်ကိုသခင်ယေရှုအား အပ်ပေးသည်။ အများ သောသူတို့က ဤအရာကို ရုတ်တရက်ပြောင်းလဲခြင်း ဟုခေါ်ကြသည်။ သို့သော်လည်း အကျိုးသက်ရောက်ခြင်း၌ ဘုရားသခင်၏ ဝိညာဉ်တော်ကြာ မြင့်စွာ လုည့်ပတ်သွေးဆောင်ခြင်းကြောင့်ဖြစ်သည်။ သည်းခံ ၍ကြာရှည်စွာ လုပ်ကိုင်နည်းဖြစ်သည်။

လေကိုမမြင်နိုင်သော်လည်း၊ ၎င်းသည် မြင်၍စမ်းသပ်နိုင်သောအကျိုး များကို ထွက်ပေါ်လာစေသည်။ သို့ဖြစ်၍ အသက်ဝိညာဉ်အပေါ်၌ ဝိညာဉ် တော်၏ကယ်တင်ခြင်းတန်ခိုးခံစားရသောသူ၏အပြုအမူတိုင်းတို့၌ ဖော်ပြခြင်း ရှိလိမ့်မည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် စိတ်နှလုံးကိုသိမ်းယူလိုက် သောအခါ၊ ၎င်းသည် အသက်တာကိုပြောင်းလဲလိုက်လေသည်။ အပြစ်ရှိသော အကြံအစည်များကိုစွန့်ပစ်၍၊ ဆိုးညစ်သောအပြုအမူများကို စွန့်လွှတ် လိုက် သည်။ ချစ်ခြင်း၊ စိတ်နှိမ့်ချခြင်းနှင့်ငြိမ်သက်ခြင်းသည် အမျက်ထွက်ခြင်း၊ ငြူစူခြင်းနှင့် ရန်ဖြစ်ခြင်းနေရာ၌ ဝင်ရောက်လာခဲ့သည်။ ဝမ်းနည်းခြင်းနေရာ၌ ဝမ်းမြောက်ခြင်းဝင်လာသည်။ မျက်နှာရိပ်၌ ကောင်းကင်ဘုံ၏အလင်းရောင် ပြန်၍ထင်ဟပ်နေသည်။ ဝန်ထုပ်ကိုချီမသောလက်ကို မည်သူမျှမတွေ့မြင်ပေ။ သို့မဟုတ် အထက်တံတိုင်းမှ အလင်းဆင်းလာသည်ကို မတွေ့မြင်ကြပေ။ ကောင်းချီးမင်္ဂလာသည် မည်သည့်အခါလာသနည်း။ ယုံကြည်ခြင်းအားဖြင့်၊ အသက်ဝိညာဉ်သည် ၎င်းကိုယ်တိုင် ဘုရားသခင်အားအပ်ပေးသည်။

ကန့်သတ်ခြင်းရှိသောစိတ်များသည် ကယ်တင်ခြင်း၏အလုပ်ကို နားလည်ဖို့ရန်ခဲယဉ်းသည်။ ၎င်း၏နက်နဲခြင်းသည် လူတို့၏အသိဉာဏ်ထက် လွန်ကဲခြင်းရှိသည်။ သို့တစေလည်း သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးပြောင်း

သွားသောသူ၌ ၎င်းအရာသည် ဘုရားနှင့်ဆိုင်သော အမှန်ဖြစ်ခြင်းကို နားလည်သည်။ ဤနေရာ၌ ကိုယ်တွေ့ဗဟုသုတအားဖြင့် ကယ်တင်တော် မူခြင်း၏အစ ဖြစ်ကြောင်း ကျွန်ုပ်တို့သိမြင်ပေမည်။ ၎င်း၏အကျိုးသက်ရောက် ခြင်းများသည် ထာဝရအချိန်ကာလတိုင်အောင် ရောက်လေသည်။ Desire of Ages, pp. 172,173.

## ဘုရားသခင်၏ကူညီမစခြင်းသာဓက

သင်၏အသက်ဝိညာဉ်၌ လိုအပ်နေခြင်းအကြောင်းကို သင်၌သိမြင်တတ်သောဉာဏ်ရှိလျှင်၊ သင်သည်ဖြောင့်မတ်ခြင်းကို ဆာငတ်ခင်မွတ်ခြင်းရှိခဲ့လျှင်၊ သန့်ရှင်းသောဝိညာဉ်တော်ချပေးခြင်းအားဖြင့် ကိုယ်တော်သည် သင့်ကိုရှာဖွေ၍ သင့်အဖို့လုပ်ကိုင်ပေးနိုင်ရန် ခရစ်တော်သည် သင်၏စိတ်နှလုံးအပေါ်ပြုပြင်ပေးသော သာဓကပင်ဖြစ်သည်။ ထိုအရာများသည် သင်ကိုယ်တိုင်ပြုလုပ်နိုင်ဖို့ရန် ခဲယဉ်းသောအရာများဖြစ်သည်။ Thoughts from the Mount of Blessing, p. 36.

-o-

# ကိန်းအောင်းတော်မူသောခရစ်တော် – ၄၃

ကျွန်ုပ်တို့သည် မေတ္တာ၌အမြစ်စွဲ၍ အခြေကျနေခဲ့လျှင် "သန့်ရှင်းသောသူများတို့နှင့်အတူ အလျား၊ အနံ၊ အနက်နှင့်အမြင့်တို့ကို သိမြင်နိုင်၍ အသိပညာထက်လွန်ကဲသော ခရစ်တော်၏မေတ္တာတော်ကို နားလည်ကြမည်" အို၊ အဖိုးထိုက်တန်သော ဖြစ်နိုင်သည့်အရာများနှင့်အားပေးခြင်းများ၊ မသန့်ရှင်းသောကျင့်ဝတ်များကိုဆေးကြောပြီးသော လူ၏စိတ်နှလုံးထဲ၌ အဖိုးထိုက်တန်သောကယ်တင်ရှင်သည် ကိန်းအောင်းလျက်ရှိ၍၊ သဘောတစ်ခုလုံးကိုမြင့်မြတ်ခြင်း၊ သန့်ရှင်းခြင်းကိုဖြစ်စေတော်မူသည်။ လူကိုသန့်ရှင်းသောဝိညာဉ်တော်အဖို့ ဗိမာန်တော်တစ်ဆောင်ဖြစ်စေသည်။

## ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုကိုယ်တော်တုံ့ပြန်ခြင်း

ကျွန်ုပ်တို့သည် ကိုယ်တော်၌အသက်ရှင်သောယုံကြည်ခြင်းဖြင့် တည်နေ ကြသည်။ ကျွန်ုပ်တို့တစ်ဦးချင်း ယုံကြည်ခြင်းကို သီးခြားခံယူခြင်းဖြင့်၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ တည်နေတော်မူသည်။ ကျွန်ုပ်တို့၌ ဘုရားသခင်သည် အတူသွားလာနေထိုင်ခြင်းရှိတော်မူသည်။ ကျွန်ုပ်တို့သည် ဤရှိတော်မူခြင်းကိုသိမြင်၍ ကျွန်ုပ်တို့၏အကြံအစည်များကို သခင်ခရစ်တော်၌ ဖမ်းဆီးချုပ်ထားလျက်ရှိသည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေး လေ့ကျင့်ခြင်းများသည် ဤအတူသွားလာနေထိုင်ခြင်းကို မှန်ကန်စွာသိမြင်ခြင်း အတိုင်းဖြစ်သည်။ ဧနောက်သည် ဤနည်းဖြင့် ဘုရားသခင်နှင့်အတူ လမ်းလျှောက်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ မည်သူမည်ဝါဖြစ်ကြောင်း၊ ကယ်တင်ခြင်းရရှိဖို့ရန် အကြံအစည်၌ ကိုယ်တော်သည် မည်သည့်အလုပ်မျိုးကို လုပ်ကိုင်ဆောင်ရွက်တော်မူခဲ့ကြောင်း အစရှိသောအရာများကို ကျွန်ုပ် တို့စဉ်းစားသောအခါ၊ ခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌ ယုံကြည်ခြင်းအားဖြင့် ကိန်းအောင်းတော်မူသည်။ လောကကြီးကိုလည်းကောင်း၊ ကျွန်ုပ်တို့ကိုယ်တိုင်

ကိုလည်းကောင်း ဘုရားသခင်ပေးကမ်းသော ဤဆုလာဘ်ကြီးအတွက် ကျွန်ုပ်တို့ပြုစုပေးရာ၌ အလွန်ဝမ်းမြောက်ခြင်းရှိကြသည်။

ဤအကြောင်းအရာများသည် စာရိတ္တတစ်ခုလုံးအပေါ်၌ အုပ်စိုးခြင်းတန်ခိုးရှိသည်။ အောက်ပါကျမ်းချက်၌ဖော်ပြထားသည်အတိုင်း၊ သင်၌ဘုရားပကတိနှင့် ပေါင်းဖော်ခြင်းရှိလိမ့်မည်အကြောင်း သင်၏စိတ်ပေါ်၌ စွဲလမ်းစေလိုသည်။ "ဘုရားသခင်၏ဗိမာန်တော်သည် ရုပ်တုတို့နှင့်အဘယ်သို့စပ်ဆိုင်ရမည်နည်း။ ဘုရားသခင်မိန့်တော်မူသည်ကား၊ သူတို့တွင် ငါကိန်းဝပ်မည်။ သူတို့တွင်လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူသည်နှင့်အညီ၊ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၏။

## ကိုယ်တော်၏မေတ္တာတော်အားဖြင့်ပုံသွန်းထားခြင်း

စိတ်သဘောသည် ခရစ်တော်အကြောင်းစဉ်းစားနေသောအခါ စာရိတ္တသည် ဘုရားပကတိပုံပမာသို့ ပုံသွန်းခဲ့လေသည်။ အကြံအစည်များသည် ကိုယ်တော်၏ကောင်းမွန်ခြင်း၊ ကိုယ်တော်၏မေတ္တာ၊ အသိအမြင်ဖြင့် ပြည့်ဝလျက်ရှိသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏စာရိတ္တကို စဉ်းစားဆင်ခြင်ကြ၏။ ဤနည်းဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့၏အကြံအစည်အားလုံး၌ရှိသည်။ ကိုယ်တော်၏မေတ္တာတော်သည် ကျွန်ုပ်တို့ကိုဝန်းဝိုင်းထားသည်။ ကျွန်ုပ်တို့သည် နေထွန်းတောက်နေသည်ကို အမြင့်ဆုံးအချိန်၌ကြည့်ရှု၍၊ ကျွန်ုပ်တို့၏မျက်စိကို အခြားဘက်သို့လွှဲ၍ကြည့်ရှုလိုက်သောအခါ၊ ကြည့်ရှုသောအရာတိုင်းတို့၌ နေ၏ပုံသည်ပေါ်လာလိမ့်မည်။

ကျွန်ုပ်တို့သည် သခင်ယေရှုကိုကြည့်ရှုသောအခါ၊ ဤနည်းအတိုင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့ကြည့်ရှုသောအရာတိုင်းတို့၌ ဖြောင့်မတ်ခြင်း၏နေမင်း၊ သခင်ယေရှု၏ပုံသဏ္ဌာန်ရောင်ပြန်ဟပ်နေသည်ကို တွေ့မြင်ရသည်။ ကျွန်ုပ်တို့သည် အခြားအရာများကိုမတွေ့မြင်နိုင်၊ သို့မဟုတ် ပြောဆိုစရာလည်း

မရှိပေ။ ကိုယ်တော်၏ရုပ်သဏ္ဍာန်သည် အသက်ဝိညာဉ်၏မျက်စိပေါ်၌ နှိပ်ခတ်ထားလျက်ရှိရာ၊ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာအပိုင်းတိုင်းကို ထိခိုက် ခြင်းရှိ၍၊ ကျွန်ုပ်တို့၏စိတ်သဘောတစ်ခုလုံးကို နူးညံ့ပျော့ပျောင်းစေခြင်းနှင့် နှိပ်ကွပ်ခြင်းများကိုပြုလုပ်သည်။ ကြည့်ရှုခြင်းအားဖြင့် ကျွန်ုပ်တို့ကို ဘုရားပကတိပုံသဏ္ဍာန်နှင့်တူညီစေ၍၊ ခရစ်တော်နှင့်တူခြင်းပင်ဖြစ်သည်။ ကျွန်ုပ် တို့ပေါင်းသင်းဆက်ဆံသောလူအားလုံးတို့၌ ကျွန်ုပ်တို့သည် ကိုယ်တော်၏ တောက်ပ၍ရှင်မြူးဖွယ်ရာဖြစ်သော ဖြောင့်မတ်ခြင်းရောင်ခြည်ကို အရောင် ပြန်ဟပ်စေသည်။ ကျွန်ုပ်တို့တွင် စာရိတ္တ၌ပြောင်းလဲခြင်းဖြစ်ခဲ့ပြီ။ ကျွန်ုပ် တို့၏စိတ်နှလုံး၊ အသက်ဝိညာဉ်၊ စိတ်များသည် ကျွန်ုပ်တို့ကိုချစ်၍ ကျွန်ုပ် တို့အတွက် မိမိအသက်ကိုစွန့်တော်မူသော သူ၏ရောင်ပြန်ဟပ်ခြင်းဖြင့် ထွန်းလင်း တောက်ပလျက်ရှိသည်။ တစ်ဖန် ဤနေရာ၌ ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးများထဲ၌ ကိုယ်တိုင်မှုချခံစားရသော အသက်ရှင်နေသည့်ဩဇာ တန်ခိုးကိန်းအောင်းနေသည်ကို သိရသည်။

ကိုယ်တော်အထံတော်မှ သွန်သင်ခြင်းစကားများရရှိ၍၊ ကျွန်ုပ်တို့ကို အပိုင်သိမ်းယူပြီးသောအခါ၊ သခင်ယေရှုသည် ကျွန်ုပ်တို့၌ အစဉ်တည်နေ၍၊ ကျွန်ုပ်တို့၏အကြံအစည်များ၊ စိတ်ကူးများနှင့်လှုပ်ရှားခြင်းများကို အုပ်ချုပ်ထားသည်။ ကမ္ဘာပေါ်၌ အကြီးဆုံးဆရာကြီးတစ်ပါးဖြစ်သည်ဟုသိရသော ပုဂ္ဂိုလ်ကြီး၏သွန်သင်ခြင်းဖြင့် သက်ဝင်စေသည်။ လူ၏ထုချေရှင်းလင်းရန်တာဝန်နှင့် ဩဇာတန်ခိုးကိုသိမြင်ခြင်းသည် စာရိတ္တကိုကျွန်ုပ်တို့အသက်တာ၏ အထင်အမြင်များနှင့် နေ့စဉ်လုပ်ကိုင်ရမည့်ဝတ္တရားများကိုပေးသည်။

သခင်ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်တော်မူသည်။ ပထမ၊ နောက်ဆုံး၊ အရာခပ်သိမ်း၌ အကောင်းဆုံးဖြစ်သည်။ သခင်ခရစ်တော်၏ စိတ်ဝိညာဉ်၊ ကိုယ်တော်၏စာရိတ္တသည် အရာခပ်သိမ်းကိုအရောင်ပေးသည်။ ၎င်းသည် အတိုင်အဖောက်ဖြစ်၍ ကျွန်ုပ်တို့တစ်ကိုယ်လုံး၏ယက်သားဖြစ်သည်။ ခရစ်တော်၏စကားများသည် ဝိညာဉ်နှင့်အသက်ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အကြံအစည်များကို မိမိကိုယ်၌သာဗဟိုပြုရန်မဖြစ်ပေ။

ကျွန်ုပ်တို့ကိုယ်တိုင်အသက်မရှင်၊ ခရစ်တော်သည် ကျွန်ုပ်တို့၌အသက်ရှင်တော်မူ၏။ ကိုယ်တော်သည် ဘုန်းတော်ထွန်းလင်းခြင်း၏မျှော်လင့်ရာဖြစ်သည်။ ကိုယ်တိုင်သည်သေဆုံးပြီး၊ သို့သော်လည်း ခရစ်တော်သည် အသက်ရှင်သောကယ်တင်ရှင်ဖြစ်တော်မူသည်။ ခရစ်တော်ကိုဆက်လက်၍ကြည့်ရှု ခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင်ရှိသောသူတို့၌ ကိုယ်တော်၏ပုံသဏ္ဍာန်ကို အရောင်ပြန်ဟပ်စေသည်။ ကျွန်ုပ်တို့သည်ရပ်တန့်၍ ကျွန်ုပ်တို့၏စိတ်ပျက်ခြင်းများကို စဉ်းစားနေဖို့ရန်မရပေ။ သို့မဟုတ် ၎င်းအကြောင်းကိုပြောဆိုရန်ပင်မရပေ။ အကြောင်းမှာ သာ၍သာယာဖွယ် ကောင်းသောအရုပ်ကားသည် ကျွန်ုပ်တို့၏မြင်ကွင်းကို ဆွဲဆောင်လျက်ရှိသည်။ သခင်ယေရှု၏အဖိုးထိုက်တန်သော မေတ္တာပင်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၌နှုတ်ကပတ်တော်သမ္မာတရားဖြင့် ကိန်းအောင်းတော်မူသည်။ Testimonies to Ministers, pp. 387-390.

## အလွန်အဖိုးထိုက်တန်သောပုလဲ

ကိုယ်တော်အလိုရှိသည့်အတိုင်း၊ ဆန္ဒပြည့်ဝသောနားထောင်ခြင်းအသက်တာဖြင့်နေထိုင်နိုင်ရန်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကို ခရစ်တော်အားပေးအပ်ရမည်။ ကျွန်ုပ်တို့ရှိသည့်အတိုင်း၊ ကျွန်ုပ်တို့ပိုင်ဆိုင်သောအစွမ်းသတ္တိအားလုံးနှင့် စွမ်းဆောင်နိုင်ခြင်းများသည် ကိုယ်တော်ပိုင်၍ ကိုယ်တော်၏အမှုတော်ဆောင်ရွက်ခြင်း၌ အသုံးချရမည်။ ကျွန်ုပ်တို့သည် ဤနည်းဖြင့်ကျွန်ုပ်တို့၏ကိုယ်ကို လုံးဝကိုယ်တော်အားပေးအပ်ပြီးသောအခါ၊ ခရစ်တော်သည် ကောင်းကင်ဘုံ၏အလုံးစုံသောဘဏ္ဍာများနှင့်အတူ မိမိကိုယ်ကို ကျွန်ုပ်တို့အားပေးသည်။ ကျွန်ုပ်တို့သည် အဖိုးမဖြတ်နိုင်သော ပုလဲရတနာကြီးကိုရကြသည်။ Christ’s Object Lessons, p. 116.

—o—

# မိမိကိုယ်ကိုငြင်းပယ်ခြင်း – ၄၄

သခင်ယေရှုသည် မိမိကိုယ်ကိုကုန်ခန်းစေတော်မူသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကိုယ်ကျိုးရှာခြင်းပေါ်မလာတော့ပေ။ ကိုယ်တော်သည် ရှိသမျှအားလုံးကို အဖခမည်းတော်၏စိတ်အလိုလက်အောက်ခံဖြစ်စေသည်။ ကိုယ်တော်၏အမှုကိစ္စသည် ဤလောက၌ပြီးဆုံးခါနီးအချိန်သို့ရောက်သောအခါ ကိုယ်တော်မိန့်တော်မူနိုင်သည်မှာ၊ "အကျွန်ုပ်သည် ကိုယ်တော်ကို ဤလောက၌ ဘုန်းတော်ထွန်းတောက်စေတော်မူပါပြီ။ ကိုယ်တော်အကျွန်ုပ် အားပေးသောအလုပ်ကို အကျွန်ုပ်သည် လုပ်ကိုင်ပြီးစီးပါပြီ။" ကိုယ်တော်သည် ကျွန်ုပ်တို့အားမိန့်တော်မူသည်မှာ၊ "ငါ့ထံ၌နည်းခံကြလော့။ ငါသည်နူးညံ့ သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။" ကိုယ်ကိုနန်းချ၍၊ အသက်ဝိညာဉ်ပေါ်၌ စိုးမိုးခြင်းမပြုနိုင်တော့ပေ။

ခရစ်တော်၌ မိမိကိုယ်ကိုငြင်းပယ်သောအနေဖြင့်လည်းကောင်း၊ ကိုယ်တော်သည် စိတ်နှိမ့်ချနေသောအနေဖြင့်လည်းကောင်း တွေ့မြင်ရသောသူသည် ဒံယေလကလူသားနှင့်တူသောသူကိုတွေ့မြင်ရသောအခါ ပြောဆိုသကဲ့သို့ပြောဆိုမည်မှာ၊ "ငါ့ကိုယ်၌ အစွမ်းသတ္တိအလျှင်းမရှိဖြစ်၏။" လူ၏သဘောသည် အစဉ်သိစေဖို့ရန်နှင့် ပြိုင်ဆိုင်ပြောဆိုဖို့ရန် လုံးပန်းနေသည်။ သို့သော်လည်း ခရစ်တော်ကိုသိသောသူသည် မိမိကိုယ်ကိုလည်းကောင်း၊ မာနထောင်လွှားခြင်းကိုလည်းကောင်း၊ အကြီးအကဲဖြစ်ဖို့ရန် နှစ်သက်ခြင်းကိုလည်းကောင်း ကုန်ခန်းစေ၍၊ အသက်ဝိညာဉ်အထဲ၌ တိတ်ဆိတ်ခြင်းရှိသည်။ မိမိကိုယ်ကို သန့်ရှင်းသောဝိညာဉ်တော်အား အုပ်ချုပ်စီမံရန်ပေးအပ်လိုက်သည်။ ထိုနောက် အမြင့်ဆုံးသောနေရာကိုရရှိဖို့ရန် ကျွန်ုပ်တို့၌စိုးရိမ်ခြင်းမရှိတော့ပေ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကို အခြားသူများသိစေဖို့ရန် မဏ္ဍပ်တိုင်တက်သောအလုပ်မျိုးကို ပြုလုပ်လိမ့်မည်မဟုတ်ပေ။ သို့သော်လည်း ကျွန်ုပ်တို့၏အမြင့်ဆုံးသောနေရာသည် ကျွန်ုပ်တို့၏ကယ်တင်ရှင်ခြေတော်ရင်း၌

ဖြစ်ကြောင်းသိမြင်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကိုကြည့်ရှု၍၊ ကိုယ်တော်၏ လက်တော်ဖြင့် ရှေ့ဆောင်ခြင်းကိုစောင့်ဆိုင်းလျက်၊လမ်းပြဖို့ရန် ကိုယ်တော်၏ အသံကိုနားထောင်နေသည်။ တမန်တော်ရှင်ပေါလုသည် ဤဗဟုသုတမျိုးရှိ၍၊ ပြောဆိုသည်မှာ၊ “ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော်၊ ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍၊ ငါ့အဖို့ကိုယ်ကိုကိုယ်စွန့်တော်မူ၏။” Thoughts from the Mount of Blessing, pp. 30,31.

–o–

# ဘုရားသခင်နှစ်ခြိုက်တော်မူသောစာရိတ္တ – ၄၅

တည်မြဲလျက်ရှိသောအုတ်မြစ်ပေါ်၌ သူတို့၏စာရိတ္တများကို ဆောက်တည်နိုင်ရန်၊ လူငယ်များသည် သေချာစွာအမှတ်တရဆုတောင်းခြင်းဖြင့် သွန်သင်ခြင်းခံရဖို့လိုအပ်ပေသည်။ အများသောသူတို့သည် ဗဟုသုတရှိသောသူတို့၏သွန်သင်ဆုံးမခြင်းများကို နားမထောင်ကြသောကြောင့် ပြင်းထန်သောမှောက်မှားခြင်းများကို ပြုလုပ်နေကြသည်။ မိဘများနှင့် ဆရာများ၏ သွန်သင်အကြံပေးခြင်းများသည် သူတို့အပေါ်၌ အရာမရောက်ဖြစ်ခဲ့၍၊ သူတို့သည် ရန်သူ၏စုံစမ်းနှောင့်ယှက်ခြင်းများသို့ အပ်ပေးကြသည်။ ဘုရားသခင်သည် လူငယ်ကိုချစ်တော်မူသည်။ သူတို့၌ ခရစ်တော်လိုအပ်နေကြောင်းကို သိမြင်၍၊ တည်မြဲသောအုတ်မြစ်ပေါ်၌ တည်ဆောက်ခြင်းရှိပါက၊ ကိုယ်တော်သည် သူတို့၌ကောင်းမွန်ခြင်းဖြစ်ဖို့ရန် ကြီးကျယ်သောတတ်နိုင်ခြင်းများကို တွေ့မြင်တော်မူသည်။ ကိုယ်တော်သည် သူတို့၏စုံစမ်းခြင်းများကိုလည်း သိတော်မူသည်။ လူတို့၏စိတ်ကိုအုပ်စိုးဖို့ရန် ကြိုးစားနေသော မှောင်မိုက်၏တန်ခိုးများနှင့်တိုက်ခိုက်ရမည့်အကြောင်းကို ကိုယ်တော်သည် သိမြင်တော်မူသည်။ လူငယ်ယောကျ်ားကလေးများနှင့်မိန်းကလေးများသည် ဘုရားပကတိနှင့်ဆက်ဆံသောသူများဖြစ်နိုင်ရန် ကိုယ်တော်သည် လမ်းဖွင့်ပေးလျက်ရှိတော်မူသည်။

## လုံ့လထုတ်၍ကြိုးစားဖို့လိုအပ်ခြင်း

စာရိတ္တသည် အကြောင်းအားလျော်စွာဖြစ်ပျက်လာခြင်းမဟုတ်ပေ။ သဘောထားပေါက်ကွဲလာခြင်းကြောင့်ဖြစ်ရသည်ဟု တထစ်ချယူ၍လည်းမရပေ။ မှားသောဘက်သို့ တစ်လှမ်းတိုးသွားမိသောကြောင့်လည်းမဟုတ်။ ဆက်ခါဆက်ခါလျှပ်ရှားခြင်းသည် အကျင့်ဓလေ့ကိုဖြစ်ပွားစေခဲ့သည်။ စာရိတ္တကို အကောင်းဘက်သို့လည်းကောင်း၊ သို့မဟုတ် မကောင်းဘက်သို့လည်းကောင်း

ပုံသွင်း၏။ မှန်ကန်သောစာရိတ္တများကို လုံ့လဝီရိယရှိခြင်း၊ ပင်ပန်းခြင်းကင်း သောကြိုးစားခြင်း၊ ဘုရားသခင်၏ဘုန်းတော်အဖို့ အပ်နှံခြင်းခံရသောအစွမ်း သတ္တိနှင့်အရည်အချင်းများဖြင့်သာလျှင် ပုံသွင်းရရှိနိုင်သည်။ ဤကဲ့သို့ပြုလုပ် မည့်အစား၊ အများသောသူတို့သည် သူတို့၏စိတ်တိုက်တွန်းခြင်း (သို့မဟုတ်) အခြေအနေ၏ပို့ဆောင်သောနေရာသို့ မျောပါသွားရန် မိမိတို့ကိုယ်ကိုအခွင့် ပေးလိုက်ကြသည်။ ဤကဲ့သို့ဖြစ်ရခြင်းသည် သူတို့၌ကောင်းသောကိရိယာများ ချို့တဲ့နေသောကြောင့်မဟုတ်။ အကြောင်းမှာ သူတို့သည် လူငယ်ဘဝ၌ ရှိနေ စဉ် ဘုရားသခင်အလိုတော်ရှိသည့်အတိုင်း အကောင်းဆုံးလုပ်ကိုင်ပေးဖို့ရန် သူတို့မသိမမြင်သောကြောင့်ဖြစ်သည်။

ယခုအချိန်၌ရှိကြသောလူငယ်များသည် ဒံယေလကဲ့သို့ရပ်တည်လို ပါက၊ သူတို့၏ဝိညာဉ်ရေးနှင့်ဆိုင်သော အာရုံကြောတိုင်းနှင့်ကြွက်သားတိုင်းကို ဆန့်ပေးရမည်။ သူတို့သည် မကျွမ်းကျင်သောသူအနေဖြင့်ရှိဖို့ရန် ဘုရားသခင် သည် အလိုတော်မရှိပေ။ သူတို့သည် အကောင်းဆုံးတွင် ထိပ်တန်း သို့ရောက် ရှိဖို့ရန် ဘုရားသခင်အလိုတော်ရှိသည်။ သူတို့သည် ဘုရားသခင်၏ နိုင်ငံတော် ထဲသို့ လှမ်း၍ဝင်သွားနိုင်အံ့သောငှာ၊ လောကား၏အမြင့်ဆုံးသော အထစ်သို့ ရောက်ရှိဖို့ရန် ဘုရားသခင်အလိုတော်ရှိသည်။

## အပေါင်းအဖော်တို့၏ဩဇာတိက္ကမ

လူငယ်များသည် မိမိတို့၏မိသားစုအိမ်ထောင်များမှ ထွက်ခွာသွား၍၊ မိဘတို့၏စောင့်ရှောက်ခြင်းအောက်၌ မရှိသောအခါ၊ အနည်းနှင့်အများ သူတို့ စိတ်ကြိုက်အပေါင်းအဖော်များကို ရွေးချယ်ကြမည်။ သူတို့၏ကောင်းကင်ဘုံရှင် အဖဘုရားသခင်၏မျက်စိသည် သူတို့ကိုကြည့်ရှုနေတော်မူ၍၊ သူတို့၏လိုအပ် ခြင်းနှင့် သူတို့ခံစားနေရသောစုံစမ်းနှောင့်ယှက်ခြင်းအားလုံးကို တွေ့မြင်လျက် ရှိကြောင်း သူတို့သည် သတိရရှိရမည်။ စာသင်ကျောင်းများ၌ အချို့သော သူ ငယ်များသည် သူတို့၏လုပ်ကိုင်သောလမ်းစဉ်အတိုင်း၊ သူတို့၏စိတ်များသည်

ဖော်ပြနေသည်။ ကလေးဘဝ၌ လိမ္မာစွာသင်ကြားပြသမှုမရရှိခဲ့သောကြောင့်၊ သူတို့တွင် တစ်ဖက်သတ်ကြီးပွားနေသော စာရိတ္တများရှိနေသည်။ သူတို့သည် အသက်အရွယ်ကြီးရင့်လာသောအခါ၊ ဤအနာအဆာများသည် သူတို့၏ ဇဟုသုတကိုပျက်စီးစေဖို့ရန် ကျန်ရှိနေသည်။ ပညတ်နှင့်ပုံသက်သေအားဖြင့် ဤအသက်ဝိညာဉ်များသည် ကျင့်ဝတ္တရားခွန်အားနည်းပါးသောသူတို့ကို လမ်းမှားသို့လိုက်သွားစေသည်။

ချစ်သောလူငယ်၊ အချိန်သည်ရွှေဖြစ်သည်။ ရိုင်းသောဂျုံစပါးကို စိုက်ပျိုးနေခြင်းဖြင့် သင်၏အသက်ဝိညာဉ်များကို ဘေးအန္တရာယ်သို့မကျရောက်စေပါနှင့်။ သင်ရွေးချယ်သောအပေါင်းအဖော်နှင့်စပ်ဆိုင်၍၊ ဂရုမစိုက်ဘဲမနေသင့်ပေ။ အခြားသောသူများထက် စာရိတ္တမြင့်မြတ်သောသူတို့ကိုစဉ်းစားပါ။ ဤအမှုအရာများသည် သင့်အဖို့မကောင်းမှုကိုတားဆီး၍၊ အကောင်းကိုရွေးချယ်ရာ၌ ကျင့်ဝတ်တန်ခိုးပင်ဖြစ်လာလိမ့်မည်။ သင်၏ပစ်မှတ်ကို မြင့်မြင့်ထားပါ။ ဘုရားကိုချစ်၍ကြောက်ရွံ့သော သင်၏မိဘနှင့်ဆရာများသည် ဆုတောင်းခြင်းဖြင့် သင့်နောက်သို့နေ့ညမပြတ်လိုက်၍၊ သင့်ကိုတောင်းပန်ခြင်း၊သတိပေးခြင်းပြုကြမည်။ သို့သော်လည်း သင်သည် သတိတရားမရှိသောအပေါင်းအဖော်များကိုရွေးချယ်ပါက ဤအရာများသည် အချည်းနှီးပင်ဖြစ်သည်။ သင်သည် ဘေးအန္တရာယ်အမှန်ကိုမသိ၊ သင်ရွေးချယ်သည့်အတိုင်း အမှန်ကိုဖြစ်စေ၊အမှားကိုဖြစ်စေ၊ ပြုလုပ်နိုင်သည်ဟု ထင်မြင်ခဲ့လျှင်၊ သင်၏စိတ်ကိုဆိုးညစ် စေသည့် တဆေးသည်လှည့်စား၍ သင်၏စိတ်ကိုဖောက်ပြန်ခြင်း၊ ယိုယွင်းခြင်းဖြစ်ရန် ပြုလုပ်နေမည်။

## ခရစ်တော်သည်ကျွန်ုပ်တို့၏တစ်ဦးတည်းသော မျှော်လင့်ရာဖြစ်ခြင်း

ခရစ်တော်သည် ညှဉ်းဆဲနှိပ်စက်ခြင်း၊ ရိုက်ပုတ်ခြင်းနှင့်ဆဲဆိုခြင်း ခံရသည်။ လက်ယာဘက်နှင့်လက်ဝဲဘက်မှ ကိုယ်တော်သည် စုံစမ်းနှောင့်ယှက်

ခြင်းဖြင့် တိုက်ခိုက်ခြင်းခံရသည်။ သို့တစေလည်း ကိုယ်တော်သည် အပြစ်ကိုမပြု။ ဘုရားသခင်အား လုံးဝကျေနပ်စရာရှိသော စုံလင်သည့်နားထောင်ခြင်းကို ပေးအပ်သည်။ ဤကဲ့သို့ပြုလုပ်တော်မူခြင်းအားဖြင့်၊ ကိုယ်တော်သည် နားမထောင်ခြင်း၏ဆင်ခြေပြောဆိုမှုကို ဖယ်ရှားပစ်လိုက်တော်မူသည်။ ကိုယ်တော်သည်ကြွလာတော်မူ၍၊ လူတို့အား မည်ကဲ့သို့နားထောင်ရမည့်အကြောင်းနှင့် မည်ကဲ့သို့ပညတ်တော်အားလုံးကို စောင့်ရှောက်ရမည်ကို ပြသတော်မူသည်။ ကိုယ်တော်သည် ဘုရားပကတိတန်ခိုးတော်ကို ကိုင်ဆွဲ၏။ ၎င်းသည် အပြစ်သား၏တစ်ခုတည်းသောမျှော်လင့်ခြင်းဖြစ်သည်။ လူသည် ဘုရားပကတိနှင့် ဆက်ဆံသောသူဖြစ်စေဖို့ရန် ကိုယ်တော်သည် မိမိအသက်ကိုစွန့်တော်မူသည်။ ဤနည်းဖြင့် လောက၏အညစ်အကြေးမှ ကင်းလွတ်တော်မူသည်။

ကိုယ်တော်၏ဘုန်းတော်အတွက် တိုးတက်ကောင်းမွန်ခြင်းရှိဖို့ရန် ဘုရားသခင်သည်လူငယ်အား အစွမ်းသတ္တိများကို ပေးကမ်းတော်မူသည်။ သို့သော်လည်း အများသောသူတို့သည် ဤဆုကျေးဇူးများကို သန့်ရှင်းခြင်းမရှိသောအရာများအတွက် အသုံးပြုကြသည်။ အများသောသူတို့၌ ခွန်အားသတ္တိရှိကြရာ၊ ၎င်းတို့ကိုပြုစုပျိုးထောင်ပေးပါက၊ ကာယ၊ ဉာဏနှင့်စိတ်တို့၌ လိုအပ်သောအရာများအတွက် များစွာရိတ်သိမ်းကြရပေမည်။ သို့သော်လည်း သူတို့သည် ရပ်တန့်၍စဉ်းစားခြင်းမရှိကြပေ။ သူတို့လိုက်သောလမ်းစဉ်၏ တန်ဖိုးကို တွက်ချက်ခြင်းမရှိကြပေ။ သူတို့သည် သတိမမူတတ်ခြင်းနှင့် မိုက်မဲခြင်းကို အားပေးကြရာ၊ အကြံပေးခြင်းနှင့်ဆိုဆုံးမခြင်းကို နားမထောင်ကြပေ။ ဤအရာသည် အလွန်ကြောက်မက်ဖွယ်ရာကောင်းသော အမှားဖြစ်သည်။ ဘုရားသခင်၏မျက်စိတော်သည် သူတို့အပေါ်၌ရှိ၍၊ ဘုရားသခင်၏ ကောင်းကင်တမန်များသည် သူတို့၏စာရိတ္တကြီးပွားခြင်းကို စောင့်ကြည့်နေပြီးလျှင်၊ ကျင့်ဝတ္တရားအားဖြင့် တန်ဖိုးကိုချိန်တွယ်နေကြောင်းသိလျှင် လူငယ်များသည် စိတ်သဘောငြိမ်သက်ခြင်းရှိကြလိမ့်မည်။ The Youth’s Instructor, July 27, 1899.

–၀–

# ခရစ်တော်အထင်အရှားအမြဲနေတော်မူခြင်း – ၄၆

ခရစ်တော်၏ဘာသာတရားသည် အပြစ်ကိုဖြေလွှတ်ခြင်းထက် ပို၍ အဓိပ္ပါယ်သက်ရောက်ခြင်းရှိသည်။ အဓိပ္ပါယ်မှာ ကျွန်ုပ်တို့၏အပြစ်များကို ယူဆောင်သွား၍၊ လစ်လပ်သောနေရာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ကျေးဇူး တော်များဖြင့် ပြည့်အောင်ထည့်ပေးခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ၊ ဘုရားနှင့် ဆိုင်သောထွန်းလင်းခြင်း၊ ဘုရားသခင်၌ရွှင်မြူးခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ အတ္တကိုပယ်၍၊ ခရစ်တော်အမြဲနေတော်မူခြင်းဖြင့် ကောင်းချီးမင်္ဂလာရခြင်း ဖြစ်သည်။ ခရစ်တော်သည် အသက်ဝိညာဉ်၌ အုပ်စိုးခြင်းရှိသောအခါ၊ စင်ကြယ်ခြင်းနှင့် အပြစ်မှကင်းလွတ်ခြင်းရှိသည်။ ဧဝံဂေလိတရားတော်၏ ဘုန်းတော်ပြည့်စုံခြင်းနှင့် စုံလင်ခြင်းအကြံအစည်သည် အသက်တာ၌ပြည့်စုံ သည်။ ကယ်တင်ရှင်ကိုလက်ခံခြင်းသည် တောက်ပခြင်းဖြစ်သည်။ စုံလင် သောငြိမ်သက်ခြင်း၊ စုံလင်သောချစ်ခြင်း၊ စုံလင်သောစိတ်ချခြင်းကို ယူဆောင် လာခဲ့သည်။ ခရစ်တော်၏စာရိတ္တလှပခြင်းနှင့်မွှေးကြိုင်ခြင်းသည် အသက်တာ ၌ဖော်ပြ၍၊ ဘုရားသခင်သည် ဧကန်အမှန် မိမိသားတော်ကို လောကကြီး၏ ကယ်တင်ရှင်အဖြစ် စေလွှတ်တော်မူကြောင်းကို သက်သေခံသည်။

ကိုယ်တော်၏သစ္စာရှိသောနောက်လိုက်များအဖို့ ခရစ်တော်သည် နေ့စဉ်နေ့တိုင်း အပေါင်းအဖော်နှင့်သိကျွမ်းသောမိတ်ဆွေဖြစ်သည်။ သူတို့ သည် ဘုရားသခင်နှင့်နီးကပ်စွာဆက်သွယ်၍၊ အစဉ်ဆက်ဆံလျက်ရှိသည်။ သူတို့အပေါ်၌ ဘုရားသခင်၏ဘုန်းတော်သည် ထွက်ပေါ်လျက်ရှိသည်။ ခရစ်တော်၏မျက်နှာ၌ရှိသော ဘုရားသခင်ကိုသိကျွမ်းခြင်းဘုန်းတော်အလင်း ရောင်သည် သူတို့၌ရောင်ပြန်ဟပ်လျက်ရှိသည်။ ယခုအချိန်၌ သူတို့သည် မှေးမှိန်ခြင်းမရှိသော ဘုန်းရောင်ခြည်တောက်ပနေသည့်အရှင်၏ရှေ့တော်၌ ရွှင်လန်းဝမ်းမြောက်လျက်ရှိနေကြသည်။ သူတို့သည် ကောင်းကင်ဘုံနှင့်ဆက်ဆံ ဖို့ရန် ပြင်ဆင်ခြင်းရှိကြသည်။ အကြောင်းမှာ သူတို့၏စိတ်နှလုံးထဲ၌ ကောင်းကင်ဘုံရှိသောကြောင့်ဖြစ်သည်။ Christ's Object Lessons, pp. 419-421.

–o–

# အပိုင်း ၅
# အသက်တာအလုပ်အကိုင်
# အတွက်ပြင်ဆင်ခြင်း

မှန်ကန်သောပညာသည် တစ်စုံတစ်ခုသောသင်ကြားခြင်း အစီအစဉ်ကိုယူခြင်းထက် ပိုမိုလေသည်။ ကျယ်ဝန်းခြင်းရှိ၏။ ယင်းတွင် ကိုယ်ခန္ဓာနှင့်ဆိုင်သောတန်ခိုးအားလုံးနှင့် စိတ်နှင့်ဆိုင်သောတန်ခိုးအားလုံး ညီညွတ်စွာကြီးပွားခြင်းဖြစ်သည်။ ယင်းသည် ဘုရားသခင်ကိုချစ်ခြင်းနှင့် ကြောက်ရွံ့ခြင်းကို သင်ကြားပေးသည်။ အသက်တာနှင့်ဆိုင်သောတာဝန် ဝတ္တရားများကို သစ္စာရှိစွာ လုပ်ဆောင်ဖို့ရန် ပြင်ဆင်ခြင်းဖြစ်သည်။ Counsels to Teachers, Parents, and Students, p. 64.

မှန်ကန်သောပညာသည် နေ့စဉ်နေ့တိုင်း လုပ်ကိုင်ဆောင်ရွက်နိုင် ဖို့ရန် ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် စာရိတ္တပိုင်းဆိုင်ရာတန်ခိုးများကို ပြင်ဆင်ပေးခြင်း ဖြစ်သည်။ မြင့်မြတ်တော်မူသောအရှင်၏အလုပ်ကို လုပ်ကိုင်ဆောင်ရွက် ဖို့ရန် ခန္ဓာကိုယ်၊ စိတ်နှင့်ဝိညာဉ်စွမ်းအားကို လေ့ကျင့်ပေးခြင်းဖြစ်သည်။ ဤအရာသည် ပညာဖြစ်၍ ထာဝရအသက်တိုင်အောင် ခံနိုင်ရည်ရှိလိမ့်မည်။
Christ's Object Lessons, p. 330.

# ခရစ်ယာန်ပညာ – ၄၇

ပုထုဇဉ်လူစိတ်သည် အမြင့်ဆုံးသောပြုစုပျိုးထောင်ပေးခြင်းကို ခံယူတတ်ခြင်းရှိသည်။ ဘုရားသခင်ကို လုံးလုံးအပ်ထားသောအသက်တာသည် မသိနားမလည်သောအသက်တာမျိုးမဖြစ်စေရ၊ အများသောသူတို့သည် ပညာရေးကိုဆန့်ကျင်ဘက်ပြောဆိုကြသည်။ အကြောင်းမှာ၊ သခင်ယေရှုသည် မိမိ၏ဧဝံဂေလိတရားတော်ကိုဟောပြောရန် ပညာမရှိသောတံငါသည်များကို ရွေးချယ်သောကြောင့်ဖြစ်သည်။ ကိုယ်တော်သည် ပညာမရှိသောသူကို သာ၍နှစ်သက်တော်မူကြောင်း၊ ပြသခြင်းကိုသူတို့သည် အခိုင်အမာပြောဆိုကြသည်။ စာပေတတ်ကျွမ်းသောသူများနှင့် ဂုဏ်ရှိသောသူများသည် ကိုယ်တော်၏သွန်သင်ခြင်းကို ယုံကြည်ကြသည်။ ဤလူများသည် ကြောက်ရွံ့လျက် သူတို့၏ သြတ္တပ္ပစိတ်များက အမှားထင်ရှားဖော်ပြခြင်းများကိုနားထောင်ခဲ့လျှင် သူတို့သည် ကိုယ်တော်၏နောက်တော်သို့လိုက်ကြမည်။ သူတို့သည်ပေးကမ်းပါက သူတို့၏အစွမ်းသတ္တိများကိုလက်ခံ၍၊ ခရစ်တော်၏အမှုတော်၌ ခန့်ထားခြင်းခံရကြမည်။ မျက်မှောင်ကုတ်နေသောယဇ်ပုရောဟိတ်များနှင့် မနာလိုဝန်တိုဖြစ်နေသော အရာရှိများရှေ့မှောက်၌ သူတို့သည် ခရစ်တော်ကိုဝန်ခံ၍၊ နှိမ့်ချသောဂါလိလဲလူနှင့် ဆက်သွယ်ခြင်းရှိသည်ကို ပြောပြသက်သေခံဖို့ရန် သူတို့၌ ကျင့်ဝတ်တရားနှင့်ဆိုင်သောတန်ခိုးမရှိကြပေ။

အားလုံးသော သူတို့၏စိတ်နှလုံးကို နားလည်သောသူသည် ဤအကြောင်းကိုနားလည်တော်မူသည်။ ပညာရှိသောသူများနှင့် ဂုဏ်ကြီးမြင့်သောသူတို့သည်၊ လုပ်ကိုင်ဖို့ရန်အရည်အချင်းရှိသော်လည်း၊ မလုပ်ကိုင်သောကြောင့်၊ ကိုယ်တော်၏အလိုအတိုင်းနားထောင်၍ သစ္စာနှင့်လုပ်ကိုင်သောသူများကို ခရစ်တော်သည် ရွေးချယ်ရပေမည်။ ကိုယ်တော်သည် ဤမြေကြီးပေါ်မှ ထွက်ခွာသွားရသောအခါ၊ ဤကြီးကျယ်သောအလုပ်ကို ရှေ့သို့ဆက်လက်၍ လုပ်ကိုင်နိုင်ဖို့ရန် သွန်သင်ပေးရမည်ဖြစ်၍၊ ကိုယ်တော်သည် စိတ်နှိမ့်ချသော သူများကို ရွေးချယ်တော်မူ၍ မိမိနှင့်အတူရှိစေသည်။

## ခရစ်တော်သည်ကြီးကျယ်သောပညာပေး ပုဂ္ဂိုလ်ကြီးဖြစ်ခြင်း

ခရစ်တော်သည် လောက၏အလင်းဖြစ်တော်မူသည်။ ကိုယ်တော်သည် အသိပညာအားလုံး၏စမ်းရေတွင်းဖြစ်သည်။ ကိုယ်တော်သည် သူတို့အားပေးအပ်မည့်အလုပ်ကို လုပ်ကိုင်နိုင်ရန်၊ သခင်ခရစ်တော်သည် ပညာမရှိသောတံငါသည်များကို အရည်အချင်းရှိအောင် လုပ်ပေးနိုင်တော်မူသည်။ ဤနှိမ့်ချသောသူတို့ကိုပေးသော သမ္မာတရားသင်ခန်းစာများသည် ကြီးကျယ်ထူးခြားစွာအဓိပ္ပါယ်ပါသည်။ သူတို့သည် ကမ္ဘာကြီးကိုလှုပ်ရှားရမည်။ ဤနှိမ့်ချသောသူများကို မိမိနှင့်ဆက်သွယ်ထားခြင်း၌ ခရစ်တော်အဖို့ လွယ်ကူသောအရာဖြစ်ဟန်ရှိသည်။ သို့သော်လည်း အလွန်ကြီးမားသောအကျိုးသက်ရောက်ခြင်းများ အဖြစ်အပျက်ဖြစ်သည်။ သူတို့၏စကားများနှင့် သူတို့၏အလုပ်များသည် ကမ္ဘာကြီးကိုအကုန်အစင်ပြောင်းလဲပစ်လိုက်ဖို့ရန်ဖြစ်သည်။

သခင်ယေရှုသည် ပညာကိုမထီမဲ့မြင်မပြု၊ စိတ်၏အမြင့်ဆုံးသောတတ်သိလိမ္မာခြင်းသည် ဘုရားသခင်ကိုချစ်ကြောက်ရိုသေခြင်းဖြင့် သန့်စင်စေပါက၊ ကိုယ်တော်၏တင်းပြည့်ကျပ်ပြည့် သဘောတူညီခြင်းကိုရရှိသည်။ ကိုယ်တော်ရွေးချယ်လိုက်သည့် နှိမ့်ချသောသူများသည် ကိုယ်တော်နှင့်အတူသုံးနှစ်အချိန်ကြာမျှနေထိုင်ကြ၍၊ ကောင်းကင်ဘုံရှင်၏ပြုပြင်ပေးသော သြဇာအာဏာအောက်၌ ရှိကြသည်။ ခရစ်တော်သည် ကမ္ဘာကျော်အကြီးဆုံးသောပညာပေးဆရာကြီးတစ်ပါးဖြစ်တော်မူသည်။

လူငယ်များသည် သူတို့၏ကိုယ်ကို ဘုရားသခင်အား ဆက်ကပ်ခဲ့လျှင်၊ ကိုယ်တော်သည်လူငယ်ကို သူတို့၏အစွမ်းသတ္တိ၊ ချစ်ခင်တတ်ခြင်းရတနာများနှင့်အတူ လက်ခံတော်မူမည်။ သူတို့သည် သိမှတ်တတ်သောသတ္တိနှင့်ဆိုင်သောအရာ၌ အမြင့်ဆုံးသို့ရောက်ကြပေမည်။ အကယ်၍ ဘာသာရေးနှင့်ဆိုင်သောကျင့်ဝတ်များဖြင့် အလေးညီအောင်ပြုလုပ်လိုက်လျှင်၊ ခရစ်တော်သည် ကောင်းကင်မှဆင်းလာ၍ ပြီးစီးစေမည့်အလုပ်ကို သူတို့သည် ရှေ့သို့

ဆက်လက်လုပ်ကိုင်နိုင်ကြမည်။ ဤကဲ့သို့လုပ်ကိုင်ခြင်းဖြင့် ကိုယ်တော်နှင့်အတူ လုပ်ကိုင်ဆောင်ရွက်သောသူများ ဖြစ်လာကြမည်။

ကျွန်ုပ်တို့၏ကောလိပ်ကျောင်းတွင်ရှိကြသော ကျောင်းသားများ၌ အဖိုးထိုက်တန်သောအခွင့်အရေးများရှိကြသည်။ သိပ္ပံပညာအကြောင်းသိကျွမ်းခြင်းသာမက သူတို့၌ အချိုးအစားကျသောစာရိတ္တများရရှိဖို့ရန် ကောင်းမြတ်သောအရည်အချင်းများကို မည်ကဲ့သို့ပြုစုပျိုးထောင်လေ့ကျင့်ရမည့်အကြောင်းကို သင်ကြားရကြသည်။ သူတို့သည် ဘုရားသခင်၏တာဝန်ခံကျင့်ဝတ်ဆိုင်ရာကိုယ်စားလှယ်များဖြစ်ကြသည်။ လူသည် လိမ္မာစွာတိုးတက်ခြင်းရှိစေနိုင်ဖို့ရန် ဥစ္စာပစ္စည်း၊ အစွမ်းသတ္တိ၊ အခြေအနေနှင့် သိမြင်တတ်သောသတ္တိများကို ဘုရားသခင်သည် လူအားယုံကြည်၍အပ်နှံထားသည်။ ကိုယ်တော်၏ကျွန်တို့၏ခွန်အားသတ္တိများအလိုက် အချိုးကျဝေငှပေးကမ်းထားရာ၊ လူတိုင်းမိမိလုပ်ကိုင်ဖို့ရန်အလုပ်ရှိသည်။ Review and Herald, June 21, 1877.

–o–

# မှန်သောပညာ – ၄၈

မှန်သောပညာသည် စိတ်နှင့်နှလုံး၌ ဖန်ဆင်းရှင်ဘုရားသခင်နှင့် ကယ်တင်ရှင်သခင်ယေရှုခရစ်ကို စွဲလမ်းစေဖို့ရန် ထိုအထင်အမြင်များကို အဖန်ဖန်သွန်သင်ပေးခြင်းဖြစ်သည်။ ထိုသို့သောပညာသည် စိတ်ကိုအသစ်ပြုပြင်၍ စာရိတ္တကိုပြောင်းလဲပေးလိမ့်မည်။ ယင်းသည် အသက်ဝိညာဉ်များ၏ ရန်သူလိမ်လည်တီးတိုးပြောဆိုခြင်းများကိုခံရပ်နိုင်ရန် စိတ်ကိုခွန်အားပေး၍၊ ခိုင်ခံ့စေခြင်းဖြင့် ဘုရားသခင်၏အသံတော်ကို ကျွန်ုပ်တို့နားလည်ဖို့ရန် တတ်နိုင်စေလိမ့်မည်။ ယင်းသည် ပညာရှိသောသူကို ခရစ်တော်နှင့်ပူးပေါင်းလုပ်ဆောင်သောသူတစ်ယောက်ဖြစ်ဖို့ရန် ထိုက်တန်စေလိမ့်မည်။

ကျွန်ုပ်တို့၏လူငယ်များသည် ဤအသိပညာကိုရရှိခဲ့လျှင်၊ သူတို့သည် အခြားလိုအပ်သောအရာများကိုရရှိဖို့ရန် တတ်နိုင်လိမ့်မည်။ ဤကဲ့သို့ မဖြစ်ခဲ့လျှင်၊ လောကမှရရှိသောအသိပညာအားလုံးသည် သူတို့ကိုဘုရားသခင်၏ ရာထူးအစီအစဉ်၌ နေရာပေးနိုင်မည်မဟုတ်ပေ။ သူတို့သည် စာအုပ်မှပေးသောအသိပညာအားလုံးကို ရကြပေမည်။ သို့တစေလည်း ဘုရားသခင်သဘောကြိုက်ညီသည့်စာရိတ္တတစ်ခုကိုပေးနိုင်သည့် ဖြောင့်မတ်ခြင်း၏မထမကျင့်ဝတ်များကို မသိဘဲနေကြလိမ့်မည်။

ကမ္ဘာမြေကြီးပေါ်ရှိကျောင်းများ၌ အသိပညာရရှိဖို့ရန် ရှာဖွေနေသောသူများ သတိထားမှတ်မိကြရမည်မှာ၊ သူတို့ကို အခြားကျောင်းတစ်ကျောင်းကလည်း ကျောင်းသားများအဖြစ် တောင်းဆိုနေသည်။ ခရစ်တော်၏ကျောင်းဖြစ်သည်။ ဤကျောင်းမှကျောင်းသားများသည် မည်သည့်အခါမျှ ဘွဲ့ရခြင်းမရှိကြပေ။ ကျောင်းသားများတွင် အသက်ကြီးသောသူများနှင့် ငယ်ရွယ်သောသူများ ပါဝင်ကြသည်။ ဘုရားပကတိဆရာ၏သွန်သင်ခြင်းကို နားထောင်သောသူတို့သည် ပို၍ပညာနှင့်အသက်ဝိညာဉ်၏မြင့်မြတ်ခြင်းကိုရရှိကြပြီးလျှင်၊ ဤနည်းဖြင့်သူတို့သည် အစွန်ရှည်သောကာလပတ်လုံး တိုးတက်ခြင်းရှိမည်။ ထိုသာ၍မြင့်သောကျောင်းသို့ ဝင်ရောက်ဖို့ရန် သူတို့၌ပြင်ဆင်ခြင်းရှိကြသည်။

အကန့်အသတ်မရှိသောဥာဏ်ကြီးရှင်သည် အသက်တာ၏ကြီးကျယ်သောသင်ခန်းစာများကို ကျွန်ုပ်တို့၏ရှေ့၌ထားသည်။ တာဝန်ဝတ္တရားနှင့် ပျော်ရွှင်ခြင်းသင်ခန်းစာများဖြစ်သည်။ ဤသင်ခန်းစာများသည် ကြိမ်ဖန်ခါခါသင်ကြားဖို့ရန် ခဲယဉ်းသည်။ သို့သော်လည်း ဤသင်ခန်းစာများမရှိပါက မှန်ကန်သောတိုးတက်ခြင်းရှိမည်မဟုတ်ပေ။ ၎င်းတို့သည် ကျွန်ုပ်တို့အဖို့ အားထုတ်ခြင်း၊ မျက်ရည်ကျခြင်းနှင့်ပူဆွေးခြင်းပင်ဖြစ်စေလိမ့်မည်။ သို့သော်လည်း ကျွန်ုပ်တို့၌မှားယွင်းခြင်း (သို့မဟုတ်) မောပန်းခြင်းမရှိရ။ ဤလောက၏ ဒုက္ခဆင်းရဲနှင့်စုံစမ်းနှောင့်ယှက်ခြင်းများထဲ၌စင်ကြယ်၍၊ သန့်ရှင်းသောကောင်းကင်တမန်တို့၏အသင်းအဖွဲ့၌ ထိုက်တန်ဖို့ရန်ရရှိရမည်။ အရေးမကြီးသောသင်ကြားလေ့ကျက်ခြင်းများ၌ စိတ်လုံးလုံးပါဝင်နေသောသူများသည် ခရစ်တော်၏ကျောင်း၌ သင်ကြားခြင်းမှရပ်စဲ၍၊ အဖိုးဆုံးဖြတ်၍မရသောဆုံးရှုံးခြင်းနှင့်တွေ့ဆုံနေရသည်။

လူသားတို့အား ဖန်ဆင်းရှင်ချပေးထားသော အစွမ်းသတ္တိတိုင်း၊ ဂုဏ်အင်္ဂါတိုင်းကို ဘုရားသခင်၏ဘုန်းတော်ထွန်းတောက်ဖို့အတွက် အသုံးပြုရမည်။ ဤအလုပ်၌အစင်ကြယ်ဆုံး၊ အမြင့်မြတ်ဆုံးနှင့်ဝမ်းအသာဆုံးလေ့ကျင့်ခြင်းကိုတွေ့ရမည်။ အသက်တာ၌ ကောင်းကင်နိုင်ငံတော်၏ကျင့်ဝတ်များကို အမြင့်ဆုံးထားရမည်။ အသိပညာကိုဆည်းပူးခြင်း (သို့မဟုတ်) အသိပညာနှင့်ပြည့်စုံသောသူတို့၏ယဉ်ကျေးခြင်းသည် လူသားတို့အား ဘုရားပကတိနှင့်တူစေခြင်း၌ ခြေလှမ်းတစ်လှမ်းဖြစ်ရမည်။ Fundamentals of Christian Education, pp. 543, 544.

## ပညာ၌အထူးလိုအပ်သောအရာ

ယနေ့ကျွန်ုပ်တို့၏လူငယ်များအဖို့ အထူးအလိုအပ်ဆုံးသောပညာ၊ အထက်၌ရှိသော ကျောင်း၏သာ၍မြင့်မားသောအဆင့်များနှင့် သင့်လျော်သောပညာသည် လောကကြီးအား ဘုရားသခင်၏အလိုတော်ကို မည်ကဲ့သို့ပြသ

ရမည်ကို သွန်သင်ပေးနိုင်ခြင်းပင်ဖြစ်သည်။ Review and Herald, October 24, 1907.

## အမြင့်ဆုံးသောပညာ

ဘုရား၏နည်းလမ်းနှင့်စိတ်အလိုကိုသင်ကြားဖို့ရန် မိမိတို့ကိုယ်ကို အပ်ပေးနေသောသူများသည် မနုဿလူသတ္တဝါတို့အဖို့ ရရှိနိုင်သောအမြင့်ဆုံး ပညာကို ရရှိနေခြင်းဖြစ်သည်။ သူတို့သည် သူတို့၏ဗဟုသုတကို လောက၏ စဉ်းလဲသောဆင်ခြေများအပေါ်၌မဟုတ်၊ ထာဝစဉ်တည်သောကျင့်ဝတ်တရား များအပေါ်၌ တည်ဆောက်ထားသည်။ Counsels to Teachers, Parents, and Students, p. 36.

–o–

# ခရစ်ယာန်ပညာကိုလိုအပ်ခြင်း – ၄၉

စိတ်နှင့်ဆိုင်သောအစွမ်းသတ္တိများကို လေ့ကျင့်ပေးဖို့ရန် ဘုရားသခင် အလိုတော်ရှိသည်။ လောကီသားတို့ထက် မိမိ၏ကျွန်များသည် ပိုမိုသော အသိပညာနှင့် ကြည်လင်သောခွဲခြားသိမြင်တတ်ခြင်းရှိရန် ကိုယ်တော်၌ ကြံရွယ်ချက်ရှိသည်။ အလွန်ပေါ့ဆသောသူ (သို့မဟုတ်) အလွန်ပျင်းရိခြင်း ရှိသောကြောင့် အရည်အချင်းမရှိ၊ ဗဟုသုတမရှိသောသူတို့ကို ကိုယ်တော်သည် နှစ်သက်တော်မူခြင်းမရှိပေ။ ကျွန်ုပ်တို့သည် ကိုယ်တော်အား စိတ်နှလုံး အကြွင်းမဲ့၊ အသက်ဝိညာဉ်ရှိသမျှ၊ ခွန်အားရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်ချစ်ရန် တောင်းဆိုသည်။ ဤကဲ့သို့မိန့်တော်မူချက်ရှိသောကြောင့် ကျွန်ုပ်တို့၏ပိုင်းခြား သိတတ်သောဉာဏ်ကို အဆုံးတိုင်အောင်ကြီးပွားဖို့ရန်ပြုလုပ်၍၊ စိတ်တစ်ခုလုံးဖြင့် ကျွန်ုပ်တို့၏ကယ်တင်ရှင်ကိုသိ၍ ချစ်ခင်ရန်ဖြစ်သည်။

ကိုယ်တော်၏ဝိညာဉ်တော်အုပ်ချုပ်ခြင်းအောက်၌ထား၍၊ သိတတ်သောဉာဏ်ကို စေ့စေ့စပ်စပ်ပြုစုပျိုးထောင်ပေးပါက၊ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ရာ၌ ပို၍ထိရောက်ခြင်းရှိမည်။ ဘုရားသခင်ကိုဆက်ကပ်ထား၍၊ သူတစ်ပါးကိုကောင်းချီးမင်္ဂလာရစေဖို့ရန် တောင့်တသောစိတ်မျိုးရှိသည့် ပညာမဲ့သောသူသည် ဘုရားသခင်၏အမှုတော်၌ဆောင်ရွက်နိုင်၍၊ ဘုရားသခင်သည် သူ့ကိုအသုံးပြုနိုင်တော်မူသည်။ သို့သော်လည်း ထိုဆက်ကပ်ခြင်းစိတ်မျိုး ထပ်တူထပ်မျှရှိသောသူတို့သည် သာ၍စုံလင်သောပညာရရှိထားပါက၊ ခရစ်တော်အဖို့ သာ၍ကျယ်ပြန့်သောအလုပ်ကို လုပ်နိုင်သည်။ သူတို့သည် အခြေသာသောမြေပေါ်၌ ရပ်နေကြသည်။

## သာ၍မြင့်မားသောအမှုတော်ဆောင်ရွက်ခြင်း အဖို့လေ့ကျင့်ခြင်း

ကျွန်ုပ်တို့၏အသိဉာဏ်ကို သူတစ်ပါးအား သင်ကြားပြသပေးနိုင်ရန် ရည်မှန်း၍၊ ကျွန်ုပ်တို့သည် တတ်နိုင်သမျှပညာအားလုံးကိုဆည်းပူးဖို့ရန်

ဘုရားသခင်အလိုတော်ရှိသည်။ ဘုရားသခင်အဖို့လုပ်ဆောင်ပေးရန် (သို့မဟုတ်) ပြောဆိုဖို့ရန်၊ မည်သည့်နေရာ၊ မည်ကဲ့သို့ခေါ်မည်ကို မည်သူမျှမသိနိုင်ပေ။ လူကိုမည်ကဲ့သို့အသုံးပြုရမည်ကို ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင်အဖဘုရား တစ်ပါးတည်းသာ သိမြင်တော်မူသည်။ ကျွန်ုပ်တို့၏အားနည်းနေသည့် ယုံကြည်ခြင်း၊ ပိုင်းခြားသိမြင်ခြင်းမရှိသော ဖြစ်နိုင်သည့်အရာများသည် ကျွန်ုပ်တို့ရှေ့၌ ရှိသည်။ ကျွန်ုပ်တို့၏စိတ်ဝိညာဉ်များကို လေ့ကျင့်ပေးရာ၌ အကယ်၍ လိုအပ်လာပါက၊ ကိုယ်တော်၏နှုတ်ကပတ်တော်မှ သမ္မာတရားကို ကမ္ဘာပေါ်ရှိအမြင့်ဆုံးသောအာဏာပိုင်များထံသို့ တင်ပြနိုင်သည့်အပြင် ကိုယ်တော်၏ နာမတော်ကို ချီးမွမ်းခြင်းဖြစ်စေရမည်။ ဘုရားသခင်အဖို့ သတိပညာဖြင့် လုပ်ဆောင်ပေးရာ၌ အခွင့်အရေးတစ်ခုကိုပင် လက်လွတ်ခံဖို့ရန်မသင့်ပေ။

## အဘက်ဘက်၌စုံလင်သောပညာ

ပညာကိုအလိုရှိသောလူငယ်သည် ပညာကိုရရှိဖို့ရန် စိတ်ပြဌာန်း၍ လုပ်ကိုင်ပါလေ။ လမ်းပွင့်လာဖို့ရန် စောင့်ဆိုင်းမနေပါနှင့်။ သင့်အဖို့လမ်းရရှိဖို့ရန်ပြုလုပ်ပါ။ အနည်းအကျဉ်းနိမ့်ကျခြင်းဖြစ်သော်လည်း လက်လွတ်မခံပါနှင့်။ ချွေတာပါ။ သင်၏ကြေးငွေကို အစားအစာတွင်အရသာခံခြင်းနှင့် အပျော်အပါးအဖို့မဖြုန်းပါနှင့်။ ဘုရားသခင်သည် သင့်ကိုခေါ်သည့်အတိုင်း၊ အသုံးဝင်ပြီးအရည်အချင်းနှင့်ပြည့်စုံဖို့ရန် စိတ်ပြဌာန်းခြင်းရှိပါ။ သင်လုပ်ကိုင်သောအရာတိုင်းတို့၌ သေချာ၍သစ္စာရှိပါ။ အသိဉာဏ်ကိုခွန်အားပေးနိုင်ရန် သင့်လက်လှမ်းမီသောနေရာ၌ရှိသော အကျိုးဖြစ်ထွန်းစေမည့်အရာများကို ရယူပါ။ စာအုပ်များကိုလေ့ကျက်ရာ၌ အသုံးဝင်သောလက်ဖြင့် လုပ်ကိုင်ရသည့်အလုပ်နှင့်ပေါင်းစပ်ပါ။ သစ္စာရှိစွာကြိုးပမ်းခြင်း၊ စောင့်မျှော်ခြင်းနှင့် ဆုတောင်းခြင်းဖြင့် အထက်ရပ်မှပညာကိုရယူပါ။ ဤနည်းဖြင့် သင်သည် အဘက်ဘက်၌စုံလင်သောပညာကိုရရှိမည်။ ဤနည်းဖြင့်သင်သည် စာရိတ္တ၌ တိုးတက်လာ၍ အခြားသောစိတ်များအပေါ်၌ ဩဇာရှိလာပြီးလျှင်၊ သူတို့ကို ဖြောင့်မှန်၍ သန့်ရှင်းသောလမ်း၌လမ်းပြဖို့ရန် တတ်နိုင်လိမ့်မည်။

ကျွန်ုပ်တို့ရရှိသောအခွင့်အရေးများနှင့် ကြုံကြိုက်သည့်အခွင့်အများ၌ နိုးကြားခြင်းရှိလျှင်၊ ကိုယ်ကိုကိုယ်ပညာပေးခြင်းအလုပ်၌ ပို၍ပြီးစီးနိုင်ဖို့ရန် ရှိပေသည်။ မှန်သောပညာသည် တက္ကသိုလ်ကျောင်းမှပေးသည်ထက်ပိုမိုသည်။ သိပ္ပံပညာကိုလေ့ကျက်ဖို့ရန် ပျက်ကွက်ခြင်းမရှိစေရ။ ဘုရားသခင်နှင့်အရေးကြီးသောဆက်သွယ်ခြင်းဖြင့် သာ၍မြင့်သောလေ့ကျင့်မှုကို ရရှိနိုင်သည်။ စာသင်သားတိုင်းတို့သည် သူတို့၏ကျမ်းစာအုပ်ကိုယူ၍၊ မိမိကိုယ်ကို ခရစ်တော်နှင့်ဆက်ဆံဖို့ရန် လုပ်ဆောင်ပါ။ ဘုရားနှင့်ဆိုင်သောသမ္မာတရား ကိုရှာဖွေရာ၌ ခက်ခဲသောပြဿနာများကိုဖြေရှင်းရန် စိတ်ကိုလေ့ကျင့်ခြင်းပြု၍ စည်းကမ်းတကျဖြစ်ပါစေ။

## အသိပညာနှင့်မိမိကိုယ်ကိုစည်းကမ်းနှင့်ထိန်းရန်

လူအချင်းချင်းတို့အဖို့ ကောင်းချီးမင်္ဂလာဖြစ်စေဖို့ရန် အသိပညာကို ဆာမွတ်သောသူတို့သည် သူတို့ကိုယ်တိုင် ဘုရားသခင်အထံတော်မှ ကောင်းချီးမင်္ဂလာများကို ခံစားရကြမည်။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တရားတော်ကို သင်ကြားခြင်းဖြင့်၊ သူတို့၏စိတ်ဝိညာဉ်နှင့်ဆိုင်သောတန်ခိုးများသည် စိတ်အားကြီးသောလှုပ်ရှားမှုအတွက် ထကြွလာမည်။ အစွမ်းသတ္တိများ၌ကျယ်ဝန်းလာခြင်းနှင့် ကြီးပွားခြင်းရှိ၍၊ စိတ်ဝိညာဉ်သည် တန်ခိုးနှင့်အရည်အချင်းပြည့်စုံခြင်းရှိလိမ့်မည်။

ဘုရားသခင်အဖို့ အမှုတော်ဆောင်တစ်ယောက်ဖြစ်မည့်သူများသည် မိမိကိုယ်ကိုနည်းကျအောင် နေထိုင်တတ်ရမည်။ ဤကဲ့သို့ပြုလုပ်ပါက၊ စကားပြောကောင်းခြင်း (သို့မဟုတ်) တောက်ပသောအစွမ်းသတ္တိထက် ပိုမို၍ပြီးစီးနိုင်လိမ့်မည်။ ဃ့မဂျ္ဆျ ဥဘနြခအ ။နျူသညျယ စစ. ၃၃၄ယ၃၃၅.

## မိဘများမျှော်လင့်သည့်အတိုင်းဆပ်ပေးခြင်း

မှန်ကန်ရာကိုပြုလုပ်ခြင်းသည် အစဉ်သဖြင့် အကောင်းဆုံးနှင့်စိတ်အချရဆုံးဖြစ်သည်။ အကြောင်းမှာ မှန်ကန်သောကြောင့်ဖြစ်သည်။ သင်သည် ယခုအချိန်၌ လေးနက်စွာစဉ်းစားဖို့ရန် သင့်ပြီမဟုတ်လော။ မှန်ကန် သောစဉ်းစားဆင်ခြင်ခြင်းသည် မှန်ကန်သောလှုပ်ရှားခြင်း၏အုတ်မြစ်၌ရှိသည်။ သင်၏မိဘများသည် သင်၌မျှော်လင့်ခြင်းရှိသည်အတိုင်း လိုက်နာဖို့ရန်ဆုံးဖြတ်ပါ။ သင်သည် ထူးကဲဖို့ရန် သစ္စာရှိစွာကြိုးစားခြင်းပြုပါ။ သင့်အဖို့အကုန်အကျခံခဲ့သောငွေသည် အလွဲအသုံးပြုခြင်းနှင့် အလွဲသုံးစားခြင်းမရှိရန်ကြည့်ရှုပါ။ မိဘဆရာများကြိုးစားပြုလုပ်နေခြင်းကို ပေါင်းစပ်လုပ်ကိုင်ရန် စိတ်ပြဋ္ဌာန်းခြင်းရှိ၍၊ အသိပညာနှင့်စာရိတ္တ၌ မြင့်မားသောအဆင့်အတန်းသို့ ရောက်ရှိပါစေ။ သင့်ကိုချစ်၍ ကိုးစားသောသူများကို စိတ်ပျက်ခြင်းမဖြစ်စေဖို့ရန် ပြဋ္ဌာန်းပါ။ မှန်ကန်စွာလုပ်ကိုင်ခြင်းသည် ယောကျာ်းဂုဏ်နှင့်ပြည့်စုံ၏။ မှန်ကန်ခြင်းကိုသိ၍၊ မှန်ရာကိုသင်သည်ပြုလုပ်လျှင်၊ အမှန်ကိုပြုလုပ်နိုင်ရန် သခင်ယေရှုသည် သင့်ကိုမစလိမ့်မည်။– Fundamentals of Christian Education, p. 248.

# ထာဝရကာလအဖို့ပညာ – ၅၀

"လူပျိုတို့၊ သင်တို့သည် ခွန်အားနှင့်ပြည့်စုံ၍ ဘုရားသခင်နှုတ်ကပတ်တော်၌ မှီဝဲဆည်းကပ်သဖြင့်၊ မာရ်နတ်ကိုအောင်သောကြောင့် သင်တို့အား ငါ ရေး၍ပေးလိုက်ခဲ့ပြီ" ဟု ရှင်ယောဟန်ရေးသားခဲ့သည်။လူငယ်တို့၌ တည်ကြည်သောသဘောရှိဖို့ရန်၊ ရှင်ပေါလုသည် တိမောသေအား တိုက်တွန်း နှိုးဆော်ခိုင်းသည်။ ဒံယေလကဲ့သို့ သစ္စာရှိသောသူ၊ ဘုရားသခင်၏မြဲမြံသော ကျွန်တစ်ယောက်ဖြစ်ဖို့ရန် သင်၏အသက်ဝိညာဉ်ကို မြှင့်တင်ပေးပါ။ သင်၏ ခြေသွားရာလမ်းကိုကြည့်ရှုပါ။ အကြောင်းမူကား သင်သည် သန့်ရှင်းသော မြေကြီးပေါ်၌ရပ်နေ၍၊ ဘုရားသခင်၏ကောင်းကင်တမန်များသည် သင့်ပတ်လည်၌ရှိကြသည်။

ပညာနှင့်ဆိုင်သောလှေကားကို သင်သည် အထက်ဆုံးအထစ်တိုင် အောင်တက်ရမည်ဟု ထင်မြင်ခြင်း၌မှန်ကန်သည်။ ဒဿနိကဗေဒနှင့်ရာဇဝင် ဘာသာများသည် အရေးကြီးသောစာပေများဖြစ်သည်။ သို့သော်လည်း သင်ရရှိသောပညာကို ဘုရားသခင်ကိုဂုဏ်ပြုရန်နှင့် လူသတ္တဝါများအတွက် ကောင်းမှုကိုမဖြစ်စေခဲ့လျှင်၊ သင်အနစ်နာခံခဲ့သောအချိန်နှင့်ငွေသည် ဘာမျှအဖိုးမတန်ပေ။ သိပ္ပံပညာသည် အမြင့်ဆုံးသောအကြံအစည်သို့ရောက်ရှိဖို့ရန် မဖြစ်ပါက၊ ၎င်းသည်အဖိုးမတန်ပေ။

ထာဝရကာလကဲ့သို့ ခံနိုင်ရည်ရှိသောအသိပညာကို မပေးနိုင်သော ပညာသည် အဖိုးမတန်ပေ။ သင်သည် သင်၏ရှေ့၌ ကောင်းကင်ဘုံနှင့် အနာဂတ်ကာလ၊ မသေနိုင်သောအသက်တာကိုမထားနိုင်လျှင်၊ သင်ကြိုးစားအားထုတ်၍ရရှိသောအရာများသည် တည်မြဲသောတန်ဖိုးမရှိပေ။ သို့သော်လည်း၊ ရက်သတ္တပတ်တွင် တစ်နေ့မဟုတ်၊ နေ့တိုင်း၊ နာရီတိုင်း သခင်ယေရှုသည် သင်၏ဆရာဖြစ်ပါက၊ စာပေကိုလိုက်စားရာ၌ သခင်ယေရှု၏အပြုံးသည် သင့်အပေါ်၌ရှိနိုင်မည်။ Fundamentals of Christian Education, pp. 191,192.

–o–

# လက်တွေ့လေ့ကျင့်ခြင်း – ၅၁

အကျိုးရှိသောလက်ဖြင့်လုပ်ကိုင်သောအလုပ်သည် ဇဝ်ဂေလိတရားတော်၏တစ်စိတ်တစ်ဒေသအကြံအစည်ဖြစ်သည်။ တိမ်တိုက်၌ဖုံးကွယ်လျက်ရှိတော်မူသောဆရာကြီးသည်၊ လူငယ်တိုင်းအား အကျိုးရှိသောအလုပ်သင်ကြားပေးရမည်ဟု ဣသရေလလူမျိုးတို့အား ညွှန်ကြားခဲ့သည်။ သို့ဖြစ်၍၊ ယုဒလူမျိုးတို့၏ထုံးစံအတိုင်း၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ သူတို့၏သားများနှင့်သမီးများကို အကျိုးရှိသောအသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုခုကို သင်ကြားပေးကြသည်။ မကောင်းသောအခြေအနေနှင့် ရင်ဆိုင်လာရပါက၊ သူတို့သည် သူတစ်ပါးအပေါ်၌မှီခိုမနေဘဲ၊ သူတို့၌လိုအပ်နေခြင်းများကို သူတို့ကိုယ်တိုင်စီမံနိုင်လိမ့်မည်။ သူတို့သည် စာပေဘက်၌ သွန်သင်ခြင်းခံယူရကြပေမည်။ သို့သော်လည်း သူတို့ကိုလက်မှုပညာတစ်ခုခုလေ့ကျင့်ပေးရမည်။ ဤအရာသည် သူတို့၏ပညာရေး၌ မရှိမဖြစ်သည့်အပိုင်းဖြစ်သည်။

## အချိုးအစားကျသောပညာ

ယခုအခါ၊ ဣသရေလလူမျိုးလက်ထက်ကကဲ့သို့၊ လူငယ်တိုင်းတို့သည် လက်တွေ့အသက်တာ၏ဝတ္တရားများ၌ သင်ကြားခြင်းခံရကြမည်။ အသီးအသီးတို့သည် လက်ဖြင့်လုပ်ကိုင်ဆောင်ရွက်နိုင်သော အတတ်ပညာတစ်ခုခုကိုသင်ကြား၍၊ လိုအပ်ပါက သူသည် အသက်မွေးဝမ်းကျောင်းဖို့ရန်ရရှိလိမ့်မည်။ ဤအရာသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်၍၊ အသက်တာ၏ပြောင်းလဲခြင်းကို အကာအကွယ်ပေးဖို့ရန်လောက်သာမဟုတ်ဘဲ၊ ကိုယ်ကာယ၊ စိတ်ဝိညာဉ်နှင့် စာရိတ္တကြီးပွားခြင်းများအပေါ်၌ အကျိုးသက်ရောက်ခြင်းကြောင့်လည်းဖြစ်သည်။ တစ်ဦးတစ်ယောက်သည် မည်သည့်အခါမျှ၊ လက်ဖြင့်လုပ်သောလုပ်ငန်းဖြင့် အသက်မွေးဖို့ရန်မလိုကြောင်း သေချာသော်လည်း၊ ထိုသူသည် လုပ်ကိုင်ဖို့ရန် သင်ကြားခြင်းလိုအပ်၏။ကိုယ်ကာယလေ့ကျင့်မှုမရှိခဲ့လျှင်၊

မည်သူမျှကောင်းသောကိုယ်အင်္ဂါအခြေအနေနှင့်၊ ထက်မြက်သောကျန်းမာခြင်းကို မရရှိနိုင်ပေ။ သို့ဖြစ်၍ သန်မာလှုပ်ရှားသောစိတ်ဝိညာဉ်နှင့် မြင့်မြတ်သော စာရိတ္တသည် မရှိမဖြစ်လိုအပ်သကဲ့သို့ စည်းကမ်းတကျနည်းကျအောင် စီမံထားသောအလုပ်လည်းလိုအပ်၏။

သင်တန်းသားသည် စာအုပ်၌ပါသောအသိပညာကို စာတွေ့နည်းလောက်သာရရှိ၍၊ လက်တွေ့အားဖြင့်မရရှိပါက၊ အချိုးအစားကျသောပညာကိုရပြီဟု မဆိုနိုင်ပေ။ အလုပ်အကိုင်၏အဘက်ဘက်၌ အသုံးချရမည့်ခွန်အားများကို ဂရုမစိုက်ဘဲနေခဲ့ပြီ။ ပညာကိုဆည်းပူးရာ၌ ဦးနှောက်တစ်ခုတည်းကိုသာ အသုံးချရမည်မဟုတ်ပေ။ လူငယ်တိုင်းတို့အဖို့ ကိုယ်ကာယကိုအသုံးချခြင်းသည် လေ့ကျင့်ရာ၌ လိုအပ်သောအပိုင်းဖြစ်သည်။ ကျောင်းသားအား အကျိုးရှိသောအလုပ်လုပ်ကိုင်ခြင်းကို မသွန်သင်ပေးပါက ပညာ၏အရေးကြီးသောအပိုင်းသည် လိုအပ်လျက်ရှိနေသည်။

လူတစ်ကိုယ်လုံးကိုကျန်းမာစေသော လေ့ကျင့်မှုကိုပြုလုပ်ပေးခြင်းဖြင့် ပညာကိုကျယ်ဝန်းစေ၍ အများပါဝင်ခြင်းဖြစ်စေလိမ့်မည်။ ကျောင်းသားတိုင်းတို့သည် တစ်နေ့တစ်နေ့၏အချိန်တစ်ချိန်ကို ခွန်အားစိုက်ထုတ်၍ အလုပ်လုပ်ရသောအချိန်ဟု သတ်မှတ်ရမည်။ ဤနည်းဖြင့် အလုပ်လုပ်ကိုင်လိုသော အကျင့်စလေ့သည်ဖြစ်ပေါ်လာ၍၊ မိမိကိုယ်ကိုအားကိုးလိုစိတ်ကို အားပေးခဲ့သည်။ အလုပ်မလုပ်ဘဲနေခြင်းကြောင့်၊ အများသောလူငယ်များတို့၌ကျရောက်နေသော ယုတ်ညံ့သည့်အပြုအမူများ၏ဘေးရန်မှ အကာအကွယ်ရမည်။ ပညာ၏အရင်းခံလိုရင်းချက်အတိုင်းဖြစ်၍၊ လှုပ်ရှားခြင်း၊ ဝီရိယရှိခြင်းနှင့် စင်ကြယ်ခြင်းကိုအားပေးခြင်းဖြင့် ကျွန်ုပ်တို့သည် ဖန်ဆင်းရှင်နှင့်ညီညွတ်၍ လာကြပြီ။

## အကျိုးရှိသောအလုပ်၏အကျိုးကျေးဇူး

ကစားခြင်း၊ ကိုယ်လက်လှုပ်ရှားပရိစယပြုခြင်းမှ အကောင်းဆုံးသော အကျိုးကျေးဇူးကို မရရှိနိုင်ပေ။ လတ်ဆတ်သောလေတိုက်သည့်နေရာ၌

နေခြင်းဖြင့် အကျိုးကျေးဇူးအချို့ကို ရရှိနိုင်သည်။ ကြွက်သားများကို လေ့ကျင့်ပေးခြင်းဖြင့်လည်း အကျိုးရှိသည်။ သို့သော်လည်း အကျိုးရှိသောအလုပ်ကို လုပ်ကိုင်ရာ၌ တူညီသောခွန်အားကိုပေးပါက၊ အကျိုးကျေးဇူးသည် သာ၍ကြီးလိမ့်မည်။ စိတ်ကျေနပ်ခြင်းအမှန်ဖြစ်ပေါ်လာသည်။ ထိုကဲ့သို့သော လေ့ကျင့်ခြင်းနှင့်အတူ ကောင်းမွန်စွာလုပ်ကိုင်ပြီးစီးခဲ့သောဝတ္တရားအတွက် အထောက်အပံ့ပေးခြင်းနှင့် သြတ္တပ္ပစိတ်၏သဘောကြိုက်ညီခြင်းသည် ဖြစ်ပေါ်လာသည်။

ကျောင်းသားများသည် ကျွန်ုပ်တို့၏ကျောင်းများမှ ပညာအရည်အချင်းပြည့်စုံစွာဖြင့် ထွက်ခွာသွားကြရမည်။ သူတို့သည် သူတို့၏အင်အားကို ပြန်၍မှီခိုရမည်ဖြစ်ပါက၊ သူတို့အသုံးချနိုင်သောအသိပညာသည် သူတို့၌ရှိ၍၊ အသက်တာ၌အောင်မြင်ခြင်းရှိဖို့ရန် လိုအပ်သောအရာဖြစ်သည်။ ဝီရိယရှိသောလေ့ကျက်ခြင်းကို အထူးလိုအပ်၏။ ထိုနည်းတူစွာ ကြိုးစား၍ဝီရိယစိုက်ထုတ်လုပ်ကိုင်ရမည်။ ကစားခြင်းကိုအထူးမလိုအပ်ပေ။ အလေးညီသောစိတ်အဖို့ ကိုယ်ခန္ဓာခွန်အားများကို ပျော်ရွှင်ခြင်းဘက်၌ စိတ်အားကြီးခြင်းသည် အကြောင်းညီညွတ်ခြင်းမရှိလှပေ။ ကိုယ်ကာယလေ့ကျင့်ခြင်းသည် တဖြည်းဖြည်းလွန်ကျူးခြင်းအခြေအနေသို့ ရောက်သွားတတ်သည်ဖြစ်သောကြောင့်၊ ခရစ်တော်အဖို့ ယင်းအချိန်ကိုပေးလိုက်ပါက၊ ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် အမှုတော်ဆောင်အပေါ်၌ ဆင်းသက်နေလိမ့်မည်။

လက်တွေ့အသက်တာအဖို့ စည်းကမ်းတကျ လုပ်ကိုင်အောင်မြင်ခြင်းသည်၊ ကိုယ်ခန္ဓာလုပ်ကိုင်ခြင်း၊ စိတ်ဝိညာဉ်အားစိုက်ထုတ်ခြင်းနှင့်ပူးပေါင်းထားသောကြောင့်၊ လူအဖို့လုပ်ကိုင်နိုင်ဖို့ရန် ဘုရားသခင်ကြံရွယ်ထားသောအလုပ်သည် ပြန်ပေါ်လာ၍၊ သာယာစေသောကြောင့် စိတ်နှင့်ကိုယ်ကာယသည် အလုပ်ကိုကောင်းမွန်စွာဆောင်ရွက်ပေးနိုင်သည်။ လက်တွေ့အသက်တာ၏ဝတ္တရားများကိုလုပ်ဆောင်ဖို့ရန် လူငယ်သည် ပို၍စုံလင်စွာနားလည်ပါက၊ အခြားသူများအဖို့အသုံးကျခြင်းကြောင့် နေ့စဉ်နေ့တိုင်းပျော်ရွှင်လိမ့်မည်။ အကျိုးရှိသောအလုပ်ကိုလုပ်ကိုင်ခြင်းဖြင့် ပျော်ရွှင်ခြင်းရရှိနိုင်ကြောင်းကို ပညာ

ပေးခြင်းခံရသောစိတ်ဝိညာဉ်သည် ကျယ်ဝန်းလာ၍၊ လေ့ကျင့်ပေးခြင်း၊ နည်းကျ အောင်လိုက်နာခြင်းအားဖြင့် ယင်းသည် အသုံးဝင်ဖို့ရန်ထိုက်တန်လာခဲ့သည်။ အကြောင်းမှာ ယင်းသည် လိုအပ်သောအသိပညာကိုရခဲ့ပြီဖြစ်၍၊ ယင်းကို ပိုင်ဆိုင်သောသူအား အခြားသူများအဖို့ ကောင်းချီမင်္ဂလာဖြစ်စေသည်။

သခင်ယေရှု၏အသက်တာတစ်လျှောက်လုံး၌ ကိုယ်တော်သည် ကစားခြင်း၊ ရွှင်မြူးခြင်းများပြုလုပ်ခဲ့သည်ဟု ကျွန်ုပ်တစ်ချက်မျှ မတွေ့မမြင် ခဲ့ရပေ။ ကိုယ်တော်သည် ပစ္စုပ္ပန်နှင့်အနာဂတ်အသက်တာအဖို့ ကြီးသော ပညာပေးပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်သည်။ သို့တစေလည်း၊ ကိုယ်တော်သည် တပည့်တော်တို့အား၊ ကိုယ်ခန္ဓာနှင့်ဆိုင်၍ လေ့ကျင့်မှုရရှိရန် ပျော်ရွှင်ခြင်း များလုပ်ဆောင်ဖို့သွန်သင်ပေးသည်ဟု တစ်ချက်တလေမျှ မတွေ့မြင်ရပေ။

## ချက်ပြုတ်နည်းသင်ပါ

လူယောကျ်ားကလေးနှင့်မိန်းကလေးတို့အား မည်ကဲ့သို့ချွေတာစွာ ချက်ပြုတ်ရမည့်နည်းကို သွန်သင်ပေးရမည်။ အသားနှင့်ဆိုင်သောအရာဟူသရွေ့ ကို လက်လွတ်ထားရမည်။ အသားပါသောဟင်းလျာ၊ အစားအသောက်များကို ပြင်ဆင်ဖို့ရန်ခွင့်မပြုရပေ။ အကြောင်းမှာ၊ အသားစားခြင်းသည် ကျန်းမာခြင်း နှင့်ဆိုင်သော စင်ကြယ်ခြင်းသို့ရောက်မည့်အစား၊ အီဂျစ်ပြည်၏မှောင်မိုက်ခြင်း နှင့်မသိနားမလည်ခြင်းသို့ ညွှန်ပြလျက်ရှိသောကြောင့်ဖြစ်သည်။

အမျိုးသမီးများသည် အထူးသဖြင့် ချက်ပြုတ်နည်းသင်ကြားရမည်။ မိန်းကလေး၏ပညာရေးအပိုင်း၌ ဤအရာထက်ပို၍အရေးကြီးသောအပိုင်းရှိ သလား။ သူမ၏အသက်တာ၌ အခြေအနေသည် မည်ကဲ့သို့ပင်ဖြစ်စေ၊ ဤ အသိပညာကို သူမသည် လက်တွေ့လုပ်နိုင်သည်။

## သာသနာပြုနယ်တစ်ခွင်

လက်တွေ့အသက်တာ၏အချက်အလက်အားလုံးတို့၌၊ တတ်သိလိမ္မာခြင်းသည် ကျောင်းမှထွက်သွားပြီးနောက် သာသနာပြုဖို့ရန် ပင်လယ်ရပ်ခြားနယ်များသို့သွားရောက်ကြသော ကျွန်ုပ်တို့၏လူငယ်များကို အကျိုးရှိသောသူများဖြစ်ဖို့ရန် ပြုလုပ်ပေးလိမ့်မည်။ ထိုအခါ၊ သူတို့သည် သူတို့အဖို့ထမင်းချက်ပေးသောသူ၊ ချုပ်လုပ်ပေးသောသူနှင့် သူတို့နေထိုင်ဖို့ရန်နေရာအတွက် သူတို့ကိုမှီခိုနေဖို့ရန်မလိုပေ။ မသိနားမလည်သောသူကို အကောင်းဆုံးသောနည်းလမ်းဖြင့် အလုပ်လုပ်၍ အကောင်းဆုံးသောအကျိုးကိုရရှိနိုင်သည့်နည်းလမ်းများကို ပညာပေးလိုက်ပါက၊ သူတို့အပေါ်၌ ပို၍သြဇာရှိလာလိမ့်မည်။ ထိုကဲ့သို့ သောသာသနာပြုဆရာများကိုထောက်ပံ့ရန်၊ ရန်ပုံငွေအနည်းငယ်လိုလိမ့်မည်။ အကြောင်းမှာ၊ သူတို့၏ကိုယ်ခန္ဓာခွန်အားများကို အကောင်းဆုံးအသုံးချခဲ့၍၊ သူတို့၏စာပေသင်ကြားခြင်းကို လက်တွေ့အလုပ်ဖြင့် ပူးပေါင်းခဲ့သည်။ ဤ ကဲ့သို့ပြုလုပ်ခြင်းဖြင့် ငွေကြေးရရှိနိုင်ဖို့ရန် ခဲယဉ်းသောနေရာ၌ရှိသောသူများ သည်နှစ်သက်၍ အကျိုးကျေးဇူးကိုကောင်းမွန်စွာနားလည်ကြမည်။ သာသနာပြု ဆရာများသည် မည်ကဲ့သို့လုပ်ကိုင်ရမည်ကို သင်ကြားပေးခြင်း၌ ပညာပေး သောသူများဖြစ်လာနိုင်ကြောင်း ဖော်ပြလိမ့်မည်။ သူတို့သွားရောက်သော နေရာတိုင်း၌ ဤအလုပ်မျိုးတွင်ရရှိခဲ့သောဗဟုသုတသည် သူတို့ကိုရပ်တည် ဖို့ရန် နေရာပေးလိမ့်မည်။ Counsels to Teachers, Parents, and Students, pp. 307-314.

–၀–

# သစ္စာရှိသောကျောင်းသား – ၅၂

ဘုရားသခင်ကိုချစ်၍၊ သမ္မာတရားကိုနားထောင်မည်ဟု ပြောဆို ဝန်ခံသောကျောင်းသားများသည် စုံစမ်းနှောင့်ယှက်ခြင်းခံရသောအခါ တုန်လှုပ်ခြင်းမရှိ၊ ကောလိပ်ကျောင်း၌လည်းကောင်း၊ ဘော်ဒါကျောင်းဆောင်၌လည်းကောင်း၊ သို့မဟုတ် ရှိလေရာနေရာတိုင်း၌ ခရစ်တော်အဖို့ရပ်တည်နိုင်ရန် သူတို့၌ ကိုယ်ကိုကိုယ်ချုပ်တည်းခြင်းနှင့် ဘာသာရေးဆိုင်ရာကျင့်ဝတ်တရားများခွန်အားရှိသင့်ပေသည်။ ဘာသာတရားကို ခြုံထည်ကဲ့သို့ ဘုရားသခင်၏ အိမ်တော်၌ ခြုံထားရန်မဟုတ်ပေ။ ဘာသာရေးဆိုင်ရာကျင့်ဝတ်များသည် အသက်တာတစ်ခုလုံးကို သီးခြားထင်ရှားခြင်းဖြစ်စေရမည်။

## စာရိတ္တနှင့်အမူအရာ

အသက်တာစမ်းရေတွင်း၌ သောက်နေသောသူများသည် လောကီသားများကဲ့သို့ ပြောင်းလဲခြင်းနှင့်အပျော်အပါးလိုက်စားခြင်းများကို တောင့်တနေကြမည်မဟုတ်ပေ။ သူတို့၏ရုပ်ထွေးခြင်းများနှင့်ဝန်ထုပ်များကို ခရစ်တော်၏ခြေရင်း၌ နေ့စဉ်နေ့တိုင်းချထားခြင်းအားဖြင့် နားနေခြင်း၊ ငြိမ်သက်ခြင်းနှင့်ပျော်ရွှင်ခြင်းကို သူတို့၏အပြုအမူနှင့်စာရိတ္တများ၌ တွေ့မြင်ရသည်။ နားထောင်ခြင်းနှင့် ဝတ္တရား၏လမ်းပေါ်၌၊ ရောင့်ရဲခြင်းနှင့်ပျော်မွေ့ခြင်းရှိကြောင်းကို သူတို့ပြသကြလိမ့်မည်။ ထိုသို့သောလူငယ်များသည် ကျောင်းသား အချင်းချင်းအပေါ်၌ ဩဇာညောင်း၍၊ ကျောင်းတစ်ကျောင်းလုံးကို သိစေလိမ့် မည်။

ကျောင်းတစ်ကျောင်း၌ရှိသော စိတ်အားထက်သန်ခြင်း၊ ဖြောင့်မှန်ခြင်းနှင့် သစ္စာရှိသောလူငယ်တစ်ယောက်သည် အဖိုးမဖြတ်နိုင်သောဘဏ္ဍာဖြစ်သည်။ ကောင်းကင်ဘုံရှိ ကောင်းကင်တမန်များသည် သူ့အပေါ်သို့ချစ်ခင်စွာကြည့်ရှုကြ၍၊ ကောင်းကင်ဘုံ၏မှတ်တမ်းစာအုပ်ထဲ၌ သူ၏ဖြောင့်မတ်

သောအလုပ်တိုင်း၊ တားဆီးခဲ့သောစုံစမ်းနှောင့်ယှက်ခြင်းတိုင်းနှင့် အောင်မြင်ခဲ့သောမကောင်းမှုတိုင်းကို မှတ်တမ်းတင်ထားလျက်ရှိသည်။ လူငယ်သည် ထာဝရအသက်ကိုင်ဆွဲအံ့သောငှာ၊ ရောက်လာမည့်အချိန်အတွက် အလွန်ကောင်းသော အုတ်မြစ်ကိုချလျက်ရှိသည်။

ဘုရားသခင်၏အမှုတော်တိုးတက်ဖို့ရန် ဘုရားသခင်ဖွဲ့စည်းထားသောအဖွဲ့အစည်းကို စောင့်ထိန်းထားခြင်းနှင့်တည်မြဲခြင်းသည် ခရစ်ယာန်လူငယ်များအပေါ်၌ တာဝန်ရှိသည်။ အချိန်ကာလလိုက်၍ အလွန်အရေးကြီးသောအကျိုးဖြစ်ထွန်းခြင်းသည် လူတို့၏အမျိုးအစဉ်အဆက်ပေါ်၌ အမှီပြုနေသည်။ ဘုရားသခင်သည် သူတို့ကို ကိုယ်တော်၏တန်ဆာပလာအနေဖြင့် အသုံးပြုနိုင်ရန်နှင့် လူငယ်များသည် ဤကြီးကျယ်သောအလုပ်ကို အရည်အချင်း ပြည့်ဝစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အလွန်အရေးကြီးပေသည်။ သူတို့၏ အရှင်သည် သူတို့ကိုတောင်းဆိုလျက်ရှိရာ၊ အခြားအရာများထက်ပိုလေသည်။

## ကျောင်း၏ဆုံးမသွန်သင်ခြင်းတန်ဖိုး

ကမ္ဘာလောကကြီး၏ယခုခေတ်လူငယ်များတို့၏ရိုင်းစိုင်း၊ အမှုမထားတတ်သောစာရိတ္တသည် နှလုံးနာစရာကောင်းလှ၏။ ကျွန်ုပ်တို့၏အဖွဲ့အစည်းများတို့၏ဥပဒေတရားနှင့် နည်းလမ်းစီမံခြင်းအတိုင်း လိုက်နာဖို့ရန်နှင့်ပတ်သက်၍ လူငယ်များသည်တွေ့မြင်ပါက၊ အသင်းအဖွဲ့၌ သူတို့၏ရပ်တည်ခြင်းသည် တိုးတက်လာမည့်စာရိတ္တကိုမြှင့်တင်ပေမည်။ စိတ်ကိုမြင့်မြတ်စေမည်။ သူတို့၏ပျော်ရွှင်ခြင်းကိုလည်း တိုးတက်စေမည်။ သူတို့သည် မှန်ကန်သောစည်းကမ်းဥပဒေများနှင့် ကောင်းကျိုးဖြစ်စေတတ်သော တောင်းဆိုခြင်းများကို ပုန်ကန်ကြမည်မထင်၊ သို့မဟုတ် ဤအဖွဲ့အစည်းများ၏တစ်ဘက်၌ မယုံသင်္ကာရှိခြင်းနှင့် ဆန့်ကျင်ဘက်များကို ပြုလုပ်ကြလိမ့်မည်ဟု မထင်မြင်ပေ။

ကျွန်ုပ်တို့၏လူငယ်များသည် စွမ်းရည်သတ္တိ၊ သစ္စာရှိခြင်းဖြင့်သူတို့ထံမှတောင်းဆိုခြင်းများကို တွေ့ဆုံရမည်။ ဤအရာသည်၊ သူတို့အဖို့

အောင်မြင်ခြင်း၏အာမခံချက်ပင်ဖြစ်သည်။ လောကီနှင့်ဆိုင်သောဝတ္ထုရားများ၌ မည်သည့်အခါမျှ အောင်မြင်ခြင်းမရှိသောလူငယ်များသည် သာ၍မြင့်သော ဝတ္တရားများကိုဆောင်ရွက်ဖို့ရန် အသင့်ပြင်ဆင်ခြင်းရှိကြမည်မဟုတ်ပေ။ ဘာသာရေးဗဟုသုတကို တိုက်ခိုက်ခြင်းအားဖြင့်လည်းကောင်း၊ စိတ်ပျက်ခြင်း အားဖြင့်လည်းကောင်း၊ မိမိကိုယ်ကို ပြင်းထန်စွာစည်းကမ်းသတ်မှတ်ပေးခြင်း ဖြင့်လည်းကောင်း၊ စိတ်ထက်သန်စွာဆုတောင်းခြင်းဖြင့်လည်းကောင်း ရရှိ သည်။ ကောင်းကင်သို့သွားသောခြေလှမ်းသည် တစ်ကြိမ်လျှင်တစ်လှမ်းသာ ဖြစ်၍၊ ရှေ့သို့တက်သွားသောအလှမ်းတိုင်းသည် နောက်တစ်လှမ်းအဖို့ ခွန်အား ကိုပေးသည်။ Counsels to Teachers, Parents, and Students, pp. 98-100.

–o–

# ကျောင်း၏အခွင့်အရေးများ – ၅၃

ကျောင်းသားတို့၊ သင်တို့၏ဆရာများနှင့်အတူလုပ်ကိုင်ပါ။ သင်သည် ဤကဲ့သို့လုပ်ပါက၊ သူတို့အားမျှော်လင့်ခြင်းနှင့် ရဲရင့်ခြင်းကိုပေးလိမ့်မည်။ သင်သည် သူတို့ကိုမစနေ၍၊ တစ်ချိန်တည်းမှာပင် တိုးတက်ခြင်းရှိဖို့ရန် သင့်ကိုယ်ကိုမစနေသည်။ သင်၏ဆရာများသည် အခြေသာယာသောမြေပေါ်၌ ရပ်နေခြင်းရှိ၊ မရှိ၊ သူတို့၏အလုပ်သည် အောင်မြင်ခြင်းရှိ၊ မရှိ၊ ဤအခြေအနေသည် အထူးသဖြင့် သင့်အပေါ်၌တာဝန်ရှိသည်ကို သတိရပါ။ အမှန်ပြောရမည်ဆိုပါက၊ သင်တို့သည် သင်ကြားနေသောသူများဖြစ်ကြ၍ ဘုရားသခင်ကို ဆရာ၏နောက်ဘက်၌တွေ့မြင်ရသည်။ ဆရာသည် ကိုယ်တော်နှင့်အတူလုပ်ကိုင်နေသည်။

အလုပ်လုပ်ကိုင်ဖို့ရန်အတွက် သင်၏အခွင့်အရေးများသည် လျင်မြန်စွာကုန်လွန်လျက်သွားနေသည်။ သင်သည် မိမိကိုယ်ကို ဘဝင်ကျနေ၍ အချိန်အကုန်မခံပါနှင့်။ သင်သည် အောင်မြင်ဖို့ရန် စိတ်ထက်သန်စွာကြိုးစားမှသာလျှင်၊ မှန်သောပျော်ရွှင်ခြင်းကိုရရှိမည်။ သင်သည် ကျောင်း၌အချိန်ကုန်လွန်နေစဉ်တွင် သင့်အားပေးကမ်းခဲ့သောအခွင့်အရေးများသည် ဖိုးထိုက်တန်လှ၏။ သင့်၏ကျောင်းသားဘဝကို စုံလင်နိုင်သလောက်စုံလင်အောင်လုပ်ပါ။ သင်သည် ဤလမ်းကိုတစ်ကြိမ်သာဖြတ်ကျော်သွားရမည်။ သင်၏အလုပ်အကိုင်၌ အောင်မြင်ခြင်းရှိ၊ မရှိအဖြေသည် သင့်အပေါ်၌သာတည်သည်။ သင်သည် သမ္မာကျမ်းစာကိုသိကျွမ်းခြင်း၌ အောင်မြင်သည်အတိုင်းပေးကမ်းဖို့ရန် ဘဏ္ဍာကိုသင်သည် သိထားလျက်ရှိသည်။

## အခြားသူများကိုမစခြင်း

သင်၌ဉာဏ်ထိုင်းသောအဖော်ကျောင်းသားတစ်ယောက်ရှိခဲ့လျှင်၊ သူနားမလည်သောသင်ခန်းစာများကို သူ့အားရှင်းလင်းဖော်ပြပါ။ ဤကဲ့သို့

ပြုလုပ်ခြင်းသည် သင်၏နားလည်ခြင်းကို မစလိမ့်မည်။ ရိုးရိုးစကားလုံးများကိုသုံးစွဲပါ။ နားလည်ရန်ရှင်းလင်း၍ လွယ်ကူသောစကားဖြင့် သင်၏အကြံအစည်ကိုပြောပြပါ။

သင်၏အဖော်ကျောင်းသားကိုမစခြင်းအားဖြင့်၊ သင်၏ဆရာကိုမစနေသည်။ ရံဖန်ရံခါ စိတ်ထိုင်းမှိုင်းသောသူသည် ဆရာထက်ကျောင်းသားအချင်းချင်းထံမှ အကြံဉာဏ်ကို လျင်မြန်စွာရတတ်သည်။ ဤပူးပေါင်းဆောင်ရွက်ခြင်းကို သခင်ခရစ်တော်ထောက်ခံတော်မူသည်။ ဆရာကြီးသည် သင့်နံဘေး၌ရပ်၍၊ ဉာဏ်ထိုင်းသောသူကိုမစရန် သင့်ကိုမစနေသည်။

သင်သည် ကျောင်းသားဘဝ၌ ဆင်းရဲသောသူနှင့်မသိနားမလည်သောသူတို့အား ဘုရားသခင်၏အံ့ဩဖွယ်ရာကောင်းသော သမ္မာတရားများအကြောင်းကိုပြောဆိုဖို့ရန် အခွင့်အရေးရပေမည်။ ထိုကဲ့သို့သောအခွင့်အရေးများကို တိုးတက်အောင်ပြုလုပ်ပါ။ ဤနည်းဖြင့် အသုံးချသောအချိန်တိုင်းကို ဘုရားသခင်သည် ကောင်းချီးပေးလိမ့်မည်။ Testimonies for the Church, vol. 7, pp. 275, 276.

## မူလအခြေခံများကိုကုန်စင်အောင် သိကျွမ်းနားလည်ခြင်း

မည်သည့်အခါမျှ နိမ့်ကျသောအဆင့်အတန်း၌ စိတ်ကျေနပ်ခြင်းမရှိပါနှင့်။ ကျောင်းတက်ရာ၌ သင့်ရှေ့၌မြင့်မြတ်၊ သန့်ရှင်းသောအကြောင်းရင်းရှိပါစေ။ ဘုရားသခင်၏စပျစ်ဥယျာဉ်တစ်နေရာ၌ သင်သည်လုပ်ကိုင်ဆောင်ရွက်ဖို့ရန် ဆန္ဒရှိသောကြောင့် သွားရောက်ပါ။ ဤအရာကိုရရှိဖို့ရန် သင်တတ်နိုင်သရွေ့ဆောင်ရွက်ပါ။ အခြားသူတစ်စုံတစ်ယောက်သည် သင့်အဖို့လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သည်ထက် သင်ကိုယ်တိုင် သင့်အဖို့ပို၍လုပ်ကိုင်နိုင်သည်။ သင်သည် သင့်အဖို့တတ်နိုင်သရွေ့လုပ်ကိုင်ပြီးစီးသည်နောက်၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာများတို့၏ဝန်ကို သင်သည် မည်မျှလောက်ချိမပေးခဲ့ပြီနည်း။

သင်သည် စာပေနှင့်စပ်ဆိုင်ရာအသိပညာ၌ မြင့်မားသောအပိုင်းများကို လေ့ကျက်ဖို့ရန် ကြိုးစားခြင်းမပြုမီ၊ အင်္ဂလိပ်သဒ္ဒါရိုးရိုးကို သင်သည် ကောင်းမွန်စွာနားလည်ရပေမည်။ အင်္ဂလိပ်စာကိုဖတ်ခြင်း၊ ရေးခြင်းနှင့်စာလုံးပေါင်းမှန်ကန်ခြင်းရှိဖို့ရန် သင်ကြားထားပါ။

အနာဂတ်အသက်တာ၌ ကိုယ်အဖို့အသုံးချ၍မရသောအရာများကို အချိန်ကုန်ခံ၍ မသင်ကြားပါနှင့်။ စံတင်လောက်သောစာပေများ၌ အသိဉာဏ်ကိုတိုးတက်စေမည့်အစား၊ ပထမဦးဆုံး အင်္ဂလိပ်စာကိုမှန်ကန်စွာပြောဆိုနိုင်ဖို့ရန် ကြိုးစားပါ။ စာရင်းအင်းတွက်ချက်နည်းကို သင်ကြားပါ။ သင်ရှိသောနေရာတိုင်း၌ သင့်ကိုမစခြင်းပေးနိုင်သော အသုံးဝင်သည့်ပညာတစ်ခုကို သင်ကြားပါ။ Counsels to Teachers, Parents,  and Students, pp. 218-219.

–၀–

# အမှုတော်ဆောင်ရွက်ဖို့ရန် လေ့ကျင့်ခြင်း – ၅၄

ဘုရားသခင်ပေးတော်မူသောအလင်းကို စဉ်းစားဆင်ခြင်ခြင်းဖြင့်၊ "သခင်၊ အကျွန်ုပ်သည်အဘယ်သို့ပြုရပါမည်နည်း" ဟု မေးမြန်းသော ယောကျ်ားကလေးများနှင့် မိန်းကလေးများရာချီ၍မရှိသည်မှာ အံ့ဩစရာပင် ဖြစ်သည်။ လူငယ်တစ်ဦးတစ်ယောက်သည် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ဖို့ရန် ဆုံးဖြတ်ချက်မရှိခဲ့လျှင်၊ ဘုရားသခင်၏အလုပ်အကိုင်၌ သူ့ကိုနေရာချပေးဖို့ရန်၊ အထူးလုပ်ဆောင်ပေးဖို့ရန်မလိုဟူသော ယူဆချက်သည် ဘေးအန္တရာယ်ရှိသော အမှားတစ်ခုပင်ဖြစ်သည်။ သင်သည် မည်သည့် အလုပ်အကိုင်မျိုးကိုမဆို လုပ်ကိုင်နေစေကာမူ၊ သင်၏အစွမ်းသတ္တိများကို လုံ့လစိုက်ထုတ်၍သင်ကြားခြင်းဖြင့် တိုးတက်စေနိုင်သည်။

နည်းလမ်းကျအောင်လိုက်နာခြင်းနှင့် သိမြင်နားလည်ခြင်းရှိဖို့ရန်၊ ကောင်းကင်မှချပေးသော ကောင်းချီမင်္ဂလာများနှင့်အခွင့်အရေးများကို နှစ်သက် မြတ်နိုးခြင်းရှိရန်၊ လူငယ်ယောကျ်ားကလေးများနှင့်မိန်းကလေးများအား တိုက်တွန်းခြင်းပြုရမည်။ အကောင်းဆုံးသောအသိပညာကိုပေးဖို့ရန် ရည်ရွယ် ချက်ဖြင့်၊ ဖွင့်လှစ်တည်ထောင်ထားသောကျောင်းများ၌ အခွင့်အရေးယူသင့် ကြသည်။ ပညာကိုဆည်းပူးရာ၌၊ ပျင်းရိခြင်းနှင့်ဂရုမစိုက်ဘဲနေပါက အပြစ် ပင်ဖြစ်သည်။ အချိန်သည်တိုတောင်းလှ၏။ သို့ဖြစ်၍၊ သခင်ဘုရားသည် များမကြာမီကြွလာတော်မူ၍၊ ကမ္ဘာမြေကြီး၏ရာဇဝင်မြင်ကွင်းများကိုပိတ်မည် ဖြစ်၍၊ လက်ရှိအခွင့်အရေးများနှင့် အခွင့်ကောင်းကိုတိုးတက်ခြင်းပြုလုပ်ဖို့ရန် သာ၍လိုအပ်ပေသည်။

## စွမ်းရည်သတ္တိကိုဘုရားသခင်အားဆက်ကပ်ပါ

အသိပညာနှင့်နည်းကျအောင်လိုက်နာခြင်းရနိုင်သည့် လမ်းကြောင်း ဖြစ်သော ကျွန်ုပ်တို့၏ကျောင်းများ၌ လူငယ်ယောကျ်ားကလေးများနှင့်

မိန်းကလေးများသည် မိမိတို့အတွက်နေရာယူသင့်သည်။ ဆိုးညစ်သောသူ တို့၏မှားယွင်းခြင်းများဖြင့် လိုက်ပါမသွားဖို့ရန်၊ မှားယွင်းသောဩဝါဒစကား များ၏ဘေးအန္တရာယ်မှတားဆီး၍ ဝီရိယရှိသောသမ္မာကျမ်းစာသင်သားများ ဖြစ်လာဖို့ရန်၊ သူတို့သည် သူတို့၏ခွန်အားသတ္တိကို ဘုရားသခင်အား ဆက်ကပ်သင့်ပေသည်။ တစ်နည်းကား သမ္မာကျမ်းစာကို ဝီရိယဖြင့်ရှာဖွေ ခြင်းအားဖြင့် သမ္မာတရား၏အသိဉာဏ်ကို ကျွန်ုပ်တို့ရရှိကြသည်။ ကျွန်ုပ် တို့သိပြီးသားဖြစ်သော သမ္မာတရားကိုလေ့ကျင့်ခြင်းဖြင့်၊ သန့်ရှင်းသောသမ္မာ ကျမ်းစာမှ ပိုမိုသောအလင်းသည် ကျွန်ုပ်တို့အပေါ်၌ ထွန်းလင်းလိမ့်မည်။

ဘုရားသခင်အား ဇကန်အမှန်ဆက်ကပ်ထားသောသူတို့သည် လောက၏ကုန်ကူးသန်းရောင်းဝယ်သောသူတို့၌ရှိသောစိတ်မျိုးဖြင့် အလုပ်ကို ဝင်ရောက်လုပ်ကိုင်ကြမည်မဟုတ်ပေ။ သူတို့သည် နေ့တိုင်းစားသောက်မှု အတွက်လောက်ကိုသာ ကြည့်ရှုကြသည်။ သို့သော်လည်း ဘုရားသခင်၏ အမှုတော်ကို ဆောင်ရွက်သောသူတို့သည် လောက၏ချုပ်ချယ်ခြင်းကိုမခံကြဘဲ၊ ဘုရားသခင်၏အမှုတော်သည် သန့်ရှင်းခြင်းရှိသည်ဟူသောခံယူချက်ဖြင့် အလုပ်ခွင်သို့ဝင်ရောက်ကြလိမ့်မည်။

## အနာဂတ်အချိန်၏အမှတ်တမဲ့အဖြစ်အပျက်အတွက် ပြင်ဆင်ခြင်း

ကမ္ဘာကြီးကိုသတိပေးရမည်။ သို့ဖြစ်၍ မည်သည့်အသက်ဝိညာဉ်မျှ သမ္မာတရားနှင့်စပ်ဆိုင်၍ အပေါ်ယံအသိဉာဏ်ဖြင့် ကျေနပ်နေ၍မဖြစ်ပေ။ သင်သည် မည်သည့်တာဝန်ဝတ္တရားကိုဆောင်ရွက်ရန် အခေါ်ခံရမည်ကိုမသိ ပေ။ သမ္မာတရားအကြောင်းကို သင်သည်သက်သေခံရန် မည်သည့်နေရာသို့ အခေါ်ခံရမည်ကိုလည်း သင်သိမည်မဟုတ်ပေ။ မိမိတို့၏ယုံကြည်ခြင်းအတွက် သက်သေခံဖို့ရန် အများသောသူတို့သည် တရားဥပဒေရုံးရှေ့သို့ ရောက်ကြ လိမ့်မည်။ အချို့တို့သည် အစိုးရမင်းများရှေ့၌လည်းကောင်း၊ အချို့တို့သည် ပညာရှိများရှေ့၌လည်းကောင်း ရပ်ရကြမည်။

သမ္မာကျမ်းစာကို အပေါ်ယံလောက်သာသိသောသူတို့သည် သမ္မာကျမ်းစာ၏အဓိပ္ပါယ်များကို ရှင်းလင်းပြတ်သားစွာ ဖော်ပြနိုင်ကြမည်မဟုတ်။ သူတို့၏ယုံကြည်ခြင်းကိုလည်း အကျိုးအကြောင်းဆီလျော်အောင် ပြောပြနိုင်ကြမည်မဟုတ်ပေ။ သူတို့၌ရှုပ်ထွေးခြင်းဖြစ်လာ၍၊ ရှက်ကြောက်ဖွယ်ရာနှင့်ကင်းသော လုပ်သားကောင်းဖြစ်မည်မဟုတ်။ မိမိသည် သန့်ရှင်းသောပလ္လင်မှနေ၍ ဟောပြောရန်မလိုသောကြောင့်၊ ကျမ်းစာကိုလေ့လာဖို့ရန်လည်း လိုမည်မဟုတ်ဟု မည်သူမျှထင်မြင်ခြင်းမရှိကြစေလို။ ဘုရားသခင်သည် သင့်ထံမှမည်သည့်အရာတောင်းဆိုမည်ကို သင်မသိပေ။

မိမိတို့ကိုယ်ကို ယုံကြည်စိတ်ချရသောရာထူး၌ ထိုက်တန်စွာထားသော ပညာရှိအလုပ်သမားများ ရှားပါးနေသောကြောင့်၊ ဘုရားသခင်၏အမှုတော်ရှေ့သို့တိုးတက်ခြင်း၌၊ နှောင့်နှေးနေခြင်းသည် ဝမ်းနည်းဖွယ်ရာကောင်းလှသောအချက်ပင်ဖြစ်သည်။ ဘုရားသခင်သည် ကိုယ်တော်၏ကြီးကျယ်သောလယ်၌ အလုပ်လုပ်သောသူများကို ထောင်ချီ၍လက်ခံလိမ့်မည်။ သို့သော်လည်း အများသောသူတို့သည် အလုပ်အတွက် မိမိတို့ကိုယ်ကိုထိုက်တန်အောင်မပြုလုပ်နိုင်ကြပေ။ ခရစ်တော်၏အမှုတော်ကို ထောက်ခံကူညီသောသူတို့သည် မိမိကိုယ်ကိုစစ်သားအနေဖြင့် ကိုယ်တော်၏စစ်တပ်၌အမှုထမ်းရန်ဝင်ရောက်သောအခါ၊ မိမိကိုယ်ကိုသစ္စာရှိသောလေ့ကျင့်ခြင်းရရှိနိုင်သော နေရာ၌ရှိစေရမည်။ ခရစ်တော်၏နောက်တော်သို့လိုက်သောသူတို့အဖို့ ဘာသာတရားသည် အဓိပ္ပါယ်မရှိသလောက်ဖြစ်နေသည်။ ဉာဏ်အမြော်အမြင်နှင့်အသိပညာကို လက်လှမ်းမီသောနေရာ၌ထားသောကြောင့်မည်သူတစ်ဦးတစ်ယောက်မျှမသိမမြင်ဘဲနေဖို့ရန် ဘုရားသခင်အလိုတော်မရှိပေ။ Fundamentals of Christian Education, pp. 216, 217.

## မှန်ကန်သောကျင့်ဝတ်များဖြင့်အလေးညီအောင်ထားခြင်း

အလွန်ဉာဏ်ရှင်သောလူငယ်သည် အစဉ်သဖြင့်၊ အကြီးဆုံးသောအောင်မြင်ခြင်းကိုရသည် ဟူသောစကားသည် မမှန်ကန်ပေ။ အစွမ်းသတ္တိ၊

ပညာနှင့်ပြည့်စုံသောသူများကို ယုံကြည်စိတ်ချရသောရာထူးများ၌ ခန့်အပ်ထားသော်လည်း ဆုံးရှုံးခြင်းနှင့်မည်မျှတွေ့ဆုံခဲ့ရသနည်း။ သူတို့၏အရောင်တောက်ပခြင်း၌ ရွှေရောင်ကဲ့သို့ထင်မြင်ရသည်။ သို့သော်လည်း ၎င်းကိုစမ်းသပ်လိုက်သောအခါ အပေါ်ယံ၌ပြောင်လက်သောအရာနှင့် အချေးအညော်သာဖြစ်ကြောင်း တွေ့ရှိရသည်။ သူတို့သည် သစ္စာမဲ့ခြင်းကြောင့် သူတို့၏အလုပ်အကိုင်၌ ဆုံးရှုံးကြသည်။ သူတို့၌ လုံ့လမရှိ၊ ဇွဲမရှိ၊ အရာခပ်သိမ်းတို့၏အခြေခံပင်ရင်းသို့တိုင်အောင် မကြည့်ရှုကြပေ။ သူတို့သည် လှေကား၏အောက်ဆုံးအဆင့်မှ အစမပြုလိုကြပေ။ ထိပ်ဆုံးသို့ရောက်သည့်တိုင်အောင်သည်းခံ၍ တစ်ထစ်ပြီးနောက်တစ်ထစ် မတက်လိုကြပေ။ သူတို့ညှိထွန်းလိုက်သောမီးပွားနှင့်တူသည့် တောက်ပြောင်သောအထင်အမြင်များ၌ လမ်းလျှောက်နေကြသည်။ ဘုရားသခင်တစ်ပါးတည်းသာပေးနိုင်သော အသိ ဥာဏ်အပေါ်၌အားကိုးခြင်းမရှိပေ။ သူတို့၏ဆုံးရှုံးခြင်းသည် သူတို့၌အခွင့် မရသောကြောင့်မဟုတ်ပေ။ အကြောင်းမှာ သူတို့၌ စိတ်သဘောတည်ကြည် ခြင်းမရှိသောကြောင့်ဖြစ်သည်။ သူတို့၏ပညာရေးအကျိုးကျေးဇူးများသည် သူတို့အဖို့တန်ဖိုးရှိသည်ဟု သူတို့မထင်မြင်ကြပေ။ သို့ဖြစ်၍ အသိပညာနှင့်၊ သိပ္ပံပညာများတွင်သူတို့သည် တိုးတက်သင့်သလောက် တိုးတက်ခြင်းမရှိ ကြပေ။ သူတို့၏စိတ်နှင့်စာရိတ္တသည် မှန်ကန်သည့်မြင့်မားသောကျင့်ဝတ် တရားများအားဖြင့် အလေးညီမျှထားခြင်းမရှိပေ။ Fundamentals of Christian Education, p. 193.

-o-

# တိုးတက်ခြင်းအတွက်ရမှက်ရှိခြင်း – ၅၅

မိမိကိုယ်နှင့်ဆိုင်သော ဩဇာတိက္ကမအတွက်၊ ဘုရားသခင်အားထုချေ ရှင်းလင်းရန်ရှိကြောင်းကို တစ်ဦးစီတစ်ဦးစီသိရှိခဲ့လျှင်၊ သူသည် ဘယ်နည်း နှင့်မျှ ပျင်းရိသောသူဖြစ်မည်မဟုတ်၊ သူ့ကို မိမိ၏အသွေးတော်ဖြင့်ဝယ်ယူ ခဲ့သောသူကိုအစေခံနိုင်ရန် သူ၏ခွန်အားသတ္တိကို ပျိုးထောင်ပြုစု၍ သူ၏တန် ခိုးရှိသမျှကို လေ့ကျင့်ပေးမည်။

သူတို့အဖို့ မိမိ၏အဖိုးထိုက်တန်သောအသက်တော်ကို စွန့်တော်မူ သောသူအား လက်ခံနိုင်သောအစေခံခြင်းကို ပေးနိုင်အံ့သောငှာ၊ လူငယ်များ သည် သူတို့၏စိတ်ဝိညာဉ်များကိုလေ့ကျင့်၍ သိမြင်နားလည်ခြင်းရှိရန် အခွင့် အရေးတိုင်းကိုယူရမည်ဟု သက်ဝင်ခြင်းရှိသင့်သည်။ မိမိတို့သည် ပညာနှင့်အ လွန်ပြည့်စုံကြပြီဖြစ်၍၊ စာအုပ်များနှင့်သဘာဝကို လေ့လာဖို့ရန်မလိုတော့ဟု ထင်မြင်ခြင်းဖြင့် အမှားကိုမပြုလုပ်ကြစေလို။ ဖော်ပြထားသောအရာ၊ သို့မဟုတ် သိပ္ပံပညာ၌ တတ်နိုင်သရွေ့အားလုံးဆည်းပူးနိုင်ရန် ဘုရားသခင်၏ ကျေးဇူး ပြုခြင်းကိုခံရသည်အတိုင်း၊ လူတိုင်းအခွင့်အရေးတိုင်းကို တိုးတက် အောင်ပြု လုပ်ကြစေ။

ကျွန်ုပ်တို့အား ဘုရားသခင်ပေးထားသော တန်ခိုးများအပေါ်၌ ကျွန်ုပ်တို့သည် မှန်ကန်သောခန့်မှန်းချက်ကိုထားရန် သင်ကြားရမည်။ လူငယ် သည် လှေကား၏အောက်ဆုံးအထစ်မှ အစပြုရမည်ဆိုပါက၊ သူ၌စိတ်ပျက် ရန်အကြောင်းမရှိပေ။ သူ့အား၊ အမြင့်သို့ရောက်အောင်တက်ခဲ့ပါဟု ခရစ်တော် ခေါ်သောအသံကိုကြားရသည်တိုင်အောင်၊ လှေကားကိုတစ်ထစ်ပြီးနောက် တစ်ထစ်တက်သွားရန် စိတ်ပြဋ္ဌာန်းပါ။ "သာဓုသစ္စာရှိသောငယ်သားကောင်း၊ သင်သည် ငယ်သောအရာ၌သစ္စာရှိလေပြီ။ အရာခပ်သိမ်းကိုအုပ်စိုးရန် သင့် အားငါခန့်ထားပြီ။ သင်၏သခင်စည်းစိမ်သို့ဝင်စားလော့" ဟု မိန့်တော်မူ သည်။ Fundamentals of Christian Education, p. 213.

–o–

# မှန်သောဉာဏ်အမြော်အမြင် – ၅၆

ငယ်ရွယ်သောယောကျ်ားကလေးများနှင့်မိန်းကလေးများသည် ကမ္ဘာမြေကြီးနှင့်ဆိုင်သော အမြင့်ဆုံးပညာကို ရရှိနိုင်ကြသည်။ သို့တစေလည်း ဘုရားသခင်နိုင်ငံတော်၏တိုင်းသူပြည်သားများဖြစ်ဖို့ရန်၊ ပထမဦးဆုံးကျင့်ဝတ်များကို မသိမမှတ်ဘဲနေကြလိမ့်မည်။ လူသားတို့နှင့်ဆိုင်သောပညာသည် တစ်ဦးတစ်ယောက်ကို ကောင်းကင်နိုင်ငံတော်သို့ရောက်ဖို့ရန် အရည်အချင်းရှိစေမည်မဟုတ်။ ခရစ်တော်၏နိုင်ငံသားများသည် ထုံးနည်း၊ အခမ်းအနားများဖြင့် ပြုလုပ်ထားသည်မဟုတ်။ သို့မဟုတ် အချိန်ကြာမြင့်စွာ စာအုပ်များကိုလေ့ကျက်ခြင်းအားဖြင့်လည်းမဟုတ်ပေ။ "ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုလည်းကောင်း၊ သိကျွမ်းခြင်းတည်း။"

## သမ္မာကျမ်းစာနှင့်လောကဓာတ်ပညာ

ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းစာများကို နေ့စဉ်နေ့တိုင်း လေ့ကျက်ဖို့ရန်လိုအပ်သည်။ ကိုယ်တော်၏နည်းလမ်းများကို လုပ်ဆောင်တော်မူခြင်းများကို အစဉ်မပြတ်သင်ကြားနေသော စာသင်သားထံသို့ ဘုရားသခင်ကို သိကျွမ်းခြင်းနှင့် ဉာဏ်အမြော်အမြင်သည် ရောက်ရှိလျက်နေသည်။ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အဖို့ အလင်းနှင့်ပညာပေးသောစာအုပ်ဖြစ်ရမည်။ သစ်ပင်မြက်ပင်များ သန်စွမ်းကြီးပွားဖို့ရန် ဘုရားသခင်သည် ကောင်းကင်မှ နှင်း၊ မိုးရေနှင့်နေရောင်ခြည်ကို စေလွှတ်တော်မူကြောင်းကို လူငယ်သည် သင်ကြား၍ ယုံကြည်သောအခါ၊ ကောင်းချီးမင်္ဂလာအားလုံးသည် ကိုယ်တော်အထံတော်မှလာကြောင်းကို သူတို့မှချတွေ့မြင်သောအခါ၊ ကျေးဇူးတင်စကားပြောခြင်းနှင့် ချီးမွမ်းခြင်းစကားများကို ကိုယ်တော်သည်ခံထိုက်ကြောင်း သိမြင်သောအခါ၊ သူတို့သည် သူတို့လုပ်ကိုင်နေသောအရာခပ်သိမ်း၌ ဘုရားသခင်

ရှေ့ဆောင်နေကြောင်းကို အသိအမှတ်ပြုကြ၍ သူတို့နေ့စဉ်နေ့တိုင်းလုပ်ကိုင် ဆောင်ရွက်နေသည့်ဝတ္တရားများ၌ သစ္စာရှိစွာဖြင့်လုပ်ကိုင်ကြမည်။ ဘုရားသခင် သည် သူတို့၏အကြံအစည်အားလုံး၌ရှိလိမ့်မည်။

လူငယ်အများတို့သည် လောကဓာတ်ပညာအကြောင်းနှင့်စပ်ဆိုင်၍ ပြောဆိုသောအခါ၊ ရေးသားထားသည်ထက် ပညာရှိနေကြသည်။ ဘုရားသခင် ၏နည်းလမ်းများနှင့် ဆောင်ရွက်တော်မူခြင်းအကြောင်းများကို အဓိပ္ပါယ်ဖော်ပြ ရာ၌ သူတို့၏ကန့်သတ်ထားသောဉာဏ်ကလေးဖြင့် ပြောဆိုတတ်ကြသည်။ သို့သော်လည်း စိတ်ဆင်းရဲလောက်အောင် အထမမြောက်ကြပေ။ မှန်ကန်သော လောကဓာတ်ပညာနှင့် ဝိညာဉ်တော်မှုတ်သွင်းခံရခြင်းသည် စုံလင်စွာညီညွတ် လျက်ရှိသည်။ မမှန်သောလောကဓာတ်ပညာသည် ဘုရားသခင် အပေါ်၌ အမှီပြုခြင်းမရှိပေ။ ၎င်းသည် အယောင်ဆောင်သော မသိမမြင်ခြင်းဖြစ်သည်။

အသိပညာကိုရှာဖွေရာ၌ အကြီးဆုံးသောမကောင်းမှုသည် လောကဓာတ်ပညာကို စူးစမ်းရှာဖွေခြင်းပင်ဖြစ်သည်။ ဤအရာ၌ သုတေသန လုပ်သောသူများသည် ဘုရားပကတိစာရိတ္တရှိ၍ စင်ကြယ်ခြင်း၊ ယုတ်ညံ့ သောအရာနှင့် ရောနှောခြင်းကင်းသောဘာသာတရားကို မျက်ခြည်ပြတ်သွား တတ်ကြလေသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် စိတ်နှလုံးအပေါ်၌ ဩဇာသက်ရောက်ခြင်းရှိပုံကို လောကပညာရှိများသည် လောကဓာတ်ပညာ နှင့်ဆိုင်သော စည်းကမ်းများဖြင့်ဖော်ပြရန် ကြိုးစားကြသည်။ ဤအညွှန်းဘက် သို့ အနည်းငယ်မျှတိုးတက်လာသည်နှင့်အမျှ စိတ်ဝိညာဉ်ကို ယုံမှားသံသယ ရှိခြင်း၊ ရှုပ်ထွေးခြင်းထဲသို့ ရောက်ရှိသွားလိမ့်မည်။ သမ္မာကျမ်းစာ၌ရှိသော ဘာသာတရားသည် ဘုရားဘက်၌မွေ့လျော်ခြင်း၏နက်နဲရာသာဖြစ်ပေသည်။ မည်သည့်စိတ်ဝိညာဉ်မျှ ပြည့်စုံစွာနားမလည်နိုင်ပေ။ အသစ်မွေးဖွားခြင်းမခံရ သောစိတ်နှလုံးအဖို့ လုံးဝမသိမြင်နိုင်ပေ။

## ဘုရားသခင်သွန်သင်ထားခြင်း

ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ဖို့ရန် မိမိတို့ကိုယ်ကိုဆက်ကပ်ထားခြင်းဖြင့် လူငယ်များသည် စိတ်ခွန်အားနည်းခြင်း (သို့မဟုတ်) အရည်အချင်း နည်းပါးသွားလိမ့်မည်မဟုတ်ပေ။ အများသောသူတို့အဖို့ ပညာသည် စာအုပ် များအကြောင်းကို နားလည်ခြင်းဖြစ်သည်။ သို့သော်လည်း "ဘုရားသခင်ကို ကြောက်ရွံ့ခြင်းသဘောသည် ပညာ၏အချုပ်အချာဖြစ်၏။" ဘုရားသခင်ကို ချစ်၍ကြောက်ရွံ့သော အငယ်ဆုံးကလေးသည် ကိုယ်တော်၏ရှေ့တော်၌၊ မိမိကယ်တင်ခြင်းရရှိဖို့အတွက် ပေါ့ဆသောပညာရှိ၊ အစွမ်းသတ္တိရှိသောသူထက် သာ၍ကြီးသည်။ သူတို့၏စိတ်နှလုံးနှင့်အသက်တာများကို ဘုရားသခင်အားဆက်ကပ်သောလူငယ်များသည် မိမိတို့ကိုယ်ကို ဉာဏ်ပညာနှင့်အကောင်းဆုံးသောအသက်စမ်းရေတွင်းနှင့် ဆက်သွယ်ထားသောသူများဖြစ်ကြသည်။

ဒံယေလကဲ့သို့လူငယ်သည် ကောင်းကင်ဘုံဆရာအကြောင်းသင်ကြားခဲ့လျှင် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသဘောသည် ပညာ၏အချုပ်အချာပင်ဖြစ်ကြောင်း မိမိတို့ကိုယ်တိုင်သိကြမည်။ ဤနည်းဖြင့် စိတ်ချရသောအုတ်မြစ်ကိုချပြီးနောက် သူတို့သည်ဒံယေလကဲ့သို့ အခွင့်အရေးတိုင်းနှင့်အခွင့်ကောင်းများကို အကောင်းဆုံးစာရင်းပြု၍ သိမှတ်တတ်သောသတ္တိရရှိခြင်း၌ အလိုရှိရာအမြင့်သို့ရောက်ရှိနိုင်ဖို့ဖြစ်သည်။ ဘုရားသခင်ကိုဆက်ကပ်ထား၍၊ ကိုယ်တော်၏ကျေးဇူးတော်ဖြင့် စောင့်ရှောက်ခံရခြင်းနှင့် ကိုယ်တော်၏သန့်ရှင်းသောဝိညာဉ်တော်၏နှိုးဆော်သော သြဇာတန်ခိုးဖြင့်၊ သူတို့သည် သာမန်လောကီသားများထက် သာ၍နက်သောအသိဉာဏ်တန်ခိုးကို ဖော်ပြကြမည်။

လောကဓာတ်ပညာကို လူတို့ပြန်ဆိုထားသောအနက်အဓိပ္ပါယ်ဖြင့် သင်ကြားမှတ်ယူရခြင်းသည် မှားယွင်းသောပညာကိုဆည်းပူးခြင်းဖြစ်သည်။ ဘုရားသခင်၏အကြောင်းနှင့် ကိုယ်တော်စေလွှတ်လိုက်သော သခင်ခရစ်တော်

အကြောင်းကို သင်ကြားခြင်းသည် သမ္မာကျမ်းစာ၏လောကဓာတ်ပညာကို သင်ကြားခြင်းဖြစ်သည်။ စိတ်နှလုံးစင်ကြယ်သောသူတို့သည် ဘုရားသခင်ကို စီမံခန့်ခွဲရာတိုင်း၌လည်းကောင်း၊ မှန်သောပညာရပ်၌လည်းကောင်း တွေ့မြင်နိုင်သည်။ ဘုရားသခင်၏ပလ္လင်တော်မှ လွတ်လိုက်သောရောင်ခြည်နီးကပ်လာသည်ကို ပထမဦးဆုံးမှတ်မိကြသည်။ ဝိညာဉ်ရေးအသိပညာရောင်ခြည်ကို ပထမဦးဆုံးဖမ်းယူမည့်သူတို့နှင့် ကောင်းကင်မှဆက်သွယ်ခြင်းများကို လုပ်သည်။

ကျွန်ုပ်တို့၏ကျောင်း၌ရှိကြသောကျောင်းသားများသည် ဘုရားသခင်ရှိသည်ဟု သဘောထားကြရမည်။ သမ္မာကျမ်းစာကိုရှာဖွေခြင်းအားဖြင့် ဤအသိပညာကို ရရှိနိုင်သည်။ "အကြောင်းမူကား၊ ဆုံးရှုံးခြင်းသို့ရောက်သောသူတို့၌ လက်ဝါးကပ်တိုင်တော်တရားသည် မိုက်သောတရားဖြစ်၏။ ကယ်တင်ခြင်းသို့ရောက်သောငါတို့၌ ထိုတရားသည် ဘုရားသခင်၏တရားတော်ဖြစ်၏။ ကျမ်းစာလာသည်ကား၊ ပညာရှိတို့၏ပညာကို ငါဖျက်ဆီးမည်။ ဉာဏ်ကောင်းသောသူတို့၏ဉာဏ်ကိုလည်း ငါပယ်မည်" ဟု လာသတည်း။ ဘုရားသခင်၏မိုက်မဲခြင်းအရာသည် လူတို့၏ပညာထက် သာ၍ပညာရှိ၏။ ဘုရားသခင်၏အားနည်းခြင်းအရာသည် လူတို့၏အစွမ်း ထက်သာ၍အစွမ်းရှိ၏။ ထိုဘုရားသခင်အားဖြင့် သင်တို့သည် ယေရှုခရစ်၌တည်နေကြ၏။ ထိုသခင်မူကား၊ ဘုရားသခင်စီရင်တော်မူသည့် အတိုင်း ငါတို့၌ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနုတ်ခြင်း ဖြစ်တော်မူ၏။ သို့ဖြစ်၍၊ ကျမ်းစာလာသည်နှင့်အညီ၊ ဝါကြွားသောသူမည်သည် ကား ထာဝရဘုရား၌သာဝါကြွားစေ။"

The Youth's Instructor, Nov. 24, 1903.

—ဝ—

# မြင့်မားသောအဆင့်အတန်းကို ထားခြင်း – ၅၇

ကိုယ်တော်၏အမှုတော်အတွက် ပြင်ဆင်ခြင်းအလို့ငှာ အခွင့်ကောင်းတိုင်းကို ကျွန်ုပ်တို့အသုံးချဖို့ရန် ဘုရားသခင်အလိုတော်ရှိသည်။ လုပ်ကိုင်ရာ၌ ကျွန်ုပ်တို့၏ခွန်အားရှိသမျှဖြင့် လုပ်ကိုင်ဖို့ရန် ကိုယ်တော်မျှော်လင့်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည်လည်း အလုပ်အကိုင်၏သန့်ရှင်းခြင်းနှင့်ကြောက်မက်ဖွယ်ရာကောင်းသောတာဝန်များကို သတိပြုခြင်းရှိရမည်။

အကောင်းဆုံးအလုပ်ကို လုပ်ကိုင်ပေးနိုင်သည့် အရည်အချင်းရှိသောလူအများတို့သည် အနည်းငယ်လောက်သာ အောင်မြင်ကြသည်။ အကြောင်းမှာ သူတို့သည် အနည်းငယ်လောက်သာကြိုးစားအားထုတ်ကြသည်။ ထောင်ပေါင်းများစွာသောသူတို့သည် သူတို့၏အသက်တာ၌ ရည်ရွယ်ချက်မရှိ၊ မြင့်မားသောအဆင့်အတန်းသို့ ရောက်ရှိဖို့ရန်လည်းမရှိသောအနေဖြင့် နေထိုင်လျက်ရှိကြသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ သူတို့ကိုယ်ကိုသူတို့ အထင်အမြင်သေးသောကြောင့်ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ မဆုံးဖြတ်နိုင် သောအဖိုးကို ပေးခဲ့သည်။ ကိုယ်တော်ပေးခဲ့သည်အတိုင်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်ကိုတန်ဖိုးထားရန် ကိုယ်တော်အလိုရှိသည်။

နိမ့်ကျသောအဆင့်အတန်းရောက်နေသောနေရာ၌ စိတ်ကျေနပ်ခြင်းမရှိပါနှင့်။ ကျွန်ုပ်တို့ဖြစ်ရမည့်နေရာ၌ ကျွန်ုပ်တို့မဖြစ်ကြ။ သို့မဟုတ်၊ ဘုရားသခင်၏အလိုဆန္ဒအတိုင်း ကျွန်ုပ်တို့ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား စဉ်းစားဆင်ခြင်တတ်သောတန်ခိုးများကိုပေးထားရာ၊ မလှုပ်မရှားဘဲနေဖို့ရန်မဟုတ်။ မြေကြီးနှင့်ဆိုင်သောအရာများနှင့် မှောက်မှား၍ ယုတ်ညံ့သောအရာများနောက်သို့မလိုက်ဘဲ၊ သူတို့သည် အစွမ်းကုန်ကြီးပွားခြင်း၊ သိမ်မွေ့ခြင်း၊ သန့်ရှင်းခြင်း၊ မြင့်မြတ်ခြင်းဖြစ်လာ၍၊ ကိုယ်တော်၏နိုင်ငံတော်တိုးတက်စေဖို့ရန်၌ အသုံးပြုရကြမည်။

## တစ်ဦးတစ်ယောက်နှင့်စပ်ဆိုင်သောအခြင်းအရာကို တည်မြဲစေခြင်း

အခြားသောသူတစ်ယောက်၏စိတ်သဘောအတိုင်း စက်ကဲ့သို့အသုံးပြုစေဖို့ရန် မည်သူမျှသဘောတူခြင်းမရှိရပေ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား စဉ်းစား၍လုပ်ကိုင်ဖို့ရန် အစွမ်းသတ္တိပေးထားသည်။ ဉာဏ်အမြော်အမြင်ကို ကိုယ်တော်ထံမှရရှိဖို့ရန်မျှော်ကြည့်၍ သေချာစွာလုပ်ကိုင်ခြင်းဖြင့်၊ သင်သည် ဝန်ထုပ်များကိုထမ်းဆောင်ဖို့ရန် တတ်နိုင်လာလိမ့်မည်။ သင့်အားဘုရားသခင်ပေးသော တစ်ဦးတစ်ယောက်နှင့်စပ်ဆိုင်သည့် အခြင်းအရာ၌ရပ်တည်လော့။ အခြားသူတစ်ယောက်၏အရိပ်မဖြစ်ပါနှင့်။ ဘုရားသခင်သည်သင်၌၊ သင့်အားဖြင့် သင်မှလုပ်ဆောင်တော်မူမည်ကို မျှော်လင့်ပါ။

သင်သည် တတ်မြောက်ပြီးဖြစ်၍၊ သင်ကြားစရာမလို၊ ကြိုးစားဖို့လည်းမလိုတော့ဟု မည်သည့်အခါမျှမထင်မြင်ပါနှင့်။ ပြုစုပျိုးထောင်ထားသောစိတ်ဝိညာဉ်သည် လူတစ်ယောက်၏အတိုင်းအထွာဖြစ်သည်။ သင့်အဖို့ သင်ယူရမည့်ပညာသည် သင့်အသက်တာတစ်လျှောက်လုံး၌ ဆက်လက်ရှိနေရမည်။ နေ့စဉ်နေ့တိုင်း သင်သည် သင်ကြားနေရမည်။ ရရှိသောအသိပညာကို လက်တွေ့လုပ်ကိုင်နေရမည်။

သင်သည် မည်သည့်ရာထူး၌လုပ်ကိုင်နေသည်ဖြစ်စေ၊ သတိပြုရမည်မှာ၊ သင်သည် ရည်ရွယ်ရင်းကိုဖော်ပြ၍၊ စာရိတ္တကိုကြီးပွားအောင်ပြုလုပ်နေသည်။ သင်၏အလုပ်သည် မည်သည့်အရာပင်ဖြစ်စေ၊ သေချာစေ့စပ်ပါစေ၊ ဝီရိယရှိပါ။ လွယ်ကူသောလုပ်ငန်းကိုရှာဖွေခြင်းသဘောကို အောင်မြင်ပါ။

## စိတ်ရောကိုယ်ပါဆောင်ရွက်ခြင်း

နေ့စဉ်နေ့တိုင်းလုပ်ကိုင်နေသော အလုပ်၌ရှိသောစိတ်သဘောနှင့် စည်းကမ်းများကို တစ်ဦးတစ်ယောက်သည် အသက်တာတစ်ခုလုံးသို့ ယူဆောင်

လာလိမ့်မည်။ ပုံသေအလုပ်ကိုလုပ်ကိုင်၍ ပုံသေလခကိုရဖို့ရန်ဆန္ဒရှိသော သူတို့သည် သင့်တင့်အောင်ပြုပြင်ခြင်းမရှိကြပေ။ သို့မဟုတ် လေ့ကျင့်ခြင်း လည်းမရှိကြ။ အံဝင်ခွင်ကျဖြစ်လိုသောသူများသည် ကိုယ်တော်၏အမှုတော်၌ ဆောင်ရွက်ဖို့ရန် ခေါ်ခြင်းခံရမည့်သူများမဟုတ်ပေ။ သူတို့၏ကာယ၊ ဉာဏနှင့်ကျင့်ဝတ်တရားများကို နည်းနိုင်သလောက်နည်းအောင်ပေးကမ်းဖို့ရန် သင်ကြားသောသူတို့သည်၊ ဘုရားသခင်၏ကြွယ်ဝသော ကောင်းချီးမင်္ဂလာများခံစား ရမည့်သူများမဟုတ်ကြပေ။ သူတို့၏ပုံသက်သေသည် ကူးစက်တတ်သည်။ မိမိကိုယ်၌သာစိတ်ဝင်စားခြင်းသည် သူတို့၏မင်းပြုလိုသော ရည်ရွယ်ချက် ဖြစ်သည်။ စောင့်ကြည့်ဖို့ရန်လိုအပ်နေသောသူများနှင့် သူတို့ကိုချပေးသော အလုပ်ကိုသာလုပ်ကိုင်သောသူတို့သည် သာဓုသစ္စာရှိသောငယ်သားကောင်းဟု ပြောဆိုခြင်းခံရမည့်သူများမဟုတ်ပေ။ လုပ်ကိုင်၍ပြီးစီးအပ်သောအရာဟူသရွေ့ကို လုပ်ကိုင်လိုသောသူများ၊ ခွန်အား၊ လုံ့လဝီရိယ၊ ရိုးဖြောင့်ခြင်းကိုပြသော အမှုတော်ဆောင်များကိုသာ အလိုရှိသည်။

အများသောသူတို့သည် ဆုံးရှုံးမည်ကိုကြောက်ရွံ့ကြသောကြောင့် တာဝန်ဝတ္တရားများကို ရှောင်သွားကြခြင်းဖြင့် အရည်အချင်းမရှိဖြစ်ကြသည်။ ဤနည်းဖြင့် ဗဟုသုတမှရသောပညာကို မရရှိဘဲနေကြသည်။ စာဖတ်ခြင်းနှင့်လေ့ကျက်ခြင်း၊ အခြားအကျိုးရှိသောအရာများသည် သူတို့လိုသောအရာကိုမပေးနိုင်ပေ။

လူသည် အခြေအနေကိုပုံသွင်းနိုင်သည်။ သို့သော်လည်း အခြေအနေသည် လူကိုပုံသွင်းဖို့ရန် အခွင့်မပေးသင့်ပေ။ ကျွန်ုပ်တို့သည် အလုပ်လုပ်ကိုင်ဖို့ရန် အသုံးခံအနေဖြင့် အခြေအနေကိုရယူရမည်။ ကျွန်ုပ်တို့သည် သူတို့အပေါ်၌အုပ်ချုပ်ရမည်။ ကျွန်ုပ်တို့ကိုအုပ်စိုးဖို့ရန် သူတို့ကိုခွင့်မပေးရ။

တန်ခိုးရှိသောသူတို့သည် ဆန့်ကျင်ဘက်ပြုခြင်း၊ ဟန့်တားခြင်းနှင့် ဆီးတားခြင်းခံရသောသူများဖြစ်ကြသည်။ သူတို့၏စွမ်းရည်သတ္တိကို အသုံးပြုလှုပ်ရှားခြင်းဖြင့် သူတို့တွေ့ဆုံရသော ဆီးတားခြင်းများသည် သူတို့အဖို့မှချကောင်းချီးမင်္ဂလာများဖြစ်သည်။ သူတို့သည် ကိုယ်ကိုစိတ်ချခြင်းရရှိခဲ့သည်၊

တိုက်လှန်ခြင်းနှင့်ရှုပ်ထွေးခြင်းသည် ဘုရားသခင်၌ကိုးစားဖို့ရန် ပြုလုပ်ပေးသည်။ ထိုသို့သောတည်ကြည်ခြင်းဖြင့် တန်ခိုးကြီးပွားလာသည်။ Ministry of Healing, pp. 498-500.

## အသက်တာကိုတင်းပြည့်ကျပ်ပြည့်အသုံးချခြင်း

ဆက်ကပ်ခြင်းနှင့် ယင်းကိုပိုင်ဆိုင်သောသူနှင့် ပူးပေါင်းလိုက်သောအခါ၊ ကောင်းသောပညာသည် ကြီးသောအကျိုးကျေးဇူးကို ဖြစ်ထွန်းစေသည်။ သို့သော်လည်း စာပေ၌မြင့်မားသောအဆင့်အတန်းသို့ ရောက်ရှိနိုင်ဖို့ရန် အခွင့်အရေးမရရှိသောသူတို့သည်၊ သိနားလည်ခြင်းနှင့် ဝိညာဉ်ရေး အသက်တာ၌ ရှေ့သို့မတိုးနိုင်တော့ဟု ထင်မြင်ဖို့ရန်အကြောင်းမရှိပေ။ သူတို့၌ ရှိသောအသိပညာကို တတ်နိုင်သရွေ့အသုံးချပြီး၊ သူတို့၏သိထားရာနေရာသို့ တစ်စုံတစ်ခုကိုသိမ်းဆည်းရန် နေ့တိုင်းရှာဖွေကာ၊ ခရစ်တော်နှင့်တူသော စာရိတ္တကိုကြိုးစား၍ပြုစုပေးခြင်းဖြင့် စိတ်၏ဖောက်ပြန်ခြင်းအားလုံးကို အောင်မြင်ခဲ့ပါက၊ ဘုရားသခင်သည် သူတို့အား ဉာဏ်အမြော်အမြင်လမ်းကြောင်း များကိုဖွင့်ပေး၍၊ ရှေးအချိန်၌ ဟောဗြိလူမျိုးတို့အကြောင်းနှင့်စပ်ဆိုင်၍ပြောဆို သကဲ့သို့ သူတို့အကြောင်းကိုလည်းပြောဆိုမည်မှာ၊ ဘုရားသခင်သည် သူတို့ကို ဉာဏ်အမြော်အမြင်နှင့် နားလည်ခြင်းကိုပေးတော်မူသည်။ Fundamentals of Christian Education, pp. 192,193.

–୦–

# အပိုင်း ၆

# အမှုတော်ဆောင်ရွက်ခြင်း

ကျွန်ုပ်တို့၏လူငယ်အမှုတော်ဆောင်တပ်စုအင်အားများကို မှန်ကန်စွာ လေ့ကျင့်ပေးလိုက်ပါက၊ အသေခံတော်မူ၍၊ ထမြောက်ရှင်ပြန် တော်မူခဲ့သော များမကြာမီကြွရောက်လာမည့် ကယ်တင်ရှင်အကြောင်း သတင်းစကားကို ကမ္ဘာလောကကြီးတစ်ဝန်းလုံးသို့ လျင်မြန်စွာပို့ပေးနိုင်လိမ့် မည်။ အဆုံးသည် မည်မျှလျင်မြန်စွာရောက်အံ့နည်း။ ဒုက္ခဆင်းရဲခြင်း၊ ဝမ်းနည်းခြင်းနှင့် အပြစ်၏ ကုန်ဆုံးချိန်ဖြစ်သည်။ များမကြာမီ ဤနေရာ၌ ရှိသော အပြစ်၏ပုပ်ပျက်ခြင်းနှင့် နာကျင်ခြင်းရှိသောအရာများကို ပိုင်ဆိုင် ရမည့်အစား၊ ကျွန်ုပ်တို့၏သားသမီးများ သည် သူတို့၏အမွေကို ခံစားရကြ ရာ၌၊ "ဖြောင့်မတ်သောသူတို့သည် ပြည်တော်ကိုအမွေခံရမည်။" ထိုပြည် တော်၌ ထာဝရနေထိုင်ရမည်။ ထိုပြည်၌ရှိသောသူတို့သည် "ကျွန်ုပ်သည် ဖျားနာခြင်းရှိ၏" ဟု ပြောဆိုမည်မဟုတ်၊ "ငိုကြွေးမြည်တမ်းသော သူတို့၏အသံကိုမကြားရ။" Counsels to Teachers, Parents, and Students, p. 555.

# လူငယ်များကိုလုပ်ဆောင်သောသူများ
# အနေဖြင့်ခေါ် ခြင်း – ၅၈

ခရစ်တော်ကျောင်း၌ရှိသောဆရာကြီးထံမှ သင်ခန်းစာများကိုသင်ကြား ခဲ့ပြီး၊ ကောင်းသောအလုပ်တစ်ခုကိုလုပ်ကိုင်နိုင်သည့် ခရစ်ယာန်လူငယ်များ၊ အများအပြားရှိကြသည်။ သိက္ခာရဆရာများ၊ ဧဝံဂေလိဆရာများနှင့် ကျောင်း ဆရာများတို့သည် ပျောက်သောသူကိုရှာဖွေဖို့ရန် ပျက်ကွက်ခြင်းရှိသော်လည်း၊ ကလေးများနှင့်လူငယ်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း လုပ်ကိုင်ခြင်း၌ ပျက်ကွက်ခြင်းမရှိပါစေနှင့်။

လူငယ်ယောကျ်ားများနှင့်မိန်းကလေးများ၊ ကလေးသူငယ်များသည် ခရစ်တော်၏နာမဖြင့် ထွက်ရောက်လုပ်ဆောင်ကြပါကုန်။ သူတို့သည်စုရုံး၍ အကြံအစည်များပြုလုပ်ခြင်း၊ ယင်းနောက် ၎င်းအတိုင်းလှုပ်ရှားခြင်းများပြုကြ ပါ။ သင်တို့သည် အမှုတော်ဆောင်များဖြစ်၍၊ အတူတကွစုရုံးဆုတောင်းရန် အချိန်ကိုသတ်မှတ်ပြီးလျှင်၊ ကိုယ်တော်ထံမှ ကျေးဇူးတော်ကိုတောင်းခံပြီး၊ လှုပ်ရှားခြင်းကို စုပေါင်းပြုလုပ်နိုင်ကြသည်မဟုတ်လော။ ဘုရားသခင်ကိုချစ်၍ ကြောက်ရွံ့သောသူတို့နှင့် သင်သည်တိုင်ပင်သင့်သည်။ သူတို့တွင် ဘုရားသခင် ၏အမှုတော်ဆောင်ရွက်ခြင်း၌ ဗဟုသုတရှိပြီးဖြစ်၍၊ ဘုရားသခင်၏လှုပ်ရှား သောဝိညာဉ်တော်အောက်၌ သင်သည် အကြံအစည်များကိုပြုလုပ်၍ နည်းလမ်း များကိုကြီးပွားအောင်ပြုလုပ်ပါ။ ထိုနောက် အကျိုးသက်ရောက်ခြင်းရရှိဖို့ရန် စိတ်အားထက်သန်စွာဖြင့် လုပ်ဆောင်နိုင်သည်။ ဘုရားသခင်အပ်ပေးထားသော အစွမ်းသတ္တိများကို ကိုယ်တော်၏ဘုန်းကြီးသောနာမတော်၌ အသုံးပြုပါက၊ ဘုရားသခင်သည် ထိုသို့သောသူများကို မစတော်မူလိမ့်မည်။ သမ္မာတရားကို ယုံကြည်သော ကျွန်ုပ်တို့၏လူငယ်ယောကျ်ားကလေးများနှင့်မိန်းကလေးများ သည် အသက်ရှင်သောသာသနာပြုဆရာများဖြစ်ကြမည်လား။

## ယုံကြည်ခြင်းဖြင့်ဆောင်ရွက်ပါ

သင်သည် အခြားသောသူများအဖို့ လုပ်ဆောင်ပေးသောအခါ၊ ဝိညာဉ်တော်၏မဟာတန်ခိုးတော်သည် သူတို့၏အပေါ်၌ လုပ်ဆောင်တော်မူလိမ့်မည်။ အကြောင်းမှာ ဘုရားသခင်၏တစ်ပါးတည်းသောသားတော်၏အသွေးတော်ဖြင့် ဝယ်ယူတော်မူပြီ။ စိတ်နှလုံးကိုပြစ်မှုထင်ရှားစေ၍ ပြောင်းလဲပေးနိုင်သော ဘုရားသခင်၏ကျေးဇူးတော်နှင့် တန်ခိုးတော်အပေါ်၌ အမှီပြုမှသာလျှင်၊ ကျွန်ုပ်တို့အဖို့အသေခံတော်မူသော ခရစ်တော်အဖို့ ဝိညာဉ်များကိုပြီးပြတ်အောင်မြင်နိုင်ကြမည်။ သင်သည် သူတို့အား ဘုရားသခင်၏သမ္မာတရားတော်ကိုဖော်ပြနေစဉ်၊ မယုံကြည်ခြင်းနှင့်စိတ်မချရခြင်းသည် သူတို့၏စိတ်ကိုဆုပ်ကိုင်ရန် ကြိုးစားလိမ့်မည်။ သို့သော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်ဝန်ခံချက်သည် သင်၏စိတ်နှလုံးများထဲမှ သံသယဖြစ်ခြင်းကိုနှင်ထုတ်လိုက်ပါစေ။

ဘုရားသခင်မိန့်တော်မူသည်အတိုင်း ယုံကြည်၍၊ ယုံကြည်ခြင်းဖြင့်လုပ်ကိုင်ပါ။ သင်၏ကောင်းကင်ဘုံအဖဘုရားစကားကို မယုံကြည်ဖို့ရန် စာတန်သည် သူ၏အကြံပေးခြင်းများနှင့် လာရောက်လိမ့်မည်။ သို့သော်လည်းစဉ်းစားပါ။ "ယုံကြည်သောစိတ်မရှိဘဲ ကျင့်သမျှသောအကျင့်တို့သည် အပြစ်ရှိကြ၏။" သင်၏ယုံကြည်ခြင်းကို စာတန်၏မှောင်မိုက်သောအရပ်မှဖြတ်၍ တွန်းထိုးပြီးလျှင်၊ ကရုဏာပလ္လင်ပေါ်၌ထားပါ။ ယုံမှားခြင်းတစ်ခုကိုမျှ လက်မခံပါနှင့်။ သင်သည် ဤနည်းအားဖြင့်သာလျှင် ဗဟုသုတရရှိ၍၊ သင်၏ငြိမ်သက်ခြင်းနှင့် ယုံကြည်စိတ်ချဖို့ရန် အလွန်လိုအပ်သောသာဓကကိုတွေ့မည်။

သင်၏ဗဟုသုတသည် ကြီးလာလေသည်နှင့်အမျှ၊ သင်၌ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရာတွင် အသက်ဝိညာဉ်၏ထက်သန်ခြင်းနှင့် သာ၍ပူနွေးသောချစ်ခြင်းရှိလိမ့်မည်။ အကြောင်းမှာ သင်၌ခရစ်တော်အကြံအစည်နှင့်တစ်လုံးတစ်ဝတည်းရှိသောကြောင့်ဖြစ်သည်။ သင်၏ ကိုယ်ချင်းစာနာတတ်ခြင်းများသည် သန့်ရှင်းသောဝိညာဉ်တော်မှ ဖြစ်ပွားလာ

ခြင်းဖြစ်သည်။ သင်သည် ခရစ်တော်နှင့်အတူ ထမ်းပိုးထမ်း၍၊ ဘုရားသခင်နှင့်အတူ လုပ်ဆောင်သောသူများဖြစ်ကြသည်။ The Youth's Instructor, August 9, 1894.

## အပျော်အမူထမ်းများကိုခေါ်ခြင်း

ဘုရားသခင်သည် မိမိ၏ဘက်၌ ခိုင်ခံ့စွာရပ်တည်နေနိုင်မည့် အပျော်အမှုထမ်းများကို ခေါ်တော်မူသည်။ ယခုအချိန်၌ လုပ်ကိုင်ပြီးစီးရမည့် အလုပ်အကိုင်အတွက်၊ နာဇရက်မြို့သားယေရှုနှင့်အတူ ပူးပေါင်းလုပ်ကိုင်ရန် ဝန်ခံမည့်သူများကိုခေါ်နေသည်။ Fundamentals of Christian Education, p. 488.

–၀–

# ဝိညာဉ်အောင်မြင်ခြင်းအတွက်တာဝန် – ၅၉

လူငယ်အပေါ်၌ အလွန်ကြီးလေးသောတာဝန်များတင်ထားလျက်ရှိသည်။ အလင်းနှင့်အသိပညာတိုးတက်လျက်ရှိသော ယခုခေတ်၌နေထိုင်ကြသောလူငယ်တို့ထံမှ ဘုရားသခင်သည် များစွာမျှော်လင့်လျက်ရှိသည်။ အများသောသူတို့၏စိတ်၌ ဖုံးလွှမ်းနေသောအစွဲအလမ်းများနှင့် မှားယွင်းခြင်းများကို လွင့်ပျောက်စေရာ၌ ဘုရားသခင်သည် သူတို့ကိုအသုံးပြုရန် ဆန္ဒရှိတော်မူသည်။ သူတို့သည် အသိပညာနှင့်ဗဟုသုတ၌ ဝစ္စပေါက်ဗိန္ဓုတိုင်း၊ အမည်တိုင်းကို ရှာဖွေသိမ်းယူရန် မိမိတို့ကိုယ်ကိုလေ့ကျင့်ပေးကြရမည်။ သူတို့ကိုပေးအပ်ထားသော အခွင့်အရေးများအတွက် ဘုရားသခင်သည်သူတို့အပေါ်၌ တာဝန်တင်ထားတော်မူသည်။ အချိန်ကာလ၏တောင်းဆိုသည့်အတိုင်း တစ်နေရာမှတစ်နေရာသို့ရောက်ရှိဖို့ရန်၊ သူတို့ရှေ့၌ရှိသောအလုပ်သည် သူတို့၏စိတ်အားထက်သန်သော ကြိုးစားမှုကိုစောင့်နေသည်။

လူငယ်၏စိတ်ဝိညာဉ်နှင့်စိတ်နှလုံးသည် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ဖို့ရန် ဆက်ကပ်ခြင်းရှိခဲ့လျှင်၊ သူတို့သည် အရည်အချင်းပြည့်စုံခြင်းနှင့်အသုံးကျခြင်း၌ မြင့်မားသောအဆင့်အတန်းသို့ ရောက်နိုင်သည်။ ဤအဆင့်အတန်းသို့ လူငယ်များရောက်ရှိဖို့ရန် ဘုရားသခင်မျှော်လင့်တော်မူသည်။ ဤအဆင့်အတန်းထက်နိမ့်ကျသွားပါက၊ ကိုယ်တော်ပေးကမ်းတော်မူသောအခွင့်ကောင်းများကို တိုးတက်စေဖို့ရန် ငြင်းဆိုခြင်းဖြစ်သည်။ ဤအခြင်းအရာသည် ဘုရားသခင်ကိုသစ္စာဖောက်ခြင်းပင်ဖြစ်သည်။ လူသားများကောင်းဖို့အတွက် လုပ်ဆောင်ပေးခြင်း၌ ပျက်ကွက်ခြင်းပင်ဖြစ်သည်။

ချစ်သောလူငယ်၊ ယေဟောဝါဘုရား၏ပညတ်တော်များစောင့်ရှောက်ဖို့ရန်နှင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လမ်းပြအဖြစ်အသုံးပြုရန် မည်မျှအရေးကြီးကြောင်းကို သူတစ်ပါးတို့အားသိကြားစေဖို့ရန် သင်သည် မည်သည့်အရာကို လုပ်ကိုင်နေသနည်း။ လူသည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကိုနားထောင်မှသာလျှင်၊ ကယ်တင်ခြင်းရရှိနိုင်သည့်အကြောင်းကို ကျင့်ဝတ်

နှင့်ပုံသက်သေအားဖြင့် ဖော်ပြနေသလား။ သင်သည် သင်တတ်နိုင်သရွေ့ ပြုလုပ်ခဲ့လျှင်၊ သူတစ်ပါးအဖို့ ကောင်းချီမင်္ဂလာဖြစ်လိမ့်မည်။ သင်၌အစွမ်းသတ္တိရှိသမျှနှင့်လုပ်ဆောင်ပါက၊ သာ၍လုပ်ဆောင်နိုင်ရန် လမ်းများနှင့်အခွင့်ကောင်းများပွင့်လာလိမ့်မည်။ The Youth’s Instructor, January 1, 1907.

–၀–

# ခရစ်တော်အဖို့သက်သေခံခြင်း – ၆၀

ဘုရားသခင်ဘက်၌နေသောသူတို့သည် ခရစ်တော်ကိုဝန်ခံရကြမည်။ "သင်တို့သည် ငါ၏သက်သေခံများဖြစ်ကြသည်" ဟု ထာဝရဘုရားမိန့်တော်မူ၏။ အစစ်အမှန်ယုံကြည်သော သူတို့၏ယုံကြည်ခြင်းသည် စာရိတ္တ၏ စင်ကြယ်ခြင်းနှင့်သန့်ရှင်းခြင်း၌ ဖော်ပြလိမ့်မည်။ ယုံကြည်ခြင်းသည် မေတ္တာဖြင့်လုပ်ကိုင်၍ အသက်ဝိညာဉ်ကိုသန့်စင်စေသည်။ ယုံကြည်ခြင်း ရှိခြင်းအားဖြင့် ကိုက်ညီသောနားထောင်ခြင်းလည်းရှိ၍၊ ခရစ်တော်၏စကားကို သစ္စာရှိစွာဖြင့်လိုက်နာလိမ့်မည်။ ခရစ်ယာန်ဘာသာသည် အစဉ်သဖြင့် တင်းကျပ်သောလက်တွေ့ဘာသာဖြစ်၍၊ အသက်တာ၏အခြေအနေအမှန်အတိုင်း လျော်ကန်အောင်ပြုလုပ်သည်။ "သင်တို့သည် ငါ၏သက်သေခံများဖြစ်ကြသည်။" မည်သူတို့နည်း၊ လောကသို့၊ သင်တို့သည် သန့်ရှင်းသော ဩဇာသက်ရောက်ခြင်းကို သက်သေခံဖို့ရန်အကြောင်းရှိသည်။ ခရစ်တော်သည် သင်၏အသက်ဝိညာဉ်၌ ကိန်းအောင်ရမည်။ သင်သည် ကိုယ်တော်၏ အကြောင်းကိုပြောဆို၍၊ ကိုယ်တော်၏စာရိတ္တချစ်ဖွယ်ကောင်းခြင်းကို ဖော်ပြရမည်။

## ကျွန်ုပ်တို့၏စကားပြောဆိုခြင်း

ဘာသာတရားရေးနှင့်ဆိုင်သောခေတ်သည် ပြောင်းလဲလျက်ရှိခဲ့ရာ၊ ခရစ်တော်ကိုယုံကြည်ဝန်ခံသောလူငယ်များသည် ကိုယ်တော်၏နာမည်ကို သူတို့၏အပေါင်းအဖော်များတို့အား မဖော်ပြသလောက်ရှိကြသည်။ သူတို့သည် အမျိုးမျိုးသောအကြောင်းအရာများအကြောင်းကို ပြောဆိုကြသော်လည်း၊ အဖိုးထိုက်တန်သော ကယ်တင်ခြင်းအကြံအစည်အကြောင်းကို ပြောဆိုစရာအကြောင်းဟူ၍ မယူဆကြပေ။ ကျွန်ုပ်တို့သည် လက်တွေ့ခရစ်ယာန်များဖြစ်သည်အားလျော်စွာ ဤအရာတို့၏အစီအစဉ်ကို ပြောင်းလဲပစ်ရမည်။ "မှောင်မိုက်ထဲမှအံ့ဖွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသောကျေးဇူး

များကိုဖော်ပြစေခြင်းငှာ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။" ခရစ်တော်သည် စိတ်နှလုံးထဲ၌ယုံကြည်ခြင်းအားဖြင့် ကိန်းအောင်းနိုင်ခဲ့လျှင်၊ သင်သည် အငြိမ်နေ၍မဖြစ်ပေ။ သင်သည် သခင်ယေရှုကိုတွေ့မြင်ပြီးခဲ့လျှင်၊ မှန်ကန်သောသာသနာပြုဆရာတစ်ယောက်ဖြစ်လိမ့်မည်။ သင်သည် ဤအရာ၌ စိတ်အလွန်စွဲလမ်းခြင်းရှိရမည်။ သခင်ယေရှုသည် သင့်အသက်ဝိညာဉ်အဖို့၊မည်မျှအဖိုးထိုက်တန်ကြောင်း တွေ့မြင်ရခြင်းကို သခင်ယေရှုအား မနှစ်သက်သောသူတို့ကိုပြောပြပါ။ ကိုယ်တော်သည် သင်၏နှုတ်၌ အသစ်သောသီချင်း ကိုထည့်ထား၍၊ ဘုရားသခင်ကိုပင် ချီးမွမ်းလျက်ရှိသည်။

ကျွန်ုပ်၏ငယ်သောမိတ်ဆွေများတို့၊ သခင်ယေရှု၏ချစ်ခြင်းမေတ္တာဖြင့် ပူနွေးနေသောစိတ်နှလုံးရှိသည့်လူများနည်းတူ သင်တို့၏ခရစ်ယာန် အသက်တာကို အစပြုမည်လား။ ဘုရားသခင်၏သားသမီးများဖြစ်သည်ဟု ပြောဆိုခြင်းမပြုသော သူတို့၏အသက်ဝိညာဉ်ကယ်တင်ခြင်းအကြောင်းနှင့် စပ်ဆိုင်၍ ကြင်နာ၍အရေးကြီးသောစကားများကို ပြောဆိုခြင်းဖြင့် သူတို့အဖို့ မည်မျှအကောင်းဖြစ်စေလိမ့်မည်ကို သင်သည် မည်သည့်အခါမျှ သိရှိနိုင် မည်မဟုတ်ပေ။ တစ်ဘက်၌ တရားစီရင်ရာနေ့သို့မရောက်မချင်း သင်သည် ခရစ်တော်၏သက်သေခံဖြစ်ဖို့ရန်၊ အခွင့်ကောင်းများ မည်ရွေ့မည်မျှတိုးပွား ခြင်းမရှိဘဲထားခဲ့သည်ကိုသင်သည် သိရှိလိမ့်မည်မဟုတ်ပေ။ သင်သည် အချို့သောအသက်ဝိညာဉ်များကို၊ သင်၏သန့်ရှင်းသောယုံကြည်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် မထီလေးစားစကားများ၊ ပေါ့ပျက်သောစကားများ ဖြင့် ပြောဆိုပြုမူခဲ့သည်ကို သင်သည်ဤလောက၌ မည်သည့်အခါမျှသိရှိ မည်မဟုတ်ပေ။

## ချစ်ခင်သောသူများကိုအောင်ခြင်း

မှန်ပေသည်။ သင်သည် သင်ချစ်ခင်မြတ်နိုးသော သူတို့၏အသက်ဝိညာဉ်များအတွက် စိတ်ပူပန်သောကရောက်ပေမည်။ သင်သည် သူတို့အား

သမ္မာတရားတော်၏ရတနာများကို ဖွင့်ပြပေမည်။ သင်၌စိတ်အားထက်သန်ခြင်းကြောင့် သူတို့၏ကယ်တင်ခြင်းအတွက် မျက်ရည်ကျမည်။ သို့သော်လည်း သင်ပြောဆိုသောစကားများသည် သူတို့အပေါ်၌ အရာမထင်၊သင်၏ဆုတောင်းခြင်းများ၌လည်း သိမြင်နိုင်သောတုံ့ပြန်မှုကို မရသောအခါ၊ သင်၏ လုပ်ကိုင်ဆောင်ရွက်ခြင်း၌ အသီးသီးခြင်းမရှိ၊ ဘုရားသခင်အထံတော်၌ သင့်အဖို့ အပြစ်တင်ဖွယ်ဖြစ်ခဲ့သည်။ သင်ချစ်မြတ်နိုးသောသူတို့၌ အထူးမာကျောခက်ခဲသောစိတ်နှလုံးရှိကြသည်ဟု သင်သည်ထင်မြင်၍၊ သင်၏ကြိုးစားဆောင်ရွက်ခြင်းကိုတုံ့ပြန်ခြင်းမပြုဟု သင်၌ထင်မြင်ခြင်းရှိသည်။ သို့သော်လည်း အပြစ်သည် သင်၌လုံးဝရှိနေသည်ကို သင်သည် နက်နက်နဲနဲစဉ်းစားပြီးပြီလား။ သင်သည် အခြားလက်တစ်ဘက်ဖြင့် ဆောက်နေသောအရာကို ဤလက် တစ်ဘက်ဖြင့်ဖြိုဖျက်နေသည်ကို စဉ်းစားမိသလား။

ရံဖန်ရံခါ၌သာ သင်သည် ဘုရားသခင်၏ဝိညာဉ်တော်ကို သင့်အားအုပ်စိုးရန်အခွင့်ပေးခဲ့သည်။ အခြားအချိန်များ၌ သင်သည် သင်၏ယုံကြည်ခြင်းကို သင်၏အလေ့အကျင့်အားဖြင့် ငြင်းပယ်ခဲ့၍၊ သင်ချစ်သောသူများအဖို့လုပ်ကိုင်ဆောင်ရွက်ပေးခြင်းကို ဖျက်ဆီးခဲ့သည်။ သူတို့အဖို့ သင်၏ ကြိုးစားခြင်းသည် သင်၏အလေ့အကျင့်အားဖြင့် အရာမရောက်ဖြစ်ခဲ့ပြီ။ သင်၏စိတ်၊ သင်မပြောဆိုသောစကား၊ သင်၏အပြုအမူများ၊ သင်၏စိတ်မကျေမနပ်ဖြစ်တတ်ခြင်း၊ သင်၌ခရစ်ယာန်အနံ့မရှိခြင်း၊ သင်၌ဝိညာဉ်ရေးခေါင်းပါးခြင်း၊ သင်၏မျက်နှာထားများသည် သင့်ကိုဆန့်ကျင်ဘက်သက်သေခံနေသည်။

သေးငယ်သောအရာများ၏အရေးကြီးခြင်းကို မည်သည့်အခါမျှ အထင်မသေးပါနှင့်။ သေးငယ်သောအရာများသည် အသက်တာ၏အမှန်စနစ်တကျဖြစ်ခြင်းကိုပေးသည်။ ခရစ်တော်နှင့်တူခြင်း၌ကြီးပွားဖို့ရန်(သို့မဟုတ်) မကောင်းသောအရာ၏ပုံကိုဆောင်ဖို့ရန်၊ ၎င်းတို့သည် အသက်ဝိညာဉ်ကို လေ့ကျင့်ပေးကြသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုနှင့်အတူရှိခဲ့၍ ကိုယ်တော်၏အကြောင်းကိုသင်ကြားပြီးကြောင်း ကျွန်ုပ်တို့သက်သေခံမည့်အထင်အမြင်

စကား၊ ကြည့်ရှုခြင်းအကျင့်ဓလေ့များကိုပျိုးထောင်နိုင်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမစတော်မူသည်။ The Youth's Instructor, March 9, 1893.

## စိတ်အားထက်သန်ခြင်း

ဘုရားသခင်အဖို့ လုံ့လဝီရိယရှိသောလုပ်ဆောင်ပေးခြင်းအသက်တာသည် မင်္ဂလာရှိသောအသက်တာဖြစ်သည်။ လူမြောက်မြားစွာတို့သည် သူတို့၏အချိန်ကို မရေရာသောအရာများ၊ အကျိုးမရှိသောပျင်းရိခြင်း၊အမြတ် အစွန်းမပေးသောညည်းတွားခြင်းများ၌ ဖြုန်းတီးပစ်နေကြသည်။ ဘုရားသခင် သူတို့အားပေးသောအလင်းကို သူတို့သည်နှစ်သက်၍ အခြားသောသူတို့အပေါ် ၌လင်းစေခဲ့လျှင်၊ သူတို့၌ထူးခြားသောဗဟုသုတရှိလိမ့်မည်။ အများသောသူတို့သည် မိမိတို့အဖို့ ကိုယ်ကျိုးရှာခြင်းနှင့်သက်သာခြင်းကို ချစ်မြတ်နိုးခြင်းကြောင့်၊ အသက်တာကို စိတ်ဆင်းရဲခြင်းသို့ရောက်စေကြသည်။ သူတို့၏ဝီရိယရှိသောလှုပ်ရှားမှုဖြင့် သေခြင်းသို့ပို့ဆောင်သော အမှောင်လမ်းပေါ်၌ရှိကြသောသူတို့ကို ကောင်းကင်ဘုံသို့သွားရာလမ်းမပေါ်သို့ လမ်းပြပေးနိုင်ကြသည်။ သူတို့လိုက်ခဲ့လျှင် သူတို့၏စိတ်နှလုံးများသည် သခင်ယေရှု၌ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝနေလိမ့်မည်။ Review and Herald, October 25, 1881.

—၀—

# ကိုယ်နှင့်စပ်ဆိုင်သောအလုပ် — ၆၁

ခရစ်တော်၏အလုပ်သည် သူတစ်ပါးနှင့်တွေ့ဆုံဆက်ဆံပြောဆိုခြင်း အလုပ်ဖြစ်သည်။ ကိုယ်တော်သည် တစ်ယောက်တည်းရှိသော ပရိသတ်ကို သစ္စာရှိစွာ လေးစားခြင်းရှိတော်မူသည်။ ထိုတစ်ဦးတည်းသောအသက်ဝိညာဉ် သည် ရရှိသောအသိတရားကို ထောင်ပေါင်းများစွာသောသူတို့ထံသို့ ယူဆောင် သွားခဲ့လေသည်။

အအောင်မြင်ဆုံးသော လုပ်ဆောင်သူများသည်၊ ဘုရားသခင်၏ အမှုတော်ကိုဆောင်ရွက်ရာ၌၊ ငယ်သောအရာကလေးများကို ပျော်ရွှင်စွာ ဆောင်ရွက်သောသူများဖြစ်ကြသည်။ လူသတ္တဝါတိုင်းတို့သည်၊ မိမိတို့၏ ကိုယ်ပိုင်ချည်မျှင်ဖြင့်လုပ်ကိုင်၍၊ အထည်အလိပ်ဖြစ်သော ရက်ထည်ရက် လုပ်ပြီးလျှင် ပုံစံအတိုင်းပြီးစေရာသည်။

လူငယ်ကိုမစရန်၊ လူငယ်ကိုပင်ပညာပေးပါ။ ဤအလုပ်ကိုလုပ်ကိုင် ဖို့ရန် ရှာဖွေရာတွင် သာ၍ကျယ်ဝန်းသောအငန်းအတာ၌ ဆက်ကပ်ထားသော အမှုတော်ဆောင်အနေဖြင့် လုပ်ကိုင်နိုင်ဖို့ရန် အသီးသီးတို့သည် ဗဟုသုတကို ရရှိကြလိမ့်မည်။ အလွယ်ဆုံးသောနည်းဖြင့် ထောင်ချီ၍ရှိနေသော စိတ်နှလုံး များထံသို့ ရောက်ရှိနိုင်လိမ့်မည်။

သိမှတ်တတ်သောသတ္တိနှင့်ပြည့်စုံသောသူများ၊ လောကကြီးအသိဉာဏ် ၌ထက်မြက်သောသူများဟု အချီးမွမ်းခံရသော ယောကျ်ားများနှင့်မိန်းမများ တို့ ည် ဘုရားသခင်ကိုချစ်သော သူတစ်ယောက်၏အလွန်နှိမ့်ချ၍ ရိုးသား သောစကားများ ပြောဆိုလိုက်သောကြောင့်၊ ကြိမ်ဖန်ခါခါ အားဖြည့်ခြင်းသို့ ရောက်ကြသည်။ ထိုသူများသည် လောကီသားများလောကီအကြောင်းကို လေ့လာ၍၊ နားလည်သည့်အတိုင်း ပြောဆိုနိုင်သကဲ့သို့ ချစ်ခြင်းမေတ္တာတော် အကြောင်းကို ပကတိအတိုင်းပြောဆိုနိုင်ကြသည်။ သေချာစွာပြင်ဆင်၍ လေ့ကျက်ထားသောစကားများပင်ဖြစ်စေ၊ ဩဇာသက်ရောက်ခြင်းမရှိလှပေ။ သို့သော်လည်း ဘုရားသခင်၏မှန်ကန်၍ ရိုးသားသောသား၊ သမီးတို့၏

အလုပ်နှင့်စကားများ၊ သို့မဟုတ် သေးငယ်သောအရာများ၌ လုပ်ကိုင်ပေး ရာတွင် ရိုးသားသောသဘောထားဖြင့် လုပ်ကိုင်ပေးခြင်းသည် အများသော အသက်ဝိညာဉ်တို့၌ သော့ခတ်ထားသောတံခါးကို ဖွင့်ပေးလိမ့်မည်။ Review and Herald, May 9, 1899.

–၀–

# ဝိညာဉ်များကိုအောင်သော လူငယ်များ – ၆၂

စာတန်သည် နိုးကြားနေသောရန်သူဖြစ်၍၊ လူငယ်တို့အား ဘုရားသခင်သဘောမတူနိုင်သည့်လှုပ်ရှားမှုကို ပြုလုပ်စေဖို့ရန်သဘောဖြင့် လမ်းပြလျက်ရှိသည်။ ဘုရားသခင်ကိုဆက်ကပ်ထားသော ယောကျ်ားကလေးများနှင့်မိန်းကလေးများတို့ထက် ကောင်းရာကိုလုပ်ကိုင်နိုင်သော အခြားအမျိုးအစားမရှိကြောင်းကို သူသည် သေချာစွာသိမြင်သည်။ လူငယ်သည် မှန်ကန်ခြင်းရှိပါက၊ ကြီးကျယ်သောဩဇာသက်ရောက်ခြင်းဖြင့် ဖြားယောင်းနိုင်သည်။ အသက်ကြီးရင့်သော တရားဟောဆရာများနှင့် သာမန်အမှုတော်ဆောင်များသည်၊ ဘုရားကိုဆက်ကပ်ထားသောလူငယ်များလောက် သူတို့၏အပေါင်းအသင်းများအပေါ်၌ လက်ရှိဩဇာညောင်းမှု၏ထက်ဝက်မျှလောက်ပင် မရှိကြပေ။ သူတို့၏ပျော်မွေ့ခြင်းနှင့် သဘာဝဆန္ဒအလိုများကို အနစ်နာခံရစေကာမူ၊ သူတို့နှင့်ဘဝတူလူအချင်းချင်းတို့ကို ကယ်တင်ဖို့ရန် သူတို့၌တာဝန်ရှိနေသည်ဟူ၍ ထင်မြင်ခြင်းရှိရမည်။ အချိန်နှင့်ငွေကြေးကိုပင်လိုအပ်လာပါက၊ ဘုရားသခင်အားဆက်ကပ်ထားခြင်းရှိရမည်။

ဘုရားဝတ်၌မွေ့လျော်သောသူတို့သည် ခရစ်တော်မရှိသောသူတို့၏ဘေးအန္တရာယ်ကို သိမြင်ခြင်းရှိရမည်။ မကြာမီ သူတို့အားပေးထားသောကရုဏာအချိန်သည် ကုန်ဆုံးတော့မည်။ ဝိညာဉ်များကိုကယ်ဆယ်ဖို့ရန်ဩဇာတန်ခိုးသက်ရောက်စေနိုင်သောသူများသည် အကယ်၍ သူတို့သည်ဘုရားသခင်၏အကြံပေးခြင်းကိုနာခံစေကာမူ ကိုယ်ကျိုးရှာဖွေခြင်း၊ ပျင်းရိခြင်း၊ သို့မဟုတ် သူတို့သည် ခရစ်တော်၏လက်ဝါးကပ်တိုင်အတွက် ရှက်ကြောက်သောကြောင့် သူတို့၏ဝတ္တရားကိုမဆောင်ရွက်ခဲ့သော်၊ သူတို့၏ဝိညာဉ်သာလျှင်ဆုံးရှုံးမည်သာမက၊ သနားစရာကောင်းသော သူတို့၏အသွေးသည် သူတို့၏ဝတ်လုံများပေါ်၌ ရှိလိမ့်မည်။ သူတို့သည် ဘုရားအထံတော်၌ ဆက်ကပ်

ထားခြင်းရှိပါမူ၊ အကောင်းကိုပြုလုပ်နိုင်လျက်နှင့် သူတို့၏သစ္စာမရှိခြင်းကြောင့် မလုပ်ဘဲနေကြသည်။ ထိုသို့သောသူများသည် စာရင်းရှင်းကြရမည်။

ရွေးနုတ်တော်မူခြင်း မေတ္တာ၏ချိုမြိန်သောအရသာကို ကောန်အမှန် မြည်းစမ်းပြီးသောသူများသည်၊ သူတို့နှင့်ပေါင်းသင်းဆက်ဆံသောသူများ ကယ်တင်ခြင်း အကြံအစည်တော်ကို မသိသမျှကာလပတ်လုံး နားနေခြင်း ပြုလိမ့်မည်မဟုတ်။ နားနေခြင်းလည်းမလုပ်နိုင်ပေ။ "ကိုယ်တော်၊ အကျွန်ုပ် အဘယ်သို့ပြုရပါအံ့နည်း။ အကျွန်ုပ်သည် ကိုယ်တော်၏နာမတော်ကို ဤ လောက၌ မည်ကဲ့သို့ဘုန်းတော်ထင်ရှားစေနိုင်အံ့နည်း။ ကျွန်ုပ်တို့၏ပတ်ဝန်း ကျင်၌ အသက်ဝိညာဉ်များသည် ပျက်စီးနေကြသည်။" သို့တစေလည်း လူ ငယ်များသည် အသက်ဝိညာဉ်များကို ခရစ်တော်သို့ပို့ဆောင်နိုင်ရန် မည်သို့ တာဝန်များ ထမ်းဆောင်နေကြသနည်း။

## အခြားသူများအတွက်စိုးရိမ်ကြောင့်ကြခြင်း

ကျောင်းသို့တက်ရောက်သောသူများသည် ကယ်တင်ရှင်အဖို့ ဩဇာ သက်ရောက်ခြင်းရှိစေနိုင်သည်။ သို့သော်လည်း၊ မည်သူသည် ခရစ်တော်၏ နာမည်ကို ထုတ်ဖော်ပြောဖူးသနည်း။ သူတို့၏အပေါင်းအဖော်များနှင့်အတူ အပြစ်၏လမ်းများကိုစွန့်ပစ်၍ သန့်ရှင်းသောလမ်းသို့လျှောက်လိုက်ရန် စိတ်ထက်သန်စွာ မည်သူသည် တောင်းပန်နေသည်ကို တွေ့မြင်ရသနည်း။

ယုံကြည်သောလူငယ်များသည် ဤလမ်းကိုလိုက်သင့်ကြသည်။ သို့သော်လည်း သူတို့သည်မလိုက်ကြပေ။ ကစားခြင်းနှင့်အပျော်အပါးကို အပြစ်သားများနှင့်အတူ ပူးပေါင်း၍ပြုလုပ်ပါက၊ ပို၍သင့်လျော်မည်ဟု သူတို့ စိတ်၌ ထင်မြင်ကြသည်။ လူငယ်တို့သည် အသုံးကျခြင်း၌ ကျယ်ပြန့်စွာ လုပ်ဆောင်ဖို့ရန်ရှိသော်လည်း သူတို့သည် မတွေ့မမြင်ကြပေ။ လူငယ်များ သည် ပျက်စီးနေသောအပြစ်သားများထံသို့ချဉ်းကပ်၍ သန့်ရှင်းသောလမ်းကို သူတို့အားပြသ၍ ဆုတောင်းခြင်း၊ တောင်းပန်ခြင်းအားဖြင့် ဝိညာဉ်တစ်ခု

ကိုပင် ခရစ်တော်ထံသို့ပို့ဆောင်ဖို့ရန် သူတို့သည် ယခုအချိန်၌ အားစိုက်ထုတ်ရမည်မဟုတ်လော။

မည်မျှမြင့်မြတ်သောအလုပ်ဖြစ်သနည်း။ အသက်ဝိညာဉ်တစ်ခုသည် ဘုရားသခင်ကို ထာဝရကာလတစ်လျှောက်လုံး ချီးမွမ်းပေမည်။ အသက်ဝိညာဉ်တစ်ခုသည် ပျော်ရွှင်ခြင်းနှင့် ထာဝရအသက်ကိုစံစားရမည်။ သူတို့၏သရဖူ၌ရှိသောကျောက်မြတ်ရတနာသည် ကြယ်ကဲ့သို့ထာဝစဉ်ထွန်းတောက်နေမည်။ ထိုထက်မက တစ်ဦးတစ်ယောက်ကို အမှားမှအမှန်သို့၊ အပြစ်မှသန့်ရှင်းခြင်းသို့ပြောင်းလဲရန် ယူဆောင်လာနိုင်ပြီ။ ဘုရားသခင်သည် ပုရောဖက် မှမိန့်တော်မူသည်မှာ၊ "လူအများတို့ကို ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့သွင်းသောသူတို့သည်လည်း၊ ကြယ်များကဲ့သို့လည်းကောင်း အစဉ်အမြဲထွန်းလင်းကြလိမ့်မည်။" ထိုနောက် ခရစ်တော်နှင့်ကောင်းကင်တမန်များနှင့်အတူ၊ ပျက်စီးနေသောအသက်ဝိညာဉ်များကို ကယ်ဆယ်သောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်၌ ကြွယ်ဝစွာဆုလာဘ်ရရှိကြမည်။

လူငယ်များသည် ဘုရားသခင်နှင့်သမ္မာတရားကိုစွဲလမ်း၍ သူတို့သည် ရှိသင့်သောနေရာ၌ရှိခဲ့လျှင်၊ အသက်ဝိညာဉ်များစွာ ကယ်တင်ခြင်းခံရမည်ကို ကျွန်ုပ်သည် တွေ့မြင်သည်။ သို့သော်လည်း သူတို့ကို အဆက်မပြတ်လုပ်ကိုင်ဖို့ရန် အလုပ်ရှိသောနေရာ၊ ရာထူး၌ထားရမည်။ သို့မဟုတ် သူတို့ကိုယ်တိုင် လောကီဘက်သို့ရောက်သွားကြမည်။ သူတို့သည် အစဉ်စိုးရိမ်စရာ၊ ဦးခေါင်းကိုက်စရာဖြစ်ကြသည်။ သူတို့အတွက် မျက်ရည်ကျရသည်။ သူတို့အတွက် မိဘများ၏စိတ်နှလုံးမှ ဒုက္ခခံရသောဆုတောင်းသံများ ထွက်ပေါ်ခဲ့ပြီ။ သို့တစေလည်း၊ သူတို့သည် ဆက်လက်၍သွားနေကြသည်။ သူတို့သွားသောလမ်းအတိုင်း သတိမထားဘဲသွားနေကြလျက်ပင်ရှိကြသည်။ သူတို့ကို ကယ်တင်ဖို့ရန် အသေခံမည့်လူများ၏ရင်ခွင်များ၌ ဆူးများကိုစိုက်ကြသည်။ သို့သော်လည်း ဘုရားကိုယ်တော်တိုင်စီမံထားသည်အတိုင်း၊ သခင်ခရစ်တော်၏အသွေးတော်အားဖြင့် ဖြစ်လာကြပြီ။

## လုပ်ကိုင်ရန်အလုပ်တစ်ခု

လူငယ်ယောကျ်ားနှင့်မိန်းကလေးတို့၊ သင်တို့လုပ်ကိုင်ဖို့ရန် ဘုရားသခင် ၌အလုပ်တစ်ခုရှိသည်ကို ကျွန်ုပ်မြင်ရသည်။ သင်၏လက်ဝါးကပ်တိုင်ကို ထမ်း၍ ခရစ်တော်နောက်သို့လိုက်လော့၊ သို့မဟုတ် သင်သည် ကိုယ်တော်အဖို့မထိုက်တန်ပေ။ သင်သည် ဂရုမစိုက်အရေးမယူဘဲနေစဉ်တွင်၊ သင့်အကြောင်းနှင့်စပ်ဆိုင်၍ ဘုရားသခင်၏အလိုတော်မည်ကဲ့သို့ရှိသည်ကို သင်ပြောဆိုနိုင်အံ့နည်း။ သစ္စာရှိသောကျွန်ုပ်အနေဖြင့် ဘုရားသခင်၏အလိုတော် အတိုင်း မလိုက်နာလျှင်၊ သင်သည် အဘယ်ကဲ့သို့ ကယ်တင်ခြင်းရရှိနိုင်အံ့နည်း။ ထာဝရအသက်ကိုပိုင်ဆိုင်သောသူတို့သည် အားလုံးတို့ကိုကောင်းမွန်စွာ လုပ်ကိုင်ပြီးစီးကြပြီ။ ဘုန်းတော်အရှင်သည် မိမိ၏လက်ယာတော်ဘက်၌ ရှိသော သူတို့ကိုချီးမြှင့်၍၊ "သာဓုသစ္စာရှိသောငယ်သားကောင်း၊" ဟု မိန့်တော်မူမည်။ သင်၏စိတ်ကြိုက်မလိုက်ဘဲ၊ သခင်၏စပျစ်ဥယျာဉ်၌ မည်သည့် အလုပ်ကို လုပ်ကိုင်ရမည်ကို ရှာဖွေနေခဲ့လျှင်၊ ပျက်စီးရာလမ်းမှ ဝိညာဉ်မည်၍ မည်မျှကို သင်ကယ်တင်နိုင်မည်ဖြစ်ကြောင်း မည်ကဲ့သို့ပြောနိုင်သနည်း။ ဤ စကားပြောဆိုခြင်းနှင့် တူရိယာတီးမှုတ်ခြင်းကိုလေ့ကျင့်ခြင်းအားဖြင့် အသက်ဝိညာဉ်များ မည်မျှကယ်တင်ခြင်းသို့ရောက်ခဲ့သနည်း။ ကယ်တင်ခဲ့သော အသက်ဝိညာဉ် တစ်ခုကိုမျှ သင်သည်မပြသနိုင်ခဲ့လျှင်၊ အခြားနည်းလမ်းသစ် ကိုလုပ်ကိုင်ရန် ပြောင်းလဲလိုက်ပါ။ အသက်ဝိညာဉ်များအဖို့ စ၍ဆုတောင်းပါ။ ခရစ်တော်နားသို့လာပါ။ ကိုယ်တော်၏သွေးယိုစီးနေသောဘက်သို့ နီးကပ်စွာနေပါ။ နူးညံ့သိမ်မွေ့၍ ငြိမ်သက်သောဝိညာဉ်သည် သင်၏ အသက်တာကို တန်ဆာဆင်ပါစေ။ သင်သည် သင်၏အသက်ဝိညာဉ်ကိုသာ ကယ်တင်ခြင်းပေးနိုင်ရုံမျှမက၊ အခြားသောသူများတို့၏အသက်ဝိညာဉ်များကို ပါ ကယ်တင်ခြင်းပေးနိုင်ရန် သင်၏စိတ်အားထက်သန်ခြင်း၊ ကြေမွခြင်း၊ နှိမ့်ချသောပန်ကြားခြင်းများသည် ကိုယ်တော်ထံသို့တက်ပါစေ။

သင်သည် သီချင်းဆိုသည်ထက် ပို၍ဆုတောင်းပါ။ သင်သည် သီချင်းဆိုသည်ထက် ပို၍ဆုတောင်းဖို့ရန်လိုအပ်သည်မဟုတ်လော။ ငယ်သော ယောကျ်ားကလေးများနှင့်မိန်းကလေးတို့၊ အလုပ်လုပ်ရန် ဘုရားသခင်သည် သင်တို့ကိုခေါ်တော်မူသည်။ သင်လိုက်သောလမ်းကို လုံးဝပြောင်းလဲလိုက်ပါ။ ဟောပြောခြင်းနှင့် ဩဝါဒပေးခြင်းအလုပ်ကို လုပ်ဆောင်သောသူတို့မလုပ်နိုင်သည့်အလုပ်ကို သင်လုပ်နိုင်သည်။ ဓမ္မဆရာများထိရောက်အောင်မလုပ်နိုင်သောအသိုက်အဝန်းကို သင်ရောက်နိုင်သည်။ Testimonies for the Church, vol. 1, pp. 511-513.

## မည်သည့်နေရာမှအစပြုမည်နည်း

ဘုရားသခင်အဖို့ ဆောင်ရွက်ပေးလိုသောသူများသည် အိမ်ထောင်မှအစပြုပါ။ သူတို့၏အိမ်ထောင်၊ သူတို့၏အိမ်နီးနားချင်း၊ သူတို့၏မိတ်ဆွေများအထဲ၌ အစပြုပါ။ ဤနေရာ၌ သူတို့သည် အကြောင်းညီညွတ်သော သာသနာပြုရန်နေရာကိုတွေ့မည်။ ဤအိမ်တွင်းသာသနာပြုအလုပ်သည် စစ်ဆေးခြင်းဖြစ်၍၊ သာ၍ကျယ်ပြန့်သောနယ်၌ လုပ်ကိုင်နိုင်ဖို့ရန် သူတို့၌အစွမ်းသတ္တိရှိ၊မရှိကို ဖော်ပြလိမ့်မည်။ Testimonies for the Church, vol. 6, p. 428.

## အကောင်းဆုံးအောင်မြင်သောနည်းလမ်း

ကျွန်ုပ်တို့၏အလုပ်အကိုင်၌ တစ်ဦးချင်းကြိုးစားခြင်းသည် ခန့်မှန်းထားသည်ထက် ပို၍ပြီးစီးလိမ့်မည်။ ဤအရာကိုလိုနေသောကြောင့် အသက်ဝိညာဉ်များပျက်စီးနေကြသည်။ အသက်ဝိညာဉ်တစ်ခု၏တန်ဖိုးကိုမဖြတ်နိုင်ပေ။ ကရာနီသည် တန်ဖိုးမည်မျှရှိသည်ကို ပြောဆိုသည်။ ခရစ်တော်အဖို့

အသက်ဝိညာဉ်တစ်ခုကိုအောင်ခြင်းသည် အခြားသောအသက်ဝိညာဉ်များကို အောင်ဖို့ရန် ကူညီဆောင်ရွက်ခြင်းဖြစ်သည်။ ကောင်းချီးမင်္ဂလာနှင့်ကယ်တင်ခြင်းသည် အစဉ်တိုးတက်နေလိမ့်မည်။ Gospel Workers, p. 184.

–o–

# ခြားနားသောအလုပ်အမျိုးအစား၌ ဆောင်ရွက်ခြင်း – ၆၃

ဘုရားသခင်သည် ဓမ္မဆရာများ၊ သမ္မာကျမ်းစာဆရာများနှင့် စာပေဖြန့်ချိသောသူတို့ကို ခေါ်တော်မူသည်။ ကျွန်ုပ်တို့၏ငယ်သောယောကျ်ားကလေးများနှင့်မိန်းကလေးများသည် စာပေဖြန့်ချိသောသူများ၊ ဧဝံဂေလိဆရာများနှင့် သမ္မာကျမ်းစာကိုသင်ပေးသောဆရာများအနေဖြင့် သူတို့အား အောင်မြင်စွာအလုပ်လုပ်ကိုင်နိုင်ဖို့ရန် ပြသနိုင်သောဗဟုသုတရှိသည့် အမှုတော်ဆောင်များနှင့် သွားရောက်ကြရမည်။ စာပေရောင်းချသောသူများသည် ကျွန်ုပ် တို့ပုံနှိပ်ထုတ်ဝေသည့်စာစောင်များကိုယူဆောင်လျက် တစ်အိမ်တက်တစ်အိမ် ဆင်းတက်သွားကြပါစေ။ အခွင့်ကောင်းပေါ်လာသောအခါ၊ သူတို့တွေ့ဆုံ သောသူတို့ကို ဤခေတ်နှင့်ဆိုင်သောသမ္မာတရားအကြောင်းပြောပြ၍၊ သူတို့ နှင့်အတူသီချင်းဆို၍ဆုတောင်းပါ။ ကျွန်ုပ်သည် ဘုရားသခင်၏အမှုတော် ကိုဆောင်ရွက်ရာ၌၊ မှန်သောနည်းနာများကို ကြိုးစားအားထုတ်၍ လိုက်နာ သောအခါ၊ ဝိညာဉ်များကို ရိတ်သိမ်းရလိမ့်မည်။

မိမိကိုယ်ကိုအနစ်နာခံသောသဘောဖြင့် ပြည့်ဝနေသောသူများသည် ဘုရားသခင်၏အမှုတော်၌ နေရာရှိသည်။ အခြားသောသူများအဖို့ မိမိတို့ကိုယ်ကိုငြင်းပယ်၍ မိမိတို့၌ရှိသမျှကို ဘုရားသခင်၏အမှုတော်အတွက် ဆက်ကပ်လိုသောယောကျ်ားများနှင့်မိန်းမများတို့ကို ဘုရားသခင်သည် ခေါ်နေတော်မူသည်။ သူတို့သည် ခက်ခဲခြင်းများနှင့်တွေ့ဆုံရသော်လည်း ရှေ့သို့တဖြည်းဖြည်းတိုးတက်သွား၍၊ ကျွန်ုပ်တို့သည် ပျက်ကွက်ခြင်းမရှိ၊ သို့မဟုတ် စိတ်ပျက်ခြင်းလည်းမရှိဟု ပြောဆိုသောယောကျ်ားများကို အလိုရှိသည်။ အခြားသောသူများ ကြိုးစား၍လုပ်ကိုင်နေသောအလုပ်ကို ခိုင်ခံ့စေ၍ ဆောက်တည်မည့် ယောကျ်ားများကို အလိုရှိသည်။ Review and Herald, April 28, 1904.

## အရည်အချင်းတိုးတက်နေခြင်း

အခြားအလုပ်များကဲ့သို့ ဤအလုပ်၌ကျင်လည်ခြင်းသည် အလုပ်ထဲ၌ရှိသည်။ အသက်တာ၏သာမန်ဝတ္တရားများနှင့် ဆင်းရဲနွမ်းပါး၍ ဒုက္ခရောက်နေသောသူတို့ကိုပြုစုခြင်း၌ လိုအပ်သောအရည်အချင်းပြည့်စုံခြင်းကို အာမခံထားလျက်ရှိသည်။ Education, p. 268.

–ဝ–

# ကိုယ်ကျိုးရှာခြင်းကင်းသောအလုပ် – ၆၄

သူတို့၌စိတ်ဝင်စားခြင်းကို လက်တွေ့ပြသ၍၊ မိမိတို့တတ်နိုင်သလောက် အခြားသောသူများအား ကောင်းသောအမှုကိုပြုသောသူတို့သည်၊ လူအသက်တာ ၏မကောင်းမှုများနှင့် သူတို့၏ဝန်ထုပ်များကို ကူညီထမ်းဆောင်နေသော တစ်ချိန်တည်း၌ပင် သူတို့ကိုယ်တိုင်၏အသက်ဝိညာဉ်နှင့် ကိုယ်ခန္ဓာကိုပါ ကျန်းမာခြင်းရရှိဖို့ရန် လုပ်ကိုင်နေကြသည်။ ကောင်းသောအရာကိုလုပ်ကိုင် ခြင်းသည် ပေးကမ်းသောသူနှင့်လက်ခံသောသူနှစ်ဦးလုံးတို့အဖို့ အကျိုးကျေးဇူး ဖြစ်စေသည်။ အခြားသောသူများကိုစိတ်ဝင်စားခြင်း၌ မိမိကိုယ်ကိုမေ့လျော့ ခဲ့လျှင် သင်သည် သင်၏ခွန်အားနည်းခြင်းများ၌ အောင်မြင်ခြင်းတစ်ရပ်ကို ရရှိပြီ။ ကောင်းသောအရာကိုလုပ်ကိုင်၍ သင်ရရှိသောစိတ်ကျေနပ်ခြင်းသည် သင်၏စိတ်ကူးထင်မြင်ခြင်း၏ကျန်းမာခြင်းကို ပြန်၍ရခြင်း၌ များစွာအထောက် အကူပေးလိမ့်မည်။

ကောင်းသောအရာကိုလုပ်ခြင်း၌ နှစ်သက်ခြင်းသည် စိတ်ဝိညာဉ်ကို နိုးကြားထကြွစေ၍၊ ကိုယ်ခန္ဓာတစ်ခုလုံးကိုလှုပ်လေသည်။ ကောင်းမှုကိုမြတ်နိုးသောသူတို့၏မျက်နှာသည် ပျော်ရွှင်ခြင်းနှင့်ထွန်းလင်းလျက်ရှိစဉ်၊ သူတို့၏ မျက်နှာပုံများသည်လည်း၊ စိတ်ဝိညာဉ်၏ကျင့်ဝတ်၌ တိုးတက်လာခြင်းကို ဖော်ပြသည်။ ကိုယ်ကျိုးရှာသောသူများ၊ စေးနဲသောသူများသည် စိတ်အားလျော့ကြ၍၊ စိတ်ညှိုးငယ်ခြင်း၊ စိတ်မသာခြင်းဖြစ်ကြသည်။ သူတို့၏ကျင့်ဝတ်တရားပျက်ခြင်းများကို သူတို့၏မျက်နှာပုံ၌ တွေ့မြင်ရသည်။ ကိုယ်ကျိုးရှာဖွေခြင်းနှင့် ကိုယ်ကိုချစ်ခြင်းသည် သူတို့၏ရုပ်ပုံကို အပြင်ပလူပေါ်၌ ရိုက်နှိပ်ထားသည်။

မှန်ကန်သောကိုယ်ကျိုးကင်းသည့် ကောင်းမှုပြုလိုခြင်းသဘောဖြင့် လှုံ့ဆော်ခြင်းခံရသောထိုလူသည် ဘုရားပကတိကို ယူတင်ဝတ်ဆောင်သောသူဖြစ်သည်။ တပ်မက်ခြင်းဖြင့် လောက၌ရှိသောပုပ်ပျက်ခြင်းကို လွတ်မြောက်လာခဲ့သည်။ ကိုယ်ကျိုးရှာသောသူနှင့် လောဘကြီးသောသူတို့သည် သူတို့၏

ပေါင်းသင်းခြင်း၊ စာနာတတ်ခြင်းများသည် ခြောက်သွေ့သွားသည့်တိုင်အောင် သူတို့၏ကိုယ်ကျိုးရှာခြင်း၌ မြုတ်နှံနေကြသည်။ သူတို့၏မျက်နှာပုံများသည် စင်ကြယ်ခြင်းနှင့်သန့်ရှင်းခြင်းကိုပြရမည့်အစား အပြစ်သို့ကျသွားသောရန်သူ၏ ရုပ်သဏ္ဍာန်သည် ပြန်၍ထင်လျက်ရှိသည်။ Testimonies for the Church, vol. 2, p. 534.

–o–

# လုံ့လဝီရိယရှိခြင်း၏ဆုလာဘ် – ၆၅

ပျင်းရိသောသူသည် အသက်တာ၏နေ့စဉ်နေ့တိုင်း သစ္စာဖြင့် ဆောင်ရွက်၍ရသော အဖိုးမဖြတ်နိုင်သည့်ဗဟုသုတကို ဆုံးရှုံးခံရကြောင်း လူငယ်များသတိရစေလိုသည်။ ပျင်းရိ၍ဆန္ဒပါသောမိုက်မဲခြင်းသည်၊ မိမိ သွားရာလမ်း၌ တားဆီးခြင်းကိုချထားသောသူဖြစ်သည်။ ရိုးသားစွာလုပ်ဆောင် ခြင်းမှရသော တတ်သိလိမ္မာခြင်းကို သူသည် ငြင်းပယ်သည်။ လူသားတို့ အားမစခြင်းပေးရန် ပျက်ကွက်သောကြောင့် သူသည် ဘုရားသခင်ထံမှလုယူ သည်။ သူ့အဖို့လုပ်ကိုင်နေထိုင်ဖို့ရန် ဘုရားသခင်မှတ်သားထားသည့်အတိုင်း သူသည် လုပ်ကိုင်နေထိုင်ခြင်းမပြု၊ များစွာကွာခြားခြင်းရှိသည်။ အကျိုးရှိ သောအလုပ်ကို မထီမဲ့မြင်ပြုခြင်းသည် အောက်တန်းကျသောဝါသနာအထုံကို အားပေး၍၊ လူ၏အသုံးဝင်ဆုံးသောခွန်အားများကို ထိရောက်စွာအင်အားမဲ့ ဖြစ်စေသည်။

ဘုရားသခင်သည် သူတို့အပေါ်သို့ကရုဏာတော်ဖြင့် ချပေးတော် မူသောအကျိုးကျေးဇူးများကို လူအနည်းငယ်မဟုတ်၊ လူပေါင်းထောင်ချီ၍ သုံးဖြုန်းခြင်းဖြင့်သာ အသက်ရှင်နေကြသည်။ ဘုရားသခင်သည် သူတို့အား မြေကြီး၏ပေါ်များကြွယ်ဝခြင်းများကို ပေးကမ်းထားလျက်ရှိရာ၊ သူတို့သည် ကျေးဇူးတင်သောပူဇော်သကာများကို ကိုယ်တော်ထံသို့ယူဆောင်လာဖို့ရန် မေ့လျော့နေကြသည်။ သူတို့အား ငှားရမ်းထားသောအစွမ်းသတ္တိများကို လိမ္မာ စွာကူးသန်းရောင်းဝယ်ခြင်းဖြင့် ထုတ်လုပ်သောသူများဖြစ်သကဲ့သို့ သုံးစွဲသော သူများလည်းဖြစ်ဖို့ရန် ဘုရားသခင်၏ဆန္ဒကို သူတို့မေ့လျော့နေကြသည်။ ကိုယ်တော်ကိုမစသောအနေဖြင့် လုပ်ဆောင်ပေးဖို့ရန် ဘုရားသခင်၏ဆန္ဒကို သူတို့မှချသိမြင်ခဲ့လျှင်၊ တာဝန်ဝတ္တရားအားလုံးကို တိမ်းရှောင်ခြင်းသည် အခွင့်အရေးတစ်ခုပင်ဖြစ်သည်ဟု သူတို့ထင်မြင်ကြမည်မဟုတ်ပေ။

## အလုပ်လုပ်ကိုင်ခြင်း၏ကောင်းချီးမင်္ဂလာ

အစစ်အမှန်ဖြစ်သောပျော်ရွှင်ခြင်းကို ကောင်းမြတ်ခြင်းနှင့်ကောင်းသောအရာကိုလုပ်ကိုင်ခြင်း၌ တွေ့မြင်နိုင်သည်။ သူတို့အား ခန့်အပ်ထားသောဝတ္တရားများကို သစ္စာရှိစွာ ပြည့်စုံအောင်ဆောင်ရွက်သောသူတို့၌သာလျှင်၊အစင်ကြယ်ဆုံးနှင့် အမြင့်ဆုံးသောပျော်ရွှင်ခြင်း ရောက်ရှိလိမ့်မည်။ မည်သည့် ရိုးသားသောအလုပ်မျှ ဂုဏ်နိမ့်ခြင်းမရှိပေ။ လူတို့အား နေ့စဉ်နေ့တိုင်းလုပ်ကိုင်ရမည့် ရိုးရိုးအလုပ်ကို အထင်အမြင်သေးဖို့ရန် သွေးဆောင်ခြင်းသည် အကျိုးယုတ်ညံ့သောပျင်းရိခြင်းပင်ဖြစ်သည်။ ဤဝတ္တရားများကို လုပ်ကိုင်ဆောင်ရွက်ဖို့ရန် ငြင်းဆိုခြင်းသည် စိတ်ဝိညာဉ်နှင့်စာရိတ္တချို့တဲ့ခြင်းဖြစ်၍ တစ်နေ့သောအခါ ဆန္ဒအားကြီးစွာခံစားရမည်။ ပျင်းရိသောသူ၏အသက်တာ အချိန်တစ်ချိန်၌ သူ၏အင်္ဂါမစုံမလင်ခြင်းသည် ရှင်းလင်းစွာပေါ်လွင်နေလိမ့်မည်။ သူ၏အသက်တာမှတ်တမ်း၌ ရေးသားထားသောစာလုံးများသည် စားသုံးသောသူတစ်ယောက်ဖြစ်သည်။ သို့သော်လည်း ထုတ်လုပ်သောသူ တစ်ယောက်မဟုတ်ပေ။

အသက်တာ၏အလုပ်အကိုင်အားလုံးတို့မှ အကျိုးရှိသောဝိညာဉ်ရေးသင်ခန်းစာများကို သင်ကြားနိုင်သည်။ မြေကြီးကိုထွန်ယက်သောသူတို့သည် အလုပ်လုပ်ကိုင်နေစဉ် "သင်တို့သည် ဘုရားသခင်၏ဥယျာဉ်တော်ဖြစ်ကြ၏" ဟူသော စာလုံးများ၏အဓိပ္ပါယ်ကို လေ့လာနိုင်ကြသည်။ အသက်တာသည် ဝိညာဉ်၏လုပသောအသီးကိုသီးနိုင်ရန် လူတို့၏စိတ်နှလုံးထဲ၌ သမ္မာတရားမျိုးစေ့များကို စိုက်ပျိုးရမည်။ စိတ်ဝိညာဉ်ပေါ်၌ ဘုရားသခင်နှိပ်ခတ်ခြင်းကိုတင့်တယ်သောအချိုးအစားကျခြင်းသို့ ပုံသွင်းရမည်။ ကိုယ်ကာယနှင့်စိတ်ဝိညာဉ်မှ အရိုင်းဖြစ်သောခွန်အားများကို အရှင်သခင်၏အမှုတော်အတွက် လေ့ကျင့်ပေးရမည်။

လူအားလုံးတို့အား ခရစ်တော်သည် အမှုတော်ဆောင်ခြင်းအလုပ်ကို ပေးခဲ့သည်။ ကိုယ်တော်သည် ဘုန်းတော်အရှင်ဖြစ်တော်မူသည်။ သို့တစေလည်း

ကိုယ်တော်မိန့်တော်မူသည်မှာ၊ "လူသားသည် သူတစ်ပါးကိုစေစားခြင်းငှာ မလာ၊ သူတစ်ပါးအစေကိုခံခြင်းငှာ ကြွလာသတည်း။" သို့တစေလည်း ကိုယ်တော်သည် အဖဘုရားသခင်ပေးသောအလုပ်ကို လုပ်ကိုင်ဖို့ရန် ဤလောကသို့ သဘောတူလျက် ကြွလာတော်မူသည်။ ကိုယ်တော်သည် အလုပ်ကို ချီးမြှင့်တော်မူသည်။ ကျွန်ုပ်တို့အဖို့ ကြိုးစားဆောင်ရွက်ခြင်း၏ပုံသက်သေအဖြစ် ကိုယ်တော်သည် လက်သမားအလုပ်၌ မိမိ၏လက်ဖြင့်လုပ်ကိုင်ခဲ့လေသည်။ အသက်ငယ်ရွယ်စဉ်အချိန်ကပင် အိမ်ထောင်အဖို့ထောက်ပံ့ရာ၌ မိမိနှင့်ဆိုင်သောအပိုင်းကို လုပ်ကိုင်ခဲ့သည်။ မိမိသည် အိမ်ထောင်၏အစုစပ်၌ ရှိသည်ဟုယူဆ၍၊ လုပ်ကိုင်ဆောင်ရွက်ရမည့်အပိုင်းကို စိတ်ပါလျက်ဆောင်ရွက်တော်မူသည်။

## အိမ်ထောင်၌ကူညီမစခြင်း

ကလေးများနှင့်လူငယ်များသည် ကိုယ်ကျိုးမရှာသော စိတ်ဝင်စားခြင်းကိုပြ၍၊ ဖခင်နှင့်မိခင်တို့၏အလုပ်အကိုင်၌ ပေါ့ပါးစေသောသဘောဖြင့် ကူညီမစခြင်းပေးရမည်။ သူတို့လုပ်ကိုင်ဖို့ရန်အပိုင်းကို ဝမ်းမြောက်ဝမ်းသာစွာ လုပ်ကိုင်ခြင်းဖြင့်၊ သူတို့သည် လေ့ကျင့်မှုကိုရရှိနေကြရာ နောင်တစ်ချိန်၌ ယုံကြည်စိတ်ချရ၍၊ အသုံးဝင်သောရာထူးများ၌ ထိုက်တန်စေလိမ့်မည်။ နှစ်စဉ်နှစ်တိုင်း သူတို့သည် မှန်မှန်တိုးတက်သွား၍၊ ယောကျ်ားကလေးများနှင့် မိန်းကလေးများအဖြစ် ဗဟုသုတကိုစွန့်ပယ်၍ ယောကျ်ားကြီးနှင့်မိန်းမကြီး ဗဟုသုတအဖြစ်သို့ ပြောင်းလဲသွားကြမည်။ အိမ်ထောင်၌လုပ်ကိုင်ရသော ရိုးရိုးအလုပ်များကို သစ္စာရှိစွာလုပ်ကိုင်ခြင်းဖြင့် ယောကျ်ားကလေးများနှင့် မိန်းကလေးများသည် ဉာဏ၊ စာရိတ္တနှင့် ဝိညာဉ်ရေးဆိုင်ရာ အကောင်းဆုံးအုတ်မြစ်ကိုချနေကြသည်။

## မွန်မြတ်သောကာလ၏ရက်ထည်

ချစ်သောလူငယ်မိတ်ဆွေများ၊ သတိရပါ။ သင်တို့သည် နေ့စဉ် နေ့တိုင်း၊ နာရီတိုင်း၊ အချိန်တိုင်း သင်တို့၏မွန်မြတ်သော ကာလ၏ရက်ထည်ကို ရက်လုပ်နေကြသည်။ တစ်ချိန်တစ်ချိန်လျှင် လွန်းကိုခတ်လိုက်သော အခါ၊ ရက်ထည်ထဲသို့ အပ်ချည်တစ်မျှင်ဝင်လာခဲ့ရာ၊ ၎င်းသည် ပုံစံကို ချွတ်ယွင်းခြင်း (သို့မဟုတ်) လှပခြင်းကိုဖြစ်စေသည်။ သင်သည် မသေချာ၍ ပျင်းရိခြင်းရှိပါက၊ ဘုရားသခင်ပုံစံပေးထားသော သင်၏တောက်ပ၍ လှပ သောအသက်တာသည် ပျက်စီးသွားခဲ့ပြီ။ သင်၏စိတ်သဘောအလိုပါခြင်း နောက်သို့လိုက်ဖို့ရန် ရွေးချယ်ခဲ့လျှင်၊ ခရစ်တော်နှင့်မတူသောအကျင့်စလေ့ များသည် သင့်ကို သံမဏိသံပတ်များဖြင့် စည်းနှောင်လိမ့်မည်။ သင်သည် ခရစ်တော်အထံတော် မှထွက်ခွာသောအခါ၊ အများသောသူတို့သည် သင်၏ ပုံသက်သေအတိုင်း လိုက်ကြလိမ့်မည်။ သင်၏မှားယွင်းသော ရှေးရှုသွားခြင်း ကြောင့်၊ အများသော သူတို့သည် ကောင်းကင်နိုင်ငံတော်၏ဘုန်းအသရေတော် ကို မည်သည့်အခါမျှ စံစားရကြမည်မဟုတ်။ သို့သော်လည်း သင်သည် ကိုယ်ကျိုးရှာဖွေခြင်းကို ကြိုးစား၍ကောင်းမွန်စွာအောင်မြင်ခဲ့သောကြောင့်၊ သင်၏ပတ်ဝန်းကျင်၌ရှိသော သူတို့ကိုမစရန် အခွင့်ကောင်းရရှိသည်ကို လက် မလွှတ်စေပါက၊ သင်၏ပုံ သက်သေအလင်းသည် အခြားသောသူတို့ကို လက်ဝါးကပ်တိုင်သို့ လမ်းပြပေး လိမ့်မည်။ The Youth's Instructor, December 5, 1901.

–o–

# အလုပ်လုပ်ခြင်း၏ဂုဏ်ကျက်သရေ – ၆၆

လူသည် နားမထောင်သောကြောင့်၊ လောကကြီးထဲသို့ ရောက်ရှိလာခဲ့သောမကောင်းမှုကို၊ ပင်ပန်းစွာလုပ်ကိုင်ခြင်းဖြင့် လျှော့ပေါ့စေခြင်းသည်၊ ဘုရားသခင်၏အကြံအစည်တော်ပင်ဖြစ်သည်။ အလုပ်လုပ်ခြင်းအားဖြင့် စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းများကို အထမမြောက်စေအောင်ပြုလုပ်နိုင်၍၊ မကောင်းမှုကိုတားဆီးနိုင်သည်။ စိတ်ပူပန်ခြင်း၊ မောပန်းခြင်းနှင့် နာကျင်ခြင်း များရှိသော်လည်း၊ ပင်ပန်းစွာလုပ်ကိုင်ရခြင်းသည် ပျော်ရွှင်ခြင်းနှင့်ကြီးပွားခြင်း ၏မူလအစပင်ဖြစ်၍၊ စုံစမ်းနှောင့်ယှက်ခြင်းမှ အကွယ်အကာဖြစ်သည်။ ၎င်း၏ပဲ့ပြင်ခြင်းသည်၊ ကိုယ်အလိုကိုလိုက်စားတတ်ခြင်းကိုဆီးတား၍ ကြိုးစားခြင်း၊ စင်ကြယ်ခြင်းနှင့်ခိုင်ခံ့ခြင်းကို အားပေးသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့ကို အပြစ်မှပြန်၍ ရရှိဖို့ရန် ဘုရားသခင်၏ကြီးသောအကြံအစည် တော်၏အပိုင်းတစ်ပိုင်းဖြစ်ခဲ့သည်။

## လက်နှင့်လုပ်ကိုင်သောအလုပ်နှင့်ကစားခြင်း

အများသောသူတို့၏အထင်အမြင်၌ လက်နှင့်ချွေးထွက်အောင် ပင်ပန်းစွာလုပ်ကိုင်ရခြင်းသည် ဂုဏ်အသရေမရှိဟု ထင်မြင်ကြသည်။ သို့တစေလည်း လူတို့သည် ဘောလုံးအမျိုးမျိုးကစားခြင်း (သို့မဟုတ်) လက်ဝှေ့သတ်ခြင်း အလုပ်မျိုး၌ ခွန်အားစိုက်ထုတ်၍ ပြုလုပ်ကြသော်လည်း၊ ဂုဏ်အသရေမရှိသောအလုပ်ဟု မယူဆကြပေ။ လူတို့သည် သူတို့၏စိတ်နှင့်ကာယတန်ခိုးများကို ပညာပေးခြင်းမရှိ၊ အသုံးမဝင်သူတို့၏မစခြင်းလိုသောသူတို့အားလည်း ကောင်းချီးမင်္ဂလာမဖြစ်စေနိုင်သောအရာများ၌ အသုံးချနေသည်ကို စာတန်တွေ့မြင်သောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်သည်။ လူငယ်များသည် သူတို့အဖို့နှင့် အခြားသောသူများအဖို့ အစစ်အမှန်တန်ဖိုးမရှိသော ကစားခြင်းမျိုး

များ၌ အထူးကျွမ်းကျင်လာသောအခါ၊ စာတန်သည် သူတို့၏အသက်ဝိညာဉ် အဖို့ အသက်တာ၏ကစားမျိုးကို ကစားနေသည်။ ဘုရားသခင်သူတို့အား ပေးသော အစွမ်းသတ္တိများကိုယူ၍၊ ယင်းနေရာ၌ သူ၏မကောင်းသော ဂုဏ် အင်္ဂါများကို ထည့်ထားလိုက်သည်။ လူတို့သည် ဘုရားသခင်အား မထီမဲ့မြင် ပြုလုပ်ရန် လမ်းညွှန်ပေးခြင်း၌ သူ၏ကြိုးစားခြင်းဖြစ်သည်။ သူသည် လူ၏ စိတ်ကို လုံးဝချုပ်ကိုင်ရန်ရှာဖွေခဲ့၍ လူ၏စိတ်၌ ဘုရားသခင်အကြောင်းကို တွေးတောဖို့ရန် နေရာမရှိတော့ပေ။ လူတို့သည် သူတို့၏ဖန်ဆင်းရှင်အကြောင်း အသိအမြင်ရှိဖို့ရန် သူသည် အလိုမရှိပေ။ သို့ဖြစ်၍ လူငယ်တို့၌ ကစားခြင်း နှင့်ကခုန်မြူးထူးခြင်းများကို သွင်းပေးနိုင်ပါက၊ သူတို့၏အာရုံ များသည် ရှုပ်ထွေးလာ၍ ဘုရားသခင်နှင့်ကောင်းကင်နိုင်ငံတော်ကို မေ့လျော့သွားခဲ့လျှင် စာတန်၌ အလွန်နှစ်သက်ခြင်းရှိသည်။

မကောင်းမှုကိုတားဆီးခြင်း၌ စိတ်အချရဆုံးသည် အကျိုးရှိသော အလုပ်အကိုင်ပင်ဖြစ်သည်။ ပျင်းရိခြင်းသည် အကြီးဆုံးကျိန်ခြင်းဖြစ်သည်။ ဆိုးသွမ်းခြင်း၊ ရာဇဝတ်မှုကျူးလွန်ခြင်းနှင့်ဆင်းရဲခြင်းသည် နောက်မှလိုက်လာ လျက်ရှိသည်။ အစဉ်အလုပ်များနေသောသူများ၊ မိမိတို့၏နေ့စဉ်ဝတ္တရားများကို ဝမ်းမြောက်ရွှင်လန်းစွာဖြင့် ဆောင်ရွက်နေသောသူများတို့သည် အစည်းအရုံး၌ အသုံးဝင်သော အသင်းသားများဖြစ်ကြသည်။ သူတို့၏လမ်း၌ရှိသည့် အမျိုးမျိုး သောဝတ္တရားများကို သစ္စာရှိစွာဖြင့်ဆောင်ရွက်ရာ၌၊ သူတို့၏အသက်တာကို လည်းကောင်း၊ အခြားသောသူတို့၏အသက်တာကိုလည်းကောင်း ကောင်းချီး မင်္ဂလာဖြစ်စေသည်။ လုံ့လရှိစွာဖြင့်လုပ်ကိုင်ခြင်းသည် အလုပ်မလုပ်သောသူ အဖို့ အကျိုးပျက်ခြင်းရှိ၏ဟူသောထောင်ချောက်မှ အများသောသူတို့ကို အကာ အကွယ်ပေးခဲ့သည်။

ရေမစီးသောအိုင်သည် များမကြာမီ အနံ့ဆိုးထွက်လာခဲ့သည်။ သို့သော်လည်း ရေစီးသောချောင်းသည် မြေပေါ်သို့ ကျန်းမာခြင်းနှင့်ပျော်ရွှင် ခြင်းကိုပြန့်စေသည်။ တစ်ခုသည် ပျင်းရိခြင်း၏အမှတ်လက္ခဏာဖြစ်၍၊ အခြား တစ်ခုသည် ကြိုးစားခြင်း၏အမှတ်လက္ခဏာဖြစ်သည်။

## ခရစ်တော်၏ပုံသက်သေ

မြေကြီးပေါ်၌နေထိုင်ကြသောသူများ လုပ်ကိုင်ရမည့်လမ်းသည် ကြမ်းတမ်း၍ မောပန်းခြင်းရှိလိမ့်မည်။ သို့သော်လည်း ကယ်တင်ရှင်၏ခြေရာ လမ်းကြောင်းများဖြင့် ဂုဏ်ပြုထားလျက်ရှိသည်။ ဤသန့်ရှင်းသောလမ်းသို့ လိုက်သောသူသည် လုံခြုံခြင်းရှိသည်။ ကျင့်ဝတ်နှင့်ပုံသက်သေအားဖြင့် ခရစ်တော်သည် အကျိုးရှိသောလုပ်ဆောင်ခြင်းကို ဂုဏ်ပြုတော်မူခဲ့ပြီ။ ကိုယ်တော်သည် သူငယ်ဘဝမှအစပြု၍ လုပ်ကိုင်ဆောင်ရွက်နေသောအသက်တာဖြင့် နေထိုင်ခဲ့သည်။ ကိုယ်တော်၏ငယ်ရွယ်စဉ်အချိန် တစ်ချိန်လုံးလောက်ပင် နာဇရက်မြို့ရှိ လက်သမားအလုပ်ရုံ၌ သည်းခံ၍အလုပ်လုပ်ကိုင်ခဲ့သည်။ သာမန်အလုပ်သမား တစ်ယောက်၏ဝတ်ဆင်ပုံမျိုးဖြင့် အသက်တာ၏အရှင်သခင်သည် မိမိနေထိုင်သောမြို့ကလေး၏လမ်းများပေါ်၌ အလုပ်သွား၊ အလုပ်ပြန် လမ်းလျှောက်သွားခဲ့သည်။ ကိုယ်တော်သည် ကျေးတောသားများ၊ အလုပ်သမား ဂျားနှင့်ဘေးချင်းယှဉ်၍ လမ်းလျှောက်သွားခဲ့ရာ၊ မှတ်မိခြင်း၊ ဂုဏ်ပြုခြင်းမခံရပေ။

သတိတရားရှိသောလုပ်ဆောင်ခြင်းသည်၊ လူမျိုးအဖို့ ကျန်းမာခြင်းနှင့်ပြည့်ဝသော အားဆေးတစ်ခွက်ဖြစ်သည်။ အားနည်းသောသူကို ကျန်းမာစေ၏။ ဆင်းရဲသောသူကိုကြွယ်ဝစေ၏။ စိတ်ဒုက္ခရောက်သောသူကို ဝမ်းသာစေသည်။ စာတန်သည် ပုန်း၍စောင့်နေလျက် အနားသို့ချဉ်းကပ်ဖို့ရန် အခွင့်အရေးသာသည်နှင့်တစ်ပြိုင်နက် ဖျက်ဆီးပစ်ဖို့ရန် အဆင်သင့်ရှိသည်။ လူတို့သည် အလုပ်မလုပ်ကိုင်ဘဲ ပျင်းရိနေချိန်၌ စာတန်လာရောက်ပါက၊ သူ့အဖို့ ပို၍အောင်မြင်ခြင်းရရှိသည်။

## စိတ်ကျေနပ်သောကြိုးစားခြင်း၏သင်ခန်းစာ

ဥစ္စာပစ္စည်းချမ်းသာခြင်းကြောင့် ပေါ်ပေါက်လာသောမကောင်းမှုများထဲမှ အကြီးဆုံးသောမကောင်းမှုတစ်ခုမှ၊ အလုပ်သည် ဂုဏ်ကိုသိမ်ငယ်စေ

သည်ဟူသော အယူအဆပင်ဖြစ်သည်။ ပုရောဖက်ယေဇကျေလပြောဆိုသည်မှာ "သင့်ညီမသောဒုံ၏အပြစ်ဟူမူကား၊ သူနှင့်သူ့သမီးတို့သည် မာနကြီးခြင်း၊ ဝစွာ စားသောက်ခြင်း၊ ငြိမ်ဝပ်စွာကောင်းစားခြင်းရှိ၍ ဆင်းရဲငတ်မွတ်သောသူတို့ကို မထောက်ပံ့ဘဲနေကြ၏" ယေဇကျေ ၁၆း၄၉။ ဤနေရာ၌ ကျွန်ုပ်တို့ရှေ့တွင် ပျင်းရိခြင်း (ငြိမ်ဝပ်စွာနေခြင်း) ၏ကြောက်မက်ဖွယ်ရာကောင်းသော အကျိုး သက်ရောက်ခြင်းကို ဖော်ပြထားရာ၊ စိတ်ဝိညာဉ်ကိုခွန်အားနည်းစေခြင်း၊အသက် ဝိညာဉ်ကိုယုတ်ညံ့စေ၍၊ နားလည်ခြင်းကို ဖောက်ပြန်စေသည်။ ကောင်းချီးမင်္ဂ လာတစ်ရပ်ဖြစ်စေဖို့ရန် ပေးသောအရာကို ကျိန်ခြင်းဖြစ်စေသည်။ အလုပ်လုပ် ကိုင်သောယောကျ်ားနှင့်မိန်းမများသာလျှင် အသက်တာ၌ ကြီးကျယ် ၍ကောင်း သောအရာတစ်စုံတစ်ခုကို တွေ့မြင်ကြပြီးလျှင်၊ မိမိတာဝန်ဝတ္တရားများကို ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းဖြင့်ထမ်းဆောင်ရန် ဆန္ဒရှိသည်။

အသက်တာ၏လိုအပ်သောတာဝန်ဝတ္တရားများ၌ မရှိလျှင်မဖြစ်သော ရောင့်ရဲတတ်သည့်ကြိုးစားခြင်းသင်ခန်းစာကို ခရစ်တော်၏များစွာသော နောက် လိုက်တို့သည် သင်ကြားဖို့ရန်ရှိသေး၏။ ပွင့်နေသောနယ်ပယ်၌ အသိအမှတ် ပြုထားသော သာသနာပြုဆရာအနေဖြင့် လုပ်ဆောင်သည်ထက် ခရစ်ယာန်ဘာ သာ၏ကျင့်ဝတ်များကို သာမန်အသက်တာ၏အလုပ်အကိုင်၌ သယ်ဆောင်သွား နိုင်ဖို့ရန် သာ၍များသောကျေးဇူးတော်၊ စာရိတ္တကို စည်းကမ်း တကျဖြစ်ဖို့ရန် သာ၍တင်းကျပ်ခြင်း၊ ဘုရားသခင်အဖို့ စက်ကိရိယာပညာ တတ်သောသူအနေ ဖြင့်လည်းကောင်း၊ ကုန်သည်၊ ရှေ့နေ (သို့မဟုတ်) လယ်သမားအနေဖြင့် လည်းကောင်း လုပ်ကိုင်ဖို့ရန်ဖြစ်သည်။ အလုပ်ရုံနှင့် အလုပ်တိုက်များထဲသို့ ဘာသာတရားကိုယူဆောင်လာဖို့ရန် အလွန်သန်မာသော ဝိညာဉ်ရေးဆိုင်ရာ သတ္တိကိုလိုအပ်၏။ နေ့စဉ်နေ့တိုင်း အသက်တာ၏ အသေးစိတ်များကို သန့်ရှင်းစေ၍ မှုခင်းကိစ္စအားလုံးကို ဘုရားသခင်၏ နှုတ်ကပတ်တော်အဆင့် အတန်းနှင့်အညီ စီစဉ်ခြင်းဖြစ်သည်။ ဤအရာကို ဘုရားသခင်အလိုရှိတော် မူသည်။

တမန်တော်ရှင်ပေါလုသည် ပျင်းရိခြင်းကိုအပြစ်ဟု သဘောထား လေသည်။ အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်သော တဲရှင်ချုပ်လုပ်ခြင်း၏

အထက်ပိုင်း၊ အောက်ပိုင်းများကိုသင်ကြားခဲ့၍၊ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်နေချိန်တွင် စားဝတ်နေရေးအတွက် ဤအသက်မွေးဝမ်းကျောင်း အလုပ်ဖြင့် မိမိကိုယ်တိုင်နှင့်အခြားသောသူများကိုပါ ထောက်ပံ့ခဲ့သည်။ ပေါလုသည် ဤကဲ့သို့သုံးဖြုန်းခဲ့သောအချိန်ကို ပျောက်ဆုံးသွားသောအချိန်ဟု မယူဆခဲ့ပေ။ သူသည် အလုပ်လုပ်ကိုင်နေစဉ်၊ အခြားနည်းလမ်းအားဖြင့် မရောက်နိုင်သောလူတန်းစားများထံသို့ တမန်တော်သည် ချဉ်းကပ်ခွင့်ရခဲ့လေ သည်။ သူသည် သူ၏အပေါင်းအဖော်တို့အား သာမန်အတတ်ပညာ၌ ကျွမ်း ကျင်ခြင်းသည် ဘုရားသခင်အထံတော်မှရရှိသော ဆုကျေးဇူးပင်ဖြစ်သည် ဟုပြသည်။ နေ့စဉ်နေ့တိုင်းလုပ်ကိုင်သောအလုပ်၌ ဘုရားသခင်ကိုဂုဏ်ပြုရ မည့်အကြောင်း သွန်သင်သည်။ ခရစ်ယာန်ဓမ္မဆရာတစ်ယောက်အနေဖြင့် လုပ်ကိုင်၍ ကြမ်းတမ်းနေသောလက်သည် ကြင်နာဖွယ်သောပန်ကြားခြင်း များကိုပြုလုပ်ခြင်း၌ တွန့်ဆုတ်ခြင်းမရှိပေ။

အားလုံးသောသူတို့သည် အလုပ်လုပ်သောသူများဖြစ်စို့ရန် ဘုရားသခင် သည် မှန်းထားတော်မူသည်။ အလုပ်လုပ်သောဝန်တင်တိရစ္ဆာန်သည် ဖန်ဆင်း ထားခြင်း၏အကြံအစည်ကို ပျင်းရိသောသူထက် အဖြေပို၍ပေးလေသည်။ ဘုရားသခင်သည် အစဉ်မပြတ်လုပ်ကိုင်တော်မူသော ဘုရားတစ်ဆူဖြစ်တော် မူသည်။ ကောင်းကင်တမန်များသည်လည်း အလုပ်လုပ်ကိုင်ကြသည်။ သူတို့ သည်လူတို့အဖို့ ဘုရားသခင်၏အစေခံများဖြစ်ကြသည်။ အလုပ်မလုပ်ကိုင် ရသောကောင်းကင်ဘုံကို မျှော်လင့်သောသူတို့သည် စိတ်ပျက်ခြင်းနှင့်တွေ့ဆုံ ရကြမည်။ ကောင်းကင်နိုင်ငံတော်၏စီးပွားရေးသည် ပျင်းရိသောသူတို့အဖို့ နေရာမရှိပေ။ သို့သော်လည်း ဝန်လေး၍ပင်ပန်းသောသူတို့အဖို့ နားနေခြင်းကို ကတိထားတော်မူသည်။ သစ္စာရှိသောကျွန်ကို သူ၏လုပ်ဆောင်ခြင်းမှ ဘုရား သခင်၏ဝမ်းမြောက်ခြင်းသို့ လက်ခံတော်မူမည်။ သူသည် သူ၏သံချပ်အင်္ကျီ ကို ဝမ်းမြောက်ဝမ်းသာစွာဖြင့် ချွတ်ထားလိမ့်မည်။ ခရစ်တော်၏လက်ဝါး ကပ်တိုင်မှ အောင်မြင်သောသူတို့အဖို့ပြင်ဆင်ထားသည့် ဘုန်းတော်နှင့်ပြည့်ဝ သောနားနေခြင်း၌ စစ်တိုက်သံကိုမေ့လျော့သွားလိမ့်မည်။ Counsels to Teachers, Parents, and Students, pp. 274-280.

—၀—

# ရေရှိသောနေရာတိုင်း၌စိုက်ပျိုးခြင်း – ၆၇

သာသနာပြုအလုပ်နှင့်စပ်ဆိုင်၍ အမျိုးမျိုးဘက်၌ဆောင်ရွက်ဖို့ရန် ဘုရားသခင်သည် ကိုယ်တော်၏လူတို့အား ခေါ်နေတော်မူ၍ ရေရှိသော နေရာတိုင်း၌ စိုက်ပျိုးရမည်။ ကျွန်ုပ်တို့၏အိမ်နီးနားချင်းများနှင့် မိတ်ဆွေ များအထဲတွင်ဆောင်ရွက်ဖို့ရန် ဘုရားသခင်အလိုရှိတော်မူသောအလုပ်ကို ကျွန်ုပ်တို့သည် ငယ်သောအပိုင်းလောက်သာ လုပ်ကိုင်ကြသည်။ ဆင်းရဲ သောသူများ၊ ဖျားနာသောသူများ (သို့မဟုတ်) ဆုံးပါးခြင်းခံရသောသူများကို ကြင်နာခြင်းအားဖြင့် ဘုရားရှင်၏သမ္မာတရားသည် သူတို့၏စိတ်နှလုံးများ ထဲသို့ဝင်နိုင်ရန် သူတို့အပေါ်၌ကျွန်ုပ်တို့သည် ဩဇာရှိကြလိမ့်မည်။ အမှုတော် အတွက် ထိုကဲ့သို့သောအခွင့်အရေးမျိုးကိုရရှိခဲ့လျှင်၊ တိုးတက်ကောင်းမွန်ခြင်း မရှိပါက လက်လွှတ်မခံပါနှင့်။ ထိုအရာသည် ကျွန်ုပ်တို့လုပ်ကိုင်နိုင်သည့် အမြင့်ဆုံးသောသာသနာပြုအလုပ်ဖြစ်သည်။ သမ္မာတရားကို တစ်အိမ်တက် တစ်အိမ်ဆင်း သွားရောက်ဖော်ပြခြင်းသည် ပထမဦးဆုံးအကြိမ် ကိုယ်တော် သည် တပည့်တော်တို့အား သာသနာပြုရန်စေလွှတ်လိုက်ခြင်း၏သွန်သင်ချက် နှင့်ညီညွတ်ခြင်းရှိသည်။

## သီချင်းဆိုခြင်းဆုကျေးဇူး

သီချင်းဆိုတတ်သောသူများကို လိုအပ်နေသည်။ သီချင်းသည် စိတ်နှလုံးပေါ်၌ ဝိညာဉ်ရေးနှင့်ဆိုင်သောသမ္မာတရားကို နှိပ်ခတ်ခြင်း၌ အလွန် ထိရောက်ခြင်းရှိသည်။ ရံဖန်ရံခါ ရိုသေဖွယ်သောသီချင်းစကားလုံးများသည် နောင်တရခြင်းနှင့်ယုံကြည်ခြင်းစမ်းရေတွင်းများကို ဖွင့်ပေးလိုက်လေသည်။ ကမ္ဘာကြီးအား နောက်ဆုံးသောသတင်းစကားကို သွားရောက်ဟောပြောဖို့ရန် ကြီးငယ်မရွေး အသင်းသားတို့အား ပညာပေးသင့်ပေသည်။ သူတို့သည် နှိမ့်ချ၍သွားခဲ့လျှင်၊ ဘုရားသခင်၏ကောင်းကင်တမန်များသည် သူတို့နှင့်

အတူသွား၍ မည်ကဲ့သို့ စိတ်ရောကိုယ်ပါဆုတောင်းခြင်း၊ မည်ကဲ့သို့တက်ကြွသောအသံဖြင့်သီချင်းဆိုခြင်း၊ မည်ကဲ့သို့ဧဝံဂေလိသတင်းစကားတော်ကို ဟောပြောရမည်အကြောင်း သွန်သင်ပေးလိမ့်မည်။

လူငယ်ယောကျာ်းကလေးများနှင့်မိန်းကလေးတို့၊ ဘုရားသခင်သည် သင်တို့အားလုပ်ကိုင်ဖို့ရန်ခေါ်သောအလုပ်ကို လုပ်ကိုင်ကြပါ။ သင်တို့၏ အစွမ်းသတ္တိများကို ကောင်းမွန်စွာအသုံးချနိုင်ဖို့ရန် ခရစ်တော်သည်သင်တို့ကို သွန်သင်လိမ့်မည်။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်လှုပ်ရှားခြင်းသြဇာ ထောက်ကူမှုကိုရရှိ၍၊ အခြားသောသူများကိုသွန်သင်ပေးဖို့ရန် ရှာကြံသော အခါ၊ သင်၏စိတ်သဘောသည် လန်းဆန်းလာ၍၊ သင်သည် သစ်လွင်၍ ထူးဆန်းလှပသောစကားများကို နားထောင်နေသောသူတို့အား တင်ပြနိုင်လိမ့်မည်။

## ဆေးဘက်နှင့်ဆိုင်သောသာသနာလုပ်ငန်း

ဆေးဘက်နှင့်ဆိုင်သောသာသနာလုပ်ငန်းသည် အမှုတော်အဖို့ များစွာသောအခွင့်ကောင်းများကို ဖွင့်ပေးသည်။ စားသောက်ခြင်း၌ ချုပ်တည်းခြင်း မရှိခြင်းနှင့် သဘာဝတရားများကိုမသိမမှတ်ဘဲနေခြင်းသည် ယခုရှိနေသော ဖျားနာရခြင်းများ၏အကြောင်းရင်းပင်ဖြစ်၍၊ ဘုရားသခင်သာလျှင် ရသင့် ရထိုက်သောဘုန်းတော်ကို လုယူနေခြင်းဖြစ်သည်။ မိမိကိုယ်ကိုငြင်းပယ်ဖို့ရန် ပျက်ကွက်နေသောကြောင့်၊ မြောက်မြားစွာသော ဘုရားသခင်၏လူတို့သည် ကိုယ်တော်ရှင်သူတို့ရှေ့၌ထားသော မြင့်မားသည့်ဝိညာဉ်ရေးအဆင့်အတန်းသို့ မရောက်ရှိနိုင်ကြပေ။ ရောဂါကိုကုသသည်ထက်၊ ကျန်းမာအောင်နေထိုင်ဖို့ရန် သာ၍သိသင့်သည်ကို လူတို့အားသွန်သင်ရမည်။ ကျွန်ုပ်တို့သည် လိမ္မာရေးခြားရှိသော ဆုံးမပဲ့ပြင်သည့်သူများဖြစ်၍၊ ကိုယ်အလိုသို့လိုက်ခြင်းရှိသမျှကို သတိပေးရမည်။ မသိနားမလည်ခြင်းကြောင့် လောကထဲသို့ရောက်လာသော စိတ်ဒုက္ခရောက်ခြင်း၊ မစွမ်းမသန်ရှိခြင်းနှင့်ရောဂါဝေဒနာကို ကျွန်ုပ်တို့တွေ့မြင်

ရသောအခါ၊ မသိနားမလည်သောသူကိုအလင်းပေးခြင်း၊ ဒုက္ခခံစားနေရသောသူကို သက်သာခြင်းမပြုဘဲ ကျွန်ုပ်တို့သည် မည်ကဲ့သို့နေနိုင်အံ့နည်း။

အသက်ဝိညာဉ်သို့သွားသောလမ်းများကို ရက်စက်သောအကျိုးပျက်ခြင်းက ပိတ်ထားသောကြောင့်၊ အများသောသူတို့သည် ကျန်းမာစွာနေထိုင်ခြင်းကျင့်ဝတ်များကို မသိမမြင်ဘဲနေကြသည်။ ကျန်းမာခြင်းပေးနိုင်သောအစားအစာကို မည်ကဲ့သို့ပြင်ဆင်ရမည်အကြောင်း၊ လူတို့ကိုသွန်သင်ပေးခြင်းဖြင့် ကောင်းသောအမှုကိုပြုလုပ်ပေးနိုင်သည်။ ဤအလုပ်မျိုးသည် အခြားအလုပ်များနည်းတူမရှိလျှင် မဖြစ်သောအလုပ်မျိုးဖြစ်သည်။ ချက်ပြုတ်နည်းကျောင်းများကို ထပ်မံ၍တည်ထောင်ရကြမည်။ အချို့တို့သည် တစ်အိမ်တက်တစ်အိမ်ဆင်းသွားရောက်၍ အရသာရှိသောအစာများ ချက်ပြုတ်နည်းသွန်သင်ပေးရမည်။ ကျန်းမာရေးနှင့်ဆိုင်သောပြုပြင်ပြောင်းလဲခြင်း၊ ဩဇာသက်ရောက်ခြင်းဖြင့် မြောက်မြားစွာသောသူတို့ကို ကာယ၊ ဉာဏနှင့်ကျင့်ဝတ္တရားများဆုတ်ယုတ်သွားခြင်းမှ ကယ်ဆယ်နိုင်လိမ့်မည်။ Review and Herald, June 6, 1912.

–୦–

# အလုပ်အကိုင်၏လုပ်ငန်းအမျိုးအစားများ – ၆၈

အမှုတော်ဆောင်ရွက်ဖို့ရန် အသင်းတော်ကိုဖွဲ့စည်းထားသည်။ အသင်းတော်နှင့်ဆက်စပ်လျက်ရှိသော ခရစ်တော်၏အမှုတော်ကိုဆောင်ရွက်ရသောအသက်တာသည် ပထမဦးဆုံးအဆင့်ဖြစ်သည်။ ခရစ်တော်ကိုသစ္စာရှိခြင်းသည်၊ အသင်းတော်၏ဝတ္တရားများကို သစ္စာရှိစွာဆောင်ရွက်ရခြင်းဖြစ်သည်။ ဤအရာသည် လေ့ကျင့်ခြင်း၌ အရေးကြီးသောအပိုင်းတစ်ပိုင်းဖြစ်သည်။ ခရစ်တော်၏အသက်တာဖြင့် သက်ဝင်ခြင်းရှိသောအသင်းတော်သည် ပြင်ပလောက၌ ကြိုးစားဆောင်ရွက်ရန် လမ်းပြလိမ့်မည်။ လူငယ်များသည် ကြိုးစား၍မစခြင်းပေးရာ၌ အခွင့်ကောင်းရရှိနိုင်ရန် အလုပ်အမျိုးအစားများစွာရှိသည်။ Education, pp. 268, 269.

## လူအသီးအသီးတို့အဖို့နေရာရှိခြင်း

ကောင်းကင်နိုင်ငံတော်၏ထာဝရအကြံအစည်တော်၌ လူအသီးအသီးတို့သည် သူတို့အဖို့နေရာရှိခြင်းပင်ဖြစ်သည်။ အသက်ဝိညာဉ်များကိုကယ်တင်ခြင်း၌ ကိုယ်စီကိုယ်င ခရစ်တော်နှင့်အတူပူးပေါင်း၍လုပ်ကိုင်ရကြမည်။ ကျွန်ုပ်တို့သည်မြေကြီးပေါ်၌ ဘုရားသခင်အဖို့ လုပ်ဆောင်ပေးဖို့ရန် အထူးနေရာသတ်မှတ်ထားခြင်းရှိသကဲ့သို့ ကောင်းကင်နိုင်ငံတော်၏နေရာ အခန်းများ၌လည်း၊ ကျွန်ုပ်တို့အဖို့ ပြင်ဆင်ထားခြင်းရှိသည်။ Christ's Object Lessons, pp. 326, 327.

## ဥပုသ်စာဖြေကျောင်းလုပ်ငန်း

ဘုရားသခင်သည် လူငယ်ယောကျ်ားကလေးများနှင့်မိန်းကလေးများတို့အား ဥပုသ်စာဖြေကျောင်းအလုပ်၌ တစ်သက်ပတ်လုံးကြိုးစားဆောင်ရွက်

ခြင်းပြုလုပ်ဖို့ရန် ခေါ်တော်မူသည်။ ဥပုသ်စာဖြေကျောင်းအလုပ်၌ စိတ်ရော ကိုယ်ပါသွန်သင်ပေးနိုင်သော ဆရာများ၊ လေ့ကျင့်ပေးခြင်းအားဖြင့် သူတို့၏ အစွမ်းသတ္တိကို တိုးတက်စေနိုင်သောသူများနှင့် ရောက်ရှိနေပြီးသားအဆင့်အ တန်း ကို တိုးတက်ကောင်းမွန်အောင် ပြုပြင်ပေးနိုင်သောသူများကို ဘုရားသခင် အလိုရှိတော်မူသည်။ Testimonies on Sabbath School Work, p. 53.

## သမ္မာကျမ်းစာသင်ပေးခြင်းအလုပ်

သမ္မာကျမ်းစာဖတ်ရွတ်ခြင်းကို ကျင်းပခြင်းအလုပ်သည် ကောင်းကင် ဖွားအကြံအစည်ဖြစ်၍၊ ရာပေါင်းများစွာသောယောကျ်ားကလေးများနှင့် မိန်းက လေးများတို့အား အရေးကြီးသောအလုပ်ကိုလုပ်ကိုင်ဖို့ရန် နယ်သို့ ပို့ဆောင် လိုက်လေသည်။ အခြားသောနည်းအားဖြင့် ပြုလုပ်ပြီးစီးနိုင်မည် မဟုတ်ပေ။

သမ္မာကျမ်းစာသည် သံကြိုးဖြင့်ချည်နှောင်ထားခြင်းမရှိပေ။ ၎င်းကို လူတိုင်းတို့၏အိမ်တံခါးပေါက်သို့ သယ်ဆောင်သွား၍၊ ယင်းအထဲ၌ပါရှိသော သမ္မာတရားများကို လူတိုင်းတို့၏ဩတ္တပ္ပစိတ်ထဲသို့ တင်ပြနိုင်သည်။ မွန်မြတ် သောဗေရိမြို့သားများကဲ့သို့ အများသောသူတို့သည် သူတို့ကိုယ်တိုင် ကျမ်းစာ ကိုနေ့တိုင်းရှာဖွေလေ့လာ၍ သမ္မာကျမ်းစာကိုပြသသောအခါ၊ ဤအရာသည် မှန်မမှန်ကိုကြည့်ရှုကြမည်။ သခင်ယေရှုမိန့်တော်မူသည်မှာ၊ "ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည်ဟု စိတ်အထင်နှင့်သင်တို့သည် ကျမ်းစာကိုစေ့စေ့ ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ငါ၏သက်သေဖြစ်၏။" ကမ္ဘာကြီး၏ ကယ်တင် ရှင်ဖြစ်သော သခင်ယေရှုသည် လူတို့အားကျမ်းစာကိုဖတ်ဖို့ရန် စေခိုင်းရုံမျှမက စေ့စေ့ရှာဖွေရန်ခိုင်းတော်မူသည်။ ဤအလုပ်သည်ကြီးကျယ်၍ အရေးကြီးသော အလုပ်ဖြစ်ရာ၊ လုပ်ကိုင်ဖို့ရန် ကျွန်ုပ်တို့အားအပ်နှံထား၏။ ဤအလုပ်ကိုလုပ် ကိုင်ခြင်းဖြင့် ကျွန်ုပ်တို့သည် များစွာအကျိုးကျေးဇူးခံစား ရကြမည်။ ခရစ်တော် ၏အမိန့်တော်ကိုနားထောင်ခြင်း၌ ဆုလာဘ်မခံစားရဘဲ

မရှိပေ။ ကိုယ်တော်၏နှုတ်ကပတ်တော်၌ ဖော်ပြထားသောအလင်းကို သစ္စာရှိစွာဖြင့်လိုက်လျှောက်ခြင်းကြောင့် ကိုယ်တော်၏အထူးကျေးဇူးပြုခြင်းကို ခံရကြမည်။ Testimonies on Sabbath School Work, pp. 29,30.

## စာပေရောင်းချခြင်း

သမ္မာတရားကိုမကြားရသေးသောနေရာများ၌ တစ်အိမ်ဆင်းတစ်အိမ်တက်သွားရောက်၍၊ စာပေရောင်းချခြင်းနှင့် ဧဝံဂေလိဆရာများအဖြစ် လုပ်ဆောင်ရန် ဘုရားသခင်သည် လူငယ်တို့အားခေါ်တော်မူသည်။ ကိုယ်တော်သည် လူငယ်တို့အားမိန့်တော်မူသည်မှာ၊ "သင်တို့သည် အဖိုးနှင့်ဝယ်ယူတော်မူသောသူဖြစ်သောကြောင့်၊ ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြလော့။" ဘုရားသခင်၏ညွှန်ကြားခြင်းအောက်၌ သွားရောက်လုပ်ဆောင်သောသူတို့သည် အံ့ဩဖွယ်ရာကောင်းလောက်အောင် ကောင်းချီးမင်္ဂလာခံစားရမည်။ Testimonies for the Church, vol. 8, p. 229.

လူငယ်တို့အဖို့ ဓမ္မဆရာအမှုဆောင်ရွက်ဖို့ရန် အံဝင်ခွင့်ကျဖြစ်၍ အကောင်းဆုံးသောနည်းလမ်းသည် စာပေရောင်းချခြင်းနယ်အတွင်းသို့ ဝင်ရောက်လုပ်ကိုင်ခြင်းပင်ဖြစ်သည်။ သူတို့သည် မြို့ကြီးပြကြီးများသို့သွားရောက်၍ ယခုခေတ်နှင့်သက်ဆိုင်သော သမ္မာတရားစာအုပ်များကို ရောင်းချပါစေ။ ဤအလုပ်အကိုင်၌ သူတို့သည် အသက်နှင့်သက်ဆိုင်သောနှုတ်ကပတ်တော်ကို ပြောဆိုဖို့ရန် အခွင့်ကောင်းရရှိကြ၍၊ စိုက်ပျိုးလိုက်သောသမ္မာတရား၏မျိုးစေ့သည်ပေါက်လာ၍ အသီးသီးလိမ့်မည်။ လူတို့နှင့်တွေ့ဆုံ၍ ကျွန်ုပ်တို့၏ပုံနှိပ်ထားသောစာပေများကို တင်ပြခြင်းဖြင့်၊ တရားဟောပြောခြင်းအားဖြင့် မရနိုင်သောဗဟုသုတကို သူတို့သည်ရရှိကြမည်။

မှန်ကန်သောအမှုတော်ကိုဆောင်ရွက်ဖို့ရန် အခွင့်အရေးကိုအလိုရှိသောသူတို့သည်၊ မိမိတို့ကိုယ်ကိုဘုရားသခင်အား အတားအဆီးမရှိပေးအပ်

ခဲ့လျှင်၊ စာပေရောင်းချခြင်းအလုပ်၌ အနာဂတ်အသက်တာနှင့်စပ်ဆိုင်၍ ပြောဆိုဖို့ရန် အခွင့်ကောင်းကိုရရှိကြလိမ့်မည်။ Gospel Workers, p. 96.

## သွန်သင်ပဲ့ပြင်ခြင်းအလုပ်

ကျွန်ုပ်တို့၏အသင်းတော်ကျောင်းများ၌ စာသင်ကြားနေကြသော လူငယ်များတို့၏စိတ်သဘောကို ပုံသွင်း၍ပညာပေးဖို့ရန်နှင့် သက်ဆိုင်ရာ လုပ်ငန်းတို့၌ အောင်မြင်စွာပြီးစီးနိုင်ဖို့ရန် အကောင်းဆုံးသောအစွမ်းသတ္တိကို လိုအပ်ပေသည်။

အထူးသဖြင့်၊ ကလေးများအဖို့ ဆရာများလိုအပ်နေပါသည်။ ယင်း ဆရာများသည် စိတ်တည်ငြိမ်၍ ကြင်နာခြင်းရှိရမည်။ လိုအပ်နေသော ကလေး များအား၊ သည်းခံခြင်းနှင့်ချစ်ခင်တတ်ခြင်းကိုပြသနိုင်ရမည်။

ကျွန်ုပ်တို့၏အသင်းတော်ကျောင်းများ၌ စာရိတ္တမြင့်မားသောဆရာ များ၊ ယုံကြည်စိတ်ချရသောဆရာများ၊ ယုံကြည်ခြင်း၌ခိုင်မြဲ၍၊ သည်းခံတတ် ခြင်းနှင့် ဆက်ဆံရေးကောင်းသောဆရာများ၊ ဘုရားသခင်နှင့်အတူလမ်းလျှောက်၍ မ ကောင်းမှုများလက္ခဏာကိုပင် ရှောင်ကြဉ်သောဆရာများကို အလိုရှိသည်။ Testimonies for the Church, vol. 6, pp. 200, 201.

## အလုပ်အကိုင်

ဘုရားသခင်သည် မိမိအလုပ်၌သိမြင်နားလည်သောသူ၊ အလုပ်နှင့် ဆိုင်၍ အဘက်ဘက်၌လုပ်ရည်ကိုင်ရည်ပြည့်ဝသောသူများကို အလိုရှိသည်။ သူတို့ပြုလုပ်ဆောင်ရွက်ခြင်းတိုင်းတို့၌၊ သမ္မာတရားကျင့်ဝတ်များကို ရက်သွင်း နိုင်သည့်အမှုတော်ဆောင်များကိုလိုလျက်ရှိသည်။ သူတို့၏အစွမ်းသတ္တိများကို စေ့စေ့စပ်စပ်သင်ကြားခြင်း၊ လေ့ကျင့်ခြင်းများနှင့် စုံလင်ခြင်းဖြစ်နေရမည်။

မည်သည့်ဘက်၌မဆို လုပ်ကိုင်နေသောသူများသည် လိမ္မာရေးခြားရှိ၍ သူတို့၏ အရည်အချင်း၌ ပြည့်စုံတိုးတက်ဖို့ရန်ဆန္ဒရှိပါက၊ ထိုသို့သောသူများသည် ကျွန်ုပ်တို့၏ကမ္ဘာ၌ သူတို့၏အစွမ်းသတ္တိကိုအသုံးပြု၍ ဘုရားသခင်၏နိုင်ငံတော်ကို ဆောက်တည်နေသောသူများဖြစ်ကြသည်။ ဒံယေလအကြောင်းနှင့် စပ်ဆိုင်၍ ကျွန်ုပ်တို့သိရှိရသည်မှာ၊ သူသည် လုပ်ကိုင်လေရာတို့ကို သေချာစွာ စစ်ဆေးကြည့်ရှုသောအခါ၊ မှားယွင်းခြင်းတစ်စုံတစ်ခုမျှမရှိကြောင်း တွေ့မြင်ရသည်။ အလုပ်လုပ်သောသူတိုင်း မည်ကဲ့သို့သောအလုပ်သမားမျိုးဖြစ်သင့်သည်ကို သူသည် ပုံစံတစ်ခုပင်ဖြစ်သည်။ ဘုရားသခင်၏အလုပ်ကိုဆောင်ရွက်ရာ၌၊ သူတို့၏ဦးနှောက်၊ အရိုး၊ ကြွက်သား၊ နှလုံးနှင့်အသက်ခွန်အားများကို ကိုယ်တော်ထံဆက်ကပ်ထားသောသူတို့သည် မည်သည့်အရာကိုပြီးစီးနိုင်ကြောင်း သူ၏ရာဇဝင်ကပြသသည်။ Christ’s Object Lessons, pp. 350, 351.

## ဆေးဘက်ဆိုင်ရာအလုပ်

သစ္စာရှိ၍၊ ဘုရားကိုကြောက်ရွံ့သော ဆေးဆရာတစ်ယောက်လုပ်ကိုင်နေသောအလုပ်ထက် အရေးကြီးသောအခြားသာသနာလုပ်ငန်းသည်မရှိပေ။ လူတစ်ယောက်သည် သာ၍ကောင်းမွန်ခြင်းကို ပြီးစီးခြင်း၊ သို့မဟုတ် သူ၏ပျော်ရွှင်ခြင်းသရဖူ၌ထွန်းလင်းဖို့ရန် သာ၍များပြားသောကျောက်မျက်ရတနာများကို အောင်မြင်နိုင်ဖို့ရန်နယ်ပယ်ဟူ၍မရှိပေ။ သူသည် ခရစ်တော်၏ကျေးဇူးတော်ကို မွေးကြိုင်သောရေမွှေးအနေဖြင့် ဝင်ရောက်သောလူနာခန်းများထဲသို့ ယူဆောင်သွားမည်။ သူသည် မှန်သောပျောက်ကင်းခြင်းလိမ်းဆေးကို အပြစ်၌ဖျားနေသောအသက်ဝိညာဉ်ထံသို့ ယူဆောင်သွားမည်။ ဖျားနာ၍သေးဆုံးခါနီးဖြစ်နေသောသူတို့ကို သူသည် ဤလောက၏အပြစ်ကိုယူဆောင်သွားသောသိုးသငယ်အားညွှန်ပြနိုင်သည်။ ဘေးဒုက္ခထဲ၌နေထိုင်သောသူတို့အား သူတို့၏ ထာဝစဉ်စိတ်ဝင်စားခြင်းများအကြောင်းနှင့်စပ်ဆိုင်၍ပြောဆိုဖို့ရန် ဘေးအန္တရာယ်

ရှိသည်ဟု ပြောဆိုအကြံပေးခြင်းများကို သူသည် နားထောင်ဖို့ရန်မသင့်ပေ။ ပြောဆိုလိုက်ပါက သူတို့၏အခြေအနေသည် ပို၍ဆိုးသွားလိမ့်မည်။ အဖြစ်အပျက်ဆယ်ခုထဲမှ ကိုးခုလောက်အပြစ်ကို ဖြေလွှတ်သောကယ်တင်ရှင် ကိုသိမြင်ခြင်းသည် သူတို့၏ကိုယ်ခန္ဓာနှင့်စိတ်ကိုပါ သာ၍ကောင်းစေလိမ့်မည်။ သခင်ယေရှုသည် စာတန်၏တန်ခိုးကို ကန့်သတ်နိုင်သည်။ ကိုယ်တော်သည် သမားတော်ကြီးဖြစ်၍ အပြစ်၌ဖျားနေသောအသက်ဝိညာဉ်များသည် ကိုယ်ကာယနှင့်အသက်ဝိညာဉ်၌စွဲကပ်နေသော အနာရောဂါများပျောက်ကင်းစေဖို့ရန် အားကိုးနိုင်သည်။ Testimonies for the Church, vol. 5, pp. 448, 449.

လူမျိုးစုများနေထိုင်သောအရပ်နေရာများ၌ မြောက်မြားစွာသောသူတို့သည် ဘုရားသခင်၏သမ္မာတရားဟောပြောခြင်းကိုနားမထောင်၊ သို့မဟုတ် ဘာသာရေးဆိုင်ရာစည်းဝေးပွဲများသို့လည်း တက်ရောက်ခြင်းမရှိကြပေ။ သူတို့ထံသို့ ဧဝံဂေလိတရားရောက်ရှိလိုပါက၊ သူတို့အိမ်များသို့ ယူဆောင်သွားရမည်။ သူတို့ထံသို့ရောက်ရှိနိုင်ဖို့ရန် တစ်ခုတည်းသောလမ်းကြောင်းသည် မကြာခဏဆိုသလို သူတို့၏ကိုယ်ကာယ၌ စွဲကပ်နေသောအနာရောဂါများကို ကုသပေးခြင်းပင်ဖြစ်သည်။ ဖျားနာသောသူတို့ကိုသက်သာစေ၍ ဆင်းရဲသောသူတို့၏ဒုက္ခကြီးစွာခံစားရခြင်းကို သက်သာစေသော သာသနာ့ဝန်ထမ်းသူနာပြုဆရာမများသည် သူတို့နှင့်အတူဆုတောင်းရမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်မှဖတ်ပြရန်နှင့် ကယ်တင်ရှင်အကြောင်းပြောဆိုဖို့ရန် အခွင့်အရေး များရရှိကြမည်။ သူတို့သည် တပ်မက်ခြင်းကဆွပေးသော ခံတွင်းအလိုဆန္ဒ ကို ချုပ်ပေးနိုင်သောခွန်အားမရှိ၊ မစခြင်းကင်းမဲ့နေသောသူတို့နှင့်အတူဆုတောင်းနိုင်သည်။ ဆုံးရှုံး၍စိတ်ပျက်နေသော သူတို့၏အသက်တာထဲသို့ သူတို့သည် မျှော်လင့်ခြင်းရောင်ခြည်ကို ယူဆောင်လာနိုင်သည်။ သူတို့၏ကိုယ်ကျိုးမရှာသောမေတ္တာကို ကြင်နာခြင်းရရှိဖို့ရန် စိတ်ဝင်စားခြင်းမရှိသောလုပ်ဆောင်ခြင်း၌ ဖော်ပြခဲ့ရာ၊ ဒုက္ခခံစားနေရသောသူတို့သည် ခရစ်တော်၏ချစ်ခြင်း၌ယုံကြည်ဖို့ရန် လွယ်ကူစေလိမ့်မည်။ Ministry of Healing, pp. 144, 145.

## အမှုတော်ဆောင်ခြင်း

ဧဝံဂေလိအမှုတော်ဆောင်ရွက်ခြင်းကို သိမ်ဖျင်းအောင်မပြုလုပ်ရပေ။ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ဟောပြောခြင်းအလုပ်ကို သေးသိမ်သော အလုပ်ဟု ယူဆခြင်းမဖြစ်စေရန် မည်သည့်စွန့်စားလုပ်ကိုင်သည့်အလုပ်တစ်ခု ကိုမျှ လုပ်ကိုင်ခြင်းမပြုရ။ ဤကဲ့သို့မဖြစ်ရ။ ဓမ္မအမှုတော်ဆောင်ရွက်ခြင်း အလုပ်ကို ရှုတ်ချသောသူတို့သည် ခရစ်တော်ကိုရှုတ်ချကြသည်။ အလုပ်အကိုင် များတွင် ဓမ္မအမှုတော်ဆောင်ရွက်ခြင်းနှင့်အကျုံးဝင်သောအပိုင်းအားလုံးသည် အမြင့်မားဆုံးသောအလုပ်ဖြစ်သည်။ ၎င်းအလုပ်ကို လူငယ်တို့ရှေ့၌ပြသထား ၍၊ အခြားသောအလုပ်များထက် ဧဝံဂေလိဓမ္မဆရာအလုပ်သည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာကို ပို၍ခံစားရသည်။

ကျွန်ုပ်တို့၏လူငယ်များသည် ဓမ္မအမှုတော်ဆောင်ရွက်ခြင်းအလုပ်သို့ ဝင်ရောက်ခြင်း၌ ဟန့်တားခြင်းမရှိစေရ။ တောက်ပသောဖော်ပြခြင်းများကြောင့် အချို့တို့သည် ဘုရားသခင်ချမှတ်ပေးသောလမ်းမှ ဆွဲဆောင်ရာသို့လိုက်ပါ သွားမည့်အန္တရာယ်ရှိသည်။ အချို့တို့သည် ဓမ္မအမှုတော်ဆောင်များအလုပ်သို့ ဝင်ရောက်ရန် ပြင်ဆင်ရမည့်အစား၊ ဆေးပညာဘက်သို့လိုက်ဖို့ရန် အားပေး ခြင်းခံရကြသည်။ ဘုရားသခင်သည် မိမိ၏စပျစ်ဥယျာဉ်၌ အလုပ်လုပ်ဖို့ရန် ဓမ္မဆရာများကို ပိုမို၍ခေါ်နေတော်မူသည်။ "ကင်းများကိုခိုင်ခံ့စေ၍၊ သစ္စာရှိ သောကင်းစောင့်များကို ကမ္ဘာနေရာတိုင်း၌ အစောင့်ထားလော့။" လူငယ်၊ ဘုရားသခင်သည် သင့်ကိုခေါ်နေသည်။ စိတ်သဘောကြီး၍ ခရစ်တော်နှင့် သမ္မာတရားကိုချစ်မြတ်နိုးသော လူငယ်တပ်ကြီးကို ဘုရားသခင်ခေါ်တော်မူ သည်။ Testimonies for the Church, vol. 6, p. 411.

## နိုင်ငံခြားသာသနာလုပ်ငန်း

လူငယ်များကိုအလိုရှိသည်။ ဘုရားသခင်သည် သူတို့ကိုသာသနာ ပြုရန် နယ်သို့ခေါ်သည်။ သူတို့ကိုကြည့်ရှုလိုက်ပါက၊ စိုးရိမ်ကြောင့်ကြခြင်း

နှင့်တာဝန်ဝတ္တရားများမှ လွတ်လပ်လျက်ရှိသောကြောင့်၊ အိမ်ထောင်ရှိ၍၊ အိမ်မှုကိစ္စအဝဝတို့နှင့် ရှုပ်ပွေနေသောသူများထက် သူတို့၏အခြေအနေသည် ကောင်းမွန်သည်။ ၎င်းအပြင် လူငယ်များသည် အသစ်သောရာသီဥတု၊ အသစ်သောအဖွဲ့အစည်းများဖြင့် လွယ်လင့်တကူ မိမိနှင့်သင့်မြတ်အောင် ပြုပြင်ပေးနိုင်ကြ၍၊ အကြောင်းမညီညွတ်ခြင်းများနှင့် ဒုက္ခဆင်းရဲခြင်းများကို သာ၍ခံနိုင်ရည်ရှိကြသည်။ နေရာတကျစီမံတတ်ခြင်းနှင့်ကြိုးစားမှုဖြင့် လူများရှိနေသောနေရာသို့ သူတို့ရောက်ရှိနိုင်ကြသည်။ Testimonies for the Church, vol. 5, p. 393.

အခြားသောလူမျိုးတို့အား ကိုယ်တော်၏ကယ်တင်တော်မူခြင်းသမ္မာတရားကို ဟောပြောရာ၌၊ ဘုရားသခင်သည် သူတို့အားကြားနေလူအနေဖြင့် အသုံးပြုနိုင်ရန်၊ လူငယ်များသည် အခြားသောဘာသာစကားများကို အရည်အချင်းရှိစွာနားလည်ဖို့ရန် လေ့လာကြရမည်။ ဤလူငယ်များသည် အပြစ်သားများအဖို့ လုပ်ကိုင်ဆောင်ရွက်နေစဉ်အချိန်၌၊ အခြားဘာသာစကား ကို တတ်မြောက်ရန်အခွင့်ရှိကြသည်။ သူတို့သည် အချိန်ကိုချွေတာကာသုံးစွဲ၍၊ သူတို့၏စိတ်သဘောများကိုတိုးတက်အောင်ပြုလုပ်သော်၊ သာ၍ကျယ်ဝန်းသော အသုံးကျခြင်းအလုပ်အတွက် မိမိတို့ကိုယ်ကို အရည်အချင်းရှိအောင် ပြုလုပ်နိုင်ကြမည်။ တာဝန်အနည်းငယ်ကိုသာ ထမ်းဆောင်နေကြသော လူငယ်အမျိုးသမီးများသည် ဘုရားသခင်ကိုဆည်းကပ်ပြီးလျှင်၊ သာ၍အသုံးကျဖို့ရန်၊ အခြားသောဘာသာစကားများကို လေ့လာသင်ကြား၍ အကျွမ်းတဝင်ဖြစ်နိုင်သည်။ ဘာသာပြန်ဆိုခြင်းအလုပ်ကို လုပ်နိုင်ကြသည်။ Testimonies for the Church, vol. 3, p. 204.

## ပျိုရွယ်သူတို့နှင့်စပ်ဆိုင်သောအလုပ်

အိမ်ထောင်နှင့်အသင်းတော်၌ ကလေးများကိုသာသနာ့ဝန်ထမ်းအမှုတော်ဆောင်များအနေဖြင့်လက်ခံနိုင်သည်။ သူတို့သည် ဤလောက၌

ရှိနေစဉ် ကစားဖို့ရန်သက်သက်မဟုတ်ပေ။ အကျိုးရှိသောအလုပ်ကိုလုပ်ကိုင်ဖို့ရန် သူတို့အားသွန်သင်ပေးဖို့၊ ဘုရားသခင်သည် အလိုတော်ရှိသည်။ သာ၍ကျယ်ပြန့်သော အသုံးကျခြင်းအလုပ်အတွက် ပြင်ဆင်နိုင်ခြင်းရှိဖို့ရန်၊ သူတို့သည် အိမ်ထောင်၌နေထိုင်စဉ် သာသနာပြုလုပ်ငန်းကို လုပ်ကိုင်ရန် လေ့ကျင့်ပေးရမည်။ မိဘတို့၊ သင်တို့၏သားသမီးများကို ဘုရားသခင်၏အကြံအစည်ပြည့်စုံဖို့ရန် မစကြလော့။ Review and Herald, December 8, 1910.

—၀—

# လက်ခံနိုင်သောအမှုထမ်းဆောင်ခြင်း – ၆၉

မိမိ၏အတိုင်းမရှိသောကရုဏာတော်နှင့် မေတ္တာတော်အားဖြင့် ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တော်အလင်းကို ပေးတော်မူသည်။ ခရစ်တော်မိန့်တော်မူသည်မှာ၊ "အဖိုးမပေးဘဲရပြီဖြစ်၍၊ အဖိုးမခံဘဲပေးကမ်းကြလော့။" ဘုရားသခင်သည် သင့်အားပေးသောအလင်းကို မှောင်မိုက်၌နေသောသူတို့၌လင်းစေလော့။ သင်သည် ဤကဲ့သို့ပြုလုပ်သောအခါ၊ကောင်းကင်တမန်များသည် သင်၏နံဘေး၌ရှိနေ၍၊ ခရစ်တော်အဖို့ ဝိညာဉ်များကို အောင်မြင်ရန် သင့်ကိုမစလိမ့်မည်။

ချစ်သောလူငယ်များတို့၊ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ဖို့ရန် လက်တင်မင်္ဂလာရရှိဖို့မလိုပေ။ ခရစ်တော်အဖို့လုပ်ကိုင်ရန် နည်းလမ်းများစွာရှိသည်။ လူသားတို့၏လက်သည် သင့်အပေါ်သို့လက်တင်မင်္ဂလာပေး ရန် မည်သည့်အခါမျှ တင်ကြမည်မဟုတ်ပေ။ သို့သော်လည်း ဘုရားသခင်သည် ကိုယ်တော်၏အမှုတော်ဆောင်ရွက်ဖို့ရန်အတွက် ထိုက်တန်စေလိမ့်မည်။ အသက်ဝိညာဉ်များကိုကယ်တင်ရာ၌ သင်မှတစ်ဆင့် ကိုယ်တော်ပြုလုပ်နိုင်သည်။ ခရစ်တော်၏ကျောင်း၌ သင်ကြားခြင်းခံရ၍၊ သင်၌နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်ရှိခဲ့လျှင်၊ ကိုယ်တော်သည် သင့်အားကိုယ်တော်အဖို့စကားပြောဆိုရန် စကားလုံးများကိုပေးလိမ့်မည်။

## အမှားများနှင့်ကျွန်ုပ်တို့စပ်ဆိုင်ခြင်း

သင်၏ခွန်အားရှိသမျှနှင့် စုံလင်အောင်လုပ်ဆောင်ပါ။ သို့သော်လည်း သင်သည် အမှားများကိုပြုလုပ်မိသောကြောင့်၊ သင့်ကို ဘုရားသခင်၏အမှုတော်မှ ထုတ်ပယ်လိုက်ပြီဟု မထင်ပါနှင့်။ ဘုရားသခင်သည် ကျွန်ုပ်တို့ ကိုယ်ကာယကို သိတော်မူ၏။ ကျွန်ုပ်တို့သည် မြေမှုန့်သာဖြစ်ကြောင်း ကိုယ်တော် သတိရတော်မူသည်။ သင့်အား ဘုရားသခင်ပေးထားသော အစွမ်းသတ္တိများကို

သစ္စာရှိစွာအသုံးပြုပါက၊ သင်သည် အသိဉာဏ်တိုးတက်လာခဲ့၍၊ သင့်ကိုယ်ကို စိတ်မကျေနပ်ခြင်းဖြစ်စေလိမ့်မည်။ သင်၏မှားယွင်းသောပုံသက်သေဖြင့် အခြားသူများကို ဘေးမသင့်စေရန်၊ ဘေးအန္တရာယ်ပေးသောအကျင့်ဓလေ့များကို ရွေးထုတ်ပစ်ဖို့ရန်လိုလိမ့်မည်။

ကြိုးစားအားထုတ်၍လုပ်ဆောင်ပါ။ သင့်အဖို့ အလွန်အဖိုးထိုက်တန်သောသမ္မာတရားကို သူတစ်ပါးအားပေးကမ်းပါ။ လစ်လပ်နေသောနေရာ၌ ခန့်ထားဖို့ရန်လိုသောအခါ၊ "အထက်သို့မြင့်မြင့်တက်ခဲ့ပါ" ဟူသောခေါ်သံကို သင်ကြားရမည်။ သင်သည် လက်ခံရန်နှောင့်နှေးခြင်းရှိမည်။ သို့သော်လည်း ယုံကြည်ခြင်းဖြင့် ရှေ့သို့တိုးတက်သွား၍ ဘုရားသခင်၏အလုပ်ထဲသို့ ခွန်အားသစ်၊ ရိုးသားသောဖွဲ့သတ္တိကိုယူဆောင်ခဲ့ပါ။

ဝိညာဉ်များကိုအောင်မြင်ခြင်းလျှို့ဝှက်ချက်ကို ကြီးသောဆရာကြီးထံမှသာ သင်ကြားယူနိုင်သည်။ ခြောက်သွေ့သောအပင်ငယ်ပေါ်သို့ မိုးနှင်းနှင့်မိုးပေါက်တို့သည် ဖြည်းညင်းစွာကျသကဲ့သို့၊ ထိုနည်းတူစွာ ကျွန်ုပ်တို့၏စကားများသည် ကျွန်ုပ်တို့အောင်နိုင်ဖို့ရန်ရှာကြံနေသော အသက်ဝိညာဉ်များအပေါ်သို့ သိမ်မွေ့ခြင်းနှင့်စုံမက်ခင်မင်စွာဖြင့်ကျရမည်။ ကျွန်ုပ်တို့ထံသို့ အခွင့်ကောင်းများရောက်ရှိလာသည်တိုင်အောင် စောင့်ဆိုင်းမနေရပေ။ သူတို့ကို သွားရောက်ရှာဖွေရမည်။ ယင်းအချိန်၌ ကျွန်ုပ်တို့သည် မှန်ကန်သောစကားကို အချိန်တန်သောအခါပြောဆိုနိုင်ရန် စိတ်နှလုံးကိုဆုတောင်းခြင်းဖြင့် ချီပင့်ထားရမည်။ အခွင့်ကောင်းရရှိလာသောအခါ၊ ဂရုမစိုက်ဘဲနေရန် ဆင်ခြေမပေးပါနှင့်၊ အကြောင်းမှာ တိုးတက်ခြင်းရှိလာသည်နှင့်အမျှ ဝိညာဉ်တစ်ခုကို သေခြင်းမှကယ်တင်ခဲ့ပြီ။ The Youth's Instructor, February 6, 1902.

## အမြင့်ဆုံးသောအလုပ်

အလုပ်တွင် အခြားသောအလုပ်တို့၏အပေါ်၌ရှိသောအလုပ်၊ အသက်ဝိညာဉ်၏ခွန်အားများကိုဆွဲယူ၍ ပါဝင်စေနိုင်သော နည်းကျသည့်အလုပ်သည်၊

ခရစ်တော်အသေခံတော်မူခဲ့သော သူတို့၏အသက်ဝိညာဉ်ကို ကယ်ဆယ်သော အလုပ်ဖြစ်သည်။ ဤအလုပ်ကို သင့်အသက်တာ၏ဗဟိုအရေးကြီးသော အလုပ်အနေဖြင့် ပြုလုပ်ပါ။ သင့်အသက်တာ၏အထူးအလုပ်အနေဖြင့်လုပ်ကိုင်ပါ။ ဤကြီးကျယ်မြင့်မြတ်သောအလုပ်၌ ခရစ်တော်နှင့်ပူးပေါင်းလုပ်ကိုင်ပါ။ပြည်တွင်းနှင့်နိုင်ငံခြားသာသနာပြုဆရာများ ဖြစ်လာနိုင်ပါစေ။ အသက်ဝိညာဉ်များကို ကယ်ဆယ်ရာ၌ ပြည်တွင်းနှင့်ဝေးသော ပင်လယ်ရပ်ခြားအရပ်များ၌ အရည်အချင်းပြည့်စုံစွာနှင့်လုပ်ကိုင်နိုင်ရန် အဆင်သင့်ရှိပါ။ ဘုရားသခင်၏ အလုပ်ကို လုပ်ကိုင်ပါ။ အခြားသူများအဖို့ လုပ်ကိုင်ပေးခြင်းအားဖြင့် သင်၏ ကယ်တင်ရှင်၌ ယုံကြည်ခြင်းရှိသည်ကိုဖော်ပြပါ။ လူငယ်၊ လူကြီးမရွေး၊ ဘုရားသခင်၌ လုံးဝပြောင်းလဲခြင်းရှိ၍၊ သူတို့နံဘေး၌ရှိသောအလုပ်သို့ဝင်ရောက်၍ အခွင့်အရေးရရှိသည်အတိုင်း ဆောင်ရွက်ပါ။ ဘုရားသခင်နှင့်အတူ လုပ်ကိုင်ဆောင်ရွက်သောသူများဖြစ်လာကြမည်။ The Youth’s Instructor, May 4, 1893.

–o–

# အမှုတော်ဆောင်ရွက်ခြင်း၌ သစ္စာရှိခြင်း – ၇၀

လောကီနှင့်ဆိုင်သောအရာတို့၌ အနည်းငယ်မျှသစ္စာမရှိသောသူတို့သည် သာ၍ကြီးကျယ်သောဝတ္တရားများ၌ သစ္စာမရှိဖြစ်ကြလိမ့်မည်။ သူတို့သည် ဘုရားသခင်ကိုလုယူ၍၊ မြင့်မြတ်သောတရားတော်၏တောင်းဆိုခြင်းများကို ပျက်ကွက်ကြသည်။ သူတို့၏အစွမ်းသတ္တိများသည် ဘုရားသခင်ပိုင်ဆိုင်၍ ကိုယ်တော်ရှင်၏အမှုတော်အတွက် သီးသန့်ထားရမည်ကို သူတို့သည် မုချသိမြင်ခြင်းမရှိကြပေ။ သူတို့၏လုပ်ကိုင်ရမည့်အပိုင်းကို ကြိုးစား၍ လုပ်ဆောင်ခြင်းမရှိ၊ အလုပ်၏တိုးတက်ရာတိုးတက်ကြောင်းသည် သူတို့အပေါ်၌အမှီပြုနေသော်လည်း၊ သူတို့၏အလုပ်ရှင်စေခိုင်းသောအလုပ်လောက်ကိုသာ လုပ်ဆောင်သောသူတို့သည် သစ္စာရှိသောငယ်သားကောင်းဟု ခေါ်ဆိုခြင်းကို ခံရကြမည်မဟုတ်ပေ။ အလုပ်ကိုစေခိုင်းသောသူ၏တိုက်ရိုက်ဂရုစိုက်ခြင်းအောက်၌ရှိသော်လည်း သီးခြားသတ်မှတ်ထားခြင်းမရှိသည့် ပြီးစီးရမည့်အလုပ်အကိုင်များစွာရှိသည်။

ကျွန်ုပ်တို့ခံစားဖို့ရန် သခင်ယေရှုသည် ကျွန်ုပ်တို့အားပေးခဲ့သောချစ်ခြင်းမေတ္တာကျင့်ဝတ်များဖြင့် ကိုယ်တော်၏နာမတော်ကို ဝန်ခံသောသူတို့၏အသက်တာ၌ ဆောင်ရွက်ခဲ့လျှင်၊ ခွန်အားစိုက်ထုတ်၍ လုံ့လဝီရိယနှင့်ကိုယ်ကျိုးမရှာသော ကြိုးစားအားထုတ်ခြင်းကိုပြသခဲ့လျှင်၊ ဆုံးရှုံးခြင်းများနှင့်ယိုဖိတ်ခြင်းများကို တားဆီးနိုင်လိမ့်မည်။ သို့သော်လည်း ဘုရားသခင်၏အမှုတော်၌ များစွာသောသူတို့သည် လုပ်ကိုင်နေကြရာ၊ သူတို့ကို မျက်စိအစေခံများဟု မှတ်ပုံတင်ထားသည်။

## သစ္စာမရှိခြင်းကိုမှတ်တမ်းတင်ထားခြင်း

သူသည် သခင်၏မျက်စိအောက်၌ တိုက်ရိုက်မရှိသောကြောင့်၊ အချိန်တိုးတက်ခြင်းနှင့် ဥစ္စာပစ္စည်းကိုထိန်းသိမ်းခြင်း၌ ဂရုမစိုက်ဘဲနေသော

အမှုတော်ဆောင်သည် ကိုယ်ကျိုးရှာဖွေခြင်းဖြစ်၍ အလွန်စက်ဆုပ်ဖွယ်ကောင်းလှ၏။ သို့သော်လည်း၊ ထိုသို့သောအမှုတော်ဆောင်များသည် သူတို့၏ ဂရုမစိုက်ဘဲနေခြင်းကို အာရုံပြုခြင်းမခံရဟု သူတို့ထင်မြင်သလား။ သူတို့၏သစ္စာမရှိခြင်းကို မှတ်တမ်းတင်၍မထားဟု ထင်မြင်သလား။ နိုးကြားနေတော်မူသောအရှင်သည် ကြည့်ရှုနေသည်ကို သူတို့၏မျက်စိများသည်ပွင့်၍ မတွေ့မြင်နိုင်သလော။ သူတို့၏မသေချာခြင်းကို ကောင်းကင်ဘုံစာအုပ်များထဲ၌ မှတ်သားထားသည်။

ဘုရားသခင်၏အမှုတော်၌ သစ္စာမရှိသောသူများသည် ကျင့်ဝတ်တရား၌ လိုအပ်နေကြသည်။ သူတို့၏ရည်ရွယ်ရင်းများသည် မည်သည့်အခြေအနေ၌ရှိစေကာမူ မှန်ရာကိုရွေးချယ်မည်ဟူသော စာရိတ္တမဟုတ်ပေ။ သူတို့ကိုစေခိုင်းသောသူ၏မျက်စိအောက်၌ရှိနေသည်ဟု ဘုရားသခင်၏အစေခံများသည် ထင်မြင်ခြင်းရှိရမည်။ ဗေလရှာဇာမင်းကြီး၏ဘုရားတရားနှင့်စပ်ဆိုင်သောအရာများကို ဖျက်ဆီးလုယက်သောစားသောက်ပွဲ၌ စောင့်ကြည့်သောအရှင်သည် ကျွန်ုပ်တို့၏အဖွဲ့အစည်းများ၊ ကုန်သည်၏ငွေရေတွက်သောအခန်း၊ သီးသန့်ထားသောအလုပ်ရုံ၌ရှိတော်မူ၍၊ သွေးစွန်းခြင်းကင်းသောလက်တော်သည် ဘုရားကိုစော်ကားသောရှင်ဘုရင်၌ကျရောက်သည့် တရားစီရင်ခြင်းကို မှတ်သားသကဲ့သို့ သင်၏ဂရုမစိုက်ခြင်းကိုလည်း မှတ်သားထားလိမ့်မည်။ ဗေလရှာဇာ၏ပြစ်မှုကျူးလွန်ခြင်းကို မီးလျှံစကားလုံးများဖြင့် ရေးသားထားရာ၊ "ကိုယ်တော်ကိုချိန်ခွင်နှင့်ချိန်၍လျော့ကြောင်းကို တွေ့မြင်တော်မူသည်။" သင်သည် ဘုရားသခင်ပေးထားသောတာဝန်ကို ပြည့်စုံစွာမလုပ်ဆောင်ခဲ့လျှင်၊ သင်၌ကျရောက်သောပြစ်ဒဏ်သည် ဤအတိုင်းပင်ဖြစ်သည်။

## အမှုတော်ဆောင်ရွက်ခြင်း၌မှန်သောရည်ရွယ်ရင်းများ

ခရစ်တော်နှင့်ပေါင်းစပ်ထားခြင်းမရှိသော်လည်း၊ ခရစ်ယာန်များဖြစ်ကြသည်ဟု ဝန်ခံသောသူများစွာရှိကြသည်။ သူတို့၏နေ့စဉ်နေ့တိုင်းအသက်တာ၊

သူတို့၏စိတ်သဘောသည် ဘုန်းတော်၏မျှော်လင့်ရာခရစ်တော်သည် အတွင်း၌ ရှိကြောင်းသက်သေခံခြင်းမရှိပေ။ သူတို့ကိုအားကိုး၍မရပေ။ စိတ်မချနိုင်ပေ။ သူတို့သည် အမှုတော်ဆောင်ရွက်ခြင်း၌ အနည်းဆုံးလောက်သာကြိုးပမ်း၍၊ ထိုအချိန်၌ပင် အမြင့်ဆုံးသောလခကို ကြပ်တည်းစွာတောင်းဆိုကြသည်။ အစေခံဟူသောစကားသည် လူတိုင်းကိုပြောဆိုသည်။ ကျွန်ုပ်တို့အားလုံးတို့သည် အစေခံများဖြစ်ကြသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် မည်သည့်ပုံစံမျိုး ထွက်လာသည်ကို ကြည့်ရှုရမည်။ သစ္စာမရှိသောသွန်းပုံဖြစ်သလား။ သို့မဟုတ် သစ္စာရှိသောသွန်းပုံဖြစ်သလား။

အစေခံများ၌ မိမိတို့တတ်နိုင်သရွေ့ ဆောင်ရွက်လုပ်ကိုင်လိုသော စိတ်မျိုးရှိကြသလား။ အလုပ်ကိုလုပ်ကိုင်ရာ၌၊ မြန်မြန်ပြီးစီးအောင်လုပ်တတ်ခြင်း၊ လွယ်ကူနိုင်သလောက်လွယ်ကူအောင်လုပ်တတ်ခြင်း၊ လခကိုရယူရာ၌လည်း သူတို့၌စရိတ်စကနည်းနိုင်သမျှနည်းအောင် ယူကြသည်။ အကြောင်းရင်းမှာ သေချာခြင်းရှိကြောင်းကိုမပြဘဲ၊ လခရဖို့လောက်ကိုသာ အာသီသထားကြသည်။ ခရစ်တော်၏အစေခံများဖြစ်သည်ဟု ဝန်ခံကြသောသူတို့သည်၊ တမန်တော်ရှင်ပေါလု၏ပညတ်ပေးချက်ကို မမေ့သင့်ပေ။ "အစေခံကျွန်တို့၊ သခင်ဘုရားကိုကြောက်ရွံ့လျက်၊ လူတို့၏စိတ်ကို နှုးညွတ်စေသောသူကဲ့သို့၊ မျက်မှောက်၌သာနားထောင်သည်မဟုတ်၊ စိတ်နှစ်ခွမရှိဘဲ လောကီသခင်၏ စကားကို အရာရာ၌နားထောင်ကြလော့။ လူ၏အမှုကိုသာ ဆောင်ရွက်သကဲ့သို့ မဟုတ်၊ သခင်ဘုရား၏အမှုတော်ကိုဆောင်ရွက်သကဲ့သို့၊ ပြုလေသမျှတို့၌ စေတနာစိတ်နှင့်ပြုကြလော့။ သင်တို့သည် သခင်ခရစ်တော်၏အစေကိုခံကြသည် ဖြစ်၍၊ အမွေတော်တည်းဟူသောအကျိုးကို၊ ထိုသခင်ဘုရား၏လက်တော်မှခံရကြလိမ့်မည်ဟု သိမှတ်ကြလော့။"

"မျက်စိအစေခံများ" အနေဖြင့် အမှုတော်ဆောင်ရာထဲသို့ဝင်ရောက်သောသူတို့သည် သူတို့၏အလုပ်ကို လူများ (သို့မဟုတ်)၊ ကောင်းကင်တမန်များတို့၏အစစ်အဆေးကို ခံနိုင်ကြမည်မဟုတ်။ အောင်မြင်သောအလုပ်၏ လိုအပ်သောအရာသည် သခင်ခရစ်တော်ကိုသိကျွမ်းခြင်းဖြစ်သည်။ ဤအသိ

ပညာသည် မှန်၍ခိုင်မာသောကျင့်ဝတ်များကို ပေးလိမ့်မည်။ ကျွန်ုပ်တို့အစေခံ ဖို့ရန် ဝန်ခံသော ကယ်တင်ရှင်၏မြင့်မြတ်၍ ကိုယ်ကျိုးကင်းသောစိတ်သဘော မျိုးကို ပေးလိမ့်မည်။ ကျွန်ုပ်တို့သည် မည်သည့်နေရာ၌ရှိသည်ဖြစ်စေ၊ မီးဖို ချောင် ၌ဖြစ်စေ၊ အလုပ်ရုံ၌ဖြစ်စေ၊ စာအုပ်များပုံနှိပ်ထုတ်ဝေသောနေရာ၌ဖြစ်စေ၊ ဆေးရုံ၌ဖြစ်စေ၊ ကောလိပ်ကျောင်း၌ဖြစ်စေ၊ ဘုရားသခင်၏စပျစ်ဥယျာဉ်တွင် မည်သည့်နေရာ၌ရှိသည်ဖြစ်စေ၊ သစ္စာရှိခြင်း၊ ချွေတာခြင်း၊ သတိရှိခြင်း၊ သေချာစေ့စပ်ခြင်းများသည် ကျွန်ုပ်တို့အလုပ်အားလုံးတို့၌ သီးခြားပေါ်လွင် ခြင်းရှိရမည်။ "အနည်းငယ်သောအရာ၌ သစ္စာရှိသောသူသည် များစွာသော အရာ၌လည်း သစ္စာရှိလိမ့်မည်။ အနည်းငယ်သောအရာ၌ မဖြောင့်မှန်သော သူသည် များစွာသောအမှု၌လည်း ဖြောင့်မှန်ခြင်းရှိမည်မဟုတ်။" Review and Herald, September 22, 1891.

–ဝ–

# အပိုင်း ၇

# ကျန်းမာခြင်းနှင့်စွမ်းဆောင်နိုင်ခြင်း

စိတ်နှင့်အသက်ဝိညာဉ်သည် ကိုယ်ခန္ဓာမှနေ၍ ဖော်ပြခြင်းကိုရရှိရာ စိတ်ဝိညာဉ်နှင့်ဆိုင်သောအားအင်သည် အထူးသဖြင့် ကိုယ်ခန္ဓာခွန်အားလှုပ်ရှားခြင်းအပေါ်၌ အမှီပြုနေသည်။ ကိုယ်ခန္ဓာကျန်းမာရေးနှင့်ဆိုင်သောကြီးပွားခြင်းကို မည်သည့်အရာက တိုးတက်စေသည်ဖြစ်စေ၊ ခွန်အားရှိသောစိတ်နှင့် စာရိတ္တကိုကောင်းမွန်စွာမျှတစေခြင်းကိုလည်း တိုးတက်စေသည်။ ကျန်းမာခြင်းမရှိပါက၊ မည်သူတစ်ဦးတစ်ယောက်မျှ မိမိကိုယ်ကိုလည်း ကောင်း၊ လူအချင်းချင်းကိုလည်းကောင်း၊ သို့မဟုတ် သူ၏ဖန်ဆင်းရှင်ကို လည်းကောင်း၊ ကောင်းမွန်စွာနားမလည်နိုင်၊ သို့မဟုတ် သူ၏တာဝန်များကို ပြည့်စုံစွာပြည့်ဝစေနိုင်မည်မဟုတ်ပေ။ သို့ဖြစ်၍ စာရိတ္တကို သစ္စာရှိစွာ စောင့်ရှောက်သကဲ့သို့ ကျန်းမာခြင်းကိုလည်း စောင့်ရှောက်ရမည်။ ပညာ ကိုရှာဖွေရာ၌ အသက်ရှိသည့်အရာများ ပြုပြင်ပုံအတတ်ပညာနှင့် ကျန်းမာ ခြင်းကိုအခြေခံထားသင့်သည်။

Education, p. 195.

–၀–

# အသက်ရှင်လျက်နေခြင်း၏
# အသိပညာ – ၇၁

ကျွန်ုပ်တို့လူမျိုးကို ပျက်စီးခြင်းနှင့်သေခြင်းသို့ သိမ်းကျုံးယူသွားနေသောရောဂါနှင့်ရာဇဝတ်မှုများကို ရပ်တန့်စေဖို့ရန် မည်ကဲ့သို့ပြုနိုင်သနည်း။ မကောင်းမှုဖြစ်ရခြင်းအကြောင်းရင်းကြီးသည် စားသောက်ရန်အလိုဆန္ဒနှင့် တပ်မက်မောခြင်း၌ တွေ့မြင်ရသည်ဖြစ်၍၊ ပထမဦးဆုံးနှင့် ကြီးကျယ်သောပြောင်းလဲခြင်းအလုပ်သည် ချုပ်တည်းခြင်းနှင့်ကိုယ်ကိုထိန်းသိမ်းခြင်းကို သင်ကြား၍ လေ့ကျင့်ရန်ဖြစ်သည်။

အသင်းအဖွဲ့၌ သာ၍ကောင်းမွန်သော ပြောင်းလဲတည်မြဲခြင်းဖြစ်စေဖို့ရန်၊ လူထု၏ပညာသင်ကြားခြင်းသည် အသက်အရွယ်နုနယ်စဉ်အချိန်၌ အစပြုရမည်။ ကလေးဘဝနှင့်လူငယ်အချိန်၌ ပုံသွင်းခဲ့သောအကျင့်ဓလေ့များ၊ ဆည်းပူးခဲ့ရသောဝါသနာအထုံ၊ ကိုယ်ကိုချုပ်တည်းတတ်ခြင်း၊ ပုခက်တွင်းမှစ၍ ကျင့်ဝတ်များ၌ အထပ်ထပ်ပဲ့ပြင်ခြင်းခံရခြင်းများသည် ယောကျ်ား (သို့မဟုတ်) မိန်းမတို့၏အနာဂတ်အသက်တာကို ဧကန်မုချဆုံးဖြတ်ပေးလိမ့်မည်။ လူငယ်အား စနစ်တကျမှန်ကန်သောလေ့ကျင့်ခြင်းကိုပေးခဲ့ပါက ချုပ်တည်းခြင်းမရှိ၊ အလိုလိုက်တတ်သောစာရိတ္တကြောင့် ဖြစ်ပေါ်လာသောရာဇဝတ်မှုနှင့်ပုပ်ပျက်ခြင်းကို တားဆီးနိုင်လိမ့်မည်။

## ကျန်းမာခြင်းနှင့်ကိုယ်ကိုကိုယ်ချုပ်တည်းခြင်း

လူငယ်များ၌ စင်ကြယ်၍မြင့်မြတ်သော စာရိတ္တများဖြစ်ဖို့ရန် အကြီးဆုံးသောအထောက်အကူများ၊ သူတို့၏ခံတွင်းအရသာခံခြင်းကိုချုပ်တည်း၍ ယုတ်ညံ့သောလွန်ကျူးခြင်းများမပြုလုပ်ဖို့ရန်၊ ချုပ်တည်းစေသောအရာသည် အနာအဆာကင်းသော ကိုယ်ခန္ဓာကျန်းမာခြင်းပင်ဖြစ်သည်။ တစ်ဘက်မှ

ကြည့်ရှုပါက၊ မိမိကိုယ်ကိုချုပ်တည်းခြင်းအကျင့်ဓလေ့များသည် ကျန်းမာခြင်းရှိဖို့ရန် မရှိမဖြစ်သောအရာများဖြစ်သည်။

ယောကျာ်းနှင့်မိန်းမတို့အား လူ့အသက်တာ၏အသိပညာနှင့် ကျန်းမာခြင်းရရှိဖို့ရန်၊ အကောင်းဆုံးသောနည်းများဖြင့် စောင့်ထိန်းထားဖို့ရန် သွန်သင်ပေးခြင်းသည် အရေးကြီးဆုံးဖြစ်သည်။ အထူးသဖြင့် လူငယ်အရွယ်သည် အသိဉာဏ်ကိုစုသိမ်း၍ အသက်တာတစ်လျှောက်လုံး၌ နေ့စဉ်လက်တွေ့ လုပ်ကိုင်သွားဖို့ဖြစ်သည်။ လူငယ်အချိန်သည် ကောင်းသောအကျင့်ဓလေ့ များကိုတည်ဆောက်ခြင်း၊ ရရှိခဲ့သောမှားယွင်းသည့်အရာများကိုပြုပြင်ခြင်း၊ မိမိကိုယ်ကိုချုပ်တည်းခြင်းတန်ခိုးရရှိခြင်း၊ အကြံအစည်များချမှတ်၍၊ မိမိ ကိုယ်၌လက်တွေ့ဖြစ်ရန် အကျင့်ဓလေ့ဖြစ်စေခြင်း၊ အသက်တာ၌လှုပ်ရှားခြင်း ဟူသရွေ့ကို ဘုရားသခင်၏အလိုအတိုင်းဖြစ်စေ၍ လူသားအချင်းချင်းတို့၏ ကောင်းကျိုးအဖို့လည်း ဖြစ်စေရမည်။

သခင်ယေရှုသည် ကိုယ်ခန္ဓာ၏တောင်းဆိုခြင်းကို မထီမဲ့မြင်ပြုတော်မမူပေ။ ကိုယ်တော်သည် လူတို့၏ကိုယ်ခန္ဓာအခြေအနေကိုရိုသေ၍၊ ဖျားနာသောသူတို့ကို ရောဂါမှပျောက်ကင်းစေပြီးလျှင်၊ ခွန်အားသတ္တိဆုံးရှုံးသွား၍ ဒုက္ခခံစားနေရသောသူတို့ကို ပြန်၍တည်စေတော်မူသည်။

## အသက်တာသည်ယုံကြည်၍အပ်နှံထားခြင်းခံရသော အရာတစ်ခုဖြစ်ခြင်း

ငယ်ရွယ်သောသူများသည် သူတို့၏အသက်တာကို မိမိတို့ထင်မြင်သလိုမပြုလုပ်နိုင်ကြောင်း ပြသရမည်။ ယခုအချိန်သည် သူတို့ကိုယုံကြည်ရမည့်အချိန်ဖြစ်သည်။ များမကြာမီ သူတို့စာရင်းပေးရမည့်အချိန်သည် ရောက်တော့မည်။ ကိုယ်တော်ရှင်ချပေးတော်မူသော အဖိုးထိုက်တန်သည့်ဆုကျေးဇူးများကို ပေါ့ပေါ့ဆဆလုပ်သောကြောင့်၊ သူတို့၌အပြစ်မရှိဟု ကိုယ်တော်သည် မှတ်တော်မမူပေ။ လောကကြီး၏ကယ်တင်ရှင်သည် သူတို့အဖို့မဆုံးဖြတ်

နိုင်သောအဖိုးကို ပေးတော်မူခဲ့ပြီ။ သူတို့၏အသက်များနှင့်အစွမ်းသတ္တိများကို ကိုယ်တော်ပိုင်သည်။ ဘုရားသခင်သည် သူတို့အားယုံကြည်၍ အပ်နှံထားသောအရာများကို သစ္စာရှိစွာဖြင့် ထိန်းသိမ်းခြင်းရှိ၊ မရှိကို ကြည့်ရှုတော်မူ၍ တရားစီရင်တော်မူမည်။ သူတို့၌ချပေးထားသော ကြေးငွေနှင့်အခွင့်အရေးများသည် ကြီးလေးလာသည်နှင့်အမျှ သူတို့အပေါ်၌ ဘုရားသခင်၏အလုပ် တာဝန်သည် ပို၍လေးလံလာပေမည်။ သူတို့သည် ပိုမို၍လုပ်ကိုင်ဆောင်ရွက်ရပေမည်။ လူငယ်များကို ဤနည်းဖြင့်သူတို့သည် ဖန်ဆင်းတော်မူသော အရှင်၌ တာဝန်ရှိကြောင်းသိရှိ၍၊ ကိုယ်ပိုင်အသက်တာ၌လည်း အရေးကြီး သောအရာအပ်နှံထားခြင်းခံရကြောင်းကိုသိကြလျှင်၊ ကျွန်ုပ်တို့၏ခေတ်အချိန်၌ အလားအလာရှိသည့် မြောက်မြားစွာသောလူငယ်များကိုမျိုနေသော အပျော် အပါးကျူးခြင်းနှင့် ရာဇဝတ်မှုဝဲသြဃထဲသို့ခုန်ဆင်းရန် သူတို့သည် တွန့်ဆုတ် လျက်ရှိကြလိမ့်မည်။ Review and Herald, December 13, 1881.

–o–

# ကျန်းမာခြင်းကိုကာကွယ် စောင့်ရှောက်ခြင်း – ၇၂

ကျန်းမာခြင်းသည် ကောင်းချီမင်္ဂလာတစ်ခုဖြစ်၍၊ လူအနည်းငယ်လောက်သာ ၎င်းတန်ဖိုးကိုနှစ်သက်ကြသည်။ သို့တစေလည်း ၎င်းအပေါ်၌ ကျွန်ုပ်တို့၏စိတ်ကိုယ်ခန္ဓာနှင့်ဆိုင်သောတန်ခိုးများသည် အထူးသဖြင့် မှီခိုလျက်ရှိသည်။ ကျွန်ုပ်တို့၏စိတ်ဓာတ်များနှင့် မက်မောခြင်းများ၏တည်ရာ နေရာသည် ကိုယ်ခန္ဓာ၌ဖြစ်၍ ကျွန်ုပ်တို့၏အစွမ်းသတ္တိများကို အမြင့်ဆုံးအသုံးချနိုင်ဖို့ရန် ကိုယ်ခန္ဓာကိုအကောင်းဆုံးအခြေအနေ၌ထား၍ အကောင်းဆုံးဝိညာဉ်ရေးဩဇာသက်ရောက်ခြင်းအောက်၌ ရှိစေရမည်။ ကိုယ်ခန္ဓာနှင့်ဆိုင် သောခွန်အားကို ဆုတ်ယုတ်စေသောအရာတစ်ခုခုသည် စိတ်ဝိညာဉ်ကိုလည်း ခွန်အားနည်းစေ၍၊ အမှားနှင့်အမှန်ကို ပိုင်းခြားဝေဖန်ဖို့ရန် စွမ်းဆောင်နိုင်ခြင်းကို နည်းပါးသွားစေသည်။

ကျွန်ုပ်တို့၏ကိုယ်ခန္ဓာတန်ခိုးများကို အလွဲသုံးခြင်းသည် ဘုရားသခင်၏ဘုန်းတော်အတွက်အသုံးချဖို့ရန် ကျွန်ုပ်တို့၏အသက်တာအချိန်ကိုတိုစေ၍၊ ဘုရားသခင်ကျွန်ုပ်တို့အား ဆောင်ရွက်ဖို့ရန်ပေးထားသောအလုပ်ကို မလုပ်ဆောင်ဖို့ရန် မလျော်မသင့်ဖြစ်စေသည်။ ကျွန်ုပ်တို့ကိုယ်၌ မှားယွင်းသောအကျင့်ဓလေ့များကိုဖြစ်စေဖို့ရန် အခွင့်ပေးခြင်း၊ အိပ်ရာဝင်နောက်ကျခြင်း၊ ကျန်းမာခြင်းကိုဂရုမစိုက်ဘဲ အလိုဆန္ဒရမ္မက်ပြည့်ဝစေခြင်းဖြင့် ကျွန်ုပ်တို့သည် ခွန်အားနည်းခြင်းအုတ်မြစ်ကိုချပေးသည်။

သဘာဝတရား၏ဥပဒေများကို ဂရုမစိုက်ဘဲ၊ မိမိတို့၏အသက်များကိုတိုစေ၍ အမှုတော်ဆောင်ဖို့ရန် ထိုက်တန်အောင်မပြုလုပ်သောသူတို့သည်၊ ဘုရားကိုလုယူသောပြစ်မှုကျူးလွန်နေကြသည်။ သူတို့သည် အချင်းချင်းတို့ကိုလည်း လုယူကြသည်။ သူတစ်ပါးတို့အား ကောင်းချီးမင်္ဂလာဖြစ်စေဖို့ရန် အလုပ်အတွက်၊ ဘုရားသခင်သည် လူတို့အား ဤလောကထဲသို့စေလွှတ်လိုက်သော်လည်း၊ သူတို့၏သဘောကျလှုပ်ရှားခြင်းဖြင့် ရပ်တန့်သွားခဲ့သည်။

သူတို့သည် အချိန်တိုတိုနှင့်ပြီးစီးရမည့်အလုပ်ကိုပင် သူတို့နှင့်မထိုက်တန်အောင် ပြုလုပ်ခဲ့ပြီ။ ကျွန်ုပ်တို့၏အန္တရာယ်ပေးတတ်သောအကျင့်ဓလေ့များအားဖြင့် လောကကြီးအား ကောင်းသောအရာဖြစ်စေဖို့ရန် ဉာဏ်နည်းဖြင့်ကင်းမဲ့စေခဲ့သည်။
Review and Herald, June 20, 1912.

–o–

# ကျန်းမာခြင်း၏ရှိသေဖွယ်ရာဖြစ်ခြင်း – ၇၃

ခရစ်တော်ထံသို့လာသကဲ့သို့၊ စာတန်သည် လူထံသို့ အလင်းကောင်းကင်တမန်တစ်ပါးအနေဖြင့် သူ၏စုံစမ်းနှောင့်ယှက်ခြင်းများကိုပါ ယူဆောင်လာရောက်ခဲ့လေသည်။ သူ၏စုံစမ်းနှောင့်ယှက်ခြင်းများဖြင့် လူကို အောင်မြင်နိုင်၍၊ လူ၏ကိုယ်ခန္ဓာနှင့်စာရိတ္တ၌ အားနည်းသောအခြေအနေသို့ ရောက်စေဖို့ရန် သူသည် လုပ်ကိုင်လျက်ရှိသည်၊ ယင်းနောက် လူ၏ပျက်စီးခြင်း၌ အောင်ပွဲခံသည်၊ အကျိုးသက်ရောက်ခြင်းကိုအပထား၍ စာတန်သည် လူကိုခံတွင်းအာရုံခံစားခြင်း၌ သွေးဆောင်ခဲ့ရာ အောင်မြင်ခြင်းရရှိခဲ့သည်။ ဘုရားသခင်သည် သူ့အားပေးကမ်းထားသောအစွမ်းသတ္တိများကို ပျက်စီးအောင်ပြုလုပ်နေစဉ် လူသည် ဘုရားသခင်နှင့်လူအချင်းချင်းတို့အား လုပ်ကိုင်ပေးရမည့်တာဝန်ကို လုပ်ကိုင်ဖို့ရန်ခဲယဉ်းကြောင်း စာတန်သိသည်။ ဦးနှောက်သည် ကိုယ်ခန္ဓာ၏အုတ်မြစ်ဖြစ်သည်။ မည်သည့်အရာ၌မဆို ချုပ်တည်းခြင်းမရှိသောကြောင့် သိမှတ်တတ်ခြင်းအရည်အချင်းတို့သည် ထုံထိုင်းလာသောအခါ၊ ထာဝရနှင့်ဆိုင်သောအရာများကို တွေ့မြင်နိုင်ခြင်းမရှိတော့ပေ။

## စာရိတ္တကိုဆောက်တည်ရာ၌ကျန်းမာခြင်းနှင့်စပ်ဆိုင်ခြင်း

လူ၏ရပ်တည်နေခြင်းဥပဒေတရားများကို လူသည် ချိုးဖောက်ပစ်ဖို့ရန် ဘုရားသခင်သည် လူကိုအခွင့်ပေးတော်မမူခဲ့ပေ။ သို့သော်လည်း လူသည် ချုပ်တည်းခြင်းမရှိဖို့ရန် စာတန်၏သွေးဆောင်ခြင်းများနောက်သို့ ပါသွားခဲ့ ရာ၊ မြင့်မားသောအစွမ်းသတ္တိများကို တိရစ္ဆာန်၏ခံတွင်းအရသာခံခြင်းနှင့် အလိုရမ္မက်အခြေအနေသို့ ရောက်ခဲ့လေသည်။ ဤအရာများသည် အနိုင်ရ သွားသောအခါ၊ ကောင်းကင်တမန်တို့အောက် အနည်းငယ်လောက်သာ နိမ့်ကျစွာဖန်ဆင်းခြင်းခံရသောလူသည် အမြင့်ဆုံးသောအစွမ်းသတ္တိကိုလည်း ရရှိအောင် ခံယူတတ်သောအခွင့်ရှိသော်လည်း စာတန်အားအုပ်စိုးဖို့ရန်

အပ်ပေးခဲ့သည်။ စားသောက်ရန် အလိုဆန္ဒ၏ဖမ်းချုပ်ထားခြင်းခံရသောသူတို့ ထံသို့ဝင်ရောက်ဖို့ရန် သူသည် အလွယ်တကူအခွင့်ရရှိခဲ့သည်။ ချုပ်တည်း ခြင်းမရှိသောကြောင့် အချို့တို့သည် သူတို့၏ကာယ၊ ဉာဏနှင့်စာရိတ္တတန်ခိုး များ၏ထက်ဝက်ကို အနစ်နာခံလိုက်ကြသည်။ အချို့တို့သည် သုံးပုံနှစ်ပုံ အနစ်နာခံလိုက်ကြသောကြောင့် သူတို့သည် ရန်သူ၏ကစားစရာများဖြစ်လာ ကြသည်။

စာတန်၏ဉာဏ်ဆင်ခြင်းများကို တွေ့မြင်နိုင်ဖို့ရန် ကြည်လင်သော စိတ်သဘောရရှိလိုပါက ကိုယ်ခန္ဓာ၏အလိုရမ္မက်များကို စဉ်းစားတတ်ခြင်းနှင့် ဩတ္တပ္ပစိတ်၏အုပ်ချုပ်ခြင်းအောက်၌ ထားရမည်။ ခရစ်ယာန်စာရိတ္တကိုစုံလင် စေခြင်း၌ စိတ်၏သာ၍မြင့်သောတန်ခိုးများဖြစ်သည့် ကျင့်ဝတ်တရားနှင့် ထက်မြက်သောလှုပ်ရှားခြင်းများ လိုအပ်ပေသည်။ ကျွန်ုပ်တို့၏စိတ်၌ ခွန်အား ရှိခြင်း (သို့မဟုတ်) အားနည်းခြင်းသည် ဤလောက၌ ကျွန်ုပ်တို့အသုံးဝင် ခြင်းနှင့် နောက်ဆုံးကျွန်ုပ်တို့၏ကယ်တင်ခြင်းနှင့် များစွာသက်ဆိုင်သည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာနှင့်ဆိုင်သောအရာ၌ ဘုရားသခင်၏တရားဥပဒေနှင့် မည်ကဲ့သို့ရှိသည်ကို မသိမမြင်ခြင်းသည် ဝမ်းနည်းဖွယ်ရာကောင်းလှ၏။ မည်သည့်အရာ၌မဆို ချုပ်တည်းခြင်းမရှိပါက ကျွန်ုပ်တို့ရပ်တည်နေခြင်း၏ ဥပဒေတရားများကို ဖောက်ဖျက်ခြင်းဖြစ်သည်။ အားအင်ချို့တဲ့ခြင်းသည် ကြောက်မက်ဖွယ်ရာကောင်းလောက်သောအခြေအနေသို့ ဆိုက်ရောက်နေသည်။ အပြစ်ကိုကြည့်ရှု၍ တပ်မက်ခြင်းရှိဖို့ရန် စာတန်သည်အပေါ်၌ အလင်းရောင် ဖြင့်ဖုံးထားသည်။ ဘုရားမဲ့တရားမဲ့လူများကဲ့သို့ ခရစ်ယာန်လောကသည် သူတို့၏ဓလေ့ထုံးစံများကို နေ့စဉ်ကျင့်သုံးနေသောအခါ၊ စာတန်သည်အလွန် နှစ်သက်ခြင်းရှိ၍၊ ခံတွင်းအလိုရမ္မက်ကို သူတို့အား အုပ်စိုးစေသည်။

## မချုပ်တည်းမှုသည်ယုတ်ညံ့ခြင်းကိုဖြစ်စေခြင်း

အသိဉာဏ်ပညာရှိသော ယောကျ်ားနှင့်မိန်းမတို့သည် သူတို့၏ ကျင့်ဝတ်တရားတန်ခိုးများကို ချုပ်တည်းခြင်းမရှိသောအရာတစ်မျိုးမျိုးဖြင့်

ထိုင်းမှိုင်းခြင်းဖြစ်စေခဲ့လျှင်၊ သူတို့သည် သူတို့၏အများသောအကျင့်ဓလေ့များတို့၌ ဘုရားတရားမရှိသောသူများတို့၏အထက်၌ အနည်းငယ်လောက်သာမြင့်လျက်ရှိသည်။ ကာယ၊ ဉာဏနှင့်စာရိတ္တကျန်းမာရေးကို မထောက်ထားဘဲစာတန်သည် အစဉ်သဖြင့် လူတို့ကိုကယ်တင်ခြင်းပေးသောအလင်းမှဆွဲယူ၍ထုံးစံဓလေ့နှင့်ခေတ်နောက်သို့လိုက်စေသည်။ စားသောက်ရန်အလိုဆန္ဒနှင့်အလိုရမ္မက်သည် စိုးမိုးနေခဲ့လျှင် ကိုယ်ခန္ဓာ၏ကျန်းမာခြင်းနှင့် ပိုင်းခြားသိတတ်သောဉာဏ်ခွန်အားသည် ကိုယ့်အလိုကိုပြည့်စေသောပလ္လင်ပေါ်၌ အနစ်နာခံ၍၊ လူသည် လျင်မြန်စွာပျက်စီးသွားလိမ့်မည်ကို ရန်သူကြီးသည်သိမြင် သည်။ အကယ်၍ ပိုင်းခြားသိမြင်တတ်သောသူသည် ဇက်ကြိုးကိုကိုင်ထားပြီးလျှင်၊ တိရစ္ဆာန်၏အထုံပါခြင်းကိုချုပ်ကိုင်၍၊ ကျင့်ဝတ်များ၏တန်ခိုးအောက်၌ ထားခဲ့လျှင် စာတန်သည် သူ၏တန်ခိုး၊ သူ၏စုံစမ်းနှောင့်ယှက်ခြင်းများနှင့်အောင်မြင်နိုင်ဖို့ရန် အခွင့်အရေးမရှိကြောင်းကို ကောင်းမွန်စွာသိသည်။

ခရစ်ယာန်လောက၌ရှိကြသော အများသောသူတို့သည် မိမိတို့ကိုယ်ကိုခရစ်ယာန်များဟု ခေါ်ဆိုဖို့ရန်မသင့်ကြပေ။ သူတို့၏အကျင့်ဓလေ့များ၊ လွန်ကျူး ခြင်းများနှင့် သူတို့၏ကိုယ်ခန္ဓာကို ယေဘုယျအားဖြင့်ကြည့်ရှုခြင်းသည်ကာယနှင့်ဆိုင်သော ဥပဒေနှင့်ဆန့်ကျင်ကြသည့်အပြင်၊ သမ္မာကျမ်းစာ၏အဆင့်အတန်းနှင့်လည်း ဆန့်ကျင်ဖီလာဖြစ်နေသည်။ သူတို့၏အသက်တာနေထိုင်မှု၌ သူတို့ကိုယ်တိုင်လုပ်ကိုင်ကြ၍ သူတို့၌ကိုယ်ကာယတွင် ဒုက္ခဆင်းရဲခံရခြင်းနှင့် ဉာဏနှင့်စာရိတ္တတို့၌အားနည်းခြင်းရှိကြသည်။ Review and Herald, September 8, 1874.

## ကိုယ်ကိုကိုယ်အုပ်စိုးခြင်းသည်ဝတ္တရားတစ်ခုဖြစ်သည်

ကိုယ်ခန္ဓာကို နိုင်နင်းခြင်းရှိရမည်။ လူ၏သာ၍မြင့်သောတန်ခိုးများသည် အုပ်စိုးဖို့ရန်ဖြစ်သည်။ အလိုရမ္မက်များကို စိတ်အလိုဆန္ဒကအုပ်ထိန်းထား၍၊ ၎င်းစိတ်အလိုဆန္ဒသည် ဘုရားသခင်၏အုပ်စိုးခြင်းအောက်၌ရှိရမည်။

မြင့်မြတ်သောစဉ်းစားခြင်းသည် ဘုရားပကတိဖြစ်သောကျေးဇူးတော်ဖြင့် သန့်စင်ထားသောကြောင့် ကျွန်ုပ်တို့၏အသက်တာ၌ အုပ်စိုးခြင်းရှိရမည်။

ဘုရားသခင်၏တောင်းဆိုတော်မူခြင်းများကို ဩတ္တပ္ပစိတ်သို့ရောက်အောင် ယူဆောင်လာရမည်။ ယောကျ်ားနှင့်မိန်းမတို့သည် ကိုယ်ကိုကိုယ်အုပ်စိုးခြင်း၏ဝတ္တရားဖြင့် နိုးကြားခြင်းရှိ၍၊ စင်ကြယ်ခြင်းလိုအပ်၏။ အလွန်ဆိုးသွမ်းသော ခံတွင်းအလိုတောင့်တခြင်းနှင့် ဖျက်ဆီးတတ်သောအလေ့အကျင့်များမှ ကင်းလွတ်ခြင်းရှိရမည်။ သူတို့စိတ်နှင့်ကာယ၏တန်ခိုးအားလုံးသည် ဘုရားသခင်၏ဆုကျေးဇူးဖြစ်ကြောင်းသိမြင်၍ ကိုယ်တော်၏အမှုတော်ဆောင်ဖို့ရန် အကောင်းဆုံးအခြေအနေ၌ သိထားရပေမည်။ Ministry of Healing, p. 130.

–၀–

# ဘက်စုံသောပညာ – ၇၄

ကိုယ်ကာယကိုလေ့ကျင့်ရာ၌ ကုန်သွားသောအချိန်သည် ပျောက်ဆုံးသွားခြင်းမရှိပေ။ အစဉ်သဖြင့် စာဖတ်ခြင်း၌သာအချိန်ကုန်၍ ပြင်ပလေတိုက်သောနေရာ၌ လေ့ကျင့်ခြင်းမယူသောသူသည်၊ သူ့ကိုယ်ကိုအန္တရာယ်ပြုနေသောသူဖြစ်သည်။ ကိုယ်ခန္ဓာရှိအင်္ဂါအသီးသီးတို့၏အကောင်းဆုံးသောအလုပ် ကိုရရှိဖို့ရန် အထူးထူးအပြားပြားသောအင်္ဂါများနှင့် အစွမ်းသတ္တိများတို့၌ အချိုးကျလေ့ကျင့်လှုပ်ရှားခြင်းရှိရကြမည်။ အခြားသောအင်္ဂါများသည် မလှုပ်ရှားဘဲဦးနှောက်တစ်ခုသာလျှင် အစဉ်သဖြင့်လုပ်ကိုင်နေပါက၊ ကိုယ်ခန္ဓာနှင့်စိတ်ဆိုင်ရာဘက်၌ ခွန်အားဆုတ်ယုတ်သွားခဲ့သည်။ ကိုယ်ကာယတန်ခိုးများရှိကျန်းမာသောအခြေအနေကိုပျက်ပြားစေ၍၊ စိတ်သည်လည်း ၎င်း၏ လတ်ဆတ်ခြင်းနှင့်အားအင်ကို ဆုံးရှုံးသွားခဲ့ရာ၊ ကျန်းမာခြင်းမရှိ တုန်တုန်ယင်ယင်ဖြစ်နေလိမ့်မည်။

ယောကျာ်းနှင့်မိန်းမတို့၌ အလေးညီမျှသောစိတ်များရှိနိုင်ဖို့ရန်၊ လူ၌ရှိသောတန်ခိုးအားလုံးတို့ကိုအသုံးပြု၍ ကြီးပွားစေရမည်။ ဤလောက၌ တစ်ဖက်သတ်လိုက်နေသောသူများစွာရှိကြသည်။ အကြောင်းမှာ အစွမ်းသတ္တိတစ်စုံကိုသာ ပျိုးထောင်ပေး၍ အခြားသောအစုံများမှာ မလှုပ်ရှားသောကြောင့်ကြုံလှီနေလေသည်။ အများသောလူငယ်တို့၏ပညာရေးသည် ဆုံးရှုံးလျက်ရှိသည်။ လက်တွေ့အသက်တာနှင့်သက်ဆိုင်သောအရာများကို ဂရုမစိုက်ဘဲနေစဉ်၊ စာပေလေ့ကျက်ခြင်း၌ လွန်ကျူးလျက်ရှိကြသည်။ စိတ်၌အလေးချိန်မျှတခြင်းရှိစေနိုင်ဖို့ရန် ကိုယ်ခန္ဓာလှုပ်ရှားခြင်းအလုပ်၊ စိတ်နှင့်သက်ဆိုင်သောအလုပ်ကို ချင့်ချိန်၍ပေါင်းစပ်ထားခြင်းဖြင့် တန်ခိုးအားလုံးတို့၌ ညီညွတ်သောကြီးပွားခြင်းကို ရရှိစေနိုင်မည်။ Counsels to Teachers, Parents, and Students, pp. 295, 296.

–၀–

# ကျန်းမာခြင်းကိုအနစ်နာခံ၍ ရရှိသောပညာ – ၇၅

အချို့သောကျောင်းသားများသည် လူတစ်ကိုယ်လုံးကို သူတို့၏ လေ့ကျက်ခြင်း၌ရှိစေ၍၊ သူတို့၏စိတ်များကို ပညာရရှိဖို့လောက်ကိုသာ အာရုံစူးစိုက်စေကြသည်။ သူတို့သည် ဦးနှောက်ကိုအလုပ်ပေး၍ ကိုယ်ခန္ဓာတန်ခိုးများကိုမလှုပ်ရှားဘဲထားကြသည်။ ဤနည်းဖြင့် ဦးနှောက်သည် လုပ်ကိုင်လွန်းသောကြောင့်၊ ကြွက်သားများသည် လေ့ကျင့်မှုကင်း၍ ခွန်အားနည်းလာကြသည်။ ဤကျောင်းသားများတို့သည် သင်တန်းပြီးဆုံး၍ အောင်မြင် သွားကြသောအခါ၊ သူတို့သည် ကျန်းမာခြင်းကိုအနစ်နာခံ၍ ပညာကိုရရှိသွားကြကြောင်း သိမြင်နိုင်သည်။ သူတို့သည် နေ့၊ ညမပြတ် တစ်နှစ်ပြီးတစ်နှစ် သူတို့၏စိတ်ကိုဆန့်တန်းထားကြစဉ် သူတို့၏ကြွက်သားများကို လုံလောက်သောလေ့ကျင့်ခြင်းကိုမပေးကြပေ။

စာအုပ်များကို ဖတ်ရှုလေ့လာသည်ထက် ပို၍လိုအပ်သောလက်တွေ့အသက်တာနှင့်ဆိုင်သောလေ့ကျက်ခြင်းဖြင့် ပညာရေး၌ အခြားသောအပိုင်းများကိုဂရုမစိုက်ကြဘဲ မိန်းကလေးများသည် ကြိမ်ဖန်များစွာ စာပေလေ့ကျက်ခြင်းလောက်ကိုသာ လိုက်စားနေကြသည်။ သူတို့သည် ပညာကိုရရှိပြီးနောက်၊ တစ်သက်လုံးမသန်မစွမ်းသောသူများအနေဖြင့် မကြာခဏဆိုသလို တွေ့မြင်ရသည်။ သူတို့သည် အချိန်ရှိသရွေ့ အိမ်ထဲ၌သာနေထိုင်၍၊ ပြင်ပ၏လေကောင်းလေသန့်ကိုမရှုရှိုက်ရ။ ဘုရားပေးကမ်းသော နေရောင်ခြည်ကိုမရဘဲ၊ သူတို့၏ကျန်းမာခြင်းကို ဂရုမစိုက်ဘဲနေကြသည်။ မိန်းကလေးများသည် သူတို့၏စာသင်ကြားခြင်းများကို အိမ်တွင်းမှုအလုပ်နှင့် ပြင်ပလေရသောနေရာ၌ လေ့ကျင့်မှုကိုပါပြုလုပ်ခဲ့လျှင် ကျောင်းမှကျန်းမာခြင်းအပြည့်အဝနှင့်ပြန်လာကြမည်။

ကျန်းမာခြင်းသည် ကြီးသောဘဏ္ဍာတစ်ခုဖြစ်သည်။ မရဏာဒုက္ခနှင့်မကင်းသောလူတို့တွင် အကြွယ်ဝဆုံးသောပိုင်ဆိုင်သည့်ပစ္စည်းဖြစ်သည်။

ကျန်းမာခြင်း၏အင်အားကို အဆုံးခံခဲ့လျှင်၊ ဥစ္စာစည်းစိမ်၊ ဂုဏ် (သို့မဟုတ်) အတတ်ပညာကို အဖိုးများစွာပေး၍ဝယ်ယူနိုင်သည်။ ကျန်းမာခြင်းလိုနေပါက ဤအရာအားလုံးတို့သည် ပျော်ရွှင်ခြင်းကိုမပေးနိုင်ပေ။ Counsels to Teachers, Parents, and Students, pp. 285, 286.

–o–

# မြင့်မြတ်ခြင်း၏ဘွဲ့တံဆိပ် – ၇၆

ဒံယေလနှင့်သူ့အပေါင်းအဖော်သုံးယောက်တို့သည် သုံးနှစ်ပတ်လုံး သင်ကြားပြသခြင်းခံယူနေချိန်၌ သူတို့၏ခြိုးခြံတတ်သောအလေ့အကျင့်များ၊ ဘုရားသခင်ကိုသစ္စာရှိခြင်းနှင့် ဘုရားသခင်၏တန်ခိုးတော်အပေါ်၌ အစဉ် အမှီပြုနေခြင်းများကို ထိန်းသိမ်းထားကြသည်။ သူတို့၏လုပ်ရည်ကိုင်ရည်နှင့် ဆည်းပူးထားသောအရာများကို ရှင်ဘုရင်ကိုယ်တိုင် စစ်ဆေးကြည့်ရှုဖို့ရန် အချိန်ကျရောက်လာသောအခါ၊ တိုင်းပြည်၌ အမှုထမ်းဆောင်ဖို့ရန်အတွက် အခြားသောသူများနှင့်အတူ စစ်ဆေးခြင်းခံရသည်။ သို့သော်လည်း "သူတို့တွင်ဒံယေလ၊ ဟာနနိ၊ မိရှေလ၊ အာဇရိတို့နှင့်တူသောသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တွေ့မြင်ရသည်။" သူတို့၏ထက်မြက်သော သိမြင်နားလည်ခြင်း၊ သူတို့ရွေးချယ်၍ တိကျစွာပြောသောစကား၊ သူတို့၏ကျယ်ပြန့်သော အသိဉာဏ်သည် ပျက်စီးခြင်းမရှိသောခွန်အားနှင့် သူတို့၏စိတ်အင်အားတန်ခိုးကို သက်သေခံလျက်ရှိသည်။ သို့ဖြစ်၍ သူတို့သည် ရှင်ဘုရင်ရှေ့တော်၌ ရပ်နေကြသည်။ "ရှင်ဘုရင်မေးတော်မူသမျှသောအတတ်ပညာကို ထိုလုလင်တို့သည် နိုင်ငံတော်၌ရှိသမျှသော မာဂုပညာရှိ၊ ဗေဒင်တတ်များထက် သာ၍ဆယ်ဆတတ်ကြသည်ကို တွေ့မြင်လေသည်။"

ဘုရားသခင်သည် အစဉ်သဖြင့် မှန်ရာကိုဂုဏ်ပြုတော်မူသည်။ ကြီးကျယ်စွာအောင်မြင်သောသူ၏လက်အောက်သို့ အတိုင်းတိုင်းအပြည်ပြည်မှ ထွန်းကားမည့်လက္ခဏာရှိသည့် လူငယ်များသည် ဗာဗုလုန်၌စုရုံးနေကြရာ သူတို့တွင် ဟေဗြဲသုံ့ပန်းများအားလုံးတို့သည် ယှဉ်ပြိုင်နိုင်သူကင်းလျက်ရှိကြသည်။ ဖြောင့်တန်းသောပုံသဏ္ဍာန်၊ ခိုင်ခံ့၍ညွတ်ပျောင်းသောခြေလှမ်း၊ လှပသောမျက်နှာပုံ၊ ထုံထိုင်းခြင်းမရှိသောအာရုံများ၊ ညစ်ညူးခြင်းကင်းသော ထွက်သက်ဝင်သက်၊ ဤအရာအားလုံးတို့သည် မြင့်မြတ်ခြင်း၏ဘွဲ့တံဆိပ် များဖြစ်၍၊ သဘာဝ၏တရားဥပဒေများကို နားထောင်သောသူတို့ကို သဘာဝ သည် ဂုဏ်ပြုလိမ့်မည်။

## ကိုယ်ခန္ဓာနှင့်ဆိုင်သောအကျင့်ဓလေ့များသည် စိတ်ပေါ်၌ဖြစ်စေခြင်း

ဤနေရာ၌တင်ပြသောသင်ခန်းစာသည် ကျွန်ုပ်တို့အဖို့စဉ်းစားရန် အလွန်ကောင်းပေသည်။ သမ္မာကျမ်းစာမှတောင်းဆိုသည်အတိုင်း၊ သေချာစွာ လိုက်လျောခြင်းသည် ကိုယ်ကာယနှင့်အသက်ဝိညာဉ်နှစ်ခုလုံးကိုပါ ကောင်းချီး မင်္ဂလာတစ်ရပ်ဖြစ်စေသည်။ ဝိညာဉ်၏အသီးများသည် ချစ်ခြင်း၊ ဝမ်းမြောက် ခြင်းနှင့်ငြိမ်သက်ခြင်းသာမက၊ ချုပ်တည်းခြင်းလည်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကိုမဖျက်ဆီးဖို့ရန် အမိန့်ပေးခြင်းခံရသည်။ အကြောင်း မှာ ၎င်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်သည်။

ဟေဗြဲသို့ပန်းများသည် ကျွန်ုပ်တို့ကဲ့သို့ အလိုရမ္မက်နှင့်မကင်းသော သူများဖြစ်ကြသည်။ ဗာဗုလုန်နန်းတော်၏သွေးဆောင်အားပေးခြင်းစည်းစိမ် အလယ်၌ နေရသော်လည်း သူတို့သည် ခိုင်မြဲစွာရပ်တည်နေကြသည်။ယနေ့ လူငယ်များတို့သည် ကိုယ်အလိုသို့လိုက်ဖို့ရန် သွေးဆောင်ခြင်းများထဲ၌ နေထိုင် ကြသည်။ အထူးသဖြင့် ကျွန်ုပ်တို့၏မြို့ကြီးပြကြီးများ၌ ကာမဂုဏ်အလိုသို့ လိုက်စားခြင်းသည် လွယ်ကူ၍စိတ်တိုင်းကျဖြစ်သည်။ ဒံယေလကဲ့သို့ မိမိတို့ ကိုယ်ကိုညစ်ညူးစေဖို့ရန် ငြင်းဆန်သောသူတို့သည် ချုပ်တည်းခြင်း အကျင့်ဓ လေ့များဆုလာဘ်ကို ရိတ်သိမ်းကြမည်။ သူတို့၏သာ၍ကြီးသော ကာယသက် လုံကောင်းခြင်းနှင့် တိုးတက်နေသောခံနိုင်ရည်တန်ခိုးဖြင့် စုဆောင်းထားခြင်းရှိ ရာ ရုတ်တရက်ပေါ်လာသောကိစ္စ၌ အသုံးချဖို့ရန်ရှိသည်။

ကိုယ်ခန္ဓာနှင့်ဆိုင်၍ မှန်ကန်သောအကျင့်ဓလေ့များသည် သာ၍ ထူးကဲသောစိတ်သဘောကို တိုးတက်စေသည်။ သိမှတ်တတ်သောသတ္တိနှင့် ဆိုင်သောတန်ခိုး၊ ကိုယ်ခန္ဓာနှင့်ဆိုင်၍ သက်လုံကောင်းခြင်းနှင့်အသက်ရှည် ခြင်းသည် မဖောက်ပြန်သောဥပဒေများအပေါ်၌ မှီခိုနေသည်။ သဘာဝ၏ တောင်းဆိုခြင်းများကိုလွန်ကျူး၍ အကျိုးဆိုက်ရောက်ခြင်းများကို သဘာဝ၏ အရှင်ဖြစ်တော်မူသော ဘုရားသခင်သည် လူကိုစောင့်ထိန်းထားရန် ဝင်ရောက်

စွက်ဖက်လိမ့်မည်မဟုတ်။ အရာရာ၌အောင်မြင်လိုသောသူသည် အရာရာ၌ ချုပ်တည်းခြင်းရှိရမည်။ ဒံယေလ၏စိတ်ကြည်လင်ခြင်းနှင့်အကြံအစည်၌ ခိုင်မာခြင်း၊ အသိပညာကိုရရှိဖို့ရန် သူ၏တန်ခိုးနှင့်စုံစမ်းနှောင့်ယှက်ခြင်းကို တားဆီးနိုင်ခြင်းများသည် အမှန်အားဖြင့် သူ၏ရိုးရိုးစားသောက်တတ်ခြင်းနှင့် ဆုတောင်းသောအသက်တာကြောင့်ဖြစ်သည်။

## ကျွန်ုပ်တို့နှင့်ဆိုင်သောမွန်မြတ်သည့်ကာလအဖို့စီမံခြင်း

လူတိုင်း မိမိကံကြမ္မာ၏ဗိသုကာဖြစ်သည်ဟူသော ရှေးရိုးစကား လည်းအမှန်ဖြစ်ကြောင်း သိမြင်ရသည်။ မိဘဖြစ်သူများသည် စာရိတ္တပုံစံနှင့် သူတို့သားသမီးတို့၏ပညာရေးနှင့်လေ့ကျင့်ပေးခြင်း၌လည်း တာဝန်ရှိသည် ဖြစ်သော်လည်း၊ လောက၌ သူတို့၏အသုံးဝင်ခြင်းသည် ကျွန်ုပ်တို့ချပေး သောမှုအပေါ်၌တည်နေကြောင်းပင်ဖြစ်သည်။

ဒံယေလနှင့်သူ၏အပေါင်းအဖော်များသည် အသက်ပျိုစဉ်အချိန်၌ မှန်ကန်သောလေ့ကျင့်ခြင်းနှင့် ပညာ၏အကျိုးကျေးဇူးများကို ခံစားနေကြ သည်။ သို့သော်လည်း ဤအခွင့်အရေးများလောက်နှင့် သူတို့ရှိနေသော အခြေအနေကို ပို့ဆောင်ပေးနိုင်မည်မဟုတ်ပေ။ သူတို့ကိုယ်တိုင်လှုပ်ရှားရမည့် အချိန်သည် ကျရောက်လာခဲ့သည်။ သူတို့၏အနာဂတ်အရေးသည် သူတို့ ကိုယ်တိုင်လိုက်သောလမ်းပေါ်၌ အမှီပြုနေသည်။ သူတို့ငယ်စဉ်အချိန်၌ သင်ကြား ခဲ့ရသောသင်ခန်းစာများအတိုင်း သစ္စာရှိရန်ဆုံးဖြတ်ကြသည်။ ထာဝရဘုရား ကိုကြောက်ရွံ့ခြင်းသဘောသည် ပညာ၏အချုပ်အခြာဖြစ်၍၊ သူတို့ကြီးကျယ် ခြင်း၏အုတ်မြစ်လည်းဖြစ်သည်။

အနာဂတ်ကာလလူငယ်များအဖို့ အကျိုးကျေးဇူးဖြစ်ထွန်းစေဖို့ရန် ဒံယေလနှင့် သူ၏လူငယ်အပေါင်းအဖော်တို့၏ရာဇဝင်ကို ဘုရားသခင်၏ နှုတ်ကပတ်တော်၌ မှတ်တမ်းတင်ထားလျက်ရှိသည်။ ချုပ်တည်းခြင်းကျင့်ဝတ် များကို သူတို့သည် သစ္စာရှိစွာစောင့်ထိန်းခဲ့ခြင်းများမှတ်တမ်းမှ ဘုရားသခင် သည်

ယနေ့လူငယ်ယောကျာ်းကလေးများနှင့် မိန်းကလေးများတို့အား၊ ကိုယ်တော် ပေးထားသော ခရစ်ယာန်နှင့်စပ်ဆိုင်သည့် ချုပ်တည်းခြင်းအလင်းရောင်ခြည် များအတိုင်းလိုက်နာ၍ ကျန်းမာခြင်းဥပဒေများနှင့် သူတို့ကိုယ်ကို မှန်ကန်သော တော်စပ်ခြင်းရှိဖို့ရန် မိန့်တော်မူလျက်ရှိသည်။

## ချုပ်တည်းခြင်းကြောင့်ကြွယ်ဝစွာဆုလာဘ်ရရှိခြင်း

ယခုအချိန်၌ ဒံယေလကဲ့သို့ လုပ်ရဲ၊ ကိုင်ရဲသောသူများ လိုအပ်နေ သည်။ စင်ကြယ်သောစိတ်နှလုံးနှင့်သန်မာ၍ ကြောက်ရွံ့ခြင်းကင်းသောလက် ကို ယနေ့လောက၌လိုလျက်နေသည်။ လူသည် အစဉ်သဖြင့်တိုးပွားလျက်ရှိရန် ဘုရားသခင်စီမံထားတော်မူ၍ အကောင်းဆုံးစကေးချိန်ခွင်၌ နေ့စဉ် သာ၍မြင့် သောနေရာသို့ ရောက်ရှိရမည်။ ကျွန်ုပ်တို့ကိုယ်ကိုမစရန်ရှာဖွေပါက ကိုယ်တော် သည် ကျွန်ုပ်တို့ကိုမစလိမ့်မည်။ ကမ္ဘာနှစ်ခု၌ရှိသော ကျွန်ုပ်တို့၏ မျှော်လင့် ခြင်းသည် ကမ္ဘာတစ်ခု၏တိုးတက်ခြင်းအပေါ်၌ အမှီပြုနေသည်။ ရောက်ရှိသော နေရာတိုင်းတို့၌ ချုပ်တည်းမှုမရှိခြင်းကိုတွေ့ဆုံရသောအခါ ကျွန်ုပ်တို့ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

ချစ်သောလူငယ်များတို့၊ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် သင်တို့ လုပ်ကိုင်နိုင်သောအလုပ်ကိုလုပ်ကိုင်ဖို့ရန် ဘုရားသခင်သည် သင်တို့ကိုခေါ် တော်မူသည်။ "အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင် နှစ်သက်တော်မူဖွယ်သောလက္ခဏာနှင့်ပြည့်စုံသောယဇ်ကို သင်တို့သည်ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အားဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ် သောဝတ်ကို ပြုကြလော့။" ဘုရားသခင်ပေးတော်မူသော လူကြီးအဖြစ်၊ မိန်းမ ကြီးအဖြစ်၌ ရပ်တည်ကြလော့။ ဒံယေလနှင့်နှိုင်းယှဉ်၍ရသည့် အာရုံ ခံစားခြင်း များ၏စင်ကြယ်ခြင်း၊ ခံတွင်းအရသာခံခြင်းနှင့် အကျင့်ဓလေ့များ၌ စင်ကြယ် ခြင်းကိုပြလော့။ ဘုရားသခင်သည် သင့်ကိုတည်ငြိမ်သောအာရုံကြောများ၊ ကြည်လင်သောဦးနှောက်၊ ပျက်စီးခြင်းကင်းသော ဆုံးဖြတ်တတ်ခြင်း၊

ထက်မြက်သောသိမြင်တတ်ခြင်းများကို ဆုအဖြစ်ပေးလိမ့်မည်။ ယနေ့လူငယ်များတို့၌ ခိုင်ခံ့သောကျင့်ဝတ်များနှင့်ယိမ်းယိုင်ခြင်းမရှိသောသဘောရှိပါက ကာယ၊ စိတ်နှင့်အသက်ဝိညာဉ် ဤသုံးပါးတို့၌ ကျန်းမာခြင်းကောင်းချီးမင်္ဂလာများခံစားရကြလိမ့်မည်။ The Youth's Instructor, July 9, 1903.

## ဘာသာတရားနှင့်ကျန်းမာခြင်း

"ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသည် ပညာ၏အချုပ်အခြာဖြစ်၏" မှားယွင်းသောအကျင့်ဓလေ့များနှင့် အပြစ်ရှိသောအလေ့အကျင့်များရှိသောသူတို့သည် ဘုရားသခင်၏သမ္မာတရားတော်တန်ခိုးကို ပေးအပ်သောအခါ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ဝင်ရောက်လာ၍ ရိုးသားသောသူတို့အား အလင်းနှင့်နားလည်ခြင်းကိုပေးတော်မူသည်။ စိတ်နှလုံးကို သမ္မာတရားဖြင့်စွဲလမ်းခြင်းဖြစ်စေ၍၊ အင်အားကုန်ခန်းနေသည်ဟု ထင်မြင်ရသောကျင့်ဝတ်တန်ခိုးသည် ပြန်၍လန်းဆန်းလာလေသည်။ လက်ခံရရှိသောသူသည် ယခင်ကထက်သာ၍သန်မာခြင်း၊ ကြည်လင်ခြင်းရှိသော နားလည်ခြင်းကိုရရှိသည်။ သူသည် သူ၏အသက်ဝိညာဉ်ကို ထာဝရကျောက်၌ခိုင်ခံ့မြဲမြဲလျက်ထားသည်။ ခရစ်တော်၌ လုံခြုံခြင်းရှိသောကြောင့် ကျန်းမာခြင်းဥပဒေတရားများသည် လက်တွဲလျက်သွားကြသည်။ Testimonies for the Church, vol. 4, pp. 553, 554.

–o–

# အပိုင်း ၈

# ဘုရားကိုဝတ်ပြုခြင်း

# အသက်တာ

ဘုရားသခင်၏သန့်ရှင်း၍ ပညာပေးသောဝိညာဉ်တော်သည် ကိုယ်တော်၏နှုတ်ကပတ်တော်ထဲ၌ရှိသည်။ စာမျက်နှာတိုင်းမှအလင်းတစ်ခု၊ အဖိုးထိုက်တန်၍ အသစ်သောအလင်းတစ်ခုသည် ထွန်းတောက်လျက်ရှိ သည်။ ဘုရားသခင်၏အသံတော်သည် အသက်ဝိညာဉ်ကိုမိန့်တော်မူစဉ် ထိုနေရာ၌သမ္မာတရားသည် ဖော်ပြလျက်ရှိ၍၊ စကားများနှင့်စာပိုဒ်များသည် အဖြစ်အပျက်အဖို့ တောက်ပြောင်၍လျှော်ကန်စေသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် လူငယ်တို့အားပြောဆိုဖို့ရန် နှစ်သက်သည်။ သူတို့အဖို့ဘုရားသခင် နှုတ်ကပတ်တော်၏ရတနာများနှင့် လှပခြင်းကို သိမြင်စေလိုသည်။ သွန်သင်ဆုံးမသောပုဂ္ဂိုလ်ကြီးမိန့်တော်မူသော ကတိတော်များသည် အာရုံများကိုစွဲလမ်းစေ၍ အသက်ဝိညာဉ်ကို ဘုရားပကတိဖြစ်သော ဝိညာဉ်တန်ခိုးနှင့်လှုံ့ဆော်ပေးလိမ့်မည်။ အသီးသီး သောစိတ်၌ ဘုရားနှင့်စပ်ဆိုင်သောအရာများဖြင့် အကျွမ်းတဝင်ရှိခြင်းသည် ကြီးပွားလာ၍၊ ၎င်းတို့သည် စုံစမ်းနှောင့်ယှက်ခြင်းကို တားဆီးခြင်းပြုကြ လိမ့်မည်။ Christ's Object Lessons, p. 132.

# ဆုတောင်းခြင်းသည်ကျွန်ုပ်တို့၏ ရဲတိုက်ဖြစ်ခြင်း – ၇၇

ဤနောက်ဆုံးသောနေ့ရက်များ၏ဘေးဒုက္ခအလယ်၌ လူငယ်တို့၏ တစ်ခုတည်းသောလုံခြုံခြင်းသည် အစဉ်တိုးတက်နိုးကြားနေခြင်းနှင့် ဆုတောင်းခြင်းဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖတ်ခြင်းနှင့် ဆုတောင်းခြင်း၌ ပျော်မွေ့ခြင်းကိုတွေ့ရှိသောလူငယ်သည် အသက်စမ်းရေတွင်းမှ အစဉ်ရရှိသောရေဖြင့် လန်းဆန်းနေလိမ့်မည်။ သူသည် စာရိတ္တနှင့်ဆိုင်၍ကောင်းခြင်း၌ အမြင့်ဆုံးသို့ရောက်ရှိ၍၊ အကြံအစည်၏ကျယ်ဝန်းခြင်းကို အခြားသောသူများသည် နားလည်နိုင်ကြမည်မဟုတ်ပေ။ ဘုရားသခင်နှင့်အတူ ဆက်ဆံခြင်းသည် ကောင်းသောအကြံအစည်များ၊ မြင့်မြတ်သောတပ်မက်ခြင်းများ၊ သမ္မာတရားကိုကြည်လင်စွာတွေ့မြင်ခြင်းနှင့် မြင့်မားလှုပ်ရှားသော အကြံအစည်များကို အားပေးသည်။ မိမိတို့ကိုယ်ကို ဤနည်းဖြင့် ဘုရားသခင်နှင့် ဆက်သွယ်ထားသောသူများသည် မိမိ၏သားသမီးများအဖြစ် ဘုရားသခင်သည် အသိအမှတ်ပြုတော်မူသည်။ သူတို့သည် အစဉ်သဖြင့် မြင့်သည်ထက်မြင့်ရာသို့ရောက်ရှိ၍၊ ဘုရားသခင်နှင့်ထာဝရကာလကို ကြည်လင်စွာတွေ့မြင်ကြပြီးလျှင်၊ ဘုရားသခင်သည်သူတို့အား လောကကြီးအဖို့ အလင်းနှင့်လိမ္မာရေးခြားသွားရာလမ်းကြောင်းအဖြစ် ပြုလုပ်တော်မူသည်။

## မည်ကဲ့သို့ဆုတောင်းရမည်နည်း

ဆုတောင်းခြင်းကို နားလည်သင့်သလောက် နားမလည်ကြပေ။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းများသည် ဘုရားသခင်အား ကိုယ်တော်မသိသေးသောအရာများကို ဖော်ပြရန်မဟုတ်ပေ။ ဘုရားသခင်သည် အသက်ဝိညာဉ်တိုင်းတို့၏လျှို့ဝှက်ချက်များနှင့် ကျွမ်းဝင်ခြင်းရှိတော်မူသည်။ ကျွန်ုပ်၏ဆုတောင်းခြင်းများသည် ရှည်လျား၍ကျယ်ကျယ်လောင်လောင်ဖြစ်ဖို့ရန်မလိုပေ။

ဘုရားသခင်သည် ဝှက်ထားသောအကြံအစည်များကို ဖတ်ရှုတော်မူသည်။ ကျွန်ုပ်တို့သည် လျှို့ဝှက်စွာဆုတောင်းကြမည်။ ဆိတ်ငြိမ်ခြင်းကိုတွေ့မြင်သောကိုယ်တော်သည် ကြားတော်မူလိမ့်မည်။ ကျွန်ုပ်တို့ကို ပွင့်လင်းစွာဆုလာဘ်ပေးတော်မူမည်။

ကျွန်ုပ်တို့၌ စိတ်ဒုက္ခရောက်နေသောကြောင့် ဘုရားသခင်အထံတော်သို့ဆုတောင်းခြင်းဖြင့် ကိုယ်တော်အားပြောကြားသော်လည်း ကျွန်ုပ်တို့၌ လုံးဝစိတ်ဒုက္ခရောက်ခြင်းမရှိပါက၊ ပရိယာယ်ဆောင်သော ဆုတောင်းခြင်းများသာဖြစ်သည်။ သံဝေဂရသောဆုတောင်းခြင်းကိုသာ ဘုရားသခင်သည် ဂရုပြုတော်မူသည်။ "သန့်ရှင်းခြင်းဟု နာမရှိတော်မူထသော၊ အနန္တကာလတည်းဟူသော ဘုံဗိမာန်၌စံတော်မူထသော အထွတ်အမြတ်ဖြစ်တော်မူသောဘုရားမိန့်တော်မူသည်ကား၊ ငါသည် မြင့်မြတ်သန့်ရှင်းသောအရပ်၌နေ၏။ စိတ်နှိမ့်ချသောသူနှင့် နှလုံးကြေကွဲသောသူတို့၏စိတ်ဝိညာဉ်အသက်ရှင်စေခြင်းငှာ၊ ကြေကွဲနှိမ့်ချသောစိတ်သဘောရှိသောသူတို့၌လည်း ငါနေ၏။"

ဆုတောင်းခြင်းသည် ဘုရားသခင်၌ပြောင်းလဲခြင်းရှိဖို့ရန် ရည်ရွယ်ခြင်းမဟုတ်။ ကျွန်ုပ်တို့ကို ဘုရားသခင်နှင့်တညီတညွတ်တည်းဖြစ်စေသည်။ ၎င်းသည် တာဝန်ဝတ္တရားနေရာကိုမယူ။ ကျွန်ုပ်တို့သည် စိတ်ပါစွာဖြင့် အကြိမ်ပေါင်းမည်မျှပင် ဆုတောင်းစေကာမူ၊ ၎င်းဆုတောင်းခြင်းများသည် ဆယ်ဖို့တစ်ဖို့ပေးကမ်းရခြင်းကို အစားထိုးခြင်းမဟုတ်ပေ။ ဆုတောင်းခြင်းသည် ဘုရားသခင်ကိုပေးရန်ရှိသောအကြွေးကို ဆပ်ပေးလိမ့်မည်မဟုတ်။

## ဆုတောင်းခြင်းသည်တန်ခိုးကိုယူဆောင်လာခြင်း

ဘုရားသခင်ကိုဆုတောင်းခြင်းအားဖြင့် ရရှိသောခွန်အားသည် ကျွန်ုပ်တို့အဖို့ နေ့စဉ်နေ့တိုင်းဝတ္တရားများဆောင်ရွက်ဖို့ရန် ပြင်ဆင်ပေးလိမ့်မည်။ ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း စုံစမ်းနှောင့်ယှက်ခြင်းများကို တွေ့ဆုံနေရသောကြောင့် ဆုတောင်းခြင်းလိုအပ်ပေသည်။ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏

တန်ခိုးတော်နှင့် ကျွန်ုပ်တို့အားစောင့်ရှောက်ထားနိုင်ရန် စိတ်၏အလိုဆန္ဒသည် အဆက်မပြတ် တိတ်ဆိတ်သောဆုတောင်းခြင်းဖြင့် အပေါ်သို့တက်လျက်ရှိရမည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ ပြုပြင်သောတန်ခိုးများဖြင့်ဝန်းရံနေ၍ ၎င်းတို့သည် ကျွန်ုပ်တို့ကို ဘုရားသခင်မှဝေးကွာသွားစေဖို့ရန် သွေးဆောင်သောအခါ ကျွန်ုပ်တို့သည် အကူအညီနှင့်ခွန်အားကိုတောင်းဆိုခြင်း၌ မောပန်းခြင်းမရှိရ။ ဤကဲ့သို့မဖြစ်ပါက၊ ကျွန်ုပ်တို့ကို အပြစ်ရှိသောအလိုလိုက်ခြင်းများသို့ကျရောက်စေ၍ ကယ်တင်ရှင်ထံမှဝေးကွာစေဖို့ရန် စုံစမ်းနှောင့်ယှက်ခြင်း၏မာန်မာနနှင့်တန်ခိုးကို တိုက်ခိုက်ဖို့ရန် အောင်မြင်ကြမည်မဟုတ်ပေ။ သမ္မာတရား၏အလင်းသည် အသက်တာကိုသန့်စင်စေ၍၊ လက်ခံရရှိသောသူကိုအုပ်စိုးဖို့ရန် ကြိုးစားနေသောသူ၏စိတ်နှလုံး၌ ရှိသည့်အပြစ်အလိုရမ္မက်များကို သိမြင်စေသည်။ သူသည် ခရစ်တော်၏ကုသိုလ်များအားဖြင့် အောင်မြင်နိုင်ဖို့ရန် သူ၌ရှိသောရဲစွမ်းသတ္တိများနှင့်တန်ခိုးများကိုဆန့်၍ စာတန်ကိုတားဆီးရမည်။ The Youth’s Instructor, August 18, 1898.

–o–

# ဆုတောင်းခြင်း၏တန်ခိုး – ၇၈

မောရှေသည် တောင်ပေါ်၌ ဘုရားသခင်နှင့်အတူရှိနေစဉ်၊ ဘုရားသခင်၏ဘုန်းတော်ကိန်းအောင်းနေမည့် အံ့ဩဖွယ်ရာကောင်းသော အဆောက်အအုံ၏ပုံစံကိုတွေ့မြင်ရသည်။ အတူဆက်ဆံခြင်း၏လျှို့ဝှက်သောနေရာဖြစ်သော တောင်ပေါ်၌ ဘုရားသခင်နှင့်အတူရှိနေသောကြောင့် လူသားတို့အဖို့ ကိုယ်တော်၏မွန်မြတ်သောအကြံအစည်တော်ကို ကျွန်ုပ်တို့သည် ကြည့်ရှုဆင်ခြင်ရမည်။ ကျွန်ုပ်တို့၌ ကတိတော်သည်ပြည့်စုံဖို့ရန် ကျွန်ုပ်တို့၏ စာရိတ္တဆောက်တည်ခြင်းကို ဤနည်းဖြင့်ပြုလုပ်နိုင်ကြမည်။ "ငါသည် သူတို့တွင်နေ၍၊ သူတို့နှင့် လမ်းလျှောက်မည်။ ငါသည် သူတို့၏ဘုရားဖြစ် ၍၊ သူတို့သည် ငါ၏လူ ဖြစ်ကြလိမ့်မည်။"

ကျွန်ုပ်တို့သည် နေ့စဉ်အလုပ်လုပ်ကိုင်နေစဉ်၊ စိတ်နှလုံးဖြင့် ကောင်းကင်သို့မျှော်ကြည့်၍ ဆုတောင်းရမည်။ ဤတိတ်ဆိတ်သောပန်ကြား ခြင်းများသည် ကျေးဇူးတော်ပလ္လင်၏ရှေ့သို့ နံ့သာပေါင်းကဲ့သို့တက်သွားရာ ရန်သူသည် စိတ်ရှုပ်ထွေးလျက်ရှိသည်။ ဘုရားသခင်အပေါ်၌ ဤကဲ့သို့ စိတ်ထားသောခရစ်ယာန်ကို အောင်မြင်နိုင်မည်မဟုတ်ပေ။ မကောင်းသော အတတ်များဖြင့် သူ၏ငြိမ်သက်ခြင်းကို မဖျက်ဆီးနိုင်ပေ။ သူ၏လွတ်မြောက် ခြင်းကိုရရှိဖို့ရန် ဘုရားသခင်၏နှုတ်ကပတ်တော်ကတိတော်များ၊ ဘုရားပကတိ ကျေးဇူးတော်များနှင့် ယေဟောဝါဘုရား၏လက်ရုံးတော်ခွန်အားတို့သည် တာဝန်ခံထားလျက်ရှိသည်။ ဤနည်းဖြင့် ဧနောက်သည် ဘုရားသခင်နှင့် အတူ လမ်းလျှောက်သည်။ ဘုရားသခင်သည် သူနှင့်အတူရှိ၍၊ လိုအပ်သော အခါတိုင်း မစတော်မူသည်။

## အနန္တတန်ခိုးတော်ရှင်နှင့်တွေ့ထိလျက်ရှိခြင်း

ဆုတောင်းခြင်းသည် အသက်ဝိညာဉ်၏ဝင်သက်ထွက်သက်ဖြစ်သည်။ ၎င်းသည် ဝိညာဉ်တန်ခိုး၏လျှို့ဝှက်ချက်ဖြစ်သည်။ အခြားသောကျေးဇူးများ

နှင့်အစားထိုး၍ အသက်ဝိညာဉ်၏ကျန်းမာခြင်းကို စောင့်ထိန်းမထားနိုင်ပေ။ ဆုတောင်းခြင်းသည် စိတ်နှလုံးကိုချက်ချင်း အသက်တာ၏စမ်းရေတွင်းနှင့် ဆက်သွယ်ခဲ့၍၊ ဘာသာတရား၏ဗဟုသုတဖြစ်သော ကြွက်သားကြောများ နှင့်ကြွက်သားများကို ခွန်အားပေးသည်။ ဆုတောင်းဖို့ရန်လေ့ကျင့်ခြင်းကို ဂရုမစိုက်ဘဲနေသည်။ သို့မဟုတ် တစ်ခါတစ်ရံလောက်သာ အမှတ်ရသော အခါ ဆုတောင်းလျှင် သင်သည် ဘုရားသခင်ကိုလက်လွှတ်သွားလိမ့်မည်။ ဝိညာဉ်နှင့်ဆိုင်သောအစွမ်းသတ္တိများသည် ၎င်းတို့၏အင်အားကုန်ခန်း၍၊ ဘာသာရေးဗဟုသုတ၌လည်း ကျန်းမာခြင်းနှင့်သန်စွမ်းခြင်းမရှိတော့ပေ။

အံ့သြစရာကောင်းသောအချက်မှာ ကျွန်ုပ်တို့သည် အကျိုးရှိအောင် ဆုတောင်းနိုင်ကြသည်။ မထိုက်တန်အောင်လည်း ဆုတောင်းနိုင်ကြသည်။ မှားယွင်းခြင်းရှိသောလူသည် ဘုရားသခင်အား သူတို့၏တောင်းပန်ခြင်းကို ပြုဖို့ရန် တန်ခိုးရှိသည်။ အနန္တတန်ခိုးရှင်နှင့်ဆက်သွယ်ထားသောကြောင့် လူသည် ဤအခြေအနေထက် မည်သည့်မြင့်မားသောအရာကို အလိုဆန္ဒ ရှိသနည်း။ အားနည်း၍ အပြစ်ရှိသောလူသည် သူ့ကိုဖန်ဆင်းတော်မူသော အရှင်အားစကားပြောဆိုဖို့ရန် အခွင့်အရေးရသည်။ စကြဝဠာတစ်ခုလုံးကို အုပ်စိုးတော်မူသော အရှင်၏ပလ္လင်တော်သို့ရောက်အောင် ကျွန်ုပ်တို့သည် စကားများကိုပြောဆိုနိုင်သည်။ ကျွန်ုပ်တို့သည် လမ်း၌လျှောက်သွားစဉ် သခင်ယေရှုနှင့်စကားပြောဆိုနိုင်သည်။ “ငါသည် သင်၏လက်ယာဘက်၌ ရှိသည်” ဟု ကိုယ်တော်မိန့်တော်မူသည်။

## ရိုးသားသောဆုတောင်းခြင်းတိုင်းကိုနားညောင်းတော်မူသည်

ကျွန်ုပ်တို့သည် စိတ်နှလုံးများ၌ ဘုရားသခင်နှင့်ဆက်ဆံကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်ပေါင်းဖော်လျက် လမ်းလျှောက်ကြမည်။ ကျွန်ုပ်တို့၏နေ့စဉ်ဆောင်ရွက်ခြင်း၌ ကျွန်ုပ်တို့၏စိတ်ဆန္ဒကို ဖွင့်ဟပြောဆိုမည်။ လူသားတို့၏နားဖြင့် ကြားနိုင်မည်မဟုတ်ပေ။ သို့သော်လည်း ထိုစကားသည်

တိတ်ဆိတ်စွာပျောက်ကွယ်၍မသွား၊ သို့မဟုတ် လုံးဝပျောက်ဆုံးသွားခြင်းလည်းမရှိပေ။ အသက်ဝိညာဉ်၏ဆန္ဒကို မည်သည့်အရာမျှနစ်မွန်းအောင်မပြုလုပ်နိုင်ပေ။ ၎င်းသည် လမ်းမ၏ဆူညံသောအသံအပေါ်သို့တက်လာ၍၊ စကြဝဠာအသံတို့၏အထက်၌ရှိသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား စကားပြောဆိုနေ၍၊ ကျွန်ုပ်တို့၏ဆုတောင်းသံကို ကြားတော်မူသည်။ သို့ဖြစ်၍၊ တောင်းကြလော့၊ တောင်းလျှောက်ရမည်။ နှိမ့်ချခြင်း၊ ဉာဏ်ပညာ၊ ရဲရင့်ခြင်းနှင့် ယုံကြည်ခြင်းတိုးတက်ဖို့ရန် တောင်းကြလော့။ ရိုးသားသောဆုတောင်းခြင်း၌ အဖြေသည်လာလိမ့်မည်။ သင်အလိုရှိသည်အတိုင်း လာမည်မဟုတ်။ သို့မဟုတ် သင်တောင်းခံသောနာရီပိုင်း၌ ရမည်မဟုတ်။ သင့်အဖို့ အကောင်းဆုံးအချိန်၊ နည်းလမ်းဖြင့်လာလိမ့်မည်။ သင်သည် တစ်ဦးတည်းမောပန်းစုံစမ်းခြင်းခံနေရသောအချိန်၌ ဆုတောင်းခြင်းများကို ဘုရားသခင်နားညောင်းတော်မူသည်။ သင်ထင်မြင်ယူဆသည်အတိုင်း လာမည်မဟုတ်။ သို့သော်လည်း သင့်အတွက် အစဉ်ကောင်းဖို့ဖြစ်သည်။ Gospel Workers, pp. 254-258.

–၀–

# ဆုတောင်းနေစဉ်ကျွန်ုပ်တို့၏
# သဘောထား – ၇၉

ပရိသတ်ရှေ့၌ဆုတောင်းသည်ဖြစ်စေ၊ ဆိတ်ကွယ်ရာအရပ်၌ဆုတောင်းသည်ဖြစ်စေ၊ ကိုယ်တော်ရှင်၏ရှေ့တော်၌ ဒူးထောက်၍ကိုယ်တော်အားပန်ကြားရခြင်းသည် ကျွန်ုပ်တို့၏အခွင့်အရေးဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ပုံသက်သေဖြစ်၍၊ ဒူးထောက်၍၊ ဆုတောင်းတော်မူသည်။ ကိုယ်တော်၏တပည့်တော်များအကြောင်းနှင့်စပ်ဆိုင်၍ မှတ်တမ်းတင်ထားသည်မှာ၊ "သူတို့သည် ဒူးထောက်၍ဆုတောင်းကြသည်" "ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ရှေ့မှာ ငါသည်ဒူးထောက်၍ဆုတောင်းလေ့ရှိ၏" ဟု ရှင်ပေါလု ပြောဆိုသည်။ ဣသရေလလူမျိုးတို့၏အပြစ်ကို ဘုရားသခင်ရှေ့တော်၌ ဝန်ချတောင်းပန်ရာတွင် ဧဇရသည်ဒူးထောက်သည်။ ဒံယေလသည် တစ်နေ့လျှင် သုံးကြိမ်ဒူးထောက်၍၊ ဘုရားသခင်အားဆုတောင်း၍ ကျေးဇူးတော်ကိုချီးမွမ်း လေသည်။

ဘုရားသခင်အား မှန်သောအရိုအသေပေးခြင်းသည် အနန္တတန်ခိုးရှင်၏ကြီးကျယ်ခြင်းနှင့် ကိုယ်တော်ရှိတော်မူသည်ကို သိမှတ်ခြင်းပင်ဖြစ်သည်။ မတွေ့မမြင်နိုင်သော ကိုယ်တော်ကိုသိမြင်ခြင်းဖြင့် စိတ်နှလုံးတိုင်းတို့သည် နက်ရှိုင်းစွာစွဲမြဲခြင်းရှိရမည်။ ဆုတောင်းသောအချိန်နှင့်နေရာသည် သန့်ရှင်းခြင်းရှိ၏။ အကြောင်းမှာ ဘုရားသခင်သည် ထိုနေရာ၌ရှိသည်။ ရိုသေခြင်းကို စိတ်သဘောထားနှင့်အမူအရာအားဖြင့်ပြသရာ စိတ်၌ဖြစ်ပေါ်လာခြင်းသည် နက်ရှိုင်း၍လာလိမ့်မည်။ "ကိုယ်တော်၏နာမတော်သည် သန့်ရှင်း၍ကြောက်ရွံ့ရိုသေဖွယ်ဖြစ်၏" ဟု ဆာလံဆရာပြောဆိုသည်။ ကောင်းကင်တမန်များသည်ထိုနာမည်ကိုပြောသောအခါ မျက်နှာကိုဖုံးကွယ်ထားကြသည်။ သို့ဖြစ်၍ အပြစ်သို့ကျရောက်နေသော ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နှုတ်ခမ်းများဖြင့် မည်မျှရိုသေခြင်းကို ပေးကြရအံ့နည်း။

ဘုရားသခင်အထူးရှိသောနေရာကို သမ္မာကျမ်းစာ၌ ဖော်ပြထားလျက်ရှိ၍၊ မှတ်သားထားလျက်ရှိရာ၊ လူကြီးလူငယ်မရွေး မည်ကဲ့သို့သဘောထားရမည်ကို စေ့စေ့စဥ်းစားဆင်ခြင်ဖို့သင့်ပေသည်။ မီးလောင်နေသော ချုံတော၌ ဘုရားသခင်သည် မောရှေအား "သင်၏ခြေနင်းကိုချွတ်လော့။ သင်နင်းသော မြေကြီးသည် သန့်ရှင်းခြင်းရှိ၏။" ယာကုပ်သည် ကောင်းကင်တမန်များကို ရူပါရုံ၌တွေ့မြင်ပြီးနောက် ပြောဆိုသည်မှာ "ဘုရားသခင်သည် ဤနေရာ၌ ရှိတော်မူ၏။ ရှိကြောင်းကိုငါမသိ။" Gospel Workers, pp. 178,179.

–o–

# ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်း – ၈၀

ခရစ်တော်၌ယုံကြည်ခြင်းအားဖြင့် စာရိတ္တ၌ချို့တဲ့ခြင်းရှိသမျှတို့ကို ထောက်ပံ့၍ ညစ်ညူးသောအရာရှိသမျှကို ဆေးကြောမည်။ မှားယွင်းခြင်းဟူသမျှကို အမှန်ဖြစ်စေလျက် အကောင်းဆုံးသောအရာများကို ကြီးပွားစေမည်။

"သင်တို့သည်ကိုယ်တော်၌စုံလင်လျက်ရှိကြသည်။"

ဆုတောင်းခြင်းနှင့်ယုံကြည်ခြင်းသည် နီးကပ်စွာပေါင်းစပ်ထားသောကြောင့် ၎င်းတို့ကိုအတူတကွလေ့လာဖို့ရန် လိုအပ်သည်။ ယုံကြည်သောသူ၏ဆုတောင်းခြင်း၌ မြင့်မြတ်သောသိပ္ပံပညာပါသည်။ မိမိတို့၏အသက်တာကို အထမြောက်အောင် ပြုလုပ်လိုသောသူတို့နားလည်ရမည့် သိပ္ပံပညာတစ်ရပ်ဖြစ်သည်။ ထိုကြောင့် ငါဆိုသည်ကား၊ "သင်တို့သည် ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့်ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်။" ကျွန်ုပ်တို့၏တောင်းခံခြင်းသည် ဘုရားသခင်၏အလိုတော်အတိုင်းဖြစ်ရမည်ဟု ကိုယ်တော်သည် သေချာစွာမိန့်တော်မူသည်။ ကိုယ်တော်ရှင်ကတိထားတော်မူသောအရာများကိုသာ ကျွန်ုပ်တို့တောင်းခံရမည်။ ကျွန်ုပ်တို့သည် မည်သည့်အရာကိုရသည်ဖြစ်စေ၊ ကိုယ်တော်၏အလိုအတိုင်း အသုံးပြုရမည်။ လိုအပ်သော အချက်အလက်များပြည့်စုံသောအခါ ကတိတော်၌သံသယဖြစ်စရာအကြောင်း မရှိတော့ပေ။

အပြစ်မှလွတ်ငြိမ်းချမ်းသာခွင့်ရရှိဖို့ရန်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်ရရှိဖို့ရန်လည်းကောင်း၊ ခရစ်တော်ကဲ့သို့သောစိတ်မျိုးရရှိဖို့ရန်လည်းကောင်း၊ ကိုယ်တော်ရှင်၏အမှုတော်ကိုဆောင်ရွက်ဖို့ရန် ဉာဏ်ပညာနှင့်ခွန်အားကို ရရှိဖို့ရန်လည်းကောင်း၊ ကိုယ်တော်ရှင်ကတိထားတော်မူသောဆုကျေးဇူးတစ်ခုခုကိုလည်းကောင်းရရှိဖို့ရန် ကျွန်ုပ်တို့တောင်းခံနိုင်သည်။ ယင်းနောက် ရရှိပြီဟုယုံကြည်ရမည်။ ရရှိသောကြောင့် ဘုရားသခင်အားကျေးဇူးတင်ရမည်။

ကောင်းချီးမင်္ဂလာအတွက် ပြင်ပသာဓကကိုကြည့်ရှုဖို့ရန်မလိုပေ။ ဆုကျေးဇူးသည် ကတိတော်၌ရှိသည်။ ဘုရားသခင်ကတိထားတော်မူသည် အတိုင်း ကိုယ်တော်သည် ဆောင်ရွက်နိုင်ကြောင်းကိုယုံကြည်၍ ကျွန်ုပ်တို့သည် အလုပ်ကိုလုပ်ကိုင်နိုင်ကြသည်။ ကျွန်ုပ်တို့ပိုင်ဆိုင်ပြီးသောဆုကျေးဇူးကို ကျွန်ုပ်တို့အလိုအရှိဆုံးသောအချိန်၌ ရရှိကြမည်။ Education, pp. 257, 258.

–ဝ–

# သမ္မာကျမ်းစာသင်ကြားခြင်း၏ တန်ဖိုး – ၈၁

အသိဥာဏ်ကိုခွန်အားပေးရာ၌ သမ္မာကျမ်းစာကိုလေ့ကျက်ခြင်းသည် အခြားအရာများကို လေ့ကျက်သည်ထက် သာလွန်လေသည်။ မြတ်စွာ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကိုရှာဖွေခြင်း၌ လူငယ်များသည် မည်သည့်ထင်မြင်ချက်ကို ရရှိနိုင်အံ့နည်း။ ၎င်းကိုသုတေသနပြုလုပ်ခြင်း၌ စိတ်သည်သာ၍၊ သာ၍နက်နဲရာသို့ရောက်ရှိသွားပေမည်။ သမ္မာတရားကို သိမြင်ဖို့ရန် ကြိုးစားသောအခါတိုင်း ခွန်အားကိုရရှိသည်။ သို့သော်လည်း တစ်ဖက်၌အလွန်ကျယ်ဝန်းခြင်းရှိသည်။

ဘုရားသခင်ကိုချစ်သည်ဟုဝန်ခံ၍ ဘုရားသခင်နှင့်ဆိုင်သောအရာများကို ရှိသေသော်လည်း စိတ်ကိုအပေါ်ယံ၊ မရေရာသောအရာများ၌ စွဲလမ်းခြင်းကိုဖြစ်စေပါက၊ သူတို့သည် စာတန်မြေပေါ်၌နေ၍ သူ၏အလုပ်ကို လုပ်ကိုင်နေကြသည်။ လူငယ်များသည် သဘာဝ၌ ဘုရားသခင်၏အထူး ချီးမွမ်းဖွယ်ဖြစ်သော လုပ်ဆောင်တော်မူခြင်းများကို လေ့ကျက်ဆင်ခြင် အောက်မေ့ပြီးလျှင် ကိုယ်တော်၏နှုတ်ကပတ်တော်၌ဖော်ပြထားသော ကိုယ်တော်၏မြင့်မြတ်တော်မူခြင်းနှင့် ဘုန်းတန်ခိုးတော်ကိုလည်း သိမြင်ခြင်း ရှိပါက၊ သူတို့သည် ထိုကဲ့သို့သောလေ့လာဆင်ခြင်အောက်မေ့ခြင်းမှတိုးတက်၊ နိုးကြားသောအစွမ်းသတ္တိများဖြင့် ပေါ်ထွက်လာကြလိမ့်မည်။ ကိုယ်ကိုကိုယ် အထင်ကြီးခြင်းနှင့်ဆက်စပ်ခြင်းမရှိသောအားအင်တစ်ခုကို ရရှိလိမ့်မည်။ ကြီးမြတ်သောတန်ခိုးတော်၏အံ့ဩဖွယ်ရာကို ဆင်ခြင်အောက်မေ့ခြင်းဖြင့် စိတ်သည် အခက်ဆုံးဖြစ်သော်လည်း အသုံးအဝင်ဆုံးသင်ခန်းစာကို သင်ကြားရမည်။ လူ၏တတ်သိလိမ္မာခြင်းသည် အနန္တတန်ခိုးရှင်နှင့်ဆက်သွယ်ခြင်းမရှိ၊ ခရစ်တော်၏ကျေးဇူးတော်ဖြင့် သန့်ရှင်းခြင်းမရှိပါက၊ မိုက်မဲခြင်းရှိသည်။

## ခရစ်တော်၏ ကြားဖျန်ဖြေရေးအလုပ်

ဘုရားသခင်၏ ချစ်လှစွာသောသားတော် တာဝန်ခံ၍ပြုလုပ်ဆောင်ရွက်သောအမှုသည် ဖန်ဆင်းခြင်းခံရသောသူနှင့် ဖန်ဆင်းခြင်းမခံရသောအရှင်၊ အကန့်အသတ်ရှိသောသူနှင့် ကန့်သတ်ခြင်းမရှိသောအရှင်၊ မိမိ၏ ဘုရားပကတိရှိခြင်းနှင့် ဆက်သွယ်ပေးခြင်းသည် ကျွန်ုပ်တို့အဖို့ တစ်သက်ပတ်လုံးစဉ်းစားစရာအကြောင်းတစ်ခုဖြစ်ပေသည်။ ခရစ်တော်ဆောင်ရွက်သော ဤအလုပ်သည် အခြားကမ္ဘာ၌ရှိကြသော သူများတို့၏ အပြစ်ကင်းခြင်းနှင့်သစ္စာရှိခြင်းကို အတည်ပြု၍ ဤကမ္ဘာ၌ပျောက်ဆုံး၍ ပျက်စီးနေသောသူတို့ကို ကယ်တင်ရန်ဖြစ်သည်။ ကိုယ်တော်သည် နားမထောင်သောသူတို့အဖို့ ဘုရားသခင်အထံတော်၌ ပြန်၍သစ္စာတော်ကိုစောင့်သိရှိသေဖို့ရန် လမ်းဖွင့် ပေးခြင်းဖြစ်ပြီး၊ ဤအလုပ်ကိုပြုလုပ်နေစဉ် စင်ကြယ်ပြီးသောသူတို့သည် ညစ်ညူးခြင်းမဖြစ်စေဖို့ရန် သူတို့၏နံဘေး၌ အကွယ်အကာကိုချထားလေသည်။

မည်သည့်အခါမျှ အပြစ်သို့ကျရောက်ခြင်းမရှိသော ကမ္ဘာများအတွက်ကျွန်ုပ်တို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်နေစဉ် ဤကမ္ဘာများသည် သခင်ယေရှုကိုဂုဏ်ပြုခြင်းနှင့် ဘုန်းအသရေတော်ကိုချီးမွမ်းကြသည်။ အကြောင်းမှာ အပြစ်သို့ကျရောက်သွားသော အာဒံ၏သားများကိုကယ်တင်ရန်၊ ကယ်တင်ခြင်း အကြံအစည်အတွက်နှင့် သူတို့ကိုယ်တိုင်အခြေအနေနှင့်စင်ကြယ်ခြင်းစာရိတ္တကို အတည်ပြုခြင်းဖြစ်သည်။ စာတန်၏စုံစမ်းသွေးဆောင်ခြင်းကြောင့် လူသားတို့အပေါ်သို့ကျရောက်သောပျက်စီးခြင်းမှ လူအိမ်ထောင်ကိုချီပင့်သောလက်သည် အခြားကမ္ဘာများ၌ရှိသောလူများကို အပြစ်သို့မကျရောက်စေဖို့ရန် စောင့်ထိန်းတော်မူသောလက်ဖြစ်သည်။ ကျယ်ဝန်းသောကာလတစ်လျှောက်လုံး၌ရှိသော ကမ္ဘာတိုင်း အဖခမည်းတော်နှင့်သားတော်၏ ထောက်ပံ့ခြင်းနှင့်ကြည့်ရှုခြင်းကို ရယူကြသည်။ ဤကြည့်ရှုခြင်းကို အပြစ်သို့ကျရောက်နေသော လူအဖို့ အစဉ်မပြတ်ဆောင်ရွက်လျက်ရှိတော်မူသည်။ ခရစ်တော်သည် လူအဖို့ကြားဝင်၍ဖျန်ဖြေလျက်ရှိသည်။ မတွေ့မမြင်နိုင်သော ကမ္ဘာများ၏အစီအစဉ်ကိုလည်း

ကိုယ်တော်ကြားဝင်ဖျန်ဖြေခြင်းအလုပ်ဖြင့် စောင့်ထိန်းထားလျက်ရှိတော်မူသည်။ ဤပြောဆိုရေးသားစဉ်းစားစရာများအကြောင်းသည် ကျွန်ုပ်တို့၏အထင်အမြင်များကို အာရုံပြုဖို့ရန်လုံလောက်စွာ ကြီးကျယ်ခြင်းနှင့်အရေးကြီးခြင်းဖြစ်၍ ဘုရားသခင်အား ကျွန်ုပ်တို့၏ကျေးဇူးတင်ခြင်းနှင့် ရိုသေလေးမြတ်ခြင်းကို ပေးဖို့ရန်ခေါ်သည်။

## သိမှတ်တတ်သောသတ္တိကိုကြီးပွားစေခြင်း

ကျွန်ုပ်တို့၏လူငယ်များတို့အား ကျမ်းစာအုပ်ကိုဖွင့်ပြ၍၊ ဝှက်ထားသောရတနာများကို သူတို့အားပြသပါ။ သမ္မာကျမ်းစာ၏သမ္မာတရား ကျောက်မျက်ရတနာများကို ရှာဖွေရန်ခိုင်းပါ။ ကျိုးကြောင်းဆင်ခြင်တုံအတွေး အခေါ် ပညာအားလုံးကပေးနိုင်သည်ထက် သူတို့သည် အသိပညာဓွန်အားကို ပို၍ရရှိကြမည်။ ခမ်းနားသောအကြောင်းအရာများနှင့်စပ်ဆိုင်၍ သမ္မာကျမ်းစာ ကဖော်ပြခြင်း၊ မွက်ဆိုခြင်း၌ အာရုံခံစားနိုင်သော ဂုဏ်ကျက်သရေရှိခြင်း၊ မြင့်မြတ်သောပြောဆိုရေးသားစရာအကြောင်းကို စိတ်၌စွဲလမ်းစေခြင်း၊ ဘုရားသခင်၏ပလ္လင်တော်မှ စူးရှ၍ကြည်လင်သောအလင်းသည် နားလည် ခြင်းကို သိမြင်ထင်ရှားစေ၍၊ စိတ်၏တန်ခိုးများကိုကြီးပွားစေလိမ့်မည်။ ဤ ကဲ့သို့ဖြစ်ပေါ်လာရခြင်းကို စုံလင်စွာဖော်ပြနိုင်မည်မဟုတ်ပေ။

သမ္မာကျမ်းစာသည် စိတ်ကူးအထင်အမြင်အတွက်၊ အတိုင်းအရှည်မရှိသောကျယ်ဝန်းခြင်းကိုတင်ပြ၍၊ ကောင်းကင်သည်မြေကြီးနှင့်ဝေးကွာသကဲ့သို့ စာရိတ္တ၌လည်း အပေါ်ယံနိမိတ္တသတ္တဝါများ၏သန့်ရှင်းခြင်းမရှိသော အသိဉာဏ်ထက် သာ၍မြင့်မားခြင်းနှင့် သာ၍မြင့်မြတ်ခြင်းရှိသည်။ ကျွန်ုပ်တို့လူမျိုးတို့၏ရာဇဝင်ကို လူတိုင်းတို့၏လက်တွင်း၌ ထားရှိသည်။ အားလုံးတို့သည် ယခုအချိန်၌ သုတေသနပြုလုပ်နိုင်ကြသည်။ ဧဒင်ဥယျာဉ်ထဲ၌ သန့်ရှင်းခြင်း၊ အပြစ်ကင်းခြင်းနှင့်ရပ်တည်နေ၍၊ ဘုရားသခင်အပြစ်ကင်းသော ကောင်းကင်တမန်တို့နှင့်အတူ ဆက်ဆံနေသော ကျွန်ုပ်တို့၏ပထမမိဘများ

တို့နှင့် သူတို့သည် သိကျွမ်းနိုင်ကြသည်။ သူတို့သည် အပြစ်ဝင်လာသည့် အကြောင်းနှင့် လူတို့အပေါ်၌ မည်ကဲ့သို့အကျိုးသက်ရောက်ခြင်းရှိသည်ကို လိုက်လံစုံစမ်း၍၊ ရာဇဝင်၌မှတ်တမ်းတင်ထားသော လူ၏နားမထောင်ခြင်း နှင့်နောင်တမရခြင်း၊ အပြစ်အတွက် မှန်ကန်သောအကျိုးအပြစ်ဆပ်ပေးခြင်း များအကြောင်းကို တစ်ဆင့်ပြီးနောက်တစ်ဆင့် စိစစ်နိုင်သည်။

## အမြင့်ဆုံးသောတတ်သိလိမ္မာခြင်း

စာဖတ်သောသူသည် ရှေးလူကြီးများ၊ ပုရောဖက်များနှင့်စကား လက်ဆုံပြောဆိုပေမည်။ သူသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသောအခင်း အကျင်းများ၌ လှုပ်ရှားသွားလာခဲ့ပေမည်။ ကောင်းကင်နိုင်ငံတော်၏ဘုရင် ဖြစ်သော ခရစ်တော်ကို ဘုရားသခင်နှင့်တန်းတူဖြစ်သည်ဟု သူသည်တွေ့မြင် ၍၊ ကိုယ်တော်သည် လူဇာတိသို့ဆင်းသက်လာပြီးလျှင် ကယ်တင်ခြင်း အကြံ အစည်ကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ လူအား စာတန်ချည်နှောင် ထားသော သံကြိုးများကို ကိုယ်တော်သည်ဖြုတ်ပစ်လိုက်၍ သူ၏ဘုရားနှင့် တူသောလူကြီး ဘဝကို ပြန်၍တည်စေသည်။ ခရစ်တော်သည် မိမိအပေါ်သို့ လူဇာတိကိုယူတင် ၍၊ လူ၏အဆင့်တွင် နှစ်ပေါင်းသုံးဆယ်ပတ်လုံး တည်တံ့ စေခဲ့သည်။ လူကို ပစ်ထားလိုက်ခြင်းကြောင့် ပျက်စီးခြင်းသို့မကျရောက်စေဘဲ အပြစ်အတွက် မိမိ ၏အသက်ဝိညာဉ်ကို ပူဇော်သကာအဖြစ်ပေးခဲ့ခြင်းအကြောင်း သည် အနက်နဲ ဆုံးစဉ်းစား၍ အများဆုံးစိတ်ဝင်စားစွာလေ့လာရမည့် အကြောင်းအရာတစ်ခုဖြစ် သည်။

စိတ်သည် အံ့ဖွယ်ကြီးမားသော သမ္မာတရားများ၏ဖော်ပြခြင်းကို ကိုင်ဆွဲပါစေ။ ထိုသို့သောအခါ ယင်းသည် သေးနုပ်သိမ်ဖျင်းသောအကြောင်း အရာများ၌ ယင်း၏တန်ခိုးများကို အသုံးပြုမည်မဟုတ်။ ယနေ့ လူငယ်များ ၏အကျင့်စာရိတ္တကိုပျက်ပြားစေသော ပေါ့ပျက်သည့်စာပေများနှင့် အကျိုး မရှိသောပျော်ရွှင်ခြင်းများကို ယင်းသည်ရွံရှာ၍ မျက်နှာလွှဲသွားလိမ့်မည်။

လောကီနှင့်စပ်ဆိုင်သည့် စာပေကျမ်းဂန်များကို ပြောင်မြောက်စွာရေးသား သောသူတို့၏စာပေများကို လေ့လာရသည်ထက်၊ သို့မဟုတ် ကမ္ဘာကြီး၏ ဖာရောမင်းများ၊ ဟေရုဒ်မင်းများနှင့်ကဲသာဘုရင်များတို့၏ကျော်စောတိက္ကမရှိ သောအလုပ်များကို စဉ်းစားဆင်ခြင်၍ ဂုဏ်ပြုနေသည်ထက်၊ သမ္မာကျမ်းစာ ၏လက္ခဏာဆရာများ၊ ကဝိသုခမိန်များနှင့်ပေါင်းသင်းဆက်ဆံပြီးလျှင် ယုံ ကြည်ခြင်းသူရဲကောင်းတို့၏ထွန်းပြောင်သောအပြုအမူများအားဖြင့် လှုပ်ရှား နေသော အသက်ဝိညာဉ်များတို့၏အထင်အမြင်ကြွယ်ဝသောအရာများမှ စိတ်နှ လုံး၌ သာ၍စင်ကြယ်ခြင်းနှင့် စိတ်မြင့်မားခြင်းရရှိကြလိမ့်မည်။

လူငယ်တို့၏တန်ခိုးများသည် အထူးသဖြင့် ငြိမ်ဝပ်လျက်နေ၏။ အကြောင်းမှာ သူတို့၏ထာဝရဘုရားကိုကြောက်ရွံ့သောသဘောသည် ပညာ၏ အချုပ်အခြာဖြစ်ကြောင်းကို မလုပ်ကိုင်သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် ဒံယေလကို ဉာဏ်အမြော်အမြင်နှင့်အသိပညာကို ပေးတော်မူသည်။ အကြောင်း မှာ သူသည် သူ၏ဘာသာရေးစပ်ဆိုင်ရာကျင့်ဝတ်တရားများ၌ မည်သည့်တန်ခိုး မျှဝင်ရောက်စွက်ဖက်ခြင်းကို အခွင့်မပေးသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၌ စိတ်တည်တံ့သောသူများ၊ စိတ်ငြိမ်သက်၍ တင်းပြည့် ကျပ်ပြည့်ရှိသောသူများ နည်းပါးရခြင်းအကြောင်းမှာ၊ သူတို့သည် ကောင်းကင်ဘုံ နှင့်အဆက်ပြတ်နေ စဉ် ကြီးမြင့်ခြင်းကိုတွေ့လိမ့်မည်ဟု ထင်မြင်သောကြောင့် ဖြစ်သည်။

လူ၏သားသမီးတို့သည် ဘုရားသခင်ကိုကြောက်ရွံ့ခြင်း၊ ချစ်ခြင်း၊ ဂုဏ်ပြုခြင်းမရှိကြပေ။ သူတို့သည် ဘာသာတရားကိုဝန်ခံသလောက် နေထိုင် လုပ်ကိုင်ခြင်း၌ မပြသကြပေ။ ဘုရားသခင်သည် လူအဖို့ဘာမျှလုပ်ကိုင်မပေး နိုင်ပေ။ အကြောင်းမှာ လူသည် လွယ်လင့်တကူ စိတ်နေမြင့်တတ်၍ မိမိ ကိုယ်ကိုအကြောင်းအားလျော်စွာ ဖြစ်တတ်ပျက်တတ်သည်ဟု ကောက်ယူ တတ်သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏စွမ်းရည်သတ္တိ များကို ကျယ်ဝန်းစေလိုသည်။ ကျွန်ုပ်တို့ရရှိသော အခွင့်အရေးတိုင်းကို ထုတ် ဖော်ခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ နားလည်ခြင်း၌ ခိုင်ခံ့စေလိုသည်။လူသည်

သူကြီးပွားလာသည်ထက် သာ၍မြင့်သောမွေးဖွားခြင်း၊ သာ၍မြင့်သော အသက်တာအဖို့ဖြစ်သည်။ ကျွန်ုပ်တို့ ယခုအသက်ရှင်နေခြင်းသည် ဘုရားသခင်၏ အသက်တာနှင့် နှိုင်းယှဉ်နိုင်သောအချိန်အဖို့ ပြင်ဆင်ခြင်းဖြစ်သည်။

## သမ္မာကျမ်းစာသည်အကြီးဆုံးသောဆရာကြီးဖြစ်ခြင်း

စိတ်သည်ဆင်ခြင်နေနိုင်ဖို့ရန် သန့်ရှင်းရိုသေဖွယ်သောကျမ်းစာ၌ မည်သည့်အကြောင်းအရာများ ဖော်ပြထားသနည်း။ အာရုံပြုဖို့ရန် မည်သည့်နေရာ၌ သာ၍မြင့်သောပြောဆိုရေးသား စဉ်းစားစရာအကြောင်း တွေ့မြင်နိုင်အံ့နည်း။ အလွန်စိတ်စွဲလမ်းစရာကောင်းသော ပြောဆိုရေးသားစဉ်းစားစရာများအကြောင်းသည် အဘယ်နေရာ၌ရှိသနည်း။ လူတို့၏လောကဓာတ်ပညာနှင့် ရှာဖွေခြင်းများသည် မည်သည့်နေရာ၌ သမ္မာကျမ်းစာ၏သိပ္ပံပညာနှင့်နှိုင်းယှဉ်၍ ရနိုင်အံ့နည်း။ အလွန်နက်နဲ၍စိတ်ထက်သန်သော အထင်အမြင်အသိပညာနှင့်ပြည့်စုံသောသူ၏ခွန်အားကို ခေါ်ယူရမည့်အရာသည် မည်သည့်နေရာ၌ရှိသနည်း။

ကျွန်ုပ်တို့အား စကားပြောဆိုဖို့ရန် အခွင့်ပေးခဲ့လျှင်၊ မည်သည့်အရာမျှ သွန်သင်မပေးနိုင်သောအရာကို သမ္မာကျမ်းစာသည် သွန်သင်ပေးလိမ့်မည်။ သို့သော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်မှလွဲ၍ အခြား သောအရာအားလုံးတို့အကြောင်း ရေးသားခဲ့ပြီ။ သန့်ရှင်းရိုသေဖွယ်ဖြစ်သော သမ္မာတရားရတနာနှင့်ပြည့်စုံသော သမ္မာကျမ်းစာအုပ်ကိုဂရုမစိုက်ဘဲ စားပွဲ ပေါ်၌တင်ထားစဉ်၊ အဖိုးမထိုက်တန်သောစာပေများ၊ ဒဏ္ဍာရီပုံဝတ္ထုများကို ငမ်းငမ်းတက်ဖတ်ရှုကြသည်။ သန့်ရှင်းရိုသေဖွယ်သောနှုတ်ကပတ်တော်ကို အသက်တာ၏ဥပဒေသဖွယ်ပြုလုပ်ပါက ရွေးဖော်ခြင်း၊ မြှင့်တင်ပေးခြင်းနှင့် သန့်စင်စေခြင်းကို ပြုလုပ်ပေးလိမ့်မည်။ လူကိုဘုရားသခင်မိန့်တော်မူသော အသံဖြစ်သည်။ ကျွန်ုပ်တို့ အလေးဂရုပြုမည်လား။

"နှုတ်ကပတ်တော်ကိုဖွင့်ပြခြင်းသည် အလင်းကိုပေး၍၊ မလိမ္မာသော သူတို့ကို လိမ္မာစေတတ်ပါ၏။" ကောင်းကင်တမန်များသည် သမ္မာကျမ်းစာကို ရှာဖွေသောသူတို့၏အနားၡွင်နေ၍၊ စိတ်ကိုစွဲလမ်းစေပြီးလျှင် ထွန်းလင်းတောက် ပစေသည်။ လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင့်ရှစ်ရာကျော်အချိန်က ပထမဦးဆုံး တပည့်တော်များထံသို့ရောက်လာသော ခရစ်တော်၏အမိန့်တော် အရှိန်နှုန်းအ တိုင်း ယနေ့အချိန်၌လည်း ရောက်ရှိနေသည်။ "ထာဝရအသက် ကိုရမည်အ ထင်နှင့် သင်တို့သည် ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြသည်။ ထိုကျမ်းစာပင် ငါ၏ သက်သေဖြစ်သည်။" Review and Herald, January 11, 1881.

–၀–

# သင့်အဖို့သမ္မာကျမ်းစာကို ရှာဖွေလော့ – ၈၂

လူငယ်များသည် သူတို့ကိုယ်တိုင်သမ္မာကျမ်းစာကိုရှာဖွေရမည်။ ဗဟုသုတရင့်သောသူတို့သာလျှင် သမ္မာတရားတော်ကိုရှာဖွေဖို့ရန် တော်သင့်သည်ဟု သူတို့စိတ်၌ထင်မြင်ခြင်းမရှိရပေ။ လူငယ်များသည် သူတို့ထံမှ သက်သေခံချက်အနေဖြင့် လက်ခံယူနိုင်သည်။ ယုဒလူမျိုးများသည် နိုင်ငံအနေဖြင့် ပျက်စီးသွားကြသည်။ အကြောင်းမှာ၊ သူတို့ကိုအုပ်ချုပ်သောသူများ၊ ယဇ်ပုရောဟိတ်များနှင့်အသက်ကြီးသောသူများတို့သည် သမ္မာကျမ်းစာ၌ပါသည့် မှန်သောတရားမှလွဲသွားစေသောကြောင့်ဖြစ်သည်။ သူတို့သည် သခင်ယေရှု၏သင်ခန်းစာများကို သတိပြုနားထောင်ခဲ့၍၊ သမ္မာကျမ်းစာကို သူတို့ကိုယ်တိုင်ရှာဖွေပါက၊ ပျက်စီးခြင်းသို့ရောက်ကြမည်မဟုတ်။

ဘုရားသခင်ကတိတော်တစ်ခု၏ကြွယ်ဝခြင်းနှင့် ကြီးကျယ်ခြင်းကို မည်သည့်စိတ်မဆိုသိနားလည်နိုင်ဖို့ရန် ခဲယဉ်းလေသည်။ တစ်ဦးတစ်ယောက်သည် မြင်ကွင်းတစ်နေရာ၏ဘုန်းတော်ကို တွေ့မြင်ပေမည်။ နောက်တစ်ယောက်သည် လုပခြင်းနှင့်တင့်တယ်ခြင်းအသရေကို အခြားတစ်နေရာမှတွေ့မြင်ရ၍၊ အသက်ဝိညာဉ်သည် ကောင်းကင်ဘုံအလင်းနှင့်ပြည့်ဝနေသည်။ ကျွန်ုပ်တို့သည် ဘုန်းတော်အားလုံးကိုတွေ့မြင်ခဲ့လျှင် ဝိညာဉ်သည် အားအင်ကုန်သွားလိမ့်မည်။ သို့သော်လည်း ကျွန်ုပ်တို့ယခုခံစားနေသည်ထက် ဘုရားသခင်၏ကြွယ်ဝသောကတိတော်များထဲမှ သာ၍ကြီးသောဖော်ပြခြင်းများကို ကျွန်ုပ်တို့ခံနိုင်ကြသည်။ ကျွန်ုပ်တို့အဖို့မှန်းထားသောကောင်းချီးမင်္ဂလာပြည့်စုံခြင်းကို ကျွန်ုပ်တို့သည် မည်ကဲ့သို့မျက်ခြည်ပြတ်သွားသည်ကို စဉ်းစားလိုက်သောအခါ၊ ကျွန်ုပ်၏စိတ်နှလုံး၌ ဝမ်းနည်းခြင်းရှိသည်။ ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း ကိုယ်တော်ရှိတော်မူခြင်းအလင်း၌ လျှောက်သွားနိုင်သော်လည်း၊ တစ်ခဏမျှသာကြာသော အရောင်များလျှပ်သည့်ဝိညာဉ်ရေးအလင်းနှင့် ကျွန်ုပ်တို့သည် စိတ်ကျေနပ်လျက်ရှိကြသည်။ Testimonies to Ministers, pp. 109,111.

–o–

# သမ္မာကျမ်းစာသင်ပေးခြင်း၌ကြိုးစား
# အားထုတ်ဆောင်ရွက်ခြင်း – ၈၃

"ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည်ဟုစိတ်ထင်နှင့် သင်တို့သည်ကျမ်းစာကို စေ့စေ့ကြည့်ရှုကြ၏။" စေ့စေ့ကြည့်ရှုသည်ဟူသောအဓိပ္ပါယ်မှာ၊ ပျောက်ဆုံးသွားသောအရာတစ်ခုကို လုံ့လထုတ်၍ရှာဖွေခြင်းဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ ဝှက်ထားသောရတနာများကို ရှာဖွေခြင်းဖြစ်သည်။ သင်၌ ထိုအရာများမရှိ၍မဖြစ်ပေ။ ခက်ခဲသောဝါကျများကို လေ့လာ၍ စာတစ်ပိုဒ်နှင့်တစ်ပိုဒ်နှိုင်းယှဉ်ကြည့်ပါ။ သမ္မာကျမ်းစာသည် သော့ဖြစ်၍ သမ္မာကျမ်းကိုဖွင့်ပေးသည်။

ဆုတောင်း၍ ကျမ်းစာကိုလေ့ကျက်သောသူတို့သည် ရှာဖွေသောအခါတိုင်း ယခင်အချိန်ကထက် ပို၍လိမ္မာလာကြသည်။ သူတို့၏အချို့သောခက်ခဲခြင်းများ၌ အဖြေကိုရကြသည်။ အကြောင်းမှာ ယောဟန်ခရစ်ဝင် ၁၄ ၌ဖော်ပြထားသောအလုပ်ကို သန့်ရှင်းသောဝိညာဉ်တော်သည် လုပ်ဆောင်ခဲ့ပြီ။ "ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဒ္ဒါယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသောစကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အားပေးတော်မူမည်။"

စိတ်ထက်သန်စွာ ကြိုးစားအားထုတ်ခြင်းမရှိပါက အဖိုးထိုက်တန်သောအရာတစ်ခုကိုမျှ မရနိုင်ပေ။ အရောင်းအဝယ်ကိစ္စတို့၌ လုပ်ကိုင်လိုသောဆန္ဒရှိသည့်သူတို့၌သာလျှင် အောင်မြင်ခြင်းကိုတွေ့မြင်ရကြသည်။ စိတ်ထက်သန်သောလုပ်ဆောင်ခြင်းမရှိလျှင်၊ ကျွန်ုပ်တို့သည် ဝိညာဉ်နှင့်ဆိုင်သောအရာများ၏အကြောင်းကို အသိဉာဏ်ရရှိကြမည်မဟုတ်။ မြေကြီးထဲ၌ ဖုံးအုပ်နေသော အဖိုးတန်သည့်သတ္တုကို သတ္တုတွင်းတူးသမားသည် တူးယူသကဲ့သို့ သမ္မာတရား၏ရတနာများကို ရယူလိုသောသူသည် တူးရမည်။

ဂရုမစိုက်၊ စေတနာမပါဘဲ အလုပ်လုပ်ကိုင်သောသူတို့သည် မည်သည့် အခါမျှအောင်မြင်ကြမည်မဟုတ်။ လူကြီးလူငယ်မရွေး ဘုရားသခင်၏ နှုတ်က ပတ်တော်ကို ဖတ်ရှုရမည်။ သူတို့သည် ဖတ်ရှုကြသည်သာမက၊ လုံ့လရှိသော စိတ်အားထက်သန်ခြင်း၊ ဆုတောင်းခြင်း၊ ယုံကြည်ခြင်းနှင့်ရှာဖွေ ကြရမည်။ ဤနည်းဖြင့် သူတို့သည်ဝှက်ထားသော ရတနာကိုတွေ့မြင်ကြမည်။ အကြောင်း မှာ ဘုရားသခင်သည် သူတို့၏နားလည်ခြင်းကို လျင်မြန် စေတော်မူမည်။

## ပွင့်လင်းသောစိတ်သဘောရှိခြင်း

နှုတ်ကပတ်တရားတော်ကိုလေ့ကျက်သောအခါ၊ စူးစမ်းရှာဖွေသော တံခါး၀၌ သင်၏တင်ကူး၍ မှတ်ယူထားသောအထင်အမြင်များနှင့် မိရိုးဖလာ မှဆင်းသက်လာ၍ ပြုစုပျိုးထောင်ထားသော စိတ်ကူးများကိုချထားပါ။ သမ္မာ ကျမ်းစာကိုလေ့လာရာ၌ သင်၏စိတ်ကူးများကို အပြစ်လွတ်အောင်ချေဆိုပါက သင်သည် မည်သည့်အခါမျှ အမှန်တရားသို့ရောက်ရှိမည်မဟုတ်။ ဤအရာ များကို တံခါး၀၌ချထား၍၊ သံ၀ေဂရသောစိတ်နှလုံးဖြင့် ဘုရားသခင်သည် သင့်အား မည်ကဲ့သို့မိန့်တော်မူမည်ကို ၀င်ရောက်နားထောင်ပါ။ သမ္မာတရား ကို စိတ်နှလုံးနှိမ့်ချ၍ရှာဖွေသောသူသည် ခရစ်တော်၏ခြေတော်ရင်း၌ထိုင်၍၊ ကိုယ်တော်အကြောင်းကို သင်ကြားသောအခါ နှုတ်ကပတ်တော်သည် သူ့ကို နားလည်ခြင်းပေးမည်။ သမ္မာကျမ်းစာကိုလေ့ကျက်ဖို့ရန် မိမိတို့ကိုယ်ကို ပညာရှိကြီးများဖြစ်သည်ဟု အထင်ကြီးသောသူတို့ကို ခရစ်တော်မိန့်တော်မူ သည်မှာ၊ သင်သည် ကယ်တင်ခြင်း၌ပညာရှိဖြစ်လိုပါက သင်၏စိတ်နှလုံး သည် နူးညံ့၍နှိမ့်ချခြင်းရှိရမည်။

ယခင်အချိန်ကရှိခဲ့သောအထင်အမြင်များကို အခြေခံ၍ နှုတ်ကပတ် တော်ကို မဖတ်ပါနှင့်။ ငဲ့ကွက်သောစိတ်သဘောမျိုးမရှိဘဲ သေချာစွာဆုတောင်း ခြင်းဖြင့် ရှာဖွေပါ။ သင်ဖတ်နေစဉ် မှုပြစ်ထင်ရှားခြင်းဖြစ်လာခဲ့လျှင်၊

သင်မြတ်နိုးသောအထင်အမြင်များသည် နှုတ်ကပတ်တော်သွန်သင်ချက်နှင့် မညီညွတ်သောအခါ၊ နှုတ်ကပတ်တော်ကို သင်၏အထင်အမြင်များနှင့်အံ့ဝင်ခွင်ကျဖြစ်ဖို့ရန် မပြုလုပ်ပါနှင့်။ သင်၏အထင်အမြင်များကို နှုတ်ကပတ်တော်နှင့်အံ့ဝင်ခွင်ကျဖြစ်ဖို့ရန်ပြုလုပ်ပါ။ အတိတ်ကာလအချိန်၌ သင်ယုံကြည်ခဲ့ခြင်းနှင့် (သို့မဟုတ်) ပြုကျင့်ခဲ့ခြင်းသည် သင်၏နားလည်ခြင်းကိုအုပ်စိုးဖို့ရန် အခွင့်မပေးပါနှင့်။ တရားတော်၏အံ့ဩဖွယ်သောအရာများကိုတွေ့မြင်နိုင်ရန် သင်၏စိတ်မျက်စိများကို ဖွင့်ထားပါ။ မည်သည့်အရာရေးသားထားသည်ကို ရှာဖွေပါ။ ထိုနောက် သင်၏ခြေကို ထာဝရကျောက်ပေါ်၌ချထားပါ။

## ဘုရားသခင်၏အလိုတော်ကိုသိကျွမ်းခြင်း

ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ကိုယ်တော်၏နှုတ်ကပတ်တော်တွင်ပါသော ဘုရားသခင်၏အလိုတော်ကို သိကျွမ်းခြင်းအပေါ်၌ မှီနေသည်။ သမ္မာတရားကိုရှာဖွေရာ၌ မည်သည့်အခါမျှ မေးမြန်းခြင်းနှင့်ရှာဖွေခြင်းကို ရပ်တန့်ခြင်းမပြုရ၊ သင်သည် သင်၏ဝတ္တရားကိုသိသင့်သည်။ ကယ်တင်ခြင်းရရှိဖို့ရန် မည်ကဲ့သို့ပြုလုပ်ရမည်ကို သင်သိသင့်သည်။ ကိုယ်တော်သည် သင့်အား မည်သည့်အရာမိန့်တော်မူခဲ့သည်ကို သင်သိဖို့ရန် ဘုရားသခင်၏အလိုတော်ဖြစ်သည်။ သို့သော်လည်း သင်သည် ယုံကြည်ခြင်းကိုပြရမည်။ သင်သည် ကျမ်းစာကိုရှာဖွေနေစဉ်၊ ဘုရားသခင်ရှိတော်မူသည်ကို ယုံကြည်၍၊ ကိုယ်တော်ကို ကြိုးစားရှာဖွေသောသူတို့ကို ကိုယ်တော်သည် ဆုလာဘ်ပေးသနားတော်မူသည်။

ဝိညာဉ်အစာကို ဆာမွတ်တောင့်တနေသကဲ့သို့ သမ္မာကျမ်းစာကို ရှာဖွေလော့။ သတ္တုတူးသမားသည် ရွှေကြောကိုတွေ့ရှိဖို့ရန် မြေကြီးထဲသို့ တူးသကဲ့သို့ နှုတ်ကပတ်တော်၌တူးလော့။ သင်သည် ဘုရားသခင်နှင့် မည်ကဲ့သို့ တော်စပ်ခြင်းရှိ၍ ဘုရားသခင်၏အလိုတော်သည် သင့်အဖို့ မည်ကဲ့သို့ရှိသည် ကိုမသိမချင်း သင်၏ရှာဖွေခြင်း၌ ရပ်တန့်ခြင်းမရှိပါစေနှင့်။ The Youth’s Instructor, July 24, 1902.

## သမ္မာကျမ်းစာကိုရိုသေလေးမြတ်စွာသင်ကြားခြင်း

သမ္မာကျမ်းစာကိုသင်ကြားရာ၌ ကျွန်ုပ်တို့သည် ရိုသေကိုင်းရှိုင်းခြင်းနှင့်လာရောက်ရမည်။ သို့လာစဉ် ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်၌ ရှိသည်ဟု ထင်မြင်ခြင်းရှိရမည်။ ပေါ့ဆခြင်းများနှင့်သိမ်ဖျင်းခြင်းများကို ဖယ်ရှင်းလိုက်ရမည်။ နှုတ်ကပတ်တော်မှ အချို့အပိုင်းများကို လွယ်ကူစွာ နားလည်နိုင်သော်လည်း၊ အခြားအပိုင်းများမှ မှန်သောအဓိပ္ပါယ်ကို လွယ်လင့်တကူ နားမလည်နိုင်ပေ။ သည်းခံ၍သင်ကြားခြင်းဖြင့် သေချာစွာစဉ်းစားခြင်းနှင့်တကွ စိတ်ထက်သန်သောဆုတောင်းခြင်းရှိရမည်။ စာသင်သားတိုင်း ကျမ်းစာကိုဖွင့်သောအခါ၊ သန့်ရှင်းသောဝိညာဉ်တော်၏အလင်းကို တောင်းခံရမည်။ ကတိတော်အတိုင်း ဧကန်ရရှိမည်။

သမ္မာကျမ်းစာကိုစစ်ဆေးရှာဖွေဖို့ရန်လာသောအခါ သင်၌ရှိသော စိတ်သဘောထားသည် သင်၏နံဘေး၌ရှိသော မစသူ၏စာရိတ္တကို ဆုံးဖြတ်ပေးလိမ့်မည်။ အလင်းကမ္ဘာမှကောင်းကင်တမန်တို့သည် စိတ်နှလုံးနှိမ့်ချ၍၊ ဘုရားသခင်၏စောင့်မခြင်းကို ရှာဖွေသောသူတို့နှင့်အတူ ရှိကြလိမ့်မည်။ သို့သော် သမ္မာကျမ်းစာအုပ်ကို မရိုသေသောသဘော၊ ပင်ကိုယ်အတိုင်း လုံလောက်ပြီဟု ထင်မြင်ခြင်း၊ စိတ်နှလုံးသည် ငဲ့ကွက်သောသဘောဖြင့် ပြည့်ဝနေပါက၊ စာတန်သည် သင်၏နံဘေး၌ရှိ၍၊ ဘုရားသခင်၏ပွင့်လင်းစွာ ဖော်ပြထားသောအချက်များကို မှောက်လှန်လိုက်လိမ့်မည်။ Testimonies to Ministers, pp. 107,108.

-o-

# သမ္မာကျမ်းစာကိုကြိုးစားအားထုတ်
# သင်ကြားခြင်း၏ဆုလာဘ် – ၈၄

သမ္မာတရားကိုရှာဖွေရာ၌ ရှာဖွေသောသူသည် လှန်သောစာမျက်နှာတိုင်း၌ ဆုလာဘ်ကိုရရှိလိမ့်မည်။ တွေ့မြင်သောအခါတိုင်း သူ့အဖို့စိစစ်စူးစမ်းဖို့ရန် ကြွယ်ဝသောနေရာများ ပွင့်လာလိမ့်မည်။ လူများသည် သူတို့အာရုံပြုသည်အတိုင်း သူတို့၌ပြောင်းလဲခြင်းရှိသည်။ သာမန်အကြံအစည်များနှင့် အရေးကိစ္စများသည် သူတို့၏အလေးဂရုပြုခြင်း၌ရှိခဲ့လျှင် လူသည်သာမညသာဖြစ်လိမ့်မည်။ မည်သည့်အရာမဆိုရရှိဖို့ရန် ဂရုစိုက်ခြင်းမရှိ၊ ဘုရားသခင်၏သမ္မာတရားတော်ကို အပေါ်ယံလောက်သာနားလည်ဖို့ရန်ဖြစ်ပါက ဘုရားသခင်သည် သူ့အပေါ်၌ချပေးမည့် အကြွယ်ဝဆုံးသောကောင်းချီးမင်္ဂလာကို ရရှိလိမ့်မည်မဟုတ်ပေ။

စိတ်၏ဥပဒေတရားတစ်ခုသည် ၎င်းနှင့်အကျွမ်းဝင်လာသောအရာများတို့၏အတိုင်းအထွာအတိုင်း ကျဉ်းလာတတ်သည်။ သို့မဟုတ် ကျယ်သွားတတ်သည်။ သမ္မာတရားကိုရှာဖွေရာ၌ စိတ်နှင့်ဆိုင်သောတန်ခိုးများကို အင်တိုက်အားတိုက် အသုံးမပြုခဲ့ပါက၊ တန်ခိုးများသည် ကေန်မုချကျုံ့လာ၍ ဘုရားသခင်နှုတ်ကပတ်တော်၏နက်နဲသောအဓိပ္ပါယ်များကို ကိုင်ဆွဲဖို့ရန် ခွန်အားသတ္တိဆုတ်ယုတ်သွားလိမ့်မည်။ သမ္မာတရား၏အကြောင်းအရာများကို စိစစ်ရာ၌ စိတ်ကိုအသုံးပြု၍ ကျမ်းကိုကျမ်းခြင်း၊ ဝိညာဉ်နှင့်ဆိုင်သောအရာကို ဝိညာဉ်နှင့်နှိုင်းယှဉ်ခဲ့လျှင်၊ စိတ်သည် ကျယ်ဝန်းလာလိမ့်မည်။ မျက်နှာပြင်အောက်သို့ဆင်းပါ။ တတ်သိလိမ္မာ၍ ကြိုးစားသောစာသင်သားအဖို့ စိတ်အထင်အမြင်၏အကြွယ်ဝဆုံးသောရတနာများသည် စောင့်ဆိုင်းလျက်ရှိ နေကြသည်။ Review and Herald, July 17, 1888.

## ကျမ်းစာသည်လမ်းပြတစ်ခုဖြစ်ခြင်း

စာသင်သားသည် ကျမ်းစာကို မိမိ၏လမ်းပြအဖြစ်ယူ၍ ကျင့်ဝတ်တရား၌ ခိုင်ခံ့စွာရပ်တည်ပါ။ သူသည် လိုချင်သောအမြင့်သို့ရောက်ရှိလိမ့်မည်။ Ministry of Healing, p. 465.

–ဝ–

# သမ္မာကျမ်းစာသည်ပညာပေးသော
# စာအုပ်ဖြစ်ခြင်း – ၈၅

ပညာပေးသောအနေဖြင့်၊ သန့်ရှင်းသောကျမ်းစာစကားများသည် ပြိုင်ဘက်မရှိပေ။ လူပိုင်ဆိုင်သောပစ္စည်းတွင် သမ္မာကျမ်းစာသည် ရှေးအကျဆုံး၊ အများအပါဝင်ဆုံးရာဇဝင်ဖြစ်သည်။ ၎င်းသည် ထာဝရသမ္မာတရားစမ်းရေတွင်းမှ လတ်လတ်ဆတ်ဆတ်ထွက်စီးလာသည်။ အစွန့်ရှည်သောကာလပတ်လုံး ဘုရား၏လက်တော်သည် စင်ကြယ်ခြင်းကိုစောင့်ထိန်းတော်မူခဲ့သည်။ ၎င်းသည် အလွန်ဝေးလံသော အတိတ်ကာလကိုအလင်းပေးခဲ့ရာ၊ လူတို့သည် ထိုးဖောက်၍အထမမြောက်သော သုတေသနပြုလုပ်ခြင်းကို ရှာဖွေကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်၌သာ ကမ္ဘာမြေကြီးကို ပန္နက်သဲချခဲ့သောတန်ခိုးကို ကျွန်ုပ်တို့တွေ့မြင်ကြ၍၊ ကောင်းကင်ပြင်တစ်ခုလုံး ကျယ်ပြန့်သွားခဲ့သည်။ ဤနေရာ၌ လူမျိုးတို့၏မူလဘူတအကြောင်း အစစ်အမှန် မှတ်တမ်းကိုတွေ့မြင်ရသည်။ ဤနေရာ၌ လူတို့၏မာနနှင့်ငဲ့ကွက်ခြင်းကင်းသော ကျွန်ုပ်တို့လူမျိုး၏ရာဇဝင်ကိုပေးထားသည်။

## ထာဝရတည်သောပုဂ္ဂိုလ်၏အသံ

ဘုရားသခင်၏နှုတ်ကပတ်တော်၌ စိတ်သည် အနက်ဆုံးစဉ်းစားဖို့ရန်နှင့် အမြင့်ဆုံးရမ္မက်ရှိခြင်းအကြောင်းအရာများကို တွေ့မြင်နိုင်သည်။ ဤနေရာ၌ ကျွန်ုပ်တို့သည် ရှေးလူကြီးများ၊ ပုရောဖက်များနှင့်ဆက်ဆံနိုင်၍ လူတို့ကိုမိန့်တော်မူသော ထာဝရပုဂ္ဂိုလ်၏အသံတော်ကို နားထောင်နိုင်ကြသည်။ ဤနေရာ၌ ကျွန်ုပ်တို့၏ကိုယ်စားနှင့်အာမခံ၊ မှောင်မိုက်၏တန်ခိုးများဖြင့် တစ်ဦးတည်းရင်ဆိုင်၍၊ ကျွန်ုပ်တို့အဖို့ အောင်မြင်ခြင်းရရှိဖို့ရန် ကောင်းကင်ဘုံ၏ဘုရင်သည် နှိမ့်ချခြင်းကိုခံတော်မူကြောင်း၊ ကျွန်ုပ်တို့တွေ့မြင်ရသည်။ ထိုကဲ့သို့ပြောဆိုရေးသား စဉ်းစားစရာများအကြောင်းကို ကျွန်ုပ်တို့သည်

ရှိသေစွာအာရုံပြုခြင်းဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးပျော့ပျောင်းခြင်း၊ စင်ကြယ်ခြင်းနှင့်မြင့်မြတ်ခြင်းကိုဖြစ်စေသည်။ ထိုအချိန်၌ပင် စိတ်ကိုအသစ်သော ခွန်အားနှင့် သန်စွမ်းခြင်းကိုပေးသည်။

ဘုရားသခင်တောင်းဆိုတော်မူခြင်းများကို ဂရုမစိုက်၊ မထီလေးစားပြုလုပ်ခြင်း၌ သတ္တိရှိ၍ ယောကျ်ားစွမ်းရည်ထက်သည်ဟု ပြောဆိုသောသူတို့သည် သူတို့၏မိုက်မဲခြင်းနှင့်မသိတတ်ခြင်းကို သစ္စာဖောက်နေကြသည်။ သူတို့၌လွတ်လပ်ခြင်းရှိသည်။ မည်သူကိုမျှမှီခိုခြင်းမပြုဟု ဝါကြွားနေစဉ်၊ သူတို့သည် ဧကန်အမှန် အပြစ်နှင့်စာတန်၏အောက်၌ ကျွန်ခံနေရကြသည်။

## လူ့ဘဝ၏မှန်ကန်သောအတွေးအခေါ်

ဘုရားသခင်သည် မည်သည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို မည်ကဲ့သို့ဖြစ်ဖို့ရန်တောင်းဆိုကြောင်းများကို ရှင်းလင်းစွာသိမြင်ခြင်းသည် ကောင်းကျိုးဖြစ်စေတတ်သောနှိမ့်ချခြင်းသို့ ပို့ဆောင်လိမ့်မည်။ အကြင်သူသည် သန့်ရှင်းသောနှုတ်ကပတ်တော်ကို မှန်ကန်စွာသင်ကြားခြင်းပြုပါက လူ၏အသိဉာဏ်သည် အနန္တတန်ခိုးနှင့်ပြည့်စုံခြင်းမရှိကြောင်း သိရှိလိမ့်မည်။ ဘုရားမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ မပေးနိုင်သောမစခြင်းကို မရရှိပါက လူ၏ခွန်အားနှင့်ဉာဏ်အမြော်အမြင်သည် ခွန်အားနည်းခြင်းနှင့်ပညာကင်းမဲ့ခြင်းသာဖြစ်သည်။

ဘုရားသခင်၏ရှေ့ဆောင်တော်မူခြင်းနောက်သို့ လိုက်နေသောသူသည် မှန်သောကယ်တင်တော်မူခြင်း ကျေးဇူးတော်၏အစပြုရာနေရာနှင့်အစစ်အမှန်ဖြစ်သောဝမ်းသာခြင်းကို တွေ့မြင်၍၊ သူ၏ပတ်ဝန်းကျင်၌နေထိုင်သောသူတို့ကိုလည်း ပျော်ရွှင်ခြင်းပေးရန်တန်ခိုးကို ရရှိသည်။ ဘာသာတရားမရှိဘဲ၊ မည်သူမျှ ဧကန်အမှန်ပျော်ရွှင်နိုင်မည်မဟုတ်ပေ။ ဘုရားကိုချစ်ခြင်းသည် ဝါသနာအထုံတိုင်းနှင့်ဆန္ဒတိုင်းကို စင်ကြယ်မြင့်မြတ်စေ၍၊ စုံမက်ခြင်းတိုင်းကိုပြင်းထန်စေပြီးလျှင် တန်ဖိုးရှိသောအပျော်အပါးဟူသရွေ့ကို တောက်ပစေ

သည်။ မှန်ကန်ကောင်းမွန်၍ လှပခြင်းအားလုံးကို လူသည်နှစ်သက်ဖို့ရန် တတ်နိုင်စေသည်။

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို အခြားအရာများထက် တန်ဖိုးထားကြသည်မှာ ၎င်းသည် လူအားဘုရားသခင်၏အလိုရှိခြင်းကို ဖော်ပြသည်။ဤနေရာ၌ ကျွန်ုပ်တို့ကိုဖန်ဆင်းခြင်းရည်ရွယ်ချက်ကို ကျွန်ုပ်တို့သည် သင်ကြားရ၍၊ ထိုရည်ရွယ်ချက်သို့ရောက်ရှိဖို့ရန် အကြောင်းပင်ဖြစ်သည်။ ပစ္စုပ္ပန်အသက်တာကိုလည်းကောင်း၊ အနာဂတ်အသက်တာကိုလည်းကောင်း၊ မည်ကဲ့သို့လိမ္မာစွာတိုးတက်ရမည်ကို ကျွန်ုပ်တို့သင်ကြားခဲ့ရပြီ။ စိတ်၏မေးမြန်းခြင်းများ (သို့မဟုတ်) စိတ်နှလုံး၏အသနားခံခြင်းများကို မည်သည့်စာအုပ် မျှ စိတ်ကျေနပ်ခြင်းမပေးနိုင်ပေ။ ဘုရားသခင်၏နှုတ်ကပတ်တော်မှ အသိဥာဏ်ကိုရရှိ၍ နားထောင်ခြင်းဖြင့် လူသည်အနိမ့်ဆုံးသောအခြေအနေမှ ဘုရားသခင်၏သားများအဖြစ်သို့ရောက်ရှိနိုင်သည်။ အပြစ်မရှိသော ကောင်းကင်တမန်တို့၏အပေါင်းအဖော်ဖြစ်လာသည်။ Counsels to Teachers, Parents and Students, pp. 52-54.

–၀–

# ရှိသေခြင်း – ၈၆

ငယ်သောချစ်မိတ်ဆွေများ၊ ဘုရားသခင်ကို မြေကြီးပေါ်၌ဂုဏ်ပြုရခြင်းသည် သင်တို့၏အခွင့်အရေးပင်ဖြစ်သည်။ ဤအရာပြုလုပ်နိုင်ရန်၊ သင်တို့၏စိတ်ကို အပေါ်ယံအရာများ၊ သိမ်ဖျင်း၍အရေးမကြီးသောအရာများမှ လွှဲပြောင်း၍၊ ထာဝရအဖိုးတန်သောအရာများကို ကြည့်ရှုရမည်။

ကယ်တင်ရှင်သတိပေးသောစကားကို အထူးသဖြင့် နားထောင်လိုက်နာရမည့်ခေတ်၌ ကျွန်ုပ်တို့နေထိုင်ကြသည်။ "သင်တို့သည် စုံစမ်းနှောင့်ယှက်ခြင်းသို့မကျရောက်မည့်အကြောင်း ဆုတောင်း၍စောင့်နေကြလော့။" သင်တို့အတွက် ပြင်းထန်သောစုံစမ်းနှောင့်ယှက်ခြင်းသည် မရှိသေ ခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည် မြင့်၍သန့်ရှင်းတော်မူသည်။ နှိမ့်ချ သောသူ၊ ယုံကြည်သောအသက်ဝိညာဉ်၊ မြေကြီးပေါ်၌ရှိသော ကိုယ်တော်၏ အိမ်တော်၊ ကိုယ်တော်လူများတွေ့ဆုံ၍ ဘုရားဝတ်ပြုသောနေရာသည် ကောင်းကင်ဘုံ၏ တံခါးဝကဲ့သို့ဖြစ်၏။ ချီးမွမ်း၍ဆိုသောသီချင်း၊ ခရစ်တော်၏ ဓမ္မဆရာများ ပြောဆိုသောစကားများသည် အထက်အရပ်ရှိအသင်းတော်အဖို့ လူတစ်စုကို ပြင်ဆင်နေသောသူများဖြစ်၍ ထိုမြင့်မားသောဝတ်ပြုခြင်းထဲသို့ မသန့်ရှင်း၊ မစင်ကြယ်သောအရာတစ်ခုမျှ မဝင်နိုင်ပေ။

## ဘုရားသခင်၏အိမ်တော်၌ကျင့်ကြံပြုမူခြင်း

ဤခေတ်လူငယ်များတွင် ရှိသေခြင်းများစွာ လိုအပ်လျက်ရှိသည်။ ဘုရားတရားရှိသော မိဘများတို့၏သားသမီးတို့သည် ဘုရားသခင်၏အိမ်တော်၌ စောင့်ထိန်းသင့်သည့်စည်းမျဉ်းများကို ဂရုမစိုက်ဘဲနေကြသည်ကို ကျွန်ုပ်မြင်ရသောအခါ အလွန်တုန်လှုပ်ခြင်းရှိသည်။ ဘုရားသခင်၏ကျေးကျွန်များသည် လူထုအားအသက်ရှိသောစကားများကို ပြောဆိုနေစဉ် အချို့တို့သည် စာဖတ်နေခြင်းနှင့်အချို့တို့သည် တီးတိုးစကားပြောဆိုခြင်း၊ ရယ်မော

ခြင်းများပြုလုပ်နေကြသည်။ ပတ်ဝန်းကျင်၌ထိုင်သော သူတို့၏အာရုံပြုခြင်းကို လွှဲသွားစေခြင်းဖြင့် သူတို့၏မျက်စိများသည် အပြစ်ပြုလုပ်နေကြသည်။ ဤအကျင့်ကိုဟန့်တားခြင်းမပြုဘဲ လက်လွှတ်ထားလိုက်ပါက ကြီးထွားလာ၍ အခြားသူများသို့ကူးစက်သွားလိမ့်မည်။

ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်သော အစည်းအဝေးခန်းများ၌ဂရုမစိုက်၊ သတိမရှိနေခြင်းသည် ဂုဏ်ယူစရာဖြစ်သည်ဟု ကလေးများနှင့်လူငယ်များသည် မည်သည့်အခါမျှ ထင်မြင်ခြင်းမရှိတန်ရာ၊ အရိုအသေတန်သောအရာကို စိတ်၌ကြံစည်သည်ဖြစ်စေ၊ သို့မဟုတ် လုပ်ကိုင်သည်ဖြစ်စေ၊ ကောင်းကင်ဘုံ၌ရှိသောစာအုပ်ထဲ၌ ထိုသို့သောအပြုအမူကို မှတ်တမ်းတင်ထားသည်။ "ငါသည်သင်၏အလုပ်ကိုသိ၏" ဟု ကိုယ်တော်မိန့်တော်မူ၏။ အရာခပ်သိမ်းကို တွေ့မြင်သော ကိုယ်တော်၏မျက်စိတော်မှ မည်သည့်အရာမျှဖုံးကွယ်၍မရပေ။ သင်၌ဘုရားသခင်၏အိမ်တော်တွင် ဂရုမစိုက်၊ ပေါ့ပေါ့ဆဆနေတတ်သော အလေ့အကျင့်မျိုး အနည်းနှင့်အများရှိလာခဲ့လျှင်၊ သင်၌ရှိသောတန်ခိုးများကို သုံးစွဲ၍ ပြုပြင်လိုက်ပါ။ သင့်ကိုယ်ကိုရိုသေခြင်းရှိကြောင်းပြပါ။ သင့်ကိုယ်တိုင်နှင့်တစ်သွေးတစ်သားတည်းသို့ ရောက်ရှိလာသည်တိုင်အောင် ရိုသေခြင်းကိုလေ့ကျင့်ပေးပါ။

တရားဟောပြောနေစဉ် တစ်ဦးကိုတစ်ဦး ကမ်းလှမ်းပြောဆိုခြင်းဖြင့် ဘုရားသခင်၏ဝတ်ပြုရာအိမ်တော်ကို အရိုအသေတန်အောင် မပြုလုပ်ပါနှင့်။ ဘုရားသခင်၏ကောင်းကင်တမန်များသည် သူတို့ကိုကြည့်ရှုနေကြောင်း ဤမှားယွင်းခြင်းကိုပြုလုပ်နေသောသူများသည် တွေ့မြင်ခဲ့လျှင်၊ သူတို့သည် အရှက်နှင့်ပြည့်ဝ၍ မိမိတို့ကိုယ်ကိုရွံရှာကြလိမ့်မည်။ ဘုရားသခင်သည် သေချာစွာနားထောင်သောသူများကို အလိုရှိသည်။ လူသည် အိပ်ပျော်နေစဉ်၊ ရန်သူသည် တောပင်များကိုစိုက်ပျိုးခဲ့သည်။

သန့်ရှင်းခြင်းမရှိသောအရာဟူသမျှ၊ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခြင်းနှင့်မသက်ဆိုင်သောအရာဟူသမျှကို၊ ပေါ့ပေါ့ဆဆဖြင့် ဂရုမစိုက်ဘဲမနေသင့်ပေ။ အသက်နှင့်ဆိုင်သောစကားကိုပြောဆိုသောအခါ၊ ဘုရားသခင်

ကိုယ်စားလှယ်ခန့်ထားသောသူထံမှ ဘုရားသခင်၏အသံတော်ကို သင်သည် နားထောင်နေကြောင်းသတိရပါ။ သတိမဲ့နေခြင်းဖြင့် ဤစကားများပျောက် ပျက်မသွားပါစေနှင့်။ နားထောင်ခဲ့လျှင် သင်၏ခြေကိုမှားယွင်းလမ်းဘက်သို့ ကျူးကျော်မသွားရန် တားဆီးပေးမည်။

## ဘာသာရေးနှင့်ဆိုင်သောအရာများကို မထီလေးစားပြုလုပ်ခြင်း

အများသောလူငယ်တို့သည် ဘာသာတရားရေးကို ဝန်ခံကြသော်လည်း စိတ်နှလုံး၏ပြောင်းလဲခြင်းအကြောင်း အသိဉာဏ်အနည်းငယ်မျှ မရှိသည်ကို တွေ့မြင်ရ၍၊ ကျွန်ုပ်၌ဝမ်းနည်းခြင်းဖြစ်မိသည်။ စာရိတ္တ၌ပြောင်းလဲ ခြင်းမရှိ။ ခရစ်ယာန်တစ်ယောက်ဖြစ်သည်ဟု ဝန်ခံခြင်းသည် အလွန်အရေးကြီးကြောင်း ကို သူတို့၌မှုချသိမြင်ခြင်းမရှိပေ။ သူတို့၏အသက်တာသည် ဘာသာစိတ် မျိုးရှိခြင်းနှင့် လုံးဝညီညွတ်ခြင်းမရှိပေ။ သူတို့သည် ဘုရားသခင်၏ သားသ မီးများဖြစ်ကြ၍ ထိုအစု၌ပါဝင်ခြင်းရှိခဲ့လျှင် သူတို့၌အနှစ်အရသာမရှိခြင်း၊ ကျီစယ်ခြင်း၊ သိမ်ဖျင်းခြင်းနှင့်ပြည့်ဝနေမည်မဟုတ်။ အခြားသော သူများတို့ ၏မိုက်မဲသောစကားများနှင့် အပြုအမူသည် သူတို့၏အထဲ၌နိုးကြား ထကြွ လာလိမ့်မဟုတ်ပေ။ ဆုကိုရရှိဖို့ရန် အားတင်းထားသောစိတ်သည် ကောင်း ကင်ဘုံကိုရရှိသောအခါ၊ ဘာသာရေးနှင့်စပ်ဆိုင်၍ ပြောင်လှောင်ခြင်းများကို နိုင်ခံ့စွာငြင်းပယ်လိုက်လိမ့်မည်။

ဤအကြောင်းအရာနှင့်စပ်ဆိုင်၍ ဂရုမစိုက်ဘဲနေခြင်း၌ ကြီးကျယ် သောဘေးအန္တရာယ်ရှိသည်။ မည်သည့်မိုက်မဲခြင်းမှ စဉ်းစားမဆင်ခြင်တတ် ခြင်းနှင့် လျှပ်ပေါ်လော်လည်ခြင်းထက် စဉ်းလဲခြင်းမဖြစ်နိုင်ပေ။ နေရာတိုင်း၌ သိမ်ဖျင်းသောသဘောရှိသည့်လူငယ်များကို တွေ့မြင်ရသည်။ ဤအတန်း အ စား၌ပါသောလူငယ်များကို ရှောင်ရှားရပေမည်။ အကြောင်းမှာ သူတို့သည် ဘေးမကင်းသောသူများဖြစ်ကြသည်။ သူတို့သည် ခရစ်ယာန်ဖြစ်သည်ဟု

ပြောဆိုခဲ့လျှင် သူတို့ကိုပို၍ကြောက်ရွံ့ရပေမည်။ သူတို့၏စိတ်များသည် ညံ့သောသွန်းပုံ၌ လောင်းထားလျက်ရှိသည်။ သင်သည် သူတို့ကို မြင့်မား၍ မြင့်မြတ်သောအကြံအစည်များဖြင့် ကောင်းသောလမ်းသို့ယူဆောင်လာနိုင်မည့်အစား သင့်ကို သူတို့၏အဆင့်အတန်းသို့ဆွဲချသွားဖို့ရန် သူတို့အဖို့ပို၍လွယ်ကူသည်။ သင်၏အပေါင်းအဖော်များသည် စကားပြောဆိုခြင်းနှင့်အပြုအမူ၌ တင့်တယ်သောအမူအရာများကို ထိန်းသိမ်းလိုက်နာသောသူများဖြစ်ပါစေ။

ဘုရားသခင်ကိုချီးမွမ်းရာတွင် သင်၌အကောင်းဆုံးကိုပြသလိုပါက၊ သင်၏အပေါင်းအဖော်များသည် သာမန်အရာများနှင့်သန့်ရှင်းသောအရာများ ကို ခွဲခြားပြသနိုင်သောသူများဖြစ်ရမည်။ သင်၌ ကျယ်ပြန့်သောအထင်အမြင်များ၊ မြင့်မြတ်သောအကြံအစည်များနှင့် ရမ္မက်ရှိခဲ့လျှင်၊ မှန်ကန်သောကျင့်ဝတ်များကို ခွန်အားရှိစေနိုင်မည့်အပေါင်းအဖော်များကို ရွေးချယ်ပါ။ အကြံအစည်တိုင်းနှင့် လှုပ်ရှားသောစိတ်ပြဋ္ဌာန်းခြင်းတိုင်းသည် အနာဂတ်အသက်တာ၌ ထာဝရပျော်မွေ့ခြင်းရရှိဖို့ရန် လုပ်ဆောင်ခြင်းရှိပါစေ။ The Youth’s Instructor, October 8, 1896.

–o–

# တည်မြဲသောမျှော်လင့်ခြင်းတစ်ရပ် – ၈၇

ဘုရားသခင်သည် သင့်ကိုလက်ခံတော်မူကြောင်း သင်သည် အဘယ်သို့သိရှိနိုင်အံ့နည်း။ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ဆုတောင်းလျက် လေ့ကျက်ပါ။ အခြားစာအုပ်များကဲ့သို့ အသုံးမပြုဘဲမထားပါနှင့်။ ဤစာအုပ်သည် အပြစ်ရှိကြောင်းထင်ရှားသိမြင်စေသည်။ ၎င်းသည် ကယ်တင်ခြင်းလမ်းကို ရှင်းလင်းစွာဖော်ပြသည်။ ယင်းသည် တောက်ပ၍ဘုန်းတော်နှင့်ပြည့်ဝသော ဆုလာဘ်ကို တွေ့မြင်ရန်ပြသသည်။ ယင်းသည် သင့်ကိုစုံလင်သော ကယ်တင်ရှင်ကိုဖော်ပြ၍၊ ကိုယ်တော်၏မကုန်မဆုံးနိုင်သော ကရုဏာတော်မှသာလျှင် သင်သည် ကယ်တင်ခြင်းကိုရရှိနိုင်ကြောင်း သွန်သင်သည်။

ဆိတ်ငြိမ်သောအရပ်၌ ဆုတောင်းဖို့ရန် ဂရုမစိုက်ဘဲမနေပါနှင့်။ အကြောင်းမှာ ယင်းသည် ဘာသာတရား၏အသက်ဝိညာဉ်ဖြစ်သည်။ စိတ်ထက်သန်ခြင်း၊ စေတနာကြီးသောစိတ်ဖြင့် အသက်ဝိညာဉ်များ စင်ကြယ်ခြင်းရှိဖို့ရန် ဆုတောင်းပါ။ မရဏာဒုက္ခဘေးမကင်းသော သင့်အသက်သည် စွန့်စားရမည့်အချိန်နှင့် တွေ့ဆုံနေရသောအခါ စိတ်အားထက်သန်ခြင်း၊စွဲလမ်းခြင်းဖြင့် ပန်ကြားသကဲ့သို့ တင်လျှောက်သနားခံခြင်းပြုပါ။ ဖွင့်ဟ၍ မပြောဆိုနိုင်သော စိတ်တောင့်တခြင်းများသည် ကယ်တင်ခြင်းရရှိဖို့ရန် သင်၏အထဲ၌ဝင်ရောက်လာ၍၊ အပြစ်မှဖြေလွှတ်ချမ်းသာပေးခြင်း၊ သာဓကရရှိသည် တိုင်အောင် ဘုရားသခင်ရှေ့တော်၌နေပါ။

ထာဝရအသက်ရရှိဖို့ရန် မျှော်လင့်ခြင်းကိုမထီမဲ့မြင်ပြုခြင်းအခြေအနေမျိုးဖြင့် ရရှိနိုင်ခြင်းမရှိပေ။ ယင်းကိစ္စသည် ဘုရားသခင်နှင့်သင်၏အသက်ဝိညာဉ် စပ်ကြား၌ စေ့စပ်ရမည့်အချက်ပင်ဖြစ်သည်။ ထာဝရကာလအတွက် စေ့စပ် ရမည်။ စိတ်ကူးယဉ်သောမျှော်လင့်ခြင်း၌ အခြားမည်သည့်အရာမျှမရှိသော ကြောင့် သင်၏ပျက်စီးခြင်းသာဖြစ်သည်။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ် တော်ဖြင့်ရပ်တည်ခြင်း၊ သို့မဟုတ် ကျဆုံးခြင်းရှိရမည်ဖြစ်၍၊ သင်သည် သင့်ကိစ္စ၌ သက်သေခံချက်ရရှိဖို့ရန် ထိုနှုတ်ကပတ်တော်ကို ကြည့်ရှုရမည်။

ခရစ်ယာန်တစ်ယောက်ဖြစ်လာဖို့ရန် မည်သည့်အရာလိုအပ်သည်ကို ထိုအထဲ၌ သင်တွေ့မြင်နိုင်သည်။ သင်၏သံချပ်ကာအင်္ကျီကို မချွတ်ပါနှင့်။ သို့မဟုတ် သင်သည် အောင်မြင်ခြင်းကိုရရှိ၍ သင်၏ကယ်တင်ရှင်၌ အောင်ပွဲခံသည့် တိုင်အောင် စစ်မြေပြင်မှမထွက်ခွာသွားနိုင်ရာ။ Testimonies for the Church, vol. 1, pp. 163,164.

–ဝ–

# အပိုင်း ၉

# စာဖတ်ခြင်းနှင့်တေးဂီတ

လူငယ်ယောကျ်ားကလေးများနှင့်မိန်းကလေးတို့ သင်တို့ကို မှန်သော အသိဉာဏ်ပေး၍၊ အိမ်ထောင်တစ်ခုလုံးအဖို့ မစခြင်းဖြစ်စေလိမ့် မည့်စာပေကို ဖတ်ရှုပါ။ "ကျွန်ုပ်သည် ကျွန်ုပ်အဖို့အကျိုးကျေးဇူးမရှိသည့် စာပေများကိုဖတ်ရှုခြင်းဖြင့် အဖိုးထိုက်တန်သောအချိန်များကို ဖြုန်းတီးခြင်း မပြု၊ သူတစ်ပါးအဖို့ဆောင်ရွက်ပေးခြင်း၌ ကျွန်ုပ်အဖို့ မကောင်းမှုသာဖြစ် စေလိမ့်မည်။ ကျွန်ုပ်သည် ကျွန်ုပ်၏အချိန်နှင့်အကြံအစည်များကို ဘုရားသခင်၏အမှုတော်အဖို့ ထိုက်တန်စေရန်ဆည်းပူးမည်။ သိမ်ဖျင်းသော အရာများနှင့် အပြစ်ရှိသောအရာများကို မမြင်နိုင်ရန် ကျွန်ုပ်၏မျက်စိများ ကို ပိတ်ထားမည်။ ကျွန်ုပ်၏နားများသည် ဘုရားသခင်နှင့်ဆိုင်၏။ ကျွန်ုပ် သည် ရန်သူ၏စဉ်းလဲသောဆင်ခြေကန်ခြင်းကို နားမထောင်၊ ကျွန်ုပ်၏အသံ ကိုလည်း ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သြဇာညောင်းမှု အောက်၌မရှိသော စိတ်အလိုဆန္ဒအောက်တွင်မထား၊ အုပ်စိုးဖို့ရန်လည်း ခွင့်မပြုနိုင်ပေ။ ကျွန်ုပ်၏ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်၍ ကျွန်ုပ်တစ်ကိုယ်လုံး၏တန်ခိုးများကို အဖိုးထိုက်တန်သော အလုပ်အကိုင်များ၌ ဆက်ကပ်ထားမည်။" Testimonies for the Church, vol. 7, p. 64.

# စာဖတ်ရာ၌ရွေးချယ်ခြင်း – ၈၈

ပညာသည် အသက်တာ၏အားလုံးသောဝတ္တရားများကို အကောင်းဆုံးဆောင်ရွက်နိုင်ဖို့ရန်၊ ကိုယ်ခန္ဓာ၊ သိမှတ်တတ်သောသတ္တိနှင့် ဝိညာဉ်ဆိုင်ရာတန်ခိုးများကို ပြင်ဆင်ပေးခြင်းဖြစ်သည်။ ခံနိုင်ရည်ရှိခြင်းတန်ခိုးများ၊ ဦးနှောက်ခွန်အားနှင့် လှုပ်ရှားခြင်းများသည် ၎င်းတို့ကိုအသုံးပြုသောအပေါ်၌တည်၍ ဆုတ်ခြင်းတိုးခြင်းရှိသည်။ စိတ်၏တန်ခိုးအားလုံးတို့သည် အချိုးအစားညီညွတ်စွာကြီးပွားဖို့ရန် ယင်းကို စည်းကမ်းတကျပြုပြင်ထားရမည်။

မြောက်မြားစွာသောလူငယ်များသည် စာအုပ်များရရှိဖို့ရန် စိတ်အားထက်သန်လျက်ရှိကြသည်။ သူတို့သည် ရရှိနိုင်သမျှသောအရာများကို ဖတ်ရှုရန်ဆန္ဒရှိကြသည်။ သူတို့သည် ကြားသောအရာနှင့်ဖတ်ရှုသောအရာတို့၌သတိရှိကြပါစေ။ မတော်သင့်သောစာအုပ်များကို ဖတ်ရှုခြင်းအားဖြင့် သူတို့သည် အကြီးဆုံးသောဘေးအန္တရာယ်၌ ကျရောက်နေကြကြောင်းကို ကျွန်ုပ်အားညွှန်ပြခဲ့ပြီ။ လူငယ်တို့၏စိတ်ကို မငြိမ်မသက်ဖြစ်စေရန် စာတန်၌နည်းပေါင်းထောင်ချီ၍ရှိသည်။ သူတို့သည် ခေတ္တခဏမျှ သတိမေ့လျော့ခြင်းမရှိရ။ ရန်သူ၏စုံစမ်းနှောင့်ယှက်ခြင်းနောက်သို့ သူတို့သည် ပါမသွားနိုင်ဖို့ရန် သူတို့၏စိတ်များကို အထူးစောင့်ရှောက်ရကြမည်။

## မသင့်လျော်သောစာများကိုဖတ်ခြင်း၏ဩဇာသက်ရောက်မှု

စိတ်သည် ယင်းခံယူသောအရာအားဖြင့် ထိခိုက်တတ်ခြင်းရှိသည်ကို စာတန်သည် ကောင်းမွန်စွာသိသည်။ သူသည် လူငယ်များနှင့်အရွယ်ရောက်သောသူများတို့အား ပုံဝတ္ထုစာအုပ်များ၊ ဒဏ္ဍာရီဝတ္ထုများနှင့်အခြားသော စာပေများကိုဖတ်ရှုဖို့ရန် လမ်းပြလျက်ရှိသည်။ ထိုကဲ့သို့သောစာပေများကို ဖတ်ရှုသောသူတို့သည် သူတို့ရှေ့၌ရှိသော တာဝန်ဝတ္တရားများကိုဆောင်ရွက်ဖို့ရန် မတော်မသင့်ဖြစ်စေသည်။ သူတို့သည် မမှန်သောအသက်တာ၌

အသက်ရှင်နေကြ၍ သမ္မာကျမ်းစာကိုရှာဖွေဖို့ရန်ဆန္ဒမရှိ၊ ကောင်းကင်နှင့်ဆိုင်သော မန္နမုန့်ကိုလည်း မစားလိုကြပေ။ သန့်စွမ်းခြင်းရှိဖို့ရန်လိုအပ်နေသော စိတ်သည် ခွန်အားနည်းလာ၍၊ ခရစ်တော်၏အလုပ်အကြောင်းနှင့်စပ်ဆိုင်သော ကြီးကျယ်သည့်သမ္မာတရားများကိုလေ့ကျက်ရန် တန်ခိုးပျောက်ဆုံး သွားခဲ့သည်။ ယင်းသမ္မာတရားများသည် စိတ်ကိုတည်ကြည်စေ၍၊ စိတ်ကူး အထင်အမြင်များကို နှိုးကြားစေပြီးလျှင်၊ ခရစ်တော်အောင်မြင်သကဲ့သို့ အောင်မြင်နိုင်ရန် သန်မာ၍စိတ်ထက်သန်သောဆန္ဒကို အားပေးသည်။

## ဘာသာတရားရေး၏ရန်သူများ

ပုံနှိပ်ထုတ်ဝေလိုက်သော စာအုပ်အများအပြားကို ဖတ်ရှုနိုင်ပါက စိတ်နှင့်စိတ်နှလုံးကို ကြောက်မက်ဖွယ်ရာကောင်းသော ရောဂါတစ်ခုသည် အစဉ်အလိုလိုနှိပ်စက်နေလိမ့်မည်။ အချစ်ဝတ္ထုများ၊ သိမ်ဖျင်း၍ စိတ်ကိုလှုံ့ဆော်ပေးသောပုံဝတ္ထုများ၊ (ဘာသာရေးနှင့်သက်ဆိုင်သော ပုံဝတ္ထုစာအုပ်ဟု စာရေးဆရာခေါ်ဆိုသော စာအုပ်များအပါအဝင်) ယင်းစာအုပ်များကို ရေးသားသောသူများသည် သူတို့၏ပုံဝတ္ထု၌ စာရိတ္တအတွက် သင်ခန်းစာပါသည်ဟု ပြောဆိုသော်လည်း၊ ဖတ်ရှုသောသူတို့အဖို့ ကျိန်ခြင်းတစ်ခုသာဖြစ်သည်။ ဘာသာရေးဆိုင်ရာသဘောများကို ပုံဝတ္ထုတစ်ခုလုံး၌ ရက်၍ထည့်ထားပေမည်။ သို့သော်လည်း အများအားဖြင့် စာတန်သည် မိမိကိုယ်ကို ကောင်းကင် တမန်များအဝတ်အထည်ဖြင့် ဝတ်ဆင်ထားရာ၊ သာ၍ထိရောက်စွာ လိမ်လည် သွေးဆောင်နိုင်လေသည်။ ဤပုံဝတ္ထုများကိုဖတ်ရှုခြင်း၌ မည်သူမျှ မှန်သော ကျင့်ဝတ်များ၌ ခိုင်ခံ့ခြင်းရှိသည်ဟု သေချာစွာမပြောနိုင်ပေ။ စုံစမ်းနှောင့်ယှက်ခြင်းမှ စိတ်ချရသည်ဟုလည်း မပြောနိုင်ပေ။

မမှန်သောပုံဝတ္ထုကို ဖတ်ရှုနေကြသောသူတို့သည် မကောင်းမှုကို လိုက်စားနေသောသူများဖြစ်ကြ၍ ယင်းမကောင်းမှုသည် ဝိညာဉ်ရေးဆိုင်ရာကိုဖျက်ဆီး၍၊ သန့်ရှင်းသောစာမျက်နှာ၏လှပခြင်းကို ကွယ်ပျောက်စေသည်။

ၚင်းသည် အနာရောဂါမကင်းသောထကြွခြင်း၊ အထင်အမြင်များကို များစွာ စိတ်ထကြွခြင်းဖြစ်စေခြင်း၊ စိတ်ကိုအကျိုးရှိဖို့ရန် မတော်သင့်စေခြင်း၊ အသက် ဝိညာဉ်ကို ဆုတောင်းခြင်းမှကင်းကွာစေ၍ ဝိညာဉ်ရေးနှင့်ဆိုင်သော ပြုကျင့် ခြင်းတို့မှ မထိုက်မတန်ဖြစ်စေသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏လူငယ်များစွာတို့အား သာ၍ထူးကဲ သော အရည်အချင်းများကို ချပေးထားတော်မူသည်။ သို့သော်လည်း သူတို့ သည် ခဏခဏ သူတို့၏စွမ်းအားများကို အားနည်းစေကြ၍၊ သူတို့၏ စိတ် များကို ရှုပ်ထွေးခွန်အားနည်းပါးခြင်း ဖြစ်စေကြသည်။ သို့ဖြစ်၍ နှစ်ပေါင်း များစွာ ကျေးဇူးတော်၌လည်းကောင်း၊ ကျွန်ုပ်တို့ယုံကြည်ခြင်းအကြောင်းအရာ များ၏အသိဉာဏ်၌လည်းကောင်း မကြီးပွားဘဲနေကြသည်။ အကြောင်းမှာ သူတို့သည် စာဖတ်ခြင်း၌ လိမ္မာစွာရွေးချယ်ခြင်းမရှိသောကြောင့်ဖြစ်သည်။ ကိုယ်တော်များမကြာမီ ကြွလာတော်မူမည်ကို ကြည့်ရှုနေသောသူများသည် ထိုအံ့ဩဖွယ်ရာကောင်းသော ပြောင်းလဲခြင်းကို ကြည့်ရှုနေကြသည်။ “ဤ ပုပ်တတ်သောကိုယ်ခန္ဓာသည် မပုပ်နိုင်သောအဖြစ်သို့ ပြောင်းလဲသွားလိမ့် မည်။” ဤပေးထားသောအချိန်၌ လူပ်ရှားခြင်းတွင် သာ၍မြင့်သောနေရာ၌ ရပ်တည်နေသင့်သည်။

ကျွန်ုပ်၏ချစ်သောလူငယ်မိတ်ဆွေများတို့ စိတ်ကိုထကြွစေတတ်သော ပုံဝတ္ထုများ၏ဩဇာသက်ရောက်တတ်ခြင်းကို သင်၏ကိုယ်ပိုင်အတွေ့အကြုံ ဗဟုသုတအား စစ်ဆေးမေးမြန်းကြည့်ပါ။ သင်သည် ထိုကဲ့သို့သောစာအုပ် များကို ဖတ်ပြီးသည်နောက် သမ္မာကျမ်းစာအုပ်ကိုဖွင့်၍၊ အသက်စကားများကို စိတ်ဝင်စားစွာဖတ်နိုင်သလား။ ဘုရားသခင်၏စာအုပ်သည် စိတ်ဝင်စားခြင်း မရှိကြောင်းကို သင်တွေ့မြင်ရသည်မဟုတ်လော၊ ထိုအချစ်နှင့်ပတ်သက်သော ပုံဝတ္ထုသည် စိတ်ပေါ်၌စွဲလမ်းလျက်ရှိနေ၍၊ သမ္မာကျမ်းစာ၏အရသာကို ဖျက်ဆီးပစ်လိုက်သည်။ သင်၏ထာဝစဉ်ကောင်းစားရေးနှင့်စပ်ဆိုင်၍ အရေး ကြီးသောသမ္မာတရားများအပေါ်၌ အာရုံစူးစိုက်ဖို့ရန် ခဲယဉ်းလေသည်။ ပေါ့ ပျက်သောစာအုပ်စာပေများကို ဖတ်ရှုခြင်းမပြုဘဲ စွန့်ပစ်လိုက်ပါ။ သင်၏

ဝိညာဉ်ရေးကို ခွန်အားပေးလိမ့်မည်မဟုတ်၊ သို့သော်လည်း သင်၏စိတ်ထဲ သို့ အထင်အမြင်များကို ဖောက်လွဲဖောက်ပြန်ဖြစ်စေသည့် စိတ်ကူးယဉ်ခြင်း များကို ဖြစ်စေမည်။ သင့်အား သခင်ယေရှုအကြောင်းကို အနည်းငယ်သာ စဉ်းစားစေ၍၊ ကိုယ်တော်၏အဖိုးထိုက်တန်သော သင်ခန်းစာများပေါ်၌လည်း အနည်းငယ် သာစဉ်းစားစေလိမ့်မည်။ စိတ်ကိုမမှားယွင်းသောလမ်းဘက်သို့ ဦးဆောင်သွား စေမည့်အရာအားလုံးတို့မှ ကင်းရှင်းအောင်ထားပါ။ စိတ်နှင့် ဆိုင်သောတန်ခိုး များကို ခွန်အားမပေးနိုင်သည့် ပေါ့ပျက်သောပုံဝတ္ထုများဖြင့် မိမိကိုယ်ကိုမဖျက် ဆီးပါနှင့်။ အစာသည် စိတ်ကိုထောက်ပံ့သကဲ့သို့ အကြံအစည်များသည်လည်း ဤအခြေအနေအတိုင်းပင်ဖြစ်သည်။

## စာအုပ်တကာတို့၏စာအုပ်

လူတစ်ဦးတစ်ယောက်၏ဘာသာရေးဆိုင်ရာဗဟုသုတကို တစ်ဦး တစ်ယောက်သည် အားလပ်နေသောအချိန်၌ ရွေးချယ်ဖတ်သောစာအုပ်တို့၏ အမျိုးအစားအားဖြင့် ဖော်ပြလေသည်။ စိတ်၏ကျန်းမာစင်ကြယ်ခြင်းနှင့် ခိုင်မာသောဘာသာရေးကျင့်ဝတ်များရရှိဖို့ရန် လူငယ်များသည် ကိုယ်တော်၏ နှုတ်ကပတ်တော်မှနေ၍ ဘုရားသခင်နှင့်အတူ ပေါင်းသင်းဆက်ဆံခြင်းရှိရ မည်။ ခရစ်တော်မှ ကယ်တင်ခြင်းလမ်းကိုညွှန်ပြသောကြောင့် သမ္မာကျမ်းစာ သည် အထူးမြင့်မားသောအသက်တာအဖို့ ကျွန်ုပ်တို့၏လမ်းပြဖြစ်သည်။ ၎င်းအထဲ၌ စိတ်အဝင်စားဆုံး၊ အကောင်းဆုံးရာဇဝင်နှင့် လူ့အတ္ထုပ္ပတ္တိများ သွန်သင်ဆုံးမခြင်းများလည်း ပါရှိလေသည်။ မမှန်သောပုံဝတ္ထုကိုဖတ်ရှုခြင်း ဖြင့် မိမိတို့၏အထင်အမြင်၌ မှောက်လှန်ပျက်စီးခြင်းမရှိသေးသောသူတို့သည် စာအုပ်များတွင် သမ္မာကျမ်းစာသည် အလွန်စိတ်ဝင်စားဖွယ်ရာအကောင်းဆုံး စာအုပ်ဖြစ်ကြောင်းကို တွေ့မြင်ကြမည်။

သမ္မာကျမ်းစာသည် စာအုပ်တကာတို့၏စာအုပ်ဖြစ်၏။ သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ချစ်မြတ်နိုးခဲ့လျှင် ၎င်း၌ပါရှိသော ကြွယ်ဝ

သည့်ရတနာများကို ပိုင်ဆိုင်နိုင်ဖို့ရန် သင်၌အခွင့်အခါသင့်သည်အတိုင်း ရှာဖွေမည်။ ကောင်းသောအရာအားလုံးတို့နှင့် လုံလောက်စွာ တန်ဆာဆင်ထားပြီဖြစ်၍ သခင်ယေရှုသည် သင့်ကို မိမိ၏အနီးသို့ဆွဲယူလျက်ရှိသည်။ ကိုယ်တော်တောင်းဆိုသည့်အရာများကို သင်သည်လိုက်နာဖို့ရန် ခရစ်တော်၏ သင်ခန်းစာများအနက်အဓိပ္ပါယ်ကို မရှာဖွေဘဲ သမ္မာကျမ်းစာကို အမှတ်တမဲ့ ဖတ်ခြင်းဖြင့် မလုံလောက်သေးပေ။ ဘုရားသခင်၏နှုတ်ကပတ်တော်ထဲ၌ ရတနာများရှိရာ၊ တွင်းတူးမြားကို သမ္မာတရားတွင်းထဲသို့ နက်နက်သွင်းထည့်မှသာလျှင် တွေ့မြင်နိုင်မည်။

ဇာတိပကတိစိတ်သည် သမ္မာတရားကို ငြင်းပယ်သည်။ သို့သော်လည်း ပြောင်းလဲခြင်းရှိသောအသက်ဝိညာဉ်၌ အံ့ဩဖွယ်ရာကောင်းသော ပြောင်းလဲခြင်းတစ်ရပ် ဖြစ်ခဲ့လေသည်။ ယခင်အချိန်က စိတ်ကိုဆွဲဆောင်နိုင်ခြင်းမရှိသောစာအုပ်သည် သမ္မာတရားများကိုဖော်ပြ၍ အပြစ်ရှိသောသူကို တစ်ဘက်၌သက်သေခံသောကြောင့်၊ ယခုအချိန်တွင် အသက်ဝိညာဉ်၏အစာဖြစ်လာ၍ အသက်တာ၏ပျော်မွေ့ခြင်းနှင့် စိတ်နှစ်သိမ့်ဖွယ်ရာဖြစ်လာသည်။ ဖြောင့်မတ်ခြင်း၏နေသည် သန့်ရှင်းသောစာမျက်နှာများကို ထွန်းလင်းစေပြီး သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့မှနေ၍ အသက်ဝိညာဉ်ကို မိန့်တော်မူသည်။

ပေါ့ပျက်သောစာအုပ်စာပေများကိုဖတ်ဖို့ရန် စွဲလမ်းခြင်းကိုပြုစုပျိုးထောင်ခဲ့သောသူတို့သည် ယခုအချိန်၌ သာ၍စိတ်ချရသောအနာဂတ္တိစကားကို အာရုံပြုကြသည်။ သင်တို့၏ကျမ်းစာအုပ်များကိုယူ၍ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းစာများ၌ရှိသော သန့်ရှင်းသောမှတ်တမ်းများကို အသစ်သောစိတ်ဝင်စားခြင်းဖြင့် အစပြု၍လေ့လာပါ။ သင်သည် သမ္မာကျမ်းစာကို ကြိုးစား၍မကြာခဏဖတ်ပါက၊ သာ၍လှပခြင်းသည် ပေါ်လာပြီးလျှင်၊ ပေါ့ပျက်သောစာအုပ်များဖတ်ရှုဖို့ရန် နှစ်သက်ခြင်းသည် နည်းပါးသွားလိမ့်မည်။ ဤအဖိုးထိုက်တန်သောစာအုပ်များကို သင်တို့၏စိတ်နှလုံးများ၌ ချည်နှောင်ထားပါ။ ၎င်းသည် သင့်အဖို့ မိတ်ဆွေနှင့်လမ်းပြဖြစ်လိမ့်မည်။ The Youth’s Instructor, October 9, 1902.

—ဝ—

# ဇေဖက်အသင်းသားတို့၏
# ပုံသက်သေ – ၈၉

ဇေဖက်အမျိုးသားများသည် ပြောင်းလဲလာကြသောအခါ၊ သူတို့သည် သူတို့၏အကျင့်စလေ့များနှင့် လုပ်ကိုင်ခြင်းများ၌ ပြောင်းလဲလာကြသည်။ ဘုရားသခင်၏ဝိညာဉ်တော်၏အမှားထင်ရှားဖော်ပြခြင်းအောက်၌၊ သူတို့သည် လျင်မြန်စွာလုပ်ကိုင်ကြ၍၊ သူတို့၏စုန်းအတတ်၊ ကဝေအတတ် နက်နဲရာများတို့ကို စွန့်လွှတ်လိုက်ကြလေသည်။ သူတို့သည် လာရောက်၍ အပြစ်များဝန်ချတောင်းပန်ပြီးလျှင် သူတို့၏အပြုအမူများကို ပြသကြသည်။ သူတို့၏အသက်ဝိညာဉ်များသည် သန့်ရှင်းသောကရုဏာဒေါသဖြင့် ပြည့်ဝနေသည်။ အကြောင်းမှာ သူတို့သည် နတ်ဝိဇ္ဇာအတတ်ကို လုံးလုံးစိတ်စွဲလမ်းလျက်ရှိကြရာ၊ ဤအတတ်ကို ရေးသားထားသောစာအုပ်များကို တန်ဖိုးများစွာ ထားကြသည်။ စုန်းအတတ်နှင့်ကဝေအတတ်များကို လိုက်စားနိုင်ရန် စာတန်၏အကြံအစည်များနှင့်နည်းလမ်းများသည် ဤစာအုပ်များထဲ၌ ရေးသားထားလေသည်။ သူတို့သည် ဤမကောင်းသောအလုပ်မှ မျက်နှာလွှဲလိုက်ရန် ဆုံးဖြတ်လိုက်ကြပြီဖြစ်၍ သူတို့၏တန်ဖိုးရှိသောစာအုပ်များကို ပရိသတ်ရှေ့၌ မီးရှို့ပစ်ရန် ယူဆောင်လာကြလေသည်။ ဤနည်းဖြင့် သူတို့သည် ဘုရားသခင် ဘက်သို့ ရိုးရိုးသားသားလှည့်လာကြကြောင်းကို ဖော်ပြကြသည်။

ဇေဖက်လူမျိုးများ ဧဝံဂေလိတရားဘက်သို့ ပြောင်းလဲလာကြသော အခါ၊ မီးထဲသို့ချ၍ ရှို့ပစ်လိုက်သောစာအုပ်များသည် ယခင်အချိန်က သူတို့နှစ်ခြိုက်၍ သူတို့၏ဉာဏ်ပွစိတ်များနှင့် သူတို့၏စိတ်များကို လမ်းပြအုပ်စိုး ဖို့ရန် အခွင့်ပေးထားသောစာအုပ်များဖြစ်သည်။ သူတို့သည် ထိုစာအုပ်များကို ရောင်းချပစ်နိုင်ကြသည်။ သို့သော်လည်း ဤကဲ့သို့ပြုလုပ်ခဲ့လျှင် မကောင်းမှု သည် ဆက်လက်တည်ရှိနေလိမ့်မည်။ ယင်းနောက် သူတို့သည် စာတန်နှင့်ဆိုင်သော နက်နဲရာများ၊ မှော်အတတ်မှရရှိသော အသိဉာဏ်များကို နှစ်သက်ခြင်းမရှိ၊ မုန်းတီးရွံရှာခြင်းရှိကြသည်။ သမ္မာတရားနှင့်ဆက်သွယ်

နေသော လူငယ်များတို့အား ကျွန်ုပ်မေးမြန်းလိုသည်မှာ၊ သင်တို့သည် သင်တို့၏မော်အတတ်စာအုပ်များကို မီးရှို့ပစ်ပြီးပြီလား။

## ယနေ့မော်အတတ်စာအုပ်များ

ဖေက်မြို့သားတို့အား ချည်နှောင်ထားသော မကောင်းမှုများဖြင့် သင်တို့ကို ကျွန်ုပ်တို့သည် စွပ်စွဲခြင်းမပြု၊ သို့မဟုတ် သင်တို့သည် မော်အတတ်ကိုလိုက်စား၍ ဖေက်မြို့သားများကဲ့သို့ နတ်ဝိဇ္ဇာ၊ စုန်းအတတ်ကို ပြုကျင့်နေသည်ဟု မစွပ်စွဲလိုပေ။ သင်တို့သည် ပဥ္စလက်နက်နည်းနတ်ဝိဇ္ဇာအတတ်၊ မော်အတတ်များနောက်သို့ လိုက်နေကြသည်ဟု ကျွန်ုပ်တို့မပြောဆိုပေ။ သို့မဟုတ် မကောင်းသောနတ်များနှင့် ဆက်သွယ်နေသည်ဟုလည်း မစွပ်စွဲ၊ သို့သော်လည်း မကောင်းမှု၏ပြုပြင်စီရင်သူနှင့်လည်းကောင်း၊ ဤနက်နဲရာများနှင့် အလွန်ဆိုးသွမ်းသောအတတ်များကို တီထွင်သောသူနှင့်လည်းကောင်း၊ ဆက်သွယ်နေသည်မဟုတ်လော။ ဤလောကကြီး၏ဘုရား၊ လေ၏တန်ခိုးဖြစ်သော အထွတ်အာဏာစက်၏အကြံပေးစကားများကို သင်သည်နားထောင်နေသည်မဟုတ်လော။ သင်သည် သူ၏လိမ်လည်ပြောဆိုခြင်းများကို အညွှံခံ၍ ပြောင်းလဲခြင်းမဖြစ်မီအချိန်က သင်၏အသက်တာနှင့် ညီညွတ်သောအလုပ်ကိုလုပ်ကိုင်ရန် သင်၏ကိုယ်ကို သူ၏ကိုယ်စားလှယ်အနေဖြင့် ပေးအပ်ခဲ့သည်မဟုတ်လော။ စာတန်၏ကိုယ်စားလှယ်များဖြစ်ဖို့ရန် သင်၏ကိုယ်ကိုပေးအပ်ခဲ့၍ ကျယ်ပြန့်စွာပြောဆိုလိုပါက သင်သည် အပြစ်သို့ကျရောက်ခဲ့သော ကောင်းကင်တမန်များနှင့် ကူးလူးဆက်ဆံနေ၍၊ သင်၏အသက်ဝိညာဉ်ကိုလည်းကောင်း၊ အခြားသောသူများတို့၏အသက်ဝိညာဉ်ကိုလည်းကောင်း လိမ်လည်ဖို့ရန် သူတို့ထံမှ သင်ကြားနေသည်မဟုတ်လော။

မော်အတတ်နှင့်ဆိုင်သောစာအုပ်များကို အဘယ်သို့ထင်သနည်း။ သင်သည် မည်သည့်အရာကိုတတ်နေသနည်း။ သင်သည် သင်၏အချိန်ကို

မည်ကဲ့သို့အသုံးချနေသနည်း။ ဘုရားသခင်၏အသံတော်သည် ကိုယ်တော်၏ နှုတ်ကပတ်တော်မှ သင့်ကိုမိန့်တော်မူနေကြောင်း ကြားနိုင်ဖို့ရန် သင်သည် သန့်ရှင်းသောဗျာဒိတ်တော်များကို လေ့ကျက်ရန်ရှာကြံနေသလား။ ကမ္ဘာကြီးသည် မှန်သောဘာသာတရားကို မယုံတတ်ခြင်း၊ ဘုရားတရားမကြည်ညိုခြင်း၊ ဘုရားတရားမရှိခြင်းဟူသော မျိုးစေ့များကို စိုက်ပျိုးပေးသောစာအုပ်များဖြင့် လွှမ်းမိုးလျက်ရှိရာ အနည်းနှင့်အများဆိုသလို သင်သည် သင်၏သင်ခန်းစာများကို ဤစာအုပ်များမှရရှိနေသည်။ ယင်းစာအုပ်များသည် မှော်အတတ်စာအုပ်များဖြစ်သည်။ ဤစာအုပ်များသည် ဘုရားကိုစိတ်ထဲမှထုတ်ပယ်လိုက်၍၊ အသက်ဝိညာဉ်ကို မှန်သောသိုးထိန်းမှခွဲခြားလိုက်သည်။

## အရေးကြီးသောအကြံအစည်အဖို့စိတ်သည် မတော်မသင့်ဖြစ်ခြင်း

သင်ဖတ်ပြီးသောစာအုပ်များသည် စိတ်ကိုပြုစားဖို့ရန် စာတန်၏တရားဇရပ်၌ သူ၏ကိုယ်စားလှယ်များက ပြုပြင်ထားသောစိတ်ကူးနည်းများဖြစ်သည်။ မကောင်းသောသူအား စာတန်၏ဂုဏ်ဒြပ်မျိုးဖြင့် မည်ကဲ့သို့ အစေခံနိုင်ကြောင်းကို သင့်အားပြသဖို့ရန်ဖြစ်သည်။ ဘုရားတရားမရှိဟူသော သဘောမျိုးဖြင့် ရေးသားထားသောစာအုပ်များ မည်မျှများပြားသနည်း။ ယင်းစာအုပ်များသည် စိတ်ကိုမှန်သည့်လက္ခဏာရှိသော ယုံမှားခြင်းများဖြင့် ယိမ်းယိုင်စေဖို့ရန် ပြုပြင်ထားလေသည်။ စာတန်သည် သူ၏အဆိပ်ရှိသော အသက်ကို ၎င်းတို့အပေါ်၌မှုတ်သွင်းထားရာ၊ ဖတ်သောအသက်ဝိညာဉ်တို့အား သေစေတတ်သောဝိညာဉ်ရေးအဖျားရောဂါကျရောက်စေသည်။

စိတ်ကိုထင်မြင်ခြင်းနှင့် မိုက်မဲခြင်းများဖြင့်ပြည့်ဝစေ၍၊ သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းစကားများကို ကြိုက်နှစ်သက်ခြင်းမရှိစေဖို့ရန် ကမ္ဘာပေါ်၌ စိတ်ကူးယဉ်မျှသာဖြစ်သောစာပေများ မည်မျှများပြားသနည်း။ စိတ်သည်

ဤနည်းဖြင့် အရေးကြီးသောအကြဲအစည်၊ သည်းခံခြင်း၊ သမ္မာကျမ်းစာကို လုံ့လထုတ်၍ စိစစ်ခြင်းအဖို့ မတော်သင့်သောအခြေအနေသို့ရောက်ခဲ့သည်။ သမ္မာကျမ်းစာသည် သင့်ကို ဘုရားသခင်၏ပရဒိသုဘုံသို့ လမ်းညွှန်သော စာအုပ်ဖြစ်သည်။

ဤလောက၏စည်းစိမ်ဥစ္စာသည် ကောင်းကင်နိုင်ငံသို့သွားဖို့ရန် နိုင်ငံကူးလက်မှတ်ကို ဝယ်ယူရရှိနိုင်ဘိသကဲ့သို့ လောကီနှင့်ဆိုင်သောဘဏ္ဍာ များကိုရရှိဖို့ရန် များစွာရေးသားခဲ့ကြသည်။ လူတို့၏ရဲဝံ့စွာဆောင်ရွက်ပြီးစီး ခဲ့သောအကြောင်းအရာ၊ ရာဇဝင်စာပေအတွဲပေါင်း မည်မျှရေးသားခဲ့သော်လည်း သူတို့၏အသက်တာများသည် သာ၍ကောင်းသောတိုင်းပြည်သို့သွားရာလမ်း ပေါ်၌ အလင်းတစ်ခုကိုမျှ မပေးနိုင်ခဲ့ပေ။

## လမ်းမှားသောစာအုပ်များ

စစ်တိုက်ခြင်းနှင့်သတ်ဖြတ်ခြင်းအကြောင်းများကို ရေးသားထားသော စာအုပ်များအရေအတွက် မည်မျှရှိသနည်း။ ယင်းစာအုပ်များသည် လူငယ် တို့အား လမ်းမှားစေသည်။ သူတို့သည်ဖတ်သောအခါ စာတန်သည် သူတို့ နံဘေး၌နေ၍ သူတို့ဖတ်နေသော စစ်သူရဲ၏စိတ်မျိုးရှိဖို့ရန် လှုံ့ဆော်ပေး၍၊ သူတို့သွေးသည် ဆူပွက်လာပြီးလျှင် ရက်စက်ကြမ်းကြုတ်သော လုပ်ရှားမှုကို ပြုဖို့ရန် ဖြစ်လာကြသည်။ စိတ်ကိုဖောက်ပြားစေတတ်သောစာအုပ်များ မည်မျှ များပြားစွာရှိသနည်း။ ၎င်းတို့သည် သန့်ရှင်းခြင်းမရှိသောဆန္ဒများကို ဖြစ်ပေါ် လာစေလျက် စိတ်နှလုံး၏မက်မောခြင်းများကို ထကြွစေသည်။ စင်ကြယ်ခြင်း နှင့်သန့်ရှင်းခြင်းရှိသောအရာတို့မှ ကင်းကွာစေသည်။

သင်၌မော်အတတ်စာအုပ်များရှိရာ၊ ယင်းစာအုပ်များ၌ တွေ့မြင်ရ သောရှုခင်းများနှင့်အရုပ်ကားများသည် ယခင်တစ်ချိန်က ကောင်းကင်နိုင်ငံ တံတိုင်းတို့၌ ချီးမြှောက်ခြင်းခံရသော သူ၏လက်ရာများဖြစ်သည်။

## စာတန်၏နတ်ဝိဇ္ဇာအတတ်ဂါထာမန္တရားကို ဖောက်ဖျက်ခြင်း

မှော်အတတ်နှင့်ဆိုင်သောစာအုပ်များကို မီးရှို့ပစ်လိုက်ရမလားဟု ကျွန်ုပ်မေးမြန်းလိုပါသည်။ စာတန်၏တရားဇရပ်၌ စိတ်ကိုဆွဲငင်နိုင်သော နေရာများစွာရှိရာ ကာမဂုဏ်ကျူးခြင်းကိုအားပေး၍ လိုက်စားကြသည်။ သို့သော်လည်း သက်သေခံသည် ထိုနေရာ၌ရှိ၍၊ မတွေ့မမြင်ရသောဧည့်သည် သည်မှောင်မိုက်၌ကျူးလွန်သောအပြုအမူများကို သက်သေခံသည်။ လျှပ်ပေါ်သောသူ၊ မာနထောင်လွှားသောသူ၊ မြူးထူးသော သူတို့၏အစည်းအရုံး၌ စာတန်သည် နာယကဖြစ်၍ ပျော်ရွှင်သောနေရာရှုခင်း၌ သူသည် အလှူပ်ရှားဆုံးသောသူဖြစ်သည်။ သူသည် ထိုနေရာ၌ရပ်ဖျက်ထားသည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ စုန်းအတတ်နှင့်ကဝေအတတ်သည် ဝန်းရံလျက်ရှိ၍၊ ကမ္ဘာ ကြီးနှင့်အသင်းတော်သည် သူတို့သြဇာအောက်၌ရှိရာ တစ်ကြိမ်တစ်ခါမျှ အိပ်မက်ပင်မမက်ဖူးသောအရာများကို လုပ်ကိုင်ဖို့ရန် ဆွဲခေါ်သွားလိမ့်မည်။ သူတို့လုပ်ကိုင်ဆောင်ရွက်မည့်အပြုအမူများကို သူတို့အားပြောပြလိုက်ပါက၊ ပုရောဖက်သည် ဟာဇေလအား သူ၏အနာဂတ်အရေးကို ပြောပြလိုက် သောအခါ၊ ဟာဇေလသည် အံ့သြသွားသကဲ့သို့ သူတို့လည်း အံ့သြသွားကြမည်။

ဘုရားသခင်၏ဝိညာဉ်တော်အုပ်ချုပ်ခြင်းအောက်၌ မရှိကြသောယောကျ်ားတိုင်း၊ မိန်းမတိုင်းနှင့် ကလေးတိုင်းတို့သည် စာတန်၏ပြုစားခြင်းအောက်၌ရှိနေကြ၍၊ သူ၏ပြောဆိုသောစကားများနှင့် ပုံသက်သေအားဖြင့်အခြားသောသူတို့ကို မှန်သောတရားလမ်းမှ လွဲသွားစေလိမ့်မည်။ ခရစ်တော်၏ပြုပြင်ပြောင်းလဲပေးသောကျေးဇူးတော်သည် စိတ်နှလုံးအပေါ်၌ရှိသောအခါ၊ ဖြောင့်မတ်နာကြည်းသောမခံနိုင်ခြင်းသည် အသက်ဝိညာဉ်ကိုအုပ်စိုးလိမ့်မည်။ အကြောင်းမှာ အပြစ်သားသည် ဘုရားသခင်သူ့အားပေးကမ်းသောကယ်တင်ခြင်းကို ကြာမြင့်စွာဂရုမစိုက်ဘဲနေခဲ့သည်။ ထိုနောက် သူသည် မိမိကိုယ်တိုင်၊ ကိုယ်ခန္ဓာ၊ အသက်ဝိညာဉ်နှင့်ဝိညာဉ်ကို ဘုရားသခင်အားပေးအပ်ပြီးနောက်

သူ့အား ဘုရားသခင်ပေးကမ်းသောကျေးဇူးတော်ဖြင့် စာတန်မာရ်နတ် နှင့် မိတ်ဆွေဖွဲ့ခြင်းမှ ထွက်ခဲ့လိမ့်မည်။ သူသည် ဖေက်လူတို့ကဲ့သို့စုန်း၊ ကဝေ၊ ပြုစားတတ်ခြင်းများကိုပစ်ပယ်၍ စာတန်၌ချည်ထားသော နောက်ဆုံးနှောင်ကြိုးကို ဖြတ်တောက်လိုက်မည်။ သူသည် မှောင်မိုက်၏အကြီးအမှူးအလံအောက်မှထွက်ခဲ့၍၊ သွေးစွန်းထင်းနေသော ဧမာနွေလအရှင်၏အလံတော်အောက်သို့လာလိမ့်မည်။ သူသည် နတ်ဝိဇ္ဇာစာအုပ်များကို မီးရှို့ပစ်လိမ့်မည်။ The Youth's Instructor, November 16, 1883.

–໐–

# သင့်မြတ်သောစိတ်ဝိညာဉ်အစာ – ၉၀

ကျွန်ုပ်တို့၏ကလေးများသည် မည်သည့်စာကိုဖတ်ရမည်နည်း။ အလွန်အရေးကြီးသောမေးခွန်းဖြစ်၍၊ လေးလေးနက်နက်အဖြေပေးရန် လိုအပ်သည်။ စိတ်ပေါ်၌ ကောင်းသောထင်မြင်ချက်မပေးနိုင်သော ပုံဝတ္ထုများပါသည့် စာပေများနှင့်သတင်းစာများကို ခရစ်ယာန်များတို့အိမ်ထောင်များ၌ တွေ့မြင်ရသောကြောင့် ကျွန်ုပ်၌ စိတ်လှုပ်ရှားခြင်းဖြစ်သည်။ မမှန်သောပုံဝတ္ထုများကို ဖတ်ရှုလိုသောဝါသနာသည် ဤနည်းဖြင့်ကြီးထွားလာကြောင်း ကျွန်ုပ်တွေ့မြင်ရသည်။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်မှ သမ္မာတရားများကို နားထောင်ဖို့ရန် အခွင့်အရေးရရှိကြ၍၊ ကျွန်ုပ်တို့ယုံကြည်ခြင်း အကျိုးအကြောင်းများကို သိကျွမ်းဖို့ဖြစ်သော်လည်း မှန်ကန်သောကြည်ညိုခြင်းကင်းလျက် လူကြီး အဖြစ်သို့ရောက်ရှိလာကြသည်။

ဤခင်မင်ဖွယ်ရာကောင်းသော လူငယ်များတို့တွင် သူတို့၏စာရိတ္တကိုဆောက်လုပ်ရာ၌ အကောင်းဆုံးသောပစ္စည်းကိုထည့်ဖို့ရန် အလွန်လိုအပ်နေသည်။ ထိုပစ္စည်းများမှာ၊ ဘုရားသခင်ကိုကြောက်ရွံ့ခြင်း၊ ချစ်ခြင်းနှင့် ခရစ်တော်ကိုသိကျွမ်းခြင်းပင်ဖြစ်သည်။ သို့သော်လည်း အများသောသူတို့တွင် ခရစ်တော်၌ရှိသောသမ္မာတရားကို သိတတ်သောနားလည်ခြင်းမျိုးမရှိကြပေ။ စိတ်သည် အာရုံကိုထိခိုက်ထကြွစေသော ပုံဝတ္ထုများပေါ်၌ စွဲလမ်းလျက်ရှိသည်။ သူတို့သည် မချစ်တက်ကူးယဉ်သော လောက၌နေ၍၊ အသက်တာ၏ လက်တွေ့လုပ်ငန်းများကို လုပ်ကိုင်ဖို့ရန် တော်သင့်ခြင်းမရှိကြပေ။

## ယုတ္တိမရှိသောပုံဝတ္ထုကိုဖတ်ခြင်း၏အကျိုးများ

ကလေးများသည် ဤနည်းဖြင့်ကြီးပွားလာကြဖို့ရန် အခွင့်ပေးထားလျက်ရှိသည်ကို ကျွန်ုပ်သိမြင်ရသည်။ ကိုယ့်တိုင်းပြည်၌ဖြစ်စေ၊ သို့မဟုတ် နိုင်ငံခြားအရပ်၌ဖြစ်စေ၊ သူတို့သည် အငြိမ်မနေတတ်၊ စိတ်ကူးနှင့်လွမ်း၍

နေတတ်သောသူများဖြစ်ကြ၍၊ သာမန်အကြောင်းအရာများမှလွဲပြီး စကား မပြောဆိုတတ်ကြပေ။ မြင့်မားသောလေ့လာခြင်းများအတွက် လျော်ကန်အောင် ပြုပြင်ထားသည့် သာ၍မြင့်မြတ်သောအစွမ်းသတ္တိများသည် အလွန်နိမ့်ကျ သောအခြေအနေသို့ ရောက်ရှိသွားခဲ့ပြီ။ ပြောဆိုရာ၌လည်း ဘာမျှတန်ဖိုးမရှိ သောအရာများအကြောင်းကိုသာပြောဆို၍၊ ထိုကဲ့သို့သောအကြောင်းအရာများ နှင့်သာ ကျေနပ်နေသည်။ ထိုထက်မြင့်မားသောနေရာသို့ရောက်ရှိဖို့ရန် ခွန်အားသတ္တိလည်းမရှိပေ။ ဘာသာရေးထင်မြင်ခြင်းနှင့် စကားပြောဆိုခြင်း များ၌ စိတ်ဝင်စားခြင်းမရှိကြပေ။

သူကြိုက်နှစ်သက်၍ရရှိခဲ့သော စိတ်နှင့်ဆိုင်သည့်အစားအစာသည် အကျိုးဖြစ်ထွန်းခြင်း၌ ညစ်ညူးစေတတ်၍၊ မသန့်ရှင်း၊ လိုက်စားတတ်သော အကြံအစည်များသို့ လမ်းပြသည်။ ကျွန်ုပ်တို့သည် ထာဝရအသက်ရရှိဖို့ရန် မျှော်လင့်ခြင်းများကို ခရစ်တော်၌ဗဟိုပြုထားရာ၊ ခရစ်တော်၏အကြောင်းကို သိရှိဖို့ရန် အခွင့်အရေးများရှိလျက်နှင့် ဂရုမစိုက်သောအသက်ဝိညာဉ်များသည် မည်မျှဆုံးရှုံးသွားကြသည်ကို ကျွန်ုပ်သည် စဉ်းစားလိုက်သောအခါ ဤအ သက်ဝိညာဉ်များအတွက် ကျွန်ုပ်၌မှန်ကန်သော သနားကရုဏာဖြစ်ခဲ့ပါသည်။ သူတို့သည် မှန်ကန်သော ကောင်းမွန်ခြင်း၏ပုံစံကို လေ့ကျက်နေဖို့ရန် အဖိုးထိုက်တန်သောအချိန်ကို မည်မျှအချည်းနှီးကုန်ခန်းစေကြသနည်း။

မှားယွင်းသော စာဖတ်ခြင်းဝါသနာများကြောင့် မိမိတို့၏ညီညွတ် ပြေပြစ်သော စိတ်ကျန်းမာခြင်းပျောက်ဆုံးသွားကြသောသူအချို့တို့နှင့် ကျွန်ုပ် ကိုယ်တိုင်သိကျွမ်းခဲ့ပါသည်။ သူတို့သည် အသက်တာ၌ချွတ်ယွင်းနေသော အထင်အမြင်ဖြင့် နေထိုင်ခဲ့၍ အသေးအဖွဲစိတ်ဒုက္ခရောက်ခြင်းကို တိုး၍ ကြီးကျယ်အောင် ချဲ့ထွင်ပြောဆိုလေ့ရှိကြသည်။ ခိုင်ခံ့သိမြင်တတ်သော စိတ်၌စွဲလမ်းခြင်းမရှိသောအရာများသည် သူတို့အဖို့မခံမရပ်နိုင်သော စုံစမ်း နှောင့်ယှက်ခြင်းများနှင့် မကျော်လွှားနိုင်သောတားဆီးခြင်းများဖြစ်လေသည်။ သူတို့အဖို့ အသက်တာသည် အစဉ်မှောင်သောအရပ်ဖြစ်နေသည်။

စိတ်ကိုလှုံ့ဆော်ပေးသော ပုံဝတ္ထုများကိုဖတ်ရှုဖို့ရန် ဝါသနာရှိ၍ လိုက်စားသောသူတို့သည် သူတို့၏စိတ်နှင့်ဆိုင်သောခွန်အားကို ချွတ်ယွင်းစေ၍၊ မိမိတို့ကိုယ်ကို ထက်မြက်သောကြံစည်ခြင်းနှင့်ရှာဖွေခြင်းမှ မထိုက်မတန်ဖြစ်စေသည်။ ယခုအချိန်တွင် အသက်တာ၌ ဆုတ်ယုတ်နေကြသော ယောကျ်ားများနှင့်မိန်းမများရှိကြရာ၊ ထိုသူများသည် စာဖတ်ခြင်း၌ လွန်ကျူးခဲ့သောကြောင့် သူတို့ခံစားနေရသောအခြေအနေမှ မည်သည့်အခါမျှ နာလန်မထူနိုင်ကြပေ။

ငယ်စဉ်အချိန်၌ ပုံသွင်းခဲ့သောအကျင့်ဓလေ့သည် သူတို့၏ခွန်အားနှင့်အတူ ကြီးပွားခဲ့၍ အားရှိလာခဲ့သည်။ သူတို့သည် အောင်မြင်ဖို့ရန် မည်မျှပင်ကြိုးစားသော်လည်း တစ်ဝက်တစ်ပျက်လောက်သာ အောင်မြင်ကြသည်။ အများသောသူတို့သည် သူတို့၏စိတ်နဂိုရင်း ထက်မြက်ခြင်းကို ပြန်၍မရရှိတော့ပေ။ လက်တွေ့ခရစ်ယာန်များဖြစ်ဖို့ရန် ကြိုးစားခြင်းသည် စိတ်ဆန္ဒ၌သာ ပြီးဆုံးသွားကြသည်။ သူတို့သည် ဧကန်အမှန်ခရစ်တော်နှင့် မတူနိုင်။ သူတို့၏စိတ်ကို ဤအမျိုးအစားဖြစ်သော စာပေ၌သာ စွဲလမ်းစေကြသည်။

ကိုယ်ခန္ဓာကိုထိခိုက်ခြင်း၌လည်း ပြင်းထန်ခြင်းမရှိဟု မပြောနိုင်ပေ။ဤကဲ့သို့သောစာပေကို ဖတ်ရှုခြင်းအားဖြင့် အာရုံကြောများ၌ ပို၍အလုပ်များစေခဲ့သည်။ အချို့သောအဖြစ်အပျက်၌ လူငယ်များနှင့်အရွယ်ရောက်သောသူများပင်လျှင် စာဖတ်လွန်ကျူးခြင်းကြောင့် အင်အားဆုတ်ယုတ်လျက်ရှိကြသည်။ စိတ်သည်အစဉ်သဖြင့် ထကြွခြင်းဖြစ်ခဲ့ရာ၊ ဦးနှောက်၏နူးညံ့သောအကြောသည် အလွန်အားနည်းလာခဲ့၍ မလှုပ်မရှားနိုင်ဖြစ်လာပြီးလျှင်၊ နောက်ဆုံး၌ လက်ခြေသေသည်အထိ ဖြစ်ခဲ့လေသည်။

## စိတ်နှင့်ဆိုင်သောထိုင်းမှိုင်းခြင်း

ရမ္မက်ကိုလှုံ့ဆော်ပေးသည့်အာရုံကို ထိခိုက်ထကြွစေသောပုံဝတ္ထုများဖတ်ခြင်းကို ပြုစုပေးပါက၊ စာရိတ္တနှင့်ဆိုင်သော ခံစားရခြင်းသည်မှောက်လှန်ခြင်း

ဖြစ်လာ၏။ စိတ်ကိုမမှန်သောပုံဝတ္ထုများ၊ မတော်သင့်သောအရာများဖြင့် အစဉ်ကျွေးမွေးခြင်းမပြုပါက ကျေနပ်ခြင်းရှိလိမ့်မည်မဟုတ်။ ခရစ်တော်၏ နောက်လိုက်များဖြစ်ကြသည်ဟု ဝန်ခံကြသည့်ငယ်သောမိန်းကလေးများကို တွေ့ခဲ့ရသည်။ သူတို့သည် သူတို့၏လက်၌အသစ်သောပုံဝတ္ထုများ (သို့မဟုတ်) ပုံဝတ္ထုသတင်းစာများမရှိပါက လုံးဝစိတ်ပျော်ရွှင်ခြင်းမရှိကြပေ။ အရက်သမားသည် မူးစေတတ်သောအရက်ကို တောင့်တဘိသကဲ့သို့ စိတ်သည် အားတိုးဆေးကိုတောင့်တသည်။ ဤလူငယ်များသည် ဘုရားတရား၌စွဲလမ်းခြင်းစိတ်သဘောမရှိ။ သူတို့၏အပေါင်းအဖော်များကို အသိပညာစမ်းရေတွင်းသို့ လမ်းပြနိုင်ရန် ကောင်းကင်နိုင်ငံတော်၏အလင်းကိုလည်း သူတို့အပေါ်၌ ထွန်းလင်းခြင်းမရှိ၊ သူတို့၌နက်ရှိုင်းသော ဘာသာရေးဗဟုသုတမရှိပေ။ဤစာပေအမျိုးအစားများသည် သူတို့ရှေ့၌အစဉ်မရှိခဲ့လျှင်၊ သူတို့၌ ပြုပြင်ပြောင်းလဲခြင်းဖြစ်ဖို့ရန် မျှော်လင့်ချက်ရှိသည်။ သို့သော်လည်း သူတို့သည် တောင့်တကြ၏။ ရရှိလိုကြသည်။

ဤအသက်တာ၌ ယောကျ်ားကလေးများနှင့်မိန်းကလေးများတို့သည် သူတို့၏အသုံးဝင်ခြင်းကို ဖျက်ဆီးနေသောအခြင်းအရာကို တွေ့မြင်ရသောကြောင့် ကျွန်ုပ်စိတ်၌ထိခိုက်ခြင်းရှိသည်။ သူတို့သည် ကောင်းကင်ဘုံ၏ အဖွဲ့အစည်း၌ ထာဝရအသက်ရရှိရေးအတွက် ဗဟုသုတရရှိဖို့ရန် ပျက်ကွက်နေကြသည်။ သူတို့ကို "စိတ်ထိုင်းမှိုင်းနေသောဝေဒနာရှင်များ" ဟုခေါ်ပါက ပို၍ကောင်းပေမည်။

စားခြင်းနှင့်သောက်ခြင်း၌ ချုပ်တည်းခြင်းမရှိသောကြောင့် ဦးနှောက်ကိုပျက်စီးစေတတ်သကဲ့သို့ စာဖတ်ခြင်း၌ချုပ်တည်းခြင်းမရှိသော အကျင့်ဓလေ့များသည် ဧကန်အမှန် ဦးနှောက်ကိုပျက်စီးစေသည်။

## ကင်းပျောက်စေခြင်း

မကောင်းမှုကြီးထွားလာခြင်းကို အကောင်းဆုံးတားဆီးခြင်းနည်းသည် မြေကိုအလျင်ဝင်ရောက်သိမ်းပိုက်ခြင်းပင်ဖြစ်သည်။ စိတ်ကိုပြုစုပျိုးထောင်

ပေး၍ ယင်းအထဲ၌ သမ္မာကျမ်းစာနှင့်ဆိုင်သော သမ္မာတရားမျိုးစေ့များကို စိုက်ပျိုးဖို့ရန် ကြီးကျယ်သောကြည့်ရှုစောင့်ရှောက်ခြင်း လိုအပ်ပေသည်။ ဘုရားသခင်သည် မိမိ၏ကြီးကျယ်သောကရုဏာဖြင့် သန့်ရှင်းသောအသက်တာ နှင့် နေထိုင်ဖို့ရန်စည်းကမ်းများကို ကျွန်ုပ်တို့အား သမ္မာကျမ်းစာ၌ဖော်ပြထားသည်။

လျှောက်သွားရသောလမ်း၌ ဘေးအန္တရာယ်များကာဆီးနေ၍၊ ယင်းဘေးအန္တရာယ်များကို လွတ်ကင်းဖို့ရန်နည်းလမ်းနှင့်သွန်သင်ချက်ကို ကျွန်ုပ်တို့အကျိုးအလို့ငှာ ဘုရားသခင်သည် သန့်ရှင်းသောလူတို့အား မှတ်တမ်းတင်ထားရန် နှိုးဆော်တော်မူခဲ့သည်။ သမ္မာတရားကိုရှာဖွေဖို့ရန် ကိုယ်တော်ရှင်၏ပညတ်ထားတော်မူခြင်းများကို နားထောင်သောသူတို့သည် ဤအရာများအကြောင်းနှင့်စပ်ဆိုင်၍ မသိဘဲနေကြမည်မဟုတ်ပေ။ နောက်ဆုံးသောနေ့များတို့၏ဘေးအန္တရာယ်များ၌ အသင်းသားတိုင်းတို့သည် မိမိတို့၏မျှော်လင့်ခြင်းနှင့် ယုံကြည်ခြင်းအကြောင်းအရာများကို နားလည်ရမည်။ အကြောင်းယုတ္တိများသည် နားလည်သိမြင်နိုင်ဖို့ရန် ခက်ခဲခြင်းမရှိပေ။ ကျွန်ုပ်တို့သည် ကျေးဇူးတော်နှင့် သခင်ခရစ်တော်ကိုသိကျွမ်းခြင်း၌ ကြီးပွားခဲ့လျှင် စိတ်ကို အကျိုးဖြစ်အောင်အသုံးပြုဖို့ရန် လုံလောက်စွာရှိသည်။ Christian Temperance and Bible Hygiene, pp. 123-126, (1820).

## အပြစ်၏ပထမခြေလှမ်းများ

ခရစ်ယာန်သည် အထင်အရှားဖြစ်သောအပြစ်ကို မကျူးလွန်မီ၊ လောကကြီးကမသိသော အဖြစ်အပျက်သည် သူ၏စိတ်နှလုံးထဲ၌ ဖြစ်ပျက်နေသည်။ စိတ်သည် ကြည်လင်ခြင်းနှင့်သန့်ရှင်းခြင်းမှ ချက်ချင်းသီလခေါင်းပါးခြင်း၊ ရှုပ်ထွေးခြင်းနှင့် ရာဇဝတ်မှုကျူးလွန်သောအခြေအနေသို့ ရောက်ရှိသွားလိမ့်မည်မဟုတ်ပေ။ ဘုရားသခင်၏ပုံသဏ္ဌာန်၌ရှိသောအရာများသည် စာတန်မာရ်နတ်၏ရုပ်သဏ္ဌာန်သို့ ကျဆင်းသွားဖို့ရန် အချိန်ကြာသည်။

ကိုယ်တော်ကိုကြည့်ရှုခြင်းအားဖြင့် ကျွန်ုပ်တို့၌ပြောင်းလဲခြင်းဖြစ်လာသည်။ မကောင်းသောအကြံအစည်များကို အလိုလိုက်ခြင်းအားဖြင့်၊ ယခင်အချိန်က သူမုန်းတီးရွံရှာသောအပြစ်သည် သူ့အဖို့နှစ်သက်ဖွယ်ရာကောင်းသောအရာ ဖြစ်လာလေသည်။ Patriarchs and Prophets, p. 459.

–o–

# သမ္မာကျမ်းစာသည်စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးသောစာအုပ် ဖြစ်ခြင်း – ၉၁

လူကြီးလူငယ်မရွေး၊ သမ္မာကျမ်းစာကိုဂရုမစိုက်ဘဲနေကြသည်။ သူတို့၏အသက်တာအဖို့ လေ့ကျက်စရာစာအုပ်နှင့် အသက်တာကိုအုပ်စိုးဖို့ရန်လည်း မပြုလုပ်ကြပေ။ အထူးသဖြင့် လူငယ်များသည် ဤအလုပ်၌ ဂရုမစိုက်သောကြောင့် အပြစ်ရှိကြသည်။ သူတို့၌ အခြားသောစာအုပ်များကို ဖတ်ဖို့ရန် အချိန်ရှိကြသည်။ သို့သော်လည်း ထာဝရအသက်သို့ လမ်းညွှန်သောစာအုပ်ကို နေ့တိုင်းလေ့ကျက်ခြင်းမရှိကြပေ။ အကျိုးမရှိသောပုံဝတ္ထုများကို ဂရုစိုက်ဖတ်တတ်ကြ၍၊ သမ္မာကျမ်းစာကို ဂရုမစိုက်ဘဲနေကြသည်။ ဤကျမ်းစာအုပ်သည် ကျွန်ုပ်တို့အဖို့ သာ၍မြင့်မြတ်သန့်ရှင်းသောအသက်တာသို့ လမ်းညွှန်သည့်စာအုပ်ဖြစ်သည်။ လူငယ်တို့၏ထင်မြင်ခြင်းသည် မမှန်သောပုံဝတ္ထုများကိုဖတ်ခြင်းကြောင့် ပျက်စီးခြင်းမရှိခဲ့ပါက၊ သူတို့ဖတ်ရသောစာအုပ်များတွင် ကျမ်းစာအုပ်သည် စိတ်အစွဲလမ်းဆုံးစာအုပ်ဖြစ်သည်ဟု ပြောဆိုကြလိမ့်မည်။

လူငယ်များသည် အမြင့်ဆုံးသော ပညာ၏အစမူလနေရာဖြစ်သောဘုရားသခင်၏နှုတ်ကပတ်တော်ကို ဂရုမစိုက်ဘဲနေသောကြောင့် သူတို့၏စိတ်များသည် အမြင့်မြတ်ဆုံးကြီးပွားခြင်းသို့ မရောက်ဘဲနေကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကမ္ဘာကြီး၌နေကြ၍၊ ဖန်ဆင်းရှင်၏ရှေ့တော်၌ရှိကြသည်။ ကိုယ်တော်ရှင်၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းထားတော်မူပြီးလျှင်၊ ကျွန်ုပ်တို့ကိုချစ်၍ စောင့်ရှောက်တော်မူသည်။ ကိုယ်တော်ရှင်၏အကြောင်းနှင့်စပ်ဆိုင်၍ အံ့ဩဖွယ်ရာကောင်းသောအရာများကို စဉ်းစားဆင်ခြင်ဖို့ရန်ရှိသည်။ အကြင်သူသည် မိမိ၏စိတ်နှလုံးကို ဤမြင့်မြတ်သောအရာများ၌ အာရုံပြုခြင်းရှိပါက အသေးအဖွဲအရာများကို စဉ်းစားနေလိမ့်မည်မဟုတ်ပေ။

သမ္မာကျမ်းစာကို ကောင်းမွန်စွာနားလည်ဖို့ရန် ရှာဖွေခြင်းသည် အလွန်အရေးကြီးသည်။ "ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်သည်။" ကယ်တင်ခြင်းအလို့ငှာ ပညာကိုပေးနိုင်သည်။ ဘုရားသခင်၏ လူကို "စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှာ ပြင်ဆင်သောသူဖြစ်သည်။" (၂တိ ၃း၁၅–၁၇) သမ္မာကျမ်းစာကြောင့် ကျွန်ုပ်တို့၌ ရှိသေဖွယ်ကောင်းသော နားထောင်ခြင်းရှိသည်။ ကျွန်ုပ်တို့သည် အပေါ်ယံအသိဉာဏ်ဖြင့် ကျေနပ်ခြင်းမရှိရ၊ ဘုရားသခင်၏သမ္မာတရားတော်ကို ကောင်းမွန်စွာနားလည်ရမည်။ Counsels to Teachers, Parents and Students, pp. 138,139.

## အပြစ်၏ရုပ်လုံး

ငွေကြေးရဖို့လောက်သာ အခြေခံထား၍၊ အာရုံထကြွစေဖို့ရန် ရေးသားထားသောစာအုပ်များကို လူငယ်များသည် မည်သည့်အခါမျှ ဖတ်ရှုဖို့ရန်မသင့်ပေ။ ဤကဲ့သို့သောစာအုပ်များ၌ စာတန်၏စိတ်ညှို့ခြင်းများပါသည်။ ရာဇဝတ်မှုကျူးလွန်ခြင်းပါသောအခန်းများနှင့် ရက်စက်ကြမ်းကြုတ်သော ပြစ်မှုကျူးလွန်ခြင်းအကြောင်း ရေးသားထားခြင်းများသည် စိတ်နှလုံးအပေါ်၌ စွဲမြဲခြင်းကိုဖြစ်စေတတ်သည်။ ရာဇဝင်အကြောင်းနှင့်စပ်ဆိုင်၍ ရေးသားထားသည်ဟု ပြောဆိုစေကာမူ၊ ၎င်းစာအုပ်များ၌ ရေးသားထားသော အဓမ္မအမှုအခင်းများသည် လူငယ်များအား မကောင်းသောအပြုအမူများတို့၏ရုပ်လုံးကို ပြသနေခြင်းပင်ဖြစ်သည်။

စာတန်၏အလေ့အကျင့်များရှိသော လူတို့၏အကြောင်းကို ပုံဆွဲ၍ ပြသထားသောစာအုပ်များသည် မကောင်းမှုကို ကြော်ငြာခြင်းပင်ဖြစ်သည်။ ဤစာအုပ်မျိုး၌ စိတ်စွဲလမ်းခြင်းမရှိရ။ ဤခေတ်ကာလနှင့်ဆိုင်သော သမ္မာတရားကို ယုံကြည်သောသူတို့သည် ဤကဲ့သို့သောစာပေ၌ အားပေးခြင်း

မပြုရ။ အသိဥာဏ်ကို ဤမကောင်းသောစာအုပ်များကိုဖတ်ခြင်းဖြင့် အားပေးပါက အကြံအစည်များသည် ညစ်ညူးလာ၍၊ ကာမဂုဏ်ကျူးလွန်ခြင်းကို ဖြစ်စေသည်။ Counsels to Teachers, Parents and Students, pp. 133,134.

–o–

# အသက်ဝိညာဉ်၏လမ်းများကို ကောင်းမွန်စွာစောင့်ရှောက်ပါ — ၉၂

"သင်၏နှလုံးကို အထူးသဖြင့်စောင့်ရှောက်လော့" ဟု ပညာရှိတစ်ဦးက အကြံပေးသည်။ နှလုံးသည် အသက်၏အခြေအမြစ်ဖြစ်သည်။ "လူသည် စိတ်ထင်သည့်အတိုင်းဖြစ်၏။" နှလုံးကို ဘုရားသခင်၏ကျေးဇူးတော်ဖြင့် အသစ်ပြန်၍ပြုပြင်ရမည်။ သို့မဟုတ် အသက်တာ၏စင်ကြယ်ခြင်းကို ရှာဖွေရာ၌ အချည်းနှီးသာဖြစ်လိမ့်မည်။ ခရစ်တော်၏ကျေးဇူးတော်မပါဘဲ၊ မြင့်မြတ်၍၊ သီလနှင့်ပြည့်စုံသောစာရိတ္တကိုဆောက်တည်ဖို့ရန် ရှာကြံသောသူသည် သဲပေါ်၌တိုက်ကိုတည်ဆောက်သောသူနှင့်တူသည်။ ကြောက်မက်ဖွယ်ရာကောင်းသော စုံစမ်းနှောင့်ယှက်ခြင်းမုန်တိုင်း၌ ဧကန်မုချ ပြိုလဲသွားလိမ့်မည်။ ဒါဝိဒ်၏ဆုတောင်းခြင်းသည် အသက်ဝိညာဉ်တိုင်းတို့၏ ပန်ကြားချက်ဖြစ်ရမည်၊ "အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌စင်ကြယ်သော နှလုံးကို ဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သောသဘောကို အသစ်ပြုပြင်တော်မူပါ။" ကောင်းကင်နိုင်ငံတော်နှင့်ဆိုင်သောဆုကျေးဇူးကို အတူဆက်ဆံ သောသူဖြစ်လာခဲ့ရာ၊ ကျွန်ုပ်တို့သည် စုံလင်ခြင်းသို့ရောက်ရှိအောင် သွားရမည်။ "ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်သည် စောင့်ရှောက်တော်မူသည်။"

စုံစမ်းနှောင့်ယှက်ခြင်းကို တားဆီးဖို့ရန် ကျွန်ုပ်တို့၌ အလုပ်တစ်ခုရှိသေး၏။ စာတန်၏ဉာဏ်ဆင်ခြင်းများနောက်သို့ မပါလိုသောသူများသည် အသက်ဝိညာဉ်၏လမ်းများကို ကောင်းမွန်စွာစောင့်ရှောက်ထားရပေမည်။ မကောင်းသောအကြံအစည်များကို အားပေးသည့်စာအုပ်စာပေများကိုဖတ်ခြင်း၊ ကြည့်ရှုခြင်းနှင့်နားထောင်ခြင်းများကို ရှောင်ရှားရမည်။ အသက်ဝိညာဉ်၏ရန်သူ အကြံပေးသောအကြောင်းအရာဟူသရွေ့ကို စိတ်၌စဉ်းစားဖို့ရန် အခွင့်မပေးရ။ "သင်တို့စိတ်နှလုံးကို ခါးပန်းစည်း၍ သမ္မာသတိရှိကြလော့" ဟု

တမန်တော်ပေတရုပြောဆိုသည်။ "အထက်ကသင်တို့သည် မှောင်မိုက်ထဲမှာ ကျင့်သောတပ်မက်ခြင်းတရားကို ယခုမလိုက်မကျင့်ဘဲ နားထောင်တတ်သော သူငယ်ကဲ့သို့ဖြစ်၍၊ သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည် နည်းတူ၊ ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်းရှိကြလော့။ သမ္မာတရားနှင့် ဆိုင်သောအကျင့်၊ လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ် သောအကျင့်၊ သူတစ်ပါးနှစ်သက်ဖွယ်သောအကျင့်၊ ချီးမွမ်းဖွယ်သောအကျင့် ရှိသမျှတို့ကိုလည်းကောင်း၊ ပါရမီတစ်ပါးပါး၊ ကောင်းသောသီတင်းတစ်ပါးပါး နှင့်ဆိုင်သော အကျင့်တို့ကိုလည်းကောင်း၊ နှလုံးသွင်းကြလော့၊" ဤကဲ့သို့ ဖြစ်ဖို့ရန် စိတ်အားကြီးစွာဆုတောင်းခြင်းနှင့် မပြတ်မလပ်စောင့်၍နေဖို့ရန် လိုသည်။ ကျွန်ုပ်တို့၌ သန့်ရှင်းသောဝိညာဉ်တော်ကိန်းအောင်းမှသာ စိတ်သည် အထက်သို့မျှော်ကြည့်၍ သန့်ရှင်းသောအရာများ၌ စွဲလမ်းခြင်းရှိပေမည်။ ကျွန်ုပ် တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြိုးစား၍လေ့ကျက်ကြရမည်။ "လူပျိုသည် မိမိသွားသောလမ်းကို အဘယ်ကဲ့သို့သန့်ရှင်းစေနိုင်ပါအံ့နည်း။" နှုတ်ကပတ်တော်အတိုင်း သတိပြုခြင်းဖြစ်သည်။ ဆာလံဆရာက ပြောဆို သည်မှာ၊ "အကျွန်ုပ်သည် ကိုယ်တော်ကိုမပြစ်မှားမည်အကြောင်း ကိုယ်တော်၏ နှုတ်ကပတ်တော်ကို အကျွန်ုပ်နှလုံးထဲ၌ သိုထားပါပြီ။" Patriarchs and Prophets, p. 460.

## ဖွဲနှင့်ဂျုံစပါး

ချစ်သောလူငယ်၊ ပုံဝတ္ထုများပါသော မဂ္ဂဇင်းစာအုပ်များကို မဖတ် ပါနှင့်။ ပုံပြင်ဝတ္ထုစာအုပ်များကို ဝေးရာသို့ထားလိုက်ပါ။ ကျွန်ုပ်တို့၏အိမ်၌ ဤစာတန်နှင့်ဆိုင်သောပုံဝတ္ထုစာအုပ်များ၊ စာပေများနှင့် ရုပ်ပြောင်များပါသည့် စာအုပ်များရှိလျှင် ရှင်းပစ်လိုက်ပါက ပို၍ကောင်းပေမည်။ လူငယ်များသည် ဤအဆိပ်အတောက်နှင့်ပြည့်ဝနေသောစာပေများဖြင့် သူတို့စိတ်များကို ဘေး အန္တရာယ်မပြုအပ်ပေ။ ဖွဲသည် ဂျုံစပါးနှင့်မည်သို့ဆိုင်သနည်း။ ခရစ်တော်

နောက်တော်သို့ လိုက်သောသူတိုင်းတို့သည် မှန်ကန်၍ ထာဝရတန်ဖိုးရှိသောစာပေများကို ဖတ်ကြကုန်အံ့။

ကျွန်ုပ်တို့သည် အလွန်အရေးကြီးသောဝတ္တရားများအတွက် ပြင်ဆင်ခြင်းရှိရကြမည်။ ကမ္ဘာကြီးကိုကယ်တင်ရမည်။ အလွန်ကြီးသောအလုပ်ကိုလုပ်ကိုင်ဖို့ရန်ရှိသောကြောင့်၊ ကျွန်ုပ်တို့သည် မည်ကဲ့သို့အဖိုးထိုက်တန်သောအချိန်ကို ဖြုန်းတီးနိုင်အံ့နည်း။ ဘုရားသခင်ပေးကမ်းထားသောကြေးငွေကိုဘုရားသခင်၏ဘုန်းတော်ထွန်းတောက်ဖို့အတွက် အကောင်းဆုံးအသုံးချရမည်မဟုတ်လော။ The Youth’s Instructor, August 14, 1906.

-၀-

# ခရစ်ယာန်စာရိတ္တကို တည်ဆောက်ခြင်း – ၉၃

အလွန်အရေးကြီးသောစာအုပ်များရှိရာ၊ ထိုစာအုပ်များကို ကျွန်ုပ်တို့၏လူငယ်များသည် မကြည့်ရှုကြပေ။ ယင်းစာအုပ်များကို သူတို့သည် ဂရုမစိုက်ဘဲနေကြသည်။ အကြောင်းမှာ အချို့က အပျော်ဖတ်စာအုပ်များကို ဖတ်ရသလောက် စိတ်ဝင်စားမှုမရရှိသောကြောင့်ဖြစ်သည်။

ခရစ်ယာန်စာရိတ္တမြင့်တင်ပေးသောစာအုပ်၊ စာပေများကိုဖတ်ဖို့ရန် ကျွန်ုပ်တို့၏လူငယ်များတို့အား အကြံပေးရမည်။ ကျွန်ုပ်တို့ယုံကြည်ခြင်း၌ အလိုအပ်ဆုံးသောအရာကို လူငယ်တို့၏မှတ်ဉာဏ်၌ စွဲလမ်းနေခြင်းရှိစေရမည်။ သူတို့သည် ဤသမ္မာတရားများကို ခဏမျှသာတွေ့မြင်ရကြသည်။ သို့သော်လည်း သူတို့စိတ်ကြိုက်လေ့ကျက်ဖို့ရန် အခြေအနေမျိုးသို့မရောက်ခဲ့ပေ။ စိတ်ကိုခွန်အားပေး၍၊ သန့်ရှင်းခြင်းဖြစ်စေနိုင်သည့်စာပေများကိုသာ ကျွန်ုပ်တို့၏လူငယ်များသည် ဖတ်သင့်ကြပေသည်။ မှန်ကန်သောဘာသာတရားကို သိမြင်ဖို့ရန် ဤကဲ့သို့ပြုလုပ်ရပေမည်။ သန့်ရှင်းခြင်းမပေးနိုင်သောစာအုပ်ကောင်းများ၊ များစွာရှိလေသည်။

ယခုအချိန်သည် ကျွန်ုပ်တို့၏လူငယ်များတို့အဖို့ လုပ်ဆောင်ပေးဖို့ရန် ကျွန်ုပ်တို့၏အချိန်နှင့်အခွင့်အရေးပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ယခုအခါ ဘေးရန်မကင်းသော အရေးဆိုက်ရောက်ရာကာလ၌ နေထိုင်ကြကြောင်း သူတို့အားပြောပြပါ။ သို့ဖြစ်၍ မှန်ကန်သောဘုရားဝတ်၌မွေ့လျော်ခြင်းကို ကျွန်ုပ်တို့သိမြင်နိုင်ဖို့ရန် အလိုရှိသည်။ ကျွန်ုပ်တို့၏လူငယ်များတို့၌မစခြင်း၊မြှင့်တင်ပေးခြင်းနှင့်အားပေးခြင်းများ လိုအပ်နေသည်။ သို့သော် ထိုသို့သောအရာများကို လမ်းမှန်အတိုင်းဖြစ်စေရမည်။ သူတို့၏အလိုဆန္ဒအတိုင်းမဖြစ်စေရပေ။ သူတို့၌ သန့်ရှင်းသောစိတ်များရရှိနိုင်ဖို့ရန် နည်းလမ်းပေး၍မစရမည်။ သူတို့သည်ကောင်းမွန်၍ သန့်ရှင်းသောဘာသာတရားကို အခြားသောအရာများထက် ပို၍လိုအပ်နေကြသည်။

ကျွန်ုပ်သည် ကြာရှည်စွာအသက်ရှင်၍နေဖို့ရန် မမျှော်လင့်ပေ။ ကျွန်ုပ်၏အလုပ်သည် ပြီးစီးလုနီးပါးရှိနေသည်။ ကျွန်ုပ်၏စကားများသည် သူတို့အဖို့ တိုက်တွန်းနှိုးဆော်သောစကားများဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏လူငယ်များတို့အား ပြောပြပါ။ သူတို့၏အနေအထိုင်သည် ကောင်းကင်နိုင်ငံတော်သားတို့၏ရှေ့မှောက်၌ ချစ်စဖွယ်ဖြစ်၍၊ သူတို့၏အပြုအမူများသည်လည်း အခြားသူများအပေါ်၌ ဂုဏ်အသရေတိုးတက်ခြင်းရှိပါစေ။

## ဖတ်ဖို့ရန်ရွေးချယ်ထားသောစာပေများကို ထောက်ခံခြင်း

ညဥ့်အချိန်၌ ကျွန်ုပ်သည် လူငယ်တို့အဖို့ အကျိုးကျေးဇူးမရှိသောစာအုပ်များကိုရွေးချယ်ခဲ့၍ ပယ်ရှားထားလိုက်သည်။ ကျွန်ုပ်တို့သည် သူတို့၏အသက်တာကိုမှန်ကန်စေဖို့ရန် အားပေးသောစာအုပ်များ၊ နှုတ်ကပတ်တော်ကိုဖတ်ရှုဖို့ရန် လမ်းဖွင့်ပေးနိုင်သောစာအုပ်များကို သူတို့အဖို့ရွေးချယ်ပေးရမည်။ ဤအကြောင်းအရာနှင့်စပ်ဆိုင်၍ ကျွန်ုပ်ကို ယခင်အချိန်ကပြခဲ့ပြီ။ ကျွန်ုပ်သည် ယခုသင်တို့ရှေ့၌ပြသ၍ တည်မြဲဖို့ရန်ပြုလုပ်လိုသည်။ ကျွန်ုပ်တို့သည် လူငယ်တို့အား အဖိုးမတန်သောစာအုပ်များကိုဖတ်ဖို့ရန် မပေးနိုင်ပေ။ စိတ်နှင့်အသက်ဝိညာဉ်ကို ကောင်းချီးမင်္ဂလာဖြစ်စေနိုင်သောစာအုပ်များလိုအပ်ပေသည်။ ဤအရာများကို ပေါ့ပေါ့ဆဆသဘောထားကြသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏လူများသည် ကျွန်ုပ်ပြောဆိုနေသောစကားကို နားလည်ရမည်။

ကျွန်ုပ်တို့၏လူများအဖို့ ကျွန်ုပ်၌ပိုမိုသောသက်သေခံချက်များရှိလိမ့်မည်ဟု ကျွန်ုပ်မထင်မြင်ပေ။ ခိုင်ခံ့သောစိတ်များရှိသည့် ကျွန်ုပ်တို့၏လူများသည် အမှုတော်အဆင့်အတန်းမြှင့်ဖို့နှင့် တိုးတက်ဖို့ရန်အတွက် မည်သည့်အရာသည် ကောင်းမွန်ခြင်းရှိသည်ကို သိမြင်ကြသည်။ သူတို့၏စိတ်နှလုံး

များထဲ၌ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ရှိခြင်းအားဖြင့်၊ ဘုရားသခင်၏အကြောင်းအရာများကိုလေ့ကျက်ရာ၌ သာ၍နက်နဲစွာပြုလုပ်ကြရမည်။ ကျွန်ုပ်တို့၏လူငယ်များသည် မှန်ကန်သင့်မြတ်သောစာအုပ်၊ စာပေများကိုဖတ်ဖို့ရန်ရှိလိမ့်မည်ဟု ကျွန်ုပ်တို့၌စိုးရိမ်မကင်းဖြစ်နေပါသည်။ ထိုနောက် လူကြီးများလည်းရရှိနိုင်ကြလိမ့်မည်။ ကျွန်ုပ်တို့သည် သမ္မာတရား၏ဘာသာရေး ဆွဲဆောင်နိုင်ခြင်းကို မျက်ခြည်မပြတ်စေရ။ ဘုရားသခင်နှုတ်ကပတ်တော်၏သမ္မာတရားများကိုခံယူဖို့ရန် စိတ်နှင့်ဦးနှောက်ကိုပါ အဆင်သင့်ဖွင့်ထားရမည်။ လူတို့မထင်မမှတ်သောအချိန်၌ စာတန်ရောက်လာသည်။ သတိပေးခြင်းသတင်းစကားကို တစ်ကြိမ်ပေးခဲ့ပြီဖြစ်သောကြောင့် ကျွန်ုပ်တို့၌စိတ်ကျေနပ် ခင်းမရှိရ။ ထပ်ခါထပ်ခါဖော်ပြရမည်။

လူအများတို့၏စိတ်ကို ဆွဲယူနိုင်လောက်သော စာအုပ်စာပေများမဖတ်ရှုခြင်းကို ကျွန်ုပ်တို့အစပြုနိုင်ကြသည်။ ကျွန်ုပ်၌ ရှေ့ကိုဆက်လက်လုပ်ကိုင်ဖို့ရန် အခွင့်ရှိပါက၊ ကျွန်ုပ်သည် ဝမ်းမြောက်ဝမ်းသာစွာ လူငယ်များအဖို့ စာအုပ်များကိုပြင်ဆင်ခြင်း၌ ကူညီမစခြင်းပေးမည်။

လူငယ်များအဖို့ဆောင်ရွက်ပေးဖို့ရန် အလုပ်တစ်ခုရှိသည်။ ဘုရားသခင်၏သန့်ရှင်းစေတော်မူသောသမ္မာတရားသည် သူတို့၏စိတ်များကို စွဲလမ်းစေ၍ပြုပြင်ပေးလိမ့်မည်။ လူငယ်တို့အား ထာဝရအသက်ကိုရရှိဖို့ရန် ပြင်ဆင်ပေးသော စုံလင်သည့်စာရိတ္တနှင့်ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်း၏မှန်ကန်သောအဓိပ္ပါယ်ကို လူငယ်များသိရှိနိုင်ဖို့ရန် ကျွန်ုပ်အလိုရှိသည်။ ကျွန်ုပ်သည် ကြာရှည်စွာအသက်ရှင်နေမည်မဟုတ်။ ဤသတင်းစကားကို ထိုသူတို့အဖို့ကျွန်ုပ်ထားခဲ့သည်။ သူတို့ချမှတ်ထားသောရည်ရွယ်ချက်သည်အလွဲမရောက်ဖို့ရန်ဖြစ်သည်။

ကျွန်ုပ်၏ညီအစ်ကိုတို့အား ကျွန်ုပ်သည် တိုက်တွန်းနှိုးဆော်ပါ၏။ သင်တို့သည် လူငယ်တို့အားအစဉ်သဖြင့် ဘုရားသခင်၏နှစ်သက်ဖွယ်ဖြစ်ခြင်းနှင့်ကျေးဇူးတော်ကို မြင့်မားစွာချီးမြှောက်ထားခြင်းပြုဖို့ရန် အားပေးစေလိုသည်။ မှန်သောဘာသာတရား၏အဖိုးထိုက်တန်ခြင်းကို သိရှိနိုင်ဖို့ရန် အစဉ်

လုပ်ဆောင်၍ ဆုတောင်းပါ။ ဘုရားသခင်၏ကျေးဇူးတော်၌ မင်္ဂလာရှိခြင်းနှင့်သန့်ရှင်းခြင်းကိုပြပါ။ ဤအချက်ကိုဂရုမစိုက်ဘဲနေကြသောကြောင့် ကျွန်ုပ်၌တာဝန်မကင်းဖြစ်နေသည်ဟု ကျွန်ုပ်ထင်မြင်သည်။

ကျွန်ုပ်သည် ကြာမြင့်စွာအသက်ရှင်၍နေလိမ့်မည်ဟု ယုံကြည်စိတ်ချစရာမရှိပါ။ သို့သော်လည်း ဘုရားသခင်သည် ကျွန်ုပ်ကိုလက်ခံပြီးဖြစ်ကြောင်း ကျွန်ုပ်သိသည်။ မိမိတို့ကိုယ်ကို ခရစ်ယာန်များဖြစ်သည်ဟု ဝန်ခံသောသူတို့၏အဆင့်အတန်းနိမ့်ကျခြင်းကို ကျွန်ုပ်သည်တွေ့မြင်ရ၍၊ ကျွန်ုပ်စိတ်၌မည်မျှဒုက္ခခံစားရသည်ကို ဘုရားသခင်သည် သိမြင်တော်မူသည်။ ကျွန်ုပ်၏ အသက်တာ၌လည်း သမ္မာတရားကိုတွေ့မြင်၍၊ ကျွန်ုပ်၏သက်သေခံချက်များသည် လူထုထံသို့ရောက်လိမ့်မည့်အကြောင်းကိုလည်း ကျွန်ုပ်သိသည်။ သို့ဖြစ်၍ သင်သည် သင်တတ်နိုင်သရွေ့ ကျွန်ုပ်ရေးသားထားသောအချက်များကို နိုင်ငံခြား၌ရှိသောသူတို့၏လက်တွင်းသို့ ရောက်နိုင်အောင်ပို့ပေးရမည်။

သူတို့၌ ဝိညာဉ်ရေးနှင့်ဆိုင်သောအကျိုးကျေးဇူးများစွာရှိကြောင်းကို လူငယ်တို့အားပြောပြပါ။ သမ္မာတရားကို လူတို့ရှေ့သို့ရောက်ရှိစေဖို့ရန် သူတို့သည် ကြိုးစား၍လုပ်ကိုင်ဆောင်ရွက်ရန် ဘုရားသခင်အလိုတော်ရှိသည်။ ဤအကြောင်းအရာများနှင့်စပ်ဆိုင်၍ ပြောဆိုရခြင်းသည် ကျွန်ုပ်၏အထူး ဝတ္တရားပင်ဖြစ်ကြောင်း ကျွန်ုပ်၌ထင်မြင်ခြင်းရှိသည်။ Fundamentals of Christian Education, pp. 547-549.

(မမပိုက်သည် နောက်ဆုံးဖျားနာနေသောအချိန်၌ ကျွန်ုပ်တို့လူငယ်များထံသို့ နောက်ဆုံးရေးသားလိုက်သောသတင်းစကားဖြစ်သည်။)

–ဝ–

# ယုတ္တိမရှိသောပုံဝတ္ထု၏ဆိုးကျိုး – ၉၄

"ကျွန်တော့်မှာစာကျက်ဖို့အချိန်မရှိဘူး" ဟု အများသောလူငယ်များ ပြောဆိုတတ်ကြသည်။ သူတို့ဘာလုပ်နေကြသနည်း။ အချို့သောလူငယ်များသည် ပိုက်ဆံအနည်းငယ်ပိုမိုရရှိဖို့ရန် အားလပ်သောအချိန်တိုင်း၌ အလုပ်လုပ်ကိုင်နေကြသည်။ အလုပ်၌ကုန်ဆုံးသွားမည့်အချိန်ကို သမ္မာကျမ်းစာကို လေ့ကျက်ခြင်း၌သာ အချိန်သုံးလိုက်ပါက၊ အလုပ်ပိုလုပ်၍ရသောအကျိုးထက်၊ သာလွန်သောအကျိုးကျေးဇူးကိုရရှိကြမည်။ မလိုအပ်သောအရာများကို ဝယ်ယူသုံးစွဲမည့်သုံးဖြုန်းငွေကို သက်သာစေမည်။ ဘုရားဝတ်၌မွေ့လျော် ခြင်းဟူသောနက်နဲရာကိုနားလည်မည်။ "ထာဝရဘုရားကို ကြောက်ရွံ့သော သဘောသည် ပညာ၏အချုပ်အခြာဖြစ်၏။"

သို့သော်လည်း ခရစ်ယာန်များဖြစ်သည်ဟု ဝန်ခံသော ဤလူငယ်များတို့သည် သူတို့၏ဇာတိပကတိစိတ်သဘော အလိုဆန္ဒများကို မိမိတို့နှစ်သက်သောအရာများနောက်သို့လိုက်၍ အလိုဖြည့်ကြသည်။ ဘုရားသခင်၏ အဖိုးထိုက်တန်သော နှုတ်ကပတ်တော်၏သမ္မာတရားများကို စိတ်ဝင်စားရမည့်အစား မမှန်သောပုံပြင်ဝတ္ထုများကိုဖတ်ခြင်းဖြင့် အချိန်ကုန်လွန်စေကြသည်။ ဤအကျင့်ဓလေ့များကို တစ်ကြိမ်တစ်ခါ အစပြုမိပါက၊ အောင်မြင်နိုင်ဖို့ရန် ခဲယဉ်းလေသည်။ ကောင်းကင်နှင့်ဆိုင်သော ကမ္ဘာ့အမွေခံများသည် ဤအကျင့်ဓလေ့များကို အောင်မြင်ရမည်။

ပုံပြင်ဝတ္ထုဖတ်ခြင်း၌ စွဲလမ်းနေသောစိတ်သည် ပျက်စီးခြင်းသို့ရောက်နေသောစိတ်ဖြစ်သည်။ သူ၏အထင်အမြင်များသည် မှားယွင်းခဲ့၍၊ စိတ်ကိုပေါ့ပျက်သောအရာများက အုပ်စိုးခဲ့လေသည်။ မကောင်းသောအရာများကို တပ်မက်မောခြင်းရှိ၍ စိတ်ကိုမငြိမ်မသက်ဖြစ်စေသည်။ ယနေ့လူပေါင်းသောင်းချီ၍ စိတ္တဇဆေးရုံ၌ရှိနေကြသည်။ ထိုသူများသည် ယုတ္တိမရှိသော ပုံပြင်ဝတ္ထုများကိုဖတ်၍၊ စိတ်၌မငြိမ်မသက်ဖြစ်လာပြီးလျှင်၊ လေထဲ၌တိုက်အိမ်ဆောက်သောသူများဖြစ်ကြသည်။ နောက်ဆုံးစိတ္တဇဆေးရုံ၌ လမ်းဆုံးကြသည်။ The Signs of the Times, February 10, 1881.

–o–

# တေးဂီတ၏ အကျိုးကျေးဇူးများ – ၉၅

ချီးမွမ်းသောတေးသံသည် ကောင်းကင်နိုင်ငံတော်၏ လေထုပင်ဖြစ်သည်။ ကောင်းကင်သည် မြေကြီးနှင့်လာ၍ထိသောအခါ တေးဂီတသံနှင့် သီချင်းသံထွက်ပေါ်လာသည်။ ၎င်းတို့မှာ "ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တေးသံပင်ဖြစ်သည်။"

အသစ်ဖန်ဆင်းထားသော ကမ္ဘာမြေကြီးအထက်၌ "နံနက်သားမိုးသောက်ကြယ်များသည် အတူသီချင်းဆိုကြ၍၊ ဘုရားသားအားလုံးတို့သည် ဝမ်းမြောက်ဝမ်းသာသောကြောင့် အော်ဟစ်ကြသည်။" သို့ဖြစ်၍ လူတို့၏ စိတ်နှလုံးများသည် ကောင်းကင်နှင့်မိတ်ဆက်၍ ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို ချီးမွမ်းသောသီချင်းဖြင့် တုံ့ပြန်ကြသည်။ လူတို့၏သမိုင်းဝင် အဖြစ်အပျက်များသည်လည်း သီချင်းနှင့်ဆက်စပ်လျက်ရှိသည်။

## တေးဂီတသည်အဖိုးထိုက်တန်သောဆုလာဘ်ဖြစ်ခြင်း

သမ္မာကျမ်းစာ၏ သီချင်းများသမိုင်း၌ တေးဂီတနှင့်သီချင်းများတို့၏ အကျိုးကျေးဇူးများအကြောင်းကို များစွာအကြံပေးနှိုးဆော်ထားသည်။ တေးဂီတကိုရံဖန်ရံခါ ဆိုသလို မကောင်းသောရည်ရွယ်ချက်ဖြင့် အသုံးပြုကြသည်။ ဤနည်းဖြင့် ယင်းသည် အလွန်နှစ်မြို့ဖွယ်ကောင်းသော စုံစမ်းနှောင့်ယှက်ခြင်းအချက်အချာဖြစ်လေသည်။ သို့သော်လည်း မှန်ကန်စွာအသုံးချပါက၊ ၎င်းသည် ဘုရားသခင်အထံတော်မှ အဖိုးထိုက်တန်သောဆုလာဘ်ဖြစ်၍၊ အကြံအစည်များကို မြင့်မြတ်ခြင်းဖြစ်စေပြီးလျှင် အသက်ဝိညာဉ်ကိုမြှင့်တင်ပေးသည်။

ဣသရေလလူမျိုးတို့သည် သိမ်တောကိုဖြတ်၍ ခရီးသွားသောအခါ သန့်ရှင်းသောသီချင်းတေးဂီတသံဖြင့် သူတို့ကိုရွှင်လန်းစေသည်။ ထိုနည်းတူစွာ ဘုရားသခင်သည် မိမိ၏သားသမီးတို့အား သူတို့၏အသက်တာခရီးလမ်း၌

ဝမ်းသာခြင်းရှိဖို့ရန် မိန့်တော်မူသည်။ ဘုရားသခင်၏စကားများကိုမှတ်မိဖို့ရန် ထိရောက်စွာသီချင်းဖြင့် ဂုဏ်ပြုနိုင်သည်။ ထိုကဲ့သို့သောသီချင်း၌ အံ့ဩဖွယ် ရာကောင်းသော တန်ခိုးရှိသည်။ မကောင်းသောသဘောများကို နိုင်နင်းနိုင် သောတန်ခိုးရှိသည်။ စိတ်ကူးအကြံအစည်ကို လှုံ့ဆော်ပေး၍ ကိုယ်ချင်းစာ နာတတ်ခြင်းကို ထကြွစေသည်။ ရဲရင့်ခြင်းနှင့်လုံ့လထုတ်ခြင်းကို ဖျက်ဆီး သောအရာများကို ပယ်ရှားပစ်လိုက်သည်။

တေးဂီတသံသည် စိတ်နှလုံးကို ဝိညာဉ်နှင့်ဆိုင်သောသမ္မာတရားကို စွဲလမ်းစေခြင်း၌ အလွန်ထိရောက်စေသောအရာတစ်ခုဖြစ်သည်။ အခြေအနေ ဆိုးရွား၍ မြော်မြင်ရာကင်းမဲ့နေသော အသက်ဝိညာဉ်အဖို့ မေ့မေ့ပျောက်ပျောက် ဖြစ်နေသောလူငယ်ဘဝ၌ သီဆိုခဲ့သည့် ဘုရားသခင်၏အကြောင်းပြန်၍ သီချင်း ကိုမှတ်မိလာသောအခါ၊ စုံစမ်းနှောင့်ယှက်ခြင်းများတန်ခိုးသည် ထိရောက်ခြင်း မရှိတော့ပေ။ အသက်တာသည် လုံးဝပြောင်းလဲသွားခဲ့၍ ရဲရင့်ခြင်းနှင့်ဝမ်း မြောက်ခြင်းကို အခြားသောအသက်ဝိညာဉ်များသို့ ပေးကမ်းခဲ့လေသည်။

ပညာပေးခြင်း၌ သီချင်း၏တန်ဖိုးကို မျက်ခြည်မပြတ်သင့်ပေ။ သန့်ပြန့်၍နာပျော်ဖွယ်ကောင်းသောသီချင်းများကို အိမ်ထောင်၌သီဆိုခြင်းရှိ ပါစေ။ အိမ်ထောင်၌ ပြစ်တင်ခြင်းအသံနည်းစေ၍ ပျော်ရွှင်ခြင်း၊ မျှော်လင့် ခြင်းနှင့်ဝမ်းမြောက်ခြင်းအသံများဖြင့် ပြည့်ဝပါစေ။ ကျောင်းများ၌ သီချင်း ဆိုခြင်းရှိပါစေ။ သို့ပြုလျှင် ကျောင်းသားများသည် ဘုရားသခင်နှင့်လည်း ကောင်း၊ သူတို့၏ဆရာများနှင့်လည်းကောင်း၊ အချင်းချင်းနှင့်လည်းကောင်း ပို၍နီးကပ်ရင်းနှီးခြင်းရှိကြမည်။

ဘာသာရေးစည်းဝေး၌၊ ဆုတောင်းခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်း ၏တစ်စိတ်တစ်ဒေသဖြစ်သကဲ့သို့ သီချင်းဆိုခြင်းသည်လည်း ဖြစ်ပေသည်။ အမှန်မှာ သီချင်းတိုင်းသည် ဆုတောင်းခြင်းပင်ဖြစ်ပေသည်။ သူငယ်အား ဤအကြောင်းကို မုချသိမြင်စေပါက၊ သူသည် သူဆိုသောသီချင်း၏အဓိပ္ပါယ် ကို ပို၍စဉ်းစားပြီးလျှင်၊ တန်ခိုးကိုပို၍ခံယူလိမ့်မည်။

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ကျွန်ုပ်တို့အား ဘုရားသခင်၏ဘုန်းတော်နှင့် ပြည့်ဝနေသောနေရာသို့ ခေါ်ဆောင်သွားသောအခါ၊ ပလ္လင်တော်၏ ပတ်ဝန်းကျင်၌ရှီးမွမ်းခြင်းနှင့် ကျေးဇူးတော်တင်ခြင်းသီချင်းများကို သီဆိုနေကြသော ကောင်းကင်ဘုံတေးသံစုံအဖွဲ့၏အသံကိုကြားရမည်။ ကောင်းကင်တမန်တို့၏သီချင်းဆိုသော ပွဲတင်သံသည် ကျွန်ုပ်တို့၏မြေကြီးအိမ်ထောင်၌ ထိုးဖောက်လာသောအခါ၊ စိတ်နှလုံးတို့သည် ကောင်းကင်သီချင်းသည်တို့နှင့် ပို၍နီးကပ်သွားကြလိမ့်မည်။ ကောင်းကင်နိုင်ငံတော်၌ အတူမိတ်ဆက်ခြင်းသည် မြေကြီးပေါ်၌အစပြုသည်။ ချီးမွမ်းခြင်းတိုင်သည့်အသံရင်းကို ဤနေရာ၌ ကျွန်ုပ်တို့သင်ကြားကြသည်။ Education, pp. 161-168.

–ဝ–

# တေးဂီတကိုသုံးစွဲခြင်းများ – ၉၆

သန့်ရှင်းသောအကြံအစည်တစ်ခုအတွက် တေးဂီတကိုစီမံထားသည်။ စင်ကြယ်မြင့်မြတ်၍ မြင့်မားသောအခြေအနေသို့ရောက်ရှိဖို့ရန် အကြံအစည်များကို မြှင့်တင်ပေးခြင်းနှင့် ဘုရားသခင်အားကျေးဇူးတင်သောသဘောမျိုး ရှိဖို့ရန် နိုးကြားစေခြင်းဖြစ်သည်။ တေးဂီတကိုအသုံးပြုရာ၌ ရေးထုံးစံဓလေ့နှင့် ယခုအချိန်၌ အသုံးပြုခြင်းတွင် များစွာကွာခြားနေသည်ကို တွေ့မြင်ရ သည်။ ဤတေးဂီတကိုအသုံးပြုရာ၌ ဘုရားသခင်၏ဘုန်းတော်ကို ချီးမွမ်း မည့်အစား မိမိကိုယ်ကိုချီးမြှောက်ခြင်း၌ လူအရည်အတွက် မည်မျှအသုံးပြု နေကြသနည်း။ တေးဂီတနှစ်သက်ခြင်းကို သတိမထားခဲ့လျှင်၊ ဘုရားသခင်သည် မိမိသားသမီး တို့အား မသွားဖို့ရန်ပိတ်ပင်ထားသောနေရာသို့ ပို့ဆောင် ပေးလိမ့်မည်။မှန်ကန် စွာအသုံးပြုခဲ့လျှင် ကောင်းချီးမင်္ဂလာဖြစ်စေနိုင်သော အရာသည် စာတန်လက်ထဲ သို့ရောက်သွားပါက၊ ထာဝစဉ်အရာများကို မစဉ်းစားဘဲနေနိုင်ဖို့ရန် လူတို့စိတ် ကိုဖောက်ပြန်သွားစေနိုင်သော လက်နက် ဖြစ်သွားလိမ့်မည်။

အထက်တံတိုင်း၌ တေးဂီတသည် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ် ရာ၌ ပါဝင်သောအခန်းတစ်ခန်းဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ချီးမွမ်းခြင်း သီချင်းကို သီဆိုရာ၌ ကောင်းကင်နိုင်ငံတော် သီချင်းသည်တို့၏အသံနှင့် တတ်နိုင်သရွေ့ ညီညွတ်ခြင်းရှိရမည်။ ပညာကိုဆည်းပူးရာ၌ အသံကို စည်းကမ်းတကျ လေ့ ကျင့်ပေးခြင်းသည် အရေးကြီးသောအပိုင်းဖြစ်သည်။ ပျက်ကွက်ခြင်းမရှိရပေ။
Patriarchs and Prophets, p. 594.

## သြဇာသက်ရောက်စေနိုင်သောအစွမ်းသတ္တိတစ်ခု

အချို့သောသူတို့သည် သီချင်းဆိုခြင်း၌ အထူးစွမ်းရည်ရှိကြသည်။ တစ်ခါတစ်ရံ တစ်ယောက်တည်းသီချင်းဆိုခြင်း၌လည်းကောင်း၊ အစုအရုံးဖြင့်

သီချင်းဆိုခြင်း၌လည်းကောင်း အထူးသတင်းကိုထုတ်ဖော်တတ်သည်။ သို့သော်လည်း သီချင်းဆိုခြင်း၌ လူအချို့လောက်သာ သီဆိုခြင်းမပြုရပေ။ သီချင်းဆိုတတ်ခြင်းစွမ်းရည်သည် ဩဇာတိက္ကမအရှိန်အဝါအစွမ်းသတ္တိဖြစ်၍၊ လူတိုင်းပြုစုပျိုးထောင်ပေးရန် ဘုရားသခင်အလိုတော်ရှိသည်။ ကိုယ်တော် နာမတော်၏ဘုန်းတော်၌ အသုံးပြုရမည်။ Testimonies for the Church, vol. 7, pp. 115, 116.

## ကောင်းကင်နိုင်ငံတော်၏ဂီတပညာရှင်များနှင့် အသံညီလျက်ရှိခြင်း

မနုဿလူတို့သည် နားလည်သောစိတ်သဘောဖြင့် သီချင်းကျူးအေးသောအခါ၊ ကောင်းကင်နိုင်ငံတော်၏ဂီတပညာရှင်များသည် အသံကိုလက်ခံ၍ ကျေးဇူးတော်ချီးမွမ်းသီချင်းကို ဝင်ရောက်သီဆိုကြသည်။ ဘုရားသခင် နှင့်အတူတကွလုပ်ဆောင်ဖို့ရန် ကျွန်ုပ်တို့အား ဆုလာဘ်အားလုံးတို့ကိုချပေး တော်မူသောအရှင်သည်၊ အားလုံးနားလည်နိုင်သောနည်းလမ်းဖြင့် စကားပြောခြင်း၊ သီချင်းဆိုခြင်းကိုပြုလုပ်နိုင်ဖို့ သူတို့၏အသံများကိုပြုပြင်ထားရန် အလိုတော်ရှိသည်။ ကျယ်လောင်သောအသံဖြင့် သီချင်းဆိုရန်မဟုတ်ပေ။ ကြည်လင်သောအသံနေအသံထား၊ မှန်ကန်သောစကားသံဆိုနည်းနှင့်၊ ထစ်ထစ်ငေါ့ငေါ့မရှိသော ပြောဆိုခြင်းရှိရမည်။ ဘုရားသခင်ကိုချီးမွမ်းခြင်း၌၊ အက်ကွဲသောအသံ၊ နား၌စူးရှသောအသံများမဖြစ်စေဖို့ရန် အချိန်ယူ၍အသံ ကိုပြုပြင်ကြစို့။ သီချင်းဆိုတတ်ခြင်းအစွမ်းသတ္တိသည် ဘုရားသခင်၏ဆု ကျေးဇူးဖြစ်သည်။ ကိုယ်တော်၏ဘုန်းတော်၌ အသုံးပြုကြစေ။

စည်းဝေးပွဲများကျင်းပသောအခါ၊ သီချင်းဆိုခြင်းအစီအစဉ်၌ အဆိုသည်တစ်စုကို ရွေးချယ်ထားပါ။ သီချင်းဆိုခြင်း၌ တတ်ကျွမ်းသောအတီးအမှုတ်သမားများပါ ဝင်ရောက်တီးမှုတ်ပါစေ။ ကျွန်ုပ်တို့၏အမှုတော်ဆောင်ရွက် ခြင်း၌တူရိယာတီးမှုတ်ခြင်းကို ဆန့်ကျင်ဘက်မပြုရပေ။ ဤအပိုင်းကို သေချာစွာ

ပြုလုပ်စီမံရမည်။ အကြောင်းမှာ ကိုယ်တော်ကိုသီချင်းအားဖြင့် ချီးမွမ်းခြင်းဖြစ်သည်။

သီချင်းဆိုရာ၌လည်း လူအနည်းငယ်လောက်သာပါဝင်ဖို့ရန်မဟုတ်ပေ။ တတ်နိုင်သလောက် ပရိသတ်အားလုံးဝင်ရောက်သီဆိုကြရမည်။ Testimonies for the Church, vol. 9, pp. 143, 144.

## သီချင်းများဖြင့်ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေခြင်း

မေတ္တာနှင့်ဆည်းကပ်ခြင်း၊ ဖြူစင်ခြင်းပြည့်ဝနေသည့်စိတ်နှလုံးမှ ချီးမွမ်းသီဆိုသောသီချင်းများသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေသည်။ Testimonies for the Church, vol. 1, p. 509.

–ဝ–

# တေးဂီတကိုအလွဲအသုံးပြုခြင်း – ၉၇

ကောင်းကင်တမန်များသည် ထိုနေရာ၌ရှိသော လူနေအိမ်ခြေများ ပတ်လည်၌ ရစ်ဝဲလျက်ရှိကြသည်။ ငယ်ရွယ်သောသူများသည် ထိုအရပ်၌ စုရုံးလျက်ရှိကြသည်။ သီချင်းဆိုသံနှင့် တူရိယာတီးမှုတ်သံများကိုလည်း ကြားရသည်။ ခရစ်ယာန်များသည် စုရုံးနေကြသည်။ သို့သော်လည်း သင် သည်မည်သည့်အသံကို ကြားရသနည်း။ သီချင်းမှန်ပေသည်။ သိမ်ဖျင်းသော တေးသီချင်းဖြစ်၍၊ ကခုန်သောနေရာနှင့်သာ သင့်လျော်သောတေးသီချင်းဖြစ် သည်။ ကြည့်ရှုလော့၊ သန့်ရှင်းသောကောင်းကင်တမန်များသည် သူတို့၏ အလင်းကို သူတို့၏ပတ်လည်၌ နီးကပ်စွာထားသည်။ ထိုအိမ်ထဲ၌နေသော သူတို့ကို မှောင်မိုက်သည် ရစ်ပတ်လျက်ထားသည်။ ကောင်းကင်တမန်များ သည် ထိုနေရာမှရွေ့သွားကြပြီ။ သူတို့၏မျက်နှာများ၌ ဝမ်းနည်းခြင်းကို တွေ့မြင်ရသည်။ ကြည့်ရှုလော့၊ သူတို့သည် ငိုနေကြသည်။ ကျွန်ုပ်သည် ဤအခြင်းအရာကို ဥပုသ်နေ့ကိုစောင့်ရှောက်သောသူတို့အထဲ၌ ထပ်တလဲလဲ တွေ့မြင်ရသည်။ ဆုတောင်းနေရမည့်အချိန်များ၌ တေးဂီတသံသည် လွှမ်းမိုး လျက်ရှိခဲ့သည်။ ဥပုသ်နေ့ကိုစောင့်ရှောက်သော ခရစ်ယာန်များတို့သည်တေးဂီ တကို သူတို့၏မြတ်နိုးသောအရာအဖြစ် ကိုးကွယ်ဝတ်ပြုကြသည်။ လူငယ်တို့ ၏စိတ်သို့ရောက်ရှိဖို့ရန် အရာတစ်ခုအနေဖြင့် စာတန်သည်ပြုလုပ် နိုင်ခဲ့လျှင် သူ၌တေးဂီတကို ကန့်ကွက်စရာအကြောင်းမရှိပေ။ ဘုရားသခင်၏ အမှုတော် ဆောင်ရွက်ဖို့ရန် အချိန်ကိုလွှဲပြောင်းပေးနိုင်သောအရာဟူသမျှသည် စာတန်၏ စိတ်ကြိုက်ပင်ဖြစ်သည်။ သူသည် ဩဇာတိက္ကမအရှိဆုံးသောအရာကို သူ၏ကိစ္စ ပြီးမြောက်ဖို့အတွက် အသုံးချသည်။ ကောင်းမွန်သောဘက်သို့ ရောက် ရှိရန် ပြုလုပ်နိုင်ပါက၊ တေးဂီတသည် ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်သည်။ သို့သော် လည်း ခဏခဏဆိုသလို စာတန်အဖို့ အသက်ဝိညာဉ်များကို ထောင်ဖမ်းဖို့ရန် အကောင်းဆုံးအရာတစ်ခုအနေဖြင့် ပြုလုပ်ပေးကြသည်။ မမှန်မကန်အသုံးပြု သောအခါ၊ ဘုရားအထံတော်၌ ဆက်ကပ်ခြင်းမရှိသော

သူကို မာနထောင်လွှားခြင်း၊ စိတ်ကြီးဝင်ခြင်းနှင့် မိုက်မဲခြင်းကိုဖြစ်စေသည်။ ဘုရားသခင်ကိုဆက်ကပ်ခြင်းနှင့် ဆုတောင်းခြင်းနေရာ၌ အခွင့်ပေးပါက၊ ၎င်းသည် အလွန်ကြောက်မက်ဖွယ်ရာကောင်းသော ကျိန်ခြင်းဖြစ်လာသည်။ ခရစ်ယာန်များဖြစ်သည်ဟု ဝန်ခံသောလူငယ်များသည် စုရုံး၍သီချင်းဆိုသောအခါ၊ ဘုရားသခင်နှင့် သူတို့၏ယုံကြည်ခြင်းကို ခဏခဏသူတို့၏ သေးသိမ်သောစကားပြောဆိုခြင်းနှင့် တေးဂီတကိုရွေးချယ်ခြင်းဖြင့် ဂုဏ်ပျက်စေကြသည်။ သန့်ရှင်းရိုသေဖွယ်ရာဖြစ်သောတေးဂီတသည် သူတို့၏စိတ်ကြိုက်နှင့် မကိုက်ညီပေ။ ဂရုမစိုက်ဘဲထားခဲ့သည့် လွယ်ကူသောဘုရားသခင်၏သွန်သင်ချက်များကို ကျွန်ုပ်အားပြသည္ညွှန်ကြားခဲ့သည်။ တရားစီရင်ရာအချိန်၌ ဤဝိညာဉ်ဖြင့် မှတ်သွင်းထားသောစကားများသည် နားမထောင်ခဲ့သောသူများကို ပြစ်ဒဏ်စီရင်လိမ့်မည်။ Testimonies for the Church, vol. 1, p. 506.

## တေးဂီတသည်ကောင်းသောအရာအတွက် အစွမ်းသတ္တိတစ်ခုဖြစ်ခြင်း

တေးဂီတကို ကောင်းမြတ်ဖို့ရန်အတွက် ကြီးသောတန်ခိုးတစ်ခုအနေဖြင့် အသုံးပြုနိုင်သည်။ သို့သော်လည်း ဤဝတ်ပြုကိုးကွယ်ခြင်းအပိုင်းကို အသုံးပြုသင့်သလောက် အသုံးမပြုကြပေ။ သီချင်းဆိုရာ၌လည်း ဝတ်ကျေဝတ်ကုန်လောက်သာဆိုကြ၍၊ အချို့မှာ၊ မှားမှားယွင်းယွင်းနှင့်ဆိုကြရာ၊ လာရောက်သောသူတို့၏စိတ်၌ မှန်ကန်သောထိခိုက်ခြင်းမရှိပေ။ တေးဂီတ၌လုပခြင်း၊ လွှမ်းဖွယ်ရာနှင့်တန်ခိုးရှိရမည်။ အသံများကိုလွှင့်၍ ချီးမွမ်းသီချင်းကိုဆိုကြလော့။ တတ်နိုင်ပါက တူရိယာတီးမှုတ်ခြင်းကိုလည်း အကူအညီပေးရန် ခေါ်ဖိတ်ပါ။ အထူးနှစ်မြို့ဖွယ်ဖြစ်သော ညီညွတ်ခြင်းအသံများသည် ဘုရားသခင်အထံတော်သို့ တက်ရောက်ခြင်းရှိပါစေ။ ဘုရားသခင်ခံယူနိုင်တော်မူသောအလှူဖြစ်သည်။ Testimonies for the Church, vol. 4, p. 71.

–o–

# အပိုင်း ၁၀

# ဘဏ္ဍာစိုးရာထူး

သင်၏အစွမ်းသတ္တိသည် မည်မျှပင်သေးငယ်စေကာမူ၊ ဘုရားသခင်၌ ထိုအစွမ်းသတ္တိအဖို့ နေရာရှိသည်။ ထိုအစွမ်းသတ္တိတစ်ခုကို လိမ္မာစွာအသုံးပြုခဲ့လျှင်၊ ပေးအပ်ထားသောအလုပ်ကို ပြီးစီးနိုင်မည်။ ငယ်သောဝတ္တရားများ ၌ သစ္စာရှိခြင်းအားဖြင့်၊ ကျွန်ုပ်တို့အတွက် အပေါင်းအလုပ်ကိုကြံစည် လုပ်ကိုင်၍၊ ဘုရားသခင်သည် ကျွန်ုပ်တို့အဖို့ အမြောက်အလုပ်ကို လုပ်ကိုင် ဆောင်ရွက်ပေးတော်မူလိမ့်မည်။ ဤသေးငယ်သောအရာကလေးများသည် ကိုယ်တော်၏ အလုပ်၌ အလွန်အဖိုးထိုက်တန်သော ပြုပြင်သည့်တန်ခိုးများ ဖြစ်လာကြမည်။

Christ’s Object Lessons, p. 360.

# ရွှေတာခြင်းသင်ခန်းစာများ – ၉၈

ဘုရားသခင်၏အမှုတော်ကို မစခြင်းပေးရာ၌ လူငယ်တို့၌ရှိသော အခွင့်အရေးအကြောင်းကို အကျယ်တဝင့်ပြောဆိုဖို့ရန် များစွာရှိသည်။ သူတို့သည် ရွှေတာခြင်းနှင့်မိမိကိုယ်ကိုငြင်းပယ်ခြင်းသင်ခန်းစာများကို သင်ကြားရမည်။ အများသူတို့၏အထင်အမြင်၌ သူတို့သည် ပျော်ပါးခြင်းအမျိုးမျိုးကို လိုက်စားနိုင်သည်ဟု ထင်မြင်ကြသည်။ ဤကဲ့သို့ပြုလုပ်နိုင်ဖို့ရန် သူတို့၏ ဝင်ငွေအားလုံးကို သုံးဖြုန်းကြရမည်ဟု ထင်မြင်ယူဆကြသည်။ ဤကိစ္စနှင့် စပ်ဆိုင်၍ သာ၍ကောင်းမွန်စွာပြုစုဖို့ရန် ဘုရားသခင်အလိုတော်ရှိသည်။

ကျွန်ုပ်တို့သည် စာရေးသောက်ရေးနှင့်ဝတ်ရေးတို့၌ အဆင်ပြေနေသောအခါ စိတ်ကျေနပ်ခြင်းရှိသောကြောင့် မိမိတို့ကိုယ်ကို အပြစ်ပြုကြသည်။ ဘုရားသခင်၌ ကျွန်ုပ်တို့အဖို့ ဤအခြေအနေထက်မြင့်မားသော အကြံအစည်ရှိသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏တစ်ကိုယ်ကောင်းဆန်တတ်သော လိုအင်ဆန္ဒများကိုဖယ်ရှား၍ ကျွန်ုပ်တို့၏စိတ်နှလုံးနှင့် စိတ်တန်ခိုးများကို ဘုရားသခင်၏အမှုတော်အဖို့ ပေးအပ်ပါက၊ ကောင်းကင်သားတို့သည် ကျွန်ုပ် တို့နှင့်ပူးပေါင်း၍၊ လူသားတို့အဖို့ ကျွန်ုပ်တို့အား ကောင်းချီးမင်္ဂလာဖြစ်စေလိမ့်မည်။

## သာသနာလုပ်ငန်းများအတွက်စုဆောင်းခြင်း

သူသည် ဆင်းရဲကောင်းဆင်းရဲလိမ့်မည်။ သို့သော်လည်း လုံ့လဝီရိယရှိ၍ ရွှေတာတတ်သောလူငယ်သည် ဘုရားသခင်အဖို့ အနည်းငယ်စုဆောင်းနိုင်သည်။ ကျွန်ုပ်သည် အသက်တစ်ဆယ့်နှစ်နှစ်အရွယ်၌ ရွှေတာခြင်း၏ အဓိပ္ပါယ်ကို နားလည်ခဲ့သည်။ ကျွန်ုပ်၏အစ်မနှင့်အတူ အလုပ်အကိုင်တစ်ခုကို သင်ကြားခဲ့ပါသည်။ ကျွန်ုပ်တို့နှစ်ယောက်သည် တစ်နေ့လျှင်နှစ်ဆယ့်ငါးဆင့် (၁ ကျပ်၊ ၂၅ ပြား) ရရှိသော်လည်း၊ ဤဝင်ငွေမှသာသနာ့လုပ်ငန်းအတွက်

အနည်းငယ်စုဆောင်းထားဖို့ရန် တတ်နိုင်ခဲ့သည်။ သို့ဖြင့် အနည်းငယ်စုဆောင်းလာခဲ့ရာ၊ နောက်ဆုံးဒေါ်လာသုံးဆယ်ရရှိခဲ့သည်။ ယင်းနောက်ကိုယ်တော်များမကြာမီ ကြွရောက်လာမည့်သတင်းစကားသည် ကျွန်ုပ်တို့ထံသို့ရောက်လာသောအချိန်နှင့်အတူ အမှုတော်ဆောင်များနှင့် ကြေးငွေများကိုပါလိုအပ်ကြောင်း သိရှိရပါသည်။ မှောင်မိုက်ထဲ၌ ရှိကြသောသူများထံသို့သတင်းစကားပို့ပေးနိုင်ဖို့ရန် ဝေစာများနှင့်စာစောင်ငယ်များ၌ ရင်းနှီးထားရန်ဒေါ်လာငွေသုံးဆယ်ကို ဖခင်အားပေးအပ်လိုက်ပါသည်။

ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်နေကြသောသူတို့သည် အချိန်နှင့်ငွေကိုအသုံးပြုရာ၌ ချွေတာခြင်းသင်ကြားဖို့ရန် တာဝန်ရှိကြသည်။ ပျင်းရိသောသူတို့သည် ကျွန်ုပ်တို့၌အပ်ထားသော တောက်ပသည့်သမ္မာတရားများကို အရေးကြီးသည်ဟု မယူဆကြောင်းပြသကြသည်။ လုံ့လဝီရိယရှိခြင်းအကျင့်ဓလေ့များကို သူတို့သည် သင်ကြားဖို့ရန်လိုအပ်၍၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန်ကိုသာကြည့်ရှု၍ အလုပ်လုပ်ကိုင်ရမည်။

## မိမိကိုယ်ကိုငြင်းပယ်ခြင်း

ငွေနှင့်အချိန်ကိုအသုံးပြုခြင်း၌ ကောင်းသောပိုင်းခြားဝေဖန်ခြင်းမပြုတတ်သောသူတို့သည်၊ ဗဟုသုတရှိသောသူတို့ထံမှ အကြံဉာဏ်ယူရမည်။ ကျွန်ုပ်တို့လုပ်ကိုင်၍ ရရှိသောငွေဖြင့်၊ ကျွန်ုပ်နှင့်ကျွန်ုပ်၏အစ်မသည် ကျွန်ုပ်တို့ဝတ်ဆင်သောအဝတ်အစားများကို ဝယ်ယူပါသည်။ ကျွန်ုပ်တို့သည် မိခင်အားငွေကိုပေး၍ အဝတ်အစားဝယ်ခိုင်းပါသည်။ ယင်းနောက် ကျန်သောငွေကိုသာသနာပြုလုပ်ငန်းအတွက်ပေးရန် ပြောပါသည်။ သူမသည် ဤနည်းအတိုင်းလုပ်ကိုင်၍၊ ကျွန်ုပ်တို့၌လည်း သာသနာလုပ်ငန်း၌ စိတ်ဝင်စားခြင်းရှိဖို့ရန်သွန်သင်သည်။

ပေးကမ်းခြင်းသည် ကိုယ်ကိုငြင်းပယ်ခြင်း၏ဂုဏ်ဖြစ်၍ ပေးကမ်းသောသူကို များစွာမစခြင်းပေးသည်။ သူတစ်ထူး၌ ရောက်ရှိနေသောဒုက္ခ

ဆင်းရဲခြင်းများကို မစပေးသောပုဂ္ဂိုလ်အကြောင်းကို သာ၍နားလည်ခြင်းရှိ ဖို့ရန် ကျွန်ုပ်တို့ကိုပညာပေးမည်။ ကယ်တင်ရှင်သည် မိမိကိုယ်ကို ရောင့်ရဲတင်းတိမ် စေဖို့ရန် အသက်မရှင်ပေ။ ကိုယ်တော်၏အသက်တာ၌ ကိုယ်ကျိုး ရှာဖွေခြင်း ကို မတွေ့ရပေ။ မိမိကိုယ်တိုင်ဖန်ဆင်းခဲ့သော ကမ္ဘာကြီး၌နေထိုင် ရသော် လည်း မိမိ၏နေထိုင်ရာအိမ်ဟု အပိုင်းတစ်ပိုင်းကိုမျှ မတောင်းဆိုပေ။ "မြေခွေး ၌တွင်းရှိ၏၊ ငှက်မှာလည်း အသိုက်ရှိ၏။ လူသား၌ခေါင်းချစရာ နေရာမရှိ" ဟု မိန့်တော်မူသည်။

## အစွမ်းသတ္တိများကိုသင့်လျော်စွာအသုံးပြုခြင်း

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အစွမ်းသတ္တိများကို အကောင်းဆုံး အသုံးချခဲ့လျှင်၊ ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား သာ၍ အရည်အချင်းနှင့်ပြည့်စုံခြင်းသို့ရောက်ရှိဖို့ရန် ပို့ဆောင်လိမ့်မည်။ မိမိ၏အစွမ်း သတ္တိများဖြင့် သစ္စာရှိစွာကုန်ကူးခဲ့သောသူအား "သာဓုသစ္စာရှိသောငယ်သား ကောင်း၊ သင်သည် ငယ်သောအရာ၌ သစ္စာရှိလေပြီ။ သာ၍များသောအရာ အပေါ်၌ အအုပ်ချုပ်ခန့်မည်။ သင်၏သခင်နှင့်အတူ ဘုန်းစည်းစိမ်သို့ဝင်စား လော့" ဟု သခင်ယေရှုမိန့်တော်မူသည်။ အစွမ်းသတ္တိတစ်ခုကိုသာရသောသူ သည် မိမိတတ်နိုင်သရွေ့လုပ်ကိုင်ရန် မျှော်လင့်သည်။ သူသည် သူ့သခင်၏ ကုန်များနှင့်ရောင်းဝယ်ပါက၊ သခင်ဘုရားသည် သူ၏အစွမ်းသတ္တိကိုတိုးပွား စေလိမ့်မည်။

"သူတို့၌အထူးထူးအပြားပြားသော အစွမ်းသတ္တိရှိသည်အတိုင်း" ဘုရားသခင်သည် လူတိုင်းတို့အား သူတို့လုပ်ကိုင်ဖို့ရန် အလုပ်ပေးထား တော်မူသည်။ ကျွန်ုပ်တို့လုပ်ကိုင်နိုင်သောခွန်အားသတ္တိကို ကိုယ်တော်သည် သိမြင်တော်မူ၍ ယင်းအတိုင်းအထွာအတိုင်း ကျွန်ုပ်တို့ကိုလုပ်ကိုင်စေသည်။ သစ္စာရှိသောသူကို တွေ့မြင်တော်မူသောအခါ၊ သူ့အားသာ၍များပြားသော တာဝန်ကိုပေးလော့ဟု မိန့်တော်မူသည်။ သူသည် သူ၌ယုံကြည်၍အပ်ထား

သောအရာ၌ သစ္စာရှိခဲ့လျှင်၊ သူ့ကိုသာ၍များပြားသောတာဝန်ကိုပေးလော့ ဟူသော အမိန့်ကိုကြားရသည်။ ဤနည်းဖြင့် ခရစ်တော်၏ကျေးဇူးတော်ဖြင့် သူသည် ခရစ်တော်၌ အတိုင်းအထွာပြည့်စုံအောင် ကြီးထွားလာခဲ့လေ သည်။

သင်၌အစွမ်းသတ္တိတစ်ခုတည်းရှိသလော။ ထိုအစွမ်းသတ္တိတစ်ခုကို ငွေလဲသောသူတို့၏လက်ထဲသို့ထည့်လော့။ လိမ္မာသောရင်းနှီးခြင်းအားဖြင့် အစွမ်းသတ္တိနှစ်ခုသို့ တိုးတက်နိုင်သည်။ ဆောင်ရွက်စရာအမှုရှိသမျှကို ကြိုးစား အားထုတ်၍ ဆောင်ရွက်လော့၊ ခန့်အပ်ထားသောအလုပ်ကို တင်းပြည့် ကျပ်ပြည့်လုပ်ဆောင်နိုင်ရန် သင်၏အစွမ်းသတ္တိကို လိမ္မာစွာအသုံးပြုပါ။ နောက်ဆုံးအချိန်၌ "ကောင်းမွန်စွာလုပ်ဆောင်ပြီ" ဟူသော စကားများကို သင် သည်ကြားနာရခြင်း၌ အလွန်တန်ဖိုးရှိလိမ့်မည်။ သို့သော်လည်း ကောင်းမွန် စွာလုပ်ဆောင်သောသူတို့သာလျှင် ဤစကားကိုကြားနာရကြမည်။

## အရှုံးခံဖို့ရန်အချိန်မရှိ

ယောကျ်ားကလေးနှင့်မိန်းကလေးတို့၊ သင်တို့၌အရှုံးခံဖို့ရန် အချိန် မရှိ။ သင်၏အကျင့်စာရိတ္တကို ဆောက်လုပ်ရာ၌ ခိုင်ခံ့သောပစ္စည်းများကို အသုံးပြု ပါ။ ခရစ်တော်၏မျက်နှာကိုထောက်၍၊ သစ္စာရှိကြပါဟု တောင်းပန်ပါ ရစေ။ အချိန်ကိုရွေးယူရန်ရှာကြံပါ။ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌ သင်၏ကိုယ်ကို နေ့စဉ်နေ့တိုင်းဆက်ကပ်ပါ။ ထိုသို့ပြုလျှင် သင်၌ပျင်းရိဖို့ရန် နေ့အား များစွာရှိမည်မဟုတ်ပေ။ ကိုယ်အလိုသို့လိုက်၍ သုံးဖြုန်းရန် ကြေးငွေ လည်း များစွာရှိလိမ့်မည်မဟုတ်။ တိုးတက်ဖို့ရန်ရှာကြံ၍ ခရစ်တော် နှင့်ပုံ သဏ္ဍာန်တူဖို့ရန် ကြိုးစားနေသောသူများကို ကောင်းကင်နိုင်ငံတော်သည် ကြည့် ရှုလျက်နေသည်။ လူသည် ခရစ်တော်အားအပ်နှံပါက၊ သန့်ရှင်းသော ဝိညာဉ် တော်သည် သူ့အဖို့ ကြီးကျယ်သောအလုပ်တစ်ခုကို ပြီးစီးစေလိမ့်မည်။

ဘုရားသခင်၌သစ္စာရှိ၍ မိမိကိုယ်ကိုအနစ်နာခံသော အမှုတော်ဆောင် တိုင်းတို့သည် အခြားသောသူများအဖို့လည်း အနစ်နာခံလိမ့်မည်။ "မိမိအ သက်ကိုနှမြောသောသူသည် အသက်ဆုံးလိမ့်မည်။ ဤလောက၌ မိမိအသက် ကိုမုန်းသောသူမူကား၊ ထာဝရအသက်ကိုစောင့်ရှောက်လျက်နေ၏" ဟုသခင် ယေရှုမိန့်တော်မူသည်။ မစခြင်းလိုနေသောသူကို အသိစိတ်ဖြင့် ကြိုးစား၍ မစခြင်းပေးပါက၊ မှန်ကန်သောခရစ်ယာန်သည် ဘုရားသခင်နှင့် လူအချင်း ချင်းကို ချစ်ခင်ကြောင်းပြသသည်။ သူသည် လုပ်ဆောင်ရာ၌ အသက်ဆုံး ရှုံးခြင်းရှိပေမည်။ သို့သော်လည်း ခရစ်တော်သည် ကြွလာတော် မူ၍ မိမိ၏ ကျောက်မြတ်များကို စုသိမ်းသောအခါ၊ ပြန်၍တွေ့မြင်တော်မူလိမ့်မည်။
The Youth's Instructor, September 10, 1907.

## အနစ်နာခံခြင်း၏ဆုလာဘ်

သူများအဖို့ ကောင်းချီးမင်္ဂလာဖြစ်စေဖို့ရန် အသုံးပြုလိုက်သော ကြေးငွေများသည် တုံ့ပြန်ခြင်းရှိလိမ့်မည်။ ဥစ္စာခနေကို မှန်ကန်စွာအသုံးချပါက အလွန်ကြီးသောကောင်းမှုကို ပြီးစီးစေလိမ့်မည်။ ခရစ်တော်ထံသို့ အသက် ဝိညာဉ်များကို အောင်မြင်လိမ့်မည်။ အကြင်သူသည် ဤအသက်တာ၌ ခရစ် တော်ချမှတ်ထားသော အကြံအစည်အတိုင်းလိုက်နာပါက၊ သူလုပ်ဆောင်၍ အနစ်နာခံသောသူတို့ကို ကောင်းကင်ဘုံတံတိုင်း၌ တွေ့မြင်ရမည်။ ရွေးနုတ် ခြင်းခံရသောသူတို့သည် မိမိတို့ကယ်တင်ခြင်းရရှိဖို့အတွက် လုပ်ကိုင်ဆောင် ရွက်ပေးသောသူတို့ကို ကျေးဇူးတင်ကြလိမ့်မည်။ အသက်ဝိညာဉ်များ ကယ်တင် ခြင်းရရှိဖို့ရန် ဆောင်ရွက်သောသူတို့အဖို့ ကောင်းကင်နိုင်ငံတော်သည် အဖိုး ထိုက်တန်လိမ့်မည်။ Christ's Object Lessons, p. 373.

–o–

# ဆက်ကပ်လိုသောစိတ်သဘော – ၉၉

တပ်မက်လိုချင်သောစိတ်သဘော၊ လခအများဆုံးရရှိ၍၊ ရာထူးအမြင့်ဆုံးသို့ရောက်လိုသောသဘောသည် လောက၌အလွန်များပြားလျက်ရှိ၏။ ရှေးခေတ်ဟောင်းစိတ်ဓာတ်ဖြစ်သော ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းနှင့် အနစ်နာခံလိုသောစိတ်သဘောသည် မတွေ့ရသလောက်ပင်ဖြစ်၏။ ဤစိတ်သဘောတစ်ခုသာလျှင် ခရစ်တော်၏မှန်ကန်သော နောက်လိုက်တစ်ယောက်ကို လှုံ့ဆော်ပေးနိုင်သည်။ ကျွန်ုပ်တို့မည်ကဲ့သို့လုပ်ဆောင်ရမည်ကို ကျွန်ုပ်တို့၏ကြီးမြတ်တော်မူသောသခင်သည် ပုံသက်သေထားခဲ့ပြီ။ "ငါ့နောက်သို့လိုက်ကြလော့၊ ငါသည် သင်တို့ကိုလူမျှားသောတံငါဖြစ်စေမည်" ဟု မိန့်တော်မူရာ၌လည်း၊ သူတို့လုပ်ကိုင်ဆောင်ရွက်ခြင်းအတွက် ဆုလာဘ်မည်၍မည်မျှရရှိလိမ့်မည်ဟုလည်း မိန့်တော်မူခြင်းမရှိပေ။ သူတို့သည် ကိုယ်တော်၏ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းနှင့် အနစ်နာခံခြင်းကိုဝေငှယူရကြမည်။

မိမိတို့ကိုယ်ကို အမှုတော်ဆောင်ဆရာကြီး၏နောက်လိုက်များဖြစ်သည်ဟုပြောဆို၍၊ ဘုရားသခင်နှင့်အတူလုပ်ကိုင်ဆောင်ရွက်သောသူများသည် စုံလင်တော်မူသော ဘုရားရှင်အဖို့ ဤလောကနှင့်စပ်ဆိုင်သောတဲတော်ကို ဆောက်လုပ်ရာ၌သေချာခြင်း၊ တတ်ကျွမ်းခြင်းနှင့် ဉာဏ်အမြော်အမြင်ကို လုပ်ကိုင်ဆောင်ရွက်ခြင်း၌ အသုံးပြုရကြမည်။ ခရစ်တော်သည် ဤလောက၌ အမှုတော်ဆောင်ရွက်နေသောအချိန်ကကဲ့သို့ ယခုအချိန်၌လည်း ဘုရားသခင်ကိုဆက်ကပ်ခြင်းနှင့် အနစ်နာခံခြင်းစိတ်သဘောသည် လက်ခံနိုင်သောအမှုတော်ဆောင်ရွက်ခြင်း၏ပထမဦးဆုံးလိုအပ်သော အရာပင်ဖြစ်သည်။ ဘုရားသခင်၏အမှုတော်ထဲ၌ ကိုယ့်အကျိုးရှာဖွေသော ချည်မျှင်တစ်ပင်မျှ ရက်သွင်းခြင်းမပြုရန် ဘုရားသခင်သည် စီမံထားတော်မူသည်။ Review and Herald, January 4, 1906.

## ကျေးဇူးတော်၏လက္ခဏာသည်စိတ်နှလုံးထဲ၌ရှိခြင်း

နှိမ့်ချခြင်း၊ ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်း၊ ကောင်းမှုပြုလိုသောသဘော၊ သစ္စာရှိသောဆယ်ဖို့တစ်ဖို့ပေးခြင်းများသည် ဘုရားသခင်၏ကျေးဇူးတော် စိတ်နှလုံးထဲ၌ လုပ်ဆောင်နေခြင်းကိုပြသည်။ ဃသကညျ္န သည ံနူအ့ယ စ. ၅၉၀.

—ဝ—

# ဆယ်ဖို့တစ်ဖို့ – ၁၀၀

သခင်ယေရှုကြွရောက်လာ၍လုပ်ကိုင်မည်ဟု ကြေညာထားသော အလုပ်ကြီးကို၊ ဤမြေကြီးပေါ်၌ လုပ်ကိုင်ဆောင်ရွက်ရန် ကိုယ်တော်၏ နောက်လိုက်များတို့အား သွန်သင်ပေးခဲ့သည်။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏ခေါင်းဆောင်ဖြစ်သည့်အတိုင်း ကယ်တင်ခြင်းအလုပ်ကြီး၌ ဦးဆောင်လုပ်ကိုင်တော်မူခဲ့၍၊ ကျွန်ုပ်တို့အား ကိုယ်တော်၏ပုံသက်သေကိုကြည့်ရှု၍ လိုက်နာရန်မှာကြားတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ကမ္ဘာတစ်ဝန်းလုံးသို့ ဟောပြောရမည့်သတင်းစကားကိုပေးခဲ့သည်။ ဤသမ္မာတရားကို နိုင်ငံတိုင်း၊ ဘာသာစကားအမျိုးမျိုးကို ပြောဆိုသောသူတိုင်းထံသို့ ရောက်ရှိရမည်။ စာတန်၏တန်ခိုးကိုယှဉ်ပြိုင်ရမည်။ ခရစ်တော်နှင့် ကိုယ်တော်၏နောက်လိုက်များသည် စာတန်ကိုအောင်မြင်ရမည်။ မှောင်မိုက်၏တန်ခိုးများနှင့်ကျယ်ဝန်းသောစစ်ပွဲကို တိုက်ခိုက်နေရမည်။ ဤအလုပ်ကိုအောင်မြင်စွာလုပ်ကိုင်နိုင်ဖို့ရန် ငွေကြေးများလိုအပ်နေသည်။ ဘုရားသခင်သည် ကောင်းကင်မှငွေမိုးကို ရွာချပေးမည်မဟုတ်၊ ကိုယ်တော်၏နောက်လိုက်များ တို့၏လက်ထဲ၌ ဤစစ်ပွဲကိုတိုက်ခိုက်နိုင်ဖို့ရန် အစွမ်းသတ္တိများကိုပေးထား တော်မူသည်။

ဤအလုပ်သည် ကိုယ်ထူကိုယ်ထစနစ်ဖြင့် လုံလောက်စွာရရှိစေနိုင်ဖို့ရန်၊ မိမိလူတို့အား ကြေးငွေကောက်ခံနည်း အကြံအစည်များကို ပေးထားတော်မူသည်။ ဘုရားသခင်၏အကြံအစည်ဖြစ်သော ဆယ်ဖို့တစ်ဖို့ပေးကမ်းခြင်းအစီအစဉ်သည် လှပ၍ရိုးရိုးနှင့်မျှတခြင်းရှိသည်။ အားလုံးတို့သည် ဤအစီအစဉ်ကို ယုံကြည်ခြင်း၊ ရဲရင့်ခြင်းဖြင့် ကိုင်ဆွဲနိုင်ကြသည်။ အကြောင်းမှာမူလအစ၌ ဘုရားသခင်နှင့်သက်ဆိုင်ခြင်းဖြစ်သည်။ ဆယ်ဖို့တစ်ဖို့ပေးကမ်းခြင်း၌ ရိုးရိုးနှင့်အကျိုးဖြစ်ထွန်းခြင်းကို ပေါင်းစပ်ထားသောကြောင့် နားလည်၍လုပ်ကိုင်နိုင်ဖို့ရန် အတတ်ပညာများစွာမလိုပေ။ အဖိုးထိုက်တန်သော ကယ်တင်ခြင်းအလုပ်ကို ရှေ့သို့သယ်ဆောင်သွားဖို့ရန် လူတိုင်းဝင်ရောက်

လုပ်ကိုင်နိုင်သည်ဟု သဘောသက်ဝင်ခြင်းရှိရမည်။ ယောကျ်ားတိုင်း၊ မိန်းမတိုင်းနှင့် လူငယ်တိုင်းတို့သည် ဘုရားသခင်၏ဘဏ္ဍာစိုးများဖြစ်လာနိုင်၍၊ ဘဏ္ဍာတိုက်၌လိုသောအရာကို တောင်းဆိုခြင်း၌ ကိုယ်စားလှယ်များဖြစ်နိုင်သည်။ "အသီးအသီးကောင်းစားသည်အတိုင်း မိမိတို့ဥစ္စာတစ်ဖို့ကို ထုတ်၍ စုထားကြလော့" ဟု ရှင်ပေါလုပြောဆိုသည်။

ဤနည်းစနစ်အားဖြင့် ကြီးကျယ်သောအရာများကို ပြီးစီးကြသည်။ အားလုံးတို့သည် လက်ခံခဲ့လျှင် လူအသီးသီးကို ဘုရားသခင်အဖို့ နိုးကြားစေ၍ သစ္စာရှိသောဘဏ္ဍာစိုးများအနေဖြင့် ခန့်အပ်လိမ့်မည်။ နောက်ဆုံးသတင်းစကားကို လောကကြီးအားသွားရောက်ဟောပြောဖို့ရန် ငွေကြေးများလိုအပ်နေမည်မဟုတ်ပေ။ ဤအစီအစဉ်အတိုင်း လိုက်နာခဲ့လျှင် ဘဏ္ဍာတိုက်သည်ပြည့်ဝနေ၍၊ ပေးကမ်းလှူဒါန်းကြသောသူတို့သည်လည်း သာ၍ဆင်းရဲသွားကြမည်မဟုတ်၊ ရင်းနှီးထားသောအရာတိုင်းအားဖြင့် ယခုခေတ်နှင့်ဆိုင်သော သမ္မာတရား၌ သူတို့သည် သာ၍စွဲလမ်းခြင်းရှိလိမ့်မည်။ သူတို့သည် မှန်သောအသက်ကို ဝင်စားလိုသောငှာ၊ နောင်ဘဝ၌ ကောင်းသောဘဏ္ဍာ ကို မိမိတို့အဖို့ဆည်းပူးခြင်းတို့ကို ပြုကြလိမ့်မည်။ Testimonies for the Church, vol. 3, pp. 388, 389.

## ဘုရားသခင်ပိုင်ဆိုင်ကြောင်းကိုအသိအမှတ်ပြုခြင်း

သရက်ခြံ၊ ငှက်ပျောခြံ၊ လယ်ယာထွက်ပစ္စည်း၊ နွား၊ ဆိတ်၊ လက်နှင့်ဖြစ်စေ၊ ဉာဏ်စွမ်းဖြင့်ဖြစ်စေ၊ တိုးပွားရရှိသောအရာအားလုံးတို့မှ ဆယ်ပုံတစ်ပုံကို ဘုရားသခင်အားဆက်ကပ်ရမည်။ ထိုမှတစ်ပါး ဆင်းရဲသောသူများကို မစရန်နှင့် အခြားကောင်းမှုပြုလိုသောကိစ္စများအတွက် ဒုတိယဆယ်ဖို့တစ်ဖို့ကိုလည်း ဆက်ကပ်နိုင်သည်။ ဘုရားသခင်၏လူများတို့သည် ဤအရာကို မိမိတို့၏မျက်စိရှေ့၌ မပြတ်ထားရှိခြင်းဖြင့် ဘုရားသခင်သည် အားလုံးကိုပိုင်ဆိုင်ကြောင်း သိရှိသည်သာမက ကိုယ်တော်၏အထံမှ ကောင်းချီးမင်္ဂလာများ

သူတို့ထံသို့စီးဆင်းလာမည်ကို သိရှိကြမည်။ ဤအရာများသည် သူတို့၏ တစ်ကိုယ်ကောင်းရှာတတ်ခြင်းကို ပယ်ရှားပစ်၍ စာရိတ္တကောင်းမွန်ခြင်းနှင့် မြင့်မြတ်ခြင်းကို ပြုစုပေးခြင်းဖြစ်သည်။ Education, p. 44.

## ဘုရားသခင်ပိုင်သည်

"ဆယ်ဖို့တစ်ဖို့သည် ထာဝရဘုရား၏ဘဏ္ဍာတော်ဖြစ်၏။" ဤနေရာ၌ ဥပုသ်နေ့နှင့်ဆိုင်သောပညတ်ကို မိန့်တော်မူသကဲ့သို့၊ အမိန့်တစ်ရပ်ဖြစ်သည်။ "သတ္တမနေ့သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏။" လူတစ်ယောက်၏အချိန်နှင့် သူ၏ငွေကြေးမှ ကိုယ်တော်အဖို့ဝေစုကို သီးခြားသတ်မှတ်ထားလေသည်။ မည်သူတစ်ဦးတစ်ယောက်မျှ မိမိကိုယ်ကျိုးအတွက် သုံးစွဲပိုင်ခွင့်မရှိပေ။ Patriarchs and Prophets, pp. 525, 526.

–၀–

# သင်သည်ကိုယ့်ဥစ္စာနှင့်အဦးသီးသော အသီးအနှံရှိသမျှကိုထာဝရဘုရားအား ပူဇော်လော့ – ၁၀၁

"သခင်ကိုဆပ်ပေးရန် သင်အဘယ်မျှလောက်ရှိသနည်း။" ကျွန်ုပ်တို့သည် ဘုရားသခင်၏လက်တော်မှ ကောင်းချီးမင်္ဂလာတိုင်းကိုလက်ခံ၍၊ ကိုယ်တော်ကိုပြန်၍မပေးကမ်းဘဲနေမည်လော။ ကိုယ်တော်သည် မိမိအဖို့ သီးသန့်ထားသောဆယ်ဖို့တစ်ဖို့ကိုပင် ကျွန်ုပ်တို့သည် မပေးဘဲနေမည်လော။ ကိုယ်တိုင်အနစ်နာခံရမည့်အရာခပ်သိမ်းဖြင့် ကိုယ်ကိုကိုယ်နှစ်သက်ဖို့ရန် ပြုလုပ်နေသလော။ သို့မဟုတ် ကိုယ်တော်ရှင်ကျေးဇူးပြုခြင်းများကို ဂရုမစိုက်ဘဲဆက်လက်ယူနေပြီးလျှင် ကိုယ်တော်၏ချစ်ခြင်းမေတ္တာကို တုံ့ပြန်ခြင်းမပြုဘဲနေမည်လော။

ချစ်စွာသောလူငယ်၊ သင်သည် ဘုရားသခင်အဖို့ သာသနာပြုဆရာမဖြစ်လိုသလော။ သင်သည် ယခင်အချိန်က တစ်ခါမျှမလုပ်ကိုင်ဖူးသေးသော အလုပ်ကို လုပ်ကိုင်လိုသလော။ ယင်းအလုပ်မှာ သင်သည် စည်းစိမ်ခံစားဖို့ရန် ဘုရားသခင်သည် သင့်ကိုရက်ရောစွာပေးကမ်းထားသောအရာထဲမှ ဘုရားသခင်၏ဘဏ္ဍာတော်တိုက်ထဲသို့ လက်ဆောင်များကိုယူဆောင်လာဖို့ရန်ပင်ဖြစ်သည်။ သင်သည် မည်မျှပင်ရရှိသော်လည်း ကျေးဇူးတင်သော အလှူတော်ငွေအဖြစ် ဝေစုတစ်စုကိုပေးကမ်းသောသူအား ပြန်၍ပေးဖို့ရန်ဖြစ်သည်။ ၎င်းပြင် ကိုယ်နေထိုင်သောတိုင်းပြည်နှင့် ရပ်ဝေးအရပ်၌ သာသနာအလုပ်အတွက် အပိုင်းတစ်ပိုင်းကို ဘုရားသခင်၏ဘဏ္ဍာတော်တိုက်ထဲသို့ ထည့်သွင်းပါ။

## ကောင်းကင်ဘုံ၌ရှိသောဘဏ္ဍာများ

ဘုရားသခင်၏အမှုတော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများနှင့် နီးကပ်စွာရှိရမည်။ အိမ်ထောင်တစ်အိမ်ထောင်အဖို့ ကောင်းချီးမင်္ဂလာတစ်ခု

ဖြစ်နေသော သမ္မာတရားအလင်းသည် ယင်းအိမ်ထောင်မှ မိဘဖြစ်သူများနှင့် ကလေးများက ဆက်သွယ်ခြင်းပေးခဲ့လျှင် အခြားသောအိမ်ထောင်များအဖို့လည်း ကြီးသောကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်နိုင်သည်။ သို့သော်လည်း ဘုရားသခင် ကြွယ်ဝစွာချပေးတော်မူသော အကျိုးကျေးဇူးများကို ကိုယ်တော်အားပြန်မပေးဘဲ ကျွန်ုပ်တို့တစ်ကိုယ်ကောင်းစိတ်ဖြင့် ကိုယ်ကျိုးအတွက်သာသုံးစွဲပါက၊ ဘုရားသခင်အထံတော်မှ ကောင်းချီးမင်္ဂလာအစား ကျိန်ခြင်းသည် ဧကန်အမှန်ကျရောက်လိမ့်မည်။ ဤအကြောင်းကို ဘုရားသခင်မိန့်တော်မူခဲ့ပြီ။ဘုရားသခင်တောင်းဆိုတော်မူခြင်းကို အခြားသောအရာများထက် ဦးစားပေးရမည်။ ပထမဦးဆုံးလုပ်ကိုင်ပေးရမည်။ ထိုနောက် ဆင်းရဲသောသူများနှင့်လိုအပ်သောသူများကို ကြည့်ရှုရမည်။ ကျွန်ုပ်တို့၌ မည်မျှပင်ကုန်ကျ၍ အနစ်နာခံရသော်လည်း ဤလူများကိုဂရုမစိုက်ဘဲပစ်၍မထားရ။

"ငါ့အဘ၏အိမ်တော်၌ စားစရာရှိစေခြင်းငှာ" ကျွန်ုပ်တို့သည် စားသည်ဖြစ်စေ၊ သောက်သည်ဖြစ်စေ၊ အဝတ်ဝတ်ဆင်သည်ဖြစ်စေ၊ အားလုံးသောအရာတို့၌ ချုပ်တည်းခြင်းရှိရမည်။ ကျွန်ုပ်တို့၏အဆောက်အအုံများနှင့် အိမ်များကို တန်ဆာဆင်ခြင်းများ၌လည်း သေသေချာချာစဉ်းစားဆင်ခြင်၍ ပြုလုပ်ရမည်။ ဘုရားသခင်နှင့်စပ်ဆိုင်သောအရာကို ဘုရားသခင်အား အပ်ပေးရမည်။ ဆယ်ဖို့တစ်ဖို့များ၌သာမဟုတ်၊ တတ်နိုင်သရွေ့ လက်ဆောင်များနှင့် အလှူငွေများကိုပေးကမ်းခြင်း၌လည်း စိတ်စေတနာအရ ဖြစ်စေရမည်။ ဘုရားသခင်တောင်းဆိုသောအပိုင်းကို ပေးအပ်ခြင်းဖြင့်လည်းကောင်း၊ လက်ဆောင်များနှင့်အလှူငွေများကို လှူဒါန်းခြင်းဖြင့်လည်းကောင်း အများသောသူတို့သည် သူတို့အဖို့ ကောင်းကင်၌ဘဏ္ဍာများကို ဆည်းပူးလျက် ထားကြပြီ။

သူတို့ပိုင်ဆိုင်သောပစ္စည်းများမှ ဘုရားသခင်သည် မည်သည့်အရာကိုအလိုတော်ရှိတော်မူသနည်းဟု ရိုးသားစွာမေးမြန်းသောသူများရှိကြသည်။ ဣသရေလလူမျိုးတို့သည် တော၌ခရီးသွားနေကြစဉ်၊ မတွေ့မြင်နိုင်သော ခေါင်းဆောင်ကြီးသခင်ခရစ်တော်သည် မိမိလူတို့အား ဤအကြောင်းနှင့်

စပ်ဆိုင်၍ မည်ကဲ့သို့ညွှန်ကြားခဲ့သည်ကို ထိုသူတို့သည် ဓမ္မဟောင်းကျမ်းစာ၌ ရှာဖွေဖို့ရန်သင့်ပေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ပိုင်ဆိုင်သောအပိုင်းကို လုယူမည့်အစား၊ လူတိုင်းကိုယ်စီကိုယ်င အကြောင်းမညီညွတ်၍ အကျဉ်းအကျပ်နှင့်တွေ့ဆုံဖို့ရန် ကြုံလာသောအခါ၊ ယင်းအကျဉ်းအကျပ်ကိုရင်ဆိုင်ပါ။ သမ္မာကျမ်းစာကိုဖတ်၍၊ သမ္မာကျမ်းစာကိုယုံကြည်သောသူတို့သည် ဤ ကိစ္စနှင့်ပတ်သက်၍ ဘုရားသခင်မည်ကဲ့သို့မိန့်တော်မူသနည်းဟူသောအချက်ကို သိမြင်နားလည်ခြင်းရှိကြလိမ့်မည်။

## ဆင်ခြေပေးရန်မရှိ

ကာယအားဖြင့်ပြုလုပ်ခဲ့သောအပြုအမူများကို စစ်ကြောစီရင်ဖို့ရန် နေ့ကြီးရောက်လာသောအခါ ဘုရားသခင်အားပေးအပ်စရာရှိသော ဆယ်ဖို့တစ်ဖို့၊ လက်ဆောင်များနှင့်အလှူငွေများကို မပေးအပ်ဘဲ ကိုယ်ကျိုးအတွက် အသုံးပြု၍ အကြောင်းအမျိုးမျိုးပြ၍ ဆင်ခြေပေးခြင်းများသည် နေပူရှိန်အောက်၌နှင်းသည် အရည်ပျော်သွားသကဲ့သို့၊ ယင်းဆင်ခြေများလည်း အရည်ပျော်သွားလိမ့်မည်။ အကယ်၍ အချိန်သည် နောက်မကျသေးခဲ့လျှင် အများသောသူတို့သည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် နောက်ကြောင်းပြန်၍ မိမိတို့၏စာရိတ္တများကို ဆောက်တည်ကြမည်။ သို့သော်လည်း ဘုရားသခင်ကို ရက်သတ္တပတ်တိုင်း၊ လတိုင်းနှင့် နှစ်တိုင်းဆက်ခါဆက်ခါ လုယူနေကြသော သူတို့၏မှတ်တမ်းကိုပြောင်းလဲရန် နောက်ကျသွားခဲ့ပြီ။ သူတို့၏မွန်မြတ်သော အနာဂတ်ကာလကို သတ်မှတ်ထားလျက်ရှိပြီ။ ပြောင်းလဲ၍မရသောသတ်မှတ်ထားခြင်းပင်ဖြစ်သည်။

ကိုယ့်အကျိုးကိုသာကြည့်ရှုတတ်ခြင်းသည် သေလောက်သော မကောင်းမှုဖြစ်သည်။ ဘုရားသခင်နှင့်လူ၏စပ်ကြား၌ ထားသောသဘောတူညီချက်ကို မိမိကိုယ်ကိုချစ်ခြင်းနှင့် ဂရုမစိုက်တတ်ခြင်းဖြင့် ဖျက်ပယ်ခြင်း၊ ကိုယ်တော်၏သစ္စာရှိသောဘဏ္ဍာစိုးအနေဖြင့် လုပ်ကိုင်ရမည်ကိုငြင်းပယ်

ခြင်းသည် ကိုယ်တော်၏ဤကျိန်ဆိုခြင်းအမင်္ဂလာကို သူ့အပေါ်သို့ရောက်စေခဲ့သည်။ ဤအသက်တာဝိညာဉ်များသည် မိမိတို့ကိုယ်ကို ဘုရားသခင်မှကွဲကွာစေကြပြီ။ သူတို့၏အကျင့်နှင့်ပုံသက်သေအားဖြင့် အခြားသောသူတို့ကို ဘုရားသခင်၏ပညတ်တော်များကို ကျူးလွန်စေကြသည်။ ကိုယ်တော်သည် သူတို့အပေါ်သို့ ကောင်းချီးမင်္ဂလာချပေးတော်မူခြင်း မပြုနိုင်ပေ။

## ဆယ်ဖို့တစ်ဖို့

သင်ပိုင်ဆိုင်သောပစ္စည်းအားလုံးမှ ဆယ်ပုံတစ်ပုံသည် ငါ၏ဥစ္စာဖြစ်၏။ သင်၏လက်ဆောင်ဘဏ္ဍာများနှင့်အလှူငွေများကို ငါ၏ဘဏ္ဍာတိုက်ထဲသို့ ယူဆောင်လာရမည်။ ငါ၏အမှုတော်တိုးတက်၍ မှောင်မိုက်ထဲ၌နေကြသောသူတို့အား သမ္မာတရားကိုဖွင့်ပြနိုင်သော တရားဟောဆရာများကို စေလွှတ်ရာ၌ ယင်းငွေများကို အသုံးချရမည်။

သစ္စာမရှိသောကျွန်သည် သူ့အရှင်၏ငွေကို မြေ၌ဝှက်ထားခြင်းရှိသကဲ့သို့ သင်တို့သည် ကိုယ်တော်ပိုင်ငွေကို ဤကဲ့သို့မပေးဘဲနေကြမည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် မိမိတို့၏သစ္စာမဲ့ခြင်းကိုသိလျက်နှင့်၊ ထိုသူပြောသကဲ့သို့ "သခင်၊ ကိုယ်တော်သည် ခဲယဉ်းသောသူဖြစ်သည်နှင့် ကိုယ်မစိုက်မပျိုးသောအရပ်၌ရိတ်၍၊ ကိုယ်မဖြန့်မကြဲသောအရပ်၌ စုသိမ်းတတ်သည်ကို အကျွန်ုပ်သိ၍၊ ကြောက်သောကြောင့်၊ အခြားသို့သွား၍ ကိုယ်တော်၏ငွေအခွက်တစ်ဆယ်ကို မြေ၌ဝှက်ထားပါပြီ၊ ယခုကိုယ်တော်၏ဥစ္စာရှိပါသည်" ဟုလျှောက်၏။ ထိုနည်းတူ ကျွန်ုပ်တို့သည် ကိုယ်တော်အားပြောဆိုကြ မည်လော၊ ကျွန်ုပ်တို့သည် ဘုရားသခင်အား ကျေးဇူးတင်သောအလှူငွေများ ဆက်ကပ်ခြင်းမပြုသင့်သလော။ The Youth's Instructor, August 26, 1897.

–o–

# တစ်ဦးစီနှင့်ဆိုင်သောတာဝန်
# ဝတ္တုရား – ၁၀၂

ကျွန်ုပ်တို့အားလုပ်ကိုင်ဖို့ရန် ပေးထားသောခွန်အားသတ္တိထက်ပို၍လည်းကောင်း၊ နည်း၍လည်းကောင်း၊ ကျွန်ုပ်တို့ထံမှရရှိဖို့ရန် ကိုယ်တော်သည် အလိုတော်မရှိပေ။ ကိုယ်တော်သည် ကိုယ်တော်၏ကျေးကျွန်များအပေါ်၌ သူတို့မသယ်ပိုးနိုင်သောဝန်ကို တင်ခြင်းမပြုပေ။ "ကိုယ်တော်သည် ငါတို့၏ကိုယ်ခန္ဓာကိုသိတော်မူ၏။ ငါတို့သည် မြေမှုန့်ဖြစ်ကြောင်းကို အောက်မေ့တော်မူ၏။" ကြီးမြတ်တော်မူသော ကျေးဇူးတော်မှနေ၍ ပေးနိုင်သောအရာကိုသာ ကိုယ်တော်သည် တောင်းဆိုတော်မူသည်။ "များစွာသော ကျေးဇူးကိုခံရ၏။ ထိုသူသည် များစွာကိုပေးဆပ်ရ၏။" ကျွန်ုပ်တို့လုပ်ကိုင်နိုင်သည့်ခွန်အားထက် ဆံချည်တစ်မျှင်စာလောက် လျော့နည်း၍လုပ်ကိုင်ခဲ့ပါက ကျွန်ုပ်တို့၌ တစ်ဦးချင်းအနေဖြင့် တာဝန်ရှိကြသည်။ အမှုတော်ဆောင်ရွက်ခြင်းတိုင်းကို ကိုယ်တော်သည် သေချာစွာတိုင်းထွာတော်မူသည်။ အသုံးမပြုသော ခွန်အားသတ္တိများကို တိုးတက်လာသောအရည်အချင်းများနှင့်အတူ ထုတ်ဖော်တော်မူသည်။ ကျွန်ုပ်တို့သည် အစွမ်းသတ္တိများကို မှန်ကန်စွာအသုံးပြုခြင်း၌ ကျွန်ုပ်တို့တွင်တာဝန်ရှိသည်ဟု ဘုရားသခင်မှတ်ယူတော်မူသည်။ ကျွန်ုပ်တို့သည် လုပ်ကိုင်ဆောင်ရွက်ရာ၌ ပြီးစီးသင့်သလောက် မပြီးစီးကြပေ။ အကြောင်းမှာ ဘုရားသခင်၏ဘုန်းတော်ထွန်းတောက်ဖို့ရန် ကျွန်ုပ်တို့၏ခွန်အားများကို အသုံးမပြုသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏အသက်ဝိညာဉ်များကို မပျောက်ဆုံးစေသော်လည်း၊ ထာဝရကာလ၌ ကျွန်ုပ်တို့အသုံးမပြုခဲ့သော အစွမ်းသတ္တိများ၏အကျိုးသက်ရောက်ခြင်းကို သိမြင်ကြမည်။ ကျွန်ုပ်တို့ရရှိရမည့် အသိပညာနှင့်ခွန်အားသတ္တိများကို မရရှိခဲ့သောကြောင့်၊ ထာဝရဆုံးရှုံးခြင်းရှိလိမ့်မည်။

ကျွန်ုပ်တို့သည် မိမိတို့၏ကိုယ်ကို ဘုရားသခင်အား လုံးဝအပ်ပေး ၍၊ ကျွန်ုပ်တို့၏အလုပ်၌ ကိုယ်တော်၏ညွှန်ကြားခြင်းအတိုင်း လိုက်နာပါက၊

ယင်းအလုပ်အကိုင်ကိုပြီးစီးဖို့ရန် ကိုယ်တော်ကိုယ်တိုင်တာဝန်ယူသည်။ ကျွန်ုပ်တို့၏ရိုးသားစွာဆောင်ရွက်ခြင်း၌ အောင်မြင်ခြင်းကို ရမ်းဆတွေးတောနေဖို့ ရန် ကိုယ်တော်သည် ခွင့်ပြုမည်မဟုတ်ပေ။ ဆုံးရှုံးလိမ့်မည်ဟု လုံးဝထင်မြင်ခြင်း မရှိရပေ။ ကျွန်ုပ်တို့သည် ရှုံးခြင်းမရှိသောအရှင်နှင့် ပူးပေါင်းရမည်။

ကျွန်ုပ်တို့၏ခွန်အားနည်းခြင်းနှင့် မတတ်နိုင်ခြင်းကိုမပြောဆိုရပေ။ ဤကဲ့သို့ပြောဆိုခြင်းသည် ဘုရားသခင်ကိုအားမကိုးခြင်းကိုဖော်ပြ၍၊ ကိုယ်တော်၏စကားတော်ကို ငြင်းပယ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ဝန်ထုပ်များကြောင့် ညည်းညူခြင်း (သို့မဟုတ်) ကိုယ်တော်ထမ်းဆောင်နိုင်သော တာဝန်ဝတ္တရားများကိုငြင်းပယ်၍ ကိုယ်တော်သည် အလွန်ခက်ခဲသောအရှင်ဖြစ်သည်သာမက ကျွန်ုပ်တို့အားတန်ခိုးမပေးဘဲ ပြီးစီးစေဖို့ရန်အလိုရှိသော အရှင်ဖြစ်သည်ဟု ပြောဆိုကြသည်။ Christ's Object Lessons, pp. 362, 363.

## ငွေ၏တန်ဖိုး

ကျွန်ုပ်တို့ကိုယ်ကိုဂုဏ်ပြု၍၊ ချီးမြှောက်ဖို့ရန် ကျွန်ုပ်တို့အားကြေးငွေပေးထားခြင်းမဟုတ်ပေ။ သစ္စာရှိသောဘဏ္ဍာစိုးများဖြစ်သည့်အားလျော်စွာ၊ ငွေကိုဘုရားသခင်၏ဂုဏ်တော်နှင့် ဘုန်းတော်တိုးတက်စေဖို့ရန် အသုံးပြုရမည်။ အချို့သောသူတို့သည် သူတို့ပိုင်ငွေမှအပိုင်းတစ်ပိုင်းလောက်သာလျှင် ဘုရားသခင်ပိုင်သည်ဟု ထင်မြင်ကြသည်။ သူတို့သည် ဘာသာရေးနှင့်ပေးကမ်းစွန့်ကြဲဖို့ရန်ကိစ္စအတွက် အပိုင်းတစ်ပိုင်းကို သတ်မှတ်ပြီးသည်နောက် ကျန်သောငွေသည် သူတို့နှင့်သာဆိုင်၍ စိတ်သဘောကျသုံးနိုင်သည်ဟု ထင်မြင်ကြသည်။ ဤအချက်၌ သူတို့သည်လွဲသွားကြပြီ။ ကျွန်ုပ်တို့ပိုင်ဆိုင်သောကြေးငွေအားလုံးသည် ကိုယ်တော်ပိုင်ဖြစ်၍၊ ယင်းကြေးငွေကိုအသုံးချရာ၌ ကိုယ်တော်ကိုစာရင်းရှင်းရမည်ဖြစ်သည်။ ပဲနီပိုက်ဆံ (ပြားတိုင်း) ကို အသုံးပြုရာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုအခြားသောအရာတို့ထက် ပိုချစ်၍၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ခြင်းရှိ၊ မရှိကိုပြသကြလိမ့်မည်။

ငွေ၌များစွာတန်ဖိုးရှိသည်။ အကြောင်းမှာ ငွေသည် များစွာအကောင်း ကိုပြု စုနိုင်သည်။ ဘုရားသခင်သားသမီးတို့၏လက်ထဲ၌ ယင်းငွေသည် ဆာမွတ်သော သူတို့အဖို့ အစာဖြစ်သည်။ ရေငတ်သောသူတို့အဖို့ သောက်စရာဖြစ်၍၊ အဝတ် အချည်းစည်းရှိသောသူတို့အဖို့ အဝတ်ဖြစ်သည်။ နှိပ်စက် ညှဉ်းဆဲခြင်းခံရ သောသူတို့အဖို့ အကာအကွယ်ဖြစ်၍၊ ဖျားနာသောသူတို့အဖို့ မစခြင်းရရှိရာ ဖြစ်သည်။ အသက်တာ၌ လိုအပ်သောအရာများကို အထောက် အပံ့ပေးခြင်း၊ အခြားသောသူများကို ကောင်းချီးမင်္ဂလာဖြစ်စေခြင်းနှင့် ခရစ်တော်၏အမှုတော် အဖို့ တိုးတက်ခြင်းရှိဖို့ရန်ကိစ္စများ၌ အသုံးပြုခြင်းမရှိပါက၊ငွေသည် သဲကဲ့သို့ ပင်တန်ဖိုးပို၍ရှိသောအရာမဟုတ်ပေ။ Christ's Object Lessons, p. 351.

–၀–

# ပွဲနေ့နှင့်ဆိုင်သောလက်ဆောင်များ – ၁၀၃

ပွဲနေ့များရောက်ခါနီးပြီ၊ ဤကိစ္စနှင့်စပ်ဆိုင်၍ နှစ်စဉ်လိုပင် အလို မရှိသောသူတို့အား လက်ဆောင်များပေးကမ်းခြင်းဖြင့် ငွေကြေးမည်မျှသုံးဖြုန်း လိုက်ကြသည်ကို စဉ်းစားဖို့ရန်ကောင်းလှသည်။ ဤအကြောင်းနှင့်ပတ်သက်၍ အလေ့အကျင့်ထုံးစံများသည် အလွန်အားကြီးလျက်ရှိရာ ဤကဲ့သို့သောပွဲရက် များ၌ ကျွန်ုပ်တို့၏မိတ်ဆွေများကို လက်ဆောင်များမပေးကမ်းဘဲထား ပါက သူတို့ကိုလုံးဝဂရုမစိုက်ဘဲနေသည်နှင့်တူသည်ဟု ယူဆကြသည်။ သို့သော်လည်း ကျွန်ုပ်တို့မှတ်မိဖို့ရန်အချက်၌၊ ကျွန်ုပ်တို့၏ကြင်နာသော ကောင်းကင်ဘုံကျေးဇူး ရှင်ကြီးသည် ကျွန်ုပ်တို့၏လောကီမိတ်ဆွေများတို့ထက် သာ၍ကြီးမြတ်သော အရာအတွက် ကျွန်ုပ်တို့၌ တောင်းဆိုတော်မူသည်။ သို့ဖြစ်၍ ယခုရောက်ရှိလာ မည့်ပွဲနေ့များ၌ ဘုရားသခင်အား ကျွန်ုပ်တို့၏ အလှူငွေများကို ဆက်ကပ်ကြ စို့။ ဤအလုပ်၌ ကလေးများပင်လျှင် ဝင်ရောက် လုပ်ကိုင်နိုင်ကြသည်။ အဝတ် အစားနှင့် အခြားအသုံးဝင်သောပစ္စည်းများကို ဆင်းရဲသားတို့အား ပေးကမ်းနိုင် သည်။ ဤနည်းဖြင့် သခင်ယေရှုအဖို့ အလုပ်အကိုင်တစ်ခုကိုလုပ်ပေးနိုင်သည်။

## ကိုယ့်အလိုသို့လိုက်စားခြင်း၏မကောင်းမှုများ

ခရစ္စမတ် (သို့မဟုတ်) ခရစ်တော်မွေးနေ့ပွဲတော်ကို ကမ္ဘာကြီး၏ ကယ်တင်ရှင်ကိုအောက်မေ့ဖို့ရန် ဆင်ယင်ကျင်းပကြသည်။ ဤနေ့၌စားသောက် ခြင်းနှင့် အထူးစားသောက်ပွဲများကို ပြုလုပ်ကြသည်။ မလိုအပ်သော ကိုယ့် အလိုသို့လိုက်ခြင်း၌ ငွေမြောက်မြားစွာသုံးဖြုန်းလိုက်ကြသည်။ ကာယ၊ ဉာဏ နှင့် စာရိတ္တများကိုထိခိုက်လောက်အောင် ခံတွင်းရမ္မက်နှင့် ကာမဂုဏ်ခံစား ခြင်းအလိုသို့ လိုက်ကြသည်။ ဤအပြုအမူသည် အကျင့်ဓလေ့အဖြစ်သို့ရောက် ခဲ့ပြီး၊ မာနထောင်လွှားခြင်း၊ ခေတ်ဆန်ခြင်းနှင့် ပါးစပ်အရသာခံခြင်း

များဖြင့် ငွေမြောက်မြားစွာကို ဖြုန်းတီးလိုက်ကြ၍ မည်သူကိုမျှအကျိုးမပြုစုခဲ့ပေ။ သို့သော်လည်း ဘုရားသခင်၏စိတ်တော်နှင့်မတွေ့သော ကြေးငွေဖြုန်းတီးခြင်းကိုသာ အားပေးခဲ့သည်။ ဤကဲ့သို့သောပွဲနေ့များ၌ ဘုရားသခင်၏ဘုန်းတော်ကို ထွန်းတောက်စေရမည့်အစား ကိုယ့်ကိုကိုယ်ထင်ရှားစေခဲ့ပြီ။ ကျန်းမာခြင်းကို အနစ်နာခံလိုက်ကြပြီ။ ငွေကိုလွှင့်ပစ်လိုက်ကြပြီ။ အများသောသူတို့သည် အစားကြူးခြင်းအားဖြင့် အသက်ဆုံးရှုံးကြသည်။ ဤနည်းအားဖြင့် အသက်ဝိညာဉ်များဆုံးရှုံးသွားကြလေပြီ။

ဘုရားသခင်၏သားသမီးများတို့သည် ရိုးရိုးစားသောက်ခြင်းဖြင့် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေနိုင်ကြသည်။ ကုန်ကျသည့်ကြေးငွေများဖြင့် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ မှောင်မိုက်၌ရှိနေသော အသက်ဝိညာဉ်များထံသို့ အလင်းကိုပို့ပေးဖို့ရန် အသုံးပြုနိုင်သည်။ မုဆိုးမများနှင့် မိဘမဲ့သောသူတို့သည် သူတို့၏ဆာမွတ်ခြင်းနှင့် ဒုက္ခဆင်းရဲခြင်းကိုသက်သာစေသောကြောင့် ဝမ်းမြောက်ဝမ်းသာရှိကြလိမ့်မည်။

## ဘုရားသခင်ကိုပေးကမ်းသောလက်ဆောင်များ

ခေတ်နှင့်ဆိုင်သောသမ္မာတရားကို ယုံကြည်လက်ခံသောသူတို့သည် အောက်ပါအရာတို့၌ နှစ်စဉ်မည်မျှသုံးဖြုန်းနေကြသည်ကို တွက်ချက်ကြည့်ကြစေလိုသည်။ ပွဲနေ့များရောက်သောအခါတိုင်း ကိုယ့်အလိုသို့လိုက်၍၊ မသန့်ရှင်းသောအရာများကိုလိုက်စားခြင်းဖြင့် မည်မျှသုံးဖြုန်းကြသနည်း။ ခံတွင်းအရသာခံစားခြင်း၌လည်းကောင်း၊ ခရစ်ယာန်မပီသသောအရာများ၌ ဂုဏ်ပြိုင်ခြင်းဖြင့်လည်းကောင်း မည်မျှကုန်ကျစေသနည်း။ မလိုလားအပ်သော အရာများ၌ သုံးဖြုန်းခြင်းအားဖြင့် ကုန်ကျသောစရိတ်များကိုပေါင်းပါ။ ထို့နောက် အသက်ဝိညာဉ်နှင့်ကိုယ်ခန္ဓာကို ဘေးအန္တရာယ်မဖြစ်စေဘဲ ဘုရားသခင်၏ အမှုတော်အတွက် ဆက်ကပ်ထားသောလက်ဆောင်အဖြစ် မည်မျှပေးလှူနိုင်သည်ကို တွက်ချက်ကြည့်ရှုပါလေ။

ဘုရားသခင်အားဆက်ကပ်ထားသော အသင်းတော်၏အကြွေးများကိုဆပ်ပေးဖို့ရန်၊ ပေးကမ်းသောသူ၏စွမ်းအားကိုလိုက်၍၊ အနည်းငယ်သော အလှူငွေနှင့် ရက်ရောသောလက်ဆောင်များကို ယူလာနိုင်ကြသည်။ ထိုနောက် နယ်သစ်များသို့ စေလွှတ်ရမည့်သာသနာပြုဆရာများအကြောင်းကို စဉ်းစားရပေမည်။ အချို့သာသနာပြုအလုပ်လုပ်ကိုင်နေကြသောသူတို့ကိုလည်း ထောက်ပံ့ခြင်းပေးရမည်။ ဤသာသနာပြုဆရာများသည် ချွေတာရေးကို အထူးသဖြင့် လိုက်နာရကြမည်ဖြစ်သည်။ နေ့စဉ်နေ့တိုင်း မရှိမဖြစ်သော လူသုံးပစ္စည်းများ၌ပင် ချွေတာသုံးစွဲရကြသည်။ သူတို့၌ဇိမ်ခံပစ္စည်းဟူ၍ လုံးဝမရှိသလောက်ပင်ဖြစ်သည်။ Review and Herald, November 21, 1878.

–၀–

# အဝတ်အစား၌ချွေတာခြင်း – ၁၀၄

"ကိုယ်တော်ပိုင်သောအရာကို ကိုယ်တော်ထံသို့ယူဆောင်လာပါပြီ" ဟု ဘုရားသခင်၏လူတို့သည် ပြောဆိုနိုင်ရန် သူတို့၏ငွေကိုသုံးစွဲရာ၌ ချွေတာခြင်းကိုတင်းတင်းကြပ်ကြပ်လိုက်လျှောက်ရကြမည်။ ဤနည်းဖြင့် သူတို့သည် ကိုယ်တော်ထံမှရရှိသောအရာကို ကျေးဇူးတင်ခြင်းနှင့်ဆက်ကပ်ရမည်။ ဤနည်းအားဖြင့် သူတို့သည် သူတို့အဖို့ဘဏ္ဍာကို ဘုရားသခင်၏ ပလ္လင်တော်နံဘေး၌ သိုထားကြရမည်။

ဆာမွတ်၍အအေးဒဏ်ကိုခံနေရသောသူတို့အား ကျွေးမွေး၍ အဝတ်အစားပေးကမ်းရမည့်အစား၊ လောကီသားများတို့သည် အဝတ်အစားများပေါ်၌ ငွေကိုမြောက်မြားစွာ သုံးဖြုန်းကြသည်။ အများသောသူတို့သည် ဖက်ရှင် (သို့မဟုတ်) ခေတ်ဆန်သောအဝတ်အစားများကို ဝယ်ယူဝတ်ဆင်ရာ၌ ငွေကိုထောင်ချီ၍သုံးဖြုန်းနေစဉ် ခရစ်တော်သည် မိမိအသက်တော်ကိုစွန့်ခဲ့သောသူတို့၌မှာကား၊ ရိုးရိုးနှင့်အဖိုးအပေါဆုံးအဝတ်ကိုပင် လုံလောက်အောင် မဝတ်ဆင်နိုင်ကြပေ။

ဘုရားသခင်သည် မိမိလူတို့အား လောကထဲမှထွက်လာ၍ အသီးအခြားနေရန် မိန့်တော်မူသည်။ နောက်ဆုံးသောအချိန်၌ နေထိုင်ကြသည်ဟု ယုံကြည်သောသူတို့အဖို့ တောက်ပ၍အဖိုးထိုက်တန်သော အဝတ်အစားသည် သင့်မြတ်လျော်ကန်သောအရာများမဖြစ်ပေ။ သို့ဖြစ်၍ ရှင်ပေါလုရေးသားသည်မှာ၊ "အရပ်ရပ်တို့၌ ယောကျ်ားတို့သည် အမျက်ထွက်ခြင်း၊ ငြင်းခုံ ခြင်းမရှိဘဲ၊ သန့်ရှင်းသောလက်ကိုချီ၍ ဆုတောင်းစေခြင်းငှာ၊ ငါလိုရှိ၏။ ထိုနည်းတူ မိန်းမတို့သည် ကျစ်သောဆံပင်၊ ရွှေတန်ဆာ၊ ကျောက်ပုလဲ၊ အဖိုးထိုက်သော အဝတ်နှင့်ကိုယ်ကိုမဆင်ဘဲ၊ ရှက်ကြောက်ခြင်း၊ ဣန္ဒြေစောင့် ခြင်းအားဖြင့် လျောက်ပတ်သောအဝတ်နှင့်လည်းကောင်း၊ ဘုရားသခင်အား ရိုသေလေးမြတ်ခြင်းကို ဝန်ခံပြုစုသော မိန်းမဆင်သင့်သည့်အတိုင်း ကောင်းသော အကျင့်နှင့်လည်းကောင်း ကိုယ်ကိုတန်ဆာဆင်စေခြင်းငှာ ငါအလိုရှိ၏။"

ဘုရားသခင်၏သားသမီးများဖြစ်သည်ဟု ဝန်ခံသောသူတို့တွင် အဝတ်အစားဆင်ယင်ခြင်း၌ သုံးဖြုန်းသောငွေသည် လိုသည်ထက်ပို၍များလေသည်။ ကျွန်ုပ်တို့သည် သပ်သပ်ရပ်ရပ်ဝတ်စားဆင်ယင်ရမည်။ သို့သော်လည်း၊ ညီမ၊ သင်သည် သင့်အဖို့နှင့်သားသမီးများအဖို့ အဝတ်များကို ဝယ်ယူချုပ်လုပ်သောအခါ ဘုရားသခင်၏စပျစ်ဥယျာဉ်၌ ပြီးစီးဖို့ရန်စောင့်ဆိုင်းထားရသောအလုပ်အကိုင်များကို သတိရပါ။ ကောင်းသောအဝတ်ကို ဝယ်ယူ၍ သေချာစွာချုပ်လုပ်ခြင်းသည်ကောင်း၏။ ချွေတာခြင်းလည်းဖြစ်သည်။ သို့သော်လည်း စရိတ်ကုန်ကျသောပန်းချည်ထိုးပေးခြင်း၊ အနားကွပ်ဖောက်လုပ်ခြင်းများသည် မလိုအပ်သော အပိုအလုပ်များဖြစ်သည်။ ထိုသို့ပြုလုပ်ပါက ဘုရားသခင်၏အမှုတော်အဖို့ ထည့်ဝင်ရမည့်ငွေကို၊ ကိုယ့်အလိုသို့လိုက်၍ ဖြုန်းတီးပစ်ခြင်းပင်ဖြစ်သည်။

သင်၏အဝတ်အစားသည် သင့်ကိုဘုရားသခင်ရှေ့တော်၌ တန်ဖိုးရှိစေလိမ့်မည်မဟုတ်ပေ။ အတွင်းတန်ဆာဖြစ်သော ဝိညာဉ်တော်၏ကျေးဇူးများ၊ ကြင်နာသောစကား၊ အခြားသောသူများကို ကိုယ်ချင်းစာနာတတ်ခြင်းများသာလျှင် ဘုရားသခင်ရှေ့တော်၌ တန်ဖိုးရှိသည်။ အပိုအမိုမသုံးဖြုန်းဘဲ၊ ချွေတာလိုက်သောငွေကို ဘုရားသခင်၏အမှုတော်တိုးတက်ဖို့ရန်အတွက် သီးသန့်ထားပါ။

## ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းသည်ဘုရားသခင်၏ စိတ်တော်နှင့်တွေ့ခြင်း

ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းသင်ခန်းစာကိုသင်ကြား၍ သင်၏ကလေးများကို သွန်သင်ပေးပါ။ မိမိကိုယ်ကိုငြင်းပယ်ခြင်းအားဖြင့် စုဆောင်းခဲ့သောငွေကို ယခုပြီးစီးအောင်ဆောင်ရွက်ရမည်။ အလုပ်၌ လိုအပ်ပေသည်။ ဒုက္ခရောက်နေသောသူများကို သက်သာစေရမည်။ အဝတ်မရှိသောသူကို ဝတ်ဆင်ပေးရမည်။ ဆာမွတ်နေသောသူကိုကျွေးမွေး၍၊ ယခုခေတ်ကာလနှင့်ဆိုင်သောသမ္မာတရားကို မသိသေးသောသူတို့အား ဟောပြောရမည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏သက်သေခံများဖြစ်ကြသည်။ လောကီနှင့်ဆိုင်သော စိတ်စွဲလမ်းခြင်းများသည် ကျွန်ုပ်တို့၏အချိန်နှင့်အာရုံစိုက်ခြင်းကို ဆွဲဆောင်သွားဖို့ရန် အခွင့်မပေးရ။ ရှေးဦးစွာလာရောက်မည်ဟုဘုရားသခင်အမိန့်ပေးထားသောအရာများသည် ပထမဦးဆုံးနေရာ၌ရှိရမည်။ သာ၍မြင့်မားသောစိတ်စွဲလမ်းခြင်းများရှိသည်။ "ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့။" ခရစ်တော်သည် မိမိကြွရောက်လာ၍ လုပ်ကိုင်သောအလုပ်၌ အားလုံးကို ကိုယ်တော်ပေးတော်မူခဲ့သည်။ ကျွန်ုပ်တို့အား ကိုယ်တော်မိန့်တော်မူသောစကား၌ "ငါ၌ဆည်းကပ်လိုသောသူသည် ကိုယ့်ကိုကိုယ်ငြင်းပယ်၍၊ ကိုယ့်လက်ဝါးကပ်တိုင်ကိုထမ်းပြီးလျှင် ငါ့နောက်သို့လိုက်ရမည်။" "ထိုနည်းအားဖြင့် သင်တို့သည် ငါ၏တပည့်ဖြစ်ကြလိမ့်မည်။" ခရစ်တော်သည် မိမိကိုယ်ကိုစိတ်ပါလျက် ဝမ်းမြောက်ဝမ်းသာစွာပေးအပ်၍ ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်တော်မူခဲ့သည်။ ကိုယ်တော်သည် သေသည့်တိုင်အောင်နားထောင်၍၊ လက်ဝါးကပ်တိုင်၌ အသေခံတော်မူသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကိုငြင်းပယ်ခြင်း၌ ခဲယဉ်းသည်ဟု ပြောဆိုကြမည်လော။ ကိုယ်တော်၏ဒုက္ခဆင်းရဲကို ယူတင်ဝတ်ဆောင်သောသူများအဖြစ်မှ ကျွန်ုပ်တို့သည် နောက်သို့ဆုတ်ကြမည်လော။ ကိုယ်တော်အသေခံတော်မူခြင်းသည် ကျွန်ုပ်တို့တစ်ကိုယ်လုံးကို တုန်လှုပ်ခြင်းရှိစေရမည်။ ကိုယ်တော်ရှင်၏အလုပ်၌ ကျွန်ုပ်တို့သည် ဆက်ကပ်ခြင်းရှိရကြမည်။ ကိုယ်တော်ရှင်ကျွန်ုပ်တို့အဖို့ လုပ်ကိုင်ဆောင်ရွက်တော်မူခဲ့ခြင်းများကို စဉ်စားလိုက်သောအခါ ကျွန်ုပ်တို့၏စိတ်နှလုံးများသည် ချစ်ခြင်းမေတ္တာဖြင့်ပြည့်ဝနေရမည်။

သမ္မာတရားကိုသိသောသူတို့သည် ဘုရားသခင်နှုတ်ကပတ်တော်၏အမိန့်အတိုင်း ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းလိုက်နာပြုလုပ်ပါက၊ သတင်းစကားသည် တန်ခိုးဖြင့်တိုးတက်သွားလိမ့်မည်။ ဝိညာဉ်များပြောင်းလဲဖို့ရန် ကျွန်ုပ်တို့၏ဆုတောင်းခြင်းများကို ဘုရားသခင်သည် နားညောင်းတော်မူလိမ့်မည်။ ဘုရားသခင်၏လူတို့သည် သူတို့၏အလင်းကို ထွန်းလင်းကြလိမ့်မည်။

မယုံကြည်သောသူတို့သည် သူတို့၏ကောင်းသောအလုပ်များကိုတွေ့မြင်၍ ကောင်းကင်ဘုံရှင်ကျွန်ုပ်တို့အဖဘုရား၏ဘုန်းတော်ကို ချီးမြှောက်ကြလိမ့်မည်။ Review and Herald, December 1, 1910.

## ကိုယ်ဟန်ပြခြင်းကိုနှစ်သက်ခြင်း

ကိုယ်ဟန်ပြခြင်းကိုနှစ်သက်ခြင်းသည် ဖြုန်းတီးခြင်းကိုဖြစ်စေသည်။ လူငယ်လူရွယ်တို့၌ သာ၍မြင့်မြတ်လိုသောရမ္မက်ကို ပျောက်ကွယ်သွားစေသည်။ ပညာကိုရှာဖွေရမည့်အစား၊ သူတို့သည် အဝတ်အစားအတွက် ငွေရရှိဖို့ရန် အလုပ်တစ်ခုခုကို အသက်ငယ်ရွယ်စဉ်အချိန်၌ပင် လုပ်ကိုင်ကြ သည်။ ဤအဝတ်အစား၌ ရမ္မက်ကြီးလှသောကြောင့် ငယ်ရွယ်သောမိန်းကလေးတစ်ယောက်သည် ပျက်စီးခြင်းသို့ရောက်ရှိသွားခဲ့လေသည်။ Education, p. 247.

## ရိုးရိုးယဉ်ယဉ်နေထိုင်ခြင်း

ယခုခေတ်အချိန်နှင့်ဆိုင်သည့် အရေးကြီးသောသမ္မာတရားတော်ကို ယုံကြည်သောသူတို့သည် သူတို့၏နေထိုင်သည့်အိမ်နှင့်ဝတ်စားဆင်ယင်ခြင်းတို့၌ လုံးဝရိုးသားခြင်းရှိရမည်။ အဝတ်အစား၌ မကုန်သင့်ဘဲသုံးဖြုတ်ခြင်း (သို့မဟုတ်) အိမ်များကိုမွမ်းမံခြယ်လှယ်ခြင်းသည် ဘုရားသခင်၏ငွေကို သုံးဖြုန်းခြင်းပင် ဖြစ်သည်။ မာနထောင်လွှားခြင်းရှိဖို့ရန် ဘုရားသခင်၏အမှုတော်ကို လိမ်လည် ခြင်းဖြစ်သည်။ Testimonies for the Church, vol. 1, p. 189.

–၀–

# ကိုယ့်အလိုရမ္မက်သို့လိုက်ခြင်း – ၁၀၅

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လူများနေထိုင်သောအိမ်များနှင့် ကျောင်းများသို့ အလည်အပတ်သွားခဲ့ရာ၊ စားပွဲများပေါ်၌လည်းကောင်း၊ စင်များပေါ်၌လည်းကောင်း၊ အဝတ်ထည့်သောဗီရိုများ၌လည်းကောင်း၊ ဓာတ်ပုံများဖြင့်ပြည့်လျှံလျက်ရှိသည်ကို တွေ့မြင်ရသည်။ လက်ဝဲဘက်၊ လက်ယာဘက်မရွေး၊ ဓာတ်ပုံများချိတ်ဆွဲထားသည်ကို တွေ့မြင်ရသည်။ ဤအခြေအနေမျိုးကို ပြောင်းလဲပစ်ရန် ဘုရားသခင်အလိုတော်ရှိသည်။ ခရစ်တော်သည် ဤလောကကြီးပေါ်၌သာရှိနေပါက "ဒီရုပ်ပုံတွေကိုဖယ်ရှားပစ်လိုက်" ဟု ကိုယ်တော်အမိန့်ပေးမည်။ ဤအရုပ်ကားများသည် ရုပ်တုများကဲ့သို့ဖြစ်၍၊ ဘုရားသခင်ကို စဉ်းစားရမည့်အချိန်တွင် ဤရုပ်ပုံများ၌ စဉ်းစားကြည့်ရှုနေကြ သည်ဟု ဘုရားသခင်သည် ကျွန်ုပ်အားသွန်သင်ခဲ့သည်။

ဤဓာတ်ပုံများသည် ကြေးငွေကုန်ကျသောပစ္စည်းများဖြစ်သည်။ ဤအချိန်၌ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ဖို့ရန် ကြေးငွေလိုအပ်နေသည်ဖြစ်၍၊ ကျွန်ုပ်တို့၏မျက်နှာများနှင့် မိတ်ဆွေများတို့၏မျက်နှာများကို ဓာတ်ပုံရိုက်၍ကြည့်ရှုနေဖို့ရန် တော်သင့်သည်ဟု သင်ထင်မြင်သလား။ ကျွန်ုပ်တို့၌ပိုလျှံသောကြေးငွေတိုင်းကို ဘုရားသခင်၏အမှုတော်ဆောက်လုပ်ဖို့ရန် အသုံးပြုသင့်သည်မဟုတ်လော။ ဘုရားသခင်၏အမှုတော်၌ ရှိသေစွာသုံးရမည့်ငွေကို ဓာတ်ပုံများ၌သုံးဖြုန်းကြသည်။ ဤဓာတ်ပုံများသည် လူ၏စိတ်ကို ဘုရားသခင်၏နှုတ်ကပတ်တော်မှ လွဲသွားစေသည်။

## မမှန်သောဘုရားကိုဝတ်ပြုကိုးကွယ်ခြင်း အမျိုးမျိုးဖြစ်သည်

ဓာတ်ပုံရိုက်၍၊ ဓာတ်ပုံချင်းလဲလှယ်ခြင်းသည် မမှန်သောဘုရားကို ဝတ်ပြုကိုးကွယ်ခြင်းတစ်မျိုးပင်ဖြစ်သည်။ ကောင်းကင်နိုင်ငံတော်ကို ကျွန်ုပ်

တို့၏မြင်ကွင်းမှ မေးမှိန်သွားစေဖို့ရန် စာတန်သည် တတ်နိုင်သရွေ့ လုပ်ကိုင်လျက်နေသည်။ သို့ဖြစ်၍ ဓာတ်ပုံရိုက်ပြီး ဖြစ်ပေါ်လာသည့်ရုပ်ပုံများအား ဖြင့် စာတန်ကိုအားပေးခြင်းမပြုလုပ်ရပေ။ ဤလူများတို့၏မျက်နှာများက ပေးသော အကြံထက် မြင့်မားသောအဆင့်အတန်းသို့ ကျွန်ုပ်တို့ရောက်ရှိဖို့ရန် လိုအပ်နေသည်။ “ငါမှတစ်ပါး အခြားသောဘုရားမရှိ” ဟု ထာဝရဘုရား မိန့်တော်မူသည်။ ဘုရားသခင်၌ယုံကြည်သည်ဟု ပြောဆိုသောသူတို့သည် ကိုယ်တော်၏ရုပ်ပုံကို ပြန်၍ထင်ဟပ်စေရမည်။ ကျွန်ုပ်တို့၏စိတ်ရေ့၌ ကိုယ်တော်နှင့် တူခြင်းကိုသာ ထားရမည်။ ပြောဆိုသောစကားများသည် ကောင်းကင်နှင့်ဆိုင်သော အတွင်းသွန်သင်ခြင်းဖြင့် လေးလံနေရမည်။

## ပထမအရာများပထမနေရာ၌ထားခြင်း

နှစ်ခြင်းမင်္ဂလာကိုခံယူသောသူသည်၊ ဘုရားသခင်၏လက်ယာဘက်၌ ထိုင်နေတော်မူသော ခရစ်တော်ရှိရာအထက်အရပ်၌ ရှိသောအရာများကို သာရှာဖွေမည်ဟု ကတိဝန်ခံခြင်းပြုသည်။ အပြစ်သားများ၊ ကယ်တင်ခြင်း ရရှိဖို့ရန် ကြိုးစား၍ဆောင်ရွက်မည်ဟု ကတိဝန်ခံကြသည်။ ဘုရားသခင်သည် မိမိ၏ နာမတော်ကို ခံယူသောသူတို့အား မေးမြန်းတော်မူသည်မှာ၊ ငါ၏ သားတော်အသေခံတော်မူခြင်းအားဖြင့်၊ ရွေးယူလိုက်သောတန်ခိုးများကို သင်သည် မည်ကဲ့သို့အသုံးပြုနေသနည်း။ ဝိညာဉ်ရေးနှင့်စပ်ဆိုင်၍ နားလည် ခြင်း၌ သင်သည် သာ၍မြင့်မြတ်သောနေရာသို့ရောက်ရှိဖို့ရန် တတ်နိုင်သရွေ့ ကြိုးစားနေသလား။ ထာဝရကာလ၏တောင်းဆိုခြင်းကို အံဝင်ခွင်ကျဖြစ်စေ နိုင်ဖို့ရန် သင်၏စိတ်ဝင်စားခြင်းများကို နေရာတကျဖြစ်အောင် ပြုလုပ်နေ သလား။

ဘုရားသခင်၏လူတို့တွင် ပြောင်းလဲခြင်းရှိပါစေ။ “သင်တို့သည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အရာမျိုးကို ပြုလုပ်သည်ဖြစ်စေ၊ ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ ပြုကြလော့။”

ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ဖို့ရန် တာဝန်ပေးခြင်းခံရသောသူတို့သည် မသိနားမလည်၍ ပျက်စီးခြင်းသို့ရောက်မည့် အသက်ဝိညာဉ်များကို သတိပေးကြမည်။ သို့ဖြစ်၍ သင်သည် မိမိကိုယ်ကိုငြင်းပယ်ခြင်းဖြင့် သူတို့၏အလုပ်၌ မစခြင်းပေးနိုင်မည်လား။ "ထလော့၊ သင်၏ကိုယ်ကျိုးမရှာသော စိတ်ထက်သန်ခြင်းဖြင့် သင်၌ပြောင်းလဲခြင်းရှိကြောင်းကိုပြလော့။"

အသက်ဝိညာဉ်များကိုကယ်တင်ခြင်း၌ ကြေးငွေရှိသမျှကို အလိုရှိသည်။ ဘုရားသခင်ကိုယုံကြည်သည်ဟု ဝန်ခံသောသူတို့သည် မိမိတို့ကြေးငွေဖြင့် လူတို့၏ရုပ်ပုံကိုဓာတ်ပုံရိုက်၍ ရင်းနှီးထားသောငွေသည် နယ်၌ရှိသော သာသနာပြုဆရာအမြောက်အမြားကို ထောက်ပံ့နိုင်သည်။ သေးငယ်သော ချောင်းများကို စုပေါင်းလိုက်သောအခါ ကြီးသောမြစ်ကြီးတစ်သွယ်အဖြစ်သို့ ရောက်ရှိသွားခဲ့သည်။ ဘုရားသခင်၏နောက်ဆုံးသော သတင်းစကားကြေးကြော်ရမည့်ကြေးငွေများကို ကိုယ့်အဖို့ပျော်မွေ့ဖို့ရန် အသုံးပြုသောအခါ၊ကျွန်ုပ်တို့သည် ဘုရားသခင်၏ပစ္စည်းကို အလွဲသုံးစားကြသည်။ သင်သည် ဘုရားသခင်၏ငွေကို ကိုယ့်အလိုဆန္ဒပြည့်ဝဖို့အသုံးပြုလျှင် ဘုရားသခင်သည် သင့်အပေါ်သို့ မိမိ၏ပစ္စည်းများကို အဘယ်ကဲ့သို့ဆက်လက်၍ချပေးနိုင်အံ့နည်း။ သူတို့၏ငွေကို ကိုယ်ကျိုးရှာဖွေ၍ ဓာတ်ပုံများတို့၌ ရင်းနှီးထားသော သူတို့အား ဘုရားသခင်သည် မည်ကဲ့သို့သဘောထားသနည်း။ ထိုငွေဖြင့် စာအုပ်၊ စာပေများကိုဝယ်ယူပြီးလျှင်၊ မသိနားမလည်သောသူတို့ထံသို့ ပို့ပေး နိုင်သည်။

ဘုရားသခင်ကျွန်ုပ်တို့အားပေးသော သမ္မာတရားကို လောကကြီး၌ ကြေးကြော်ရမည်။ ကျွန်ုပ်တို့ကို ဤအလုပ်လုပ်ကိုင်ဖို့ရန် အခွင့်အရေးပေးခဲ့သည်။ ကျွန်ုပ်တို့သည် ရေရှိသောနေရာတိုင်း၌ သမ္မာတရားမျိုးစေ့ကို စိုက်ပျိုးရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်ကိုကိုယ်ငြင်းပယ်ရန်နှင့်အနစ်နာခံရန် ခေါ်တော်မူသည်။ ဧဝံဂေလိတရားတော်သည် အားလုံးဆက်ကပ်ခြင်းကိုတောင်းဆိုသည်။ အမှုတော်၏လိုအပ်ခြင်းများသည် ကျွန်ုပ်တို့ပေးနိုင်သမျှအားလုံးကို တောင်းဆိုသည်။ ဓာတ်ပုံများ၌အာရုံခံစားခြင်းသည် ကျွန်ုပ်

တို့အဖို့ ကိုယ့်အလိုဆန္ဒသို့လိုက်ခြင်းသာဖြစ်၍၊ ကျွန်ုပ်တို့၏တစ်ဘက်၌အသံ တိတ်သက်သေခံလျက်နေသည်။ ဤကဲ့သို့လိုက်စားခြင်းဖြင့် အုတ်မြစ်၌သစ်သား၊ ကောက်ရိုးနှင့်ရိုးပြတ်များကို ထည့်သွင်းလျက်ရှိနေ၍၊ နောက်ဆုံးနေ့၏ မီးသည် ထိုအရာများကို လောင်ကျွမ်းသွားလိမ့်မည်။

## ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်း၏ဝတ္တရား

ကျွန်ုပ်သည် တစ်အိမ်ဆင်းတစ်အိမ်တက်သွား၍ ဓာတ်ပုံမြောက်မြားစွာတို့ကို တွေ့မြင်ပြီးသည်နောက်၊ ကျွန်ုပ်တို့လူတို့အား ဤမကောင်းမှုကို သတိပေးရန် ကျွန်ုပ်အားသွန်သင်ပါသည်။ ကျွန်ုပ်တို့သည် ဤမျှလောက် ဘုရားသခင်ကို လုပ်ကိုင်ပေးနိုင်သည်။ ကျွန်ုပ်တို့သည် ဤဓာတ်ပုံအရုပ်များကို မျက်ကွယ်ရာသို့ဖယ်ရှားလိုက်ပါ။ ၎င်းတို့၌ ကောင်းကျိုးပြုနိုင်သောအရာ တစ်စုံတစ်ခုမျှမရှိပေ။ ဘုရားသခင်နှင့်အသက်ဝိညာဉ်စပ်ကြား၌ဝင်၍နေသည်။ သမ္မာတရားမျိုးစေ့ကိုစိုက်ပျိုးရာ၌လည်း မစခြင်းကိုအလျှင်းမပေးနိုင်ပေ။ ဘုရားသခင်၏နောက်တော်သို့လိုက်သောသူတို့အား ဘုရားသခင်၏လက်နက်စုံကိုဝတ်ဆင်ရန် ခရစ်တော်သည် ခေါ်လျက်နေသည်။

ကျွန်ုပ်တို့၏ပညာရေးအဖွဲ့အစည်းများသည် ဘုရားသခင်၏ဝိညာဉ်တော်ပြုပြင်ခြင်းတန်ခိုးကို ခံစားရမည်။ "ဆားမှုကား အငန်ကင်းပျောက်လျှင်၊ ငန်သောအရာသာကို အဘယ်သို့ရပြန်မည်နည်း။ ပြင်သို့ပစ်လိုက်၍ ကျော်နင်းခြင်းမှတစ်ပါး အဘယ်အသုံးမျှမဝင်။" ကျွန်ုပ်တို့၏ကျောင်းများ၌ဆရာလုပ်၍ ဆေးရုံများတွင် အမှုတော်ဆောင်ရွက်နေသောသူများသည် ဆက်ကပ်ခြင်း၌ မြင့်မားသောအဆင့်အတန်းသို့ရောက်ရှိရမည်။ ဤကျောင်းကြီးများ၌ရှိကြသော ကျောင်းသားများတို့သည် သာသနာပြုဆရာများအနေဖြင့် ထွက်သွားကြရန် မိမိတို့ကိုယ်ကိုပြင်ဆင်နေကြသောသူများဖြစ်သောကြောင့် မိမိကိုယ်ကိုငြင်းပယ်ခြင်းကို သင်ကြားကြရမည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘဏ္ဍာစိုးများဖြစ်ကြသည်။ "ဘဏ္ဍာစိုးမည်သည်ကား အရာရာ၌သစ္စာရှိရမည်။" ဘုရားသခင် ကျွန်ုပ်တို့အား ယုံကြည်၍ အပ်နှံထားသောငွေကို သတိကြီးစွာဖြင့် ကြည့်ရှုရမည်။ ပေးထားသောအစွမ်းသတ္တိကို အကောင်းဆုံးအသုံးပြု၍ အရည်အချင်းကိုတိုးတက်စေရမည်။ ဘုရားသခင်ကြွလာတော်မူသောအခါ ကိုယ်တော်ပိုင်သောအရာကို အတိုးနှင့်တကွ ဆပ်ပေးနိုင်ကြလိမ့်မည်။ Review and Herald, June 13, 1907.

## ဓာတ်ပုံများကိုထပ်တလဲလဲရိုက်ခြင်း

လူငယ်များတို့၌ ကိုယ့်ကိုကိုယ်ချစ်ခြင်းဖြင့် ပြည့်ဝနေကြသည်။ ဓာတ်ပုံဆရာရိုက်ပေးလိုက်သော သူတို့တို့၏ရုပ်လုံးပုံနှင့်မျက်နှာကို သေချာစွာကြည့်ရှုကြသည်။ ပီတိဖြစ်၍ ဆန္ဒပြည့်ဝနေကြသည်။ ဓာတ်ပုံကို တစ်ခါရိုက်ရုံဖြင့် မကျေနပ်ကြသေးပေ။ ထပ်တလဲလဲရိုက်တတ်ကြရာ၊ ရိုက်သောအခါတိုင်း နောက်ဆုံးပုံသည် ပို၍လှပလိမ့်မည်ဟု မျှော်လင့်ကြသည်။ သူတို့သည် ဘုရားရှင်၏ငွေကို ဤနည်းဖြင့်ဖြုန်းတီးပစ်ကြသည်။ မည်သည့် အကျိုးရှိသနည်း။ Testimonies for the Church, vol. 1, p. 500.

–o–

# ရွှေတာခြင်းနှင့်ကောင်းမှုပြုလိုသော သဘော – ၁၀၆

အများသောသူတို့သည် ရွှေတာခြင်းကိုမထိမဲ့မြင်ပြုကြသည်။ ကပ်စေး နဲခြင်းနှင့်သဘောမပြည့်ဝခြင်းဖြင့် ရှုပ်ထွေးစေကြသည်။ သို့သော်လည်း ရွှေတာ ခြင်းသည် ကျယ်ဝန်းသောရက်ရောခြင်းနှင့် ညီညွတ်လျက်နေသည်။ရွှေတာခြင်း မရှိပါက မှန်ကန်သောရက်ရောခြင်းမရှိနိုင်ပေ။ ကျွန်ုပ်တို့သည် ပေးကမ်းနိုင်ရန် စုဆောင်းခြင်းရှိရမည်။

မည်သူမျှ မိမိကိုယ်ကိုမငြင်းပယ်ဘဲ မှန်ကန်သောကောင်းမှုပြုလို သောသဘောကို လေ့ကျင့်မပေးနိုင်ပေ။ ရိုးရိုးနေထိုင်သောအသက်တာ၊ကိုယ့် ကိုကိုယ်ငြင်းပယ်ခြင်းနှင့် တင်းကျပ်သောရွှေတာခြင်းရှိမှသာလျှင် ကျွန်ုပ်တို့ကို ခရစ်တော်၏ကိုယ်စားလှယ်များအဖြစ် ခန့်ထားသောအလုပ်ကို လုပ်ကိုင် ပြီးစီး နိုင်လိမ့်မည်။ မာနထောင်လွှားခြင်းနှင့် လောကီနှင့်ဆိုင်သော အထူးကြီးမြင့် ထင်ပေါ်လိုသောဆန္ဒကို ကျွန်ုပ်တို့၏စိတ်နှလုံးထဲမှ ပယ်ရှားပစ်ရမည်။ ကျွန်ုပ်တို့အားလုံးတို့၌၊ ခရစ်တော်၏အသက်တာ၌ ဖော်ပြခဲ့သော ကိုယ်ကျိုး မရှာတတ်သောကျင့်ဝတ်တရားကို ပြသရကြမည်။ ကျွန်ုပ်တို့၏အိမ်နံရံများ၊ အရုပ်ကားများ၊ ဆင်ယင်ပြုပြင်ထားသောအရာများတို့၌ စွန့်ပစ်ထားသော ဆင်းရဲသားများကို သင်၏အိမ်သို့ခေါ်ဆောင်လာလော့ဟူသော စာတန်ရှိနေ သကဲ့သို့ ဖတ်ရှုရမည်။ ကျွန်ုပ်တို့၏အဝတ်အစားများထည့်သောဗီရို၌လည်း ဘုရားသခင်၏လက်ညှိုးတော်နှင့်ရေးထားသကဲ့သို့ “အဝတ်မရှိသောသူကို မြင်လျှင် အဝတ်ပေးလော့” ဟူသော ရေးသားထားချက်ကို တွေ့မြင်ရမည်။ ထမင်းစားသောစားပွဲပေါ်၌ အစာများဖြင့်ပြည့်နေရာ၊ “မွတ်သိပ်နေသောသူကို အစာကျွေးခြင်းမပြုသလော” ဟု ရေးထားသည်ကို ကျွန်ုပ်တို့တွေ့မြင်ရ လိမ့်မည်။

၄၃၇

## အသုံးဝင်သောတံခါးများပွင့်နေခြင်း

ကျွန်ုပ်တို့ရှေ့၌ အသုံးဝင်သောတံခါးပေါက်များ ထောင်ချီ၍ပွင့်နေသည်။ ကျွန်ုပ်တို့သည် ကြေးငွေအနည်းငယ်လောက်သာရှိသောကြောင့် ညည်းညူ ကြသည်။ သို့သော်လည်း ခရစ်ယာန်များသည် ဧကန်မုချ စိတ်ထက်သန်သောသူများဖြစ်ခဲ့လျှင် ရှိသောငွေအင်အားကို အဆပေါင်းတစ်ထောင်တိုးပွားလာအောင် ပြုလုပ်နိုင်သည်။ ကိုယ်ကျိုးရှာဖွေခြင်း၊ ကိုယ်အလိုသို့လိုက်ခြင်းများသည် ကျွန်ုပ်တို့၏အသုံးဝင်ခြင်းကို တားဆီးလျက်နေသည်။

ပြရုပ်မျှသာဖြစ်သောအရာတို့၌ ကျွန်ုပ်တို့သည် ငွေကိုမည်မျှသုံးဖြုန်းလိုကြသနည်း။ သာ၍မြင့်မားသည့်အရာဖြစ်သော အကြံအစည်၊ အချိန်နှင့်ခွန်အားကိုလည်း တန်ဖိုးမရှိဖြစ်စေကြပြီ။ အဖိုးတန်သောအိမ်များနှင့်အိမ်ထောင်ပရိဘောဂများ၊ ကိုယ်ကျိုးရှာသောအပျော်အပါးလိုက်စားခြင်း၊ ဆိမ့်အိမ့်သော အစားအစာများ၊ ကိုယ်ခန္ဓာကိုထိခိုက်နိုင်သောအရာများ၌ ငွေကိုမည်မျှသုံးစွဲ ကြပြီနည်း။ မည်သူကိုမျှအကျိုးမပြုသော လက်ဆောင်ပဏ္ဏာများပေးကမ်းခြင်း ၌ ငွေကိုမည်မျှဖြုန်းတီးခဲ့ကြပြီနည်း။ မလိုအပ်၍ ခဏခဏဘေးအန္တရာယ် ဖြစ်စေတတ်သော အရာများအပေါ်၌ ခရစ်ယာန်ဟုခေါ်သောသူတို့သည် ယနေ့ ငွေကိုပို၍သုံးဖြုန်းနေကြသည်။ ထိုမျှမက စုံစမ်းနှောင့်ယှက်သောသူ၏လက်မှ ဝိညာဉ်များကိုကယ်တင်ဖို့ရန် ရှာဖွေရာ၌သုံးသောငွေထက် အဆပေါင်းမြောက် မြားစွာ ဤမလိုလားအပ်သောအရာများ၌ ပို၍သုံးဖြုန်းနေကြသည်။

ခရစ်ယာန်များဖြစ်သည်ဟု ဝန်ခံသောသူတို့သည်လည်း အဝတ်အစားပေါ်၌ ငွေကိုများစွာသုံးစွဲခဲ့ရာ အခြားသောသူများတို့၏လိုအပ်နေခြင်းကို ကူညီဖို့ရန်အပိုအမိုမရှိသလောက်ဖြစ်နေကြသည်။ အဖိုးထိုက်တန်သော ဘယက်တန်ဆာများနှင့် ဈေးကြီးသောအဝတ်အစားများသည် မရှိလျှင်မဖြစ် သောအရာများ

ဟု သူတို့ယူဆကြသည်။ ထိုအချိန်၌ ရိုးရိုးအဝတ်အထည်ကိုမျှ ဝတ်ဆင်ခြင်း မပြုနိုင်သော သူတို့၏လိုအပ်နေခြင်းကို အမှတ်မရကြပေ။



## အကြွင်းအကျန်များကိုစုထားခြင်း

ကျွန်ုပ်၏ညီမများ၊ သင်တို့သည် သင်တို့၏ဝတ်စားဆင်ယင်ခြင်းကို သမ္မာကျမ်းစာတော်မှပေးထားသော ဥပဒေစည်းကမ်းအတိုင်း လိုက်နာခဲ့လျှင်၊ သင်တို့၏ဆင်းရဲသောညီမများကိုမစဖို့ရန် သင်တို့၌မြောက်မြားစွာရှိမည်။ သင်တို့၌ကြေးငွေတွင်မက၊ အချိန်လည်းရှိရမည်။ ဤအရာသည် အလိုဆုံး ဖြစ်သည်။ သင်တို့၏အကြံဉာဏ်၊ တတ်ကျွမ်းခြင်းဖြင့် မစပေးကမ်းနိုင်သော လူအများအပြားရှိကြသည်။ သူတို့အား ရိုးရိုးဝတ်စားဆင်ယင်ဖို့ရန်ပြပါ။ အများသောညီအစ်မများတို့သည် ဘုရားသခင်၏အိမ်တော်သို့ ဝတ်ပြုရန် မလာမရောက်ဘဲနေကြသည်။ အကြောင်းမှာ သူတို့၏အဝတ်အစားများသည် အခြားသူများဝတ်စားထားသောအဝတ်များနှင့် များစွာကွာခြားနေသောကြောင့် ဖြစ်သည်။ စိတ်နှလုံးလွယ်ကူစွာထိခိုက်တတ်သောသူတို့သည် ဤကွာခြား ခြင်းကြောင့် မလာဘဲနေကြသည်။ ဤအကြောင်းကြောင့် အများသောသူတို့၏ စိတ်ထဲ၌ ဘာသာတရား၏မှန်ကန်ခြင်းကို ယုံမှားခြင်းဖြစ်လာ၍၊သူတို့၏ စိတ် နှလုံးသည် ဧဝံဂေလိတရားတော်ကို ဆန့်ကျင်ဘက်ပြုလာကြသည်။ "ဘာမျှမ ပျောက်စေခြင်းငှာ၊ ကျန်ကြွင်းသောအကျိုးအပဲ့တို့ကို ကောက်သိမ်း ကြလော့" ဟု သခင်ယေရှုမိန့်တော်မူသည်။ နေ့စဉ်နေ့တိုင်း လူပေါင်းထောင်ချီ၍ အစာ ငတ်ခြင်းဘေး၊ သတ်ဖြတ်ခြင်းဘေး၊ မီးဘေးနှင့် ကပ်ရောဂါ ဘေးများဖြင့် သေဆုံးနေကြသည်။ သို့ဖြစ်၍ လူတစ်ယောက်ကို အကျိုးပြု စေနိုင်သည့် အရာတစ်စုံတစ်ခုကိုမျှ ဖြုန်းတီးခြင်းကိုမပြုရန် သတိထားရမည်။

ကျွန်ုပ်တို့၏အချိန်ကို အချည်းနှီးဖြစ်စေခြင်းသည် မှားယွင်း၏။ အကြံအစည်များကို အချည်းနှီးဖြစ်စေခြင်းသည်လည်း မှားယွင်း၏။ မိမိအဖို့ ရှာကြံသောအချိန်တိုင်းသည် ကျွန်ုပ်တို့၌ဆုံးရှုံးခြင်းဖြစ်ကြသည်။ အချိန်တိုင်း ကိုတန်ဖိုးထား၍ မှန်ကန်စွာအသုံးချခဲ့လျှင် ကျွန်ုပ်တို့အဖို့လည်းကောင်း၊

လောကကြီးအဖို့လည်းကောင်း  လုပ်ကိုင်ပေးနိုင်စရာအချိန်ရှိလိမ့်မည်။ငွေကို
အသုံးပြုရာ၌လည်းကောင်း၊ အချိန်ကိုအသုံးချရာ၌လည်းကောင်း၊ ခွန်အား

အခွင့်အရေးများ၌လည်းကောင်း၊ ခရစ်ယာန်တိုင်းသည် ညွှန်ကြားခြင်းရရှိဖို့ရန် ဘုရားသခင်ကိုကြည့်ရှုပါ။ သင်တို့တွင် တစ်စုံတစ်ယောက်သောသူသည် ပညာကိုလိုလျှင် ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ၊ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့်ပေးသနားတော်မူသော ဘုရားသခင်ကိုတောင်းစေ။ တောင်းလျှင်ရလိမ့်မည်။ Ministry of Healing, pp. 206-208.

## ဗျွေတာခြင်းနည်းလမ်း

ဗျွေတာခြင်း၌ အသေးစိတ်မည်ကဲ့သို့လိုက်လျှောက်ရမည်ကို ပြောဆိုဖို့ရန် လိုမည်မထင်ပေ။ ဘုရားသခင်အား စိတ်နှလုံး၊ လုံးဝအပ်နှံထားသောသူများနှင့် ကိုယ်တော်၏နှုတ်ကပတ်တော်ကို သူတို့၏လမ်းပြအနေဖြင့်ထားသောသူတို့သည် အသက်တာ၏လုပ်ငန်းများတို့၌ မည်ကဲ့သို့ မိမိတို့ကိုယ်ကိုကြည့်ရှုရမည့်အကြောင်းကို နားလည်ကြမည်။ စိတ်နှလုံးနူးညံ့သိမ်မွေ့၍၊ နှိမ့်ချသောသခင်ယေရှုအကြောင်းကို သင်ကြားကြမည်။ ခရစ်တော်၏နူးညံ့သိမ်မွေ့ခြင်းကို ပြုစုပေးခြင်းအားဖြင့် သူတို့သည် မရေမတွက်နိုင်သော စုံစမ်းနှောင့်ယှက်ခြင်းများကို အောင်မြင်လိမ့်မည်။ Fundamentals of Christian Education, p. 152.

–ဝ–

# အပိုင်း ၁၁

# အိမ်ထောင်စုအသက်တာ

လူကိုပြန်၍တည်စေခြင်းနှင့် မြှင့်တင်ပေးခြင်းသည် အိမ်ထောင် မှအစပြုသည်။ မိဘတို့၏အလုပ်သည် အခြေခံပင်ဖြစ်သည်။ အဖွဲ့အစည်း များသည် အိမ်ထောင်များပါဝင်၍၊ အိမ်ထောင်၏ဦးစီးပြုလုပ်သည့်အတိုင်း ဖြစ်လာသည်။ နှလုံးသည် အသက်၏အခြေအမြစ်ဖြစ်၏။ လူမျိုးစု၊ အသင်းတော်နှင့် နိုင်ငံ၏အလယ်ဗဟိုသည် အိမ်ထောင်ပင်ဖြစ်သည်။ အစည်းအရုံး၏ကောင်းစားခြင်း၊ အသင်းတော်၏အောင်မြင်ခြင်း၊ နိုင်ငံ၏ စီးပွားရေးတိုးတက်ခြင်းသည် အိမ်ထောင်စု၏သြဇာသက်ရောက်ခြင်း အပေါ်၌ အမှီပြုနေသည်။ Ministry of Healing, p. 349.

# ခရစ်ယာန်တစ်ယောက်၏
# အိမ်ထောင်စု – ၁၀၇

ရှေးအချိန်က ဘိုးဘေးများနည်းတူ၊ ဘုရားသခင်ကိုချစ်သောသူတို့ သည် သူတို့၏တဲဆောက်လုပ်သောနေရာတိုင်း၌ ဘုရားသခင်အဖို့ ယဇ်ပလ္လင် တည်ဆောက်ရမည်။ အိမ်တိုင်းသည် ဆုတောင်းသောအိမ်ဖြစ်ရ မည့်အချိန်သည် ကျရောက်ဖို့ရန်ရှိပါက၊ ယခုအချိန်ပင်ဖြစ်သည်။ ဖခင်များ နှင့်မိခင်များသည် မိမိတို့နှင့်သားသမီးများအဖို့ စိတ်နှိမ့်ချလျက် ဘုရားသခင် အထံတော်၌ ဆု တောင်းရမည်။ ဖခင်သည် အိမ်ထောင်စု၏ယဇ်ပုရောဟိတ် ဖြစ်သည့်အားလျော် စွာ၊ ဘုရားသခင်၏ယဇ်ပလ္လင်ပေါ်၌ နံနက်နှင့်ညနေတိုင်း ယဇ်ပူဇော်ခြင်းပြုလုပ် ရမည်။ ထိုအချိန်၌ မိန်းမဖြစ်သူနှင့်သားသမီးများတို့သည် စုပေါင်း၍ဆုတောင်း ခြင်းနှင့် ချီးမွမ်းခြင်းကိုပြုလုပ်ရကြမည်။ ထိုကဲ့သို့ သောအိမ်ထောင်စု၌ သခင် ယေရှုသည် ဆိုင်းငံ့နေဖို့ရန် နှစ်သက်တော်မူသည်။

ခရစ်ယာန်အိမ်ထောင်စုတိုင်းမှ သန့်ရှင်းသောအလင်းရောင်တစ်ခုသည် ထွန်းတောက်လျက်နေရမည်။ မေတ္တာကိုလှုပ်ရှားစေခြင်းအားဖြင့် ဖော်ပြရမည်။ အိမ်ထောင်နှင့်ဆိုင်သောအရာအားလုံးတို့မှ ချစ်ခြင်းမေတ္တာစီးဆင်းလာ၍၊ ကြင် နာခြင်း၊ သိမ်မွေ့ခြင်းနှင့် ကိုယ်ကျိုးမရှာသော ယဉ်ကျေးခြင်းဖြင့်ပြသရမည်။ ဤကျင့်ဝတ်ကို လက်တွေ့ပြသနေသောအိမ်ထောင်များရှိသည်။ ထိုသို့သော အိမ်ထောင်များ၌ ဘုရားကိုဝတ်ပြုကိုးကွယ်ကြ၍ အမှန်ဆုံးမေတ္တာ အုပ်စိုးလျက် ရှိနေသည်။ ဤအိမ်ထောင်များမှ နံနက်တိုင်း၊ ညနေတိုင်း ဆုတောင်းခြင်းသည် သင်းကြိုင်သောရနံ့ဖြင့် ဘုရားသခင်အထံတော်သို့ တက်သွားခဲ့သည်။ကိုယ်တော် ၏ကရုဏာတော်များနှင့် ကောင်းချီးမင်္ဂလာ များသည် ဆုတောင်းသောသူတို့အ ပေါ်သို့ နံနက်မိုးနှင်းကဲ့သို့ ဆင်းသက်လေသည်။

စည်းကမ်းသေဝပ်သော ခရစ်ယာန်အိမ်ထောင်စုသည် ခရစ်ယာန်ဘာသာ၏စစ်မှန်ကြောင်းကို အချေအတင်ပြောဆိုရာ၌ အင်အားကြီးသော ဘက်၌ရှိလေသည်။ ထိုသို့အချေအတင်ပြောဆိုရာ၌ ဘုရားတရားမရှိဟု ပြောဆိုသောသူကပင် ငြင်းဆို၍မရပေ။ ဩဇာသက်ရောက်ခြင်းတစ်ရပ်သည် အိမ်ထောင်ထဲ၌လုပ်ကိုင်နေကြောင်း လူတိုင်းတွေ့မြင်နိုင်သည်။ ကလေးများတို့၌ပြောင်းလဲခြင်းနှင့် အာဗြဟံ၏ဘုရားသခင်သည် သူတို့နှင့်အတူရှိကြောင်း သိရှိရသည်။ Patriarchs and Prophets, p. 144.

–o–

# အိမ်ထောင်စုနှင့်ဆိုင်သောဝတ္တရားများ၌ သစ္စာရှိခြင်း – ၁၀၈

လူငယ်အပေါ်၌ အကြီးဆုံးသောတာဝန်ဝတ္တရားသည် သူ၏အိမ်ထောင်အဖို့သာဖြစ်၍၊ ဖခင်၊ မိခင်၊ ညီအစ်ကို၊ နှမများတို့အားချစ်ခင်ခြင်း၊ မှန်ကန်သောစိတ်ဝင်စားခြင်းဖြင့် ကောင်းချီးမင်္ဂလာသက်ရောက်စေခြင်းဖြစ်သည်။ အခြားသောသူများကိုကြည့်ရှုခြင်းနှင့် လုပ်ကိုင်ပေးခြင်း၌ သူတို့သည် ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းနှင့် ကိုယ့်ကိုကိုယ်မေ့ပျောက်ခြင်းကို ပြသနိုင်သည်။ ဤအလုပ်ကိုလုပ်ကိုင်ခြင်းဖြင့် မိန်းမများသည် ယုတ်ညံ့လာကြမည်မဟုတ်ပေ။ ရှိသေဖွယ်အကောင်းဆုံးနှင့် အထက်တန်းကျသောဤအလုပ်ကို သူမသည် လုပ်ကိုင်နိုင်သည်။ အစ်မတစ်ယောက်သည် သူမ၏အစ်ကိုများအပေါ်၌ သြဇာညောင်းခြင်းရှိမည်။ သူမသည် မှန်ကန်ခြင်းရှိခဲ့လျှင် အစ်ကိုများ၏စာရိတ္တကို စီမံနိုင်လိမ့်မည်။ သူမ၏ဆုတောင်းခြင်းများ၊ သိမ်မွေ့ခြင်းနှင့် ချစ်ခြင်းမေတ္တာသည် အိမ်ထောင်စု၌ များစွာဆောင်ရွက်နိုင်ခြင်းရှိလိမ့်မည်။

ကျွန်ုပ်၏ညီမ၊ ဤမြင့်မြတ်သောအရည်အချင်းများသည် သင်ကိုယ်တိုင်၌မထမဦးဆုံးမရှိပါက၊ သူတစ်ပါးတို့၏စိတ်ထဲသို့ ဆက်သွယ်ပေးနိုင်မည်မဟုတ်။ စိတ်၌ရောင့်ရဲခြင်း၊ ချစ်ခင်ခြင်း၊ သိမ်မွေ့ခြင်း၊ စိတ်နှလုံးတိုင်းသို့ရောက်နိုင်သော ရွှင်ပျသည့်သဘောထားသည် သင့်အပေါ်သို့တန်ပြန်၍ ထင်ဟပ်စေလိမ့်မည်။ သင်၏စိတ်နှလုံးသည် သူတစ်ပါးကိုပေးသည့်အတိုင်း ပြန်၍ရရှိလိမ့်မည်။ ခရစ်တော်သည် စိတ်၌အုပ်စိုးခြင်းမရှိခဲ့လျှင်၊ စိတ်မကျေနပ်ခြင်းနှင့်စာရိတ္တပျက်ယွင်းခြင်း ဖြစ်နေလိမ့်မည်။ ကျွန်ုပ်တို့သည် သူတို့ကိုမပေးကမ်းလိုသော်လည်း အခြားသောသူတို့၌ ကိုယ်အကျိုးကိုသာကြည့်တတ်သောသဘောသည် အုပ်စိုးနေလိမ့်မည်။

အသက်ဝိညာဉ်ကိုစစ်ဆေးခြင်းနှင့် ရဲရင့်ခြင်းကိုတောင်းဆိုရာ၌ အလွန်ကြီးသောအလုပ်တစ်ခုကို လုပ်ကိုင်လိုက်ရုံမျှဖြင့် ပြီးမြောက်နိုင်မည်

မဟုတ်ပေ။ နေ့စဉ်နေ့တိုင်းနေထိုင်ရသောအသက်တာသည် ရှုပ်ထွေးခြင်းများ၊ စုံစမ်းနှောင့်ယှက်ခြင်းများနှင့် စိတ်ပျက်ခြင်းများကို ရင်ဆိုင်တွေ့ဆုံနေရသည်။ သည်းခံခြင်းနှင့်စိတ်ခိုင်ခံ့ခြင်းကို နှိမ့်ချသောအလုပ်ကသာလျှင် ဖြစ်ပေါ်လာစေသည်။ ခက်ခဲခြင်းအားလုံးတို့ကိုတွေ့ဆုံ၍ အောင်မြင်နိုင်ဖို့ရန် ကိုယ်ကိုကိုယ်အားကိုးခြင်းနှင့် ခိုင်ခံ့သောစိတ်ရှိဖို့ရန် လိုအပ်ပေသည်။ သင်နှင့်အတူရပ်တည်ဖို့ရန်နှင့် နေရာတိုင်း၌ သင်၏စိတ်သက်သာရာရခြင်းနှင့် နှစ်သိမ့်စေခြင်းဖြစ်စေဖို့ရန် ဘုရားသခင်၏မစခြင်းကိုခံယူပါ။ Testimonies for the Church, vol. 3, pp. 80,81.

-o-

# အိမ်ထောင်စုဘာသာရေး – ၁၀၉

အိမ်ထောင်စုဘာသာရေးကို အလွန်လိုအပ်ပေသည်။ ကျွန်ုပ်တို့၏ အိမ်ထောင်စု၌ ပြောဆိုသောစကားများသည် မှန်ကန်သောဂုဏ်အင်္ဂါနှင့်ပြည့်စုံရမည်။ သို့မဟုတ် အသင်းတော်၌ ကျွန်ုပ်တို့၏သက်သေခံချက်များ တန်ဖိုးရှိလိမ့်မည်မဟုတ်ပေ။ သင်သည် သင်၏အိမ်ထောင်၌ နူးညံ့သိမ်မွေ့ခြင်း၊ ကြင်နာခြင်းနှင့်ယဉ်ကျေးခြင်းကိုမပြသခဲ့လျှင် သင်၏ဘာသာရေးသည် အချည်းနှီးသာဖြစ်သည်။ အိမ်ထောင်၌မှန်ကန်သော ဘာသာတရားရေးရှိခဲ့လျှင်၊ အသင်းတော်၌သာ၍တန်ခိုးရှိလိမ့်မည်။

## အိမ်ထောင်စု၌မကြင်နာသောစကားပြောဆိုခြင်း

သည်းမခံတတ်သောစကားများကို ပြောဆိုခြင်းဖြင့် အိမ်ထောင်စု၌ မည်သည့်ဘေးဥပဒ်ရောက်စေသနည်း။ တစ်ယောက်သောသူသည် သည်းမခံတတ်သောစကားများကို ပြောဆိုလိုက်သောအခါ၊ သူကဲ့သို့ပင် အခြားတစ်ယောက်ကပြန်လှန်၍ပြောဆိုလိမ့်မည်။ ယင်းနောက် လက်စားချေသော စကားများ၊ ကိုယ့်ကိုကိုယ်သာလျှင်ဖြောင့်မှန်သည်ဟု ပြောဆိုလိုက်သောစကားများသည် သင်၏လည်ပင်ပေါ်၌ လေးလံသောထမ်းပိုးကို တင်လိုက်ခြင်းပင်ဖြစ်၍၊ ဤရင့်သီးသောစကားများသည် သင်၏အသက်ဝိညာဉ်အဖို့ ခါးသီးသောအရာများဖြစ်လာလိမ့်မည်။

ဤစကားမျိုးကိုသုံးသောသူတို့၌ အရှက်ရခြင်း၊ အရိုအသေတန်ခြင်း၊ ကိုယ့်ကိုကိုယ်ယုံကြည်မှုမရှိခြင်းများ ဖြစ်ပေါ်လာ၍၊ နောက်ဆုံး ဤကဲ့သို့စကားမျိုးကိုသုံးမိသောကြောင့် နောင်တသံဝေဂရလိမ့်မည်။ ဤစကားမျိုးကို မပြောဆိုဘဲနေပါက သာ၍ကောင်းပေလိမ့်မည်။ ခရစ်တော်၏နူးညံ့သိမ်မွေ့သောစိတ်သဘောမျိုးဖြင့် အမျက်နှိုးဆော်သောစကားများကို သည်းခံနိုင်ရန် စိတ်နှလုံးထဲ၌ ကျေးဇူးတော်ရှိနေပါက မည်မျှကောင်းမွန်လိမ့်မည်နည်း။

သင်သည် ဘုရားသခင်၏ကတိတော်စည်းကမ်းများကို ပြည့်စုံအောင် ပြုလုပ်ပေးခဲ့လျှင်၊ ကတိတော်များသည် သင်၌ပြည့်စုံလိမ့်မည်။ သင်၏စိတ်သည် ဘုရားသခင်အပေါ်၌ စွဲမြဲနေခဲ့လျှင်၊ စစ်ဆေးခြင်းနှင့်စုံစမ်းနှောင့်ယှက်ခြင်းများသည် သင့်အပေါ်သို့ကျရောက်လာသောအခါ၊ သင်သည် ပီတိဖြစ်နေသောအခြေအနေမှ စိတ်ပျက်သောအခြေအနေသို့ ရောက်ရှိသွားလိမ့်မည်မဟုတ်။ သင်သည် အခြားသောသူတို့အား ယုံမှားခြင်းနှင့်စိတ်ညှိုးငယ်စရာအကြောင်းကို ပြောဆိုမည်မဟုတ်ပေ။

စာတန်သည် ကျွန်ုပ်တို့၏အကြံအစည်များကိုမဖတ်နိုင်ပေ။ သို့သော်လည်း သူသည် ကျွန်ုပ်တို့၏လှုပ်ရှားခြင်းများကို တွေ့မြင်နိုင်သည်။ စကားပြောဆိုခြင်းများကိုကြားနိုင်သည်။ လူသားတို့၏အိမ်ထောင်ကို ရှေးမဆွကပင်သိရှိခဲ့ပြီဖြစ်၍၊ သူသည် ကျွန်ုပ်တို့၏စာရိတ္တ၌ အားနည်းသောအချက်သို့ဝင်ရောက်နိုင်သော စုံစမ်းနှောင့်ယှက်ခြင်းများကို အသုံးပြုသည်။ ကျွန်ုပ်တို့သည် စာတန်ဝင်ရောက်လာဖို့ရန် အခွင့်ပေးကြသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏စကားများနှင့် လှုပ်ရှားခြင်းများကို အုပ်ထိန်းထားရပေမည်။ ကျွန်ုပ်တို့ပြောဆိုလိုက်သောစကားများသည် စည်းကမ်းတကျဖြစ်သောကြောင့် တရားစီရင်ရာနေ့၌ သင်၏မှတ်တမ်းကိုရင်ဆိုင်ရန် သင်၌ခွန်အားနှင့်ပြည့်စုံနေလိမ့်မည်။ သို့သော်လည်း ပြောဆိုလိုက်သောစကားများသည် စည်းကမ်းမဲ့စကားများဖြစ်ပါက၊ အခြေအနေသည် ခြားနားနေလိမ့်မည်။ Review and Herald, February 27, 1913.

## အိမ်ထောင်စုသည်သင်ခန်းစာတစ်ခုဖြစ်ခြင်း

အိမ်ထောင်စု၏အလုပ်သည် နေထိုင်ကြသောအိမ်သူအိမ်သားများကို ကျော်လွန်သွားသည်။ ခရစ်ယာန်အိမ်ထောင်စုသည် သင်ခန်းစာတစ်ခုဖြစ်ရမည်။ အသက်တာ၏မှန်ကန်သောကျင့်ဝတ်များ အကောင်းဆုံးကိုပြသခြင်းဖြစ်သည်။ ထိုသို့ပြသခြင်းသည် လောက၌ကောင်းမြတ်ခြင်းဖြစ်ဖို့ရန် တန်ခိုး

ပင်ဖြစ်သည်။ လူတို့အားတရားဟောပြောခြင်းထက် လူတို့၏စိတ်နှလုံးနှင့် အသက်တာများအပေါ်၌ မှန်ကန်သောအိမ်ထောင်၏သြဇာသက်ရောက်ခြင်း သည် ပိုမို၍တန်ခိုးရှိလေသည်။ ထိုကဲ့သို့သောအိမ်ထောင်မှ ထွက်ရောက် သွားသောလူငယ်သည် သူတို့သင်ကြားခဲ့သောသင်ခန်းစာများကို ကြားသိစေ သည်။ အသက်တာ၏သာ၍မြင့်မြတ်သောကျင့်ဝတ်များကို အခြားအိမ်ထောင်စု သို့ ပြောကြားသိမြင်စေသည်။ လူမျိုးစု၌ မြှင့်တင်ပေးသောသြဇာသက်ရောက် ခြင်းကို ဖြစ်စေသည်။ Ministry of Healing, p. 352.

–၀–

# အိမ်ထောင်စုသည်လေ့ကျင့်ပေးသော ကျောင်းတစ်ကျောင်းဖြစ်ခြင်း – ၁၁၀

မိမိတို့ကိုယ်ကို ဘုရားသခင်အားဆက်ကပ်ခြင်းဖြင့် လူငယ်သည် စိတ်အားနည်းဖြင့် (သို့မဟုတ်) အရည်အချင်းနှင့်မပြည့်စုံခြင်းဖြစ်မည်မဟုတ်ပေ။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသဘောသည် ပညာ၏အချုပ်အခြာဖြစ်၏။ ဘုရားသခင်ကိုချစ်၍ ကြောက်ရွံ့သောကလေးအငယ်ဆုံးသည် ဘုရားသခင်ရှေ့တော်၌ ကယ်တင်ခြင်းကိုမထိမဲ့မြင်ပြုသော အစွမ်းသတ္တိအရှိဆုံးနှင့် ပညာအတတ်ဆုံးသောသူထက် သာ၍ကြီးမြတ်သည်။ မိမိတို့၏စိတ်နှလုံးများနှင့် အသက်တာများကို ဘုရားသခင်အား ဆက်ကပ်သောလူငယ်များသည် ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် မိမိတို့ကိုယ်ကို အားလုံးသောပညာနှင့် အကောင်းဆုံးသောအသက်စမ်းရေတွင်းနှင့် ဆက်သွယ်ထားခြင်းရှိသည်။

## နေ့စဉ်နေ့တိုင်းလုပ်ကိုင်ရမည့်ဝတ္တရားများ

ဘုရားသခင်သည် သူတို့အဖို့ခွဲခန့်ထားသော နေ့စဉ်နေ့တိုင်းလုပ်ကိုင်ရမည့်ဝတ္တရားများကို နှိမ့်ချသောသဘောဖြင့်ဆောင်ရွက်ရန် သွန်သင်ပေးခြင်းခံရသည့်အတိုင်း သူတို့သည် သစ္စာဖြင့်လုပ်ကိုင်ခဲ့လျှင် သူတို့၏အလုပ်သည် သာ၍နှစ်သက်ဖွယ်ရာနှင့် ဂုဏ်ရှိသောအလုပ်မျိုးဖြစ်လာနိုင်သည်။ နေ့စဉ်နေ့တိုင်းလုပ်ကိုင်ရခြင်းသည် ဘုရားသခင်အားလုပ်ကိုင်ပေးသကဲ့သို့ ဆောင်ရွက်ပါက၊ အနိမ့်ကျဆုံးသောအလုပ်၌ အလွန်နှစ်သက်ဖွယ်ကောင်းခြင်းကို တွေ့ရမည်။ မြေကြီးပေါ်တွင်ရှိသော အမှုတော်ဆောင်များကို ကောင်းကင်ဘုံ၌ ဘုရားသခင်၏အလိုတော်အတိုင်းဆောင်ရွက်နေသော သန့်ရှင်းသူများနှင့် ဆက်သွယ်လျက်ရှိကြသည်။

မြင့်မားသောနေရာ၌ရှိကြသော ကောင်းကင်တမန်များသည် သစ္စာနှင့်ဆောင်ရွက်ကြသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့အားခန့်အပ်ထား

သောအလုပ်တာဝန်များကို သစ္စာဖြင့်ဆောင်ရွက်ကြရမည်။ မိမိတို့ကိုယ်ကို ဘုရားသခင်၏ကျေးကျွန်များဖြစ်သည်ဟု ထင်မြင်သောသူတို့သည် မည်သည့်နေရာ၌မဆို ယုံကြည်စိတ်ချရသောသူများ ဖြစ်ကြသည်။ ကောင်းကင်နိုင်ငံတော်သားများသည် ကမ္ဘာမြေကြီး၏အကောင်းဆုံးနိုင်ငံသားများ ဖြစ်နိုင်သည်။ ဘုရားသခင်အား ကျွန်ုပ်တို့လုပ်ကိုင်ပေးရမည့်ဝတ္တရားကို မှန်ကန်စွာသိမြင်ခြင်းသည် ကျွန်ုပ်တို့လူအချင်းချင်းအား လုပ်ကိုင်ပေးရမည့်ဝတ္တရားကို ရှင်လင်းစွာသိမြင်ခြင်းပင်ဖြစ်သည်။

## မိခင်၏ဆုလာဘ်

တရားစီရင်ခြင်းအစပြုရန် စာအုပ်များကိုဖွင့်ထားကြသည်။ တရားသူကြီး၏ကောင်းမွန်စွာပြုပြီဟူသော စကားပြောဆိုသံကိုကြားရသည်။ အောင်မြင် သောသူ၏ဦးရစ်၌ မပျက်စီးနိုင်သော ဘုန်းတော်သရဖူကိုတင်သောအခါ၊ အများသောသူတို့သည် စကြဝဠာတစ်ခုလုံး၌ရှိသော လူစုကြီးကိုမြင်၍ မိမိတို့၏သရဖူများကိုပင့်မပြီးလျှင် သူတို့၏မိခင်ကိုညွှန်ပြ၍ "ဘုရားသခင်၏ကျေးဇူးတော်ဖြင့် သူမသည် ကျွန်ုပ်အားဖြစ်သင့်သည်အတိုင်း ပြုလုပ်ခဲ့ပြီ။ သူမ၏သွန်သင်ခြင်းများ၊ သူမ၏ဆုတောင်းခြင်းများသည် ကျွန်ုပ်၏ထာဝရကယ်တင်ခြင်းတိုင်အောင် ကောင်းချီးမင်္ဂလာဖြစ်စေခဲ့ပြီ" ဟု ပြောဆိုကြသည်။

အပြစ်များအားကြီးနေသောအချိန်၌ နေထိုင်ရသောလူငယ်သည် မှန်ကန်သောစိတ်ထားဖြင့် စွဲမြဲစွာရပ်တည်နေနိုင်ဖို့ရန် လေ့ကျင့်ပေးရမည်။ သူတို့၌ရှိသောခွန်အားတန်ခိုးဖြင့် မကောင်းမှုတိုးတက်နေခြင်းကို တားဆီးရမည်။ ကောင်းမြတ်သောအရည်အချင်း၊ သန့်ရှင်းခြင်းနှင့်မှန်ကန်သောရဲရင့်တည်ကြည်ခြင်းကို တိုးတက်ဖြစ်ထွန်းစေသည်။ အသက်ငယ်စဉ်အချိန်၌ စိတ်နှင့်စာရိတ္တပေါ်၌ စွဲမှတ်ခဲ့သောအရာများသည် မပျောက်ပျက်ဘဲ အစဉ်တည်နေသည်။ အန္တရာယ်ဖြစ်စေသောအလေ့အကျင့်များ (သို့မဟုတ်)မကောင်း

သောအပေါင်းအဖော်များကြောင့် နုနယ်သောစိတ်အပေါ်၌ မကောင်းမှုသည် ဩဇာညောင်းခဲ့ရာ၊ မည်မျှပင်နှောင်းအချိန်၌ ကြိုးစား၍ဖျက်သော်လည်း ပျက်သွားလိမ့်မည်မဟုတ်ပေ။ The Signs of the Times, November 3, 1881.

## အိမ်ထောင်စု၌လေ့ကျင့်ပေးခြင်း၏အလားအလာများ

ယနေ့ရှိကြသော လူငယ်များနှင့်ကလေးများတို့ဖြင့် အနာဂတ်ကာလ၏အသင်းအပင်းကို ဆုံးဖြတ်ရပေမည်။ ဤလူငယ်များနှင့် ကလေးများတို့သည် အဘယ်သို့ဖြစ်လာကြမည့်အရေးသည် အိမ်ထောင်အပေါ်၌ တာဝန်ရှိနေသည်။ လူတို့၌ကျရောက်နေသော ကျိန်ခြင်းရာဇဝတ်မှုများ၊ ရောဂါကပ်ရောက်ခြင်းနှင့် စိတ်မချမ်းသာဖြစ်ရခြင်းများသည် အိမ်ထောင်၌သင်ကြားလေ့ကျင့်မှုပျက်ကွက်ခဲ့သောကြောင့်ဖြစ်သည်ကို တွေ့မြင်ရသည်။ အိမ်ထောင်အသက်တာသည် စင်ကြယ်၍မှန်ကန်ခဲ့လျှင်၊ အိမ်ထောင်၏ကြည့်ရှုခြင်းအောက်မှထွက်သွားကြသောကလေးများသည် အသက်တာ၏တာဝန်ဝတ္တရားများနှင့်ဘေးအန္တရာယ်များကိုတွေ့ဆုံဖို့ရန် အသင့်ရှိခဲ့လျှင်၊ လောက၌ ပြောင်းလဲခြင်းမည်မျှရှိအံ့နည်း။ Ministry of Healing, p. 351.

-၀-

# မိဘများကိုရိုသေ၍ချစ်ခြင်း – ၁၁၁

သခင်ခရစ်တော်၏နောက်သို့ ဇကန်အမှန်လိုက်သောသူတို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့၏စိတ်ထဲ၌ ကိန်းအောင်စေ၍၊ ကိုယ်တော်ကိုအကြီးအကဲအနေဖြင့် တင်မြှောက်ထားရမည်။ သူတို့သည် သူတို့၏အိမ်ထောင်အသက်တာ၌ ကိုယ်တော်၏ဝိညာဉ်နှင့်စာရိတ္တကို ကိုယ်စားပြုရမည်။ သူတို့နှင့်တွေ့ဆုံရသောသူတို့အား ယဉ်ကျေးခြင်းနှင့် ကြင်နာခြင်းကိုပြသရမည်။

သမ္မာတရားကိုသိသည်ဟု ဝန်ခံကြသောကလေးများ မြောက်မြားစွာရှိကြသည်။ သို့သော်လည်း သူတို့သည် သူတို့၏မိဘများခံယူထိုက်သည့်ဂုဏ်ပြုခြင်းနှင့်ချစ်ခြင်းကို မပေးကြပေ။ ထိုမျှမက သူတို့၏ဖခင်နှင့်မိခင်ကိုချစ်ခင်ကြောင်းကိုလည်းမပြ။ သူတို့၏စိတ်ပူပန်သောကဖြစ်ခြင်းကိုလည်းသက်သာဖို့ရန် ပြုလုပ်မပေးကြပေ။ ခရစ်ယာန်များဖြစ်သည်ဟု ပြောဆိုသောသူအများအပြားတို့သည် "သင်၏မိဘကိုရိုသေစွာပြုလော့" ဟူသောအမိပ္ပါယ်ကို နားမလည်ကြပေ။ ထိုနည်းတူပင် "သင်၏အဘပေးသနားတော်မူသောပြည်၌ သင်၏အသက်တာရှည်မည့်အကြောင်း" ကိုလည်း နားလည်ကြမည်မဟုတ်။

ဘုရားသခင်၏ပညတ်တော်ကို စောင့်ရှောက်သောသူတို့တွင် ကျွန်ုပ်တို့၏လူငယ်များလည်း ပါဝင်ကြသည်။ သို့တစေလည်း အများသောလူငယ်များတို့သည် ပဉ္စမပညတ်တော်ကို ဂရုမစိုက်ဘဲ ချိုးဖောက်ကြသည်။ သို့ဖြစ်၍ ဤပညတ်ကိုစောင့်ထိန်းသောသူတို့နှင့် မိဘကိုရိုသေစွာပြုသောသူတို့အား ကတိထားသည့် ကြွယ်ဝသောကောင်းချီးမင်္ဂလာသည် သူတို့၌မပြည့်စုံဘဲနေသည်။ သူတို့သည် သူတို့၏အပြစ်များကို နောင်တရ၍၊ ခရစ်တော်၏ ကျေးဇူးအားဖြင့် သူတို့၏အလေ့အကျင့်များနှင့်စာရိတ္တကို ပြောင်းလဲခြင်းမပြုပါက၊ သူတို့ထာဝစဉ်အသက်ရှင်၍နေနိုင်သော မြေကြီးသစ်သို့ ဝင်ရောက် နိုင်မည်မဟုတ်ပေ။ မိဘများကိုရိုသေ၍ ချစ်ခြင်းမရှိသောသူတို့သည် ဘုရားသခင်ကိုရိုသေမည်မဟုတ်။ ဂုဏ်လည်းပြုမည်မဟုတ်ပေ။ စမ်းသပ်ခြင်း

ကိုခံဖို့ရန် ဆုံးရှုံးသောသူများ ဘုရားကိုကြောက်ရွံ့သောသူတို့၏မိဘများကို ဂုဏ်ပြုဖို့ရန်ပျက်ကွက်သောသူများသည် ဘုရားသခင်ကိုနားထောင်ရန် ပျက်ကွက်ကြမည်။ သို့ဖြစ်၍ ကတိထားတော်မူသောပြည်တော်သို့ ဝင်ရောက်လာဖို့ရန် မမျှော်လင့်နိုင်ပေ။

## မွန်မြတ်သောကာလတစ်ခုနှင့်နားထောင်ခြင်း

လူငယ်များသည် ယခုအချိန်၌ သူတို့၏ထာဝရမွန်မြတ်သောကာလကို ဆုံးဖြတ်နေကြသည်။ သို့ဖြစ်၍ "သင်၏ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူသောပြည်၌ သင်၏အသက်တာရှည်မည့်အကြောင်း" ဟူသော ဘုရားသခင်ကတိတော်ပေးထားသည့် ပညတ်တော်ကိုစဉ်းစားဖို့ရန် သင့်အားကျွန်ုပ်ပန်ကြားခြင်းပြုပါသည်။ ကလေးတို့၊ သင်တို့သည် ထာဝရအသက်ကိုအလိုရှိကြသလား။ သို့ဖြစ်၍ သင်၏မိဘများကိုရိုသေ၍ ဂုဏ်ပြုပါ။

သူတို့ကိုချစ်ခြင်းမရှိ၊ နားထောင်ခြင်းလည်းမရှိ၍ သင်သည် အပြစ်ကိုကျူးလွန်ခဲ့လျှင်၊ ယခုအချိန်၌ အတိတ်ကာလကိုပြန်ပြီးအဖတ်ဆယ်ပါ။ သင်သည် အခြားနည်းလမ်းကိုလိုက်လျှောက်၍မဖြစ်၊ အကြောင်းမှာ သင့်အဖို့ထာဝရအသက်ဆုံးရှုံးခြင်းသာဖြစ်သည်။ စိတ်နှလုံးကိုရှာဖွေသောပုဂ္ဂိုလ်သည် သင်၏မိဘများအပေါ်၌ သင်၏စိတ်နှလုံးအဘယ်ကဲ့သို့ရှိသည်ကို သိမြင်တော်မူသည်။ အကြောင်းမှာ ကိုယ်တော်သည် ကောင်းကင်ဘုံသန့်ရှင်းရာ ဌာနတော်၌ရှိသော ရွှေချိန်ခွင်ဖြင့် သင်၏စာရိတ္တကိုချိန်စက်နေတော်မူသည်။ မိဘများကိုမထီမဲ့မြင်ပြုခဲ့ခြင်းနှင့် ဂရုမစိုက်ဘဲနေခဲ့ခြင်းကို အပြစ်ဝန်ချတောင်းပန်ပါ။ ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်ကိုလည်း မထီလေးစားပြုခဲ့သည်ကို တောင်းပန်ပါ။

သင့်မိဘများ၏ကြင်နာသောစိတ်များသည် သင့်အပေါ်၌သက်ရောက်လျက်ရှိ၍၊ သင်သည် သူတို့၏ချစ်ခြင်းကို ဂရုမစိုက်ဘဲနေမည်လား။ သူတို့သည် သင့်ကိုချစ်၍၊ သင်သည် ကယ်တင်ခြင်းရရှိဖို့ရန် အလိုရှိကြသည်။

သို့သော်လည်း သင်သည် သူတို့၏အကြံပေးခြင်းကို အစဉ်မထီလေးစား ပြု၍၊ သင့်စိတ်သဘောအတိုင်း၊ သင်ရွေးချယ်သောလမ်းသို့ လိုက်နေသည် မဟုတ်လော။ ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်သောလမ်းသို့ သင်သည် ခေါင်းမာလျက်လိုက်လျှောက်နေသည်မဟုတ်လော။ သားသမီးများတို့၏ မေတ္တာတုံ့ပြန်ခြင်းကိုမရရှိဘဲ မြောက်မြားစွာသောမိဘများသည် ဝမ်းနည်း ကြေကွဲလျက်သေဆုံးသွားကြပြီ။ The Youth's Instructor, June 22, 1893.

–o–

# အိမ်ထောင်စု၌
# ကောင်းချီးမင်္ဂလာရှိခြင်း – ၁၁၂

"ငါ့သား၊ သင်၏စိတ်နှလုံးကို ငါ့အားပေးလော့" ဟု လူငယ်ကို ဘုရားသခင်မိန့်တော်မူသည်။ ကလေးနှင့်လူငယ်များသည် သူတို့၏စိတ်နှလုံးကို ကိုယ်တော်အားအပ်ပေးဖို့ရန် လောကကြီး၏ကယ်တင်ရှင်သည် အလိုတော်ရှိသည်။ ဘုရားသခင်အား သစ္စာရှိသောလူငယ်မြောက်မြားစွာတို့ကို တွေ့မြင်ရမည်။ အကြောင်းမှာ ခရစ်တော်သည် အလင်း၌ရှိသကဲ့သို့ သူတို့သည်လည်း အလင်း၌လျှောက်လိုက်သောကြောင့် ဖြစ်ကြသည်။ သူတို့သည် သခင်ယေရှုကို ချစ်ကြလိမ့်မည်။ ကိုယ်တော်နှစ်သက်စေရန် လုပ်ကိုင်ပေးရခြင်းသည် သူတို့၏ပျော်မွေ့ခြင်းပင်ဖြစ်သည်။ သူတို့ကိုဆုံးမသောအခါ သူတို့သည် သည်းခံခြင်းကင်းကြမည်မဟုတ်ပေ။ သူတို့၏ကြင်နာခြင်း၊သည်းခံခြင်းအသက်တာ၏နေ့စဉ်နေ့တိုင်းတာဝန်များကိုမစခြင်း၌ သူတို့သည် အလိုဆန္ဒပြည့်ဝနေသောကြောင့် သူတို့မိဘများ၏စိတ်နှလုံးကို ပျော်ရွှင်ခြင်း ဖြစ်စေကြမည်။ ကလေးနှင့်လူငယ်ဘဝတစ်လျှောက်လုံး၌ ကျွန်ုပ်တို့သခင်၏ သစ္စာရှိသောတပည့်တော်များအဖြစ် တွေ့မြင်ရမည်။

ကလေးများနှင့်လူငယ်များတို့၊ သင်တို့၏အသက်နုနယ်စဉ်အချိန်၌ သင်တို့သည် သင်တို့၏အိမ်ထောင်၌ ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်ကြလိမ့်မည်။ ဘုရားသခင်ကိုကြောက်ရွံ့ကြသော မိဘတို့၏သားသမီးများတို့၌ ဆုံးမ၍မရ၊ နားမထောင်တတ်ခြင်း၊ ကျေးဇူးမတင်တတ်ခြင်းနှင့် ကိုယ့်ကိုကိုယ်အုပ်ထိန်းခြင်းမရှိခြင်း၊ မိဘတို့၌ကျရောက်နေသည့် ဝမ်းနည်းခြင်း (သို့မဟုတ်) ပင်ပန်းခြင်းကိုဂရုမစိုက်ဘဲ မိမိတို့စိတ်သဘောအတိုင်း ထင်ရာ ကိုပြုလုပ်နေခြင်းကို တွေ့မြင်ရသောအခါ၊ အလွန်ဝမ်းနည်းဖွယ်ရာကောင်း လှ၏။ စာတန်သည် ကလေးများတို့၏စိတ်နှလုံးကိုအုပ်စိုးဖို့ရန် နှစ်သက် သည်။ သူ့ကိုအခွင့်ပေးခဲ့လျှင် သူတို့၌မုန်းတီးသောစိတ်သဘောရှိဖို့ရန် ပြုလုပ်ပေးလိမ့်မည်။

## မိဘများ၏စကားကိုနားထောင်ခြင်း

သင်တို့၏စိတ်နှလုံးကို ဘုရားသခင်အားအပ်နှံထားခြင်းရှိဖို့ရန် မိဘများသည် သူတို့တတ်နိုင်သရွေ့ သားသမီးများကို အခွင့်အရေးတိုင်းနှင့် သွန်သင်ခြင်းကိုပေးကြမည်။ သို့တစေလည်း သားသမီးတို့သည် အလင်း၌ လျှောက်လိုက်ဖို့ရန် ငြင်းပယ်ကြပြီး သူတို့၏မကောင်းမှုလုပ်ကိုင်နည်းဖြင့် သူတို့ကိုချစ်၍ သူတို့၌ကယ်တင်ခြင်းရရှိဖို့ရန် စိတ်စောနေသောမိဘများ အပေါ်၌ အကြောင်းမသင့်သောအပြစ်တင်စကားများ ပြောဆိုကြမည်။

ကလေးများကို အပြစ်လမ်းသို့လိုက်ဖို့ရန်နှင့် နားထောင်ခြင်းမရှိစေဖို့ရန် သွေးဆောင်သောသူသည် စာတန်ပင်ဖြစ်သည်။ သူ့ကိုအခွင့်ပေးလိုက်ပါက ကလေးများသည် အပြစ်၌ရှိနေစဉ် သူတို့၏အသက်ကို စာတန်သည် ဖြတ်တောက်ပစ်လိုက်လိမ့်မည်။ သို့ပြုလုပ်ရာ၌ သူ၏အကြံအစည်သည် သူတို့ကိုကယ်တင်ခြင်းမရရှိဖို့ရန်နှင့် ဘုရားကိုကြောက်ရွံ့ရိုသေသော မိဘတို့၏စိတ်နှလုံးကို သံလျက်ဖြင့်ထိုးဖောက်ပစ်ခြင်းပင်ဖြစ်သည်။ ထိုအခါ မိဘတို့သည် မည်သည့်အခါမျှ နှစ်သိမ့်၍မရနိုင်သော ဝမ်းနည်းပူဆွေးခြင်း ဖြင့် ဖိစီးနေကြလိမ့်မည်။ အကြောင်းမှာ သူတို့၏သားသမီးများ နောက်ဆုံး နောင်တသံဝေဂမရခြင်းနှင့် ပုန်ကန်ခြင်းကြောင့်ဖြစ်သည်။

ကလေးများနှင့်လူငယ်များတို့၊ သခင်ခရစ်တော်၏နာမတော်၌ သင်တို့အားကျွန်ုပ်တောင်းပန်လိုသည်မှာ၊ အလင်း၌လျှောက်လိုက်ကြပါ။ သင်တို့၏အလိုဆန္ဒကို ဘုရားသခင်၏အလိုဆန္ဒအောက်၌ထားပါ။ "လူဆိုးတို့သည် သင့်ကိုသွေးဆောင်လျှင် ဝန်မခံနှင့်၊" ဘုရားသခင်၏လမ်းအတိုင်း လျှောက်လိုက်လော့။ သင်သည် အပြစ်လွန်ကျူးခြင်း၌ ငြိမ်သက်ခြင်းကို တွေ့မည်မဟုတ်။ မကောင်းသောလမ်းသို့လိုက်ခြင်းဖြင့် သင်၏မိဘများ၏ ဂုဏ်ကိုထိခိုက်၍ ခရစ်တော်၏ဘာသာတရားအပေါ်သို့ ဂုဏ်ပျက်ခြင်းကို ရောက်စေသည်။ သင်၏အသက်တာကို ကောင်းကင်ဘုံစာအုပ်ထဲ၌မှတ်သား ထား၍၊ စကြဝဠာကြီး၌စုရုံးလာသောသူကို ရှေ့တွင်ဖွင့်လိမ့်မည်။ သင်၏

ဝေစုသည် ထာဝရအသက်ဆုံးရှုံးဖို့ရန်ဖြစ်ပါက မည်မျှအမှတ်ရခြင်း၊ နောင်တ သံဝေဂရခြင်းဖြစ်အံ့နည်း။ "ငါဆုံးမသောစကားကိုနားထောင်၍ ပြောင်းလဲကြလော့။ ငါ့ဝိညာဉ်ကို သင်တို့အပေါ်သို့ ငါသွန်းလောင်း၍၊ ငါ့စကား၏ အနက်အဓိပ္ပါယ်ကို နားလည်စေမည်.....ထိုအမှုရောက်သောသူတို့သည် ငါ့ကို ခေါ်သော်လည်း ငါမထူး......ငါ့စကားကိုနားထောင်သောသူမူကား လုံခြုံစွာနေ၍၊ ဘေးကိုမကြောက်ဘဲငြိမ်ဝပ်လိမ့်မည်။" ခရစ်တော်၏ဆုံးမ သွန်သင်ခြင်းကို နားထောင်လော့၊ "အလင်းရှိနေစဉ်တွင်လျှောက်သွားလော့၊ သင့်အပေါ်သို့ မှောင်မိုက်အချိန်ရောက်လိမ့်မည်။" The Youth's Instructor, August 10, 1893.

–o–

# အိမ်ထောင်စု၌စာရိတ္တကို ဆောက်တည်ခြင်း – ၁၁၃

စာတန်သည် ကလေးများအား သူတို့၏မိဘများနှင့် ဆုတ်ခွာနေထိုင်ဖို့ရန် သွေးဆောင်သည်။ သူတို့ထက်ငယ်၍ ဗဟုသုတမရှိသောအပေါင်းအသင်းများ၌ စိတ်ချဖို့ရန်ရွေးချယ်စေသည်။ ထိုသူငယ်များသည် သူတို့ကိုမစခြင်းမပေးနိုင်ပေ။ သို့သော်လည်း မှားယွင်းသောအကြံဥာဏ်ကိုပေးကြလိမ့်မည်။

ကလေးများသည် သူတို့၏မိဘများနှင့် ပို၍ရင်းနှီးခြင်းရှိခဲ့လျှင်၊ များစွာသောမကောင်းမှုမှ ကင်းလွတ်ကြမည်။ မိဘများသည် သူတို့၏သားသမီးတို့အား သူတို့၌ခဲရာခဲဆစ်များရှိ၍၊ မှန်သောလမ်းသို့လိုက်လျှောက်ရန်နှင့် မိဘများတို့၏အကြံဥာဏ်များကို တောင်းခံဖို့လိုအပ်လာသောအခါ၊ သူတို့ထံသို့လာရောက်ရန် အားပေးတိုက်တွန်းခြင်းပြုရမည်။ ဘုရားတရားရှိသောမိဘများထက် မည်သူသည် သူတို့၏ဘေးအန္တရာယ်များကို ပို၍ပြသနိုင်အံ့နည်း။ သူတို့၏သားသမီးများ၌ရှိသော ထူးခြားသည့်သဘောကို မည်သူသည် ပို၍သူတို့ထက်နားလည်နိုင်အံ့နည်း။ မိမိ၏သားငယ်၊ သမီးငယ်ကိုပခက်တွင်းအချိန်မှစ၍ သိမြင်ခဲ့သောမိခင်သည် ကလေး၏သဘာဝအနေအထိုင်နှင့် လက်ပွန်းတတီးရှိခဲ့ပြီဖြစ်၍ သားသမီးအတွက် အကောင်းဆုံးအကြံဥာဏ်ကို ပေးနိုင်သည်။ ဖခင်၏မစခြင်းကိုယူ၍၊ မိခင်ထက်သားသမီး၏စာရိတ္တကို ပို၍သိနားလည်သောသူရှိသေးသလော။

## မိဘများကိုပျော်ရွှင်အောင်ပြုလုပ်ခြင်း

ခရစ်ယာန်ဖြစ်သော သားသမီးတို့သည် မြေကြီးနှင့်စပ်ဆိုင်သောကောင်းချီးမင်္ဂလာထက် သူတို့၏ဘုရားတရားရှိသော မိဘတို့၏ချီးမွမ်းထောမနာပြုခြင်းကို ခံယူလိုကြသည်။ သူတို့သည် သူတို့၏မိဘများကိုချစ်၍

ဂုဏ်ပြုကြမည်။ သူတို့၏မိဘတို့အား မည်ကဲ့သို့ပျော်ရွှင်အောင် ပြုလုပ်ရမည် ဟူသောအချက်သည် သူတို့၏အသက်တာ၏အချက်အချာဖြစ်သော သင်ကြား ခြင်းဖြစ်သည်။ ဤပုန်ကန်ထကြွလျက်နေသောခေတ်၌ မှန်ကန်သောသွန်သင် ခြင်းနှင့် စည်းကမ်းတကျနေထိုင်ဖို့ရန် လေ့ကျင့်ခြင်းမရရှိသောသူများသည် သူတို့၏မိဘများတို့၌ တာဝန်ရှိကြောင်းကို မသိကြပေ။ မိဘများသည် သူတို့ အဖို့ပို၍လုပ်ဆောင်ပေးလေ၊ သူတို့သည် ပို၍ကျေးဇူးမသိတတ်လေဖြစ်၍၊ ရှိသေခြင်းအလျှင်းကင်းမဲ့နေကြသည်။

ကလေးများတို့သည် သူတို့၏အလိုသို့လိုက်၍ မပြောမဆိုဘဲနေခြင်း ကို သဘောကျနှစ်သက်ခြင်းရှိကြသည်။ ဤကဲ့သို့မဖြစ်သောအခါ စိတ်ပျက်၍၊ စိတ်ဓာတ်ကျကြသည်။ ဤကဲ့သို့သောအခြေအနေကို သူတို့အသက်တာ တစ် လျှောက်လုံး၌ တွေ့မြင်နိုင်သည်။ သူတို့သည် မည်သည့်အရာကိုမျှ မလုပ် တတ်၊ မကိုင်တတ်၊ သူတစ်ပါးထံမှမစခြင်းရရှိဖို့ရန် တောင်းခံနေကြသည်။ သူတို့ကိုဆန့်ကျင်ဘက်ပြုခဲ့လျှင်၊ မတရားပြုလုပ်သည်ဟုပြောဆို၍ ညည်းညူ လျက်နေကြသည်။ မည်သည့်အရာမျှ သူတို့၏စိတ်သဘောနှင့် တိုက်ဆိုင် ခြင်းမရှိပေ။

သူတို့၏မိဘများကို ကြွေးဆပ်ရန်ရှိသည်ဟု သားသမီးများ၌ယူဆ ခြင်းရှိရမည်။ အကြောင်းမှာ သူတို့သည် နို့စို့အရွယ်မှစ၍ ယုယပိုက်ထွေးခြင်း ပြုလာပြီးလျှင် ဖျားနာသောအခါ၌လည်း ကြည့်ရှုပြုစုခဲ့ကြသည်။ သူတို့အတွက် မိဘတို့၌များစွာကြောင့်ကြစိုးရိမ်ခြင်းရှိခဲ့သည်ကိုလည်း သူတို့စဉ်းစား ရပေမည်။ အထူးသဖြင့် ဘုရားတရားအားကြီးသောမိဘများသည် သူတို့၏ သားသမီး များသည် မှန်သောလမ်းသို့လိုက်နိုင်ဖို့ရန် အလွန်စိတ်ဝင်စားခြင်း ရှိကြသည်။ သူတို့၏သားသမီးများအသက်တာ၌ အပြစ်များကိုတွေ့မြင်ရ သောအခါ၊ သူတို့ ၏စိတ်နှလုံးများ၌ လေးလံခြင်းရှိကြသည်။ သူတို့၏ အပြုအမူကြောင့် မိဘတို့ ၌ စိတ်ပူပန်သောကရောက်ခြင်းကို သားသမီးတို့ သည် တွေ့မြင်ရပါက ဧကန် မုချအမျက်ပြေခြင်းရှိကြမည်။ သူတို့သည် မိခင်၏မျက်ရည်ကိုတွေ့မြင်၍ သူတို့ အတွက် ဘုရားသခင်ထံ၌ဆုတောင်းခံ

ခြင်းကိုကြားနာခဲ့ကြလျှင်၊ သူမ၏ညည်းတွားသက်မချသံကိုသာကြားခဲ့လျှင် သူတို့၏မှားယွင်းခြင်းများကို ချက်ချင်းဝန်ခံ၍ အပြစ်လွှတ်ရန်တောင်းပန်ကြမည်။

## တိုက်ခိုက်ဖို့ရန်အတွက်ခွန်အား

ကလေးများအဖို့ အကြောင်းမကောင်းသောခေတ်၌ ကျွန်ုပ်တို့နေထိုင်ကြသည်။ လုံးလုံးပျက်စီးခြင်းလမ်းသည် ပွင့်လျက်ရှိသည်။ ကလေးဘဝ၏ဗဟုသုတဖြင့် ဤပျက်စီးခြင်းလမ်းကြောင်း၌ နစ်မြုပ်ပျက်စီးခြင်းမဖြစ်စေနိုင်ဖို့ရန်လည်း မတတ်နိုင်ပေ။ အထူးသဖြင့် လူငယ်သည် စာတန်၏သံ့ပန်းဖြစ်နေဟန်တူသည်။ စာတန်နှင့် သူ၏ကောင်းကင်တမန်များသည် သူတို့ကိုပျက်စီးရာလမ်းသို့ ပို့ဆောင်နေသည်။ စာတန်နှင့် သူ၏ရဲဘော်ရဲမက်များတို့သည် ဘုရားသခင်၏အုပ်ချုပ်ခြင်းကို တိုက်ခိုက်နေကြသည်။ ဘုရားသခင်ထံ၌ မိမိတို့၏စိတ်နှလုံးများကိုအပ်နှံ၍ ကိုယ်တော်အလိုရှိသောအရာများကိုနားထောင်သောသူတို့၌ စာတန်သည် သူတို့အားရှုပ်ထွေးစေ၍ သူ၏စုံစမ်းနှောင့်ယှက်ခြင်းများနှင့် အနိုင်ယူလိမ့်မည်။ ထိုအခါ သူတို့သည် စိတ်ပျက်လာ၍ တိုက်ခိုက်ခြင်းကိုစွန့်လွှတ်လိုက်ကြမည်။

စိတ်ထက်သန်စွာဆုတောင်းခြင်းနှင့် အသက်ရှင်နေသောယုံကြည်ခြင်းအားဖြင့်၊ ကြီးကျယ်သောအောင်မြင်ခြင်းများကို ရရှိကြမည်။ အချို့သောမိဘများသည် သူတို့၌ရှိသောတာဝန်ကိုမသိဘဲ သားသမီးတို့အား ဘာသာရေးပညာကို သင်ပေးဖို့ရန်ပျက်ကွက်လျက်ရှိကြသည်။ နံနက်ချိန်၌ ခရစ်ယာန်၏ပထမအကြံအစည်များသည် ဘုရားအပေါ်ရှိရမည်။ လောကီနှင့်ဆိုင်သောအလုပ်နှင့် ကိုယ်ကျိုးရှာဖွေခြင်းသည် အရေးမကြီးသောအရာ များဖြစ်သင့်သည်။ သားသမီးတို့အား ဆုတောင်းခြင်းအချိန်ကို ရိုသေကိုင်းရှိုင်းရန် သင်ကြားပေးရမည်။ အိမ်မှအလုပ်အကိုင်လုပ်ကိုင်ဖို့ရန် ထွက်ခွာမသွားမီ၊ အိမ်သူအိမ်သားများကိုခေါ်ပြီးလျှင်၊ ဖခင်မရှိက မိခင်သည် သူတို့နှင့်အတူ တစ်နေ့လုံးကြည့်ရှုဖို့ရန် ဘုရားသခင်ထံဆုတောင်းပေးရမည်။

## ကန့်ကွက်ဟန့်တားခြင်းကိုသည်းမခံနိုင်ခြင်း

ဥပုသ်နေ့စောင့်ရှောက်ကြသောကလေးများသည် ကန့်ကွက်ဟန့်တားခြင်းကို သည်းမခံနိုင်ကြပေ။ သူတို့၏မိဘများသည် သူတို့အပေါ်၌ကြပ်တည်းလွန်းသည်ဟု ထင်မြင်ကြသည်။ သူတို့၏စိတ်နှလုံးထဲ၌ တင်းမာခြင်းရှိ၍၊ စိတ်မကျေနပ်ခြင်း၊ သူတို့အဖို့ ယခုအချိန်နှင့်အနာဂတ်အချိန်အတွက် အစဉ်ကောင်းဖို့ရန် ပြုလုပ်နေသောသူများကိုလည်း နှစ်သက်ခြင်းမရှိကြောင်း ပြသကြမည်။ သို့သော်လည်း နှစ်အနည်းငယ်ခန့်အသက်ရှည်၍ နေထိုင်ခဲ့ရလျှင် သူတို့၏မိဘများသည် သူတို့အပေါ်၌ ကြပ်တည်းစွာကြည့်ရှုခြင်းနှင့် သစ္စာရှိစွာစောင့်ရှောက်ခဲ့သောကြောင့် ကျေးဇူးတင်ကြလိမ့်မည်။

## တစ်ဦးစီ၏တာဝန်

ကလေးများတို့၊ သင်တို့ကို သင်တို့၏မိဘများကြည့်ရှုစောင့်ရှောက်ခြင်းအောက်၌ထား၍ သင်တို့၏သွန်သင်ခြင်း၊ စည်းကမ်းတကျထားခြင်းများပြုလုပ်ပေးရန် ဘုရားသခင်အလိုရှိတော်မူသည်။ ဤနည်းဖြင့် မိဘတို့သည် သင်တို့၏စာရိတ္တကို ကောင်းကင်နိုင်ငံတော်အတွက် ပြင်ဆင်ပေးရာ၌ သူတို့လုပ်ကိုင်ရမည့်အပိုင်းကို လုပ်ကိုင်နိုင်ကြပေမည်။ သို့သော်လည်း သင်၌ကောင်းသောခရစ်ယာန်စာရိတ္တကြီးပွားခြင်းရှိဖို့ရန် သင်နှင့်သာဆိုင်သည်။ ဘုရားတရားကိုကြောက်ရွံ့ရိုသေခြင်း၊ သစ္စာရှိခြင်း၊ ဆုတောင်းခြင်းရှိသောမိဘများထံမှ သင်ရရှိသောအကျိုးကျေးဇူးများကို အကောင်းဆုံးအသုံးချခြင်းအပေါ်၌တည်သည်။ မိဘတို့၌ မည်မျှပင်စိတ်သောကရောက်၍၊ သစ္စာရှိစေကာမူ၊ သူတို့အနေဖြင့် ကယ်တင်ခြင်းမပေးနိုင်ပေ။ ကလေးများအဖို့အလုပ်လုပ်ကိုင်ရန်ရှိသည်။ ကလေးတိုင်းတို့၌ ကိုယ်စီကိုယ်ငလုပ်ကိုင်ရန်ရှိသည်။

ယုံကြည်သောမိဘတို့၊ သင်တို့၌တာဝန်ကြီးသော အလုပ်တစ်ခုရှိသည်။ ထိုအလုပ်မှာ သင်တို့သားသမီးတို့၏ခြေလှမ်းကိုစောင့်ရှောက်ပေးဖို့ ရန်ဖြစ်သည်။ သူတို့၏ဘာသာရေးဗဟုသုတလည်း ပါဝင်သည်။ သူတို့သည် ဘုရားသခင်ကို ကေန်အမှန်ချစ်သောအခါ၊ သူတို့ကို သင်သည် ကြည့်ရှုခဲ့သောကြောင့်လည်းကောင်း၊ သူတို့၏အလိုဆန္ဒများကို သစ္စာရှိစွာ ဟန့်တားသောကြောင့်လည်းကောင်း၊ သူတို့သည် သင့်ကိုကောင်းချီးပေး၍ ရိုသေကြလိမ့်မည်။ Testimonies for the Church, vol. 1, pp. 391-403.

## သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းနှင့်ခြုံထားခြင်း

ကျွန်ုပ်တို့သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားနှင့်ခြုံထားသောအခါ၊ ကျွန်ုပ်တို့သည် အပြစ်ကိုနှစ်သက်ကြမည်မဟုတ်။ အကြောင်းမှာ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူ လုပ်ဆောင်လျက်ရှိသည်။ ကျွန်ုပ်တို့သည် အမှားကိုပြုလုပ်ကြပေမည်။ သို့သော်လည်း ဘုရားသခင်၏သားတော်ကို ဒုက္ခရောက်စေသောအပြစ်ကို ကျွန်ုပ်တို့မုန်းတီးကြမည်။ Review and Herald, March 8, 1890.

–o–

# လူငယ်သည်တာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်း – ၁၁၄

ဤလူငယ်များတို့သည် အိမ်၌လုပ်ကိုင်ဆောင်ရွက်ရန် တာဝန်များ ရှိသော်လည်း သူတို့သည်မလုပ်မကိုင်ဘဲနေကြသည်။ သူတို့သည် ဝတ္တရားကိုဆောင်ရွက်ဖို့ရန် မသင်ကြားကြသေးပေ။ အိမ်ထောင်နှင့်ဆိုင်သော တာဝန်ဝတ္တရားများကိုလည်း မထမ်းဆောင်ကြသေးပေ။ သူတို့ထမ်းဆောင်ဖို့ရန် တာဝန်ရှိသည်။ သူတို့၌သစ္စာရှိ၍ အသုံးဝင်လုပ်ကိုင်တတ်သောမိခင်ရှိရာ၊ သူတို့လုပ်ကိုင်ဆောင်ရွက်ရမည့်အလုပ်များကို သူမသည်လုပ်ကိုင်ခဲ့သည်။ဤအချက်၌ သူတို့သည် သူတို့၏မိခင်ကိုဂုဏ်ပြုဖို့ရန် ပျက်ကွက်ခဲ့ကြသည်။ သူတို့၏ဖခင်အလုပ်သည် သူတို့၏အလုပ်ပင်ဖြစ်သည်ဟု ယူဆ၍ခွဲဝေယူခြင်းမရှိခဲ့ပေ။ ဖခင်ကိုလည်း ဂုဏ်ပြုသင့်သလောက် ဂုဏ်မပြုကြပေ။ သူတို့သည်ဝတ္တရားထက် စိတ်၏အလိုသို့လိုက်ခဲ့ကြသည်။

သူတို့သည် သူတို့၏အသက်တာ၌ တစ်ကိုယ်ကောင်း၊ ကောင်းစားရေးလမ်းစဉ်ကို လိုက်ခဲ့ကြသည်။ တာဝန်နှင့်လုပ်ဆောင်ခြင်းကိုလွဲရှောင်၍ အသက်တာ၌အောင်မြင်ခြင်းဖြစ်စေနိုင်မည့် အဖိုးထိုက်တန်သော ဗဟုသုတကို ရရှိဖို့ရန် ပျက်ကွက်ခဲ့ကြသည်။ ငယ်သောအရာများ၌ သစ္စာရှိခြင်း၏အရေးကြီးခြင်းကိုလည်း မသိမြင်ကြပေ။ မိဘများအားသစ္စာရှိဖို့ရန် တာဝန်ရှိကြောင်းကိုမသိ၊ သူတို့လျှောက်သွားရသောလမ်းပေါ်၌ နှိမ့်ချခြင်း၊ စေ့စပ်သေချာခြင်းနှင့် သစ္စာရှိခြင်းများရှိနေခြင်းကို မသိကြပေ။ အသုံးဝင်သောအသက်တာအဖို့ အလွန်လိုအပ်နေသော သာမန်အသိပညာအပေါ်သို့ ကျော်လွန်၍ကြည့်ရှုကြသည်။

## အိမ်ထောင်စုကိုပျော်ရွှင်စေရန်ပြုလုပ်ခြင်း

ဤလူငယ်များသည် မည်သည့်အရပ်၌မဆို ကောင်းချီးတစ်ရပ်ဖြစ်မည်ဆိုပါက၊ အိမ်ထောင်၌သာဖြစ်သင့်သည်။ စိတ်တည်ငြိမ်ခြင်းအကြောင်း

ယုတ္တိဖြင့် သတိထားဆုံးဖြတ်ခြင်း၊ မမှားယွင်းနိုင်သော ပိုင်းခြားဝေဖန်တတ်ခြင်းနှင့် သိမြင်တတ်သောသြတ္တပ္ပစိတ်များဖြင့် ဦးဆောင်နေရမည့်အစား စိတ်အလိုသဘောသို့အပ်ပေးခဲ့လျှင်၊ သူတို့သည် အသင်းအဖွဲ့သို့လည်းကောင်း၊ သို့မဟုတ် သူတို့ဖခင်၏အိမ်ထောင်သို့လည်းကောင်း၊ ကောင်းချီးမင်္ဂလာတစ်ရပ်မဖြစ်နိုင်ပေ။ ဤလောကနှင့် နောင်သာ၍ကောင်းသောကမ္ဘာအတွက် သူတို့၏မျှော်ကိုးရန်အရာများသည် ဘေးအန္တရာယ်မကင်း ဖြစ်နေလိမ့်မည်။

သူတို့၏အလျင်ကျသောအသက်တာသည် တာဝန်ဝတ္တရားကိုစောင့်ထိန်းဖို့ရန်အတွက် စီမံထားခြင်းမဟုတ်ဟု အများသောလူငယ်များ၌ထင်မြင်ခြင်းရှိကြသည်။ ထိုအချိန်၌ကစားခြင်း၊ စကားပျက်ပြောဆိုခြင်း၊ လှောင်ပြောင်ခြင်းနှင့် မိုက်မဲသောလိုက်စားခြင်းများ၌သာ အချိန်ကုန်ဖို့ရန်ဖြစ်သည်။ ဤနည်းဖြင့် မိုက်မဲသောအရာများ၌သာ စိတ်ဝင်စား၍ ခေတ္တခဏစိတ်အလိုကိုပြည့်ဝစေသောအရာများ၌သာ စွဲလမ်းနေကြသည်။ သူတို့၌ပျော်ပါးခြင်းကိုဆန္ဒရှိခြင်း၊ ပေါ့ပေါ့ဆဆနေထိုင်လိုခြင်းကြောင့် အသက်တာ၏မှန်ကန်သောအရာများသည် ပျက်ပြားသွားခဲ့၍ အိမ်ထောင်နှင့်စပ်ဆိုင်သောဝတ္တရားများ၌လည်း စိတ်ဝင်စားခြင်းမရှိတော့ပေ။ သူတို့၏အသက်တာ၌ စိတ်ကိုပြောင်းလဲပေးဖို့ရန် အရာမရှိတော့ပေ။ ဤလူငယ်များသည် အိမ်ထောင်ကိုဝမ်းသာ၍ပျော်ရွှင်အောင်လုပ်ပေးဖို့ တာဝန်ရှိသည်။

ခွန်အားများစွာစိုက်ထုတ်၍ လုပ်ကိုင်ရသောကြောင့် ကိုယ်ခန္ဓာကိုအနားပေးသောသဘောဖြင့် ပြောင်းလဲလုပ်ကိုင်ဖို့ရန် လိုအပ်ပေလိမ့်မည်။ နောက်တစ်ဖန် ကြိုးစားလုပ်ကိုင်ခြင်းဖြင့် သာ၍အောင်မြင်ခြင်းရရှိနိုင်မည်၊ သို့သော်လည်း လုံးဝမလုပ်ကိုင်ဘဲနားနေဖို့ရန် လိုအပ်မည်မထင်ပေ။

အလုပ်တစ်ခု၌ပင်ပန်းနေသောကြောင့် အဖိုးထိုက်တန်သောအချိန်များကို ဖြုန်းဖို့ရန်အကြောင်းမရှိပေ။ မမောပန်းသောအလုပ်မျိုးကိုရှာဖွေ၍ လုပ်ကိုင်နိုင်သည်။ သို့သော်လည်း ထိုသို့သောအလုပ်အကိုင်သည် မိခင်နှင့်ညီမများအဖို့ ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်စေရမည်။ အလုပ်ကိုလုပ်ကိုင်ရာ၌

ပင်ပန်းသည်ဟု သဘောမထားဘဲ ကြိုးစားလုပ်ကိုင်ခြင်းသည် ကျင့်ဝတ္တရား နှင့်လည်းညီ၍၊ သူတို့၏အချိန်သည် အရာမရောက်သောကိစ္စ၌ ကုန်ခဲ့ခြင်း မရှိပေ။ ၎င်းအပြင် ကိုယ့်အလိုကိုလိုက်စားခြင်းလည်းမရှိခဲ့ပေ။ Testimonies for the Church, vol. 3, pp. 221-223.

–o–

# ဝတ်ပြုကိုးကွယ်ရာအချိန် – ၁၁၅

သမ္မာကျမ်းစာကိုသင်ကြားလိုသောဆန္ဒရှိဖို့ရန် လှုံ့ဆော်ပေးရာ၌၊ ဘုရားဝတ်ပြုကိုးကွယ်ခြင်းအချိန်ကို အသုံးပြုခြင်းအပေါ်၌ များစွာအမှီပြုလျက် နေလေသည်။ နံနက်အချိန်နှင့်ညနေအချိန်၌ ဘုရားဝတ်ပြုကိုးကွယ်ခြင်းသည် တစ်နေ့တာအဖို့ အသာယာဆုံးနှင့် အကူအညီအရဆုံးအချိန်ဖြစ်ရမည်။ ဤ အချိန်များ၌ ဒုက္ခပေးတတ်၍ မကြင်နာတတ်သောအကြံအစည်များဝင်ရောက် လာဖို့ရန် အခွင့်မပြုရကြောင်းနားလည်ရမည်။ ထိုအချိန်၌ မိဘများနှင့်ကလေး များသည် သခင်ယေရှုကိုတွေ့ဆုံဖို့ရန် စုရုံးနေကြ၍၊ သန့်ရှင်းသောကောင်းကင် တမန်များကိုလည်း အိမ်ထောင်သို့ခေါ်ဖိတ်နေခြင်းဖြစ်သည်။ စည်းဝေးကိုပြု လုပ်ရာ၌ တိုတိုတုတ်တုတ်နှင့် အများစိတ်ဝင်စားခြင်းဖြစ်ပါစေ။ ရံဖန်ရံခါ အစီအစဉ်ကိုပြောင်းလဲပေးပါ။ ကျမ်းစာကိုဖတ်သောအခါ လူတိုင်း လိုက်ဖတ် ကြ၍၊ ဘုရားသခင်၏ပညတ်တော်ကို ရွတ်ဆိုနိုင်ကြသည်။ တစ်ခါတစ်ရံ ကလေးများကိုယ်တိုင်ရွေးချယ်သောကျမ်းချက်များကို သူတို့ အားဖတ်ခိုင်းပါက၊ သူတို့၌စိတ်ဝင်စားခြင်းပိုမိုလာကြမည်။ သူတို့ကိုမေးမြန်းပါ။ သူတို့ကိုလည်း မေးမြန်းခိုင်းပါ။ အဓိပ္ပါယ်နားလည်နိုင်ဖို့ရန် ပုံပမာများကို အသုံးပြုနိုင်သည်။ စည်းဝေးသောအချိန်သည် ရှည်လျားခြင်းမရှိပါက၊ ကလေးများအားဆုတောင်း ဖို့ရန်အခွင့်ပေးပါ။ သီချင်းဆိုဖို့ရန်လမ်းဖွင့်ပေးပါ။

စည်းဝေးပြုလုပ်ရာ၌ အများစိတ်ဝင်စားခြင်းရှိဖို့ရန် ပြင်ဆင်ခြင်းရှိ ရမည်။ မိဘများသည် ကလေးများနှင့်အတူ ကျမ်းစာဖတ်ဖို့ရန်အချိန်ရှိရမည်။ ဤကဲ့သို့ပြုလုပ်နိုင်ဖို့ရန် ကြိုးစား၍စီမံရမည်။ အဆုံး၌များစွာအကျိုး သက် ရောက်ခြင်းရှိလိမ့်မည်။ Education, p. 186.

–၀–

# ဘာသာရေးနှင့်ဆိုင်သော
# ညှော်ဝတ်ပြုခြင်း – ၁၁၆

ကျွန်ုပ်တို့၏အိမ်ထောင်အသက်တာတွင် တစ်ဦးနှင့်တစ်ဦးပေါင်းသင်းဆက်ဆံခြင်း၌ ခရစ်တော်၏နူးညံ့သိမ်မွေ့ခြင်းနှင့် မာန်မာနကင်းသောစိတ်အခြေအနေသည် အုပ်စိုးနေခဲ့လျှင် ကျွန်ုပ်တို့သည် သာလွန်ပျော်ရွှင်ပြီး ပို၍အသုံးဝင်ကြမည်။ ချီးမွမ်းခြင်းခံရဖို့နှင့် (သို့မဟုတ်) ညှော်သည်များတို့၏မနာလိုဝန်တိုစိတ်ဖြစ်ပေါ်လာအောင် လှုံ့ဆော်ပြုလုပ်နေမည့်အစား ပျော်ရွှင်ခြင်း၊ ကိုယ်ချင်းစာနာတတ်ခြင်းနှင့်ချစ်မြတ်နိုးခြင်းဖြင့် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌နေထိုင်သောသူတို့ကို ပြုလုပ်ပေးကြစို့။ ကျွန်ုပ်တို့သည် ခရစ်တော်၏စိတ်အလိုအတိုင်း ပြုလုပ်ဆောင်ရွက်နေသည်ကို ညှော်သည်များတွေ့မြင်ပါစေ။ ကျွန်ုပ်တို့၏အခြေအနေသည် ဆင်းရဲနိမ့်ကျနေသော်လည်း ရောင့်ရဲခြင်းနှင့်ကျေးဇူးတင်တတ်သောသဘောရှိကြောင်းကို ပြသပါ။ မှန်ကန်သောခရစ်ယာန်တစ်ယောက် အိမ်ထောင်၏ပတ်ဝန်းကျင်သည် ငြိမ်သက်ခြင်းနှင့်နားနေခြင်းဖြစ်သည်။ ဤကဲ့သို့သောပုံသက်သေ၌ ထိရိုက်ခြင်းရှိလှ၏။

ညှော်သည်များကို ချမ်းသာခြင်းနှင့်ပျော်ရွှင်ခြင်းဖြစ်စေနိုင်ဖို့ရန် ကျွန်ုပ်တို့သည် လုံ့လထုတ်ရာ၌၊ ဘုရားသခင်အားလုပ်ကိုင်ပေးရမည့်တာဝန်ကျွန်ုပ်တို့၌ရှိနေကြောင်းကို မမေ့သင့်ပေ။ ဆုတောင်းခြင်းအချိန်ကို မည်သည့်နည်းနှင့်မျှ ဂရုမစိုက်ဘဲမနေရပေ။ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရာ၌ မိမိစိတ်အလိုဆန္ဒအတိုင်း စကားများများပြောဆို၍၊ အများသူမောပန်းခြင်းသို့ရောက်အောင် မလုပ်ပါနှင့်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် ဘုရားသခင်အားချို့တဲ့သောအလှူကို လှူဒါန်းခြင်းပင်ဖြစ်သည်။ ညနေချမ်းအချိန်၌ ကျွန်ုပ်တို့သည် အလျင်တဆောမပြုလုပ်ဘဲ နားလည်စွာဖြင့်ဆုတောင်းနိုင်ကြသည်။ ဝမ်းမြောက်ဝမ်းသာသောအသံများဖြင့် ကိုယ်တော်ကိုကျေးဇူးတင်ချီးမွမ်းခြင်းပြုနိုင်သည်။

ခရစ်ယာန်တို့၌ ဆုတောင်းသောအချိန်သည် အလွန်အဖိုးထိုက်တန်သောအချိန်၊ ရိုသေဖွယ်သောအချိန်၊ အပျော်ရွှင်ဆုံးသောအချိန်ဖြစ်ကြောင်းကို လာရောက်သောဧည့်သည်များ တွေ့မြင်ပါစေ။ ဤဝတ်ပြုချိန်သည် ဝင်ရောက်ဝတ်ပြုသောသူအားလုံးတို့အပေါ်၌ ကြီးကျယ်သောဩဇာသက်ရောက်ခြင်းကို ဖြစ်စေသည်။ ၎င်းသည် ငြိမ်သက်ခြင်းနှင့်ကျေးဇူးတင်တတ်သောသဘောကို ဖြစ်စေသည်။ Review and Herald, November 29, 1887.

–o–

# အပိုင်း ၁၂

# ဝတ်စားတန်ဆာနှင့် ဆင်ယင်ခြင်း

လူတစ်ယောက်၏အကျင့်စာရိတ္တကို သူဝတ်ဆင်သော အဝတ်အစား ပုံပန်းကိုကြည့်၍ ဆုံးဖြတ်ကြသည်။ ယဉ်ကျေးသိမ်မွေ့ခြင်းနှင့် စည်းကမ်းသေဝပ်သောစိတ်သဘောသည် ရိုးရိုးဝတ်စားဆင်ယင်ထားခြင်း၌ ဖော်ပြ လျက်ရှိလိမ့်မည်။ ဣန္ဒြေရစွာဝတ်စားဆင်ယင်ခြင်းကို ကာယဣန္ဒြေရှိသော အသွင်အပြင်နှင့် ပူးပေါင်းလိုက်သောအခါ ငယ်ရွယ်သောမိန်းကလေး တစ်ယောက်ကို ရိုသေဖွယ်သောအပြုအမူသည် ဝန်းရံထားလိုက်သော ကြောင့်၊ သူမကို တစ်ထောင်သော ဘေးအန္တရာယ်တို့မှ ကင်းလွတ်ခြင်းသုခ ကို ရရှိလိမ့်မည်။ Education, p. 248.

# စာရိတ္တကိုဆောက်လုပ်ရာ၌ပါဝင်သော ခေါင်းစဉ်များ – ၁၁၇

ကလေးများနှင့်လူငယ်များသည် သူတို့ပြောဆိုသောစကားများနှင့် အပြုအမူများ၌ သတိထားဖို့ရန် လေ့ကျင့်ပေးရမည်။ အကြောင်းမှာ သူတို့ လုပ်ကိုင်သောအရာသည် နေရောင်ခြည် (သို့မဟုတ်) အရိပ်ကို ဖြစ်စေနိုင်သည်။ သူတို့နေထိုင်သောအိမ်များ၌သာမက သူတို့နှင့်တွေ့ထိသောသူတို့ ၌လည်း ကူးစက်နိုင်လေသည်။ လူငယ်သည် သတိထားခြင်း၊ စဉ်းစား ဆင်ခြင်တတ်ခြင်းနှင့် အပြစ်မလုပ်ဖို့ရန်ချုပ်တည်းနေစဉ်၊ သူတို့၌ အထက် မှလာသောဉာဏ်ပညာနှင့် သခင်ယေရှုတစ်ပါးတည်းသာပေးနိုင်သော ခွန်အား ရှိထားရမည်။

## မှန်ကန်သောဆင်ယင်ခြင်း

အဆင်းလှခြင်းနှင့် ပြောင်လက်စွာဝတ်စားဆင်ယင်ထားခြင်းသည် လောက၌ လူအထင်အမြင်ကြီးခြင်းခံရလိမ့်မည်ဟု အများသောသူတို့သည် မိမိတို့ကိုယ်ကို လှည့်စားနေကြသည်။ သို့သော် ပြင်ပအရာအားဖြင့် စွဲမက်စေခြင်းသည် တိမ်၍ပြောင်းလဲခြင်းမြန်လှ၏။ ထိုအရာများအပေါ်၌ အမှီ မပြုနိုင်ပေ။ ခရစ်တော်သည် မိမိ၏နောက်လိုက်များအား အမိန့်ပေးခဲ့သော ဆင်ယင်ခြင်းသည် မည်သည့်အခါမျှ ပျက်ပြယ်သွားလိမ့်မည်မဟုတ်ပေ။ သင်တို့၌တန်ဆာဆင်ခြင်းမူကား "ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ် ခြင်းတည်းဟူသော အပြင်တန်ဆာဆင်ခြင်းမရှိစေဘဲ၊ ဘုရားသခင်ရှေ့မှာ အဖိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖောက်ပြန် မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏အတွင်းလူဖြစ်စေ ကြလော့" ဟု သခင်ယေရှုမိန့်တော်မူသည်။

လူငယ်များသည် မိမိတို့ကိုယ်ကို အပြင်ပန်းလှပဖို့ရန် ပြင်ဆင်သော အချိန်၏ထက်ဝက်လောက်ကိုသာ အသက်ဝိညာဉ်ရေးအဖို့ပြုစုခြင်း၊ အတွင်းစိတ်ကို ဆင်ယင်ခြင်းပြုခဲ့လျှင် သူတို့၏အနေအထိုင်၊ အသွင်အပြင်၊ စကားပြောဆိုခြင်းနှင့် လှုပ်ရှားခြင်းတို့၌ များစွာခြားနားခြင်းကို တွေ့မြင်ရလိမ့်မည်။ ခရစ်တော်၏နောက်တော်သို့လျှောက်လိုက်ဖို့ရန် မှန်ကန်စွာရှာဖွေနေသော သူတို့သည် သူတို့ဝတ်ဆင်သောအဝတ်အစား၌ သတိကြီးစွာထားကြလိမ့်မည်။ သူတို့သည် ဤကိစ္စ၌ သခင်ယေရှုအမိန့်တော်အတိုင်း တစ်သဝေမတိမ်း လိုက်နာကြလိမ့်မည်။ ယခုအချိန်၌ ဝတ်စားဆင်ယင်ခြင်း၌ အပိုအမိုများအတွက် ကုန်ကျသောငွေကို ဘုရားသခင်၏အမှုတော်တိုးတက်စေဖို့ရန် သုံးစွဲကြမည်။ ဤနည်းဖြင့် သူတို့သည် ယုံကြည်စိတ်ချရသောရာထူးများအတွက် တော်သင့်သောသူများဖြစ်ကြမည်။ သခင်ယေရှုသည် သူတို့ကို တန်ဖိုးမဖြတ်နိုင်သောအဖိုးဖြင့် ဝယ်ယူခဲ့သောကြောင့်၊ သခင်ယေရှုမျှော်လင့်သည့်အတိုင်း လိုက်နာကြလိမ့်မည်။

ချစ်သောကလေးများနှင့်လူငယ်များတို့၊ ဤနေရာ၌ သခင်ယေရှုကို ချစ်၍ လုပ်ဆောင်ပေးသောသူတို့အဖို့ ပြင်ဆင်ထားသောအခန်းများ၌ သင့်အဖို့အိမ်တစ်ဆောင်ကို ပေးလိမ့်မည်။ ကိုယ်တော်သည် ကောင်းကင်နိုင်ငံအိမ်တော်ကို စွန့်ခွာတော်မူ၍ အပြစ်နှင့်စွန်းထင်းနေသော ဤလောကသို့ ဆင်းသက်လာတော်မူသည်။ ကိုယ်တော်ကိုမနှစ်သက်သောသူများ၊ ကိုယ်တော်၏သန့်စင်ခြင်းနှင့် သန့်ရှင်းခြင်းကိုမချစ်မနှစ်သက်သောသူများ၊ ကိုယ်တော်၏သွန်သင်ခြင်းများကို မထီလေးစားပြုလုပ်သောသူများထံသို့ ကိုယ်တော်သည် ကြွရောက်လာတော်မူခဲ့ရာ နောက်ဆုံး သူတို့သည် ကိုယ်တော်ကိုအလွန်ရက်စက်စွာ သတ်ပစ်လိုက်ကြလေသည်။ “ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရရှိစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းရှိတော်မူသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူသည်။”

## ပြင်ပလက္ခဏာ

သင့်အဖို့ ဤမျှကြီးကျယ်သောအနစ်နာခံခဲ့ခြင်းကြောင့် ဘုရားသခင်သည် သင့်ထံမှတုံ့ပြန်သောအနေဖြင့် တစ်စုံတစ်ခုကိုအလိုရှိသည်။ သင်သည် ခရစ်ယာန်တစ်ယောက်ဖြစ်ဖို့ရန် ဘုရားသခင်အလိုတော်ရှိသည်။ နာမည်၌သာခရစ်ယာန်မဟုတ်၊ ဝတ်စားဆင်ယင်ခြင်းနှင့် စကားပြောဆိုခြင်း၌ ခရစ်ယာန်ဖြစ်ရမည်။ ကာယကွန္တေ့ရှိသောအဝတ်အစားကို ဝတ်ဆင်ဖို့ရန် ကိုယ်တော်အလိုရှိသည်။ အတွန့်များခြင်းနှင့် ငှက်မွေးများထည့်၍ချုပ်ထားသော အဝတ်များကိုမဝတ်ပါနှင့်။ သင်၏အမူအရာ၌လည်း ကောင်းကင်နိုင်ငံတော်က လက်ခံနိုင်သော အမူအရာဖြစ်ပါစေ။ ချစ်သောလူငယ်၊ ကိုယ်တော်၏ မျှော်မှန်းချက်ကို စိတ်ပျက်စေမည်လား။

ပြင်ပလက္ခဏာသည် ကြိမ်ဖန်များစွာ စိတ်၏အညွှန်းဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်စပ်ဆိုင်၍ လောကကြီး၏ဆုံးဖြတ်ချက်ချမှတ်မည်ကို သတိပြုရမည်။ သင်တို့သည် ချစ်ဖွယ်ကောင်းသောကလေးများအနေဖြင့် ခရစ်တော်နောက်သို့လိုက်ရန် ကျွန်ုပ်တို့အလိုရှိသည်။ အရာရာ၌ ကိုယ်တော်ဖော်ပြထားသောအလိုတော်အတိုင်း နားထောင်ရမည်။ ထိုအတွင်း တန်ဆာဆင်ယင်ခြင်းကို စိတ်အားကြီးစွာရှာဖွေခြင်းဖြင့် သင်တို့၏ကယ်တင်ရှင်သဘောကျဖြစ်စေနိုင်ဖို့ရန် ကျွန်ုပ်တို့အလိုရှိသည်။ ဤနည်းဖြင့် နေ့စဉ်နေ့တိုင်း၊ သခင်ယေရှုမစတော်မူခြင်းအားဖြင့် ကိုယ်ကိုကိုယ်အောင်မြင်လိမ့်မည်။ မာနထောင်လွှားခြင်းနှင့် ဟန်ပြဖို့ရန်ချစ်ခြင်းကို သင်တို့၏စိတ်နှလုံးနှင့်အသက်တာများမှ ဖယ်ရှားပစ်လိုက်လိမ့်မည်။ နူးညံ့သိမ်မွေ့ခြင်းနှင့် ရိုးရိုးကုပ်ကုပ်နေခြင်းကို အားပေးလိမ့်မည်။ ဤနည်းဖြင့် လူငယ်များသည် သခင်ခရစ်တော်အဖို့ သစ္စာရှိသောစစ်သားများပါဝင်သည့် တပ်ကြီးတစ်တပ်ဖြစ်လာနိုင်သည်။

ကျွန်ုပ်တို့သည် အလွန်ဆိုးသွမ်းသောအချိန်အခါ၌ နေထိုင်ကြရာ၊ ဘုရားသခင်ကိုချစ်၍ စကားတော်ကိုနားထောင်မည်ဟု ဝန်ခံသောသူတို့သည် သူတို့၏အသက်တာ၌ နေ့စဉ်ကိုယ်တော်ကို ငြင်းပယ်နေကြသည်။ "လူတို့

သည်ကိုယ်ကိုကိုယ်ချစ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကိုရှုတ်ချသောသူ၊ မိဘစကားကို နားမထောင်သောသူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်းမရှိသောသူ၊ ပကတိ ကြင်နာစုံမက်ခြင်းနှင့်ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ ချောစားတတ်သောသူ၊ ကိုယ်ကျန္ဒြေကိုမချုပ်တည်းနိုင်သောသူ၊ ပြင်းထန်သောသူ၊ သူတော်ကောင်းကို မုန်းသောသူ၊ သစ္စာကိုဖျက်တတ်သောသူ၊ သတိပေးခြင်းကိုမခံသောသူ၊ မာန်မာနနှင့်ယစ်မူးသောသူ၊ ဘုရားသခင်ကိုနှစ်သက်သည်ထက် ကာမဂုဏ် ခံစားခြင်းကို သာ၍နှစ်သက်သောသူ၊ ဘုရားဝတ်၌မွေ့လျော်ယောင်ဆောင်၍ မွေ့လျော်ခြင်းတန်ခိုးကိုငြင်းပယ်သောသူ ဖြစ်ကြလိမ့်မည်။" ချစ်သောလူငယ်၊ ဘုရားသခင်သည် သင့်ကိုဤလူမျိုးစားထဲ၌ရှိနေသည်ကို မတွေ့မြင်လိုပေ။ ကိုယ်တော်၏နှုတ်ကပတ်တော်၌ ဤမကောင်းမှုများကိုရှောင်ရှားဖို့ရန် သင်သည် သင်ကြား၍ နောက်ဆုံး၌ အောင်မြင်သောသူများဖြစ်လာနိုင်သည်။

"သူတို့သည် သိုးသငယ်၏အသွေးအားဖြင့်လည်းကောင်း၊ မိမိတို့ သက်သေခံချက် နှုတ်ကပတ်တရားအားဖြင့်လည်းကောင်း အောင်မြင်ကြသည်။ ထိုအခါ ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့သည် တစ်ယောက်ကို တစ် ယောက်နှုတ်ဆက်၍ ပြောဆိုကြ၏။ ထာဝရဘုရားသည်လည်း နားထောင် ၍ကြားတော်မူ၏။ ထာဝရဘုရားကိုကြောက်ရွံ့၍ နာမတော်ကိုအောက်မေ့ သောသူတို့အဖို့ ရှေ့တော်တွင် စာရင်း၌မှတ်သားလျက်ရှိ၏။"

## သက်သေခံခြင်း

သင်သည် မကောင်းမှုလက္ခဏာရှိသောအရာကို ရှောင်ရှားခြင်းဖြင့် မလုံလောက်သေးပေ။ ဤအနေထက်ပို၍လုပ်ရမည်။ သင်သည် ကောင်းမွန် စွာလုပ်ကိုင်နိုင်ရမည်။ သင်သည် ခရစ်တော်ကိုဤလောကသို့ဖော်ပြရမည်။ ဘုရားသခင်၏အလုပ်တော်များကို မည်ကဲ့သို့လုပ်ကိုင်ဆောင်ရွက်ရမည်ဟူ သောအချက်များသည် သင့်အဖို့နေ့တိုင်းလေ့လာရမည့်အရာများဖြစ်သည်။

ကိုယ်တော်၏နောက်လိုက်များသည် အသက်ရှင်သောစာများဖြစ်၍၊ လူအားလုံးတို့သည် သိ၍ဖတ်နိုင်ရမည်။

သင်သည်အလိုရှိရုံမျှဖြင့် မည်သည့်အခါမျှ ကောင်းသောစာရိတ္တကို မရရှိနိုင်ပေ။ လုပ်ကိုင်မှသာလျှင်ရရှိနိုင်သည်။ ဤကိစ္စ၌ သင်၏ဆန္ဒရှိခြင်းများကို စိတ်ထက်သန်ခြင်း၊ ရိုးသားခြင်းနှင့် သည်းခံ၍လုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် ဖော်ပြရမည်။ တိုးတက်နေသောလောကား၌ နေ့စဉ်နေ့တိုင်းရှေ့သို့တိုးတက်သွားနေသောခြေလှမ်း၊ လှမ်းသွားခြင်းဖြင့် နောက်ဆုံးထိပ်သို့ရောက်ရှိသွား၍၊ အောင်မြင်သောသူတစ်ယောက်ဖြစ်နေသည်။ မှန်ပေသည်။ အောင်မြင်သောသူထက်ပင်ပိုမိုသေး၏။ သင့်ကိုချစ်သောကိုယ်တော်မှ အောင်မြင်ခြင်းကိုရရှိသည်။ The Youth's Instructor, November 5, 1896.

## အဝတ်အစားကိုကြည့်၍ဘာသာတရားကိုဆုံးဖြတ်ခြင်း

ချစ်သောလူငယ်၊ သင်သည် ခေတ်ဆန်သောဇာပန်း၊ ရွှေတန်ဆာ၊ ကိုယ်ဟန်ပြဖို့ရန် အစစ်အမှန်မဟုတ်သော မွမ်းမံခြယ်လှယ်ထားသည့် အဝတ်တန်ဆာများကို ဝတ်ဆင်ထားခဲ့လျှင်၊ သင်ယုံကြည်ဝန်ခံနေသော ဘာသာတရားကို သူတစ်ပါးတို့အား ထောက်ခံခြင်းမပြုပေ။ သင်၏ပြင်ပ တန်ဆာဆင်ယင်ထားခြင်းများကို လူတို့သည်ကြည့်ရှု၍ သင့်၌ခွန်အားနည်း သောစိတ်နှင့် မာနထောင်လွှားသောစိတ်နှလုံးရှိသည်ဟု ထင်မြင်ယူဆကြ လိမ့်မည်။ ငယ်ရွယ်သောမိန်းကလေးများအဖို့ ရိုးရိုးနှင့်၊ ပြေပြစ်၊ ကိုယ်ဟန် ပြခြင်းမရှိသောအဝတ်အစားသည် ကောင်းမွန်ခြင်းကို ထောက်ခံနေခြင်းဖြစ် လိမ့်မည်။သင်သည် သူတစ်ပါးတို့ရှေ့၌ ရိုးရိုးဝတ်စားဆင်ယင်ခြင်းအားဖြင့် သင်၏အလင်းကိုထွန်းလင်းနိုင်သည်။ သင်သည် လူအားလုံးတို့အား ထာဝရတည်သောအရာများနှင့်နှိုင်းယှဉ်ပြ၍၊ ဤအသက်တာနှင့်ဆိုင်သော အရာများအပေါ်၌ မှန်ကန်သောခန့်မှန်းချက်ကို ပြသလိမ့်မည်။ Testimonies for the Church, vol. 3, p. 376.

—o—

# အဝတ်အစားနှင့်အကျင့်စာရိတ္တ – ၁၁၈

ခရစ်တော်၏နောက်လိုက်များသည် မြေကြီးပေါ်၌ လောက၏ဆား အနေဖြင့်လည်းကောင်း၊ လောက၏အလင်းအနေဖြင့်လည်းကောင်း၊ ကိုယ်တော် ကိုကိုယ်စားပြုကြသည်။ ခရစ်ယာန်တို့၏ကယ်တင်ခြင်း ဩဇာသက်ရောက် ခြင်းမရှိပါက ကမ္ဘာကြီးသည် ၎င်း၏ရှုပ်ထွေးခြင်း၌ ပျက်စီးသွားလိမ့်မည်။ အောက်ပါဖော်ပြထားသော ခရစ်ယာန်အမျိုးအစားကိုကြည့်ရှုပါ။ သူတို့သည် အဝတ်အစားဆင်ယင်ခြင်း၌ သတိမရှိကြ။ သူတို့၏လုပ်ကိုင်ဆောင်ရွက်ခြင်း၌ သူတို့ဝတ်စားဆင်ယင်သည့်အတိုင်း သပ်သပ်ရပ်ရပ်မရှိကြပေ။ ကြမ်းတမ်း၏။ ယဉ်ကျေးခြင်းမရှိ၊ အမူအရာ၌ကြမ်းတမ်း၏။ စကားပြောဆိုခြင်း၌ ပေါ့ပျက် သည်။ ယင်းအချိန်၌ပင် သိမ်ဖျင်းယုတ်ညံ့သောအမူအရာများကို နှိမ့်ချခြင်းနှင့် ခရစ်ယာန်အသက်တာပင်ဖြစ်သည်ဟု ယူဆကြသည်။ ကယ်တင်ရှင်သည် ဤ လောက၌သာရှိပါက၊ ဤလူများကိုညွှန်ပြ၍ သူတို့သည် ဤလောက၏ဆား၊ ဤလောက၏အလင်းဖြစ်သည်ဟု မိန့်တော်မူ လိမ့်မည်လော။ မည်သည့်အခါမျှ မိန့်တော်မူမည်မဟုတ်ပေ။

ခရစ်ယာန်များသည် သူတို့၏စကားပြောဆိုခြင်း၌ မြင့်မားလျက်ရှိ ကြသည်။ မိုက်မဲသောမြှောက်ပင့်ပေးခြင်း၌ အပြစ်ရှိသည်ဟု သူတို့ယုံကြည် ကြသော်လည်း၊ သူတို့၌ယဉ်ကျေးခြင်း၊ ကြင်နာခြင်းနှင့် သူတစ်ပါးကို ကောင်းမှုပြုလိုသောစိတ်ရှိကြသည်။ သူတို့၏စကားများ၌ ရိုးသားခြင်းနှင့် မှန်ကန်ခြင်းရှိသည်။ သူတို့သည် သူတို့၏ညီအစ်ကိုအချင်းချင်းနှင့်လည်း ကောင်း၊ လောကနှင့်လည်းကောင်းဆက်ဆံရာ၌ သစ္စာရှိကြသည်။ သူတို့၏ ဝတ်စားဆင်ယင်ခြင်း၌ အပိုအလျှံနှင့်ဟန်ပြခြင်းကို ရှောင်ကြဉ်ကြသည်။ သို့သော်လည်း သူတို့၏အဝတ်အစားသည် သပ်သပ်ရပ်ရပ်ရှိလိမ့်မည်။ ပြောင်လက်ခြင်းမရှိ။ ကာယကျန်းမာရှိ၍ ဝတ်ဆင်ထားရာ၌ အချိုးကျ၍ ကြည့်ရှုချင်စဖွယ်ရှိသည်။ သန့်ရှင်းသောဥပုသ်နေ့နှင့် ဘုရားသခင်ကိုဝတ်ပြု

ကိုးကွယ်ခြင်း၌ ရိုသေဖွယ်ဖြစ်သော အဝတ်အစားမျိုးဖြစ်ရန် အထူးသတိထား၍ ဝတ်ဆင်လိမ့်မည်။

ထိုကဲ့သို့သောအတန်းအစားနှင့် လောကကြီးကိုခွဲခြားသတ်မှတ်ရာ၌ အလွန်ထင်ရှားနေ၍ မှားယွင်းစရာအကြောင်းမရှိပေ။ သမ္မာတရားကိုလက်မခံမီ အချိန်ကနှင့် လက်ခံပြီးသည့်နောက်ပိုင်း၌ ယောကျ်ားများနှင့်မိန်းမတို့၏ ဝတ်စားဆင်ယင်ခြင်းသည် အလွန်ကွာခြားခြင်းရှိခဲ့သည်။ သူတို့၏စိတ်များသည် သမ္မာတရားအားဖြင့် သန့်ရှင်းစေခဲ့ပြီဖြစ်၍ သပ်သပ်ရပ်ရပ်ရှိခြင်း၊ နည်းလမ်းကျခြင်းသည် သူတို့၏အလေ့အကျင့်များဖြစ်လာခဲ့သည်။ ကျွန်ုပ်တို့၏ဘုရားသည် စည်းကမ်းသေဝပ်သောဘုရားဖြစ်သည်။ ရှုပ်ထွေးခြင်း၊ ညစ်ညမ်းခြင်း (သို့မဟုတ်) အပြစ်ကိုအနည်းငယ်မျှ နှစ်သက်ခြင်းမရှိပေ။

## ဖက်ရှင်ခေတ်ဆန်ခြင်း

လောက၌ဝတ်စားဆင်ယင်နေခြင်းထက် ထူးခြားစွာဝတ်ဆင်ခြင်းဖြင့် သူတစ်ပါးငေးမောကြည့်လောက်အောင် ပြင်ဆင်ခြင်းမျိုးကို ခရစ်ယာန်များသည် ပြုလုပ်ဖို့ရန်မသင့်ပေ။ သို့သော်လည်း သူတို့သည် သူတို့၏ယုံကြည်ခြင်းနှင့်ဝတ္တရားအရ၊ သပ်သပ်ရပ်ရပ်နှင့် ကာယက္ကန္ဒြေရှိစွာ ဝတ်စားလိုက်သောအခါ၊ သူတို့၏အဝတ်အစားသည် ဖက်ရှင် (သို့မဟုတ်) ခေတ်ဆန်ခြင်းမဟုတ်ဘဲ ဖြစ်နေသည်။ လောကနှင့်တူဖို့ရန် သူတို့၏ဆင်ယင်မှုကို မပြောင်းသင့်ပေ။ လောကကြီးတစ်ခုလုံးသည် သူတို့နှင့်ခြားနားခြင်းရှိသော်လည်း မှန်ကန်ခြင်းကိုပြသရာ၌ ရဲရင့်ခြင်းရှိရမည်။ သမ္မာကျမ်းစာနှင့်ကိုက်ညီသော ကာယက္ကန္ဒြေရှိသည့်အဝတ်အစားမျိုးကို လောကကြီးသည် အသုံးပြုခဲ့လျှင်၊ ထိုကဲ့သို့သောဝတ်စားဆင်ယင်မှုအတိုင်း ကျွန်ုပ်တို့ပြုလုပ်ခြင်း၌ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အဆက်ပြတ်သွားကြမည်မဟုတ်ပေ။ ခရစ်ယာန်များသည် ခရစ်တော်၏နောက်တော်သို့ လိုက်ရမည်။ သူတို့၏ဝတ်စားဆင်ယင်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း ဖြစ်ရမည်။ လွန်ကြူး

ခြင်းကို ရှောင်ရှားရမည်။ သူတစ်ပါးချီးမွမ်းသည်ဖြစ်စေ၊ ကဲ့ရဲ့သည်ဖြစ်စေ၊ ခရစ်ယာန်များသည်နှိမ့်ချလျက် ဖြောင့်၍ရှေ့သို့တိုးတက်သောလမ်းကို လိုက်ရမည်။ မှန်ရာကိုလုပ်ကိုင်ရမည်။ Review and Herald, January 30, 1900.

–o–

## သင့်လျော်သောအဝတ်အစား – ၁၁၉

ကာယဣန္ဒြေရှိစွာဝတ်ဆင်ဖို့ရန် သမ္မာကျမ်းစာကသွန်သင်သည်။ "ထိုနည်းတူ၊ မိန်းမတို့သည် ကာယဣန္ဒြေရှိသောအဝတ်တန်ဆာ (လျောက်ပတ်သောအဝတ်) ကို ဝတ်ဆင်စေခြင်းငှာ ငါလိုရှိ၏" ၁တိ ၂း၉။ ဤကဲ့သို့ပြောဆိုခြင်း၌ အဝတ်အစားဖြင့်ကိုယ်ဟန်ပြခြင်း၊ တောက်ပြောင်သောအရောင်များ၊ များစွာသောဘယက်တန်ဆာဆင်ခြင်းများကို တားမြစ်သည်။ ဘုရားသခင်အမိန့်ပေးသောအဝတ်တန်ဆာထက် ပို၍ဝတ်ဆင်ခြင်းဖြင့် အခြားသူတို့၌ ချီးမွမ်းအံ့သြခြင်းမဖြစ်စေရပေ။

### အဝတ်အစား၌ချွေတာခြင်း

ကျွန်ုပ်တို့၏အဝတ်အစားသည် တန်ဖိုးနည်းရမည်။ "ရွှေ (သို့မဟုတ်) ပုလဲများဖြင့် တန်ဖိုးများသောအထည်" များမဖြစ်စေရ။ ငွေသည် ကျွန်ုပ်တို့ကို ဘုရားသခင်ယုံကြည်၍၊ အပ်နှံထားသောပစ္စည်းဖြစ်သည်။ ၎င်းငွေဖြင့် ကျွန်ုပ်တို့အလိုရှိသလိုသုံးစွဲနိုင်ဖို့ရန် အခွင့်မရှိပေ။ ဘုရားသခင်၏သား သမီးများလက်ထဲ၌ ငွေသည် ဆာမွတ်နေသောသူတို့အဖို့အစာဖြစ်၍၊ အဝတ်မရှိသောသူတို့ကို အဝတ်ပေးဖို့ရန်ဖြစ်သည်။ နှိပ်စက်ညှဉ်းဆဲခြင်းခံရသော သူတို့အဖို့ အကာအကွယ်တစ်ခုဖြစ်၏။ ဖျားနာသောသူတို့အဖို့ ကျန်းမာခြင်းဆေးတစ်ဖုံဖြစ်၍ ဆင်းရဲသောသူတို့ကို တရားဟောပြောရန်ဖြစ်သည်။ ယခုအချိန်၌ ဟိတ်ဟန်ပြရာတွင် ကုန်ကျသောငွေကို လိမ္မာစွာအသုံးချခြင်းအားဖြင့် မြောက်မြားစွာသောသူတို့အား ပျော်ရွှင်ခြင်းကိုပေးနိုင်သည်။ ခရစ်တော်၏အသက်တာကိုစဉ်းစားပါ။ ကိုယ်တော်၏စာရိတ္တကို လေ့လာ၍ ၎င်းကိုယ့်ကိုကိုယ် ငြင်းပယ်ခြင်း၌ ကိုယ်တော်နှင့်အတူ ယူတင်ဝတ်ဆောင် သောသူများဖြစ်ပါစေ။

ခရစ်ယာန်များလောက၌ ဆာမွတ်နေသောသူအားလုံးတို့နှင့် အဝတ်မရှိသောသူတို့ကို ဝတ်ဆင်ပေးနိုင်သည့်ငွေကို ကျောက်မျက်ရတနာနှင့် မလိုလားအပ်သော အဖိုးထိုက်တန်သည့်အဝတ်အစားများ၌ သုံးဖြုန်းနေကြသည်။ ဆင်းရဲသောသူများနှင့် ဒုက္ခရောက်နေသောသူများအဖို့ သုံးနိုင်သော ကြေးငွေသည် ဖက်ရှင် (သို့မဟုတ်) ခေတ်ဆန်ခြင်းနှင့်ဟန်ပြခြင်းတို့၌ ကုန်ခန်းလျက်ရှိနေသည်။ သူတို့သည် ကယ်တင်ရှင်၏ချစ်ခြင်းမေတ္တာဧဝံဂေလိ တရားကိုလောကကြီးမှလုယူကြသည်။

## အမျိုးအတန်းအစားနှင့်အကြိုက်

ကျွန်ုပ်တို့၏အဝတ်အထည်များသည် ဣန္ဒြေရ၍ ရိုးရိုးပင်ဖြစ်သော်လည်း ကောင်းမွန်သောအမျိုးအစားဖြစ်ရမည်။ အဆင်းအသွေးမှာ တင့်တယ်၍အသုံးခံရပေမည်။ ဟန်ပြဖို့ထက် တာရှည်ခံဖို့ရန်ရွေးချယ်ရမည်။ အဝတ်မှာနွေး၍ လုံလောက်သောအကာအကွယ်ဖြစ်ရမည်။ သုတ္တံကျမ်း၌ဖော်ပြသော "ပညာရှိမိန်းမသည် မိုးပွင့်ကျသော်လည်း မိမိအိမ်သူအိမ်သားတို့အတွက်မစိုးရိမ်၊ အိမ်သူအိမ်သားအပေါင်းတို့သည် အထည်နှစ်ထပ်ကို ဝတ်ကြ၏" သုတ္တံ ၃၁း၂၁။

## ကျန်းမာခြင်းနှင့်သန့်ရှင်းခြင်း

ကျွန်ုပ်တို့၏အဝတ်အစားများသည် သန့်ရှင်းရမည်။ အဝတ်အစား၌မသန့်ရှင်းခြင်းသည် ကျန်းမာခြင်းနှင့်မညီညွတ်ပေ။ ဤနည်းဖြင့် ကိုယ်ခန္ဓာနှင့်အသက်ဝိညာဉ်ကိုပါ ညစ်ညူးစေသည်။ "သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၏။ ......... အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီး၏။ ထိုသူကိုဘုရားသခင်ဖျက်ဆီးတော်မူမည်။" ၁ကော၊ ၃း၁၆၊၁၇။

## သင့်လျော်သောအဝတ်အစား

၄၈၁

မည်သည့်နည်းဖြင့်မဆို အဝတ်အစားသည် ကျန်းမာခြင်းဖြစ်စေ ရမည်။ အားလုံးသောအရာတို့ထက် ကျွန်ုပ်တို့၌ ကျန်းမာခြင်းနှင့်ပြည့်စုံ ဖို့ရန် ဘုရားသခင်အလိုရှိတော်မူသည်။ (၃ယော ၂) ကိုယ်ခန္ဓာနှင့်အသက် ဝိညာဉ် ၏ကျန်းမာခြင်းဖြစ်သည်။ အသက်ဝိညာဉ်နှင့် ကိုယ်ခန္ဓာနှစ်ခုစလုံး ကျန်းမာ ခြင်းရှိဖို့ရန် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ လုပ်ဆောင်သော သူများဖြစ် ကြရမည်။ နှစ်ခုစလုံးကိုကျန်းမာခြင်းဖြစ်စေတတ်သော အဝတ်များကို ဝတ်ဆင် ခြင်းဖြင့် အားပေးရမည်။

## တင့်တယ်ခြင်းနှင့်သဘာဝအလှ

တင့်တယ်ခြင်း၊ လှပခြင်းသည် သဘာဝအတိုင်းရိုးရိုးနှင့်လျော်ကန် ခြင်းရှိသင့်ပေသည်။

ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်တာ၌ မာနထောင်လွှားခြင်း မရှိရန် သတိပေးတော်မူသည်။ သို့သော်လည်း တင့်တယ်ခြင်းနှင့် သဘာဝ အလှကို ဆန့်ကျင်ဘက်မိန့်တော်မူခြင်းမရှိပေ။ ကိုယ်တော်သည် လယ်၌ရှိ သောပန်းပင်များနှင့် သဘာဝအားဖြင့်စင်ကြယ်ခြင်းကို ဖွင့်ပြနေသောနှင်းပန်း များကို ညွှန်ပြမိန့်တော်မူသည်မှာ၊ "ဘုန်းကြီးသော ရှောလမုန်မင်းကြီး၏အဝတ် သည် ထိုအပင်တစ်ပင်မျှ၏အဝတ်ကိုမမီဟု ငါဆို၏" မဿဲ ၆း၂၉။ ဤ နည်းဖြင့် သခင်ယေရှုသည် သဘာဝအရာများအားဖြင့် ကောင်းကင်နိုင်ငံ တော်တန်ဖိုးထားသောလှပခြင်း၊ ကာယဣန္ဒြေတင့်တယ်ခြင်း၊ ရိုးရိုးဖြစ်ခြင်း၊ စင်ကြယ်ခြင်းနှင့်လျော်ကန်ခြင်းရှိလျှင် ကျွန်ုပ်တို့ဝတ်ဆင်သောအဝတ်တန်ဆာ သည် ကိုယ်တော်၏စိတ်တော်နှင့်တွေ့နိုင်ကြောင်းကို ပုံပမာပြ၍မိန့်တော်မူ သည်။ Counsels to Teachers, Parents, and Students, pp. 302,303.

–၀–

# ဝတ်စားတန်ဆာ၏ဩဇာ
# သက်ရောက်ခြင်း – ၁၂၀

အဝတ်အစားသပ်သပ်ရပ်ရပ်ဝတ်ဆင်ခြင်းကို ကျွန်ုပ်တို့ဟန့်တားခြင်းမပြုပါ။ မှန်ကန်သောစိတ်ကြိုက်ကို မထီမဲ့မြင်ပြုခြင်း (သို့မဟုတ်) ပြစ်တင်ခြင်းမပြုအပ်ပေ။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအတိုင်း လုပ်ကိုင်ခဲ့ပါက ကျွန်ုပ်တို့သည် ဝတ်စားဆင်ယင်ခြင်း၌ အလွန်ရိုး၍၊ ကောင်းသောအကျင့်၌ စိတ်အားကြီးပြီးလျှင် ကျွန်ုပ်တို့ကို ထူးခြားသောလူများဟု မှတ်သားထားကြမည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဝတ်စားတန်ဆာဆင်ယင်ခြင်း၏ အစဉ်အလာနှင့် သပ်ရပ်ခြင်း၌ စိတ်ကြိုက်ပျက်ပြယ်သွားခဲ့လျှင် ကျွန်ုပ်တို့သည် သမ္မာတရားကိုစွန့်ပစ်သွားကြသည်။ အကြောင်းမှာ သမ္မာတရားသည် မည်သည့်အခါမျှ အောက်တန်းသို့မချ၊ မြှင့်တင်ပေးခြင်းကိုသာပြုသည်။ ယုံကြည်သောသူများသည် သူတို့၏ဝတ်စားဆင်ယင်ခြင်း၌ ဂရုမစိုက်ဘဲနေ၍၊ သူတို့၏အပြုအမူ၌ ကြမ်းတမ်းခြင်းရှိပါက၊ သူတို့၏ဩဇာသက်ရောက်မှုသည် သမ္မာတရားကိုထိခိုက်သည်။ ငါတို့သည် လောကီသားများနှင့် ကောင်းကင်တမန်များ မျက်မှောက်၌ ပွဲဝင်သောသူဖြစ်ကြ၏ဟု တမန်တော် ပြောဆိုသည်။ ခရစ်တော်နောက်လိုက်များတို့သည် နေ့စဉ်နေ့တိုင်း မြေကြီးပေါ်သို့ ဩဇာသက်ရောက်ခြင်းရှိစေဖို့ရန် ကြိုးစားနေခြင်းကို ကောင်းကင်တစ်ခုလုံးသည် မှတ်သားလျက်နေသည်။

အဝတ်တန်ဆာကို ရိုးရိုးဝတ်ဆင်ခြင်းသည် လိမ္မာသောမိန်းမတစ်ယောက်အား အကောင်းဆုံးသောအကျိုးထူးကို ရရှိစေလိမ့်မည်။ ကျွန်ုပ်တို့သည် လူတစ်ယောက်၏စာရိတ္တကို ထိုသူဝတ်ဆင်သောအဝတ်၏ပုံကို ကြည့်၍ ဆုံးဖြတ်ကြသည်။ ကာယက္ကန္ဒြေရှိ၍ ဘုရားတရားကြည်ညိုသောအမျိုးသမီးတစ်ယောက်သည် ကန္ဒြေရသောအဝတ်တန်ဆာကို ဝတ်ဆင်လိမ့်မည်။ ရိုးရိုးအဝတ်ကိုရွေးချယ်၍ သင့်လျော်အောင်ဝတ်ခြင်း၌ ဝတ်ဆင်သော

သူ၏သဘောကို ဖော်ပြသည်။ ခေတ်ဆန်စွာဝတ်ဆင်ခြင်းဘဝမှ လွတ်မြောက်လာသော ငယ်ရွယ်သည့်မိန်းကလေးသည် အစည်းအရုံး၌လုပခြင်းတန်ဆာပင်ဖြစ်သည်။ ရိုးရိုးဝတ်ဆင်၍၊ အမူအရာ၌လည်း ယောင်ဆောင်ခြင်းကင်းသော အမျိုးသမီးသည် စာရိတ္တ၌ အဖိုးတန်ကြောင်းကိုပြသလျက်ရှိသည်။ အဝတ်တန်ဆာဆင်ယင်ခြင်း၌ ရိုးခြင်းသည် တင့်တယ်ခြင်းဖြစ်၍၊ လယ်တော၌ရှိသောပန်းပွင့်များနှင့် နှိုင်းယှဉ်နိုင်သည်။ Review and Herald, November 17, 1904.

–၀–

# ရိုးရိုးဝတ်ဆင်ခြင်း – ၁၂၁

"သင်တို့၌တန်ဆာဆင်ခြင်းမူကား၊ ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာဆင်ခြင်းမဖြစ်စေဘဲ၊ ဘုရားသခင်ရှေ့မှာ အဖိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖောက်ပြန်မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏အတွင်းလူဖြစ်စေကြလော့။"

လူတို့၏စဉ်းစားဆင်ခြင်ခြင်း၌ ဘုရားသခင်၏နှုတ်ကပတ်တော်မှ ရိုးရိုးသွန်သင်သောအချက်အလက်များကို ရှောင်လွှဲခြင်း (သို့မဟုတ်) ပစ်ပယ်ခြင်းပြုလုပ်လိုသောသဘောရှိကြသည်။ ခေတ်တိုင်း၌၊ ခရစ်တော်နောက်တော်သို့လျှောက်လိုက်ကြသောသူတို့သည် ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းနှင့် ရိုးရိုးနေထိုင်ဖို့ရန်အမိန့်၊ ရိုးရိုးပြောဆိုကျင့်ကြံဝတ်ဆင်ရန် ကျင့်ဝတ်အမိန့်များကို ဂရုမစိုက်ဘဲနေကြသည်။ အကျိုးသက်ရောက်ခြင်းများမှာ၊ ဧဝံဂေလိတရားတော်သွန်သင်ခြင်းမှလွဲသွား၍၊ ခေတ်ဆန်ခြင်း၊ ထုံးစံဓလေ့လိုက်နာခြင်း၊ လောကီနှင့်ဆိုင်သောအတုအပများကို လိုက်စားကြခြင်းပင်ဖြစ်သည်။ အလွန်အရေးကြီးသော ဘုရားဝတ်၌မွေ့လျော်ခြင်းနေရာ၌၊ ပုံသဏ္ဍာန်လောက်သာလျှင်ပြုလုပ်ခြင်းများဝင်ရောက်လာခဲ့သည်။ လောကီကိုချစ်သောသူတို့၏ အသိုက်အဝန်းမှ ဘုရားသခင်၏တန်ခိုးနှင့် ကိုယ်တော်ရှိနေတော်မူခြင်းကို ရုပ်သိမ်းလိုက်သောအခါ၊ ဘုရားသခင်၏သန့်ရှင်းသောနှုတ်ကပတ်တော်၏ သွန်သင်ခြင်းကို ခံယူလိုသောသူများ၊ စိတ်နှလုံးနှိမ့်ချလျက် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ဖို့ရန် ဆန္ဒရှိသောသူတို့ကို သူတို့အထဲ၌တွေ့မြင်နိုင်သေးသည်။ အမျိုးအစဉ်အဆက်အတိုင်း ဤနည်းလမ်းကို လိုက်ခဲ့ကြသည်။ အဖွဲ့အစည်း အမျိုးမျိုး၊ တစ်ဖွဲ့ပြီးနောက်တစ်ဖွဲ့ပေါ်ပေါက်လာခဲ့၍၊ ၎င်းတို့၏ရိုးဂုဏ်ကို ပစ်ပယ်လိုက်ကြသည်။ သူတို့၏ရှေးဦးတန်ခိုးသည်လည်း အများအားဖြင့် ကျဆုံးသွားခဲ့သည်။

## ဘုရားသခင်၏လူများအဖို့ကျော့ကွင်း

ယခုခေတ်နှင့်ဆိုင်သော သမ္မာတရားကို ယုံကြည်သောသူတို့၏အထဲ၌ ခေတ်ဆန်ခြင်းနှင့်ဟန်ပြခြင်းကို နှစ်သက်နေကြောင်းတွေ့မြင်ရသောအခါ ကျွန်ုပ်တို့သည် ဝမ်းနည်းစွာဖြင့် မေးမြန်းလိုသည်မှာ၊ ဘုရားသခင်၏လူတို့သည် အတိတ်ကာလ၏ရာဇဝင်မှ မည်သည့်အရာကိုမျှ သင်ခန်းစာမယူဘဲ နေထိုင်နေကြသလား။ မိမိတို့၏စိတ်နှလုံးကို နားလည်သောသူအနည်းငယ် ရှိပါသည်။ သိမ်ဖျင်း၍အကျိုးမရှိသောခေတ်ဆန်ခြင်းကို ချစ်နှစ်သက်သော သူတို့သည် ခရစ်တော်၏နောက်လိုက်များဟု ပြောဆိုကြပေမည်။ သို့သော်လည်း သူတို့၏ဝတ်စားဆင်ယင်ခြင်းနှင့် စကားပြောဆိုခြင်းသည် သူ၏စိတ်သဘောနှင့် သူတို့နှစ်သက်သောအရာဖော်ပြမည်။ သူတို့သည် လောကနှင့်မိတ်ဖွဲ့၍ လောကသည် သူတို့ကိုအုပ်စိုးနေကြောင်း သူတို့၏အသက်တာများက ပြသလိမ့်မည်။

ခရစ်တော်၏ချစ်ခြင်းမေတ္တာကို မြည်းစမ်းဖူးသောသူသည် မည်ကဲ့သို့ ခေတ်ဆန်မှု၏မိုက်မဲခြင်းကို စိတ်ကျေနပ်ခြင်းရှိနိုင်အံ့နည်း။ စိတ်နူးညံ့၍၊ နှိမ့်ချသောကယ်တင်ရှင်နောက်တော်သို့ လိုက်သောသူများတို့သည် ဝတ်စားဆင်ယင်ခြင်း၌ လောကနှင့်တန်းတူဖြစ်ဖို့ရန် ရှာဖွေနေခြင်းကို တွေ့မြင်ရသော အခါ ကျွန်ုပ်၏စိတ်၌ အလွန်နာကျင်ခြင်းဖြစ်သည်။ သူတို့၏ခံယူချက်သည် ဘုရားဝတ်၌မွေ့လျော်ခြင်းဟု ပြောဆိုသော်လည်း၊ သူတို့ကိုမယုံကြည်သော သူတို့နှင့် ခွဲခြား၍မရပေ။ သူတို့သည် ဘာသာရေးအသက်တာကို မပျော်မွေ့ကြပေ။ သူတို့၏အချိန်နှင့် ငွေ၏တစ်ခုတည်းသောရည်ရွယ်ချက်သည် ဟန်ပြဖို့ရန် ဝတ်စားဆင်ယင်ခြင်းပင်ဖြစ်သည်။

မာနထောင်လွှားခြင်းနှင့် ဝတ်စားဆင်ယင်ခြင်း၌ အသုံးအစွဲဖွာခြင်းသည် အပြစ်တစ်ခုဖြစ်၍ အမျိုးသမီးများ၌ အထူးသဖြင့် ဤရောဂါစွဲကပ်လျက်ရှိသည်။ ရှင်ပေါလု၏ဆုံးမဩဝါဒစကားသည် အထူးသဖြင့် သူမကို တိုက်ရိုက်ထိရောက်သည်။ "ထိုနည်းတူ မိန်းမတို့သည် ကျစ်သောဆံပင်၊

ရွှေတန်ဆာ၊ ကျောက်ပုလဲ၊ အဖိုးထိုက်သောအဝတ်နှင့် ကိုယ်ကိုမဆင်ဘဲ၊ ရှက်ကြောက်ခြင်း၊ ဣန္ဒြေစောင့်ခြင်းအားဖြင့် လျောက်ပတ်သောအဝတ်နှင့်လည်းကောင်း၊ ဘုရားသခင်အားရိုသေလေးမြတ်ခြင်းကို ဝန်ခံပြုစုသောမိန်းမဆင်သင့်သည်အတိုင်း ကောင်းသောအကျင့်နှင့်လည်းကောင်း၊ ကိုယ်ကိုတန်ဆာဆင်စေခြင်းငှာ ငါအလိုရှိ၏။"

## ပြုပြင်ပြောင်းလဲခြင်းလိုအပ်ခြင်း

ဘုရားသခင်၏နှုတ်ကပတ်တော်မှ အသုံးမကျဟု ပစ်ပယ်ထားသောအရာတစ်ခုသည် အသင်းတော်၌ တဖြည်းဖြည်းခြေကုပ်ရနေသည်ကို တွေ့မြင်ရသည်။ ဤကိစ္စနှင့်စပ်ဆိုင်၍ အုပ်ချုပ်သောသူများတို့၌ မည်ကဲ့သို့သဘောထား၊ ယူဆကြသနည်း။ အသင်းသားအများအပြားတို့သည် ခေတ်ဆန်ခြင်းနောက်သို့လိုက်နေကြစဉ်၊ အသင်းတော်၏သြဇာသည် ရှိရင်းအခြေအနေ၌ရှိနေမည်လား။ ဤခေတ်ဆန်ခြင်းများကို ကျွန်ုပ်တို့အထဲ၌ ဒုက္ခပေးဖို့ရန်ခွင့်ပြုထားစဉ် ကျွန်ုပ်တို့သည် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကိုအဘယ်သို့မျှော်လင့်နိုင်အံ့နည်း။ ကိုယ်တော်၏နောက်တော်သို့ လိုက်သောသူများသည် ခရစ်တော်၏သွန်သင်ခြင်းများကို ဖယ်ရှားပစ်နေစဉ် ကျွန်ုပ်တို့သည် လက်ပိုက်၍ငြိမ်သက်စွာနေကြမည်လား။ ဤအရာများသည် ဘုရားသခင်၏အသင်းတော်ကို မျက်စိလျှမ်းသွားသောသူတို့၌ ပူဆွေးခြင်းနှင့်ရှုပ်ထွေးခြင်းကို ဖြစ်စေသည်။ သို့ဖြစ်၍ ကျွန်ုပ်၏ခရစ်ယာန်ညီမများသည် ဤအကြောင်းနှင့်စပ်ဆိုင်၍ ပွင့်ပွင့်လင်းလင်းနှင့်ဆုတောင်းခြင်းဖြင့် စဉ်းစားကြမည်လား။ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ဖြင့်ပြရန် ရှာဖွေကြမည်မဟုတ်လော။ ခေတ်ဆန်ခြင်းတွင် လောကနှင့်ရင်ဘောင်တန်းဖြစ်ဖို့ရန် ပြင်ဆင်ရသောအချိန်ပိုကို မိမိစိတ်နှလုံးရှာဖွေခြင်းနှင့် သမ္မာကျမ်းစာကိုလေ့ကျက်ခြင်း၌ အသုံးချသင့်သည်။ မလိုလားအပ်သော တန်ဆာဆင်ယင်ခြင်း၌ ကုန်ဆုံးသွားသောအချိန်ကို မှန်ကန်သောကျင့်ဝတ်များနှင့် ခိုင်ခံ့သောအခြေအနေရရှိဖို့ရန်

ကြိုးပမ်းပါက ရွှေထက်ပင်အဖိုးထိုက်တန်လိမ့်မည်။ ငယ်ရွယ်သောမိန်းကလေးများသည် မိမိတို့ကိုယ်ကို သခင်ယေရှုနောက်တော်သို့လိုက်သောသူများဖြစ်သည်ဟု ပြောဆိုကြသော်လည်း ကိုယ်တော်၏အလိုဆန္ဒနှင့်စာရိတ္တကို သူတို့သည် လုံးဝမသိကြောင်းကို ကျွန်ုပ်တွေ့မြင်သောအခါ စိတ်နှလုံး၌ မသက်မသာဖြစ်သည်။ ဤလူငယ်များသည် စပါးအခွံကိုသာစားနေသောသူ များဖြစ်ကြသည်။ ထာဝရကြွယ်ဝခြင်းထက် လောက၏ပြောင်လက်နေသော အရာများသည် သူတို့အဖို့ သာ၍အဖိုးထိုက်တန်လျက်နေသည်။ စဉ်းစား ဆင်ခြင်၍လေ့လာခြင်းဖြင့် ကြီးပွားရမည်။ စိတ်တန်ခိုးများသည် ငြိမ်ဝပ်၍ မလှုပ်မရှားဖြစ်နေသည်။ အကြောင်းမှာ၊ အတွင်းဝိညာဉ်နှင့်ဆိုင်သောအရာထက် ပြင်ပဆင်ယင်ခြင်းကို ပို၍အလိုရှိသောကြောင့်ဖြစ်သည်။

## အတွင်းတန်ဆာဆင်ယင်ခြင်း

အဖိုးအလွန်ထိုက်တန်သည်ဟု ဘုရားသခင်ကြေညာထားတော်မူသည့် နူးညံ့သိမ်မွေ့၍ ငြိမ်သက်သောဝိညာဉ်ကို အတွင်း၌တန်ဆာဆင်ဖို့ရန်ခရစ်တော်၏နောက်လိုက်များသည် ရှာဖွေကြမည်လား။ သို့မဟုတ် ပေးထားသော တိုတောင်းသည့်အချိန်၌ ဟန်ပြဖို့ရန်အချိန်ကို ဖြုန်းနေကြမည်လား။ မိန်းမများသည် အသုံးဝင်၍ပျော်ရွှင်သောအသက်တာဖြင့်နေထိုင်နိုင်ရန် သူတို့၏ စိတ်နှင့်နှလုံးများကို အစဉ်တိုးတက်စေသောလမ်းကို ရှာဖွေရမည်။ လောကကြီးကို ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်စေ၍ သူမ၏ဖန်ဆင်းရှင်ကို ဂုဏ်ပြုဖို့ရန် ဘုရားသခင်အလိုတော်ရှိသည်။

ယနေ့ အသက်ရှင်၍နေထိုင်ကြသောလူငယ်တို့သည် ခေတ်နှင့်ဆိုင်သောသမ္မာတရားကို ယုံကြည်ကြ၍၊ သမ္မာတရားအတွက် သူတို့ကိုယ်ကို ငြင်းပယ်ကြသည်။ ထိုလူငယ်တို့အား ကျွန်ုပ်မေးမြန်းလိုသည်မှာ၊ သူတို့သည် အဝတ်အစားကို ဧကန်အမှန်လိုအပ်လာသောအခါ (သို့မဟုတ်) ဘယက်တန်ဆာကိုလိုသောအခါ၊ ယင်းကိစ္စကို ဘုရားသခင်ရှေ့တော်သို့ ဆုတောင်း

ခြင်းဖြင့်တင်ပြ၍ ကိုယ်တော်၏ဝိညာဉ်တော်သည် အသုံးစရိတ်ကိုခွင့်ပြုခြင်း ရှိမရှိသိရအောင် ပြုလုပ်ကြသလား။ သူတို့၏အဝတ်အစားကို ပြင်ဆင်ရာ၌ သူတို့သည် သူတို့၏ယုံကြည်ခြင်းကို ဂုဏ်မပျက်စေဖို့ရန် သတိထားကြသလား။ ဤကဲ့သို့သုံးဖြုန်းလိုက်သောအချိန်အပေါ်၌ ဘုရားသခင်၏ကောင်းချီးမင်္ဂလာရရှိဖို့ရန် ရှာကြံကြသလား။ အသင်းတော်သို့ဝင်ခြင်းသည် အရာတစ်ခုဖြစ်၍ ခရစ်တော်နှင့်ပူးပေါင်းခြင်းသည် လုံးဝအခြားအရာတစ်ခုဖြစ်သည်။ ခရစ်တော်၏အသင်းတော်၌ ခွန်အားနည်းပါးနေခြင်း၏ကြီးသောအကြောင်းရင်းတစ်ရပ်သည် ဆက်ကပ်ခြင်းမရှိသောလောကကိုချစ်ခင်နေသည့် ဘာသာရေးသုခမိန်များကြောင့်ဖြစ်သည်။

ကမ္ဘာကြီး၏ဤခေတ်အချိန်၌ လူတို့သည် အမူးအရူးအပျော်အပါးကို လိုက်စားနေကြသည်။ နေရာတိုင်း၌ အပျော်အပါးလွန်ကျူးလျက်ရှိကြသည်။ လူထုပရိသတ်သည် ပျော်ပါးဖို့ရန် စိတ်ထက်သန်နေကြသည်။ စိတ်သည် သိမ်ဖျင်းလာခဲ့သည်။ အကြောင်းမှာ စည်းကမ်းတကျမလေ့ကျင့်ခဲ့သောကြောင့်ဖြစ်သည်။ သိမ်မွေ့သောသဘောကင်းလျက်ရှိသည်။ အသက်ဝိညာဉ်တိုင်းသည် ကြီးပွားခြင်း၊ အချေးအညှော်ကင်းခြင်း၊ မြင့်မြတ်ခြင်း၊ ဂုဏ်အသရေတိုးတက်ခြင်းရှိရမည်။ သို့သော်လည်း ခဏခဏဆိုသလိုအဖိုး ထိုက်တန်သောအလိုဆန္ဒသည် ခေတ်ဆန်သောဟန်ပြခြင်းနှင့် အပေါ်ယံ ပျော်ရွှင်မှုကြောင့် ပျက်ကွယ်သွားခဲ့လေသည်။ အမျိုးသမီးတို့သည် ခေတ်ဆန် ခြင်းဖြင့် သူတို့၏အသက်ဝိညာဉ်များကို အစာငတ်ထား၍ ကြုံလှီစေကြသည်။ ဤနည်းဖြင့်သူတို့သည် အဖွဲ့အစည်းများကိုကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်စေ မည့်အစား ကျိန်ခြင်းဖြစ်လာစေသည်။ Review and Herald, December 6, 1881.

–o–

# အဝတ်အစားကိုစွဲလမ်း
# မြတ်နိုးခြင်း – ၁၂၂

အဝတ်အစားကို စွဲလမ်းမြတ်နိုးခြင်းသည် ကျင့်ဝတ်တရားနှင့်ဆိုင်သော ရောဂါတစ်ခုပင်ဖြစ်သည်။ ယင်းရောဂါကို အသစ်သောရောဂါတွင်းသို့ ယူဆောင်လာခြင်းမပြုရ။ အများအားဖြင့် ဓမ္မဂေလိတရားတော်၏လိုအပ်ခြင်းကို ဝန်ခံခြင်းသည် အဝတ်အစားဆင်ယင်ခြင်း၌ လုံးဝပြောင်းလဲခြင်းရှိဖို့ရန် တောင်းဆိုလိမ့်မည်။

ဝတ်စားဆင်ယင်ခြင်း၌ သတိတရားကင်းမဲ့ခြင်းမရှိသင့်ပေ။ ခရစ်တော်၏သက်သေခံများဖြစ်သည့်အားလျော်စွာ၊ ကိုယ်တော်၏မျက်နှာတော်ကိုထောက်၍၊ ကျွန်ုပ်တို့၏ပုံပြင်လက္ခဏာ၌ အကောင်းဆုံးရှိရမည်။ တဲတော်၏အမှုတော်ကိုဆောင်ရွက်ခြင်း၌ ဘုရားသခင်၏ရှေ့တော်၌ ဆောင်ရွက်သောသူဝတ်ဆင်ရမည့်အဝတ်နှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြထားလေသည်။ သို့ဖြစ်၍ ကိုယ်တော်၏ရှေ့တော်၌ အမှုတော်ဆောင်ရွက်သောသူတို့ဝတ်ဆင်ရမည့် အဝတ်အစားနှင့်ပတ်သက်၍ ကိုယ်တော်၌အရေးဆိုခွင့်ရှိနိုင်ကြောင်း ကျွန်ုပ်တို့အားသွန်သင်သည်။ အာရုံဝတ်သောအဝတ်သည် ပုံဆောင်ခြင်းဖြစ်၍၊ ထိုအဝတ်နှင့်စပ်ဆိုင်၍ အသေအချာညွှန်ကြားချက်များကို ပေးထားလေသည်။ မည်သည့်အရာ၌မဆို ကျွန်ုပ်တို့သည် ကိုယ်တော်၏ကိုယ်စားလှယ်များဖြစ်ရမည်။ ကျွန်ုပ်တို့၏ပုံပြင်လက္ခဏာ၌သပ်ရပ်ခြင်း၊ ကာယက္ကန္ဒြေရှိခြင်းနှင့် စင်ကြယ်ခြင်းရှိရမည်။ ကျွန်ုပ်တို့သည် လောကကြီးနှင့်တူဖို့ရန်၊ ခေတ်ဆန်ဆန်ဝတ်စားဆင်ယင်ရလိမ့်မည်ဟု ပြောဆိုသော်လည်း၊ အဝတ်အစား၌ပြောင်းလဲရန် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ခွင့်ပြုကြောင်းဖော်ပြခြင်းမရှိပေ။ ခရစ်ယာန်များသည် လူကိုအဖိုးထိုက်တန်သောအဝတ်တန်ဆာ (သို့မဟုတ်) တန်ဖိုးများသောရွှေငွေတန်ဆာတို့ဖြင့် ခြယ်လှယ်ထားခြင်းမပြုလုပ်ရ။

အဝတ်တန်ဆာနှင့်စပ်ဆိုင်၍ သမ္မာကျမ်းစာမှပြောဆိုသောစကားများကို သေချာစွာစဉ်းစားရပေမည်။ ကိုယ်ကာယကို တန်ဆာဆင်ယင်ရာ၌

ကောင်းကင်ဘုံရှင်ဘုရားသခင်နှစ်သက်တော်မူသောအရာကိုသာ ဝတ်ဆင်ရန် ကျွန်ုပ်တို့နားလည်ရမည်။ ခရစ်တော်၏ကျေးဇူးတော်ကို ရှာဖွေသောသူတို့သည် ဘုရားသခင်မှတ်သွင်းထားသော အဖိုးထိုက်တန်သည့် သွန်သင်ဆုံးမ စကားများကို နားထောင်ကြလိမ့်မည်။ အဝတ်တန်ဆာဆင်ယင်ခြင်း၏ ပုံပန်းပင်လျှင် ဧဝံဂေလိတရားတော်၏အမှန်ကို ထုတ်ဖော်ပြောဆိုလိမ့်မည်။
Testimonies for the Church, vol. 6, p. 96.

–o–

# မှန်ကန်သောဆင်ယင်ခြင်း – ၁၂၃

အလွန်အမင်းအကျင့်စာရိတ္တပျက်စီးခြင်းသည် နေရာတိုင်း၌ ပေါ်များလျက်ရှိ၍၊ အဝတ်တန်ဆာနှင့်ဟန်ပြခြင်းကို နှစ်သက်ကြသောကြောင့် အသက်ဝိညာဉ်များသည် ပျက်စီးလျက်ရှိကြသည်။ ခေတ်ဆန်ခြင်းကို လိုက်စားနေသောသူတို့၏ဆယ်ပုံ၊ ကိုးပုံအသက်တာသည် အသက်ရှင်နေသော လိမ်လည်ခြင်းဖြစ်သည်။ လိမ်လည်ခြင်းနှင့်ကောက်ကျစ်ခြင်းသည် သူတို့၏နေ့စဉ်လုပ်ငန်းဖြစ်သည်။ သူတို့မဖြစ်သောအရာ၌ဖြစ်သည်ဟု ပေါ်လွင်စေလိုသည်။

မကောင်းသောအရာများကို တပ်မက်ခြင်းအလိုဆန္ဒပြည့်ဝစေဖို့ရန် အသက်ဝိညာဉ်၏မြင့်မြတ်ခြင်း၊ သိမ်မွေ့ခြင်း၊ ရက်ရောခြင်းများနှင့် လဲလှယ်လိုက်ကြလေသည်။ လောကကြီး၏ဖက်ရှင် (သို့မဟုတ်) ခေတ်ဆန်ခြင်းကို လိုက်စားရာ၌ ကြေးငွေရရှိဖို့ရန် ထောင်သောင်းမကသောသူတို့သည် မိမိတို့၌ရှိသော ပါရမီကိုရောင်းစားပစ်လိုက်ကြသည်။ လောကကြီး၌ ပြောင်းလဲလျက်ရှိသော ခေတ်ဆန်ခြင်းကို ဤမျှလောက်မက်မောလျက်ရှိနေသောသူတို့အား၊ ရိုးရိုးနှင့်လွယ်ကူသောအဝတ်အစားကို ဝတ်စားဆင်ယင်ဖို့ရန် ပြောဆိုနိုင်သောသူများ ထွက်ရောက်လာရန်သင့်ပေသည်။ ငွေ၊ အချိန်နှင့်ကျန်းမာခြင်းကို အနစ်နာမခံဘဲ မလိုက်နိုင်သည့်ခေတ်ဆန်ခြင်းကို စာတန်သည် အစဉ်တစီထွင်လျက်နေသည်။

## လောကီဓလေ့အတိုင်းလိုက်လျှောက်ခြင်း

ခေတ်ဆန်ခြင်း၌ လောကကြီး၏အကျင့်စာရိတ္တဖောက်ပြန်ခြင်းရုပ်ပုံသည် ကျွန်ုပ်တို့အရှေ့၌ရှိနေသည်ဖြစ်၍၊ ခရစ်တော်၏နာမကိုဝန်ခံသော ခရစ်ယာန်များသည် မည်ကဲ့သို့လောက၏လမ်း၌ လျှောက်လိုက်နိုင်အံ့နည်း။ အကျင့်စာရိတ္တကို မှောက်လှန်ခြင်းဖြစ်စေသော ဤခေတ်ဆန်ခြင်းများလိုက်စားခြင်းကို ကျွန်ုပ်တို့အခွင့်ပေးမည်လော။ လောက၏ခေတ်ဆန်ခြင်းများကို

အများသောသူတို့သည် လိုက်နာကြသည်။ သို့ပြုခြင်းအကြောင်းမှာ ဘုန်းတော်၏မျှော်လင့်ရာဖြစ်သော ခရစ်တော်သည် သူတို့အတွင်း၌မရှိသောကြောင့်ဖြစ်သည်။ စည်းစိမ်နှင့်နေထိုင်ခြင်း၊ လွန်ကဲစွာဝတ်စားဆင်ယင်ခြင်းများကို အလွန်အကြူးလိုက်စားနေသောကြောင့်၊ နောက်ဆုံးသောနေ့များ၏နိမိတ် လက္ခဏာများတွင် တစ်ခုအပါအဝင်ဖြစ်နေသည်။

မာနထောင်လွှားခြင်းနှင့်ဝါကြွားခြင်းကို နေရာတိုင်း၌တွေ့မြင်နိုင်သည်။ သို့သော်လည်း မိမိတို့ကိုယ်ကိုချီးမွမ်းရန် မှန်ထဲသို့ကြည့်သောသူများသည် စာရိတ္တမှန်ကြီးဖြစ်သော ဘုရားသခင်၏ပညတ်တော်ထဲသို့ ကြည့်ဖို့ရန်မလိုလားကြပေ။ ဝတ်စားဆင်ယင်ခြင်းကို တပ်မက်ခြင်းသည် နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် စာရိတ္တလှပခြင်းကို ဖျက်ဆီးပစ်လိုက်လေသည်။ ဘုရားတရားအကြောင်းစဉ်းစားခြင်း၊ စိတ်နှလုံးရှာဖွေခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆုတောင်းလေ့ကျက်ခြင်း၏အဖိုးထိုက်တန်သောအချိန်များကို ကုန်ခန်းစေသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ထဲ၌ ကျွန်ုပ်တို့အဖို့ အထူးသွန်သင်ချက်သင်ခန်းစာများပါရှိသည်။

သနားညှာတာခြင်းနှင့် သူတစ်ပါးအဖို့ကောင်းကျိုးပြုလုပ်ရန်အတွက် အပ်နှံထားသောကြေးငွေများဖြင့် အဝတ်တန်ဆာဆင်ယင်ရန် ဝယ်ယူသုံးစွဲခြင်းသည် ဘုရားသခင်ကိုခိုးပြတိုက်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့အား ပေးထားသောငွေသည် မာနထောင်လွှားခြင်းနှင့် ဟန်ပြဖို့ရန်အတွက် ပေးအပ်ထားခြင်းမဟုတ်ပေ။ ကျွန်ုပ်တို့သည် ပညာရှိသောဘဏ္ဍာစိုးများဖြစ်ကြရမည်။ အဝတ်မရှိသောသူတို့ကိုအဝတ်ပေး၍ အစာငတ်မွတ်သောသူတို့ကို ကျွေးမွေးရမည်။ ဘုရားသခင်၏အမှုတော်တိုးတက်ဖို့ရန် ကျွန်ုပ်တို့၏ကြေးငွေကိုပေးကမ်းရမည်။ ကျွန်ုပ်တို့သည် ဝတ်စားဆင်ယင်လိုပါက၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်နှိမ့်ချခြင်း၊ ကာယကန္ဒြေရှိခြင်းနှင့် သမ္မာသတိရှိခြင်းသည် လူတိုင်းတို့နှင့်အသင့်လျော်ဆုံးနှင့် အသက်တာ၏အဆင့်အတန်းလည်းဖြစ်သည်။

ကျွန်ုပ်တို့သည် သစ္စာရှိသောကင်းစောင့်များအနေဖြင့် ရပ်တည်ကြစို့။ ကျွန်ုပ်တို့၏ကျင့်ဝတ်တရားနှင့် ပုံသက်သေအားဖြင့် ဤအသက်တာ၏

ဆုတ်ယုတ်ခြင်းများကို အနိုင်ယူဖို့ရန်သင့်သည်မဟုတ်လော။ ကျွန်ုပ်တို့သည် စားသည်ဖြစ်စေ၊ သောက်သည်ဖြစ်စေ၊ လုပ်ကိုင်သောအရာတိုင်းတို့၌ ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ ကျွန်ုပ်တို့၏လူငယ်များရှေ့၌ မှန်ကန် သောပုံသက်သေကိုထားဖို့ရန် သင့်သည်မဟုတ်လော။ Review and Herald, December 12, 1912.

–o–

# အပိုင်း ၁၃

# ပြန်၍အားသစ်တက်စေခြင်း

# နှင့်ရှင်မြူးခြင်း

ပြန်၍အားသစ်တက်စေခြင်းနှင့်ရွှင်မြူးခြင်း၌ ခြားနားခြင်းရှိသည်။ ပြန်၍အားသစ်တက်စေခြင်း၏အဓိပ္ပါယ်ရင်းမှာ ပြန်၍ဖန်ဆင်းခြင်းဖြစ်သည်။ ခွန်အားတိုးတက်၍ ဆောက်တည်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏သာမန် စိုးရိမ်ကြောင့်ကြခြင်းများနှင့် အလုပ်အကိုင်များမှရပ်နားခြင်း၊ စိတ်နှင့်ကိုယ် ကာယအဖို့ အားဖြည့်ပေးခြင်း၊ ဤနည်းဖြင့် ကျွန်ုပ်တို့သည် အသစ်သော အားအင်ဖြင့် အသက်တာ၏အလုပ်သို့ ဝင်ရောက်ကြသည်။ တစ်ဘက်၌ ရွှင်မြူးခြင်းသည် ပျော်မွေ့ခြင်းရရှိဖို့ရန်ရှာခြင်းဖြစ်၍၊ ရံဖန်ရံခါ လွန်ကျူး သောနေရာသို့ ရောက်တတ်သည်။ အသုံးကျသောအလုပ်ကို လုပ်ကိုင်ဖို့ရန် လိုအပ်သောခွန်အားကို ချုပ်ကိုင်လိုက်၍ အသက်တာ၏မှန်ကန်သော အောင်မြင်ခြင်း၌ နှောင့်နှေးခြင်းဖြစ်စေသည်။ Education, p. 207.

# ပြန်၍အားသစ်တက်စေခြင်း၏
# တန်ဖိုး – ၁၂၄

အသက်ရှင်နေကြသောလူများတွင် ခရစ်ယာန်များသည် အရွှင်မြူးဆုံးနှင့် စိတ်အချမ်းသာဆုံးသောသူများဖြစ်ကြရမည်။ ဘုရားသခင်သည် သူတို့၏ဖခင်နှင့် ထာဝစဉ်မိတ်ဆွေဖြစ်ကြောင်း သူတို့၌အသိတရားရှိကောင်းရှိပေမည်။

သို့သော်လည်း မိမိကိုယ်ကိုခရစ်ယာန်ဟု ပြောဆိုသောသူတို့သည် ခရစ်ယာန်ဘာသာအယူဝါဒကို မှန်ကန်စွာဖော်ပြခြင်းမပြုကြပေ။ သူတို့သည် အမှောင်တစ်ခုအောက်၌ရှိနေသကဲ့သို့ စိတ်ညှိုးငယ်ဟန်ရှိကြသည်။ သူတို့သည် ခရစ်ယာန်များဖြစ်ဖို့ရန် ကြီးကျယ်စွာအနစ်နာခံခဲ့ရသောအကြောင်းကို ခဏခဏပြောဆိုကြသည်။ သူတို့သည် ခရစ်တော်ကိုလက်မခံသေးသောသူတို့အား သူတို့၏ပုံသက်သေနှင့် စကားပြောဆိုခြင်းကိုဖော်ပြ၍ အသက်တာ၌ပျော်မွေ့ခြင်းနှင့် သာယာဖွယ်ကောင်းခြင်းရရှိဖို့ရန် ရှိသမျှကိုစွန့်ပစ်ဖို့ပန်ကြားသည်။ သူတို့သည် မင်္ဂလာရှိသောခရစ်ယာန်မျှော်လင့်ခြင်းအပေါ်၌ မှောင်မိုက်ခြင်း လွှမ်းစောင်တစ်ထည်ဖြင့် ဖုံးထားကြသည်။ ဘုရားသခင်၏တောင်းဆိုခြင်းများသည် လုပ်ကိုင်ပေးလိုသော အသက်ဝိညာဉ်အဖို့ ဝန်ထုပ်ကြီးတစ်ထုပ် သဖွယ်ဖြစ်နေကြောင်း ပြသနေ၍၊ ပျော်ရွှင်ခြင်းကိုပေးသောအရာဟူသမျှ (သို့မဟုတ်) စိတ်ကြိုက်ဖြစ်သောအရာများကို အနစ်နာခံရမည်ဖြစ်သည်။

ဤအတန်းအစားမျိုး ခရစ်ယာန်များ၌မှန်ကန်သည့် ရေးသားထားသောအကြောင်းအရာမရှိကြောင်း၊ ကျွန်ုပ်တို့သည် နှောင့်နှေးခြင်းမရှိဘဲပြောဆိုပါသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသည်။ မည်သူမဆိုဘုရားသခင်၌ ခိုလှုံသောသူသည် ချစ်ခြင်းမေတ္တာ၌ခိုလှုံလျက်ရှိသည်။ ကောင်းကင်ဘုံရှင်အဖဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်နှင့် ကြင်နာသနားတတ်ခြင်းကို အသိဉာဏ်အားဖြင့် သိရှိလာသောသူတို့သည် သူတို့ရှိသောနေရာတိုင်း၌ အလင်းနှင့်ပျော်ရွှင်ခြင်းကိုပေးလိမ့်မည်။ သူတို့ရှိနေခြင်းနှင့်

ဩဇာသက်ရောက်ခြင်းသည် သူတို့၏အပေါင်းအဖော်များအဖို့ ပန်းများကိုယ်၏မွှေးကြိုင်သောရနံ့ကဲ့သို့ဖြစ်လိမ့်မည်။ အကြောင်းမှာ သူတို့သည် ဘုရားသခင်နှင့်လည်းကောင်း၊ ကောင်းကင်နိုင်ငံတော်နှင့်လည်းကောင်း ဆက်သွယ်နေ၍၊ သူတို့မှတစ်ဆင့် ကောင်းကင်နိုင်ငံတော်၏စင်ကြယ်ခြင်းနှင့် မြင့်မားသောချစ်ဖွယ်ကောင်းခြင်းသည် သူတို့၏ဩဇာအောက်သို့ ရောက်ရှိလာသောသူတို့ထံသို့ ရောက်ရှိသွားခဲ့သည်။ ဤနည်းဖြင့် သူတို့သည် လောက၏အလင်း၊ လောက၏ဆားဖြစ်ကြသည်။ သူတို့သည် အသက်ရှင်ခြင်းဖြစ်ကြ၍၊ သေခြင်းမဟုတ်ပေ။

## ခရစ်ယာန်နှင့်ကိုယ်လက်လှုပ်ရှားခြင်း

အပြစ်ကင်းသောကိုယ်လက်လှုပ်ရှားခြင်းဖြင့် သူတို့၏စိတ်အာရုံများကိုအားဖြည့်၍ ကိုယ်ခန္ဓာကိုသန်စွမ်းစေဖို့ရန် အလုပ်သည် ခရစ်ယာန်တိုင်းတို့၏တာဝန်ဝတ္တရားဖြစ်သည်။ သူတို့၏ကိုယ်ခန္ဓာနှင့်စိတ်ခွန်အားတန်ခိုးများဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ အသုံးပြုရန်ကြံစည်ခြင်းရှိရမည်။ ကျွန်ုပ်တို့သည် ပြန်၍အားသစ်တက်စေခြင်း၌ ဉာဏ်ကင်းမဲ့သောပျော်ရွှင်ခြင်းမျိုးမဖြစ်စေရ။ ထိုသို့ပြောဆိုရာ၌ အဓိပ္ပါယ်မရှိသောပျော်ရွှင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ပြုလုပ်ခြင်း၌ ကျွန်ုပ်တို့နှင့်ပေါင်းသင်းသောသူတို့အဖို့လည်း အကျိုးရှိစေ၍၊ မြှင့်တင်ပေးခြင်းဖြစ်ရမည်။ ကျွန်ုပ်တို့နှင့်သူတို့သည် ခရစ်ယာန်များဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့လုပ်ကိုင်ရသောအလုပ်၌ သာ၍အောင်မြင်ခြင်းဖြစ်စေရမည်။

အသက်တာ၏သာမန်တာဝန်ဝတ္တရားများကို သစ္စာရှိစွာဆောင်ရွက်နိုင်ဖို့ရန် မသင့်လျော်သောပျော်ရွှင်ခြင်းများကို လိုက်စားခြင်းဖြင့်လည်းကောင်း၊ ပျော်ရွှင်ခြင်းများသည် ကျွန်ုပ်တို့အား ဘုရားသခင်ကိုလည်းကောင်း၊ကောင်းကင်နှင့်သက်ဆိုင်သောအရာများကိုလည်းကောင်း၊ စဉ်းစားဆင်ခြင်ဖို့ရန် နည်းပါးသွားစေပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်၌ ဆင်ခြေပေး၍ရမည်

မဟုတ်ပေ။ ခရစ်တော်၏ဘာသာတရားသည် သြဇာသက်ရောက်ခြင်း၌ ရွှင်လန်းစေခြင်းနှင့် မြှင့်တင်ပေးခြင်းဖြစ်စေသည်။ မိုက်မဲသောပြက်ရယ်ပြုခြင်း၊ သိမ်ဖျင်းသောစကားများပြောဆိုခြင်း အစရှိသောအရာများတို့၏အထက်၌ရှိသည်။ ကျွန်ုပ်တို့၏အသက်တာများ၌ ပိုရှုစင်ကြယ်ခြင်း၊ မှန်ကန်သော ကောင်းမွန်ခြင်းနှင့် သန့်ရှင်းခြင်းကို အောင်မြင်စွာမြှင့်တင်ပေးနိုင်ဖို့ရန် ကျွန်ုပ်တို့ကိုယ်ကို ပြန်၍အားသစ်တက်စေခြင်းများ၌၊ ကြီးမြတ်တော်မူသောအရှင်ထံမှ အသစ်သောရဲရင့်ခြင်း၊ ခွန်အားနှင့် တန်ခိုးကိုရရှိနိုင်ကြသည်။

## လှပသောအရာကိုနှစ်သက်ခြင်း

ကြီးမြတ်တော်မူသောဘုရားပင်လျှင် လှပသောအရာကို နှစ်သက်တော်မူသည်။ ဤအကြောင်းနှင့်စပ်ဆိုင်၍ မမှားနိုင်သောသာဓကကို ကိုယ်တော်၏လက်တော်ဖြင့် ပြုလုပ်ထားသောအရာများ၌ ပြသထားလျက်ရှိသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ပထမဦးဆုံးမိဘများအဖို့ လှပသောဥယျာဉ်တစ်ခုကို ဧဒင်အရပ်၌စိုက်ပျိုးထားတော်မူသည်။ အသုံးပြုဖို့ရန်နှင့် တန်ဆာဆင်ဖို့ရန် မြင့်မားသောသစ်ပင်အမျိုးမျိုးကို မြေကြီးမှပေါက်စေတော်မူသည်။ အရောင်အမျိုးမျိုးနှင့် လှပသောပန်းများကိုပေါက်စေ၍၊ ပန်းများတို့၏ရနံ့ဖြင့် သင်းပျံ့မွှေးကြိုင်လျက်ရှိသည်။ လှပသောငှက်အမျိုးမျိုးတို့သည်ပျံဝဲကာ ဖန်ဆင်းရှင်ကို ချီးမွမ်းသောသီချင်းများဖြင့် အော်မြည်တွန်ကျူးလျက်ရှိကြသည်။ လူသည် အလုပ်လုပ်ကိုင်ခြင်းဖြင့် ပျော်မွေ့ခြင်းကိုရရှိဖို့ရန် ဘုရားသခင်သည် စီမံထားတော်မူသည်။ သူစားသောက်ဖို့ရန် ဥယျာဉ်ထဲရှိသစ်ပင်များမှ သစ်သီးများကိုရရှိသည်။

ကျွန်ုပ်တို့၏ပထမဦးမိဘများအဖို့ အလွန်လှပသောဧဒင်အိမ်ကို ပြုလုပ်ပေးတော်မူသောဘုရားသည် ခမ်းနားကြီးကျယ်သောသစ်ပင်များ၊ လှပသောပန်းများနှင့် ကျွန်ုပ်တို့ပျော်ရွှင်ဖို့ရန်အတွက် သဘာဝ၌လှပသောအရာအားလုံးတို့ကို ပေးကမ်းတော်မူသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏စာရိတ္တကို

မှန်ကန်စွာတွေ့မြင်နိုင်ဖို့ရန် ဤကိုယ်တော်၏ချစ်ခြင်းမေတ္တာအထိမ်းအမှတ်များကို ပေးထားတော်မူသည်။

ကိုယ်တော်သည် မိမိ၏သားသမီးများစိတ်နှလုံးထဲ၌ လုပသော အရာကို ချစ်ခင်ရန်နှလုံးပိုက်စေသည်။ သို့သော်လည်း အများသောသူတို့၌ ဤချစ်ခြင်းမေတ္တာသည် မှောက်လှန်သွားခဲ့လေပြီ။ ဘုရားသခင် ကျွန်ုပ်တို့အပေါ်သို့ချပေးတော်မူသော အကျိုးကျေးဇူးများနှင့်လှပခြင်းများကို ဝတ်ပြုကိုးကွယ်ကြ၍ ဘုန်းတော်နှင့်ပြည့်ဝတော်မူသော ပေးကမ်းရှင်ကို မေ့လျော့နေကြသည်။ ဤအရာသည် မိုက်မဲသောကျေးဇူးကန်းခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့ကို ဘုရားသခင်ချစ်တော်မူကြောင်းကို ကျွန်ုပ်တို့သည် ကိုယ်တော်၏ဖန်ဆင်းခြင်းအလုပ်များ၌ အသိအမှတ်ပြုသင့်ပေသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ချစ်ခြင်းကို တုံ့ပြန်ရာ၌ စိတ်နှလုံး၏အကောင်းဆုံးနှင့်အသန့်ရှင်း ဆုံးကို ကိုယ်တော်အားပေးကမ်းခြင်းဖြစ်သည်။

## ဗိသုကာဆရာကြီး

စိတ်ကိုဆွဲငင်၍ အာရုံပြုစေနိုင်ဖို့ရန် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ သဘာဝ၏လှပသောရှုခင်းများဖြင့် ဝန်းရံထားလျက်ရှိသည်။ ကျွန်ုပ်တို့သည် သဘာဝ၏ဂုဏ်ကျက်သရေများကို ကိုယ်တော်၏စာရိတ္တနှင့် ပေါင်းဖက်ထားနိုင်ရန် ကိုယ်တော်သည် စီမံထားတော်မူသည်။ ကျွန်ုပ်တို့သည် သစ္စာရှိစွာဖြင့် သဘာဝ၏စာအုပ်ကိုလေ့လာလျှင်၊ ဘုရားသခင်၏ ကန့်သတ်ခြင်းမရှိသောမေတ္တာနှင့်တန်ခိုးတော်ကို အာရုံပြုနိုင်ဖို့ရန် အကျိုး ဖြစ်ထွန်းသော မူလအစကိုတွေ့မြင်ကြသည်။

အများသောသူတို့သည် ပိတ်ကားပေါ်၌လှပသော ဆေးရေးပန်းချီရုပ်ပုံများကို တွေ့မြင်သောအခါ ချီးမွမ်းထောမနာပြုကြသည်။ သို့သော်လည်း လူတို့၏အတတ်ပညာသည် သဘာဝအောက်၌ များစွာနိမ့်ကျလျက်ရှိသည်။ သဘာဝ၌တွေ့မြင်ရသော စုံလင်ခြင်းအဆင့်အတန်းသို့ အတတ်ပညာသည် မည်သည့်အခါမျှမရောက်နိုင်ပေ။ ခရစ်ယာန်များဖြစ်သည်ဟု ပြောဆိုသော

သူမြောက်မြားစွာတို့သည် နေဝင်ဆည်းဆာအချိန် ဆေးရေးပန်းချီရုပ်ပုံကို တွေ့မြင်သောကြောင့် ပီတိဖြစ်၍နေကြလိမ့်မည်။ သူတို့သည် အတတ်ပညာသည်၏ကျွမ်းကျင်မှုကို အရိုအသေပေးကြသည်။ သို့သော်လည်း သဘာဝနေဝင်ဆည်းဆာအချိန်ကို မျက်စိဖြင့်တွေ့မြင်ရသော်လည်း အလေးမမူဂရုမစိုက်ဘဲနေကြသည်။

ဗိသုကာဆရာသည် သူ၏ပုံစံကို အဘယ်နေရာမှရရှိသနည်း။ သဘာဝမှဖြစ်သည်။ သို့သော်လည်း ဗိသုကာဆရာကြီးသည် ကောင်းကင်၏ပြောင်းလဲနေသောကားချပ်ပေါ်၌ ဂုဏ်ကျက်သရေရှိသော နေဝင်ဆည်းဆာအချိန်ကို ရေးဆွဲထားလေသည်။ မြင့်သောကောင်းကင်၏တံခါးများသည် ပွင့်နေ၍ အတွင်းသို့တွေ့မြင်ရဘိသကဲ့သို့ သူသည်ရွှေ၊ ငွေနှင့်နီမောင်းသောအရောင်တို့ဖြင့် ခြယ်ထားသည်။ တောက်ပခြင်းများကို ကျွန်ုပ်တို့သည် တွေ့မြင်၍ ကျွန်ုပ်တို့၏စိတ်ကူးသည် အတွင်း၌ရှိသောဘုန်းအသရေကို ကိုင်ဆွဲရန်ဖြစ်သည်။ အများသောသူတို့သည် ဤကောင်းကင်၌ဖြစ်နေသောရုပ်ပုံကို သတိမထားဂရုမပြုဘဲ တစ်ဖက်သို့လှည့်သွားကြသည်။ ကောင်းကင်၌နှိုင်းယှဉ်၍မရနိုင်သောလှပခြင်းကို တွေ့မြင်ရသော်လည်း သူတို့သည် ဘုရားသခင်၏အကန့်အသတ်မရှိသောချစ်ခြင်းနှင့် တန်ခိုးတော်ကိုရှာဖွေ၍ မတွေ့ကြပေ။ သို့သော်လည်း ဗိသုကာဆရာကြီးကိုတုပ၍ ရေးဆွဲထားသော မစုံလင်သည့် ဆေးရေးပန်းချီကားများကို ဘဝင်ကျ၍ ဝတ်ပြုကိုးကွယ်ကြသည်။ Review and Herald, July 25, 1871.

## စုံစမ်းနှောင့်ယှက်ခြင်းကိုခုခံရန်မတော်မသင့်ဖြစ်ခြင်း

သင်သည် သင်ကိုယ်တိုင်ပျော်ရွှင်ခြင်းနှစ်သက်သောသူ၊ ရွှင်သောသူ၊ စိတ်အလိုသို့လိုက်သောသူများနှင့် ပေါင်းသင်းနေစဉ်အချိန်တွင် စုံစမ်းနှောင့်ယှက်ခြင်းကို ခုခံနိုင်သည်ဟု မထင်မြင်ပါနှင့်။ The Signs of the Times, June 20, 1900.

–၀–

# လောကီစည်းစိမ်ကိုနှစ်သက်ခြင်း – ၁၂၅

လူငယ်များတို့တွင်၊ လောကကိုချစ်မြတ်နိုးသောစိတ်သည် သူတို့ကို စိုးမိုးနေကြောင်းကို တွေ့မြင်ရခြင်း၌ ထိတ်လန့်ဖွယ်ရာကောင်းလှ၏။ အများသောသူတို့သည် အလွန်အဖိုးထိုက်တန်သည့်အချိန်ကာလနှင့် ကရုဏာသက်တတ်သောသဘောသည် နှောင့်နှေးနေစဉ် သူတို့အဖို့ နေ့အားကဲ့သို့ထင်မှတ်ကြကာ၊ ကမ္ဘာကြီး၌ အသက်ရှင်၍နေရခြင်းသည် သူတို့အဖို့ ပျော်ရွှင်ဖို့ရန်သာဖြစ်သည်ဟု ယူဆကြသည်။ သို့ဖြစ်၍ သူတို့သည် အဆက်မပြတ် မိမိစိတ်အလိုသို့လိုက်၍ ပျော်ပါးလျက်နေကြသည်။ သူတို့သည် ဤလောက၌ပျော်မွေ့ခြင်းကိုတွေ့မြင်ကြ၍ လောက၏အရာများကို အာရုံပြုနေကြသည်။ အဖဘုရားသခင်နှင့် ကိုယ်တော်၏ဝိညာဉ်တော်ကျေးဇူးများကို မသိမှတ်ဘဲ နေကြသည်။ အများသောသူတို့သည် သူတို့၏စကားပြောဆိုခြင်း၌ ကြမ်းတမ်းကြသည်။ သူတို့၏စကားပြောဆိုခြင်းအတိုင်း သူတို့ကိုစီရင်လိမ့်မည်ဖြစ်ကြောင်းကို မသိဟန်ဆောင်၍နေကြသည်။ သူတို့၏စိတ်သဘောသိမ်ဖျင်းခြင်းနှင့် အချည်းနှီးဖြစ်ခြင်းသည် ဘုရားသခင်၏ဂုဏ်တော်ကို ပျက်စေသည်။ အကျိုးမရှိသောစကားပြောဆိုခြင်းနှင့်ရယ်မောခြင်းသည် ကျွန်ုပ်တို့လူငယ်အများတို့၏အသက်တာ၌ ထူးခြားထင်ရှားသောအရာများဖြစ်လေသည်။

စာတန်သည် သူတို့ကို လောက၏ပျော်ရွှင်ခြင်းများ၌ စိတ်စွဲလမ်းနေဖို့ရန် အထူးကြိုးစားလျက်နေသည်။ ဤပျော်ရွှင်ခြင်းများသည် ဘေးအန္တရာယ်မရှိ၊ အပြစ်ကင်း၍ကျန်းမာရေးအတွက်လည်း အလွန်အရေးကြီးသည်ဟု သူတို့စိတ်၌ ထင်မြင်ယူဆစေသည်။ သန့်ရှင်းခြင်းရှိသောလမ်းသည် လိုက်ဖို့ရန် အလွန်ခက်ခဲသောလမ်းဖြစ်၍၊ ကမ္ဘာလောက၏ပျော်မွေ့ရာလမ်းများသည် ပန်းများဖြင့်ဝေဆာလျက်ရှိကြောင်း စာတန်ပြသသည်။

စာတန်သည် လူငယ်တို့၏ရှေ့၌ ကမ္ဘာနှင့်ပျော်ရွှင်ခြင်းများကို အတုအလိမ်ဖြစ်သော သူ့အကြိုက်အရောင်အဆင်းများဖြင့် ခင်းကျင်းပြသထားလေသည်။ သို့သော် ဤလောက၏ပျော်ရွှင်ခြင်းများသည် မကြာမြင့်မီ ဆုံးခန်း

တိုင်ရောက်တော့မည်။ ကိုယ်စိုက်ပျိုးသောအရာကို ကိုယ်တိုင်ရိတ်သိမ်းရမည်။ ကျွန်ုပ်တို့ကိုယ်တိုင်နှင့်စပ်ဆိုင်သော အာရုံပြုခြင်းများ၊ စွမ်းရည်သတ္တိ (သို့မဟုတ်) အစွမ်းသတ္တိများကို ကျွန်ုပ်တို့အား မိနစ်တိုင်းကြည့်ရှုစောင့်ရှောက်နေသော ဘုရားသခင်ထံဆက်ကပ်ဖို့ရန် ထိုအရာများသည် ကျွန်ုပ်တို့အဖို့ အလွန်အဖိုး ထိုက်တန်နေသလား။ ဘုရားသခင်အားဆက်ကပ်ဖို့ရန် ကျွန်ုပ်တို့၏ပညာ အရည်အချင်းသည် အလွန်အဖိုးတန်နေသလား။

## ဥာဏ်အမြော်အမြင်၏နည်းလမ်း

လူငယ်များသည် သူတို့၏စိတ်ကိုတက်ကြွစေဖို့ရန်နှင့် ပျော်ရွှင်ဖို့ရန် လိုနေကြောင်းကို ခဏခဏပြောဆိုကြသည်။ သူတို့လိုအပ်နေသောအရာသည် ခရစ်ယာန်မျှော်လင့်ခြင်းပင်ဖြစ်သည်။ ဘာသာတရားသည် ယုံကြည်သော သူတစ်ယောက်အဖို့ နှစ်သိမ့်ခြင်းနှင့်မှန်ကန်သောပျော်မွေ့ခြင်းစမ်းရေတွင်းသို့ ရောက်ရှိဖို့ရန် စိတ်ချရသောလမ်းပြဖြစ်သည်။ ငယ်ရွယ်သောသူများသည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို လေ့ကျက်၍ ဘုရားသခင်အား ဆက်ကပ်ခြင်းနှင့် ဆုတောင်းခြင်းကိုပြုရမည်။ သူတို့၌ပိုနေသောအချိန်များကို ဤကဲ့သို့ပြုလုပ်ခြင်းထက် သာ၍ကောင်းမွန်အောင်မလုပ်နိုင်ကြပေ။ ဥာဏ်အမြော်အမြင်၏နည်းလမ်းများသည် နှစ်သက်ဖွယ်ရာနည်းလမ်းများဖြစ်၍၊ အားလုံးသောလမ်းတို့သည် ငြိမ်သက်ခြင်းလမ်းများဖြစ်သည်။

ပေါလုသည် လူငယ်တိတုထံသို့ ရေးသားလိုက်သောစာ၌၊ လူငယ်အားစိတ်တည်ငြိမ်ခြင်းရှိဖို့ရန် နှိုးဆော်သည်။ "အသက်ပျိုသောယောကျ်ားတို့သည်လည်း၊ ဣန္ဒြေစောင့်ရကြမည်အကြောင်း တိုက်တွန်းသွေးဆောင်လော့။ အရာရာ၌ကောင်းသောအကျင့်တို့၏ပုံသက်သေကို ကိုယ်တိုင်ပြလော့။ ဆုံးမဩဝါဒပေးသောအခါ မိစ္ဆာဒိဋ္ဌိနှင့်ကင်းခြင်း၊ တည်ကြည်ခြင်း၊ အပြစ်တင်ဖွယ်မရှိ၊ စင်ကြယ်သောတရားစကားကို ဟောပြောခြင်းတို့ကိုပြုလော့။ သို့ဖြစ်၍၊ တစ်ဘက်၌နေသောသူသည် ငါတို့ကိုကဲ့ရဲ့စရာအခွင့်မရနိုင်သောကြောင့် ရှက်ကြောက်ခြင်းသို့ရောက်လိမ့်မည်။"

လူငယ်တို့အား ကျွန်ုပ်ပန်ကြားလိုသည်မှာ၊ သူတို့၏အသက်ဝိညာဉ်ရေးအဖို့ တမန်တော်၏တိုက်တွန်းနှိုးဆော်ခြင်းကို နားထောင်စေလိုသည်။ ဤကောင်းမြတ်သောသွန်သင်ခြင်းများ၊ သတိပေးခြင်းများနှင့်ဆိုဆုံးမစကားသည် အသက်ရှင်ဖို့ဖြစ်မည်။ သို့မဟုတ် သေဆုံးဖို့ရန်ဖြစ်မည်။

သူတို့၌တာဝန်များစွာမရှိ။ သတိထားဖို့ရန်လည်းနတ္ထိ၊ ဝန်ထမ်းဆောင်ဖို့ရန်လည်းမလိုဟု သူငယ်များစိတ်၌ အထူးသဖြင့် ထင်မှတ်တတ်ကြသည်။ သို့သော်လည်း လူတိုင်းအပေါ်၌ သမ္မာကျမ်းစာအဆင့်အတန်းသို့ရောက်ရှိ ဖို့ရန်တာဝန်ရှိလေသည်။ အခွင့်အရေးများနှင့် အဆင်သင့်ခြင်းများမှ ထွန်းလင်းလိုက်သောအလင်း၊ နှုတ်ကပတ်တော်၏အလင်း၊ အကြံပေးခြင်းများ၊ သတိပေးခြင်းများနှင့် ဆိုဆုံးမခြင်းများသည် စာရိတ္တကိုစုံလင်ခြင်းဖြစ်စေလိမ့်မည်။ သို့မဟုတ် သတိမထားသောသူကို ပြစ်ဒဏ်ခတ်လိမ့်မည်။ ဤအလင်းကို လူငယ်များသာမက လူကြီးများတို့သည်လည်း နှစ်သက်မြတ်နိုးခြင်းရှိရမည်။ မည်သူသည် ဘုရားဘက်၌ရပ်တည််၍၊ သူတို့၏အသက်တာ၌ ကိုယ်တော်၏အမှုတော်ကို ဦးစားပေးကြမည်နည်း။ မည်သူသည် ဝန်ကိုထမ်းသောသူများဖြစ်ကြမည်နည်း။

"သင်၏အသက်နုပျိုစဉ်အခါ၊ သင်၏ဖန်ဆင်းရှင်ကို အမှတ်ရလော့။" အသက်ငယ်ရွယ်၍ ခွန်အားဗလရှိသောသူများသည် ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်ဖို့ရန် သခင်ယေရှုသည် အလိုရှိသည်။ သူတို့သည် ထာဝရအသက်၏အမွေခံများဖြစ်ဖို့ရန် ကိုယ်တော်အလိုရှိသည်။ စာရိတ္တညစ်ညူးခြင်းသည် များပြား၍ ကျွန်ုပ်တို့၏လူငယ်များကို အသက်နုနယ်စဉ်အခါ ဖျက်ဆီးနေငြားသော်လည်း၊ သူတို့သည် မြင့်မြတ်သောအမျိုးသားကြီးနှင့် အမျိုးသမီးအဖြစ်သို့ ကြီးပွားလာကြပေမည်။ သူတို့သည် ခရစ်တော်၌လွတ်လပ်ကြ၍၊ အလင်း၏ကလေးများဖြစ်ကြသဖြင့်၊ အမှောင်နှင့်မသက်ဆိုင်ကြပေ။

ဘုရားသခင်သည် လူငယ်ယောကျ်ားကလေးနှင့် မိန်ကလေးတိုင်းတို့အား မကောင်းသောအကျင့်ဓလေ့များကိုစွန့်ပယ်၍ အလုပ်အကိုင်၌ လုံ့လဝီရိယရှိပြီးလျှင် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရာ၌ စိတ်အားကြီးသော

သူများဖြစ်ဖို့ရန်အလိုရှိသည်။ မှားယွင်းသောအလေ့အကျင့်များကို အောင်မြင်ဖို့ရန်ကြိုးစားရမည်။ သို့မဟုတ် အကျင့်စာရိတ္တ၌ တိုးတက်အောင်ပြုလုပ်ရာ၌ ပျင်းရိခြင်းမရှိရ။ သူတို့၏ဆုတောင်းခြင်းစိတ်အားကြီးခြင်းကို ဘုရားသခင်၏ အမိန့်များကို နားထောင်ဖို့ရန် ကြိုးစားခြင်းများပြသလိမ့်မည်။ ခြေလှမ်းတိုင်း၌ သူတို့သည် မကောင်းသောအလေ့အကျင့်များနှင့် အပေါင်းအဖော်များကို စွန့်ပစ်၍ သခင်ဘုရားသည် မိမိဝိညာဉ်တော်တန်ခိုးအားဖြင့် အောင်မြင်ရန် ခွန်အားကို ပေးလိမ့်မည်ဟု ယုံကြည်ရမည်။

## ငယ်သောအရာများ၌သစ္စာရှိခြင်း

တစ်ဦးတစ်ယောက်ပင်ဖြစ်သော်လည်း အမြဲတစေပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်ခြင်းကိုရရှိလိမ့်မည်။ ကျွန်ုပ်တို့၏ကမ္ဘာ၌ ကောင်းမြတ်သောအရာအများအပြားကို လုပ်ကိုင်လိုသောသူတို့သည် ဘုရားသခင်၏ နည်းလမ်းအတိုင်း လုပ်ကိုင်ဖို့ရန်ဆန္ဒရှိရမည်။ သေးငယ်သောအရာများကို လုပ်ကိုင်ရမည်။ အကြင်သူသည် ပြီးမြောက်ခြင်း၌ အမြင့်ဆုံးသောနေရာသို့ ရောက်၍ ကြီးကျယ်အံ့ဩဖွယ်ကောင်းသောအရာတစ်စုံတစ်ခုကို လုပ်ကိုင်လိုပါက၊ မည်သည့်အရာတစ်စုံတစ်ခုကိုမျှ လုပ်ကိုင်ပြီးစီးလိမ့်မည်မဟုတ်ပေ။

မှန်မှန်တိုးတက်သွားခြင်းသည် ကောင်းသောအလုပ်တစ်ခုဖြစ်သည်။ အလုပ်တစ်မျိုးတည်းကို ထပ်တလဲလဲသစ္စာရှိစွာဖြင့် လုပ်ကိုင်ခြင်းသည် အလုပ်ကြီးတစ်ခုကိုလုပ်ကိုင်သည်ထက် ဘုရားသခင်၏ရှေ့တော်၌ သာ၍ တန်ဖိုးရှိ၏။ လူငယ်တို့အဖို့ ကောင်းသောသတင်းဖြစ်စေ၍၊ သူတို့၏ကြိုးစားခြင်း၌ စာရိတ္တကိုအားပေးသည်။

လူငယ်များသည် အသက်ဝိညာဉ်များကိုကယ်တင်ဖို့ရန် ဆောင်ရွက်ခြင်း၌ ကောင်းမွန်သောအရာကို လုပ်ကိုင်ကြသည်။ သူတို့အားအပ်နှံထားသော အစွမ်းသတ္တိများကိုအသုံးချရာ၌ ဘုရားသခင်အား ထုချေရှင်းလင်းရန် တာဝန်ရှိသည်။ ဘုရားသခင်၏သားသမီးများဟု ပြောဆိုသောသူများသည်

မြင့်မားသောအဆင့်အတန်းကို မှန်းရမည်။ ဘုရားသခင်သူတို့အားပေးထား သောအစွမ်းသတ္တိတိုင်းကို အသုံးပြုရမည်။ The Youth's Instructor, January 1, 1907.

## အလိုမပြည့်နိုင်သောဆန္ဒအားကြီးခြင်းများ

ပျော်ပါးခြင်းကို အဆက်မပြတ်အစဉ်တောင့်တနေခြင်းသည် အသက် ဝိညာဉ်၏နက်ရှိုင်းသောတောင့်တခြင်းများကို ဖော်ပြခြင်းပင်ဖြစ်သည်။ သို့သော်လည်း ဤလောက၏ပျော်မွေ့ရာစမ်းရေတွင်း၌သောက်သောသူတို့သည် သူတို့၏အသက်ဝိညာဉ်ရေငတ်ခြင်း၌ အလိုပြည့်ကြမည်မဟုတ်ပေ။ သူတို့ သည် လိမ်လည်ခြင်းကိုခံရကြသည်။ သူတို့သည် ရွှင်ပျော်မြူးထူးခြင်းကို စိတ်ချမ်းသာခြင်းဟု အောက်မေ့နေကြသည်။ စိတ်တက်ကြွခြင်းရပ်တန့်သွား သောအခါ၊ အများသောသူတို့သည် စိတ်ပျက်ခြင်းနှင့် မြော်မြင်ရာကင်းမဲ့ခြင်း အခြေအနေသို့ ရောက်ရှိသွားကြလေသည်။ မည်မျှမိုက်မဲခြင်းရှိကြသနည်း။ "အသက်ရှင်သောစမ်းရေတွင်း" ကို "ကျိုးပဲ့နေသောရေဘုံပိုင်" ဖြစ်စေသည့် လောကပျော်မွေ့ခြင်းများနှင့် လဲလှယ်လျက်ရှိကြသည်။ Fundamentals of Christian Education, p. 422.

## သက်သေခံဖို့ရန်အခွင့်ကောင်းများ

သင်သည် ဧကန်အမှန် ခရစ်တော်နှင့်ဆိုင်ခဲ့လျှင်၊ သင်၌ကိုယ်တော် အကြောင်းသက်သေခံဖို့ရန် အခွင့်ကောင်းများရရှိမည်။ ပျော်ရွှင်ခြင်းခင်းကျင်း သောနေရာများသို့ သင့်ကိုခေါ်ဖိတ်လိမ့်မည်။ ယင်းအချိန်၌ သင်သည် သင် ၏ သခင်အားသက်သေခံဖို့ရန် အခွင့်ကောင်းရရှိမည်။ ထိုအချိန်၌ သင်သည် ခရစ်တော်၌မှန်ကန်ခြင်းရှိခဲ့လျှင်၊ မတက်ရောက်နိုင်သည့်အတွက် ဆင်ခြေ

ပေးမည်မဟုတ်။ သင်သည် ဘုရားသခင်၏သားဖြစ်ကြောင်းကို ပွင့်ပွင့်လင်းလင်း ယဥ်ကျေးစွာပြောဆိုလိမ့်မည်။ သင်စောင့်ရှောက်နေသော ကျင့်ဝတ်တရားအတိုင်း၊ သင်၏သခင်ကိုဖိတ်ခေါ်၍မရသောနေရာသို့ သင်လည်းမသွားရောက်နိုင်ကြောင်း ပြောဆိုလိမ့်မည်။ The Youth’s Instructor, May 4, 1893.

–o–

## သညာပေးသောစကားများ – ၁၂၆

ကိုယ်ခန္ဓာနှင့်ဆိုင်သောတန်ခိုးများတွင်သာမက စိတ်နှင့်ဆိုင်သော တန်ခိုးများကိုလည်း လေ့ကျင့်ပေးရန် ဘုရားသခင်၏အမိန့်တော်၌ ပါရှိသည်။ သို့သော်လည်း ကိုယ်ခန္ဓာလေ့ကျင့်ခန်း၏ဂုဏ်အင်္ဂါသည် ခရစ်တော်သည် တပည့်တော်များအားပေးသော သင်ခန်းစာများနှင့်ကိုက်ညီခြင်းရှိရမည်။ ယင်း သင်ခန်းစာများသည် ခရစ်ယာန်များတို့၏အသက်တာများ၌ ပုံသက်သေပြသ ရကြမည်။ သို့မှသာလျှင် မိမိတို့ကိုယ်ကိုပညာပေး၍ လေ့ကျင့်ထားသော ဆရာများနှင့်ကျောင်းသားများတို့ကို ကောင်းကင်သားတို့သည် အပျော်အပါး ကိုနှစ်သက်ကြသောသူများဟု မှတ်တမ်းတင်ထားခြင်းမပြုရန်ဖြစ်သည်။ အများ သောသူတို့ကို ဤကဲ့သို့မှတ်တမ်းတင်ထားကြသည်။ "ဘုရားကိုနှစ်သက် သည်ထက် ကာမဂုဏ်ခံစားခြင်းကိုနှစ်သက်သောသူများ" ၂တိ ၃း၄။

ဤနည်းဖြင့် စာတန်နှင့်သူ၏ကောင်းကင်တမန်များသည် အသက် ဝိညာဉ်များကို ကျော့ကွင်းဖြင့်ဖမ်းလျက်ရှိကြသည်။ သို့ဖြစ်၍ သူတို့သည် ဆရာများနှင့်ကျောင်းသားများတို့အား လေ့ကျင့်ခန်းများနှင့် ပျော်ရွှင်မြူးထူး ခြင်းများကိုပြုလုပ်ရန် သူတို့၏စိတ်များကိုဆွဲဆောင်လျက်ရှိသည်။ ဤအရာ များ၌ သူတို့၏စိတ်နှလုံးများသည် လုံးလုံးသက်ဝင်နေ၍၊ အောက်တန်းကျ သောအရာများ၌ အားပေးသောကြောင့် လူတို့၏စိတ်နှလုံးများအပေါ်၌ ဘုရားသခင်၏ဝိညာဉ်တော်ဆောင်ရွက်ခြင်းကို ဆန့်ကျင်ဘက်ပြုကြသည်။

ကျောင်းတစ်ကျောင်း၌ရှိကြသော ဆရာအားလုံးတို့သည် လှုပ်ရှား လေ့ကျင့်ရန်လိုအပ်နေ၍၊ အလုပ်အကိုင်ကိုလည်း ပြောင်းပေးရမည်။ ဤ အချက်၌ မည်ကဲ့သို့အလုပ်ဖြစ်ကြောင်းကို ဘုရားသခင်သည် ညွှန်ပြခဲ့ပြီ၊ အသုံးဝင်၍ လက်တွေ့လုပ်ကိုင်ရသောအလုပ်ဖြစ်သည်။ သို့သော်လည်း အများသောသူတို့သည် သူတို့၏ဝိညာဉ်နှင့်ဆိုင်သောအသက်တာကို အကျိုး ယုတ်လျော့စေနိုင်သည်။ လူတို့၏တီထွင်မှုများနောက်သို့လိုက်၍ ဘုရားသခင်၏ အကြံအစည်တော်မှ မျက်နှာလွှဲသွားကြသည်။ အခြားအရာတို့ထက် ပျော်ရွှင်

မြူးထူးခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ခြင်းကို ပို၍ဆန့်ကျင်ဘက်ပြုသည်။ "သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသော မာရ်နတ်သည် ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။" ၁ပေ ၅း၈။ သူသည်ကစားကွင်းထဲ၌ရှိ၍ သင်၏ပျော်ရွှင်ခြင်းများကို စောင့်ကြည့်နေသည်။ သတိမထားသော အသက်ဝိညာဉ်တိုင်းကိုဖမ်းဆီး၍ သူ၏မျိုးစေ့ကို လူတို့၏ စိတ်နှလုံးထဲ၌စိုက်ပျိုး၍၊ လူတို့၏စိတ်ကို အုပ်စိုးလျက်နေသည်။ ကျောင်းခန်းထဲ၌လုပ်ကိုင်သောအရာတိုင်းတို့၌ စာတန်ရှိနေသည်။ ကစားခုန်ခြင်း၌ အလွန်စိတ်ဝင်စားနေသော ကျောင်းသားများသည် သူတို့လိုအပ်နေသော သွန်သင်ခြင်း၊ အကြံဉာဏ်၊ ဆုံးမစကားများကိုနာခံဖို့ရန် အကောင်းဆုံးသော အခြေအနေ၌မရှိကြပေ။

ကိုယ်ခန္ဓာနှင့်ဆိုင်သော ပရိစယပြုခြင်း (အညောင်းအညာဖြေခြင်း)ကို သဗ္ဗညုတဘုရားသခင်ကိုယ်တော်တိုင် သတ်မှတ်ထားတော်မူသည်။ နေ့တိုင်းအချိန်နာရီကိုသတ်မှတ်၍၊ အလုပ်နှင့်စပ်ဆိုင်၍ အသုံးဝင်သော ပညာကိုပေးရမည်။ ထိုအချိန်၌ ကျွန်ုပ်တို့လူငယ်အားလုံးတို့၌ လိုအပ်လျက်ရှိသော လက်တွေ့အသက်တာ၏ဝတ္တရားများကို ဆောင်ရွက်ကြရမည်။

စာသင်ကျောင်းတိုင်းနှင့် အခြားသောအဖွဲ့အစည်းတိုင်းတို့၌ ဒံယေလကဲ့သို့သောလူများ လူတိုင်းဖြစ်သင့်သည်။ အားလုံးသောအသိဉာဏ်တို့၏မူလဖြစ်တော်မူသောအရှင်နှင့် နီးကပ်စွာရှိနေသောကြောင့် သူသည် နေရာတိုင်း၌ အမြင့်ဆုံးသောအဆင့်အတန်းသို့ ရောက်နိုင်ခဲ့လေသည်။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းနှင့်ချစ်ခြင်းသည် ဒံယေလရေ့၌ရှိသည်။သူသည် ဘုရားသခင်၌တာဝန်ရှိသည်ကိုသိ၍ သူ၏ခွန်အားရှိသမျှကို တတ်နိုင်သရွေ့ ဆရာကြီး၏ကြည့်ရှုခြင်းအောက်၌ထားလေသည်။ ဟေဗြဲလူငယ်လေးယောက်တို့သည် သူတို့၏အသက်တာ၌ ကိုယ့်အကျိုးရှာဖွေခြင်းနှင့် ပျော်ရွှင်ခြင်းများဝင်ရောက်လာဖို့ရန် ခွင့်မပေး။ သူတို့သည် ဆန္ဒပြည့်ဝသောစိတ်နှလုံးနှင့် အဆင်သင့်

ရှိသောစိတ်ဖြင့် ဆောင်ရွက်ကြသည်။ ဤအဆင့်အတန်းသည် အလွန်မြင့်မား၍ ခရစ်ယာန်လူငယ်တိုင်း ရောက်ရှိနိုင်သည်။ Counsels to Teachers, Parents, and Students, pp. 281-284.

–ဝ–

# လူငယ်များအဖို့ဘေးမကင်းသော ပျော်ရွှင်ခြင်းများ – ၁၂၇

စိတ်အာရုံထကြွဖို့ရန်ဆန္ဒရှိခြင်းနှင့် နှစ်သက်ဖွယ်ကောင်းသော ပျော်ရွှင်ခြင်းသည် ဘုရားသခင်၏လူတို့အဖို့ စုံစမ်းနှောင့်ယှက်ခြင်းတစ်ရပ်နှင့် ကျော့ကွင်းတစ်ကွင်းဖြစ်သည်။ အနာဂတ်ကာလ၌ရှိသော အရေးကြီးသည့် အခင်းအကျင်းများကို ပြင်ဆင်နေသောအလုပ်မှ စိတ်များကိုဆွဲဆောင်နိုင်ဖို့ရန် စာတန်သည် အစဉ်သဖြင့် စိတ်ဝင်စားစေနိုင်သောအရာများကို ပြင်ဆင်လျက်ရှိသည်။ လောက၌ရှိသောအရာများအားဖြင့် သတိမရှိသောသူတို့ကို ဆွဲဆောင်ရန် သူသည် အဆက်မပြတ် စိတ်အာရုံတက်ကြွခြင်းဖြစ်စေသည်။ လောကကိုချစ်နိုင်သည့်လမ်းများဖြစ်သော ပြပွဲများ၊ စကားပြောပွဲများနှင့် အဆက်မပြတ်ဧည့်ခံနေသော ပွဲလမ်းသဘင်များကို ပြင်ဆင်ထားသည်။ လောကကို ဉာဏ်နည်းနှင့်ပူးပေါင်းခြင်းအားဖြင့် ယုံကြည်ခြင်းသည် အားနည်းသွားခဲ့လေသည်။

စာတန်သည် အလွန်ကြိုးစားသောအလုပ်သမားဖြစ်သည်။ ပရိယာယ်များ၍ ပျက်စီးဆုံးရှုံးစေသောရန်သူဖြစ်သည်။ သတိမထားဘဲပြောလိုက်သော စကားတိုင်း၊ မြှောက်ပင့်၍ပြောဆိုသောစကားဖြစ်စေ (သို့မဟုတ်) လူငယ်သည် သူကျူးလွန်ခဲ့သောအပြစ်ကို ရွံရှာခြင်းမရှိခဲ့လျှင်၊ သူသည် ယင်းအဖြစ်သနစ်ကို အခွင့်ကောင်းယူ၍၊ မကောင်းသောအစေ့သည် အမြစ်တွယ်၍၊ အသီးများစွာရရှိနိုင်ဖို့ရန် ကြီးပွားစေသည်။ စာတန်သည် လိမ်လည်သောသူ၊ ကျွမ်းကျင်သောဖျော်ဖြေသူတစ်ယောက်ဖြစ်သည်။ သူ၌အကောင်းဆုံးရက်ထားသောပိုက်ကွန်များရှိသည်။ ကြည့်ရှုလိုက်သောအခါ အပြစ်ကင်းဟန်ရှိသော်လည်း ငယ်ရွယ်၍သတိမထားသောသူများကိုဖမ်းယူရန် လိမ္မာစွာပြင်ဆင်ထားသည်။ သဘာဝစိတ်သည် အပျော်အပါးနှင့် ကိုယ်အလိုသို့လိုက်ခြင်းဘက်သို့ ညွတ်လျက်နေသည်။ ငါ၏အသက်ဝိညာဉ်သည် အဘယ်အခြေအနေ၌ရှိသနည်းဟု မေးမြန်းဖို့ရန်အချိန်မရှိအောင် စာတန်သည် လူ၏စိတ်ကို

လောကီပျော်မွေ့ခြင်းဆန္ဒများဖြင့် ပြည့်ဝလျက်နေစေသည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် သူ၏ပေါ်လစီ (သို့မဟုတ်) လုပ်ကိုင်နည်းပင်ဖြစ်သည်။

## ကံကြမ္မာဆိုးသောခေတ်

ကျွန်ုပ်တို့သည် လူငယ်တို့အဖို့ ကံကြမ္မာဆိုးသောခေတ်၌ နေထိုင်ကြသည်။ အဖွဲ့အစည်းများ၌ လိုက်နာနေကြသောခံယူချက်သည်၊ လူငယ်တို့အား မိမိတို့၏စိတ်သဘောဆန္ဒရှိသည်အတိုင်း လုပ်ကိုင်ဖို့ရန် အခွင့်ပြုခြင်းဖြစ်သည်။ သူတို့၏သားသမီးများသည် အလွန်ရိုင်းစိုင်းနေသောအခါ၊ မိဘဖြစ်သူတို့သည် သူတို့ကိုမြှောက်ပေးကြသည်။ သူတို့သည် ကြီးပြင်းလာ၍ အသိဉာဏ်နှင့်ပြည့်စုံသောအခါ၊ သူတို့၏မကောင်းမှုမှားယွင်းခြင်းများကိုစွန့်ပစ်၍၊ အသုံးကျသောယောကျာ်းကြီး၊ မိန်းမကြီးများဖြစ်လာလိမ့်မည်ဟုပြောကြသည်။ အမှားတစ်ရပ်ပင်ဖြစ်သည်။ သူတို့သည် နှစ်ပေါင်းများစွာရန်သူကိုစိတ်နှလုံးဥယျာဉ်၌စိုက်ပျိုးရန် အခွင့်ပေးခဲ့၍၊ မှားယွင်းသောကျင့်ဝတ်များကိုပေါက်စေ၍ သန်စွမ်းအောင်အားပေးခဲ့သည်။ ဤသို့ပြုလုပ်ရာတွင် လမ်းဆုံး၌ ဘေးအန္တရာယ်များဖုံးအုပ်လျက်ရှိနေသော်လည်း သူတို့အဖို့ ပျော်ရွှင်ခြင်းရှိလိမ့်မည်ဟု အထင်အမြင်ရှိကြသည်။ အများအားဖြင့် နောင်တစ်ချိန်၌ ဤလူငယ်များအတွက် ဆောင်ရွက်လုပ်ကိုင်ခြင်း၌ အောင်မြင်ခြင်းကို မတွေ့ရတော့ပေ။

ခရစ်ယာန်များဖြစ်သည်ဟု ပြောဆိုသောသူတို့တွင် ဘုရားတရားကြည်ညိုခြင်းအဆင့်အတန်းသည် နိမ့်ကျလျက်ရှိသည်။ လူငယ်များသည် အသင်းသားများတို့၏အားပေးတိုက်တွန်းခြင်းကြောင့် လောကနှင့်ဆိုင်သောသြဇာသက်ရောက်ခြင်းများကိုတားဆီးရန် ခဲယဉ်းခြင်းနှင့်တွေ့ကြုံရကြသည်။ သာမန်ခရစ်ယာန်အများတို့သည် ခရစ်တော်အဖို့ အသက်ရှင်နေကြသည်ဟုပြောဆိုသော်လည်း၊ အမှန်မှာ သူတို့သည် လောကအဖို့အသက်ရှင်နေကြသည်။ သူတို့သည် ကောင်းကင်နှင့်ဆိုင်သော အရာများတို့၏ထူးမြတ်ခြင်း

ကိုမသိကြ။ သို့ဖြစ်၍ ထိုအရာများကို မှန်ကန်စွာနှစ်သက်ခြင်းမရှိကြပေ။ အများသောသူတို့သည် ခရစ်ယာန်ဖြစ်သည်ဟု ပြောဆိုကြသည်။ အကြောင်းမှာ ခရစ်ယာန်ဘာသာသည် ဂုဏ်ရှိသည်ဟု ယူဆကြသည်။ အစစ်အမှန်ဖြစ်သော ခရစ်ယာန်ဘာသာသည် လက်ဝါးကပ်တိုင်ကို ထမ်းဆောင်ရကြောင်း မသိကြ။ သူတို့၏ဘာသာတရားသည် လောကီနှင့်ဆိုင်သောပျော်မွေ့ခြင်းနောက်သို့မလိုက်ဖို့ရန် တားဆီးနိုင်သောသြဇာမရှိပေ။

အချို့တို့သည် ကပွဲအခန်းထဲသို့ဝင်ရောက်၍၊ ပျော်ရွှင်ခြင်းအမျိုးမျိုးကို ဆင်နွှဲကြသည်။ အချို့တို့သည် ဤအရာမျိုးကိုမလုပ်နိုင်ကြသော်လည်း ပျော်ရွှင်ပွဲများ၊ ပျော်ပွဲစားခြင်းများ၊ ပြပွဲများနှင့်လောကီနှင့်ဆိုင်သော အခြားပွဲများကိုတက်နိုင်ကြသည်။ သူတို့၏မြင်ကွင်းအခြေအနေသည် မယုံကြည်သောသူများနှင့် ခွဲခြား၍မရအောင် ဖြစ်နေတတ်သည်။

ယခုလက်ရှိအခြေအနေအရ မိဘဖြစ်သူများသည် သူတို့၏သားသမီးများကိုဟန့်တား၍၊ သမ္မာကျမ်းစာ၏ဥပဒေအတိုင်း သွန်သင်ပေးဖို့ရန်မလွယ်ကူပေ။ သားသမီးများကို တားဆီးကန့်ကွက်သောအခါ သူတို့သည် သည်းမခံနိုင်ကြ၍ သူတို့စိတ်ဆန္ဒအတိုင်း အတားအဆီးမရှိ ဝင်ထွက်သွားလာကြလေသည်။ အထူးသဖြင့် အသက် ၁၀ နှစ်မှ ၁၈ နှစ်ရှိသောလူငယ်များသည် လောကီနှင့်ဆိုင်သော လူငယ်အပေါင်းအသင်းအစုအရုံးသို့သွားခြင်း၌ ဘေးအန္တရာယ်မရှိနိုင်ဟု ယူဆကြသည်။ သို့သော်လည်း ဗဟုသုတကြွယ်ဝသော ခရစ်ယာန်မိဘများသည် ဘေးအန္တရာယ်ကိုတွေ့မြင်နိုင်သည်။ သူတို့သည် သူတို့၏သားသမီးများတို့၌ရှိသော ထူးခြားသည့်စိတ်သဘောထားကို နားလည်ကြသည်။ သူတို့၏စိတ်ပေါ်၌ ဤအရာများတို့၏သြဇာသက်ရောက်ခြင်းကို သိမြင်ကြသည်။ သူတို့၏ကယ်တင်ရေးကိုရှေးရှု၍၊ သူတို့ကို ဤစိတ်တက်ကြွစေသောပျော်ရွှင်ပွဲများသို့မသွားရန် တားဆီးရပေမည်။

သားသမီးများသည် ခရစ်တော်၏တပည့်များဖြစ်ဖို့ရန် မိမိတို့ကိုယ်တိုင်ဆုံးဖြတ်၍ လောကီအပျော်အပါးများကို စွန့်ပစ်လိုက်သောအခါ၊ သေချာ၍သစ္စာရှိသော မိဘတို့၏စိတ်နှလုံးမှ ဝန်ထုပ်ကြီးတစ်ထုပ်သည်

ပေါ့သွားခဲ့လေပြီ။ သို့တစေလည်း မိဘတို့၏လုပ်ကိုင်ခြင်း၌ ရပ်နားခြင်းမရှိရပေ။ ဤလူငယ်များသည် အပြစ်နှင့်သဘာဝစိတ်နှလုံး၏မကောင်းမှုများကို ယခုပင်အစပြု၍၊ စိတ်အားထက်သန်စွာ တိုက်ခိုက်နေကြသည်။ တစ်နည်းအားဖြင့် သူတို့သည် သူတို့၏မိဘများထံမှ အထူးအကြံဉာဏ်နှင့်စောင့်ရှောက်ခြင်းကို လိုအပ်နေကြသည်။

## လူငယ်တို့ရှေ့၌စုံစမ်းခြင်းအချိန်တစ်ချိန်ရှိခြင်း

လောက၏ဩဇာသက်ရောက်ခြင်းအောက်သို့ ရောက်ရှိသွားကြသည့်ဥပုသ်နေ့ကိုစောင့်နေသော လူငယ်များကိုစစ်ဆေး၍ ထင်ရှားအောင်ပြုလုပ်ရမည်။ နောက်ဆုံးသောနေ့၏ဘေးအန္တရာယ်များသည် ကျွန်ုပ်တို့အပေါ်၌ရှိသည်။ ငယ်ရွယ်သောသူမမျှော်လင့်သော စုံစမ်းနှောင့်ယှက်ခြင်းသည် သူ့အရှေ့၌ရှိသည်။ သူတို့သည် စိတ်ဒုက္ခရောက်စေသော ရှုပ်ထွေးခြင်းနှင့်တွေ့ဆုံရကြမည်။ သူတို့၏ယုံကြည်ခြင်းအစစ်အမှန်ကို ထုတ်ဖော်ရလိမ့်မည်။ သူတို့သည် လူသားကြွလာဖို့အချိန်ကို စောင့်မျှော်နေကြသည်ဟု ပြောဆိုကြသည်။ သို့တစေလည်း အချို့သောသူတို့သည် မယုံကြည်သောသူတို့ရှေ့၌ စိတ်မသက်သာစရာကောင်းသော ပုံသက်သေများဖြစ်ကြသည်။ သူတို့သည် လောကကြီးကိုစွန့်ပစ်ဖို့ရန် ဆန္ဒမရှိကြပေ။ သို့သော်လည်း လောကကြီးနှင့်ပူးပေါင်း၍၊ ပျော်ပွဲစားခြင်း၊ အပျော်အပါးလိုက်ခြင်းနှင့် အပြစ်မရှိသောပျော်ပွဲရွှင်ပွဲများကို ပြုလုပ်နေသည်ဟု မြှောက်ပင့်ပြောဆိုကြသည်။ ဤအရာများသည် သူတို့ကို ဘုရားသခင်နှင့်ဝေးကွာစေခဲ့၍၊ သူတို့ကို လောက၏သားသမီးများအဖြစ်သို့ ရောက်စေသည်။

အချို့သည် အစဉ်သဖြင့် လောကကြီးကိုမှီနေကြသည်။ သူတို့၏ ခံယူချက်များနှင့် အထင်အမြင်များသည် ကိုယ့်ကိုကိုယ်ငြင်းပယ်သောခရစ်တော်၏နောက်လိုက်များနှင့် ညီညွတ်သည်ထက် လောက၏သဘောနှင့်ပို၍ညီညွတ်ခြင်းရှိသည်။ သူတို့၏စိတ်သဘောနှင့် လုံးဝတိုက်ဆိုင်သောသူ

များကိုသာ အပေါင်းအဖော်ပြုလုပ်ခြင်းသည် သဘာဝအတိုင်း မှန်ကန်ပေသည်။ ထိုသို့သောသူများတို့သည် ဘုရားသခင်၏လူတို့တွင် ဩဇာသက်ရောက်ခြင်း၌ များလွန်း၏။ သူတို့သည် ဝင်ရောက်လာ၍ သူတို့တွင်နာမည်ရှိလာသည်။ သို့သော်လည်း သူတို့သည် မယုံကြည်သောသူတို့အဖို့နှင့်အသင်းတော်၌ခွန်အားနည်း၍ ဆက်ကပ်ခြင်းမရှိသောသူတို့အဖို့ ပြောဆိုစရာအကြောင်းဖြစ်လေသည်။ အရေးအသွေ့ဘ်ချွတ်နေသော ဤအချိန်၌၊ ဤသုခမိန်ကြီးများသည် သမ္မာတရားကိုနားထောင်ခြင်းအားဖြင့် လုံးဝပြောင်းလဲခြင်းနှင့် သန့်ရှင်းခြင်းရှိကောင်းရှိမည်။ သို့မဟုတ် သူတို့သည် လောကီသားများနှင့်အတူ သူတို့၏ဆုကိုရရှိဖို့ရန် လောက၌ကျန်နေရစ်ကြမည်။

ဘုရားသခင်သည် ပျော်မွေ့ခြင်းရှာဖွေသောသူကို မိမိ၏နောက်လိုက်အနေဖြင့် မပိုင်ပေ။ မိမိကိုယ်ကိုငြင်းပယ်သောသူများ၊ စိတ်တည်ငြိမ်သောသူများ၊ နှိမ့်ချသောသူများနှင့် သန့်ရှင်းခြင်းရှိသောသူများသာလျှင် ခရစ်တော်၏မှန်ကန်သောတပည့်တော်များဖြစ်ကြသည်။ သိမ်ဖျင်းသောအရာကို ဂရုစိုက်သောသူ၊ လောကကိုချစ်၍ ပေါ့ပျက်သောစကားကို ပြောဆိုတတ်သောသူတို့တွင် ကိုယ်တော်၏တပည့်တော်များသည် ပါဝင်ခြင်းမပြုနိုင်ကြ။

## လောကမှတသီးတခြားနေခြင်း

ခရစ်တော်၏မှန်ကန်သောနောက်လိုက်များတို့သည် အနစ်နာခံဖို့ရန်ရှိလိမ့်မည်။ သူသည် လောကီနှင့်ဆိုင်သော ပျော်ရွှင်ခြင်းနေရာများကိုရှောင်ရှားကြလိမ့်မည်။ အကြောင်းမှာ သူတို့သည် သခင်ယေရှုကို ထိုနေရာများ၌ တွေ့မြင်ကြမည်မဟုတ်။ ကောင်းကင်နိုင်ငံသို့ စိတ်ရောက်စေ၍ သူတို့သည် ကျေးဇူးတော်၌ကြီးပွားရန် ဩဇာအာဏာသက်ရောက်စေမည့်အရာလည်း မရှိပေ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားထောင်ခြင်းဖြင့် ဤအရာများထဲမှထွက်ရောက်လာ၍၊ တသီးတခြားနေစေလိမ့်မည်။

"သူတို့၏အကျင့်ကိုထောက်၍ သူတို့၏သဘောကိုသိကြလိမ့်မည်" (မဿဲ ၇း၂၀) ဟု သခင်ယေရှုမိန့်တော်မူ၏။ ခရစ်တော်၏မှန်ကန်သော တပည့်တော်များသည် ကိုယ်တော်၏ဘုန်းတော်ကိုထောက်၍ အသီးသီးကြ သည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူတို့အထဲ၌ ကောင်းသောအလုပ် တစ်ခုကို လုပ်ကိုင်နေပြီဖြစ်ကြောင်း၊ သူတို့၏အသက်တာများသည် သက်သေ ခံလျက်ရှိသည်။ သီးသောအသီးများသည် သန့်ရှင်းခြင်းရှိသည်။ သူတို့၏ အသက်တာများသည် မြင့်မြတ်၍ စင်ကြယ်ခြင်းရှိသည်။ မှန်ကန်သောလုပ်ရှား ခြင်းများသည် မှန်သောဘုရားဝတ်၌ မွေ့လျော်ခြင်း၏အသီးများဖြစ်ကြသည်။ ဤအသီးမျိုးကိုမသီးသောသူတို့သည် သူတို့၌ ဘုရားသခင်နှင့်စပ်ဆိုင်သော အရာတို့၌ ဗဟုသုတမရှိကြောင်း ဖော်ပြသည်။ သူတို့သည် စပျစ်ပင်၌ မတည်ဟု သခင်ယေရှုမိန့်တော်မူသည်။ "ငါ၌တည်နေကြလော့၊ ငါသည် လည်း သင်တို့၌တည်နေမည်။ စပျစ်ခက်သည် အပင်၌မတည်လျှင်၊ ကိုယ် အလိုအလျောက်အသီးမသီးနိုင်သကဲ့သို့ သင်တို့သည် ငါ၌မတည်လျှင် အသီးမသီးနိုင်ကြ။ ငါသည်စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များ ဖြစ်ကြ၏။ အကြင်သူသည်ငါ၌တည်၍ ငါသည်လည်းသူ၌တည်၏။ ထိုသူ သည် များစွာသောအသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ" ယော ၁၅း၄၊၅။

ဘုရားမှန်ကို ကိုးကွယ်ဝတ်ပြုသောသူတို့သည် မမှန်သောဘုရားရှိ သမျှကို စွန့်ပစ်ရမည်။ သခင်ယေရှုသည် ကျမ်းတတ်ကိုမိန့်တော်မူသည်မှာ၊ "သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှနှင့် ချစ်လော့ဟူသောပညတ်သည် ပထမပညတ်ဖြစ်၏" မဿဲ ၂၂း၃၇၊၃၈။ ပညတ်တော်ဆယ်ပါး၏ပထမပညတ်လေးပါးသည် ဘုရားသခင်ကိုချစ်ခြင်းမှ ကွဲကွာသွားဖို့ရန် အခွင့်မပြုပေ။ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုနှစ်သက်ခြင်း၌ မည်သည့်အရာမျှဝင်ရောက်မလာစေရပေ။ ဘုရားသခင်အထံတော်မှ ကျွန်ုပ် တို့အားခွဲခွာစေသောအရာဟူသရွေ့ကို ဖယ်ရှားခြင်းမပြုသမျှကာလပတ်လုံး ကျွန်ုပ်တို့သည် ခရစ်ယာန်ဗဟုသုတ၌ တိုးတက်ခြင်းမရှိနိုင်ပေ။

အသင်းတော်၏ရှေ့ဆောင်ဖြစ်သောပုဂ္ဂိုလ်ကြီးသည် မိမိလူတို့ကို ကမ္ဘာပေါ်လောကကြီးမှ ရွေးချယ်ခဲ့သောကြောင့်၊ ကမ္ဘာလောကကြီးမှ အသီးအခြားနေရန် အလိုတော်ရှိသည်။ မိမိပညတ်တော်များ၏သဘောသည် ကိုယ်တော်အထံတော်သို့ဆွဲယူခြင်းဖြင့်၊ သူတို့ကို လောကနှင့်ဆိုင်သောအရာများမှ ကွဲကွာစေဖို့ရန် ကိုယ်တော်ကြံစည်ထားတော်မူသည်။ ဘုရားသခင်ကိုချစ်၍ ကိုယ်တော်၏ပညတ်တော်များကိုစောင့်ခြင်းသည် လောက၏ပျော်ရွှင် ခြင်းများနှင့်မိတ်ဆွေဖွဲ့ခြင်းမှ များစွာဝေးကွာခြင်းရှိ၏။ သခင်ခရစ်တော်နှင့် ဗေလျာလ စပ်ကြား၌ သဘောတူညီမှုမရှိပေ။

## ငယ်သောသူများကိုပေးသောကတိပေးခြင်း

ခရစ်တော်နောက်တော်သို့လိုက်သော သူငယ်တို့၏ရှေ့၌ စစ်ပွဲတစ်ပွဲ ရှိသည်။ သူတို့သည် လောကကြီးထဲမှထွက်လာ၍ ခရစ်တော်၏အသက်တာ ကို အတုယူသောအခါ သူတို့၌နေ့တိုင်းထမ်းဆောင်ရန် လက်ဝါးကပ်တိုင် ရှိသည်။ သို့သော်လည်း ကယ်တင်ရှင်ကို ရှေးဦးစွာရှာသောသူတို့အဖို့ထားသော ဖိုးထိုက် ကတိတော်များမှတ်တမ်းတင်ထားလျက်ရှိသည်။ အသိပညာသည် လူတို့၏သား တို့အားခေါ်သည်မှာ၊ "ငါ့ကိုချစ်သောသူတို့ကိုငါချစ်၏။ ငါ့ကို ကြိုးစား၍ရှာ သောသူတို့သည် တွေ့တတ်ကြ၏" သုတ္တံ ၈:၁၇။

"သို့ဖြစ်၍ သင်တို့၏စိတ်နှလုံးကိုခါးပန်းစည်း၍ သမ္မာသတိရှိကြ လော့။ ယေရှုခရစ်ပေါ်ထွန်းတော်မူသောအခါ၊ သင်တို့ဆီသို့ရောက်လတ္တံ့ သောဆုကျေးဇူးကို အဆုံးတိုင်အောင်မျှော်လင့်ကြလော့။ အထက်ကသင်တို့ သည် မှောင်မိုက်ထဲမှာကျင့်သော တပ်မက်ခြင်းတရားကို ယခုမလိုက်မကျင့်ဘဲ၊ နားထောင်တတ်သောသူငယ်ကဲ့သို့ဖြစ်၍၊ သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည်နည်းတူ၊ ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်းရှိကြလော့" ၁ပေ ၁:၁၃–၁၅။ "အကြောင်းမူကား၊မင်္ဂလာရှိသောမျှော်လင့်ရာကိုလည်းကောင်း၊ ကြီးမြတ်သောဘုရားသခင်တည်းဟူသော၊ ငါတို့ကိုကယ်တင်တော်မူသော

အရှင်သခင်ယေရှုခရစ်၏ဘုန်းအသရေတော် ထင်ရှားပေါ်ထွန်းခြင်းကိုလည်းကောင်း၊ ငါတို့သည်မျှော်လင့်လျက်၊ ဘုရားမဲ့တရားမဲ့နေခြင်း၊ လောကီတပ်မက်ခြင်းကိုပယ်ရှားလျက်၊ ယခုဘဝ၌ကျွန်ုပ်စောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရား ဝတ်၌မွေ့လျော်ခြင်းတို့ကိုပြုနေရမည်အကြောင်း၊ ငါတို့ကိုဆုံးမသွန်သင်၍ လူအပေါင်းတို့ကိုကယ်တင်တတ်သော ဘုရားသခင်၏ကျေးဇူးတော်သည် ထင်ရှားပေါ်ထွန်းလျက်ရှိ၏။ ထိုသခင်ယေရှုခရစ်သည် ခပ်သိမ်းသောဒုစရိုက်မှ ငါတို့ကိုရွေးနုတ်ခြင်းငှာလည်းကောင်း၊ ကောင်းသောအကျင့်ဘက်၌ စိတ်အားကြီး၍ ပိုင်ထိုက်တော်မူသောအမျိုးကို မိမိအဖို့စင်ကြယ်စေခြင်းငှာလည်းကောင်း ကိုယ်ကိုကိုယ်စွန့်ကြဲတော်မူပြီ” တိတု ၂း၁၁–၁၄။ Counsels to Teachers, Parents, and Students, pp. 325-330.

–o–

# လူငယ်၌မှန်ကန်သောကျင့်ဝတ်များကို တည်စေခြင်း – ၁၂၈

ငယ်ရွယ်သောသူများကိုခိုင်ခံ့သောကျင့်ဝတ်များဖြင့် အုပ်ချုပ်သင့်သည်။ သို့မှသာလျှင် သူတို့သည် ဘုရားသခင်သူတို့အားပေးထားသော တန်ခိုးများကို မှန်ကန်စွာတိုးတက်စေလိမ့်မည်။ သို့သော်လည်း လူငယ်များသည် ကျင့်ဝတ်တရားကိုရည်ဆောင်ခြင်းမပြုဘဲ စိတ်ဇောတိုက်တွန်းခြင်းနောက်သို့ ဇွတ်တရွက်လိုက်တတ်ကြသောကြောင့် သူတို့သည် အစဉ်သဖြင့် ဘေးအန္တရာယ်၌ရှိနေကြသည်။ သူတို့၏မိဘများထံမှလမ်းပြခြင်းနှင့် အကာအကွယ်ပေးခြင်းကို အစဉ်သဖြင့်မရနိုင်သောကြောင့် သူတို့သည် သူတို့ကိုယ်ကို အားကိုးရန်နှင့် ကိုယ်ကိုကိုယ်ချုပ်တည်းခြင်း လေ့ကျင့်ပေးဖို့လိုအပ်သည်။ သူတို့ကို ဖြောင့်မှန်သောကျင့်ဝတ်တရားမှ စဉ်းစား၍ပြုမူရန် သင်ကြားပေးရမည်။

## နားနေခြင်းနှင့်ရွှင်မြူးခြင်း

စာလေ့ကျက်နေရသောသူများတို့၌ အားလပ်နားနေခြင်းရှိရမည်။ စိတ်ကိုအစဉ်သဖြင့် ကျပ်တည်းသောအခြေအနေ၌မထားရ။ အကြောင်းမှာ အလွန်နူးညံ့သောကိရိယာများသည် ပွန်းသွားတတ်သည်။ ကိုယ်ခန္ဓာနှင့် စိတ်ပါလေ့ကျင့်ခြင်းရှိရမည်။ သို့သော်လည်း အခြားသောအရာများ၌ လိုအပ်သကဲ့သို့ ရွှင်မြူးခြင်း၌လည်း ချုပ်တည်းခြင်းများစွာလိုအပ်ပေသည်။ ဤရွှင်မြူးခြင်းများ၏သဘောကို သေချာစွာနှင့်စေ့စပ်စွာ စဉ်းစားရပေမည်။ ဤရွှင်မြူးခြင်းများသည် ကိုယ်ခန္ဓာ၊ စိတ်နှင့်စာရိတ္တကျန်းမာရေးများ၌ မည်ကဲ့သို့ ထိခိုက်ခြင်းရှိနိုင်သနည်းဟု လူငယ်တိုင်း မိမိတို့ကိုယ်ကိုမေးနိုင်ကြသည်။ ကျွန်ုပ်တို့၏စိတ်သည် အလွန်ထိုင်းမှိုင်းလာ၍ ဘုရားသခင်ကိုမေ့သွား

မည်လား။ ကျွန်ုပ်အရှေ့၌ ကိုယ်တော်၏ဘုန်းတော်သည် ဆက်လက်၍ရှိနေမည်လား။

ဖဲကစားခြင်းကိုတားမြစ်ရမည်။ အပေါင်းအဖော်များနှင့် စိတ်သဘောထားများသည် ဘေးအန္တရာယ်များဖြစ်သည်။ ဤပျော်ရွှင်ခြင်းမျိုး၌ အသက်ဝိညာဉ် (သို့မဟုတ်) ကိုယ်ခန္ဓာအဖို့ မည်သည့်အကျိုးမျှမပေးနိုင်ပေ။ အသိဉာဏ်ကိုလည်း ခွန်အားမပေးနိုင်ပေ။ အနာဂတ်ကာလ၌ အသုံးချရန် မည်သည့်အဖိုးတန်သောစိတ်ကူးနှင့်မျှ အတူထား၍မဖြစ်ပေ။ စကားပြောဆိုရာ၌ သိမ်ဖျင်း၍၊ တန်ဖိုးမရှိပေ။

ဖဲဝိဇ္ဇာသမားသည် သူတတ်ကျွမ်းသောပညာကို မိမိကိုယ်ကျိုးအတွက် အသုံးချတတ်သည်။ မထမထိုးကြေးအနည်းငယ်လောက်နှင့်သာ၊ လောင်းကစား၍တဖြည်းဖြည်းများလာပြီးလျှင်၊ အဆုံး၌ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်လေသည်။ ဤအကျိုးပျက်သောပျော်ရွှင်ခြင်းကို လိုက်စားသောသူမည်မျှ အကျဉ်းထောင်သို့လည်းကောင်း၊ ဆင်းရဲခြင်းသို့လည်းကောင်း၊ လူသတ်သမားဘဝ သို့လည်းကောင်း၊ နောက်ဆုံး စက်တိုင်သို့လည်းကောင်း ရောက်ရှိခဲ့ကြပြီနည်း။ သို့တစေလည်း အများသောမိဘများသည် ကျွန်ုပ်တို့၏လူငယ်များ အပေါ်၌ ကြောက်မက်ဖွယ်ရာကောင်းသော ပျက်စီးခြင်းကျရောက်နေသည်ကို မတွေ့မမြင်ကြပေ။

အပျော်အပါးလိုက်စားခြင်း၌ ကြောက်စရာအကောင်းဆုံးသောနေရာသည် ရုပ်ရှင်ရုံ၊ ဇာတ်ပွဲရုံများဖြစ်သည်။ အများသောသူတို့ပြောဆိုချက်အရ၊ စာရိတ္တနှင့်ကောင်းမြတ်သောအရည်အချင်းရရှိနိုင်သည့် ကျောင်းတစ်ကျောင်းဖြစ်ရမည့်အစား၊ ယင်းနေရာများသည် စာရိတ္တပျက်ပြားခြင်း၏မွေးမြူရာနေရာများဖြစ်သည်။ ဤပွဲလမ်းသဘင်များအားဖြင့် ဆိုးသွမ်းသောအကျင့်ဓလေ့များနှင့် အပြစ်များသောဝါသနာရှိခြင်းများသည် အားတက်၍အခိုင်အမာဖြစ်ခဲ့သည်။ အောက်တန်းကျသောသီချင်းများ၊ ယုတ်ညံ့သောအမူအရာများသည် စိတ်ကူးအထင်အမြင်ကို မှားယွင်းစေ၍၊ စာရိတ္တများကိုဆုတ်ယုတ်စေသည်။ ဤပွဲများကို အလေ့အကျင့်ပါ၍ အစဉ်သွားနေသောလူငယ်တိုင်းတို့သည်

ကျင့်ဝတ်၌ပျက်ပြားလျက်ရှိကြသည်။ အကျင့်စာရိတ္တ၊ ဘာသာရေးကိုင်းရှိုင်းခြင်းနှင့် အထင်အမြင်များကို အဆိပ်အတောက်ဖြစ်စေရာ၌ ကပွဲနှင့်ဆိုင်သောပျော်ရွှင်ခြင်းများထက် ဆိုးရွားသောအခြားအရာသည် ကျွန်ုပ်တို့တိုင်းပြည်၌ မရှိပေ။

ဤအရာများကို လိုက်စားသောအခါ၊ ကျူးလွန်လိုသောစိတ်ဆန္ဒသည် ပို၍လာခဲ့လေသည်။ လုံခြုံသောလမ်းတစ်လမ်းမှာ ကပွဲရုံ၊ ဆပ်ကပ်နှင့် အခြားပျော်ရွှင်ပွဲများသို့မသွားဘဲ ရှောင်ရှားနေရန်ဖြစ်သည်။

ကိုယ်ခန္ဓာနှင့်စိတ်အဖို့ မြင့်မားသောအကျိုးကိုပေးနိုင်သည့် နားနေခြင်းနည်းလမ်းများစွာရှိသည်။ သိမြင်ပိုင်းခြားဝေဖန်တတ်သောစိတ်သည် ပျော်ရွှင်ဖို့ရန် နည်းလမ်းမြောက်မြားစွာရရှိလိမ့်မည်။ အပြစ်ကင်းသည်သာမက၊ ပညာပေးသောပျော်ရွှင်ခြင်းမျိုးလည်းဖြစ်လိမ့်မည်။ ဟင်းလင်းဖြစ်နေသောနေရာ၌ ပြန်၍အားသစ်ယူခြင်း၊ သဘာဝ၌ ဘုရားသခင်၏လုပ်ဆောင်တော်မူခြင်းကို စဉ်းစားဆင်ခြင်ခြင်းများသည် အမြင့်ဆုံးသောအကျိုးကိုပေးလိမ့်မည်။

Testimonies for the Church, vol. 4, pp. 651-653.

## အပြစ်ကင်းသောပျော်ရွှင်ခြင်းများကိုစီမံပေးခြင်း

လူငယ်များကို သမာဓိရှိ၍ ဣန္ဒြေကြီးသောအဘိုးအိုကြီးများနည်းတူ ပြုလုပ်၍မရပေ။ ကလေးကိုလည်း ဘကြီးကဲ့သို့ စိတ်တည်ငြိမ်နေအောင် မပြုနိုင်ပေ။ အပြစ်ရှိသောပျော်ရွှင်ခြင်းများကို ပြုသင့်သည်အတိုင်း ပြစ်ဒဏ်စီရင်သော်လည်း လူငယ်များကိုကြည့်ရှုထိန်းသိမ်းသောမိဘများ၊ ဆရာများနှင့်အစောင့်အထိန်းများတို့သည် သူတို့အဖို့ သူတို့၏အကျင့်စာရိတ္တများကို မထိခိုက်၊ မပျက်ပြားစေနိုင်သောပျော်ရွှင်ခြင်းများကို စီမံပေးရမည်။ လူငယ်များတို့၏စိတ်၌ သူတို့ကိုအလွန်တင်းကျပ်သောဥပဒေများဖြင့် ချည်နှောင်ထားသည်ဟုယူဆ၍၊ ထိုစည်းမျဉ်းများကိုချိုးဖောက်၍ ပျက်စီးခြင်းလမ်းသို့ မရောက်ရှိနိုင်စေဖို့ရန်၊ သူတို့အပေါ်၌ အတင်းအဓမ္မဥပဒေစည်းမျဉ်းများဖြင့်

ချည်နှောင်ထားခြင်းမပြုပါနှင့်။ ခိုင်မာ၊ ကြင်နာ၊ သိတတ်သောလက်နှင့်အုပ်ချုပ်ခြင်းပြုပါ။ သူတို့၏အကြံအစည်များနှင့်စိတ်များကို လမ်းပြသွန်သင်၍ ကြင်နာခြင်း၊ လိမ္မာခြင်းနှင့်မေတ္တာရှေ့ထား၍ ဆောင်ရွက်ပေးပါ။ သူတို့သည် သင်၌စိတ်ချယုံကြည်ကြလိမ့်မည်။ Counsels to Teachers, Parents, and Students, p. 335.

## သာသနာပြုဆောင်ရွက်ခြင်းအလုပ်၌ ပြန်၍အားသစ်တက်စေခြင်း

ကိုယ်ကာယနှင့်အသက်ဝိညာဉ်ကိုပါ အားဖြည့်ခြင်းမပေးနိုင်သော ပျော်ရွှင်ခြင်းအလုပ်၌ ကုန်ခန်းသွားသောအချိန်များကို ဆင်းရဲသောသူများ၊ ဖျားနာသောသူများနှင့် ဒုက္ခခံစားနေရသောသူများထံသို့ အလည်အပတ်သွားခြင်း (သို့မဟုတ်) လိုအပ်နေသောသူတစ်ယောက်ကို မစဖို့ရန်ရှာကြံခြင်းဖြင့် အချိန်ကိုကုန်လွန်သင့်ပေသည်။ Testimonies for the Church, vol. 6, p. 276.

–၀–

# အလုပ်အကိုင်၌မသန့်ရှင်းသော ဩဇာအာဏာများသက်ရောက်ခြင်း – ၁၂၉

ကျွန်ုပ်တို့ကျောင်းများ၌ရှိသော ကျောင်းသားများ၌ စိတ်တည်ငြိမ်ခြင်း ရှိဖို့ရန် ကျွန်ုပ်ပန်ကြားပါသည်။ လူငယ်တို့၌ရှိသည့် ဂရုမစိုက်တတ်သော သဘောကို ဘုရားသခင်နှစ်သက်တော်မူခြင်းမရှိပေ။ သူတို့၏ကစားခုန်ခြင်းနှင့် ကစားနည်းအမျိုးမျိုးသည် စုံစမ်းနှောင့်ယှက်ခြင်းများ စုပြုံဝင်လာရန် တံခါးဖွင့် ပေးလိုက်ခြင်းပင်ဖြစ်သည်။ သူတို့၏သိမြင်တတ်ခြင်းသည် ဘုရားရှင်ကိုယ်တော် တိုင်ကောင်းကင်မှချပေးသော ထောက်ပံ့ခြင်းဖြစ်၍ သူတို့၏အကြံ အစည်များ၌ ပေါ့ပျက်ခြင်းနှင့်အောက်တန်းကျခြင်းမရှိရပေ။ ဘုရားသခင်၏ နှုတ်ကပတ်တ ရားတော်ကျင့်ဝတ်များအတိုင်း ပုံသွင်းထားသောစာရိတ္တတစ်ခုသည် ခိုင်ခံ့သော ကျင့်စဉ်များ၊ စင်ကြယ်ခြင်း၊ မြင့်မြတ်သောရမ္မက်ရှိခြင်းများကို ဖော်ပြလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် လူ၏စိတ်တန်ခိုးများ နှင့်ပူးပေါင်း၍၊ ရရှိသော အကျိုးကျေးဇူးသည် မြင့်မား၍ သန့်ရှင်းသောစိတ် ဓာတ်ကိုက်တွန်းခြင်းများဖြစ် သည်။

အဆင့်အတန်းနိမ့်သော သာမန်ပျော်ရွှင်ခြင်းပါတီများ၊ စုရုံး၍ စားသောက်ကြခြင်း၊ ဂီတတူရိယာများဖြင့်တီးမှုတ်၍ သီချင်းဆိုခြင်းများသည် အောက်တန်းကျသောစိတ်သဘောမှ အားပေးခြင်းဖြစ်သည်။ ဤအရာများသည် စာတန်ကိုယဇ်ပူဇော်ခြင်းပင်ဖြစ်သည်။

ဤသေးနုပ်သောအရာများကိုဂရုစိုက်၍ ဦးဆောင်ပြုလုပ်သောသူ များသည် ဘုရားသခင်၏အမှုတော်အပေါ်၌ အစွန်းအကွက်ကိုထင်စေ၍ လွယ်ကူစွာဖျက်ပယ်၍မရပေ။ သူတို့သည် သူတို့၏အသက်ဝိညာဉ်များကို ဒဏ်ရာရစေ၍၊ အမာရွတ်များကို သူတို့၏အသက်တာတစ်လျှောက်လုံး ယူဆောင်သွားကြသည်။ မကောင်းမှုကိုပြုလုပ်သောသူသည် သူ၏အပြစ် များကိုတွေ့မြင်၍၊ နောင်တရသည်။ ဘုရားသခင်သည် ပြစ်မှုကျူးလွန်သော

သူကို ချမ်းသာခွင့်ပေးမည်။ သို့သော်လည်း သန့်ရှင်းသောအရာနှင့် သာမန်အရာများကိုခွဲခြားရွေးချယ်နိုင်သည့် သိမြင်ခြင်းတန်ခိုးသည် အားလုံးပျက်စီးလုနီးပါးဖြစ်သွားခဲ့လေပြီ။ Counsels to Teachers, Parents, and Students, pp. 366-368.

-၀-

# ဘာသာတရား၌ပျော်ရွှင်
# မွေ့လျော်ခြင်း – ၁၃၀

ဖြောင့်မတ်သောသူတို့၏အနာဂတ်နေထိုင်ရာအရပ်နှင့် သူတို့၏ ထာဝရဆုလာဘ်သည် မြင့်မားချီဂုဏ်အသရေရှိသော အရာများဖြစ်သောကြောင့် လူငယ်များအဖို့ အာရုံပြုဖို့ရန်ကောင်းသည်။ အလွန်အံ့သြဖွယ်ရာကောင်းသော ကယ်တင်တော်မူခြင်းအကြံအစည်အကြောင်းကို စဉ်းစားပါ။ ကိုယ်တော်၏ အသွေးတော် ကောင်းမှုကုသိုလ်များအားဖြင့် မြင့်မားခြင်းသို့ရောက်ရှိဖို့ရန် ဘုန်းတော်အရှင်သည် ကြီးကျယ်သောစွန့်တော်မူခြင်းကိုပြုခဲ့သည်။ နောက်ဆုံး နားထောင်ခြင်းဖြင့် ခရစ်တော်၏ပလ္လင်တော်တိုင်အောင် ချီးမြှင့်ခြင်းခံရမည်။ ဤအကြောင်းအရာကို စိတ်၌အမြင့်မြတ်ဆုံးသောအကြောင်းတစ်ရပ်အနေဖြင့် စဉ်းစားဆင်ခြင်ရမည်။ ဘုရားသခင်ရှေ့တော်၌ မျက်နှာရခြင်းသည်၊ အလွန် မွန်မြတ်သောအခွင့်အရေးပါတကား။.....

ငယ်ရွယ်သောမိတ်ဆွေများတို့၊ ဤကဲ့သို့သောအရာများဖြင့် စီမံ ထားခြင်းကြောင့် သင်တို့၌ဝမ်းသာစရာအကြောင်းရှိသည်။ သို့သော်လည်း သင်တို့၌ မငြိမ်မသက်ဖြစ်နေရသောအကြောင်းမှာ၊ သင်တို့သည် မှန်ကန် သောပျော်မွေ့ခြင်း၏တစ်ခုတည်းသောတည်ရာဌာနကို မရှာဖွေသောကြောင့် ဖြစ်သည်။ ကိုယ်တော်ရှင်၌သာလျှင်ရှိသော ပျော်မွေ့ခြင်းကို သင်သည်အစဉ် ကြိုးစား၍ရှာဖွေနေသည်။ ကိုယ်တော်၌စိတ်ပျက်စရာကောင်းသော မျှော်လင့် ခြင်းများမရှိပေ။ ဆုတောင်းခြင်း၊ ဤအဖိုးထိုက်တန်သောအခွင့်အရေးကို ဂရုမစိုက်ဘဲနေကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖတ်ခြင်းသည် ဆုတောင်းဖို့ရန် စိတ်ကိုပြင်ဆင်ပေးခြင်းဖြစ်သည်။ ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်အနားသို့ သာ၍နီးကပ်စွာသွားဖို့ရန် သင်၌စိတ်ဆန္ဒမရှိခြင်း အကြောင်းကြီးတစ်ရပ်မှာ၊ သင်၏စိတ်ကူးခြင်းများကို ထကြွစေ၍ မသန့်ရှင်း သောတပ်မက်ခြင်းများကို ဖြစ်စေတတ်သောစိတ်စွဲလမ်းစေသည့် ပုံပြင်ဝတ္ထု

များကိုဖတ်ရှုခြင်းအားဖြင့် ဤရိုသေဖွယ်သောအလုပ်ကို လုပ်ကိုင်ဖို့ရန် သင့်ကိုယ်ကိုသင်သည် မထိုက်မတန်ဖြစ်စေခဲ့သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အရသာမရှိဖြစ်လာ၍၊ ဆုတောင်းရန်အချိန်ကိုလည်း မေ့လျော့သွားခဲ့သည်။ ဆုတောင်းခြင်းသည် ခရစ်ယာန်၏ခွန်အားဖြစ်သည်။ တစ်ဦးတည်းရှိနေသော်လည်း၊ သူသည် တစ်ဦးတည်းမဟုတ်ပေ။ "သင်နှင့်အတူငါသည်အစဉ်ရှိမည်" ဟု မိန့်တော်မူသောအရှင် အနား၌ရှိကြောင်း သိမြင်သည်။

လူငယ်သည် သူတို့၌မရှိသောဘာသာတရားကို အလိုရှိသည်။ အစားထိုးစရာအခြားအရာမရှိပေ။ အထင်အရှားပြောဆိုခြင်းတစ်ခုတည်းနှင့် အရာမရောက်ပေ။ မြေကြီးပေါ်၌ရှိသော အသင်းတော်စာအုပ်များ၌ နာမည်များကိုမှတ်တမ်းတင်ထားသည်။ သို့သော်လည်း အသက်စာစောင်စာအုပ်၌ ရေးသားထားခြင်းမရှိပေ။ လူငယ်အယောက်နှစ်ဆယ်တွင် တစ်ယောက်သောသူပင်လျှင် ကိုယ်တွေ့မျက်မြင်ဘာသာတရားသည် မည်သည့်အရာဖြစ်ကြောင်းကို နားမလည်သည်ကို ကျွန်ုပ်တွေ့မြင်ရသည်။ သူတို့သည် မိမိတို့ကိုယ်ကိုသာလျှင် အစေခံနေကြသော်လည်း၊ ခရစ်တော်၏အစေခံများဖြစ်သည်ဟု ပြောဆိုကြသည်။ သူတို့၌ရှိသော မက်မောခြင်းသည် ပျက်ပြယ်သွားခြင်းမရှိပါက၊ အပြစ်ကျူးလွန်သောသူတို့တွင် သူတို့သည်လည်း အပါအဝင်ဖြစ်နေကြမည်။ သမ္မာတရားအတွက် ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်း (သို့မဟုတ်) အနစ်နာခံခြင်းနှင့်စပ်ဆိုင်၍ သူတို့သည် လွယ်ကူသောနည်းလမ်းကို တွေ့မြင်ခဲ့ပြီ။ ဘုရားသခင်အထံတော်မှ ကိုယ်တော်၏အပြစ်ချမ်းသာပေးသော ကျေးဇူးတော်နှင့် စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းကိုခံနိုင်ဖို့ရန် ခွန်အားကိုရရှိခြင်း၌၊ စိတ်ဖွဲကောင်းနေရန်မလိုပေ။ မရရှိဘဲဆက်လက်နေနိုင်ကြသည်။ ဘုန်းတော်၏ဘုရင်၊ သခင်ခရစ်တော်သည် မိမိအဖခမည်းတော်ထံ၌ ဆုတောင်း ဖို့ရန် တောင်များနှင့်သဲကန္တာရနေရာများသို့ တစ်ဦးတည်းခဏခဏသွားရောက်တတ်သည်။ သို့သော်လည်း အပြစ်ရှိနေသောလူသည် သူ၌ခွန်အားမရှိသော်လည်း များစွာဆုတောင်းခြင်းမပြုဘဲ နေနိုင်သည်ဟု ထင်မြင်လေသည်။
Testimonies for the Church, vol. 1, pp. 503-505.

## သခင်ယေရှု၏ပုံသက်သေ

သခင်ယေရှုသည် ကိုယ်အလိုသို့လိုက်စားတတ်ခြင်းအမျိုးမျိုးကို ဆုံးမတော်မူသည်။ သို့တစေလည်း ကိုယ်တော်သည် နဂိုမူလစိတ်၌ ပေါင်းသင်း ဆက်ဆံရေးကောင်းတော်မူသည်။ ကိုယ်တော်သည် လူတိုင်းတို့၏ဧည့်ဝတ်ပြုခြင်းကိုလက်ခံ၍၊ ဆင်းရဲချမ်းသာမရွေး၊ လူများအိမ်သို့အလည်အပတ်သွားတော်မူသည်။ ပညာရှိသောသူ၊ မသိနားမလည်သောသူတို့အား သာမန်အရာများအကြောင်းမှစ၍ ဝိညာဉ်နှင့်လည်းကောင်း၊ ထာဝရအသက်တာနှင့်ဆိုင်သောအရာကိုလည်းကောင်း ရှင်းလင်းဖော်ပြတော်မူ၍ သူတို့၏အထင်အမြင်များကို မြှင့်တင်ပေးတော်မူသည်။ အပျော်အပါးကြူးခြင်းကို ကိုယ်တော်သည်အခွင့်မပြု၊ ကိုယ်တော်၏စာရိတ္တသည် လောကီနှင့်ဆိုင်သောအရာများဖြင့်ပေါ့ပျက်ခြင်းလည်းမရှိပေ။ သို့သော်လည်း ကိုယ်တော်သည် အပြစ်ကင်းသောပျော်မွေ့ခြင်း၌ နှစ်သက်တော်မူ၍၊ ကိုယ်တော်ရှိနေစဉ် လူအချင်းချင်းပေါင်းသင်းစုရုံးခြင်းကို အခွင့်ပြုတော်မူသည်။ Desire of Ages, pp. 150,151.

–ဝ–

# ခရစ်ယာန်နှင့်ဆိုင်သော
# အားသစ်ဖြည့်ခြင်း – ၁၃၁

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်အာရုံများကို အားဖြည့်ဖို့ရန်နှင့် ကိုယ်ခန္ဓာများကို အားရှိစေဖို့ရန်ရှာကြံနေကြစဉ် ကျွန်ုပ်တို့၏ခွန်အားများကို အချိန်အခါမရွေး၊ အကောင်းဆုံးအခြေအနေ၌ အသုံးချဖို့ရန် ဘုရားသခင် အလိုရှိတော်မူသည်။ ကျွန်ုပ်တို့လုပ်ကိုင်ဆောင်ရွက်ရမည့် ဝတ္တရားများကို အောင်မြင်စွာလုပ်ကိုင်နိုင်ဖို့ရန် ကျွန်ုပ်တို့တွင် ပြန်၍အားသစ်ကိုတိုးတက်စေ ရာ၌ လုပ်ကိုင်ရခြင်းများသည် ယင်းအလုပ်အကိုင်နှင့်ကိုက်ညီခြင်းရှိရမည်။ ကျွန်ုပ်တို့၏ဩဇာသက်ရောက်မှုသည်လည်း ကျွန်ုပ်တို့ပေါင်းသင်းသောသူတို့ အပေါ်၌ ပို၍အကျိုးဖြစ်ထွန်းခြင်းရှိလိမ့်မည်။ ကျွန်ုပ်တို့သည် ပြန်၍အားသစ် တက်စေသောနေရာ၌ အိမ်သို့ပြန်ရောက်လာသောအခါ စိတ်၌ကောင်းမွန် တိုးတက်လာ၍ ကိုယ်ကာယ၌ အားပြည့်လာကြပြီးလျှင် အလုပ်အကိုင်ကို အသစ်သောမျှော်လင့်ခြင်း၊ သာ၍ကောင်းမွန်သောရဲရင့်ခြင်းဖြင့် လုပ်ကိုင် ဆောင်ရွက်နိုင်ကြမည်။

ကျွန်ုပ်တို့သည် ဤနေရာ၌ လူသတ္တဝါတို့ကိုအကျိုးပြုရန်နှင့် အဖွဲ့ အစည်းကို ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်စေဖို့ရန်ဖြစ်သည်။ လောက၌ရှိသော လူအများတို့ရှာဖွေနေသည့် အောက်တန်းကျသောလမ်းအတိုင်း လိုက်လျှောက် ခဲ့လျှင်၊ ကျွန်ုပ်တို့၏လူမျိုးနှင့်အဆက်အနွယ်တို့အဖို့ မည်ကဲ့သို့အကျိုးဖြစ်ထွန်း စေနိုင်အံ့နည်း။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ရှိသော အဖွဲ့အစည်းများတို့အား မည်ကဲ့သို့ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်စေနိုင်အံ့နည်း။

## ကျင့်ဝတ္တရားများကွဲပြားခြင်း

ခရစ်ယာန်နှင့်ဆိုင်သော ပြန်၍အားသစ်တက်စေခြင်းအတွက် ခရစ်တော် ၏နောက်လိုက်များ အစည်းအရုံးနှင့်လောကီစည်းစိမ်ခံခြင်း၊ ပျော်ရွှင်ခြင်း

အစည်းအရုံးတို့၏စပ်ကြား၌ သိသိသာသာကွာခြားခြင်းရှိသည်။ ဆုတောင်းခြင်းအသံ၊ ခရစ်တော်အကြောင်းနှင့် ရှိသေဖွယ်ကောင်းသောအရာများအကြောင်းပြောဆိုသံများကိုကြားရမည့်အစား၊ လောကီသားတို့၏နှုတ်ခမ်းမှ မိုက်မဲသောရယ်မောခြင်းနှင့် သိမ်ဖျင်းသောစကားပြောဆိုသံများကို ကြားရမည်။ စိတ်ကူး၌အစဉ်ပျော်ရွှင်နေဖို့ရန်ဖြစ်သည်။ သူတို့၏ပျော်ရွှင်ခြင်းသည် မိုက်မဲခြင်းမှအစပြု၍၊ အချည်းနှီးဖြစ်ခြင်း၌ အဆုံးသတ်သည်။ ကျွန်ုပ်တို့စုရုံးကြသောအခါ၊ ကိုယ့်ကိုကိုယ်သတိကြီးစွာထားခြင်းဖြင့် ကိစ္စပြီးစီး၍ နေအိမ်သို့ပြန် သွားကြသောအခါ၊ ဘုရားသခင်နှင့်လည်းကောင်း၊ လူအချင်းချင်းနှင့်လည်းကောင်း၊ ဩတ္တပ္ပစိတ်သည် ပြစ်မှားခြင်းနှင့်ကင်းရှင်းလျက်ရှိရမည်။ ကျွန်ုပ်တို့နှင့်ပေါင်းသင်းခဲ့သောသူတို့အား မည်သည့်နည်းနှင့်မျှမပြစ်မှား၊ ထိမိ၍ လဲစရာမဖြစ်စေခဲ့ကြောင်း သိမြင်ခြင်းရှိရမည်။

သဘာဝစိတ်သည် အပျော်အပါးနှင့် ကိုယ့်အလိုပြည့်ခြင်းဘက်သို့ ယိမ်းယိုင်နေသည်။ စာတန်၏နည်းလမ်းသည် ဤအရာများကို မြောက်မြားစွာလုပ်ကိုင်ထားဖို့ရန်ဖြစ်သည်။ ငါ၏အသက်ဝိညာဉ်သည် အဘယ်ကဲ့သို့ရှိနေသနည်းဟူသောမေးခွန်းကို သူတို့သည် မေးမြန်းဖို့ရန်အချိန်မရအောင် သူတို့၏စိတ်ကို လောကီနှင့်ဆိုင်သောပျော်ရွှင်ခြင်းများနှင့် ဖြည့်လျက်ထားသည်။ အပျော်အပါးကိုနှစ်သက်ခြင်းသည် ကူးစက်တတ်သည့်အပျော်အပါးနောက်သို့လိုက်ခဲ့လျှင်၊ စိတ်သည် တစ်နေရာမှနောက်တစ်နေရာသို့ လျင်မြန်စွာကူးသွားလျက်၊ အစဉ်ပျော်ရွှင်ခြင်းကို ရှာဖွေလျက်နေသည်။ ဘုရားသခင်၏ပညတ်တော်ကိုနားထောင်ခြင်းသည် ဤစိတ်ယိမ်းယိုင်နေခြင်းကို ဆန့်ကျင်ဘက်ပြု၍၊ ဘုရားတရားမကြည်ညိုခြင်းကို တားဆီးထားလေသည်။ Counsels to Teachers, Parents, and Students, pp. 336,337.

သူတို့ခံစားနေသောအခွင့်အရေးအားလုံးတို့အတွက် သူတို့၌တာဝန်ရှိကြောင်း လူငယ်များသည် သတိရှိရမည်။ သူတို့၏အချိန်ကို တိုးတက်စေခြင်းနှင့် သူတို့၏ခွန်အားသတ္တိများကို မှန်ကန်စွာအသုံးပြုခြင်းများလည်း ပါဝင်သည်။ ကျွန်ုပ်တို့၌ ပျော်ရွှင်ခြင်း (သို့မဟုတ်) ပြန်၍အားသစ်တက်ခြင်း

များမရှိသင့်သလောဟု သူတို့မေးမြန်းကြမည်။ ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း အလုပ်ကိုပြောင်းလွှဲခြင်းမရှိ၊ တစ်လုပ်တည်းလုပ်ကိုင်နေကြရမည်လား။

ပျော်ရွှင်ခြင်းတစ်စုံတစ်ခုကို သင်ပြုလုပ်နိုင်၍၊ ဘုရားသခင်အထံတော်မှ ယုံကြည်ခြင်းဖြင့် ကောင်းချီးမင်္ဂလာကိုတောင်းခံပါက၊ ဘေးအန္တရာယ်ရှိမည်မဟုတ်ပေ။ သို့သော်လည်း မည်သည့်ပျော်ရွှင်ခြင်းမဆို၊ ဆုတောင်းခြင်း၊ ဘုရားကိုဝတ်ပြုခြင်း (သို့မဟုတ်) ဆုတောင်းစည်းဝေးတက်ရောက်ခြင်းကို တားဆီးခြင်းဖြစ်နေခဲ့လျှင် လုံခြုံခြင်းမရှိ၊ ဘေးအန္တရယ်ရှိသည်။ Counsels to Teachers, Parents, and Students, p. 337.

–o–

# မိတ်ဆုံပွဲများ – ၁၃၂

အပေါင်းအဖော်များစုရုံးပြီးလျှင် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် စပ်ဆိုင်သော အထင်အမြင်များလဲလှယ်ခြင်း၊ သို့မဟုတ် ကိုယ်တော်၏ အမှုတော်တိုးတက်ခြင်းရှိဖို့ရန် နည်းလမ်းများကိုစဉ်းစား၍ လူအချင်းချင်းတို့ အဖို့ ကောင်းမွန်သောအရာကို လုပ်ကိုင်ပေးနိုင်သည်။ ဘုရားသခင်ကိုချစ်ခြင်း သည် သူတို့၏စိတ်နှလုံးများထဲ၌ တောက်ပနေခြင်းဖြင့် လုပ်ကိုင်ဆောင်ရွက် ပေးပါက၊ အမြင့်ဆုံးသောအကျိုးဖြစ်ထွန်းခြင်းဖြစ်မည့် သွန်သင်ပေးခြင်းကို ပြုလုပ်နိုင်ကြပေမည်။ ဤကဲ့သို့သော လူစုလူဝေး၌ သန့်ရှင်းသောဝိညာဉ် တော်ကို နှစ်သက်ဖွယ်ကောင်းသောဧည့်သည်အနေဖြင့်လက်ခံ၍၊ ယင်းသန့်ရှင်း သောဝိညာဉ်တော်ကို စိတ်နာစေသောစကားတစ်ခွန်းမျှ မပြောဆိုခဲ့လျှင် စုရုံး တွေ့ဆုံကြသောသူတို့၌ ရွှင်လန်း၍ခွန်အားတိုးတက်လာကြသည်။

သို့သော်လည်း သဘောတရား၌ ခြားနားခြင်းရှိသော အပေါင်း အဖော်များစုရုံးခြင်းရှိသေး၏။ အမြင်၌မာနထောင်လွှားခြင်း၊ ပျော်ရွှင်ခြင်းနှင့် သိမ်ဖျင်းသောအရာများကို ခဏခဏတွေ့မြင်ရသည်။ ပျော်ရွှင်ခြင်း၌ဆန္ဒရှိ သောကြောင့်၊ စုရုံးရောက်ရှိလာသောသူတို့သည် ဘုရားကိုမေ့လျော့သွားကြ မည့်အန္တရာယ်ရှိနေသည်။ စောင့်ကြည့်နေသောကောင်းကင်တမန်များ မျက်ရည် ကျလောက်အောင် အဖြစ်အပျက်မျိုးသည် ဆိုးရွားလှ၏။ ပျော်ရွှင်ခြင်းမြင်ကွင်း သည် ခေတ္တအားဖြင့် သူတို့၏ပါရဒိသုဘုံဖြစ်၏။ အားလုံးတို့သည် အလွန် အကြူးပျော်ရွှင်လျက်ရှိကြသည်။ မျက်လုံးများတို့သည် တောက်ပနေ၍၊ ပါးသည် နီမြန်းလျက်ရှိသည်။ သို့သော်လည်း သြတ္တပ္ပစိတ်သည် အိပ်ပျော်လျက်ရှိ သည်။

## ဝိညာဉ်ရေးလိုအပ်နေခြင်းကိုဖော်ပြခြင်း

ဤကဲ့သို့စိတ်ရောကိုယ်ပါဖြစ်ခြင်းနှင့် အတွင်း၌နှိုးဆော်ခံရခြင်းသည် ကောင်းကင်မှအစပြုခြင်းမဟုတ်ပေ။ ဤအရာများသည် ဤမြေကြီးနှင့်သာ

ဆိုင်သည်။ ခရစ်တော်ဤမျှလောက်လုပ်ကိုင်ပေးတော်မူခဲ့သော သူတို့၏မေ့လျော့တတ်ခြင်းကို ကောင်းကင်တမန်များသည် ဝမ်းနည်းစွာကြည့်ရှုနေကြသည်။ မိမိတို့အတွက်နှစ်သက်ဖို့ရန်လောက်သာ နေထိုင်သောလူတို့၌ ဖျားနာခြင်းနှင့်သေခြင်းရောက်ရှိလာသောအခါ၊ သူတို့၏မီးခွက်၌ဆီမရှိကြောင်းကို အချိန်လွန်မှသိရှိကြသည်။ သူတို့သည် သူတို့၏အသက်တာရာဇဝင်ကိုပိတ်ဖို့ရန်လုံးဝမတော်သင့်သောသူများဖြစ်ကြသည်။

ဤကဲ့သို့သောအစုအရုံး၌ ပြောဆိုကြသောစကားများ၏အသံသည် သူတို့၏စိတ်နှလုံး မည်သည့်အရာအပေါ်၌စွဲလမ်းနေကြောင်းကို ဖော်ပြသည်။ ပေါ့ပျက်သောစကားပြောဆိုခြင်းများ၊ မိုက်မဲသောလတ်တလောဉာဏ်စကားများသည် ရယ်မောဖို့ရန်သာပြောဆိုလိုက်၍၊ ခရစ်တော်ကို မှန်ကန်စွာကိုယ်စားမပြုပေ။ ထိုစကားများကိုပြောဆိုသောသူတို့သည် မှတ်တမ်းတင်ထားသောသူတို့၏စကားကို ပြန်၍ကြားလိုကြမည်မဟုတ်ပေ။ နားထောင်သောသူတို့၌မှားယွင်းသောထင်မြင်ချက်များကို ဖြစ်စေခဲ့၍၊ သခင်ခရစ်တော်ကို ကဲ့ရဲ့ပြစ်တင်စကားပြောဆိုကြသည်။ လူငယ်များသည် စကားအပြောအဆို၌ ဆင်ခြင်ဖို့ရန်သင့်ပေသည်။ အကြောင်းမှာ သူတို့ပြောဆိုသောစကားများအားဖြင့်မှန်ကန်ရာဖြစ်မည်၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရမည်။ သခင်ယေရှုသည် သင်သွားလေရာရာ၌ သင်၏နံဘေးတွင်ရှိနေလျက် သင်၏လှုပ်ရှားခြင်းများကိုမှတ်သား၍၊ သင်၏စကားများကို နားထောင်နေသည်။ ကိုယ်တော် သည် သင့်ကိုစကားပြောဆိုနေ၍ သင်၏စကားပြောဆိုခြင်းကိုလည်း ကိုယ်တော်ကြားတော်မူကြောင်း သင်သိသောအခါ၊ သင်၌ရှက်ကြောက်ခြင်းရှိမည်လား။

တစ်ချိန်ကစိတ်အားကြီးသောခရစ်ယာန်သည် လောကနှင့်ဆိုင်သောပျော်ရွှင်ခြင်းများ၌ဝင်ရောက်ခဲ့ပါက ဘေးအန္တရာယ်ရှိသောမြေပေါ်၌ ခြေချလျက်ရှိသည်။ ကောင်းကင်နိုင်ငံတော်၏အရေးကြီးသောနယ်မှ သူသည်ထွက်ခဲ့၍မြူနှင့်နှင်းရှိသောပတ်ဝန်းကျင်သို့ ဝိုက်ဆိုက်ထိုးဆင်းသွားခဲ့လေပြီ။ အများအားဖြင့် ပျော်ပါးရန်စုရုံးကြသောအစုအရုံးသည် ခရစ်တော်၏ဘာသာတရားကိုကဲ့ရဲ့ပြစ်တင်ဖို့ရန်ဖြစ်စေသည်။

အကြင်သူသည် ဘုရားသခင်နှင့်ဆက်သွယ်ခြင်းကို ပြုထားပါက၊ စိတ်နှလုံး၌ ထိုအရာများတွင်ပါဝင်ခြင်းမပြုနိုင်ပေ။ သူကြားသောစကားများသည် သူ၌သဘောသက်ဝင်ခြင်းမရှိပေ။ အကြောင်းမှာ ထိုစကားများသည် ခါနာန်ပြည်စကားများမဟုတ်ပေ။ သူတို့သည် ဘုရားသခင်အား သူတို့၏ စိတ်နှလုံးများ၌ တေးသံပြုနေကြောင်းကို သာဓကမပြကြပေ။

## လိမ္မာသောဩဇာသက်ရောက်ခြင်းများ

စာရိတ္တနှင့်ဘာသာရေးဗဟုသုတ၌ အစစ်အမှန်မဟုတ်သောသူတို့သည် အပျော်အပါးလိုက်စားခြင်းနှင့်ပျော်ရွှင်ခြင်း၌ လွယ်လင့်တကူ လိုက်ပါသွားတတ်ကြ၍၊ သူတို့၏အပြုအမူသည် အခြားသူများကိုပါ ဆွဲဆောင်ခဲ့လေသည်။ တစ်ခါတစ်ရံ သမ္မာကျမ်းစာခရစ်ယာန်များဖြစ်ဖို့ရန် ကြိုးစားနေကြသော လူငယ်ယောကျ်ားကလေးများနှင့် မိန်းကလေးများကို လူစုသို့ဝင်ရန် သွေးဆောင်ခြင်းခံရသည်။ သူတို့ကို ထူးခြားသောလူများဖြစ်သည်ဟု မယူဆစေသောကြောင့်လည်းကောင်း၊ နဂိုအားဖြင့် အခြားသောသူများ၏ပုံသက်သေအတိုင်း လိုက်နာဖို့ရန်ဆန္ဒရှိသောကြောင့်လည်းကောင်း၊ မိမိတို့စိတ်(သို့မဟုတ်) နှလုံးသား၌ တစ်ကြိမ်တစ်ခါမျှ မြင့်မြတ်တော်မူသောအရှင်၏တို့ထိခြင်းကို မခံစားရဖူးသော သူတို့၏ဩဇာအာဏာလွှမ်းမိုးခြင်းအောက်သို့ မိမိတို့ကိုယ်ကိုရောက်စေကြသည်။ ခရစ်ယာန်သစ်ပင်ပေါ်၌ မည်ကဲ့သို့သောအသီး၊သီးရမည်အကြောင်း ခရစ်တော်မိန့်မှာတော်မူချက်ကို သူတို့သည်သိရှိရန် ဆုတောင်းခြင်းဖြင့် မြင့်မြတ်သောအဆင့်အတန်းကို ရှာဖွေခဲ့ပါက၊ ဤဧည့်ခံပွဲများသည် ပြင်ဆင်ထားသောစားသောက်ပွဲများသာဖြစ်၍၊ သိုးသငယ်၏ မင်္ဂလာဆောင်ပွဲသို့ခေါ်ဖိတ်ခြင်းကို အသက်ဝိညာဉ်များမသွားရောက်နိုင်ဖို့ရန် တားဆီးသောအရာများသာဖြစ်သည်။

ပျော်ရွှင်ပွဲများသို့ ခဏခဏသွားရောက်ခြင်းအားဖြင့်၊ ဘုရားသခင်၏ နည်းနာ၌ သေချာစွာသွန်သင်ခြင်းခံယူထားသော လူငယ်များသည် လူတို့၏

ဩဇာအာဏာတောက်ပြောင်ခြင်းကြောင့် ပါသွားကြ၍၊ လောကီဆန်သော သူတို့၌ စွဲလမ်းခြင်းရှိကြလေသည်။ သူတို့သည် တစ်သက်ပတ်လုံး ခရစ်ယာန် စိတ်သဘောမရှိသောသူတို့နှင့်ပူးပေါင်း၍ ကျွန်ခံကြလေသည်။ ဘုရားသခင်ကို ကေန်အမှန်ချစ်၍ အစေခံသောသူတို့သည် ခရစ်တော်စိတ်နှလုံးထဲ၌ မထားသော သူတို့နှင့်ပေါင်းဖော်ဖို့ရန် ကြောက်ရွံ့ခြင်းရှိကြလိမ့်မည်။ သူတို့၏ လမ်းသည် ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်း၊ အနစ်နာခံခြင်းဖြစ်သော်လည်း သူတို့သည် ခရစ် တော်အဖို့ ရဲဝံ့စွာရပ်တည်နေကြလိမ့်မည်။

## ဂရုမစိုက်တတ်ခြင်း၏အဖြေ

ခရစ်တော်သည် ပင်ပန်းစွာလုပ်ကိုင်၍ ကျွန်ုပ်တို့အဖို့ အနစ်နာခံ တော်မူသည်။ သို့ဖြစ်၍ ကိုယ်တော်အဖို့ ကျွန်ုပ်တို့ကိုယ်ကိုငြင်းပယ်ဖို့ရန် မသင့်သလော။ ကျွန်ုပ်တို့အဖို့ ကိုယ်တော်ပြုခဲ့သောအပြစ်ဖြေခြင်းများနှင့် ဖြောင့်မတ်ခြင်းများသည် ကျွန်ုပ်တို့၏စိတ်များ၌ရှိနေဖို့ရန် ထိုက်သင့်ခြင်း မရှိသလော။ လူငယ်များသည် သမ္မာကျမ်းစာဘဏ္ဍာတိုက်၌ရှိသော ရတနာ များကိုထုတ်ယူခဲ့၍၊ သူတို့၏အပြစ်လွှတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ကိုယ်ကို ကိုယ်ငြင်းပယ်ခြင်းအသက်တာ၌ ထာဝရဖြောင့်မတ်ခြင်းသည် ဆင်ယင်ထား လျက်ရှိခြင်းအကြောင်းများကို စဉ်းစားခဲ့လျှင်၊ သူတို့သည် ဤသံသယဖြစ်ဖွယ် ရာကောင်းသော ထကြွခြင်းများ (သို့မဟုတ်) ပျော်ရွှင်ခြင်းများကို အလိုရှိ ကြမည်မဟုတ်ပေ။

ငယ်ရွယ်သောသူများ၏အကြံအစည်များသည် ကြီးကျယ်၍မြင့်မြတ် သော ကယ်တင်ခြင်းအကြောင်းအရာများနှင့်ပြည့်ဝနေပါက ခရစ်တော်သည် ဝမ်းမြောက်ခြင်းဖြစ်သည်။ ဤကဲ့သို့သောသူတို့၏စိတ်နှလုံးထဲသို့ ကိန်းအောင်း သောဧည့်သည်အဖြစ် ကိုယ်တော်သည် ဝင်ရောက်လာ၍၊ သူတို့၌ပျော်ရွှင် ခြင်း၊ ငြိမ်သက်ခြင်းဖြင့်ပြည့်ဝစေသည်။ အသက်ဝိညာဉ်၌ ခရစ်တော်ချစ်ခြင်း မေတ္တာ တော်ရှိခြင်းသည် "စမ်းရေတွင်းဖြစ်၍၊ ထာဝရအသက်ရှင်ခြင်းအလိုငှာ

ထွက်သောစမ်းရေဖြစ်သည်။”---ဤချစ်ခြင်းမေတ္တာရှိသောသူတို့သည် ဘုရားသခင်ကိုချစ်သောသူတို့အဖို့ ပြင်ဆင်ထားသောအရာများအကြောင်းကို ပြောဆိုဖို့ရန် နှစ်သက်လိမ့်မည်။

ထာဝရဘုရားသည် သန့်ရှင်းသူများနှင့် အပြစ်သားများတို့၏စပ်ကြား၌လည်းကောင်း၊ ပြောင်းလဲသောသူတို့နှင့် ပြောင်းလဲခြင်းမရှိသောသူတို့၏ စပ်ကြား၌လည်းကောင်း၊ ခြားနားခြင်းမျဉ်းကြောင်းကို ဆွဲထားတော်မူသည်။ အတန်းအစားနှစ်မျိုးသည် တစ်မျိုးနှင့်တစ်မျိုး၊ သက်တံရောင်များကဲ့သို့ မရောနှောနိုင်ပေ။ နေ့မွန်းတည့်အချိန်နှင့် ညသန်းခေါင်အချိန်ကဲ့သို့ ခြားနားခြင်းရှိနေသည်။ သမ္မာတရားကိုသိသော်လည်း လိုက်လျှောက်ခြင်းမရှိသောသူတို့နှင့် ဘုရားသခင်၏လူတို့သည် လုံခြုံစွာနီးနီးကပ်ကပ်မပေါင်းဖော်သင့်ပေ။ ဘိုးဘေးယာကုပ်သည် သူ၏သားများတို့တွင် အချို့သောသူတို့၏ အပြုအမူများကို စိုးရိမ်၍ပြောဆိုသည်မှာ၊ “ငါ့ဝိညာဉ်သည် သူတို့၏လျှို့ဝှက်ခြင်းအမှုထဲသို့မဝင်ရ။ ငါ့ဘုန်းသည် သူတို့၏စည်းဝေးရာနှင့်အသင်းမဖွဲ့ရ၊” အပြစ်သားများပြုလုပ်နေသောအရာများနှင့် သူသည်ပေါင်းဖော်နေပါက သူ၏ ဂုဏ်အသရေကို ထိခိုက်ခြင်းရှိမည့်အကြောင်း သူသိရှိသည်။ သို့ဖြစ်၍ သူသည် ဘေးအန္တရာယ်ကိုအချက်ပြကာ ကျွန်ုပ်တို့၏စာရိတ္တကို စွန်းထင်းစေမည့် မှားယွင်းသောအပေါင်းအသင်းများကိုရှောင်ရှားရန် သတိပေးသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ပေါလုမှတစ်ဆင့် အလားတူသတိပေးခြင်းကိုပြုသည်။ အကျိုးမဲ့သောမှောင်မိုက်အမှုတို့နှင့် မဆက်ဆံသည်သာမက၊ ထိုအမှုတို့၏အပြစ်ကိုပြကြလော့။ The Youth’s Instructor, February 4, 1897.

## လက်ခံနိုင်သောမိတ်ဆုံပွဲများ

ခရစ်တော်ထံသို့ အသက်ဝိညာဉ်များကိုစုရုံးစေဖို့ရန် အလုပ်အတွက် ဩဇာတိက္ကမ၏အစွမ်းသတ္တိရှိသမျှကို ကျပ်တည်းစွာအလေးအမြတ်ပြုခြင်းရှိရမည်။ လူငယ်ယောကျ်ားကလေးနှင့်မိန်းကလေးတို့၊ သင်တို့ပြုလုပ်နေကျ၊

ကစားခုန်ခြင်း၊ ညနေချမ်းပါတီများနှင့် တေးဂီတဖြင့်ဧည့်ခံခြင်းများသည်၊ ခရစ်တော်လက်ခံနိုင်သောအရာများဖြစ်သည်ဟု မထင်မြင်သင့်ပေ။

ကျွန်ုပ်တို့၏အစုအဝေးများ၌ ဘာသာရေးဩဇာသက်ရောက်ခြင်း ရှိရမည်ဟု ကျွန်ုပ်တို့ထပ်တလဲလဲ အလင်းပေးခဲ့ပြီ။ ကျွန်ုပ်တို့၏လူငယ်များသည် စုရုံးပြီးလျှင် သမ္မာကျမ်းစာကိုဖတ်ရွတ်ကြ၍၊ “ကျွန်ုပ်တို့၌ ထာဝရအသက်ရရှိဖို့ရန် မည်ကဲ့သို့လုပ်ကိုင်ရမည်နည်း” ဟု မေးမြန်းပြီး၊ သူတို့ကိုယ်ကို သမ္မာတရားဘက်၌ပူးပေါင်း၍ထားလျှင် သခင်ယေရှုသည် မိမိ၏ကောင်းချီးမင်္ဂလာကို သူတို့၏စိတ်နှလုံးထဲသို့ သက်ဆင်းစေမည်။

ဤအသက်တာသည် ကျောင်းတစ်ကျောင်းဖြစ်သည်ကို သိမြင်၍၊ ကျွန်ုပ်တို့၏စင်ကြယ်ခြင်း၊ အကြံအစည်၌သန့်ရှင်းခြင်း၊ ကိုယ်ကျိုးမရှာတတ်သောလုပ်ရှားခြင်းနှင့်စပ်ဆိုင်သော ကောင်းကင်ဘုံရှင်ဘုရားသခင်ပေးမည့် စာမေးပွဲကိုဖြေဆိုဖို့ရန် ပြင်ဆင်သောနေရာဖြစ်ကြောင်းကို အသင်းသားတိုင်း၊ ကျွန်ုပ်တို့၏အဖွဲ့အစည်း၌ရှိသော အမှုတော်ဆောင်တိုင်း နားလည်ရကြမည်။ ပြောဆိုသောစကားလုံးတိုင်းနှင့်အပြုအမူတိုင်း၊ အကြံအစည်တိုင်းတို့သည် ကောင်းကင်ဘုံရှိစာအုပ်များထဲ၌ မှတ်သားထားလျက်ရှိသည်။

သမ္မာတရား၏တန်ခိုးနှင့် အားကြီးခြင်းအားဖြင့် ကျွန်ုပ်တို့သည် သန့်ရှင်းခြင်းရှိ၍ နှုတ်ကပတ်တရားတော်၌ပြသထားသော မှန်ကန်သည့်ဂုဏ်အသရေအဆင့်အတန်းသို့ မြှင့်တင်ခြင်းခံရမည်။ ကိုယ်တော်၏နှုတ်ကပတ်တော်ကို သေချာစွာနားထောင်ခြင်းအားဖြင့် ဘုရားသခင်၏နည်းလမ်းအကြောင်းကို နားလည်နိုင်သည်။ နှုတ်ကပတ်တော်ကိုလေ့ကျက်ပါ။ The Youth’s Instructor, August 14, 1906.

–໐–

# နေ့အားများကိုမည်ကဲ့သို့ ကုန်လွန်စေရမည်နည်း – ၁၃၃

ကိုယ်ခန္ဓာ၏ခွန်အားကို အသုံးပြုလုပ်ကိုင်သောသူတို့သည် ပြန်၍ အားသစ်တက်စေဖို့ရန် လိုအပ်ပေသည်။ ထိုနည်းတူစွာ စိတ်နှင့်ဆိုင်သော အလုပ်မျိုးကို လုပ်ကိုင်သောသူတို့သည်လည်း သာ၍ပင်အားသစ်တက်စေဖို့ရန် လိုအပ်ပေသည်။ ဘာသာရေးနှင့်စပ်ဆိုင်သော အရာများ၌ပင်ဖြစ်စေ ကာမူ၊ ကျွန်ုပ်တို့ကယ်တင်ခြင်းရရှိဖို့ရန်လည်းကောင်း၊ ဘုရားသခင်၏ဘုန်း တော်ထွန်းတောက်စေဖို့ရန်လည်းကောင်း၊ စိတ်ကိုအဆက်မပြတ် ပြင်းထန်စွာလုပ်ကိုင်ဖို့ရန် မလိုအပ်ပေ။ ကခုန်ခြင်း၊ ဖဲကစားခြင်း၊ စစ်တုရင်ထိုးခြင်း၊ကျားထိုးခြင်း အစရှိသောပျော်ရွှင်မှုများရှိရာ၊ ဤအရာများကို ကျွန်ုပ်တို့ ခွင့်မပြုနိုင်ပေ။ အကြောင်းမှာ ကောင်းကင်မှပယ်ထားသော ပျော်ရွှင်ခြင်းများ ဖြစ်သည်။ ဤပျော်ရွှင်ခြင်းများသည် သာ၍ကြီးမားသောမကောင်းမှုကို ပြုလုပ်ဖို့ရန် လမ်းခင်းပေးသည်။ ယင်းပျော်ရွှင်ခြင်းများသည် ၎င်းတို့၏သဘော၌ အကျိုးမရှိဘဲ၊ စိတ်ကိုထကြွစေဖို့ရန် လှုံ့ဆော်ပေးသည်။ အချို့သောသူတို့ကို လောင်းကစားခြင်းအခြေအနေသို့ရောက်အောင် လမ်းပြခဲ့သည်။ ဤကဲ့သို့ သောကစားခြင်းမျိုးကို ခရစ်ယာန်များသည် ပစ်ပယ်၍၊ အပြစ်လုံးဝကင်းသော ကစားခြင်းမျိုးကို အစားထိုးသွင်းရပေမည်။

ကျွန်ုပ်တို့၏နေ့အားများကိုလည်း လောကီသားတို့၏နည်းလမ်းအတိုင်း ပြုလုပ်ဖို့ရန်မသင့်ကြောင်း ကျွန်ုပ်တွေ့မြင်ရသည်။ သို့တစေလည်း နေ့အားများကို ဂရုမစိုက်ဘဲမနေရ။ အကြောင်းမှာ ဂရုမစိုက်ဘဲနေခဲ့လျှင်၊ ကျွန်ုပ်တို့၏ကလေးများတို့၌ စိတ်မကျေနပ်ခြင်းဖြစ်ကြလိမ့်မည်။ ဤနေ့များ၌ ကျွန်ုပ်တို့၏သားသမီးများသည် မကောင်းသောအပြုအမူများကို ရင်ဆိုင်တွေ့မြင်ရ၍ လောက၏ပျော်ရွှင်ပွဲများကြောင့် စိတ်ဖောက်ပြန်မည့်ဘေးအန္တရာယ်ဖြစ်မည်ကို စိုးရိမ်ရသောကြောင့် ဤဘေးအန္တရာယ်မှလွတ်ကင်းဖို့ရန် မိဘဖြစ်သူ

များသည် တစ်ခုခုသားသမီးများအဖို့ ပြင်ဆင်ထားရပေမည်။ သူတို့ကောင်း ဖို့နှင့်ပျော်ရွှင်ဖို့အတွက် သင်တို့၌ သာ၍ကောင်းမွန်သောအရာများ ပြင်ဆင် ထားကြောင်း သင်၏သားသမီးများနားလည်ပါစေ။

မြို့ကြီး၌ဖြစ်စေ၊ တောရွာ၌ဖြစ်စေ နေထိုင်ကြသောမိသားစုများသည် စုပေါင်း၍၊ သူတို့ပင်ပန်းစွာလုပ်ကိုင်နေသောအလုပ်မှ ရပ်နားပြီးလျှင် ရေကန် နား၌ဖြစ်စေ၊ တောတောင်များ၌ဖြစ်စေ သွားရောက်ကြ၍ တပျော်တပါး အပန်းဖြေနိုင်ကြသည်။ ထိုသို့သောနေရာ၌ ရှုမြင်ခင်းသည် သဘာဝအတိုင်း လှပခြင်းရှိသည်။ စားသောက်ဖို့ရန် ရိုးရိုးနှင့်ကျန်းမာခြင်းဖြစ်စေသော အစား အစာများကို ယူသွားနိုင်သည်။ သစ်သီးများ၊ အသီးအနှံများပါဝင်သောအစား အသောက်များကို အရိပ်ကောင်းသောသစ်ပင်အောက်၌ ခင်းကျင်းချထား၍ တပျော်တပါး စားသောက်နိုင်ကြသည်။ ခရီးသွားရခြင်းနှင့် တောတောင်၏ ရှုခင်းများကိုမြင်ရသောအခါ ဆာလောင်ခြင်းကိုလှုံ့ဆော်ပေးလိုက်ရာ၊ အစား အစာစားသောက်ရာ၌ ဧကန်မုချ စိတ်ကျေနပ်ခြင်းရှိကြလိမ့်မည်။

ဤကဲ့သို့သောအချိန်များ၌ မိဘဖြစ်သူများနှင့် သားသမီးများတို့သည် ပူပန်သောကဖြစ်ခြင်းနှင့် စိတ်ရှုပ်ထွေးခြင်းများမှ ကင်းရှင်းနေကြရမည်။ မိဘများသည် သားသမီးများစိတ်ကောင်းနိုင်ဖို့ရန် တတ်နိုင်သရွေ့ နားလည် ခြင်းဖြင့် လုပ်ကိုင်ပေးရမည်။ တစ်နေ့လုံးပြန်၍အားတက်စေဖို့ရန် အသုံးပြု ရမည်။

အိမ်တွင်းအလုပ်နှင့် ရုံးအလုပ်များကို လုပ်ကိုင်သောသူတို့သည် ပြင်ပလေတိုက်သောနေရာ၌ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခြင်းပြုပါက ကျန်းမာ ရေးအတွက် အကျိုးဖြစ်ထွန်းစေသည်။ လူတိုင်းတတ်နိုင်သရွေ့ ဤနည်းလမ်း ကိုလိုက်ကြရမည်။ ဆုံးရှုံးနစ်နာစရာတစ်ခုမျှမရှိ၊ အားလုံးအမြတ်ပင်ဖြစ်သည်။ သူတို့သည်အလုပ်ခွင်သို့ အသစ်သောအသက်၊ အသစ်သောစွမ်းရည်သတ္တိ နှင့် ဝင်ရောက်လုပ်ကိုင်နိုင်ကြမည်။ ၎င်းအပြင် ရောဂါကိုကောင်းမွန်စွာ ကာကွယ် နိုင်ကြလိမ့်မည်။ Testimonies for the Church, vol. 1, pp. 514,515.

## ခရစ်ယာန်ပျော်ရွှင်ခြင်းအစပြုရာနေရာများ

ဥစ္စာပစ္စည်းကြွယ်ဝသောသူများသော်လည်းကောင်း၊ ဆင်းရဲသားများသော်လည်းကောင်း ခံစားနိုင်သည့်ပျော်ရွှင်ခြင်းတစ်မျိုးကို ဘုရားသခင်သည် စီမံထားတော်မူသည်။ စင်ကြယ်သောအကြံအစည်နှင့် ပြုလုပ်ဆောင်ရွက်ရာ၌ ကိုယ်ကျိုးမရှာသောပျော်ရွှင်ခြင်း၊ ကိုယ်ချင်းစာနာတတ်သောစကားများ ပြောဆိုခြင်းနှင့် ကြင်နာသောအပြုအမူများကို ပြုလုပ်ခြင်း၌ နှစ်မြို့က်ခြင်းပင် ဖြစ်သည်။ ဤအလုပ်များကို လုပ်ကိုင်သောသူတို့ထံမှ၊ ခရစ်တော်၏အလင်းသည် ဝမ်းနည်းခြင်းများဖြင့် မှောင်မိုက်နေသောအသက်များကို ထွန်းလင်းတောက်ပစေသည်။ ွနျအဂေသညငနျ for the Church, vol. 9, p. 57.

–၀–

# စာပေနှင့်ဆိုင်သောအသင်း
# အဖွဲ့များ – ၁၃၄

စာပေနှင့်ဆိုင်သောအသင်းအဖွဲ့များသည် ကျွန်ုပ်တို့လူငယ်များအဖို့ အကျိုးကျေးဇူးရှိသလားဟူသောမေးခွန်းကို ခဏခဏမေးကြသည်။ ဤမေးခွန်းကိုမှန်ကန်စွာဖြေဖို့ရန် ထိုသို့သော အသင်းအပင်းတို့၏အတိအလင်းဝန်ခံသော အချက်ကိုသာ စဉ်းစားရမည်မဟုတ်။ ဗဟုသုတမှသိရှိရသည်အတိုင်း သူတို့သည် ဩဇာသက်ရောက်ဖို့ရန် မည်မျှကြိုးစားအားထုတ်ကြသည်ကိုလည်း သိရှိရသည်။ စိတ်ကိုတိုးတက်ဖို့ရန် ဝတ္တရားသည် ကျွန်ုပ်တို့ကိုယ်တိုင်တာဝန် ဖြစ်၍၊ အသင်းအပင်းနှင့်လည်းကောင်း၊ ဘုရားသခင်နှင့်လည်းကောင်း သက်ဆိုင်သည်။ သို့သော်လည်း ပိုင်းခြားသိတတ်သောဉာဏ်ကိုပြုစုရာ၌ စာရိတ္တနှင့်ဝိညာဉ်ရေးဆိုင်သောအရာများကို မည်သည့်အခါမျှ ထိခိုက်ခြင်း မရှိစေရ။ စိတ်နှင့်စာရိတ္တဆိုင်ရာအရာများသည် ညီညွတ်ပူးပေါင်းဆောင်ရွက်မှသာလျှင် နှစ်ဦးလုံး၏အမြင့်ဆုံးသောစုံလင်ခြင်းကို ရရှိနိုင်သည်။ ဤအကျိုး အာနိသင်များကိုရရှိနိုင်ဖို့ရန် စာပေနှင့်ဆိုင်သောအသင်းအဖွဲ့များက လုပ်ကိုင် ပေးနိုင်မည်လား။

စာပေနှင့်ဆိုင်သောအသင်းအဖွဲ့များသည် ၎င်းတို့၏နာမည်နှင့် ဆန့်ကျင်သော ဩဇာတိက္ကမသက်ရောက်ခြင်းများကို ပြုလုပ်နေကြသည်။ ယေဘုယျအားဖြင့် ကျင့်ကြံပြုမူခြင်း၌ သူတို့သည်သူငယ်များကို ဘေးအန္တရာယ်ပြုလျက်ရှိသည်။ အကြောင်းမှာ စာတန်သည် ဝင်ရောက်လာ၍ သူ၏တံဆိပ်ကိုလေ့ကျင့်ခြင်းများ၌ နှိပ်ခတ်လိုက်သည်။ ယောကျ်ားသည် ယောကျ်ားဘဝ၌နေထိုင်၍ (သို့မဟုတ်) မိန်းမသည် မိန်းမဘဝ၌နေထိုင်ဖို့ရန်သည် ခရစ်တော်၏စာရိတ္တရောင်ပြန်ဟပ်ခြင်းဖြစ်သည်။ ထိုသို့သောအသင်းအဖွဲ့များ၌ ကျွန်ုပ်တို့တွင် ခရစ်တော်အနည်းငယ်သာရှိပါက၊ ကျွန်ုပ်တို့၌တိုးတက်ခြင်း၊ အချေးအညှော်ချွတ်ခြင်းနှင့်မြင့်မြတ်ခြင်းကိုပေးနိုင်သော ဓာတ်များအနည်းငယ်သာ

ရှိမည်။ လောကီသားများသည် သူတို့၏အလိုဆန္ဒပြည့်ဝဖို့ရန် ဤစည်းဝေးများကိုကျင်းပသောအခါ၊ ခရစ်တော်၏စိတ်ဓာတ်သည် ပါဝင်ခြင်းမရတော့ပေ။ စိတ်သည် အလွန်အရေးကြီးသော ရောင်ပြန်ဟပ်ခြင်းများမှလည်းကောင်း၊ ဘုရားသခင်အထံတော်မှလည်းကောင်း၊ အစစ်အမှန်ဖြစ်သောအရာမှလည်းကောင်း ဝေးကွာသွား၍ စိတ်ကူးဖြစ်သောအရာများ၊ အပေါ်ယံကအရာများထံသို့ ရောက်ရှိသွားခဲ့လေသည်။ စာပေနှင့်ဆိုင်သောအသင်းအပင်းများ၊ ၎င်းတို့သည် သူတို့၏မှန်ကန်သောစာရိတ္တကို ဖော်ပြကြမည်လား။ ဖွဲ့ကြမ်းသည် စပါးနှင့်မည်သို့ဆိုင်သနည်း။

စာပေနှင့်ဆိုင်သောအသင်းအဖွဲ့များကိုဖွဲ့စည်းခြင်း၌ အကြံအစည်နှင့် ရည်မှန်းချက်တို့သည် ကောင်းမွန်ပေလိမ့်မည်။ သို့သော်လည်း ဘုရားသခင်အထံတော်မှ အသိဉာဏ်သည် ဤအဖွဲ့အစည်းများကိုအုပ်ချုပ်ခြင်းမရှိပါက၊ ၎င်းတို့သည် ဧကန်မုချ မကောင်းမှုများသာဖြစ်လာကြလိမ့်မည်။ ဘာသာတရားကိုင်းရှိုင်းခြင်းမရှိသောသူများနှင့် စိတ်နှလုံးဆက်ကပ်ခြင်းမရှိသောသူတို့ကို အများအားဖြင့်ဝင်ခွင့်ပေးကြသည်။ ထိုသူများကို တာဝန်ရှိသောရာထူးများပေးအပ်ကြသည်။ ပျက်စီးစေတတ်သော ဩဇာသက်ရောက်ခြင်းတို့ကို တားဆီးဟန့်တားဖို့ရန် ဥပဒေများနှင့်စည်းကမ်းများကို ချမှတ်နိုင်သည်။ သို့သော်လည်း စာတန်သည် လိမ္မာပါးနပ်သောစစ်ဗိုလ်ကြီးဖြစ်ရာ၊ မိမိအကြံအစည်အတိုင်း၊ အံဝင်ခွင်ကျဖြစ်ဖို့ရန် အသင်းအပင်းကိုပုံသွင်းနေသည်။ အောင်မြင်ခြင်းလည်းရရှိသည်။ အတိတ်အချိန်ကာလ၌ အုပ်ချုပ်ခဲ့သောသူများကို ရန်သူကြီးစာတန်သည် လွယ်လင့်တကူထိန်းသိမ်းနိုင်ပြီး သူတို့မှနေ၍ သူ၏အကြံအစည်ကိုအောင်မြင်အောင် လုပ်ကိုင်နိုင်ခဲ့သည်။ လောကီသားများအဖို့ စည်းဝေးပွဲများ၌စိတ်ဝင်စားခြင်းရှိဖို့ရန် ဧည့်ခံပွဲအမျိုးမျိုးကိုကျင်းပခဲ့သည်။ ဤနည်းဖြင့် စာပေနှင့်ဆိုင်သောအသင်းအပင်းများသည် မကြာခဏဆိုသလို ကပွဲရုံများနှင့် အပေါစားနေရာများအဖြစ်သို့ ရောက်ရှိသွားခဲ့လေသည်။ ဤအရာများသည် ဇာတိပကတိစိတ်ကိုကျေနပ်စေသော်လည်း ဘုရားသခင်နှင့် ရန်ဘက်ဖြစ်နေသည်။ ယင်းနေရာများသည် အသိဉာဏ်ကိုလည်းခွန်အားမပေး၊ စာရိတ္တများကိုလည်း ပြုပြင်ခြင်းမပြုပေ။

အသင်းအပင်းများ၌ ဘုရားသခင်ကိုကြောက်ရွံ့သောသူများနှင့် မယုံကြည်သောသူများပေါင်းသင်းခြင်းသည် အပြစ်သားများကို သူတော်ကောင်းဘ၀သို့ရောက်အောင် မပြောင်းလဲပေးနိုင်ပေ။ ဘုရားသခင်၏လူများသည် မိမိတို့အလိုအလျောက်ဆက်ကပ်ခြင်းမရှိသော လောကီသားများနှင့်ပေါင်းဖော်၍၊ သူတို့ကိုအထွတ်အထိပ်တင်ထားသောအခါ သူတို့သည် ထိုသူတို့၏ ဩဇာတိက္ကမအောက်သို့ ရောက်သွားသောကြောင့်၊ သူတို့ကိုဘုရားသခင်မှ ဝေးကွာသွားစေလိမ့်မည်။ ခေတ္တအချိန်လောက်တွင် အပြင်းအထန်ကန့်ကွက် စရာအကြောင်းရှိလိမ့်မည်မဟုတ်ပေ။ သို့သော်လည်း ဘုရားသခင်၏ဝိညာဉ်တော်အောက်၌မရှိသောစိတ်များသည် အမှန်တရားနှင့် ဖြောင့်မတ်ခြင်းအနံ့ရှိသောအရာများကို လွယ်လင့်တကူ လက်ခံယူနိုင်လိမ့်မည်မဟုတ်ပေ။ အထက်ကာလအချိန်၌ ဝိညာဉ်ရေးနှင့်ဆိုင်သောအရာများကို သူတို့သည် ကြိုက်နှစ်သက်ခြင်းရှိခဲ့လျှင်၊ သူတို့သည် သူတို့ကိုယ်ကို ခရစ်တော်၏ဘက်တော်သားများနှင့်အတူ ရှိစေကြမည်။ လူနှစ်မျိုးနှစ်စားကို ဆရာနှစ်မျိုးကအုပ်ချုပ်လျက် ရှိရာ၊ သူတို့၏အကြံအစည်များ၊ မျှော်လင့်ခြင်းများ၊ စိတ်ကြိုက်များနှင့်ဆန္ဒ များသည် ဆန့်ကျင်ဘက်ဖြစ်နေကြသည်။ ခရစ်တော်၏နောက်လိုက်များ၌ စိတ်တည်ငြိမ်ခြင်း၊ သိမြင်တတ်ခြင်းနှင့်မြင့်မြတ်သောအရာများကို စဉ်းစားစရာ အကြောင်းများရှိကြရာ၊ သန့်ရှင်းသောအရာများကို မနှစ်သက်သောသူတို့၌ တွေ့မြင်နိုင်သည့် ထင်ရှားသောလေ့ကျင့်မှုများမရှိပါက၊ ဤအစုအဝေးများ၌ ပျော်မွေ့ခြင်းကိုတွေ့ရှိကြမည်မဟုတ်ပေ။ ဘာသာတရားရေးမရှိသောကြောင့် တဖြည်းဖြည်းဝိညာဉ်ရေးနှင့်ဆိုင်သောစိတ်ဓာတ်သည် ပျောက်ကွယ်သွားခဲ့ရာ သူတို့၏သဘော၌ ဆန့်ကျင်ဘက်ဖြစ်နေသောကျင့်ဝတ်များကို ညီညွတ် ဖို့ရန်လုံ့လထုတ်ခြင်း၌ သိသိသာသာဆုံးရှုံးသွားခဲ့လေသည်။

စာပေနှင့်ဆိုင်သော အသင်းအပင်းတစ်ခုကိုတည်ထောင်၍၊ ယင်းအသင်းအပင်းနှင့်ဆက်သွယ်နေသောသူအားလုံးတို့ကို အကျိုးရှိစေဖို့ရန် ကြံစည်လျက်ရှိပါသည်။ ထိုအသင်းအပင်း၌ရှိကြသော အသင်းသားများသည် အသင်းတည်ထောင်ထားခြင်း၏ရည်ရွယ်ချက်ကို ကြည့်ရှုကြရမည်ဖြစ်သည်။

ငှင်းပြင် အထူးသဖြင့် ဘာသာရေးဆိုင်ရာကျင့်ဝတ်များကို အန္တရာယ်ဖြစ်စေမည့် မကောင်းမှုများပြုလုပ်ခြင်းကို ရှောင်ရှားရမည်။ အမြော်အမြင်ရှိ၍ ပိုင်းခြားဝေဖန်တတ်သောသူများ၊ ကောင်းကင်နှင့်အဆက်အသွယ်ရှိနေသောသူများ၊ မကောင်းမှုများကိုထိန်းသိမ်း၍ စာတန်၏လိမ်လည်ခြင်းကို လက်မခံသောသူများတို့သည် တည်ကြည်သောလမ်းသို့ ဖြောင့်ဖြောင့်လိုက်သွား၍၊ ခရစ်တော်၏အောင်လံကို အဆက်မပြတ်မြင့်မားစွာဆုပ်ကိုင်ထားသောသူများ၊ ထိုကဲ့သို့သောသူများသည် ဤအသင်းအပင်းများကို အုပ်ချုပ်ဖို့ရန်အလိုရှိသည်။ ထိုကဲ့သို့သော ဩဇာသက်ရောက်မှုသည် ရှိသေခြင်းကိုရရှိ၍၊ ဤအစုအဝေးများကိုကျိန်ခြင်းဖြစ်စေမည့်အစား ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်စေမည်။

အသက်ကြီးသော ယောကျာ်းများနှင့်မိန်းမများတို့သည် လူငယ်များနှင့်ပေါင်းစည်း၍ ထိုကဲ့သို့သောစာပေဆိုင်ရာအသင်းအပင်းကို ဖွဲ့စည်းခဲ့လျှင်၊ အသုံးဝင်ခြင်းနှင့်စိတ်ဝင်စားခြင်း ဖြစ်လာလိမ့်မည်။ သို့သော်လည်း စုရုံး၍ ဆူညံစွာပျော်ရွှင်ခြင်း၊ ရယ်မောခြင်းများကိုပြုလုပ်ပါက သူတို့သည် စိတ်နှင့်စာရိတ္တကိုယုတ်ညံ့အောင် ပြုလုပ်နေခြင်းဖြစ်သည်။

ကျမ်းစာဖတ်ခြင်းများနှင့် သမ္မာကျမ်းစာနှင့်ဆိုင်ရာဘာသာများကို စစ်ဆေးခြင်း၊ စိတ်ကိုတိုးတက်စေ၍ အသိပညာပေးသောအကြောင်းအရာများကို စာစီစာကုံးရေးသားခြင်း၊ ပုရောဖက်အနာဂတ္တိစကားများ (သို့မဟုတ်) ခရစ်တော်အကြောင်းနှင့်ဆိုင်သော အဖိုးထိုက်တန်လှသောသင်ခန်းစာများကို လေ့ကျက်ခြင်း၊ ဤအကြောင်းအရာများသည် စိတ်နှင့်ဆိုင်သောတန်ခိုးများနှင့် ဝိညာဉ်ရေးကိုခိုင်ခံ့ဖို့ရန် ဩဇာသက်ရောက်ခြင်းရှိလိမ့်မည်။ သမ္မာကျမ်းစာကိုသိကျွမ်းခြင်းသည် သိမြင်တတ်သောတန်ခိုးများကို ထက်မြက်စေ၍၊ အသက်ဝိညာဉ်ကို စာတန်၏တိုက်ခိုက်ခြင်းမှ တားဆီးပေးလိမ့်မည်။

အကြံအစည်များနှင့် ထင်မြင်ခြင်းများကိုချုပ်တည်းရခြင်းသည် ဝတ္တရားတစ်ခုပင်ဖြစ်ကြောင်းကို လူအနည်းငယ်လောက်သာ သိမြင်ကြသည်။ စည်းကမ်းတကျပြုလုပ်ထားခြင်းမရှိသောစိတ်ကို အကျိုးရှိသောအကြောင်းအရာ

များ၌ စွဲလမ်းစေဖို့ရန် အာရုံစူးစိုက်ထား၍မရပေ။ သို့သော်လည်း အထင်အမြင်များကို မှန်ကန်စွာအသုံးမပြုပါက၊ ဘာသာတရားသည် အသက်ဝိညာဉ် ထဲ၌ သန်စွမ်းကြီးပွားခြင်းမရှိနိုင်ပေ။ စိတ်သည် ရိုသေဖွယ်ဖြစ်၍ ထာဝရတည်သော အရာများဖြင့် စိတ်စွဲလမ်းခြင်းရှိနေရမည်။ သို့မဟုတ် သိမ်ဖျင်း၍ အပေါ်ယံ စိတ်ကူးများကို နှစ်သက်ခြင်းရှိလိမ့်မည်။ သိမှတ်တတ်သောသတ္တိနှင့် စာရိတ္တ တန်ခိုးများကို စည်းကမ်းတကျရှိစေရမည်။ ၎င်းတို့ကိုလေ့ကျင့် ပေးခြင်းဖြင့် ခွန်အားရှိ၍တိုးတက်လာလိမ့်မည်။ သိမှတ်တတ်သောဉာဏ်နှင့် စိတ်နှလုံးကို ဘုရားသခင်၏အမှုတော်အတွက် ဆက်ကပ်ထားခြင်းရှိရမည်။ ကျွန်ုပ်တို့၌ရှိ သမျှသောအရာကို ကိုယ်တော်သည် တောင်းဆိုတော်မူသည်။ အမြင်အားဖြင့် အပြစ်ကင်းခြင်း (သို့မဟုတ်) ချီးမွမ်းဖွယ်ရာဖြစ်လင့်ကစား၊ ခရစ်တော်၏ နောက်လိုက်များသည် ကိုယ့်အလိုကျဖြစ်စေဖို့ရန်၊ မည်သည့် စွန့်စားခြင်းမျိုး ကိုမျှ မလုပ်ကိုင်နိုင်ကြပေ။ သို့ပြုလုပ်ပါက အလင်းရှိနေသော ဩတ္တပ္ပစိတ် သည် သူ့အားဝိညာဉ်ရေး၌ဆုတ်ယုတ်လိမ့်မည်အကြောင်း သိစေလိမ့်မည်။ ခရစ်ယာန်တိုင်းတို့သည် မကောင်းမှုဒီရေရှေ့သို့ တိုးတက်ခြင်း မရှိဖို့ရန်လုပ် ကိုင်၍ လူငယ်များကို ပျက်စီးခြင်းသို့ရောက်ခြင်းမှ ကယ်တင် ရမည်။ ရေစီးကိုတားဆီးနိုင်ဖို့ရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမစပါစေ။ Counsels to Teachers, Parents, and Students, pp. 541,544.

—o—

# ကခုန်ခြင်း – ၁၃၅

မှန်ကန်သောခရစ်ယာန်သည်၊ ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို တောင်းခံ၍မရနိုင်သောနေရာများဖြစ်သည့် ပျော်ရွှင်ပွဲနေရာများ၊ သို့မဟုတ် အခြားအလားတူနေရာများသို့ဝင်ရောက်ဖို့ရန် ဆန္ဒရှိမည်မဟုတ်။ သူ့ကိုကပွဲရုံများ၌တွေ့မြင်မည်မဟုတ်၊ ဘိလိယက်ခုံ (သို့မဟုတ်) ဘောလုံးရိုက်ကစားသောနေရာ၌လည်း တွေ့မြင်မည်မဟုတ်။ သူသည် ပျော်ရွှင်စွာကခုန်နေသောသူများနှင့် ပူးပေါင်းနေမည်မဟုတ်၊ သို့မဟုတ် စိတ်ထဲမှခရစ်တော်ကိုဖယ်ရှားပစ်နိုင်သော ပျော်ရွှင်ခြင်းတစ်ခုခုကို ပြုလုပ်နေမည်မဟုတ်ပေ။

ဤကဲ့သို့သောအပျော်အပါးများကို ပြုလုပ်ဖို့ရန်ပန်ကြားသောသူတို့အား ကျွန်ုပ်တို့၏အဖြေမှာ၊ ဤအပျော်အပါးများကို နာဇရက်မြို့သားခရစ်တော်၏နာမဖြင့် ကျွန်ုပ်တို့သည် လုပ်နိုင်ခွင့်မရှိပေ။ ရုပ်ရှင်ရုံ (သို့မဟုတ်) ကခုန်ပွဲရုံ၌ ကုန်လွန်စေခဲ့သောအချိန်များအပေါ်သို့ ဘုရားသခင်၏ကောင်းချီး မင်္ဂလာသည် မသက်ဆင်းနိုင်ပေ။ မည်သည့်ခရစ်ယာန်မျှ ထိုသို့သောနေရာ များ၌ သေဆုံးခြင်းဖြစ်လိုကြမည်မဟုတ်ပေ။ ခရစ်တော်ကြွလာသောအခါ၊ မည်သူမျှ ထိုနေရာ၌အတွေ့ခံလိုကြမည်မဟုတ်ပေ။

ကျွန်ုပ်တို့သည် နောက်ဆုံးသောအချိန်သို့ရောက်၍၊ ကျွန်ုပ်တို့ အသက်တာ၏မှတ်တမ်းများနှင့် မျက်နှာချင်းဆိုင်တွေ့မြင်ရသောအခါ၊ ပျော်ရွှင်စရာနေရာအနည်းငယ်လောက်ကိုသာ ရောက်ဖူးခဲ့သောကြောင့် နမြောတမ်းတခြင်းရှိကြမည်လား။ အဓိပ္ပါယ်မရှိသောပျော်ရွှင်ပွဲများကို များများစားစားမတက်ခဲ့သောကြောင့် ကုန်လွန်သွားသောအချိန်များကို နောင်တရနေကြမည်လား။ သို့မဟုတ် ကိုယ့်အလိုသို့လိုက်၍ အဖိုးထိုက်တန်လှသောအချိန်များကို ကုန်ဆုံးစေခဲ့သောကြောင့် ခါးသီးစွာနောင်တရနေကြသလား။ အခွင့်အရေးများ ကုန်ဆုံးသွားခဲ့ပြီ။ ၎င်းအချိန်များကို မှန်ကန်စွာအသုံးချခဲ့ပါက မပျက်စီးနိုင် သောရတနာကို ရရှိမည်မဟုတ်လော။

အကျိုးယုတ်စေတတ်သောလိုက်စားခြင်း၌ စိတ်နှလုံးသည် စွဲကပ် နေတတ်ခြင်းကို ဘာသာရေးဆိုင်ရာသုခမိန်များအနေဖြင့် အမျိုးမျိုးဆင်ခြေ ပေးခြင်းသည် ထုံးစံလေ့ကဲ့သို့ဖြစ်နေသည်။ သူတို့သည် အပြစ်နှင့်အကျွမ်းဝင် ခြင်းဖြင့် အပြစ်၏အထူးဆိုးသွမ်းခြင်းကို မတွေ့မမြင်နိုင်တော့ပေ။ ဘုရားသခင် ၏သားသမီးများဖြစ်သည်ဟု ပြောဆိုသောသူများသည် ဘုရားသခင်၏ နှုတ် ကပတ်တော်မှ သေဒဏ်စီရင်ထားသောအပြစ်များကို တောက်ပအောင် လုပ်ကိုင် နေကြသည်။ အသင်းတော်၏ဒါနပြုခြင်းများကို သူတို့၏ဘုရားမဲ့သော ပျော်ပွဲ ရွှင်ပွဲများဖြင့် ဆက်သွယ်ထားကြသည်။ ဤနည်းဖြင့် သူတို့သည် မာရ်နတ်အ စေခံဖို့ရန် ကောင်းကင်နိုင်ငံတော်၏အမှုထမ်းအဝတ်ကို ငှားကြသည်။ ဤခေတ် ဆန်သောအပျော်အပါးလွန်ကျူးခြင်းဖြင့် အသက်ဝိညာဉ် များကို လိမ်လည်ခြင်း၊ လမ်းမှားစေခြင်းနှင့် နောက်ဆုံး ပျက်စီးဆုံးရှုံးခြင်း များဖြစ်စေသည်။

## အပျော်အပါးလွန်ကျူးခြင်း၌ရှိခြင်း

ဘုရားတရားရှိသောအိမ်ထောင်များစွာတို့၌၊ ကခုန်ခြင်းနှင့်ဖဲကစား ခြင်းကို ဧည့်ခံအပျင်းဖြေကစားနည်းဟု ပြောဆိုပြုလုပ်ကြသည်။ ဤငြိမ်သက် ၍၊ အိမ်ပျော်ရွှင်ခြင်းများကို မိဘတို့၏မျက်စိအောက်၌ပြုလုပ်ဖို့ရန် တိုက်တွန်း ကြသည်။ သို့သော်လည်း စိတ်ကိုထကြွစေသောပျော်ရွှင်ခြင်းကို နှစ်သက်ဖို့ရန် စိတ်ကိုပျိုးထောင်ပေးလိုက်ခြင်းပင်ဖြစ်သည်။ အိမ်၌ဘေးကင်းသည်ဟု သဘော ထားသောအရာသည် ပြင်ပ၌အချိန်ကြာအောင် ဘေးကင်းသည်ဟု ယူဆ၍မဖြစ် တော့ပေ။ ဤပျော်ရွှင်ခြင်းမျိုးများမှ ကောင်းမွန်သောအရာများ ရရှိနိုင်သည်ဟု ပြောဆိုခြင်း၌သေချာဖို့ရန် တွေ့မြင်ခြင်းရှိရမည်။ ယင်းပျော်ရွှင် ခြင်းများသည် ကိုယ်ခန္ဓာကိုခွန်အားမပေး၊ စိတ်ကိုလည်းအနားမပေးပေ။ ၎င်းတို့သည် အသက် ဝိညာဉ်ထဲသို့ သိမ်မွေ့သောသဘောထားတစ်ခုကိုမျှ သွင်းပေးခြင်းမပြု၊ဆန့်ကျင် ဘက်၌၊ ၎င်းတို့သည် ဘာသာရေးဆိုင်ရာထင်မြင်

ချက်များနှင့် ဝတ်ပြုကိုးကွယ်ခြင်းများ၏ယူဆခြင်းများကို ဖျက်ဆီးပစ်လိုက်သည်။ လက်ရွေးစဉ်လူစုနှင့် ကပွဲရုံအောက်တန်းစားလူစုများ၌ ကွာခြားခြင်းရှိသည်မှာမှန်သည်။ သို့သော်လည်း သူတို့အားလုံးတို့သည် အပျော်အပါးလွန်ကျူးခြင်းလမ်းပေါ်၌ရှိကြသည်။

ယခုခေတ်အချိန်အခါ၌ ပြုလုပ်နေကြသောပျော်ရွှင်ပွဲ၊ ကခုန်ပွဲများသည် အကျင့်သီလခေါင်းပါးသော ကျောင်းတစ်ကျောင်းဖြစ်၍၊ အသင်းအပင်းအဖို့ ကြောက်မက်ဖွယ်ရာကောင်းသောကျိန်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏မြို့ကြီးများ၌ နှစ်စဉ်ဤနည်းဖြင့်ပျက်စီးသွားသောသူများကို စုရုံး၍ထားနိုင်ပါက၊ ပျက်စီးသွားသောအသက်များတို့၏ရာဇဝင်သည် ပေါ်ထွက်လာလိမ့်မည်။ ဤအဖြစ်သနစ်ကို တွေ့မြင်အံ့သြခြင်းရှိသောသူများတို့သည် ဤအခြေအနေကိုဖြစ်စေခဲ့သောကြောင့် တောင်းပန်ဖို့ရန်အဆင့်သင့်ရှိသောသူ မည်မျှရှိအံ့နည်း။ ခရစ်ယာန်မိဘများသည် မိမိတို့၏သားသမီးများတို့နှင့်အတူ ဤကဲ့သို့သောပျော်ရွှင်ပွဲများသို့တက်၍၊ သူတို့ကို ဤစုံစမ်းနှောင့်ယှက်ခြင်းလမ်းပေါ်၌မည်သို့တားနိုင်အံ့နည်း။ ငယ်ရွယ်သောယောကျ်ားကလေးများနှင့်မိန်းကလေးများသည် သူတို့၏အသက်ဝိညာဉ်ကို မည်ကဲ့သို့ ဤမိုက်မဲစေသောပျော်ရွှင်ခြင်းဖြင့် လဲလှယ်နိုင်မည်နည်း။ Review and Herald, February 28, 1882.

## ပျော်ရွှင်ခြင်းများ၏ဘေးအန္တရာယ်

အပျော်အပါးကိုနှစ်သက်ခြင်းသည် ဘေးအန္တရာယ်အများဆုံးအရာတစ်ခုဖြစ်သည်။ အကြောင်းမှာ၊ မြို့ကြီးများ၌ရှိသောကလေးများနှင့်လူငယ်များတို့ကို တိုက်ခိုက်သောစုံစမ်းနှောင့်ယှက်ခြင်းတွင် အလိမ္မာဆုံးဖြစ်သည့်နေ့အားများစွာရှိသည်။ ကစားခုန်ခြင်းနှင့်မြင်းပြိုင်ပွဲများသို့ လူပေါင်းထောင်ချီ၍သွားကြသည်။ အပျော်အပါးနှင့်စိတ်ထကြွစေသောအရာများသည် စိတ်တည်ငြိမ်ခြင်းကို ဆွဲဆောင်သွားခဲ့လေသည်။ ကောင်းမွန်သောအရာများအတွက်သုံးစွဲရန်စုဆောင်းထားသောငွေ၊ အများအားဖြင့် ဆင်းရဲသားတို့၏ပြားများမှ

စုဆောင်းထားသောငွေများကို အပျော်အပါးအတွက် သုံးဖြုန်းလိုက်ကြသည်။ Fundamentals of Christian Education, p. 422.

## ကျင့်ဝတ်အားဖြင့်လမ်းပြခြင်း

အများသောသူတို့သည် မိတ်ပျက်မည်ကိုကြောက်ရွံ့၍လည်းကောင်း၊ ဝေဖန်ပြောဆိုခံရမည်ကို ကြောက်ရွံ့၍လည်းကောင်း ကျင့်ဝတ်တရားအတိုင်း မလုပ်ကိုင်ဝံ့ကြပေ။ ခရစ်တော်၏နောက်သို့လိုက်သောသူတို့နှင့် ပွင့်ပွင့်လင်းလင်း မလိုက်ဝံ့ကြပေ။ လောကီထုံးစံဓလေ့အတိုင်းလိုက်နာ၍၊ လောကီသားတို့၏ သဘောကိုက်ညီခြင်းကိုခံယူဖို့ရန် ဆန္ဒရှိကြသည်။ "ခပ်သိမ်းသောဒုစရိုက်မှ ငါတို့ကိုရွေးနှုတ်ခြင်းငှာလည်းကောင်း၊ ကောင်းသောအကျင့်ဘက်၌ စိတ်အား ကြီး၍၊ ပိုင်ထိုက်တော်မူသောအမျိုးကို မိမိအဖို့စင်ကြယ်စေခြင်းငှာလည်းကောင်း၊ ကိုယ့်ကိုကိုယ်စွန့်ကြတော်မူပြီ။" Review and Herald, November 29, 1887.

–ဝ–

# အပိုင်း ၁၄

# အချင်းချင်းပေါင်းသင်း

# ဆက်ဆံခြင်း

လူအချင်းချင်းပေါင်းသင်းဆက်ဆံခြင်းမှ ခရစ်ယာန်ဘာသာသည် လောကနှင့်တွေ့ဆုံကြုံကြိုက်ခဲ့သည်။ ကြီးကျယ်သောအလင်းတော်ကို ရရှိသောသူအားလုံးတို့သည် သာ၍ကောင်းသောလမ်းနှင့် အကျွမ်းမဝင်သောသူတို့၏လျှောက်သွားရာလမ်း၌ အလင်းကိုထွန်းလင်းစေရမည်။ ကယ်တင်ရှင်အထံတော်သို့ အသက်ဝိညာဉ်များကို ယူဆောင်လာရာ၌ ခရစ်တော်၏ ဝိညာဉ်တော်အားဖြင့် သန့်ရှင်းခြင်းရှိသော ပေါင်းသင်းဆက်ဆံ ခြင်းတန်ခိုးသည် တိုးတက်ခြင်းရှိရမည်။ Ministry of Healing, p. 496.

# ကယ်တင်ဖို့ရန်ပေါင်းသင်း
# ဆက်ဆံခြင်း – ၁၃၆

မိမိကိုယ်ကို လူသားတို့၏စိတ်ဝင်စားခြင်းများနှင့် ဆက်သွယ်ထားသော ခရစ်တော်၏ပုံသက်သေကိုကြည့်ရှု၍၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ဟောပြောသောသူအားလုံးတို့နှင့် ကိုယ်တော်၏ကျေးဇူးတော်၏ဧဝံဂေလိတရားတော်ကို ရရှိသောသူအားလုံးတို့သည် ကိုယ်တော်၏ခြေရာတော်အတိုင်း လိုက်လျှောက်ကြဖို့ရန် သင့်ပေသည်။ ကျွန်ုပ်တို့သည် အချင်းချင်းပေါင်းသင်း ဆက်ဆံခြင်းမင်္ဂလာကို စွန့်လွှတ်ဖို့ရန်မဟုတ်ပေ။ ကျွန်ုပ်တို့သည် အခြား သူများထံမှ တစ်ကိုယ်တည်းခွဲခြား၍မနေရ၊ လူအတန်းအစားတိုင်းသို့ရောက်ရှိ နိုင်ဖို့ရန်၊ ကျွန်ုပ်တို့သည် သူတို့နေထိုင်သောနေရာများသို့ သွားရောက်တွေ့ဆုံရမည်။ သူတသည် သူတို့၏စိတ်သဘောအရ ကျွန်ုပ်တို့ကိုရှာဖွေကြမည်မဟုတ်။ တရားပလ္လင်ပေါ်မှနေ၍ သမ္မာတရားတော်ကိုဟောပြောခြင်းဖြင့် လူတို့၏စိတ်နှလုံးများကို ထိခိုက်စေနိုင်မည်မဟုတ်။ လုပ်ဆောင်ရာ၌ အခြား အလုပ်တစ်ခုရှိသေး၏။ နိမ့်ကျသည်ဟု အမြင်ရှိသော်လည်း အလားအလာ အပြည့်အဝရှိသည်။ ၎င်းကို နိမ့်ကျသောသူတို့၏အိမ်ထောင်၌လည်းကောင်း၊ အထက်တန်းစားများနေထိုင်ရာဂေဟာ၌လည်း ဆေးရုံဘုတ်အဖွဲ့၌လည်းကောင်း၊ အပြစ်ကင်းသော ဆက်ဆံပေါင်းသင်းခြင်းပျော်ပွဲ၌လည်းကောင်း တွေ့မြင်နိုင် သည်။

ခရစ်တော်၏တပည့်များဖြစ်သော ကျွန်ုပ်တို့သည် ပျော်မွေ့ခြင်းနှင့် မိုက်မဲခြင်းအလုပ်ကို လုပ်ကိုင်ဖို့ရန် လောကီသားများနှင့်ရောနှော၍နေကြမည်မဟုတ်ပေ။ ထိုကဲ့သို့ ပေါင်းဖော်ခြင်း၏အကျိုးသက်ရောက်ခြင်းသည် ဘေးအန္တရာယ်ရောက်ရှိခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် အပြစ်ကိုအမူအရာအားဖြင့်လည်းကောင်း၊ စကားအားဖြင့်လည်းကောင်း၊ တိတ်ဆိတ်နေခြင်းဖြင့်လည်းကောင်း၊ (သို့မဟုတ်) ကျွန်ုပ်တို့ကိုယ်တိုင်ရှိနေခြင်းဖြင့်လည်းကောင်း

ခွင့်မပြုရပေ။ ကျွန်ုပ်တို့သွားလေရာရာ၌၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့နှင့်အတူ ယူဆောင်သွားရမည်။ အခြားသူများအား ကယ်တင်ရှင်၏ အဖိုးထိုက်တန်ခြင်းကို ဖော်ပြရမည်။ သို့သော်လည်း သူတို့၏ဘာသာတရားကို ကျောက်နံရံများအတွင်း၌ ကြိုးစား၍ဝှက်နေသောသူများသည် ကောင်းသောအရာပြုလုပ်ဖို့ရန် အဖိုးထိုက်တန်သောအခွင့်အရေးများကို ဆုံးရှုံးသွားခဲ့ပြီ။ ပေါင်းသင်းဆက်ဆံခြင်းအားဖြင့် ခရစ်ယာန်ဘာသာသည် လောကကြီးနှင့်အဆက်အသွယ်ရရှိသည်။ ကြီးမြတ်သောအလင်းကို ရရှိသောသူတိုင်းတို့သည် အသက်တာ၏အလင်းကို မသိသောသူတို့၏လမ်းကို ထွန်းလင်းစေဖို့ရန် အလင်းပေးရမည်။

ကျွန်ုပ်တို့သည် ခရစ်တော်အဖို့ သက်သေခံများဖြစ်ကြရမည်။ ခရစ်တော်အဖို့ အသက်ဝိညာဉ်များကိုအောင်မြင်ခြင်း၌ ခရစ်တော်၏ဝိညာဉ်တော်အားဖြင့် သန့်ရှင်းခြင်းရှိသော ပေါင်းသင်းဆက်ဆံခြင်းတန်ခိုးသည် တိုးတက်ခြင်းရှိရမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကျိုးအတွက် လုံးပန်းမနေကြောင်းကို လောကကြီးသည် တွေ့မြင်ပါစေ။ ကျွန်ုပ်တို့သည် အခြားသူများအား ကျွန်ုပ်တို့ခံစားရသောကောင်းချီးမင်္ဂလာများနှင့် အခွင့်အရေးများကို ခံစားစေလိုသည်။ ကျွန်ုပ်တို့၏ဘာသာတရားသည် ကျွန်ုပ်တို့ကိုမစာနာတတ်ခြင်းနှင့် တိကျခြင်းရှိဖို့ရန်မပြုလုပ်ကြောင်း အခြားသူများတွေ့မြင်ပါစေ။ ခရစ်တော်ကိုတွေ့မြင်ပြီဟု ပြောဆိုသောသူတို့သည် လူတို့၏ကောင်းကျိုးအတွက် ကိုယ်တော်အစေခံတော်မူသကဲ့သို့ အစေခံကြပါစေ။

ခရစ်ယာန်များသည် စိတ်ညှိုးငယ်ခြင်းရှိသောသူများနှင့် ပျော်ရွှင်ခြင်းမရှိသောသူများဖြစ်သည်ဟူသော မှားယွင်းနေသည့်အခြင်းအရာကို ကျွန်ုပ်တို့သည် လောကကြီးအား မည်သည့်အခါမျှမပြသင့်ပေ။ ကျွန်ုပ်တို့၏မျက်စိများသည် သခင်ယေရှုအပေါ်၌ရှိခဲ့လျှင် ကျွန်ုပ်တို့သည် ကြင်နာတတ်သော ကယ်တင်ရှင်ကိုတွေ့မြင်၍၊ ကိုယ်တော်၏မျက်နှာတော်မှ အလင်းကိုရရှိကြမည်။ ကိုယ်တော်၏ဝိညာဉ်တော်အုပ်စိုးသောနေရာတိုင်း၌ ငြိမ်သက်ခြင်းရှိသည်။ ပျော်မွေ့နေခြင်းလည်းရှိလိမ့်မည်။ အကြောင်းမှာ ဘုရားသခင်၌ ငြိမ်သက်၍၊ သန့်ရှင်းသောကိုးစားခြင်းရှိသောကြောင့်ဖြစ်သည်။

သူတို့သည် လူသားများပင်ဖြစ်သော်လည်း ဘုရားဇာတိကိုယူတင်ဝတ်ဆောင်သောသူများဖြစ်ကြောင်းကိုပြသောအခါ ခရစ်တော်သည် မိမိ၏နောက်လိုက်များကို နှစ်သက်တော်မူသည်။ သူတို့သည် အရုပ်များမဟုတ်ကြပေ။ အသက်ရှင်နေသောယောကျ်ားနှင့်မိန်းမများဖြစ်ကြသည်။ သူတို့၏စိတ်နှလုံးများသည် မြင့်မြတ်သောကျေးဇူးတော်၏နှင်းပေါက်များဖြင့် လန်းဆန်းနေသောကြောင့် ဖြောင့်မတ်ခြင်းနေဘက်သို့ပွင့်၍ ကျယ်ပြန့်နေသည်။ သူတို့အပေါ်၌ ထွန်းတောက်သောအလင်းသည် အခြားသောသူများအပေါ်သို့ခရစ်တော်၏ချစ်ခြင်းမေတ္တာရောင်ခြည်ဖြင့် ပြန်၍ထင်လျက်ရှိသည်။ Desire of Ages, pp. 152,153.

## ပေါင်းဖော်ခြင်းသည်မွန်မြတ်သောကာလအဖို့ သြဇာသက်ရောက်စေခြင်း

ဘုရားသခင်၏နှုတ်ကပတ်တော်သည် ယောကျ်ားများနှင့်မိန်းမများအပေါ်၌ပင်၊ အပေါင်းအဖော်များ၏သြဇာသက်ရောက်ခြင်းနှင့်စပ်ဆိုင်၍ ပြင်းထန်စွာသတိပေးထားသည်။ ကလေးများနှင့်လူငယ်တို့၏ကြီးပွားနေသောစိတ်နှင့် စာရိတ္တအပေါ်၌ ယင်း၏တန်ခိုးသည် မည်မျှကြီးမားသနည်း။ သူတို့ပေါင်းသင်းသောအပေါင်းအဖော်၊ သူတို့လိုက်နာသောကျင့်ဝတ်တရားများ၊ သူတို့ပြုပြင်လိုက်သောအကျင့်ဓလေ့များသည် ဤလောက၌အသုံးကျခြင်းနှင့်၊ သူတို့၏မွန်မြတ်သော အနာဂတ်ကာလ၏မေးခွန်းကို ဆုံးဖြတ်ချက်ပေးလိမ့်မည်။ Counsels to Teachers, Parents and Students, p. 220.

–o–

# ခရစ်ယာန်ပေါင်းသင်းဆက်ဆံခြင်းနှင့် ယဉ်ကျေးခြင်း – ၁၃၇

ခရစ်ယာန်မှုအတိုင်း လူပေါင်းကောင်းခြင်းအတတ်ကို ဘုရားသခင်၏ လူတို့သည် ဖောက်ချ၍မလုပ်ကိုင်ကြသေးပေ။ ကျွန်ုပ်တို့၏ကျောင်းများ၌ ဤပညာအပိုင်းကို မျက်ခြည်မပြတ်သင့်ပေ။

သူတို့သည် တစ်သီးပုဂ္ဂလအမြုတေများမဖြစ်ကြကြောင်းကို ကျောင်းသူ ကျောင်းသားတို့အား သွန်သင်ပေးရမည်။ ယောက်တိုင်း၊ ယောက်တိုင်းတို့ သည် ချည်မျှင်တစ်မျှင်ဖြစ်၍၊ အဝတ်အထည်ဖြစ်ရန် အခြားချည်မျှင်များနှင့် ပူးပေါင်းရမည်။ ဤသွန်သင်ခြင်းကို အထိရောက်ဆုံးပေးနိုင်မည့်နေရာသည် အိမ်ထောင်စုကျောင်းပင်ဖြစ်သည်။ ဤနေရာ၌ ကျောင်းသားများတို့သည် နေ့စဉ်အခွင့်အရေးများဖြင့်ဝန်းရံနေရာ တိုးတက်အောင်ပြုလုပ်ပါက သူတို့၏ စာရိတ္တ၌ရှိသော ပေါင်းသင်းဆက်ဆံရေးနှင့်ဆိုင်သော အမှုအရာများကို ကြီးထွားဖို့ရန် များစွာအထောက်အကူပေးလိမ့်မည်။ သူတို့၌ပျော်ရွှင်ခြင်းနှင့်အသုံးဝင်ခြင်းဖြစ်စေနိုင်ဖို့ရန် အခွင့်အရေးများရှိသည်။ အခြားသူများနှင့်ပေါင်းသင်းဆက်ဆံခြင်းမရှိဘဲ၊ တသီးတခြားနေထိုင်ခဲ့လျှင် ကောင်းချီးမင်္ဂလာ အများအပြားဆုံးရှုံးသွားလိမ့်မည်။ တစ်ဦးနှင့်တစ်ဦး တွေ့ထိခြင်းရှိသောအခါ စိတ်များသည် အရောင်တင်ခြင်းနှင့်ယဉ်ကျေးခြင်းကိုရသည်။ ပေါင်းသင်း ဆက်ဆံခြင်းဖြင့် သိကျွမ်းလာ၍ မိတ်ဆွေများဖြစ်လာကြသည်။ ယင်းနောက် စိတ်နှလုံးညီညွတ်ခြင်း၊ ပတ်ဝန်းကျင်သာယာခြင်းအဆင့်သို့ရောက်ခဲ့၍ ကောင်းကင်ဘုံ၏ရှေ့၌ နှစ်သက်ဖွယ်ရာဖြစ်လေသည်။

အထူးသဖြင့် ခရစ်တော်၏မေတ္တာတော်ကို မြည်းစမ်းဖူးသောသူတို့ သည် သူတို့၏ပေါင်းသင်းဆက်ဆံရေးတန်ခိုးများကို ကြီးထွားအောင်ပြုခဲ့ ကြသည်။ ဤနည်းဖြင့်သူတို့သည် ကယ်တင်ရှင်ထံသို့ ဝိညာဉ်များခေါ်ဆောင် လာဖို့ရန်ဖြစ်သည်။ ခရစ်တော်ကို သူတို့၏စိတ်နှလုံးထဲ၌ ဝှက်မထားရ။ တပ်မက်မောနေသောရတနာအနေဖြင့် လူမြင်မခံဘဲမထားရ။ ကိုယ့်အဖို့သာ

ဖြစ်သည်ဟု အပိုင်စီးမထားရ။ သူတို့သဘောကျသောသူများကိုသာလျှင် ခရစ်တော်၏ချစ်ခြင်းကိုမပြရ။ ခရစ်တော်ကဲ့သို့ ကြင်နာတတ်သောသဘော ရှိဖို့ရန် ကျောင်းသားများကိုသွန်သင်ပေးရမည်။ အများဆုံးလိုအပ်နေသော သူများကို ပေါင်းသင်းဆက်ဆံတတ်သောအမှုအရာကို ပြသရမည်။ မတော် တဆ ထိုကဲ့သို့သောသူများသည် သူတို့၏လက်ရွေးစင်လူများဖြစ်လိမ့်မည် မဟုတ်ပေ။ သခင်ယေရှုသည် အချိန်မရွေး၊ နေရာမရွေး လူသားတို့၏ အိမ်ထောင်၌ စိတ်ဝင်စားခြင်းရှိကြောင်း ဖော်ပြတော်မူသည်။ ကိုယ်တော် ၏ပတ်လည်၌ ပျော်ရွှင်ဖွယ်ရာကောင်းသော ဘုရားတရားကြည်ညိုခြင်း အလင်းရောင်သည် ထွက်ပေါ်လျက်နေသည်။ ကိုယ်တော်၏ခြေတော်ရာ အတိုင်းလိုက်လျှောက်ရန် ကျောင်းသားများကို သွန်သင်ပေးရမည်။ ခရစ်ယာန် စိတ်ဝင်စားခြင်း၊ ထောက်ထားစာနာတတ်ခြင်း၊ ငယ်ရွယ်သောမိတ်ဆွေအ ချင်းချင်း ကိုချစ်ခင်ခြင်း၊ ခရစ်တော်ထံသို့ သူတို့ကိုခေါ်ဆောင်လာဖို့ရန် အစရှိသော အလုပ်များကို သွန်သင်ပေးရမည်။ ခရစ်တော်သည် သူတို့၏စိတ် ထဲ၌ရှိ၍၊ သူတို့နှင့်တွေ့ဆုံသောသူများ၌ ထာဝရအသက်ဖြင့် အားသစ်တက် စေရမည်။

လိုအပ်သောအချိန်များ၌ အခြားသောသူများအဖို့ ဤဆန္ဒပါ၍၊ ချစ်ဖွယ်သောအစေခံခြင်းသည် ဘုရားသခင်၌ အဖိုးထိုက်တန်ခြင်းရှိသည်။ ဤနည်းဖြင့် ကျောင်းတက်နေသောအချိန်၌ပင် ကျောင်းသားများသည် သူတို့ ယုံကြည်သည်ဟု ဝန်ခံခြင်း၌မှန်ကန်ခြင်းရှိခဲ့လျှင် ဘုရားသခင်အဖို့အသက်ရှင် နေသော သာသနာပြုဆရာများဖြစ်နိုင်သည်။ ဤကဲ့သို့ဖြစ်ဖို့ရန် အချိန်ကြာ မြင့်မည်။ သို့သော်လည်း ဤကဲ့သို့အချိန်ကို အကျိုးရှိစွာအသုံးချခြင်း၌ ကျောင်းသားသည်လောကကြီးအား ခရစ်ယာန်ဘာသာကို မည်ကဲ့သို့ပြသ ရမည့်အကြောင်း သင်ကြားလေ့လာနေသည်။

ခရစ်တော်သည် မိတ်ဆွေအဖြစ်ပေါင်းသင်းဆက်ဆံဖို့ရန် ငြင်းပယ် ခြင်းမရှိပေ။ ဖာရိရှဲများကဖြစ်စေ၊ အခွန်ခံများကဖြစ်စေ စားသောက်ပွဲသို့ ဖိတ်ခေါ်သောအခါ၊ ကိုယ်တော်သည် ဖိတ်ခေါ်ခြင်းကိုလက်ခံတော်မူသည်။ ထိုသို့သောအချိန်များ၌ ကိုယ်တော်၏နှုတ်ထွက်စကားတိုင်းတို့သည် ကြားနာ

ရသောသူတို့အဖို့၌ အသက်စကားများဖြစ်ခဲ့သည်။ အစာစားနေသောအချိန်၌ သူတို့လိုအပ်နေသောသင်ခန်းစာများကို သွန်သင်ရန်အချိန်အနေဖြင့် ကိုယ်တော်ပြုလုပ်တော်မူသည်။ ဘုရားတရားရှိသောသူများနှင့် ဘုရားတရားကိုဂရုမစိုက်သောသူများထဲ၌ ရှိနေသောအခါ သူတို့သည် မည်ကဲ့သို့ကျင့်ကြံပြုမူရမည့်အကြောင်း ခရစ်တော်သည် မိမိ၏တပည့်တော်များကို သွန်သင်တော်မူသည်။ Testimonies for the Church, vol. 6, pp. 172,173.

–၀–

# စီမံဆောင်ရွက်ရန်ကျင့်ဝတ်များ – ၁၃၈

စိတ်နှလုံးသည် သခင်ယေရှုနှင့်ဆိုင်သည်။ ကိုယ်တော်သည် အသက် ဝိညာဉ်အဖို့ အကန့်အသတ်မရှိသောတန်ဖိုးကို ပေးတော်မူခဲ့သည်။ ကိုယ်တော် သည် အဖခမည်းတော်ရှေ့တော်၌ ကျွန်ုပ်တို့၏ကြားဖျန်ဖြေအနေဖြင့် လျှောက် လဲနေသည်။ အသနားခံနေသောသူတစ်ယောက်အနေကဲ့သို့မဟုတ်၊ အောင်မြင် သောသူသည် သူပိုင်သောအရာကို တောင်းဆိုသကဲ့သို့ဖြစ်သည်။ ကိုယ်တော် သည် အဆုံးတိုင်အောင် ကယ်တင်တော်မူနိုင်သည်။ အကြောင်းမှာ၊ ကိုယ်တော် သည် အစဉ်အသက်ရှင်တော်မူ၍ ကျွန်ုပ်တို့အဖို့တောင်းပန်လျက် နေတော်မူ သည်။ ငယ်သောစိတ်နှလုံးသည် အဖိုးထိုက်တန်သောအလှူဖြစ်၍ ဘုရားသခင် ကိုဆက်ကပ်ရာ၌ အဖိုးထိုက်တန်သောလက်ဆောင်ဖြစ်သည်။ သင်ရပ်တည်နေ သည်အတိုင်း၊ သင်၌ရှိသောခွန်အားသတ္တိအားလုံးတို့သည် ဘုရားသခင်အထံ တော်မှ သင့်အားယုံကြည်၍ အပ်နှံထားသောအရာဖြစ်သော ကြောင့် သင်သည် ကိုယ်တော်အားစေတနာပါလျက် သန့်ရှင်းသောအလှူ ဝတ္ထုအနေဖြင့် ပြန်၍ အပ်ပေးရမည်။ ကိုယ်တော်သည် သင့်ကိုဦးစွာမပေးကမ်း ခဲ့လျှင် သင်သည် ဘုရားသခင်ကို မည်သည့်အရာမျှပေးကမ်းနိုင်မည်မဟုတ်ပေ။ သို့ဖြစ်၍ စိတ် နှလုံးကိုဘုရားသခင်အားပေးကမ်းသောအခါ၊ ကိုယ်တော် သည် မိမိပိုင်အနေဖြင့် ဝယ်ထားသောအရာကို ကိုယ်တော်အားလက်ဆောင် အနေဖြင့် ပေးကမ်းခြင်း ဖြစ်သည်။

ချစ်ခင်ခြင်းနှင့် လူငယ်၏ခွန်အားကို တောင်းဆိုပိုင်ခွင့်ရှိသောသူ အများအပြားရှိသည်။ စာတန်သည် လူငယ်ကို သူ၏ပစ္စည်းဖြစ်သည်ဟု တောင်းဆိုသည်။ မြောက်မြားစွာသောသူတို့သည်၊ သူတို့ပိုင်သောခွန်အားနှင့် အစွမ်းသတ္တိအားလုံးကို စာတန်အားအပ်ပေးကြသည်။ လောကသည် စိတ်နှလုံး ကိုတောင်းသည်။ သို့သော်လည်း စိတ်နှလုံးသည် ရွေးနုတ်တော်မူသော ပုဂ္ဂိုလ် နှင့်သာဆိုင်သည်။ စိတ်နှလုံးကို လောကသို့သာပေးလိုက်ခဲ့လျှင်၊ ၎င်းအထဲ၌ ပူပန်ခြင်းများ၊ ဝမ်းနည်းခြင်းနှင့် အလိုမပြည့်သောမျှော်လင့်ခြင်း

များဖြင့် ပြည့်လျှံနေလိမ့်မည်။ စိတ်နှလုံးသည် သန့်ရှင်းခြင်းမရှိ။ ပုပ်ပျက်၍ နေလိမ့်မည်။ ဘုရားသခင်ပိုင်သောစိတ်နှလုံးကို လောကသို့ပေးအပ်လိုက်ခြင်းသည် အကြီးဆုံးသောလုယူခြင်းပင်ဖြစ်သည်။ သင်သည် ပျော်ရွှင်ခြင်းကိုရှာဖွေရာ၌ စိတ်နှလုံးကိုအမြတ်အစွန်းပေး၍မရပေ။

ဖြောင့်မတ်ခြင်း၏ရန်သူသည် လူငယ်အဖို့ အသက်တာ၏အဆင့်အတန်းအားလုံးအတွက် ပြင်ဆင်ထားသောပျော်ရွှင်ခြင်းများရှိသည်။ ထိုသို့သောအရာများကို လူနေများပြားသော မြို့ကြီးပြကြီးများ၌သာ ပြထားသည်မဟုတ်ပေ။ လူများနေထိုင်သောနေရာတိုင်း၌ ထားလေသည်။ စာတန်သည် သူ၏စစ်တပ်၌ လူငယ်များကိုစစ်သားအဖြစ် အလိုရှိသည်။ ပရိယာယ်များသောနတ်ဆိုးသည် မည်သည့်ပစ္စည်းနှင့်တွေ့ဆုံရမည်ကိုသိသည်။ သို့ဖြစ်၍ သူသည် လူငယ်တို့၏ချစ်ခင်ခြင်းကို သခင်ခရစ်တော်မှ ကွဲကွာသွားစေဖို့ရန် သူ၏စက်ဆုပ်ရွံရှာဖွယ်ရာကောင်းသောဉာဏ်ဖြင့် လူငယ်များအကြိုက်ခလေ့ထုံးစံများနှင့် ပျော်ရွှင်ခြင်းများကို တီထွင်ထားလေသည်။

## အသုံးဖွာသူ

အသုံးဖွာခြင်းနှင့်စပ်ဆိုင်သောသင်ခန်းစာကို လူငယ်များအဖို့ပေးထားသည်။ အပျော်အပါးလိုက်စားခြင်းနှင့် အပြစ်ရှိသောအရာများကို လွန်ကျူးခြင်းဖြင့် ပျောက်ဆုံးသောသားသည် အမွေပစ္စည်းမှသူဆိုင်သောအပိုင်းကို သောက်စားယစ်မူးခြင်းဖြင့် သုံးဖြုန်းပစ်လိုက်လေသည်။ သူ၌သူငယ်ချင်းမိတ်ဆွေမရှိ။ သူမသိသောတိုင်းပြည်၌ရှိ၍၊ စုတ်ပြဲနေသည့်အဝတ်အစား၊ ဝမ်းဗိုက်ဟောင်းလောင်းဖြစ်လျက်၊ ဝက်များကိုကျွေးသောအစာကိုပင် စားချင်စိတ်ပေါ်ပေါက်နေသည်။ သူ၏နောက်ဆုံးမျှော်လင့်ချက်သည်၊ သူ၏အဘအိမ်သို့ နောင်တသံဝေဂရလျက် နှိမ့်ချသောစိတ်နှလုံးဖြင့် ပြန်သွားရန်ဖြစ်သည်။ အိမ်သို့ရောက်သွားသောအခါ ဖခင်ဖြစ်သူသည် သူ့ကိုကြိုဆို၍၊ အပြစ်များကိုဖြေလွှတ်လျက်၊ ဖခင်၏မေတ္တာကို တစ်ဖန်ခံယူခွင့်ရရှိခဲ့လေသည်။

ထိုအသုံးဖွာသောသားကဲ့သို့ အများသောလူငယ်များသည် ပြုလုပ်လျက်နေကြသည်။ ဂရုမစိုက်၊ အလေလိုက်၍၊ ငွေကိုသုံးဖြုန်း၊ မှန်ကန်သောပျော်ရွှင်ခြင်းပေးသည့် အသက်စမ်းရေတွင်းကိုစွန့်၍၊ ရေမရှိသောကျိုးပဲ့နေသည့်ရေစည်ကို ကိုယ့်အဖို့သိမ်းဆည်းနေကြသည်။

## ဘုရားသခင်၏ကောင်းမြတ်သောဖိတ်ခေါ်ခြင်း

ဘုရားသခင်၏ခေါ်ဖိတ်ခြင်းသည် လူငယ်အသီးသီးထံသို့ ရောက်ရှိလာသည်။ "ငါ့သား၊ သင်၏စိတ်နှလုံးကို ငါ့အားပေးလော့။ ငါသည်စင်ကြယ်အောင်ထားမည်။" ၎င်း၏တောင့်တခြင်းများကို မှန်ကန်သောပျော်ရွှင်ခြင်းများဖြင့် ကျေနပ်စေမည်။ ဘုရားသခင်သည် လူငယ်ကိုပျော်ရွှင်အောင်ပြုလုပ်လိုသည်။ သို့ဖြစ်၍ သူတို့၏စိတ်နှလုံးကို ကိုယ်တော်အားပေးအပ်၍၊ ဘုရားသခင်ပေးကမ်းထားသော ခွန်အားသတ္တိများကို သန်စွမ်းကျန်းမာသောအခြေအနေ၌ထားဖို့ရန်ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏အသက်ဆုလာဘ်ကို ကိုင်ထားလျက်ရှိကြသည်။ ကိုယ်တော်သည် နှလုံးကိုခုန်စေ၍ အစွမ်းသတ္တိတိုင်းကို ခွန်အားပေးသည်။ စင်ကြယ်သောပျော်ရွှင်ခြင်းသည် ဘုရားသခင်၏ဆုလာဘ်တစ်ခုကိုမျှ ရှုတ်ချမည်မဟုတ်ပေ။ ကျွန်ုပ်တို့၏ကိုယ်ကို ဘုရားသခင်၏ချစ်ခြင်းမှ ခွဲခွာစေသောပျော်ရွှင်ခြင်းကို ရှာဖွေသောအခါ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို အပြစ်ပြုကြသည်။ ဘုရားသခင်ကိုလည်းပြစ်မှားကြသည်။ လူငယ်များသည် ကောင်းကင်တမန်များနှင့်အတူနေနိုင်ရန် သူတို့၌စာရိတ္တရှိ၊ မရှိကိုသိနိုင်ရန် သူတို့ကို ဤလောက၌ အစမ်းသဘောဖြင့်ထားသည်ကို သူတို့သည်စဉ်းစားရမည်။

သင်၏အပေါင်းအဖော်များသည် သင့်ကိုမကောင်းသောလမ်း၌လျှောက်လိုက်ဖို့ရန်သွေးဆောင်၍ သင်၏ပတ်ဝန်းကျင်၌ရှိသောသူများသည် ဘုရားသခင်ကိုမေ့ပစ်ရန် သွေးဆောင်သောအခါ၊ ဘုရားသခင်သည် သင်၌အပ်နှံထားသော စွမ်းဆောင်နိုင်ခြင်းများကိုဖျက်ဆီး၍ သင်၏သဘော၌

မြင့်မြတ်သောအရာကို ယုတ်ညံ့ဖို့ရန်ပြုလုပ်ထားသောအခါ၊ တားဆီးပါလေ။ ဘုရားသခင်၏သားတော်ခံစားရသော ဒုက္ခဝေဒနာဖြင့်အဖိုးပေး၍ သင့်ကို ဝယ်ယူခဲ့ပြီဖြစ်သောကြောင့် သင်သည် ဘုရားသခင်၏ဥစ္စာပစ္စည်းဖြစ်ကြောင်း ကို သတိရပါ။

သခင်ဘုရားယေရှုသည် သင်၏အစေခံခြင်းကို တောင်းဆိုတော်မူ သည်။ ကိုယ်တော်သည် သင့်ကိုချစ်တော်မူကြောင်း ယုံမှားသံသယရှိခဲ့လျှင် ကရာနီကိုကြည့်ပါ။ လက်ဝါးကပ်တိုင်မှတုံ့ပြန်၍ ထင်စေသည့်အလင်းသည် မည်သူမျှမပြောပြနိုင်သော ကြီးမားသည့်မေတ္တာတော်ကို သင့်အားပြသည်။ "ငါ့ပညတ်တော်ကိုစောင့်သောသူသည် ငါ့ကိုချစ်သောသူဖြစ်၏။" ကျွန်ုပ် တို့သည် ဘုရားသခင်၏ပညတ်တော်များကို ကြိုးစား၍လေ့ကျက်ခြင်းအားဖြင့် သိကျွမ်းခြင်းရှိကြမည်။ ယင်းနောက် ကျွန်ုပ်တို့သည် ဘုရားသခင်၏သားများ နှင့်သမီးများဖြစ်ကြောင်းပြပါ။

## ဘုရားသခင်၏ကရုဏာတော်များဖြင့်ဝန်းရံနေခြင်း

အချိန်တိုင်း၌ ဘုရားသခင်၏ကရုဏာတော်များသည် သင့်ကိုဝန်းရံ နေသည်။ သင်၏ကောင်းချီးမင်္ဂလာများသည် မည်သည့်အချိန်၌ မည်ကဲ့သို့ ရောက်ရှိလာသည်ကို သင်သည်စဉ်းစားဆင်ခြင်ပါက သင့်အဖို့ကျေးဇူးရှိမည်။ ဘုရားသခင်၏အဖိုးထိုက်တန်သော ကောင်းချီးမင်္ဂလာများသည် သင်၌ ဘုရားသခင်အား ကျေးဇူးတင်သောသဘောကို နှိုးကြားခြင်းဖြစ်ပါစေ။ သင် သည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို ရေတွက်၍မရပေ။ သင့်ကိုအစဉ် ကြင်နာသောချစ်ခြင်းဖြင့် ဖော်ပြနေခြင်းသည် အားအင်ပြည့်စေသောမိုးပေါက် ကဲ့သို့ များပြားလျက်ရှိသည်။ ကရုဏာမိုးတိမ်များသည် သင့်အပေါ်၌မိုးနေ၍ သင့်အပေါ်သို့ကျဖို့ရန် အဆင်သင့်ဖြစ်စေသည်။ သင်သည် အဖိုးထိုက်တန် သော ကယ်တင်ခြင်းဆုကျေးဇူးကို မြတ်နိုးခြင်းရှိခဲ့လျှင်၊ နေ့စဉ်နေ့တိုင်း အားဖြည့်သောအရာကိုလည်းကောင်း၊ သခင်ယေရှု၏စောင့်ရှောက်တော်မူခြင်း

နှင့် ချစ်ခြင်းမေတ္တာကိုလည်းကောင်း သိမြင်၍၊ သင့်ကိုငြိမ်သက်ခြင်းလမ်းသို့ လမ်းပြတော်မူလိမ့်မည်။

သဘာဝ၌ ဘုရားသခင်၏အထူးချီးမွမ်းဖွယ်ဖြစ်သောအရာများကို ကြည့်ရှု၍၊ သင်၏စိတ်နှလုံးသည် ပေးကမ်းသောအရှင်ကို ကျေးဇူးတင်ပါစေ။ သဘာဝ၏စာအုပ်၌ စိတ်အတွက်အကျိုးရှိသော လေ့ကျက်နိုင်သည့် အရာများ ရှိသည်။ ကျေးဇူးမတင်တတ်သောသဘောနှင့် အမှုမထားတတ်ခြင်း မရှိပါစေနှင့်။ သင်၏နားလည်ခြင်းမျက်စိများကို ဖွင့်ထားပါ။ သဘာဝ၌ ဘုရားသခင်၏တရားတော်များ လှပစွာညီညွတ်နေခြင်းကိုကြည့်ပါ။ အံ့ဩ ခြင်းရှိပါ။ ကောင်းကင်နှင့်မြေကြီး၏အဆုံးအုပ်စိုးသောအရှင်၊ သင်၏ဖန်ဆင်းရှင်ကို ရှိသေပါ။ "ငါ့သား၊ ငါ့သမီး၊ သင်တို့၏စိတ်နှလုံးကို ငါ့အားပေးပါ" ဟု မေတ္တာဖြင့် သင့်အပေါ်၌ကြင်နာသောသဘောဖြင့် ပြောဆိုနေသော ကိုယ်တော်ကို ယုံကြည်ခြင်းမျက်စိဖြင့် ကြည့်ရှုပါ။ သခင်ယေရှုကိုအပ်ပေးပါ။ ထိုနောက် ကျေးဇူးတင်သောသဘောဖြင့် သင်ပြောဆိုနိုင်သည်မှာ၊ "ငါ၏ ကယ်တင်ရှင်သည် အသက်ရှင်တော်မူသည်ကို ငါသိ၏။" သခင်ယေရှု၌ သင်၏ယုံကြည်ခြင်းသည် အကြံအစည်တိုင်းတို့အတွက် ခွန်အားပေးမည်။ စာရိတ္တကိုလည်း ခိုင်မာခြင်းဖြစ်စေမည်။

ဤအသက်တာ၌ရရှိသော သင်၏ပျော်ရွှင်ခြင်းများ၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် အောင်မြင်ခြင်းများသည် ဘုရားသခင်၌အစစ်အမှန်ဖြစ်သော ယုံကြည်ခြင်းအပေါ်၌ အမှီပြုနေသည်။ ဤယုံကြည်ခြင်းသည် ဘုရားသခင်၏ ပညတ်တော်များကို မှန်ကန်သောနားထောင်ခြင်းရှိဖို့ရန် အားပေး လိမ့်မည်။ ဘုရားသခင်၌ သင်၏အသိဉာဏ်နှင့်ယုံကြည်ခြင်းသည် မကောင်းမှု များကိုရှောင်ရှားဖို့ရန် အသန်မာဆုံးသော ဆီးတားခြင်းဖြစ်၍ ကောင်းသော အရာအားလုံးကိုပြုလုပ်ဖို့ရန် တိုက်တွန်းသောအရာဖြစ်မည်။

သခင်ယေရှုသည် သင်၏အပြစ်များကို ချမ်းသာပေးသောအရှင်၊ ကိုယ်တော်သည် သင့်အဖို့သွား၍ ပြင်ဆင်သောအခန်းများ၌ သင်သည် ပျော်မွေ့ခြင်းရှိရန် အလိုရှိတော်မူသောအရှင်ဖြစ်ကြောင်းကို ယုံကြည်ပါ။

သင်သည် ကိုယ်တော်ရှေ့၌နေထိုင်ဖို့ရန် ကိုယ်တော်အလိုရှိသည်။ သင်၌ ထာဝရအသက်နှင့် ဘုန်းတော်သရဖူရှိရမည်။ The Youth’s Instructor, January 5, 1887.

–o–

# မိတ်သဟာယဖွဲ့ ခြင်း၏အကျိုး
# သက်ရောက်မှု – ၁၃၉

လူငယ်များ၌ အပေါင်းအသင်းရှိမည်မှာမလွဲနိုင်ပေ။ သူတို့၏မိတ်ဆွေများသည် သူတို့အပေါ်၌ ဩဇာညောင်းသည်ကိုလည်း သိမြင်ကြသည်။ တစ်ဦးတစ်ယောက်၏စိတ်နှလုံးသည် အခြားသောသူတစ်ယောက်၏စိတ်နှလုံးကိုနားလည်ခြင်း၌ အသက်ဝိညာဉ်များကို အတူတကွဖြစ်စေဖို့ရန် ချည်နှောင်ထားသည့် နက်နဲသောဆက်ဆံခြင်းများရှိသည်။ တစ်ယောက်သောသူသည် အခြားတစ်ယောက်၏အကြံအစည်များ၊ သဘောထား၊ စိတ်ထက်သန်ခြင်းများကို သိမြင်နားလည်သည်။ ဤအပေါင်းအသင်းသည် ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်ပေမည်။ သို့မဟုတ် ကျိန်ခြင်းတစ်ရပ်ဖြစ်မည်။ လူငယ်များသည် တစ်ဦးကိုတစ်ဦး အနေအထိုင်တိုးတက်ခြင်း၌လည်းကောင်း၊ သဘောအလို၌လည်းကောင်း၊ အသိပညာ၌လည်းကောင်း မစနိုင်ကြသည်။ သို့မဟုတ် မိမိတို့ကိုယ်ကိုသတိမထား၊ သစ္စာမရှိခဲ့ပါက၊ စာရိတ္တကိုပျက်စီးစေသော ဩဇာသက်ရောက်ခြင်းကို ဖြစ်စေနိုင်သည်။

အပေါင်းအဖော်ကိုရွေးချယ်ရာ၌၊ ကျောင်းသားများသည် လေးလေးနက်နက်စဉ်းစား၍ ပြုလုပ်ရန်သင်ကြားရမည်။ ကျွန်ုပ်တို့၏ကျောင်းများသို့တက်သောလူငယ်များတွင် အစဉ်သဖြင့် နှစ်မျိုးနှစ်စားရှိလေသည်။ ဘုရားသခင်ကိုနှစ်သက်၍ ဆရာများ၏စကားကို နားထောင်သောပထမအစားနှင့် ဥပဒေမဲ့လုပ်ကိုင်လိုသောသဘောရှိသည့် ဒုတိယအစားပင်ဖြစ်သည်။ လူငယ်များသည် မကောင်းမှုပြုလုပ်ရန် အများနောက်သို့လိုက်ခဲ့လျှင်၊ သူတို့၏ဩဇာသည် အသက်ဝိညာဉ်များ၏ရန်သူများဘက်၌ရှိ၍၊ သစ္စာရှိဖို့ရန်ကျင့်ဝတ်များကို နှစ်သက်ခြင်းမရှိသောသူတို့ကို လမ်းမှားသို့ရောက်စေလိမ့်မည်။

"သင်၏အပေါင်းအဖော်ကိုပြပါ။ ကျွန်ုပ်သည် သင့်ကိုသင်၏အကျင့်စာရိတ္တပြမည်" ဟူသောစကားသည် မှန်ကန်သောစကားဖြစ်သည်။ လူငယ်

များသည် အပေါင်းအဖော်ရွေးချယ်ရာ၌ မှားယွင်းခဲ့သောကြောင့် သူတို့၏ စာရိတ္တနှင့် နာမည်ပါပျက်ပြားခဲ့ရသည်ကို မသိမြင်ခဲ့ကြပေ။ တစ်ဦးတစ်ယောက်သည် စိတ်ကြိုက်ခြင်းတူ၍ အလေ့အကျင့်များ၌ တော်သင့်သောသူများကို အပေါင်းအဖော်အနေဖြင့် ရွေးချယ်ကြသည်။ ပညာရှိ၍ လူကောင်းကိုရွေးချယ်မည့်အစား မသိနားမလည်၊ ကြမ်းတမ်းသောသူများကို အပေါင်းအဖော်အနေဖြင့် သဘောကျသောသူသည် သူ၌ချွတ်ယွင်းနေသောစာရိတ္တရှိကြောင်းကို ပြသည်။ သူ၏အကြိုက်နှင့်အလေ့အကျင့်များသည် သူပေါင်းဖော်သောသူတို့၏ စိတ်ကြိုက်နှင့်အလေ့အကျင့်များမှ ကွဲပြားခြားနားခြင်းရှိပေမည်။ သို့သော်လည်း ဤလူအတန်းအစားမျိုးနှင့် ရောနှောလိုက်သောအခါ သူ၏အကြံအစည်များနှင့်ခံစားခြင်းများသည် ပြောင်းလဲခဲ့ပြီးလျှင် သူ၏မှန်ကန်သောကျင့်ဝတ်များကို အနစ်နာခံ၍၊ သူပေါင်းဖော်သောသူများ၏အဆင့်အတန်းသို့ ရှောင်လွှဲ၍မရအောင် ဆင်းသက်သွားလေသည်။ ချောင်းရေသည် ၎င်းဖြတ်စီးသွားသောနေရာမှ မြေဩဇာဓာတ်များကို သိမ်းယူသွားသကဲ့သို့၊ ထိုနည်းတူ လူငယ်၏ကျင့်ဝတ်နှင့် အလေ့အကျင့်များသည်လည်း မိမိပေါင်းသင်းသော သူတို့၏စာရိတ္တကဲ့သို့ ထပ်တူထပ်မျှအသွေးအဆင်းဖြစ်ခဲ့လေသည်။

## ခွန်အား၏အတိုင်းအထွာ

စာရိတ္တ၏ခွန်အား၌ အရာနှစ်မျိုးပါဝင်သည်။ အလိုရှိခြင်း၏တန်ခိုးနှင့် ကိုယ်ကိုချုပ်တည်းခြင်းတန်ခိုးဖြစ်သည်။ အများသောလူငယ်တို့သည် သန်မာ၍ မချုပ်တည်းနိုင်သောတပ်မက်ခြင်းကို စာရိတ္တခွန်အားဟု မှားယွင်းယူဆကြသည်။ သို့သော်လည်း အမှန်မှာအကြင်သူသည် တပ်မက်မောခြင်းက သူ့ကိုအုပ်စိုးနေလျှင် ထိုသူသည် ခွန်အားနည်းသောသူဖြစ်သည်။လူတစ်ယောက်၏အမှန်ကြီးကျယ်ခြင်းနှင့် ဂုဏ်ကြီးမြင့်ခြင်းကို သူ၏စိတ်၌ခံစားရခြင်းများကို နှိပ်ကွပ်နိုင်သောတန်ခိုးဖြင့် တိုင်းထွာသည်။ သူ့ကိုနှိပ်ကွပ်ဖို့ရန် သူခံစားရသောတန်ခိုးများဖြင့် တိုင်းထွာခြင်းမဟုတ်ပေ။ ဆဲဆိုခံရခြင်း၌ နာလွယ်

သော်လည်း၊ ဒေါသကိုချုပ်တည်း၍ သူ၏ရန်သူများအပြစ်ကို ဖြေလွှတ်သော သူသည် ခွန်အားအကြီးဆုံးလူဖြစ်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို အသိဉာဏ်နှင့်စာရိတ္တတန်ခိုးများ ပေးထားတော်မူသည်။ သို့သော်လည်း အမှန်အားဖြင့် လူတိုင်းတို့သည် သူ့ကိုယ်ပိုင်စာရိတ္တ၏ဗိသုကာကြီးဖြစ်သည်။ နေ့တိုင်းအဆောက်အအုံသည် ပို၍ပြီးဆုံးခြင်းသို့ နီးကပ်ခဲ့သည်။ ကျွန်ုပ်တို့မည်ကဲ့သို့ဆောက်လုပ်သည်ကို ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကိုသတိပေးသည်။ ကျွန်ုပ်တို့၏အဆောက်အအုံသည် ထာဝရကျောက်ပေါ်၌ အုတ်မြစ်ချရမည်။ ကျွန်ုပ်တို့၏အလုပ်အကိုင်၏ရှိရင်းအခြေအနေအတိုင်း တွေ့မြင်ရမည့်အချိန်သည် ရောက်ရှိလာလိမ့်မည်။ ယခုအချိန်သည် ဘုရားသခင်သည် သူတို့အား ပေးထားသောတန်ခိုးများကို ပြုစုရမည့်အချိန်ဖြစ်၍၊ သူတို့၏စာရိတ္တများသည် ဤလောက၌လည်း အကျိုးရှိရမည်။ နောင်သာ၍မြင့်သောအသက်တာ၌လည်း အကျိုးရှိရမည်။

ကိုယ်တိုင်နှင့်ဆိုင်သော ကယ်တင်ရှင်ဖြစ်ကြောင်း ခရစ်တော်၌ယုံကြည်ခြင်းရှိခြင်းသည် စာရိတ္တကိုခွန်အားနှင့်ခိုင်ခံ့ခြင်းပေးသည်။ ခရစ်တော်၌ အစစ်အမှန်ယုံကြည်ခြင်းရှိခြင်းသည် စိတ်နှလုံးကိုတည်ငြိမ်ခြင်းဖြစ်စေလိမ့်မည်။ ဘုရားသခင်သည် သူတို့ကိုကြည့်ရှုနေကြောင်းကိုသိမည်။ လူအပေါင်းတို့၏ တရားသူကြီးသည် စာရိတ္တတန်ဖိုးကို ချိန်ကြည့်နေတော်မူသည်။ မည်ကဲ့သို့ စာရိတ္တကြီးပွားလာသည်ကို ကောင်းကင်သားတို့သည် စောင့်ကြည့် နေကြသည်။

လူငယ်များ ကြီးကျယ်သောအမှားများကို ပြုလုပ်ကြခြင်း၏အကြောင်းမှာ၊ သူတို့ထက်အသက်ရှည်စွာနေထိုင်သွားသော သူတို့၏ဗဟုသုတများမှ သင်ခန်းစာကိုမယူသောကြောင့်ဖြစ်သည်။ ကျောင်းသားများသည် မိဘနှင့် ဆရာများကပေးသောသွန်သင်ခြင်းများကို ပြောင်လှောင်ပြက်ရယ်ပြုခြင်းဖြင့် မသိမသာနေ၍မရတော့ပေ။ သူတို့သည် သင်ခန်းစာတိုင်းကို နှစ်သက်ခြင်းရှိရမည်။ သွန်သင်ခြင်းပေးရာ၌လည်း သာ၍လေးနက်ခြင်းရှိရပေမည်။

ခရစ်တော်သည် စိတ်နှလုံးထဲ၌ ယုံကြည်ခြင်းအားဖြင့်တည်နေသောအခါ ကိုယ်တော်၏ဝိညာဉ်တော်သည် အသက်ဝိညာဉ်ကို စင်ကြယ်ခြင်းနှင့်နိုးကြား ထကြွစေဖို့ရန် တန်ခိုးတစ်ခုဖြစ်လာသည်။ စိတ်နှလုံးထဲ၌ရှိသော သမ္မာတရား သည် အသက်တာပေါ်၌ပြုပြင်သော ဩဇာမဖြစ်ဘဲမနေနိုင်တော့ပေ။

သူတို့၏အိမ်ထောင်စုမှ ဝေးကွာနေသောကျောင်းသားတို့သည်၊ မိဘ တို့၏တိုက်ရိုက်ဩဇာအာဏာအောက်၌မရှိသောကြောင့်၊ ကောင်းကင်ဘုံရှင် အဖဘုရားသည် သူတို့ကိုကြည့်ရှုနေတော်မူကြောင်း သတိရကြစေ။ ကိုယ်တော် သည် လူငယ်များကိုချစ်တော်မူသည်။ သူတို့၏လိုအပ်ခြင်းများကို သိတော် မူသည်။ သူတို့၏စုံစမ်းနှောင့်ယှက်ခြင်းများကိုလည်း နားလည်တော်မူသည်။ ကိုယ်တော်သည် သူတို့၌ကြီးသောစွမ်းဆောင်နိုင်ခြင်းများကို တွေ့မြင်တော် မူ၍၊ သူတို့ကိုအမြင့်ဆုံးသို့ရောက်ဖို့ရန် မစခြင်းပေးနိုင်သည်။ သူတို့သည် သူတို့၏လိုအပ်နေခြင်းကိုသိမြင်၍ မစခြင်းရရှိဖို့ရန် ကိုယ်တော်ကိုရှာရမည်။

စာသင်သားများတို့၊ သင်တို့အတွက် သင်တို့မိဘများ၏ဆုတောင်း ခြင်းများသည် နေ့ညမပြတ် ဘုရားသခင်အထံတော်သို့ တက်လျက်ရှိနေသည်။ နေ့စဉ်နေ့တိုင်း သူတို့၏ချစ်ခြင်းမေတ္တာသည် သင်တို့နောက်မှလိုက်နေသည်။ သူတို့၏ပန်ကြားခြင်းနှင့် သတိပေးခြင်းများကိုနားထောင်၍၊ သင်၏ခွန်အား ရှိသမျှနှင့် သင့်ပတ်ဝန်းကျင်၌ရှိသောမကောင်းမှုမှ သင့်ကိုယ်ကိုချီပင့်ရန် ကြိုးစားပါ။ ရန်သူသည် သင်၏စိတ်များနှင့် အကျင့်ဓလေ့များကို ယုတ်ညံ့ စေ၍၊ သင်၌မခိုင်လုံသောကျင့်ဝတ်များ ကြီးပွားလာဖို့ရန် ပြုလုပ်လိမ့်မည်။

အပျော်အပါးလိုက်စားခြင်းနှင့် သေးနုပ်သောအရာကို ဂရုစိုက်တတ် ခြင်းများကို စပြုလုပ်သောအချိန်၌ သင်သည် ဘေးအန္တရာယ်ကိုတွေ့မြင်မည် မဟုတ်ပေ။ နောင်တစ်ချိန်၌ပြောင်းလဲဖို့ရန်ဆန္ဒရှိသောအခါ အလွယ်တကူ ပြောင်းလဲနိုင်မည်ဟု သင်၌ထင်မြင်ခြင်းရှိလိမ့်မည်။ သို့သော်လည်း ဤနေရာ ၌သင်သည် မှားယွင်းနေပြီ။ မကောင်းသောအပေါင်းအဖော်များကို ရွေးချယ် သောကြောင့် အများသောသူတို့သည် တစ်ထစ်ပြီးနောက်တစ်ထစ် ကောင်းမြတ် သောအရည်အချင်းမှ၊ တစ်ချိန်ကသူတို့ကျရောက်ဖို့ရန် ခဲယဉ်းသည်ဟု

ထင်မြင်သော နားမထောင်ခြင်းနှင့်အပျော်အပါးကျူးခြင်း တွင်းနက်ထဲသို့ ကျရောက်သွားကြသည်။

စုံစမ်းနှောင့်ယှက်ခြင်းကို ပေးအပ်သောကျောင်းသားသည် ကောင်းမြတ်ဖို့ရန် သူ၏သြဇာကိုအားနည်းစေသည်။ အကြင်သူသည် မှားယွင်းသောလမ်းသို့လိုက်၍ လှုပ်ရှားခဲ့သောကြောင့် အသက်ဝိညာဉ်များ ရန်သူကြီး၏တပည့်ဖြစ်သွားခဲ့သည်။ ထိုသူသည် အခြားသောသူများတို့သွားရာလမ်း၌ ဆီးတားနှောင့်နှေးစရာများထားခဲ့သောကြောင့် ဘုရားသခင်အထံတော်၌ စာရင်းရှင်းရမည်။ ကျောင်းသားများသည် မည်သည့်အကြောင်းကြောင့် မိမိတို့ကိုယ်ကို ကြီးသောဖောက်ပြန်ရေးသမားနှင့် ဆက်သွယ်ထားရမည်နည်း။ အခြားသောသူများကို စုံစမ်းနှောင့်ယှက်ရန် သူတို့သည် အဘယ်ကြောင့် စာတန်၏ကိုယ်စားလှယ်များ ဖြစ်ရမည်နည်း။ ထိုသို့ပြုလုပ်မည့်အစား သူတို့သည် သူတို့၏ကျောင်းသားအချင်းချင်းတို့နှင့်ဆရာများကို အဘယ်ကြောင့်မစကူညီပြီးလျှင် အားပေးခြင်းမပြုလုပ်သနည်း။ သူတို့၏ဆရာများသည် ဝန်များကိုထမ်းဆောင်၍ စာတန်၏ရှုပ်ထွေးခြင်းများကို တွေ့ဆုံခြင်း၌ သူတို့ဝိုင်းဝန်းကူညီရခြင်းသည် သူတို့၏အခွင့်အရေးပင်မဟုတ်လော။ သူတို့သည် မစကူညီပေးခြင်းနှင့် ရွှင်လန်းခြင်းဖြစ်စေသောပတ်ဝန်းကျင်ကို ဖန်တီးပေးနေသည်မဟုတ်လော။ ကျောင်းသားတိုင်းတို့၏သြတ္တပ္ပစိတ်တွင် သူတို့သည် ခရစ်တော်ဘက်၌ရပ်တည်လျက် စည်းကမ်းသေဝပ်ခြင်းရှိကြ၏။ လုံ့လရှိခြင်း၊ နားထောင်ခြင်းနှင့်ရိုသေခြင်းရှိ၏။ သူတို့၏အစွမ်းသတ္တိတစ်စွန်းတစ်စ (သို့မဟုတ်) သြဇာကို ရန်သူကြီးအားငှားရမ်းဖို့ရန် ငြင်းပယ်ခဲ့သည်။

သမ္မာတရားကိုရိုသေ၍ အလုပ်ဝတ္တရားကို မှန်ကန်စွာတွေ့မြင်သော ကျောင်းသားသည် ကျောင်းသားအချင်းချင်းကို ခရစ်တော်ထံသို့ပို့ဆောင်ရာ၌ များစွာအားပေးခြင်း ပြုလုပ်နိုင်သည်။ ကယ်တင်ရှင်နှင့်အတူ ထမ်းပိုးတင်ထားသောလူငယ်သည် စည်းကမ်းမဲ့မည်မဟုတ်။ သူတို့၏အလိုပြည့်ဝဖို့သာ လုပ်ကိုင်ကြမည်မဟုတ်။ သူတို့သည်ဝိညာဉ်၌ ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိသောကြောင့် လှုပ်ရှားခြင်း၌လည်း ခရစ်တော်နှင့်အတူရှိကြမည်။

ကျွန်ုပ်တို့၏ကျောင်းများ၌ရှိကြသော အသက်ကြီးကျောင်းသားများသည် ငယ်ရွယ်သောကျောင်းသားများတို့၏အကျင့်စလေ့များနှင့် အလေ့အကျင့်ကို ပြုလုပ်ပေးဖို့ရန် ယင်းကျောင်းသားတို့သည် သူတို့လက်တွင်း၌ရှိကြသည်ကို သိဖို့ရန်ကောင်းသည်။ သို့ဖြစ်၍ သူတို့သည် အခွင့်ကောင်းများယူ၍ အသုံးချရမည်။ ဤကျောင်းသားများသည် သူတို့၏ဩဇာသက်ရောက်ခြင်းဖြင့် သူတို့၏အပေါင်းအဖော်များကို ရန်သူလက်တွင်းသို့ အပ်နှံခြင်းမပြုလုပ်ရန် ဆုံးဖြတ်ချက်ချထားရမည်။

သခင်ခရစ်တော်၌ ကိုးစားခြင်းရှိသောသူအပေါင်းတို့ကို ကိုယ်တော်သည် မစခြင်းပေးတော်မူမည်။ ခရစ်တော်နှင့်ဆက်သွယ်ခြင်းရှိသောသူတို့၌ ပျော်ရွှင်ခြင်းရှိသည်။ သူတို့၏ကယ်တင်ရှင်လမ်းပြသောနောက်သို့ သူတို့သည် လိုက်လျှောက်ကြသည်။ ကိုယ်တော်အတွက် ကိုယ့်အလိုဆန္ဒကို စွန့်ပယ်ကြသည်။ သူတို့၏မျှော်လင့်ခြင်းများကို ခရစ်တော်ပေါ်၌ ဆောက်တည်ထားသောကြောင့် လောက၏မုန်တိုင်းများသည် တည်မြဲသောအုတ်မြစ်မှ တိုက်ခတ်ဖြိုလှဲပစ်ရန် မတတ်နိုင်ကြပေ။

## အားကိုးရခြင်းနှင့်သစ္စာရှိခြင်း

ငယ်ရွယ်သောယောကျ်ားကလေးများနှင့် မိန်းကလေးများတို့၊ သင်တို့၌အားကိုးရခြင်းနှင့်သစ္စာရှိခြင်းရှိကြသလား။ မည်သည့်အခြေအနေမျိုး၌ရှိသည်ဖြစ်စေ၊ ရပ်တည်နေဖို့ရန်ပြင်ဆင်ခြင်းနှင့် ဆုံးဖြတ်ချက်ချထားပြီဟု ပြောဆိုရမည့်စကားသည် သင်တို့နှင့်သာဆိုင်သည်။ သင်တို့၌ မှန်ကန်သောအလေ့အကျင့်များရှိဖို့ရန် ဆန္ဒရှိကြသလား။ သို့ဖြစ်လျှင် စာရိတ္တကောင်းသောသူနှင့် ကောင်းသောအရာဘက်၌ ရည်မှန်းခြင်းရှိသောသူတို့ကိုသာ အပေါင်းအဖော်ပြုရန်ရှာပါ။ သင်တို့အား အလွှန်အဖိုးထိုက်တန်သော နောက်ဆုံးအချိန်ကိုပေးထားစဉ်တွင်၊ သင်၏စာရိတ္တမှချွတ်ယွင်းနေသောအရာများကို ဖယ်ရှားပစ်ပါ။ ဤကဲ့သို့ပြုလုပ်ရာ၌ အနာဂတ်ကာလအသက်တာ

အဖိုးသာမဟုတ်၊ သင်သည် ဤအသက်တာ၌လည်း အသုံးဝင်ဖို့ရန်ဖြစ်သည်။ ကောင်းသောအကျင့်စာရိတ္တသည် ရွှေ၊ ငွေထက်တန်ဖိုးရှိသည်။ ဆုံးရှုံးခြင်းများ (သို့မဟုတ်) ထိတ်လန့်ခြင်းများဖြင့် ထိခိုက်ခြင်းမရှိပေ။ လောကီနှင့်ဆိုင်သောဥစ္စာပစ္စည်းများ ပျောက်လွင့်သွားသောအချိန်၌ ၎င်းသည် ကြွယ်ဝစွာရရှိလိမ့်မည်။ အားလုံးတို့သည် သမာဓိရှိခြင်း၊ တည်ကြည်ခြင်းနှင့် မနားမနေကြိုးစားအားထုတ်ခြင်း အစရှိသောအရည်အချင်းဂုဏ်များကို စိတ်ထက်သန်စွာဖြင့်ရှာရမည်။ အကြောင်းမှာ ယင်းဂုဏ်များရှိသောသူကို တန်ခိုးဖြင့်လွှမ်းခြုံထားသောကြောင့် ကောင်းသောအရာကိုပြုလုပ်လိုခြင်း၊ မကောင်းမှုကိုတားဆီးပေးခြင်းနှင့် ဒုက္ခဆင်းရဲခံရသောအခါ သည်းခံခြင်းကိုပြုစုသည်။

သမ္မာတရားကိုချစ်ခြင်း၊ ဘုရားသခင်၏ဘုန်းတော်ကို ထွန်းလင်းဖို့ရန်တာဝန်ရှိခြင်းအကြောင်းများကို သိမြင်ခြင်းသည် အသိဉာဏ်ကိုတိုးတက်စေခြင်း၌ တန်ခိုးအကြီးဆုံးဖြစ်သည်။ ဤအကြောင်းကို သိမြင်သော ကျောင်းသားသည် သေးနုပ်သောအရာကိုခံယူသောသူမဟုတ်ပေ။ သူသည် အစဉ်စိတ်အားကြီးခြင်းအခြေအနေ၌ ရှိလိမ့်မည်။ သူ၏ပညာရေးအတွက် လုပ်ဆောင်ပေးဖို့ရန် ကောင်းကင်တစ်ခုလုံးကို ပါဝင်စေခဲ့ပြီးဖြစ်၍ ဘုရားသခင်၏မျက်စိတော်အောက်၌ လေ့ကျက်နေရသကဲ့သို့ မှတ်ယူလိမ့်မည်။ သူ၌ မြင့်မြတ်သောစိတ်၊ ရက်ရောခြင်း၊ ကြင်နာခြင်း၊ ယဉ်ကျေးခြင်း၊ ခရစ်တော် နှင့်တူခြင်းနှင့်အရည်အချင်းပြည့်စုံခြင်းရှိလိမ့်မည်။ စိတ်နှလုံးနှင့်စိတ်သည် ဘုရားသခင်၏အလိုတော်နှင့်ညီညွတ်အောင် လုပ်ကိုင်လိမ့်မည်။ Counsels to Teachers, Parents and Students, pp. 220, 226.

–ဝ–

# ဩဇာရှိခြင်း – ၁၄၀

ခရစ်တော်၏အသက်တာသည် အစဉ်ကျယ်ပြန့်ခြင်း၊ အဆုံးမရှိသော ဩဇာသက်ရောက်ခြင်း၊ ဘုရားသခင်နှင့်လည်းကောင်း၊ လူသားတို့၏ အိမ်ထောင်စုတစ်ခုလုံးနှင့်လည်းကောင်း ချည်နှောင်ထားသောဩဇာတန်ခိုးဖြစ်သည်။ ခရစ်တော်အားဖြင့် ဘုရားသခင်သည် လူကိုဩဇာတန်ခိုးတစ်ခုကို ပေးအပ်ထားရာ၊ လူသည် မိမိတစ်ဦးတည်းနေထိုင်ဖို့ရန် ခဲယဉ်းလေသည်။ ကျွန်ုပ်တို့တစ်ဦးစီသည် လူအချင်းချင်းနှင့်ဆက်သွယ်လျက်ရှိကြသည်။ ဘုရားသခင်၏ကြီးသော အလုံးအရင်း၏အပိုင်းတစ်ပိုင်းဖြစ်သည်။ ကျွန်ုပ်တို့၌ အတုံ့အလှည့်ဝတ္တရားရှိကြသည်။ မည်သူတစ်ဦးတစ်ယောက်မျှ တစ်ဦးကိုတစ်ဦး မှီခိုခြင်းမပြုဘဲမနေနိုင်ပေ။ တစ်ဦးတစ်ယောက်၏ကောင်းစားခြင်းသည် အခြားတစ်ယောက်ကို ထိခိုက်ခြင်းရှိသည်။ သို့ဖြစ်၍ ဘုရားသခင်၏အကြံအစည် ၌ တစ်ဦးတစ်ယောက်၏စိတ်တွင် အခြားသောသူတစ်ယောက်၏ကောင်းစားခြင်းသည်လည်း အပါအဝင်ဖြစ်နေသောကြောင့် ထိုသူများပျော်ရွှင်ခြင်းရှိဖို့ရန် လုပ်ကိုင်ပေးရမည်။

အသက်ဝိညာဉ်တိုင်းတို့သည် မိမိ၏အခြေအနေဖြင့် ဝန်းရံလျက် ရှိရာ၊ ယင်းအခြေအနေ၌ ယုံကြည်ခြင်း၏အသက်ပေးနိုင်သော တန်ခိုးရဲရင့်ခြင်း၊မျှော်လင့်ခြင်း၊ ချစ်ခြင်းမေတ္တာရနံ့ဖြင့် မွှေးကြိုင်နေရမည်။ သို့မဟုတ် စိတ်ကျေနပ်ခြင်းမရှိသော မှောင်မိုက်နှင့်ကိုယ်ကျိုးရှာဖွေခြင်း (သို့မဟုတ်) ကိုယ်တိုင်နှစ်သက်သောအပြစ်၏သေစေတတ်သောရနံ့ဖြင့် ပြည့်နေလိမ့်မည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ရှိသောအခြေအနေဖြင့် ကျွန်ုပ်တို့နှင့်တွေ့ဆုံသော သူတို့တွင် စိတ်၌ထိခိုက်ခြင်းရှိရမည်။ သို့မဟုတ် မထိခိုက်ခြင်းလည်းရှိမည်။

## ကျွန်ုပ်တို့၏တာဝန်ဝတ္တရား

ဤတာဝန်ဝတ္တရားတစ်ခုမှ ကျွန်ုပ်တို့သည် ရှောင်လွှဲ၍မရနိုင်ပေ။ ကျွန်ုပ်တို့ပြောဆိုသောစကားများ၊ ကျွန်ုပ်တို့၏အပြုအမူများ၊ ကျွန်ုပ်တို့၏

အဝတ်အစား၊ ကျွန်ုပ်တို့၏အနေအထိုင်၊ ကျွန်ုပ်တို့၏မျက်နှာထား၌ပင် ဩဇာသက်ရောက်ခြင်းရှိသည်။ ဤထင်မြင်ခြင်းမျိုးအပေါ်၌ မည်သူမျှတိုင်းထွာ၍မရသော ကောင်းမွန်ခြင်း (သို့မဟုတ်) ဆိုးသွမ်းခြင်းများ၏ရလဒ်သည် ချိတ်ဆွဲထားလျက်ရှိသည်။ ဤနည်းဖြင့်ကြားသိစေခဲ့သော စိတ်၏တိုက်တွန်းခြင်းတိုင်း၌ မျိုးစေ့ကိုစိုက်ပျိုးလိုက်ရာ ရိတ်သိမ်းခြင်းရရှိလိမ့်မည်။ လူသားတို့၏ရှည်လျားသောအဖြစ်အပျက်သံကြိုး၌ ကွင်းဆက်တစ်ခုဖြစ်ရာ မည်မျှဝေးကွာစွာရောက်ရှိသွားမည်ကို မသိကြပေ။ ကောင်းသောကျင့်ဝတ်များကိုတိုးတက်စေရာ၌၊ ကျွန်ုပ်တို့၏ပုံသက်သေအားဖြင့် အခြားသောသူများကိုမစခြင်းပေးခဲ့လျှင်၊ ကျွန်ုပ်တို့သည်သူတို့အား ကောင်းသောအရာကိုပြုလုပ်ပေးဖို့ရန် တန်ခိုးပေးခြင်းပင်ဖြစ်သည်။ သူတို့အလှည့်ကျရောက်လာသောအခါ သူတို့သည် အခြားသူများအပေါ်၌ ထိုဩဇာသက်ရောက်ခြင်းကိုပင် အားထုတ်သည်။ ဆက်လက်၍ အခြားသူများအပေါ်၌လည်း အားထုတ်လျက် ရှိသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့၏မထင်မမှတ်လိုက်သော ဩဇာသက်ရောက် ခြင်းဖြင့် လူပေါင်းထောင်ချီ၍ ကောင်းချီးမင်္ဂလာကိုရရှိစေသည်။

ကျောက်စရစ်ခဲတစ်လုံးကို ရေထဲသို့ပစ်လိုက်ပါ။ လှိုင်းကလေးများဖြစ်ပေါ်လာသည်။ ဆင့်ကဲ၊ ဆင့်ကဲလှိုင်းကလေးဖြစ်ပေါ်လာခဲ့၍၊ ထိုလှိုင်းကလေးများ တိုးတက်လာသည်နှင့်အမျှ စက်ဝိုင်းသည် ကျယ်ပြန့်သွားခဲ့သည်။ နောက်ဆုံး ကမ်းခြေသို့ရောက်ရှိသွားလေသည်။ ကျွန်ုပ်တို့၏ဩဇာသက်ရောက်မှုသည် ထိုနည်းတူပင်ဖြစ်သည်။ ကျွန်ုပ်တို့၏အသိဉာဏ် (သို့မဟုတ်) အုပ်ချုပ်ခြင်းမရောက်နိုင်သည့်နေရာ၌ရှိသော သူတို့အပေါ်တွင် ကောင်းချီးမင်္ဂလာ (သို့မဟုတ်) ကျိန်ခြင်းကိုပြောဆိုလိမ့်မည်။

စာရိတ္တသည် တန်ခိုးဖြစ်သည်။ မှန်ကန်ခြင်း၊ ကိုယ်ကျိုးမရှာခြင်း၊ ဘုရားတရားနှင့်နေထိုင်သောအသက်တာဖြင့် တိတ်ဆိတ်စွာသက်သေခံခြင်းသည် တားဆီး၍မရနိုင်သော ဩဇာသက်ရောက်ခြင်းကိုဖြစ်စေသည်။ ကျွန်ုပ်တို့၏အသက်တာ၌ ခရစ်တော်၏စာရိတ္တကို ဖော်ပြခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ဝိညာဉ်များကိုကယ်တင်ခြင်း၌ ကိုယ်တော်နှင့်ပူးပေါင်း၍ လုပ်ကိုင်ကြသည်။

ကျွန်ုပ်တို့၏ အသက်တာ၌ ကိုယ်တော်၏ စာရိတ္တကိုပြသခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူပူးပေါင်းနိုင်သည်။

ကျွန်ုပ်တို့၏ သြဇာသက်ရောက်ခြင်းသည် ကျယ်ဝန်းလာသည်နှင့်အမျှ၊ ကောင်းသောအမှုကို ပို၍ပြုလုပ်နိုင်သည်။ ဘုရားသခင်ကိုအစေခံမည်ဟု ပြောဆိုသောသူတို့သည် ခရစ်တော်၏ ပုံသက်သေခံကိုလိုက်၍၊ သူတို့၏ နေ့စဉ်အသက်တာ၌ တရားတော်၏ ကျင့်ဝတ်များကို လေ့ကျင့်သောအခါ၊ သူတို့၏ အပြုအမူတိုင်းသည် ဘုရားသခင်ကိုချစ်ကြောင်း သက်သေခံ၍ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ကြောင်းကို ပြသောအခါ၊ ကမ္ဘာကြီးကိုလှုပ်ရှားနိုင်ဖို့ရန် အသင်းတော်၌တန်ခိုးရှိလိမ့်မည်။ Christ's Object Lessons, pp. 339, 340.

–၀–

# အပေါင်းအဖော်များကို ရွေးချယ်ခြင်း – ၁၄၁

ကျွန်ုပ်တို့၏ဝိညာဉ်ရေးဘက်၌ တိုးတက်ခြင်းတွင် အကျိုးအဖြစ်ထွန်းဆုံးအပေါင်းအသင်းကို ရွေးချယ်၍၊ ကျွန်ုပ်တို့လက်လှမ်းမီရာ၊ မစကူညီခြင်းရရှိသမျှကိုယူရမည်။ အကြောင်းမှာ ကျွန်ုပ်တို့သွားသောကောင်းကင်ဘုံလမ်း၌ တိုးတက်ခြင်းမရှိဖို့ရန် စာတန်သည် တတ်နိုင်သရွေ့ ခက်ခဲအောင်ပြုလုပ်လိမ့်မည်။ ကျွန်ုပ်တို့သည် ဒုက္ခဝန်းရံနေသောနေရာ၌ထိုင်ရ၍၊ အများသောသူတို့၌ မိမိတို့အလိုဆန္ဒအတိုင်း နေထိုင်ခွင့်ရမည်မဟုတ်။ သို့သော်လည်း ကျွန်ုပ်တို့သည် ခရစ်ယာန်စာရိတ္တကိုပျက်ပြားစေမည့် ဩဇာအာဏာအောက်၌ ကျွန်ုပ်တို့၏ကိုယ်ကိုရောက်စေကြမည်မဟုတ်ပေ။ အခွင့်လည်းပြုမည်မဟုတ်။ ဤအရာကိုပြုလုပ်ဖို့ရန် ဝတ္တရားကခေါ်သောအခါ၊ ကျွန်ုပ်တို့သည် ပို၍သတိရှိခြင်း၊ ဆုတောင်းခြင်းရှိရမည်။ ခရစ်တော်၏ကျေးဇူးတော်ဖြင့် ကျွန်ုပ်တို့သည် ယိုယွင်းခြင်းကင်းလျက်ရပ်တည်နိုင်ကြသည်။

လောတသည် သောဒုံမြို့ကိုနေထိုင်ရာအရပ်အဖြစ် ရွေးချယ်ခဲ့သည်။ အကြောင်းမှာသူသည် သူနှင့်သူ၏အိမ်ထောင်ပတ်ဝန်းကျင်၌ရှိမည့် စာရိတ္တနှင့်ဆိုင်သော ဩဇာသက်ရောက်ခြင်းများကိုမကြည့်ရှုဘဲ ယခုဘဝနှင့်ဆိုင်သော အကျိုးများကိုသာ ဦးစားပေး၍ကြည့်ရှုခဲ့သည်။ ဤလောက၏ပစ္စည်းများနှင့်စပ်ဆိုင်၍ သူသည်မည်သည့်အရာကို အမြတ်အစွန်းရရှိခဲ့သနည်း။ သူပိုင်ပစ္စည်းများအဆုံးခံရသည်။ သူ၏သားသမီးအချို့တို့သည် ထိုဆိုးသွမ်းသောမြို့ကြီးပျက်စီးသွားသောအခါ၊ သူတို့ပါပျက်စီးခြင်းသို့ ရောက်သွားကြသည်။ လမ်း၌သွားကြစဉ် သူသည် မီးဘေးမှအသက်ရှင်လွတ်ကင်းခဲ့သော်လည်း သူ၏မိန်းမသည် ဆားတိုင်ဘဝသို့ ရောက်ရှိသွားခဲ့လေသည်။ သူ၏ကိုယ်ကျိုးရှာတတ်သော မကောင်းမှုဆိုးကျိုးများသည် ဤနေရာ၌မဆုံးသေးပေ။

ထိုနေရာ၏စာရိတ္တဖောက်ပြန်ခြင်းသည် အလွန်ပုပ်ပျက်လျက်ရှိရာ၊ သူ့သား သမီးများသည် ကောင်းသောအရာနှင့်မကောင်းသောအရာ၊ အပြစ်နှင့်ဖြောင့်မတ်ခြင်းကို ခွဲခြား၍သိမြင်ခြင်းမရှိတော့ပေ။ The Signs of the Times, May 29, 1884.

–ဝ–

# ရွှေပညတ် – ၁၄၂

သင်သည် အခြားသောသူများနှင့် အပေါင်းအသင်းပြုလုပ်သောအခါ၊ သင့်ကိုယ်ကိုသူတို့နေရာ၌ထားပါ။ သူတို့၏ခံစားရခြင်းများ၊ သူတို့၏ခက်ခဲခြင်းများ၊ သူတို့၏စိတ်ပျက်ခြင်းများ၊ သူတို့၏ဝမ်းမြောက်ခြင်းများနှင့် သူတို့၏ဝမ်းနည်းခြင်းများထဲ၌ ဝင်ရောက်ပါ။ သူတို့နှင့်အတူ သင့်ကိုယ်ကိုဖော်ပြပါ။ သင့်ကိုသူတို့ပြုလုပ်ပေးစေလိုသည်အတိုင်း၊ သင်သည် သူတို့အားပြုပါလေ။ ဤအချက်သည် ရိုးသားခြင်း၏မှန်သောဥပဒေဖြစ်သည်။ ပညတ်တော်သည် အခြားသောနည်းဖြင့် ဖော်ပြသည်မှာ၊ "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့" ဟူသောအချက်ဖြစ်သည်။ ၎င်းသည် ပုရောဖက်များ သွန်သင်သည့်အကြောင်းရင်းပင်ဖြစ်သည်။ ၎င်းသည် ကောင်းကင် နိုင်ငံတော်၏ကျင့်ဝတ်ဖြစ်၍ သန့်ရှင်းသောပေါင်းသင်းခြင်းနှင့်တော်သင့် သောသူတို့၌ကြီးပွားခြင်းရှိလိမ့်မည်။

ရွှေပညတ်သည် မှန်သောယဉ်ကျေးခြင်း၏ကျင့်ဝတ်ဖြစ်သည်။ ၎င်း၏အမှန်အကန်ဆုံးဖော်ပြချက်ကို သခင်ယေရှု၏အသက်တာနှင့် စာရိတ္တ၌တွေ့မြင်ရသည်။ ကျွန်ုပ်တို့ကယ်တင်ရှင်၏အသက်တာမှ နူးညံ့သောရောင်ခြည်နှင့်လုပခြင်းသည် ထွန်းလင်းလျက်ရှိနေသည်။ ကိုယ်တော်ရှိတော်မူခြင်း၌ပင် ချစ်ဖွယ်သောမေတ္တာသည် စီးဆင်းခဲ့သည်။ ထိုကဲ့သို့သောသဘောသည် ကိုယ်တော်၏လူများ၌ တွေ့မြင်ရမည်။ ခရစ်တော်ကိန်းအောင်းသောသူတို့၏ နံဘေးပတ်လည်၌ ဘုရားသခင်ရှိတော်မူခြင်းသည် ဝန်းရံလျက်ရှိလိမ့်မည်။ သူတို့၏စင်ကြယ်သောဝတ်လုံဖြူများသည် ကိုယ်တော်၏ဥယျာဉ်မှ ရေးမွှေးဖြင့်မွှေးကြိုင်လျက်နေလိမ့်မည်။ သူတို့၏မျက်နှာများသည် ကိုယ်တော်၏ထံမှပြန်၍ထင်စေသောအလင်းဖြင့် တောက်ပနေလိမ့်မည်။

ခရစ်တော်၏စုံလင်သောအသက်တာကို မသိသောသူမှလွဲ၍၊ အခြားသောသူတစ်စုံတစ်ယောက်မျှ ခရစ်တော်၏ကိုယ်ချင်းစာနာတတ်ခြင်းနှင့်

နူးညံ့ခြင်းကိုမဖော်ပြဘဲမနေပေ။ ကျေးဇူးတော်၏သြဇာဘုန်းတန်ခိုးသည် စိတ်နှလုံးကိုပျော့ပျောင်းစေခြင်း၊ စိတ်၌ခံစားရခြင်းများကို အချေးချွတ်၍ စင်ကြယ် စေခြင်း၊ ကောင်းကင်မှမွေးဖွားသောနူးညံ့ခြင်းနှင့်၊ သင့်မြတ်ခြင်းကိုသိမြင် စေသည်။ Thoughts from the Mount of Blessing, pp. 192, 193.

–o–

# မှန်သောယဉ်ကျေးခြင်း – ၁၄၃

လူတိုင်းတို့၏အခွင့်အရေးကို ကျွန်ုပ်တို့သည် အသိအမှတ်ပြုရန် သခင်ယေရှုသည် တောင်းဆိုတော်မူသည်။ လူတို့၏ပေါင်းသင်းဆက်ဆံရေးနှင့် ခရစ်ယာန်များ၏အခွင့်အရေးများကို စဉ်းစားရပေမည်။ အားလုံးတို့သည် ဘုရားသခင်၏သားနှင့်သမီးများအနေဖြင့် ယဉ်ကျေးခြင်း၊ နူးညံ့သောစိတ်ထားဖြင့် ဆက်ဆံရမည်။

ခရစ်ယာန်ဘာသာသည် လူတစ်ယောက်ကို ဂုဏ်ရှိသောလူကြီး လူကောင်းတစ်ယောက်အဖြစ်သို့ ပြုလုပ်ပေးလိမ့်မည်။ ခရစ်တော်သည်သူ့ကို နှိပ်စက်သောသူတို့အပေါ်၌ပင် ယဉ်ကျေးခြင်းရှိသည်ကို ကိုယ်တော်၏ နောက်လိုက်များတို့သည် ထိုသဘောမျိုးကို ပြသကြလိမ့်မည်။ အရာရှိများ ရှေ့သို့ခေါ်ဆောင်လာသော ပေါလုကြီးကိုကြည့်ပါ။ အဂြိပ္ပမင်းကြီးရှေ့၌ သူပြောဆိုသောစကားများသည် မှန်ကန်သောယဉ်ကျေးခြင်းကို ပြသခြင်းသာမက ဖြားယောင်းသွေးဆောင်ခြင်းစကားလည်းဖြစ်သည်။ လောကနှင့်တူသော အပေါ်ယံယဉ်ကျေးခြင်းကို ဧဝံဂေလိတရားတော်သည် အားပေးခြင်းမပြု။ စိတ်နှလုံးအထဲမှဖြစ်ပေါ်လာသော ယဉ်ကျေးသိမ်မွေ့ခြင်းကိုသာ အားပေးသည်။

အသက်တာ၏ပြင်ပအရာများကို မည်မျှပင်ဂရုစိုက်၍ ပြုစုပျိုးထောင်ပေးသော်လည်း စိတ်ကောက်ခြင်း၊ ပြင်းထန်စွာဝေဖန်ခြင်းနှင့် မတော်မသင့်သောစကားပြောဆိုခြင်းများကို ပိတ်ပင်၍ရမည်မဟုတ်ပေ။ မိမိကိုယ်ကို အကြီးအကဲဖြစ်သည်ဟု သဘောရှိနေသမျှကာလပတ်လုံး မှန်သောယဉ်ကျေးသိမ်မွေ့ခြင်းကို ဖော်ပြခြင်းမပြုနိုင်ပေ။ ချစ်ခြင်းမေတ္တာသည် စိတ်ထဲ၌ ကိန်းအောင်းနေရမည်။ ခရစ်ယာန်လုံးလုံးဖြစ်သောသူတစ်ယောက်သည် သူ၏ လှုပ်ရှားခြင်းရည်ရွယ်ချက်များကို သူ့အရှင်ကိုချစ်သောအတွင်းမေတ္တာစိတ်မှ ရရှိသည်။ ခရစ်တော်ကိုချစ်သောအမြစ်များမှ သူ၏ညီအစ်ကိုများအား ကိုယ်ကျိုးမရှာသောစိတ်ဝင်စားခြင်းသည် သက်ရောက်လာခဲ့လေသည်။ ချစ်ခြင်း

မေတ္တာသည် ၎င်းကိုပိုင်ဆိုင်သောသူအား ကောင်းမြတ်တင့်တယ်ခြင်း၊ သင့်မြတ်ခြင်းနှင့်အမူအရာ၌ ယဉ်ကျေးခြင်းများကိုပေးသည်။ မျက်နှာပုံကိုထွန်းလင်းစေ၍ အသံကိုနှိပ်ကွပ်ထားသည်။ လူတစ်ကိုယ်လုံးကို သိမ်မွေ့စေပြီးလျှင် မြှင့်တင်ပေးသည်။ Ministry of Healing, pp. 489, 490.

## မှန်သောယဉ်ကျေးခြင်းလိုအပ်ခြင်း

ဘုရားသခင်အလိုတော်ကို သိမြင်သောသူအပေါင်းတို့သည်ဘုရားသခင်၏အမူတော်၌ အောင်မြင်သောအမှုတော်ဆောင်များဖြစ်လာကြ ဖို့ရန် အလွန်ကြီးမားသောလိုအပ်ချက်ပင်ဖြစ်သည်။ သူတို့သည် ယဉ်ကျေး ဖွယ်ရာဖြစ်သောသူများ၊ နားလည်သောသူများ၊ ပြင်ပ၌တောက်ပြောင်နေသော ပြရုပ်မရှိသည့်သူများဖြစ်၍၊ လောက၏ပြုံးဟန်ဆောင်သောပရိယာယ်များဖြင့် ကင်းရှင်းသောသူများဖြစ်ကြရမည်။ ဥပုသ်နေ့ကိုစောင့်ရှောက်ကြသောသူတို့တွင် မှန်ကန်သောဂုဏ်ကြီးမြင့်ခြင်းနှင့် ခရစ်ယာန်နှင့်ဆိုင်သော ယဉ်ကျေးခြင်းမရှိသောကြောင့် ကျွန်ုပ်တို့ကိုအထင်အမြင်သေး၍ ကျွန်ုပ်တို့ယုံကြည် ဝန်ခံသောသမ္မာတရားကို လက်မခံနိုင်သောအခြေအနေသို့ ရောက်စေသည်။ စိတ်နှင့်အမူအရာများကို ပညာပေးခြင်းအလုပ်ကို စုံလင်သည်တိုင်အောင် လုပ်ကိုင်သွားရပေမည်။ ယခုအချိန်၌ သမ္မာတရားကိုဝန်ခံသောသူတို့သည် ခရစ်တော်၌ယောကျ်ားကြီး၊ မိန်းမကြီး အခြေအနေသို့ရောက်သည့်တိုင်အောင် မိမိတို့၏အခွင့်အရေးများကို တိုးတက်အောင်မပြုလုပ်ခဲ့လျှင်၊ သူတို့သည် သမ္မာတရားအဖို့ ဂုဏ်သရေမဖြစ်၊ ခရစ်တော်အဖို့လည်း ဂုဏ်သရေမဖြစ် ကြပေ။ Testimonies for the Church, vol. 4, pp. 358, 359.

## အပေါင်းအဖော်ကိုရွေးချယ်ခြင်း

ခရစ်တော်နှင့်ညီညွတ်ခြင်းရှိသောလူငယ်များသည် မှန်ကန်ရာကိုလုပ်ခြင်း၌ သူတို့ကိုမစသောအပေါင်းအဖော်များကို ရွေးချယ်လိမ့်မည်။ မှန်သော

ကျင့်ဝတ်များနှင့် မြင့်မြတ်သောအကြံအစည်များကို ကြီးထွားစေခြင်းမပြုသည့် အသင်းအပင်းကို ရှောင်ရှားလိမ့်မည်။ နေရာတိုင်းတို့၌၊ အောက်တန်းကျသော သွန်းပုံ၌ သူတို့၏စိတ်များကို ပုံသွန်းထားသည့်လူငယ်များကို တွေ့မြင်နိုင်သည်။ ဤအတန်းအစားမျိုးနှင့် တွေ့ဆုံလာသောအခါ၊ ခရစ်တော်ဘက်၌ ခွင်းချက်မရှိ၊ နေသောသူတို့သည် သူတို့၏စဉ်းစားဆင်ခြင်သောဉာဏ်နှင့် ဩတ္တပ္ပစိတ်က သူတို့ကိုမှန်သည်ဟု ပြောဆိုသည်အတိုင်း မြဲမြဲစွာရပ်တည်ကြမည်။ Counsels to Teachers, Parents and Students, p. 226.

–o–

# လောကီအပေါင်းအဖော်များကို ငြင်းပယ်ခြင်း – ၁၄၄

သူတို့၏အကြံအစည်များနှင့် အသက်တာအလုပ်သည် မည်သည့် အရာဖြစ်စ်ရမည်ကို လူငယ်များသည် သေသေချာချာစဉ်းစား၍၊ အုတ်မြစ်ချ ရာ၌လည်း သူတို့၏အကျင့်စလေ့များသည် ယိုယွင်းခြင်းနှင့်ဖောက်ပြန်ခြင်း မှ ကင်းရှင်းစေရမည်။ သူတို့သည် အခြားသောသူများအပေါ်၌ ဩဇာသက် ရောက်ခြင်းရှိမည့်နေရာ၌ရှိခဲ့လျှင်၊ သူတို့သည် ကိုယ့်ကိုကိုယ်အားကိုး ခြင်းရှိ ရမည်။ ရေအိုင်၌ပေါက်သောကြာပင်သည် ယင်း၏အမြစ်များကို ရေအောက်ရှိ မှော်နှင့် ဒိုက်အောက်သို့ရောက်အောင် ဆင်းသွားစေ၍၊ အပေါက် ငယ်များရှိ သောပင်စည်ရိုးမှ ယင်းအဖို့ ကြီးပွားစေသောမြေဆီမြေနှစ်များကို စုတ်ယူသည်။ ထိုနောက် အလွန်လှပသောကြာပွင့်သည် ရေကန်၏ရေပြင်ပေါ်၌ ကျက်သရေ ရှိစွာပွင့်လျက်ရှိလေသည်။ ယင်း၏လှပခြင်းကို ဖျက်ဆီး နိုင်သည့်အရာအား လုံးကို ငြင်းပယ်ခဲ့သည်။

ကျွန်ုပ်တို့သည် ကြာပန်းမှသင်ခန်းစာတစ်ခု သင်ကြားနိုင်ကြပေမည်။ အကျင့်စာရိတ္တများကို ယိုယွင်းစေ၍၊ အသက်ဝိညာဉ်ကိုပျက်စီးစေမည့် ဩဇာ သက်ရောက်ခြင်းများဖြင့် ဝန်းရံနေသော်လည်း၊ ကျွန်ုပ်တို့သည် ယိုယွင်းခြင်း မရှိရန် ငြင်းပယ်နိုင်၍၊ ကျွန်ုပ်တို့၏စိတ်နှလုံးများကို အပေါင်းအဖော်များက မဖျက်ဆီးနိုင်သည့်နေရာ၌ နေနိုင်ကြသည်။ လူငယ်များသည် တစ်ဦးချင်းအ နေဖြင့် အထက်သို့မမှားသောခြေလှမ်းဖြင့်တက်နေသော အပေါင်းအဖော်ကို ရှာဖွေရမည်။ မကောင်းသောဩဇာသက်ရောက်စေမည့်အသင်းအပင်းကို ရှောင်ရှားရမည်။ ကျင့်ဝတ္တရားအတိုင်းကျင့်ဖို့ရန် ဆန္ဒမရှိသောသူများ၊စာရိတ တ္တမြင့်မားခြင်းရှိဖို့ရန် မလိုလားသောသူများကိုရှောင်ရမည်။ လူငယ်များ သည် ဘုရားကိုကြောက်ရွံ့၍ ချစ်သောသူများနှင့်ပေါင်းဖော်နေသည်ကို တွေ့မြင်ပါစေ။ မြင့်မြတ်၍ ခိုင်ခံ့သည့်စာရိတ္တရှိသောသူများကို ရေပြင်ပေါ်၌

လုပစွာပွင့်နေသောကြာပန်းနှင့် နှိုင်းယှဉ်ထားသည်။ သူတို့၏စာရိတ္တသည် စင်ကြယ်မြင့်မြတ်စွာကြီးပွားလာဖို့ရန် အနှောင့်အယှက်ဖြစ်စေမည့် သြဇာသက်ရောက်ခြင်းများကို သူတို့သည် ငြင်းပယ်ကြသည်။ ဘုရားသခင်ပုံစံအတိုင်း တူနိုင်ဖို့ရန်ရှာဖွေနေကြသည်။ The Youth's Instructor, January 5, 1893.

## မစခြင်းမူလအရင်းခံမှာကျွန်ုပ်တို့၏စကားများဖြစ်ခြင်း

ခရစ်ယာန်များသည် သူတို့၏အဖိုးထိုက်တန်သော ဗဟုသုတအကြောင်းကို ပြောဆိုခြင်းများ၌ အလွန်နည်းပါးလျက်ရှိသည်။ စကားပြောဆိုတတ်ခြင်းအစွမ်းသတ္တိကို မသင့်လျော်သုံးစွဲသောကြောင့် ဘုရားသခင်၏အမှုတော်သည် ချို့တဲ့နေ၍ ဘုရားသခင်၌ဂုဏ်ပျက်လျက်ရှိသည်။ မနာလိုဝန်တိုခြင်း၊မကောင်းမှုကိုရော်ရမ်းခြင်းနှင့် ကိုယ်ကျိုးရှာဖွေခြင်းများကို စိတ်နှလုံး၌မွေးမြူ ကြသည့် သူတို့၏စကားများသည် အတွင်း၌ယိုယွင်းခြင်းကိုပြသည်။ ခရစ်တော်၏နာမကိုခေါ်သောသူတို့သည် မကောင်းသောအရာကိုစဉ်းစား၍၊ မကောင်းသောစကားကို ပြောကြသည်။ ဤလူများသည် မိမိ၏သားတော် ကိုစွန့်တော်မူသော ဘုရားသခင်၏ကောင်းမြတ်ခြင်း၊ ကရုဏာရှိခြင်းနှင့် ချစ်ခြင်းကိုဖော်ပြခြင်းမပြုကြပေ။ ကျွန်ုပ်တို့အဖို့ ကိုယ်တော်သည် ဤအလုပ် ကိုလုပ်ကိုင်တော်မူသောကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ချစ်ခြင်းနှင့် ကျေးဇူးတင်ခြင်းကို မပြအပ်သလော။ ကျွန်ုပ်တို့၏ခရစ်ယာန်ဗဟုသုတ၌ ကျွန်ုပ်တို့၏စကားများဖြင့် တစ်ယောက်ကိုတစ်ယောက်မစခြင်း၊ အားပေးခြင်း မပြုလုပ်အပ်သလော။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုအမှန်ချစ်ခဲ့လျှင် ကျွန်ုပ် တို့၏စကားများအားဖြင့်ကိုယ်တော်၏ဘုန်းတော်ကို ထွန်းတောက်စေကြမည်။ မယုံကြည်သောသူတို့သည် ဘုရားသခင်အား စင်ကြယ်သောစကားဖြင့်ချီးမွမ်း၍ ကျေးဇူးတင်စကားပြောဆိုခြင်းကို နားထောင်ရသောအခါ ပြစ်မှုထင်ရှားခြင်း ဖြစ်လာကြသည်။ Review and Herald, January 25, 1898.

## ကျွန်ုပ်တို့၏ဩဇာရှိခြင်း

ခရစ်ယာန်၏ပြောဆိုသောစကားများ၊ ပုံသက်သေနှင့်အမူအရာများသည် အပြစ်သားတစ်ယောက်အား နိုးကြားစေ၍၊ အသက်စမ်းရေတွင်းသို့လာဖို့ရန် ဆန္ဒတစ်ခုဖြစ်စေရမည်။ Review and Herald, November 29, 1887.

–၀–

# ချီးမြှောက်သည့်စကား ပြောဆိုခြင်း – ၁၄၅

လောကဓာတ်ပညာ၌ အကောင်းဆုံးပညာကိုရသောသူသည် ဘုရားသခင်အသုံးပြုတော်မူဖို့ရန် အထိရောက်ဆုံးသော တန်ဆာပလာမဟုတ်ပေ။ အများအပြားသောသူတို့သည် အသုံးချမည့်သူမရှိ၍ အလုပ်အကိုင်မရှိဘဲ နေကြရာ၊ စာအုပ်ပညာ၌ များစွာပညာဆည်းပူးဖို့ရန် အခွင့်အရေးမရသော သူတို့သည် သူတို့နေရာ၌ ဝင်ရောက်လုပ်ကိုင်နေကြသည်။ အကြောင်းမှာ နောက်လူများ၌ နေ့စဉ်အသုံးချနိုင်သော လက်တွေ့ပညာများရှိကြသည်။ မိမိတို့ကိုယ်ကိုပညာရှိကြီးများဟု ယူဆသောသူတို့သည် သင်ကြားဖို့ရန်မရှိ၊ ပင်ကိုယ်အတိုင်း လုံလောက်နေကြသည်။ ကမ္ဘာကျော်ဆရာကြီးသခင်ယေရှု ပင်လျှင် သူတို့ကိုမသင်ကြားနိုင်တော့ပေ။

ကြီးရင့်လာ၍ ကျယ်ဝန်းလာသောသူများ၊ သမ္မာကျမ်းစာကိုကြိုးစား ရှာဖွေခြင်းအားဖြင့် ဆင်ခြင်တတ်ခြင်းအစွမ်းသတ္တိများ၌ တိုးတက်လာသော သူများသည် ဘုရားသခင်၏အလိုတော်ကိုသိရှိနိုင်ဖို့ရန် အသုံးဝင်သောအခြေ အနေသို့ ရောက်ရှိလာကြလိမ့်မည်။ အကြောင်းမှာ ဘုရားသခင်၏ နှုတ်ကပတ တော်သည် သူတို့၏အသက်တာနှင့်စာရိတ္တ၌ ဝင်ရောက်သွားခဲ့သည်။ ၎င်းသည် ၎င်း၏ထူးခြားသောအလုပ်ကို လုပ်ကိုင်ရမည်။ အရိုးဆက် များနှင့်ခြင်ဆီကိုပင် ထိုးဖောက်၍ခွဲကွာသွားရမည်။ စိတ်နှလုံး၏အကြံအစည်များနှင့် စွဲလမ်းခြင်းများ ကိုတွေ့မြင်ရမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အစာအာဟာရဖြစ် လာ၍၊ ယင်းအစာအာဟာရဖြင့် ခရစ်ယာန်သည် သမ္မာတရားနှင့်ဖြောင့်မတ်ခြင်း ကို တိုက်ခိုက်နိုင်ဖို့ရန် ဝိညာဉ်ရေးနှင့်ဖြောင့်မတ် ခြင်း၌ ကြီးပွားသန်စွမ်းခြင်းရှိ ရမည်။

## နိမ့်ကျသောအဆင့်အတန်းဖြစ်ရခြင်း၏ အကြောင်းယုတ္တိ

ကျွန်ုပ်တို့၏ လူငယ်များနှင့် အရွယ်ရောက်နေသောသူများပင်လျှင် မည်သည့်အကြောင်းကြောင့် စံစမ်းနှောင့်ယှက်ခြင်းနှင့်အပြစ်သို့ လွယ်လင့်တကူကျရောက်ကြသနည်း။ အကြောင်းမှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလေ့ကျင့်၍ အာရုံပြုသင့်သလောက် မပြုသောကြောင့်ဖြစ်သည်။ ၎င်းကို သဘောကျနှစ်သက်ခြင်းရှိခဲ့လျှင် အတွင်း၌ဖြောင့်မှန်သောသဘောရှိခြင်း၊ မကောင်းမှုပြုလုပ်ရန် စာတန်၏သွေးဆောင်ခြင်းများကို တားဆီးနိုင်လောက်အောင် ဝိညာဉ်သန်စွမ်းခြင်းရှိရမည်။ အသက်တာနှင့်စာရိတ္တထဲသို့ ကြံ့ခိုင်၍ မှန်ကန်သောစိတ်တန်ခိုးသည် ဝင်ရောက်လာခြင်းမရှိပေ။ အကြောင်းမှာ ဘုရားသခင်၏ရှိသေဖွယ်ရာဖြစ်သောသွန်သင်ချက်ကို အာရုံပြုဖို့ရန်အတွက် လေ့ကျက်ခြင်းမရှိသောကြောင့်ဖြစ်သည်။ မာရိနည်းတူ မြင့်မြတ်သောဆရာကြီးဖြစ်သည့် ယေရှု၏ခြေတော်ရင်း၌ထိုင်၍ ကောင်းသောအပိုင်းကိုရွေးချယ်သကဲ့သို့ ရွေးချယ်ခြင်းမရှိ၊ စိတ်နှလုံး၌သွင်း၍၊ နေ့စဉ်အသက်တာ၌လေ့ကျင့်ဖို့ရန်လည်း မပြုလုပ်ခဲ့ပေ၊ သန့်ရှင်းသောအရာများကို အာရုံပြုခြင်းသည် စိတ်ကိုမြင့်တင်ပေး၍ သိမ်မွေ့စေပြီးလျှင်၊ ဂုဏ်သရေရှိခရစ်ယာန်မိန်းမကြီး များနှင့်ယောကျာ်းကြီးများအဖြစ်သို့ ကြီးပွားစေမည်။

အလိုဆန္ဒအားကြီးခြင်း အကြံအစည်အားဖြင့်လည်းကောင်း၊ သို့မဟုတ်စကားအားဖြင့်လည်းကောင်း၊ (သို့မဟုတ်) အပြုအမူဖြင့်လည်းကောင်း လောကီအညစ်အကြေးဖြင့် မိမိကိုယ်ကိုယုတ်ညံ့စေသောသူတစ်စုံတစ်ယောက်ကိုမျှ ဘုရားသခင်သည် လက်ခံတော်မူမည်မဟုတ်။ ကောင်းကင်နိုင်ငံတော်သည် စင်ကြယ်၍ သန့်ရှင်းသောနေရာဖြစ်သောကြောင့် သိမ်မွေ့ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊ စင်ကြယ်ခြင်းနှင့် အချေးအညှော်ကင်းရှင်းခြင်း ရှိသောသူတို့သာလျှင် ဝင်ရောက်နိုင်ကြသည်။ ကျွန်ုပ်တို့ကိုယ်တိုင်အလုပ်လုပ်ကိုင်ရန်ရှိသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုအထံတော်မှ ခွန်အားရရှိမှသာလျှင် လုပ်ကိုင်နိုင်ကြလိမ့်မည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာအုပ်ကို အခြားစာအုပ်များထက်

ပို၍လေ့ကျက်ရာစာအုပ်အနေဖြင့် ပြုလုပ်ရမည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာအုပ်ကိုချစ်ရမည်။ ဘုရားသခင်၏စကားတော်အသံကဲ့သို့ နားထောင်ရမည်။ ကိုယ်တော်၏တားဆီးခြင်းများနှင့်တောင်းဆိုခြင်းများကို ကျွန်ုပ်တို့သည် တွေ့မြင်၍ နားလည်ရမည်။ "သင်လုပ်ရမည်" နှင့် "သင်မလုပ်ရ" ဟူသော နှုတ်ကပတ်တော်၏မှန်သောအဓိပ္ပါယ်ကို နားလည်ရမည်။

## ကောင်းကင်စိတ်သဘောမျိုးရှိရန်လိုခြင်း

ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့အားအကြံပေးသော လူအနေဖြင့်ပြုလုပ်၍၊ အလင်းကိုရရှိဖို့ရန် သမ္မာကျမ်းစာကိုရှာဖွေသောအခါ၊ ကျွန်ုပ်တို့၌အလင်းရရှိပြီးလျှင် ပို၍နားလည်နိုင်ရန် ကောင်းကင်တမန်များသည် ကျွန်ုပ်တို့အနီးသို့ရောက်ရှိလာကြလေသည်။ နှုတ်ကပတ်တော်ကိုဖွင့်ပြခြင်းသည် အလင်းကိုပေး၍၊ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်ပါ၏ဟု ဧကန်အမှန်ပြောဆိုနိုင်ပေသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အနည်းအကျဉ်း လောက်သာဂရုကထပြုခြင်းကြောင့် ခရစ်ယာန်လူငယ်များတို့တွင် ကောင်းကင်စိတ်သဘောမျိုး မရှိသလောက်ဖြစ်နေကြောင်းပြသသည်ကို တွေ့မြင်ရသောအခါ အံ့သြခြင်းမရှိပေ။ အတိတ်ကာလကအပြစ်များကို ရှောင်ရှားနိုင်၍ ယိုယွင်းခြင်းအစွန်းအထင်းဟူသရွေ့ကို စာရိတ္တမှဆေးကြောနိုင်ဖို့ရန် မြင့်မြတ်သောအကြံပြုချက်များကိုဂရုမစိုက်၊ ဆုံးမသွန်သင်ခြင်းများကိုလည်း နားထောင်ခြင်းမရှိ၊ ကျေးဇူးတော်နှင့်ကောင်းကင်ဘုံဆိုင်ရာအသိဉာဏ်ကိုလည်း ရှာဖွေခြင်းမရှိပေ။ "ပေးတော်မူသောသြဝါဒလမ်းကို အကျွန်ုပ်နားလည်စေတော်မူပါ။ သို့ပြုလျှင် အံ့ဖွယ်သောအမှုတော်တို့ကို ဆင်ခြင်အောက်မေ့ပါမည်" ဟု ဒါဝိဒ်ပြောဆိုသည်။

ကျွန်ုပ်တို့၏လူငယ်များနှင့် အရွယ်ရောက်နေသောသူတို့၏စိတ်များသည် တစ်ဦးနှင့်တစ်ဦးပေါင်းဖော်သောအခါ မှန်မှန်ကန်ကန်ရှိခဲ့လျှင်၊ သူတို့၏ စကားပြောဆိုခြင်းသည် မြင့်မားသောအရာများ၏အကြောင်းကို ပြောဆိုကြ

မည်။ စိတ်သည်စင်ကြယ်၍ ထင်မြင်ခြင်းများသည် ဘုရားသခင်၏သမ္မာတရားဖြင့် မြှောက်ပင့်ထားခြင်းရှိပါက၊ စကားများသည် “ငွေရောင်အရုပ်ကားများ၌ရှိသော ရွှေသစ်တော်သီးများကဲ့သို့” ဖြစ်လိမ့်မည်။ သို့သော်လည်း ယနေ့အချိန်၏နားလည်ပုံမျိုး၊ ယခုအချိန်၏အလေ့အထမျိုးနှင့် ယနေ့အချိန်၌ရှိကြသော ခရစ်ယာန်များပင်လျှင် နိမ့်ကျသောအဆင့်အတန်းသို့ရောက်ရှိနေသည်ကို ကျေနပ်နေကြသောကြောင့် သူတို့၏စကားပြောဆိုခြင်းသည် ပေါ့ပျက်၍တန်ဖိုးမရှိပေ။ ၎င်းသည် မြေကြီးနှင့်သာဆိုင်၍၊ သမ္မာတရား (သို့မဟုတ်) ကောင်းကင်နိုင်ငံတော်၏အနံ့အသက်မရှိပေ။ လောကီသားများမှ ယဉ်ကျေးသောသူတို့၏အတန်းစားကိုပင်မမီပေ။

## သန့်ရှင်းဖို့ရန်ထက်မြက်သောလုပ်ကိုင်နည်း

ခရစ်တော်နှင့်ကောင်းကင်နိုင်ငံတော်သည်၊ အာရုံပြုဖို့ရန်အကြောင်းဖြစ်လာသောအခါ စကားပြောဆိုခြင်းသည် အဖြစ်အပျက်ကိုသက်သေခံလိမ့်မည်။ စကားပြောဆိုခြင်းသည် ကျေးဇူးတော်ဖြင့်ပြုပြင်ထားလိမ့်မည်။ စကားပြောဆိုသောသူသည် သူ၏ပညာကို မြင့်မြတ်သောဆရာကြီးကျောင်းမှရရှိကြောင်းကို ပြသလိမ့်မည်။ သစ္စာရှိသောလမ်းကို အကျွန်ုပ်ရွေးပါပြီ။ စီရင်တော်မူချက်တို့ကို အကျွန်ုပ်ရှေ့မှာထားပါပြီဟု ဆာလံဆရာပြောဆိုသည်။ သူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို တန်ဖိုးထားသည်။ နှုတ်ကပတ်တော်သည် သူ့ကိုနားလည်ဖို့ရန်ပြုလုပ်ခဲ့သည်။ ဂုဏ်ရမှုကိုရန်မဟုတ်။ သူ၏အသက်တာ၌ လုပ်ကိုင်ဖို့ရန်ဖြစ်သည်။

အတွင်းစိတ်၌ နေ့စဉ်နေ့တိုင်း၊ နာရီတိုင်း၊ ကိုယ်ကိုငြင်းပယ်ခြင်းနှင့် သန့်ရှင်းခြင်းသည် ထက်မြက်စွာလုပ်ကိုင်နေခြင်းရှိရမည်။ ယင်းနောက် ပြင်ပအလုပ်များသည် သခင်ယေရှုစိတ်နှလုံးထဲ၌ ယုံကြည်ခြင်းအားဖြင့်ကိန်းအောင်းနေကြောင်း သက်သေခံလိမ့်မည်။ သန့်ရှင်းခြင်းသည် အသိပညာရရှိဖို့ရန် အသက်ဝိညာဉ်၏လမ်းကြောင်းများကိုမပိတ်၊ စိတ်ကိုကျယ်ပြန့်ဖို့ရန်ဝင်လာ၍၊

ကွယ်ဝှက်ထားသောရတနာကိုရှာဖွေသကဲ့သို့ သမ္မာတရားကိုရှာဖွေသည်။ ဘုရားသခင်၏အလိုတော်ကို သိမြင်ခြင်းသည် သန့်ရှင်းခြင်း၏အလုပ်ကို တိုးတက်စေသည်။ ကောင်းကင်ဘုံရှိ၏။ ထိုနေရာသို့ရောက်ရှိဖို့ရန် ကျွန်ုပ်တို့သည် စိတ်အားကြီးစွာကြိုးစားရပေမည်။

သခင်ယေရှုကို သင်တို့၏ကယ်တင်ရှင်အနေဖြင့်ယုံကြည်ရန် ကျွန်ုပ်တို့၏ကျောင်းများနှင့် ကောလိပ်ကျောင်းများ၌ရှိသောကျောင်းသားများကို ကျွန်ုပ်ပန်ကြားပါသည်။ သင်သည် ကိုယ်တော်ထံသို့ ရိုးဖြောင့်သောသဘောဖြင့်လာပါက၊ ကိုယ်တော်သည်သင့်ကို မိမိ၏ကျေးဇူးတော်ဖြင့်မစဖို့ရန် အဆင်သင့်ရှိတော်မူသည်။ သင်သည် ယုံကြည်ခြင်းဖြင့် ကောင်းသောတိုက်လှန်ခြင်းကိုပြုရမည်။ သင်သည် အသက်တာ၏သရဖူကိုရရှိဖို့ရန် ထိုးသတ်သောသူဖြစ်ရမည်။ ကြိုးစားပါ။ စာတန်သည် သင့်ကိုဆုပ်ကိုင်ထား လျက်ရှိသည်။ သင်သည် သူ့ထံမှလိမ်ဖည်၍ထွက်မသွားခဲ့လျှင်၊ သင်၏ ကိုယ်လက်အင်္ဂါသည် သေ၍ပျက်စီးသွားလိမ့်မည်။ ရန်သူသည် လက်ယာနှင့် လက်ဝဲဘက်၌ရှိသည်။ သင့်အရှေ့၌ရှိ၍၊ သင့်အနောက်ဘက်၌လည်းရှိသည်။ သင်သည် သူ့ကိုခြေထောက်အောက်သို့ချ၍ တက်နင်းရမည်။ ကြိုးစားပါ။ သရဖူတစ်ခုကိုရရှိရမည်။ ကြိုးစားပါ။ သင်သည် သရဖူကိုမရရှိခဲ့လျှင်၊သင်သည် ဤအသက်တာ၌လည်းကောင်း၊ အနာဂတ်အသက်တာ၌လည်း ကောင်း၊ အားလုံးဆုံးရှုံးသွားလိမ့်မည်။ ကြိုးစားပါ။ သို့သော်လည်း ထမြောက် ရှင်ပြန်တော်မူသောကယ်တင်ရှင်၏ခွန်အား၌ဖြစ်ပါစေ။ Review and Herald, August 21, 1888, Fundamentals of Christian Education, pp. 129-137 ကိုလည်းကြည့်ပါ။

–ဝ–

# ဂျုံရိုင်းပင်များကိုစိုက်ပျိုးခြင်း – ၁၄၆

ငယ်သောမိတ်ဆွေများတို့၊ သင်တို့သည် အချိန်အနည်းငယ်ခန့်သာ ဂျုံရိုင်းပင်များကိုစိုက်ပျိုးလိုက်ပါက၊ သင်၏အသက်တာတစ်ခုလုံးကို စိတ်ဒုက္ခရောက်စေသောအသီးအနှံကို ရိတ်သိမ်းရလိမ့်မည်။ မစဉ်းစားမဆင်ခြင်သောအချိန်တစ်နာရီ၌ စုံစမ်းနှောင့်ယှက်ခြင်းကို ပေးအပ်လိုက်ပါက သင်၏အသက်တာတစ်ခုလုံးကို မှားယွင်းသောလမ်းဘက်သို့ ရောက်သွားစေသည်။ သင်၌ငယ်ရွယ်သောအချိန် တစ်ခါသာရရှိနိုင်သည်။ အသုံးကျအောင်ပြုလုပ်ပါ။ သင်သည် မြေကြီးမှထွက်ခွာသွားပြီးနောက် သင်၏အမှားကိုပြင်ဖို့ရန် ပြန်လာနိုင်တော့မည်မဟုတ်ပေ။ အကြင်သူသည် ဘုရားသခင်နှင့်ဆက်သွယ်ထားရန် ငြင်းပယ်၍ သူ့ကိုယ်ကိုစုံစမ်းနှောင့်ယှက်ခြင်းလမ်း၌ထားပါက ဧကန်မုချရှုံးလိမ့်မည်။

ဘုရားသခင်သည် လူငယ်တိုင်းတို့ကို စမ်းသပ်နေတော်မူသည်။ သာ၍ဗဟုသုတနှင့်ကြွယ်ဝသောသုခမိန်များသည် သူတို့ထိုမှားယွင်းသောပုံသက်သေပြသောကြောင့်၊ အများသောသူတို့၌ ပေါ့ဆခြင်းနှင့်မရိုသေခြင်းဖြစ်ရသည်ဟု ဆင်ခြေပေးကြသည်။ သို့သော်လည်း ဤကဲ့သို့ဖြစ်ခြင်းသည် အမှန်ကိုပြုလုပ်ဖို့ရန် တစ်ဦးတစ်ယောက်ကိုမျှ ဟန့်တားမည်မဟုတ်ပေ။ နောက်ဆုံးစာရင်းရှင်းရသောနေ့၌ သင်သည် ယခုအချိန်၌ ပန်ကြားနေသကဲ့သို့ ပန်ကြားလိမ့်မည်မဟုတ်။ သင့်ကိုမှန်ကန်စွာ ပြစ်ဒဏ်ပေးလိမ့်မည်။ အကြောင်းမှာ သင်သည် လမ်းကိုသိသော်လည်း လျှောက်လိုက်ဖို့ရန်မရွေးချယ်ခဲ့ပေ။

## စုံစမ်းနှောင့်ယှက်ခြင်းများ

ပရိယာယ်များသော အလိမ်သမားကြီးစာတန်သည်၊ မိမိကိုယ်ကို အလင်းကောင်းကင်တမန်ကဲ့သို့ပြောင်းလဲ၍ လူငယ်ထံသို့ သူ၏စုံစမ်းနှောင့်ယှက်ခြင်းအမျိုးမျိုးဖြင့် ရောက်ရှိလာသည်။ လူငယ်များကို သူတို့၏

ဝတ္ထုရားလမ်းမှ တစ်လှမ်းပြီးတစ်လှမ်း အနိုင်ရခဲ့လေသည်။ သူ့ကိုစွပ်စွဲသော သူ၊ လိမ်လည်သောသူ၊ မုသားကိုသုံးသောသူ၊ ညှဥ်းပန်းသောသူ၊ လူသတ်သမားတစ်ယောက်ဟု ဖော်ပြထားသည်။ "အကြင်သူသည် အပြစ်ကိုကျူးလွန်၏၊ ထိုသူသည် မာရ်နတ်မှဖြစ်သည်။" အပြစ်တိုင်းကိုကျူးလွန်သောကြောင့် အသက်ဝိညာဉ်သည် ပြစ်ဒဏ်စီရင်ခြင်းခံရ၍ ဘုရားသခင်စိတ်ငြိုငြင်တော်မူခြင်းကို နှိုးဆော်သည်။ စိတ်နှလုံးထဲ၌ရှိသော အကြံအစည်များကို ဘုရားသခင်သိမြင်တော်မူသည်။ မကောင်းသောအကြံအစည်များကို စွဲလမ်းသောအခါ၊ စကားအားဖြင့်လည်းကောင်း၊ အပြုအမူအားဖြင့်လည်းကောင်း အပြစ်ကိုဆုံးခန်းရောက်စေ၍ အသက်ဝိညာဉ်ကို ပြစ်ဒဏ်စီရင်ခြင်း၌ဖော်ပြရန်မလိုပေ။ ၎င်း၏စင်ကြယ်ခြင်းသည် ညစ်ညူးသွားခဲ့၍ စုံစမ်းနှောင့်ယှက်သောသူသည် အောင်မြင်သွားခဲ့ပြီ။

မိမိ၏တပ်မက်ခြင်းနောက်သို့ လိုက်သွားသောသူတိုင်းသည် စုံစမ်းနှောင့်ယှက်ခြင်းကိုခံရသည်။ မိမိသဘောပေါ်ခြင်းနောက်သို့လိုက်သွားခြင်းဖြင့် သူသည် ကောင်းမြတ်သောအရည်အချင်းနှင့် ကောင်းမွန်ခြင်းမှကွဲကွာသွားခဲ့သည်။ လူငယ်များ၌ စာရိတ္တခိုင်ခံ့ခြင်းရှိခဲ့လျှင်၊ အကြီးဆုံးသောစုံစမ်းနှောင့်ယှက်ခြင်းကိုပင် တားဆီးနိုင်သည်။ စာတန်၏ကျင့်ကြံပြုမူခြင်းသည် သင့်ကိုစုံစမ်းရန်ဖြစ်သည်။ သို့သော်လည်း ပေးအပ်လိုက်ခြင်းသည် သင်၏ကျင့်ကြံပြုမူခြင်းဖြစ်သည်။ စာတန်နှင့်သူ၏နောက်လိုက်များတို့သည် စုံစမ်းခံရသူအား အတင်းအဓမ္မအပြစ်ကျူးလွန်ခိုင်းဖို့ရန် သူတို့၌တန်ခိုးမရှိကြပေ။ အပြစ်ကျူးလွန်ဖို့ရန် ဆင်ခြေမရှိပေ။

အချို့သောလူငယ်များသည် သူတို့၏တန်ခိုးများကို မကောင်းမှုနှင့်မိုက်မဲခြင်း၌ ဖြုန်းတီးနေကြစဉ်၊ အခြားသောသူတို့သည် သူတို့၏စိတ်များကိုစည်းကမ်းသေဝပ်စေခြင်း၊ အသိဉာဏ်သိထားခြင်း၊ အသက်တာ၏စစ်ပွဲကိုတိုက်ခိုက်ရန် သံချပ်အင်္ကျီကိုဝတ်ဆင်ခြင်း၊ အောင်မြင်ခြင်းရရှိဖို့ရန် ဆုံးဖြတ်၍လုပ်ကိုင်နေကြသည်။ သူတို့၏ခင်တွယ်ခြင်းများကို ဘုရားသခင်၌ ဗဟိုမပြုပါက၊ သူတို့သည် မည်မျှပင်မြင့်မားစွာတက်ဖို့ရန် ကြိုးစားသော်လည်း

ရောက်ရှိလိမ့်မည်မဟုတ်ပေ။ သူတို့သည် မှန်ရာကိုလုပ်ကိုင်မည်ဟု ဆုံးဖြတ်ချက်ချလျက်၊ ဘုရားသခင်ဘက်သို့ စိတ်နှလုံး၊ လုံး၀ပါလျက် လှည့်ပါက သူတို့သည် ဘုရားသခင်၌ခိုင်ခံ့ခြင်းနှင့် ယုံကြည်အားကိုးခြင်းရှိကြမည်။

## အချည်းနှီးပျော်ရွှင်ခြင်းသည်မှန်ကန်သော ပျော်ရွှင်ခြင်းမဟုတ်

အသင်းအပင်းကိုကြိုက်နှစ်သက်သောသူတို့သည် ခဏခဏ ဤထူးခြားသောအမူအရာကို ပြုလုပ်တတ်ကြရာ၊ ယင်းသည် သူတို့ကိုအုပ်စိုးနေသောရမ္မက်ဖြစ်သည်။ ၀တ်စားဆင်ယင်ခြင်း၊ ပျော်ပွဲရွှင်ပွဲများသို့သွားရောက်ခြင်း၊ ပေါ့ပျက်သောအရာများကို ပြောဆိုရယ်မောခြင်းများသည် သူတို့၏ အသက်တာရည်မှန်းချက်ဖြစ်သည်။ သူတို့သည် သမ္မာကျမ်းစာကိုမဖတ်နိုင်၊ ကောင်းကင်နှင့်ဆိုင်သောအရာများကိုလည်း စဉ်းစားဆင်ခြင်ခြင်းမပြုနိုင်ပေ။ စိတ်ကိုထကြွစေဖို့ရန် တစ်စုံတစ်ခုမရှိပါက သူတို့၌စိတ်ဆင်းရဲခြင်းဖြစ်ကြသည်။ ပျော်ရွှင်ဖို့ရန် သူတို့အထဲ၌တန်ခိုးမရှိပေ။ သို့သော်လည်း သူတို့၌ ပျော်ရွှင်ခြင်းရှိဖို့ရန် သူတို့ကဲ့သို့သတိမရှိ၊ အရမ်းမဲ့လုပ်တတ်သောလူငယ်အပေါင်းအဖော်များကို ကြည့်ရှုကြသည်။ မြင့်မြတ်သောအရာများကို ပြုလုပ်ပေးနိုင်သည့်တန်ခိုးများကို မိုက်မဲခြင်း၌အသုံးပြုကြသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖတ်၍ ဆုတောင်းဖို့ရန်အချိန်ရှိသောလူငယ်များသည် အစဉ်ထာ၀ရစမ်းရေတွင်းမှထွက်သောစမ်းရေဖြင့် အားပြည့်လျက်ရှိသည်။ စာရိတ္တနှင့်အကြံအစည်ကောင်းမွန်ခြင်း၌ အမြင့်ဆုံးသောနေရာသို့ ရောက်ရှိလိမ့်မည်။ ဘုရားသခင်နှင့်ပေါင်းသင်းဆက်ဆံခြင်းသည် ကောင်းသောအကြံအစည်များ၊ မြင့်မြတ်သောရမ္မက်ရှိခြင်းများ၊ သမ္မာတရားကိုရှင်းလင်းစွာသိမြင်ခြင်းနှင့် အပြုအမူ၌ မြင့်မားသောစိတ်ပြဋ္ဌာန်းခြင်းများကို အားပေးသည်။ ဤနည်းဖြင့် သူတို့၏အသက်၀ိညာဉ်များကို ဘုရားသခင်နှင့်ဆက်သွယ်ထားသောသူများကို ဘုရားသခင်၏သားနှင့်သမီး

များဖြစ်သည်ဟု အသိအမှတ်ပြုသည်။ သူတို့သည် အစဉ်သဖြင့် မြင့်သည် ထက်မြင့်သောနေရာသို့ရောက်၍၊ ဘုရားသခင်နှင့်ထာဝရကာလကို ရှင်းလင်းစွာတွေ့မြင်ကြသည်။ ဘုရားသခင်သည် နောက်ဆုံးသူတို့ကို အလင်းနှင့် အသိပညာလမ်းကြောင်းများ ပြုလုပ်တော်မူသည်။

သခင်ယေရှု၌တည်နေသောသူများသည် ဝမ်းသာကြမည်။ ရွှင်မြူးကြ၍ ဘုရားသခင်၌ဝမ်းမြောက်ခြင်းရှိကြမည်။ သူတို့၏အသံသည် သိမ်မွေ့၍၊ အပြုအမူနှင့်ဂီတတေးသံ၌ ဖော်ပြလိမ့်မည်။ သူတို့၏နှုတ်မှ ပျော်ရွှင်သောတေးသံများကိုကြားရမည်။ ဘုရားသခင်၏ပလ္လင်တော်မှလာသောသီချင်းသံဖြစ်သည်။ ဤအရာသည် ဘုရားဝတ်၌မွေ့လျော်ခြင်း၏နက်နဲရာဖြစ်၍၊ လွယ်ကူစွာမဖော်ပြနိုင်ပေ။ သို့သော်လည်း တွေ့ထိ၍ပျော်ရွှင်ခြင်းဖြစ်သည်။ ခိုင်မာ၍ပုန်ကန်နေသောစိတ်နှလုံးသည် ဘုရားသခင်၏ချိုမြသောကျေးဇူးတော်ဩဇာသက်ရောက်ခြင်းကို လက်မခံဘဲပိတ်ထားသည်။ သို့သော်လည်း ပညာရှိသောနည်းလမ်းများသည် ကောင်းမွန်သောနည်းများဖြစ်၍၊ လမ်းအားလုံး၌ ငြိမ်သက်ခြင်းရှိသည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်နီးကပ်နေသောအခါ ကျွန်ုပ်တို့၏စကားများနှင့်အပြုအမူများသည် ကိုယ်တော်၏ကျေးဇူးတော်တန်ခိုး ပြုပြင်ပြောင်းလဲနိုင်ကြောင်းကို ပြသလိမ့်မည်။ Testimonies for the Church, vol. 4, pp. 622-626.

–o–

# ဘုရားတရားမရှိသော
# ဧည့်သည်များ – ၁၄၇

ဘုရားနှင့်ဆက်သွယ်ခြင်းမရှိ၊ သူတို့လုပ်ကိုင်သောလမ်းသည်လည်း ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်သောသူတို့ကိုလည်းကောင်း၊ သူတို့၏ အသင်းအပင်းကိုလည်းကောင်း ခရစ်ယာန်များသည် ရွေးချယ်ဖို့ရန်မသင့်၊ လုံခြုံခြင်းရှိမည်မဟုတ်ပေ။ သို့တစေလည်း တားမြစ်ထားသောမြေပေါ်သို့ ခရစ်ယာန်ဖြစ်သည်ဟု ဝန်ခံသောသူတို့သည် မည်မျှဝင်ထွက်နေကြသနည်း။ အများသောသူတို့သည် သူတို့၏အိမ်များသို့ အကျိုးမရှိ၊ စိတ်သဘောသိမ်ဖျင်း၊ ဘုရားမရှိသောဆွေမျိုးများကို ခေါ်ဖိတ်ကြသည်။ ရံဖန်ရံခါ ဤဘုရားတရား မရှိသော ဧည့်သည်တို့၏ပုံသက်သေနှင့် ဩဇာသက်ရောက်ခြင်းသည် အိမ်ထောင်၌ရှိသော ကလေးသူငယ်များတို့၏စိတ်၌ မပျောက်ပျက်နိုင်သော အထင်အမြင်များရှိစေခဲ့သည်။ ဤကဲ့သို့ကျရောက်ခဲ့သော ဩဇာညောင်းမှုသည် ဟေဗြဲလူမျိုးများနှင့် ဘုရားတရားမရှိသောခါနာန်လူမျိုးများပေါင်းဖော်ခြင်း၌ ထွက်ပေါ်လာသောအခြေအနေကဲ့သို့ပင်ဖြစ်သည်။

အများသောသူတို့၏စိတ်၌ သူတို့၏ဘုရားတရားမရှိသောဆွေမျိုးများနှင့် မိတ်ဆွေများတို့ကို လိုက်လျောသောသဘောဖြင့် အချို့အရာများ၌ လျှော့ပေးခြင်းများပြုလုပ်ရမည်ဟု သဘောထားကြသည်။ မည်သည့်နေရာ၌ လျှော့ပေးရမည်ကို မသေချာသောကြောင့်၊ လိုက်လျောခြင်းတစ်ခုမှ နောက်တစ်ခုသို့ပြောင်းလာခဲ့ရာ နောက်ဆုံး ခရစ်တော်၏နောက်လိုက်များသည် လောက၏ဓလေ့ထုံးစံများအတိုင်း ပြုကျင့်နေကြတော့သည်။ ဘုရားသခင်နှင့် ဆက်သွယ်ခြင်းသည် ပြတ်တောက်သွားခဲ့လေပြီ။ သူတို့သည် နာမည်လောက်သာ ခရစ်ယာန်ဖြစ်နေကြသည်။ စုံစမ်းစစ်ဆေးသောအချိန်ရောက်လာသော အခါ၊ သူတို့၏မျှော်လင့်ခြင်းသည် အုတ်မြစ်မရှိဖြစ်ခဲ့သည်။ သူတို့သည် သူတို့ကိုယ်တိုင်နှင့် သားသမီးများကို ရန်သူလက်သို့ရောင်းချလိုက်ကြပြီ။

သူတို့သည် ဘုရားသခင်ကိုဂုဏ်ပျက်စေကြပြီ။ တရားစီရင်သောအချိန်၌ သူတို့စိုက်ပျိုးသောအရာကို သူတို့ရိတ်သိမ်းရမည်။ ရှေးဣသရေလလူမျိုး တို့ကို သခင်ခရစ်တော်မိန့်တော်မူသကဲ့သို့ သူတို့ကိုမိန့်တော်မူသည်။ "သင်တို့ သည် ငါ့စကားကိုနားမထောင်ကြ။ အဘယ်ကြောင့် ဤသို့ပြုကြသနည်း။" The Signs of the Times, June 2, 1881.

–o–

# အပိုင်း ၁၅

# ချစ်ကြိုက်ခြင်းနှင့်အိမ်ထောင်ပြုခြင်း

မြေကြီးပေါ်၌ အိမ်ထောင်စုအနှောင်အဖွဲ့သည် အနီးကပ်ဆုံး၊ အကြင်နာဆုံးနှင့် ရှိသေဖွယ်အကောင်းဆုံးဖြစ်သည်။ လူအပေါင်းတို့အဖို့ ကောင်းချီးမင်္ဂလာတစ်ရပ်အနေဖြင့် စီမံထားတော်မူသည်။ အိမ်ထောင်ပြု ခြင်းပဋိညာဉ်ကို ဘုရားသခင်အားကြောက်ရွံ့သောသဘော၊ သိမြင်တတ် ခြင်းနှင့် လုပ်ကိုင်ဆောင်ရွက်ရမည့်ကိစ္စအဝဝတို့ကို စဉ်းစားဆင်ခြင်၍ လုပ်ကိုင်သောအခါ ကောင်းချီးမင်္ဂလာတစ်ရပ်ပင်ဖြစ်ပေသည်။ Ministry of Healing, pp. 356, 357.

# မေတ္တာစစ် – ၁၄၈

မေတ္တာသည် အဖိုးထိုက်တန်သောလက်ဆောင်ဖြစ်၍ သခင်ယေရှု အထံတော်မှ ကျွန်ုပ်တို့ရရှိကြသည်။ စင်ကြယ်၍ သန့်ရှင်းသောချစ်ခင်ခြင်း သည် စိတ်၌ခံစားရခြင်းမဟုတ်၊ ကျင့်ဝတ်တစ်ခုပင်ဖြစ်သည်။မှန်သောမေတ္တာ ဖြင့် လှုံ့ဆော်ခြင်းခံရသောသူတို့သည် မစဉ်းစားမဆင်ခြင်ဘဲမလုပ်တတ်၊ သို့မဟုတ် တဖွတ်ထိုးလည်းမပြုတတ်ပေ။ သန့်ရှင်းသောဝိညာဉ်တော်၏ သွန်သင်တော်မူခြင်းဖြင့်၊ သူတို့သည် ဘုရားသခင်ကိုလွန်ကဲစွာချစ်ခင်၍၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ကြသည်။ အိမ်ထောင်ပြုဖို့ရန် ရည်ရွယ်ထားသောသူတို့သည်၊ နောင်သူတို့၏မွန်မြတ်သောအသက်တာကို အဆုံးအဖြတ်ပေးမည့်သူ၏စာရိတ္တအကြောင်းကို အသေအချာကြည့်ရှုလေ့လာ ဖို့ရန် အရေးကြီးသည်။ အိမ်ထောင်ပြုဖို့ရန် ပြင်ဆင်နေသောသူတိုင်းတို့သည် ဘုရားသခင်၏ဂုဏ်တော်ကို ရိုသေဖွယ်ရာဖြစ်စေဖို့ရန် ဣန္ဒြေရှိခြင်း၊ ရိုးသား ခြင်းများရှိပါစေ။ အိမ်ထောင်ပြုခြင်းသည် ယခုအသက်တာနှင့်သာ သက်ဆိုင် သည်သာမက၊ နောင်အသက်တာနှင့်လည်း စပ်ဆိုင်လေသည်။ ရိုးသားသော ခရစ်ယာန်တစ်ယောက်သည် ဘုရားသခင်သဘောမတူသောအရာကို ပြုလုပ် ဖို့ရန် ကြံစည်လိမ့်မည်မဟုတ်ပေ။

## အကြံဉာဏ်တောင်းခံခြင်း

သင်၌ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသော မိဘများရှိခဲ့လျှင် သူတို့ ထံမှအကြံဉာဏ်တောင်းခံပါ။ သင်၏မျှော်လင့်ခြင်းများနှင့်အကြံအစည်များကို သူတို့ကိုဖွင့်ပြပါ။ သူတို့၏အသက်တာဗဟုသုတများမှသင်ခန်းစာကို သင်ကြား နည်းခံလျှင် သင်၌စိတ်ဒုက္ခရောက်ခြင်းများ သက်သာသွားလိမ့်မည်။ အားလုံး သောအရာတို့အပေါ်၌ ခရစ်တော်ကို သင်၏အကြံပေးသောသူအနေနှင့်ထားပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ဆုတောင်းခြင်းဖြင့်လေ့ကျက်ပါ။

ဤကဲ့သို့သောညွှန်ကြားပြသခြင်းအောက်၌ မိန်းကလေးတစ်ယောက်သည် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော အသက်တာကြင်ဖော်ယောက်ျားကို ရွေးချယ်လက်ခံပါ။ စင်ကြယ်၍ယောက်ျားဂုဏ်အင်္ဂါလက္ခဏာနှင့် စာရိတ္တကောင်းမွန်သောသူ၊ လုံ့လဝီရိယရှိ၍ရိုးသားသောသူ၊ ဘုရားကိုကြောက်ချစ်ရိုသေသောသူဖြစ်ရမည်။ လူငယ်တစ်ယောက်သည် မိမိအဖို့ အသက်တာကြင်ဖော်ကိုရွေးချယ်ရာ၌၊ မိမိကိုကူညီမစခြင်းဂုဏ်အသရေတိုးတက်စေရမည်။ သူမသည်သူ့ကိုမစ၍၊ သူမ၏ချစ်ခြင်းသည် သူ့ကိုပျော်မွေ့စေနိုင်ရမည်။

"သမ္မာသတိရှိသောမယားမူကား၊ ထာဝရဘုရားပေးသနားတော်မူရာဖြစ်၏။ သူ၏ခင်ပွန်းသည် သူ့ကိုယုံကြည်၍ ဆင်းရဲခြင်းနှင့်ကင်းလွတ်လိမ့်မည်။ ထိုမယားသည် မိမိခင်ပွန်းအကျိုးကိုမဖျက်၊ တစ်သက်လုံးပြုစုတတ်၏။ ပညာစကားကိုပြောတတ်၍၊ မေတ္တာတရားအားဖြင့် နှုတ်မြွက်တတ်၏။ အိမ်သူအိမ်သားပြုမူသမျှတို့ကို ကြည့်ရှုတတ်၏။ ပျင်းရိခြင်းအစာကိုမစားတတ်၊ သူ၏သားသမီးတို့သည်ထ၍၊ အမိကိုကောင်းချီးပေးတတ်ကြ၏။ သူ၏ခင်ပွန်းကလည်း လူမျိုးသမီးအများတို့သည် ကောင်းမွန်စွာပြုကြပြီ။ သို့ရာတွင် သင်သည် ထိုသူအပေါင်းတို့ကိုလွန်ကဲပြီဟု သူ့ကိုချီးမွမ်းတတ်၏။ ထိုကဲ့သို့သောခင်ပွန်းကိုတွေ့သောသူသည် ကောင်းသောအရာကိုရ၍၊ ထာဝရဘုရား၏ကျေးဇူးတော်ကိုခံရ၏။" Ministry of Healing, pp. 358, 359.

## ဘဝကြင်ဖော်ရွေးချယ်ခြင်း

ခရစ်ယာန်လူငယ်များသည် မိတ်သဟာယဖွဲ့သောအခါနှင့် ဘဝကြင်ဖော်များရွေးချယ်သောအခါ အလွန်သတိပြုရကြမည်။ သတိပြုလော့၊ သင်ယခုအချိန်၌ ရွှေအစစ်ဟုထင်မြင်သောအရာသည် ရွှေမဟုတ်သောသတ္တုဖြစ်နေလိမ့်မည်။ သင်သည် ဘုရားသခင်၏အစေကိုခံရာ၌ လောကီအပေါင်းအသင်းများသည် သင်၏သွားရာလမ်း၌ အတားအဆီးများဖြစ်နိုင်သည်။ ပျော်ရွှင်ခြင်းမရှိသောပေါင်းဖော်ခြင်းများကြောင့် အများသောအသက်ဝိညာဉ်

များပျက်စီးသွားကြလေသည်။ ထိုသို့ပြောဆိုရာ၌ မြင့်မြတ်ခြင်း (သို့မဟုတ်) မြှင့်တင်ခြင်းကိုမပေးနိုင်သော ကူးသန်းရောင်းဝယ်ခြင်း (သို့မဟုတ်) အိမ်ထောင်ပြုခြင်းကိစ္စများဖြစ်သည်။ ဘုရားသခင်၏လူများသည် တားမြစ်ထားသော မြေပေါ်၌ ခြေမချနိုင်ပေ။ ယုံကြည်သောသူများနှင့်မယုံကြည်သောသူများစပ်ကြားအိမ်ထောင်ပြုခြင်းကို ဘုရားသခင်သည် တားမြစ်ထားတော်မူသည်။ သို့သော်လည်း မပြောင်းလဲသောစိတ်နှလုံးသည် မိမိအလိုဆန္ဒသို့လိုက်၍၊ ဘုရားသခင်အခွင့်မပေးသောအိမ်ထောင်ပြုခြင်းများကို လုပ်ကိုင်ကြသည်။ Fundamentals of Christian Education, p. 500.

–o–

# မှားယွင်းသောအချစ်ရေး ကိစ္စများ – ၁၄၉

ဖောက်ပြန်ခြင်းကင်း၍၊ စစ်မှန်သောဘာသာရေးဗဟုသုတရရှိဖို့ရန် သင်၏စာရိတ္တ၌ခိုင်ခံ့ခြင်းနှင့် ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းချို့တဲ့နေခြင်းသည် အလွန်ဆိုးရွားသောချွတ်ယွင်းချက်ပင်ဖြစ်လေသည်။ အကြံအစည်၌ ခိုင်ခံ့ခြင်းနှင့်ဖြောင့်မှန်ခြင်းရှိဖို့ရန် ပြုစုပေးရမည်။ အောင်မြင်သောခရစ်ယာန်အသက်တာတစ်ရပ်ဖြစ်ဖို့ရန် ဤအရည်အချင်းများကို ဧကန်မုချလိုအပ်ပေသည်။ သင်၌ အသက်ဝိညာဉ်ဖြောင့်မှန်ခြင်းရှိခဲ့လျှင် မှန်သောဘက်မှ ယိမ်းယိုင်သွားလိမ့်မည်မဟုတ်။ မည်သည့်အကြောင်းအရာမျှ သင်လုပ်ကိုင်ဆောင်ရွက်နေရသောဝတ္တရားမှ သင့်ကိုရွေ့သွားစေဖို့ရန် ပြုလုပ်နိုင်လိမ့်မည်မဟုတ်။ သင်သည် ဘုရားသခင်၌သစ္စာရှိ၍ တည်ကြည်နေမည်။ ချစ်ခင်ခြင်းနှင့်မေတ္တာရှိဖို့ရန် ပန်ကြားခြင်းများ၊ မိတ်ဆွေပေါင်းသင်းခြင်းရှိဖို့ရန် တောင့်တခြင်းများသည် သင့်ကိုသမ္မာတရားနှင့်ဝတ္တရားမှ လွဲသွားစေမည်မဟုတ်။ သင်သည် ဝတ္တရားကို သင်၏အလိုဆန္ဒ၌အနစ်နာခံလိမ့်မည်မဟုတ်ပေ။

ကျွန်ုပ်၏ညီအစ်ကို သင်၏အသက်တာကြင်ဖော်အဖြစ် ငယ်ရွယ်၍၊ ဗဟုသုတမရှိသောမိန်းကလေးတစ်ယောက်နှင့်စုံဖက်ဖို့ရန် သွေးဆောင်ခြင်းခံခဲ့ရလျှင်၊ ထိုမိန်းကလေးသည် သာမန်ကိစ္စတို့၏အသိဉာဏ်၌လည်းကောင်း၊ လက်တွေ့အရာ၌လည်းကောင်း၊ အသက်တာ၏နေ့စဉ်နေ့တိုင်း လုပ်ကိုင်ရမည့်အရာများ၌လည်းကောင်း ချို့တဲ့နေသောမိန်းကလေးဖြစ်ခဲ့လျှင် သင်သည်အမှားတစ်ခုကိုပြုလုပ်ခဲ့ပြီ။ သို့သော်လည်း ယင်းမိန်းကလေးသည် ဘုရားအားပြုရမည့်ဝတ္တရားများကို မသိမမြင်ဘဲရှိပါက ဖော်ပြခဲ့သောထိုမိန်းကလေး၏ချို့တဲ့ခြင်းများသည် သေးငယ်သောအရာများသာဖြစ်တော့သည်။ သူမ၌ အလင်းကင်းမဲ့နေသည်မဟုတ်။ သူမ၌ ဘာသာရေးနှင့်ဆိုင်သောအခွင့်အရေးများရှိသည်။ သို့တစေလည်း သူမသည် ခရစ်တော်မရှိဘဲ စိတ်ဒုက္ခရောက်နေခြင်းကို မသိမမြင်ပေ။

## ဘာသာရေးဗဟုသုတအပေါ်၌ရှိသောသြဇာတန်ခိုး

ဘုရားသခင်သည် မိမိ၏လူတို့နှင့်တွေ့ဆုံသော ဆုတောင်းစည်းဝေးပွဲသို့ သင်၏စိတ်မိုက်အလိုဆန္ဒနောက်သို့လိုက်၍ အဆက်မပြတ် မတက်ရောက်ဘဲနေ၍၊ ယင်းအချိန်၌ သင်သည် ဘုရားကိုမချစ်သောသူတို့နှင့်ပေါင်းသင်း ဖို့ရန်နှစ်သက်လျှင်၊ ထိုသို့သောစုံဖက်ခြင်း၌ ဘုရားသခင်၏ကောင်းချီးမင်္ဂလာ ကို သင်သည် အဘယ်ကဲ့သို့မျှော်လင့်နိုင်မည်နည်း။

အလျင်တဆောမပြုလုပ်ပါနှင့်၊ စောစောစီးစီးအိမ်ထောင်ပြုခြင်းကို အားပေးခြင်းမပြုလုပ်ရပေ။ ငယ်ရွယ်သောမိန်းကလေးဖြစ်စေ၊ ယောကျ်ား ကလေးဖြစ်စေ၊ ဘုရားသခင်၏တောင်းဆိုခြင်းကို ရိုသေကိုင်းရှိုင်းခြင်းမပြု၊ ဘာသာတရား၌ ချည်နှောင်ထားသည်ကို ဂရုမစိုက်ဘဲနေခဲ့လျှင်၊ သူတို့သည် အကြွင်လင်မယားတို့၌ ထားအပ်သောစည်းကမ်းဥပဒေကိုလည်း လိုက်နာကြမည်မဟုတ်ပေ။ သင်၏ဘာသာတရားအခွင့်အရေးဖြစ်သော ဆုတောင်းခြင်းအချိန်များကို အနစ်နာခံ၍ သင်ရွေးချယ်ထားသောသူနှင့်ခဏခဏတွေ့ဆုံခြင်း၌ ဘေးအန္တရာယ်ရှိသည်။ ဆုံးရှုံးဖို့ရန်မသင့်သောအရာကို သင်သည် ဆုံးရှုံးသွားခဲ့ပြီ။

ညဥ့်နက်သည့်အချိန်တိုင်အောင် ထိုင်၍စကားပြောအချိန်ဖြုန်းခြင်းသည် ထုံးစံဓလေ့ဖြစ်နေသည်။ သင်တို့နှစ်ဦးလုံးတို့သည် ခရစ်ယာန်များပင်ဖြစ်လင့်ကစား၊ ဘုရားသခင်သည် သင်တို့ကိုနှစ်သက်တော်မူခြင်းမရှိပေ။ ဤအချိန်များကို အကျိုးမရှိကုန်လွန်စေခြင်းသည် ကျန်းမာခြင်းကိုဘေးဖြစ်စေ၍ နောက်တစ်နေ့ ဆောင်ရွက်စရာကိစ္စများအတွက် စိတ်ကိုချွတ်ယွင်းစေပြီးလျှင် မကောင်းမှုများပေါ်ပေါက်လာစေနိုင်သည်။ ကျွန်ုပ်၏ညီ၊ သင်သည် သင့်ကိုယ်ကိုရိုသေခြင်းဖြင့် ဤကဲ့သို့သောချစ်ရေးပြောဆိုနည်းကို ရှောင်ရှားလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်သည်။ သင်သည် ဘုရားသခင်၏ဘုန်းတော်ထွန်းတောက်ဖို့ရန်သာ ကြည့်ရှုနေခဲ့လျှင်၊ သတိထား၍ပြုလုပ်လိမ့်မည်။ သင်၏ချစ်ဒုက္ခဝေဒနာသည် အလွန်ပြင်းထန်နေ၍၊ ခရစ်ယာန်တစ်ယောက်အနေဖြင့်

ဘုရားသခင်သည် သင်၌တောင်းဆိုခြင်းကို မဆောင်ရွက်ဘဲနေနိုင်လောက်အောင် မျက်စိကွယ်နေလိမ့်မည်ဟု ကျွန်ုပ်မထင်ပေ။ Testimonies for the Church, vol. 3, pp. 44, 45.

## အသက်နုနယ်နေသောအချိန်၌အိမ်ထောင်ပြုခြင်း

အသက်ငယ်ငယ်ရွယ်ရွယ်အချိန်၌ အိမ်ထောင်ပြုခြင်းကို အားပေးခြင်းမပြုရပေ။ အိမ်ထောင်ပြုခြင်းသည် အလွန်အရေးကြီးသောပေါင်းဖက်ခြင်းဖြစ်၍၊ ရလဒ်၌လည်း အကျိုးများစွာသက်ရောက်ခြင်းရှိရာ၊ လုံလောက်စွာပြင်ဆင်ခြင်းမရှိမချင်း အဆောတလျင်မပြုလုပ်ရပေ။ Ministry of Healing, p. 358.

–၀–

# မယုံကြည်သောသူတို့နှင့်စေ့စပ် ကြောင်းလမ်းခြင်း – ၁၅၀

ချစ်သောညီမ၊ သင်နှင့်ဘာသာချင်းမတူသောသူတစ်ယောက်ကို အိမ်ထောင်ပြုဖို့ရန်ကြံစည်နေကြောင်း ကျွန်ုပ်ကြားသိရပါသည်။ ဤအရေးကြီး သောကိစ္စကို သင်သည် သေချာစွာချင့်ချိန်လုပ်ကိုင်ခြင်းမပြုဟု ကျွန်ုပ်ယူဆ ပါသည်။ သင်၏အနာဂတ်အသက်တာကို ဩဇာသက်ရောက်စေမည့်အရာကို ရှေ့သို့ခြေလှမ်းတစ်လှမ်းတိုးမသွားမီ၊ သင်သည် ဤကိစ္စနှင့်စပ်ဆိုင်၍ ဆု တောင်းပြီးလျှင် သေသေချာချာစဉ်းစားဆင်ခြင်ဖို့ရန် ကျွန်ုပ်သင့်အားတိုက် တွန်းပါသည်။ ဤအသစ်သောပေါင်းဖက်ခြင်းသည် မှန်ကန်သော ပျော်မွေ့ခြင်း ၏အစဖြစ်မည်လား။ သင်၏ခရစ်ယာန်အသက်တာ၌ သင့်အဖို့ မစခြင်းဖြစ်မည် လား။ ဘုရားသခင်၏စိတ်တော်နှင့် တွေ့နိုင်မည်လား။ သင်၏ ပုံသက်သေ သည် အခြားသောသူများလျှောက်လိုက်ဖို့ရန် လုံခြုံခြင်းတစ်ရပ် ဖြစ်မည်လား။

## မေတ္တာကိုစမ်းသပ်ခြင်းများ

အမျိုးသမီးတိုင်းတို့သည် မင်္ဂလာမဆောင်မီ သူမ၏မွန်မြတ်သော အနာဂတ်ကာလကို ယုံကြည်စွာအပ်နှံရမည့်သူသည် ထိုက်တန်သောသူ တစ်ယောက်ဖြစ်၊ မဖြစ်ကို စုံစမ်းရပေမည်။ သူ၏အတိတ်ကာလမှတ်တမ်း သည် မည်ကဲ့သို့ရှိခဲ့သနည်း။ သူ၏အသက်တာသည် သန့်ရှင်းခြင်းရှိသလား။ သူဖော်ပြသောသူ၏မေတ္တာသည် မြင့်မြတ်ခြင်း၊ မြင့်မားခြင်းစာရိတ္တရှိသလား။ သို့မဟုတ် စိတ်ထကြွနေသောတပ်မက်ခြင်းသာဖြစ်သလား။ ထိုသူ၌ သူမ၏ အသက်တာကို ပျော်ရွှင်စေနိုင်မည့် ထူးခြားသောအမူအရာများရှိသလား။ သူ၏မေတ္တာ၌ သူမသည် ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းကို တွေ့နိုင်

မည်လား။ သူမသည် မိမိ၏စိတ်သဘောအတိုင်း လွတ်လပ်စွာနေနိုင်မည် လား။ သို့မဟုတ် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ သူမခင်ပွန်း၏အဆုံး အဖြတ် ကိုခံယူ၍၊ သူ့သဘောအတိုင်း နေထိုင်ရမည်လား။ သူမသည် ခရစ်တော်၏ တပည့်တော်ဖြစ်သောကြောင့် သူမကိုယ်ကိုသူမမပိုင်၊ သူမ ကိုအဖိုးနှင့်ဝယ် တော်မူခဲ့ပြီ။ ကယ်တင်ရှင်၏တောင်းဆိုခြင်းသည် အကြီး ဆုံးဖြစ်သည်ဟု သူမသည် ဂုဏ်ပြုနိုင်သလား။ ကိုယ်ခန္ဓာနှင့်အသက်ဝိညာဉ် အထင်အမြင်များ နှင့်အကြံအစည်များကို စင်ကြယ်၍သန့်ရှင်းအောင်ထားနိုင် မည်လား။ ဤ မေးခွန်းများသည် မင်္ဂလာဆောင်ခြင်းကိစ္စကို ခံယူသောမိန်း မတိုင်း သူတို့၏ ကောင်းစားရေးအတွက် အလွန်အရေးကြီးသောမေးခွန်းများ ဖြစ်သည်။

ဘာသာတရားကို အိမ်ထောင်စု၌လိုအပ်သည်။ ဤအရာကသာလျှင် အိမ်ထောင်၏အသက်တာ၌ တွေ့ကြုံခံစားရသော ကြီးကျယ်သည့်မှားယွင်း ခြင်းများကို တားဆီးနိုင်လေသည်။ ခရစ်တော်အုပ်စိုးသောနေရာ၌သာလျှင်၊ နက်ရှိုင်းမှန်ကန်၍ ကိုယ်ကျိုးမရှာသောမေတ္တာရှိနိုင်သည်။ အသက်ဝိညာဉ် တစ်ခုနှင့်တစ်ခု ချည်နှောင်ထားခြင်းရှိ၍ အသက်တာနှစ်ခုသည် ညီညွတ်ခြင်း ရှိလိမ့်မည်။ ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် အိမ်ထောင်စု၌ ဧည့်သည်များဖြစ်ကြ၍၊ သူတို့၏သန့်ရှင်းသောစောင့်ရှောက်ခြင်းသည် ဇနီး မောင်နှံတို့၏မင်္ဂလာအခန်းကို သန့်ရှင်းစေလိမ့်မည်။ ယုတ်ညံ့သောအာရုံ ခံစားခြင်းသည် ပယ်ရှင်းသွားလိမ့်မည်။ အကြံအစည်များသည် ဘုရားသခင် ရှိတော်မူရာ အထက်အရပ်သို့ရောက်၍၊ စိတ်၏ဝတ်ပြုကိုးကွယ်ခြင်းသည် ကိုယ်တော်၌သာရှိလိမ့်မည်။

## နားမထောင်ခြင်း၏ရလဒ်များ

စိတ်နှလုံးသည် လူတို့၏ချစ်ခြင်းမေတ္တာကို တောင့်တသည်။ သို့သော် လည်း ဤချစ်ခြင်းမေတ္တာသည် သခင်ယေရှု၏ချစ်ခြင်းမေတ္တာနေရာ၌ အစားဝင် နိုင်ဖို့ရန် ခိုင်ခံ့ခြင်း၊ စင်ကြယ်ခြင်းနှင့်အဖိုးထိုက်တန်ခြင်းမရှိပေ။

ဇနီးဖြစ်သူသည် ကယ်တင်ရှင်၌သာလျှင် အသက်တာ၏ပူပန်ခြင်းများ၊တာဝန်ဝတ္တရားများနှင့် ဝမ်းနည်းခြင်းများကိုတွေ့ဆုံဖို့ရန် အသိပညာ၊ ခွန်အားနှင့်ကျေးဇူးတော်ကို တွေ့ရှိနိုင်သည်။ သူမသည် ကိုယ်တော်ကိုသာ သူမ၏ခွန်အားနှင့်လမ်းပြအဖြစ် ထားဖို့ရန်သင့်သည်။ အမျိုးသမီးသည် လောကနှင့်ဆိုင်သောမိတ်ဆွေတစ်ဦးတစ်ယောက်အား မိမိ၏အသက်တာကိုမပေးအပ်မီ ရှုပ်ထွေးခြင်းမှကင်းရှင်းဖို့ရန်၊ ခရစ်တော်အားပေးအပ်ခြင်းရှိရမည်။ မှန်ကန်သောပျော်မွေ့ခြင်းကိုတွေ့သောသူတို့သည် သူတို့ပိုင်ဆိုင်သောအရာအားလုံးနှင့်သူတို့လုပ်ကိုင်သောအရာအားလုံးတို့၌ ကောင်းကင်နိုင်ငံတော်၏ကောင်းချီးမင်္ဂလာရှိရမည်။ ဘုရားသခင်၏စကားတော်ကို နားမထောင်သောကြောင့်မြောက်မြားစွာသောစိတ်နှလုံးများနှင့် အိမ်ထောင်စုများတို့၌ စိတ်ဆင်းရဲခြင်းဒုက္ခနှင့် တွေ့ဆုံနေရကြသည်။ ကျွန်ုပ်ချစ်သောညီမ၊ သင်သည် ခရစ်တော်အစဉ်ရှိနေသောအိမ်ထောင်စု၌ နေထိုင်နိုင်ဖို့ရန်အခွင့်အရေးမရှိပါက၊ ဘုရားသခင်၏ရန်သူဖြစ်သောသူနှင့် သင်၏ကိုယ်ကို မည်သည့်အခါမျှ ချည်နှောင်ခြင်းမပြုပါနှင့်။

တရားစီရင်ရာနေ့၌ ဤစကားများကိုကြားနာဖို့ရန်ရှိသောကြောင့် သင်လှမ်းမည့်ခြေလှမ်းကို စဉ်းစားဆင်ခြင်၍လှမ်းရန် သင့်ကိုကျွန်ုပ်ပန်ကြားအပ်ပါသည်။ သင်၏ကိုယ်ကို အောက်ပါအတိုင်းမေးမြန်းပါ။ "မယုံကြည်သောလင်ယောက်ျားသည် ကျွန်မ၏အကြံအစည်များကို သခင်ယေရှုမှဝေးကွာသွားစေမည်လား။ သူသည် ဘုရားကိုချစ်သည်ထက် အပျော်အပါးကို ပို၍ချစ်ခင်သောသူဖြစ်သောကြောင့် သူနှစ်သက်မြတ်နိုးသောအရာများ၌ ကျွန်မလည်း နှစ်သက်မြတ်နိုးခြင်းရှိဖို့ရန် လမ်းပြမည်မဟုတ်လော။" ထာဝရအသက်တာသို့သွားသောလမ်းသည် မတ်စောက်၍ကြမ်းတမ်းသည်။ သင်၏တိုးတက်ခြင်းကိုဟန့်တားစေမည့် ဝန်ထုပ်အပိုအမိုများကို သယ်ဆောင်မသွားပါနှင့်။

အချိန်များစွာနောက်မကျမီ၊ သင်တွေ့ဆုံရမည့်ဘေးအန္တရာယ်အကြောင်းနှင့်စပ်ဆိုင်၍ သင့်ကိုကျွန်ုပ်သတိပေးလိုပါသည်။ နားဝင်ချိုပြီးသင်၏စိတ်ကြိုက်

စကားများကိုလည်းနားထောင်၍၊ အားလုံးအဆင်ပြေလိမ့်မည်ဟု သင်ထင်မှတ်ယူဆနေသည်။ သို့သော်လည်း ဤကဲ့သို့နားဝင်ချိုသောစကားများကို ပြောဆိုခြင်း၏ရည်ရွယ်ချက်များကို သင်သည်မသိရှိပေ။ စိတ်နှလုံးထဲ၌ ဝှက်ထားသောဆိုးညစ်ခြင်း၏နက်ရှိုင်းခြင်းကို သင်သည်မတွေ့မြင်နိုင်ပေ။ အဖြစ်အပျက်များတို့၏နောက်ကွယ်ရာမှနေ၍ သင့်အသက်ဝိညာဉ်ကိုရရှိဖို့ရန် စာတန်ထောင်ထားသော ညွှတ်ကွင်းများကို သင်မတွေ့မြင်ပေ။ သင့်ထံသို့လွယ်ကူ စွာဝင်နိုင်ဖို့ရန်၊ စုံစမ်းနှောင့်ယှက်ခြင်းအမျိုးမျိုးဖြင့် လုပ်ကိုင်လိမ့်မည်။ဘုရားသခင်သည် မိမိကျွန်တို့၏စိတ်များအပေါ်၌လှုပ်ရှားနေစဉ်၊ စာတန်သည် နားမထောင်သောကလေးများမှနေ၍ လုပ်ကိုင်နေသည်။ ခရစ်တော်နှင့် ဗေလျာလစပ်ကြား၌ နားလည်ခြင်းမရှိပေ။ နှစ်ဦးလုံးသည် ညီညွတ်ခြင်း မရရှိနိုင်ပေ။ မယုံကြည်သောသူတစ်ယောက်နှင့် ဆက်သွယ်ခြင်းသည် သင့်ကိုယ်ကို စာတန်၏မြေပေါ်၌ ရပ်နေစေခြင်းပင်ဖြစ်သည်။ သင်သည် ဘုရားသခင်၏ဝိညာဉ်တော်ကို စိတ်နာစေ၍ ကိုယ်တော်၏စောင့်ရှောက်ခြင်း ကို အဆုံးခံလိုက်ခြင်းပင်ဖြစ်သည်။ ထာဝရအသက်ကိုတိုက်ခိုက်ရာ၌ ဤ မျှလောက်ဘက်မညီခြင်းကို သင်သည် အခွင့်ပြုနေသလား။

## ပျက်ပြယ်သွားသောစေ့စပ်ကြောင်းလမ်းခြင်း

"ကျွန်ုပ်သည် ကတိပေးပြီးပါပြီ။ ယခုအချိန်ကျမှ ကျွန်ုပ်နောက်သို့ဆုတ်ရမလား" ဟု သင်ပြောဆိုပေမည်။ ကျွန်ုပ်၏အဖြေမှာ၊ သင်ပေးခဲ့သောကတိသည် သမ္မာကျမ်းစာနှင့်ဆန့်ကျင်ဘက်ဖြစ်နေခဲ့လျှင်၊ အချိန်နောက်မကျစေဘဲ ကတိကိုဖျက်လိုက်ပါ။ ယင်းနောက် သင်၏မိုက်မဲသောအပြုအမူ အတွက်ဘုရားသခင်၏ရှေ့တော်၌ နှိမ့်ချသောစိတ်ဖြင့် နောင်တရပါ။ ထိုသို့ သောကတိကို မဖျက်ဘဲထား၍ ဘုရားသခင်၏ဂုဏ်တော်ကို ညှိုးငယ်စေမည့်အစား၊ ဘုရားသခင်ကိုကြောက်ရွံ့သောသဘောဖြင့် ပြန်၍ဖျက်သိမ်းလိုက်ပါက ပို၍ကောင်းပေမည်။

သတိရပါ၊ သင်၌ကောင်းကင်နိုင်ငံတော်ကို အောင်မြင်ဖို့ရန်ရှိ၍၊ ပွင့်နေသည့်လုံးလုံးပျက်စီးခြင်းလမ်းကို ရှောင်ရှားရန်ရှိနေသည်။ ဘုရားသခင်

မိန့်တော်မူသည့်အတိုင်း ဖြစ်ရမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ရှေးဦး မိဘများတို့အား ကောင်းမကောင်းသိကျွမ်းရာအသီးကို မစားဖို့ရန်တားမြစ် ထားသောအခါ၊ သူတို့၏နားမထောင်ခြင်းသည် ပျက်စီးခြင်းရေလွှဲပေါက်များ ကို လောကကြီးသို့ဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင် နှင့်ဆန့်ကျင်ဘက်လျှောက်သွားပါက ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်ဆန့်ကျင် ဘက်လျှောက်သွားတော်မူလိမ့်မည်။ မည်သည့်အဖိုးကိုပေးရစေကာမူ၊ ကိုယ်တော် ရှင်အလိုရှိတော်မူသောအရာအားလုံးကို နားထောင်ခြင်းသည် ကျွန်ုပ်တို့အဖို့စိတ် အချရဆုံးသောလမ်းသာလျှင်ဖြစ်သည်။ အားလုံးတို့သည် မကုန်ဆုံးနိုင်သော မေတ္တာတော်နှင့်ဥာဏ်တော်၌ အခြေပြုသည်။ Testimonies for the Church, vol. 5, pp. 361-365.

## ရင့်ကျက်သောပိုင်းခြားဝေဖန်ချက်လိုအပ်ခြင်း

အသင်းအဖွဲ့၏ကောင်းမွန်ခြင်းနှင့် ကျောင်းသားများတို့၏အမြင့်ဆုံး သော စိတ်ဝင်စားခြင်း၏တောင်းဆိုခြင်းများ၌လည်းကောင်း၊ လူငယ်တို့၏ စာရိတ္တသည် မကြီးပွားမီအချိန်၌လည်းကောင်း၊ ဝေဖန်ခြင်းသည်လည်း မရင့် ကျက်သေးသောအချိန်၌လည်းကောင်း၊ မိဘများတို့၏အုပ်ထိန်းခြင်းအောက်မှ လွတ်ကင်းနေသောအချိန်၌လည်းကောင်း၊ သူတို့သည် မိမိတို့အဖို့ ရာသက် ပန်ကြင်ဖော်ကို ရွေးချယ်ဖို့ရန်ကြိုးစားအားထုတ်ခြင်း မပြုလုပ်အပ်ပေ။

လူငယ်တို့ကို စုံစမ်းနှောင့်ယှက်ခြင်းမှ အကာအကွယ်ပေးလျက် အသုံးဝင်သောအသက်တာအဖို့ ပြင်ဆင်ပေးဖို့ရန် ရှာဖွေနေသောသူများသည် ကောင်းသောအလုပ်ကို လုပ်ကိုင်နေသောသူများဖြစ်ကြသည်။ လူငယ်များ၌ စည်းကမ်းဘောင်ရှိဖို့ရန် သွန်သင်ပေးသောအဖွဲ့များကိုတွေ့မြင်ရ၍ ကျွန်ုပ် သည် ဝမ်းသာခဲ့သည်။ သွန်သင်ဆုံးမပဲ့ပြင်နေသောသူများသည် အောင်မြင် ခြင်းနှင့်တွေ့ဆုံနိုင်ကြပါစေ။ Fundamentals of Christian Education, pp. 62, 63.

—၀—

# အကြံဉာဏ်နှင့်လမ်းပြခြင်းကို လိုအပ်ခြင်း – ၁၅၁

ဘေးအန္တရာယ်နှင့်တရားလက်လွတ်နေသော ဤအချိန်အခါမျိုး၌ ငယ်ရွယ်သောသူများသည် စုံစမ်းနှောင့်ယှက်ခြင်းနှင့် စစ်ဆေးခြင်းအမျိုးမျိုး တို့ကို ရင်ဆိုင်နေရကြသည်။ အများသောလူငယ်တို့သည် ဘေးအန္တရာယ် များသောဆိပ်ကမ်း၌ ရွက်လွင့်နေကြသည်။ သူတို့သည် ရေကြောင်းပြတစ် ယောက်ကို လိုအပ်နေသည်။ သို့သော်လည်း သူတို့သည် အလွန်လိုအပ်နေ သောမစခြင်းကိုလက်ခံရန် မလေးမခန့်ပြုလုပ်နေကြ၍၊ သူတို့ကိုယ်ကို ကြည့် ရှုရန် နိုင်သည်ဟု ထင်မြင်နေကြသည်။ သူတို့သည် များမကြာမီဖုံးကွယ် နေသောကျောက်ကိုတိုက်မိ၍ ယုံကြည်ခြင်းနှင့်ပျော်ရွှင်ခြင်းသဘော်သည် နစ်မြုပ် သွားတော့မည့်အကြောင်းကို မသိမမြင်ကြပေ။ သူတို့သည် သမီးရည်း စား အခြေအနေနှင့် မင်္ဂလာဆောင်ဖို့လောက်ကိုသာ စဉ်းစားနေကြ၍၊ သူတို့၏ အရေးအကြီးဆုံးသောအရာသည် သူတို့သဘောအတိုင်း လုပ်ကိုင်ဖို့ရန်ဖြစ်သည်။ သူတို့၏အသက်တာတွင် ဤအရေးအကြီးဆုံးသောအချိန်၌ မမှားယွင်းနိုင်သော အကြံပေးသူနှင့် မချွတ်ယွင်းနိုင်သောလမ်းပြကို လိုလျက်ရှိသည်။ ဤအရာကို သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်၌သာတွေ့ရမည်။ သူတို့သည် ထိုနှုတ်ကပတ်တော်ကို ကြိုးစား၍လေ့ကျက်သောသူများမဖြစ်ပါက၊ အလွန်ကြီး ကျယ်သောအမှားများကို ပြုလုပ်ကြလိမ့်မည်။ သူတို့၏ ယခုအသက်တာနှင့် နောင်အသက်တာ၌လည်းကောင်း၊ အခြားသောသူတို့၏ ယခုအသက်တာနှင့် နောင်အသက်တာ၌လည်းကောင်း ပျော်ရွှင်ခြင်းသည် ပျက်စီးသွားလိမ့်မည်။

အများသောသူတို့သည် စိတ်ပြင်းထန်၍ခေါင်းမာသောအခြေအနေ ၌ ရှိကြသည်။ သူတို့သည် ဘုရားသခင်၏ပညာရှိသောအကြံပေးခြင်းကို နားထောင် ခြင်းမရှိကြပေ။ ကိုယ့်ကိုကိုယ်တိုက်ခိုက်၍ အဖိုးထိုက်တန်သော အောင်မြင် ခြင်းများကို မရရှိကြပေ။ သူတို့၏မာနထောင်လွှား၍ တင်းမာသော

အလိုဆန္ဒသည် တာဝန်ဝတ္တရားနှင့်နားထောင်ခြင်းလမ်းမှ သူတို့ကိုလွဲသွားစေခဲ့လေပြီ။ ငယ်ရွယ်သောလူငယ်များတို့၊ သင်တို့၏အတိတ်ကာလအသက်တာကို ပြန်ကြည့်ရှု၍၊ ဘုရားသခင်၏နှုတ်ကပတ်တော်အလင်းဖြင့် သင်၏သွားရာလမ်းကို သစ္စာရှိစွာစဉ်းစားကြည့်ပါ။ သင်သည် သမ္မာကျမ်းစာမှအမိန့်ပေးသောအရာများနှင့် သင်၏မိဘတို့အား သင်ပြုအပ်သောတာဝန်များကို နှစ်သက်မြတ်နိုးလျက် စိတ်ပါစွာဖြင့်လိုက်လျှောက်နေသလား။ သင့်ကိုနို့စို့သူငယ် အရွယ်မှစ၍ ကြည့်ရှုစောင့်ရှောက်လာသောမိခင်ကို ကြင်နာခြင်း၊ ချစ်ခြင်းဖြင့် သင်သည်ပြုစုခဲ့သလား။ သင်သည် သူမ၏အလိုဆန္ဒများကို ဂရုစိုက်ခဲ့သလား။ သို့မဟုတ် သင်၏အလိုဆန္ဒများနှင့်အကြံအစည်များအတိုင်း လိုက်လျှောက်ခြင်းဖြင့် သူမ၏စိတ်၌ နာကျင်ခြင်းနှင့်ဝမ်းနည်းခြင်းများကို ဖြစ်စေခဲ့သလား။ သင်ယုံကြည်သောသမ္မာတရားသည် သင်၏စိတ်နှလုံးကိုသန့်ရှင်းစေခြင်းဖြင့် စိတ်အလိုကိုပျော့ပျောင်း၍ နှိပ်ကွပ်ထားခြင်းရှိသလား။ အကယ်၍ မပြုလုပ်သေးပါက၊ အတိတ်ကာလ၏အမှားများကို ပြန်၍မှန်ကန်အောင်ပြုပြင်ဖို့ရန် သင်၌အလွန်အရေးကြီးသောအလုပ်ရှိနေသည်။

## စုံလင်သောလမ်းပြတစ်ယောက်

သမ္မာကျမ်းစာသည် စုံလင်သောစာရိတ္တအဆင့်အတန်းကို ဖော်ပြသည်။ ဘုရားသခင်၏ဝိညာဉ်တော်မှုတ်သွင်း၍ သန့်ရှင်းသောလူများရေးသားထားသည့် ဤရှိသေဖွယ်သောစာအုပ်သည် အသက်တာ၏အကြောင်းအရာအားလုံးတို့အတွက် စုံလင်သောလမ်းပြတစ်ခုပင်ဖြစ်သည်။ လူငယ်နှင့်လူကြီးများတို့ လုပ်ကိုင်ဆောင်ရွက်ရမည့်ဝတ္တရားကြီးများကို ထင်ရှားပြတ်သားစွာဖော်ပြထားသည်။ အသက်တာ၏လမ်းပြအဖြစ်ထားခဲ့လျှင်၊ ယင်း၏သွန်သင်ချက်များသည် အသက်ဝိညာဉ်ကို အထက်သို့ပို့ဆောင်လိမ့်မည်။ ယင်းသည် စိတ်ကိုမြှင့်တင်ပေးခြင်း၊ စာရိတ္တကိုတိုးတက်ကောင်းမွန်စေခြင်း၊ စိတ်နှလုံးကို ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းပေးလိမ့်မည်။ သို့သော်လည်း အများသော

လူငယ်များတို့သည် မိမိတို့ကိုယ်ကို သူတို့၏အကြံပေးသောသူနှင့် လမ်းပြများအဖြစ်ရွေးချယ်၍၊ သူတို့၏ကိစ္စများကို သူတို့ကိုယ်တိုင်ဆုံးဖြတ်ကြသည်။ ထိုသို့သောသူများသည် သမ္မာကျမ်းစာ၏သွန်သင်ချက်များကို စေ့စပ်စွာ လေ့လာသင့်ပေသည်။ သမ္မာကျမ်းစာအုပ်၏အခန်းများ၌ သူတို့၏မိဘများအား ပြုလုပ်ပေးရမည့်ဝတ္တရားများနှင့် ယုံကြည်ခြင်း၌ရှိသော ညီအစ်ကိုအချင်းချင်းတို့အား ပြုလုပ်ပေးရမည့်အကြောင်းအရာများပါရှိသည်။ ပထမပညတ်တော်၌၊ "သင်၏ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူသောပြည်၌ သင်၏အသက်တာရှည်မည်အကြောင်း သင်၏မိဘကိုရိုသေစွာပြုလော့။" တစ်ဖန်ဖတ်ရှုရသည်မှာ၊ "သားသမီးတို့၊ သခင်ဘုရား၏အလိုတော်နှင့်အညီ မိဘစကားကို နားထောင်ကြလော့။ မိဘစကားကိုနားထောင်ခြင်းအမှုသည် တရားသောအမှုဖြစ်၏။"

ကျွန်ုပ်တို့သည် ဤနောက်ဆုံးသောအချိန်၌ နေထိုင်လျက်ရှိကြောင်း နိမိတ်လက္ခဏာတစ်ခုမှာ၊ ကလေးများသည် မိဘစကားကိုနားမထောင်ခြင်း၊ ကျေးဇူးမတင်တတ်ခြင်းနှင့် သန့်ရှင်းခြင်းမရှိခြင်းများကို တွေ့မြင်ရခြင်းပင်ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် မိဘများကိုရိုသေရန် အမိန့်များနှင့်ကျင့်ဝတ္တရားများဖြင့် ပြည့်ဝလျက်ရှိသည်။ လူငယ်တို့သည် သူတို့အား ငယ်စဉ်အချိန်ကစ၍ ကြည့်ရှုပြုစုလမ်းပြလာသောသူများကို ချစ်မြတ်နိုး၍၊ ယခုအချိန်သူတို့တွင် ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ဝမ်းသာခြင်းရှိဖို့ရန် သားသမီးများအပေါ်၌ မှီခိုနေရကြောင်းကို လူငယ်တို့အားဖော်ပြ ထားလေသည်။ သမ္မာကျမ်းစာသည် ဤအကြောင်းနှင့်စပ်ဆိုင်၍ သေချာစွာ ဖော်ပြထားသော်လည်း လိုက်နာခြင်းမပြုကြပေ။

ငယ်ရွယ်သောသူများ၌ သင်ခန်းစာသင်ကြားဖို့ရန်များစွာရှိသည်။ အရေးအကြီးဆုံးသောသင်ခန်းစာမှာ သူတို့ကိုယ်ကိုသိကျွမ်းဖို့ရန်ပင်ဖြစ်သည်။ သူတို့သည် သူတို့၏မိဘများတို့အား လုပ်ကိုင်ပေးရမည့်တာဝန်များကို မှန်ကန်စွာသိရှိရမည်။ ၎င်းပြင် အစဉ်သဖြင့် ခရစ်တော်၏ကျောင်း၌ နူးညံ့ခြင်းနှင့် စိတ်နှလုံးနှိမ့်ချခြင်းကို သင်ကြားလေ့လာနေရမည်။ သူတို့သည် မိဘများကို

ချစ်၍ ဂုဏ်ပြုနေရမည့်အချိန်တွင်၊ အသင်းတော်၌ သူတို့နှင့်ဆက်သွယ်နေသော သူတို့၏ဆုံးဖြတ်စီရင်ခြင်းနှင့် ဗဟုသုတကိုရိုသေကြရမည်။

## ဂုဏ်ပြုဖွယ်ရာကောင်းသောအပြုအမူ

သူမ၏မိဘများမသိဘဲနှင့် မိန်းကလေးတစ်ယောက်၏မိတ်ဆွေဖြစ်ခြင်းကို ခံယူရရှိသောယောကျာ်းကလေးတစ်ယောက်သည် သူမ၏မိဘများကိုလည်းကောင်း၊ သူမကိုယ်တိုင်ကိုလည်းကောင်း၊ သူသည် မြင့်မြတ်သောယောကျာ်းကလေးတစ်ယောက်ဖြစ်ကြောင်း မပြသခဲ့ပေ။ သူသည် လျှို့ဝှက်သောဆက်သွယ်ခြင်းနှင့် တွေ့ဆုံခဲ့ရခြင်းအားဖြင့် သူမ၏စိတ်အပေါ်၌ ဩဇာသက်ရောက်စေခဲ့ပြီ။ ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် ဘုရားသခင်၏သားသမီးတိုင်းတို့၌ရှိအပ်သော အသက်ဝိညာဉ်၏ရိုးသားခြင်းနှင့်မြင့်မြတ်ခြင်းကိုဖော်ပြဖို့ရန်ပျက်ကွက်ခဲ့ပြီ။ သူတို့၏ရည်မှန်းချက်များ ပြည့်စုံနိုင်ဖို့ရန်၊ သမ္မာကျမ်းစာ၏အဆင့်အတန်းအတိုင်း ပွင့်ပွင့်လင်းလင်းမလုပ်ကိုင်ကြပေ။ သူတို့ကို သစ္စာရှိစွာစောင့်ထိန်းသောသူတို့အပေါ်၌ ကတိမတည်၊ မမှန်မကန်ပြုလုပ်ကြသည်။ ဤနည်းအတိုင်း မင်္ဂလာဆောင်ခြင်းများသည် ဘုရားသခင်၏ နှုတ်ကပတ်တရားတော်အတိုင်းမဟုတ်ပေ။ အကြင်သူသည် မိမိ၏သမီး တစ်ယောက်အားလုပ်ကိုင်ရမည့်ဝတ္တရားမှလမ်းလွဲသွားစေ၍၊ မိဘစကားကို နားထောင်ဖို့ရန်ဘုရားသခင်၏ပွင့်လင်းပြတ်သားသောအမိန့်များကို သူမ၌ ရှုပ်ထွေးအောင်ပြုလုပ်ပါက ထိုသို့သောသူသည် မင်္ဂလာဆောင်ခြင်းကိစ္စများ ၌လည်း မှန်ကန်စွာလိုက်နာစေလိမ့်မည်မဟုတ်။

"လူပျိုသည် မိမိသွားရာလမ်းကို မည်ကဲ့သို့သန့်ရှင်းစေနိုင်အံ့နည်း" ဟု မေးမြန်းသည်။ "ကိုယ်တော်၏နှုတ်ကပတ်တရားတော်အတိုင်း လိုက်နာ ရမည်" ဟု အဖြေပေးသည်။ သမ္မာကျမ်းစာကို မိမိ၏လမ်းပြအဖြစ်ထား သောလူငယ်သည် အလုပ်ဝတ္တရားနှင့်လုံခြုံခြင်းလမ်းကို လိုက်လျှောက်ရာ၌ မှားယွင်းစရာအကြောင်းမရှိပေ။ ထိုမင်္ဂလာရှိသောစာအုပ်သည် သူ၏စာရိတ္တ၌

ရိုးသားဖြောင့်မှန်ခြင်း၊ သစ္စာရှိခြင်းနှင့်လိမ်လည်ခြင်းမပြုဖို့ရန် သွန်သင်လိမ့်မည်။ သူ့ဥစ္စာကိုမခိုးနှင့်ဟု ဘုရားသခင်သည် လက်ညိုးတော်ဖြင့်ကျောက်ပြားနှစ်ပြားပေါ်၌ ရေးထားတော်မူသည်။ သို့တစေလည်း မသမာသောနည်းဖြင့်မည်မျှအချစ်ရေး၌ ခိုးကြောင်ခိုးဝှက်ပြုလုပ်နေခြင်းဖြင့် အပြစ်လွတ်ကင်းနေကြသနည်း။

လိမ်လည်သောနည်းဖြင့် လူပျိုအပျိုလှည့်ကြသည်။ လူသူမသိအောင်ဆက်သွယ်ကြ၍၊ မသိနားမလည်သော သူ၏လှည့်စားခြင်းနောက်သို့ ပါသွားကြသည်။ မိဘ၏အုပ်ထိန်းခြင်းကို ပစ်ပယ်လိုက်ကြသည်။ သမ္မာကျမ်းစာသည် ရိုးသားခြင်းမရှိသောအရာဟူသရွေ့ကို အပြစ်စီရင်၍ အရာခပ်သိမ်းအကြောင်းအမျိုးမျိုးတို့၌ မှန်ကန်စွာပြုလုပ်ရန်တောင်းဆိုသည်။ အကြင်သူသည် သမ္မာကျမ်းစာကိုမိမိ၏ငယ်ရွယ်ချိန်၌ လမ်းပြအဖြစ်ပြုလုပ်၍ သူ၏လမ်း၌အလင်းဖြစ်စေပါက၊ အရာခပ်သိမ်းတို့၌ သွန်သင်ခြင်းများကိုနားထောင်လိမ့်မည်။ အကျိုးအပြစ်၌ သူသည် ကြီးကျယ်သောအနစ်နာခံခြင်းများကိုပြုလုပ်ရငြားသော်လည်း တစ်စုံတစ်ခုကိုပြီးမြောက်စေနိုင်ဖို့ရန် သူသည်ပညတ်တော်၏စာတစ်လုံး၊ ဗိန္ဒုတစ်လုံးကိုမျှ ကျူးလွန်လိမ့်မည်မဟုတ်ပေ။ သူသည် ကျမ်းစာကိုသိမြင်၍၊ ထိုကျမ်းစာအုပ်မှသတ်မှတ်ထားသောလက်မှ လွဲသွားခဲ့လျှင် ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် သူ့အပေါ်၌မရှိနိုင်ကြောင်း သူသိမြင်သည်။ သူသည် ကောင်းစားတိုးပွားနေသည်ဟု အထင်အမြင်ရှိသော်လည်း သူစိုက်ပျိုးလိုက်သည့်အတိုင်း ဧကန်မုချရိတ်သိမ်းရမည်။

ဤလောကကြီး၏ခေတ်အချိန်၌ မတော်သင့်သောဆက်သွယ်ခြင်းများကို ပြုလုပ်သောသူတို့အပေါ်၌ ဘုရားသခင်၏ကျိန်ခြင်းသည် ကျရောက်လျက်ရှိနေသည်။ ဤအကြောင်းနှင့်စပ်ဆိုင်၍ သမ္မာကျမ်းစာမှသွန်သင်ချက်များတို့၌ အလင်းနည်းပါးခြင်းရှိခဲ့ပါက၊ ယခုအချိန်တွင် လူငယ်များတစ်ဦးနှင့်တစ်ဦး ဆက်သွယ်နေခြင်း၌ အပြစ်ဖြေလွှတ်ခွင့်ရှိပေသည်။ သို့သော်လည်း သမ္မာကျမ်းစာ၏လိုအပ်သောအချက်အလက်များသည် တစ်ပိုင်းတစ်စအမိန့်များမဟုတ်ပေ။ အကြံအစည်စကားနှင့်အပြုအမူတို့၌ စုံလင်သောစင်ကြယ်ခြင်း

ကိုတောင်းဆိုသည်။ ကိုယ်တော်၏နှုတ်ကပတ်တော်သည် ခြေရှေ့၌အလင်းဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကိုကျေးဇူးတင်ကြသည်။ သို့ဖြစ်၍ တာဝန်ဝတ္တရားလမ်းကို မည်သူမျှမှားယွင်းခြင်းမရှိရပေ။ လူငယ်များသည် ၎င်းစာအုပ်၌ပါရှိသော အကြံပေးချက်များကို လိုက်နာရမည်။ ဖော်ပြသောကျင့်ဝတ်တရားများမှ တိမ်းသွားခြင်း၌ ဝမ်းနည်းဖွယ်ရာကောင်းသော မှားယွင်းခြင်းများကိုဖြစ်စေသည်။

## ခိုင်မာသောဆုံးဖြတ်ချက်လိုအပ်ခြင်း

တည်ငြိမ်သောသဘောနှင့် စိတ်ထကြွခြင်းကင်းသောဆုံးဖြတ်ချက်ချရမည့်အရာတစ်ခုရှိမည်ဆိုပါက၊ ထိုအရာသည် အိမ်ထောင်ပြုခြင်းကိစ္စပင်ဖြစ်သည်။ သမ္မာကျမ်းစာကိုအကြံပေးသောအရာအနေဖြင့် လိုအပ်လာခဲ့ပါက၊ လူကိုတစ်သက်ပတ်လုံး ချည်နှောင်မည့်ခြေလှမ်းကို မလှမ်းမီအချိန်၌ပင်ယင်းကိုလိုအပ်ပေသည်။ သို့သော်လည်း ယခုအချိန်ဖြစ်ပျက်နေသောအ ခြေအနေမှာ စိတ်၌ဖြစ်ပေါ်လာခြင်းသာလျှင် အဓိကထား၍ပြုလုပ်ကြသည်။ ဤအကြောင်းကြောင့် အရူးအမူးချစ်ကြိုက်ခြင်းနောက်သို့လိုက်ခဲ့ရာ ပျက်စီး ခြင်းသို့ရောက်ရှိသွားကြသည်။ ဤကိစ္စ၌ လူငယ်များသည် အခြားကိစ္စ များထက် အသိဉာဏ်နည်းပါးကြသည်။ ဤကိစ္စ၌ သူတို့နှင့်ကျိုးကြောင်းပြောဆိုနှီးနှောဖို့ရန် ငြင်းပယ်ကြသည်။ မင်္ဂလာဆောင်ခြင်းကိစ္စသည် သူတို့၌ပြုစားထားသကဲ့သို့ ဖြစ်နေသည်။ သူတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်ထံ၌အပ်နှံခြင်းမပြုကြပေ။ သူတို့၏အာရုံများ၌ သံယောဇဉ်ဖြစ်လျက်ရှိသည်။ သူတို့၏အကြံအစည်များကိုအခြားသူများဝင်ရောက်နှောင့်ယှက်မည်ကိုစိုးရိမ်၍၊ ရှေ့သို့ တိတ်တဆိတ်ဆက်လက်လုပ်ကိုင်လျက်နေကြသည်။

လျှို့ဝှက်စွာလူပျိုလှည့်ခြင်းများနှင့် မင်္ဂလာဆောင်ခြင်းများသည် များစွာမှပင် စိတ်မချမ်းသာစရာများဖြစ်ပွားလာခဲ့ရာ၊ ဘုရားသခင်တစ်ပါးတည်းသာလျှင် ပြည့်စုံစွာနားလည်ပေမည်။ ဤကျောက်ဆောင်ပေါ်၌ လူပေါင်း

ထောင်ချီ၍ အသက်ဝိညာဉ်ပျက်စီးဆုံးရှုံးခြင်းဖြစ်ခဲ့ရလေပြီ။ မိမိတို့ကိုယ်ကို ခရစ်ယာန်များဖြစ်သည်ဟု ပြောဆိုသောသူများ၊ သူတို့၏အသက်တာများ၌ လည်း ရိုးသားခြင်းရှိခဲ့၍ အခြားသောကိစ္စအဝဝတို့၌ လိမ္မာရေးခြားခြင်းရှိကြ ငြားသော်လည်း၊ ဤနေရာ၌ ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် မှားယွင်းနေကြသည်။ အကျိုးအကြောင်းပြောဆိုသော်လည်း မပြောင်းလဲနိုင် သော ဆုံးဖြတ်ချက်ချထားကြသည့်အခြေအနေကို ပြသကြသည်။ သူတို့သည် လူတို့၏ခံစားရမည့်အခြေအနေ၌ များစွာစိတ်ဝင်စားခြင်းဖြစ်နေသောကြောင့် သမ္မာကျမ်းစာကိုရှာဖွေ၍ ဘုရားသခင်နှင့်နီးကပ်စွာလာဖို့ရန် ဆန္ဒမရှိကြပေ။

စာတန်သည် မည်သည့်အရာများဖြင့်လုပ်ကိုင်ရမည်ကိုသိမြင်၍၊ သူ၏ စဉ်းလဲသောဉာဏ်စွမ်းသတ္တိဖြင့် အသက်ဝိညာဉ်ကိုဖမ်းယူ၍ ဖျက်ဆီးပစ်ဖို့ရန် နည်းအမျိုးမျိုးကိုအသုံးပြုသည်။ သူသည် လှမ်းသွားသောခြေလှမ်းတိုင်းကို စောင့်ကြည့်နေသည်။ အကြံများစွာပေး၏။ ဘုရားသခင်၏နှုတ်ကပတ်တော် မှပေးသောအကြံများကို လိုက်နာမည့်အစား စာတန်၏အကြံများနောက်သို့ လိုက်ကြသည်။ ဤကောင်းမွန်သေသပ်စွာရက်ထားသော အန္တရာယ်ရှိသည့် ပိုက်ကွန်ကို လူငယ်များနှင့်သတိကင်းနေသောသူများကိုဖမ်းယူရန် လိမ္မာစွာ ပြင်ဆင်ထားသည်။ ရံဖန်ရံခါ အလင်းရောင်ဖြင့်ဖုံးအုပ်ထားသောကြောင့် အလိမ်ခံရသောသူတို့သည် မိမိတို့ကိုယ်ကို ဝမ်းနည်းခြင်းများဖြင့် ထိုးဖောက် ကြသည်။ ဤအကြောင်းကြောင့် ပျက်စီးဆုံးရှုံးနေသောသူများကို နေရာတိုင်း ၌တွေ့မြင်နိုင်သည်။

## မိဘများကိုတိုင်ပင်ခြင်း

ကျွန်ုပ်တို့၏လူငယ်များသည် မည်သည့်အချိန်၌လိမ္မာကြမည်နည်း။ ဤအလုပ်မျိုး အချိန်မည်မျှကြာအောင် လုပ်ကိုင်နေကြမည်နည်း။ လူငယ် များသည် သူတို့မိဘများကပေးသောအကြံနှင့် ပိုင်းခြားသိမြင်တတ်ခြင်းကို ပယ်၍ မိမိတို့၏ဆန္ဒနှင့်အလိုပါခြင်းများအတိုင်း ပြုမူကျင့်ကြံကြမည်လား။

အချို့တို့သည် မိမိတို့၏မိဘများထံမှ သူတို့၏အလိုဆန္ဒ (သို့မဟုတ်) နှစ်ခြိုက်ခြင်းကိုလည်းကောင်း၊ သို့မဟုတ် သူတို့၏ပြည့်စုံသောဆုံးဖြတ်ခြင်းကိုလည်းကောင်း လုံးဝတောင်းခံခြင်းမပြုကြပေ။ ကိုယ်ကျိုးရှာဖွေခြင်းသည် သားသမီးနှင့်ဆိုင်သောချစ်ခင်ခြင်းကို စိတ်နှလုံးမှလုံးဝဖယ်ရှားပစ်လိုက်ကြသည်။ ဤကိစ္စနှင့်စပ်ဆိုင်၍ ငယ်ရွယ်သောသူတို့၏စိတ်များ၌ ထကြွခြင်းရှိရမည်။ ပဥ္စမပညတ်တစ်ပါးတည်း၌သာလျှင် ကတိတော်ကိုပူးတွဲထားရှိသည်။ သို့သော်လည်း ပေါ့ပေါ့ဆဆသဘောထား၍ ချစ်သောသူတို့၏ တောင်းဆိုခြင်း၌ လုံးဝဂရုမစိုက်ဘဲထားလေသည်။ မိခင်တစ်ဦး၏ချစ်ခင်ခြင်းကို မထီမဲ့မြင်ပြုခြင်း၊ ဖခင်တစ်ဦး၏စောင့်ရှောက်ခြင်းကို ဂုဏ်ညှိုးစေခြင်းသည် အပြစ်များဖြစ်၍၊ အများသောလူငယ်တို့သည် ကျူးလွန်လျက်ရှိကြသည်။

ဤအကြောင်းအရာနှင့်စပ်ဆိုင်၍ အကြီးဆုံးသောမှားယွင်းခြင်းတစ်ရပ်သည် ငယ်ရွယ်၍ဗဟုသုတမကြွယ်ဝသေးသော သူတို့၏နှစ်သက်စုံမက်ခြင်းများ၌ နှောင့်ယှက်ခြင်းမရှိရ၊ သူတို့၏ချစ်မေတ္တာဗဟုသုတ၌ ဝင်ရောက်နှောင့်ယှက်ခြင်းမပြုရဟူသော ခံယူချက်ပင်ဖြစ်သည်။ ရှုထောင့်အဘက်ဘက်မှ ကြည့်ရှုရမည့်အကြောင်းအရာတစ်စုံတစ်ခုရှိသည်ဟု ပြောဆိုလာခဲ့လျှင်၊ထိုအကြောင်းသည် ဤချစ်ခြင်းကိစ္စပင်ဖြစ်ပေသည်။ အခြားသူများတို့၏ ဗဟုသုတများဖြင့် မစခြင်းအားဖြင့် သက်ဆိုင်ရာနှစ်ဦးနှစ်ဘက်သောသူတို့သည် ဤကိစ္စကို သေချာစွာချင့်ချိန်ကြည့်ရှုဖို့ရန် လိုအပ်ပေသည်။ အများသောသူတို့သည် ဤကိစ္စကို ပေါ့ပေါ့ဆဆအနေဖြင့် လုပ်ကြသည်။

ငယ်ရွယ်သောမိတ်ဆွေများတို့၊ ဘုရားသခင်နှင့် ဘုရားသခင်ကိုကြောက်ရွံ့သောမိဘတို့ထံ၌ အကြံဉာဏ်တောင်းခံပါ။ ဤကိစ္စနှင့်ပတ်သက်၍ဆုတောင်းပါ။ သဘောထားတိုင်းကို ချိန်ဆကြည့်ပါ။ သင်၏မွန်မြတ်သောအသက်တာကာလကို ဆက်စပ်ထားမည့်သူ၏စာရိတ္တ၌ ကြီးပွားခြင်းတိုင်းကို စောင့်ကြည့်ပါ။ သင်လှမ်းမည့်ခြေလှမ်းသည် သင်၏အသက်တာ၌ အရေးကြီးဆုံးတစ်ခုဖြစ်သောကြောင့်၊ အလျင်တဆောမပြုလုပ်တန်ရာ။ သင်သည် ချစ်ခင်နိုင်သော်လည်း မျက်စိကန်းနေသောအချစ်မျိုး မဖြစ်ပါစေနှင့်။

သင်၏အိမ်ထောင်အသက်တာသည် ပျော်ရွှင်သောအသက်တာ ဖြစ်နိုင်၊ မဖြစ်နိုင် (သို့မဟုတ်) မညီညွတ်၊ စိတ်ဒုက္ခရောက်ခြင်းရှိ၊ မရှိကို သေချာစွာစစ်ဆေးကြည့်ရှုပါ။ ဤပူးပေါင်းခြင်းသည် ကျွန်ုပ်ကို ကောင်းကင်ဘုံ သို့ပို့ဆောင်မည်လား ဟူသောမေးခွန်းများကိုမေးမြန်းပါ။ ကျွန်ုပ်သည် ဘုရားသခင်ကို ပို၍ချစ်နိုင်မည်လား။ ဤအသက်တာ၌ ကျွန်ုပ်၏အသုံးဝင်ခြင်းအငန်းအတာကို ကျယ်ဝန်းစေမည်လား။ ဤစဉ်းစားချက်များ၌ ချွတ်ယွင်းခြင်းမရှိခဲ့လျှင် ဘုရားသခင်ကိုကြောက်ရွံ့သောသဘောဖြင့် ရှေ့သို့တိုးတက်သွားလော့။

သင်ပေါင်းသင်းဖို့ရန် ရည်ရွယ်ထားသောသူ၏စာရိတ္တကို ပြည့်စုံစွာ နားမလည်ဘဲနှင့် စေ့စပ်ကြောင်းလမ်းခြင်းပြုခဲ့သော်လည်း၊ ထိုစေ့စပ်ကြောင်းလမ်းထားခြင်းကြောင့် သင့်အဖို့မင်္ဂလာဆောင်၍မဖြစ်၊ သင်မချစ်မနှစ်သက်၍၊ မရှိသေနိုင်သောသူနှင့် တစ်သက်တာလုံးပေါင်းသင်းနေထိုင်ရမည်ဟုလည်း မထင်မြင်ပါနှင့်။ သင်သည် မည်ကဲ့သို့သောစည်းကမ်းချက်ဖြင့် စေ့စပ်ကြောင်းလမ်းထားသည်ကို သတိကြီးစွာထားရမည်။ အများသောသူတို့သည် မင်္ဂလာဆောင်ပြီးမှ ကွဲကွာသွားကြသကဲ့သို့မဖြစ်စေဘဲ မင်္ဂလာဆောင်ခြင်းကိုဖျက်သိမ်းလိုက်ပါက ပို၍ကောင်းသည်။

## မိခင်ကိုပြုစုခြင်း

မှန်သောချစ်ခြင်းသည် အပင်ငယ်နှင့်တူ၍ ပြုစုခြင်းလိုအပ်သည်။ ငြိမ်သက်ပြီးပျော်ရွှင်သော ပေါင်းသင်းခြင်းကိုအလိုရှိ၍၊ အနာဂတ်အချိန်၌ ရှုပ်ထွေးပွေလီခြင်းနှင့်ဝမ်းနည်းခြင်းမှ ကင်းလွတ်လိုသောမိန်းကလေးသည် သူမ၏မေတ္တာကိုမပေးအပ်မီ ငါ၏ချစ်သူ၌မိခင်ရှိသလားဟု မေးမြန်းစုံစမ်းရမည်။ သူမ၌မည်သည့်စာရိတ္တမျိုးရှိသနည်း။ သူသည် သူ့မိခင်ကိုလုပ်ကိုင်ပေးရမည့်တာဝန်များကိုသိသလား။ မိခင်၏အလိုဆန္ဒနှင့်ပျော်ရွှင်ခြင်းများကို ဂရုစိုက်သလား။ အကယ်၍ သူသည် မိခင်ကိုရိုသေခြင်းမရှိ၊ ဂုဏ်ပြုခြင်း

လည်းမရှိခဲ့လျှင်၊ သူ၏ဇနီးဖြစ်သူကိုရှိသေခြင်းနှင့်ချစ်ခြင်း၊ ကြင်နာခြင်းနှင့် ဂရုစိုက်ခြင်းရှိနိုင်မည်လား။ မင်္ဂလာဆောင်ခြင်း၏ထူးခြားသောအရသာသည် ပြီးဆုံးသွားသောနောက် သူသည် ကျွန်မကိုချစ်ခင်နေဦးမည်လား။ ကျွန်မ၏ မှားယွင်းခြင်းများကိုသည်းခံမည်လား (သို့မဟုတ်) အပြစ်တင်တတ်ခြင်း၊ မခံမရပ်နိုင်ခြင်းနှင့်အာဏာပေးနေခြင်းများ ပြုလုပ်နေမည်လား။ မှန်သောချစ်ခြင်းသည် မှားယွင်းခြင်းအများအပြားကို ဂရုမစိုက်ဘဲနေလိမ့်မည်။ မေတ္တာသည် ဤအရာများကိုမတွေ့မမြင်ပေ။

## စိတ်ဓာတ်ကိုက်တွန်းခြင်းကိုစိတ်မချရခြင်း

လူငယ်များသည် စိတ်ဓာတ်ကိုက်တွန်းခြင်းကို များစွာအားကိုးစိတ်ချခြင်းရှိကြသည်။ သူတို့သည် မိမိတို့ကိုယ်ကို ဤကဲ့သို့လွယ်ကူစွာမပေးအပ်သင့်ပေ။ သို့မဟုတ် ချစ်သူ၏ပြင်ပအမူအရာများ၏ဆွဲဆောင်ခြင်းနောက်သို့ လွယ်လင့်တကူမလိုက်နိုင်ပေ။ ယခုခေတ်အချိန်၌ လူပျိုလှည့်ခြင်းသည် လိမ်လည်ခြင်းနှင့်အယောင်ဆောင်ခြင်းသာဖြစ်၍၊ အသက်ဝိညာဉ်၏ရန်သူသည် ဘုရားရှင်ထက်ပို၍လုပ်ကိုင်ဖို့ရန်ရှိလေသည်။ ကောင်းမွန်ပိုင်းခြားတတ်သော ဉာဏ်ကို ဤနေရာ၌ များစွာလိုအပ်ပေသည်။ သို့သော်လည်း အမှန်မှာ ဤကိစ္စ၌ ၎င်းသည် အနည်းအကျဉ်းလောက်သာစပ်ဆိုင်လေသည်။

သားသမီးများသည် မိမိတို့၏မိဘများနှင့် ပိုမိုအကျွမ်းတဝင်ရှိ၍ သူတို့ကိုစိတ်ချအားကိုးပြီးလျှင် သူတို့၏ပျော်ရွှင်ခြင်းများနှင့်ဝမ်းနည်းခြင်းများကိုဖော်ပြပါက၊ အနာဂတ်အချိန်၌ သူတို့တွေ့ဆုံရမည့် ပြင်းထန်သောစိတ်ဒုက္ခရောက်ခြင်းမှ သက်သာရာရကြလိမ့်မည်။ မည်သည့်လမ်းသည် မှန်ကန်သောလမ်းဖြစ်ကြောင်းကို ဝေခွဲ၍မရသောအခါ၊ သူတို့တွေ့မြင်သည်အတိုင်း မိဘများထံသို့တင်ပြ၍၊ အကြံဉာဏ်တောင်းခံပါ။ ဘုရားတရားရှိသောမိဘများ ထက်မည်သူသည်ပို၍ သူတို့၏ဘေးအန္တရာယ်များကို ညွှန်ပြနိုင်မည်နည်း။ သားသမီးတို့၏ထူးခြားသောစိတ်နေသဘောထားကို မိဘများထက်မည်သူသည် ပို၍ သိရှိနိုင်လိမ့်မည်နည်း။

ခရစ်ယာန်ဖြစ်သောသားသမီးများသည် ဘုရားတရားရှိသောသူတို့ မိဘများ၏ချစ်ခြင်းနှင့်ချီးမွမ်းခြင်းကို လောကကြီး၏ကောင်းချီးမင်္ဂလာများထက် ပို၍နှစ်သက်ကြလိမ့်မည်။ မိဘများသည် သားသမီးများကိုကိုယ်ချင်းစာနာ၍၊ ဘုရားသခင်သည် သူတို့ကိုအကာအကွယ်ပေး၍ လမ်းပြဖို့ရန် သူတို့နှင့်အတူ တောင်းခံလိမ့်မည်။ သူတို့သည် အခြားအရာတို့ထက် သူတို့ကိုမည်သည့်အခါမျှမမေ့သောမိတ်ဆွေနှင့် အကြံပေးသောအရှင်ကို ညွှန်ပြလိမ့်မည်။ ကျွန်ုပ်တို့ကဲ့သို့ အရာရာ၌စုံစမ်းနှောင့်ယှက်ခြင်းခံရသော်လည်း၊ အပြစ်နှင့်ကင်းသောအရှင်သည် စုံစမ်းနှောင့်ယှက်ခြင်းခံရသောသူတို့အား မည်ကဲ့သို့ထောက်မရမည်ကို နားလည်တော်မူသည်။ Review and Herald, January 26, 1886.

## မြင့်မြတ်သောမေတ္တာ

သင်၏အသက်တာပူးပေါင်းခြင်း၌ သင်၏ချစ်ခင်ခြင်းများသည် တစ်ယောက်နှင့်တစ်ယောက်အပေါ်၌ ချောင်းလက်တက်များသဖွယ် ပျော်ရွှင်ခြင်းများသက်ရောက်ခြင်းရှိစေရမည်။ ဤအရာသည် သင်နှင့်စပ်ဆိုင်သော ဘုရားသခင်၏အလိုတော်ဖြစ်သည်။ သင်တို့သည် ကိုယ်နှစ်ကိုယ်စိတ်တစ်စိတ်ဖြစ်ဖို့ရန် ပေါင်းဖက်နေစဉ် သင်တို့နှစ်ဦးသည် တစ်ဦးအပေါ်၌တစ်ဦး အမှီပြုနေခြင်းကို မမေ့သင့်ပေ။ ဘုရားသခင်သည် သင်တို့တစ်ဦးချင်းကို ပိုင်တော်မူသည်။

ဘုရားသခင်အဖို့ အသက်ရှင်ဖို့ရန်၊ အသက်ဝိညာဉ်သည် ဘုရားသခင်အထံတော်သို့ ၎င်း၏အကောင်းဆုံးသောချစ်ခင်ခြင်းကို ပို့ဆောင်ခဲ့သည်။ သင့်အဖို့အသေခံတော်မူသောအရှင်အတွက် သင်၏အကောင်းဆုံးသောမေတ္တာကို ပို့သနေသလား။ သင်တို့သည် တစ်ဦးကိုတစ်ဦးချစ်ခြင်း၌ ကောင်းကင်နိုင်ငံတော်၏အမိန့်အတိုင်း ဖြစ်လိမ့်မည်။ Testimonies for the Church, vol. 7, pp. 45, 46.

–୦–

# အချိန်မတိုင်မီမင်္ဂလာဆောင်ခြင်း – ၁၅၂

ယောကျ်ားကလေးများနှင့်မိန်းကလေးများတို့သည် မရင့်ကျက်သေးသောချစ်ခြင်း၊ မစုံမလင်သေးသောပိုင်းခြားသိမြင်ခြင်း၊ မွန်မြတ်မြင့်မားသောခံစားမှုကိုမသိရှိဘဲ၊ လူငယ်တို့၏သဘာဝဆန္ဒအတိုင်းအိမ်ထောင်ပြုဖို့ရန် မိမိတို့ကိုယ်တိုင်စီမံတတ်ကြသည်။

## ငယ်ရွယ်စဉ်ပူးကပ်စွာနေထိုင်ခြင်း၏ဘေးအန္တရာယ်

သူငယ်ဘဝ၌ပူးကပ်စွာနေထိုင်ခြင်း၏အကျိုးအပြစ်သည် စိတ်ဒုက္ခရောက်စေသောစုံဖက်ခြင်းများ (သို့မဟုတ်) ရက်ဖွယ်ရာကောင်းသော ကွဲကွာခြင်းများကို ဖြစ်စေတတ်သည်။ မိဘများထံမှသဘောတူညီခြင်းကိုမရရှိဘဲ စောစီးစွာဆက်သွယ်ခြင်းများသည် မည်သည့်အခါမျှ ပျော်ရွှင်ခြင်းကိုမပေးနိုင်ပေ။ အသက်အရွယ်နှင့်ဗဟုသုတပြည့်ဝလာ၍ ဂုဏ်ရှိရှိနှင့်ဘေးကင်းစွာပြုလုပ်နိုင်ဖို့ရန် အချိန်ရောက်ရှိလာသည်တိုင်အောင် ငယ်ရွယ်သောသူတို့၏ချစ်ခင်ခြင်းကို ချုပ်တည်းထားရပေမည်။ ချုပ်တည်းခြင်းမရှိသောသူတို့သည် ပျော်ရွှင်ခြင်းမရှိ၊ ငြီးငွေ့ဖွယ်ရာကောင်းသောအသက်တာဖြင့် နေထိုင်နေရလိမ့်မည်။ မိမိကိုယ်တိုင် အသက်နှစ်ဆယ်မပြည့်သေးသော လူငယ်တစ်ယောက်သည် သူ့အသက်နှင့်တူညီသောသူကို မိမိအသက်တာတစ်လျှောက်လုံးအဖို့ ကြင်ဖော်အနေဖြင့် ကောင်းမွန်စွာစဉ်းစားခြင်းမပြုဘဲ ရွေးချယ်ခဲ့လေသည်။ သူတို့၏အသိအမြင်သည် ပိုမိုရင့်ရော်လာ၍၊ တစ်ဦးနှင့်တစ်ဦး ရာသက်ပန်ချည်နှောင်ထားခြင်းကို တွေ့မြင်လာသောအခါ၊ ယခင်အချိန်က ကောင်းမွန်စွာပြင်ဆင်ထားခြင်းမရှိသောကြောင့်လည်းကောင်း၊ တစ်ဦးကိုတစ်ဦး ပျော်ရွှင်ခြင်းမပေးနိုင်ခြင်းကြောင့်လည်းကောင်း၊ သူတို့၏အိမ်ထောင်ရေးအခြေအနေသည် ဆိုးရွားလာခဲ့လေသည်။ အိမ်ထောင်ဟူသောစကားသည် သူတို့အဖို့

သန့်ရှင်းခြင်းမရှိပေ။ မေတ္တာကင်းမဲ့သောစကားများ၊ ပြစ်တင်သောစကားများ အပြန်အလှန်ပြောဆိုခြင်းဖြင့် သူတို့၏ပတ်ဝန်းကျင်သည် မသာမယာရှိနေလိမ့်မည်။ A Solemn Appeal, pp. 11, 12 (Edition: Signs Publishing Company Limited).

–o–

# ပညာအမြော်အမြင်ရှိသော၊ ပညာအမြော်အမြင်ကင်းမဲ့သော မင်္ဂလာဆောင်ခြင်းများ – ၁၅၃

ယခုအချိန်၌ များစွာသောမကောင်းမှုများဖြစ်ပျက်နေခြင်းသည် အချိန်မတိုင်သေးသော မင်္ဂလာဆောင်ခြင်းများမှ ဖြစ်ပေါ်လာခဲ့လေသည်။ အသက်နုနယ်ခြင်း၊ ကိုယ်ကာယဖွံ့ဖြိုးခြင်းမရှိခြင်း၊ စိတ်သဘောမရင့်ကျက်သော အခြေအနေ၌ ရှိကြသည်ကိုတွေ့မြင်ရသည်။ ဤကိစ္စနှင့်စပ်ဆိုင်၍ များစွာ စဉ်းစားဆင်ခြင်ခြင်းကို မပြုကြပေ။ အများသောလူငယ်တို့သည် စိတ်၏ တိုက်တွန်းခြင်းနောက်သို့လိုက်၍ ပြုလုပ်ကြသည်။ ဤကဲ့သို့ သူတို့၏ အသက်တာအဖို့ ကောင်းသောဘက်၌ဖြစ်စေ၊ မကောင်းသောဘက်၌ဖြစ်စေ၊ ကောင်းချီးမင်္ဂလာဖြစ်စေ၊ ကျိန်ခြင်းဖြစ်စေ၊ ပြင်းထန်စွာထိခိုက်ခြင်းရှိသော အရာကို သူတို့သည် စိတ်၏တိုက်တွန်းချက်အတိုင်း မစဉ်းစားမဆင်ခြင်ဘဲ လုပ်ကိုင်တတ်ကြသည်။ အများသောသူတို့သည် အကြောင်းယုတ္တိနှင့် သွန်သင်ခြင်းများကို ခရစ်ယာန်ရှုထောင့်မှနေ၍ နားထောင်ခြင်းမပြုကြပေ။

မတော်သင့်၍ နည်းလမ်းမကျသောအိမ်ထောင်ပြုခြင်းကိစ္စများကြောင့် ယနေ့ကမ္ဘာကြီးသည် ဒုက္ခနှင့်အပြစ်များဖြင့် ပြည့်ဝလျက်ရှိသည်။ အများအားဖြင့် အိမ်ထောင်ကျပြီးနောက် အချိန်မကြာမီအတွင်း ယောကျ်ားနှင့်ဇနီးဖြစ်သူတို့သည် တစ်ဦးနှင့်တစ်ဦး ကြာရှည်စွာပေါင်းသင်းဆက်ဆံ၍မနေနိုင်ကြကြောင်းကို သိမြင်လာကြသည်။ သို့ဖြစ်၍ ကောင်းကင်ဘုံ၏မေတ္တာနှင့် မညီညွတ်ခြင်းသည် အိမ်ထောင်၌ပြိုပျက်၍ စိတ်သဘောကွဲလွဲခြင်းများ ဖြစ်ပေါ်စေခဲ့လေသည်။

အသေးအဖွဲ့အရာများတို့၌ သည်းခံခြင်းမရှိ၊ ငြင်းခုံတတ်ခြင်းကြောင့်၊ စိတ်နာသောသဘောသည် ဝင်ရောက်ခဲ့လေသည်။ စိတ်ဝမ်းကွဲပြားခြင်းများနှင့် ရန်တွေ့ခြင်းများသည် အိမ်ထောင်၌ မဖော်ပြနိုင်လောက်အောင်

စိတ်ဆင်းရဲခြင်းသို့ ရောက်စေခဲ့လေသည်။ သို့ဖြစ်၍ မေတ္တာနှောင်ကြိုးများဖြင့် စည်းလုံးညီညွတ်၍နေရမည့်အစား အကွဲကွဲအပြားပြားဖြစ်လျက်ရှိကြ သည်။ ဤနည်းဖြင့် ထောင်သောင်းမကသောသူတို့သည် မလိမ္မာသော အိမ်ထောင်ပြုခြင်းဖြင့် သူတို့၏အသက်ဝိညာဉ်နှင့်ကိုယ်ခန္ဓာကိုပါ အနစ်နာ ခံလိုက်ကြ၍၊ လုံးလုံးပျက်စီးခြင်းသို့ ရောက်ရှိသွားကြလေသည်။

## မညီသောထမ်းပိုး

လောကနှင့်မိတ်ဖွဲ့ခြင်းသည် ဘေးအန္တရာယ်ရှိသောအလုပ်ဖြစ်သည်။ ယောကျ်ားကလေးများနှင့်မိန်းကလေးများ အိမ်ထောင်ပြုကြသောအချိန်သည် သူတို့၏ဘာသာရေးဆိုင်ရာဗဟုသုတနှင့်အသုံးဝင်ခြင်း ရာဇဝင်ဆုံးခန်းရောက်သောအချိန်ဖြစ်ကြောင်းကို စာတန်သိသည်။ ခေတ္တခဏအချိန်လောက်သာ သူတို့သည် ခရစ်ယာန်တစ်ယောက်အသက်တာဖြင့် နေထိုင်ရန်ကြိုးစားကြမည်။ သို့သော်လည်း ထိုအချိန်၌ သူတို့သည် ဆန့်ကျင်ဘက်သို့သွားနေ ကြသည်။ တစ်ချိန်က သူတို့၏ဝမ်းမြောက်ခြင်းနှင့်မျှော်လင့်ခြင်းကို ပြောဆို ကြရာ၌ အခွင့်အရေးတစ်ခုပင်ဖြစ်သည်ဟု ယူဆကြသော်လည်း များမကြာမီ ဤအကြောင်းနှင့်စပ်ဆိုင်၍ပြောဆိုဖို့ရန် စိတ်ဆန္ဒမရှိတော့ပေ။ ဤကဲ့သို့ဖြစ်ရခြင်းမှာ သူတို့၏မွန်မြတ်သောကာလအတွက် ယခုသူတို့ဆက်သွယ်နေသော သူသည် ဤအရာများ၌ စိတ်ဝင်စားခြင်းမရှိသောကြောင့်ဖြစ်သည်။ ဤနည်း ဖြင့်စာတန်သည် အဖိုးထိုက်တန်သော သမ္မာတရား၌ယုံကြည်ခြင်းကို စိတ်နှလုံးမှဖယ်ရှား ပစ်လိုက်လေသည်။

စာတန်သည် လူငယ်ကိုရရှိဖို့ရန် သူ့အားအပြစ်သို့ကျရောက်စေသည်။ လူငယ်ကို မှန်ကန်ခြင်းလမ်းသို့ပို့ဆောင်ရာ၌ အသက်ဝိညာဉ်၏ရန်သူသည် ဤကဲ့သို့သောလုပ်ဆောင်ခြင်းကို အလွန်မုန်းတီးသည်။ ဘုရားသခင်နှင့် ခရစ်တော်ကို မှန်ကန်စွာပြသခြင်းအလုပ်ဟူသရွေ့ကို စာတန်သည် မုန်းတီးရွံ့ရှာသည်။ ကောင်းကင်နိုင်ငံတော်၏အလင်းကို ကောင်းမွန်စွာရရှိဖို့ရန်

အခြေအနေ၌ရှိသောသူတို့ကို စာတန်သည် အထူးသဖြင့် ကြိုးစား၍နှောင့်ယှက်သည်။ အကြောင်းမှာ သူတို့သည် ဘုရားသခင်နှင့်ဆက်သွယ်ခြင်းရရှိဖို့ရန် လှုပ်ရှားသောအခါတိုင်း၊ သူ၏စုံစမ်းနှောင့်ယှက်ခြင်းများကို ခုခံနိုင်ဖို့ရန် ဘုရားသခင်သည် လူငယ်တို့အား တန်ခိုးကိုပေးတော်မူသည်။ စာတန်သည် အလင်းကောင်းကင်တမန်အယောင်ဆောင်၍ လူငယ်များထံသို့ သူ၏အထူးထူးအပြားပြားသောနည်းလမ်းများဖြင့် လာရောက်ခဲ့၍၊ သူတို့ကို တဖြည်းဖြည်းအောင်မြင်ခဲ့လေသည်။

## မှန်ကန်သောအပေါင်းအဖော်

လူငယ်များသည် အချင်းချင်းပေါင်းဖော်ရာ၌၊ ထိုသို့ပေါင်းဖော်ခြင်းမှ ကောင်းချီးမင်္ဂလာတစ်ရပ် (သို့မဟုတ်) ကျိန်ခြင်းတစ်ရပ်ဖြစ်ပေါ်လာစေနိုင်လေသည်။ သူတို့သည် တစ်ဦးကိုတစ်ဦး ပါရမီတိုးပွားခြင်း၊ ခွန်အားပြည့်စေခြင်း၊ အနေအထိုင်ကောင်းမွန်ခြင်း၊ အသိပညာတိုးတက်ခြင်းများကို ပြုလုပ်ပေးနိုင်သည်။ သို့မဟုတ် သူတို့ကိုယ်ကိုဂရုမစိုက်။ သစ္စာမဲ့ခြင်းအားဖြင့် သူတစ်ပါးတို့အား အကျင့်စာရိတ္တပျက်ပြားခြင်းဖြစ်စေလိမ့်မည်။ The Youth's Instructor, August 10, 1899.

## အလျင်တဆောအိမ်ထောင်ပြုခြင်းများ

ဗဟုသုတမရှိသောလူငယ်များကို လျင်မြန်စွာအိမ်ထောင်သည်ဘဝသို့ရောက်စေဖို့ရန် စာတန်သည် အစဉ်သဖြင့် အလုပ်များလျက်ရှိသည်။ သို့သော်လည်း ဤကိစ္စ၌ ကျွန်ုပ်တို့သည် နေးနိုင်သမျှနေးအောင်ပြုလုပ်နိုင်ပါက သာ၍ကောင်းပေမည်။ အိမ်ထောင်ပြုခြင်း၏ရိုသေဖွယ်ဖြစ်ခြင်းနှင့် တာဝန်ဝတ္တရားများကို နားလည်သောအခါ၊ ကောင်းကင်နိုင်ငံတော်၏သဘော တူညီမှုကိုရရှိသည်သာမက၊ နှစ်ဦးနှစ်ဘက်ဖို့၌လည်း ပျော်ရွှင်ခြင်းဖြစ်ကြ၍၊ ဘုရားသခင်၏ဘုန်းတော်လည်း ထွန်းတောက်လိမ့်မည်။

မှန်သောဘာသာတရားသည် စိတ်ကိုမြင့်မြတ်စေသည်။ နေရာတကျ ပိုင်းခြားဝေဖန်တတ်သည်။ သန့်ရှင်းသောဆုံးဖြတ်ချက်ကို ပေးနိုင်သည်။ လက်ဝယ်ရှိသောသူကို စင်ကြယ်ခြင်းနှင့် ကောင်းကင်ဘုံ၏သြဇာသက်ရောက်မှုကို ယူတင်ဝတ်ဆောင်စေသည်။ ကောင်းကင်တမန်များကိုခေါ်ဖိတ်၍၊ လောကကြီး၏သဘောနှင့် သြဇာသက်ရောက်ခြင်းမှ ပို၍ကွဲကွာစေသည်။ Testimonies for the Church, vol. 2, pp. 252, 253.

## စာတန်၏အားပေးခြင်းဖြင့်အိမ်ထောင်ပြုခြင်း

တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း၌ လုံးဝပူးပေါင်းဖို့ရန်မတော်သင့်သောသူတို့ကို ပေါင်းဖက်ဖို့ရန် စာတန်သည် သြဇာပေးလျက်ရှိနေသည်။ သူသည် ဤအလုပ်မျိုးကိုလုပ်ကိုင်ဖို့ရန် အထူးဝမ်းသာသည်။ အခြားအရာများထက် ဤအလုပ်ဖြင့် လူသားတို့အပေါ်၌ ပို၍မျှော်လင့်ခြင်းကင်းသောဒုက္ခနှင့် စိတ်မချမ်းသာခြင်းကို ဖြစ်စေနိုင်သည်။ Testimonies for the Church, vol. 2, p. 248.

–o–

# မင်္ဂလာဆောင်ခြင်းနှင့်မင်္ဂလာ ဆောင်ပေးခြင်း – ၁၅၄

ဘုရားသခင်သည် လူကိုဤကမ္ဘာပေါ်၌နေထိုင်စေသည်။ သို့ဖြစ်၍ စားခြင်း၊ သောက်ခြင်း၊ ကုန်ကူးခြင်း၊ မင်္ဂလာဆောင်ခြင်း၊ မင်္ဂလာဆောင် ပေးခြင်းသည် လူတို့၏အခွင့်အရေးများပင်ဖြစ်သည်။ သို့သော်လည်း ဤ ကိစ္စအဝဝတို့ကို ဘုရားအားကြောက်ရွံ့သောစိတ်သဘောဖြင့် ဆောင်ရွက်မှ သာလျှင် လုံခြုံခြင်းရှိသည်။ ထာဝရကမ္ဘာကိုမျှော်မှန်း၍ ဤကမ္ဘာ၌ ကျွန်ုပ်တို့ နေထိုင်ရမည်။ နောဧလက်ထက်၊ မင်္ဂလာဆောင်ခြင်းနှင့်စပ်ဆိုင်၍ ကြီးကျယ် သောပြစ်မှုကျူးလွန်ခြင်းများ၌ ဘုရားသခင်၏သားများသည် လောကီသမီး များနှင့် အိမ်ထောင်ဖက်ပြုခြင်းများပင်ဖြစ်သည်။ ဘုရားသခင်ကို ဝန်ခံအသိ အမှတ်ပြု၍ ရှိသေသောသူတို့သည် စိတ်နှလုံးဖောက်ပြန်သောသူတို့နှင့်ပေါင်း ဖော်ခြင်းပင်ဖြစ်သည်။ သူတို့သည် သူတို့သဘောရှိသည်အတိုင်းစုံဖက်ခြင်း ကိုပြုကြသည်။ ယခုအချိန်၌ ဘာသာရေးဘက်တွင် ဗဟုသုတနှင့်ကြွယ်ဝပြည့် စုံသောသူများနည်းပါးကြသည်။ ထိုသို့သောသူများသည် နောဧလက်ထက်၌ ပြုမူကျင့်ကြံကြသည့်အတိုင်း ပြုမူကျင့်ကြံကြသည်။ သူတို့သည် သေချာစွာစဉ်း စားဆင်ခြင်ခြင်းမရှိ၊ ဆုမတောင်းဘဲထိမ်းမြားခြင်းကိုပြုကြသည်။ အများ သော သူတို့သည် ဤရိုသေဖွယ်ကောင်းသော သစ္စာပြုချက်ကို အရောင်းအဝယ် ကိစ္စ ကဲ့သို့ယူဆလျက် ပေါ့ပေါ့ဆဆပြုလုပ်ကြသည်။ ပေါင်းဖော်ဖို့ရန် ရည်ရွယ် ချက်သည် မှန်ကန်သောချစ်ခြင်းမေတ္တာမဟုတ်ပေ။

## မသန့်ရှင်းသောတပ်မက်ခြင်း

မင်္ဂလာဆောင်မည်ဟူသောစိတ်ကူးသည့် လူငယ်မြောက်မြားစွာတို့၏ စိတ်၌ ပြုစားခံရသကဲ့သို့ဖြစ်နေသည်။ လူနှစ်ယောက်တို့သည် တစ်ဦးကို

တစ်ဦး သိကျွမ်းလာကြပြီးလျှင် တပ်မက်စွဲလမ်းခြင်းဖြစ်လာကြ၍၊ ဤကိစ္စ၌သာ အချိန်ကုန်ကြသည်။ ဆင်ခြင်တုံတရားကင်းမဲ့လာ၍ ပိုင်းခြားဝေဖန်တတ်ခြင်း၌လည်း ပျက်ပြားခဲ့လေသည်။ အကြံပေးခြင်းကိုလက်မခံ (သို့မဟုတ်) ချုပ်တည်းခြင်းမရှိ၊ အကျိုးအပြစ်၌ မည်သည့်အခြေအနေသို့ရောက်စေကာမူ၊ မိမိတို့စိတ်သဘောအတိုင်း အတင်းအဓမ္မလုပ်ကိုင်ကြသည်။

ကူးစက်တတ်သော အချို့ရောဂါဝေဒနာကဲ့သို့ ရောဂါအရှိန်မကုန်မချင်း အနာရောဂါကူးစက်ခြင်းရှိတတ်သည်ဟူသော စိတ်သဘောမျိုးဖြင့် သူတို့၏တပ်မက်ခြင်း၌လည်း ဤနည်းတူဖြစ်သည်။ ရပ်တန့်ဖို့ရန်လည်း မတွေ့မမြင်ရပေ။ သဘောချင်းတိုက်ဆိုင်သောသူတို့သည် အိမ်ထောင်ပြုကြသော်လည်း တစ်သက်ပတ်လုံး စိတ်သောကရောက်နေကြလိမ့်မည်ဟု အချို့သောသူများသည် မတော်တဆထင်မြင်ခြင်းရှိကြမည်။ သူတို့ကို အမျိုးမျိုးဖျောင်းဖျပြောဆိုသော်လည်း အကျိုးမရှိခဲ့ပေ။ မတော်တဆ ဤကဲ့သို့စုံဖက်ခြင်းအားဖြင့် ဘုရားသခင်ကောင်းချီးပေး၍ ကိုယ်တော်၏အမှုတော်၌ အသုံးချနိုင်သောသူ၏လုပ်အားသည် ပျက်စီးသွားလိမ့်မည်။ စဉ်းစားဆင်ခြင်ဖို့ရန်သွေးဆောင်ပြောဆိုခြင်းကိုလည်း ငြင်းပယ်ခဲ့ပြီ။

ဗဟုသုတကြွယ်ဝသောသူများတို့၏ပြောဆိုခြင်းသည်လည်း ထိရောက်ခြင်းမရှိခဲ့ပေ။ သူတို့ဆုံးဖြတ်လုပ်ကိုင်ခဲ့သောလမ်းကို ပြောင်းပေးဖို့ရန်ပြောဆိုခဲ့သော်လည်း အရာမရောက်ခဲ့ပေ။ သူတို့သည် ဆုတောင်းစည်းဝေး၌လည်းကောင်း၊ ဘာသာရေးဆိုင်ရာ ကိစ္စအဝဝတို့၌လည်းကောင်း၊ စိတ်ဝင်စားခြင်း၌လည်းကောင်း ပျောက်ပြယ်သွားခဲ့ပြီ။ သူတို့သည် တစ်ဦးကိုတစ်ဦး အလွန်စွဲလမ်းနေကြသောကြောင့် အသက်တာ၏တာဝန်ဝတ္တရားများသည် သူတို့နှင့်မဆိုင်သကဲ့သို့ ဂရုမစိုက်ဘဲနေကြသည်။ ဤလူငယ်များသည် ညစဉ်သန်းခေါင်အချိန်အထိ တစ်ဦးနှင့်တစ်ဦးစကားပြောဆို၍ အချိန်ကုန်လွန်စေကြသည်။ အရေးကြီးသောအကြောင်းအရာများကို ပြောဆိုကြသည်ဟု ထင်မြင်သလား။ မဟုတ်ပေ။ ပေါ့ပျက်၊ မရေရာသောစကားများကိုသာ ပြောဆိုကြသည်။

## ကျန်းမာရေးစည်းကမ်းနှင့်ကာယိန္ဒြေကိုဖောက်ဖျက်ခြင်း

တစ်ညဥ့်လုံးလိုလိုပင် ချစ်ရေးဆိုနေကြသောသူတို့ကို စာတန်၏ ကောင်းကင်တမန်များသည် စောင့်ကြည့်လျက်နေကြသည်။ သူတို့၏အသိဥာဏ် မျက်စိများပွင့်နေလျက်ရှိပါက ကောင်းကင်တမန်တစ်ပါးသည် သူတို့၏ စကား ပြောဆိုခြင်းများနှင့် အပြုအမူများကို မှတ်တမ်းတင်နေသည်ကို တွေ့မြင်ရကြ လိမ့်မည်။ ကျန်းမာရေးစည်းကမ်းများနှင့် ကာယိန္ဒြေကိုဖောက်ဖျက်နေကြသည်။ မင်္ဂလာမဆောင်မီ ချစ်ကြိုက်နေစဉ်အချိန်တွင် နောင်ရေးအဖို့ တိုင်ပင်နှီးနှောခြင်း၌ အချိန်ကုန်လွန်စေပါက သာ၍သင့်လျော်ပေလိမ့်မည်။ သို့သော်လည်း ယေဘုယျအားဖြင့် အိမ်ထောင်ပြုလိုက်သည်နှင့်တစ်ပြိုင်နက် ချစ်ကြိုက်နေစဉ်အချိန်၌ ပြသခဲ့သောစိတ်စွဲလမ်းခြင်းများသည် ဆုံးခန်းသို့ ရောက်ရှိသွားခဲ့လေသည်။

ဤကဲ့သို့ညဥ့်နက်သန်းခေါင်အချိန်တိုင်အောင် စည်းကမ်းမဲ့ကိုယ့်စိတ်ဆန္ဒအလိုသို့လိုက်၍ အချိန်ဖြုန်းတီးနေသောသူနှစ်ယောက်လုံးတို့၏အကျိုးကိုပါ ပျက်စီးခြင်းသို့ရောက်စေနိုင်သည်။ ယောကျ်ားနှင့်မိန်းမတို့သည် ဤနည်း ဖြင့် မိမိတို့ကိုယ်ကိုဂုဏ်ပျက်စေသည်သာမက၊ ဘုရားသခင်ကိုလည်း ဂုဏ်ပျက်စေ၍၊ စာတန်ကိုအားရနှစ်သက်စေသည်။ ဤကဲ့သို့မိုက်မဲသောအပြုအမူ ကြောင့် နာမည်နှင့်ဂုဏ်ပျက်၍၊ ထိုသို့သောယောကျ်ားနှင့်မိန်းမတို့သည် ဘုရားသခင်၏ သဘောတော်အတိုင်း တင့်တယ်စွာမနေနိုင်ကြပေ။ သူတို့သည် အိမ်ထောင်ပြုကြသည်။ အကြောင်းမှာ စိတ်ဆန္ဒ၏လှုံ့ဆော်ခြင်းကြောင့် ပြုလုပ်ကြသည်။ သို့သော် စိတ်ဆန္ဒပြင်းပြခြင်းသည် အရှိန်ကုန်ဆုံးသွား သောအခါ၊ မိမိတို့မည်ကဲ့သို့လုပ်ကိုင်ခဲ့ကြသည်ကို တွေ့မြင်ကြတော့သည်။ သစ္စာဆိုကြပြီး၍ ခြောက်လအချိန်ကုန်ဆုံးသွားပြီးနောက် တစ်ဦးပေါ်တစ်ဦး သဘောထားခြင်းသည် ပြောင်းလဲသွားခဲ့လေသည်။ သူတို့နှစ်ဦးသည် အိမ်ထောင်ကျပြီးနောက် တစ်ဦး၏အကြောင်းကိုတစ်ဦး ပိုမို၍သိရှိလာကြ သည်။ ယခင်မှုမူးရူးရူးချစ်နေသော အချိန်၌ မတွေ့မြင်ခဲ့သောအပြစ်

အနာအဆာများကို ယခုအချိန်၌ တွေ့မြင်လာကြသည်။ ပလ္လင်ရှေ့၌သစ္စာဆိုခဲ့ခြင်းများသည် သူတို့နှစ်ဦးကိုချည်နှောင်ခြင်း မရှိတော့ပေ။ ဘုရားသခင်၏လူများပင်ဖြစ်လင့်ကစား၊ အလျင်တဆောအိမ်ထောင်ပြုခြင်းကြောင့်၊ လင်မယားကွဲခြင်းများဖြစ်ကြပြီးလျှင်၊ အသင်းတော်၌ ကြီးကျယ်သောရှုပ်ထွေးခြင်းများဖြစ်ပေါ်လာခဲ့သည်။

## အကြံဉာဏ်ပေးခြင်းကိုဂရုမစိုက်ခြင်း

ဤကဲ့သို့သောမင်္ဂလာဆောင်ခြင်းနှင့် မင်္ဂလာဆောင်ပေးခြင်းသည် စာတန်၏အထူးအကြံအစည်တစ်ခုပင်ဖြစ်၍၊ သူကြံစည်လိုက်သောအခါတိုင်း အောင်မြင်ခြင်းနှင့်တွေ့ရသည်။ ဤကိစ္စနှင့်စပ်ဆိုင်၍ အကြံဉာဏ်ပေးဖို့ရန် ကျွန်ုပ်ထံသို့လာရောက်ကြသောအခါတိုင်း ကျွန်ုပ်၌အကြံဉာဏ်လုံးဝမပေးနိုင်သောအခြေအနေ၌ရှိခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်အားပေးသောစကားများကို ကျွန်ုပ်သည် သူတို့အားပြောဆိုနိုင်သည်။ သို့သော်လည်း သူတို့သည် ခဏခဏဆင်ခြေပေး၍၊ သူတို့၏အသိဉာဏ်အတိုင်း စဉ်းစားဆင်ခြင်ပြီး လုပ်ကိုင်ကြကြောင်း ပြောဆိုကြသည်။ နောက်ဆုံး သူတို့ဆုံးဖြတ်ချက်ချထားသည့်အတိုင်း လိုက်နာလုပ်ကိုင်ကြသည်။

သူတို့ဆုံးဖြတ်ချက်ချထားသောအရာတစ်ခုကို ပြောင်းလဲပစ်လိုက်နိုင်ဖို့ရန် သူတို့၌ခွန်အားမရှိကြပေ။ မည်မျှပင်ခဲရာခဲဆစ်နှင့်တွေ့ကြုံရသော်လည်း အိမ်ထောင်ပြုကြသည်။ ဤကိစ္စကို စဉ်းစဉ်းစားစားနှင့်ဆုတောင်းခြင်းဖြင့်၊ ဘုရားသခင်၏လက်တော်၌ မထားကြပေ။ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ညွှန်ပြခြင်းကိုလည်း မခံယူကြပေ။ဘုရားသခင်ကို ကြောက်ရွံ့ခြင်းသဘောသည် သူတို့ရှေ့၌ရှိဟန်မတူပေ။ သူတို့သည် ဘုရားသခင်အထံတော်မှ သွန်သင်ခြင်းကိုမရ၊ လူတို့ထံမှ အကြံဉာဏ်ပေး ခြင်းကိုလည်း မခံယူဘဲ ဤကိစ္စကို ပြည့်စုံစွာနားလည်ကြသည်ဟု ထင်မြင်ကြသည်။

အမှားကိုတွေ့မြင်သောအချိန်၌၊ နောက်ကျသွားပြီဖြစ်၍၊ ဤအသက်တာ၌ သူတို့၏ပျော်ရွှင်ခြင်းသည် ပျက်ပြားသွားခဲ့၏။ အသက်ဝိညာဉ်ကယ်တင်ခြင်းအဖို့လည်း မျှော်လင့်ခြင်းကင်းမဲ့ခဲ့ပြီ။ ဤကိစ္စ၌ သူတို့မှလွဲ၍ မည်သူတစ်စုံတစ်ယောက်မျှ သူတို့၏အဖြစ်အပျက်ကိုမသိကြဟု ဝန်မခံကြပေ။ သူတို့သည် အကြံဉာဏ်ပေးခြင်းကိုသာ လက်ခံခဲ့ပါက သူတို့၏စိတ် သောကရောက်ခြင်းနှင့် ဝမ်းနည်းခြင်းကို တားဆီးနိုင်ကြလိမ့်မည်။ သို့သော်လည်း မိမိတို့အလိုဆန္ဒအတိုင်းသွားဖို့ရန် ဆုံးဖြတ်ထားသောသူတို့သည် အကြံဉာဏ် ပေးခြင်းကို ပစ်ပယ်လိုက်ကြသည်။ စဉ်းစားခြင်းနှင့် မှန်ကန်သောဆုံးဖြတ် ခြင်းနေရာ၌ စိတ်အလိုသို့လိုက်ခြင်းဖြင့် အဆုံးသတ်လိုက်ကြလေသည်။

## မှန်ကန်သောမေတ္တာ၏ထူးခြားသောအရည်အချင်းများ

ချစ်ခြင်းသည် ကောင်းကင်ဘုံနှင့်သက်ဆိုင်သောမူလပင်ဖြစ်သည်။ ၎င်းသည် အကြောင်းမညီညွတ်ခြင်းမရှိ၊ မိုက်မဲခြင်းမရှိ၊ ၎င်းသည် စင်ကြယ်၍သန့်ရှင်းခြင်းရှိသည်။ သို့သော်လည်း သဘာဝစိတ်နှလုံး၏တပ်မက်ခြင်းသည် အခြားအရာတစ်ခုလုံးလုံးပင်ဖြစ်သည်။ စင်ကြယ်သောချစ်ခြင်းသည် အကြံအစည်အားလုံးတို့၌ ဘုရားသခင်ကိုဦးစားပေး၍ လက်ခံခဲ့သော ဘုရားသခင်၏ဝိညာဉ်တော်နှင့် လုံးဝညီညွတ်ခြင်းရှိမည်ဖြစ်သော်လည်း မက်မောသောစိတ်သည် ခေါင်းမာ၏။ ဖွတ်တရွတ်လုပ်တတ်၏။ စဉ်းစားဆင်ခြင်ခြင်းမရှိ။ ဆုံးမသွန်သင်ခြင်းကိုမထီမဲ့မြင်ပြု၍ မိမိရွေးချယ် ခြင်းကိုသာလျှင် မှန်ကန်သည်ဟု အမြဲတမ်းယူဆကြသည်။

စစ်မှန်သောမေတ္တာပိုင်ရှင်၏အမူအရာအားလုံးတို့၌ ဘုရားသခင်၏ကျေးဇူးတော်သည် ထင်ရှားလျက်ရှိလိမ့်မည်။ ကာယိန္ဒြေရှိခြင်း၊ ရိုးရိုးဖြစ်ခြင်း၊ စေတနာရှိခြင်း၊ စာရိတ္တကောင်းခြင်းနှင့်ဘာသာတရားကိုင်းရှိုင်းခြင်းသည် အိမ်ထောင်ပြုဖို့ရန် ပြင်ဆင်သောအဆင့်တိုင်း၌ သီးခြားထင်ရှားနေလိမ့်မည်။ ဤနည်းအားဖြင့် အုပ်ချုပ်ခြင်းခံရသောသူတို့သည် ဆုတောင်းစည်းဝေးသို့

တက်ရောက်ခြင်းနှင့် ဘာသာရေးဆိုင်ရာစည်းဝေးပွဲများသို့ တက်ရောက်ရန် မေ့လျော့၍ တစ်ဦးပေါ်တစ်ဦး အချစ်ကြည်နူး၍နေခြင်းဖြင့် အချိန်ကုန်နေကြမည်မဟုတ်ပေ။

## မြင့်မြတ်တော်မူသောအရှင်၏လမ်းပြမှုကိုရှာဖွေခြင်း

အမျိုးသားနှင့်အမျိုးသမီးတို့သည် အိမ်ထောင်ပြုဖို့ရန်မကြံစည်မီ တစ်နေ့လျှင် နှစ်ကြိမ်ကျဆုတောင်းသောအကျင့်ဓလေ့ရှိခဲ့လျှင်၊ အိမ်ထောင်ပြုဖို့ရန် ဆုံးဖြတ်သောအချိန်၌ သူတို့သည် တစ်နေ့လျှင်လေးကြိမ်ကျဆုတောင်းကြရမည်။ အိမ်ထောင်ပြုခြင်းသည် သင်၏အသက်တာကို ဤကမ္ဘာ၌လည်းကောင်း၊ နောင်ကမ္ဘာ၌လည်းကောင်း သြဇာသက်ရောက်စေ၍ ထိခိုက်နိုင်သောအရာဖြစ်သည်။ ရိုးသားသောခရစ်ယာန်တစ်ယောက်သည် ဤကိစ္စကိုဆောင်ရွက်ရာတွင် ဘုရားသခင်အားအသိမပေး၊ ကိုယ်တော်၏သဘောတူညီခြင်းကိုမရရှိဘဲ မိမိ၏အကြံအစည်များအတိုင်း လုပ်ကိုင်လိမ့်မည်မဟုတ်ပေ။ မိမိကိုယ်တိုင်ရွေးချယ်ခြင်းကိုမပြုလိုဘဲ၊ ဘုရားသခင်သည် သူ့အဖို့ရွေးချယ်ပေးရမည်ဟု ထင်မြင်ခြင်းရှိလိမ့်မည်။ ခရစ်တော်သည် မိမိကိုယ်ကိုနှစ်သက်စေဖို့ရန် မပြုသကဲ့သို့ ကျွန်ုပ်တို့သည်လည်း မိမိကိုယ်ကိုနှစ်သက်စေဖို့ရန် မပြုလုပ်အပ်ပေ။ မည်သူမျှ မိမိမချစ်မနှစ်သက်သောသူကို အိမ်ထောင်ပြုဖို့ရန် မပြောဆိုလိုပေ။ အိမ်ထောင်ပြုပါက အပြစ်ပင်ဖြစ်သည်။ သို့သော်လည်း ပျက်စီးခြင်းသို့ရောက်စေတတ်သော စိတ်၏လှုပ်ရှားခြင်းနှင့် နှစ်ကြိုက်ခြင်းကို အခွင့်မပြုရပေ။ အမြင့်ဆုံးသော စုံမက်ခြင်းများဖြစ်သည့် စိတ်နှလုံးတစ်ခုလုံးကို ဘုရားသခင်သည် အလိုတော်ရှိတော်မူသည်။

ကျွန်ုပ်တို့၏ခေတ်အချိန်၌ များစွာသောမင်္ဂလာဆောင်ခြင်းများနှင့် လုပ်ပုံကိုင်ပုံများသည် နောက်ဆုံးသောအချိန်၏နိမိတ်လက္ခဏာများပင်ဖြစ်နေသည်။ ယောကျ်ားများနှင့်မိန်းမများတို့သည် မရမနေပြုလုပ်တတ်ခြင်း၊ အလွန်ခေါင်းမာခြင်းရှိကြရာ၊ ဘုရားသခင်၏အလိုတော်အတိုင်း လိုက်လျှောက်

ဖို့ရန် လုံးဝစဉ်းစားခြင်းမပြုကြပေ။ ဤအရေးကြီး၍ရှိသေဖွယ်သောကိစ္စ၌ ဘာသာတရားနှင့်မသက်ဆိုင်သကဲ့သို့ယူဆ၍ ပစ်ပယ်ထားလိုက်ကြသည်။ သို့သော်လည်း သမ္မာတရားကိုယုံကြည်ကြသောသူတို့သည် ၎င်းအားဖြင့် သန့်ရှင်းခြင်းမရှိ။ အကြံအစည်နှင့်စာရိတ္တ၌ မြင့်မားခြင်းလည်းမရှိပါက၊သူတို့သည် ဘုရားသခင်၏ရှေ့တော်၌ ကောင်းမွန်စွာရပ်တည်ခြင်းမရှိကြပေ။
Review and Herald, September 25, 1888.

–၀–

# မင်္ဂလာဆောင်ခြင်း၏တာဝန်
# ဝတ္တရားများ – ၁၅၅

ဥစ္စာပစ္စည်းမရှိ၊ အမွေပစ္စည်းလည်းမရရှိသောသူအများအပြားတို့သည် မင်္ဂလာဆောင်ခြင်းကိစ္စကို ပြုလုပ်ကြသည်။ သူတို့၌ပစ္စည်းဥစ္စာရရှိနိုင်ဖို့ရန် ကိုယ်ခန္ဓာခွန်အား (သို့မဟုတ်) စိတ်ခွန်အားလည်းမရှိကြပေ။ ထိုကဲ့သို့သော သူများသည် အလျင်တဆောအိမ်ထောင်ပြုကြ၍၊ မိမိတို့အပေါ်သို့ မယူသင့်သောတာဝန်ဝတ္တရားများကို ယူတင်ကြသည်။ သူတို့၌မြင့်မြတ်၍၊ မြင့်မားသောခံစားမှုများမရှိ၊ လင်ယောကျ်ားတစ်ယောက်အနေဖြင့်လည်းကောင်း၊ ဖခင်တစ်ယောက်အနေဖြင့်လည်းကောင်း လျော်ကန်သောဝတ္တရားဆောင်ရွက်ရဖို့ရန်ကိုလည်းမသိ၊ အိမ်ထောင်အတွက်ထောက်ပံ့ဖို့ရန် စရိတ်အကုန်အကျမည်မျှရှိမည်ကိုလည်းမသိပေ။ သူတို့၏ဥစ္စာပစ္စည်းတိုးပွားခြင်း၌ စိတ်ဝင်စားခြင်းရှိသကဲ့သို့ သူတို့၏အိမ်ထောင်တိုးပွားခြင်း၌ စိတ်ဝင်စားခြင်းမရှိပေ။

လူအတွက် ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်စေဖို့ရန် လက်ထပ်ခြင်းမင်္ဂလာကို ကောင်းကင်ဘုံမှကြိုစည်သတ်မှတ်ထားခြင်းဖြစ်လေသည်။ သို့သော်လည်း ယေဘုယျအားဖြင့် ကြောက်မက်ဖွယ်ရာကောင်းသော ကျိန်ခြင်းတစ်ရပ်ဖြစ်စေဖို့ရန် ဖောက်လွှဲဖောက်ပြန်ပြုလုပ်ခဲ့ကြသည်။ အများသောအမျိုးသားများနှင့်အမျိုးသမီးများတို့သည် အိမ်ထောင်ပြုကြရာ၌ တစ်ဦးကိုတစ်ဦးချစ်ခင်ခြင်းလောက်ကိုသာ အဓိကထား၍ပေါင်းဖက်ကြသည်။ အိမ်ထောင်ပြုခြင်း ဤအခြေအနေထက် သာလွန်၍တာဝန်ဝတ္တရားရှိကြောင်းကို သူတို့သည် နားလည်ရကြမည်။ သူတို့၌မွေးဖွားလာသောကလေးများသည် ကိုယ်ခန္ဓာကျန်းမာခြင်း၊ စိတ်နှင့်စာရိတ္တခွန်အားရှိ၊ မရှိကိုလည်း စဉ်းစားဆင်ခြင်ရပေမည်။ သို့သော်လည်း အများသောသူတို့သည် ဤအရေးကြီးသောအချက်အလက်များကို စဉ်းစားဆင်ခြင်ခြင်းမပြုကြဘဲ ပေါ့ပေါ့ဆဆဖြင့်လုပ်ကိုင်ဆောင်ရွက်ကြလေသည်။ A Solemn Appeal, pp. 63, 64; (Edition: Signs Publishing Company Limited).

–၀–

# မင်္ဂလာဆောင်ခြင်း၌ကောင်းမွန်သော ဆုံးဖြတ်မှုနှင့်ကိုယ့်ကိုကိုယ် ချုပ်တည်းခြင်း – ၁၅၆

ခရစ်ယာန်များဖြစ်သည်ဟု ဝန်ခံသောသူတို့သည် အိမ်ထောင်ပြု ပေါင်းဖက်ခြင်းကိစ္စကို မြင့်မားသောရှုထောင့်မှနေ၍ ဆုတောင်းခြင်းဖြင့် သေချာစွာစဉ်းစားဆင်ခြင်ခြင်းဖြင့် ပြုလုပ်အပ်ကြပေသည်။ ဤပေါင်းဖက်ခြင်း၌ ဘုရားသခင်၏ဘုန်းတော်ကို ထွန်းတောက်စေခြင်းဖြစ်နိုင်၊ မဖြစ်နိုင်ကိုလည်း ကြည့်ရှုရမည်။ ထိုနောက် အိမ်ထောင်ပြုခြင်းဖြင့် ဖြစ်ပေါ်လာမည့် အခွင့်အရေးများကိုလည်း စဉ်းစားရပေမည်။ သန့်ရှင်းသောကျင့်ဝတ်များသည် လှုပ်ရှားခြင်းတိုင်းတို့၏အခြေခံဖြစ်ရမည်။

## ရှေ့သို့ကြည့်ရှုခြင်း

သူတို့၏အိမ်ထောင်လူဦးရေကို တိုးပွားအောင်မဆောင်ရွက်မီ၊ ဤလောကသို့ကလေးသူငယ်များကို မွေးဖွားလာစေခြင်းဖြင့် ဘုရားသခင်၏ဘုန်းတော်ကို ထွန်းတောက်စေနိုင်သလား။ သို့မဟုတ် ကိုယ်တော်၏ဂုဏ်တော်ကို ပျက်စေနိုင်သလားဟူသောအချက်ကို စဉ်းစားရပေမည်။ သူတို့သည် ပထမဦးဆုံးလက်ဆက်သည့်အချိန်မှစ၍၊ ကျန်ရှိသောအိမ်ထောင်အသက်တာတစ်လျှောက်လုံး၌ ဘုရားသခင်၏ဘုန်းတော်ကိုထွန်းတောက်ရန် ရှာဖွေရမည်။ သူတို့၏သားသမီးများအဖို့ မည်သည့်အရာများစီမံပေးနိုင်သည်ကို စဉ်းစားရမည်။ သူတို့သည် သူများအဖို့တာဝန်ဖြစ်စေဖို့ရန်၊ ကလေးငယ်များ ကိုယူဆောင်လာဖို့ရန် အခွင့်အရေးမရှိပေ။ ကလေးငယ်များသည် သူများအပေါ်၌ဝန်ထုပ်သဖွယ်မဖြစ်ဖို့ရန်နှင့် သူတို့၌အိမ်ထောင်ကိုထောက်ပံ့ခြင်း ပေးနိုင်ရန် အလုပ်အကိုင်ရှိသလား။ သူတို့၌ဝင်ငွေရှိသောအလုပ်အကိုင်မရှိလျှင်၊ကောင်းမွန်စွာကျွေးမွေးခြင်း၊ ပြုစုစောင့်ရှောက်ခြင်းနှင့် ဝတ်စားဆင်ယင်

ပေးခြင်းမပြုဘဲ ဤလောကထဲသို့ သားသမီးများကိုမွေးဖွားလာစေသောကြောင့် သူတို့သည် ပြစ်မှုတစ်ခုကိုကျူးလွန်လျက်ရှိကြသည်။

## အလိုရမ္မက်၏အုပ်စိုးခြင်း

လျင်မြန်၍ရှုပ်ထွေးပွေလီသောဤအချိန်၌ ဤအကြောင်းအရာများကို မစဉ်းစားကြပေ။ ခွန်အားနည်းခြင်း၊ စိတ်ဆင်းရဲခြင်းနှင့်သေဆုံးခြင်းသည် မကောင်းမှုများအုပ်စိုးနေခြင်းကြောင့် ဖြစ်ရသော်လည်း စိတ်အလိုသို့လိုက်၍ တပ်မက်မောခြင်းသည် အနိုင်ရရှိသွားခဲ့သည်။ လင်ယောကျ်ားဟု ခေါ်သော သူတို့၏အလိုမပြည့်နိုင်သောရမ္မက်ကြောင့် မိန်းမများတို့သည် ခက်ခဲခြင်း၊ နာကျင်ခြင်း၊ ဒုက္ခဆင်းရဲခြင်း၊ အသက်တာနှင့်ရင်ဆိုင်နေရကြသည်။ ထိုသို့သောလင်ယောကျ်ားများကို တိရစ္ဆာန်များသာဖြစ်သည်ဟု အမှန်ခေါ်ဖို့သင့်သည်။ မိခင်များသည် သားငယ်သမီးငယ်များကို အစဉ်ရင်ခွင်ပိုက်လျက်၊ အစားတစ်လုပ်စားဖို့ရန်နှင့် ကိုယ်ခန္ဓာကိုအဝတ်လုံခြုံစွာဖုံးနိုင်ဖို့ရန် ပင်ပန်းကြီးစွာအသက်ရှင်နေရကြသည်။ ထိုကဲ့သို့သော စိတ်မချမ်းသာဖွယ်ရာအခြေအနေသည် ကမ္ဘာ၌အနှံ့အပြားဖြစ်လျက်နေသည်။

အစစ်အမှန်စင်ကြယ်သောချစ်ခြင်းသည် အနည်းငယ်လောက်သာရှိသည်။ ဤအဖိုးထိုက်တန်လှသောပစ္စည်းသည် ရှားပါးလှ၏။ အလိုရမ္မက်ကို မေတ္တာဟုခေါ်ကြသည်။ လက်ထပ်မင်္ဂလာဆောင်ခြင်းဖြင့် မိမိ၏လင် ယောကျ်ားဟုခေါ်သောသူသည် သူမကိုဆက်ဆံရာ၌ ရက်စက်သောကြောင့် အများသောမိန်းမတို့၌ရှိသော သိမ်မွေ့၍နူးညံ့သောအာရုံများသည် အသရေ ပျက်ခြင်းခံရကြသည်။ သူမအပေါ်၌ရှိသောသူ၏ချစ်ခြင်းသည် အလွန်ယုတ်ညံ့ သောကြောင့် သူမသည် ရွံရှာလာခဲ့လေသည်။

## ကိုယ်ကိုချုပ်တည်းရန်လိုအပ်ခြင်း

များစွာသောအိမ်ထောင်တို့သည် ဝမ်းသာခြင်းကင်းမဲ့သောအခြေအနေ၌ နေထိုင်လျက်ရှိကြသည်။ အကြောင်းမှာ လင်ဖြစ်သူနှင့်ဖခင်သည် သူ၏

စိတ်သဘော၌ တိရစ္ဆာန်စိတ်သဘောရှိသောကြောင့်ဖြစ်သည်။ သူတို့၏မသမာသောနည်းလမ်းနှင့်ပြုမူခြင်းကြောင့် စိတ်ပင်ပန်းခြင်းနှင့် တွေ့ဆုံရကြသည်။ ကျွန်ုပ်တို့သည် စိတ်၌စင်ကြယ်၍၊ ကိုယ်ခန္ဓာ၌လည်း ကျန်းမာခြင်းနှင့်ပြည့်စုံလျက်ရှိဖို့ရန် တာဝန်ရှိကြသည်။ သို့မှသာလျှင် လူတို့အဖို့အကျိုးကျေးဇူးပြုနိုင်၍၊ ဘုရားသခင်အားလည်း စုံလင်သောလုပ်ဆောင်ခြင်းကို ပေးနိုင်မည်။
Testimonies for the Church, vol. 2, pp. 380, 381.

–၀–

# ဣဇာက်၏ပုံသက်သေ – ၁၅၇

ဘုရားသခင်ကိုကြောက်ရွံ့သောသူတို့သည် ဘုရားကိုမကြောက်ရွံ့သောသူတို့နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆက်သွယ်ခြင်းမပြုနိုင်ကြပေ။ "လူနှစ်ဦးသည် သဘောမတူလျှင် ပေါင်းဖော်၍ခရီးသွားနိုင်သလော။" အိမ်ထောင်ပြုခြင်း၏ပျော်ရွှင်ခြင်းနှင့် စီးပွားချမ်းသာတိုးတက်ခြင်းသည် အတူပေါင်းသင်းနေထိုင်သောသူတို့၏ညီညွတ်ခြင်းအပေါ်၌ အမှီပြုနေသည်။ သို့သော်လည်း ယုံကြည်သောသူနှင့်မယုံကြည်သောသူ၏စပ်ကြားရှိ ဝါသနာအကြိုက်များ၊ စိတ်ဆန္ဒများနှင့် ကြံစည်ခြင်းများတို့၌ အကုန်အစင်ကွာခြားလျက်ရှိလေသည်။ သူတို့သည် သခင်နှစ်ဦး၏အစေကိုခံနေကြသောကြောင့်၊ သူတို့စပ်ကြားတွင် သဘောတူခြင်းမရှိနိုင်ပေ။ တစ်ဦးတစ်ယောက်၏ကျင့်ဝတ်များသည် မည်မျှပင်စင်ကြယ်၍ မှန်ကန်စေကာမူ၊ မယုံကြည်သောသူ၏ဩဇာညောင်းခြင်းသည် ဘုရားသခင်မှဝေးကွာသွားစေရန် သဘောသက်ရောက်စေတတ်လေသည်။

အကြင်တစ်ဦးတစ်ယောက်သည် မင်္ဂလာဆောင်ခြင်းကိုပြု၍၊ ပြောင်းလဲခြင်းရှိသောထိုသူသည် မပြောင်းလဲသေးသောသူ၏ကြင်ဖော်အား သစ္စာရှိဖို့ရန်အကြောင်းရှိလေသည်။ သူတို့၏ယုံကြည်ခြင်း၌ မည်မျှပင်ကွာခြားခြင်းရှိစေကာမူ၊ ဘုရားသခင်၏တောင်းဆိုတော်မူခြင်းများကို လောကီနှင့်ဆိုင်သော တော်စပ်ခြင်းအားလုံးတို့၏အပေါ်၌ ထားရပေမည်။ သို့ပြုသောကြောင့် မတော်တဆစုံစမ်းနှောင့်ယှက်ခြင်းများနှင့် ညှဉ်းဆဲနှိပ်စက်ခြင်းများကို ခံစားကောင်းခံစားရပေမည်။ သို့သော်လည်း ချစ်ခြင်းမေတ္တာစိတ်၊ နူးညံ့သိမ်မွေ့သောစိတ်ဖြင့် ဤသစ္စာရှိခြင်းသည် မယုံကြည်သောသူကိုအောင်မြင်ဖို့ရန် ဩဇာသက်ရောက်ခြင်းဖြစ်စေလိမ့်မည်။ ကျမ်းစာ၌ ခရစ်ယာန်များနှင့် ဘုရားတရားမကြည်ညိုသောသူများပေါင်းဖက်ဖို့ရန် တားမြစ်ထားသည်။ အရှင်ဘုရား၏ညွှန်ကြားခြင်း၌ "သင်တို့သည်မယုံကြည်သောသူများနှင့်တွဲဖက်၍ဆန့်ကျင်ဘက်ဖြစ်သောထမ်းပိုးကို မထမ်းကြနှင့်။"

ဘုရားသခင်သည် ဣဇာက်ကိုမြင့်မားစွာဂုဏ်ပြုတော်မူသည်။ သူ့ကို ကတိတော်များ၏အမွေခံအဖြစ် သတ်မှတ်တော်မူ၍၊ သူမှနေ၍ လောကသည် ကောင်းချီးမင်္ဂလာရရှိဖို့ရန်ဖြစ်သည်။ သို့တစေလည်း သူသည်အသက် လေး ဆယ်အရွယ်သို့ရောက်ရှိ၍၊ အိမ်ထောင်ပြုဖို့ရန် အချိန်ကျရောက်လာသောအခါ၊ သူ့ဖခင်၏သဘောအတိုင်း လိုက်နာခဲ့သည်။ ဘုရားကိုကြောက်ရွံ့ ရိုသေသော ကျွန်ကို ဣဇာက်အဖို့မယားရွေးချယ်ဖို့ရန် စေလွှတ်လိုက်လေသည်။ သမ္မာကျမ်း စာမှဖော်ပြထားသည်အတိုင်း၊ ထိုမင်္ဂလာဆောင်ခြင်း၏ရလဒ်သည် အိမ်ထောင်၌ လုပတင့်တယ်ခြင်းနှင့် ပျော်ရွှင်ခြင်းပင်ဖြစ်လေသည်။ “ဣဇာက်သည် မိမိအမိ စာရာ၏တဲသို့ ရေဗက္ကာကိုဆောင်ယူ၍စုံဖက်လေ၏။ ရေဗက္ကာကိုချစ်နှစ်မြို့သဖြင့်၊ အမိသေသောအမှု၌ သက်သာခြင်းသို့ရောက်လေ၏။”

ခရစ်ယာန်များဖြစ်သည်ဟု ဝန်ခံပြောဆိုကြသော ယခုခေတ်အချိန် လူငယ်များလိုက်သည့်လမ်းနှင့် ဣဇာက်လိုက်သောလမ်းသည် မည်မျှကွာခြား ခြင်းရှိသနည်း။ မိမိတို့နှင့်သက်ဆိုင်သောအချစ်ကိစ္စ၌ မိမိတို့သာလျှင်ဆုံးဖြတ် ကြရမည်ဟု လူငယ်များသည် အများအားဖြင့်သဘောထားကြသည်။ ဤ ကိစ္စ၌ ဘုရားသခင်နှင့်မိဘတို့၌ အုပ်ချုပ်ဖို့ရန် တာဝန်မရှိဟု ထင်မြင်ကြ သည်။ သူတို့သည် ယောကျ်ားကြီးအရွယ်၊ မိန်းမကြီးအရွယ်သို့မရောက်ရှိမီ အချိန်၌ပင်၊ သူတို့မိဘများတို့၏အကူအညီကိုမတောင်းခံဘဲ၊ သူတို့စိတ်သဘော အတိုင်း လုပ်ကိုင်နိုင်ကြသည်ဟု ထင်မြင်ကြသည်။ သူတို့ထင်မြင်ခြင်း၏ မှားယွင်း ခြင်းကို သူတို့၏အိမ်ထောင်သက် နှစ်အနည်းငယ်အတွင်း တွေ့မြင်ရသည်။ သို့သော်လည်း ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်အပျက်ကို တားဆီးဖို့ရန် အချိန် နှောင်းသွားခဲ့လေပြီ။ အမြော်အမြင်မရှိ၊ ကိုယ့်ကိုကိုယ်ချုပ်တည်း ခြင်းလည်းမရှိ၊ အဆောတလျင်လုပ်ကိုင်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်ခဲ့သောမကောင်းမှုသည် အိမ် ထောင်ကိစ္စ၌ လေးလံသောထမ်းပိုးသဖွယ်ဖြစ်ခဲ့လေသည်။ အများ သောသူ တို့သည် ဤနည်းဖြင့် ဤအသက်တာ၌ သူတို့၏ပျော်ရွှင်ခြင်းကို ဖျက်ဆီးခဲ့၍ နောင်အသက်တာအတွက် မျှော်လင့်ခြင်းကင်းမဲ့လျက်ရှိကြသည်။

အသက်ကြီး၍ဇဟုသုတကြွယ်ဝသောသူတို့ထံမှ အကြံဉာဏ်တောင်းခံ၍ သေချာစွာလုပ်ကိုင်ဆောင်ရွက်ရမည့်ကိစ္စရှိခဲ့လျှင်၊ ယင်းကိစ္စသည်အိမ်ထောင်ပြုခြင်းကိစ္စပင်ဖြစ်ပေသည်။ လူနှစ်ဦးတို့၏အသက်တာကို တစ်သက်လုံးချည်နှောင်ထားသောကိစ္စကိုမပြုလုပ်မီ၊ သမ္မာကျမ်းစာမှလည်းကောင်း၊ ဘုရားသခင်အထံတော်မှလည်းကောင်း၊ အကြံဉာဏ်ကိုဆုတောင်းခြင်းဖြင့် တောင်းခံရမည်။

မိဘဖြစ်သူများသည် မိမိတို့၏သားသမီးများတို့၏အနာဂတ်အချိန် ၌ပျော်ရွှင်ခြင်းရှိဖို့ရန် တာဝန်ရှိသည်ဖြစ်သောကြောင့်၊ ထိုတာဝန်ကို မည်သည့်အခါမျှ မျက်ခြည်မပြတ်သင့်ပေ။ မိမိဖခင်၏ပိုင်းခြားဆုံးဖြတ်ချက်ကို ဣဇာက်ရိုသေကျိုးနွံခြင်းသည် နားထောင်သောအသက်တာကို ချစ်မြတ်နိုးရန် သွန်သင်လေ့ကျင့်ပေးခြင်းခံခဲ့ရသောကြောင့်ဖြစ်သည်။ မိဘ၏အုပ်စိုးခြင်းကို ရိုသေဖို့ရန် မိမိ၏သားသမီးတို့အား အာဗြဟံသည် သွန်သင်ဆုံးမလျက်ရှိစဉ်၊ သူ၏အသက်တာသည် တစ်ကိုယ်ကောင်းကြံစည်တတ်သောအသက်တာ မဟုတ်ကြောင်းတွေ့မြင်နိုင်သည်။ သားသမီးများကိုချစ်၍၊ သူတို့၏ကျန်းမာ ခြင်းနှင့်ပျော်ရွှင်ခြင်းကို ဦးတည်လျက်ရှိသည်။

လူငယ်များတို့၏မေတ္တာသက်ဝင်ခြင်း၌ လမ်းပြညွှန်ကြားပေးဖို့ရန် မိမိတို့၏တာဝန်ပင်ဖြစ်သည်ဟု မိဘတို့၌ထင်မြင်ခြင်းရှိရမည်။ လူငယ်တို့အဖို့တော်သင့်သောအပေါင်းအဖော်များကို ရွေးချယ်ပေးရမည်။ ဘုရားသခင်၏ကျေးဇူးတော်ကူညီမစခြင်းဖြင့်လည်းကောင်း၊ သူတို့၏သွန်သင်ခြင်းနှင့်ပုံသက်သေအားဖြင့်လည်းကောင်း၊ ငယ်ရွယ်သောအချိန်မှစ၍ လူငယ်တို့၌စင်ကြယ်မြင့်မြတ်သောသဘောမျိုးရှိဖို့ရန် မိဘတို့၏တာဝန်ပင်ဖြစ်သည်ဟုယူဆရပေမည်။ သဘောသဘာဝချင်းတူညီသူတို့သည် တစ်ဦးကိုတစ်ဦးဆွဲဆောင်ခြင်း၊ နှစ်သက်ခြင်းရှိကြသည်။ သမ္မာတရားကိုချစ်ခြင်း၊ စင်ကြယ်ခြင်းနှင့် ကောင်းမြတ်ခြင်းကိုနှစ်သက်သောသဘောသည် ငယ်စဉ်အချိန်မှစ၍စိတ်ဝိညာဉ်၌ရှိပါစေ။ လူငယ်သည် ဤသီးခြားထင်ရှားသော ဂုဏ်အင်္ဂါများရှိသူများကို ပေါင်းဖော်ခြင်းပြုလိမ့်မည်။

မေတ္တာစစ်သည် မြင့်မား၍ သန့်ရှင်းသောကျင့်ဝတ်ဖြစ်သည်။ စိတ်၏တိုက်တွန်းသောကြောင့် ရုတ်တရက်ပေါ်လာ၍၊ ပျောက်ပြယ်သွားသောမေတ္တာနှင့် လုံးဝမတူပေ။ လူငယ်များသည် မိဘအိမ်၌ တာဝန်ဝတ္တရားများကို သစ္စာရှိစွာဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့် မိမိတို့အဖို့ အိမ်ထောင်ကိုပြင်ဆင်နေကြသည်။ သူတို့သည် မိဘအိမ်၌ရှိနေစဉ်အချိန်တွင် ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်း၊ ကြင်နာသနားတတ်ခြင်း၊ ယဉ်ကျေးခြင်းနှင့် ခရစ်ယာန်ကိုယ်ချင်းစာနာတတ်ခြင်း ဂုဏ်အင်္ဂါများရရှိဖို့ရန် လေ့ကျင့်ပါစေ။ ဤနည်းဖြင့် ချစ်ခြင်းမေတ္တာသည် စိတ်နှလုံးထဲ၌ပူနွေးနေလိမ့်မည်။ ဤကဲ့သို့သောအိမ်ထောင်မှထွက်ခွာသွား၍ မိမိကိုယ်တိုင်အိမ်ထောင်ကိုဦးစီးနေထိုင်ရသောအခါ၊ သူ၏အသက်တာအဖို့ ရွေးချယ်ခဲ့သောအိမ်ရှင်မကို ပျော်ရွှင်စွာနေထိုင်နိုင်ဖို့ရန် ပြုလုပ်ပေးနိုင်လိမ့်မည်။ အိမ်ထောင်ကျခြင်း၌ တစ်ဦးပေါ်တစ်ဦးချစ်ခြင်းသည် ရပ်စဲသွားခြင်းမဖြစ်စေဘဲ၊ အစပျိုးချိန်ပင်ဖြစ်လိမ့်မည်။

Patriarchs and Prophets, pp. 174-176.

—o—